www.dhammaransi.com

www.dhammaransi.com

# စာအုပ်ရနိုင်သော ဌာန။

နောက်ထပ် မရိုက်နှိပ်နိုင်၍ ကုန်လှုနီးသော စာအုပ်များကို ဈေးမြှင့်ရောင်းကြတိုင်း ကျမ်းပြုဆရာတော် အထံသို့ မကြာမကြာ တိုင်စာ ရောက်ပါသည်၊ ပဌမ တာဝန်ယူ၍ ရိုက်သူများလက်မှ လွတ်ပြီးသောစာအုပ်ကို ဈေးမြှင့် ရောင်းသော်လည်း ဆရာတော် မတတ်နိုင်ပါ၊ အောက်ပါ ဌာနများတွင် စာအုပ်ရှိသေးသမျှ စာအုပ် နှုန်းရင်းအတိုင်း ရနိုင်ပါသည်။

"ကျော်ပုံနှိပ်စက်"
၈၄ လမ်း , ကွမ်းခြံ - မန္တလေး။

✡

ဦးပေါ်ရင် - ဒေါ်စောရင်
ရတနာ့ဝါဒီ ပိဋကတ်စာအုပ်ဆိုင်
နံပါတ် ၆၉-၇၀။ ဘုရားဈေး , ရွှေတိဂုံ-ရန်ကုန်။

✡

**ပုံနှိပ်, ထုတ်ဝေသူ (မောင်ကျော်)။**

---

www.dhammaransi.com

၄၈၈၄

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၁၈) ကျမ်းစာ

# အလင်္ကာဘာသာဋီကာ

["အလင်္ကာ"ဟု ခေါ်ဝေါ်အပ်သော သုဗောဓာ
လင်္ကာရ ကျမ်းစာကို နိဿယအဓိပ္ပါယ်တို့ဖြင့်
စုံလင်စွာ တန်ဆာဆင်ထားပါသည်။]

၁၃၂၁-ခု

ဂျပ်ထူအဝတ်ဖုံး
နှုန်း—၁၁

နယူးဘားမားပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

www.dhammaransi.com



# အလင်္ကာရဘာသာဋီကာ

## အချီနိဒါန်း

အညမည့်စ ဘုဝနံ့, ဝတ္ထုတ္တယံ အလံကရေ၊
ဂုရူပိ မံ တံလက်ရိယ, ကဿံ လင်္ကာရဘူသနံ။

ဝတ္ထုတ္တယံ-မြတ်ဘုရားနှင့်, တရား သံဃာ, တည်မှီရာဟု, သုံးဖြာအကျော် , ရတနာတော်မြတ်သည်၊ အညမည့်စ - ပုလဲ သုံးသွယ် , ချင်းချင်းခြယ်သို့, ရှုဘွယ်ပဝင်း, အချင်းချင်းကိုဋ်း၊ ဘုဝနံ့စ- ရတနာမြတ်, သုံးရပ်နှင့်ဆို, ရံခါ ကြိုသည့်, သုံးဘုံဌာန , ဤလောကကိုဋ်း၊ အလံကရေ-မင်္ဂလာပွားမှု, တန်ဆာပြုလျက်, ယခုချိန်တိုင်, ဆင်ပြင်နိုင်ပါပေ၏၊ ဂုရူပိ-ကျောက်ထိးတမျှ, လေးစားရသည့်, ငါ့ကျေးဇူးရင်, ဆရာအရှင်တို့သည်လည်း၊ မံ-သာသနာ့ဝန်ကြီး, ခိုမစီးဘဲ,ကိုယ်ထည်းထမ်းလို, ဤငါ့ကိုယ်ကို၊အလင်္ကာရဗ္ဗ-ကိုယ်ရောစိတ်ပါ,ကြက်သရေဖြာအောင်, ကောင်းစွာပြုပြင်, ဆင်တော်မူလိုက်ကြကုန်၏၊ တံလက်ရိယ- ထိုသည့် သုံးဖြာ , ရတနာနှင့် , ဆရာ အရှင်, ဦးထိပ်ပြင်ဝယ်, ဆင်ယဉ်သမှု, တန်ဆာပြုပြီး၍၊ အလင်္ကာရဘူသနံ- ကျမ်းသုဗောဓ, လင်္ကာရ၏, ကျနမှန်စွာ, တန်ဆာဖြစ်သောဘာသာဋီကာကို၊ကဿံ-ဆရာသီးသီး, နည်းစုံမှီး၍, အပြီးတည်ထွင်, စီရင်ပေအံ့ သတည်း။

## အညမညာလင်္ကာရ

**ဘုရားရတနာ** ။ ။ ဘုရား တရား သံဃာ ရတနာ ၃ ပါးသည် အချင်းချင်း တန်ဆာ ဖြစ်တော်မူ၏၊ ချဲ့ပါဦးအံ့ — ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရပြီးဖြစ်ပါသော်လည်း မဂ်ဖိုလ် နိဗ္ဗာန်နှင့် တကွ ပိဋက ၃ ဖြာ တရားရတနာကို ဟောတော် မမူလျှင်ငြားး, ထိုတရားတော်ကိုကျင့်၍ တရားပေါက်သော အရိယာ သံဃာတော်များ ခြံရံလျက် မရှိလျှင်ငြား, ဤလောက၏အကျိုးကို ဤမျှ ထမြောက်အောင် ဆောင်တော်မူရာရောက်မည် မဟုတ်ပါ၊ လောကကျိုးကို ဤမျှလောက် ဆောင်တော်မမူလျှင် လောက၏ ဤမျှလောက်အားကိုးစရာဖြစ်တော်မူမည် မဟုတ်ပါ၊ ယခုသော်ကား တရား သံဃာ ရတနာ ၂ ပါး၏ တန်ဆာဆင်မှုကြောင့် ဘုရား ရတနာသည် လောက၏ အားကိုးရာ

www.dhammaransi.com



ဖြစ်လျက် ပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်သည့်တိုင်အောင် လူအများ၏ နှုတ်ဖျား၌ " ဘုရား - ဘုရား " ဟု ကြက်သရေမင်္ဂလာအပြည့်ပါသောစကားလုံးကို ရိုသေလေးမြတ်စွာ သုံးစွဲလျက်ရှိပါပေသည်။

**တရားရတနာ**။ ။တရားရတနာလည်း သဗ္ဗညုတဉာဏ်တော်၏ အရှင် ဘုရားသခင်၏နှုတ်တော်မှ ထွက်ပေါ်ရသောကြောင့်၎င်း , ထိုတရားတော်အတိုင်းလိုက်နာကျင့်ကြံ၍ ချမ်းသာသုခရရှိသောအရိယာသံဃာတော်များက တရားတော်၏ ဂုဏ်ရည်သတ္တိကို လက်တွေ့ပြနိုင်သောကြောင့်၎င်း,ဘုရား သံဃာ ရတနာ ၂ပါးသည် တရားရတနာကို တန်ဆာ ဆင်ထားသကဲ့သို့ ဖြစ်ပါပေသည်၊ ဤသို့ တန်ဆာဆင်ထားသောကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားရတနာသည် ဘာသာခြား တရားတို့ထက် လောကအကျိုးကို ( ခုဘဝ နောင်ဘဝအတွက် ) သာလွန်၍ ရွက်ဆောင်နိုင်ပေရကား" တရား- တရား " ဟု လောက၌ မရှိလျှင် မဖြစ်သော မင်္ဂလာတပါးအဖြစ်ဖြင့် ထင်ရှားလျက်ရှိပါပေသည်။

**သံဃရတနာ**။ ။ သံဃာ့ရတနာကို ကြည့်ပါဦးလော၊ ဘုရားရှင်၏ သာဝက သံဃာတော်သည် ဘုရားရှင် ပညတ်တော်မူချက်ကို လေးလေးနက်နက် လိုက်နာ၍ တရားတော်အတိုင်း ကျင့်ကြံလေရာ ကိလေသာ နည်းပါးသည်မှစ၍ ကိလေသာကုန်ခမ်းသော ရဟန္တာများ ဖြစ်ကြရပေသည်၊ ဘုရားရှင်၏ သာဝကသံဃာများလောက် သီလစောင့်ထိန်းရသော သာဝက , ဘုရားရှင်၏ လမ်းကောင်းနည်းမှန်ကို ကျင့်ကြံလိုက်နာ၍ ကိလေသာနည်းပါး ကုန်ခမ်းသွားသော အရိယာသာဝက- ရဟန္တာသာဝကမျိုးသည် ဤကမ္ဘာလောက၌ မရှိနိုင်ပါ၊ [သံဃာ့ရတနာ - ဟူရာ၌ အရိယာသံဃာများကိုသာ ဆိုလိုပါသည်။] ဤသို့လျှင် ပုလဲ ၃ သွယ်သည် အချင်းချင်း ခြယ်လှယ်ကာ လွန်စွာ ကြက်သရေရှိသကဲ့သို့ ရတနာ ၃ ပါးလည်း အချင်းချင်း တန်ဆာဆင်ကာ လောကအလည်ဝယ် တင့်တယ်လျက် ရှိပါပေသည်။

**ဘုဝနာလင်္ကာရ** ။ ။ ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေတော်မူသည်မှစ၍ နတ် ဗြဟ္မာတို့သည် လွန်စွာ ဝမ်းမြောက်ကြ၍၊ ဓမ္မစကြာတရား ဟောတော်မူသောအခါလည်း နတ် ဗြဟ္မာတို့သည်

www.dhammaransi.com



လွန်စွာ ဝမ်းမြောက်ကြ၏၊ အရိယာသံဃာတော်များ ပေါ်ထွန်းတော်မူသောအခါလည်း လွန်စွာဝမ်းမြောက်ကြ၏၊ဘာ့ကြောင့် ထိုမျှလောက် ဝမ်းမြောက်ကြသနည်း။— တရားအမှန်ကို သိရခြင်း , တရားအတိုင်း စွမ်းနိုင်သမျှကျင့်၍ လူချမ်းသာ, နတ်ပြဟ္မာချမ်းသာ,နိဗ္ဗာန်ချမ်းသာ ရမည့်အရေးကို တွေးမိကြခြင်းကြောင့် ထိုမျှလောက် ဝမ်းမြောက်ကြပေသည်၊ ထိုသို့ ဝမ်းမြောက်ကြသည်နှင့်လျော်ညီစွာ ဘုရားပွင့်တော်မူချိန်မှစ၍ လူကောင်း နတ်ကောင်းတွေ များစွာ ပေါ်ပေါက်လာ၏၊ ထို လူကောင်းများကြောင့် လူလောကကြီးသည် နေစချင့်ဘွယ်ကြီး ဖြစ်ကာ ပျော်စရာ ကောင်းလာ၏၊ မတရားမှုတွေ မရှိသလောက် နည်းပါး၏၊ တရားသဖြင့်ဖြစ်သော ကိစ္စတွေချည်း ထွန်းကားလာ၏၊ ဤသို့လျှင် ဘုရား တရား သံဃာ ရတနာ မြတ် ၃ ပါးသည် ဤကမ္ဘာလောကကြီးကို ရွှမ်းတဝေဝေ ကြက်သရေမင်္ဂလာနှင့် ပြည့်အောင် တန်ဆာဆင်တော်မူနိုင်ကြသော မင်္ဂလာများပါပေတည်း။

ဆက်ပါဦးမည်၊— အရိယာသံဃာတော်များ ထွန်းကားခဲ့ရာ ဒေသကို ထားလိုက်ပါဦး၊ ပုထုဇဉ် သူတော်ကောင်း သံဃာများ ထွန်းကားရာ ဤ မြန်မာနိုင်ငံ၌ ရှေးခေတ်က သံဃာတော်များသည် ရွာဦးမြို့ထိပ်၌ သီတင်းသုံးတော်မူကာ စာပေသင်ပြ ဩဝါဒပေး၍ မြို့ရွာ၏ ကြက်သရေ မင်္ဂလာ အဆင်တန်ဆာများ ဖြစ်ခဲ့ကြပါသည်၊ ယခုအချိန်မှာမူ ထိုကဲ့သို့ ဇာနေ္ဒရရနှင့် စာပေသင်ပြ၍ ဩဝါဒမပေး နိုင်သောကြောင့် သံဃာတော်များသည် ထိုထိုမြို့ရွာ၌ ရှေးကကဲ့သို့ အရှိန်အဝါ မရှိနိုင်တော့ပေ၊ ထို့ကြောင့် သံဃာတော်များသည် ကြည်ညိုဘွယ် ဇာနေ္ဒဆောင်လျက် ရှေးကထက် သဘာဝကျအောင် ကလေးသူငယ်တို့အားစာပေသင်ပြဩဝါဒပေး၍ တိုးတက်လာသော လောကဓာတ်ပညာကို တနည်းတလမ်းအားဖြင့် ဝိနည်းနှင့် မဆန့်ကျင်အောင် ကူညီအားပေးသင့်၏၊ဤကဲ့သို့မှ မဖြစ်နိုင်လျှင် ဤရတနာ ၃ ဖြာ အဆင်တန်ဆာသည် ဤနိုင်ငံအတွက် ကြက်သရေမင်္ဂလာမဖြစ် နိုင်တော့ပါ၊ ဘုရား တရား သံဃာတော်များ၏ တင့်တယ်စွာ တည်နေရာမဟုတ်သော နိုင်ငံလည်း စိတ်ချမ်းသာခွင့် မပေးနိုင်ရုံမက , ဘဝ အဆက်ဆက် မကောင်းမှုတွေ တိုးတက်စေမည်သာ ဖြစ်သောကြောင့် သူတော်ကောင်းမှန်သမျှ မနေထိုက်ကြတော့ပါ။

www.dhammaransi.com



**ဂုရုအလင်္ကာရ။** ။မိမိကို ဘုရား တရား သံဃာ ရတနာ ၃ ဖြာ၏ အရိပ်အာဝါသဝယ် ကျေးဇူးရှင် ဆရာတော်များက တန်ဆာဆင် ပေးတော်မူကြပေသည်၊ ချဲ့ဦးအံ့ — မိမိ၏ ရှေးဘာသာဋီကာများ၌ ညွှန်ပြအပ်ခဲ့သော ဆရာတော်များသည် သာသနာတော်၌ နေလ အသွင် ထင်ရှားတော်မူကြ၏၊ ထိုဆရာတော်များသည် မိမိကို စာပေ သင်ပြရာ၌ အကျနဆုံး သင်ပြတော်မူခဲ့ကြ၏၊ အနေအထိုင် အပြော အဟော အရေးအသားကိုလည်း သင်ပြတော်မူကြ၏။ [ သင်ပြတော် မူကြပုံကို ကစ္စည်း, ရူပသိဒ္ဓိဘာသာဋီကာတို့၌ ပြခဲ့ပြီ။]

**စာရေးတတ်အောင် ဆင်လိုက်ပုံ။** ။ဆရာအရှင်တို့၏ မိမိအား တန်ဆာဆင်ပေးပုံအမျိုးမျိုးတွင် စာအရေးအသားကျွမ်းကျင်အောင် ဆင်ပြင်လိုက်ပုံမှာ မှတ်သားလောက်ပါပေသည်၊ မိမိသည် "အစ လေးလုံး, အလယ်သုံး, အဆုံး ငါး- ခုနစ်" "နှစ်သုံးလေးနောက်, ကာရန်ရော်, သံပေါက်လင်္ကာဖြစ်"ဟူသော ထိုထိုလင်္ကာစပ်နည်း အတိုင်း ရေးသားထားသော ဆုံးမစာ , လောကနီတိပျို့တို့ကို အရ ကျက်ခဲ့ဘူးရကား ၄ လုံးတပိုဒ် လင်္ကာစပ်နည်းများကို ကလေးဘဝ ၌ပင် အတော်လေ့လာပြီး ဖြစ်နေလေပြီ၊ ၁၃ နှစ်သားအရွယ်၌ကား အစိုးရပဋ္ဌမငယ်ကို ဖြေဆိုစေလိုသောကြောင့် ပါဠိစီကုံးနည်းများကို သင်ပြတော်မူကြ၏၊ သာမန်စုဏ္ဏိယဝါကျကလေးများကို ထို အရွယ် မှာပင် အတော်အတန်နားလည်၍ ၁၄, ၅ နှစ်အရွယ်၌ကား သာမန် ဂါထာများကို စီကုံးတတ်ပါပြီ။

ထို့နောက် ဒွေးချိုး တေးထပ်တို့ကို လေ့လာစေရာ,အထိုက်အလိုက် နားလည်သောအခါဝယ် ဤအလင်္ကာကျမ်းကို လေ့လာစေတော်မူကြ ပါသည်၊ ဤအစဉ်အတိုင်း မိမိကို စာအရေးအသားကျွမ်းကျင်အောင် ဆရာ အရှင်တို့၏ တန်ဆာဆင်ပေးမှုကြောင့် မိမိသည် ပါဠိ ဂါထာ စီကုံးရာ၌လည်း ဆန်းအလင်္ကာနည်းသာ မက , မြန်မာ ကဗျာစပ် နည်းကိုပါ ထည့်သွင်းရေးသားလေ့ ရှိရပါသည်၊ မြန်မာ စကားပြေ ရေးသားရာ၌ပင် ပသာဒဂုဏ် ဩဇဂုဏ် စသည်တို့ စုံနိုင်သမျှစုံအောင် သတိထား၍ ရေးသားခြင်းအလေ့အထကို ရရှိပါသည်။

**အလင်္ကာကျေးဇူးရှင်များ။** ။ ဤအလင်္ကာနှင့်စပ်၍ မမေ့အပ် သော ကျေးဇူးရှင်များလည်းရှိပေသေး၏၊မိမိအားသက္ကတဘာသာကို

www.dhammaransi.com



သင်ပြတော်မူသော အဘယာရာမ ဆရာတော်သည် သက္ကတဘာသာကို မိမိအတော်အတန် လေ့လာမိသောအခါ "ကာဗျဒဿ" ဟုဂုဏ်, ဒဏ္ဍီဆရာစီရင်အပ်သောကြောင့် "ဒဏ္ဍီအလင်္ကာ" ဟုဂုဏ်နာမည် ထင်ရှားသော သက္ကတ အလင်္ကာကျမ်းစာကို ဋီကာနှင့်တကွ မိမိကို ကြည့်ရှုစေတော်မူ၏၊ သို့သော် ရှင်းလင်းစွာ နားမလည်ခဲ့ပါ၊ ဒုတိယကမ္ဘာ့စစ်အတွင်းကမူ ဝံသာနုခေတ်၌ တိုင်းကျိုးပြည်ကျိုး သာသနာတော်၏ အကျိုးကို ရိုးဖြောင့်တည်ကြည်စွာ ရွက်ဆောင်တော်မူသောကြောင့် " ရွှေမျက်မှန် ဆရာတော် " ဟု ထင်ရှားခဲ့သော ယခုအခါ စစ်ကိုင်းတောင်ရိုး ကျစွာချောင်၌ သီတင်းသုံးတော် မူ၍ " ကျစွာဆရာတော်" ဟု ထင်ရှားတော်မူသော ဆရာတော်သည် ကာဗျဒဿ အလင်္ကာနိဿယကို စစ်ကိုင်းတောင် ရှေးကျသော ချောင်တချောင်ဝယ် ရှိသည်-ဟု အမိန့်ရှိ၍ ကိုယ်တော်တိုင်တာဝန်ခံလျက် ထုတ်ယူစေတော်မူ၏၊ ထို ကာဗျဒဿ နိဿယကို ရရှိသဖြင့် မိမိမှာ ဤအလင်္ကာဘာသာဋီကာကို မရေးလျှင် တာဝန်မကြေသကဲ့သို့ ဖြစ်ရကား ထိုကျစွာဆရာတော်၏ ကျေးဇူးတော်ကို ဆပ်သောအားဖြင့် သုဗောဓာလင်္ကာရကျမ်း၏အဖွင့် ဤဘာသာဋီကာကို ရေးရပါတော့သည်။

**ဤကျမ်း၏မှီရာ။** ။ဤ အလင်္ကာဘာသာဋီကာကို ရေးသားရာ၌ ပါဠိဋီကာ ၂ စောင်, ရှေးနိဿယ ၂ စောင်နှင့် ကာဗျဒဿစာကိုယ် ဋီကာ နိဿယများကို အမှီပြုပါသည်၊ ပါဠိဋီကာ ၂စောင်တွင် ဋီကာဟောင်းသည် သုဗောဓာလင်္ကာရ ကျမ်းဆရာဖြစ်သော အရှင်သံဃရက္ခိတကိုယ်တိုင် စီရင်အပ်သောကျမ်းဟု အများအသိအမှတ်ပြုကြ၏၊ ထိုသို့ အသိအမှတ်ပြုခြင်း၏ အကြောင်းမှာလည်း " ဗန္ဓော စ နာမ သဒ္ဒတ္ထာ" ဂါထာ၏အဖွင့်၌ ထင်ရှားလျက်ရှိသည်၊ ဋီကာသစ်ကား— ရတနာပုရ(အဝ)နေပြည်တော်ဝယ် နရပတိမင်းလက်ထက်၌ သိရီဓမ္မကိတ္တိထေရ် စီရင်အပ်သော ကျမ်းဟု ယူဆကြ၏၊ ထို ထေရ်လည်း သီဟိုဠ်ကျွန်းသို့ ကြွပြီးလျှင် အရှင် သံဃရက္ခိတထေရ်သည်ပင် စီရင်အပ်ပြီးဖြစ်သော သီဟိုဠ်ဗျာချာ(နိဿယ)ကို ပါဠိလိုပြန်၍စီရင်သည်-ဟု ယူဆကြ၏၊ ထို့ကြောင့် ထို ပါဠိဋီကာ ၂ စောင်လုံးပင် အရှင်သံဃရက္ခိတထေရ်၏ အလိုကျချည်းဖြစ်ရကား ဤ ဘာသာဋီကာကို ရေးသားရာဝယ် အားကိုးဘွယ်များ ဖြစ်ကြပါပေသည်။

www.dhammaransi.com



**နိဿယ ၂ စောင်။** ။ "နိဿယ ၂ စောင်" ဟူသည် ယောမင်းကြီး စီရင်အပ်သော ယောနိဿယနှင့် ညောင်တုံးမြို့ စံကျောင်းဆရာတော် စီရင်အပ်သော စံကျောင်းနိဿယများတည်း၊ မိမိသည် အစိုးရ ပဌမကြီးတန်းကို ဝင်ရောက်ဘို့ရန် လေ့လာရာ ၁၈ နှစ်သားအရွယ်၌ မြောင်းမြဆရာတော်မှာ အခြားစာဝါများဖြင့် အားလပ်ခွင့်မရသောကြောင့် တစောင်ထည်းသာ စာအုပ်အဖြစ်ဖြင့် တည်ရှိသော ယောနိဿယကိုပင် အစအဆုံး ကြေပွန်အောင် လေ့လာခဲ့ရပါသည်၊ ထိုနိဿယကို စီရင်သော ယောမင်းကြီး "ဦးလှိုင်" ကား သာမန်ထက်မြက်သော ပညာရှိမဟုတ်ပေ၊ ၂၉ နှစ် အရွယ်ကပင် အတွင်းသေနာပတိ အရာဖြင့် မင်းတုန်းမင်းတရားကြီး၏ အချီးအမြှောက် ခံရလေ၁အောင် လောကဓမ္မ ၂၅ ၁နှင့်ဝင်း,ပါဠိသက္ကတ၌ဝင်း ကျွမ်းကျင်ထက်မြက်သော ပညာရှိကြီးပေတည်း၊ ထိုသို့ထက်မြက်သော မြန်မာပညာရှိကြီး၏ ကျမ်းစာဖြစ်သောကြောင့်လည်း ထိုယောနိဿယကို မိမိလေးစားပါသည်၊ "စံကျောင်းဆရာတော်" မှာမူ ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယက (သာသနာပိုင်တပါး) ဖြစ်သည့်အပြင် ပါဠိသက္ကတ၌ ကျွမ်းကျင်တော်မူ၍ ဝိနည်းသိက္ခာ လေးစားတော်မူသော အရာမှာလည်း သာသနာတော်၏ တံခွန်ပမာ ဖြစ်ပါသောကြောင့် ဆရာတော်၏ နိဿယကိုလည်း မိမိလေးစားပါသည်။

**ကာဗျဒဿ ။** ။ ကာဗျဒဿ အလင်္ကာကျမ်းကိုကား "ဤသုဗောဓာလင်္ကာရကျမ်း၏ နဂိုရ်မူလ ကူးယူခဲ့ရာ သက္ကတကျမ်းစာ" ဟု အယူရှိကြ၏၊ ထိုသို့ ယူဆလောက်အောင်လည်း ဂန္ထာရမ္ဘ ပဌမဂါထာချင်းပင် အသွားတူလျက် ရှိ၏။ [အသွားတူပုံကို ဂန္ထာရမ္ဘဂါထာအဖွင့်၌ ပြထားပါသည်။] ထို့ကြောင့် ကာဗျဒဿစာကိုယ် ဋီကာနိဿယများကို အထူး အားထား၍ ဤဘာသာဋီကာကို စီစဉ်ရပါသည်။

## ရေးသားပုံ အစီအစဉ်

**နိဿယ။** ။နိဿယရေးရာ၌ "သဒ္ဒါနက်ထိ, ချော- ကျဉ်းဘိ, ရှင်း၏အဓိပ္ပါယ်" ဟူသော မိမိဆောင်ပုဒ်နှင့်အညီ, သဒ္ဒါနက်ထိမိ၍ ချောလည်းချော,ကျဉ်းလည်းကျဉ်း,အဓိပ္ပါယ်လည်းပေါ်လွင်အောင်

www.dhammaransi.com



ရေးသားလေ့ ရှိပါသည်၊ မိမိသည် ယယ်ရွယ်စဉ်အခါ ဤ အလင်္ကာ ကျမ်းကို လေ့လာရာ၌ အချို့အနက်ပေးပုံကို ပုဒ်အနေနှင့် ကိုက်၍ မရသဖြင့် အားမရပါးမရဖြစ်ခဲ့၏၊ ထို့ကြောင့် ဤအလင်္ကာနိဿယ၌ သဒ္ဒါနည်းမလွတ်ရအောင် အထူးသတိထား၍ ရေးသားရပါသည်။

**အဓိပ္ပါယ်** ။ ။ တချို့ အဓိပ္ပါယ်များလည်း အနက်တခြား အဓိပ္ပါယ်တခြားကဲ့သို့ ဖြစ်နေ၏၊ တော်တော်ကြီး၍ အလင်္ကာကို ပို့ချသောအခါ ဋီကာများကိုကြည့်၍ သဘောမပေါက်နိုင်ဘဲ ရှိရသည့်ပြင် ဋီကာပါဌ်ပျက်တချို့ကြောင့် အနက်ကိုပင် မထင်နိုင်ဘဲ ရှိခဲ့ရ၏။

ထို့ကြောင့် ဤကျမ်း၀ယ် အဓိပ္ပါယ်ရေးရာ၌(၁)ဂါထာတခုလုံး၏ ဆိုလိုရင်းအဓိပ္ပါယ်ဟူသော သမုဒါယတ္ထ , ( ၂ ) တပုဒ်စီ တပုဒ်စီ၏ အနက်ဟူသော အ၀ယ၀တ္ထ,(၃)ဋီကာ,(၄)၀စနတ္ထတို့ကို များသော အားဖြင့် အစဉ်ကျအောင်ရေးပါသည်။

ထိုတွင် ( ၁- ၂ ) တို့မှာ ပဌမစ၍ သင်ယူသူတိုင်း သိထိုက်သော အချက်များဖြစ်ပါသည်၊(၃)မှာ အထူးစဉ်းစားလေ့ရှိသော စာသင် သားနှင့် စာချပုဂ္ဂိုလ်များ အတွက် ဖြစ်ပါသည်၊ ( ၄ ) မှာ ဝိဂြိုဟ် ၀စနတ္ထကို သိရမှ အနက်ပေးပုံ၌ သဒ္ဒါနည်းကျ - မကျနှင့် ပုဒ်ပါဌ် အမှားအမှန်ကို ဝေဘန်နိုင်မည် ဖြစ်၍ ဉာဏ်ထက်သော စာသင်သား တိုင်း သိထိုက် လေ့လာထိုက်သော အချက်ဖြစ်ပါသည်၊ အချုပ်အား ဖြင့်ကား မိမိငယ်စဉ်က လိုလားအပ်သော မရှင်းလင်းသော အချက် များကို စုပေါင်း၍ ရှင်းလင်းအောင် ရေးသားထားခြင်း ဖြစ်ပါသည်။

**လေ့ကျင့်ခန်း မေးခွန်းများ**။ ။ လေ့ကျင့်ခန်း မေးခွန်းများ ကား—ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းလင်းစွာ နားလည်အောင် စီစဉ် ထားသော မေးခွန်းများ ဖြစ်ပါသည်၊ ထို မေးခွန်းများ၏ အဖြေမှာ ဂါထာတိုင်း၏ အဓိပ္ပါယ်တွင် ပါ၀င်ပြီး ဖြစ်ပါသည်၊ သို့သော် ထို အဓိပ္ပါယ်၌ ကောက်နှုတ်ချက် မချတတ်လျှင် ဖြေနိုင်မည် မဟုတ်ပါ၊ ထို့ကြောင့် ဆရာများက သူ့ဘာသာ အဖြေမပေးနိုင်သော တပည့် များအား ကောက်ချက်ချ၍ အဖြေကို ညွှန်ပြကြပါလေ၊ အဖြေကို တိုက်ရိုက်ပြလျှင် ကြံစည်ချင်စိတ် ပျောက်သွားမည်ဖြစ်၍ အဖြေကို တိုက်ရိုက်မပြလိုက်ပါ၊ကျမ်းစာကျယ်သွားမည်စိုးသောကြောင့်လည်း

www.dhammaransi.com



မေးခွန်းများကို ခေါင်းစဉ်မာတိကာဖြစ်အောင် ရှေ့ပိုင်းက ပြထား၍ အဖြေပေးဘို့ရန် ဆိုင်ရာဂါထာပါရှိသော စာမျက်နှာများကို ညွှန်ပြထားပါသည်။

ပန်ကြားခြင်း။ ။ဤ အလင်္ကာဘာသာဋီကာကို ရေးသားရာ၌ နိဿယကို စာဆိုသော ရှင်ငယ် ရဟန်းငယ်များကို ရေးသားစေ၍ အဓိပ္ပါယ်လည်း အကြမ်းရေးသားပြီးကို အရှင်ဃောသိတမည်သော စာချဘုန်းကြီးတပါးကို အချော ရေးသားစေပါသည်၊ ဤ အလင်္ကာဘာသာဋီကာ ပို့ချရေးသားရင်း ကင်္ခါဘာသာဋီကာ, ပါရာဇိကကဏ်ဘာသာဋီကာ တို့ကိုလည်း ပို့ချရင်း ရေးသားလျက် ရှိရကား ဤ ဘာသာဋီကာ၌ချည်း စိတ်လည်းမစိုက်အားပါ၊ သို့ရာတွင် ပုံမရိုက်ခင် အထပ်ထပ် သုံးသပ်ပြင်ဆင်ကာ သေသပ်နိုင်သမျှ သေသပ်အောင် ကြိုးစားပါသည်၊ထိုမျှလောက်ကြိုးစားသော်လည်း အမှားအယွင်းကား ကင်းလိမ့်မည် မဟုတ်ပါ၊ ထို အမှားအယွင်း တွေ့ပါလျှင် သူတော်ကောင်းတို့ဓမ္မတာ ပြင်ဆင်ဖေးမ၍ ကူညီတော်မူကြရန် ပန်ကြားအပ်ပါသည်။

ဂစ္ဆတံ ခလနံ ကွာပိ, ဘဝတျေဝ ပမာဒတော၊
ဟသန္တိ ဒုဇ္ဇနာ တတ္ထ, သမာဒဟန္တိ သဇ္ဇနာ။

ကွာပိ-တစုံတရာ,ကုန်းသာမြေပြင်၌သော်မှလည်း၊ ဂစ္ဆတံ-ဧးဧး သာသာ,သွားလာရသူတို့၏၊ ပမာဒတော-သတိလွတ်ကင်း,မေ့လျော့ခြင်းကြောင့်၊ ခလနံ - ချွတ်ချော်တိမ်းပါး , လဲသွားခြင်းသည်၊ ဘဝတျေဝ-တရံတခါ, ဖြစ်တတ်သေးသည်သာ၊ တတ္ထ- ထိုသို့ တိမ်းပါး, လဲသွားရာ၌၊ ဒုဇ္ဇနာ -စိတ်ထားသေးနုပ်, လူယုတ်လူညံ့တို့သည်၊ ဟသန္တိ- ပြောင်လှောင် အားရ, ရယ်မောကြကုန်၏၊ သဇ္ဇနာ- စိတ်ထားရင့်ပြီး , လူကြီး လူကောင်းတို့သည်ကား၊ သမာဒဟန္တိ - ကိုယ်ချင်းစာနာ, သနားစွာဖြင့်,ညှာတာဖေးမ, ထူပေးကြလေကုန်၏။[အမရကောသနိဿယ။]

**အရှင် ဇနကာဘိဝံသ**

**၁၃၂၁—၃။**

www.dhammaransi.com



# မေးခွန်း မာတိကာ

**အမှာ။** ။မာတိကာကို ပုစ္ဆာလုပ်၍ပြထား၏၊ ဆိုင်ရာမျက်နှာနံပါတ်၏ အဓိပ္ပါယ်ကို သေချာစွာကြည့်၍ အဖြေရှာကြပါ။


ဂါထာနံပါတ် — စာမျက်နှာ

၁။ (က) ပဌမဂါထာကို အဘယ်အလင်္ကာဖြင့် တန်ဆာဆင်ထားသောကြောင့် အနက် ၂ ထပ်ပေးရပါသနည်း၊ ပဌမအနက်သည် မည်သူတို့၏ အတွက်ဖြစ်၍, ဒုတိယအနက်ကား မည်သူတို့၏ အတွက် ဖြစ်သနည်း။ ၂

၁။ (ခ) ဘုရားဟောပရိယာယ်ပုဒ်တွေ များစွာရှိပါလျက် အဘယ့်ကြောင့် မုနိန္ဒပုဒ်ကိုသာ သုံးစွဲပါသနည်း။ .... ၃

၁။ (ဂ) "သရဏံ ပါဏိနံ ဓမ္မော" ဟု မဆိုဘဲ အဘယ်အကျိုးငှါ ဝါဏီသဒ္ဒါကို သုံးစွဲပါသနည်း။ .... ၅

၁။ (ဃ) ပိဏယတံ၌ ဏယပစ္စည်းအနက် တံဝိဘတ်၏အနက်ကို ခွဲခြား၍ အနက်ပေးပြပါ။ ....

၁။ (င) ပဌမဂါထာ၌ ဓမ္မပသာဒဖြစ်ပုံသာ တိုက်ရိုက်လာသည် မဟုတ်ပါလော၊ အဘယ်နည်းဖြင့် ရတနတ္တယပဏာမဂါထာ ဖြစ်သနည်း။ .... .... ၆

၂။ (က) ရာမ သမ္မ—စသောဂါထာဖြင့် အဘယ်ကို ပြသနည်း။ ၇

၂။ (ခ) ရာမ သမ္မ— ဟူသည် ဆရာ ၂ ယော်၏ အမည်ပါလော, သမ္မအတွက် ဘယ်အနက်ကို မှတ်ရမည်နည်း။ .... ၈

၂။ (ဂ) သဒ္ဒ— အတ္တအလင်္ကာတို့ကိုငင်း, အလင်္ကာကျမ်းကိုငင်း "ရာမ သမ္မ အလင်္ကာရ" ဟု နာမည် ခေါ်ရာ၌ အဘယ်နည်းဖြင့် ခေါ်နိုင်သနည်း၊ သမ္မာဒိ၌ အာဒိ၏ အာဒိဝဏ္ဏကျမ်း များကိုပြပါ။ .... .... ၉

၂။ (ဃ) သုဒ္ဓမာဂဓိကာ၌ "သုဒ္ဓမာဂဓ"၏ အဓိပ္ပါယ်ကိုငင်း, "နဝလဉ္ဇနီ"အရ မသုံးစွဲနိုင်ခြင်း၏ အဓိပ္ပါယ်ကိုငင်း ပြပါ။.... ၁၀

၃။ (က) တေနာပိ နာမ—စသောဂါထာဖြင့် ပြအပ်သော "အဘိဓာန"စသည်ကို (မည်သည့်ပါဌ်ဖြင့် မည်သည့်အနက် ပြသည်-ဟု) ခွဲခြားပြပါ။ .... ၁၂

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ


၂၃။ (က) အဘယ်ပုဒ်ကို ကိလိဋ္ဌပုဒ်ဟု ခေါ်သနည်း၊ထိုပုဒ်သည် ဘာနှင့် တူသနည်း၊ ကိလိဋ္ဌပုဒ်၌ အနက်မထင် ( မမြင် )နိုင်ခြင်းသည် အဘယ်ဝတ္ထု၌ ဘာကို မထင်မမြင်နိုင်ခြင်းနှင့် တူသနည်း။ .... .... ၅၄,၅

၂၃။ (ခ) "ပိယာ"ပုဒ်၌ ကိလိဋ္ဌဒေါသသင့်ပုံကို ပြပါ။ .... ၅၅

၂၄။ အဘယ်ယမကပုဒ်မျိုးကို ကိလိဋ္ဌဒေါသ၌ သွင်းရသနည်း။.... ၅၇

၂၅။ အဘယ် ယမကမျိုးကို ကိလိဋ္ဌဒေါသ၌ မသွင်းဘဲ ပညာရှိတို့ သုံးစွဲကြသနည်း။ .... .... ၅၀

၂၆။ (က) အဘယ်ကို ယမကဟု ခေါ်သနည်း၊ ထိုယမကသည် အကျဉ်းချုပ် အဘယ်မျှပြား၍, နောက်ထပ် အဘယ်မျှ ပြားသနည်း။ .... .... ၅၉,၀

၂၆။ (ခ) အဗျပေတ, ဗျပေတတို့၏ အဓိပ္ပါယ်ကိုပြ၍, သဗ္ဗပါဒါဒိ (စတုတ္ထပါဒါဒိ) ယမက ပုံစံကိုပြပါ။ .... .... ၆၀,၅

၃၄။ ဒေသ, ကာလ,ကလာ,လောက,ဉာယ,အာဂမတို့၏ သရုပ်ကို ပြ၍ , အဘယ်သို့ စီကုံးလျှင် ဒေသဝိရောဓိ ဖြစ်ကြောင်း ပြပါ။ .... .... ၇၁,၂

၃၅။ အဘယ်ပုဒ်မျိုးသည် နေယျဒေါသ သင့်သနည်း၊ ပုံစံ၌ နေယျဒေါသသင့်သောပုဒ်ကား အဘယ်ပုဒ်နည်း၊ထိုပုဒ်သည် အဘယ့်ကြောင့် နေယျဒေါသသင့်သနည်း။.... .... ၇၃,၄

၃၆။ သဒ္ဒသာမတ္ထိယဝိလင်္ဃိနီ ပုဒ်၌ အဘယ်ကို သဒ္ဒ, အဘယ်ကို သာမတ္ထိယဟု ခေါ်သနည်း ၊ " ခုန်ကျော် " ဟူရာ၌ ဘာကို ဆိုလိုသနည်း။ .... .... ၇၅

၃၇။ အဘယ်ကို ဝိသေသနာပေက္ခဒေါသခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်သည် အဘယ့်ကြောင့် ထိုဒေါသသင့်သနည်း။ .... ၇၆

၃၀။ အဘယ်ကို ဟီနတ္ထဒေါသခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်သည် အဘယ့်ကြောင့် ထိုဒေါသသင့်သနည်း။ .... ၇၇,၈

၃၉။ အဘယ်ကို အနတ္ထဒေါသ ခေါ်သနည်း၊ ပုံစံ၌ အဘယ်ပုဒ်များသည် အဘယ့်ကြောင့် ထိုဒေါသ သင့်ကြရသနည်း။ .... ၇၉

၄၀။ အဘယ်ကို ကေတ္ထဒေါသခေါ်သနည်း၊ ထိုဒေါသသည် ဘယ်နှမျိုး ပြားသနည်း၊ ဝါရိဒေါ ၂ ပုဒ်သည် အဘယ် ကေတ္ထ၏ ပုံစံနည်း၊ ထို ၂ ပုဒ်တို့ ကေတ္ထဖြစ်ပုံကိုပြပါ။ .... ၈၀

www.dhammaramsi.com


ဂါထာနံပါတ် စာမျက်နှာ

၄၁။ အတ္တကေတ္တုဒေါသ၏ ပုံစံ၌ အဘယ်ပုဒ်များဝယ် အဘယ်အနက် သည် ကေတ္တု ဖြစ်သနည်း။ .... .... ၈၂

၄၂။ (က) အဘယ်ကို " ဘဂ္ဂရီတိ " ခေါ်သနည်း၊ ရီတိသဒ္ဒါ၏ အနက်ကိုဖေါ်ပြပါ။ .... .... ၈၃

၄၂။ (ခ) ပုံစံ၌ မည်သည့်ဝါကျသည် မည်သည့် အကြောင်း ကြောင့် ဘဂ္ဂရီတိဒေါသသင့်သည် - ဟု ဖေါ်ပြ၍, ရီတိပျက် နိုင်သော ပုဒ်များကိုလည်းပြပါ။ .... ၈၃,၄

၄၃။ အဘယ်ကိုဗျာကိဏ္ဏဒေါသခေါ်သနည်း, (၄၄) ပုံစံ၌ ဗျာကိဏ္ဏ ဖြစ်ပုံကို ပြပါ။ ...., ၈၅,၆

၄၅။ အဘယ်ကို ဂါမ္မဒေါသ ဟု ခေါ်သနည်း၊ ပုံစံ၌ ဂါမ္မဒေါသ သင့်သောပုဒ်များကို ပြပါ။ ....

၄၆။ ပဒသန္ဓာန ဂါမ္မ၏အဓိပ္ပါယ်ကိုပြ၍,"ယာ+ဘဝတော"၌ ပဒ သန္ဓာနဖြစ်ပုံ, ဂါမ္မဖြစ်ပုံကိုလည်း ပြပါ။ .... ၈၈,၉

၄၇။ အဘယ်ကို ယတိဟီနဒေါသ —ဟု ခေါ်သနည်း၊"ပဒစ္ဆေဒေါ ဘဝေ ယတိ "ဟူရာ၌ သန္ဓိပုဒ်ဖြတ်ခြင်းကို ပဒစ္ဆေဒ ဟု ဆိုလို သလား , အဘယ်ကို ပဒစ္ဆေဒ-ဟု ဆိုလိုသနည်း။ .... ၉၁

၄၈။ ယတိ သဗ္ဗတ္တ ပါဒန္တေ— ဂါထာအရ ရနိုင်သော ယတိများကို ပြ၍, အသီးအသီး ပုံစံကိုလည်း ပြပြီးလျှင် ပုဗ္ဗာပရနေကဝဏ္ဏ ပဒမဇ္ဈယတိ၌ အဓိပ္ပါယ်ရှင်းပြပါ။ .... ၉၂,၃

၅၀။ သန္ဓိစပ် ယတိများ၌ ဝိဘတ္တိလောပယတိ , အလောပယတိ , ယာဒေသာဒိ ယတိများ၏ ပုံစံတို့ကို အသီးအသီး ယှဉ်ပြ၍ , ထိုယတိများ၌ ပုဗ္ဗာပရာနေကဝဏ္ဏ ဖြစ်— မဖြစ်ကို စိစစ်ဘွယ် လို—မလို ပြပါ။ .... ၉၄

၅၁။ စာဒိယတိ, ပါဒိယတိများ၏ ပုံစံကိုလည်း ဥဒါဟရုဏ်, ပစ္စုဒါ ဟရုဏ် အစုံတွဲ၍ပြပါ။ .... ၉၆

၅၅။ အဘယ်ကို ကမစ္စုတဒေါသ ဟု ခေါ်သနည်း , ပုံစံ ထုတ်၍ ကမစ္စုတဖြစ်ပုံကို ပြပါ။ .... ၁၀၀

၅၆။ အဘယ်ကို အတိဝုတ္တဒေါသဟု ခေါ်သနည်း, ပုံစံထုတ်၍ အတိ ဝုတ္တဖြစ်ပုံကို ပြပါ။ .... ၁၀၁

၅၇။ အဘယ်ကို အပေတတ္ထဒေါသ ဟု ခေါ်သနည်း, ပုံစံထုတ်၍ အပေတတ္ထဖြစ်ပုံကို ပြပါ။ .... ၁၀၃

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၅၇။ အဘယ်ကို ဗန္ဓဖရုသဒေါသ ဟု ခေါ်သနည်း, ပုံစံထုတ်၍ ဗန္ဓဖရုသဖြစ်ပုံကို ပြပါ။ .... ၁၀၄

၆၀။ (က) အဘယ်ကို အပက္ကမဒေါသဟု ခေါ်သနည်း,ပုံစံထုတ်၍ အပက္ကမဖြစ်ပုံကို ပြပါ။ .... ၁၀၆

၆၀။ (ခ) ဘောဂသင်္ဂါဒိ၌ ဘောဂအရ, သင်္ဂါဒိအရတို့ကို အာဒိဝဏ္ဏအနက်များနှင့်တကွ ပြပါ။ .... ၁၀၆

၆၁။ (က) အဘယ်ကို ဩစိတျဟီနဒေါသ ဟု ခေါ်သနည်း , ထိုဩစိတျဟီနဖြစ်သော အရာများကို တတ်နိုင်သမျှ ပြပါ။ .... ၁၀၇

၆၁။ (ခ) ပူဇနီယတရော–ဂါထာသည် မည်သည့် ဩစိတျဟီန၏ ပုံစံဖြစ်၍, (၆၂) ယာစိတောဟံ – ဂါထာကား မည်သည့် ဩစိတျဟီန၏ ပုံစံဖြစ်သနည်း။ .... ၁၀၇,၈

၆၃။ (က) အဘယ်ကို ဘဂ္ဂရီတိဒေါသဟု ခေါ်သနည်း,ပုံစံထုတ်၍ မည်သည့်အစဉ်ပျက်သည်–ဟု ပြပါ။ .... ၁၀၉

၆၃။ (ခ) ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့၌ ပါသော ဘဂ္ဂရီတိ ၂ မျိုး၏ အထူးကိုပြပါ။ .... ၁၁၀

၆၄။ အဘယ်ကို သသံသယဒေါသ ဟု ခေါ်ပါသနည်း၊ ပုံစံထုတ်၍ သံသယဖြစ်စရာပုဒ်ကိုပြပြီးလျှင်, ဝိရုဒ္ဓတ္ထကရနှင့် သသံသယတို့ ထူး-မထူးကို စိစစ်ပါ။ .... ၁၁၁,၂

၆၅။ အဘယ်ကို ဝါကျတ္ထ ဂါမ္မဒေါသဟု ခေါ်သနည်း၊ ပုံစံထုတ်၍ ဂါမ္မဖြစ်သောပုဒ်ကို ညွှန်ပြပြီးလျှင် , မည်သည့်အနက်ကြောင့် ဂါမ္မဖြစ်ရသည်–ဟု လည်း ပြပါ။ .... ၁၁၃,၄

၆၆။ ဒုဋ္ဌာလင်္ကာတိနှင့် ဒုဋ္ဌာလင်္ကာရဏာတို့ အနက် ထူးသေးသလော, ထိုဒေါသ၏ပုံစံကို ဘာ့ကြောင့် မပြသနည်း။ .... ၁၁၅

**ဒေါသပရိဟာရာဝဗောဓ အခက်း မေးခွန်း**

၇၀။ ဝိန္ဒန္တံပါကသာလိနံ–စသောဂါထာ၌ ဝိသဒေါ၌ အနက် ၂မျိုး ပေးဘို့ လိုပါသေးသလား။ “ အဆိပ်ကို ပေးတတ်သော ” အနက်ရနိုင်လျှင် အဘယ့်ကြောင့် ဝိရုဒ္ဓတ္ထကရဒေါသ မသင့်သနည်း၊ ထိုသို့မသင့်အောင် အဘယ်စကားများဖြင့်ဖါထေး၍ ဖြေထား‌သနည်း။ .... .... ၁၂၄,၅

www.dhammaransi.com


ဂါထာနံပါတ် စာမျက်နှာ

၇၁။ (က) "ဝိနာယကောပိ နာဂေါသိ" ဂါထာ၌ ဝိရုဒ္ဓတ္တန္တရ ဒေါသသင့်သော အနက်ကိုပြ၍, ဒေါသသင့်ပုံကိုလည်း ပြပါ။ ၁၂၆

၇၁။ (ခ) ဝိနာယကောပိ ဂါထာ၌ ဒေါသမသင့်သော အနက်ကို ပြ၍, ဒေါသမသင့်ပုံကိုလည်း ပြပါ။ .... ၁၂၆

၇၂။ အရုဏ္ဏဒေါသအဖြေ၌ အဘယ်စကားကြောင့် ဒေါသပြေသွားသနည်း, ရှေ ၂ ပါဒကိုလိုရင်းမဟုတ်ဘဲ အဘယ့်ကြောင့် ထည့်ထားသနည်း။ .... ၁၂၈

၇၃။ ကိလိဋ္ဌဒေါသ သင့်ပြီးသော "ဝိယာ"ပုဒ်သည် အဘယ်အရာ၌ သုံးစွဲထားလျှင် ဒေါသ မသင့်သနည်း၊ ပဟေလိကို ဘယ်လိုနေရာများ၌ သုံးစွဲလျှင် ကျေးဇူးများသနည်း။ .... ၁၂၉

၇၄။ ယ မကအဖွဲ့၌ ကိလိဋ္ဌပုဒ်ပါလျှင် ကိလိဋ္ဌဒေါသ လွတ်မည်လော။ ၁၃၀

၇၅။ "ရေ၌ပွင့်လေ့ရှိသော ကြာပန်းတို့သည် ကြည်းကုန်း၌ပွင့်ကြ၏" ဟု ဆိုလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ဖြေလျှင် ပြေသနည်း။ .... ၁၃၁

၇၆။ "ဥတု ၃ ပါး၌ပွင့်သော ပန်းမျိုးစုံကို လေသည် ဆောင်ယူလာ၏" ဟု ဆိုလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ ဖြေမည်နည်း။ .... ၁၃၂

၇၇။ ဆိုင်းတီးရာ၌ ကလာကျမ်းနှင့်တီးလုံးမညီလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထိုဒေါသကို အဘယ်သို့ ဖြေမည်နည်း။ .... ၁၃၃

၇၈။ ရှားမီးကျီးသည် စန္ဒကူးထက် အေးသည်ဟု ထင်၏-ဟုဆိုလျှင် အဘယ်ဒေါသသင့်သနည်း၊ ထိုဒေါသကို ဘယ်သို့ဖြေမည်နည်း။ ၁၃၄

၇၉။ "မိမိမှာမရှိသောအရာကို သူတပါးအားပေးနိုင်၏"ဟု ဆိုလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထိုဒေါသ မသင့်စေဘဲ အဘယ်သူသည် အဘယ်ကို ပေးပါသနည်း။ .... ၁၃၅

၈၀။ "တစုံတယောက်နှင့်မျှ အတူစကားမပြောဘဲ ဝစီဝိညတ်ကြောင့် အပြစ်သင့်သည်" ဟု ဆိုလျှင် အဘယ်ဒေါသ သင့်သနည်း၊ ထိုဒေါသ မသင့်အောင် ဘယ်အခါမှာ ဘယ်ပုဂ္ဂိုလ်သည် ဝစီဝိညတ်ကြောင့် အပြစ်ရဘူးပါသနည်း။ .... ၁၃၆

၈၁။ နေယျဒေါသ၏ အဖြေပုဒ်တို့ကား အဘယ်တို့ပါနည်း၊ ဤသို့ တိုက်ရိုက်အဖြေပါခြင်းကို ဘာဖြင့် သိရခြင်းဟု ခေါ်သနည်း။ ၁၃၇

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၇၂။ မနောနုရဉ္ဇနော-စသောဂါထာ၌ အဘယ်အနက်များ တိုက်ရိုက် ပါကြသနည်း၊ ထိုအနက်များဖြင့် အပိုသိရသော သာမတ္ထိယတ္ထ ကား အဘယ်ပါနည်း။ .... ၁၃၉

၇၃။ ဝိသေသနာပေက္ခဒေါသ၏ အဖြေပုဒ်ကား အဘယ်ပုဒ်နည်း၊ ကောင်းသောဘက်၌ အဖြေပုံစံကိုပြ၍ , ထိုပုံစံ၌ အဖြေပုဒ်ကို လည်းပြပါ။.... .... ၁၄၀

၇၄။ ဟီနတ္ထဒေါသ၏အဖြေ၌ အဘယ်သဒ္ဒါသည် လိုရင်းဖြစ်သနည်း၊ ထိုဂါထာကိုအဓိပ္ပါယ်ပေါ်လာအောင် မြန်မာပြန်ပါ။ .... ၁၄၁

၇၅။ အနတ္ထဒေါသခန်း၌ အပြစ်ဖြစ်ခဲ့သောပုဒ်များကို အဖြေခန်း၌ အပြစ်မဖြစ်အောင် ဘယ်သို့ပြောင်းလွှဲ၍ သုံးစွဲထားသနည်း။ ၁၄၂

၇၆။ အဘယ်အရာမျိုး၌ တနက်ထည်းဝယ်၂ ကြိမ်ထပ်၍ဆိုခြင်းကြောင့် ကေတ္ထအပြစ် မရှိသနည်း၊ ( ၇၇ ) ပုံစံဂါထာ၌ အဘယ့်ကြောင့် ကေတ္ထဒေါသ မသင့်ရသနည်း။ .... ၁၄၃

၇၇။ (က) ယောကောပိ- စသော ပုံစံ၌ အဘယ်ကြောင့် ဘဂ္ဂရီတိ ဒေါသ မသင့်သနည်း၊ “ အဟော ဗုဒ္ဓမဟောဒယော ” ၌ သဗ္ဗနာမ်ပုဒ် အစဉ်မပျက်ပါလော။ .... ၁၄၄

၇၇။ (ခ) ကောပိ-စသည်၌ အဘယ်သဒ္ဒါ၏ အဘယ်အနက်ကြောင့် “မြားမြောင်ကြီးကျယ် အံ့ဩဘွယ်”ဟု ပေးနိုင်သနည်း။.... ၁၄၄,၅

၇၉။ ဗျာကိဏ္ဏဒေါသ လွတ်အောင် အဘယ်သို့ စီကုံးရမည်နည်း၊ အဘယ်ဂုဏ်ရောက်လျှင် ဗျာကိဏ္ဏဒေါသမှ လွတ်သနည်း၊ (၉၀) ပုံစံ၌ ဗျာကိဏ္ဏဒေါသလွတ်ပုံကို ပြပါ။ .... ၁၄၆,၇

၉၁။ အဘယ်သို့ ဖွဲ့စီလျှင် ဂါမ္မဒေါသမှ လွတ်နိုင်သနည်း၊ (၉၂) ပုံစံ၌ ဂါမ္မဒေါသမှလွတ်ပုံနှင့် ရသင့်သော ရသတို့ကိုပြပါ။ ၁၄၉,၀

၉၃။ ယတိဟီနဒေါသ၏အဖြေကို ထပ်၍မဆိုလျှင် နားကြားထိပ်စရာ မဖြစ်ပါလော၊ ထိတ်စရာ မရှိခြင်း၏ အကြောင်းကို ပြပါ။ ... ၁၅၂

၉၄။ ကမစ္စုတ အဖြေပုံစံ၌ အဘယ်ကြောင့် ဒေါသမှ လွတ်သနည်း၊ “ ဥဒါရ ၊ ပေ ၊ တွယိ ”ကို အဘယ့်ကြောင့် ထည့်ရသနည်း။ ၁၅၃

၉၅။ အတိဝုတ္တအဖြေပုံစံ၌ အဘယ့်ကြောင့် အတိဝုတ္တမဖြစ်သနည်း။ ၁၅၄

၉၇။ အပေတတ္ထအဖြေ၌ ဘယ်သူတို့၏စကားဖြစ်လျှင် ဒေါသမသင့်ဘဲ, ဘယ်သူတို့၏ စကားဖြစ်လျှင် ဒေါသသင့်သနည်း။ .... ၁၅၆

www.dhammaransi.com


ဂါထာ နံပါတ် စာမျက်နှာ


၉၀။ အဘယ် အဖွဲ့သည် ဗန္ဓဖရှသဒေါသကို ဖျက်နိုင်ပါသနည်း၊
(၉၉) ပုံစံ၌ ဓနိတအက္ခရာ မည်မျှပါ၍, မည်သည့် ဌာန်တူ
ဒ. က္ခရာများလည်း နီးကပ်စွာ ပါကြသနည်း။ .... ၁၅၇,၀

၁၀၀။ အပက္ကမအဖြေပုံစံ၌ မည်သို့စဉ်သောကြောင့် အပက္ကမဒေါသ
မှ လွတ်သနည်း၊ ကမစ္ဆုတနှင့် အပက္ကမ အထူး ပြပါ။ .... ၁၅၉,၀

၁၀၁။ တရံတခါမျှ အစဉ်ပျက်၍ မရသလော, ဘယ်လို အရာဝယ်
အစဉ်ပျက်နိုင်သေးသနည်း၊ (၁၀၂) ပုံစံ၌ အစဉ်ပျက်ပုံ, အစဉ်
မပျက်သော်လည်း အပြစ်မသင့်ပုံကို ဖေါ်ပြပါ။ .... ၁၆၀,၁

၁၀၃။ ဩစိတျဟီနဒေါသ မသင့်သော ဂုဏ်ဖေါ်သင့်ရာ — ဟူသည်
အဘယ်နေရာမျိုးနည်း၊ ပုံစံတခုမျှ ပြခဲ့ပါ။ .... ၁၆၂

၁၀၄။ ဩစိတျသည် အဘယ်တိုင်အောင်ထင်ရှားသနည်း၊ ထိုဩစိတျ
ဥပဒေပြုပုဂ္ဂိုလ်များကား အဘယ်ပုဂ္ဂိုလ်များနည်း။ .... ၁၆၃

၁၀၅။ "ရသပေါသော"ပါဠ်၌ "ရသ"ဟူသည် အဘယ်နည်း၊
(၁၀၆) ယော မာရသေန—စသော ဂါထာ၌ အဘယ်စကား
များသည် ဩစိတျသမ္ဘာသက ဖြစ်ကြသနည်း။ ၁၆၄,၅

၁၀၇။ အဘယ်သို့စီရင်လျှင် ဘဂ္ဂရီတိဒေါသမှ လွတ်သနည်း၊ အဘယ့်
ကြောင့် ပုံစံ ၂ မျိုးပြသနည်း၊ ထိုပုံစံများ၌ ဒေါသလွတ်ပုံကိုပြပါ။ ၁၆၇,၀

၁၁၀။ သသံသယဒေါသအဖြေ၌ အဘယ်ပုဒ်သည် အဖြေဖြစ်သနည်း၊
(၁၁၁) တမင်လာ သံသယဖြစ်အောင် စီကုံးလျှင် ထိုဒေါသ
သင့်သေးသလော၊ ကီဋ္ဌာဒိ၌ အာဒိ၏အနက်များကို ပြပါ။ .... ၁၆၉,၀

၁၁၂။ ယာတေ ဒုတိယံ နိလယံ — စသော ဂါထာ၌ သံသယဖြစ်စရာ
ပုဒ်တို့ကား အဘယ်ပါနည်း၊ ထိုပုဒ်များသည် အဘယ့်ကြောင့်
သသံသယဒေါသ မသင့်ကြသနည်း။ .... ၁၇၀,၁

၁၁၃။ သုဘဂါ — ဘဂိနီပုဒ်တို့၌ ဂါမ္မဒေါသ သင့်ဘွယ် အနက်ကား
အဘယ်အနက်ပါနည်း၊ ထိုအနက်ရနိုင်ပါလျက် အဘယ်အနက်က
ထင်ရှားသောကြောင့် ဂါမ္မဒေါသမှ လွတ်သနည်း။ .... ၁၇၂

၁၁၄။ ဒုဋ္ဌာလင်္ကာတိဒေါသအဖြေကို ဘာ့ကြောင့် မပြသနည်း။ .... ၁၇၃


**အမှာ** ။ ။ အချိန်ပိုရသော စာသင်သားများအတွက် ပဟေဠိများ၌
လေ့ကျင့်ခန်းမေးခွန်းများ ပြုလုပ်သင်ပြသင့်ကြ၏။

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

ဂုဏာဝပေါဒအေကျ်း မေးခွန်းများ


၁၁၇။ သဒ္ဒါလင်္ကာရ ဟု ခေါ်အပ်သော ဂုဏ်ဆယ်ပါးတို့တွင် သဒ္ဒ သက်သက်ဂုဏ်,သဒ္ဒအတ္ထ ၂မျိုးရောသော ဂုဏ်များကို ခွဲခြား ပြပါ။ .... ၁၉၉

၁၁၈။ အဘယ် ပုဒ်အစဉ်ကို ပသာဒဂုဏ် ဟု ခေါ်သနည်း၊ အဘယ် ဒေါသများလွတ်လျှင် ပသာဒဂုဏ်ရောက်သနည်း။ .... ၂၀၀

၁၂၀။ အလင်္ကာရ န္တ ၁–ဂါထာ၌ မည်သည့်ပုဒ်များသည် အချင်းချင်း နီး၍ စပ်ပုဒ်ဖြစ်ကြသနည်း။ .... ၂၀၂

၁၂၁။ ဩဇဂုဏ်၏ လက္ခဏာကို ပြပါ၊ အနာကုလောကို ပစ္စ္စနှင့်သာ တွဲလျှင် ဂစ္ဆ၌ အဘယ်သို့ခွင့်ပြုရာ ရောက်သနည်း။ .... ၂၀၃,၄

၁၂၂။ မုနိန္ဒ မန္ဒသဒ္ဒာတ–စသော ဂါထာ၌ အဘယ်ပုဒ်သည် ဩဇဂုဏ် ရောက်သနည်း၊ ထိုပုဒ်၌ သမာသ်များပုံ သိရအောင် သမာသ် တွဲပြပါ။ .... .... .... ၂၀၅

၁၂၃။ အတ္ထဩဇဂုဏ် ၂ မျိုး၏ သဘောကိုပြ၍ , ဇောတယိတ္ထာန– စသော ဂါထာသည် မည်သည့်ဩဇဂုဏ်ရောက်သည်-ဟု ပြပါ။ ၂၀၇

၁၂၅။ မတ္တကင္တီ – ဂါထာသည် မည်သည့်ဩဇဂုဏ် ရောက်သနည်း၊ ထိုဂါထာ၏ ဩဇဂုဏ်ရောက်ပုံကို ပြပါ။ .... ၂၁၀

၁၂၆။ ထို ဩဇဂုဏ်ရှိအောင် ဖွဲ့စီနိုင်ဘို့ရာ အဘယ်သူများသည် အဘယ်သို့ ပြုရသနည်း။ .... ၂၁၁

၁၂၇။ အဘယ်ကို မဓုရတာဂုဏ်ဟု ခေါ်သနည်း၊ မဓုရတာအပြားနှင့် ထိုအပြား၏ သဘောလက္ခဏာကို ပြပါ။ .... ၂၁၃

၁၂၈။ ယဒါ သော ဘိသမ္ဗောဓိံ–ဂါထာသည် အဘယ်မဓုရတာ၏ ပုံစံပါနည်း၊ ထိုဂါထာ၌ ထိုဂုဏ်ရပုံကို ပြပါ။ .... ၂၁၅

၁၂၉။ မုနိန္ဒ မန္ဒဟာသာဂါထာသည် အဘယ်မဓုရတာ၏ ပုံစံပါနည်း၊ ထိုဂါထာ၌ ထိုဂုဏ်ရပုံကို ပြပါ။ .... ၂၁၆

၁၃၀။ အလုံးစုံနည့်သော အက္ခရာတို့ဖြင့် ဖွဲ့အပ်သော အနုပ္ပါသမဓုရတာ သည် အဘယ်ဂုဏ်နှင့် ဆန့်ကျင်ပါသနည်း၊ ထိုဆန့်ကျင့်သော ဂုဏ်၌ အဘယ်အက္ခရာပါရမည်–ဟု ဆိုထားပါသနည်း။.... ၂၁၇

၁၃၁။ (က) အဘယ်ကိုသမတာဂုဏ်ဟု ဆိုသနည်း၊ သမတာအပြားကို ပြ၍, မုဒုအက္ခရာ, ဖုဋ္ဌအက္ခရာများကို ခွဲခြားပြပါ။ .... ၂၁၉,၀

www.dhammaransi.com


ဂါထာနံပါတ် စာမျက်နှာ

၁၃၁။ (ခ) သက္ကတ၌ သမတာလက္ခဏာကို အဘယ်သို့ဆို၍,ပုံစံကို အဘယ်သို့ ထုတ်သနည်း၊ထိုအဆိုသည် ဤသုဗောဓာလင်္ကာရ ဆိုပုံနှင့် တူနိုင်မည်လော။ ၂၂၁

၁၃၂။ ကောကိလာ လာပ— စသော ပုံစံ၌ ဖုဋ္ဌအက္ခရာသည် အဘယ် နည်း၊ ထိုအက္ခရာကို ဘာ့ကြောင့်ထည့်သနည်း။ .... ၂၂၂

၁၃၃။ သမ္ဘာ၀နီယ — စသော ပုံစံ၌ ဖုဋ္ဌအက္ခရာ ဘယ်နှစ်လုံး ပါ သနည်း၊ ဖုဋ္ဌအက္ခရာက မုဒုအက္ခရာလောက် မများပါဘဲ အဘယ်ကြောင့် ဖုဋ္ဌပုံစံ ဖြစ်ရသနည်း။ .... ၂၂၄

၁၃၄။ လဒ္ဓစန္ဒန သံသဂ္ဂ-စသောဂါထာ၌ ဖုဋ္ဌအက္ခရာဘယ်နှစ်လုံးပါ သနည်း၊ မုဒုအက္ခရာနှင့် ဖုဋ္ဌအက္ခရာတို့ လုံးရေချင်း မညီမျှဘဲ အဘယ့်ကြောင့် မိဿသမတာဂုဏ်ဟု ဆိုသနည်း။ ... ၂၂၅

၁၃၅။ (က) အနိဋ္ဌုရက္ခရပ္ပါယာ — စသော ဂါထာ၌ အဘယ်ကို နိဋ္ဌုရအက္ခရာဟု ခေါ်သနည်း၊ အနိဋ္ဌုရက္ခရပ္ပါယာနှင့် သဗ္ဗ ကောမလနိဿဋ္ဌာသည် အဓိပ္ပါယ် ထူးသေးသလော။ .... ၂၂၆,၇

၁၃၅။ (ခ) ဘယ်အက္ခရာ များကို ကိစ္ဆဥစ္စာရဏာဟု ဆိုသနည်း၊ သုခုမာလတာ လက္ခဏာကိုပြပါ။ .... ၂၂၇

၁၃၆။ သုခုမာလတာ ပုံစံဂါထာ၌ နိဋ္ဌုရ ( ဖရုသ) အက္ခရာတို့ကား အဘယ်နည်း၊ ၎င်း သံယုဂ်များသည် ကိစ္ဆဥစ္စာရဏာ မဖြစ် ပါလော။ .... ၂၂၀

၁၃၇။ သုခုမာလတာဂုဏ်သည် အတ္ထာလင်္ကာရ မပါလျှင် ပညာရှိ ရွှေမှောက်သို့ ရောက်နိုင်မည်လော၊ (၁၃၀ ) အတ္ထာလင်္ကာရ ပါသော သုခုမာလတာပုံစံကိုပြ၍ , မည်သည့် အတ္ထာလင်္ကာရ ပါသည်—ဟု လည်း ညွှန်ပြပါ။ .... ၂၂၉,၀

၁၃၈။ အနက်ပေါ်တည်သော သုခုမာလတာ၏ပုံစံကိုပြ၍, အနက်ပေါ် တည်လျှင် အတ္ထဂုဏ်ဆိုထိုက်-မဆိုထိုက်ကိုလည်း ရှင်းပြပါ။ ၂၃၁

၁၄၀။ (က) သိလေသဂုဏ်၏လက္ခဏာကို ပြ၍, သိလိဋ္ဌပဒ သံသဂ္ဂ- သဗန္ဓဂါရ၀ပုဒ်တို့၏ အဓိပ္ပါယ်ကိုလည်း ပြပါ။ .... ၂၃၂

၁၄၀။ (ခ ) ဌာန်တူအက္ခရာ နီးကပ်ရမည်-ဟု ဆိုသော ပဒါသတ္တိနှင့် ဤ သိလေသတို့၏ ထူးခြားချက်ကိုလည်း ပြပါ။ .... ၂၃၃

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၁၄၁။ ဗာလိန္ဒု ဝိဇ္ဇမန္ဒေဒိ– စသောဂါထာ၌ နီးကပ်သော ဌာန်တူ ပုဒ်များကို တွဲစပ်ပြပါ။ .... ၂၃၄

၁၄၂။ ဥဒါရဂုဏ်၏ လက္ခဏာ (အင်္ဂါ) ကိုပြ၍, (၁၄၃) ပုံစံဂါထာဖြင့် မည်သည့်အရာ၏ သမုတ္တံသကို ပြသည်-ဟု ဖေါ်ပြပါ။ .... ၂၃၆

၁၄၅။ ဝိသေသနတို့၏ ဥဒါရဖြစ်ပုံကို ကီဋ္ဌာသရော စသော ပုံစံ ၃ မျိုးဖြင့် ရှင်းပြ၍, မည်သည့်ဒေါသတို့မှ လွတ်လျှင် ဥဒါရဂုဏ်ဖြစ်သည် ဟုလည်း ပြပါ။ .... ၂၃၈, ၉

၁၄၆။ ကန္တိဂုဏ်၏လက္ခဏာ (အင်္ဂါ) ကိုပြ၍, ပုံစံဂါထာလည်းပြပါ။ ၂၄၀

၁၄၇။ အဘယ်ဒေါသလွတ်လျှင် အတ္တုဗျတ္တိဂုဏ်ရသနည်း၊ အတ္တုဗျတ္တိ အပြားနှင့် ပုံစံ ၂ ဂါထာ၏ အတ္တုဗျတ္တိဖြစ်ပုံကို ပြပါ။ .... ၂၄၂

၁၄၈။ သဘာဝမလတာ-စသော ဂါထာသည် အဘယ် အတ္တုဗျတ္တိ၏ ပုံစံနည်း၊ ထိုဂါထာ၏ အတ္တုဗျတ္တိ ဖြစ်ပုံကိုလည်း ပြပါ။ .... ၂၄၃

၁၄၉။ သမာဓိဂုဏ်ကိုပညာရှိအားလုံးက အဘယ်သို့ဆိုကြသနည်း၊ ၂၄၄
( ၁၅၀ ) သမာဓိပုဒ်၏ ဝစနတ္ထကို ပြပြီးလျှင် (၁၅၁, ၂) သမာဓိဂုဏ်၏ အပြားကိုလည်း ပြပါ။ .... ၂၄၅, ၆

၁၅၃။ ပါဏိမ္ဗ သမာဓိပုံစံ၌ ပါဏိနှင့် ထိုပါဏိ၏ သဘော ၃ မျိုးကိုရင်း, အပါဏိနှင့် ထိုအပါဏိ၏ သဘော ၃ မျိုးကိုရင်း ထင်ရှား ပြပါ။ .... .... ၂၄၇

၁၅၄။ ဒယာရသေသု-စသောဂါထာ၌ ရသသဒ္ဒါသည် အဘယ်အနက်ကို ဟောသနည်း၊ ထိုဂါထာ၌ တင်စားပုံကို ပြပါ။ .... ၂၄၉

၁၅၅။ မဓုရေဒိဂုဏော-စသောဂါထာ၌ တင်စားပုံ ၂ မျိုးကိုပြပါ။ .... ၂၅၁

၁၅၆။ သဗ္ဗတ္ထသိဒ္ဓ – စသောဂါထာ၌ အဘယ်သဘောကို အဘယ်၌ တင်စားသနည်း၊ ရူဋ္ဌကနှင့် မဟာတွဲပုံကိုထေခံ၍ ရူဋ္ဌကအတွက် အဘယ်အနက် ဖြစ်သင့်သနည်း။ .... ၂၅၂, ၃

၁၅၇။ မာရာရိ-စသောဂါထာ၌ တင်စားအပ်သော အနက်၏သဘော ၃ မျိုးကိုပြ၍ , ထို အနက်များကို မည်သည့်အရာ၌ တင်စား ထားသည် ဟုလည်း ပြပါ။ .... ၂၅၄

၁၅၈။ မုနိန္ဒဘာဏုမာ-စသောဂါထာ၌ အဘယ်အရာဝတ္ထု၏သဘောကို အဘယ်၌ တင်စားထားသနည်း။ .... ၂၅၅

www.dhammaransi.com


ဂါထာနံပါတ် စာမျက်နှာ

၁၅၉။ ပျှိုအန်ခြင်း, လေချဉ်တက်ခြင်း, ဝမ်းသွန်ခြင်းစသော စကားများသည် အမှန်မုချဖြစ်လျှင် ဘယ်အပြစ်, ဥပစာတင်စားခြင်းဖြစ်လျှင် ဘယ်ဂုဏ်ရသနည်း။ .... ၂၅၆

၁၆၀။ ကန္တိနံ ဝမနဗျာဇာ — စသော ဂါထာ၌ ဝမန — ပျှိုအန်ခြင်းဟူသော စကားသည် အဘယ်ကြောင့် ဂါမ္မဒေါသ မသင့်သနည်း၊ ထိုဂါထာ၏ ဆိုလိုရင်းကို ဖော်ပြပါ။ .... ၂၅၀

၁၆၁။ (က) "အစိတ္တကတ္တုကံ ဂုဏကမ္မံ"တို့၏ ဆိုင်ရာပုံစံကိုပြ၍, အစိတ္တကတ္တားဖြစ်ပုံ , ဂုဏ်ဟူသော ကံဖြစ်ပုံကို ပြပါ။ .... ၂၅၉

၁၆၁။ (ခ) "သစိတ္တကတ္တုကံပိ ဂုဏကမ္မံ" ၏ ပုံစံကို ပြ၍, ထိုပုံစံ၌ သစိတ္တကတ္တားဖြစ်ပုံ,ဂုဏ်ဟူသော ကံဖြစ်ပုံကိုပြပါ။.... ၂၆၀

၁၆၁။ (ဂ) ကျမ်းဦးဂါထာ၌ ရထိုက်သောဂုဏ် (သဒ္ဒါလင်္ကာရ) များကို အကြောင်းနှင့်တကွ ဖော်ပြပါ။ .... ၂၆၁,၂

၁၆၃။ အဘယ်ကျမ်းတို့၌ ကျွမ်းကျင်သူသည် ကဝိတ္တဂုဏ် မရှိသော်လည်း ကဝိကို ရေတွက်ရာတွင် ပါဝင်နိုင်သနည်း၊ "ကဝိတ္တဝိကလော"ပုဒ်ကို ဝိဂ္ဂဟပြုပါ။ .... ၂၆၃,၄

### အတ္ထာလင်္ကာရာဝဗောဓ အခန်း မေးခွန်းများ

၁၆၅။ အတ္ထာလင်္ကာရ အပြားကိုပြ၍ မည်သည့် အဖွဲ့ကို သဘာဝဝုတ္တိ ခေါ်ကြောင်းကို ပြပြီးလျှင် , သဘာဝဝုတ္တိ အပြားကိုလည်း ပြပါ။ .... ၂၆၇

၁၆၆။ လီလာဝိက္ကန္တိ-စသော ဂါထာဖြင့်ပြအပ်သော ဘုရားအလောင်းတော်ကလေး၏ အဝတ္ထာများကို ပြပါ။ .... ၂၆၀

၁၆၇။ အဘယ်ကို ဝင်္ကဝုတ္တိဟု ခေါ်သနည်း၊ ထိုဝင်္ကဝုတ္တိ၏ အပြားသည် မည်မျှလောက် များသနည်း။ .... .... ၂၇၂

၁၆၀။ ဤ အလင်္ကာကျမ်း၌ ဝင်္ကဝုတ္တိအပြား ဘယ်နှစ်ပါး ရှိသနည်း၊ ထိုတွင် ထူးခြားသော ၂ ပါးကား အဘယ်တို့နည်း။ .... ၂၇၄

၁၇၃။ အဘယ်ကို အတိသယဝုတ္တိ ဟု ခေါ်သနည်း၊ ထိုအပြားကို သဘောလက္ခဏာနှင့် တကွ ပြပါ။ .... ၂၇၅,၆

၁၇၄။ လောကိယာတိသယဝုတ္တိ - ဟူသည် သဘာဝဝုတ္တိမှ တမျိုးတခြား ဖြစ်ပါသလော၊ တမျိုးတခြား မဟုတ်လျှင် အဘယ့်ကြောင့် ထပ်၍ပြပါသနည်း။ .... ၂၇၇

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၁၇၅။ ဗိဝန္တိ ဒေဟကန္တိ ယေ – စသော ဂါထာ၌ ဝက်ဝုတ္တိဖြစ်ပုံ လောကာတိက္ကန္တ ဖြစ်ပုံကိုပြပါ။ .... ၂၇၉

၁၇၆။ ဥပမာအလင်္ကာ၌"ဥပမာ"ဟူသည် အဘယ်နည်း၊ ထိုဥပမာ သည် ဘယ်နှစ်မျိုးပြားသနည်း။ ... ၂၈၀

၁၇၇။ (က) သဒ္ဒဂမ္ဘူပမာ၌ သဒ္ဒါဟူသည် အဘယ်တို့နည်း၊ သဒ္ဒဂမ္ဘူပမာ ဘယ်နှစ်မျိုးပြားသနည်း၊ မုနိန္ဒော စန္ဒိမာနနော သည် အဘယ် ဥပမာ၏ ပုံစံနည်း။ ၂၈၁

၁၇၇။ (ခ) စန္ဒိမာနနောကို ဝိဂ္ဂဟပြု၍, ဥပမာန စသော ၄ ပါးကို ခွဲခြားပြီးလျှင်, အလင်္ကာရိယ-အလင်္ကာရဖြစ်ပုံ, ဝက်ဝုတ္တိဖြစ်ပုံ ကိုလည်း ပြပါ။ .... ၂၈၂,၃

၁၇၈။ ပစ္စယသဒ္ဒဂမ္ဘူပမာ၌ ပစ္စယဟူသည် အဘယ်တို့နည်း၊ ထို၏ ပုံစံများကို ပြ၍ , ပင်္ကဇာယတေ၌ အလင်္ကာရိယ အလင်္ကာရ ဖြစ်ပုံ, ဝက်ဝုတ္တိဖြစ်ပုံကို ပြပါ။ .... ၂၈၄

၁၇၉။ ဣဝါဒိသဒ္ဒဂမ္ဘူပမာ၌ ဣဝါဒိ သဒ္ဒါတို့သည် အဘယ်မျှ များ သနည်း၊ ထို ဣဝါဒိဂိုဏ်းဝယ် နာမ်ပုဒ်, ကြိယာပုဒ်, ဝါကျ များကို အစနှင့် အဆုံးပိုင်းခြား၍ ပြပါ။ .... ၂၈၇

၁၈၆။ ဓမ္မောပမာ၌ဓမ္မသဒ္ဒါ၏အနက်ကိုပြ၍,ဂါထာ၌ ဓမ္မကိုပြသော ပုဒ်ကို ပြပြီးလျှင်, ဥပမာန-ဥပမေယျ-ဥပမာ-ဥပမာဇောတက ၄ မျိုးကို ခွဲပြပါ။ .... .... ၂၉၀

၁၈၇။ ဓမ္မဟီနောပမာ အမည်ရခြင်း၏ အကြောင်းနှင့် ပုံစံကိုငင်း, ဝိပရီတောပမာအမည်ရခြင်း၏အကြောင်းနှင့် ပုံစံကိုငင်းပြပါ။ ၂၉၁

၁၈၈။ အညမညောပမာ အမည်ရခြင်း၏ အကြောင်းနှင့် ပုံစံကို ပြ၍, အညမညသ၏ ရုပ်ပြီးပုံအကျဉ်းကို ပြပါ။ .... ၂၉၂

၁၈၉။ အဗ္ဘုတောပမာ အမည်ရခြင်း၏ အကြောင်းကို ပြ၍ , ပုံစံကို လည်း ဥပမာန–ဥပမေယျ–ဥပမာခွဲပြပါ။ .... ၂၉၃

၁၉၀။ သိလေသောပမာ၌ သိလေသ၏ အဓိပ္ပါယ်ကို ဝိဂြိုဟ်နှင့်တကွ ပြ၍, ပုံစံ၌ ဥပမာနစသော ၃ ချက်ကို ခွဲပြပါ။ .... ၂၉၅

၁၉၁။ သရူပေါပမာ အမည်ရခြင်း၏ အကြောင်းကိုပြ၍, ပုံစံ၌ ဥပမာန စသော ၃ ချက်ခွဲပြီးလျှင်, သိလေသောပမာ – ဟု မခေါ်ထိုက် ခြင်း၏ အကြောင်းကိုလည်း ပြပါ။ .... ၂၉၆,၇

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ


၁၉၂။ နိဒ္ဒေသောပမာ အမည်ရခြင်း၏ အကြောင်းကို ပြ၍ , ပုံစံ၌လည်း ဥပမာနစသော ၃ ချက်ကို ခွဲပြပါ။ .... ၂၉၈

၁၉၃။ ပဋိသေဓောပမာမည်ခြင်း၏အကြောင်းကို ဤကျမ်းနည်း,ဋီကာနည်း ၂မျိုးပြ၍, ပုစံကိုလည်း ဥပမာနစသော ၃ချက်ခွဲပြီးလျှင်, နိဒ္ဒေသောပမာ မဆိုသင့်ခြင်း၏အကြောင်းကိုလည်း ပြပါ။ .... ၂၉၉

၁၉၄။ သာဓာရဏောပမာ မည်ခြင်း၏အကြောင်းကို ဤကျမ်း၏နည်း, ဋီကာနည်း ၂ မျိုးပြ၍, ပုံစံ၌ ဥပမာနစသော ၃ ချက်ခွဲပြပါ။ ၃၀၀,၁

၁၉၅။ အဘူတောပမာ မည်ခြင်း၏ အကြောင်းကို ပြ၍ , ပုံစံ၌လည်း ဥပမာနစသော ၃ ချက်ခွဲပြပါ။ .... ၃၀၁,၂

၁၉၇။ သရူပေါပမာ မည်ခြင်း၏အကြောင်းကိုပြ၍, ပုံစံ၌လည်း ဥပမာနစသော ၃ မျိုးခွဲပြီးလျှင်,ဥပမာဇောတက ဣဝစသော သဒ္ဒါများ မပါဘဲလျက် ဥပမာအနက် သိနိုင်ပုံကိုလည်း ပြပါ။ .... ၃၀၃

၁၉၈။ ပရိကပ္ပေါပမာ မည်ခြင်း၏အကြောင်းကိုပြ၍,ပုံစံ၌လည်း ဥပမာနစသော ၃ မျိုးခွဲပြပါ။ .... ၃၀၄,၅

၁၉၉။ သံသယောပမာ၏ ပုံစံ၌ ယုံမှားသံသယဖြစ်ပုံကိုပြ၍, ဥပမာန ဥပမေယျ ၂ ပါးကို ခွဲပြပါ။ .... .... ၃၀၆

၂၀၀။ ပတိဝတ္ထုပမာ၏ သဘောကိုပြ၍, ပတိသဒ္ဒါ၏အနက်,သာမျ ပ္ပတိတိ၌ သာမျ+ပတီတိတို့၏ အနက်ကိုလည်း ပြပါ။ .... ၃၀၇

၂၀၁။ ဇနေသု — စသော ပုံစံ၌ အဘယ်ကို ပဌမပြ၍ , အဘယ်ကို နောက်မှ ပြထားသနည်း၊ ဥပမာန စသော ၃ မျိုးခွဲပြပါ။.... ၃၀၈

၂၀၂။ အဘယ်ဥပမာကို ဝါကျတ္ထောပမာဟု ခေါ်သနည်း၊ ဝါကျတ္ထော ပမာအပြားကို သရုပ်ထုတ်ပြပါ။ .... ၃၀၉

၂၀၃။ ဇိနောသံဗ္ဗေသ - စသော ပုံစံကို အနက်အားဖြင့် တဝါကျထည်း ဖြစ်အောင် မြန်မာပြန်၍, ဥပမာနစသော ၃ ပါးကိုခွဲပြပါ။.... ၃၁၀

၂၀၄။ မုနိန္ဒာနနမာဘာတိ — စသောဝါကျ၌ ဥပမာဇောတက မပါဘဲလျက် အဘယ့်ကြောင့် ဥပမာကိုသိနိုင်ပါသနည်း။ [တဝါကျ တည်း ဖြစ်အောင်ကား — " အထက်ကောင်းကင်သို့ တက်၍ ဘုရားမျက်နှာနှင့် တူသည်-ဟု ကြီးဝါးနေသောလနှင့်တူသော (ဝိသေသန) ဘုရားမြတ်စွာ ရွှေမျက်နှာတော်သည် တောက်ပ၏" ဟု မြန်မာပြန်ပါ။] .... .... .... ၃၁၁

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၂၀၅။ အဘယ်ဥပမာများသည် ဒုဋ္ဌာလက်တိဒေါသ ရောက်ကြသနည်း၊ (၂၀၆) ဘိန္နလိင်, ဝိဇာတိဝစန, ဟီနဥပမာတို့၏ ပုံစံကိုပြ၍, ဘိန္နလိင်စသည် ဖြစ်ပုံကို ရှင်းပြပါ။ .... ၃၁၃,၄

၂၀၇။ အဓိကောပမာ, အဖုဋ္ဌောပမာနှင့် (၂၀၈) အပေက္ခိနိ, ခဏ္ဍိတောပမာတို့၏ပုံစံကိုပြ၍,အဓိကစသည် ဖြစ်ပုံကိုလည်း ရှင်းပြပါ။ ၃၁၅,၆

၂၁၀။ ဘိန္နလိင်, ဝိဇာတိဝစန ( ၂၁၁ ) ဟီန, အဓိကဖြစ်ပါလျက် ဒုဋ္ဌာလက်တိဒေါသ မရောက်သော ပုံစံတို့ကိုပြ၍, ဘိန္နလိင်စသည် ဖြစ်ပုံကို ရှင်းပြပါ။ .... ၃၁၈,၀

၂၁၂။ အဘယ်ကိုရူပကအလင်္ကာဟု ခေါ်သနည်း၊ဥပမာနှင့် ရူပကတို့ ထူးခြားပုံကိုရင်း, (၂၁၃) ရူပကအပြားကိုရင်း ပြပါ။.... ၃၂၂,၃

၂၁၄။ အသေသဝတ္ထု ဝိသယသမာသရူပကပုံစံကိုပြ၍, အသေသဝတ္ထု ဝိသယဖြစ်ပုံ, သမာသဖြစ်ပုံကိုပြပါ။ .... ၃၂၄

၂၁၅။ အသေသဝတ္ထုဝိသယအသမာသရူပကပုံစံကို ပြ၍, အသေသဝတ္ထုဝိသယဖြစ်ပုံ, အသမာသဖြစ်ပုံကို ပြပြီးလျှင်, အသမာသ၏ နာမည်တမျိုးကိုလည်း ပြပါ။ .... ၃၂၅

၂၁၆။ အသေသဝတ္ထုဝိသယ မိဿကရူပကပုံစံကို ပြ၍, အသေသဝတ္ထုဝိသယဖြစ်ပုံ, မိဿကဖြစ်ပုံကို ပြပြီးလျှင်, မိဿက၏ နာမည်တမျိုးကိုလည်း ပြပါ။ .... ၃၂၇

၂၁၈။ ဧကဒေသဝိဝတ္တိသမာသရူပက ပုံစံ၌ ဧကဒေသ ဝိဝတ္တိဖြစ်ပုံ, သမာသ ဖြစ်ပုံကို ပြပါ။ .... ၃၂၈

၂၁၉။ ဧကဒေသဝိဝတ္တိအသမာသ ပုံစံ၌ ဧကဒေသဝိဝတ္တိဖြစ်ပုံ,အသမာသဖြစ်ပုံကို ပြပါ။ .... ၃၃၀

၂၂၀။ ဧကဒေသဝိဝတ္တိ မိဿကပုံစံ၌ ဧကဒေသဝိဝတ္တိဖြစ်ပုံ သမာသ အသမာသ ရောပုံကို ပြပါ။ .... ၃၃၁

၂၂၂။ ခဏ္ဍရူပကပုံစံကို ပြ၍, ခဏ္ဍဖြစ်ပုံကိုရင်း, အမ္ဘောရုဟဝန်+ နေတ္တာနိ၌ မည်ကဲ့သို့ ကွဲပြားပုံကိုရင်း ပြပါ။ .... ၃၃၄

၂၂၄။ အာဝုတ္တိအလင်္ကာ၏ သဘောလက္ခဏာနှင့် အာဝုတ္တိအပြားကို ပြပါ။ .... .... ၃၃၅

၂၂၅။ အတ္ထာဝုတ္တိပုံစံကို ပြ၍, အတ္ထ၏အာဝုတ္တိဖြစ်ပုံကိုလည်း ပြပါ။ ၃၃၆

ဂါထာနံပါတ် စာမျက်နှာ

၂၂၆။ ပဒအာဝုတ္တိပုံစံ၌ ပဒအာဝုတ္တိ ဖြစ်ပုံကို ပြပါ။ .... ၃၃၇
၂၂၇။ ဥဘယ အာဝုတ္တိပုံစံ၌ ဥဘယအာဝုတ္တိဖြစ်ပုံကို ပြပါ။ .... ၃၃၀
၂၂၀။ ဒီပကသဘောလက္ခဏာနှင့် ဒီပကအပြားကို ပြပါ။ .... ၃၃၉
၂၂၉။ ကြိယာအာဒိဒီပကပုံစံ, (၂၃၀) ကြိယာမဇ္ဈေဒီပက ပုံစံ, (၂၃၁) ကြိယာအန္တဒီပက ပုံစံများကို ပြပါ။ ... ၃၄၀,၃
၂၃၂။ မာလာဒီပကပုံစံကိုပြ၍, အာဒိဒီပက ဟု မဆိုဘဲ မာလာဒီပက ဆိုရခြင်း၏ အကြောင်းကို ပြပါ။ .... ၃၄၅
၂၃၅။ အက္ခေပ အလင်္ကာ၏ လက္ခဏာနှင့် အပြားကို ပြပါ။ .... ၃၄၇
၂၃၆။ အတီတက္ခေပပုံစံ၌ အတီတက္ခေပ ဖြစ်ပုံကို ပြပါ။ ... ၃၄၀
၂၃၇။ ဝတ္တမာနက္ခေပပုံစံ၌ အဘယ်ပစ္စုပ္ပန်ကို ပယ်သနည်း။ .... ၃၄၉
၂၃၀။ အနာဂတက္ခေပပုံစံ၌ အဘယ်အနာဂတ်ကို ပယ်သနည်း။ .... ၃၅၀
၂၃၉။ အတ္ထန္တရ ဉာသ၏ လက္ခဏာနှင့်အပြားကို ပြပါ။ .... ၃၅၂
၂၄၀။ သဗ္ဗဗျာပီ ဟိရဟိတပုံစံ၌ သဗ္ဗဗျာပီဖြစ်ပုံ, ဟိရဟိတ ဖြစ်ပုံကို ပြပါ။ [၂၄၁-ဂါထာ၌လည်း နည်းမှီး၍မေးပါ။] .... ၃၅၃
၂၄၂။ ဝိသေသဋ္ဌ ဟိရဟိတပုံစံ၌ ဝိသေသဋ္ဌဖြစ်ပုံ, ဟိရဟိတဖြစ်ပုံကို ပြပါ။ [၂၄၃—ဂါထာ၌လည်း နည်းမှီး၍မေးပါ။] .... ၃၅၆
၂၄၄။ ဗျာတိရေကလက္ခဏာနှင့် အပြားကို သရုပ်ဖော်ပြပါ။ .... ၃၅၀,၉
၂၄၅။ ဝစ္စ ကေဗျတိရေက ပုံစံ၌ ဝစ္စဖြစ်ပုံ, ကေဗျတိရေက ဖြစ်ပုံကို ပြပါ။ .... ၃၆၀
၂၄၆။ ဝစ္စဥဘယ ဗျတိရေကပုံစံ၌ ဝစ္စဖြစ်ပုံ,ဥဘယ ဗျတိရေကဖြစ်ပုံကို ပြပါ။ .... ၃၆၁
၂၄၇,၀။ [ဂမ္မကေ, ဂမ္မဥဘယ ဗျတိရေကတို့၌လည်း ဤနည်းအတိုင်း ပုစ္ဆာထုတ်။] .... .... ၃၆၂
၂၄၉။ ဝိဘာဝနာ အလင်္ကာ၏လက္ခဏာနှင့်အပြားကို ပြပါ။ ... ၃၆၅
၂၅၀။ (က)ကာရဏန္တရ ဝိဘာဝနာပုံစံဝယ် "အနဗ္ဗိတာသိတံ နေတ္တံ"၌ ပသိဒ္ဓကာရဏနိဝတ္တနဖြစ်ပုံ, အညကာရဏဝိဘာဝနာဖြစ်ပုံကို ထင်ရှားအောင် ပြပါ။ .... ၃၆၆

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၂၅၀။ (ခ) အမရော ရမ္ဘိတာရုဏော၌ ပသိဒ္ဓကာရဏ နိဝတ္တနဖြစ်ပုံ, အညကာရဏ ဝိဘာဝနာဖြစ်ပုံ, (ဂ) သမာနတာ၊ပေ၊ဝဋ္ဋိတာ၌ ပသိဒ္ဓကာရဏ နိဝတ္တနဖြစ်ပုံ,အညကာရဏ ဝိဘာဝနာဖြစ်ပုံကို ထင်ရှားပြပါ။ .... ၃၆၆
၂၅၁။ သဘာဝဝိကတ္တဝိဘာဝနာ ပုံစံ၌ သဘာဝဝိကတ္တ ဝိဘာဝနာ ဖြစ်ပုံကို ထင်ရှားအောင် ပြပါ။ .... ၃၆၈
၂၅၂။ ဟိတ်သည် အဘယ်သို့သော ဟိတ်ဖြစ်မှ အလင်္ကာဂုဏ် ရောက်သနည်း၊ သာမညဟိတ်အပြားကိုရင်း, (၂၅၃)မရေတွက် နိုင်အောင် များသော ဟိတ်အပြား၏ တချို့နာမည်ကိုရင်း ပြပါ။ .... ၃၆၉,၀
၂၅၄။ ဘာဝကိစ္စ ဇနကဟိတ်၌ ဘာဝကိစ္စဖြစ်ပုံ, ဇနကဟိတ်ဖြစ်ပုံကို ပြပါ။ [၂၅၅, ၂၅၆ တို့၌လည်း အလားတူပုစ္ဆာထုတ်ပါ။] ၃၇၂,၃
၂၅၇။ အယုတ္တကာရိ စိတ္တဟေတုပုံစံ၌ အယုတ္တကာရိဖြစ်ပုံ,စိတ္တဟေတု ဖြစ်ပုံကိုပြပါ။ [၂၅၈၌လည်း အလားတူ ပုစ္ဆာထုတ်ပါ။] ၃၇၅,၆
၂၅၉။ ကမအလင်္ကာ၏ လက္ခဏာနှင့် အခြားနာမည်များကို ပြပါ။ ၃၇၇
၂၆၀။ ကမပုံစံ၌ အစဉ်တည်ပုံကိုပြ၍, အလင်္ကာဂုဏ်ရောက်ပုံကိုလည်း ပြပါ။ .... ၃၇၈,၉
၂၆၁။ ပိယတရအလင်္ကာ၏လက္ခဏာနှင့် (၂၆၂ )ပုံစံ၌ ပိယတရဖြစ်ပုံကို ပြပြီးလျှင်, "သင့်ကို အချစ်ဆုံးဘဲ" ဟု ဆိုလျှင် အလင်္ကာဂုဏ် ရောက်—မရောက်ကို ဆုံးဖြတ်ပါ။ .... ၃၈၀,၁
၂၆၃။ သမာသဝုတ္တိ၏ လက္ခဏာကိုပြပြီးလျှင် , ဘာ့ကြောင့် သမာသ ဝုတ္တိဖြစ်သည်-ဟုလည်းပြ၍, (၂၆၄) အပြားကိုလည်းပြပါ။ ၃၈၂,၃
၂၆၅။ အဘိန္နဝိသေသန သမာသဝုတ္တိပုံစံ၌ အဘိန္န ဝိသေသနဖြစ်ပုံ, သမာသဝုတ္တိဖြစ်ပုံကို ပြပါ။ .... ၃၈၄
၂၆၆။ ဘိန္နာ ဘိန္နဝိသေသန သမာသ ဝုတ္တိပုံစံ၌ အဘယ် ဝိသေသန များသည် အဘိန္န , အဘယ်ဝိသေသနကား ဘိန္န ဖြစ်သနည်း, သမာသဝုတ္တိဖြစ်ပုံကိုလည်း ပြပါ။ .... ၃၈၇
၂၆၇။ သာဂရတ္တေန သဒ္ဒမွောဂါထာ၌ ဆိုလိုရင်းအဓိပ္ပါယ်ကို ပြပါ။ ၃၈၈
၂၆၈။ ပရိကပ္ပနာ အလင်္ကာ၏ လက္ခဏာနှင့် (၂၆၉) ပရိကပ္ပနာ အပြားကို ပြပါ။ .... ၃၈၉,၀

www.dhammaransi.com


ဂါထာနံပါတ် စာမျက်နှာ

၂၇၀။ ဥပမာဘူတနှင့်ရ ပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်နေသော ဝတ္ထုကား အဘယ်နည်း, ထိုဝတ္ထု၏ဖြစ်ပုံကို အဘယ်သို့ ကြံကြံဖန်ဖန် ပြောဆိုသနည်း၊ ဥပမာအတွင်း ဝင်နေပုံကိုလည်း ပြပါ။.... ၃၉၁
၂၇၁။ ကြိယာ ပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်နေသော အဘယ်ကြိယာကို အဘယ်သို့ ကြံကြံဖန်ဖန်ပြောသနည်း။ .... ၃၉၄
၂၇၂။ ဂုဏပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်သော အဘယ်ဂုဏ်ကို အဘယ်သို့ ကြံကြံဖန်ဖန် ပြောသနည်း။ .... ၃၉၅
၂၇၄။ ဝါကျတ္ထဂမ္ဘ ပရိကပ္ပနာပုံစံ၌ အမှန်ဖြစ်နေသော အဘယ်သဘောကို အဘယ်သို့ကြံကြံဖန်ဖန် ပြောသနည်း၊ ဝါကျတ္ထဂမ္ဘ ဖြစ်ပုံကိုလည်း ပြပါ။ .... ၃၉၇
၂၇၅။ သမာဟိတ၏ လက္ခဏာကို ပြပြီးလျှင်, သမာဟိတံပုဒ်ကို ဝစနတ္ထ ပြု၍ အဓိပ္ပါယ်ပေါ်အောင် အနက်ပေးပါ။ .... ၃၉၈
၂၇၆။ သမာဟိတပုံစံ၌ ဘုရားရှင်သည် အဘယ်ကိစ္စကိုပြုဘို့ အားထုတ်တော်မူသနည်း၊ ထိုဘုရားရှင်အား အဘယ်သည် ကျေးဇူးပြုကာ ကူညီလာသနည်း။ .... ၃၉၉
၂၇၇။ ပရိယာယဝုတ္တိ၏ လက္ခဏာကိုပြ၍, (၂၇၈) ပုံစံ၌ အလိုရှိအပ်သောအရာကား အဘယ်နည်း၊ထိုအရာကို တိုက်ရိုက်မပြောဘဲ အဘယ်သို့ ပရိယာယ် ပြောသနည်း။ .... ၄၀၀,၁
၂၇၉။ ဗျာဇဝဏ္ဏနာ၏ လက္ခဏာကိုပြ၍, ထိုအလင်္ကာ၌ အဘယ်သို့ ထင်ရသော အရာတို့သည် (အမှန်စင်စစ်) အဘယ်သို့ ဖြစ်ကုန်သနည်း။ .... ၄၀၂
၂၈၀။ ဗျာဇဝဏ္ဏနာပုံစံ၌ ကဲ့ရဲ့သလိုနှင့် ချီးမွမ်းပုံကို ထင်ရှား ပြ၍, ကုဝလယ သဒ္ဒါ၏ အနက် ၂ မျိုး၌ အဘယ်အနက်သည် ကေန်ကဲ့ရဲ့ရာရောက်၍, အဘယ်အနက်က ချီးမွမ်းရာရောက်သနည်း။ ၄၀၃
၂၈၁။ ဝိသေသအလင်္ကာ၏ သဘောလက္ခဏာကို ပြပြီးလျှင်, (၂၈၂) ဒဗ္ဗဝိသေသဝုတ္တိ ပုံစံ၌ အဘယ်ဒြဗ်များ၏ ချို့တဲ့ပုံကို ပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။ .... ၄၀၄,၅
၂၈၃။ ကြိယာဝိသေသနဝုတ္တိပုံစံ၌ အဘယ်ကြိယာ၏ ချို့တဲ့ပုံကိုပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။ .... ၄၀၇

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၂၀၄။ ဇာတိဝိသေသဝုတ္တိပုံစံ၌ အဘယ်ဇာတ်၏ ချို့တဲ့ပုံကိုပြ၍, အဘယ်၏ ထူးခြားပုံကို ပြသနည်း။ .... ၄၀၀

၂၀၅။ ဂုဏဝိသေသဝုတ္တိပုံစံ၌ အဘယ်ဂုဏ်၏ ချို့တဲ့ပုံကိုပြ၍,အဘယ်၏ ထူးခြားပုံကို ပြသနည်း။ .... ၄၀၉

၂၀၆။ ရူဋ္ဌသဟံကာရ၏ လက္ခဏာကိုပြ၍, (၂၀၇) ပုံစံ၌ ရူဋ္ဌသဟံကာရ ဖြစ်ပုံကိုပြပါ။ .... ၄၁၀,၁

၂၀၈။ သိလေသ၏ လက္ခဏာနှင့်အပြားကို ပြပါ။ .... ၄၁၂

၂၀၉။ အဘိန္နပဒဝါကျသိလေသ ပုံစံ၌ သိလေသဖြစ်ပုံ , အဘိန္နပဒ ဖြစ်ပုံကိုပြပါ။ .... ၄၁၄

၂၉၀။ ဘိန္နပဒဝါကျ သိလေသပုံစံ၌ သိလေသဖြစ်ပုံ, ဘိန္နပဒဖြစ်ပုံကိုပြ၍, ဝါကျ ဟူရာ၌ ဝိဂ္ဂဟ်ဝါကျ-ပဒသမူဟဝါကျ ဟူသော ရိုးရာဝါကျ ၂ မျိုးတွင် မည်သည့်ဝါကျကို ယူရမည်—ဟု ဆိုးဖြတ်ပါ။ ... ၄၁၇

၂၉၁။ ဘိန္နာဘိန္နပဒဝါကျသိလေသ ပုံစံ၌ မည်သည့် ပုဒ်များသည် ဘိန္နပဒဖြစ်၍, မည်သည့်ပုဒ်များက အဘိန္နပဒ ဖြစ်ကြသနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ .... ၄၁၉

၂၉၂။ သိလေသအပြားတချို့ကိုပြ၍, (၂၉၃) သမ္ဘောသကာဒိ, ပဒ ဇာဒိတို့၌ အာဒိဖြင့် ယူအပ်သောအနက်များကို ပြပါ။ ... ၄၂၀

၂၉၄။ ဝိရုဒ္ဓကမ္မ သိလေသပုံစံ၌ အဘယ်တို့သည် ဝိရုဒ္ဓကမ္မ ဖြစ်ကြသနည်း၊ သိလေသဖြစ်ပုံကိုလည်း ပြပါ။ .... ၄၂၁

၂၉၅၊ အဝိရုဒ္ဓကမ္မ သိလေသပုံစံ၌ အဘယ်တို့သည် အဝိရုဒ္ဓကမ္မဖြစ်ကြသနည်း, သိလေသဖြစ်ပုံကိုလည်း ပြပါ။ .... ၄၂၂

၂၉၆၊ အဘိန္နကမ္မ သိလေသ၌ အဘယ်ပုဒ်သည် အဘိန္နကမ္မ ဖြစ်သနည်း, သိလေသဖြစ်ပုံကိုလည်း ပြပါ။ .... ၄၂၃

၂၉၇။ နိယမဝန္တ သိလေသပုံစံ၌ နိယမဝန္တဖြစ်ပုံ သိလေသဖြစ်ပုံကိုရင်း, ထိုနိယမဖြင့် တားမြစ်အပ်သော အနက်ကိုရင်း ပြပါ။ .... ၄၂၄

၂၉၈။ နိယမက္ခေပ သိလေသပုံစံ၌ နိယမဖြစ်ပုံ, သိလေသဖြစ်ပုံကိုရင်း, ထို နိယမကို ပယ်ပုံကိုရင်း ပြပါ။ .... ၄၂၆

၂၉၉။ အဝိရောဓိ သိလေသပုံစံ၌ ပုံစံဘယ်နှစ်မျိုးပါသနည်း၊ သိလေသ ဖြစ်ပုံကိုရင်း, မည်သည့်အနက်ချင်း ဆန့်ကျင်ပုံကိုရင်း ပြပါ။ ၄၂၇

www.dhammaransi.com

**ဂါထာနံပါတ်** **စာမျက်နှာ**

၃၀၀။ ဝိရောဓိသိလေသ ပုံစံဂါထာ၌ ပုံစံဘယ်နှစ်မျိုး ပါသနည်း၊ သိလေသဖြစ်ပုံ ဆန့်ကျင်ပုံကို ပြပါ။ ... ၄၃၀

၃၀၁။ (က) ဩစိတျ သမ္ဗောသက ပဒဇ သိလေသပုံစံ၌ အဘယ် ပုဒ်ကြောင့် ပဒဇဖြစ်သနည်း, ထိုပုဒ်၏ ဩစိတျ သမ္ဗောသကဖြစ်ပုံ ကိုရင်း, သိလေသဖြစ်ပုံကိုရင်း ပြပါ။ .... ၄၃၂

၃၀၁။ (ခ) ပဒဇာဒိ၌ အာဒိဖြင့်ယူရမည့် သိလေသကား အဘယ် နည်း၊ ဩစိတျ သမ္ဗောသကာဒိ၌ အာဒိဖြင့် ယူရမည့် ပုံစံကား အဘယ်ပါနည်း။ .... ၄၃၂

၃၀၂။ တုလျယောဂိတာ၏ လက္ခဏာကိုပြ၍ (၃၀၃) ပုံစံ၌တုလျ ယောဂိတာဖြစ်ပုံကိုလည်းပြပါ။ .... ၄၃၄

၃၀၄။ နိဒဿနအလင်္ကာ၏ လက္ခဏာနှင့်, နိဒဿနအပြားကို ပြပါ။ ၄၃၆

၃၀၅။ အသန္တဖလနိဒဿနပုံစံ၌ အဘယ်သည် အတ္ထန္တရဖြစ်၍, အဘယ် သည် နိဒဿနဖြစ်သနည်း၊ ထိုနိဒဿန၏ အသန္တဖလ ဖြစ်ပုံ ကိုလည်း ပြပါ။ .... ၄၃၇

၃၀၆။ သန္တဖလနိဒဿနပုံစံ၌ အဘယ်သည် အတ္ထန္တရဖြစ်၍,အဘယ်သည် နိဒဿနဖြစ်သနည်း၊ ထို နိဒဿန၏ သန္တဖလဖြစ်ပုံကိုပြပါ။ ၄၃၈

၃၀၇။ မဟန္တတ္တအလင်္ကာ၏ လက္ခဏာနှင့်အပြားကို ပြ၍ , ဝိဘူတိ မဟန္တတ္တပုံစံ၌ ဝိဘူတိမဟန္တတ္တဖြစ်ပုံကိုလည်း ပြပါ။ .... ၄၄၀

၃၀၈။ အဇ္ဈာသယ မဟန္တတ္တပုံစံ၌ မည်သို့သော အဇ္ဈာသယ၏ ကြီးကျယ် ပုံကို ပြသနည်း။ .... ၄၄၁

၃၁၀။ ဝဥ္စနာအလင်္ကာ၏ လက္ခဏာနှင့်အပြားကို ပြပါ။ .... ၄၄၂

၃၁၁။ အသမဝဥ္စနာ ပုံစံသည် အဘယ်ကို ကွယ်ဝှက် လှည့်ပတ်၍, အဘယ်ကို ဖေါ်ပြထားသနည်း၊ အဘယ့်ကြောင့် အသမဟု ဆိုသနည်း၊ သဟာသေ သုဒ္ဓ၌ မြွားဟူသော အနက်ကို အဘယ် သဒ္ဒါကဟောသနည်း၊ မြွား ၅ စင်းကိုလည်း ဖေါ်ပြပါ။ ... ၄၄၃

၃၁၂။ သမဝဥ္စနာပုံစံ၌ အဘယ်ကို ကွယ်ဝှက်လှည့်ပတ်၍,အဘယ်ကို ဖေါ်ပြထားသနည်း၊ အဘယ့်ကြောင့် သမ-ဟု ခေါ်သနည်း၊ ဤ ဝဥ္စနာအလင်္ကာကို အဘယ့်ကြောင့် သရူပေါပမာ၌ မသွင်း သနည်း။ .... .... ၄၄၄

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၃၁၃။ အပ္ပကတတ္တုတိ၏ လက္ခဏာကိုပြ၍ "အပ္ပကတ" ၏ အနက်ကိုလည်း ပြပါ။ .... .... ၄၄၅
၃၁၄။ သုခံ ဇီဝန္တိ ဟရိဏာ— ဂါထာ၌ အဘယ်သည် အပ္ပကတဖြစ်သနည်း၊ အဘယ်ကို အဘယ့်ကြောင့် ချီးမွမ်းသနည်း။.... ၄၄၆
၃၁၅။ ကောဝဠိလက္ခဏာနှင့်အပြားကိုပြ၍, (၃၁၆ ) ဝိမိကောဝဠိပုံစံ၌ ဝိမိဖြစ်ပုံ ကောဝဠိဖြစ်ပုံကို ပြပါ။ .... ၄၄၇
၃၁၇။ နိသေဓကောဝဠိပုံစံ၌ တားမြစ်ပုံအသီးသီးကိုရင်း,ကောဝဠိဖြစ်ပုံကိုရင်း ပြပါ။ .... .... ၄၄၉
၃၁၈။ အညမညဝိဘူသန၏ လက္ခဏာကိုရင်း (၃၁၉) ပုံစံ၌ အညမညဝိဘူသန၏ ဖြစ်ပုံကိုရင်း ပြပါ။ .... ၄၅၁
၃၂၀။ သဟဝုတ္တိ၏ လက္ခဏာနှင့်အပြားကိုပြ၍, ကြိယာသဟဝုတ္တိပုံစံ၌ မည်သည့်ကြိယာတို့ကိုတကွတွဲ၍ ဆိုထားသည်-ဟု ပြပါ။.... ၄၅၃
၃၂၂။ ဂုဏာသဟဝုတ္တိပုံစံ၌ မည်သည့်အရာကို ဂုဏ်-ဟု ခေါ်ကြောင်း, မည်သည့်ဂုဏ်များကိုအတူတွဲ၍ ဆိုထားကြောင်းကိုပြပါ။ ... ၄၅၄
၃၂၃။ ဝိရောဓိတာအလင်္ကာ၏ လက္ခဏာကိုပြ၍, ( ၃၂၄ ) ပုံစံ၌ မည်သည့်ဝိရောဓိအနက်များကို ရေး၍ပြထားကြောင်း, ထိုသို့ ဆန့်ကျင်ဘက်ကိုရေး၍ပြသဖြင့် မည်သည့်ဂုဏ်တို့၏ လွန်ကဲပုံ ပြကြောင်း ဖော်ပြပါ။ .... ၄၅၆
၃၂၅။ ပရိဝုတ္တိအလင်္ကာ၏ လက္ခဏာကို ပြ၍, (၃၂၆) ပုံစံ၌ ပရိဝုတ္တိ ဖြစ်ပုံကို ပြပါ။ ... ၄၅၇
၃၂၇။ ဘမအလင်္ကာ၏ လက္ခဏာကို ပြ၍, (၃၂၈) ပုံစံ၌ ဘမဖြစ်ပုံ (စိတ်လည်ပုံ) ကို ထင်ရှားပြပါ။ .... ၄၅၉,၀
၃၂၉။ ဘာဝအလင်္ကာ၏ လက္ခဏာ ဂါထာ၌ " နာမာဒိ ဘာဝေါ နာမ"ကို ကြည့်၍ နာမ်ပုဒ်စသည်ကို "ဘာဝ " ဟု ဆိုလိုပါသလား , အဘယ်ကို အဘယ်နည်းဖြင့် ဘာဝ - ဟု ဆိုလိုပါသနည်း၊ နာမာဒိ၌ အာဒိဖြင့်ယူရသော အနက်ကိုလည်း ပြပါ။ ၄၆၁
၃၃၀။ ဘာဝပုံစံ၌"ယေနကေနစိ ဝဏ္ဏေန"အရ အဘယ်အခြင်းအရာအားဖြင့် ဆိုလိုရင်း ဘာဝကို ဖော်ပြသနည်း။ ... ၄၆၃
၃၃၁။ မိဿအလင်္ကာ၏ လက္ခဏာနှင့် မိဿအပြားကို ပြပါ။ .... ၄၆၄

www.dhammaransi.com


**ဂါထာနံပါတ်** **စာမျက်နှာ**

၃၃၂။ ပသတ္တွာ မုနိနောပါဒ – ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ် အလင်္ကာကိုပြ၍, အဘယ်အလင်္ကာများ ရောနေသနည်း၊ထိုသို့ ရောရာ၌ အဘယ်၏ အဖြစ်ဖြင့် ရောသနည်း။ ... ၄၆၅

၃၃၃။ ဝေဿော သဘာဝမခုရော-ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ် အလင်္ကာကိုပြ၍, မည်သည့်အလင်္ကာများ ရောနေသည်-ဟုရင်း ထိုသို့ရောရာ၌ မည်သည့်အဖြစ်ဖြင့်ရောသည်-ဟုရင်း ပြပါ။.... ၄၆၆

၃၃၄။ အာသီအလင်္ကာ၏ လက္ခဏာနှင့် ပုံစံကိုပြပါ။ ... ၄၆၇

၃၃၅။ (က) ရသီအလင်္ကာ၏ လက္ခဏာကို ပြ၍, ( ၃၃၆ ) ပုံစံ၌ အဘယ်ရသပါအောင် စီကုံးထားသည်-ဟု ပြပါ။ .... ၄၇၀

၃၃၅။ (ခ) ထိုဂါထာဝယ် မြေကြီးမှ ထွက်ပေါ်လာသော ပဒုမ္မာ ကြာကို အဘယ်႔သဏ္ဌာန် အယောင်ဆောင်၍ ခြေတော်တို့ကို ၎င်း,ခြေတော်များဖြင့် နင်းကြွခြင်းကို၎င်း အဘယ်ပုံသဏ္ဌာန် အယောင်ဆောင်၍ ဖွဲ့နွဲ့ထားပါသနည်း။ .... ၄၇၀

**ရသာဝဗောဓအခန်း မေးခွန်းများ**

၃၃၇။ (က) ဤရသာဝဗောဓအပိုင်းကို ရှေ့အပိုင်းမှ အဘယ် အလင်္ကာနှင့်ဆက်သွယ်၍ပြသနည်း၊ ပဌမဂါထာအဆိုအတိုင်း ကဝိ၏အင်္ဂါ ၃ ပါးကိုပြပါ။ .... ၄၇၃

၃၃၇။ (ခ) ဤ ဂါထာ၌ "ယတော ဩစိတျံနာမ ဗန္ဓတော နဝိယောဇနီယံ"ဟု အဘယ်အတွက် ထည့်၍ အနက်ပေးရသနည်း။ .... ၄၇၃

၃၃၉။ ဌာယီသမ္ဘန္ဓိနော – စသောဂါထာဖြင့် အဘယ်အနက်များကို ပြသနည်း။ .... ၄၇၄

၃၄၀။ (က) စိတ္တဝုတ္တိပိသေသာတု– ဂါထာအတိုင်း ဘာဝပုဒ်ကို ဝစနတ္ထပြု၍, ဘာဝ၏အရကို ကောက်ပြပြီးလျှင်, ရတျာဒယော၌ အာဒိဖြင့် ယူရသော အနက်များကိုပြပါ။ .... ၄၇၀,၁

၃၄၀။ (ခ) "ဘာဝယန္တိ ရသေ"၌ အဘယ်ကြောင့် အနက် ၃ မျိုး ပေးရသနည်း၊ ထိုအနက်များနှင့် လျော်အောင် ဘာဝအရကို လည်း ခွဲ၍ကောက်ပြပါ။ .... ၄၇၁

၄၄၁။ အဘယ်သဘောကို ဌာယီဘာဝဟု ခေါ်သနည်း၊ ဌာယီဘာဝ၏ ဝစနတ္ထကို၎င်း, (၃၄၂) ဌာယီဘာဝအပြားကို၎င်းပြပါ။.... ၄၇၂,၃

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၃၆၁။ (က) သောကဠာယီဘာ၀၏ ဝိဘာ၀ အနုဘာ၀ ဗျဘိစာရီ ဘာ၀တို့ကို ပြပါ။ .... .... ၅၄၀

၃၆၁။ (ခ) အလက်ရိ ယော ဇမ္ဗုနု-စသောဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်တို့ကို ထုတ်ပြပါ။ .... ၅၄၃

၃၆၁ (ဂ) တတော ဝေဿန္တရော ရာဇာ—စသောဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်တို့ကို ထုတ်ပြပါ။ .... ၅၄၄

၃၆၂။ (က) ကောဓဠာယီဘာ၀သည် ဘယ်ဝိဘာ၀ အနုဘာ၀တို့ဖြင့် တိုးပွားလာမှ ရုဒ္ဒရသ ဖြစ်သနည်း။ .... ၅၄၅

၃၆၂။ (ခ) ယက္ခေန နရဘက္ခေန-စသော ဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၄၇

၃၆၂။ (ဂ) နဟိနူနာယံ သာခုဇ္ဇာ—စသော ဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၄၀

၃၆၃။ (က) ဥဿာဟ ဠာယီဘာ၀သည် အဘယ့်ကြောင့်ဖြစ်သနည်း၊ ဝီရရသအပြားနှင့် အနုဘာ၀များကို ပြပါ။ .... ၅၄၉

၃၆၃။ (ခ) ဟတ္ထိခန္ဓဥ္စ အာရုယှ- စသော ဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၅၁

၃၆၃။ (ဂ) ဇာနံ တေ ယာစမာနဿ—စသောဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၅၂

၃၆၃။ (ဃ) ကုလာ၀ကာ-စသောဂါထာသည် အဘယ်ဝီရ၏ ပုံစံနည်း၊ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၅၃

၃၆၃။ (င) ကိန္နု မေ ပဟိတတ္တဿ-စသောဂါထာသည် အဘယ်ဝီရ၏ ပုံစံနည်း၊ ရထိုက်သောဝိဘာ၀ စသည်ကို ကောက်ပြပါ။.... ၅၅၄

၃၆၄။ (က) ဘယဠာယီဘာ၀၏ ဝိဘာ၀, အနုဘာ၀, ဗျဘိစာရီ ဘာ၀တို့ကို ပြပါ။ .... ၅၅၅

၃၆၄။ (ခ) တဿ တံ နဒတော သုတွာ— ဂါထာ၌ ရထိုက်သော ဝိဘာ၀စသည်ကို ကောက်ပြပါ။ .... ၅၅၆

၃၆၄။ (ဂ) သီဟောဝစ သီဟနာဒေန-ဂါထာ၌ ရထိုက်သော ဝိဘာ၀ စသည်ကို ကောက်ပြပါ။ .... ၅၅၇

၃၆၅။ (က) ဇိဂုစ္ဆာဠာယီဘာ၀၏ ဝိဘာ၀စသည်ကို ပြ၍, ရမိရာ ဒိဟိ စသည်ကို မည်သည့်အရာနှင့် တွဲရမည်-ဟု ပြပါ။ .... ၅၅၀

www.dhammaransi.com



ဂါထာနံပါတ် စာမျက်နှာ

၃၆၅။ (ခ) ပါယံ ပါယံ—စသော ဂါထာသည် အဘယ်ဝိဘာဝ ကြောင့် ဇိဂုစ္ဆာဖြစ်ပုံနည်း၊ ဝိဘာဝစသည်ကို ကောက်ပါ။ ၅၆၀

၃၆၅။ (ဂ) အသုစိ-ဂါထာသည် အဘယ်ဝိဘာဝကြောင့် ဇိဂုစ္ဆာ ဖြစ်ပုံနည်း၊ ဝိဘာဝ စသည်ကို ကောက်ပါ။ .... ၅၆၁

၃၆၆။ (က) ဝိမှယဋ္ဌာယီဘာဝ၏ ဝိဘာဝ အနုဘာဝ ဗျဘိစာရီ ဘာဝတို့ကို ပြပါ။ .... ၅၆၂

၃၆၆။ (ခ)ပုဏ္ဏကေန-စသောဂါထာ၌ ဝိဘာဝစသည်ကိုကော်ပါ။ ၅၆၄

၃၆၆။ (ဂ) အဟော အစ္ဆရိယံ—စသောဂါထာ၌ ဝိဘာဝ စသည် တို့ကို ကောက်ပြပါ။ .... .... ၅၆၅

၃၆၆။ (ဃ) အစ္ဆေရံ-စသော ဂါထာ၌ ဝိဘာဝ စသည်ကို ပြပါ။ ၅၆၆

၃၆၇။ (က) သမဋ္ဌာယီဘာဝ၏ ဝိဘာဝစသည်ကိုပြပါ။ [အမိပ္ပါယ် မှာ ပါသော အနုဘာဝ ဗျဘိစာရီဘာဝတို့ကိုပါ ပြပါ။] .... ၅၆၈

၃၆၇။ (ခ) ဒဿနာ သန္တဝေသာနံ-စသော ဂါထာကို ထောက်၍ စာပေ ကြည့်ရှုရင်း, တရားနာရင်း, တရားဂါထာ ဂီတတို့ကို ရွတ်ရင်း ပီတိသောမနဿဖြင့် သမာဓိ ရနေလျှင် သန္တရသ ခေါ်ထိုက်-မခေါ်ထိုက် ဆုံးဖြတ်ပါ။ .... ၅၇၀

၃၆၇။ (ဂ) ဇေန္တေသု သီဟ ဟတ္ထိသု — စသော ဂါထာ၌ ဝိဘာဝ စသည့်ကို ကောက်ပြပါ။ .... ၅၇၀

၃၆၇။ (ဃ) တတ္ထ ပဓာနံ ပဒဟိံ-စသော ဂါထာ၌ ဝိဘာဝစသည် ကို ကောက်ပြပါ။ .... ၅၇၁

၃၆၇။ (င) ဥပ္ပန္နဓ္ဌေန္တေစ-စသော ဂါထာ၌ ဝိဘာဝ စသည်ကို ကောက်ပါ။ .... ၅၇၁

၃၆၇။ (စ) ယဉ္စ ကာမသုခံ လောကေ-စသော ဂါထာ၌ ဝိဘာဝ စသည်ကို ကောက်ပါ။ .... ၅၇၂

**မေးခွန်းမာတိကာ**
**ပြီး၏။**

www.dhammaransi.com

# အလင်္ကာရဘာသာဋီကာ

## ဂန္ထာရမ္ဘ အခဏ်း

အာသီသ ၁။ မုနိန္ဒဝဒနမ္ဘောဇ- ဂဗ္ဘသမ္ဘဝသုန္ဒရီ၊
သရဏံ ပါဏိနံဝါဏီ, မယှံ ပိဏယတံ မနံ။

၁။ မုနိန္ဒဝဒနမ္ဘောဇ ဂဗ္ဘသမ္ဘဝသုန္ဒရီ - မုနိသေဋ္ဌနင်း, တရားမင်း၏, ခံတွင်းတော် ကြာတိုက်၌, စွဲပိုက်ဖြစ်ခြင်းကြောင့်, အပြစ်ကင်းလတ်, ကောင်းမြတ်ပေထသော၊ ပါဏိနံ-သတ္တာတို့၏ [ဆန်းကြောင့် "ပါဏိနံ"ဟု ရသည်။ ] သရဏံ - ကိုးကွယ်ရာလည်း ဖြစ်ပေထသော၊ ဝါဏီ-သရဿတီ, ဒေဝီနတ်အလား, မြတ်တရား သည်၊ မယှံ-ငါ၏၊ မနံ-တရားအာရုံ,ကောင်းစွာထုံ၍, တလုံလဲလဲ, မှိုဝဲ စွဲသုံး, စိတ်နှလုံးကို၊ ပိဏယတံ- ဝါဠွမ်း ဆီထိ, အကြည်ပြည့် သို့, ပီတိခေတ်နှိုး, မပြတ်တိုးလျက်, မြတ်နိုး နှစ်သက်စေနိုင်ပါစေ သတည်း။ [သကပက္ခ အနက်။]

မုနိန္ဒဝဒနမ္ဘောဇ ဂဗ္ဘသမ္ဘဝသုန္ဒရီ - မုနိသေဋ္ဌနင်း, တရား မင်း၏,ခံတွင်းတော်နှင့်တူသောကြာတိုက်၌စွဲပိုက်ဖြစ်ခြင်းကြောင့်, အပြစ်ကင်းလတ်,ကောင်းမြတ်ပေထသော၊ပါဏိနံ-တို့၏၊သရဏံ- ကိုးကွယ်ရာဖြစ်ပေထသော၊ ဝါဏီ - သရဿတီ , နတ်ဒေဝီသည်၊ မယှံ - ငါ၏၊ မနံ - အရှင်မအာရုံ , ကောင်းစွာထုံလျက် , တလုံ လဲလဲ, မှိုဝဲ စွဲသုံး, စိတ်နှလုံးကို၊ ပိဏယတံ-ဝါဠွမ်းဆီထိ, အကြည် ပြည့်သို့ , ပီတိခေတ်နှိုး , မပြတ်တိုးလျက်, မြတ်နိုး နှစ်သက်စေနိုင် ပါစေသတည်း။ [ပရပက္ခ အနက်။]

× × × × × × ×

အနုသန္ဓေ။ ။ရှင္ဗဒေဝတာ ဟု ဆိုအပ်သော ရတနတ္တယ ပဏာမကို ပြုတော်မူလိုသော အရှင်သံဃရက္ခိတမဟာသာမီ ထေရ် သည် "မုနိန္ဒဝဒနမ္ဘောဇ"စသော ဂါထာကို မိန့်၊ [ ပဌမဂါထာယ

www.dhammaransi.com



ဇုဋ္ဌဒေဝတာသန်္နိတ ရတနတ္တယပဏာမော ဒဿိတော။ - ဋီကာ
သစ်။]လောက၌ နတ်ကိုရှိခိုးကြ၏၊ သာသနာ၌ကား ရတနာ ၃ ပါး
ကို ရှိခိုးကြ၏၊ ဤသို့ ရှိခိုးရာဖြစ်ခြင်း တူသောကြောင့် ရတနာ ၃ ပါး
ကို "ဇုဋ္ဌဒေဝတာ - အလိုရှိအပ်သောနတ်" ဟု ခေါ်ထားသည်။

**မှတ်ချက်။** ။ "ရတနတ္တယပဏာမော ဒဿိတော"ဟု ဋီကာ
ဆိုသော်လည်း ရှိုးရာ ရှိခိုးခြင်းမျိုးမဟုတ် "ဗိဏာယတံ- နှစ်သက်ပါ
စေသတည်း" ဟု တောင့်တသော အာသီသတည်း၊ ထိုအာသီသ
ကိုပင် ရတနာ ၃ ပါး၌ စိတ်ညွတ်ခြင်း ဖြစ်သောကြောင့်"ပဏာမ"
ဟု ဋီကာဆိုဟန်တူသည်၊ " အာသီ နမက္ကာရော ဝတ္ထု, နိဒ္ဒေသော
ဝါပိ တမ္မုခံ"ဟု ကာဗျာဒသ၌လာသောဂန္ထာရမ္ဘ ၃မျိုးတွင်ကား
အာသီသပုဗ္ဗက ဂန္ထာရမ္ဘတည်း။[အာသီသပုဗ္ဗက-တောင့်တခြင်း
ရှေ့ရှိသော+ဂန္ထာရမ္ဘ- ကျမ်းစနိကို စခြင်း၊ ထို ၃ မျိုး အကျယ်ကို
သဒ္ဒြိဟ်ဘာသာဋီကာ၌ ပြခဲ့ပြီ။]

**အနက် ၂ မျိုး ပေးပုံ။** ။ကျမ်းဆရာကိုယ်တိုင်က အနက် ၂ မျိုး
ရသော သိလေသအလင်္ကာဖြင့် တန်ဆာဆင်၍ ရေးသားထားသော
ကြောင့် ဤဂါထာကို အနက် ၂ မျိုးပေးရသည်၊ ထိုတွင် ပဌမ အနက်
သည် ကျမ်းဆရာ အလိုရှိအပ်သော အနက်တည်း၊ ဗုဒ္ဓဘာသာဝင်
ဖြစ်သော မိမိတို့ဘက်၏အနက်ဖြစ်သောကြောင့်"သကပက္ခအနက်"
ဟု ခေါ်ကြ၏၊ ဒုတိယ အနက်သည် သရဿတီ နတ်သမီးကို ကိုးကွယ်
ကြသော ဟိန္ဒူလူမျိုးများ အလိုရှိအပ်သော အနက်တည်း၊ ထိုလူမျိုး
တို့ကား သရဿတီနတ်သမီးကို အပြောကောင်း နတ်သမီး ဟု ယူဆ၍
ကဗျာဖွဲ့စီရာ၌ ထိုနတ်သမီးကို အထူး တ-သ ကြ၏၊ ထိုသို့ ဗုဒ္ဓဘာသာ
ဝင် မဟုတ်သူတို့ဘက်က အနက်ဖြစ်သောကြောင့် "ပရပက္ခအနက်"
ဟု ခေါ်ကြသည်။

**အမှာ။** ။ ဤ ဂါထာသည် ထိုသိလေသ အလင်္ကာ အပြင်
ဆိုအပ်လတ္တံ့သော အပြစ်တို့မှ လွတ်ကင်း၍ ပသာဒ,ဩဇ,မဓုရတာ,
သမတာ , ကန္တိ , အတ္ထဗျတ္တိ,သမာဓိ, ဟူသော သဒ္ဒါ အလင်္ကာရ
ဂုဏ်နှင့် ရူပက , ဩစိတျသမ္ဘာသက , အာသီ, မည်သော အတ္ထာ
လင်္ကာရ ဂုဏ်တို့ဖြင့်လည်း တန်ဆာဆင်အပ်သော ဂါထာဖြစ်၏၊
ထိုအပြစ်, ထိုဂုဏ်, ထိုအလင်္ကာများသည် ဆိုင်ရာအခဏ်းကျလျှင်

www.dhammaransi.com



ထင်ရှားကြ ပါလိမ့်မည်၊ ဤ၌ ဩစိတျသမ္ဗောသက ဖြစ်ပုံမျှကိုသာ ဝိဂ္ဂဟအဆုံး၌ ပြထားပါသည်။

**ပဒဝိဂ္ဂဟ**။ ။ဥဘောလောကေ-ပစ္စုပ္ပန်တမလွန် ၂တန်သော လောကတို့ကို၊ မုနန္တိ - သိတတ်ကုန်၏၊ **ဣတိ** မုနိနော၊ မုနီနံ - မုနိငါးပါးတို့၏+ ဣန္ဒော- အရှင်သခင် ဘုရားရှင်တည်း၊ မုနိန္ဒော၊[မုနိငါးပါးကား - **သာဂါ**ရမုနိ (အိမ်ရာရှိသောရသေ့),အနာဂါရမုနိ ( အိမ်ရာမရှိသော ရသေ့), သေက္ခမုနိ ( သေက္ခအရိယာပုဂ္ဂိုလ် ), **အသေက္ခ**မုနိ ( ရဟန္တာပုဂ္ဂိုလ် ), ပစ္စေကမုနိ ( ပစ္စေက ဗုဒ္ဓါ )၊ ] ဝဒတိ တေနာတိ ဝဒနံ-ပြောဆိုကြောင်း ခံတွင်း၊ မုနိန္ဒဿ+ ဝဒနံ မုနိန္ဒဝဒနံ၊ သက္ကတ၌ "အဘိ- သဒ္ဒေ" ဟူသော**ခ**တ်နောင် အသုန်ပစ္စည်းဖြင့် "အမ္ဗုသ်" ဟုရှိ၏၊ "ရေ" ဟူသော အနက်ဟော မနောဂိုဏ်းဝင်ပုဒ်တည်း၊ အမ္ဗုသိ - ရေ၌+ဇာတံ - ဖြစ်သောကြာတည်း၊ အမ္ဗောဇံ-ကြာ၊(မ္ဗ၏အကို ဩပြု၊)မုနိန္ဒဝဒနသ**ခ်ီတံ**+အမ္ဗောဇံ မုနိန္ဒဝဒနမ္ဗောဇံ။

**ဂဘန္တိ** ဂစ္ဆန္တိ **ဧတ္ထာ**တိ ဂဗ္ဘော -လူတို့ရောက်ရာတိုက်ခန်း၊ဂဗ္ဘော ဝိယာတိ ဂဗ္ဘော - တိုက်ခန်းနှင့်တူသော ကြာတိုက် (ကြာအတွင်း၊) မုနိန္ဒဝဒနမ္ဗောဇဿ+ဂဗ္ဘော - မုနိန္ဒဝဒနမ္ဗောဇ **ဂ**ဗ္ဘော၊ မုနိန္ဒဝဒနမ္ဗောဇဂဗ္ဘေ + သမ္ဘဝေါ- မုနိန္ဒဝဒနမ္ဗောဇ ဂဗ္ဘသမ္ဘဝေါ၊ မုနိန္ဒ ၊ ပေ ၊ သမ္ဘဝေန + သုန္ဒရီ - မုနိန္ဒ ၊ပေ၊ သမ္ဘဝသုန္ဒရီ၊ ဝါဏီ-ဟူသော ဣတ္ထိလိင်ကို ငဲ့၍''သုန္ဒရီ"ဟု ရှိရသည်၊[သရဿတီနတ်သမီး အရကောက်ရာ၌ကား''မုနိန္ဒဝဒနံဝိယာတိ မုနိန္ဒဝဒနံ-ဘုရားခံတွင်းတော်ကဲ့သို့ မွှေးကြိုင်သော၊ အမ္ဗောဇံ-ကြာ"ဟု ဝိဂ္ဂဟပြု။]

**မုနိန္ဒနှင့် ဩစိတျ**။ ။ဝိဇ္ဇမာနေသုပိ ပရိယာယသဒ္ဒေသု အညေသု-ဘုရားအနက်ကို ဟောရာဝယ် မုနိန္ဒသဒ္ဒါမှ တပါး အခြား ပရိယာယ် သဒ္ဒါများ ရှိကြသော်လည်း၊ ကဝိကာမိတဿ အတ္တဿ ကေန္တဝါစကတ္တေန-ဤကျမ်းကိုပြုစုသော ပညာရှိကဝိပုဂ္ဂိုလ် အလိုရှိအပ်သော အနက်ကို ( မုနိန္ဒ သဒ္ဒါက ) ကေန် ဟောနိုင်သည်၏ အဖြစ်ကြောင့်၊ ဩစိတျ သမ္ဗောသကော အယံ မုနိန္ဒသဒ္ဒေါ - ဤ

www.dhammaransi.com



မုနိန္ဒသဒ္ဒါသည် အသင့်ယုတ္တိရှိခြင်း ဟူသော ဩစိတျကို တိုးပွားစေနိုင်၏၊ ထို့ကြောင့် မုနိန္ဒသဒ္ဒါကိုသာ ကျမ်းဆရာ သုံးစွဲတော်မူသည်-ဟူလို [ ဩစိတျ - အသင့်ယုတ္တိ ရှိခြင်း။]

ချဲ့ဦးအံ့ — အကြင်ပုဂ္ဂိုလ်သည် လောက ၂ ပါးကို သိတတ်သောကြောင့် "မုနိ" အမည်ရကြသော ပညာရှိတို့ကိုသော်မှ အစိုးရသော အရှင်သခင် ( ဣန္ဒ ) ဖြစ်တော်မူ၏၊ ထိုပုဂ္ဂိုလ်မျိုး သာလျှင် "ပရံ ပိဏေတိ-သူတပါးကို နှစ်သက်စေနိုင်၏" ထိုမျှလောက် မမြင့်မြတ်သော ပုဂ္ဂိုလ်ကား သူတပါးကို နှစ်သက်စေနိုင်မည် မဟုတ်၊ ထို့ကြောင့် မုနိန္ဒ သဒ္ဒါသည် "မနံ ပိဏာတိ" ဟူသော ကြိယာနှင့် သင့်တင့်လိုက်လျောရကား ဩစိတျဂုဏ် ရောက်ပေသည်၊ ထို့ပြင်-သုန္ဒရိပုဒ် , သရဏံ ပုဒ်တို့နှင့်လည်း လိုက်လျော၏၊ မှန်၏ - တရားတော်သည် မုနိန္ဒဖြစ်သော ဘုရားရှင်၏ ခံတွင်းတော် ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်း၏၊ ထိုသို့ ကောင်းသောကြောင့် သတ္တဝါတို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူသည်။ [ဋီကာဟောင်း]

[ဆောင်] ဘုရားအနက် , ဟောမြွက်ပုဒ်မှာ , များပြားပါလည်း,
သေချာစစ်ကြော, မုနိန္ဒောသာ, မနောပိဏန , သရဏ
နှင့် , တဝသုန္ဒရီ , လိုက်လျောညီ၍ , ဂုဏ်ရည်ဩစိတျ,
ကေန်ရဘို့ , မုနိန္ဒသာ, ကျမ်းဆရာ, ဖွေရှာသုံးစွဲသည်။

သရဏံ ဝါဏီ။ ။သရဏံကား နိစ္စ နပုလ္လိန်တည်း၊ထို့ကြောင့် ဝါဏီ၏ ဝိသေသန ဖြစ်သော်လည်း ဣတ္ထိလိန်မပြောင်းဘဲ နပုလ္လိန်ဖြင့်သာ ရှိရသည်၊ "ဝဏ - သဒ္ဒေ" ဓာတ်နောင် ဏုန်ပစ္စည်းသက်၍ "ဝါဏိ" ဟု ပြီးပြီးနောက် ဣတ္ထိဇောတက(ဤ)ပစ္စည်း ထပ်သက်၍ "ဝါဏီ" ဟု ထောမနိဓိ၌ ရှိ၏၊ " စကား " ဟူသော အနက် , သရဿတီ နတ်ဒေဝီ ဟူသော အနက်ကို ဟော၏၊ ဝဏတိ သဒ္ဒယတိ-အသံပြုတတ်၏၊ ဣတိ - ဝါဏီ ( စကားသံ )၊ သရော - ချိုသာသော အသံသည်+တေိဿာ အတ္ထိတိ သရဿတိ၊သရနောင် မတုပ်ပစ္စည်း၊ မကို ဝပြု, ဤ ပစ္စည်းသက်၍ "သရဿတီ" ဟု သက္ကတ၌ရှိ၏၊ ပါဠိ၌ (ဝ) အစား (သ်) လာ၍ "သရဿတီ"ဟု ရှိရသည်။ [မြန်မာတို့က "သူရဿတီ" ဟု ခေါ်မှားကြ၏။]

www.dhammaransi.com



**ဝါဏီ သုံးစွဲပုံ။** ။"ဝါဏီ"အရ ဤနေရာ၌ ဘုရားရှင်၏ တရားတော်ကိုသာ ယူစေလို၏၊ သို့သော် " သရဏံ ပါဏိနံ ဓမ္မော " ဟု မဆိုဘဲ သရဿတီ ဒေဝီကိုလည်း ဟောနိုင်သော "ဝါဏီ" သဒ္ဒါကို သုံးစွဲခြင်းကား ထိုဒေဝီသည် စကားကိုတန်ဆာဆင်ကာ ချိုချိုသာသာ ပြောတတ်သောကြောင့် ဗြာဟ္မဏဘိုးကိုးကွယ်ကြသဖြင့် ထိုသူတို့အလိုကျအောင် သရဿတီလည်း ရ, " ဓမ္မံ သရဏံ ဂစ္ဆာမိ " ကြသော ဗုဒ္ဓသာဝကတို့ အလိုကျအောင် တရားတော်လည်း ရသော ဝါဏီ သဒ္ဒါကို(နောက်၌လာမည့် သိလေသအလင်္ကာဖြင့် တန်ဆာဆင်၍ ) သုံးစွဲထားခြင်းဖြစ်သည်၊ မှန်၏—ဤကျမ်း၏ မှီရာ ကာဗျာဒဿ ကျမ်းအစ၌ သရဿတီ နတ်ဒေဝီကိုပင် အောက်ပါ ဂါထာဖြင့် တ - သ တိုင်တယ်လေသည်။

စတုမ္မုခ မုခမ္ဘောဇ - ဝနဟံသဝဓူ မမ၊
မာနသေ ရမတံ နိစ္စံ, သဗ္ဗသုက္ကာ သရဿတီ။

စတုမ္မုခ မုခမ္ဘောဇ ဝနဟံသဝဓူ-ဗြဟ္မာမင်း၏,ခံတွင်းကြာတိုက်၌,စွဲပိုက်ငြိတွယ်,ဟင်္သာမကလေးသဘွယ်လည်း ဖြစ်ပေထသော၊ သဗ္ဗသုက္ကာ-ပင်ကိုယ်ရုပ်ရော, နှုတ်အပြောနှင့်, မနောကြည်လင်,အလုံးစုံဖြူစင်ပေထသော၊ သရဿတီ - သရဿတီ , ဒေဝီတွင်သ, သခင်မသည်၊ မမ မာနသေ - ကာဗျအလင်္ကာ, စဥ်အလာကို, ထင်စွာစွဲသုံး, င၏ စိတ်နှလုံး၌၊ နိစ္စံ ရမတံ- တန်ဆာဆင်ရေး, နည်းမှန်ပေး၍, ငြိမ့်လေးရွှင်ပျော်, မွေ့တော်မူစေသတည်း။

**တရားတော်** ။ ။သရဿတီ နတ်ဒေဝီသည် စကားအရာ တန်ဆာအဆင်ကောင်းသဖြင့် လူအပေါင်း၏ နှစ်သက်စရာ ဖြစ်သကဲ့သို့, ဗုဒ္ဓမြတ်စွာ၏ တရားရတနာလည်း ကြားနာရလျှင် နားဝင်ချို၍ ကြည်ညိုနှစ်သက်စရာ ကောင်းသည့်အပြင် ကျင့်ကြံ လိုက်နာပါလျှင် ကြည်လင်မြေသာ သုခကို ယခုဘဝမှာပင် ခံစားစေလျက် အထက်တန်း ကျကျ အမြိုက်သုခကိုလည်း ရစေနိုင်သောကြောင့် ရှေးပုဉ်း ရှေးကံပါလာသူ လူအပေါင်း၏ နှစ်ထောင်း အားရဘွယ်ရာ ဖြစ်ပါပေသည်။

www.dhammaransi.com



ပီဏယဘံ။ ။သက္ကတ၌ "ပြီဏ" ဓာတ်ကို ပါဠိ၌"ပီဏ"ဟု ပြန်ထားသည်၊ " ပီဏ - တပ္ပနေ ( နှစ်သက်ခြင်း ) " ဓာတ်နောင် ကာရိတ် ဏာယ ပစ္စည်းဖြင့်"ပီဏာယ"ဟု ဖြစ်၏၊ [ " နှစ်သက်စေ"၌ စေသည် ဏာယပစ္စည်း၏ အနက် , " ပါစေ"၌ စေကား တံ ဝိဘတ်၏ အာသိသ အနက်တည်း။ ] " ဝါဏီ ပီဏယတံ - တရားတော်သည် ဆီထိခဲသော ဝါဠမ်း၌ ဆီအကြည်ပြည့်ခနေသကဲ့သို့ ငါ၏ စိတ်ကိုလည်း ပီတိ တည်းဟူသော အကြည်ပြည့်ခစေလျက် နှစ်သက်စေနိုင် ပါစေသတည်း " ဟူရာ၌ " တရားတော်မှာ နှစ်သက်စေတတ်သော သတ္တိ မရှိသော်လည်း သတ္တိရှိသကဲ့သို့ တင်စား၍ ဆိုထားသော သမာဓိ အလင်္ကာစကားတည်း၊ အဓိပ္ပါယ်အားဖြင့် " ကျမ်းဆရာ ဟူသော ငါ၏ စိတ်သည် တရားကို အာရုံပြုလျက် နှစ်သက် ကြည်နူးနေပါစေ သတည်း"ဟု ဆိုလိုရင်းဖြစ်သည်။

ရတနတ္တယပဏာမ ဖြစ်ပုံ။ ။"ဝါဏီ ပီဏယတံ"ဟုဆိုသော ကြောင့် တရားတော်ကို ကြည်ညိုပုံပြသော ဓမ္မပဏာမသာ ဂါထာ၌ တိုက်ရိုက်လာ၏၊ ဓမ္မကို ကြည်ညိုလျှင် ဓမ္မ၏ အရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကိုငှင်း, ထိုဓမ္မကို လက်တွေ့ကျင့်၍ တရားပေါက်ပြီးသော အရိယာ သံဃာတော်ကိုငှင်း, အဝိနာဘာဝ နည်းအားဖြင့် ကြည်ညို ကြောင်းကို ပြပြီးဖြစ်တော့၏၊ထို့ကြောင့် ဤဂါထာသည် ဓမ္မပဏာမ သာ မက, ရတနတ္တယပဏာမကို ပြသောဂါထာဖြစ်သည်။

ဋီကာသစ်။ ။ သော ပန ဓမ္မပ္ပသာဒေါ တဒဝိနာဘာဝတော ( ထိုဗုဒ္ဓ သံဃတို့နှင့် မကင်းသောကြောင့် ) ဗုဒ္ဓသံဃသုပိ သိဒ္ဓေါတိ ရတနတ္တယဝိသယံ ပဏာမံ ( ရတနာ ၃ ပါးလုံးကို အာရုံပြုသော ပဏာမကို) ဝက်ဝုတ္တိယာ ဒဿေတိ။ [ ဝက် - အကောက်အားဖြင့်၊ ဝါ- သွယ်ဝိုက်၍+ဝုတ္တိ-ဆိုခြင်း။]

www.dhammaransi.com



ပုနရုတ္တိ ဒေါသ ပယ် ၂။ ရာမသမ္မာဒျလင်္ကာရာ,သန္တိ သန္တော ပုရာတနာ၊ တထာပိ တေ ဝဠဉ္ဇန္တိ, သုဒ္ဓမာဂဓိကာ န တေ။

၂။ ပုရာတနာ-ရှေး၌ဖြစ်ကုန်သော၊ သန္တော-ချီးမွမ်းစဘွယ်, တင့်တယ်ကုန်သော၊ ရာမသမ္မာဒျ လင်္ကာရာ- ရာမသမ္မ အစရှိကုန်သော တန်ဆာအထူး,ကျမ်းအထူးတို့သည်၊ကိဉ္စာပိ သန္တိ-အကယ်၍ကား ရှိပါပေကုန်၏၊ တထာပိ- ထိုသို့ပင် ရှိပါကုန်သော်လည်း၊ တေ- ထို ရာမသမ္မ အစရှိသော တန်ဆာအထူး ကျမ်းအထူးတို့ကို၊ သုဒ္ဓ မာဂဓိကာ - သက်သက် မာဂဓဘာသာကိုသာ တတ်သူတို့သည်၊ နဝဠဉ္ဇန္တိ-မသုံးစွဲနိုင်ကြကုန်။

× × × × × × ×

၂။ ရာမ၊ပေ၊နတေ။ ။ဤဂါထာကား-"အားထုတ်အပ်မည့် အလင်္ကာရ ကျမ်းသစ်ကို မပြုထိုက်" ဟု ပယ်လိုသော ပုဂ္ဂိုလ်များကို တားမြစ်သော ဂါထာတည်း။ [ဒုတိယဂါထာယ အာရဗ္ဘပဋိက္ခေပဇနာ (အားထုတ်အပ်မည့်ကျမ်းကို ပယ်လိုသူတို့ကို) နိသေဓိတာ။—ဋီကာသစ်။]

ချဲ့ဦးအံ့ — " ရာမသမ္မ စသော အလင်္ကာ တန်ဆာဟောင်း, အလင်္ကာ ကျမ်းဟောင်းများရှိပြီးဖြစ်ပါလျက် အလင်္ကာတန်ဆာသစ် အလင်္ကာကျမ်းသစ်ကို ပြုလျှင် ညက်ပြီးအမှုန့်ကို ထပ်၍ ထောင်းခြင်းကဲ့သို့၎င်း, ဖွစင်ပြီးအဝတ်ကို ထပ်၍ဖွပ်ခြင်း ကဲ့သို့၎င်း,ကျက်ပြီးထမင်းကိုထပ်၍ ချက်ခြင်းကဲ့သို့၎င်း, အကျိုးထူးမရ ပင်ပန်းရုံမျှသာ ဖြစ်စရာရှိသောကြောင့် အလင်္ကာတန်ဆာသစ် ကျမ်းသစ်ကို မပြုထိုက် " ဟု တချို့က ပယ်လိုကြသည်၊ ထို ပယ်လိုသူများကို " အလင်္ကာတန်ဆာဟောင်း အလင်္ကာကျမ်းဟောင်းများရှိသော်လည်း သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့ဖြင့် ရေးသားအပ်သောကြောင့် သုဒ္ဓမာဂဓီ ပုဂ္ဂိုလ်များ မသုံးစွဲနိုင်ကြ၊ ထို့ကြောင့် အလင်္ကာတန်ဆာအသစ်-အလင်္ကာကျမ်းအသစ်ကို စီရင်ထိုက်သည်"ဟု ဤဂါထာဖြင့် မပယ်နိုင်အောင် တားမြစ်သည်၊ ဤသို့ အသစ်ပြုသည့်အတွက် အပြစ်မရှိ ဟု တားမြစ်ခြင်းကို " ပုနရုတ္တိဒေါသ ပယ်ခြင်း" ဟု ခေါ်သည်။ [ ပုန-ထပ်၍+ဥတ္တိဒေါသ- ဆိုခြင်းကြောင့် အပြစ်။]

www.dhammaransi.com



ရာမသမ္မာဒျလင်္ကာရာ။ ။သဏ္ဍတ၌ " သရိမန်"ပုဒ်သည် သုခ အနက်, သုခရှိသူအနက်, မြာဟ္မဏောပါဒိ ( မြာဟ္မဏတို့၏ ဘွဲ့ထူး ဂုဏ်ထူး ) အနက်များကို ဟော၏၊ ထိုပုဒ်သည် ပါဠိ၌ " သမ္မ " ဟု ဖြစ်၏၊ ဤနေရာ၌ ရာမဆရာကို ဘွဲ့ထူး ဂုဏ်ထူးနှင့်တကွ"ရာမ သမ္မ" ဟု ခေါ်ထားသည်၊ ဤအသုံးမျိုးဖြင့် ဟိတောပဒေသ ကျမ်းဆရာ ကိုလည်း " ဝိဿု သမ္မ " ဟု သုံးစွဲထားသည်ကို တွေ့ရ၏၊ ယခုအခါ ရဟန်းဘွဲ့များ၏နောက်၌"အဘိဝံသ"ဟူသော သကျသီဟဘွဲ့တံဆိပ် တပ်ထားခြင်းမျိုးပင်တည်း၊ ထို ရာမ သမ္မစသော ဆရာတို့ စီရင်အပ် သော သဒ္ဒါလင်္ကာရ - အတ္ထာလင်္ကာရ တန်ဆာတို့သည်၎င်း, ထို အလင်္ကာတို့ကိုပြသော ကျမ်းတို့သည်၎င်း"ရာမသမ္မာဒိနံ+အလင်္ကာ ရာ"ဟူသော ဝစနတ္ထကြောင့်"ရာမသမ္မ"မည်၏၊ တနည်း-ဗိမ္ဗိသာရ မည်သော ဆရာစီရင်အပ်သော ဆေးကျမ်းကို " ဗိမ္ဗိသာရကျမ်း"ဟု ခေါ်ရာ၌ အကြောင်း၏ အမည်နှင့်စပ်၍ နာမည်တပ်သကဲ့သို့ ရာမသမ္မ ဆရာဟူသောအကြောင်း၏ အမည်နှင့်စပ်၍ ထိုအလင်္ကာတန်ဆာနှင့် ထိုကျမ်းတို့ကိုလည်း ရာမသမ္မ အလင်္ကာဟု ခေါ်နိုင်၏။ [ရာမသမ္မော+ အာဒိ ယေသံတိ ရာမသမ္မာဒယော၊ ရာမသမ္မာဒယောစ + တေ+ အလင်္ကာရာစေတိ ရာမသမ္မာဒျလင်္ကာရာ။ ] အာဒိဖြင့် အလင်္ကာရ ကောတ္တုဘ, ကာဗျဒဿ စသော ကျမ်းများနှင့် ထိုကျမ်းတို့၌ ပြအပ် သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကိုယူ။

ဋီကာသစ်။ ။ရာမသမ္မာဒျလင်္ကာရာ- ရာမသမ္မာဒီဟိ အာစရိ ယေဟိ ဝိရစိတတ္တာ ( ရာမသမ္မ စသော ဆရာတို့ စီရင်အပ်သည်၏ အဖြစ်ကြောင့်၎င်း ) တံသမ္ဗန္ဓတော တံသဒိသနာမတ္တာဝါ (ထိုဆရာ တို့နှင့် စပ်ခြင်းအားဖြင့် ထို ရာမသမ္မ အမည်နှင့် တူသော အမည်ရှိ သည်၏ အဖြစ်ကြောင့်၎င်း ) ရာမသမ္မာဒယော နာမ၊ ယထာ ဝေဇ္ဇ သတ္ထေ ဗိမ္ဗိသာရောတိ ဝေါဟာရောဝိယ၊ အလင်္ကာရာ- ဘူသာဝိသေ သာ (သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရဟူသော တန်ဆာအထူးများ)၊ အလင်္ကာရတ္ထပဋိပါဒနတော (အလင်္ကာရအနက်များကို သိစေတတ် သောကြောင့် ) အလင်္ကာရနာမိကာ ဂန္ထဝိသေသာဝါ။ [ဤ ဋီကာ ဖွင့်ကို ကြည့်၍ "အလင်္ကာရ"အရ တန်ဆာအထူး- ကျမ်းအထူး, ဟု

www.dhammaransi.com



၂ မျိုးရကြောင်း သတိပြုပါ၊ နိဿယ၌ ဤ အဖွင့်အတိုင်း ပေးထားသည်၊ ရှေးနိဿယများ၌ "သက္ကတဘာသာ အလင်္ကာကျမ်းဟောင်းတို့သည်" ဟု ပေးကြသည်မှာ ဤအဖွင့်နှင့် မညီ။]

**မှတ်ချက်။** ။ ဤပြခဲ့သော စကားအရ " ရာမသမ္ဘ " သည် **အလင်္ကာ**ရ **ကျမ်း**တစောင်၏ နာမည်**သာ** ဖြစ်သည် ဟု မှတ်၊ ဋီကာဟောင်း၌ "ဥဘောပိသန္တိ" ဟု ပါရှိသောကြောင့် ရာမ အလင်္ကာကျမ်း, **သမ္ဘအလင်္ကာ**ကျမ်းဟု ကျမ်း ၂ ကျမ်းထင်မှားကြ၏၊ "ဥဘောပိ သန္တိ"၏ဆိုလိုရင်းမှာ "သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရကိုဟောသော တန်ဆာဟူသောအလင်္ကာ, ထိုအလင်္ကာတို့ကိုပြရာကျမ်းဂန်ဟူသော အလင်္ကာအားဖြင့် ထို ၂ မျိုးသောအလင်္ကာများ ရှေးကရှိကြသည်" ဟု ဆိုလိုရင်းဖြစ်သည်။

**သန္တော ပုရာတနာ။** ။သန္တောကို"ပသတ္ထတ္တာ သောဘနာ" ဟု ဖွင့်၏၊ **အဘိဓာန်**လာ သန္တသဒ္ဒါ၏ အနက်တို့တွင် ပသတ္ထ အနက်ဟောဟု ဆိုလို၏၊ ဗဟုဝုစ် ဖြစ်သောကြောင့် " အသဓာတ် , အန္တ ပစ္စည်း" သာ ဖြစ်သင့်၏၊"ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ အသဓာတ်ပင် ဖြစ်သော်လည်း ပသတ္ထ အနက်ဟောဟု ကြံ၍ " ချီးမွမ်းစဘွယ် တင့်တယ်ကုန်သော " ဟု ဋီကာဖွင့်အတိုင်း ပေးလိုက်သည်၊ ပုရာနိပါတ်နောင် ဘာအနက်၌ တန ပစ္စည်းသက်၊ ပုရာ - ရှေး၌+ ဘ**ဝါ**-ဖြစ်ပေါ်ကြသော အလ**င်္ကာ**ရတို့တည်း၊ ပုရာတနာ-တို့။

**တထာပိတု ။** ။ တု သဒ္ဒါ အနက်ထူးမရှိ၊ " တထာပိ "ကား ရှေးဝါကျ၏ နှစ်သက်ဘွယ် မဟုတ်ကြောင်း ပြသော " အရုစျတ္ထ ဇောတက " နိပါတ်တည်း၊ [ အရုစိ+ အတ္ထ- မနှစ်သက်အပ်သော အနက်ကို + ဇောတက - ထွန်းပြတတ်သော နိပါတ်ပုဒ်။ ] ဤသို့ "တထာပိ"ရှိရာ၌ ရှေ့မှာ ကိဉ္စာပိပါသော **ဝါ**ကျရှိ၏၊မရှိလျှင်လည်း ထည့်ရသည်၊ ထို့ကြောင့် "ကိဉ္စာပိ သန္တိ" ဟု ကိဉ္စာပိထည့်၍ **ဋီ**ကာ သစ် ဖွင့်သည်၊ ထိုကိဉ္စာပိ ထည့်ထားသော ရှေ့ဝါကျကို"အနုဂ္ဂဟတ္ထ **ဝါ**ကျ= ချီးမြှောက်အပ်သော အနက်ကိုပြသော **ဝါ**ကျ " ဟု ခေါ်၍ တထာပိပါသော နောက်ဝါကျကို " ဂရဟတ္ထ ဝါကျ = နှိပ်ချ ကဲ့ရဲ့ အပ်သော အနက်ပြ ဝါကျ"ဟု ခေါ်သည်၊ "ရာမသမ္ဘ" အစရှိသော

www.dhammaransi.com



ချီးမွမ်းစဖွယ် တင့်တယ်သော **အလင်္ကာ** ဟောင်းများ ရှိကြပါပေသည့် [ ဤကား မြွက်ပင့်သောစကား၊ ] သို့သော် **ထို အလင်္ကာ** ဟောင်းများကို သုဒ္ဓမာဂဓီတို့ မသုံးစွဲနိုင်ကြ၊ [ဤ**ကား** ထိုအလင်္ကာ ဟောင်းများ၏ အသုံးမဝင်ကြောင်းပြ၍ နှိပ်ချသောစကား။]

**သုဒ္ဓမာဂဓိကာ** ။ ။ မဂဓေသု- မဂဓတိုင်းတို့၌+ဇာတာ- ဖြစ်သော ဘာသာ ( စကား ) တည်း၊ မာဂဓာ၊ သုဒ္ဓါ- သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့နှင့် မရောမယှက် သက်သက်သော + မာဂဓာ-မာဂဓဘာသာတည်း၊ သုဒ္ဓမာဂဓာ၊ သုဒ္ဓမဂဓံ-သက်သက်သော မာဂဓ ဘာသာကိုသာ+ဇာနန္တိ- တတ်သိနားလည်ကြကုန်၏၊ ဣတိ သုဒ္ဓမာဂဓိကာ၊ [သုဒ္ဓမာဂဓိကာ- သက္ကတပါကတာဒိသု အညဘာသာသု ပရိစယာဘာဝတော (အလေ့အကျက် မရှိခြင်းကြောင့်) ကေဝလမာဂဓိကာ၊(ဋီကာသစ်)၊ ''ပါကတ(ပြာကရိတ်)ဘာသာ'' ဟူသည် သက္ကတဘာသာမှ အက္ခရာ တချို့တလေသာ ကွဲပြားသော ဘာသာတမျိုးတည်း။]

**န ဝဠဉ္ဇန္တိ** ။ ။ ''ဝဠဇိ = ဝလဇိ- ပရိဘောဂေ ( သုံးစွဲခြင်း, သုံးဆောင်ခြင်း)'' ဟူသော ဘုဝါဒိဓာတ်ဖြင့် နိဂ္ဂဟိတ်လာ , **ဉ** ပြု၍ ''ဝဠဉ္ဇန္တိ'' **ဟု** ပါဠိမှန်ဖြစ်၏၊ သက္ကတဘာသာ, ပြာကရိတ်ဘာသာ စသည်ဖြင့် စီရင်အပ်သော ရှေးသဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကိုဎင်း,ရှေး**အလင်္ကာ**ကျမ်းများကိုဎင်း မာဂဓဘာသာကိုသာ တတ်ကြသော သုဒ္ဓမာဂဓီပုဂ္ဂိုလ်များ မသုံးစွဲနိုင်ကြ- ဟူလို၊ '' မသုံးစွဲနိုင် '' ဟူသည်ကား သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ တန်ဆာတို့ကိုလည်း ပျို့ကဗျာ ဂါထာစုံလင်္ကာယဖွဲ့စီရာ၌ ထည့်သွင်း၍ မသုံးစွဲနိုင်ကြခြင်း, **ထို အလင်္ကာ**ကျမ်းတို့ကိုလည်း မကြည့်ရှုနိုင် , မသင်ယူနိုင် , မချပို့ နိုင်ကြခြင်းတည်း။ [ တေရာမသမ္မာဒိကေ အလင်္ကာရေ ပသာဓနေ ဝသေန (ပျို့ကဗျာ ဂါထာတို့၌ တန်ဆာဆင်ခြင်း၏ အစွမ်းဖြင့်ဎင်း)ဥဂ္ဂဟဏ ဓာရဏာဒိဝသေန နဝလဥ္ဇန္တိ၊ -- ဋီကာသစ်။]

**မှတ်ချက်**၊ ။ ဋီကာတို့၌ သုဒ္ဓကို မာဂဓိကာ၌ စပ်၍ '' သန့်ရှင်းသော မာဂဓိကပုဂ္ဂိုလ်များ''ဟု အနက်ယူပြီးလျှင် ထိုအနက်မှ **အထူး** အပိုသိရသော ဗျက်တ္တ ( ဝိ- အထူး+ဝါ- အပို+အဂ်- သိအပ်သော+

www.dhammaransi.com



## ကျမ်းအမည် စသည်

**၃။ တေနာပိန႒ာမ တောသေယျ, မေတေလင်္ကာရ ဝဏ္ဏိတေ၊ အနုရူပေနာ လင်္ကာရေ- နေသမေ သော ပရိဿမော။**

**၃။ တေန-ထို့ကြောင့်၊အလင်္ကာရဝဏ္ဏိတေ-အလင်္ကာတို့သည် ကြဉ်အပ်ကုန်သော၊ ဧတေ - ဤ သုဒ္ဓမာဂဓိက ပုဂ္ဂိုလ်တို့ကို၊ [တောသေယျံ-ဥ္စစပ်။]သေ-ဤသုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့အား၊အနုရူပေန-လျော်ပတ်သော၊ အလင်္ကာရေန- အသစ်ဖြစ်သော တန်ဆာ အထူး အလင်္ကာကျမ်း အထူးဖြင့်၊ တောသေယျံ - နှစ်သက် စေရ ပါမူကား၊ အပိန႒ာမ-အော်....ကောင်းလေစွ၊(ဣတိ-ဤသို့၊)သော**

× × × × × ×

အတ္ထ - အနက်အဓိပ္ပါယ် ) ကိုလည်း ပြကြသေး၏၊ ထို ဗျဂ်တ္ထကိုပင် "ဘာဝတ္ထ- ကျမ်းဆရာ၏ အလိုရှိအပ်သော အပိုအနက် " ဟုလည်း ခေါ်၏၊ ထို ဘာဝတ္ထကား " သုဒ္ဓ မာဂဓိက ပုဂ္ဂိုလ်တို့သည် မိမိတို့က သန့်ရှင်းစင်ကြယ်ကြသောကြောင့် ပါဠိဘာသာ ဘုရားဟောဘာသာ မဟုတ်သည့် အတွက် မသန့်ရှင်း မစင်ကြယ်သော သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်တို့ကို ရွံရှာစက်ဆုပ်ရကား ထို ဘာသာ များဖြင့် စီရင်အပ်သော **အလင်္ကာ**ရ ကျမ်းတို့ကိုလည်း မသုံးစွဲကြ " ဟု ဆိုလိုသတတ်။

သို့သော် အရှင်သံဃရက္ခိတ မဟာသာမိထေရ်သည် ဝုတ္တောဒယ ဆန်းကျမ်း အစ၌လည်း "**ပိင်္ဂလာ**စရိယာဒီဟိ**,** ဆန္ဒံ ယ မုဒိတံ ပုရာ၊ သုဒ္ဓမာဂဓိကာနံ တံ , နသာဓေတိ ယထိစ္ဆိတံ " ဟု သုဒ္ဓမာဂဓိက ပုဒ်ကို သုံးစွဲထား၏၊ ထို၌ " သုဒ္ဓမာဂဓိက ပုဂ္ဂိုလ်၏ အလိုဆန္ဒကို (ရှေးဆန်းကျမ်းတို့က)မပြီးစေနိုင်" ဟု ဆိုထားရာဝယ် "သုဒ္ဓမာဂဓိက ပုဂ္ဂိုလ်တို့က သုံးစွဲလိုပါလျက် မသုံးစွဲတတ်သောကြောင့် အလိုဆန္ဒကို မပြီးစေနိုင် " ဟုသာ အဓိပ္ပါယ် ရသောကြောင့်ရင်း**,** အရှင် သံဃ ရက္ခိတ ဆရာကိုယ်တိုင်ပင် သက္ကတ ပြာကရိတ်ဘာသာတို့ဖြင့် စီရင် အပ်သော **အလင်္ကာ**ကျမ်း**,**ဆန်းကျမ်းတို့ကိုမစက်ဆုပ်ဘဲသင်ယူသော အားဖြင့် သုံးစွဲထားသော**ကြော**င့်ရင်း **,** ဤဋီကာတို့ ဖွင့်ပြချက်သည် သက်သက် တင်စီးထားသော စကားများသာဖြစ်သည်။

www.dhammaransi.com



ပရိသာမော - ဤ ပင်ပန်းကြီးကုတ် အားထုတ် ကြိုးစည်ခြင်းသည်၊ (အဟောသိ - ဖြစ်ပြီ၊)။ [ " အနုရူပေန + အလင်္ကာရေန + သော + ဧသော "ဟု ပုဒ်ဖြတ်။]

× × × × × ×

၃။ **တေနာပိနာမ တျာဒိ ။** ။ " အသစ်ဖြစ်သော တန်ဆာ အထူး ကျမ်းအထူးကို မပြုသင့် " ဟု ပယ်လိုသော ပုဂ္ဂိုလ်များကို တားမြစ်ပြီး၍ "အဘိဓာန ( ကျမ်း၏ အမည် ) စသည်ကို ပြလိုသော ကြောင့်"တေနာပိနာမ" စသော ဂါထာကိုမိန့်။[တတိယ ဂါထာယ အဘိဓာနာဒိကံ ဒဿိတံ၊—ဋီကာ သစ်။ ] ချဲ့ဦးအံ့—ဤဂါထာ၌ "အလင်္ကာရေန " ဟူသော ပါဌ်ဖြင့် ကျမ်း၏ အမည်ကိုပြ၏၊ " ဤ ကျမ်းသည် အလင်္ကာရကျမ်း မည်၏"ဟူလို၊ နောက်၌ကား"သုဗောဓ " ဟူသော ဝိသေသနထည့်၍ " သုဗောဓာလင်္ကာရ " ဟု ထပ်၍ ပြဦးလတံ့၊ ထိုအလင်္ကာရသဒ္ဒါဖြင့်ပင် ဤကျမ်း၏ဟောနက်ဖြစ်သော အဘိဓေယျကိုလည်း ပြ၏၊ ဤကျမ်း၌ " သဒ္ဒါလင်္ကာရ , အတ္ထာ လင်္ကာရ"ဟူသော အလင်္ကာရများကို ပြထားသည်- ဟူလို။

သောအနုရူပေနပါဌ်ဖြင့်"သုဒ္ဓမာဂဓိပုဂ္ဂိုလ်တို့အားလျော်သော" ဟုဆိုသောကြောင့်"မာဂဓဘာသာဖြင့်စီရင်မည်"ဟုကရဏပ္ပကာရ ( ကျမ်းပြုပုံ အချိုးအစား )ကို ပြ၏၊ " အနုရူပေန အလင်္ကာရေန" ပါဌ်ဖြင့် " ဤကျမ်းကို သင်ယူသောပုဂ္ဂိုလ်သည် ဖွဲ့နွဲ့စီကုံးရာ၌ သဒ္ဒါ တန်ဆာ အနက်တန်ဆာများကိုပြင်ဆင်တတ်လိမ့်မည်"ဟူသော ပကာ ရဏပယောဇဉ် (ကျမ်း၏အကျိုး) ကို ပြ၏၊ "တန်ဆာအသစ် ကျမ်း အသစ်ဖြစ်သော အလင်္ကာရကို စီရင်မည် " ဟူသော ပဋိညာဉ် ကိုကား"အပိနာမ တေသေယျံ၊ ဧသော ပရိသာမော" ပါဌ်တို့ဖြင့် ပြ၏-ဟု ကြိုသင့်၏၊ " နှစ်သက်စေရလျှင် ကောင်းလေစွ " ဟု တပင် တပန်း အားထုတ်မှု ဖြစ်သည်-ဟု ဆိုသဖြင့် " အလင်္ကာရ အသစ်ကို စီရင်အံ့" ဟု ပဋိညာဉ်ပြုရာရောက်သည်-ဟူလို။

**တေန၊ပေ၊ပရိသာမော ။** ။ တေနဖြင့် ရှေ့ဂါထာ၌ ပြခဲ့သော အကြောင်းအရာကို ညွှန်ပြသည်၊ ထိုတေနကို ဧသော ပရိသာမော- ၌စပ်၊အကြင့်ကြောင့် သက္ကတဘာသာ ပြာကရိတ်ဘာသာ စသည်ဖြင့်

www.dhammaransi.com



စီရင်အပ်သော **တန်ဆာအထူး , အလင်္ကာ**ရ ကျမ်းအထူးတို့ကို သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ မသုံးစွဲနိုင်ကြ၊ ထို့ကြောင့်''ဧသောပရိဿမော- ဤ **တပင်တပန်း** ကြီးစွာ အားထုတ်မှု ဖြစ်ရပါသည် '' ဟူလို၊ ပရိ**ဿ**မော၌ ပရိပုဗ္ဗ သမုဓာတ်၊ခေဒ(ပင်ပန်းခြင်း)အနက်ဟောတည်း၊ ပရိ**ဿ**မနံ - တပင်တပန်း **အား**ထုတ်ခြင်း၊ ပရိ**ဿ**မော - ၎င်း၊ '' တန်ဆာအသစ် အလ**င်္ကာ**ရကျမ်းအသစ်ကို စီရင်ဘို့ရန် သာမန် **အား**ထုတ်ခြင်း မဟုတ်, တပင်တပန်း ကြိုးကြိုးစားစား အားထုတ်ခြင်းဖြစ်သည် ''ဟူလို။ [ဧသောပရိ**ဿ**မော- အယံ မမ **အလင်္ကာ**ရ ကရဏပယောဂေါ= ဤကား ငါ၏ တန်ဆာအသစ် ကျမ်းအသစ် ပြုခြင်း၌ လုလ္လပယောဂတည်း၊—ဋီကာသစ်။]

**အပိနာမ တောသေယျံ**။ ။'' အဘယ်သို့ တပင်တပန်း ကြီးစွာ အားထုတ်ခြင်းဖြစ်သနည်း''ဟု မေးဘွယ်ရှိသောကြောင့်''အပိနာမ တောသေယျံ''ဟု မိန့်၊''နှစ်သက်အားရ စေရလျှင်(နှစ်သက်အားရ **အောင်** စီရင်ပေးရလျှင် ) ကောင်းလေစွ '' ဟု တပင်တပန်း ကြီးစွာ အားထုတ်ခြင်းဖြစ်သည်- ဟူလို၊ အပိနာမသည် ယန္ဒူနနှင့် အနက်တူသော သာဓုဝတ အနက်ဟောတည်း၊ ဋီကာ၌''သုန္ဒရံ''ဟု ဖွင့်၏၊ အဋ္ဌကထာများ၌ ''သာ**ဓုဝတ**'' **ဟု** ဖွင့်မလှရှိသည်။

**အလင်္ကာရ ဝဇ္ဇိတေ**။ ။ '' အဘယ်သူတို့ကို နှစ်သက်စေလိုပါသနည်း'' ဟု မေးဘွယ်ရှိ၍''အလ**င်္ကာ**ရ ဝဇ္ဇိတေ''ဟု မိန့်၊ သက္ကတဘာသာ ပြာကရိဘာသာ**စ**သည်ဖြင့်စီရင်အပ်သော သဒ္ဒါလ**င်္ကာ**ရ အတ္ထာလ**င်္ကာ**ရ တန်ဆာနှင့် **ထို** တန်ဆာတို့ကိုပြသော အလ**င်္ကာ**ရ ကျမ်းတို့ကိုမသုံးစွဲနိုင်ကြသဖြင့် **ထို**တန်ဆာ**ထို**အလ**င်္ကာ**ရကျမ်းများ၏ ရှောင်ကြဉ်မှုကို ခံနေကြရသော သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ကို အားရ နှစ်သက်စေလိုသည်''ဟူလို။ [ဒွိပဉ္စဝိညာဏဝဇ္ဇိတာ-ဟူသော သဂြိုဟ် ပါဌ်ကဲ့သို့ ''အလ**င်္ကာ**ရေဟိ+ ဝဇ္ဇိတာ- အလင်္ကာရဝဇ္ဇိတာ''ဟု ပြု၊ ဋီကာသစ်၌''**အလင်္ကာ**ရာ+ဝဇ္ဇိတာ ယေဟိတိ အလင်္ကာရဝဇ္ဇိတာ- ကြဉ်**အပ်**သောအလ**င်္ကာ**ရကျမ်းရှိသူတို့''ဟုတနည်းဝိဂ္ဂဟပြုသေး၏။]

**အနုရူပေနာ လင်္ကာရေန**။ ။ '' အဘယ်ဖြင့် သုဒ္ဓမာဂဓိကပုဂ္ဂိုလ်များကို အားရ နှစ်သက်စေမည်နည်း '' ဟု မေးဘွယ်ရှိ၍

www.dhammaransi.com



''အနုရူပေနာလင်္ကာရေန သေံ''ဟုမိန့်၊ အလင်္ကာရနည်းကို သိလိုကြပါလျက် မသိရသောကြောင့် မနှစ်မသက် စိတ်ပျက်လျက် ရှိကြသော သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ကို ထိုသူတို့နှင့်လျော်သောမာဂဓဘာသာဖြင့် စီရင်အပ်သော တန်ဆာအထူး ကျမ်းအထူးဖြင့် အားရနှစ်သက်စေမည်'' ဟုလို။ [အလင်္ကာရေန-အာဘရဏာဝိ-သေသေန, ဂန္ထဝိသေသေနဝါ။]

**အလင်္ကာရ** ။ ။အလင်္ကရောန္တိ အတ္တဘာဝံ အနေနာတိ အလင်္ကာရော၊ ဤသို့ ဝိဂြိုဟ်ပြုလျှင် ခန္ဓာကိုယ် အတ္တဘောကို တန်ဆာဆင်ကြောင်းဖြစ်သော''ဟာရ(ပုလဲသွယ်=ပုတီး)ကေယူရ(လက်ကြပ်လက်ကောက်)''စသော တန်ဆာကို ရ၏၊ ထိုတန်ဆာကို ဤနေရာ၌ ဆိုလိုရင်း မဟုတ်၊ ''အလင်္ကရောန္တိ ဗန္ဓသရီရံ (အဖွဲ့အနွဲ့ ဟူသောကိုယ်ကို)အနေနာတိ အလင်္ကာရော''ဟု ပြုလျှင် အစီအကုံး အဖွဲ့အနွဲ့ တည်းဟူသောကိုယ်ကို တန်ဆာဆင်ကြောင်းဖြစ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို ရ၏၊ ဤအနက်သည် အလင်္ကာရ သဒ္ဒါ၏ မုချဟောနက် (မုချတ္ထ) တည်း၊ ထိုအနက်တို့၏တည်ရာ အဖွဲ့ဗန္ဓကိုကား ဌာနျူပစာရအားဖြင့် အလင်္ကာရသဒ္ဒါသည် ဟော၏၊ ထို အလင်္ကာတို့ကို ပြသော သုဗောဓာလင်္ကာရ ကျမ်းကိုမူ အဆက်ဆက် တင်စားအပ်သော ပရမ္ပရူပစာရ ဌာနျူပစာရ(ဖ-သူပစာရ)အားဖြင့်ဟော၏။ [သုဗောဓ အမည်ကို နောက်မှပြအံ့။]

မုချောလင်္ကာရသဒ္ဒေါယံ, သဒ္ဒတ္ထာလင်္ကတီသိတော၊
သာမတ္ထိယာတွမိဋ္ဌာနေ, တထာ သတ္ထေပိ တဗ္ဗတိ။

မုချော - မုချဖြစ်သော၊ ဝါ - တိုက်ရိုက် ဟောနိုင်သော၊ အယံ အလင်္ကာရသဒ္ဒေါ- ဤ အလင်္ကာရ သဒ္ဒါသည်၊ သဒ္ဒတ္ထာလင်္ကတီသိတော-ဆိုအပ်လတ့်သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကို မှီ၏၊ သာမတ္ထိယာတု- ဟောစွမ်းနိုင်သည်၏ အဖြစ်ဟူသော သတ္တိအားဖြင့်ကား၊ အမိဋ္ဌာနေ - ထိုအလင်္ကာ ၂ မျိုး၏တည်ရာ အဖွဲ့ဗန္ဓအထည်ကိုယ်၌၊ ဟောတိ-ဖြစ်၏၊ တထာ-ထို သာမတ္ထိယအားဖြင့်ပင်၊ တဗ္ဗတိ-ထိုအလင်္ကာရအဖွဲ့ဗန္ဓရှိသော၊ သတ္ထေပိ-ကျမ်း၌လည်း၊ ဟောတိ-၏။

www.dhammaransi.com



## ဆရာရှိ – မရှိ ကျိုး, ဖြစ်

၄။ ယေသံ နသဋ္ဌိတာ ပညာ, နေကသတ္ထန္တရောစိတာ၊
သမ္မောဟဗ္ဗာဟတာဝေတေ, နာဝ ဗုဇ္ဈန္တိ ကိဋ္ဌိပိ။

၅။ ကိံ တေဟိ ပါဒသုဿူသာ, ယေသံ နတ္ထိ ဂုရူနိဟ၊
ယေ တပ္ပါဒရဇော ကိဏ္ဏာ, တေဝ သာဂူ ဝိဝေကိနော။

၄။ ယေသံ- အကြင်သူတို့သည်၊ အနေကသတ္ထန္တရောစိတာ- ပိဋကတ် ဗျာကရဏ်းစသော များစွာသော ကျမ်းဂန်တို့၌ ဆည်းပူး အပ်သော၊ ပညာ – သုတမယ ဉာဏ်ပညာကို၊ နသဋ္ဌိတာ – မစု ဆောင်းအပ်ချေ၊ ဧတေ– ဤ ဂန္ထန္တရ , သုတမဲ့ငြား , လူအများ တို့သည်၊ သမ္မောဟဗ္ဗာဟတာဝ - တွေဝေ ပြင်းပြ, မောဟသတ္တိ, လွှမ်းဘိ နှိပ်စက်အပ်ကုန်သည်သာလျှင်၊(ဟုတွာ- ဖြစ်၍၊)ကိဋ္ဌိပိ- ပယ်သင့် ယူသင့် , အပြစ်နှင့် ဂုဏ် , တစုံတခုကို မျှလည်း၊ နာဝ ဗုဇ္ဈန္တိ–ခွဲခြားပိုင်ပိုင်, မသိနိုင်ကြလေကုန်။

၅။ ဣဓ ဟ - ဤလောက၌၊ ယေသံ - အကြင် သူတို့၏၊ ဂုရူနံ- ကျမ်းတတ် အကျော် ဆရာတော်တို့၏၊ ပါဒသုဿူသာ – ခြေရင်း နား၌ ဝပ်တွား သင်ယူခြင်းသည်၊ နတ္ထိ- မရှိ၊ တေဟိ- ထို ဆရာမဲ့ ငြား,လူအများတို့ဖြင့်၊ ကိံ -ဘယ်အကျိုးရှိအံ့နည်း၊ ယေ-အကြင်သူ တို့ကို၊ တပ္ပါဒရဇောကိဏ္ဏာ –ထိုဆရာ့ခြေစုံ, လိမ်းကျံကုန်သည့်, မြူမှုံတို့ဖြင့် ရောပြွမ်းအပ်ကုန်၏၊ တေဝ- ထို ဆရာကောင်း တပည့် တို့သည်သာ၊ သာဂူ- ယဉ်ကျေးဘိတော်င်း, လူတော် လူကောင်း တို့သည်၊(ဟုတွာ - ဖြစ်၍၊) ဝိဝေကိနော-ပယ်သင့် ယူသင့်, အပြစ် နှင့် ဂုဏ်, ခွဲခြားဝေဘန်နိုင်ကုန်၏။

× × × × × × ×

၄, ၅။ ယေသံ ၊ ပေ ၊ ဝိဝေကိနော။ ။အလင်္ကာကျမ်းသည် ပျို့ကဗျာ ဂါထာစုဏ္ဏိယတို့၌ ဂုဏ်ရောက်ပုံ အပြစ်ရှိပုံကို ခွဲခြား၍ ပြသော ကျမ်းဖြစ်၏၊ ထို့ကြောင့်''ထို ဂုဏ်နှင့်အပြစ်ကို ဤ အလင်္ကာ ကျမ်းကဲ့သို့သော သတ္ထန္တရ ( ကျမ်းဂန် အမျိုးမျိုး၌ ) ဆည်းပူးအပ် သော ဉာဏ်ပညာ မရှိသူသည် ခွဲခြား၍ မသိနိုင် '' ဟု ဗျတိရေက

www.dhammaransi.com



အားဖြင့်ငှင်း , ဆရာကောင်း တပည့် ကျမ်းဂန်သိသူတို့သာ ခွဲခြား ဝေဘန်နိုင်ကုန်၏-ဟု အန္ဝယအားဖြင့်ငှင်း ပြလိုသောကြောင့်"ယေသံ ၊ပေ၊ဝိဝေကိနော"ဟူသော ၂ ဂါထာကိုမိန့်သည်၊ ဤ ၂ ဂါထာဖြင့် " ဂုဏ်နှင့်အပြစ်ကို ခွဲခြား၍ သိဘို့ရန် ဤ အလင်္ကာကျမ်းကို သင်ယူ ကြပါ"ဟု သွယ်ဝိုက်သောနည်းအားဖြင့် တိုက်တွန်းမှု ဥယောဇဉ်ကို ပြသည်။ [အဋ္ဌကထာကြီးများကား ပဋိညာဉ်ကိုပြုပြီးနောံ ဥယောဇဉ် ကိုလည်း တိုက်ရိုက်ပင် ပြလေ့ရှိကြသည်။]

**အနေကာ၊ပေ၊ရောစိတာ၊** ။အန္တရာနိ+သတ္တာနိ သတ္တန္တရာနိ။ အန္တရသဒ္ဒါသည် အညအနက်ဟော၊ ပိဋကကျမ်းမှ တပါးသော တက်ကျမ်း စသည်နှင့်-တက်ကျမ်း စသည်မှ တပါးသော ပိဋကကျမ်း စသည်တည်း၊ ထို့ကြောင့် ကျမ်းတမျိုးမှ တပါးသော အခြားကျမ်း တမျိုးကို"သတ္တန္တရ"ဟု ခေါ်၊ထို သတ္တန္တရသည် ပိဋကတော်ကျမ်း, တက်ကျမ်း , ဗျာကရိုဏ်း ( သဒ္ဒါ ) ကျမ်း, အလင်္ကာကျမ်း စသော အားဖြင့် များသောကြောင့် " အနေကာနိ + သတ္တန္တရာနိ အနေက သတ္တန္တရာနိ"ဟု ဆိုသည်။"အနေကသတ္တာနံ တိပိဋက တက္က ဗျာက ရဏာဒိနံ အနေကေသံ"၊ [အန္တရေကို "အဗ္ဘန္တရေ=အတွင်း၌"ဟု ဋီကာသစ် ဖွင့်သည်ကား ရိုးရာ မကျလှ၊ ဂန္ထန္တရကို ကျမ်းအမျိုးမျိုး ဟုသာ အနက်သုံးလေ့ ရှိသည်။]

**မှတ်ချက်။** ။" အနေက သတ္တန္တရ " အရ ပိဋက ၃ ပုံစသော ကျမ်းများကို ပြထားသော်လည်း ဆိုလိုရင်းမှာ အလင်္ကာကျမ်းသာ ဖြစ်၏၊ ဘာ့ကြောင့်နည်း- သတ္တန္တရတွင် ပါဝင်သော ဤ အလင်္ကာ ကျမ်းကို သင်ယူပါ - ဟု တိုက်တွန်းလိုသော ဥယောဇဉ် ဂါထာ ဖြစ်သောကြောင့်တည်း။

**ဥစိတာ။** ။"သဝန ဥဂ္ဂဟ ဓာရဏာဒိ ဝသေန ပရိစိတာ"ဟု ဋီကာသစ် ဖွင့်၏၊ စာလိုက်သော အားဖြင့် လိုက်နာခြင်း သဝန , ကိုယ်တိုင်တက်ခြင်း ဥဂ္ဂဟ, တက်ပြီးနောံ ဆောင်ထားခြင်း မှတ်သား ခြင်း ဓာရဏတို့ကို " ဥစိတ- ဆည်းပူး " ဟု ဆိုသည်၊ အနေကသတ္တ န္တရေသု- တို့၌+ဥစိတာ- ဆည်းပူးအပ်သော ပညာတည်း၊ အနေက သတ္တန္တရောစိတာ-ပညာ။

www.dhammaransi.com



**ယေသံ န သန္တိတာ ။** ။ ယေသံသည် သန္တိတာ၏ ဆဋ္ဌီကတ္တား တည်း၊ " သန္တိတာ- ဆည်းပူး " ဟူသည် ကျမ်းဂန်တရပ်မှ မှတ်သား အပ်သော ပညာနှင့် အခြားကျမ်းဂန်တရပ်မှ မှတ်သားအပ်သော ပညာ ၂ မျိုးကို ပူးပေါင်း စုဆည်း ထားခြင်းတည်း၊ ဤသို့ ဆည်း+ပူး စုဆောင်းအပ်သော နည်းအမျိုးမျိုး ရှိသူကို " ဂန္ထန္တရ ဗဟုဿုတ ရှိသူ"ဟုခေါ်သည်၊ ထိုသို့ ဂန္ထန္တရသုတများအောင် ဆည်းပူးမထား သူကို "ယေသံ န သန္တိတာ" ဟု ဆိုသည်။

**သမ္မောဟပေါကိဋ္ဌိပိ။** ။အဘိ (ဝိသေသေန)+အာဟညန္တေ တိ အဇ္ဈာဟတာ၊ သမ္မောဟေန+အဇ္ဈာဟတာ သမ္မောဟဇ္ဈာဟတာ- လွန်စွာ တွေဝေသော မောဟသည် အထူးအားဖြင့် နှိပ်စက်အပ် ဖုံးလွှမ်းထားအပ်သူတို့=ဘာကိုမျှမသိအောင် ထိုင်းမှိုင်းတွေဝေသူတို့။ [ဝေတေ-ဝ+ဧတေ။]ကိဋ္ဌိပိကို"ဟေယျောပါဒေယျံ-ဟေယျ+ဥပါ ဒေယျံ- စွန့်ပယ်ထိုက်သော အပြစ်+ယူထိုက်သောဂုဏ် " ဟု ဖွင့်၏၊ ဂန္ထန္တရဗဟုဿုတ မရှိသူတို့မှာ မသိမှု မောဟသည် အထူးနှိပ်စက် အပ်သည်ဖြစ်၍ ပျို့ကဗျာ ဂါထာစုဏ္ဏိယတို့၌ ပယ်ထိုက်သော အပြစ် ကိုငှင်း , ယူထိုက်သော ဂုဏ်ကိုငှင်း တစုံတခုမျှ မသိနိုင်ကြ- ဟူလို၊ ထို့ကြောင့် အောက်ပါဂါထာကို ရှေးဆရာတို့ ဆိုကြသည်။

ဂုဏဒေါသ မသတ္တညူ, ဇနော ဝိဘဇတေ ကထံ၊
အဓိကာရော ကိမန္ဓဿ, ရူပဘေဒေါပလဒ္ဓိယံ။

အသတ္တညူ - ကျမ်းဂန် တတ်သိ , ပညာရှိ မဟုတ်သူသည်၊ ဂုဏ ဒေါသံ - ဂုဏ်အပြစ်ကို၊ ကထံ ဝိဘဇတေ - အဘယ်မှာ ခွဲခြားနိုင်ပါ အံ့နည်း၊ ရူပဘေဒေါပလဒ္ဓိယံ- (ရူပဘေဒ+ဥပလဒ္ဓိယံ)-ညို ရွှေ ဖြူ နီ, စသည် အပြား , အဆင်းများကို , ခွဲခြား၍ သိရခြင်း၌၊ **အန္ဓဿ**- သူကန်း၏၊ အဓိကာရော-အရာသည်၊ ကိံ (ဟောတိ)-အဘယ်မှာ ဖြစ်နိုင်အံ့နည်း။

**ကိံ တေဟိ ပါဒသုဿူသာ။** ။ "ကိံ "သဒ္ဒါသည် ပဋိက္ခေပ အနက်ဟော နိပါတ်ပုဒ်တည်း၊ ပါဒသု- ဆရာ့ခြေတို့၌ ( ပါဒဖြင့် ပါဒ၏အနီး ခြေရင်းကိုယူ)+သုဿူသာ-နာလိုခြင်း၊ ပါဒသုဿူသာ- ခြင်း၊ "ဆရာ့ခြေရင်း၌ ချဉ်းကပ်၍ သင်ခြင်း- စာတက်ခြင်း- မေးမြန်း

www.dhammaransi.com



ခြင်း”တည်း၊ ဋီကာတို့၌ ပါဒသုဿူသာကို“ပါဒပရိစရိယာ-ခြေရင်း၌ ပြုစုလုပ်ကျွေးခြင်း ” ဟု ဖွင့်ကြ၏၊ ထိုသို့ ပြုစုလုပ်ကျွေးမှ ဆရာက သင်ပေးသဖြင့် သုဿူသာအကျိုးကို ရနိုင်သောကြောင့် ပါဒသုဿူသာသည် အကျိုး၏ အမည်ကို အကြောင်း ပြုစုခြင်း၌ တင်စားထားသော ဖလူပစာဟု ဆိုလိုကြသည်။ [“သုဿူ”ဟု ဒီဃရှိမှ ဆန်းတွဲ၏ ]

**တပ္ပါဒ ရဇောက္ကဏ္ဍာ။** ၊တေသံ-ထိုဆရာသမားကြီးတို့၏+ပါဒါ, တပ္ပါဒါ၊ တပ္ပါဒေသု+ရဇာ တပ္ပါဒရဇာ၊ တပ္ပါဒရဇေဟိ-တို့သည်+ဩကိဏ္ဏာ-ရောပြွမ်းအပ်သူတို့တည်း၊ တပ္ပါဒရဇောက္ကဏ္ဍာ-တို့၊ “ဆရာသမားကြီးတို့၏ ခြေတို့၌ကပ်သော မြူမှုန့်ဖြင့် တကိုယ်လုံး ရောပြွမ်းနေလောက်အောင် ဆရာသမားကြီးတို့၏ ခြေရင်း အနီး၌ ကပ်၍ သင်ယူသူတို့”ဟု ဆိုလိုသည်၊ ထို“ဆရာသမား”ဆိုသူများလည်း မိမိထက် အစစအရာရာ သာလွန်သောပုဂ္ဂိုလ်များသာ ဖြစ်စေရမည်၊ မှန်၏-“မိမိအောက်ညံ့သူကို မှီခိုလျှင် ရှိပြီးဉာဏ်ပညာပင် ယုတ်လျော့တတ်သေး၏၊ မိမိနှင့် တန်းတူသူကို မှီခိုလျှင်ကား မယုတ်သော်လည်း တိုးတက်ဘို့ မရှိ၊ မိမိထက် သာသူကို မှီခိုမှသာ အရေးရာ တိုးတက်နိုင်သည်”ဟု ဘုရားဟောတော်မူသည်။

နိဟီယတိ ပုရိသော နိဟီနသေဝီ,
နစ ဟာယေထ ကဒါစိ တုလျသေဝီ၊
သေဋ္ဌ မုပါဂမ္မ ဥဒေတိ ခိပ္ပံ,
တသ္မာတ္တနော ဥတ္တရိတရံ ဘဇေထ။

**သာရူ ဝိဝေကိနော ။** ။အတ္ထေ သာဓေန္တီတိ သာရူ - မိမိ သူတပါး၏ စီးပွားတို့ကို ပြီးစေတတ်သော လူတော်လူကောင်းများ၊ ရုမာဒိဝိစခေတ်ဖြင့်“ဝိဝိစ္စတီတိ ဝိဝေကော-ခွဲခြားဝေဘန်တတ်သော ဉာဏ် ” ဟုပြု၊ ဝိဝေကော ယေသံ အတ္ထိတိ ဝိဝေကိနော = ဂုဏ်နှင့် အပြစ်ကို စိစစ်ဝေဘန်တတ်သော ဉာဏ်ရှိသူများ၊ ဤဂါထာဖြင့် “ဂန္ထန္တရဗာဟုသစ္စဂုဏ်ရှိအောင်ကြိုးစားရာ၌လည်းဆရာကောင်း သမားကောင်းထံ သင်ယူကြိုးစားမှ စိစစ်ဆုံးဖြတ် ဝေဘန်တတ်သော ဉာဏ်ကိုရနိုင်ပါသည်၊ ထို့ကြောင့် ဆရာ သမားကောင်းထံ ကြိုးနှံစွာ ဆည်းကပ်၍ သင်ယူကြပါ”ဟု တိုက်တွန်းသည်။

www.dhammaransi.com



စိတ် ဆုတ်နစ်သူများကို အားပေးခြင်း

၆။ ကဗ္ဗနာဋကေ နိက္ခိတ္တ-နေတ္တစိတ္တာ ကဝိဇ္ဇနာ၊
ယံကိဉ္စိ ရစယန္တေတံ, န ဝိမ္ဟယကရံ ပရံ။

၇။ တေယေဝ ပဋိဘာဝန္တော,သောဝဗန္ဓော သဝိမ္ဟယော၊
ယေန တောသေန္တိ ဝိညူ ယေ, တတ္ထပျဝိဟိတာဒရာ။

၆။ ကဗ္ဗနာဋကေ နိက္ခိတ္တ နေတ္တစိတ္တာ - ကာဗျကျမ်း နာဋက ကျမ်းတို့၌ ချထားအပ်သော မျက်စေ့ စိတ်ရှိကုန်သော၊ ကဝိဇ္ဇနာ- ကဗျာတတ်သိ ပညာရှိတို့သည်၊ ယံကိဉ္စိ- တစုံတခုသော အဖွဲ့အနွဲ့ အစီအကုံးကို၊ ရစယန္တိ-ရေးသားစီကုံးကြကုန်၏၊တေံ-ဤအဖွဲ့အနွဲ့ အစီအကုံးသည်၊ ပရံ-လွန်စွာ၊ န ဝိမ္ဟယကရံ-အံ့ဩဘွယ်ကို မပြုနိုင်ပါ။[ကဝိဇ္ဇနာ၌ ဆန္ဒာနုရက္ခဏ(ဇ္ဇ)။]

၇။ ယေ- အကြင်သူတို့သည်၊ တတ္ထ- ထိုကာဗျကျမ်း နာဋက ကျမ်းတို့၌၊ အဝိဟိတာဒရာ - ပြုအပ်သော လေးစားခြင်း မရှိကုန် သည်၊(သမာနာပိ- ဖြစ်ပါကုန်သော်လည်း၊ ) ယေန-အကြင် အဖွဲ့ အနွဲ့ အစီအကုံးဖြင့်၊ ဝိညူ-ပညာရှိတို့ကို၊ တောသေန္တိ- နှစ်သက် စေနိုင် ကုန်၏၊ တေယေဝ - ထိုသူတို့သည်သာ၊ ပဋိဘာဝန္တော- ပင်ကိုယ်ပဋိဘာန်,ဉာဏ်ရှိကြပါပေကုန်၏၊သောဝဗန္ဓော-ထိုသူတို့ ဖွဲ့အပ်သော ထိုအဖွဲ့အနွဲ့ အစီအကုံးသည်သာ၊ သဝိမ္ဟယော-အံ့ဩ ဘွယ်နှင့် တကွ ဖြစ်ပါပေ၏၊ ဝါ-အံ့ဩလောက်ပါပေ၏။

× × × × × × ×

၆-၇။ ။ဆရာကောင်းထံ နည်းကောင်းခံလျက် သင်အံလေ့ကျက် ဘိုရာ တိုက်တွန်းပြီး၍ ယခုအခါ "ကဗ္ဗကျမ်းနာဋကကျမ်းတို့၌ အလေ့ အလာမရှိသော ငါတို့မှာ ဂါထာစုဏ္ဏိယ စသည် စီကုံး၍ ကျမ်းစာ ရေးသားခြင်း, ဂါထာစုဏ္ဏိယဖြင့် ရေးသားအပ်သော ကျမ်းစာတို့၏ သဘောကို နားလည်ခြင်း ရှိနိုင်တော့မည် မဟုတ် "ဟု ဆုတ်နစ်စိတ် ဖြစ်နေကြသော စာသင်သားတို့ကို အားတက်စေလိုသောကြောင့် "ကဗ္ဗနာဋက"စသော ၂ ဂါထာကိုမိန့်သည်။[ဣဒါနိ ကဗ္ဗနာဋကေ သု အပရိစိတာနံ အမှာကံ ဂန္ထရစနာ ( ကျမ်းပြုခြင်း ) သဘာဝါဝ ဗောဓောဝါ ( ကျမ်းဂန်တို့၏ သဘောအမှန်ကို သိခြင်း ) ကုတော

www.dhammaransi.com



(အဘယ်မှာရှိတော့အံ့နည်း)၊ဣတိ ဩသက္ကနေ (စိတ်ဆုတ်နစ်နေသူတို့ကို ) ကဗ္ဗနာဋကာဒိဂါထာဒွယေန သမုဿာဟေတိ။]

ဆိုလိုရင်းကား “ ကာဗျကျမ်း နာဋကကျမ်းတို့၌ မျက်စေ့ရော စိတ်ပါချထား၍ စီကုံး ထုံးဖွဲ့မှု၌ အလေ့အလာများသူတို့၏ အဖွဲ့အနွဲ့သည် အံ့ဩစရာမကောင်းပါ၊ ထိုကျမ်းတို့၌ အလေ့အလာမများပါသော်လည်း ပညာရှိများနှစ်သက်လောက်အောင် ဖွဲ့နွဲ့စီကုံးနိုင်သူတို့ကိုသာ “ပင်ကိုယ် ပဋိဘာန် ဉာဏ်ရှိကြပါပေသည် ” ဟု ချီးမွမ်းထိုက်၍ ထိုသူတို့၏ အဖွဲ့အနွဲ့သာ အံ့ဩဘွယ် ကောင်းပါပေသည်” ဟု ဆိုလိုသည်၊ ဥပမာ-“အဿ ရိယော အရဇကေန ဝတ္ထာနံ ရာဂေါ= ပင်းမင်းဆရာ (ဆေးဆိုးဆရာ) မဟုတ်ပါဘဲ အဝတ်တို့ကို ဆေးဆိုးတတ်ခြင်းသည် အံ့ဩဘွယ် ကောင်းပါပေ၏” ဟူသကဲ့သို့တည်း။

**မှတ်ချက်။** ။ဤ ၂ ဂါထာဖြင့် “ကဗ္ဗကျမ်း နာဋကကျမ်းတို့ကို မလေ့လာရသော်လည်း ဤ အလင်္ကာကျမ်းကို လေ့လာကြပါလျှင် အပြစ်ကင်း-ဂုဏ်ပြည့်၍ ပညာရှိ ချီးမွမ်းလောက်အောင် ရေးသားစီကုံးနိုင်မည် ဖြစ်ရကား ဤ အလင်္ကာကျမ်း၌ မျက်စေ့ရော စိတ်ပါချလျက် ကြိုးစားကြပါလေ” ဟုလည်း တိုက်တွန်းရာရောက်သည်။

ကဗ္ဗ။ ။ကဝိနော+ဣဒံ ကဗ္ဗံ၊ ဣဒံ- ဤကျမ်းသည်၊ ကဝိနော- စီကုံးထုံးဖွဲ့တတ်သောပညာရှိ၏+ဥစ္စာတည်း၊ **ဣတိ** ကဗ္ဗံ၊ [ကဝိနောင် ဏျပစ္စည်းသက်၊ ဣကိုယ, ဝကို ဗပြု , ဏ အနုဗန်ကြောင့် ဝုဒ္ဓိလည်းပြု၍ သက္ကတ၌ “ကာဗျ”ဟု ဖြစ်၏၊ ပါဠိ၌ ဗျကို ဗပြု, ဒွေဘော်လာ, ကာ၌လည်း ရဿပြု၍ “ ကဗ္ဗ ” ဟု ဖြစ်၏၊ ထို ကာဗျကိုပင် မြန်မာတို့က “ကဗျာ”ဟု ခေါ်နေကြသည်။]ထို ကဗ္ဗကျမ်းဟူသည်“ကာဠိဒါသဆရာ စီရင်အပ်သော ကုမာရ သမ္ဘဝကျမ်း , လဃုဝံသကျမ်း, မေဃဒူတကျမ်း၊ ဘတ္တိဟရိဆရာ စီရင်အပ်သော ဘတ္တိကဗ္ဗကျမ်း၊ ဗာရဝိဆရာ စီရင်အပ်သော ကိရာတဇ္ဇုနီယကျမ်း၊ သိရီဟဿဆရာ စီရင်အပ်သော နေသဓီရစရိတကျမ်း၊ မာဃဆရာ စီရင်အပ်သော သိသုပါလဝဓကျမ်းစသည်တည်း,ဟု ယောနိဿယ၌သရုပ်ထုတ်ပြ၏၊ ကဗ္ဗ= ကာဗျ ဟူသည်လည်း ရွတ်ဆို၍ ကောင်းအောင် စီကုံးထားအပ်သော ဂါထာကြီးများပင် ဖြစ်သည်။

www.dhammaransi.com



**နာဋကာ**။ ။နဋတိ-က တဘ်၏၊ ဏုတိ နာဋကော (ဏွုပစ္စည်း) ကခြေသည် ဇာတ်သမား၊ ကခြင်းဖြင့် သီချင်းဆိုမှုပါ အဝိနာဘာဝ နည်းဖြင့်ယူ၊ နာဋကဿ + ဣဒံ နာဋကံ - ကခြေသည် ဇာတ်သဘင် သည်တို့ လေ့လာအပ်သော ကပြ သီဆိုနည်းကို ပြသောကျမ်း၊ ထို နာဋကကျမ်းဟူသည် ရာမဇာတ် ဘာရတဇာတ် အစရှိသော ပြဇာတ် တို့တည်း၊ ထိုတွင် ရာမဇာတ်သည် ရာမရသေ့ စီရင်အပ်သော ရာမာ ယဏဇာတ်၊ ဟနုမာန်မျောက် စီရင်သည်ဟု သမုတ်အပ်သော(အမှန် အားဖြင့် ပညာရှိတဦး စီရင်အပ်သော) ဟနုမာန နာဋကဇာတ်ဟု ၂ မျိုးရှိ၏၊ ဘာရတဇာတ် ဟူသည်ကား "ညီနောင်ငါးယောက်နှင့် ညီနောင်တရာတို့ စစ်တိုက်ပုံပြသောဇာတ်တည်း"ဟု ယောနိဿယ၌ ပြထား၏။

**ကဗ္ဗ၊ပေ၊စိတ္တာ**။ ။ကဗ္ဗ **နာဋကေသု** + နိက္ခိတ္တံ ကဗ္ဗ နာဋက နိက္ခိတ္တံ၊ ကဗ္ဗနာဋကနိက္ခိတ္တံ + နေတ္တစိတ္တံ ယေသံတိ ကဗ္ဗနာဋက နိက္ခိတ္တနေတ္တစိတ္တာ= ကဗ္ဗကျမ်း နာဋကကျမ်းတို့၌ (အမြဲ သင်အံ ကြည့်ရှုသောအားဖြင့်) မျက်စိရော စိတ်ပါ ချထားသူတို့၊ "ထိုကျမ်း များကို အမြဲလေ့ကျက်နေသူတို့" ဟု ဆိုလိုသည်။ [ကဗျာရေးရာ၌ စည်းချက်ပိုင်အောင် ကလည်းကတတ်, ဆိုလည်းဆိုတတ်သူ ဖြစ်မှ အရေးလည်းကောင်း၏၊ ထို့ကြောင့် ဖွဲ့နွဲ့စီကုံးသူတို့သည် ကဗ္ဗကျမ်း သာ မက, နာဋကကျမ်းကိုပါ လေ့လာကြရသည်။]

**ယံကိဉ္စိ၊ ပေ၊ ပရံ** ။ ။ ကဗ္ဗ- နာဋကကျမ်းတို့၌ အမြဲလေ့လာ ထားသော ကာလိဒါသဆရာ စသော ပညာရှိတို့ ရေးသား စီကုံး အပ်သော အဖွဲ့အနွဲ့ ကဗျာ- ဂါထာစုဏ္ဏိယတို့သည် အလွန် ကောင်း ပါပေ၏၊ သို့သော် ကဗ္ဗကျမ်း နာဋကကျမ်းတို့ကို အမြဲလေ့လာပြီးမှ ရေးသားအပ်သော ကာဗျဖြစ်၍ အံ့ဩစရာ မကောင်းလှပါ၊ "ဤမျှ လောက် လေ့လာလျှင် ရေးတတ်ကြမှာပေါ့" ဟု ခပ်ပြော့ပြော့ ချီးမွမ်းကြပါလိမ့်မည်- ဟူလို။ [ရစယန္တိ၌ ရစဓာတ်သည် "ကရဏ- ပြုခြင်း"အနက်ရှိ၏၊ "ပြုခြင်း" ဟူသည် ရေးသား စီကုံးခြင်းတည်း၊ ဝိမှယံ- တအံ့တဩ ချီးမွမ်းဘွယ်ကို+ကရောတီတိ ဝိမှယကရံ၊ "ပရံ" ကား "ဥတ္တရ=အလွန်"အနက်ဟော ကြိယာဝိသေသန။]

www.dhammaransi.com



**ပဋိဘာဝန္တော ။** ။ ပဋိ+ပုဗ္ဗ+ဘာဓာတ်၊ ပဋိဘာတိ - ဆိုင်ရာ ကိစ္စသို့ ( အာရုံသို့ ) ရှေးရှုထင်တတ် သိမြင်တတ်၏၊ ဣတိ ပဋိဘာ၊ (အကြောင်းအားလျော်စွာ ဖွဲ့နွဲ့စီကုံးနိုင်သော) ပဋိသန္ဓေက ပေါ်လာသော ဉာဏ်တည်း၊ ထိုဉာဏ်ကိုပင်"သဘာဝိကာစ ပဋိဘာ-ပင်ကိုယ်သဘာဝအတိုင်းဖြစ်လျက်ရှိသော ပဋိဘာန်"ဟု အစီအကုံး ကောင်းသူ၏ အင်္ဂါတပါး အဖြစ်ဖြင့် ဆိုကြသည်၊ ထို ပင်ကိုယ်ဉာဏ်တို့တွင် အရှင်ဝင်္ဂီသထေရ်၏ ဉာဏ်မှာ ရှေးပါရမီကြောင့် ရအပ်သောဉာဏ် ဖြစ်ရကား အလွန်လျင်မြန်၏၊ အကြောင်းဖြစ်ပေါ်လာလျှင် ချက်ခြင်း စီကုံး နိုင်၏၊ ထို့ကြောင့် အရှင်ဝင်္ဂီသကို ပဋိဘာနဝန္တ ပုဂ္ဂိုလ်တို့တွင် ဧတဒဂ် (ထိပ်ဆုံး )တင်တော်မူသည်။

**ဗန္ဓော။** ။ ဗဇ္ဈတေ- ( ပုဒ်တခုနှင့် တခုကို ကာရန်ဝါကျ လှပညီညွတ်အောင်)ဖွဲ့ထားအပ်၏၊ ဣတိ ဗန္ဓော၊ ထိုဖွဲ့ထားခြင်းကို ပန်းပွင့်ကလေးများ စီကုံးထားသကဲ့သို့ စီ+ကုံး ( သီ+ကုံး )ဟု၎င်း, စကား လှပအောင် သုံးနှုန်း ဖွဲ့ဆိုထားခြင်းကြောင့် " အနှုံးအဖွဲ့ " ဟု၎င်း ခေါ်သည် [ "ဗန္ဓောစနာမ"စသော နောက်ဂါထာ၌ ဗန္ဓ၏သဘော လက္ခဏာကို သေချာစွာ ပြဦးလတံ့။]

**သဝိမှယော။** ။ဝိပုဗ္ဗ+မှိဓာတ်သည် အံ့ဩချီးမွမ်းခြင်း အနက်ကို ဟော၏၊ ဝိမှိယတေ-ချီးမွမ်းအံ့ဩအပ်၏၊ ဣတိ ဝိမှယော(ချီးမွမ်း အံ့ဩဘွယ်)၊ သဟ+ဝိမှယေန ယော ဝတ္တတီတိ သဝိမှယော(ဗန္ဓော)။

**အဝိဟိတာဒရာ။** ။ဝိဟိတော+အာဒရော ဝိဟိတာဒရော (ထိုကျမ်းတို့၌ သင်အံလေ့ကျက်သော အားဖြင့် ပြုအပ်သော လေးစားခြင်း = လေးလေးစားစား ပြုခြင်း၊ ) နတ္ထိ+ဝိဟိတာဒရော ယေသံတိ အဝိဟိတာဒရာ- ထိုကျမ်းတို့၌ လေးစားခြင်း မရှိသူတို့။ [ တတ္ထ ပျဝိဟိတာဒရာ- တတ္ထ+အပိ+အဝိဟိတာဒရာ၊ " အပိ " ကား ဂရဟာ ဇောတက၊ လေးလေးစားစား လေ့လာခြင်း မရှိသည်ကို ကဲ့ရဲ့သည်၊ ထို အပိဖြင့် သမ္ဘာဝနာကိုလည်း ဆည်း၍ ဝိညူတောသန=ပညာရှိတို့ နှစ်သက်စေနိုင်ခြင်းကို ချီးမွမ်းသည်။]

www.dhammaransi.com



## မဟာကဗျာ ရေးသားနည်း

က။ သဂ္ဂဗန္ဓော မဟာကဗ္ဗ—မုစ္စတေ တဿ လက္ခဏံ။
ပဏာမော ဝတ္ထု နိဒ္ဒေသော၊ အာသီဝါ ပိစ တံ မုခံ။

ခ။ ဣတိဟာသကထုဗ္ဘူတံ၊ သန္တသန္နိဿယံ ဝါ။
စတုဝဂ္ဂဖလာယတ္တံ၊ စာတုရောဒတ္တနာယကံ။

ဂ။ ပုရဏ္ဏဝုတု သေလိန္ဒု၊ သဝိတူဒယဝဏ္ဏနံ။
ဥယျာနသလိလက္ကီဠာ၊ မဓုပါနရတုဿဝံ။

**က**။ သဂ္ဂဗန္ဓော — သဂ္ဂ အမည်ရှိသော အခဏ်းတို့ဖြင့် ဖွဲ့ဆိုအပ်သော ကဗျာသည်၊ မဟာကဗ္ဗံ — မဟာကဗျာမည်၏၊ အဿ — ထို မဟာကဗျာ၏၊ လက္ခဏံတု—လက္ခဏာကိုကား၊ ဥစ္စတေ—ဆိုအပ်၏၊ ဝါ—ပြဆိုပေအံ့၊ ပဏာမော ဝါ— ရှိခိုးခြင်းသည်၎င်း၊ ဝတ္ထုနိဒ္ဒေသော ဝါ — ထို ကျမ်းနှင့် ဆိုင်သော အကြောင်း အရာကို ညွှန်ပြခြင်းသည်၎င်း၊ အာသီဝါပိစ — တောင့်တခြင်း သည်၎င်း၊ တံမုခံ—ထိုမဟာကဗျာ၏ အစသည်၊ ဘဝေ—ဖြစ်၏။ [ယခုခေတ်၌ ကဏ္ဍ — ပရိစ္ဆေဒကို ထိုခေတ်၌ “ သဂ္ဂ ” ဟု ခေါ်၏၊ ထိုသို့ အခဏ်းပေါင်း များစွာ ပိုင်းခြား၍ ခွဲစိတ်အပ်သည်ကို မဟာကဗ္ဗ (မဟာကာဗျ) ဟု ခေါ်၏၊ ထိုမဟာကဗ္ဗ၌ ရှေးဦးစွာ ပဏာမပုဒ္ဓက, ဝတ္ထုပုဒ္ဓက, အာသီသပုဒ္ဓက ဂန္ထာရမ္ဘတမျိုးမျိုး ရှိသင့်သည်—ဟူလို။]

ခ။ ဣတိဟာသကထုဗ္ဘူတံ— ရာမဝတ္ထု, ဘာရတဝတ္ထု စသော ရှေးက ဖြစ်ဘူးသော ဝတ္ထုတခုခုကို၎င်း၊ ဧတရံ-ဤမှ တပါးသော၊ သန္တသန္နိဿယံ- မှန်ကန်သော အကျင့် အာစာရ၊ ဝါ—သူတော်ကောင်းတို့ မှီဝဲအပ် နည်းယူ အပ်သော အကျင့်အာစာရကို၎င်း၊ စတုဝဂ္ဂဖလာယတ္တံ— တရားကိုကျင့်ခြင်း ဓမ္မ, ကာမဂုဏ်ခံစားခြင်း ကာမ, ဥစ္စာပစ္စည်းကို ရှာမှီးခြင်းအတ္ထ, သံသရာမှ လွတ်ရာလွတ်ကြောင်း အကျင့်ကို ကျင့်ခြင်းမောက္ခဟု ဆိုအပ်သော လေးပါး သော အကျိုးနှင့်ပြည့်စုံသော၊ စာတုရော ဒတ္တနာယကံ-လိမ္မာသောမြတ်သော ပြည့်ရှင်မင်းကို၎င်း၊ မဟာကာဗျေ-မဟာကဗျာ၌၊ ယောဇယေ-ယှဉ်စေရာ၏၊ ဝါ—ပါဝင်အောင် စီရင်ရာ၏။

ဂ။ ပုရဏ္ဏဝုတုသေလိန္ဒု သဝိတူဒယ ဝဏ္ဏနံဝါ — မြို့, သမုဒြာ, ဥတု, တောင်, လထွက်ခြင်း, နေထွက်ခြင်းတို့ကို ချီးမွမ်းခြင်းကို၎င်း၊ ဥယျာန သလိ လက္ကီဠာမဓုပါနရတုဿဝံဝါ — ဥယျာဉ်ရေကန်၌ ကစားခြင်း, ချိုမြိန်သော အဖျော်ကိုသောက်ခြင်း , သို့မီးရီးစား ပေါင်းဆုံခြင်း ကို၎င်း၊ မဟာကာဗျေ— မဟာကဗျာ၌၊ ယောဇယေ— ယှဉ်စေရာ၏။

www.dhammaransi.com



ဃ။ ဝိပ္ပလမ္ဘ ဝိဝါဟေဟိ၊ ကုမာရောဒယဝဍ္ဎိဟိ။
မန္တ ဒူတ ပယာနာဇိ၊ နာယကဗ္ဘုဒယေဟိပိ။

င ။ အလင်္ကတ မသံခိတ္တံ၊ ရသဘာဝ နိရန္တရံ။
နာတိဝိတ္ထိဏ္ဏ သဂ္ဂေဟိ၊ ပိယဝုတ္တ သုသန္ဓိဘိ။

စ ။ သဗ္ဗတ္ထ ဘိန္နသဂ္ဂန္တေ—ဟုပေတံ လောကရဉ္ဇကံ။
ကဗ္ဗံ ကပ္ပန္တရဋ္ဌာယီ၊ ဇာယတေ သာဓုလင်္ကတိ။

ဃ-င-စ။ ဝိပ္ပလမ္ဘ ဝိဝါဟေဟိ-သို့မီးခင်ပွန်း ကွဲခြင်း, ထိမ်းမြားလက်ထပ်ခြင်း တို့ဖြင့်၎င်း၊ ကုမာရောဒယ ဝဍ္ဎိဟိ—သား သမီး မြေးမြစ်တို့ တိုးပွားခြင်းတို့ဖြင့်၎င်း၊ မန္တ ဒူတ ပယာနာဇိ နာယကဗ္ဘုဒယေဟိပိ—တိုင်ပင်ခြင်း,တမန်လွှတ်ခြင်း , စစ်တိုက်ထွက်ခြင်း , စစ်တိုက်ခြင်း , မိမိတို့၏ ပြည့်ရှင်မင်း စစ်အောင်ခြင်းတို့ဖြင့်၎င်း၊ အလင်္ကတံ—တန်ဆာဆင်အပ်သော၊ အသံခိတ္တံ—မကျဉ်းလွန်းသော၊ ရသဘာဝ နိရန္တရံ—ရသဘာဝတို့နှင့် ပြည့်စုံသော၊ နာတိဝိတ္ထိဏ္ဏ သဂ္ဂေဟိ — မကျယ်လွန်းသော အခဏ်းတို့နှင့်၎င်း၊ ပိယဝုတ္တ သုသန္ဓိဘိ—နှစ်သက်ဘွယ်သော ဂါထာဗန္ဓ, နှစ်သက်ဘွယ်သော အစပ် အနုသန္ဓေတို့နှင့်၎င်း၊ သဗ္ဗတ္ထ— ခပ်သိမ်းသော အခဏ်းတို့၌၊ ဘိန္နသဂ္ဂန္တေဟိ—အဆုံး၌ထူးသောဂါထာတို့နှင့်၎င်း၊ ဥပေတံ·ပြည့်စုံသော၊ လောကရဉ္ဇကံ—လူများကို နှစ်သက်စေတတ်သော၊သာဓုလင်္ကတိ-နှစ်သက်ဘွယ်ကောင်းသောအလင်္ကာရှိသော၊ ကဗ္ဗံ-မဟာကဗျာသည်၊ကပ္ပန္တရဋ္ဌာယီ—ကမ္ဘာပျက်သည်တိုင်အောင်တည်သည်၊ ဇာယတေ—ဖြစ်၏။

ပြဆိုအပ်ခဲ့ပြီးသော မဟာကဗျာအင်္ဂါတို့နှင့် အကုန်လုံး မပြည့်စုံမူ၍ အချို့အဝက် ယုတ်စေကာမူ ကဗျာတို့၏ အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံပါမူကား စာရေးဆရာ ကဗျာတတ်သိ ပညာရှိတို့ကို နှစ်သင့်မြဲစေနိုင်ကုန်၏။

မိမိတို့၏ အရှင်သခင်ကို ချီးမွမ်းရာ၌ မိမိတို့၏ အရှင်သခင်၏ ဂုဏ်ကို ရှေးဦးစွာ ဆို၍ ထိုဂုဏ်နှင့် ပြည့်စုံခြင်းကြောင့် တပါးသော ရန်သူတို့ကို အောင်နိုင်ပုံဖြင့် ချီးမွမ်းခြင်းသည် ပကတိသော ချီးမွမ်းခြင်းမည်၏၊ သို့မဟုတ် ရန်သူမင်း၏အမျိုးအနွယ် ဉာဏ်ပညာ လုံ့လဝီရိယတို့ကို ရှေးဦးစွာချီးမွမ်း၍ ထိုကဲ့သို့သော တန်ခိုးဇုဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပြည့်ရှင်မင်းကိုပင် အောင်နိုင်ကြောင်းဖြင့်လည်း ချီးမွမ်းရာ၏။

[ ဤအဓိပ္ပါယ်တို့နှင့် ဆိုင်ရာဂါထာများကို ဋီကာတို့မှာ ရှု။ ]

## ဗန္ဓ၏ သဘောနှင့် အပြား

**ဂ။ ဗန္ဓောစနာမ သဒ္ဒတ္ထာ, သဟိတာ ဒေါသဝဇ္ဇိတာ၊**
**ပဇ္ဇ ဂဇ္ဇ ဝိမိဿာနံ, ဘေဒေနာယံ တိဓာ ဘဝေ။**

**ဂ။ ဗန္ဓော စ နာမ - ဗန္ဓ မည်သည်လည်း၊ ဒေါသဝဇ္ဇိတာ- ဆိုအပ်လတ့်သော အပြစ်တို့သည် ကြဉ်အပ်ကုန်သော၊ ဝါ-ဆိုအပ် လတ့်သော အပြစ်တို့မှ ကင်းကုန်သော၊ သဟိတာ - ရှေ့နောက် စပ်လျက် တကွ နက်ဖြစ်ကုန်သော၊ သဒ္ဒတ္ထာ - သဒ္ဒါ, အနက်တို့ တည်း၊ အယံ-ဤဗန္ဓသည်၊ ပဇ္ဇ ဂဇ္ဇ ဝိမိဿာနံ- ဂါထာသက်သက် ဖွဲ့စီအပ်သော ပဇ္ဇဗန္ဓ , စုဏ္ဏိယသက်သက် ဖွဲ့စီအပ်သော ဂဇ္ဇဗန္ဓ, ဂါထာ စုဏ္ဏိယရော၍ ဖွဲ့စီအပ်သော ဝိမိဿဗန္ဓတို့၏၊ ဘေဒေန- အပြားအားဖြင့်၊ တိဓာ- ၃ ပါးပြားသည်၊ ဘဝေ-ဖြစ်၏။**

× × × × × × ×

ဂ။ **ဗန္ဓောစ နာမ၊ ပေ၊ ဘဝေ ။** ॥ " သောဝ ဗန္ဓော သဝိမှယော " ဟူသော( ရှေ့ဂါထာလာ ) စကားရပ်၌" ဗန္ဓ " ဟူသည် အဘယ်နည်း , ထို ဗန္ဓသည် အဘယ်မျှ ပြားသနည်း — ဟု မေးဘွယ် ရှိသောကြောင့်"ဗန္ဓောစနာမ"စသော ဂါထာကိုမိန့်၊"ဆိုအပ်လတ့် သော ပဒဒေါသစသည်တို့မှကင်း၍ ပုဒ်ချင်း အနက်ချင်း ဆက်သွယ်၍ နေသော သဒ္ဒါ-အနက်တို့သည် ဗန္ဓ (အဖွဲ့)မည်၏၊ ထိုဗန္ဓသည် ပဇ္ဇ ဗန္ဓ, ဂဇ္ဇဗန္ဓ, မိဿကဗန္ဓအားဖြင့် ၃ ပါးပြားသည် "ဟူလို။

**ဗန္ဓောစ နာမ ၊ ပေ၊ သဟိတာ ။** ॥ ဤစကားဖြင့် အဖွဲ့ဗန္ဓ၏ သဘောလက္ခဏာကိုပြသည်၊ ဗန္ဓောစ၌ စသဒ္ဒါသည် ရှေ့ဂါထာလာ ဗန္ဓကို ပြန်၍ငဲ့ခြင်း အပေက္ခာ အနက်ရှိ၏၊ [ ဋီကာဟောင်း၌ကား " ဝတ္ထုဗ္ဗန္တရသ - ဆိုထိုက်သော အနက်တပါးကို+သမုစ္စယော- ပေါင်းစည်းခြင်း " ဟု ဆို၏၊ ထို အတိုင်းပင် ဋီကာကြီးများလည်း ဖွင့်လေ့ရှိကြသည်။]သဟ-ရှေ့နောံ ဆက်စပ်လျက်+ဇာတာ-ဖြစ်သော သဒ္ဒတ္ထတို့တည်း၊ သဟိတာ- တို့၊ [ သမ္ဗန္ဓ အနက်ဟော သဟနိပါတ် လည်း ထောမနိဓိ၌ ရှိ၏။ ] " သဒ္ဒါနည်းအားဖြင့် အချင်းချင်းဆက် သွယ်လျက် စာစပ်၍ရသောသဒ္ဒါအပေါင်း,အနက်အဓိပ္ပါယ်အားဖြင့် လောကသုံးစွဲရိုးဖြစ်၍ ဆက်သွယ်ယူနိုင်သော အနက်အပေါင်းသည် ဗန္ဓမည်၏ "ဟူလို။

www.dhammaransi.com



ဆက်ဦးအံ့—"စက္ခုမာ ရူပံ ဒသ ဒါဋ္ဌိမော" ဤပုံစံ၌ သဒ္ဒါတွေ များနေ၍ " သဒ္ဒါအပေါင်း " ဟု ဆိုရသော်လည်း တပုဒ်နှင့်တပုဒ် ကား အနက်အဓိပ္ပါယ် ဆက်သွယ်ခြင်း မရှိကြ၊"မျက်စိရှိသူ, ရူပါရုံ, ဆယ်ခုတို့ , သလဲပင် " ဤသို့ အနက်အပေါင်း ဖြစ်နေသော်လည်း တနက်နှင့်တနက် ဆက်သွယ်ခြင်း မရှိကြ၊ [အမရကောသ နိဿယ၌ " ဒါဋ္ဌိမော - သလဲပင် " ဟု ပေး၏။ ] ဤသို့ ပုဒ်-အနက် အားဖြင့် ဆက်သွယ်ခြင်းမရှိကြလျှင်"ဗန္ဓ"ဟု မခေါ်နိုင်၊"ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ-ဘုရားကို ရိုသေစွာ ရှိခိုးပါ၏"စသည်ဖြင့် ပုဒ်ချင်း စာစပ်၍ရ-အနက် ချင်းလည်း အဓိပ္ပါယ်ဆက်သွယ်၍ရသောပုဒ်အနက်အပေါင်းကိုသာ "ဗန္ဓ" ဟု ခေါ်ရသည်။

**ဒေါ်သဝဇ္ဇိတာ။** ။ဒေါ်သေဟိ-ဆိုအပ်လတ္တံ့သော ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထ ဒေါ်သတို့သည်+ဝဇ္ဇိတာ - ရှောင်ကြဉ်အပ် သော သဒ္ဒါအနက်တို့တည်း၊ဒေါသဝဇ္ဇိတာ-တို့၊ဝါကျရိုးရိုး၌ အပြစ် ရှိသည်ဖြစ်စေ-မရှိသည်ဖြစ်စေ ပုဒ်အနက်တို့ ရှေ့နောက် ဆက်သွယ် နေလျှင် "ဝါကျ" ဟု ခေါ်နိုင်၏၊ " ဗန္ဓ - အဖွဲ့အနွဲ့ အစီအကုံး" ဟု ဂုဏ်ထူးတပ်ရသော ဝါကျမျိုး၌ကား ဆိုအပ်လတ္တံ့သော ပဒဒေါသ စသည် ကင်းစင်မှသာ "ဗန္ဓ" ဟု ခေါ်နိုင်သည်။

**ပဇ္ဇ။** ။ပဒ်(စရဏ)-ခြေကို+အရဟတိ- ထိုက်၏၊ ဣတိ ပဇ္ဇံ၊ (ထောမနိဓိ ဝိဂ္ဂဟ၊ ပဒနောင် အရဟတိ အနက်၌ "ယတ်" ပစ္စည်း၊ တ်ချေ၍ သဏ္ဍတ၌ ပဒျ, ပါဠိ၌ ဒျကိုဇပြု, ဒွေဘော်လာ၍ "ပဇ္ဇ" ဟု ဖြစ်၏၊ ဂါထာ၌ ၄ ပါဒသည် ခြေ ၄ ချောင်း တပ်ထားသည်နှင့် တူရကား ခြေတပ်ထိုက်သော ဝါကျအထူးကို " ပဇ္ဇ - ဂါထာ " ဟု ခေါ်၏၊ ထို ဂါထာဖြင့် ဖွဲ့စီအပ်သောအဖွဲ့ အစီအကုံးသည်"ပဇ္ဇဗန္ဓ" မည်၏၊ မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ် , ကေနိပါတ် စသော ဗန္ဓမျိုးတည်း၊ထိုသုတ်တို့၌ ရှေ့ပိုင်းမှာပါသောစုဏ္ဏိယသည် သုတ်ရင်း မဟုတ်, နောက်မှထည့်အပ်သော အခြေခံနိဒါန်းတို့သာ။

**ဂဇ္ဇ, ဝိမိဿ။** ။ဂဒဓာတ်သည် ရွတ်ဆိုခြင်းအနက်ကို ဟော၏၊ ယတ် ပစ္စည်း၊ ဂဇ္ဇတေ-ရွတ်ဆိုအပ်၏၊ ဣတိ ဂဇ္ဇံ၊ "ပါဒ မည်မျှ ရှိရ မည်"ဟု သတ်မှတ်ခြင်းမရှိသော(ဂါထာလုံးလုံး မပါသော)စုဏ္ဏိယ အဖွဲ့တည်း၊ ပါရာဇိကဏ်-ဝေရဉ္ဇကဏ္ဍစသော ပါဠိတော်မျိုးတည်း၊

www.dhammaransi.com



ဂါထာနှင့် စုဏ္ဏိယရောလျက် ဖွဲ့အပ်သော အဖွဲ့သည် ဝိမိဿအဖွဲ့ မည်၏၊ ဓဇဂ္ဂသုတ် စသော အဖွဲ့မျိုးတည်း။

**မဟုဿုတ မှတ်ဘွယ်**

**ပဇ္ဇအပြား။** ။မုတ္တက, ကုလက, ကောသ, သံဃာတ—ဟု ပဇ္ဇ ၄ မျိုး ပြား၏၊ တဂါထာတည်းဖြင့် အပြီးဖွဲ့အပ်သော ပဇ္ဇသည် မုတ္တက မည်၏၊ ဧကနိပါတ် ဇာတ်ဂါထာ, ဧကနိပါတ်ထေရ— ထေရီဂါထာ, ဓမ္မပဒ၌ "မနောပုဗ္ဗင်္ဂမာ" စသော ဂါထာမျိုးတည်း၊ ၂ ဂါထာ ၃ ဂါထာမှ စ၍ ၅ ဂါထာရှိမှ ပြီးသောအဖွဲ့သည် ကုလကမည်၏၊ ပဉ္စကနိပါတ်ဇာတ်, ပဉ္စကထေရ— ထေရီဂါထာမျိုးတည်း၊ အနက်အချင်းချင်း မငဲ့သော ကိုယ့်ကြိယာနှင့် ကိုယ်ဖြစ်သော ဂါထာအပေါင်းသည် (တိုက်—ကျီနှင့် တူသောကြောင့်) ကောသ မည်၏၊ အဘိဓာန်ကျမ်းလာ ဂါထာမျိုးတည်း၊ အကြောင်းအရာ တခုခုကို ဂါထာများစွာဖြင့် ဖွဲ့အပ်သော အဖွဲ့သည် သံဃာတ မည်၏၊ ဆတ္တနိပါတ်စသော ဇာတ်, ဆတ္တထေရ — ထေရီဂါထာမျိုး , မေဃဒူတကာဗျမျိုးတည်း၊ ထို ကာဗျ၌ မိုဃ်းတိမ်ကို တမန်သည်အနေထား၍ သူ၏ နတ်မိဖုရားထံ နတ်တယောက်က မှာကြားပုံကို ကာလိဒါသဆရာ ဖွဲ့ထားသည်။ [ ဆန်းကျမ်း၌ကား—ဝုတ္တ, ဇာတိ(တနည်း—ဝဏ္ဏဝုတ္တိ, မတ္တာဝုတ္တိ) အားဖြင့် ပဇ္ဇ ၂ မျိုး ပြား၏၊ တတ္ထ ပဇ္ဇံ နာမ အမေဟိယေဝ ဝိရစိတေ ဝုတ္တောဒယာချေ ( ဝုတ္တောဒယ အမည်ရှိသော ) ဆန္ဒသိ နိရူပိတာ ( ပြအပ်ကုန်သော ) ဝုတ္တဇာတိပဘေဒါ စတုပဒီ ဂါထာ၊— ဋီကာဟောင်း။ ] ဤစကားကိုထောက်၍ အလင်္ကာဋီကာဟောင်းကို အရှင်သံဃရက္ခိတကိုယ်တိုင် ရေးအပ်သောကျမ်း ဟု သိရသည်။

[ဆောင်] (၁) တဂါထာတည်း, အပြီးဖွဲ့က, ထိုပဇ္ဇ, မုတ္တက ဟု ခေါ်။

(၂) နှစ်သုံးလေးငါး , ဂါထာများဖြင့် , ပြီးငြားစေက , ထို ပဇ္ဇ , ကုလက ဟု ခေါ်။

(၃) အနက်ချင်းချင်း, အလျှင်း မငဲ့, ကိုယ့်ရဲ့ကြိယာ, ကိုယ်စီ ပါငြား, ဂါထာများ, မှတ်သား ကောသခေါ်။

(၄) ကြောင်းရာတခု , ဂါထာစုဖြင့် , ပေါင်းစုဖွဲ့က , ထိုပဇ္ဇ , သံဃာတ ဟု ခေါ်။

**ဂဇ္ဇအပြား။** ။မုတ္တက, ဝုတ္တဂန္ဓိ, ဥက္ကလိကာပါယ, စုဏ္ဏက— အားဖြင့် ဂဇ္ဇ ၄ မျိုးပြား၏၊ သမာသ်မပါသောအဖွဲ့သည် မုတ္တကမည်၏၊ ဂါထာ၏ ပါဒကိုရင်း, ပါဒ၏အစိတ်အပိုင်းကိုရင်း, ထည့်သွင်း၍ဖွဲ့အပ်သော ဂဇ္ဇသည် ဝုတ္တဂန္ဓိမည်၏၊ ရှည်လျားများပြားသော သမာသ်ပါသော ဂဇ္ဇသည် ဥက္ကလိကာပါယ မည်၏၊ သမာသ် အနည်းငယ်သာပါသော ဂဇ္ဇသည် စုဏ္ဏက မည်၏။

www.dhammaransi.com



[ယခုကာလ၌ကား ဂါထာ မဟုတ်သော ပါဠိဝါကျများကို "စုဏ္ဏိယ" ဟု ခေါ်နေကြသည်။]

**[ဆောင်]** (၁) သမာသ်မပြ, ထိုဂဒ္ဒ, မုတ္တကဟု ခေါ်။

(၂) ဂါထာတွင်းမှ, ပါဒယူဘိ, ပါဒ၏လည်း, တစိတခင်း, ပုဒ်ကိုသွင်းပြ, ထိုဂဒ္ဒ, ဝုတ္တဂန္ဓိခေါ်။

(၃) ရှည်လျားများစွာ, သမာသ်ပါက, ထိုဂဒ္ဒ, ဥက္ကလိကာ ပါယခေါ်။

(၄) သမာသ်မကျယ်,အနည်းငယ်မျှ,ပါဂဒ္ဒ, စုဏ္ဏကဟုခေါ်။

**အာချာယိကာ, ကထာ။** ။"အချာယိကော ပလဒ္ဓတ္ထာ, ပဗန္ဓကပ္ပနာ ကထာ" ဟူသော အဘိဓာန် (၁၁၃) နှင့်အညီ . တစုံတယောက်၏ ဟုတ်မှန် ထင်ရှားသောအတ္ထုပ္ပတ္တိ (အဖြစ်အပျက်ကို) ဖွဲ့စပ်အပ်သောဗန္ဓသည် အာချာ ယိကာ မည်၏၊ အမှန်နည်းပါး လုပ်ကြံထားသော အကြောင်းအရာတွေသာ များသောအဖွဲ့သည် ကထာမည်၏။

---

**ဗျဂ်နယ ၉ ပါး။** ။"သဒ္ဒတ္ထာ"ဟူသော ပါဌ်နှင့်စပ်၍ ဋီကာနိဿယတို့ ထုတ်ပြအပ်သော ဗျဂ်နယသည် ဝါစကသဒ္ဒါ, လက္ခကသဒ္ဒါ, ဗျဉ္ဇကသဒ္ဒါ ဟု သဒ္ဒါ ၃ ပါး၊ မုချဗျာပါရ, လက္ခဏဗျာပါရ, ဗျဉ္ဇကဗျာပါရဟု ဗျာပါရ ၃ပါး၊ ဝစ္စတ္ထ, လက္ခဏိယတ္ထ, ဗျဂ်တ္ထဟု အတ္ထ ၃ ပါး,ဤသို့အားဖြင့် ၉ ပါးရှိ၏၊ ထို ၉ ပါးလုံးကို အဆုံး ဗျဂ်တ္ထဖြင့်မှတ်၍ ဗျဂ်နယ ၉ ပါး ဟု ခေါ်၏။

ဝါစကော လက္ခကောစေဝ, ဗျဉ္ဇကော တိဝိဓော မတော။
သဒ္ဒေါ ဗျာပါရဘေဒေန, အတ္ထောပိ တေဟိ သံသိယော။

ဝါစကော— ဝါစကသဒ္ဒါငင်း၊ ပေ၊ ဗျဉ္ဇကော—ငင်း၊ ဣတိ—သို့၊ သဒ္ဒေါ— ကို၊ ဗျာပါရဘေဒေန – သဒ္ဒါ၏ ဟောစွမ်းနိုင်သော သတ္တိ ဗျာပါရ အပြား အားဖြင့်၊ တိဝိဓော— ဟူ၍၊ မတော— သိအပ်၏၊ တေဟိ - ထို သဒ္ဒါတို့သည်၊ သံသိယော-ဟောအပ်သော၊ အတ္ထောပိ-အနက်ကိုလည်း၊ တိဝိဓော,မတော- ၏၊ [ဝါစကသဒ္ဒါကို မုချသဒ္ဒါဟုလည်း ခေါ်၏။]

ထိုတွင် ဝါစကသဒ္ဒါသည် သွတ္တ (သကတ်) ကို ဟော၏၊ လက္ခက သဒ္ဒါ သည် ခြံကို ဟော၏၊ ဗျဉ္ဇကသဒ္ဒါသည် ဝဒန္တပုဂ္ဂိုလ် ဆိုလိုအပ်သောအနက် ကိုဟော၏၊ ထိုသဒ္ဒါ ၃ မျိုး၏ ဟောစွမ်းနိုင်သော သတ္တိ ၃ မျိုးသည် ဗျာပါရ ၃ မျိုးမည်၏။ [ဂါထာ၌ "နေသံ"ဟု ဆိုလိုသည်။]

ဝါစကော သွတ္တဝါစီစ, လက္ခကော ဒဗ္ဗဝါစကော၊
ယထိစ္ဆိတတ္ထော ဗျဉ္ဇကော, ဗျာပါရော နေသ သတ္တိယော။

www.dhammaransi.com



ထိုတွင် သ္ဗတ္တ ( သကတ်နက် ) သည် သဒ္ဒါတိုင်းမှာ မပြောင်းမလွဲ အမြဲတည်သောကြောင့် ဝစ္စတ္ထမည်၏၊ ဒြဗ်ကား ရွေ့ရှား ပြောင်းလွဲတတ်သောကြောင့် လက္ခိယတ္ထမည်၏။ [ " ဝိသာဏီ– ဉုးချိုရှိသော နွား, ကျွဲ " ဟူရာ၌ ဉုးချိုဟူသော သကတ်နက်သည် မပြောင်း၊ ဒြဗ်နက်ကား နွားလဲ ဟုတ်နိုင် ကျွဲလဲ ဟုတ်နိုင်၍ အပြောင်းအလွဲရှိသည် – ဟူလို။ ] ဝါကျတခုလုံးဖြင့် ဖြစ်စေ, ဝါကျ၏ အစိတ်ဖြစ်သော ပုဒ်ဖြင့် ဖြစ်စေ, ဝဒန္တပုဂ္ဂိုလ် တောင့်တအပ်သော အနက်သည် ဗျင်္ဂတ္ထမည်၏။ [ ဝိသေသေန– သဒ္ဒတ္ထမှထူးသောအားဖြင့်+ အဉီယတေ-သိအပ်၏၊ ဇုတိ ဗျင်္ဂေါ၊ ဗျင်္ဂေါစ+သော+အတ္ထောစာတိ ဗျင်္ဂတ္ထော။ ]

သ္ဗတ္ထော ဝစ္စော သဒါဋ္ဌတ္တာ, ဒဗ္ဗံ စုတံ တု လက္ခိယော၊
အာသီသတ္ထော ဗျင်္ဂေါနာမ, ဝါကျေနာဝယဝေန ဝါ။

သဒါဋ္ဌတ္တာ – မပြောင်းမလွဲ အမြဲတည်သည်၏ အဖြစ်ကြောင့်၊ သ္ဗတ္ထော– သကတ်နက်သည်၊ ဝစ္စော – ဝစ္စတ္ထ မည်၏၊ စုတံ– ရွေ့ရှား ပြောင်းလွဲတတ်သော၊ ဒဗ္ဗံဘု-ကား၊ လက္ခိယော–လက္ခိယတ္ထမည်၏၊ ဝါကျေနဝါ–ဝါကျတခုလုံးဖြင့်ဖြစ်စေ၊ အဝယဝေနဝါ–ဝါကျ၏အစိတ်အပိုင်းပုဒ်ဖြင့် ဖြစ်စေ၊ အာသီသတ္ထော – ဝဒန္တပုဂ္ဂိုလ် ဆိုလိုအပ် တောင့်တအပ်သော အနက်သည်၊ ဗျင်္ဂေါနာမ–ဗျင်္ဂတ္ထမည်၏။ [ ဝစ္စတ္ထကို မုချတ္ထလည်း ခေါ်၏။ ]

**ပုံစံ ။** ။ မုနိန္ဒ ဝဒနမ္ဗောဇ – ဂါထာ၌ ဝဒနသဒ္ဒါ၏ ခံတွင်းဟူသော အနက်သည် ဝါစ္စတ္ထ၊ ထိုအနက်ကိုဟောခိုက်ဖြစ်သော ဝဒနသဒ္ဒါသည် ဝါစက သဒ္ဒါ၊ ထို ဝဒနသဒ္ဒါ၏ ခံတွင်းအနက်ကို ဟောစွမ်းနိုင်သော သတ္တိသည် ("မုခေ–အစ၌+ဘဝေါ–ဖြစ်သည်တည်း"နှင့်အညီ အစဖြစ်သောကြောင့်) မုချဗျာပါရ မည်၏၊ ဝဒနသဒ္ဒါ၏ ( တင်စားထားသော သဒ္ဒိသူပစာရတ္ထ ) ကြာတိုက်ဟူသောအနက်သည် ထို ဝစ္စတ္ထ သကတ္ထဖြင့် မှတ်အပ်သောကြောင့် လက္ခိယတ္ထ ( လက္ခဏီယတ္ထ ) မည်၏၊ ထိုကို ဟောတတ်သော သဒ္ဒါသည် လက္ခကမည်၏၊ ထိုသဒ္ဒါ၏ သတ္တိဗျာပါရသည် လက္ခကဗျာပါရ မည်၏။

ဝါကျတခုလုံး၏ ဟောနက်ဖြစ်သော " မိမိစိတ်ကို နှစ်သက်စေလိုခြင်း" အနက်သည်၎င်း, ထိုသို့နှစ်သက်သဖြင့် အန္တရာယ်ကင်း ကျမ်းပြီးခြင်းဟူသော လိုလားအပ်သော အနက်သည်၎င်း, ဗျင်္ဂတ္ထမည်၏၊ ထိုကို ဟောခိုက်ဖြစ်သော ဝါကျတခုလုံး၏ အစိတ်အပိုင်း ဝဒနသဒ္ဒါသည် ဗျဉ္ဇကသဒ္ဒါ မည်၏၊ ထိုကို ဟောစွမ်းနိုင်သော သတ္တိဗျာပါရသည် ဗျဉ္ဇကဗျာပါရ မည်၏။ [ သဒ္ဒါဝိစ် အဓိပ္ပါယ်ကိုကြည့်၍ " ဝိသာဏီ "စသော ပုဒ်များ၌လည်း ဗျင်္ဂနယ ၉ ပါးကို ထုတ်ကြပါလေ။ ]

www.dhammaransi.com



## ဗန္ဓ ၂ မျိုးနှင့်အလင်္ကာရအကျိုး

၉။ နိဗန္ဓောစာနိဗန္ဓောစ, ပုန ဒွိဓာ နိရူပ္ပတေ၊
တံတု ပါပေန္တု၊ လင်္ကာရာ, ဝိန္ဒနီယတရတ္တနံ။

၉။ ပုန-တဖန်၊ (ပဇ္ဇမယဗန္ဓော-ဂါထာဖြင့် ပြုစီရင်အပ်သော အဖွဲ့မျိုးကို၊) နိဗန္ဓောစ-နိဗန္ဓအဖွဲ့မျိုးငှင်း၊ အနိဗန္ဓောစ-အနိဗန္ဓအဖွဲ့ မျိုးငှင်း၊ ဣတိ – ဤသို့၊ ဒွိဓာ – နှစ်ပါးအပြားအားဖြင့်၊ နိရူပ္ပတေ- ထင်ရှားပြအပ်၏၊ ဝါ-ဆုံးဖြတ်အပ်၏၊တု-ဆက်ဦးအံ့၊ တံ-ထိုအဖွဲ့ အမျိုးမျိုးကို၊ အလင်္ကာရာ - ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ , အတ္ထာလင်္ကာရ တို့သည်၊ ဝိန္ဒနီယတရတ္တနံ - အလွန် နှစ်သက်အပ် သည်၏ အဖြစ်သို့၊ ပါပေန္တု-ရောက်စေနိုင်ကုန်၏။

× × × × × × ×

၉။ **နိဗန္ဓောစ၊ပေ၊ တ္တနံ။** ။ပဇ္ဇ , ဂဇ္ဇ , ဝိမိဿအားဖြင့် ဗန္ဓ ၃ မျိုး ပြားပုံကို ပြပြီး၍ , ပဇ္ဇဗန္ဓ၏ ၂ မျိုးပြားပုံနှင့် အလင်္ကာတို့၏ အကျိုးကို ပြလိုသောကြောင့် " နိဗန္ဓောစ " စသော ဂါထာကိုမိန့်၊ ဆိုလိုရင်းကား - "ထို ပဇ္ဇဗန္ဓသည် နိဗန္ဓ , အနိဗန္ဓအားဖြင့် ၂ ပါး ပြား၏၊ထိုဗန္ဓကိုလည်း ဆိုအပ်လတ္တံ့သော အလင်္ကာရတို့က နှစ်သက် စရာ ကောင်းလောက်အောင် တန်ဆာဆင်နိုင်ကြသည်" ဟူလို။ [နိရူ ပ္ပတေ၌ နိပုဗ္ဗရူပဓာတ်သည် ထင်ရှားပြခြင်း အနက်ကိုဟော၏၊ဋီကာ တို့ကား နိစ္ဆိယတေဟု ဖွင့်ကြသည်၊ယပစ္စည်းဖြင့် ပ္ပဟု ဖြစ်သောအခါ ရှု၌ ရသပြု။]

**နိဗန္ဓ, အနိဗန္ဓ။** ။နိ+ဗန္ဓ၊ နိ (နိရန္တရံ) - အဆက်မပြတ် (ရှေ့ ဂါထာနှင့်နောက်ဂါထာကို အနက်အဓိပ္ပါယ်အားဖြင့် ဆက်စပ်စေ၍)+ ဗန္ဓော-ဖွဲ့အပ်သော အဖွဲ့အနွဲ့သည်၊နိဗန္ဓော-နိဗန္ဓအဖွဲ့မည်၏၊မုတ္တက စသော ဖွဲ့နည်း ၄ မျိုးလုံး ပါဝင်စေလျက် ဖွဲ့အပ်သော ကာဗျကြီး များသည် နိဗန္ဓမည်၏၊ မုတ္တကတမျိုးဖြင့်သာ ဖွဲ့အပ်သော (တဂါထာ ဖြင့် ပြီးသော) ကာဗျအငယ်စားသည် " န + နိဗန္ဓော-အနိဗန္ဓော" အရ အနိဗန္ဓ မည်၏၊ [ ဤ နိဗန္ဓအဖွဲ့ အနိဗန္ဓ အဖွဲ့ကို ပဇ္ဇအပြား ဟု ဋီကာတို့ ဆိုကြ၏။ ] ပုန ဘိယျော ( အလွန်၊ ဝါ- တဖန်၊ ) ယထာ ဝုတ္တော ပဇ္ဇမယဗန္ဓော၊ပေ၊ နိဗန္ဓောစ တဒေကဒေသဘူတေဟိ ( ထို ပဇ္ဇ၏ အစိတ်အပိုင်းဖြစ်ကုန်သော ) မုတ္တကာဒီဟိ စတူဟိ သဂ္ဂဗန္ဓာဒိ

www.dhammaransi.com



## တန်ဆာဆင်မှု တင့်တယ်ကြ

၁၀။ အနဝဇ္ဇံ မုခမ္ဘောဇ, မနဝဇ္ဇာစ ဘာရတီ၊
အလင်္ကာဝ သောဘန္တေ, ကိံ နု တေ နိရလင်္ကာ။

၁၀။ အနဝဇ္ဇံ-အပြစ်မရှိသော၊ မုခမ္ဘောဇံ - မျက်နှာတည်းဟူသော ကြာပန်းသည်၎င်း၊ အနဝဇ္ဇာ - အပြစ် မရှိသော၊ ဘာရတီစ - အဖွဲ့ အနွဲ့သည်၎င်း၊ အလင်္ကာဝ - တန်ဆာဆင်အပ်ကုန်မှုသာ၊ သောဘန္တေ-ရှုဘွယ် နာဘွယ်, တင့်တယ်နိုင်ကုန်၏၊ တေ-ထိုမျက်နှာ အဖွဲ့ အနွဲ့တို့သည်၊ နိရလင်္ကာ-တန်ဆာ မဆင်အပ်ကုန်သည်၊ (သမာနာ - ဖြစ်ကုန်လသော်၊ ) ကိံ နု သောဘန္တေ-

× × × × × ×

ဝသေန(သဂ္ဂအခက်း အစရှိသည်တို့ဖြင့် ဖွဲ့အပ်သော မဟာကာဗျ၏ အစွမ်းဖြင့် ) နိဗန္ဓော စ၊ အနိဗန္ဓော စ ကေဝလံ မုတ္တကဝသေန။ — ဋီကာဟောင်း။]

[ဆောင်] မုတ္တကစသည်, မျိုး ၄ လီတို့, စုံညီသောအား, အခက်းများဖြင့်, ဖွဲ့ထားကျယ်စွာ, ထိုကာဗျ, နိဗန္ဓ ဟု ခေါ်။
သက်သက်မုတ္တကာ , တစ်ဂါထာဖြင့် , ငယ်စွာဖွဲ့ပြ , ထိုကာဗျ, အနိဗန္ဓ ခေါ်။

တံတုပ္ပေါ်ဘာတ္တန်။ ။ပါပေန္တု လင်္ကာရာ-ပါပေန္တိ+အလင်္ကာရာ=ဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့သည် ထိုအဖွဲ့ များကို နဂိုရ်နှစ်သက်ဘွယ် ကောင်းသည်ထက် သာ၍ နှစ်သက်ဘွယ် ကောင်းခြင်းသို့ ရောက်စေနိုင် , သာ၍ နှစ်သက်ဘွယ်ကောင်းအောင် ပြုနိုင်ကြသည်၊ ဤ ၂ ပါဒကား " ဖွဲ့နွဲ့ စီကုံးမှု၌ ကျွမ်းကျင်လိုသော ပုဂ္ဂိုလ်တို့သည် မိမိဖွဲ့စီအပ်သောဗန္ဓ၏ ဝိန္ဒနီယတရ ဖြစ်လေဘံအောင် ယခုဆိုအပ်လတ္တံ့သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို လေ့လာ ကြပါ - ဟု သွယ်ဝိုက်သောနည်းအားဖြင့် တိုက်တွန်းသော စကား တည်း။ [ ဒိဝါဒိ ဝိဒဓာတ်သည် တုဋ္ဌိ ( နှစ်သက်ခြင်း ) အနက်ကို ဟော၏၊ ဝိန္ဒိယတေတိ ဝိန္ဒနီယော၊ အတိသယေန + ဝိန္ဒနီယော-ဝိန္ဒနီယတရော၊ ဝိန္ဒနီယတရဿ+ဘာဝေါ ဝိန္ဒနီယတရတ္တန်။]

www.dhammaransi.com



**အဘယ်မှာလျှင် ရှုဘွယ် နာဘွယ်, တင့်တယ်နိုင်ပါ ကုန်တော့အံ့နည်း။(န သောဘန္တေဝ-မတင့်တယ်နိုင်ကုန်သည်သာ။)**

× × × × × × ×

**၁၀။ အနဝဇ္ဇံ၊ ပေ၊ နိရလင်္ကာတာ။** ။ "တံ ကု ပါပေ ကု၊ လင်္ကာရာ, ဝိန္ဒနီယတရတ္တနံ"ဟူသော ရှေ့စကားကို ထင်ရှားစေလို၍ "အနဝဇ္ဇံ"စသောဂါထာကိုမိန့်၊ မွဲ ဝက်ခြံစသောနဂိုရ်အပြစ်ကင်း၍ သန့်ရှင်းရှင်လန်း မျက်နှာတည်းဟူသော ကြာပန်းသည် ကုင်္ကုလ (နားကပ်) တိလက (ကုလားမများ၏ မျက်နှာ၌ ခြယ်လေ့ရှိသော မှန်ကူအပျောက်), သနပ်ခါး, မျက်နှာခြေတို့ဖြင့် တန်ဆာဆင်ပေးလိုက်ဦးမှ ရှုမဝအောင် လှပတင့်တယ်သကဲ့သို့, ထို့အတူ (ဆိုအပ်လတံ့သော) ပဒ- ဝါကျ - ဝါကျတ္ထအပြစ်တို့မှ လွတ်ကင်း၍ နဂိုရ်သန့်ရှင်းပြီးသော အဖွဲ့အနွဲ့ (ပျို့ကဗျာ လင်္ကာ ဂါထာ စုဏ္ဏိယ) သည်လည်း (ဆိုအပ်လတံ့သော) သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ပေးဦးမှ ရွတ်၍မပြီး နာ၍မညီးအောင် တင့်တယ်ခြင်းကို ဆောင်နိုင်ပါသည်၊ တန်ဆာဆင်၍ မပေးလျှင်ကား မတင့်တယ်နိုင်ပါ၊ ထို့ကြောင့် ရှေ့ဂါထာ၌ "တံ တု ပါပေ ကု၊ လင်္ကာရာ, ဝိန္ဒနီယတရတ္တနံ" ဟု ဆိုခဲ့ပါသည်-ဟူလို။

**အနဝဇ္ဇံ မုခမ္ဘောဇံ။** ။ဝဇ္ဇိယတေ- စွန့်ခွါ ရှောင်ရှားအပ်၏၊ ဣတိ ဝဇ္ဇံ၊ [ ဝဇ္ဇိဓာတ်, ဏျပစ္စည်းရောက်၊ ] ဝဇ္ဇမေဝ- ရှောင်ရှားအပ်သော အပြစ်သည်ပင်၊ အဝဇ္ဇံ-အဝဇ္ဇမည်၏၊["လာဗု, အလာဗု-ဗူးပင်"ဟူရာ၌ကဲ့သို့ အ-အတွက် အနက်သီးခြား မရှိ၊]နတ္ထိ+အဝဇ္ဇံ ယဿာတိ အနဝဇ္ဇံ၊ မုခမေဝ + အမ္ဘောဇံ မုခမ္ဘောဇံ၊ အဆင်းအားဖြင့်ဇင်း ပုံသဏ္ဌာန်အားဖြင့်ဇင်း နဂိုရ်လှပ၍ မှည့်, တင်းထိပ်, ဝက်ခြံစသော အပြစ်ကင်းသောကြောင့် ကြာနှင့်တူသော မျက်နှာ။

**အနဝဇ္ဇာစ ဘာရတီ။** ။"ဘာရတီ ကထိတာ ဝစီ"ဟု စကားဟော ပရိယာယ်တွင် ပါဝင်သော "ဘာရတီ" ပုဒ်သည် ဘရဓာတ် "အတစ်"ပစ္စည်း, ဣတ္ထိဇောတက(ဤ)ပစ္စည်းဖြင့် ပြီး၏၊ "ဘရတိ-အနက် အဓိပ္ပါယ်ကို ဆောင်တတ်၏၊ ဣတိ ဘာရတီ" ဟုကြံ၊ ပဒ ဒေါသစသော အပြစ်ကင်းသော စကား(ဝါကျ)တည်း၊ ထို ဘာရတီ အရ ပဒ-ဝါကျတို့ကိုသာ ရသော်လည်း အဘေဒေါပစာရ - ဖလူပ

www.dhammaransi.com



### ဥပဒေသ မပါသော တန်ဆာဆင်မှု

၁၁။ ဝိနာ ဂရူပဒေသံ တံ, ဗာလော လင်္ကတ္တု မိစ္ဆတိ၊
သမ္ပာပုဏော န ဝိညူဟိ, ဟာသဘာဝံ ကထံ န သော။

၁၁။ ယော ဗာလော- မျက်နှာကိုလျှင်, မပြင်ဆင်တတ်သော အကြင် လူ အသည်၊ ဝါ-အဖွဲ့ကိုလျှင်,မပြင်ဆင်တတ်သော အကြင် လူအသည်၊ ဂရူပဒေသံ-မျက်နှာကိုလျှင်, တန်ဆာဆင်တတ်,ဆရာ မြတ်တို့၏ နည်းဥပဒေသကို၊ ဝါ-အဖွဲ့ကိုလျှင်, တန်ဆာဆင်တတ်, ဆရာမြတ်တို့၏ နည်းဥပဒေသကို၊ ဝိနာ-ကြဉ်၍၊ တံ-ထိုမျက်နှာကို၊ ဝါ- ထိုအဖွဲ့ဗန္ဓကို၊ အလင်္ကတ္တုံ - တန်ဆာဆင်ခြင်းငှါ၊ ဣစ္ဆတိ- အလိုရှိ၏၊ သောဗာလော - ထိုဆရာနည်း မရသော လူမြိုက်း လူ အ သည်၊ ဝိညူဟိ- ဂုဏ်နှင့် အပြစ်, ခွဲစစ်သိမြင်, ပညာရှင်တို့သည်၊ ဟာသဘာဝံ - ပြောင်လှောင်ဘွယ်၏ အဖြစ်သို့၊ ကထံနု နသမ္ပာ

× × × × × × ×

စာရအားဖြင့် ထို ပဒ-ဝါကျတို့၏ အနက်ကိုပါယူ။[ဘာရတီ ဝါဏီစ, အဘေဒေါပစာရေန (သဒ္ဒါနှင့် အနက်ကို မကွဲမပြား တသားထည်း ဆိုအပ်သော အဘေဒေါပစာရ,အကျိုးသဒ္ဒါ၏အမည်ကိုအကြောင်း အနက်၌ တင်စားသော ဖလူပစာရအားဖြင့်၊ ) တပ္ပဋိပါဒ ကတ္ထောစ (ထိုသဒ္ဒါကိုဖြစ်စေတတ်သော အနက်ဂုဏ်းတည်း။)]ဖလူပစာဟူရာ၌ ကာရဏူပစာလည်း တနည်းသင့်၏။

**ကိန္နုတေ နိရလင်္ကတာ**။ ။[ နိ+အလင်္ကတာ၊ နိရ် ဟု သက္ကတ ရှိသောကြောင့် ပျောက်သော ( ရ် ) လာရသည်။ ] ကိံ+နု ၂ ပုဒ် ပေါင်းထားသော အဗျယ(နိပါတ် ) တပုဒ်ဟု ထေ့မနိမိ ဆို၏၊ ပဉှ (မေးခြင်း ), ဝိတက္က- စသော အနက်များကို ဟော၏၊ ဤ၌ ပဉှ အနက်တည်း၊ နိ+အလင်္ကတာ-တန်ဆာ မဆင်အပ်ကုန်သည်ရှိသော်၊ ကိန္နု-ဘယ်လိုနေကုန်မည်နည်း၊ "မတင့်တယ်ကြသည် မဟုတ်လော" ဟု မေးလိုရင်းဖြစ်သည်။ [ ဋီကာတို့၌ကား " သောဘန္တေ ကိံနု- တင့်တယ်နိုင်ကုန်မည်လော၊ နသောဘန္တေတိ မည္ဘေ- မတင့်တယ်နိုင် ကုန် ဟု ငါထင်၏ " ဟု အနက်ဖွင့်၍ ကိံကို ပဋိသေဓ, နုကို ဝိတက္က အနက်ဟောဟု ဖွင့်လေသည်။]

www.dhammaransi.com



**ပုဏော-အဘယ့်ကြောင့် မရေခံဘဲ ရှိတော့အံ့နည်း။(သမ္ပာပုဏာတိ ဝေ-ကေန်မှချ ရောက်ရတော့မည်သာ။)**

× × × × × × ×

**၁၁။ ဝိနာ၊ ပေ၊ ကထံနုသော။** ။''အလင်္ကာတာဝ သော ဘန္တေ-တန်ဆာဆင်မှ တင့်တယ်ကြသည် ''ဟု ရှေ့ဂါထာ၌ ဆိုသော်လည်း''ဆရာကောင်းတို့၏ နည်းဥပဒေသပါရှိမှ တင့်တယ်သည်''ဟု ပြလိုသောကြောင့် '' ဝိနာ ဂရူပဒေသံ တံ '' စသည်ကိုမိန့်။ [ ဧဒါနိ ပဒါဒိဒါသရဟိတဿ ဗန္ဓသရီရဿ အလင်္ကာရေဟိ ဘူသနမပိ ဂရူပဒေသာယတ္တမေဝ သေဋ္ဌန္တိ ဒဿေတုံ ဝိနာ ဂရူပဒေသ မိစ္စာဒိ သိလေသာလင်္ကာရ မာဟ။]ဤသို့ ဋီကာတို့၌ ဤဂါထာကို သိလေသ အလင်္ကာပါရှိသော ဂါထာဟု ဆိုသောကြောင့် ဂရူပဒေသစသော ပုဒ်များကို ၂ နည်းစီ အနက် ပေးထားသည်၊ သိလေသအလင်္ကာ၌ တပုဒ်ထည်းက အနက် ၂ မျိုးဟောနိုင်ကြောင်းကို စတုတ္ထပိုင်း ၂ဂဂ-စသော ဂါထာများ၌ တွေ့ရလတံ့။

**ဂရူပဒေသံ။** ။ဥပဒိဿတိ ဧတေနာတိ ဥပဒေသော၊ ဧတေန-ဤနည်းဖြင့်၊ ဥပဒိဿတိ - တန်ဆာဆင်ပုံကို ညွှန်ပြအပ်၏၊ ဣတိ-ဤသို့ ညွှန်ပြကြောင်း၏ အဖြစ်ကြောင့်၊ ဥပဒေသော- မည်၏၊ ဂရူနံ+ ဥပဒေသော ဂရူပဒေသော၊ လောက၌ ပုတီး နားကပ် လက်ကြပ် လက်ကောက်တို့ကို သူ့အရွယ်နှင့်သူ လိုက်အောင် တန်ဆာဆင်နည်း ရှိ၏၊ ထိုနည်းကိုသိသော လူကြီးသူမကို ဂရု ( ဂုရု ) ခေါ်၏၊ ဂါထာ ဗန္ဓတို့၌လည်း အလင်္ကာနည်းတို့ဖြင့် တန်ဆာဆင်နည်းရှိ၏၊ ထိုနည်းကို နားလည်သော ကာဗျဝိဒူ ပညာရှိကြီးများကို '' ဂရု''ဟု ခေါ်၏၊ ထို ဂရုတို့၏ နည်းဥပဒေသကို '' ဂရူပဒေသ ''ဟု ခေါ်သည်။ [ ဂရူနံကို ပသာဓနောပါယောပဒေသကာနံ(တန်ဆာဆင်ခြင်း၏ နည်းဥပါယ်ကို ညွှန်ပြတတ်ကုန်သော လူကြီး သူမတို့၏ )အလင်္ကာရ ကာရကောပါယောပဒေသကာနံဝါ ( အလင်္ကာနည်း အရ တန်ဆာဆင်မှုကို ပြုခြင်း၏ နည်းဥပါယ်ကို ညွှန်ပြတတ်ကုန်သော ဆရာကြီးတို့၏ ) ဟု ဖွင့်သည်။]

**ဗာလော ။** ။ မုခဿ ဗန္ဓဿစ အလင်္ကရဏာနဘိညတာယ အညာဏကော ယောကောစိ ပုဂ္ဂလော-မျက်နှာတန်ဆာဆင်နည်း,

www.dhammaransi.com



ဗန္ဓကိုတန်ဆာဆင်နည်း မသိသူမှန်သမျှ(ဤဂါထာ၌)ဗာလ ဟုချည်း ခေါ်ရသည်၊ ( ဋီကာဟောင်း၊ ) [ မုခသ-နေရာဝယ် ဋီကာသစ်၌ "သရီရ" ဟု သုံးစွဲထား၏၊ ရှေ့ဂါထာ၌ မုခကို ဆိုခဲ့သောကြောင့် "မုခ"ကို ပြသော ဋီကာဟောင်းက ကောင်းသည်။]

**ဟာသဘာဝံ** ။ ။ ဟသိတဗ္ဗောတိ ဟ**သော**၊ ဟသဓာတ်, ကျေပစ္စည်း၊ မျက်နှာကို တန်ဆာ မဆင်တတ်၍ ရယ်ဘွယ်ကောင်းသူ, အဖွဲ့ဗန္ဓကို တန်ဆာ မဆင်တတ်၍ ရယ်ဘွယ်ကောင်းသူ၊ ဟ**သ**ဿ+ ဘာဝေါ ဟ**သ**ဘာဝေါ- ရယ်ဘွယ်ကောင်းသူ၏ အဖြစ်, အပြောင် အလှောင်ခံရသူ၏ အဖြစ် , အပြောင်အလှောင်ခံရခြင်း၊ မှန်၏— ယခု ကာလ၌အဆင်အပြင် မတတ်၍ "ဗာလ" ဟု ခေါ်အပ်သော အချို့ တောသူ တောင်သားတို့သည် အဖိုးတန် ပစ္စည်းများကို ဝတ်ဆင်လာ သော်လည်း ကြည့်၍ မလှသည့်ပြင် ရယ်ဘွယ်ပင်ဖြစ်သေး၏၊ ထို့အတူ ဂါထာ ကဗျာတို့ကိုလည်း အလင်္ကာနည်း မကျဘဲ စီကုံးထားလျှင် အလင်္ကာနည်းသိသူတို့အဘို့မှာ ရယ်ဘွယ်သာဖြစ်လေသည်။ [ တချို့ စာ၌ " ဟာသ " ဟု ဏပစ္စည်းဖြင့် ရှိ၏၊ ဏပစ္စည်းသည် ရယ်ဘွယ် ရယ်စရာ ဟူသော အရဟအနက်ကို မဟောနိုင်၊ ဋီကာသစ်၌ ကျေ ပစ္စည်းဖြင့်"**ဟသ**"ဟု ရှိ၏၊ ကျေပစ္စည်းက ရယ်ဘွယ်ရယ်စရာဟူသော အရဟအနက်ကို ဟောနိုင်သောကြောင့် " **ဟသ** "ရှိခြင်းက သာ၍ ကောင်းသည်။]

**ကထံန** ။ ။ "ကထံ + န သမ္ဘာပုဏေ + နု - အဘယ့်ကြောင့် မရောက်ဘဲရှိပါအံ့နည်း" ဟူသော စကား၌ နုသည် ပုစ္ဆာဇောတက၊ ကထံလည်း ပဋိသေဓအနက်ကို ထွန်းပြ၏၊ သို့ဖြစ်လျှင် "ကထံ+န" ဟု ပဋိသေဓ ၂ ခုရှိရာ၌ ပကတိ ( သမ္ဘာပုဏေ ) အနက်ထွက်မြဲဖြစ် ရကား " သမ္ဘာပုဏာတေ့ဝ " ဟု ဋီကာဖွင့်သည်၊ ဤဂါထာဖြင့် " အလင်္ကာနည်းကို သိသောဆရာတို့ အထံမှ အလင်္ကာနည်းကို လေးလေးစားစား သင်ယူပြီးမှ ဂါထာ ကာဗျကို ရေးသားကြ ပါလေ " ဟု တိုက်တွန်းရာရောက်သည်။ [ တဿာ ဂရူဟိ ( ဆရာတို့ အထံမှ)သာဒရတော ဥဂ္ဂဏှိတဗ္ဗာ ကတ္တဗ္ဗံတိ ဘာဝေါ။—ဋီကာသစ်။] ဆိုလိုအပ်သော အဓိပ္ပါယ်ကို "ဘာဝ" ဟု ခေါ်၏။

www.dhammaransi.com



**ကျမ်း၏ အလင်္ကာရအမည်**

၁၂။ ဂန္ထောပိ ကဝိဝါစာန, မလင်္ကာရပ္ပကာသကော၊
ယာတိ တဗ္ဗစနီယတ္တံ, တမ္ဗောဟာရူပစာရတော။

၁၂။ ကဝိဝါစာနံ- ပညာရှိများ, ဖွဲ့စီအပ်သော စကားတို့၏၊ အလင်္ကာရပ္ပကာသကော - အလင်္ကာ အမျိုးမျိုးကို ပြတတ်သော၊ ဝါ-ပြတတ်သည်၏အဖြစ်ကြောင့်၊(ဟေတုမန္တပိသေသန၊)ဂန္ထောပိ-ကျမ်းစာသည်လည်း၊ တမ္ဗောဟာရူပစာရတော-ထိုအလင်္ကာရဟူသော အမည်ကို တင်စားသော အဘေဒေါပစာ , ဖလူပစာ အားဖြင့်၊ တဗ္ဗစနီယတ္တံ-ထိုအလင်္ကာရသဒ္ဒါသည် ဟောအပ်သည်၏ အဖြစ်သို့၊ ယာတိ-ရောက်၏။

× × × × × × ×

၁၂။ ဂန္ထောပိ၊ပေ၊ပစာရတော ။ ။ "တံ တု ပါပေန္တုံ၊ လင်္ကာရာ " ၌ " အလင်္ကာရ " အရ မုချအားဖြင့် သဒ္ဒါတန်ဆာ အနက်တန်ဆာကိုသာ ရသောကြောင့် ကျမ်းစာကို အဘယ်နည်း အားဖြင့် " အလင်္ကာရ " ခေါ်နိုင်ပါသနည်း-ဟု မေးဘွယ်ရှိရကား "ဂန္ထောပိ "စသည်ကို မိန့်၊ "ထို အလင်္ကာရတို့ကိုပြသော ကျမ်းစာ သည်လည်း ဥပစာတင်စားသောအားဖြင့် အလင်္ကာရအမည် ရနိုင် ပါသည်" ဟူလို။

ဂန္ထောပိ။ ။ ကိယာဒိစုရာဒိ ဂန္ထဓာတ်သည် ဒဗ္ဗန ( စီကုံး ထုံးဖွဲ့ခြင်း) အနက်ကိုဟော၏၊ ဂန္ထိယတေ-စီကုံး ထုံးဖွဲ့အပ်၏၊ ဣတိ ဂန္ထော၊ " ကေကာဝဏ္ဏော အက္ခရော၊ အက္ခရသမူဟော ပဒံ၊ ပဒ သမူဟော ဝါကျံ၊ ဝါကျသမူဟော ဂန္ထော " နှင့်အညီ , အက္ခရာ စာလုံးတွေကို ပေါင်းရင်း ပေါင်းရင်း ပုဒ်တွေ ဖြစ်လာပြီးနောက်, ထိုပုဒ်တွေကို ပေါင်းလိုက်သောအခါ ဝါကျဖြစ်လာပြန်၏၊ ပန်းပွင့် ကလေးတွေကို စီကုံးသကဲ့သို့ အစီအစဉ် ကျန၍ လှပအောင် စီကုံး ထုံဖွဲ့ထားသော ထိုဝါကျအပေါင်းကိုပင်"ကျမ်းဂန်"ဟု ခေါ်သည်။ [ ဂန္ထောပိ၌ အပိဖြင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရကို ပေါင်း။ ] ဋီကာ၌ " အပိသဒ္ဒေါ အလင်္ကာရံ အပေက္ခတိ" ဟု ဖွင့်၏၊ ထိုအလို အပေက္ခာအနက်ဟော ဟု ဆိုလို၏၊ သဒ္ဒါကျမ်းတို့ ဆိုရိုးနှင့် မညီ။

www.dhammaransi.com



**ကဝိဝါစာနံ၊** ။"ကု-သဒ္ဒေ"နှင့် အညီ, ကဝတိ-ကောင်းသော စကား(ပျို့ ကဗျာ ဂါထာ)ကို ဆိုတတ်၏၊ ဣတိ ကဝိ၊ ကဗျာ ဂါထာ ကျမ်းစာရေးဆိုသော ပညာရှိကို "ကဝိ" ဟု ခေါ်၏၊ အလင်္ကာရ ကျမ်းအားလျော်စွာ အလင်္ကာအမျိုးမျိုးနားလည်၍ ကဗျာ-ဂါထာ အစီအကုံး ကောင်းသူကို ဤနေရာ၌ "ကဝိ"ဟု ခေါ်၊ ထိုကဝိတို့၏+ ဝါစာ(စကား)ဟူသည် ပျို့ ကဗျာ ဂါထာ ကျမ်းစာဟူသော( သဒ္ဒါ အစဉ် ) တည်း၊ ထို ပျို့ကဗျာ စသည်တို့၏ အနက် အဓိပ္ပါယ်လည်း အကြောင်းသဒ္ဒါ၏အမည်ကိုအကျိုးအနက်၌တင်စားသော ကာရဏူ ပစာရအားဖြင့် "ကဝိဝါစာ"ပင် မည်၏။ [ ကဝိဝါစာနံ — ကဝီဟိ ဝုတ္တဝါကျသမ်္ဗန္ဓာနံ ဥပစာရတော တပ္ပဋိပါဒနီယ အတ္ထသမ္ဗန္ဓာနဉ္စ ( ထို ဝါကျဖြင့် သိစေအပ်သော အနက် အဓိပ္ပါယ် ဟု ဆိုအပ်သည်လည်း ဖြစ်ကုန်သော ) ကဝိပ္ပယောဂါနံ ( ကဝိတို့ အားထုတ်အပ်သော သဒ္ဒါအနက်တို့၏)၊—ဋီကာ။]

**အလင်္ကာရပ္ပကာသကော ။** ။"ဘူသနေ ဝါရဏေစာလံ" အဘိဓာန်နှင့်အညီ အလံဟူသော အဗျယပုဒ်သည် ဘူသန(တန်ဆာ) အနက်ကို ဟော၏၊ အလံ + ကရောတိ အနေနာတိ အလင်္ကာရော-တန်ဆာဆင်မှုကို ပြုကြောင်း တန်ဆာ၊ ကဝိတို့၏ စကား ( ကဗျာ ဂါထာ) များ၀ယ် သဒ္ဒါ အသုံးအနှုန်း မှာလည်း အဆင်တန်ဆာ (သဒ္ဒါလင်္ကာရ)ပါ၏၊ အနက် အဓိပ္ပါယ်မှာလည်း အဆင်တန်ဆာ အတ္ထာလင်္ကာရပါ၏၊ ကျမ်းစာသည် ထိုအလင်္ကာရ(တန်ဆာ ဆင်ပုံ ဆင်နည်း) တို့ကို ပြ၏၊ [ အလင်္ကာရာနံ + ပကာသကော အလင်္ကာရပ္ပကာသကော။ ] ဤ ပုဒ်ကို တင်စားရခြင်း၏ အကြောင်းပြလည်း ဖြစ်သောကြောင့် "ဟေတု မန္တ ဝိသေသန"ဟု မှတ်။

**ယာတိ၊ပေ၊ပစာရတော။** ။အလင်္ကာရဟူသော အမည်သည် ထို သဒ္ဒါလင်္ကာရ - အတ္ထာလင်္ကာရတို့၏ နာမည်ရင်းတည်း၊ ထို အလင်္ကာရတို့ကို ပြသော ကျမ်းစာသည်ကား ထိုအလင်္ကာရအမည် ကို ကျမ်းစာ၌ တင်စားသော အဘေဒေါပစာရ, ဖလူပစာရအား ဖြင့် အလင်္ကာရအမည်ရနိုင်သည်။[ တေန-ထိုအလင်္ကာရသဒ္ဒါသည်+ ဝစနီယော-ဟောအပ်(ဟောနိုင်)သည်တည်း၊ တဗ္ဗစနီယော-သည်၊

www.dhammaransi.com



တဗ္ဗစနီယဿ + ဘာဝေါ တဗ္ဗစနီယတ္တံ။ ] သဒ္ဒါလင်္ကာရ အတ္ထာ လင်္ကာရတို့၏ အလင်္ကာရ အမည်နှင့် ကျမ်းစာ၏ အမည်ကို မကွဲ မပြား တသားတည်းခေါ်ခြင်းကို "အဘေဒေါပစာ"ဟု ခေါ်၏။

**ဖလူပစာရ ဖြစ်ပုံ။** ။တဿ-ထိုသဒ္ဒါတန်ဆာ အနက်တန်ဆာ ၏+ဝေါဟာရော-အလင်္ကာရဟူသော အခေါ် အဝေါ် (အမည်) တည်း၊ တဗ္ဗောဟာရော-အမည်၊ တဗ္ဗောဟာရဿ-ကို၊ ဥပစာရော-ကျမ်းဂန်၌ တင်စားခြင်း တည်း၊ တဗ္ဗောဟ ရူပစာရော - ခြင်း၊ ကျမ်းစာသဒ္ဒါနှင့် ကျမ်းစာ၌ပြအပ်သော အနက် အလင်္ကာရတို့တွင် (ကျမ်းစာကြောင့် ထိုအလင်္ကာရတို့ကို သိနိုင်ရကား) ကျမ်းစာသည် အကြောင်း+အလင်္ကာရတို့ကား အကျိုးတည်း၊ အကျိုး၏ အမည်ကို အကြောင်းကျမ်း၌ တင်စားမှုကို "ဖလူပစာရ"ဟု မှတ်၊ သန္ဓိစပ်ပုံကို ပြသောကျမ်းကို " သန္ဓိကပ္ပ - သန္ဓိကျမ်း " ဟု ခေါ်သကဲ့သို့တည်း။ [တဿ (အလင်္ကာရောတိ ကတဝေါဟာရဿ)အလင်္ကာရသဒ္ဒဿ ကာရဏေ( အကြောင်းကျမ်းပေါ်၌ ) ကာရိယူပစာရေန ( အကျိုး အနက်၏ အလင်္ကာရ အမည်ကို တင်စားခြင်းအားဖြင့်)— ဋီကာ။]

**မှတ်ချက်။** ။သဒ္ဒတ္ထ-ဘာဒိန္တာ-စသော ကျမ်းတို့၌ အနက်ရှိမှ သဒ္ဒါဖြစ်ရသောကြောင့် အနက်ကို အကြောင်း , သဒ္ဒါကို အကျိုး ဟု ဆို၏၊ ဤ၌ကား ကျမ်းဂန်ရှိမှ ကျမ်း၏အနက် အဓိပ္ပါယ်ကို သိရသောကြောင့် ကျမ်းစာ(သဒ္ဒါ)ကို အကြောင်း , အနက်အဓိပ္ပါယ်ကို အကျိုး ဟု ဆိုထားသည်၊ ကာရိယူပစာရ-ဟူသည် ဖလူပစာတည်း၊ [နောက်၌ ဖလူပစာကို မကြာမကြာ တွေ့ရလတ္တံ့။]

**သုဗောဓာလင်္ကာရ။** ။အရှင်သံဃရက္ခိတထေရ်၏ ဤအလင်္ကာ ကျမ်းကား ကြည့်ရှု သင်ယူရာ၌ နားလည်လွယ်သောကြောင့် " ဗုဇ္ဈ တေတိ ဗောဓော၊ သုခေန+ဗောဓော သုဗောဓော၊ သုဗောဓောစ+ သော+အလင်္ကာရောစာတိ"ဟူသော ဝစနတ္ထကြောင့် "သုဗောဓာ လင်္ကာရ"မည်၏။ [သုခေန-လွယ်ကူသဖြင့်+ဗောဓော-သိအပ်သည် တည်း၊ သုဗောဓော၊ ဗုဓောဟု မရှိ , ဗောဓောဟု ရှိသောကြောင့် "ဗုဓ ဓာတ်, ဏပစ္စည်း"ဟု မှတ်၊ သု ပါသောကြောင့်"ခ" ပစ္စည်း ဟု မမှတ်လင့်။]

www.dhammaransi.com



**အလင်္ကာအပြားနှင့် သဒ္ဒအတ္ထသရုပ်**

**၁၃။ ဒွိပ္ပကာရာ အလင်္ကာရာ, တတ္ထ သဒ္ဒတ္ထ ဘေဒတော၊**
**သဒ္ဒတ္ထာ ဗန္ဓနာမာဝ, တံ သဇ္ဇိတ တာဒါဝဠိ။**

**၁၃။ တတ္ထ- ထို အလင်္ကာရ ကျမ်း၌၊ အလင်္ကာရာ- အလင်္ကာတို့သည်၊ သဒ္ဒတ္ထ ဘေဒတော-သဒ္ဒါလင်္ကာရ,အတ္ထာလင်္ကာရတို့၏ အပြားအားဖြင့်၊ ဒွိပ္ပကာရာ - နှစ်ပါး အပြားရှိကုန်၏၊ သဒ္ဒတ္ထာ- သဒ္ဒါအနက်တို့ ဟူသည်၊ ဗန္ဓနာမာ- ဗန္ဓအမည်ရှိသော၊ ဝါ- အဖွဲ့ အနွဲ့အမည်ရှိသော၊ တံ သဇ္ဇိတ တာဒါဝဠိဝ-ထို သဒ္ဒါအနက်တို့ဖြင့် တန်ဆာဆင်အပ်သော ထို သဒ္ဒါအနက်တို့၏ အစဉ်ပင်တည်း။**

× × × × × × ×

**၁၃။ ဒွိပ္ပကာရာ ၊ ပေ ၊ ဘေဒတော ။** ။ "အလင်္ကာရပ္ပကာသကော"နှင့် စပ်၍ အလင်္ကာရအပြားကို ပြလိုသောကြောင့် "ဒွိပ္ပကာရာ ၊ ပေ ၊ ဘေဒတော"ဟု မိန့်၊ "အလင်္ကာရတို့သည် သဒ္ဒါလင်္ကာရ , အတ္ထာလင်္ကာရ အားဖြင့် ၂ ပါး ပြားကြသည်" ဟူလို။ [ သဒ္ဒေါစ+သော+ အလင်္ကာရောစာတိ သဒ္ဒါလင်္ကာရော ( သဒ္ဒါဖြစ်သော တန်ဆာ , သဒ္ဒါတည်းဟူသော တန်ဆာ၊ ) အတ္ထောစ + သော+အလင်္ကာရောစာတိ အတ္ထာလင်္ကာရော။]

**သဒ္ဒတ္ထာ၊ ပေ၊ ဝဠိ ။** ။ "အလင်္ကာရ ၂ မျိုး ကွဲပြားကြောင်းဖြစ်သော သဒ္ဒ-အတ္ထတို့ဟူသည် အဘယ်နည်း" ဟု မေးဘွယ်ရှိသောကြောင့် သဒ္ဒ-အတ္ထသရုပ်ကို ပြလို၍"သဒ္ဒတ္ထာ၊ ပေ၊ ဝဠိ"ဟုမိန့်၊ သဒ္ဒ-အတ္ထတို့ ဟူသည် ထိုအလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်သော သဒ္ဒါအစဉ်, အနက်အစဉ် ပင်တည်း၊ ချဲ့ဥုးအံ့—"ပုရိသော မဂ္ဂံ ဂစ္ဆတိ" သည် သဒ္ဒါအစဉ်ကား ဟုတ်၏၊ သို့သော် တန်ဆာဆင်ထားသော သဒ္ဒါအစဉ် မဟုတ်၊ "ယောကျ်ား လမ်းသွား၏" ဟူသည် အနက်အစဉ်ကား ဟုတ်၏၊ သို့သော် တန်ဆာဆင်ထားသော အနက်အစဉ် မဟုတ်၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ၌ပါသော သဒ္ဒ အတ္ထတို့ကား အဖွဲ့အနွဲ့ အမည်ရလောက်အောင် ထိုအလင်္ကာတို့ဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါတို့၏ အစဉ် , ထိုအနက်တို့၏ အစဉ် ဖြစ်သည်— ဟူလို။

www.dhammaransi.com



**ဗန္ဓနာမာဝ** ။ ။ ဗန္ဓိယတေ ( ဂါထာအများ ကဗျာအများကို ဖြစ်စေ, ဂါထာတခု ကဗျာတခုကို ဖြစ်စေ တပေါင်း တစည်းထည်း ဖြစ်အောင် ) ဖွဲ့ထားအပ်၏၊ ဣတိ ဗန္ဓော၊ ထို အဖွဲ့ကိုပင် ( နွဲ့နွဲ့ နှောင်းနှောင်း ပြေ့ပြေ့ပျောင်းပျောင်းရှိအောင် ဖွဲ့ရသောကြောင့် "အနွဲ့ "ဟု ဝိသေသန ပြုကြ၏၊ ဗန္ဓော ဣတိ+နာမံ ယဿာ( အာဝဠိ ယာ)တိ ဗန္ဓနာမာ၊ ဋီကာဝိဂ္ဂဟ၊ နာမာဝ၌ ဧဝကို နေ၁ံပုဒ်နှင့်မှ တွဲ။ [ ရှေ့၌ " ဗန္ဓောစနာမ သဒ္ဒတ္ထာ, သဟိတာ ဒေါသဝဇ္ဇိတာ " ဟု ဗန္ဓ အမည်ကို ပြခဲ့ပြီးဖြစ်၍ " ဗန္ဓနာမာ - ရှေ့၌ ဗန္ဓ ဟု ဆိုအပ်ပြီးသော အမည်ရှိသော"ဟု ဆိုလိုသည်။]

**တံ သဇ္ဇိတ တဒါဝဠိ၀**။ ။ တေဟိ- ထို သဒ္ဒါလင်္ကာရ အတ္ထာ လင်္ကာရတို့ဖြင့်၊ သဇ္ဇိတာ-ဆင်ပြင်အပ်သည်တည်း၊ တံသဇ္ဇိတာ-သည်၊ တေသံ- ထို သဒ္ဒ, အတ္ထတို့၏+အာဝဠိ- အစဉ်တည်း၊ တဒါဝဠိ- စဉ်၊ တံသဇ္ဇိတာစ+သာ+တဒါဝဠိစာတိ တံ သဇ္ဇိတ တဒါဝဠိဧဝ၊ ဧဝဖြင့် "သဒ္ဒတ္ထဟူသည် အခြား မဟုတ် သဒ္ဒါတို့၏အစဉ် အနက်တို့၏အစဉ် ပင် ဖြစ်သည်"ဟု ပြသည်။ [တံသဇ္ဇိတာ+တဒါဝဠိ"ဟု ၂ပုဒ်ခွဲ၍လည်း အနက်ပေးကြသေး၏။]

**မှတ်ချက်**။ ။ရှေ့၌ " ဗန္ဓောစနာမ သဒ္ဒတ္ထာ, သဟိတာ ဒေါသ ဝဇ္ဇိတာ "ဖြင့် ဗန္ဓောကို ရှေ့, သဒ္ဒတ္ထာကို နောက်ထား၍ " ဗန္ဓော+ သဒ္ဒတ္ထာ"ဟု ဆိုခဲ့ပြီ၊ ဤ၌"သဒ္ဒတ္ထာ ဗန္ဓနာမာဝ,တံသဇ္ဇိတ တဒါဝဠိ" ဖြင့် " သဒ္ဒတ္ထာ + ဗန္ဓနာမာ " ဟု ပြောင်းပြန် ဆိုပြန်၏၊ ထိုသို့ အဆို ကွဲခြင်းမှာ — ရှေ့၌ " သော၀ ဗန္ဓော သဝိမှယော " ဟု ဆိုခဲ့သော စကားအရ" ဗန္ဓောစ နာမ"ဟု ဗန္ဓကို အခြေတည်၍"သဒ္ဒတ္ထာ"ဟု ဗန္ဓ၏ သဘောလက္ခဏာကို နောက်ထား၍ ဆိုခဲ့၏၊ ဤဂါထာကား "သဟိတာ ဒေါသဝဇ္ဇိတာ သဒ္ဒတ္ထာ"ဟူသော စကားနှင့်ဆက်သွယ်၍ "သဒ္ဒတ္ထာ"ဟု ရှေ့၌ စပြီးလျှင် "ဗန္ဓနာမာ"ဟု ထို သဒ္ဒတ္ထ၏ အမည် ကိုဗင်း " တံ သဇ္ဇိတ တဒါဝဠိ "ဟု ထိုသဒ္ဒတ္ထ၏ ဂုဏ်သဘောကိုရင်း နောက်ထား၍ဆိုသည်၊ အချုပ်မှာ—"အဆိုသာကွဲ၏၊ဗန္ဓနှင့်သဒ္ဒတ္ထ, သဒ္ဒတ္ထနှင့်ဗန္ဓတို့ အရကောက်မှာ အတူတူပင်" ဟု မှတ်။

www.dhammaransi.com



### ဒေါသပါလျှင် မချီးမွမ်း

**၁၄။ ဂုဏာလင်္ကာရ သံယုတ္တာ, အပိ ဒေါသ လဝင်္ဂိတာ၊
ပသံသိယာ န ဝိညူဟိ, သာ ကညာဝိယ တာဒိသီ။**

၁၄။ ဂုဏာလင်္ကာရသံယုတ္တာ- သဒ္ဒါလင်္ကာရဂုဏ် , အတ္ထာလင်္ကာရတန်ဆာနှင့် ယှဉ်သည်၊ ( သမာနာ ) အပိ - ဖြစ်ပါသော်လည်း၊ သာ သဒ္ဒတ္ထာဝဠိ-ထိုသဒ္ဒါအနက်တို့၏အစဉ်ဖြစ်သော အဖွဲ့အနွဲ့ကို၊ဒေါသလဝင်္ဂိတာ-ပဒဒေါသ,စသည်မဘွယ်,အနည်းငယ်အပြစ်ဖြင့် မှတ်သားအပ်ပါမူကား၊ ဝိညူဟိ-ဂုဏ်နှင့်အပြစ် , ခွဲစစ်မြင်သိ,ပညာရှိတို့သည်၊ န ပသံသိယာ-မချီးမွမ်းထိုက်၊(ကာဝိယ-အဘယ်သူကဲ့သို့နည်း၊) တာဒိသီ -နဂိုရ်အလှဝယ် , တန်ဆာခြယ်လည်း, နည်းငယ် စွန်းငြိ , အပြစ် မကင်းသော သဘောရှိသော၊ ကညာဝိယ-အပျိုကညာကဲ့သို့တည်း။

× × × × × ×

၁၄။ **ဂုဏာ၊ပေ၊တာဒိသီ။** ။ဆိုခဲ့ပြီးသော ဂါထာအစဉ်ဖြင့်ကျမ်း၏အခြေခံစကားတို့ကို ပြ၍ပြီးပါပြီ၊ ယခုအခါ ဒေါသာဝဗောဓအခဏ်းကို ရှေးဦးစွာ ပြမည်ဖြစ်၍ ဒေါသများကို မပြမီ ဒေါသ၏ကြီးကျယ်စွာသော အပြစ်ဖြစ်ပုံကိုပြလိုသောကြောင့်“ဂုဏာလင်္ကာရသံယုတ္တာ” စသော ဂါထာကို မိန့်၊ “ပင်ကိုယ် အလှဂုဏ်ရှိ၍ အဆင်တန်ဆာပြည့်အောင် ဆင်ထားသော အမျိုးသမီးသည် မှဲ့ကလေးတကွက်မျှ မျက်နှာမှာထင်နေလျှင် ရှုချင်ဘွယ်မကောင်းတော့သကဲ့သို့, ထို့အတူ သဒ္ဒါဂုဏ်, အတ္ထ အလင်္ကာအဖုံဖုံတို့ဖြင့် စုံနေအောင် စီရင်အပ်သောအဖွဲ့အနွဲ့သည်လည်း ပဒဒေါသအစရှိသော အပြစ်ကလေးအနည်းငယ်မျှ ပါနေပါမူ ပညာရှိတို့အလယ်မှာ ချီးမွမ်းဘွယ် မဟုတ်တော့”-ဟူလို။

**ဂုဏာ ၊ပေ၊ သံယုတ္တာ အပိ ။** ။တတိယပိုင်း၌ ပြမည့် သဒ္ဒါလင်္ကာရတို့ကို “ ဂုဏ် ” ဟု ခေါ်၍, စတုတ္ထပိုင်း၌ ပြမည့် အတ္ထာလင်္ကာရတို့ကို “အလင်္ကာရ=တန်ဆာ” ဟု ခေါ်သည်။[ဂုဏောစ+အလင်္ကာရောစ-ဂုဏာလင်္ကာရာ၊ တေ**ဟိ**+သံယုတ္တာ-ဂုဏာလင်္ကာရသံယုတ္တာ။] “သံယုတ္တာ-ယှဉ်” ဟူရာ၌ “ ဆင်ပြင် ” ဟု ဆိုလိုသည်၊

www.dhammaransi.com



''အပိ'' ကား သဒ္ဒါဂုဏ်နှင့် အနက်တန်ဆာ ဆင်ထားပုံကို ချီးမြှောက်သော အနုဂ္ဂဟတ္ထ ဇောတကတည်း။ [သဒ္ဒါလင်္ကာရ သမ္ဘိတဂုဏော န+အတ္ထာလင်္ကာရေနစ ဝိသေသေန+ယုတ္တာပိ သာ သဒ္ဒတ္ထာဝဋ္ဌိ။-ဋီကာသစ်။]

**ဒေါသလဝင်္ကိတာ**။ ။ ဒေါသေတိ - ဖျက်တတ်၏၊ ဣတိ ဒေါသော၊ ဆိုအပ်လတ္တံ့သော ပဒဒေါသ စသည်တို့သည် အဖွဲ့အနွဲ့ အကောင်းကို မကောင်းဖြစ်အောင် ဖျက်တတ်သည်-ဟူလို၊ လူဓာတ်, (အပ်)ပစ္စည်းဖြင့်ပြီးသော လဝသဒ္ဒါသည် အပ္ပ(အနည်းငယ်)အနက်ကို ဟော၏၊ ဒေါသောစ + သော + လဝေါစာတိ ဒေါသလဝေါ၊ ဒေါသလဝေန+အင်္ကိတာ၊ [အကိဓာတ်သည် အမှတ် တံဆိပ် ခတ်နှိပ်ခြင်း အနက်ကို ဟော၏၊ ဣကာရန္တဓာတ် ဖြစ်၍ နိဂ္ဂဟိတ် လာ, ဝဂ္ဂန္တ ပြု။]

**ကညာဝိယ တာဒိသီ**။ ။တာဒိသီ၌ တသဒ္ဒါဖြင့်''ဂုဏာလင်္ကာရ- ဒေါသလဝင်္ကိတာ''တို့အရ ပင်ကိုယ် အလှဂုဏ်ရှိခြင်း, အဆင်တန်ဆာ ဆင်ထားခြင်း, အပြစ်အနည်းငယ်ပါနေခြင်းတို့ကို ညွှန်ပြ၏၊ အဖွဲ့အနွဲ့၌ အပြစ်အနည်းငယ်မျှ ပါဝင်နေလျှင် လူမြင်ကွင်း မျက်နှာ၌ လက်သည်းခန့်မျှ မှဲ့, တင်းထိပ်, ခရုသင်း အကွက်ကလေး ပါသဖြင့် ''အပျိုတန်မဲ့, ပါးမှာမှဲ့'' ဟု ကဲ့ရဲ့ခံရသော သတို့သမီးကဲ့သို့ဖြစ်သည်။ [ '' အဋ္ဌဝဿာ ဘဝေ ဂေါရီ, ဒသဝဿာ တု ကညကာ '' ဟု လောကီဆရာတို့ ဆိုသောကြောင့်'' ၁၀ နှစ် အရွယ်ရှိသော ကညာ'' ဟု ဋီကာဆရာတို့ ဖွင့်ကြသည်မှာ မကောင်းလှ၊ အပျိုသာမညကိုသာ ဖွင့်သင့်သည်၊ '' ကညေ ကာမယမာနံ မံ '' ဟု အပျို သာမန်ကို ''ကညာ'' ဟု နောက်၌ အသုံးပြုလတ္တံ့။

**မှတ်ချက်**။ ။ သဒ္ဒါလင်္ကာရ ဂုဏ်သည် ပုံပန်းကျနစ၍ ပင်ကိုယ် အလှနှင့် တူ၏၊ အတ္ထာလင်္ကာရသည် တန်ဆာဆင်ထားခြင်းနှင့် တူ၏၊ အနည်းငယ် ဒေါသမကင်းခြင်းသည်, ပါး၌ မှဲ့ကလေး, တင်းထိပ်ကလေး, ခရုသင်းကွက်ကလေး ပါနေခြင်းနှင့် တူသည်။

www.dhammaransi.com



## အပြစ်ကင်းလျှင် ဂုဏ်ရှိ၏

၁၅။ တေန ဒေါသနိရာသောဝ, မဟုဿာဟေန သာဓိယော၊
နိဒ္ဒေါသာ သမ္ဘတာ သာယံ, သဂုဏာ န ဘဝေယျ ကိံ॥

၁၅။ တေန – ထို့ကြောင့်၊ ဒေါသနိရာသောဝ – အပြစ်ကို ပယ်စွန့်ခြင်း ကိုသာ၊ မဟုဿာဟေန – ကြီးစွာသော အားထုတ်ခြင်းဖြင့်၊ သာဓိယော – ပြီးစေအပ် ပြီးစေထိုက်၏၊ သမ္ဘတာ– ခပ်သိမ်းသော အပြားအားဖြင့်၊ နိဒ္ဒေါသာ – ပဒဒေါသ , စသည် မဘွယ်, အနည်းငယ်မျှ , အပြစ်မရှိသော၊ သာယံ(သဒ္ဒတ္ထာဝဠိ)– ထို သဒ္ဒါအနက်တို့၏ အစဉ်ဖြစ်သော အဖွဲ့အနွဲ့သည်၊ သဂုဏာ– ဂုဏ်ရှိသောအဖွဲ့အနွဲ့သည်၊ ကိံ န ဘဝေယျ–အဘယ်မှာ မဖြစ်ဘဲ ရှိတော့အံ့နည်း၊ (ဘဝတိ ဝေ-ကေန်မုချ, ဖြစ်ရတော့မည်သာ။)

× × × × × ×

၁၅။ တေန၊ပေ၊နဘဝေယျကိံ။ ။အဖွဲ့အနွဲ့၌ အပြစ်ဒေါသ၏ ကြီးလေးပုံကို ပြပြီး၍ , အပြစ်ဒေါသကင်းအောင် ရေးသားစီကုံးဖို့ ရန်နှင့် အပြစ်ကင်းလျှင် အလိုအလျောက် ဂုဏ်ပေါ်ပေါက်နိုင်ကြောင်း ပြလို၍ “ တေန ” စသော ဂါထာကိုခိန့်၊ တေနဖြင့် ဆိုခဲ့ပြီး ဂါထာ အနက်ကို ပြန်၍ညွှန်သည်၊ ဂုဏ်နှင့်တန်ဆာ ပြည့်စုံပါလျက် အပြစ် မကင်းလျှင် ချီးမွမ်းခြင်း မခံထိုက်သောကြောင့်၊ “ဒေါသနိရာသောဝ မဟုဿာဟေနသာဓိယော–အပြစ်ကင်းမှုကို အကြီးအကျယ်ကြိုးစား ကြပါလေ” ဟူလို။ [နိရာသော–နိ+အာသော၊ နိပုဗ္ဗ + အသဓာတ် (ဏာပစ္စည်း)သည် “စာဂ–စွန့်ခြင်း, ခေပ–ပစ်ပယ်ခြင်း”အနက်တို့ကို ဟော၏၊ နိရသနံ–ပယ်စွန့်ခြင်း၊ နိရာသော – ခြင်း၊ ဒေါသဿ – ကို+ နိရာသော ဒေါသနိရာသော။]

နိဒ္ဒေါသာ သမ္ဘတာ သာယံ ။ ။ [ သာ + အယံ ] သမ္ဘတာ+ နိဒ္ဒေါသာ - မည်သည့်နည်းနှင့်မျှ အပြစ်ရှာ၍ မရလောက်အောင် “ စင်းလုံးချော ” အပြစ်ကင်းနေသော အဖွဲ့အနွဲ့ ဖြစ်နေပါလျှင်.... “ သဂုဏာ န ဘဝေယျ ကိံ - အဘယ်မှာ ဂုဏ်ရှိသောအဖွဲ့ မဖြစ်ဘဲ နေနိုင်တော့အံ့နည်း၊ သဒ္ဒါလင်္ကာရ ဂုဏ်တွေ အလိုလိုပါနေသော အဖွဲ့ ဖြစ်နိုင်တော့သည်”ဟူလို။

www.dhammaransi.com



ဂုဏ်၏အကျိုး

၁၆။ သာလင်္ကာရ ဝိယုတ္တာပိ, ဂုဏယုတ္တာ မနောဟရာ၊
နိဒ္ဒေါသာ ဒေါသရဟိတာ, ဂုဏယုတ္တာ ဝရူဝိယ။

၁၆။ အလင်္ကာရ ဝိယုတ္တာပိ-အတ္ထာလင်္ကာရတန်ဆာနှင့် မယှဉ်ပါသော်လည်း၊ ဂုဏယုတ္တာ - ပသာဒစသော ဂုဏ်နှင့်ယှဉ်သော၊ နိဒ္ဒေါသာ - ပဒဒေါသစသော အပြစ် မရှိသော၊ သာ - ထို အဖွဲ့အနွဲ့သည်၊ မနောဟရာ- ပညာရှိ စိတ်နှလုံးကို ယူကျုံး ဆွဲဆောင်နိုင်၏၊(ကာဝိယ-အဘယ်သူကဲ့သို့နည်း၊)ဒေါသရဟိတာ-အပြစ်ကြီးငယ်,အသွယ်သွယ်မှ ကင်းသော၊ ဂုဏယုတ္တာ-ပင်ကိုယ်လှပ, အချိုးကျသောဂုဏ်နှင့်ယှဉ်သော၊ ဝရူဝိယ-အမျိုးသမီးကဲ့သို့တည်း။

× × × × × × ×

၁၆။ သာလင်္ကာရ'ပေ၊ ဝရူဝိယ ။ ။ "နိဒ္ဒေါသာ သဗ္ဗထာ သာယံ, သဂုဏာ နဘဝေယျ ကိံ" ဟူသော ဂါထာပါဒ အရ ဂုဏ်ရှိလာလျှင် ရနိုင်သော မနောဟရ အကျိုးထူးကို ဥပမာအားဖြင့် ထင်ရှား ပြလိုသောကြောင့် "သာလင်္ကာရဝိယုတ္တာပိ" အစရှိသော ဂါထာကို မိန့်၊ ပဒဒေါသ စသော အပြစ်ကင်း၍ နဂိုရ်အတိုင်း သဒ္ဒါလင်္ကာရဂုဏ် ရှိနေသော အဖွဲ့ အနွဲ့သည် အတ္ထာလင်္ကာရ (အနက်တန်ဆာ)မဆင်ပါသော်လည်း ပညာရှိစိတ်နှလုံးကိုယူကျုံးဆွဲဆောင်နိုင်ပါသည်၊ ဥပမာ—မှဲ့,တင်းထိပ်, ဝက်ခြံ, ခရုသင်းကွက် စသော အပြစ်တို့မှ ကင်း၍ ကျော့ရှင်း ဖြူစင် ပင်ကိုယ်ချော အမျိုးသမီးသည် အထူး မဆင်မပြင် ပါသော်လည်း မြင်ရသူ့ စိတ်နှလုံးကို ယူကျုံး ဆွဲဆောင်နိုင်သကဲ့သို့ ဖြစ်ပါသည်-ဟူလို။

**မှတ်ချက်** ။ ။ အဖွဲ့အနွဲ့၌ အတ္ထာလင်္ကာရ မပါခြင်းသည် အမျိုးသမီး၌ တန်ဆာဆင်မထားခြင်းနှင့်တူ၏၊ နဂိုရ်သဒ္ဒါလင်္ကာရဂုဏ်နှင့် ပြည့်စုံခြင်းသည် အမျိုးသမီး၏ နဂိုရ်လှပကျော့ရှင်း အချိုးကျခြင်းနှင့်တူ၏၊အဖွဲ့အနွဲ့၌ ပဒဒေါသ စသည် မပါခြင်းသည် အမျိုးသမီး၏ မှဲ့, ဝက်ခြံ, တင်းထိပ်, ခရုသင်း နူနာ မရှိခြင်းနှင့် တူသည်။ [နိဒ္ဒေါသာကို ဥပမေယျဘက်၌သွင်း၍, ဒေါသရဟိတာကို ဥပမာနဘက်၌သွင်း၍ အနက်ပေးရသည်။]

ဤတွင် အခြေခံ ဂန္ထာရမ္ဘ ပြီး၏။

www.dhammaransi.com



## ဒေါသာဝဇ္ဇ အခန်း

၁၇။ ပဒေ ဝါကျေ တဒတ္ထေစ, ဒေါသာ ယေ ဝိဝိဓာ မတာ၊
သောဒါဟရဏမေတေသံ, လက္ခဏံ ကထယာမျဟံ။

၁၇။ ပဒေ-ပုဒ်၌၎င်း၊ ဝါကျေ- ဝါကျ၌၎င်း၊ တဒတ္ထေစ - ထိုဝါကျ၏အနက်၌၎င်း၊ဝိဝိဓာ-အထူးထူးအပြားပြားများကုန်သော၊ ယေဒေါသာ-အကြင်အပြစ်တို့ကို၊မတာ-သိအပ်ကုန်၏၊ဧတေသံ-ဤ အပြစ်တို့၏၊ သောဒါဟရဏံ - ဥဒါဟရုဏ်နှင့် တကွဖြစ်သော၊ လက္ခဏံ - မှတ်ကြောင်းသုတ်ကို၊ အဟံ - ငါသည်၊ ကထယာမိ-ဆိုပေအံ့။

### ခေါင်းစဉ်=မာတိကာ

၁၈။ ဝိရုဒ္ဓတ္ထန္တရာဗျတ္ထ, ကိလိဋ္ဌာနိ ဝိရောဓိစ၊
နေယျံ ဝိသေသနာပေက္ခံ, ဟီနတ္ထက မနတ္ထကံ။

၁၉။ ဒေါသာ ပဒါန ဝါကျာန, မေကတ္ထံ ဘဂ္ဂရီတိကံ၊
တထာ ဗျာကိဏ္ဏ ဂါမ္မာနိ, ယတိဟီနံ ကမစ္စုတံ၊
အတိဝုတ္တ မပေတတ္ထံ, သဗန္ဓဖရုသံ တထာ။

× × × × × × ×

၁၇။ ပဒေ ၊ပေ၊ ကထယာမျဟံ။ ။ "ပဒဒေါသ , ဝါကျဒေါသ, ဝါကျတ္ထဒေါသ" ဟု ၃ မျိုး ခွဲခြား၍ သုတ် ဥဒါဟရုဏ်ကို ပြမည် ဟု ပဋိညာဉ် ပြုလိုသောကြောင့် "ပဒေ ဝါကျေ" စသည်မိန့်၊ [သောဒါဟရဏံ- သ + ဥဒါဟရဏံ၊ (ပါဠိပိဋကမှဖြစ်စေ လောကီပြောရိုး စကားမှဖြစ်စေ) ဥ (ဥဒ္ဓရိတွာ)-ထုတ်ယူ၍+အာဟရဏံ-ဆောင်ပြအပ်သောပုံစံကို"ဥဒါဟရဏ"ဟုခေါ်၏၊ဥဒ္ဓရိတွာ အာဟရိယတေတိ ဥဒါဟရဏံ - ဟု ပြု၊ လက္ခိယတိ အနေနာတိ လက္ခဏံ-အမှတ်အသား ပြုကြောင်း ဖြစ်သော စကား၊ ထို လက္ခဏာ စကားကိုပင် သဒ္ဒါကျမ်းတို့၌ လာသော သုတ်နှင့် အလားတူသောကြောင့် "သုတ်"ဟု ခေါ်စမှတ် ပြုကြသည်၊ သဟ+ဥဒါဟရဏေန+ယံ+ဝတ္တတီတိ သောဒါဟရဏံ(လက္ခဏံ)။]

www.dhammaransi.com



၂၀။ အပဏ္ဍမော စိတ္ယဟီနံ, ဘဂ္ဂရီတိ သသံသယံ၊
ဂါမ္ဘံ ဒုဋ္ဌာလက်တီတိ, ဒေါသာ ဝါကျတ္တနိဿိတာ။

၁၈။ ဝိရုဒ္ဓတ္ထန္တရာရျတ္ထ ကိလိဋ္ဌာနိစ - ဝိရုဒ္ဓတ္ထန္တရ ဒေါသ , အရျတ္ထဒေါသ , ကိလိဋ္ဌဒေါသတို့ရင်း၊ ဝိရောမိစ-ဝိရောမိ ဒေါသ ရင်း၊ နေယျံ- နေယျဒေါသရင်း၊ ဝိသေသနာပေက္ခံ - ဝိသေသနာ ပေက္ခဒေါသရင်း၊ ဟီနတ္ထကံ - ဟီနတ္ထကဒေါသရင်း၊ အနတ္ထကံ- အနတ္ထကဒေါသရင်း၊ ဣတိ- ဤ ရှစ်ပါးတို့သည်၊ ပဒါနံ- ပုဒ်တို့၏၊ ဒေါသာ-အပြစ်တို့တည်း။

၁၉။ ဧကတ္ထံ-ဧကတ္ထဒေါသရင်း၊ ဘဂ္ဂရီတိကံ-ဘဂ္ဂရီတိဒေါသ ရင်း၊ တထာ - ထိုမှတပါး၊ ဗျာကိဏ္ဏ ဂါမ္ဘာနိ- ဗျာကိဏ္ဏ ဒေါသ, ဂါမ္ဘ ဒေါသတို့ရင်း၊ ယတိဟီနံ- ယတိဟီန ဒေါသရင်း၊ ကမစျုတံ- ကမစျုတဒေါသရင်း၊အတိဝုတ္တံ-အတိဝုတ္တဒေါသရင်း၊အပေတတ္ထံ- အပေတတ္ထ ဒေါသရင်း၊ သဗန္ဓ ဖရုသံ - သဗန္ဓ ဖရုသ ဒေါသရင်း၊ ဣတိ- ဤကိုးပါးတို့သည်၊ ဝါကျာနံ-ဝါကျတို့၏၊ ဒေါသာ-အပြစ် တို့တည်း။

၂၀။ တထာ-ထိုမှတပါး၊ အပဏ္ဍမော-အပဏ္ဍမ ဒေါသရင်း၊ ဩစိတ္ယဟီနံ-ဩစိတ္ယဟီန ဒေါသရင်း၊ ဘဂ္ဂရီတိ- ဘဂ္ဂရီတိ ဒေါသ ရင်း၊ သသံသယံ-သသံသယ ဒေါသရင်း၊ ဂါမ္ဘံ- ဂါမ္ဘဒေါသရင်း၊ ဒုဋ္ဌာလက်တိ- ဒုဋ္ဌာလက်တိ ဒေါသရင်း၊ ဣတိ- ဤခြောက်ပါးတို့ သည်၊ ဝါကျတ္ထ နိဿိတာ-ဝါကျအနက်၌မှီကုန်သော၊ ဒေါသာ- အပြစ်တို့တည်း။

× × × × × × ×

၁၈, ၁၉, ၂၀။ ။ဤဂါထာတို့ကား ထိုဒေါသတို့၏ ခေါင်းစဉ် မာတိကာကို ပြသော ဂါထာတို့တည်း၊ "ဝိရုဒ္ဓတ္ထန္တရ"စသော ပုဒ်တို့ ၏ ပုဒ်နက်-အဓိပ္ပါယ်ကို ဆိုင်ရာဒေါသကျမှ ပြပါမည်၊ ယခုခေါင်းစဉ် နာမည်မျှကိုသာ မှတ်နှင့်ပါဦး။

ပဒ, ဝါကျ၊ ။"ဝိဘတျန္တံ ပဒံ"နှင့် အညီ တဝိဘတ်ဆုံးသော နာမ်, အာချာတ်, ဥပသာရ, နိပါတ်သည် ပုဒ်မည်၏၊ "ပဒသမူဟော ဝါကျံ"နှင့် အညီ တပုဒ်နှင့်တပုဒ် အချင်းချင်းဝဲစပ်သော( သဒ္ဒါထုံးစံ

www.dhammaransi.com



အတိုင်း စာစပ်၍ရ , အနက်အဓိပ္ပါယ် ဆက်သွယ်၍လည်း ရသော) ပုဒ်အပေါင်းသည် ဝါကျမည်၏၊ပုဒ်အပေါင်းဖြစ်သော်လည်း အနက် အဓိပ္ပါယ် ဆက်သွယ်မှုမရသော "စက္ခုမာ, ရူပံ, ဒသ, ဒ ဠိမော" ကဲ့သို့သော ပုဒ်အပေါင်းသည် ဝါကျ မဟုတ်၊ ထိုပုဒ်တို့၏ အနက်ကို (၈)ဂါထာ၌ ပြခဲ့ပြီ။

**မဟာဃုတ ဖြစ်လိုသူများအို**

**အမှာ။** ။သရဿတီ ကဏ္ဍာဘရဏ၌"ပဒ, ဝါကျ , ဝါကျတ္ထဒေါသတို့ ၁၆ ပါးစီ ပြ၏"ဟု စံကျောင်းဆရာတော်နိဿယ၌ မှာထားး၏။

**ပဒဒေါသ ၁၆ ပါး**

၁။ အသာဓုဒေါသ—သဒ္ဒါကျမ်းနှင့် ဆန့်ကျင်သောအပြစ်။
၂။ အပယုတ္တဒေါသ—မယှဉ်သင့်သောအရာ၌ ယှဉ်သောအပြစ်။
၃။ ကဋ္ဌဒေါသ—နားမချမ်းသာခြင်းကို ပေးတတ်သောအပြစ်။
၄။ အနတ္ထကဒေါသ—အနက်မရှိသော အပြစ်။
၅။ အညတ္ထဒေါသ—ထင်ရှားသောအနက်မှ ကင်းသောအပြစ်။
၆။ အဖုဋ္ဌဒေါသ—အချည်းနှီးသော အနက်ရှိသောအပြစ်။
၇။ အသမတ္ထဒေါသ—မစပ်သင့်သည်နှင့် စပ်သောအပြစ်။
၈။ အပတီတ ဒေါသ — လောကီလူများ၌ မထင်ရှားသော အပြစ်။
၉။ ကိလိဋ္ဌဒေါသ—ကြာမြင့်မှ သိရ၍ အသိခက်သောအပြစ်။
၁၀။ ဂုဠှတ္ထဒေါသ — လျှို့ဝှက်သော အနက်ရှိသော အပြစ်။
၁၁။ နေယျတ္ထဒေါသ—ပုဒ်တပါးကိုဆောင်ယူ၍ သိအပ်သောအပြစ်။
၁၂။ သံဒေဟဒေါသ—ယုံမှားအပ်သော အနက်ရှိသောအပြစ်။
၁၃။ ဝိရုဒ္ဓဒေါသ — ဆန့်ကျင်ဘက် အနက်နှစ်ခုရှိသော အပြစ်။
၁၄။ အပယောဇကဒေါသ— မယှဉ်သင့်သည်၌ ယှဉ်ခြင်းကြောင့် အကျိုးမရှိသော ဝိသေသန ရှိသောအပြစ်။
၁၅။ ဒေသဒေါသ — ဓာတ်ပစ္စည်းတို့ဖြင့် မပြီး, လောကသင်္ကေတအားဖြင့်သာ သိအပ်သောအပြစ်။
၁၆။ ဂါမ္မဒေါသ — ရိုင်းစိုင်း ရိုးတာသော အပြစ်။

**ဝါကျဒေါသ ၁၆ ပါး**

၁။ သဒ္ဒဟီနဒေါသ — သဒ္ဒါကျမ်းနှင့်မညီသော သဒ္ဒါရှိသော အပြစ်။
၂။ ကမဘင်္ဂဒေါသ—သဒ္ဒါအစဉ် အနက်အစဉ်မှ ကင်းသောအပြစ်။
၃။ ဝိသန္ဓိဒေါသ—သန္ဓိ မစပ်သင့်သောအရာ၌ စပ်ခြင်းအပြစ်။

www.dhammaransi.com



၄။ ပုနရုတ္တဒေါသ—ထပ်၍ဆိုအပ်သော ပုဒ်နက်ရှိသော အပြစ်။
၅။ ဗျာကိဏ္ဏဒေါသ — ပုဒ်တို့ကို ရှုပ်ရှုပ်ထွေးထွေး ထားခြင်းအပြစ်။
၆။ သံကိဏ္ဏဒေါသ—ဝါကျတခုနှင့်တခု ရောယှက်သောအပြစ်။
၇။ အပဒဒေါသ–ပကတိဌာနစသော မယှဉ်သင့်သောပုဒ်နှင့် ယှဉ်ခြင်းအပြစ်။
၈။ ဝါကျဂဗ္ဘိတဒေါသ—ဝါကျတပါး ရောယှက် ပါဝင်နေသော အပြစ်။
၉။ ဘိန္နလိင်္ဂဒေါသ—လိင်္ဂပြားသော ဥပမာရှိသောအပြစ်။
၁၀။ ဘိန္နဝစနဒေါသ—ဝုစ်ပြားသော ဥပမာရှိသောအပြစ်။
၁၁။ န္ယူနောပမဒေါသ—ယုတ်သော ဥပမာရှိသောအပြစ်။
၁၂။ အဓိကောပမ ဒေါသ—လွန်သော ဥပမာရှိသောအပြစ်။
၁၃။ ဘဂ္ဂဆန္ဒဒေါသ—ပျက်သော ဆန်းရှိသောအပြစ်။
၁၄။ ဘဂ္ဂယတိဒေါသ—ယတိပျက်သော အပြစ်။
၁၅။ အသရီရဒေါသ — ကြိယာပုဒ် ထည့်သင့်လျက် မထည့်သောအပြစ်။
၁၆။ အရီတိမာ ဒေါသ—သိလေသစသော ဂုဏ်တို့နှင့် ဆန့်ကျင်ဘက် အပြစ်။

**ဝါကျတ္ထဒေါသ ၁၆ ပါး**

၁။ အပေတတ္ထဒေါသ—အပေါင်းဖြစ်သော အနက်မှ ကင်းသော အပြစ်။
၂။ ဗျတ္ထဒေါသ—သိအပ်သော အနက်မရှိသော အပြစ်။
၃။ ဧကတ္ထဒေါသ—တခုထည်းသော အနက်ရှိသော အပြစ်။
၄။ သသံသယ ဒေါသ—ယုံမှားအပ်သော အနက်ရှိသော အပြစ်။
၅။ အပက္ကမဒေါသ—အစဉ်မရှိသော အပြစ်။
၆။ ခိန္နဒေါသ—မထင်ရှားသော အနက်အဓိပ္ပါယ်ရှိသော အပြစ်။
၇။ အတိမတ္တဒေါသ—လောကသဘောကို လွန်သော အပြစ်။
၈။ ဖရုသဒေါသ—ကြမ်းတန်းသော အနက်ရှိသော အပြစ်။
၉။ ဝိရသဒေါသ—ရသမှကင်းသော အပြစ်။
၁၀။ ဟီနောပမဒေါသ—ယုတ်သော ဥပမာရှိသော အပြစ်။
၁၁။ အဓိကောပမဒေါသ—လွန်သော ဥပမာရှိသော အပြစ်။
၁၂။ အသဒိသောပမဒေါသ—မတူသော ဥပမာရှိသော အပြစ်။
၁၃။ အပ္ပသိဒ္ဓေါပမဒေါသ—မထင်ရှားသော ဥပမာရှိသော အပြစ်။
၁၄။ နိရလင်္ကာရဒေါသ—အလင်္ကာမှကင်းသော အပြစ်။
၁၅။ အသလီလဒေါသ–အသရေ မရှိသော အနက်ရှိသော အပြစ်။
၁၆။ ဝိရောဓိဒေါသ—ဆန့်ကျင်သော သဘောရှိသော အပြစ်။

www.dhammaransi.com



**ပဒဒေါသ ရှစ်ပါး**

**ဝိရုဒ္ဓတ္ထန္တရ** ၂၁။ ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ, ယဿညတ္ထော ဝိရုဒ္ဓတိ၊ အဓိပ္ပေတေ ယထာ မေဃော,ဝိသဒေါ သုခယေ ဇနံ။

၂၁။ ဟိ-ချဲ့ဥုံးအံ့၊ ယဿ-အကြင်ပုဒ်၏၊ အညတ္ထော- အလိုရှိအပ်သောအနက်မှ တပါးသောအနက်သည်၊ အဓိပ္ပေတေ-အလိုရှိအပ်သော အနက်၌၊ဝိရုဇ္ဈတိ-ဆန့်ကျင်၏၊တံ-ထိုပုဒ်သည်၊ ဝိရုဒ္ဓတ္ထန္တရံ-ဝိရုဒ္ဓတ္ထန္တရ ဒေါသရှိသော ပုဒ်မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊ မေဃော ဝိသဒေါ သုခယေ ဇနံ-မေဃော၊ပေ၊ဇနံ ဟူသည်တည်း၊ ဝိသဒေါ- ရေကိုပေးတတ်သော၊ မေဃော - မိုဃ်းသည်၊ ဇနံ- လူအပေါင်းကို၊ သုခယေ - ချမ်းသာစေနိုင်၏၊ ["ဝိသဒေါ-အဆိပ်ကိုပေးတတ်သော"-၌ကား ဆန့်ကျင်ဘက်အနက်။]

× × × × × × ×

၂၁။ ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ ။ ။ မာတိကာစဉ်၌ ပြအပ်ခဲ့သော ပဒဒေါသ ရှစ်ပါးတို့တွင် ရှေးဦးစွာပြအပ်သော ဝိရုဒ္ဓတ္ထန္တရဒေါသကို အကျယ်ပြလိုသောကြောင့် "ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ" စသည်ကို မိန့်၊ ဤဂါထာ၌" ဝိရုဒ္ဓတ္ထန္တရံ ၊ ပေ ၊ အဓိပ္ပေတေ" တိုင်အောင် လက္ခဏာ ( သုတ်)၊ "ယထာ ၊ ပေ ၊ ဇနံ "ကား လက္ခ ( ဥဒါဟရဏ်)တည်း၊ သဒ္ဒါကျမ်း၌ " သရာ သရေ လောပံ( သုတ်)၊ ယဿိန္ဒြိယာနိ ( ဥဒါဟရဏ်)"ကဲ့သို့ပင်တည်း။

ဟိနိပါတ်သည်( မာတိကာ၏ အကျယ်ကိုထွန်းပြသော )ဝိတ္ထာရဇောတကသာတည်း၊ဋီကာတို့၌"ဟိယသ္မာ ကာရဏာ"ဟုကာရဏဇောတကကြံ၍ "အကြင့်ကြောင့် တပါးသော အနက်သည် အလိုရှိအပ်သော အနက်၌ ဆန့်ကျင်၏၊ ထို့ကြောင့် ဝိရုဒ္ဓတ္ထန္တရ မည်၏" ဟု ဆိုလေသည်၊ " ပသိဒ္ဓိယံဝါ "ဟု တပ္ပါကဋီကရဏ ဇောတကလည်း တနည်းဖွင့်ထား၏၊ အဋ္ဌကထာကြီးများ၌ အကျဉ်းမာတိကာနောင် အကျယ်ပြလျှင် ဝိတ္ထာရဇောတကချည်း သုံးစွဲလေ့ရှိသည်။

ဝိရုဒ္ဓတ္ထန္တရံ ။ ။ အကြင်ပုဒ်၌ ပျို့ကဗျာ ဂါထာဖွဲ့ဆိုသော ကဝိစာဆို၏ ဆိုလိုအပ်သောအနက်ကတမျိုး,ထိုအနက်နှင့် ဆန့်ကျင်ဘက်အနက်ကတမျိုး,ဟု အနက် ၂မျိုးရှိ၏၊ ပျို့ကဗျာဂါထာတို့၌ ထိုကဲ့သို့

www.dhammaransi.com



ဆန့်ကျင်ဘက် အနက်တမျိုးရှိသော ပုဒ်သည် "ဝိရုဒ္ဓတ္ထန္တရဒေါသ" သင့်သော ပုဒ်မည်၏။ [အန္တရော- (ဆိုလိုအပ်သောအနက်မှ)တပါး တခြားသော+အတ္ထော-အနက်တည်း၊ အတ္ထန္တရော- တပါး တခြား သောအနက်၊(ဝိသေသနပရ နိပါတ ကမ္မဓာရည်း)၊ ဝိရုဒ္ဓေါ+အတ္ထန္တရော ယဿာတိ ဝိရုဒ္ဓတ္ထန္တရံ (ပဒံ)။]

[ဆောင်] ကဝိစာဆို,ကဗျာမိုရ်၏,ဆိုလိုအပ်ချက်,ထိုအနက်၌, သက်သက်ဆန့်ကျင်, အနက်ဝင်လတ်, ထိုပုဒ်ပါ၌, ဝိရုဒ္ဓတ္ထန္တရဒေါ်။

**ပုံစံ**။ ။ဝိသဒေါ မေဃော ဇနံ သုခယတိ၊ဤပုံစံ၌ ဝိသသဒ္ဒါသည် "ရေ" ကိုဒင်း "မြွေဆိပ်" ကိုဒင်း ဟော၏၊"ရေ"ဟူသော အနက်သည် ကဝိစာဆို၏ ဆိုလိုအပ်သော အနက်တည်း၊ "မြွေဆိပ်" ဟူသော အနက်ကား မဆိုလိုအပ်သော မလိုလားအပ်သော"အတ္ထန္တရ" တည်း၊ ရေပေးသော မိုဃ်းသည် ချမ်းသာ စေ၏၊ အဆိပ်ပေးသော မိုဃ်းကား ဆင်းရဲစေ - သေစေ၏၊ ဤသို့ ရေအနက်ကို ဟောသော ဝိသ၌ အဆိပ် ဟူသော ဆန့်ကျင်ဘက် အနက်တမျိုးရှိသောကြောင့်"ဝိသ"ပုဒ်သည်(တနည်း-ဝိသနှင့်စပ်သော"ဝိသဒေါ" တပုဒ်လုံးသည်) ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုဒ် ဖြစ်ရလေသည်။

**ယထာ**။ ။ယထာသည် ဥပမာဇောတက နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် " ယထာ မေဃော ဝိသဒေါစ္စာဒိ ဝိရုဒ္ဓတ္ထန္တရဿ ဥဒါဟရဏံ၊ ဧဝံ ဤဒိသံ အညံပိ ဉာမဿ ဥဒါဟရဏံ=မေဃောဝိသဒေါ-စသောပုံစံသည်ဝိရုဒ္ဓတ္ထန္တရဒေါသ၏ဥဒါဟရုဏ်ဖြစ်သကဲ့သို့ထို့အတူ ဤကဲ့သို့ ရှုအပ်သော အခြားပုံစံလည်း ဤ ဝိရုဒ္ဓတ္ထန္တရဒေါသ၏ ဥဒါဟရုဏ်ပင်ဖြစ်၏"ဟု ဋီကာသစ်ဖွင့်၏၊ နိဿယ၌ကား လွယ်ကူအောင် "ယထာ- ဥဒါဟရုဏ်ကား"ဟု ပေးလိုက်သည်၊ ဤယထာနိပါတ်က အလားတူပုံစံများကို ညွှန်ပြသောကြောင့် ရှေးနိဿယများ၌ " စိန်ပေးသောသဌေးသည် ကြွယ်ဝစေ၏"ဟုဒင်း"ဤသူ့အား ရွှေပန်းကို ပေးလိုက်ပါ၊ ဤသူကား ပန်းမှိုက်သွန်တည်း" ဟုဒင်း အလားတူ မြန်မာပုံစံများကို ပြကြလေသည်။

**စိစစ်ချက်**။ ။"စိန်"ဟူရာ၌ ရတနာစိန်သည် ဆိုလိုအပ်သော အနက်တည်း၊ ထိုစိန်ဟူသောပုဒ်၌ သံပုရာရေနှင့်သောက်လျှင် သေစေ

www.dhammaransi.com



တတ်သောစိန်လည်းပါဝင်သောကြောင့်ဝိရုဒ္ဓတ္ထန္တရဒေါသသင့်သည် ဟု ဆိုလိုသတတ်၊ သို့သော် ထိုစိန်သည် အဂ္ဂိရတ်ထိုးရာ ဆေးဖော်ရာ တို့၌ အပြစ်မရ၊ အဂ္ဂိရတ်ထိုးသူ , ဆေးဖော်လိုသူအား စိန်ပေးလျှင် အကျိုးကို ရစေသောကြောင့် " စိန်" ဟူသော ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရ ဒေါသမသင့်ပါ၊ "ရွှေပန်း"ဟူသော စကား၌ ကလေးငယ်၏"အင်္ဂါ ဇာတ် "ဟူသော အနက်တပါး ပါဝင်၏၊ (မစင်ကျုံးပစ်သူကိုလည်း "ပန်းမှိုက်သွန်"ဟု ခေါ်ရကား) "ပန်းမှိုက်" ဟူသော စကားပုဒ်၌ " မစင် " ဟူသော အနက်တပါး ပါဝင်၏၊ သို့သော် ထို အနက် တပါးသည် ဆန့်ကျင်ဘက်မဟုတ်၊ မှန်၏—အနက်တပါး ရှိရုံမျှသည် အတ္ထန္တရသာ ဖြစ်၏၊ ထို အနက်တပါးက ဆန့်ကျင်ဘက် အကျိုးကို ပြမှသာ ဝိရုဒ္ဓဖြစ်သည်၊ ထို့ကြောင့်"ထိုပုံစံများ၌ ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်၏ "ဟူသော စကားကို စဉ်းစားကြပါလေ။

ဝိမိ, အနုဝါဒ။ ။အနက်အဓိပ္ပါယ် ထင်ရှားပြသောပုဒ်-ဝါကျ သည် အနုဝါဒမည်၏၊ ထိုအနုဝါဒဖြင့် ထင်ရှားပြအပ်သော ပုဒ်-ဝါကျသည် ဝိမိမည်၏၊ " ယဿ အညတ္တော အဓိပ္ပေတေ ဝိရုဇ္ဈတိ" သည် ဝိရုဒ္ဓတ္ထန္တရံ ပုဒ်၏ အနက်ကို ထင်ရှားပြတတ်သောကြောင့် အနု ဝါဒမည်၏၊"တံ ဝိရုဒ္ဓတ္ထန္တရံ"သည် ထိုအနုဝါဒဖြင့် ထင်ရှားပြအပ် သောကြောင့် ဝိမိမည်၏၊ ထို့ကြောင့် ဋီကာ၌ " ယဿ အညတ္တော အဓိပ္ပေတေ ဝိရုဇ္ဈတိတိ လက္ခဏံ (သုတ်ကို) ပသိဒ္ဓဘာဝေန အနုဝဒိ တွာ (ထင်ရှားသည့် အဖြစ်ဖြင့် လျော်စွာဆိုပြီး၍ )တံ ဝိရုဒ္ဓတ္ထန္တရံတိ အပ္ပသိဒ္ဓဝိရုဒ္ဓတ္ထန္တရံ ဝိဓိယတေ၊ယထာ-ယော ကုဏ္ဍလိ(အနုဝါဒ), သော ဒေဝဒတ္တော ( ဝိမိ ) ဣတိ-(အကြင်သူသည် နားဒောင်းရှိ၏၊ ထိုသူဟာ ဒေဝဒတ် မည်သူတည်း)ဤပုံစံကဲ့သို့တည်း၊ [ဋီကာအဆိုကို နားမလည်မည်စိုး၍,အပိုထည့်ပြလိုက်သည်၊ အနုဝါဒကို ဝိသေသန, ဝိမိကို ဝိသေသျ ဟု သဒ္ဒါကျမ်းတို့ နာမည်ပေးကြသေး၏။]

**အမှာ။** ။စာချဆရာများသည် ဤအခဏ်းက ဒေါသတခုကို ချပြီးတိုင်း ဒေါသပရိဟာရဝဗောဓ အခဏ်း၌ ထိုဒေါသ၏ အဖြေပြသော သက်ဆိုင်ရာ ဂါထာကို ခုန်ကျော်ပို့ချမှ "ဒေါသသဘော-ဒေါသပရိဟာရ သဘော " ကို ရှင်းလင်းစွာ နားလည်လွယ်ပါလိမ့်မည်၊ ထို့ကြောင့် ဤဂါထာ အပြီးတွင် ဒေါသပရိဟာရာဝဗောဓ အခဏ်းက ဝိရုဒ္ဓတ္ထန္တရ အဖြေဂါထာကို ခုန်ကျော်၍ ပို့ချကြပါလေ။

www.dhammaransi.com



အဖျူ့ဥ ၂၂။ ဝိသေသျ မဓိကံ့ယေနာ-ချုတ္တမေတံ ဘဝေ ယထာ၊
ဩဘာသိတာ သေသဒိသော, ခဇ္ဇောတော ယံ ဝိရာဇတေ။

၂၂။ ယေန-အကြင်ဝိသေသနပုဒ်ကြောင့်၊ ဝိသေသျံ-ဝိသေသျ ပုဒ်သည်၊ အဓိကံ- အနက်အားဖြင့် လွန်နေ၏၊ ဧတံ-ဤဝိသေသန ပုဒ်သည်၊ အချုတ္တံ- အချုတ္တဒေါသရှိသည်၊ ဘဝေ - ဖြစ်၏၊ ယထာ- ဥဒါဟရုဏ်ကား၊ ဩဘာသိတာ၊ ပေ၊ ဝိရာဇတေ- ဟူသည်တည်း။ [ဩဘာသိတာသေသဒိသော- ထွန်းလင်းအပ်သော အလုံးစုံအရပ် ရှိသော၊ ဝါ- အလုံးစုံအရပ်တို့ကို ထွန်းလင်းနိုင်သော၊ အယံခဇ္ဇော တော-ဤ ပိုးစုန်းကြူးသည်၊ ဝိရာဇတေ-တောက်ပ၏။]

× × × × × × ×

၂၂။ ဝိသေသျ ၊ပေ၊ ဘဝေ။ ။ [ ဝိသေသျနှင့် ဝိသေသနကို နားလည်ပြီး ဖြစ်ပါစေ။] ဝိသေသျပုဒ်ကို အနက်အားဖြင့် လွန်သွား အောင် အထူးပြုသော ဝိသေသန ပုဒ်သည် အချုတ္တဒေါသ သင့်၏၊ ဝိသေသနကို သဒ္ဒါကျမ်းတို့၌ ဂုဏ - ဂုဏ် ဟု လည်း ခေါ်၏၊ ''အဓိ ကော+အတ္တော ယေနာတိ အချုတ္တံ၊''[''အဓိ+ အတ္တ'' ဟု ပုဒ်ဖြတ်၊ အဓိသဒ္ဒါ အဓိကအနက်ဟော။]ယေန-အကြင်ဝိသေသနပုဒ်ကြောင့်၊ အတ္တော-ဝိသေသျပုဒ်၏ အနက်သည်၊ အဓိကော - လွန်၏၊ ဣတိ- ထို့ကြောင့်၊ တံ- ထိုဝိသေသနပုဒ်သည်၊ အချုတ္တံ- အချုတ္တမည်၏။

[ဆောင်] ဝိသေသျပုဒ်နက်, နဂိုရ်ထက်မှ, လွန်တက်စေထ, ဝိသေသန, အချုတ္တဒေါသ ခေါ်။

ဩဘာသိတာ ၊ပေ၊ ဝိရာဇတေ။ ။ဤ ပုံစံ၌ '' ခဇ္ဇောတော '' သည် ဝိသေသျ, '' ဩဘာသိတာသေသဒိသော''သည် ဝိသေသန၊ '' ပိုးစုန်းကြူး ''ဟု ခေါ်သော ပိုးကောင်ကလေးသည် ညဥ့်အခါ၌ အနည်းငယ် အရောင်ထွက်နေ၏၊ ထိုပိုးကောင်ကလေးကို ဝိသေသန ပြုရာ၌ ''ဩဘာသိတာသေသဒိသော-အကြွင်းမရှိသော အရပ်တို့ကို ထွန်းလင်းနိုင်သော '' ဟု ပိုးစုန်းကြူးနှင့် မတန်အောင် ဝိသေသန ပြုထားသောကြောင့် ''ဩဘာသိတာသေသဒိသော''ဟူသော ဝိသေ သနပုဒ်သည် အချုတ္တဒေါသ သင့်၏၊ [ ဩဘာသိယန္တေတိ ဩဘာ သိတာ၊ ဩဘာသိတာ+အသေသဒိသာ ယေနာတိ ဩဘာသိတာသေ သဒိသော၊ ခဇ္ဇောတော။]

www.dhammaransi.com



မြန်မာသုံး သတိ။ ။အရာဝတ္ထုနှင့် ဖြစ်စေ, ပုဂ္ဂိုလ်နှင့်ဖြစ်စေ မလိုက်အောင် အလွန်မြှော်ပင့် ချီးမွမ်းကြောင်း ဂုဏ်စကား ဟူသမျှသည် အရဲ့တ္တဒေါသ သင့်သည်ချည်းသာ၊ အောက်တန်း အရာရှိကို အထက်တန်းရာထူးဖြင့် ခေါ်ခြင်း, အတော်အတန် ဓနရှင်ကို သဌေးဟု ခေါ်ခြင်း , သာမန် ဘုန်းကြီးကို " ဆရာတော် " ဟု ခေါ်ခြင်း, ဘုန်းကြီးပုံ့ ကထိန်ခင်းကိစ္စ၌ ''လဇ္ဇီပေသလ, သိက္ခာကာမ"စသော ဂုဏ်မရှိဘဲ''ထိုဂုဏ်ရှိသောဆရာတော်"ဟု မြှော်ပင့် ရေးသားခြင်း များ၌ ထိုဝိသေသနဂုဏ်စကားတွေသည် အရဲ့တ္တဒေါသချည်းတည်း။

ကောယံ ဗိန္ဒုဿရော ဝဂ္ဂု, သရဝန္တာနမုတ္တမော၊
အစ္စုတော ဇမ္ဗုသာခါယ,မောရစ္ဆာပေါဝ ကူဇတိ။

ဗိန္ဒုဿရော - မကွဲမအက်, တခဲနက်လုံးသော အသံရှိထသော၊ ဝဂ္ဂု-ကြားရတိုင်းလို, နားဝင်ချိုအောင်, ပင်ကိုယ်အမှန် , သာယာသော အသံလည်း ရှိထသော၊ သရဝန္တာနံ - ကမ္ဘာပေါ်တွင် , ကောင်းသော အသံရှင်တို့ထက်၊ ဥတ္တမော-အကောင်းဆုံး အသာဆုံးလည်း ဖြစ်ထသော၊ ဇမ္ဗုသာခါယ - မိမိနေလျက် , သပြေခက်မှ၊ အစ္စုတော-မရွေ့မလည်, အလွန်တည်ငြိမ်ထသော၊ မောရစ္ဆာပေါဝ - လှပ ယဉ်ကျေး, ဒေါင်းကလေး ကဲ့သို့၊ ကူဇတိ - သာယာ ချို, တေးဆို၍နေသော၊ အယံ- ဤငှက်မင်းကား၊ ကော-ဘယ်နွယ် ဘယ်ရိုး, ဘယ်အမျိုးဟု, တန်ခိုးထင်ပေါ်, အဘယ်ငှက်တော်ပါနည်း။

တိကနိပါတ် ဇမ္ဗုခါဒကဇာတ်၌လာသော မြေခွေးက ကျီးကန်းကို ချီးမွမ်းသော ဂါထာတည်း၊ ဤဂါထာ၌ ''ဗိန္ဒုဿရော-ဝဂ္ဂု, သရဝန္တာနမုတ္တမော '' ဝိသေသနတို့သည် ကျီးကန်းနှင့် မတန်အောင် ချီးမွမ်းသော ဂုဏ်များဖြစ်၍ အရဲ့တ္တဒေါသ သင့်သော ပုဒ်များဟု စံကျောင်းနိဿယမိန့်၏၊ ထို့ပြင် " မောရစ္ဆာပေါဝ " ဟူသော ဥပမာန ဝိသေသန, မြေခွေးကို ကျီးကန်းက ပြန်၍ချီးမွမ်းသောဂါထာ၌ ''ဗျဂ္ဃစ္ဆာပ သရီရဝဏ္ဏ-ကျားငယ်ကလေးနှင့်တူသော ကိုယ်အဆင်းရှိသော ''ဟူသော ဝိသေသနတို့လည်း အရဲ့တ္တဒေါသနှင့်အဓိကောပမဒေါသ သင့်သောပုဒ်များဟု ထိုစံကျောင်းနိဿယ၌ မိန့်သည်။

www.dhammaransi.com



**ကိလိဋ္ဌဒေါသ**

၂၃။ ယဿတ္ထာ ဝဂမော ဒုက္ခော, ပကတျာဒိ ဝိဘာဂတော၊
ကိလိဋ္ဌံ တံ ယထာ တာယ, သောယမာလိင်္ဂျတေ ပိယာ။

၂၃။ ယဿ-အကြင်ပုဒ်၏၊ ပကတျာဒိ ဝိဘာဂတော-ပကတိ အစရှိသည်ကို ဝေဘန်ခြင်းအားဖြင့်၊ အတ္ထာဝဂမော - အနက်ကို သိရခြင်းသည်၊ ဒုက္ခော-ခက်ခဲ၏၊ တံ-ထိုပုဒ်သည်၊ ကိလိဋ္ဌံ-ကိလိဋ္ဌ ဒေါသသင့်သော ပုဒ်မည်၏၊ ယထာ-ဥဒါဟရုဏ်ကား၊ ....တာယ ၊ပေ၊ ပိယာ-တာယ' ပေ၊ ပိယာ ဟူသည်တည်း။ [ တာယ ပိယာ- ထိုချစ်မည်းဘွယ်, ဇနီးသယ်သည်၊ သောယံ ( သော+အယံ)- ထို လင်ယောကျ်ားကို၊ အာလိင်္ဂျတေ-လည်ဖက်အပ်၏။]

× × × × × × ×

၂၃။ ယဿတ္ထာဝ၊ပေ၊ ကိလိဋ္ဌံ ။ ။ ယဿ အတ္ထာဝဂမော ဒုက္ခော၊ တံ ကိလိဋ္ဌံ= အနက် အသိခက်သော ( အနက်မထင်နိုင်စရာ ဖြစ်သော )ပုဒ်သည် ကိလိဋ္ဌဒေါသ သင့်သောပုဒ်တည်း၊ ထင်ရှားစေ အံ့—ကြေးမုံ(မှန်)သည် မသန့်ရှင်း မကြည်လင်ဘဲ ညစ်ပေနေလျှင် ထိုမှန် ကို ကြည့်သူမှာ မျက်နှာရိပ် မထင်ရှားသကဲ့သို့,ထို့အတူ ပုဒ်တခုသည် ''ဤကား လိန်,ဤကားဝိဘတ်''ဟု ခွဲခြားဘို့ရာရင်း,''ဤကားဓာတ်, ဤကား ပစ္စည်းဝိဘတ်'' ဟု ခွဲခြားဘို့ရာရင်း, '' ဤနည်းအားဖြင့် ရုပ် ပြီး၏ ''ဟုရင်း, ရှင်းရှင်းလင်းလင်း မရှိဘဲ ညစ်ပေသကဲ့သို့ ဖြစ်နေလျှင် ထိုပုဒ်၏ အနက်ကို သိလိုသူမှာ အနက် တည်းဟူသော မျက်နှာရိပ် မထင်နိုင်၊ '' အနက်မထင်နိုင် '' ဟူလို၊ ထိုသို့ အနက်အသိခက်စရာ ဖြစ်နေသော ( အနက် အသိခက်လောက်အောင် လိန် ဓာတ် ပစ္စည်း ဝိဘတ်နှင့် ရုပ်ပြီးပုံကို ခွဲခြားဘို့ မလွယ်သော )ပုဒ်သည် ကိလိဋ္ဌဒေါသ သင့်သော ပုဒ်မည်၏။[ကိလိဋ္ဌသဒ္ဒါ- အညစ်အပေ အနက်ဟော။]

ဋီကာသစ်။ ။ကိလိဋ္ဌံ ဝိယာတိ- ကိလိဋ္ဌံ= (ညစ်ပေသော မှံနှင့် တူသောပုဒ် )၊ ယထာဟိ မလဂ္ဂဟိတော အာဒါသော ( ယူအပ်သော အညစ်အကြေးရှိသော ညစ်ပေနေသော မှံ ) အတ္တနော ကိလိဋ္ဌတ္တာ မုခါဒိနံ ပကာသနေ အဝိသဒေါ ဟောတိ ( ရှင်းရှင်းလင်းလင်း မရှိ)၊ ဧဝံ အဓိပ္ပေတတ္ထပကာသနေ ( ဆိုလိုအပ်သော အနက်ကို ထင်ရှား ပြခြင်း၌ ) အသမတ္ထံ ပဒံ (မစွမ်းနိုင်သောပုဒ်သည်)ကိလိဋ္ဌံ နာမ။

www.dhammaransi.com



**ပကတျာဒိ ဝိဘာဂတော**။ ။ပကတျာဒိ၌ အာဒိဖြင့် ပစ္စယကို၎င်း, ထို ပကတိ ပစ္စယတို့၏ ရုပ်ပြီးပုံကို၎င်း ယူပါ၊ ပုဒ်တခုကို အနက်ထင်ဘို့အရေး၌ ရှေးဦးစွာ ပကတိနှင့် ပစ္စယကို စိတ်ဖြင့် ခွဲကြည့်ရ၏၊ ထိုတွင်"ပကတိ" ဟူသည် ပုရိသ-စသော လိင်နှင့် ဂမုစသောဓာတ်တည်း၊မှန်၏—ရုပ်တွက်သောအခါ ရှေးဦးစွာ "ပုရိသလိင်တည်, ဂမုတည်"စသည်ဖြင့် တည်လိုက်ရ၏၊ ထိုသို့ရှေးဦးစွာ တည်ထားရသောရုပ်ကို "ပကတိ-ပင်ကိုယ်၊ ဝါ-အထည်ကိုယ်"ဟု ခေါ်သည်၊ "ပစ္စယ" ဟူသည် သိစသော တိစသော ဝိဘတ်များနှင့် ဏစသော ပစ္စည်းများတည်း။[ပကတိ လိင်ဓာတွေစ,ဝိဘတ္တိပစ္စယာ ပန ပစ္စယော၊- (ဘေဒစိန္တာ) ] " ထိုပကတိ ပစ္စယတို့ကို မည်သည့်နည်းအားဖြင့် ရုပ်စီရင်သော အခါ ဤပုဒ်ဖြစ်လာ၏ " ဟု ရုပ်ပြီးပုံကိုသိမှ ပုဒ်တခု၏ အနက်ကို မှန်ကန်စွာသိနိုင် (အနက်ထင်နိုင်)သည်။

[ဆောင်] (၁) လိင်နှင့်ဓာတ်ကို, ပကတိဆို , ထိုထိုပစ္စည်း , ဝိဘတ်လည်း, အပြီးခေါ်ကြ—ပစ္စယ။

(၂) ပစ္စယပကတိ , ရုပ်ပြီးမသိ၍, ကဝိစာဆို, လိုရာအနက်, အသိခက်စွ, ထိုပဒ, ဒေါသ ကိလိဋ္ဌ။

**ပုံစံ**။ ။ " တာယ သောယံ အာလိဂ္ဂျတေ ပိယာ " ဟူသော ဥဒါဟရုဏ်ဝယ် ပိယာသည် ကိလိဋ္ဌဒေါသ သင့်သောပုဒ်တည်း၊ ဤပိယာသည်"အာလိဂ္ဂျတေ"ဟူသော ကံဟောကြိယာ၏ ကတ္တားဖြစ်ရကား တတိယန္တ ပုဒ်အဖြစ်ဖြင့် လိင်နှင့်ဝိဘတ်ကို ခွဲခြား၍ ရုပ်ပြီးဘို့မလွယ် သောကြောင့် တတိယာကတ္တား အဖြစ်ဖြင့် အနက် ထင်ဘို့ခက်၏၊ ထို့ကြောင့် ကိလိဋ္ဌဒေါသသင့်သော ပုဒ်ဖြစ်ရလေသည်။

**ချဲ့ဦးအံ့**—ပီဓာတ်သည် တပ္ပန (နှစ်သက်ခြင်း)အနက်၌ (ဘူ-စု-ကီ) ၃ ဂိုဏ်း၊ ပီတိ (ချစ်ခြင်း) အနက်၌ ဒိဝါဒိတဂိုဏ်း၊ ပီဏာတိ-လင်ကို နှစ်သက်တတ်၏၊ ( တနည်း ) ပီယတိ - လင်က ချစ်အပ်၏၊ ဣတိ- ထို့ကြောင့်၊ -ပီ - ပိမည်၏၊ ပီဓာတ်, အ ပစ္စည်းသက်, ဣတ္တိဇောတက ဤပစ္စည်း ထပ်သက်၊ ထို့နောက် " ဣတ္တိယာ " ကဲ့သို့စီရင်၍ "ပိယာ" ပြီးသည်- ဟု သိဘို့ ခဲယဉ်းသောကြောင့် တတိယာကတ္တားအဖြစ်ဖြင့် အနက်ထင်ဘို့ ခက်ရကား ပိယာပုဒ်သည် ကိလိဋ္ဌ

www.dhammaransi.com



ဒေါသ သင့်၏။ [ အာလိင်္ဂျတေ ကား အာပုစ္ဆ, လိင်္ဂ (လိင်္ဂ်) ဓာတ် , ယပစ္စည်း, တေဝိဘတ် ဖြစ်၍ သိလွယ်ပါ၏၊ ဤပုဒ်ကို "သိလိဿတေ-လည်ဖက်အပ်၏"ဟု သိလိသဓာတ်ဖြင့် ဋီကာတို့ ဖွင့်ကြ၏။]

အမှာ။ ။[ စံကျောင်းနိဿယမှ ထုတ်ငြံချက်၊ ] သက္ကတ အလင်္ကာ ကျမ်းတို့၌ကား "အနက်ထင်ဘို့ရန် မလွယ်ကူသော (ကြာမြင့်စွာ ကြံမှ အနက်အဓိပ္ပါယ်သိရသော)ပုဒ်သည် ကိလိဋ္ဌဒေါသသင့်၏" ဟု ဆို၏၊ ထို အဆိုလည်း ဤ အလင်္ကာကျမ်း အဆိုနှင့် သဘော တူပင်။

(၁) ဘူပါလ- ရေမြေ့သနင်း ပြည့်ရှင်မင်း၊ တဝ - ၏၊ စေဋ္ဌိတံ- အပြုအမူသည်၊ အတိလောစန သမ္ဘူတ ဇောတိ ဥဂ္ဂမဘာသိတ်- လရောင်တက်မှပွင့်သော ကုမုဒြာကြာတို့နှင့်၊ သဒိသံ-စွာ၊ အတျန္တံ- လွန်လွန်မင်းမင်း၊ သောဘတေ-တင့်တယ်၏၊ [ ဤ၌ "အတိလောစန သမ္ဘူတ ဇောတိ ဥဂ္ဂမဘာသိ"ပုဒ်သည် ကြာကို ဟော၏၊ ထိုအနက် ကို"လထွက်မှ ပွင့်သောပန်း" ဟူ၍ ဆိုသဖြင့် ကြာမြင့်စွာကြံမှ သိအပ် သောကြောင့် ထိုပုဒ်သည် ကိလိဋ္ဌဒေါသသင့်၏။....ကာဗျပကာသ။]

(၂) ဒိရောဒဒ ၀သတိ ဇမ္ဗုဘဝေါ - နို့ ဓမ်းသမုဒြာ၌ လက္ခမီ နတ်သမီး၏ နေရာ ့ ဖြစ်ရာ ဘုံ ဟု ဆိုအပ်သော ရေတို့သည်၊ ပသန္နာ- ကြည်လင်ကုန်၏။[ ဤ၌" ဒိရာဒဇော ၀သတိ ဇမ္ဗုဘူ" ပုဒ်သည် အလွန် များသော သဒ္ဒါတို့ကိုစပ်မှ "ရေ" ဟူသော အနက်တခုကိုသာ သိရ သောကြောင့် ကိလိဋ္ဌဒေါသ သင့်၏။....သာဟိစ္စ ဒပ္ပဏ။]

(၃) ဝိဇိတတ္တဘာ၀ဒေဿိ ဂုရုပါဒဟတော- ဂဠုန်မင်းသည် အောင်အပ်သော သိကြားမင်း၏ ညီ၏ ရန်သူဖြစ်သော ကဏ္ဏ၏ ဆရာ ဖြစ်သော နေမင်း၏ ဒြ ဟု ဆိုအပ်သော အ ရောင်တို့ဖြင့် ထိခိုက်အပ် သော၊ ဇနော-လူသည်၊ ဟိမပဟာ မိတ္တဓရေဗျတ္တံ-ဆီးနှင်းကိုပယ်တတ် သော မီး၏ရန်သူ ရေကိုဆောင်သော မိုးပ်းဖြင့် ပုံနှံသော၊ ဗျောမံ- ကောင်းကင်ကို၊ အဘိနန္ဒတိ- အလွန်နှစ်သက်၏။ [ ဤ၌ "ဟိမပဟာ, မိတ္တဓရ"ဟူသော ပုဒ်တို့သည် ကိလိဋ္ဌဒေါသသင့်သော ပုဒ်တို့တည်း။ ....သရသွတီ ကဏ္ဌာဘရဏ။]

www.dhammaransi.com



### ယမကာဒိ ကိလိဋ္ဌ

**၂၄။ ယံ ကိလိဋ္ဌပဒံ မန္ဒာ-ဘိဓေယျံ ယမကာဒိကံ၊**
**ကိလိဋ္ဌပဒဒေါသော၀, တံ ပိ အန္တော ကရီယတိ။**

၂၄။ **ကိလိဋ္ဌပဒံ- အနက်ထင်၍ မဖြစ်အောင် ညှစ်သော ပုဒ်ရှိသော၊ မန္ဒာဘိဓေယျံ-နည်းသော အနက်ရှိသော၊ ယံ ယမကာဒိကံ- အကြင် ယမကအစရှိသော ပုဒ်သည်၊(အတ္ထိ-ရှိ၏၊)တံပိ- ထို ယမက အစရှိသော ပုဒ်ကိုလည်း၊ ကိလိဋ္ဌပဒဒေါသေ၀ - ကိလိဋ္ဌပဒဒေါသ၌ပင်လျှင်၊ အန္တော ကရီယတိ-အတွင်းပြုအပ်၏။**

× × × × × × ×

၂၄။ **ယံ ကိလိဋ္ဌပဒံ**။ ။ယမကနှင့်ပဟေဠိတို့ကို အကျယ်မပြဘဲ ကိလိဋ္ဌပဒဒေါသနှင့် စပ်၍ အမြွက်မျှ ပြလိုသောကြောင့် “ ယံ ကိလိဋ္ဌပဒံ ” စသော ဂါထာကိုမိန့်၊ အနက်အဓိပ္ပါယ် အနည်းငယ်သာပါလျက် အသိခက်သောပုဒ်များကို စီကုံးထားသော ယမက- ပဟေဠိပုဒ်ကိုလည်း ကိလိဋ္ဌပဒဒေါသ၌ သွင်းရသည်။[ယမကာဒိ၌ အာဒိဖြင့် ကြံဆ၍ မရနိုင်လောက်အောင်ခက်သော ပဟေဠိကို ဋီကာတို့ယူကြ၏။]

**ကိလိဋ္ဌပဒံ မန္ဒာဘိဓေယျံ**။ ။ အပ္ပတီတဒေါသသဘာဝေ-(ပကတိပစ္စယစသည်ကို ခွဲခြား၍ ကြည့်သည်ရှိသော်) မသိအပ်သော (မထင်ရှားသော)အပြစ်သဘော၌၊ ဋီတတာယ-တည်သည်၏ အဖြစ်ကြောင့်၊(ပြခဲ့သော ကိလိဋ္ဌပဒဒေါသ အပြစ်ရှိသောကြောင့်-ဟူလို၊) ယ**ဿ** – အကြင် ယမက အစရှိသည်၏၊ ကိလိဋ္ဌာနိ – ညှစ်မှုန်သော မှုံကဲ့သို့ ညှစ်မှုန်ကုန် မသန့်ရှင်း ကုန်သော၊ ပဒါနိ သန္တိ ဣတိ ကိလိဋ္ဌပဒံ၊ ပကတိပစ္စယခွဲဘို့နှင့် ရှပ်ပြီးပုံပါ ခက်၍ အနက်မထင်ရှားသော ပုဒ်တွေ ပါနေသော ယမက စသည်တည်း၊ ယမက ( အစုံ ) ဖြစ်အောင် ၂ ပုဒ်ပြထား၍ ပုဒ်များသော်လည်း (အနက်မများ) နည်းပါးသောအနက်ရှိသော ထိုယမကစသည်သည်ပင် “ မန္ဒော (နည်းသော) အဘိဓေယျော(ဟောနက်) ယ**ဿာ**တိ ” ဟူသော ၀စနတ္ထနှင့်အညီ “မန္ဒာဘိဓေယျ”မည်၏။

**မှတ်ချက်**။ ။ဤဂါထာကိုထောက်၍ ပျို့ကဗျာဂါထာစသည်နှင့် ကျမ်းစာများကို ရေးသားသော ပုဂ္ဂိုလ်သည် မိမိစာကို ကြည့်ရှုသူတို့ သိလွယ်သော နည်းဖြင့်သာ စီကုံး ရေးသားသင့်ကြောင်း, အသိခက်လျှင် ကိလိဋ္ဌဒေါသ၌ ၀င်သွားမည်ဖြစ်၍ မိမိစာလည်းအသုံးပြုသူနည်းပါးသဖြင့် မကြာမီကွယ်ပျောက်သွားဘွယ်ရှိကြောင်းကို သတိပြုသင့်သည်။

www.dhammaransi.com



ကောင်းသောယမက

၂၅။ ပတီတသဒ္ဒရုစိတံ,သိလိဋ္ဌပဒ သန္ဓိကံ၊
ပသာဒဂုဏသံယုတ္တံ, ယမကံ မတမေဒိသံ။

၂၅။ ပတီတသဒ္ဒ ရုစိတံ- သိလွှယ်ထင်ရှားသော သဒ္ဒါတို့ဖြင့် ဖွဲ့စီအပ်သော၊ သိလိဋ္ဌပဒ သန္ဓိကံ - အချင်းချင်း ဖက်သကဲ့သို့ ညက်ညောသော ပုဒ်တို့၏ စပ်ခြင်း ရှိသော၊ ပသာဒဂုဏ သံယုတ္တံ- ပသာဒဂုဏ်နှင့်ယှဉ်သော၊ ဧဒိသံ - ဤကဲ့သို့ ရှုအပ်သော၊ ယမကံ- ယမကကို၊ မတံ- ပညာရှိတို့ အသိအမှတ်ပြုအပ်၏၊ ဝါ - အလိုရှိအပ်၏။

× × × × × × ×

၂၅။ ပတီတ၊ပေ၊ဧဒိသံ၊ ။ဆိုအပ်ပြီးသော ယမကကို အလိုမရှိအပ်လျှင် ရှိပါစေတော့၊ အဘယ် ယမကမျိုးကိုတော့ အလိုရှိအပ်ပါသနည်း - ဟု မေးဘွယ်ရှိသောကြောင့် " ပတီတသဒ္ဒ " စသည်ကို မိန့်၊ (၁) သိလွှယ်သော သဒ္ဒါတို့ဖြင့် စီကုံးအပ်ခြင်း, (၂)အချင်းချင်း ဖက်ထားသကဲ့သို့ ပုဒ်တို့၏ ပြေပြစ် ညက်ညောသော ဆက်သွယ်မှု (စာစပ်၍ လွယ်ကူမှု) ရှိခြင်း, ဤအင်္ဂါ ၂ ပါးနှင့် ပြည့်စုံလျှင် ဆိုအပ်လတ့်သော ပသာဒဂုဏ်ရောက်၏၊ထိုပသာဒဂုဏ်ရောက်သောယမကမျိုးကိုကား ပညာရှိတို့အသိအမှတ်ပြုအပ်ပါ၏၊ပညာရှိတို့အလိုရှိအပ်ပါ၏၊ "ကိလိဋ္ဌဒေါသ၌ မသွင်းပါ" ဟူလို။ [မတံကို "ဝိညူဟိ အဘိမတံ" ဟု ဖွင့်၏၊]

ပတီတသဒ္ဒ ရုစိတံ။ ။ [ပတိပုဗ္ဗ, ဣဓာတ်သည် သိခြင်းအနက်ဟော။ ] ပတီယန္တေတိ ပတီတာ၊ ပတီတာစ + တေ + သဒ္ဒါစာတိ ပတီတသဒ္ဒါ=ပကတိ ပစ္စယခွဲဘို့နှင့် ရုပ်ပြီးပုံပါ လွယ်ကူသည့်အတွက် ထင်ရှားသောအနက်ကို"ပတီတ"ဟု ဆို၏၊ ထိုအနက်ကို အကြောင်းပြု၍ သဒ္ဒါကိုလည်း ဖလူပစာရအားဖြင့် " ပတီတသဒ္ဒ " ဟု ခေါ်ရသည်၊ "သိအပ်သော ( သိလွယ်သော ) သဒ္ဒါတို့ " ဟူလို၊ ပတီတသဒ္ဒေဟိ + ရုစိတံ ပတီတသဒ္ဒရုစိတံ ( ယမကံ )၊ [ အတ္တနော ဝစနီယတ္တ ပတီတဝသေန - မိမိဟောနက်၏ သိလွယ် (ထင်ရှား) သည်၏အစွမ်းဖြင့်၊ ဝါစကာပိ သဒ္ဒါ ပတီတာယေဝ နာမ- ဟောတတ်သော သဒ္ဒါတို့လည်း ပတီတမည်ကုန်တော့သည်သာ၊—ဋီကာဟောင်း။]

www.dhammaransi.com



## ယမကဏ် လက္ခဏာနှင့် အပြား

၂၆။ အဗျပေတံ ဗျပေတည္, မာဝုတ္တာနေကဝဏ္ဏဇံ၊
ယမကံ တဥ္စ ပါဒါနံ, မာဒိ မဇ္ဈန္တ ဂေါစရံ။

၂၆။ အာဝုတ္တာနေက ဝဏ္ဏဇံ - ၂ ကြိမ်ထပ်၍ ဆိုအပ်သည့် အတွက် များသောအက္ခရာတို့ဖြင့်ဖြစ်သော၊ ယမကံ-ယမကသည်၊ အဗျပေတံ-အဗျပေတ ယမကရင်း၊ ဗျပေတံ-ဗျပေတယမကရင်း၊ အည္ဆံ-ထို ၂ မျိုးမှတပါးသော ဥဘယမိဿက ယမကရင်း၊ ဣတိ-ဤသို့၊ တိဓာ- သုံးပါးပြား၏၊ တဥ္စ- ထိုသုံးပါးသော ယမကသည် လည်း၊ ပါဒါနံ - ဂါထာပါဒ တို့၏၊ အာဒိမဇ္ဈန္တ ဂေါစရံ - အစ အလယ်, အဆုံးဟူသော ကျက်စားရာရှိသည်၊ (ဟောတိ- ဖြစ်၏။)

× × × × × × ×

**သိလိဋ္ဌပဒ သန္ဓိကံ**။ ။သိလိသဓာတ်သည် လည်ဖက်ခြင်းအနက်ကို ဟော၏၊ [ယဿ - အကြင် ယမက၏၊ သိလိဋ္ဌာ(အညမညာလိင်္ဂနေန မဋ္ဌာ) အချင်းချင်း ဖက်သဖြင့် ညက်သော ပြေပြစ်ကုန်သော+ ပဒါနံ သန္ဓယော-ပုဒ်တို့၏အစပ်တို့သည်၊ သန္တိ-ကုန်၏၊ ဣတိ,တံ-ထိုယမက သည်၊ သိလိဋ္ဌပဒ သန္ဓိကံ - မည်၏၊ သန္ဓိကံ၌ က- သည် သမာသန္တ ကပစ္စည်းတည်း၊ ဋီကာဟောင်း။] "ပဒါနံ သန္ဓိ=ပုဒ်တို့၏ စပ်ခြင်း" ဟူသည် ကတ္တား+ကြိယာအဖြစ် စသည်ဖြင့် စာစပ်ခြင်းတည်း၊ ထိုသို့ စပ်မှု ဆက်သွယ်မှုက တပုဒ်နှင့်တပုဒ် မဝေးကွာလှသဖြင့် အချင်းချင်း တွဲဖက်ထားသကဲ့သို့ ဖြစ်ခြင်းကို " သိလိဋ္ဌပဒသန္ဓိ " ဟု ခေါ်သည်၊ ပသာဒဂုဏ်ကိုပြသော တတိယပိုင်းဂါထာ၌"အဒူရာဟိတသမ္ဗန္ဓ"နှင့် သဘောတူပင်တည်း။

---

၂၆။ အဗျပေတံ၊ပေ၊ဂေါစရံ။ ။ ယမကသဒ္ဒါသည် "အစုံ" ဟူသော အနက်ကိုဟော၏၊ အစုံဖြစ်အောင် ပုဒ်တခုကို(အာဝုတ္တ) ထပ်၍ရွတ်ဆိုအပ်သောကြောင့်(အနေကဝဏ္ဏဇ)အက္ခရာတလုံးမက, အက္ခရာ အများတို့ဖြင့် ဖြစ်ရ၏၊ ဤသို့ အထပ်ထပ် ရွတ်ဆိုအပ်သည့် အတွက် များစွာသောအက္ခရာတို့ဖြင့် ဖြစ်သော ၂ ပုဒ် အပေါင်းသည် "ယမက"မည်၏၊ ထိုယမကသည်လည်း အဗျပေတယမက, ဗျပေတ ယမက,ဥဘယမိဿက ယမက, ဟု ၃ ပါးပြား၏၊ တပါးတပါးလျှင်

www.dhammaransi.com



ဂါထာပါဒ တခုခု၏ အစ, အလယ်, အဆုံး ၃ ဌာန၌ ဖြစ်နိုင်သော ကြောင့် ပါဒါဒိယမက, ပါဒမဇ္ဈ ယမက, ပါဒန္တ ယမက, စသော အားဖြင့် များပြားစွာ ရှိလေသည်။

အဗျပေတ၊ပေ၊တည့်။ ။ဗျပေတကို"ဝိ+အပေတ"ဟု ပုဒ်ဖြတ်၊ ဝိ သည် ဝိသဒိသ အနက်ဟော၊ ထို့ကြောင့်"ဝိသဒိသေန ဝဏ္ဏေန+ အပေတံ" ဟု ဋီကာသစ် ပြု၏၊ ဝိသဒိသေန- မတူသော ဝဏ္ဏသည်+ အပေတံ - ကင်းအောင် ပြုအပ်၏၊ ဣတိ ဗျပေတံ၊ ယမက ပုဒ် ၂ ခု အလယ်၌ မတူသော ဝဏ္ဏ(အက္ခရာပုဒ်)ရောက်နေလျှင် ထိုဝဏ္ဏသည် ယမက ၂ ပုဒ်ကို မဆက်စေဘဲ ကင်းကွာအောင် ကွဲအောင် ပြုအပ်၏၊ "ယမကပုဒ် ၂ခုအကြား၌ အက္ခရာတပါးခြားသည်"ဟု ဆိုလိုသည်၊ ထိုသို့ မခြားလျှင် အဗျပေတ ယမကမည်၏၊ ဗျပေတ - အဗျပေတ ၂ ပါးစုံရော၍ ဂါထာတခု၌ဖွဲ့စီလျှင် ဥဘယမိဿက ယမက မည်၏။

[ဆောင်] ယမကပုဒ် ၂ ပါး, အလယ်ကြား၌, ကွဲပြားအက္ခရာ,ခြားလျက် ပါသော်, ခေါ်ရာ မှတ်ကြ, ဗျပေတ တဲ့၊ အက္ခရာ တပါး, လယ်မခြားမူ, မှတ်သားကြလေ, အဗျပေ, ၂ ထွေ အထူးမှတ်။

အဝုတ္တာနေကဝဏ္ဏဇံ ။ ။ အာ ( ပုနပ္ပုနံ ) - အထပ်ထပ်+ ဝုတ္တာ - ရွတ်ဆို အပ်ကုန်သော ဝဏ္ဏတို့ တည်း၊ အာဝုတ္တာ - တို့၊ "အထပ်ထပ် ဆိုအပ်" သောကြောင့် ဧကဝဏ္ဏ ( အက္ခရာတလုံး ) မဟုတ်၊ အနည်းဆုံး ၂ လုံးရှိသော အနေကဝဏ္ဏတည်း၊ ထို့ကြောင့် အာဝုတ္တာ ပုဒ်ကို အနေကဝဏ္ဏ၏ ဟေတုမန္တဝိသေသန ဟု မှတ်၊ "အထပ်ထပ် ဆိုအပ်သည်၏ အဖြစ်ကြောင့် အနေကဝဏ္ဏဖြစ်သည်" ဟုလို၊ အာဝုတ္တာစ + တေ + အနေကဝဏ္ဏာစာတိ အာဝုတ္တာနေက ဝဏ္ဏာ၊ အာဝုတ္တာနေကဝဏ္ဏေဟိ + ဇာတံ အာဝုတ္တာနေကဝဏ္ဏဇံ၊ ဝဏ္ဏဟူရာ၌ သရ ဗျည်း ၂ မျိုး ပေါင်းထားသော(က) စသည်ကိုယူ၊ ဗျည်းသက်သက် သရသက်သက် မယူနှင့်၊ ထို့ကြောင့် "အနေကေဟိ သရဗျဥ္ဇနသရီရေဟိ ဝဏ္ဏေဟိ+ဇာတံ=များစွာကုန်သော သရဗျည်း အထည်ကိုယ် ဖြစ်ကုန်သော ဝဏ္ဏတို့ဖြင့် + ဖြစ်သော" ဟု ဋီကာသစ် ဖွင့်သည်၊ ဤ ပါဌ်ဖြင့် ယမက၏ သဘောကို ပြ၏၊ အစုံဖြစ်အောင် အထပ်ထပ်ဆိုအပ်သော အနေကဝဏ္ဏတို့ကြောင့် ဖြစ်သော ၂ ပုဒ်ကို

www.dhammaransi.com



''ယမက''ခေါ်သည်-ဟူလို၊ ထိုယမက ၂ ပုဒ်သည်''သပ္ပေါသပ္ပေါ'' စသော အာမေဍိတ်သဒ္ဒါ'' ဂါမေ ဂါမေ ''ဟူသော ဝိစ္ဆာသဒ္ဒါ, ''ဘုတွာ ဘုတွာ ဂစ္ဆတိ- စားပြီး စားပြီး သွား၏ '' စသော အာဘိက္ခည သဒ္ဒါတို့ကဲ့သို့ အနက်ချင်း မတူစေရ၊ အနက်ချင်း ကွဲပြားသော ဘိန္နတ္ထပုဒ်များလည်း ဖြစ်စေရမည်။

**မှတ်ချက်၊** ။ရှေးနိဿယတို့၌(၁)အာဝုတ္တ ဟူသော ပါဌ်ဖြင့် အက္ခရာတူကိုသာ ထပ်၍ ရွတ်ရမည် ဟု ပြ၏၊ ( ၂ ) အနေကဝဏ္ဏာ ဟူသောပါဌ်ဖြင့်''တံတံ နမဿာမိ''ကဲ့သို့ အက္ခရာ ၂လုံး အနည်းဆုံး ရှိရမည် ဟု ပြ၏၊(၃)အာဝုတ္တာနေက ဝဏ္ဏ ဟူသော ပါဌ်ဖြင့် သရ ဗျည်း ၂ ပါးစုံ တူရမည် ဟု ပြ၏၊ ဤ ပါဌ်ဖြင့် ဗျည်းသာတူ၍ သရ မတူသော ( နောက်၌ ပြလတ္တံ့သော ) အနုပ္ပါသ မဓုရတာ ဂုဏ်ကို တားမြစ်၏ ဟု မှာ၏၊ ဤသို့ ရှေးနိဿယတို့မှာသော်လည်း ''အာဝုတ္တာ-အထပ်ထပ်ရွတ်ဆိုအပ်''ဟူရာ၌ သရရော ဗျည်းပါ တူနေမှသာ ထပ်၍ ဆိုရာရောက်သောကြောင့်၎င်း,အာဝုတ္တာနေကဝဏ္ဏ ဟူသော ပုဒ်က ၃ မျိုးခွဲ၍ အဓိပ္ပါယ်ပြရိုး မရှိသောကြောင့်၎င်း, ဋီကာဟောင်း၌ ''အာဝုတ္တောတိ- ပုနပ္ပုနံ ဝုတ္တောတိ , အနေကဝဏ္ဏောတိ - သမုဒါယရူပတ္တာ အနေကေတိ သရဗျဉ္ဇနသရီရေတိ(သရဗျည်း အထည်ကိုယ် ဖြစ်ကုန်သော )ဝဏ္ဏောတိ ဇာတံ '' ဟု ဝဏ္ဏောတိကိုပင် '' သရဗျဉ္ဇန သရီရေတိ '' ဟု ဖွင့်သောကြောင့်၎င်း , ထိုနိဿယတို့ အမှာကို စဉ်းစားကြပါလေ။

ပါဒ၊နှ၊ပေ၊ဂေါစရံ။ ။ '' ဂေါစရံ – ကျက်စားရာ'' ဟူသည် ယမကတို့၏ ဖြစ်ရာဌာနတည်း၊ တချို့ ယမကသည် ပါဒ၏ အစ၌, တချို့သည် အလယ်၌,တချို့သည် အဆုံး၌ဖြစ်သည်-ဟူလို၊ ဤစကား အရ တပါဒ တပါဒ၌ အာဒိ-မဇ္ဈ - အန္တ အားဖြင့် ၃ ပါးစီ ရှိ၏၊ ထို ၃ ပါးကို ရောပြန်လျှင် '' အာဒိ မဇ္ဈ , အာဒိအန္တ , မဇ္ဈအန္တ, အာဒိမဇ္ဈအန္တ '' ဟု ၄ မျိုး ရနိုင်ပြန်၏၊ ထို့ကြောင့် တပါဒလျှင် ၇ မျိုးပြား၏၊ ၄ ပါဒလုံးသော် ၂၈ မျိုးပြား၏၊ အဗျပေတ-ဗျပေတ ၂ ပါးဖြင့် မြှောက်ပြန်လျှင် ငါးဆဲ့ခြောက်ပါး ပြား၏၊ တပါဒလျှင် အက္ခရာ ၂၆ လုံးရှိ၍ အလွန် ရှည်လျားသော ဂါထာပါဒ ကြီးများ၌ကား ဥဘယမိဿက ယမကမျိုးလည်း ရနိုင်စရာရှိသည်။

www.dhammaransi.com



**အဗျပေတ ပဌမပါဒါဒိ ယမက**

၂၇။ သုဇနာ သုဇနာ သဗ္ဗေ, ဂုဏေနာပိ ဝိဝေကိနော၊
ဝိဝေကံ နသမာယန္တိ, အဝိဝေကိဇနန္တိကေ။

၂၇။ သုဇနာ-ပညာရှိတောင်း, သူတော်ကောင်းတို့သည်၎င်း၊ အသုဇနာ-ပညာမဲ့သူ,လူယုတ်မာတို့သည်၎င်း၊ သဗ္ဗေ-လူကောင်း လူဆိုး, ၂ မျိုး ဥဿုံ, အလုံးစုံတို့သည်၊ ဂုဏေန - ကောင်းဂုဏ် ဆိုးဂုဏ်အားဖြင့်၊ ဝိဝေကိနောပိ- တသီးတခြား, ကွဲပြားခြင်းရှိပါ ကုန်သော်လည်း အဝိဝေကိဇနန္တိကေ-ခွဲခြားဝေဘန်,ဉာဏ်မရှိသူ, လူပြိန်းတို့ အထံ၌၊ ဝိဝေကံ- မြတ် ယုတ် ၂ ပါး, ကွဲပြားခြင်းသို့၊ နသမာယန္တိ-မရောက်နိုင်ကုန်။

× × × × × × ×

၂၇။ သုဇနာ သုဇနာ ။ ။ ဤပုဒ် ၂ ပါးသည် အစုံဖြစ်သော ယမကတည်း၊ ထို ၂ပုဒ်အကြား၌ အက္ခရာတပါးခြားလျက် မရှိသော ကြောင့်၎င်း, ပဌမပါဒ၏ အစ၌ ဖြစ်သောကြောင့်၎င်း "အဗျပေတ ပဌမပါဒါဒိယမက"ပုံစံဖြစ်သည်။[သုဇနာ+အသုဇနာဟု ဖြစ်။]

ဂုဏေနာပိ ဝိဝေကိနော။ ။သုဇနတို့၏ သီလစသော ကောင်း သော ဂုဏ်, အသုဇနတို့၏ ပါဏာတိပါတစသော ( သီလပျက်ခြင်း) မကောင်းသောဂုဏ်၊ ဝိ ပုဗ္ဗ ဝိစဓာတ်သည် ကင်းဆိတ်ခြင်း ( တခုနှင့် တခု မရောအောင် ကင်းကွာခြင်း, ကွဲပြားခြင်း ) အနက်ကို ဟော၏၊ ဝိဝိစ္စနံ- ကွဲပြားခြင်း၊ ဝိဝေကော- ခြင်း၊ ဝိဝေကော ယေသံ အတ္ထိတိ ဝိဝေကိနော၊ "အပိ"ကား ကွဲပြားမှုကို မြှော်ပင့်သော သမ္ဘာဝနာ ဇောတက နိပါတ်၊[သံ+အာ ပုဗ္ဗ ယာ ဓာတ်သည် ဂတိအနက်ဟော၊ သံ+အာ+ယန္တိ-ကောင်းစွာရောက်ကုန်၏၊ န သမာယန္တိ။]

အဝိဝေကိဇနန္တိကေ ။ ။ ဝိဝိစ္စတိ ဧတေနာတိ ဝိဝေကော –ခွဲခြား ဝေဘန်တတ်သော ဉာဏ်၊ နတ္ထိ + ဝိဝေကော ယေသံ တိ အဝိဝေကိနော၊ အဝိဝေကိနော + ဇနာ အဝိဝေကိဇနာ၊ ( သမာသ်အလယ် ရဿ )၊ တေသံ အန္တိကံ အဝိဝေကိဇနန္တိကံ။ [ အန္တိကသည် သန္တိက၏ ပရိယာယ်တည်း။] သူတော်ကောင်းနှင့် သူယုတ်မာတို့သည် ဂုဏ်အားဖြင့် ကွဲပြား၍ ခြားနားပြီး ဖြစ်ကြသော်လည်း မခွဲခြားတတ်သော လူပြိန်းတို့ အထံ ရောက်လျှင် ဝါ– လူပြိန်းတို့အလိုအားဖြင့် (နွားထီး ငါးကျပ်, နွားမ ငါးကျပ်ကဲ့သို့) ထူးခြား သော တန်ဘိုးဖြစ်ခြင်းကို မခံကြရ–ဟူလို။

www.dhammaransi.com



**အဗျာပေတ ပ—၃ ပါဒါဒိ ယမက**

၂၈။ ကုသလာကုသလာ သဗ္ဗေ, ပဗလာပဗလာ ထဝါ၊
နော ယာတာ ယာဝဟောသိတ္တံ,သုခဒုက္ခပ္ပဒါ သိယုံ။

၂၈။ ပဗလာ-အာသေဝန, ပစ္စည်းရ၍, အားရှိကြကုန်သော၊ ကုသလာဝါ-ကုသိုလ်တို့သည်ငင်း၊ အထ-ထိုမှတပါး၊ အပဗလာ-အာသေဝန , ပစ္စည်းမရ၍ , အားမရှိကြကုန်သော၊ အကုသလာဝါ-အကုသိုလ် တို့သည်ငင်း၊ သဗ္ဗေ-အလုံးစုံသော တရားတို့သည်၊ ယာဝ-အကြင်မျှလောက်၊ အဟောသိတ္တံ-အဟောသိကံအဖြစ်သို့၊ နော ယာတာ-မရောက်ကုန်သေး၊ တာဝ-ထို အဟောသိကံ မဖြစ်သမျှ ကာလပတ်လုံး၊ သုခဒုက္ခပ္ပဒါ - ချမ်းသာ ဆင်းရဲကို ပေးနိုင်ကုန်သည်၊ သိယုံ-ဖြစ်ကုန်၏။

× × × × × × ×

၂၈။ ပဗလာ·ပဗလာ။ ။ပ ( ပဝုဒ္ဓံ ) - ကြီးသော + ဗလံ-အားတည်း၊ ပဗလံ - အား၊ ပဗလံ + ယေသံတိ ပဗလာ = ကြီးသော အားရှိသော ကုသိုလ်တို့၊ န+ပဗလာ အပဗလာ- ပဗလ မဟုတ်သော အကုသိုလ်တို့၊ကုသိုလ်တို့သည် ပြုပြီးသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်သောကြောင့် ပရစေတနာ အကူအညီကို ရကြ၏၊ ထို ပရစေတနာ အကူအညီကိုပင် အဘန်ဘန် ထုံသောအားဖြင့် ကျေးဇူးပြုသောကြောင့် "သုတ္တန် အာသေဝနပစ္စည်း" ဟု ခေါ်၏၊ ထို အာသေဝနပစ္စည်းရသောကြောင့် ကုသိုလ်တို့သည် အားရှိကြကုန်၏။

**အပဗလာ**။ ။အကုသိုလ်တို့ကား ပြုပြီးနောက် ထို အကုသိုလ်ကို အားပေးသော အာသေဝနပစ္စည်း မရကြ၊ "ပြုမိတာ မှားပေါ့"ဟု နောင်တ ပူပန်မှုပင် ဖြစ်ရသေး၏၊ ထို့ကြောင့် အကုသိုလ်မှန်လျှင် သုတ္တန်နည်းအားဖြင့် အာသေဝနပစ္စည်း ရဘို့ခဲယဉ်းကြသည်။ [ပဗလာ အာသေဝနာဒိ လာဘေန ဗလဝန္တော ဝါ၊ အထ အပဗလာ တဒဘာဝေန ဒုဗ္ဗလာ ဝါ၊ — ဋီကာ။ ] [ ပဋ္ဌာန်း အာသေဝန ပစ္စည်းကား ဇော ၇ ကြိမ် စောရသဖြင့် ကုသိုလ် အကုသိုလ် ၂ မျိုးလုံးပင် အသေဝနပစ္စည်း ရကြပါ၏၊ ထို ပဋ္ဌာန်းပစ္စည်းကို ဤနေရာ၌ မဆိုလိုပါ။] ကြွင်းအမိပ္ပါယ်များကား အဘိဓမ္မာ နားလည်ပြီးသူ တို့အတွက် ထင်ရှားပြီ၊ ဤစကားအရ"ကုသိုလ်က အားရှိမြဲဖြစ်၍ နေ့ံဆုံး၌ ကုသိုလ်က အကုသိုလ်ကိုသတ်၍ ဘဝဇာတ် သိမ်းကြရသည်"ဟု မှတ်။

www.dhammaransi.com



### အဈပေတ ပ-ဒု-တ ပါဒါဒိ ယမက

၂၉။ သာဒရံ သာဒရံ ဟန္တု, ဝိဟိတာ ဝိဟိတာ မယာ၊
ဝန္ဒနာ ဝန္ဒနာ မာန-ဘာဇနေ ရတနတ္တယေ။

၂၉။ ဝန္ဒနာ မာန ဘာဇနေ – ရှိခိုးခြင်း မြတ်နိုးခြင်းတို့၏ တည်ရာဖြစ်တော်မူသော၊ ရတနတ္တယေ-ရတနာ ၃ ပါးအပေါင်း၌၊ သာဒရံ- ရိုသေခြင်းနှင့် တကွ၊ ယာ ဝန္ဒနာ – အကြင် ရှိခိုးခြင်းကို၊ မယာ-ငါသည်၊ ဝိဟိတာ-ပြုစီရင်အပ်ပြီ၊ ဝိ+ဟိတာ- လောကုတ် လောကီ, နှစ်လီကြီးမားဘို့, ထူးသော အစီးအပွားဖြစ်သော၊ သာ ဝန္ဒနာ - ထို ရှိခိုးခြင်းသည်၊ ဒရံ- ကိုယ် စိတ် ၂ တန် ပူပန်ခြင်းကို၊ ဟန္တု-ပယ်ဖျောက်ပါစေသတည်း။

× × × × × × ×

၂၉။ သာဒရံ သာဒရံ။ ။ဤ၌ သာဒရံ တပုဒ်သာ အနက်ရှိ၍ သာဒရံ တပုဒ်ကား သူ့အတိုင်း အနက်မရှိ၊ '' သာ + ဒရံ '' ဟု ခွဲမှ အနက်ရှိသည်ကို သတိပြုပါ၊ သဟ+အာဒရေနာတိ သာဒရံ၊ဝိဟိတာ ဟူသော ကြိယာ၏ ဝိသေသနဖြစ်၍ နပုလ္လိင် ဒုတိယာကေဝစနန္တ ထားရသည်။

သာ+ဒရံ ဟန္တု။ ။သာကို ဝန္ဒနာနှင့်တွဲ၊ ဒရဓာတ်ကား ဒါဟ (ပူပန်=ပူလောင်)အနက်ဟော၊ ဒရဏံ-ပူပန်ခြင်း၊ ဒရော-ခြင်း။[အာ ရှေးရှိလျှင် ထို ဒရဓာတ်သည် အာဒရ(ရိုသေခြင်း)အနက်ကို ဟော၏၊ ''အာဒရဏံ အာဒရော''ဟုပြု ] ဟန္တု၌ ဟနဓာတ်, တု ဝိဘတ်၊ အ ပစ္စည်းချေ၍ (န်)ကို တုသို့ကပ်။

ဝိဟိတာ။ ။ဝိပုဗ္ဗ ဓာ ကရောတျ ထ္တ-ဝိရှေးရှိသော ဓာဓာတ် သည် ကရဓာတ်၏(ပြုခြင်း)အနက်၌ ဖြစ်၏၊ နောက် ဝိဟိတာကိုကား ''လောကိယလောကုတ္တရသမ္ပတ္တိသာဓနတော ဝိသေသေန+ဟိတာ'' ဟု ဋီကာသစ်ဖွင့်သည်။ [ ဋီကာဟောင်း၌ကား ဟိတာကို '' ပဏ္ဍာ- စီးပွားကို ပြုတတ်သော '' ဟု ဖွင့်၏၊ ဟိဟနှင့် ပဏ္ဍကို အနက်တူ ဟု ထောမနိဓိ ဆိုသည်။]

www.dhammaransi.com



**အဗျပေတ စတုက္က ပါဒါဒိ ယမက**

၃၀။ ကမလံ ကမလံကတ္တုံ, ဝနဒေါ ဝနဒေါမ္ဗုရံ၊
သုဂတော သုဂတော လောကံ, သဟိတံ သဟိတံ ကရံ။

၃၀။ ကမလံ-ကြာသည်၊ ကံ-ရေကို၊အလံကတ္တုံ-တန်ဆာဆင်ခြင်းငှါ၊ (ဟောတိ-၏၊) ဝနဒေါ-ရေကိုပေးတတ်သော၊(တနည်း) အဝနဒေါ-ကောံပင်များစွာ, ပြည့်စုံလာအောင်, ချိန်ခါသင့်မြတ်, စောင့်ရှောက်ခြင်းကို ပေးတတ်သော၊ ဝနဒေါ- ရေကို ပေးတတ် မိုဃ်းတိမ်မြတ်သည်၊ အမ္ဗုရံ - ကောင်းကင်ကို၊ (အလံကတ္တုံ-ငှါ၊ ဟောတိ-၏၊ )သဟိတံ-ပြည့်စုံသော၊ ဟိတံ- အစီးအပွားကို၊ ကရံ- ပြုတော်မူတတ်သော၊ သုဂတော - ကောင်းစွာ မိန့်တော်မူတတ်သော၊ သ သုဂတော- ထိုမြတ်စွာဘုရားသည်၊ လောကံ-လောက ၃ ပါးကို၊ (အလံကတ္တုံ-ငှါ၊ ဟောတိ-ဖြစ်တော်မူ၏။)

× × × × × × ×

၃၀။ ကမလံ ကမလံ။ ။ကံ - ရေကို+ အလံ - တန်ဆာဆင်တတ်၏၊ ဣတိ ကမလံ(ကြာ)၊ နောံ ကမလံ၌ ကံ+အလံဟု ပုဒ်ဖြတ်၍ အလံကို ကတ္တုံနှင့် "အလံကတ္တုံ" ဟု တွဲ။

**ဝနဒေါ ဝနဒေါ**။ ။ရေဟောပရိယာယ်တွင် "ဝန"ပုဒ်လည်း ပါ၏၊ [အဘိဓာန်ကြည့်ပါ။ ] ဝနံ + ဒဒါတီတိ ဝနဒေါ - ရေကိုပေး တတ်သော မိုဃ်းတိမ်၊ တနည်း-ဝနဒေါ ၂ ပုဒ်ကို "ဝနဒေါ+အဝန ဒေါ" ဟု ပုဒ်ဖြတ်၊ " အဝ - ရက္ခဏေ " ဟု ဓာတ်ကျမ်းရှိ၏၊ အဝိ ယတေ-စောင့်ရှောက်ခြင်း၊ အဝနံ-ခြင်း၊ အဝနံ- ကောက်ပင်များကို ပျက်စီးခြင်းမှ စောင့်ရှောက်ခြင်းကို+ဒဒါတီတိ အဝနဒေါ။

**သဟိတံ သဟိတံ**။ ။"သဟ+ဣတံ-တကွဖြစ်သော"ဟူသော သဒ္ဒတ္ထကို"သမ္ပုဏ္ဏံ"ဟု အဓိပ္ပါယတ္ထ ဖွင့်၏၊ နောက် သဟိတံ၌"သ+ ဟိတံ " ဟု ပုဒ်ခွဲ၊ ဟိတံကို "အဘိဝုဒ္ဓိ - တိုးပွားခြင်း " ဟု ဖွင့်၏၊ တိုးပွား-ဟူသည်လည်း"စီးပွား"ပင်တည်း၊ဘုရားရှင်သည် ဤသတ္တ လောကကြီးကို တန်ဆာဆင်တော်မူရာ ရောက်၏၊ ဘုရား မရှိသော လောကကြီးကား အကုသိုလ်စိတ်တွေ များပြားသဖြင့် လူကောင်း သူကောင်းတို့အတွက် ပျင်းရိ ငြီးငွေ့ဘွယ်ရာ ဖြစ်လေသည်။

www.dhammaransi.com



## နိဂုံး, အတိဒေသ

၃၁။ အဗျပေတာဒိ ယမက-ဿေဿော လေသော နိဒဿိတော၊ ဧဧ ယျာဒိမာယေဝ ဒိသာ-ယညာနိ ယမကာနိပိ။

၃၁၊ အဗျပေတာဒိ ယမကဿ-အဗျပေတ ပါဒါဒိယမက၏၊ သော လေသော- ဤအနည်းငယ်သော ဥဒါဟရဏ်ကို၊ (မယာ-ငါသည်၊) နိဒဿိတော - ထုတ်ပြအပ်ပြီ၊ ဧမာယေဝ ဒိသာယ-ဤညွှန်ပြအပ်ပြီးသော နည်းလမ်းဖြင့် သာလျှင်၊ အညာနိပိ- အခြားလည်းဖြစ်ကုန်သော၊ ယမကာနိ-ယမကတို့ကို၊ ဧဧ ယျာနိ-သိထိုက်ကုန်၏၊

× × × × × × ×

၃၁။ အဗျပေတာဒိ၊ပေ၊နိဒဿိတော ။ ။ ဤရှေ့ ၂ ပါဒဖြင့် ယမကတို့၏ နိဂုံးကိုပြ၏၊ "အဗျပေတ+ အာဒိယမကဿ"ဟု ပုဒ်ဖြတ်၊ "အဗျပေတ အာဒိယမကပုံစံကို ၄မျိုးလေ့ံမျှ အနည်းငယ်ပြအပ်ပြီ, "ပြ၍ပြီးပြီ"ဟူလို၊ မဇ္ဈေ-အန္တ အဗျပေတနှင့်တကွ ဗျပေတ-ဥဘယ မိဿ ယမကအများအပြား ကျန်သေးရကား အနည်းငယ်မျှသာ ပြခဲ့သောကြောင့်"လေသော"ဟု ဆိုသည်၊ လေသသဒ္ဒါသည်"စုလ္လမဂ္ဂေ တ္တိယံ လေသ , လဝါဏု ဟိ ကဏော ပုမေ " ဟူသော အဘိဓာန် (၇၀၅) နှင့်အညီ အနည်းငယ် အနက်ဟောတည်း၊ ထိုအနည်းငယ် ကိုပင် ရှေးက "အမြွက်"ဟု ဆိုကြသည်။

ဧဧ ယျာနိ၊ပေ၊ယမကာနိပိ၊ ။ဤ နောက် ၂ ပါဒဖြင့် " ကျန် သေးသော အခြားယမကတို့ကိုလည်း ဤနည်းအတိုင်း သိပါလေ"ဟု ညွှန်ပြသည်၊ [ အဋ္ဌကထာကြီးများ၌ အတိဒေသ သံဝဏ္ဏနာမျိုးပင် ဖြစ်သည်။ ] " ဧဧယျာနိ+ဧမာယ+ဧဝ+ဒိသာယ+အညာနိ " ဟု ပုဒ်ခွဲ၊ ထို၌ " ဒိသာ " သဒ္ဒါသည် " ဒိဿတိ အတိဒိဿတိ- ညွှန်ပြ အပ်၏ " ဟူသော ဝစနတ္ထနှင့်အညီ "ညွှန်ပြအပ်သော နည်းလမ်း" ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် " ဧမာယ ဒိသာယာတိ ဧမိနာ ဥပါယေန မဂ္ဂေန-ဤနည်းလမ်းဖြင့်"ဟု ဋီကာဟောင်းဖွင့်၏၊ " ဧမိနာ နယေန " ဟု ဋီကာသစ်ဖွင့်သည်၊ အဓိပ္ပါယ်ဖွင့်သာ၊ ဤ ညွှန်ပြချက်အရ ဋီကာတို့ပြအပ်သော ယမကအချို့ကား—

www.dhammaransi.com



၁။ ဂုဏာ ဂုဏေန သဟတေ, သာခဝေါ သာခဝေါ ဇနော၊
ဝိဂါဟန္တေ သမံ နာထ, စိတ္တံ စိတ္တေ ကထန္နုတေ။

**အမှာ။** ။ဒုတိယပါဒ အစဝယ် " သာခဝေါ သာခဝေါ " ဟု ယမက ပြုသောကြောင့် အဗျပေတ ဒုတိယပါဒါဒိယမက။

၂။ ဝိယေန ဝစသာ သဗ္ဗေ, ဝိ ယနာပ္ပိယဘာဏိနော၊
ပါဒါနုတေ ဇိနော ကာသိ, သောခမ္မော ဟန္တု ဝေါ ပိယံ

**အမှာ။** ။ပဌမပါဒအစ, ဒုတိယပါဒ အစဝယ် " ဝိယေန , ဝိယေန " ဟု ယမကပြုသောကြောင့်ရင်း , အလယ်၌ ဝစသာသဗ္ဗေ ခြားသော ကြောင့်ရင်း, ဗျပေတ ပဌမ ဒုတိယ ပါဒါဒိယမက။

၃။ သမလံ သမလံ ကတ္တုံ , သုစိရံ သုစိရံ ဇယေ၊
သုစိရံ သုစိရံ ဂန္တုံ , သမလံ သမလံ ဘိယော၊

**အမှာ။** ။ပဌမ စတုတ္ထပါဒတို့၌ " သမလံ သမလံ " ဟု ရင် , ဒုတိယ တတိယပါဒတို့၌ "သုစိရံ သုစိရံ" ဟု ရင်း ယမက ပြုရာ၌ " သမလံ သမလံ" သက်သက် ဆိုလျှင် အလယ်၌ ပုဒ်မခြားသောကြောင့်ရင်း, ပဌမပါဒသမလံ သမလံနှင့် စတုတ္ထပါဒ သမလံ သမလံ အတွဲဆိုလျှင် အလယ်၌ ပုဒ်တွေခြား သောကြောင့်ရင်း, (သုစိရံ သုစိရံလည်း နည်းတူဖြစ်သောကြောင့်ရင်း) အဗျ ပေတ ဗျပေတ သဗ္ဗပါဒါဒိယမကတည်း။

၄။ မနောဟရ ဟရဏ္ဍေသံ, ဇိန စေတော ဘဝံ မမ၊
နန္ဒ တုဝံ ပါရမီသာရာ , မတဘာဝိတ မောသခံ။

**အမှာ။** ။ပဌမပါဒ၏အလယ်၌ "ဟရ-ဟရ"ဟု ယမကပြုသောကြောင့် ပဌမပါဒ မဇ္ဈယမက။

၅။ သာဓုနာ ရဋ္ဌယ ဇယ-ဒ္ဓနိနာ ပူရယီ မဟိံ၊
ယော နံ ဇိနဝရံ မီ ရ, မတ္တကာမောသိ စေ တုဝံ၊

**အမှာ။** ။ပဌမပါဒ၏ အဆုံး၌"ဇယ—ဇယ"ဟု ယမကပြုသောကြောင့် အဗျပေတ ပဌမ ပါဒန္တယမကတည်း၊ ဤဂါထာများ၏ အနက်ကို ဋီကာသစ်ကြည့်၍ သိကြပါလေ။

www.dhammaransi.com



**ယမကများပုံ**

၃၂။ အစ္စန္တဗဟဝေါ တေသံ, ဘေဒါ သမ္ဘေဒယောနယော၊
တတ္ထာပိ ကေစိ သုကရာ, ကေစိ အစ္စန္တဒုက္ကရာ။

၃၂။ တေသံ-ထိုယမကတို့၏၊ သမ္ဘေဒ ယောနယော-ရောစပ်ခြင်းဟူသော အကြောင်း ရှိကုန်သော၊ ဘေဒါ - အထူး အပြားတို့သည်၊ အစ္စန္တ ဗဟဝေါ-အလွန်များကုန်၏၊ တတ္ထာပိ-ထိုအလွန်များသော အပြားတို့တွင်လည်း၊ ကေစိ - အချို့ အပြား တို့ကို၊ သုကရာ-လွယ်ကူစွာ ပြုအပ်ကုန်၏၊ ကေစိ - အချို့ အပြားတို့ကို၊ အစ္စန္တဒုက္ကရာ-အလွန်ခဲယဉ်းစွာ ပြုအပ်ကုန်၏။

× × × × × × ×

၃၂။ အစ္စန္တ၊ပေ၊ဒုက္ကရာ။ ။ "ဧဝံ ယျာနိမာယေဝ ဒိသာ-ယညာနိ ယမကာနိပိ"ဟု အဘယ့်ကြောင့် နည်းညွှန်ပြရုံ ညွှန်ပြရပါသနည်း, အားလုံးစုံအောင် တိုက်ရိုက်ပြသင့်သည် မဟုတ်ပါလော-ဟု စောဒနာဘွယ် ရှိသောကြောင့် "အစ္စန္တဗဟဝေါ" စသော ဂါထာကိုမိန့်၊ "ယမက တို့ကို အာဒိမဇ္ဈ, အာဒိအန္တ, မဇ္ဈအန္တ, အာဒိ မဇ္ဈ အန္တ၊ ပဌမ ပါဒါဒိ ဒုတိယမဇ္ဈ, ပဌမပါဒမဇ္ဈ ဒုတိယ ပါဒန္တ"ဤသို့ စသည်ဖြင့် ရောနှောလိုက်လျှင် ယမက အပြားတို့သည် အလွန်ပင်များကုန်၏၊ ထို ယမကအပြားတို့တွင် အချို့အပြားသည် ပြုရ၍ လွယ်ကူ၏, အချို့ကား အလွန် ခက်သည် - ဟူလို။ [ တတ္ထဖြင့် "ဘေဒါ"ကို ပြန်၍ စွဲရမည်ဖြစ်သောကြောင့် ထို တတ္ထ၏ စွဲနက်တွင် ပါသော ကေစိဖြင့် ဘေဒတချို့ကိုသာ စွဲရသည်၊ "ထိုယမကတို့တွင် အချို့ယမက" ဟု စွဲကြသည်ကား စာသွားထုံးစံမကျ။]

သမ္ဘေဒယောနယော။ ။သမ္ဘိဇ္ဇနံ-ရောနှောခြင်း၊ သမ္ဘေဒေါ-ခြင်း။ [သံပုဗ္ဗ+ဘိဒ, ဏ၊ ] ဇာတ်ချင်းရောသည်ကို "ဇာတိသမ္ဘေဒ" ခေါ်သကဲ့သို့, ယမကချင်း ရောသည်ကိုလည်း"သမ္ဘေဒ"ဟု ခေါ်၏၊ ယောနိသဒ္ဒါသည်"မဂ္ဂဟေတူသု ယောနိ သာ"-(၁၄၀)အဘိဓာန်နှင့်အညီ ဟေတုအနက်ဟောတည်း၊"သမ္ဘေဒေါ+ယောနိ ယေသံတိ သမ္ဘေဒယောနယော- ရောစပ်ခြင်းလျှင် အကြောင်းရှိကုန် ( ရောစပ်ခြင်းကြောင့် များကုန်သော) အပြားတို့။ [ ယောနိသဒ္ဒါ၏ မူလဇုတ္တိ

www.dhammaransi.com



**လစ်လျူရှုပုံ**

**၃၃။ ယမကံ တံ ပဟောင္ဂီစ, နေကန္တ မရုရာနိ တိ၊**
**ဥပေက္ခိယန္တိ သဗ္ဗာနိ, သိဿခေဒဘယာ မယာ။**

၃၃။ တံ ယမကံ-ထိုဆိုအပ်ပြီးသော ယမကသည်လည်း၊ ပဟော ဠီစ- ပဟောဠီသည်လည်း၊ ကေန္တမရုရာနိ – ကေန် ချိုဆိမ့်ကုန်သည်၊ ဝါ-ကေန် ကောင်းကုန်သည်၊ န-မဟုတ်ကုန်၊ ဣတိ- ထို့ကြောင့်၊

× × × × × × ×

လိန်သို့ မလိုက်ဘဲ အညပုဒ် အနက်ဖြစ်သော ဘေဒါပုဒ်၏ ပုံလိန်သို့ လိုက်ရမည်ဖြစ်သောကြောင့်"ယောနိယော"ဟု မရှိသင့်, အဂ္ဂယော ကဲ့သို့ "ယောနယော" ဟုသာ ရှိသင့်သည်။]

**ကေစိ အစ္စန္တဒုက္ကရာ။** ။ဤ"အစ္စန္တ ဒုက္ကရ" အရ စီကုံးဘို့ အလွန်ခက်သော ယမကအချို့ အပြားကို ဋီကာတို့ပြ၏၊ ထိုတွင်.... တပါဒရှိ " နတေ နတေ " မခြားသောကြောင့်လည်း , အခြားပါဒရှိ နတေ နတေနှင့်ကား ပုဒ်ခြားသောကြောင့်လည်း အဗျပေတ ဗျပေတ မည်သော စတုက္က ပါဒမဇ္ဈ ဂါထာကား—

သမုန္နတေ နတေ သတာ, ကထံ နတေ နတေ သိယုံ၊
ယတော နတေ နတေ ဗိတော, သိယုံ နတေ နတေ သုဘာ။

ယတော-အကြင့်ကြောင့်၊ တေ-အရှင်၏၊ သတာ-တင့်တယ်သော၊ သမုန္နတေန-ကောင်းစွာမြင့်မောက်ခြင်းကြောင့်၊ နတေ - ညွတ်ကိုင်းခြင်းသည်၊ (သတိပိ-ရှိသော်လည်း၊) အနတေ - မညွတ်ကိုင်းခြင်းသည်၊ (သတိပိ–လည်း)၊ တေ တေ သုဘာ- ထိုထို တင့်တယ်ခြင်းတို့သည်၊ နန သိယုံ- မဖြစ်မဟုတ်, ဖြစ်ကုန်သည်သာ၊ အတော - ထို့ကြောင့်၊ တေ သုဘာ-ထို တင့်တယ်ခြင်းတို့သည်၊ နတေ-သည်၊သတိ-လည်း၊ အနတေ-သည်၊ သတိ– လည်း၊ ကထံ န သိယုံ - အဘယ်မှာ မဖြစ်ဘဲ ရှိကုန်တော့ အံ့နည်း၊ ဘဝန္တေဝ - ဖြစ်ကုန်သည်သာ။ ....ဤသို့ စသည်ဖြင့် အချို့ ယမကတို့၏ အပြားသည် အလွန်ခက်ခဲကြလေ၏။

---

**၃၃။ ယမကံ တံ၊ပေ၊ မရုရာနိတိ။** ။"ယမကသည် ကဝိတို့၏ လက်စွမ်းပြဖြစ်သောကြောင့်လည်း,ပဟောဠိသည်(ကာမဖြင့် ပျော်မည့်

www.dhammaransi.com



**သမ္ဘာနိ- အလုံးစုံသော ယမက ပဟေဠိတို့ကို၊ သီသခေဒဘယာ- တပည့်တို့၏ ပင်ပန်းမည့် ဘေးကြောင့်၊ မယာ - ငါသည်၊ ဥပေက္ခိ ယန္တိ-အကျယ်မပြ လစ်လျူရှုအပ်ကုန်၏။**

× × × × × × ×

အစား ) စကားထာဝုက်တန်း ( ပညာရှိ ကစားနည်း ) ဖြစ်ခြင်း, အကျဉ်းအကြပ် ကိစ္စ၌ သုတပါးတို့ကို လှည့်စားနိုင်ခြင်း ကြောင့်ရင်း အကျိုးများသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ယမကကိုလည်း စုံအောင်မပြ , ပဟေဠိကိုလည်း လုံးလုံး မပြဘဲ လစ်လျူရှုရပါသ နည်း'' ဟု မေးဘွယ်ရှိရကား ''ယမကံ တံ''စသော ဂါထာကို မိန့်၊ ထို ဆိုအပ်ခဲ့ပြီးသော သုကရ- ဒုက္ကရ ယမကသည်ရင်း , မဆိုခဲ့သော ပဟေဠိသည်ရင်း, နေဲ၌ပြမည့် သဒ္ဒါဂုဏ်ဟူသော သဒ္ဒရသ,အတ္ထာ လင်္ကာရ ဟူသော အတ္ထရသ မရှိကြပါ၊ ထို့ကြောင့် အကျယ်ပြလျှင် တပည့်များ ပင်ပန်းမည်စိုးသောကြောင့် လစ်လျူရှုရ ပါတော့သည်။

မှတ်ချက်။ ။ဆိုခဲ့ပြီးသော ယမကကို''ယမကံတံ''ဟု တသဒ္ဒါ ဖြင့် ပြန်၍ ညွှန်ပြ၏၊ ပဟေဠိကိုကား နာမည်တပ်ရုံမျှတပါး ပုံစံတခုမျှ မပြခဲ့သောကြောင့် တသဒ္ဒါဖြင့် မညွှန်ဘဲ ထားသည်၊ ထို့ကြောင့် ''သာပဟေဠိ'' ဟု မပြင်သင့်၊ မဓုရာနိပုဒ်သည် ပဟေဠိ ဟူသော ဣတ္ထိလိင်နှင့်လိုက်သင့်သော်လည်း သဒိသူပစာသဒ္ဒါဖြစ်သောကြောင့် မူလလိင်အတိုင်း“မဓုရာနိ”ဟုပင် ထားရသည်၊ ချိုဆိမ့်သောအရသာ ၏ '' မဓုရ'' အမည်ကို ယမကပဟေဠိတို့အပေါ်၌ တင်စားခြင်းကို '' သဒိသူပစာ '' ဟု ဆိုသည်၊ ထိုကဲ့သို့ ဥပစာသဒ္ဒါတို့၌ မူလလိင် မပြောင်းရ။

အမှာ ။ ။ ဤသို့လျှင် အရှင် သံဃရက္ခိတ ဆရာ့ကိုယ်တိုင်က လစ်လျူရှုထားခဲ့ပါသော်လည်း ဋီကာဆရာတို့က ပဟေဠိကို ပြထား သည် အားလျော်စွာ နိဿယ ဆရာတို့လည်း ဋီကာမှထုတ်၍ ပြကြ သောကြောင့် ဤကျမ်း၌လည်း ပြရပေလိမ့်မည်၊ သို့သော် ဤနေရာ၌ ပြလျှင်(ကျမ်းရင်းကိုသာ ပဓာနထားရသော စာသင်သားတို့အတွက်) ငြီးငွေ့ဘွယ်ဖြစ်သောကြောင့် ဗဟုဿုတလိုလားသူတို့အတွက် ဒေါသ ပရိဟာရဝဗောဓအခန်းဆုံးမှ အခန်းငယ်တခုအဖြစ်ဖြင့် သီးခြား ပြပါမည်။

www.dhammaransi.com



## ဝိရောစိဒေါသ

၃၄။ ဒေသကာလ ကလာလောက-ဉာယာဂမဝိရောဓိ ယံ၊
တံ ဝိရောဓိပဒံ စေတ, မုဒါဟာရဏာတော ဖုဋံ။

၃၄။ ယံ - အကြင်ပုဒ်သည်၊ ဒေသ ကာလ ကလာ လောက ဉာယာဂမ ဝိရောဓိ - ကုန်းရေ တောတောင် အစရှိသောအရပ်, နေ့ညဥ္စဥတု စသောအခါ, ကခြင်း သီဆိုခြင်း စသော ကလာ, လူ့ပြည် နတ်ပြည်စသော လောက, အသင့်ယုတ္တိဟု ဆိုအပ်သော ဉာယ, ပိဋကတော်ကျမ်း ဗေဒင်ကျမ်းဟူသော အာဂုမ်တို့နှင့် ဆန့်ကျင်၏၊ တံပဒံ - ထိုပုဒ်သည်၊ ဝိရောဓိပဒံ - ဝိရောဓိဒေါသ ရှိသောပုဒ် မည်၏၊ ဧတံ- ဤ ဝိရောဓိပုဒ်သည်၊ ဥဒါဟရဏာတော- ဥဒါဟရုဏ်အားဖြင့်၊ ဖုဋံ-ထင်ရှား၏။

× × × × × × ×

၃၄။ ဒေသ၊ပေ၊ဝိရောဓိ။ ။ ဒေသော- ထလ ဇလ ပဗ္ဗတာဒိ၊ ကာလော-ရတ္တိ ဒိဝေါ၊ ဟေမန္တာဒိဝသေန တိဝိဓော၊ ဝသန္တာဒိ ဝသေန ဆဗ္ဗိဓော-ထိုကာလသည် ဟေမန္တစသောအားဖြင့် ၃ ပါး, ဝသန္တ, ဂိမှ, ဝဿာန, သရဒ, ဟေမန္တ, သိသိရအားဖြင့် တနည်း ၆ ပါးပြား၏၊ ကလာ-နစ္စဂီတာဒိ စတုသဋ္ဌိ၊ ကလာ- ဟူသည် ကခြင်း သီဆိုခြင်းစသောအတတ် ၆၄ ပါးတည်း။(၆၄ ပါးသရုပ်ကို ကပ္ပဒုမ စသော သက္ကတအဘိဓာန်တို့၌ ပြထားသတတ်။)

ထိုကလာအတတ် ၆၄ ပါးကို ယောနိဿယ၌ အနည်းငယ် သရုပ်ဖေါ်ထား၏၊—ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ဟင်းချက်, မွှံလုပ်, စက်ကြိယာအလုပ်, အိမ်ဆောက်အလုပ်, တိုက်တည်အလုပ်, လက်နက်အလုပ်, ပန်းပဲ, ပန်းတိမ်, ပန်းပု, ပန်းပွတ်, ပန်းတင်း အလုပ်, တောင်းယက် ဖျာယက်စသော အလုပ်, ဤသို့စသော အတတ်ငယ် ၆၄ ပါးကို ကလာ - ဟု ခေါ်သည်၊ ထိုအတတ်ငယ်မျိုး တတ်သူကို ''သိပ္ပိကာ'' ဟု၎င်း၊ ''ကာရု''ဟု၎င်း ခေါ်၏၊ ထိုလူမျိုး တို့ကို တိုင်းပြည်နိုင်ငံ၌ အတတ်တူရာပေါင်း၍ '' ရပ်ကွက် '' သီးခြား ချထားမြဲတည်း၊ ထိုအတတ်တူ လူစုကို ''သေဏိ'' ဟု ပါဠိ၌ သုံးစွဲ သည်။ [ ဆင်အတတ်, မြင်းအတတ် စသော အတတ်ကြီး ၁၈ ပါး တတ်သူကို ''ပဏ္ဍိတ-ပညာရှိ'' ဟု ခေါ်သတတ်။]

www.dhammaransi.com



လောကော - ထာ၀ရ ဇင်္ဂမ ဘူတ ပ၀တ္တိ သင်္ခါတော၊ (ထာ၀ရဖြစ်သော အရာ၀တ္ထု , ရွေ့ပြောင်းတတ်သော သတ္တ၀ါတို့၏ဖြစ်ရာကမ္ဘာလောကတည်း၊ ) ဉာယော - ယုတ္တိ၊ ( လောကဌ် အသင့်ယုတ္တိရှိခြင်းကို ဉာယဟု ခေါ်၏၊) အာဂမော- ဇုဟ ဗုဒ္ဓ၀စနံ၊ (ဤနေရာ၌ဘုရားစကားတော် ပိဋက ၃ ပုံကို အာဂမ ဟု ခေါ်၏၊ )အညတ္တပနသုတိစမ္ဗသံဟိတောစ၊ ( အခြားသာသနာပ၌ကား ဝေဒကျမ်းတရားနှင့် စပ်သောစကားကိုလည်း အာဂမဟု ခေါ်ရသည်။) -ဋီကာသစ်။ [ဝိရောဓော ယဿာတိ ဝိရောဓိ၊ ပဒံကိုင့်၍ နပုလ္လိင်၊]

တော်၊ပေ၊ဖုင့်။ ။မြလေးပန်းသည် ကုန်းပေါ်၌သာ ပွင့်လေ့ရှိ၏၊ သို့ပါလျက်"မြလေးပန်းတို့သည် ရေထည်း၌ပွင့်ကုန်၏"ဟု ရေးသားစီကုံးလျှင် အရပ်ဒေသနှင့် ဆန့်ကျင်ဘက်ဒေသဝိရောဓိဖြစ်၏၊ ကုမုဒြာကြာပန်းတို့သည် ညဉ့်ကာလ၌ လရောင်နှင့်တွေ့မှ ပွင့်လေ့ ရှိကြ၏၊ သို့ပါလျက် " နေ့အခါ၌ ကုမုဒြာ ကြာပန်းများ ပွင့်ကြလေ၏ "ဟု ရေးသား စီကုံးလျှင် ကာလဝိရောဓိ ဖြစ်၏၊ ကခြင်း သီဆိုခြင်းစသော အတတ်ယယ်မျိုးကို ပြသော ကလာကျမ်းနှင့် ဆန့်ကျင်၍ က - ဆို-တီးမှတ်ခြင်းသည် ကလာဝိရောဓိဖြစ်၏၊ "မီးသည် အေး၏၊ စန္ဒကူးသည် ပူ၏၊ ရှားပင်သည် အနှစ်မရှိ၊ ကြက်ဆူပင်သည် အနှစ်ရှိ၏" ဟု ဆိုလျှင် လောကထုံးစံနှင့် ဆန့်ကျင်သော လောကဝိရောဓိ ဖြစ်၏၊ မိဒ္ဓသည် နာမ်တရားတည်း၊ မိဒ္ဓကို ရုပ် ဟု ဆိုကြသော ပရဝါဒီတို့ကရုပ်ဖြစ်ကြောင်းကို ယုတ္တိအမျိုးမျိုး ပြသော်လည်း ယုတ္တိ မရခြင်းသည်ဉာယဝိရောဓိ ဖြစ်၏၊ ပိဋကကျမ်း ဝေဒကျမ်း တို့နှင့် ဆန့်ကျင်ဘက်ရေးသားစီကုံးလျှင် အာဂမ ဝိရောဓိဖြစ်၏၊ ဤသို့လျှင် ဝိရောဓိဒေါသသည် သူ့သဘောအားဖြင့်ထင်ရှားပြီးဖြစ်၍ ဥဒါဟရုဏ်ထုတ်ပြဘွယ်မလို ဟု ဆိုသည်၊ သို့သော် အဖြေကို ပြရာ၌ ထိုပုံစံများ ထင်ရှားပါလိမ့်မည်။

[ဆောင်] တောင်ထိပ်ကြာပေါက်(ဒေသ),အနောက်နေထွက်(ကာလ), ဖြိုအက်မြင့်မိုရ် ( ဉာယ ), မီးကိုမပူ, ဇေးစွာဟူ ( လောက ), မှတ်ယူ ဝိရောဓိ။

www.dhammaransi.com



နေယျ ၃၅။ ယဒပ္ပတီတ မာနိယ , ဝတ္တဗ္ဗံ နေယျ မာဟု တံ၊
ယထာ သဗ္ဗာပိ ဝေလာ,ဒိသာ ရောစန္တိ ရတ္တိယံ။

၃၅။ ယံ(ပဒံ)- အကြင်ပုဒ်သည်၊ အပ္ပတီတံ - အနက်အားဖြင့် မထင်ရှား၊ အာနိယ-ပုဒ်တပါးကိုဆောင်ယူ၍၊ ဝတ္တဗ္ဗံ-ဆိုထိုက်၏၊ တံ-ထိုပုဒ်ကို၊ နေယျံ-နေယျဒေါသရှိသောပုဒ်ဟူ၍၊ အာဟု-ဆိုကြကုန်၏၊ ယထာ-ကား၊ သဗ္ဗာပိ၊ ပေ ၊ ရတ္တိယံ-သဗ္ဗာပိ၊ ပေ၊ ရတ္တိယံ ဟူသည်တည်း၊ [ရတ္တိယံ-ညဉ့်၌၊ သဗ္ဗာပိ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ဒိသာ - အရပ်မျက်နှာ တို့သည်၊ ဝေလာ - ဖွေးဖွေးဖြူကုန်လျက်၊ ရောစန္တိ- တင့်တယ် တောက်ပကုန်၏၊]

× × × × × × ×

၃၅၊ ယဒပ္ပတီတ ၊ ပေ ၊ တံ ။ ။ နေတဗ္ဗောတိ နေယျော-(တိုက်ရိုက် မပါသဖြင့်) ဆောင်ယူထိုက်သော အနက်၊ နေယျော အဿ အတ္ထီတိ နေယျံ-ဆောင်ယူထိုက်သောအနက်ရှိသောပုဒ်၊သူ၏ နဂိုရ်အတိုင်းအားဖြင့် အဓိပ္ပါယ် မထင်ရှားရကား ( လိုနေသော အနက်အဓိပ္ပါယ်ကို) ဆောင်ယူထည့်စွက်မှ အဓိပ္ပါယ်ထင်ရှားသော ပုဒ်တည်း။ [ပတိပုဗ္ဗ+ဣဓာတ် တ ပစ္စည်းဖြင့် ပြီးသော ပတီတသဒ္ဒါသည် ''သိအပ်''ဟု သဒ္ဒါနက်ထွက်၏၊ '' န+ပတီတံ အပ္ပတီတံ- မသိအပ်''ဟုဆိုလျှင်''သိလောက်အောင်မထင်ရှား''ဟု အဓိပ္ပါယ်ရ၏။]

[ဆောင်] မိမိချည်းကား, မထင်ရှား၍, တပါးပုဒ်ပါ၄်, ဆောင်ယူ ကပ်မှ, သိအပ်အနက်, ရှိသည့်တွက်, ခေါ်မြွက် နေယျပုဒ်။

ယထာ၊ပေ၊ ရတ္တိယံ။ ။ '' ညဉ့်အခါ၌ အရပ်မျက်နှာအားလုံး ဖွေးဖွေးဖြူကုန်လျက် တင့်တယ်ကုန်၏ '' ဟူရာဝယ် ဖွေးဖွေးဖြူခြင်း၏ အကြောင်းကို ပြဘို့လိုပါလျက် မပြသောကြောင့်''ဝေလာ''ပုဒ်သည် နေယျဒေါသသင့်သော ပုဒ်တည်း၊ ထို့ကြောင့် အဖြေ၌ အကြောင်း ပြ၍ ဖြေလိမ့်မည်။ [ ဩ ဒိသာယ ဝိသေသန ဝေလဂုဏ်( ဝေလာ ဒိသာ၌ ဒိသာ၏ ဝိသေသနဖြစ်သော ဝေလဂုဏ်သည် ) ကေလာသ ကူဋ သုဓာဘိတ္တိ စန္ဒရံသိ အာဒိသု ကုတော သဥ္စာတံ ဣတိ အနိန္တိ တတ္တာ ( ဖြူဖြူဖွေးဖွေး အရောင်ရှိသော ကေလာသ တောင်ထွင့် , အင်္ဂတေနံရံ , လရောင်စသည်တို့တွင် မည်သည့် အကြောင်းကြောင့် ဖြူသည် ဟု မဆုံးဖြတ်အပ်သည်၏ အဖြစ်ကြောင့် ) အညနိဝတ္တနတ္တံ

www.dhammaransi.com



သတိ ၃၆။ နေဒိသံ ဗဟုမညန္တိ, သဗ္ဗေ သဗ္ဗတ္ထ ဝိညုနော၊
ဒုလ္လဘာ·ဝဂဘီ သဒ္ဒ-သာမတ္ထိယ ဝိလင်္ဃိနီ။

၃၆။ သဗ္ဗတ္ထ- အလုံးစုံသော အဖွဲ့အနွဲ့တို့၌၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဝိညုနော-ပညာရှိတို့သည်၊ ဧဒိသံ- ဤသို့ နေယျဒေါသ သင့်သောပုဒ်ကို၊ န ဗဟုမညန္တိ-များစွာ အသိအမှတ် မပြုကြကုန်၊ ဝါ-များစွာ မသုံးစွဲကြကုန်၊ သဒ္ဒသာမတ္ထိယ ဝိလင်္ဃိနီ-တိုက်ရိုက်ဟောတတ်သော သဒ္ဒါ, သဒ္ဒါ၏ ဟောစွမ်းနိုင်သည်၏ အဖြစ်ဟူသော သတ္တိကို ခုန်ကျော်ခြင်း ရှိသော၊ အဝဂတိ - အနက်ကို သိရခြင်းကို၊ ဒုလ္လဘာ-မရအပ် မရနိုင်။

× × × × × × ×

( အခြားသော မလိုရာ အကြောင်းများကို တားမြစ်ခြင်းငှာ ) စန္ဒကိရဏာဒိ ဝါစကပဒံ အာနေတွာ ( လရောင်စသည်ကို ဟောသော ပုဒ်ကို ဆောင်ယူ၍ ) ဝေလတာ ဇုမိနာတိ ဝတ္တဗ္ဗတ္တာ ( ဖြူတာဟာ ဤအ ကြောင်းကြောင့်ဘဲ ဟု ဆိုထိုက်သည့်အတွက် )ဝေလပဒံ နေယျ ဒေါသေန ဒုဋ္ဌံ ဟောတိ။—ဋီကာသစ်။]

[ဆောင်] အကြောင်းရင်းကို, ပြဘို့လိုလျက်, ထို မပါစွာ, ဝေလ, နေယျ ဒေါသမှတ်။

ဆိုအပ်လတ့်သော '' အတ္တဇုတ္တိဂုဏ် မရှိလျှင်လည်း နေယျဒေါသ သင့်၏''ဟု သရသွတီ ကဏ္ဌာဘရဏာ၌ ဆိုသတတ်၊ ထို့ပြင်—''အတ္တိ နာမ တာတ သုဒိန္န '' စသော ဝါကျ၌ အတ္ထိ၏ ကတ္တားပုဒ်ကို မန် ဖြစ်စေ ဇီဝိတံဖြစ်စေ ဆောင်ယူရမည်ဖြစ်သောကြောင့် နေယျဒေါသ သင့်သော ဝါကျ- ဟု စံကျောင်းနိဿယ၌ မိန့်သေး၏။

[ဆောင်] (၁) အတ္တ ဇုတ္တိ, ဂုဏ်မရှိလည်း, ထိုသည့်ပဒ, ဤနေယျ, ဒေါသ သင့်သတတ်။

(၂) တချို့အရာ, ဝါကျမှာလည်း , ဆောင်ကာယူမှ, မိပ္ပါယ်ရ, ဝါကျနေယျထင်။

၃၆။ နေဒိသံ၊ပေ၊ဝိညုနော ၊ ။ ပညာရှိတို့သည် အစီအကုံး ဟူသမျှ၌ နေယျဒေါသသင့်သော ပုဒ်မျိုးကို အမြတ်တနိုး မပြုကြကုန်၊ ''ထို့ကြောင့် ဂါထာစသည် ဖွဲ့စီရာ၌ နေယျဒေါသ မသင့်အောင် စီပါ''ဟု ဤဂါထာဖြင့် သတိပေးသည်။

www.dhammaransi.com



ဒုလ္လဘာ ၊ ပေ ၊ ဝိလဉ္ဇိနိ ။ ။" ဘာ့ကြောင့် နေယျဒေါသ သင့်သောပုဒ်ကို ပညာရှိတို့ အသုံးမပြုကြသနည်း" ဟု မေးဘွယ်ရှိ၍ "ဒုလ္လဘာ"စသည် မိန့်၊ " စာဖြင့်ရေး၍ စီကုံး နှုန်းဖွဲ့ခြင်း " ဟူသည် ကြည့်ရှုနားထောင်သူတို့မှာ အနက် အဓိပ္ပါယ်ကို သိဘို့ရန်ဖြစ်၏၊ ထို ရေးသားအပ်သောစာ (သဒ္ဒါ-စကားလုံး)ဖြင့် အနက် အဓိပ္ပါယ်ကို တိုက်ရိုက်သိရခြင်း, နည်းဥပစာတို့ဖြင့် သွယ်ဝိုက်၍ သိရခြင်း ဟု သိပုံ ၂ မျိုးသာရှိ၏၊ ထို ၂မျိုးကိုကျော်လွန်၍(ထို ၂ မျိုးမှလွဲ၍) တိုက်ရိုက် မပါသော ပုဒ်တခုကို ဆောင်ယူထည့်မှ အနက်သိရခြင်း ဟု မရှိနိုင်၊ ထို့ကြောင့် နေယျဒေါသ သင့်သော ပုဒ်ကို ပညာရှိတို့ မသုံးစွဲကြ-ဟူလို။

မှတ်ချက် ။ ။ [ ဗဟု မညန္တိ၌ မန ဓာတ် ယ ပစ္စည်းဖြင့် ပြီး၏၊ အနက်ပေးရာ၌"ဗဟု မညန္တိ"ဟု ပေါင်း၍ပေးသော်လည်း သမာသ် မဟုတ်၊ ဗဟုတပုဒ် မညန္တိ တပုဒ်သာ၊ ဗဟုကား ကြိယာဝိသေသန တည်း၊ ကြိယာဝိသေသနမှန်လျှင် ဒုတိယန္တသာ ရှိရသည် ဟု အယူ ရှိသော ဆရာတို့အလိုအားဖြင့် ယဂိုဏ်းရအောင် နိဂ္ဂဟိတ်ချေထား သည် ဟု ကြံ၊ ဋီကာသစ်၌ကား"ဗဟုမာနံ ဟူသော နာမ်ပုဒ်နောင် ယ ပစ္စည်း သက်ထားသော နာမဓာတ် " ဟု ဆိုလေသည်၊ ထိုအလို "များစွာမြတ်နိုးမှုကို မပြုကြကုန်"ဟု ပေး။]

ဆက်ဥုးအံ့ ။ ။ အဝဂတိ၌ အဝပုဗ္ဗ ဂမုဓာတ်သည် သိခြင်း အနက်ဟော၊["ယေ ဂတျတ္ထာ, တေ ဗုဒ္ဓျတ္ထာ" အတိုင်းပင်တည်း။] "သဒ္ဒေါစ- တိုက်ရိုက်ဟောနိုင်သော သဒ္ဒါလည်း၊ သာမတ္ထိယံစ-ထို သဒ္ဒါ၏(နည်းဥပစာတမျိုးမျိုးဖြင့်)ဟောစွမ်းနိုင်သော သတ္တိလည်း" ဟုတွဲ၊ သဒ္ဒသာမတ္ထိယံ- ကို+ဝိလဉ္ဇတိ သီလေန- ခုန်ကျော်လေ့ရှိ၏၊ ဣတိ သဒ္ဒသာမတ္ထိယဝိလဉ္ဇိနိ၊ [ သမတ္ထဿ - ဟောစွမ်း နိုင်သော သဒ္ဒါ၏၊ ဘာဝေါ - ဖြစ်ကြောင်း သတ္တိတည်း၊ သာမတ္ထိယံ - သတ္တိ၊ " ဝိလဉ္ဇ် - ခုန်ကျော် " ဟူသည်လည်း ထို သဒ္ဒ , ထို သာမတ္ထိယကို ဖယ်ထားခြင်း, မပါစေခြင်းတည်း။]

www.dhammaransi.com



### ဝိသေသနာပေက္ခ

၃၇။ သိယာ ဝိသေသနာပေက္ခံ, ယံ တံ ပတွာ ဝိသေသနံ၊
သာတ္တကံတံ ယထာတံသော,ဘိယျော ပဿတိစက္ခုနာ။

၃၇။ ယံ - အကြင် ဝိသေသျပုဒ်သည်၊ ဝိသေသနံ - ဝိသေသန ပုဒ်ကို၊ ပတွာ - ရ၍၊ ဝါ-ရမှသာ၊ သာတ္တကံ-အနက်အဓိပ္ပါယ်နှင့် တကွဖြစ်၏၊ တံ - ဝိသေသနနက် ငဲ့လျက်ရှိသော ထို ဝိသေသျပုဒ် သည်၊ဝိသေသနာပေက္ခံ-ဝိသေသနာပေက္ခဒေါသရှိသည်၊သိယာ- ဖြစ်၏၊ တံ-ထိုဥဒါဟရဏ်သည်၊ ယထာ- အဘယ်နည်း၊ တံ သော၊ ပေ၊ စက္ခုနာ- တံသော၊ပေ၊ စက္ခုနာ ဟူသည်တည်း၊ [ သော- ထို သူသည်၊ တံ-ထိုသူ့ကို၊ စက္ခုနာ-မျက်စေ့ဖြင့်၊ ဘိယျော-လွန်စွာ၊ ဝါ-အထပ်ထပ်၊ ပဿတိ-ကြည့်၏၊]

× × × × × × ×

၃၇၊ သိယာ၊ပေ၊စက္ခုနာ။ ။ဝိသေသန မပါလျှင် အဓိပ္ပါယ် မရှိသော, ဝိသေသနပါမှ အဓိပ္ပါယ်ရှိသော ပုဒ်သည် ဝိသေသနာ ပေက္ခဒေါသ သင့်၏၊ ''ဘိယျော ပဿတိ စက္ခုနာ'' ၌ '' ပဿတိ- ကြည့်၏''ဟု ဆိုလျှင် မျက်စိဖြင့်ကြည့်ကြောင်းထင်ရှား၏၊''စက္ခုနာ'' ပုဒ် ပါပါ- မပါပါ , အရေးမကြီးတော့၊ စက္ခုနာသည် ( ဝိသေသန မပါဘဲ ) သူ့ချည်းသက်သက်ဆိုလျှင် အနက် အဓိပ္ပါယ် အထူး မရှိ၊ ထို့ကြောင့် '' စက္ခုနာ ''သည် သူ့အတွက် အနက်အဓိပ္ပါယ် အထူး ပေါ်လာအောင် ''ဝိယန'' သို့မဟုတ် ''ကောဓ ပဋလ ဘူတေန'' စသော ဝိသေသန တခုခုကို ငဲ့နေရသောကြောင့် ဝိသေသနာပေက္ခ ဒေါသသင့်သောပုဒ် မည်၏။[ဥပမာ— ဥုးဖြူ မပါလျှင် သူ့ကိုယ်တိုင် ပရိသတ်ထည်း မဝင်ဝံ့၍ ဥုးဖြူကို ငဲ့နေရသော ( ဥုးဖြူပါအောင် ခေါ်နေရသော) ဥုးနိကဲ့သို့တည်း။]

[ဆောင်] ဝိသေသန, မပါကလျှင် , လုံးဝမိပ္ပါယ် , သူ့တွက်ကွယ်၍, ခြယ်လှယ်ကူမ,ဝိသေသနကို,ငဲ့ရလေတတ်, ထိုပုဒ်ပါ၌,ခေါ်မှတ် ဝိသေသနာပေက္ခတည်း။

မှတ်ချက်။ ။ရှေးမိဿယများ၌ ဝိသေသန မပါရုံမျှကို ''ဝိသေ သနာပေက္ခဒေါသ'' ဟု ဆိုပြီးလျှင် ရှေ့၌ ပြခဲ့ပြီးသော နေယျဒေါသ နှင့် သဘောတူ ဟု ယူ၍ ညဥ္စမှောင်မိုက်၌ ဆရာက '' ဘသူလဲ '' ဟု

www.dhammaransi.com



### ဟီနတ္ထဒေါသ

၃၈။ ဟီနံ ကရေ ဝိသေသံ ယံ, တံ ဟီနတ္ထံ ဘဝေ ယထာ၊
နိပ္ပဘီကတခဇ္ဇောတော, သမုဒေတိ ဒိဝါကရော။

၃၈။ ယံ-အကြင်ဝိသေသနပုဒ်သည်၊ ဝိသေသံ-ဝိသေသျပုဒ်ကို၊ ဟီနံ-ယုတ်ညံ့အောင်၊ ကရေ-ပြုတတ်၏၊ တံ-ထိုဝိသေသနပုဒ်သည်၊ ဟီနတ္ထံ- ဟီနတ္ထဒေါသရှိသည်၊ ဘဝေ- ဖြစ်၏၊ ယထာ- ကား၊.... နိပ္ပဘီ၊ ပေ၊ ဒိဝါကရော- နိပ္ပဘီ၊ ပေ ၊ ဒိဝါကရော ဟူသည်တည်း၊ [ နိပ္ပဘီကတ ခဇ္ဇောတော – အရောင် မရှိအောင် ပြုအပ်သော ပိုးစုန်းကြူးရှိသော၊ ဝါ– ပိုးစုန်းကြူးတို့ကို အရောင် မရှိအောင် ပြုနိုင်သော၊ ဒိဝါကရော – နေမင်းသည်၊ သမုဒေတိ – ထွန်းတက်လာ၏။]

× × × × × × ×

မေးလျှင် မိမိနာမည် တည်းဟူသော ဝိသေသနကိုထည့်၍ ( "အဟံ ရာဟုလော ဘဂဝါ- တပည့်တော် ရာဟုလာပါဘုရား" ဟု ဖြေသကဲ့သို့ "အဟံဘန္တေ ဗုဒ္ဓရက္ခိတော=တပည့်တော် ဗုဒ္ဓရက္ခိတပါဘုရား" စသည်ဖြင့် ဖြေရမည်၊ ထိုသို့ မဖြေဘဲ "အဟံဘန္တေ-တပည့်တော်ပါဘုရား" ဟု ဖြေလျှင် "ဝိသေသနာပေက္ခဒေါသ သင့်၏" ဟု မှာထားကြ၏၊ အမှန်မှာ— နေယျဒေါသနှင့် ဝိသေသနာပေက္ခဒေါသတို့ မတူကြပါ၊ " အဟံဘန္တေ " စသော အဖြေ၌ အနက်အဓိပ္ပါယ် မထင်ရှားသော နေယျဒေါသဟုသာ ဆိုနိုင်၏၊ "ဝိသေသနာပေက္ခဒေါသ" ဟု မဆိုနိုင်ပါ၊ ဝိသေသနမပါလျှင် သူ့အတွက် အဓိပ္ပါယ် အထူး မထွက်ရာ၌သာ ဝိသေသနာပေက္ခဒေါသ သင့်သည် - ဟု မှတ်ပါ။ [ဝိသေသနေ+အပေက္ခာ ယဿာတိ ဝိသေသနာပေက္ခံ - ဝိသေသန၌+ငဲ့ခြင်းရှိသောပုဒ်၊သဟ+အတ္ထေန(အဓိပ္ပါယတ္ထနှင့်)ယံ ဝတ္တတီတိ သာတ္ထကံ။]

၃၈။ ဟီနံ ၊ ပေ ၊ ဘဝေ။ ။ဝိသေသန ထည့်သည့်အတွက် ဝိသေသျပုဒ်၌ (ဂုဏ်မတက်သည့်အပြင်)ဂုဏ်ပျက်အောင်( ရှိပြီးဂုဏ်ကိုပင် ယုတ်လျော့သွားအောင် ) ပြုတတ်သော ဝိသေသနပုဒ်သည် ဟီနတ္ထဒေါသ သင့်၏။ [ ဟီနော + အတ္ထော ယဿာတိ ဟီနတ္ထံ- (ဝိသေသျ၌ ရှိရင်းဂုဏ်မှ) ယုတ်လျော့သောဂုဏ် အနက် အဓိပ္ပါယ်

www.dhammaransi.com



**အနုဋ္ဌဒေါသ**

၃၉။ ပါဒပူရဏမတ္တံ ယံ, အနတ္ထ မိတိ တံ မတံ၊
ယထာ ဟိ ဝန္ဒေ ဗုဒ္ဓဿ, ပါဒပင်္ကေရုဟာမ္ဗိစ။

၃၉။ ယံ-အကြင်ပုဒ်သည်၊ ပါဒပူရဏ မတ္တံ-အနက်မရ,ပါဒ ပြည့်စေရုံမျှသည်(ဟောတိ-ဖြစ်၏၊)တံ-ထိုပုဒ်ကို၊ အနတ္ထမိတိ- အနတ္ထဒေါသရှိသော ပုဒ်ဟူ၍၊ မတံ-သိအပ်၏၊ ယထာ - ကား၊
× × × × × × ×
ရှိသော(ယုတ်လျော့သောဂုဏ် အနက်အဓိပ္ပါယ်ကိုပြသော)ဝိသေ သနပုဒ်။]

[ဆောင်] ဝိသေသျနက်, ဂုဏ်မတက်ဘဲ, ဂုဏ်ပျက်အောင်ပြ,
ဝိသေသန, ဟီနတ္ထ ဒေါသတည်း။

နိပ္ပဘီကတ၊ပေ၊ကရော။ ။"နိပ္ပဘီကတ ခဇ္ဇောတော"သည် ဒိဝါကရော၏ ဝိသေသနတည်း၊ "ပိုးစုန်းကြူးကို အရောင်မရှိအောင် ပြုနိုင်သော" ဟူသော ထိုဝိသေသနသည် ကျွန်းကြီး ၃ ကျွန်းကို တပြိုင်နက်လင်းစေနိုင်သော နေမင်းကို ဂုဏ်တက်အောင် ချီးမြှောက်ရာ မရောက်ဘဲ ဂုဏ်ယုတ်လျော့အောင်သာ ပြုရာရောက်၏၊ ထို့ကြောင့် "နိပ္ပဘီကတခဇ္ဇောတော" ဟူသော ဝိသေသန ပုဒ်သည် ဟီနတ္ထ ဒေါသ သင့်၏။ [ "အာဥ္စာဝက ရွာစား+မင်း၏ သား" ဟူရာ၌ "ရွာစား"ဟူသော ဝိသေသနဂုဏ်ပုဒ်သည် "မင်းသား"နှင့်မတန်, မင်းသားကိုပင် ဂုဏ်ယုတ်အောင် ပြုရာရောက်၏၊ "မဂ်လသုတ်ကို စာအုပ်မကြည့်ဘဲ ချနိုင်သော+ဆရာတော်" စသော ဝိသေသနများ လည်း ဤနည်းပင်တည်း။

ဝစနတ္ထ ။ ။ နတ္ထိ+ပဘာ+ယေသံတိ နိပ္ပဘာ၊ နိပ္ပဘာ ဝိယ+ ကတာ နိပ္ပဘီကတာ- နဂိုရ်က အရောင်ရှိကုန်သော်လည်း အရောင် မရှိကုန်သကဲ့သို့ ဖြစ်သွားအောင်(အရောင် ပျောက်သွားအောင်) ပြုအပ်သော ပိုးစုန်းကြူးတို့၊ နိပ္ပဘီကတာ + ခဇ္ဇောတာ+ ယေနာတိ နိပ္ပဘီကတခဇ္ဇောတော-အရောင်မရှိကုန်သကဲ့သို့ ဖြစ်အောင် ပြုအပ် ကုန်သော ပိုးစုန်းကြူးရှိသော နေ၊ ဝါ- ပိုးစုန်းကြူးတို့ကို အရောင် မရှိအောင် ပြုနိုင်သောနေ။

www.dhammaransi.com



ဟိ ဝန္ဒေ၊ ပေ၊ ပိစ- ဟိဝန္ဒေ၊ ပေ၊ ပိစ ဟူသည်တည်း [ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ ပါဒပင်္ကေရုဟံ - ခြေတော် အစုံ , ကြာပဒုံကို၊ ဝန္ဒေ-ရှိခိုးပါ၏။ ]

× × × × × × ×

၃၉။ ပါဒ၊ပေ၊ပိစ။ ၊ ဂါထာ၏ ၄ ပုံ တပုံသည် ပါဒမည်၏၊ ထိုပါဒ၌ အက္ခရာလုံးရေ ( ရှစ်လုံးဘွဲ့ဖြစ်လျှင် ရှစ်လုံး ) ပြည့်စေရုံမျှ အကျိုးသာရှိ၍ အနက်ထူးမရှိသောပုဒ်သည် အနတ္ထကဒေါသသင့်၏၊ ပုံစံ၌ " ဟိနိပါတ်, အပိနိပါတ်, စနိပါတ် " တို့သည် အနက် မရှိ၍ အနတ္ထဒေါသသင့်သော ပုဒ်များတည်း။ [ နတ္ထိ+အတ္ထော ယဿာတိ အနတ္ထံ-အနက်မရှိသောပုဒ်၊ ပင်္က- ညွန်၌+ရုဟတိ- ပေါက်တတ်၏၊ ဣတိ ပင်္ကေရုဟံ-ကြာ၊ ပါဒေါဧဝ+ပင်္ကေရုဟံ ပါဒပင်္ကေရုဟံ။ ]

[ ဆောင် ] ဂါထာပါဒ, ဖြည့်ရုံမျှသား, မရအနက်, ထိုပုဒ်တွက်, မှတ်ချက် အနတ္ထဒေါသတည်း။

မှတ်ချက်။ ။ " ပဒပူရဏာမတ္တံ " ဟု တချို့စာ ရှိသော်လည်း "စတုတ္ထံသသန္ဒိတဿ ပါဒဿ- ဂါထာ၏ ၄ ဘို့တဘို့ဟူသော ပါဒ ၏ " ဟူသော ဋီကာအလို " ပါဒပူရဏာမတ္တံ " ဟု ရှိစေ၊ ပါဒဿ- ဂါထာပါဒ၏+ ပူရဏံ -ပြည့်ကြောင်း ပုဒ်တည်း၊ ပါဒပူရဏံ- ပုဒ်၊ " မတ္တ "သဒ္ဒါဖြင့် အဝဓာရဏ အနက်ကို ပြ၏၊ "ပါဒပူရဏမေဝ- ပါဒပူရဏမတ္တံ "ဟု ပြု၊ "ပါဒပူရဏသာ ဖြစ်၏၊ အခြားအနက်မရှိ" ဟူလို။

အမှာ။ ။ ဂါထာစီကုံးရာ၌ မကျွမ်းကျင်သူတို့သည် ဟိ-စ- ပန- တု စသော နိပါတ်တို့ကို အနက်အထူးမရှိဘဲ ထည့်၍စီကုံးတတ်ကြ၏၊ ထို နိပါတ်ပုဒ်များသည် အနတ္ထကဒေါသ သင့်သည် ဟုချည်း မှတ်၊ ဂါထာ၌ အက္ခရာမပြည့်လျှင် ဥဂ္ဂပုတ္တကို " ဥဂ္ဂပုတ္တိယ " ဟု စီကုံး သကဲ့သို့ ဣယပုဒ် , သုတ္တကို သုတ္တန္တ, ဝနကို ဝနန္တ ဟု စီကုံးသကဲ့သို့ အန္တပုဒ်တို့ဖြင့် ဖြည့်စွက်၍ စီကုံးရသည်။

ဤတွင် ပဒဒေါသရှစ်ပါး ပြီး၏။

www.dhammaransi.com



## ကေတ္တုဒေါသ

၄၀။ သဒ္ဒတော အတ္ထတော ဝုတ္တံ, ယတ္ထ ဘိယျောပိ ဝုစ္စတိ၊
တမေကတ္ထံ ယထာ ဘာတိ, ဝါရိဒေါ ဝါရိဒေါ အယံ။

၄၀။ ယတ္ထ-အကြင်ဝါကျ၌၊ သဒ္ဒတော - သဒ္ဒါအားဖြင့်ရင်း၊ အတ္ထတော-အနက်အားဖြင့်ရင်း၊ ဝုတ္တံ-ဆိုအပ်ပြီးသောစကားကို၊ ဘိယျောပိ-အလွန်လည်း၊ ဝါ-ထပ်၍လည်း၊ ဝုစ္စတိ-ဆိုအပ်၏၊ တံ-ထို ဝါကျသည်၊ ကေတ္ထံ - ကေတ္တုဒေါသရှိသော ဝါကျ မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊....ဘာတိ၊ပေ၊အယံ-ဘာတိ၊ ပေ၊အယံ ဟူသည်တည်း၊[ဝါရိဒေါ-ရေကိုပေးတတ်သော၊ အယံဝါရိဒေါ-၌မိုဃ်းတိမ်သည်၊ ဘာတိ- ထွန်းလင်း တောက်ပ၏။]

× × × × × × ×

၄၀။ သဒ္ဒတော၊ပေ၊ဧကတ္ထံ။ ။ ပဒဒေါသတို့ကို ပြပြီး၍ ယခုအခါ ဝါကျဒေါသ တို့ကို ပြရာဝယ် မာတိကာ စဉ်ခဲ့သည့် အတိုင်း ကေတ္တုဒေါသ ပြလိုသောကြောင့်" သဒ္ဒတော "စသည် မိန့်၊ စကား ၂ ရပ် ထပ်၍ ဆိုအပ်သော်လည်း အနက် အဓိပ္ပါယ်အားဖြင့် တခုထည်းဖြစ်သော ဝါကျကို ကေတ္တုဒေါသသင့်သောဝါကျ ဟု ဆိုသည်၊ သဒ္ဒတော အတ္ထတောကို ထောက်၍ သဒ္ဒကေတ္တုဒေါသ အတ္ထကေတ္တုဒေါသဟု ၂မျိုးရှိကြောင်းသိပါ၊ ဧကော အတ္ထော ယဿာတိ ဧကတ္ထံ (ဝါကျံ)၊—ဋီကာသစ် ဝိဂ္ဂဟ။

[ဆောင်] သဒ္ဒါသော်ကား , အနက်အားဖြင့် , ၂ ပါးထပ်ဆက်,
ဆိုတုံလျက်လည်း , အနက်ရမှာ , တနက်သာ , ဝါကျာ
ဒေါသ ကေတ္တု။

ဝါရိဒေါ ဝါရိဒေါ အယံ။ ။ " ဝါရိဒေါ " ကို ၂ ခါထပ်၍ ဆိုအပ်သော်လည်း အနက်အဓိပ္ပါယ်မှာ " ရေကို ပေးတတ်သော မိုဃ်း တိမ် " ဟု တနက်သာ ရ၏၊ မှန်၏—ဝါရိဒေါ တပုဒ်ထည်း ဆိုသော်လည်း " ဝါရိ + ဒဒါတိ " ဟူသော ဝိဂ္ဂြိဟ်အရ " ရေ ကို ပေးတတ်သော မိုဃ်းတိမ် " ဟူသော အနက်ကို ရ၏၊ သို့ပါလျက် နောက် " ဝါရိဒေါ "တပုဒ်ကို ထပ်၍ဆိုသဖြင့် သဒ္ဒကေတ္တု ဒေါသ သင့်၏၊ ထို ဒေါသလည်း တပုဒ်ထည်းမှာ သင့်သည် မဟုတ်၊ ၂ ပုဒ်

www.dhammaransi.com



တွဲမိမှ သင့်၏၊ ထို ၂ ပုဒ်လုံး ပါရှိရာ ဝါကျလည်း ကေဒေသူပစာရ အားဖြင့် ကေတ္တဒေါသသင့်သော ဝါကျ ဟု ဆိုရသည်။ [ဝါရိဒေါ (ဇလဒါယကော ) ၌ကား ပဌမ ဝါရိဒေါ အဖွင့်၊ အယံဝါရိဒေါ (မေဃော)၌ကား ဒုတိယဝါရိဒေါ အဖွင့်၊] ၌အဖွင့်ကို ကြည့်လျှင် ဝါရိဒေါ ၂ ပုဒ်လုံးမှ "ဇလဒါယက မေဃ - ရေကိုပေးတတ်သော မိုယ်း" ဟု တနက်သာရ၏ ဟု သိသာ၏၊ ထို့ကြောင့် ကေတ္တဒေါသ သင့်ရသည်။ [သမ္ဗုတ္တိသာဓကဇလဒါယကောဇုစ္စာဒိဝိသေသနံ ဝိနာ (ထိုဝိသေသနမျိုး မဟုတ်ဘဲ)ဇလဒါနမတ္တဿ(ရေပေးခြင်းသာမည ကို) ဝုတ္တတ္တာ သဒ္ဒတော ကေတ္တံနာမ ဟောတိ။]

မှတ်ချက်။ ။ ၌ဋီကာ အဖွင့်ကို ထောက်၍ " သမ္ဗုတ္တိသာဓက ဝါရိဒေါ - ကောက်ပင်တို့၏ ပြည့်စုံခြင်းကို ပြီးစေတတ်သော ရေကို ပေးတတ်သော၊ ဝါရိဒေါ - မိုယ်းသည်၊ ဘာတိ - တောက်ပ၏" ဟု ဆိုလျှင် ဝါရိဒေါ ၂ ပုဒ် ထပ်သော်လည်း ရှေ့ ဝါရိဒေါသည် နောက် ဝါရိဒေါကို အထူး ပြုသောကြောင့် ကေတ္တဒေါသ မသင့်ကြောင်း သိသာ၏-ဟု မှတ်။

ယောနိဿယ ။ ။ ၌ ကေတ္တဒေါသ၌ သဒ္ဒါကွဲဖြစ်သော ပရိယာယ်ပုဒ်များဖြင့် ဝိသေသန ကူမလျှင် ကေတ္တဒေါသ မရောက်၊ ထို့ကြောင့်ပင် ၌အလင်္ကာကျမ်းဆရာ စီရင်အပ်သော သမ္ဗန္ဓစိန္တာ သဒ္ဒါငယ်ကျမ်း၌—

နေကတ္ထဝုတ္တိယာ ဂေါတိ, ဝုတ္တေ ဝါစာ နဉာယတေ၊
ဂေါဝါစာတိ တု ဝုတ္တေသ္မာ,ပရိယာယောစ ဘေဒကော။

နေကတ္ထဝုတ္တိယာ—ဂေါသဒ္ဒါက များစွာသောအနက်၌ ဖြစ်ခြင်းကြောင့်၊ ဂေါတိ-ဂေါဟူ၍၊ ဝုတ္တေ—ဆိုအပ်သော်၊ ဝါစာ—စကားဟူသော အနက်ကို၊ န ဉာယတေ—မသိအပ် မသိနိုင်၊ (ယသ္မာ — အကြင့်ကြောင့်၊ ) ဂေါဝါစာတိ— (ပရိယာယ်ပုဒ်နှင့် တကွ) ဂေါဝါစာ ဟူ၍၊ ဝုတ္တေ တု — ဆိုအပ်သော်ကား၊ (ဝါစာ—စကားဟူသောအနက်ကို၊ ဉာယတေ-သိအပ် သိနိုင်၏၊) အသ္မာ— ထို့ကြောင့်၊ ပရိယာယောစ — ပရိယာယ်သဒ္ဒါ သည်လည်း၊ ဘေဒကော— ထူးခြားအောင်ပြုတတ်သော ဝိသေသန မည်၏၊.... ၌သို့ ဆိုထားသည်။ [ပရိဗျတ္တံ အာယန္တိ အတ္တာ အနေနာတိ ပရိယာယော=အနက်တို့၏ ထင်ရှားခြင်းသို့ ရောက်ကြောင်းသဒ္ဒါ၊ ပရိ+အာပုဗ္ဗ, ဣဓာတ်, ဏပစ္စည်း။]

www.dhammaransi.com



ယထာ၁၈ (အတ္ထကေတ္ထ)

၄၁။ တိတ္ထိယက်ုရဗိဇာနိ, ဇဟံ ဒိဋ္ဌိဂတာနိဟ၊
ပသာဒေတိ ပသန္နေ သော, မဟာမုနိ မဟာဇနေ။

၄၁။ ယထာ၈ – အတ္ထ ကေတ္ထ ဒေါသသင့်ပုံ ဥဒါဟရုဏ်တမျိုးကား၊.... ဣဟ – ဤလောက၌၊ တိတ္ထိယက်ုရဗိဇာနိ– တိတ္ထိတည်းဟူသောအညွန့်အညှောင့်တို့၏ ပေါက်ရောက်ရာဟူ,မျိုးစေ့နှင့်တူကုန်သော၊ ဒိဋ္ဌိဂတာနိ– မိစ္ဆာအယူတို့ကို၊ ဇဟံ- ပယ်စွန့်တော်မူတတ်သော သောမဟာမုနိ – ထို မြတ်စွာဘုရားသည်၊ ပသန္နေ- ကိုယ်တော်၌ ကြည်ညိုကုန်သော၊ မဟာဇနေ- များစွာသော လူတို့ကို၊ ပသာဒေတိ-ကြည်ညိုစေတော်မူ၏။

× × × × × × ×

၄၁ တိတ္ထိ၊ ပေ၊ မဟာဇနေ ။ ။ ဤဂါထာ၌ '' ပသာဒေတိ ပသန္နေ '' တို့အတွက် တဝါကျလုံး ကေတ္ထဒေါသ သင့်ရ၏၊ မှန်၏— သဒ္ဒါအားဖြင့် မထပ်သော်လည်း '' ကြည်ညိုသူတို့ကို + ကြည်ညိုစေ၏ '' ဟူရာ၌ '' ကြည်ညို '' ဟူသော အနက်အားဖြင့် ထပ်လျက်ရှိ၏၊ ထို့ကြောင့် ပသာဒေတိ ပသန္နေ ၂ ပုဒ်၏အနက်သည် ကေတ္ထဒေါသ သင့်၏၊ ထို ၂ ပုဒ်၏အနက်ကို အကြောင်းပြု၍ တဝါကျလုံး၏ အနက်လည်း ကေဒေသျှပစာရအားဖြင့် ကေတ္ထဒေါသ သင့်သည်။

ဋီကာသစ်။ ။ပသန္နသ ဒ္ဒန ဝုတ္တပသာဒသဒ္ဒါတဿ အတ္ထဿ ပသာဒေတီတိ ကြိယာပဒေန ဝုတ္တတ္တာ - ပသန္နသဒ္ဒါ ဟောအပ်ပြီးသော ကြည်ညိုခြင်းအနက်ကို ပသာဒေတိကြိယာပုဒ်က ထပ်၍ ဟောအပ်သောကြောင့်၊ သဒ္ဒေ ဘိန္နေပိ အတ္ထတော ကေတ္ထဿ ဥဒါဟရဏံ -သဒ္ဒါကွဲသော်လည်း အနက်ကေတ္ထဒေါသ ဥဒါဟရုဏ်။

ဝစနတ္ထ ။ ။ တိတ္ထိယာဝေ+အင်္ကုရာနိ တိတ္ထိယင်္ကုရာနိ၊ တိတ္ထိယင်္ကုရာနံ - တို့၏၊ ဗီဇာနိ-မျိုးစေ့နှင့် တူသော မိစ္ဆာအယူတို့တည်း၊ တိတ္ထိယင်္ကု ဗီဇာနိ - တို့၊ မိစ္ဆာအယူ ရှိနေသမျှ တိတ္ထိပုဂ္ဂိုလ် တည်းဟူသောအညွန့်တွေထွက်နေမည်ဖြစ်ရကား ၆၂ ပါးသော(သီလက္ခန်မြဟ္မဇာလသုတ်၌ လာသော )မိစ္ဆာအယူများကို''တိတ္ထိယင်္ကုရဗီဇ'' ဟု တင်စား၍ ခေါ်သည်။

www.dhammaransi.com



## ဘဂ္ဂရီတိဒေါသ

၄၂။ အာရဒ္ဓက္ကမဝိစ္ဆေဒေါ, ဘဂ္ဂရီတိ ဘဝေ ယထာ၊
ကာပိ ပညာ ကောပိ ဂုဏော, ပကတီပိ အဟော တဝ။

၄၂။ အာရဒ္ဓက္ကမ ဝိစ္ဆေဒေါ - အားထုတ်အပ်သော ပုဒ်အစဉ်၏ ပြတ်ခြင်းကြောင့်၊ ဘဂ္ဂရီတိ- ဘဂ္ဂရီတိ ဒေါသသည်၊ ဝါ-ကြိုးပျက်သော အစဉ်ရှိသော ဒေါသသည်၊ ဘဝေ - ဖြစ်၏၊ ယထာ - ဥဒါဟရဏ်ကား.... ကာပိ၊ပေ၊တဝ - ကာပိ၊ပေ၊တဝဟူသည်တည်း၊ [မဟာမုနိ-မုနိထွဋ်တင်,အိုဘုရားရှင်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပညာ - သဗ္ဗညုတ ဉာဏ်ပညာတော်သည်၊ ကာပိ - ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များမြောင်ကြီးကျယ် ပါပေ၏၊ ဂုဏော-သီလ သမာဓိစသော ဂုဏ်တော်သည်၊ ကောပိ- ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များမြောင်ကြီးကျယ်ပါပေ၏၊ ပကတီပိ-ပင်ကိုယ်သဘောတော်သည်လည်း၊ အဟော - ဩော် .... အံ့ဩဘွယ် ရှိပါပေ၏။]

× × × × × × ×

၄၂။ အာရဒ္ဓ၊ပေ၊တဝ ။ ။အားထုတ်အပ် (ဆိုအပ်) သော ပုဒ်အစဉ်၏ ပြတ်ခြင်းကြောင့် ဘဂ္ဂရီတိဒေါသ ဖြစ်ရ၏၊ ပုံစံ၌ "ကာပိ ပညာ"ဟုရင်း,"ကောပိ ဂုဏော"ဟုရင်း,အားထုတ်ပြီး(ဆိုပြီး)၍, တတိယစကားရပ်၌"ပကတီပိ အဟော"ဟု ဆိုခြင်းသည် ရှေ့စကား ၂ ရပ်၌ ဆိုအပ်ခဲ့သော " ကာပိ+ ကောပိ " ဟူသော သဗ္ဗနာမ်ပုဒ် အစဉ်ကို ဖြတ်တောက်ရာ ရောက်၏၊ ထို့ကြောင့် " ပကတီပိ အဟော တဝ "ဟူသော ဝါကျသည် ဘဂ္ဂရီတိဒေါသ သင့်၏။

မှတ်ချက်။ ။"ကာ ကထာ ပကတီ တဝ"ဟုဆိုလျှင်"ကာ"ဟု သဗ္ဗနာမ်ပုဒ် အစဉ်မပျက်သောကြောင့်"ဘဂ္ဂရီတိ"မဖြစ်ဟု ဆိုကြ၏၊ သို့သော် "ကာပိ" ဟု မဆိုဘဲ "ကာ ကထာ- အဘယ်မှာ ဆိုဘွယ်ရှိအံ့နည်း" ဟု ဆိုသောကြောင့်"ပိ"ဟူသော နိပါတ်စဉ် မကျရကား "ကထာ" လည်း အစဉ်ကို ဖြတ်ရာရောက်မည် ထင်၏၊ "ကာပိ တေ ပကတီ မုနိ" ဟု ဆိုမှ အစဉ်တွဲစရာရှိသည်။

[ဆောင်] ရှေးရှေးဝါကျ, ပုဒ်စဉ်လှအောင်, ပဒစုစု, ဆက်ဆက်ပြုလျက်,
နောက်ဝါကျတွင်, ပြောင်းလွှဲလျှင်, ခေါ်တွင်ဘဂ္ဂရီတိတဲ့။

www.dhammaransi.com



ဘဂ္ဂရီတိ။ ။ရီတိ၌ ရီခ၁တ် တိပစ္စည်း၊ ရီခာတ်သည် "သန္တာန, အစဉ်အဆက်" အနက်ကိုလည်း ဟော၏၊ ဘဂ္ဂါ + ရီတိ အသဿ ဣတ္ထိဝါတိ ဘဂ္ဂရီတိ-ကျိုးပျက်သော အစဉ်ရှိသော ဝါကျ၊ ဝါ-အစဉ် ပျက်သောဝါကျ၊ အစဉ်ဟူရာ၌လည်း "ကာဗိ, ကောဗိ" ကိုကြည့်၍ သမ္ဗန္ဓာမ်ပုဒ်အစဉ်ဟု ယူကြ၏၊ သို့သော် သမ္ဗန္ဓာမ်သာမက,သုဒ္ဓနာမ်, အာချာတ်ကြိယာပုဒ်, နိပါတ်ဥပသာရ ပုဒ်များ အစဉ် ပျက်လျက် ပါသော ဝါကျသည်လည်း ဘဂ္ဂရီတိ ပင်တည်း။

မှတ်ချက်။ ။ဤအစဉ်ပျက်ခြင်းသည် "ပကတိပိ အဗောာတဝ" ဟု ဝါကျသုံး အစဉ်သာ ပျက်၍ အနက်အဓိပ္ပါယ်အစဉ်မှာ "ကာဗိ-ကောဗိ" တို့လည်း "အံ့ဩဘွယ်"ဟူသော အဓိပ္ပါယ်ကိုပင် ပြသော ကြောင့် "ပကတီပိ အဗောာ" ဝါကျသည် ရှေးဝါကျများနှင့် အနက် အားဖြင့် အစဉ် မပျက်ပါ၊ ထို့ကြောင့် ဤ ဘဂ္ဂရီတိကို " ဝါကျ ဘဂ္ဂ ရီတိ=ဝါကျ အစဉ်ပျက်သောရီတိ " ဟု ဆိုသည်၊ နောက်၌ ဝါကျတ္တ ဘဂ္ဂရီတိတမျိုး လာဦးလတ္တံ့။

"သောဘတိ မန္ဒောဂဂေယျော, ယာမုနေယျောပိ သောဘတိ၊
စတုပ္ပဒေါယံ ပုရိသော, နိဂြောဓ ပရိမဏ္ဍလော၊
ဤသမာယတဂီဝေါစ, သဗ္ဗေဝ အတိရောစတိ "

ဟူသောဂါထာ၌"အတိရောစတိ"ကြိယာသည် သောဘတိအစဉ်ကို ဖျက်ခြင်းကြောင့်ဘဂ္ဂရီတိဒေါသသင့်၏-ဟု ရှေးနိဿယများဆိုကြ၏၊ သို့သော် "စတုပ္ပဒေါယံ" စသည်ဖြင့် စကားအသုံး တမျိုးပြင်၍ နဂိုရ် အစဉ်အတိုင်း မဆိုသောကြောင့် အတိရောစတိကို အစဉ်ဖျက်သော ဘဂ္ဂရီတိ-ဟု ဆိုသင့်မည်မထင်။

ထို့ပြင်—"ဘုရားရှင်သည် ဆန်း-အလင်္ကာနည်းကို ဂရုမစိုက်ဘဲ ဝေနေယျတို့၏တရားရမှုကိုသာ ဂရုစိုက်တော်မူသောကြောင့် ဘုရား ပါဠိတော်များ၌ ဆန်းနည်းအလင်္ကာနည်းနှင့်မတွဲခြင်းကို အပြစ်မရှု သင့်"ဟု စံကျောင်းဆရာတော်(နိဿယ၌)မိန့်တော်မူသည်။

www.dhammaransi.com



## ဗျာကိဏ္ဏဒေါသ

၄၃။ ပဒါနံ ဒုဗ္ဗိနိက္ခေပါ, ဗျာမောဟော ယတ္ထဇာယတိ၊
တံ ဗျာကိဏ္ဏန္တိ ဝိညေယျံ, တဒုဒါဟရဏံ ယထာ။

၄၃။ ယတ္ထ-အကြင်ဝါကျ၌၊ ပဒါနံ - ပုဒ်တို့ကို၊ ဒုဗ္ဗိနိက္ခေပါ-အစပ်ဝေး၍ , ရှုပ်ထွေးအောင် ထားခြင်းကြောင့်၊ ဗျာမောဟော-အနက်မရှင်း, လွန်စွာ တွေဝေရခြင်းသည်၊ ဇာယတိ- ဖြစ်၏၊ တံ-ထိုဝါကျကို၊ ဗျာကိဏ္ဏန္တိ-ဗျာကိဏ္ဏဒေါသ သင့်သောဝါကျဟူ၍၊ ဝိညေယျံ -သိအပ်၏၊ တဒုဒါဟရဏံ- ထို ဗျာကိဏ္ဏဒေါသ၏ ဥဒါဟရဏ်သည်၊ ယထာ- အဘယ်နည်း....။

× × × × × × ×

၄၃။ ပဒါနံ၊ပေ၊ဝိညေယျံ။ ။ဝါကျတခု၌ နာမ်ပုဒ် အာချာတ်ပုဒ်စသည်တို့ကို ရှုပ်ပွေနေအောင် (တပုဒ်နှင့်တပုဒ် အစပ်ဝေးအောင်) မကောင်းသဖြင့် ထားခြင်းကြောင့် ထိုဝါကျကို ကြည့်ရှုရသူမှာ (မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ်ကို စပ်ရမည်ဟု မသိသဖြင့်) တွေဝေမှုဖြစ်ရ၏၊ ထိုဝါကျသည် ဗျာကိဏ္ဏဒေါသ သင့်၏။

[ဆောင်] ပုဒ်ထားရှုပ်ထွေး, အစပ်ဝေးသဖြင့်, မှိုင်တွေးလေရ,တွေဝေရ, ဝါကျဗျာကိဏ် ဒေါသတည်း။

**ဝစနတ္ထ**။ ။ဒုဋ္ဌု-မကောင်းသဖြင့်၊ ဝိ-အစပ်ဝေးစွာ+ဝိနိက္ခေပေါ- အထူးထူး အထွေထွေ ထားခြင်းတည်း၊ ဒုဗ္ဗိနိက္ခေပေါ- ခြင်း၊ ဝိဝိဓာ- အထူးထူး အပြားပြား အားဖြင့်+အာမောဟော - လွန်စွာ တွေဝေခြင်း၊ ဝိ-အစပ်ဝေးသဖြင့် မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ်ကို စပ်ရမည်ဟု သေချာစွာမဆုံးဖြတ်နိုင်ဘဲ တွေဝေနေရ- မှိုင်တွေးနေရခြင်းတည်း၊ ဗျာမောဟော - ခြင်း၊ ဝိဝိဓာ - အထူးထူး အပြားပြား အားဖြင့်၊ အာကိဏ္ဏော- ရောနှော ရှုပ်ထွေးခြင်းသည်၊ ယတ္ထ- အကြင်ဝါကျ၌၊ (အတ္ထိ)၊ တံ ဗျာကိဏ္ဏံ။

www.dhammaransi.com



ပုံစံ ၄၄။ ဗဟုဂုဏေ ပဏာမတိ, ဒုဋ္ဌနာခံ ပျယံ ဇနော၊
ဟိတံ ပမုဒိတော နိစ္စံ, သုဂတံ သမနုဿရံ။

၄၄။ ဗဟုဂုဏေ - မြတ်စွာဘုရား၏ များစွာသော ဂုဏ်တော်တို့ကို၊ သမနုဿရံ - အဖန်ဖန် အောက်မေ့သော၊ ဝါ - အဖန်ဖန် အောက်မေ့ခြင်းကြောင့်၊ ပမုဒိတော - လွန်စွာ ဝမ်းမြောက်သော၊ အယံဇနော - ဤလူအပေါင်းသည်၊ ဒုဋ္ဌနာခံပိ - လူယုတ်မာတို့၏ သော်မှလည်း၊ ဟိတံ-အစီးအပွားကိုပြုတော်မူတတ်သော၊သုဂတံ-မြတ်စွာဘုရားကို၊ နိစ္စံ-အမြဲ၊ ပဏာမတိ-ပျပ်ဝပ်ညွတ်လျှိုး, ရှိခိုး၏။

× × × × × × ×

၄၄။ ဗဟုဂုဏေတျာဒိ။ ။ဤဂါထာ၌ အနက်ပေးပုံကိုကြည့်၍ စပ်ပုဒ်ချင်း ဝေးပုံကို သတိပြုပါ၊ (၁) ဗဟုဂုဏေကို သမနုဿရံ၌ ကံ + ကံ၏ကြိယာ အဖြစ်ဖြင့် စာစပ်ရာဝယ် အလယ်က ပုဒ်ပေါင်း များစွာကို ခုန်ကျော်၍ စပ်ရ၏၊ (၂) ဟိတံနှင့် သံ+သာမိစပ်ရသော ဒုဋ္ဌနာခံပိလည်း ဝေး၏၊ (၃) ထို ဟိတံ ဟူသော ဝိသေသနလည်း သုဂတံ ဟူသော ဝိသေသျနှင့် ဝေး၏၊ (၄) အယံ ဇနော ဟူသော ကတ္တားလည်း ဒုဋ္ဌနာခံ+အပိ[ြ]ား၍ ရှေ့သို့ ပြန်လှည့်ပြီးမှ ပဏာမတိ ကြိယာ၌စပ်ရ၏၊ (၅)ပမုဒိတောသို့ သမနုဿရံမှပြန်လှည့်၍စပ်ရ၏၊ (၆) နိစ္စံ သုဂတံ တို့လည်း ပဏာမတိကို ဝေးစွာပြန်၍ စပ်ကြရသည်၊ ဤသို့ အစပ်ဝေးသောကြောင့် လွန်စွာတွေဝေခြင်းဖြစ်ရသည်။

ဋီကာပဟောင်း။ ။"သမနုဿရန္တော ဂုဏဝိသယသတိံ ပစ္စုပဋ္ဌာပေန္တော= ဘုရားဂုဏ်တော်လျှင် အာရုံရှိသောသတိကို ရှေးရှုဖြစ်စေသော၊ တေနေဝကာရဏေန-ထိုသို့ အောက်မေ့ခြင်းကြောင့်ပင်၊ ပမုဒိတော ဟဋ္ဌပဟဋ္ဌော - ဝမ်းမြောက် အလွန် ရွှင်ပြသော။" ဤ အဖွင့်ကို ထောက်၍ သမနုဿရံကို ဟေတုမန္တဝိသေသန ဟု မှတ်။

အမှာ၊ ။ဗျာကိဏ္ဏဒေါသသည် ပဟေဠိအရာ၌သုံးစွဲမှု ဥက္ကန္တ ပဟေဠိဖြစ်၏၊ ဝါကျတခုထည်း၌ ပုဒ်တို့ကို ရှုပ်ထွေးအောင်ထားလျှင် ဗျာကိဏ္ဏဒေါသ၊ ဝါကျအချင်းချင်း ရောယှက်လျှင် သံကိဏ္ဏဒေါသ, ဝါကျတခု အတွင်းသို့ အခြားဝါကျတခု ဝင်နေလျှင် ဝါကျဂဗ္ဘိတ ဒေါသ ဟု သတ္တတ၌ ခွဲသတတ်။

www.dhammaransi.com



## ဂါမ္မဒေါသ

၄၅။ ဝိသိဋ္ဌဝစနာပေတံ, ဂါမ္မံတျာဘိမတံ ယထာ၊
ကညေ ကာမယမာနံ မံ, န ကာမယသိ ကိံ နွိဒံ။

၄၅။ ဝိသိဋ္ဌ ဝစနာပေတံ- ယဥ်ကျေးအောင်ဟု, အထူးပြုအပ်သောအနက်ကိုဆိုခြင်းမှ ကင်းသော၊ (ဝါကျံ-ဝါကျကို)၊ဂါမ္မံတိ-ဂါမ္မဒေါသသင့်သော ဝါကျဟူ၍၊ အဘိမတံ-သိအပ်၏၊ ယထာ-ဥဒါဟရဏ်ကား၊ ....ကညေ ၊ ပေ၊ နွိဒံ- ကညေ ၊ ပေ၊ နွိဒံဟူသည့်တည်း၊ [ကညေ-ဟေ့အပျို၊ ကာမယမာနံ- နင့်ကို ကြိုက်နေသော၊ မံ-ငါ့ကို၊ တွံ- နင်သည်၊ ဝါ- နင်က၊ နကာမယသိ- မကြိုက်၊ ဣဒံ-ဤသို့ ငါကကြိုက်လျက် နင်က မကြိုက်ခြင်းသည်၊ ကိန္နု - အဘယ့်ကြောင့်နည်း။]

× × × × × × ×

၄၅။ ဝိသိဋ္ဌဝစနာပေတံတျာဒိ ။ ။ ယဥ်ကျေးအောင် အထူးတလယ် ပြုအပ်သော အနက်ကို " ဝိသိဋ္ဌ " ဟု ဆို၏၊ ထိုအနက်ကို ပြောဆိုကြောင်းစကားလုံးသည် ဝိသိဋ္ဌဝစနမည်၏၊ထိုစကားမှကင်း-ဟူသည် ထို ယဥ်ကျေးသောစကား မဟုတ်သော ရိုင်းသော ရိုးအသော စကားတည်း၊ ကျမ်းဂန်တို့၌ ယဥ်ကျေးသောစကားကို"ပေါရိဝါစာ=မြို့သုံးပြည်သုံးစကား"ဟု ခေါ်၏၊ ထိုစကားမျိုးမဟုတ်သောတောသူတောင်သားတို့ပြောဆိုအပ်သော စကားမျိုးကို"ဂါမ္မဒေါသသင့်သောဝါကျ"ဟုဆိုသည်၊ ပုံစံ၌"ကညေ"ဟူသော အခေါ်သည် မြန်မာလို " ဟေ့အပျို"ဟု ခေါ်ခြင်းကဲ့သို့ ရိုင်း၏၊ " ကာမယမာနံ-နကာမယသိ "ဟူသော အသုံးလည်း မြန်မာလို " ကြိုက်"ဟူသော စကားမျိုး ဖြစ်၍ ရိုင်းပြသော စကားပင်တည်း။ [ ကညေတျာဒိကံ ဝစနံ မိလက္ခကာနံ( တောသူတောင်သားတို့၏ )ဝစနတ္တာ ဂါမ္မံ။]

[ဆောင်] မြို့ပြမသုံး, တောတောင်သုံးသည့်, စကားလုံးမှန်, ရိုင်းပြပြန်, ဝါကျံဂါမ္မ ဒေါသတည်း။

ဝစနတ္တ။ ။ဝိသေသိယတေ-ချစ်ဘွယ်ကောင်းအောင်(ယဥ်ကျေးအောင်)အထူးတလယ်ပြုအပ်၏၊ ဣတိ ဝိသိဋ္ဌော ( အတ္ထော- အနက်အဓိပ္ပါယ်တည်း)ဝိသိဋ္ဌဿ-ကို+ဝစနံ-ပြောဆိုခြင်း(ပြောဆိုကြောင်း

www.dhammaransi.com



### ပဒသန္ဓာန ဂါမ္မ

၄၆၊ ပဒသန္ဓာနတော ကိဋ္ဌံ, ဒုပ္ပတီတိကရံ ဘဝေ၊ -
တံပိ ဂါမ္မန္တျဘိမတံ, ယထာ ယာ ဘဝတော ပိယာ။

၄၆။ ကိဋ္ဌံ-အချို့သော ဝါကျသည်၊ ပဒသန္ဓာနတော-ပုဒ်တို့ကို စပ်ခြင်းအားဖြင့်၊ ဒုပ္ပတီတိ ကရံ-မကြားကောင်း မနာသာ, လွန်စွာ ညစ်ကျူ, ရိုင်းပြသောအနက်ကို ပြုတတ်သည်၊ဘဝေ-ဖြစ်၏၊ တမ္ပိ-ထိုဝါကျကိုလည်း၊ ဂါမ္မန္တိ - ဂါမ္မဒေါသသင့်သော ဝါကျဟူ၍၊

× × × × × × ×

စကားအသုံးအနှုန်း)တည်း၊ ဝိသိဋ္ဌ ဝစနံ- နှုန်း၊ ဝိသိဋ္ဌ ဝစနတော+ အပေတံ ဝိသိဋ္ဌဝစနာပေတံ၊ ဂါမေ - တောကျေးရွာ၌ + ဘဝံ- များသောအားဖြင့် ဖြစ်သော အသုံးအနှုန်းတည်း၊ ဂါမ္မံ - နှုန်း၊ (ဝါကျံ)။ [ပိယဘူတေန-ချစ်ဘွယ်ဖြစ်၍ဖြစ်သော၊ ဥတ္တိဝိသေသေန- ပြောဆိုခြင်းအထူးဖြင့်(ယဉ်ကျေးအောင်အထူးပြုပြင်၍ ပြောခြင်းဖြင့်) ဝိသေသိတဗ္ဗဿ-အထူးပြုအပ်သောအကြောင်းအရာ(အဓိပ္ပါယ်)ကို၊ ကထနတော ပရိဟီနံ ဝါကျံ ဂါမ္မဒေါသန္တိ ကဓိဟိ အဘိမတံ။ ]

မှတ်ချက်၊ ။ဤအဖွင့်များကိုထောက်၍"ဟော့အဖေ,ငါပြောမယ်" စသောစကား , " ချီးရှိချင်တယ် , သေးပေါက်ချင်တယ်" စသော စကားများသည် ဂါမ္မဒေါသသင့်၍"အိုအဖေ....ဖေဖေ....ကျွန်တော် ပြောမယ်, သား ပြောမယ်, သမီး ပြောမယ်၊ " ဟုရင်း " နောက်ဖေး သွားချင်တယ်, အလေးအပေါ့ သွားချင်တယ်"စသည်ဖြင့်ရင်း ပြောမှ ဂါမ္မဒေါသလွတ်သည်ဟု မှတ်၊ ထို့ပြင်—အခြားနေရာ၌ ကညာသဒ္ဒါ သည် " ဒသဝဿာတု ကညကာ "နှင့် အညီ " ဆယ်နှစ်အရွယ် သူငယ်မ" ဟူသောအနက်ကို ဟောသော်လည်း ဤဂါထာနှင့် ဤကဲ့ သို့သော အရာဌာနမျိုး၌ အပျိုသာမန်ကိုသာ ဟောသည်။ [ ဧတ္ထ ကညာသဒ္ဒေါ ဒသဝဿိကာယ ဝတ္တတီတိ နိယမော နတ္ထိ။]

၄၆၊ ပဒသန္ဓာနတော‌တျာဒိ၊ ၊အချို့ဝါကျသည် ရှေ့ပုဒ်နှင့် နောက်ပုဒ်ကို(တပုဒ်ထည်း ထင်မှတ်သူက ဆက်စပ်လိုက်ခြင်းကြောင့် မကောင်းသော အနက် (ရိုင်းစိုင်းသော အနက် ) ကို ပြုတတ်၏၊ ထို ဝါကျလည်း ဂါမ္မဒေါသသင့်၏၊ ပုံစံ၌ "ယာ+ဘဝတော" ၂ ပုဒ်ကို

www.dhammaransi.com



အဘိမတံ - သိအပ်၏၊ ယထာ - ဥဒါဟရဏ်ကား၊ ........ ယာ+ဘဝတော ပိယာ - ယာ + ဘဝတော ပိယာ ဟူသည့်တည်း၊ (တနည်း) ယာဘဝတော ပိယာ - ယာဘဝတော ပိယာ ဟူသည့်တည်း၊ ဘဝတော - အရှင်သည့်၊ ယာ- အကြင်မိန်းမကို၊ ပိယာ-ချစ်အပ်၏၊ [ ဤကား ရေးသားသူ၏ အလိုရှိအပ်သော အနက်။] ( တနည်း ) ယာဘဝတော - များသောမေထုန် ရှိသူ၏၊ ပိယာ-ချစ်အပ်သော မယားတည်း၊ [ ဤကား ဂါမ္မဒေါသ သင့်သော အနက်တည်း။]

× × × × × × ×

''ယာဘဝတော'' ဟု တပုဒ်ထည်း ထင်မှတ်၍စပ်လိုက်သောအခါ ထိုပုဒ်က လွန်စွာရိုင်းသော အနက်ကို ဟောလေ၏။

ချဲ့ဥုးအံ့—''ယဘ- ယဘဓာတ်သည်၊ မေထုနေ- မေထုန်မှီဝဲခြင်း အနက်၌ဖြစ်၏''ဟု ဓာတ်ကျမ်း၌ ဆိုသောကြောင့်''ယဘနံ ယာဘော (မေထုန်မှီဝဲခြင်း)၊''ယာဘော+အဿ အတ္ထိတိ ယာဘဝါ-များစွာမေထုန်မှီဝဲခြင်းရှိသူ''ဟု ရိုင်းသော(လူကြီးသူမတို့ မပြောအပ်သော) အနက်ကို ပြလျက်ရှိရကား ထို''ယာ+ဘဝတော''ပုဒ် ၂ ခု အတွက် တဝါကျလုံး(စကားတရပ်လုံး)ဂါမ္မဒေါသ သင့်ရတော့သည်။

မှတ်ချက်။ ။ '' ယဘ - မေထုနေ '' ဟူသော ဓာတ်ကျမ်းနှင့်အညီ''ယာဘဝတော''ကို အနက်ပေးထားသော်လည်း''မေထုန်'' ဟူသောစကားသည် ရိုင်းသောစကားမဟုတ်၊ ဘုရားရှင် ကိုယ်တော်တိုင်ပင် '' မေထုနော ဓမ္မော '' စသည်ဖြင့် သုံးစွဲတော်မူအပ်သော စကားဖြစ်၏၊ ထိုမေထုန်ကို''ယဘ''ဟု သုံးစွဲခြင်းကား တဃေဉ်နှင့် တယောက် ဆဲသောအခါသုံးစွဲခြင်းတည်း၊မြန်မာလို လတချောင်းငင်လုံးကြီးတင် ဝိသဇ္ဇနီ ၂ လုံးပေါက်၍ သုံးစွဲခြင်းနှင့် ညီမျှ၏၊ ယာဘဝတောကို ထိုအတိုင်းအနက်ပေးမှုရိုင်းသည်ဟုဆိုထိုက်၏၊ထို့ကြောင့် ဩမသဝါဒသိက္ခာပုဒ်၌''ယကာရေနဝါ ဘကာရေနဝါ ''ဟု ယနှင့် ဘ တွဲ၍ ''ယဘ- ငါရိုး''ဟု ဆဲခြင်းတမျိုးကိုပြသည်။

သဒ္ဒနီတိ။ ။ဧတ္ထစ မေထုနန္တိ သောသဒ္ဒဝါစာ (''မေထုန်'' ဟူသော ဤစကားသည် လူကြီးလူကောင်းတို့ သုံးစွဲအပ်သောစကားတည်း၊) ယဘတီတိ အာဒိကာ ပန ဘာသာ သိခရဏီ (အင်္ဂါဇာတ်

www.dhammaransi.com



## ယတိဟီနဒေါသနှင့် ဥဒါဟရဏ

၄၇။ ဝုတ္တေသု သုစိတဋ္ဌာနေ, ပဒစ္ဆေဒေါ ဘဝေ ယတိ၊
ယံ တာယ ဟီနံ တံ ဝုတ္တံ, ယတိဟီနန္တိ သာ ပန။

၄၈။ ယတိ သဗ္ဗတ္ထ ပါဒန္တေ, ဝုတ္တမဇ္ဈေ ဝိသေသတော၊
ပုဗ္ဗာပရာနေကဝဏ္ဏ-ပဒမဇ္ဈေပိ ကတ္ထစိ။

၄၇။ ဝုတ္တေသု- ဆန်းဂါထာတို့၌၊ သုစိတဋ္ဌာနေ - ယတိဟု ညွှန်ပြအပ်သော အရာ၌၊ ပဒစ္ဆေဒေါ- ပုဒ်ကိုဖြတ်ခြင်း , ရပ်တန့်ခြင်းသည်၊ ယတိ-ယတိမည်သည်၊ ဘဝေ-ဖြစ်၏၊ ယံ-အကြင်ဝါကျသည်၊ တာယ- ထိုယတိမှ၊ ဟီနံ- ယုတ်လျော့၏၊ တံ-ထိုဝါကျကို၊ ယတိဟီနန္တိ-ယတိဟီန ဒေါသသင့်သော ဝါကျဟူ၍၊ ဝုတ္တံ- ဆိုအပ်၏ [သာပနကို နောက်ဂါထာရှိ ယတိပုဒ်နှင့် တွဲ၍ပေးမည်။]

× × × × × × ×

ပြင်ဘက် အသားစွန်း ထွက်နေသူမ ) ဇုတိ အာဒိကာ ဘာသာ ဝိယ အသဗ္ဘဝါစာ ( မသူတော်တို့၏ စကားတည်း၊ ) နဟိ ဟိရောတ္တပ္ပ သမ္ပန္နော လောကိယဇနောပိ ဤဒိသိံ ဝါစံ ဘာသတိ။(ဓာတုမာလာ)။

ဝစနတ္တ၊ ၊[ပဒါနံ-(''ယာ+ဘာ ာတော'' ကဲ့သို့ သာ) ရှေ့ပုဒ် နောက်ပုဒ်တို့ကို+ သန္ဓာနံ - တပုဒ်တည်း စပ်ခြင်းတည်း၊ ပဒသန္ဓာနံ- ်င်း၊ ဒုပ္ပတီတိ၌ ပတီတိသည် '' ပတိပုဗ္ဗ + ဣ - ဂတိမှိ '' ဟူသော ဓာတ်နောင် တိပစ္စည်း၊ '' ပတိ+ဣတိ'' ကို သန္ဓိစပ်၍ ''ပတီတိ'' ဟု ဖြစ်၏၊''ယေ ဂတျတ္ထာ, တေ ဗုဇ္ဈတ္ထာ''နှင့်အညီ''သိအပ်''ဟု အနက် ပေး၍ ဒု-မတင့်တယ်သော၊ ပါ-မကြားကောင်း မနာသာ လွန်စွာ ရှိင်းသော+ပတီတိ- သိအပ်သောအနက်၊ ဒုပ္ပတီတိ + ကရံ- ပြုတတ်သော ဝါကျတည်း၊ ဒုပ္ပတီတိကရံ။ [ ဒုပ္ပတီတိကရံ ဘဝေ - အသဗ္ဘ (အသောတဗ္ဗ )ဘူတဒုဋ္ဌတ္တဿ ( မကြားကောင်း မနာသာ ဖြစ်၍ မကောင်းသောအနက်ကို ) ပကာသကော ဟောတိ။ ] တံပိဍ် ပိဖြင့် ''. ရှုဝါကျသာ မဟုတ်သေး, ဤဝါကျလည်း ဂါမ္မပင်''ဟု ပေါင်း။

---

၄၇။ ဆန်းကျမ်း၌ အနုဋ္ဌုဘဆန်းစသော ဂါထာဆန်းများရှိ၏၊ [ဝုတ္တောဒယ ဆန်းကျမ်းဝယ် တတိယပိုင် မှာ ပါ၏။ ] ဆန်းဆရာ တို့သည် မည်သည့်ဂါထာဝယ် မည်သည့်နေရာ၌''ယတိ'' ဟု ပြထား

www.dhammaransi.com



၄၈။ သာပန ယတိ - ထိုယတိသည်ကား၊ သဗ္ဗတ္ထ- အလုံးစုံသော၊ ပါဒန္တေ - ဂါထာပါဒတို့၏ အဆုံး၌၎င်း၊ ဝိသေသတော- အထူးအားဖြင့်၊ ဝုတ္တမေ့စ - ဂါထာ၏ ထက်ဝက်၌၎င်း၊ ကတ္ထစိ- အချို့သော၊ ပုဗ္ဗာပရာနေကာဝဏ္ဏ ပဒမဇ္ဈေပိ-ရှေ့ဘက် နောက်ဘက်, တလုံးထက်များသော အက္ခရာရှိသောပုဒ်၏အလယ်၌၎င်း၊ သိယာ- ဖြစ်၏။

× × × × × × ×

ကြ၏၊ ရွတ်ဆိုသောအခါလည်း ပုဒ်ကိုဖြတ်လျက် ရပ်နား၍ ရွတ်ဆိုရ၏။[သမ္ဗုလပေတ္တာဒိ လဟုနိ ဘဝတိ ယတိ-စသော ဂါထာများကို ကြည့်ပါ။ ] ထိုသို့ ယတိရှိရမည့်နေရာ၌ ယတိမရှိအောင် စီကုံးထားသော အဖွဲ့အနွဲ့ ဝါကျသည်"ယတိဟီန "ဒေါသသင့်၏၊[ယတိတော- ယတိမှ+ဟီနံ- ယုတ်လျော့သော ( မပါသော ) ဝါကျတည်း၊ ယတိဟီနံ- ယတိမှ ယုတ်လျော့သော ဝါကျ။]

ဝုတ္တေသု သူစိတဋ္ဌာနေ ။ ။ ဝုတ္တေသု - ဆန္ဒောသတ္တေ နိဒ္ဒိဋ္ဌအနုဋ္ဌုဘာဒိသု ( ဆန်းကျမ်း၌ ညွှန်ပြအပ်သော အနုဋ္ဌုဘာ စသော ဆန်းဂါထာတို့၌ ) သူစိတဋ္ဌာနေ - အယမေတ္ထ ယတိတိ ပကာသိတဋ္ဌာနေ (ဤကား ဤဂါထာ၌ ယတိ-ဟု ပြအပ်သောနေရာ၌၊) [ သူစိယတေ(ဤနေရာ၌ ယတိဟု) ပြအပ်၏၊ ဣတိ သူစိတံ၊ သူစိတံစ+တံ+ ဌာနဉ္စာတိ သူစိတဋ္ဌာနံ။]

ပဒစ္ဆေဒေါ ယတိ ။ ။ သျာဒျန္တ တျာဒျန္တာနံ ဝိစ္ဆေဒေါ (သျာဒျန္တပုဒ် တျာဒျန္တပုဒ်တို့ကို ဖြတ်ထားခြင်းသည် ယတိ မည်၏၊ ယမနံ ဝိရာမေ -( ရှေ့သို့ တဆက်ထည်း မရွတ်ရဘဲ ) ရပ်တန့်ခြင်း၊ ယတိ- ရပ်တန့်ခြင်း၊ "ရပ်တန့်ခြင်း" ဟူသည်လည်း လျာပင်ပန်းမည်စိုး၍ အပန်းဖြေခြင်းပင်တည်း၊[သာ-ထိုယတိသည်၊ ခပါဆန္ဒောဂန္တာနုသာရေန- သဖြင့်၊ ဇိဝှါယ- ၏၊ ဝိဿမရူပ ဥစ္စာရဏာဘာဝရူပါ- အပန်းဖြေခြင်း သဘောရှိသော ရွတ်ဆိုမှု၏ မရှိခြင်း (ရပ်နားခြင်း) သဘောရှိ၏။—ထောမနိဓိ။]

မှတ်ချက်။ ။ ပြခဲ့သော စကားစဉ်အတိုင်း " ပဒစ္ဆေဒ " အရ သန္ဓိပုဒ် ဖြတ်ခြင်း ဟု မမှတ်ဘဲ အပန်းဖြေသောအားဖြင့် ရပ်တန့်နားနေခြင်းကို ပဒစ္ဆေဒ ဟု၎င်း, ယတိ ဟု၎င်း ခေါ်သည် ဟု မှတ်။

www.dhammaransi.com



၄၈။ သမ္ဗုတ္တ၊ပေ၊ ဝိသေသတော။ ။ ဂါထာ၌ ၄ ပါဒရှိ၏၊ ထို ၄ ပါဒလုံး၏ အဆုံး အဆုံး၀ယ် ရွတ်ဆိုသော အခါ ယတိဖြတ်၍ ရပ်ရ၏၊ ဂါထာစီကုံးသူတို့ကလည်း ရပ်နားခွင့်ရအောင် ရေးသားရသည်၊ ထိုသို့မရေးလျှင် ထိုဂါထာသည် ယတိဟီနဒေါသ သင့်၏။ ဂါထာ၏ တ၀က်၌ကား သိသိသာသာကြီး ယတိဖြတ်လျက် အထူး ရပ်နားရမည်၊ "ဂါထာ၏တ၀က်မှာ အထူး ယတိ" ဟု ဆိုသဖြင့် ၄ ပါဒရှိသော ဂါထာ၏အလယ် ( ၂ ပါဒ အဆုံး)၌၎င်း, ဂါထာ၏ အားလုံးအဆုံး၌၎င်း"အထူးယတိ"ဟု သိသာ၏။ [ ဝုတ္တာနံ ပါဒဒွယ သန္ဓိတေ အဒ္ဓေစ ( အလယ် တ၀က်၌၎င်း ) တဒဝသာနေစ ( ထို ဂါထာ၏ အဆုံး၌၎င်း)ဣတိ အဓိပ္ပါယော။ ] ဤစကားအရ "ပဌမ-တတိယပါဒအဆုံး၌ သာမညယတိ"ဟု မှတ်။

မှတ်ချက်။ ။ ဂါထာတပုဒ်၀ယ် ၂ ပါဒအဆုံး, ၄ ပါဒလုံး အဆုံး၌ အထူးယတိ ဟု ဆိုသောကြောင့် ဂါထာရွတ်သောအခါ ၈ လုံးဖွဲ့ဖြစ်စေ, ထို့ထက် အက္ခရာလုံးရေ များသောအဖွဲ့ ဖြစ်စေ, ၂ ပါဒလျှင် တခါရပ်၍ ရွတ်ရမည်ကို သတိပြုပါ၊ "ယံ ဒုန္နိမိတ္တံ" ဂါထာကို ဆရာတို့က စနစ်တကျ ရွတ်ပြကြပါလေ။

ပုဗ္ဗာပရာ၊ပေ၊ကတ္ထစိ။ ။ "ပဒန္တေ ဒေါ ယတိ"ဟု ဆိုခဲ့ရကား "တပုဒ်တပုဒ် ပြတ်မှသာယတိ ရနိုင်သည်"ဟု ထင်မှားဘွယ်ရှိသော ကြောင့် "ပုဗ္ဗာပရာ၊ပေ၊ကတ္ထစိ" ဟု မိန့်၊ တချို့နေရာ၌ ဆန်းဆရာ တို့က "ယတိ"ဟု ပြထားလျှင် "ဂါထာပါဒ မဆုံးမှီဖြစ်စေ , ဆုံးမှ ဖြစ်စေ တပုဒ်အလယ်၌လည်း ယတိဖြတ်နိုင်ပါ၏"ဟူလို၊ သို့သော် "ပုဗ္ဗာပရာနေကဝဏ္ဏာ" ဟု ဆိုသောကြောင့် ထိုပုဒ်၀ယ် ယတိဖြတ်ရာ ဌာန၏ ရှေ့နောက်၌ အနေကဝဏ္ဏ ( အက္ခရာအများ )ဖြစ်စေရမည်၊ "၃ လုံးသာရှိသော ပုဒ်၀ယ် အလယ်၌ ယတိဖြတ်၍ မရ" ဟူလို၊ ဤစကားဖြင့်"ပါဒန္တ သာမညယတိ, ဝုတ္တဝိသေသယတိ, အနေကဝဏ္ဏပဒမဇ္ဈယတိ"ဟု ယတိ ၃ ဌာနရှိပုံကို သိနှင့်ပါဦး၊ နောင်၌လည်း ယတိဌာန ပြလိမ့်ဦးမည်၊

www.dhammaransi.com



တဇ္ဈောဒါဟရဏာ ပစ္စုဒါဟရဏာနိ ယထာ

၄၉။ တံ နမေ သိရသာ စာမီ-ကရဝဏ္ဏံ တထာဂတံ၊
သကလာပိ ဒိသာ သိဋ္ဌ-တိဝ သောဏ္ဏရသေဟိ ယော။

၄၉။ တဇ္ဈ- ထို ယတိတို့၌၊ ဥဒါဟရဏ ပစ္စုဒါဟရဏာနိ- အလျော်ဥဒါဟရုဏ်,ဆန့်ကျင်ဘက်ဥဒါဟရုဏ်တို့သည်၊ ယထာ- အဘယ်တို့နည်း။....တံနမေ၊ပေ၊ယော-တံနမေ၊ ပေ၊ယောဟူသည် တည်း။ [ ယော( တထာဂတော ) – အကြင် မြတ်စွာဘုရားသည်၊ သကလာပိဒိသာ - အလုံးစုံလည်း ဖြစ်သော အရပ်မျက်နှာတို့ကို၊ သောဏ္ဏရသေဟိ- ရွှေရည် အယဉ်တို့ဖြင့်၊ သိဋ္ဌတိဝ- သွန်းလောင်း သကဲ့သို့ မှတ်ထင် ရ၏၊ စာမီကရဝဏ္ဏံ – ဂိဝါရွှေ အဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတော်မူသော၊ တံ တထာဂတံ- ထို မြတ်စွာ ဘုရားကို၊ သိရသာ - ဦးခေါင်းရတနာ , မြတ်အင်္ဂါဖြင့်၊ နမေ- ရှိခိုးပါ၏။]

× × × × × × ×

၄၉။ တံ နမေတျာဒိ။ ။ဤဂါထာသည် ယတိ ၃ ဌာနလုံး၏ ပုံစံတည်း၊ ဂါထာ၏ပါဌ်လျောက်အဓိပ္ပါယ်ကို နိဿယအတိုင်းသိပါ၊ စာမီကရဿ+ဝဏ္ဏောဝိယ ဝဏ္ဏော ယဿာတိ စာမီကရဝဏ္ဏော၊ သိဋ္ဌတိဝ၌ ဣဝကို“ ဝိတက္က-ကြံစီမှတ်ထင်ခြင်း အနက်၌”ဟု ဋီကာ ဖွင့်၏၊ “ စာမီကရဝဏ္ဏံ”နှင့် “သိဋ္ဌတိ ”တို့သာ ဥဒါဟရုဏ် ထုတ်လို ရင်းဖြစ်သော်လည်း “ပါဒန္တယတိများပါ ဂါထာပါဒအဆုံး၌ ရနိုင် ၏ ” ဟု မှတ်၊ စာမီကရဝဏ္ဏံသည် ယတိပြတ်ပုံ မှန်သော အလျော် ဥဒါဟရုဏ်၊ သိဋ္ဌတိကား ယတိပြတ်ပုံ မမှန်သော ဆန့်ကျင်ဘက် ဥဒါ ဟရုဏ်တည်း။

ချဲဥုးအံ့— “ စာမီကရံ-ဂိဝါရွှေ ” ဟု ရွှေအထူးကို ဟောသော “စာမီကရံ”ပုဒ်၌ အက္ခရာ ၄ လုံးရှိ၏၊ “တံ နမေ သိရသာ စာမီ”ဟု ပါဒအဆုံး၌ ယတိဖြတ်ရမည်ဖြစ်၍ စာမီတွင် ယတိဖြတ်သောအခါ ရှေ့ဘက်၌“စာမီ”ဟု အနေကဝဏ္ဏ(အက္ခရာ ၂ လုံး)ရှိ၏၊ နော်ဘက် ၌လည်း “ ကရ ” ဟု အနေကဝဏ္ဏ ( အက္ခရာ ၂ လုံး ) ရှိ၏၊ ထိုသို့ စာမီ၌ ယတိဖြတ်ခြင်းသည် “ ရှေ့ဘက်+ နောက်ဘက် အနေကဝဏ္ဏ ဖြစ်သော ပုဒ်အလယ်၌ ယတိဖြတ်နိုင်၏ ” ဟူသော ဥပဒေသနှင့် ညီရ

www.dhammaransi.com



## သန္ဓိစပ်ရာ၌ ယတိတမျိုး

၅၀။ သရောသန္ဓိမှိ ပုဗ္ဗန္တော, ဝိယ လောပေ ဝိဘတ္တိယာ၊
အညထာ တွညထာ တတ္ထ, ယာဒေသာဒိ ပရာဒိဝ။

၅၀။ သန္ဓိမှိ- သန္ဓိစပ်ရာ၌၊ ဝိဘတ္တိယာ- ဝိဘတ်၏၊ လောပေ- ကြေခြင်းသည်၊(သတိ- ရှိလသော်၊)သရော- နောက်ပုဒ်အစ သရသည်၊(အနေကဝဏ္ဏတ္တာဘာဝေပိ-အနေကဝဏ္ဏတ္တ မရှိပါသော်လည်း၊ ) ပုဗ္ဗန္တော ဝိယ- ရှေ့ပုဒ်၏ အဆုံးကဲ့သို့၊ ဟောတိ - ဖြစ်၏၊ တု - ထိုမှတပါး၊ အညထာ - တပါးသော အခြင်းအရာ အားဖြင့်

× × × × × × ×

ကား အလျော်ဥဒါဟရုဏ်ဖြစ်၏၊ ဆိုလိုရင်းကား“စာမီ”၌ ယတိသည် ပါဒန္တယတိ လက္ခဏာနှင့်လည်း ညီညွတ်၏၊ ပဒမဇ္ဈယတိ လက္ခဏာနှင့်လည်း ညီညွတ်၏- ဟူလို။

သိဥ္စတိ။ ။သိဥ္စတိ၌ကား သိဥ္စတွင် တတိယပါဒဆုံးသောကြောင့် ပါဒန္တယတိရှိရတော့မည်၊ သို့သော်“သိဥ္စတိ”ပုဒ်၏ အလယ်၌ ယတိဖြတ်လိုက်သောအခါ “သိဥ္စ” ဟူသော ရှေ့ဘက်၌သာ အနေကဝဏ္ဏ ( အက္ခရာ ၂ လုံး ) ရှိ၍ “တိ” ဟူသော နောက်ဘက်၌ ဧကဝဏ္ဏ ( အက္ခရာ ၁- လုံးသာ ) ရှိသောကြောင့် ပဒမဇ္ဈယတိ မရနိုင်ရကား ထို “သိဥ္စတိ”သည် ပစ္စုဒါဟရဏ(ဆန့်ကျင်ဘက်ဥဒါဟရုဏ်)ဖြစ်၍ “သကလာပိ ဒိသာ သိဥ္စတိဝ သောဏ္ဏရသေဟိ ယော”ဝါကျလည်း ယတိဟီန ဒေါသသင့်သော ဝါကျဖြစ်ရတော့သည်။

မှတ်ချက်။ ။မဇ္ဈယတိ အရာဝယ် “စာမီကရံ” ဟု မူလအနက်တခု ဟောသောပုဒ်ကို “ ပဒ ”ဟု ယူပါ၊ “ စာမီကရဝဏ္ဏံ ” အထိ မယူပါနှင့်၊ အလယ်၌ ယတိပြတ်ရာမှာလည်း “ သမန္တစက္ခု ”ပုဒ်မျိုးဝယ် “ သမန္တ ” ဟူသော ပုဒ်အစိတ်တခု ပြတ်ရာ၌သာ ယတိရ၏၊ “သမ+န္တစက္ခု”ဟု အနက်မရှိသော “ သမန်”၌ ယတိ မရ။

၅၀။ သရောပေဝိဘတ္တိယာ။ ။တပုဒ်ထည်း၌ ပဒမဇ္ဈယတိကို သိရပါပြီ၊ ၂ ပုဒ်ကို သန္ဓိစပ်ရာ၌ အဘယ်နေရာဝယ် ယတိရနိုင်ပါသနည်းဟု မေးဘွယ်ရှိသောကြောင့်“သရောသန္ဓိမှိ”စသည်ကိုမိန့်၊

ဖြစ်လသော်၊ အညထာ - တပါးသော အခြင်းအရာ အားဖြင့်၊ ဟောတိ-ဖြစ်၏၊ တတ္ထ- ထို သန္ဓိစပ်ရာ၌၊ ယာဒေသာဒိ - ယ အပြု အစရှိသော အစီအရင်သည်၊ ပရာဒိဝ - နောက်ပုဒ်၏ အစကဲ့သို့၊ ဟောတိ-ဖြစ်၏။

× × × × × × ×

ရှေ့ပုဒ်၏ ဝိဘတ်ကို (ဝိဘတ်ပြုထားသော ကာရိယကို) ချေ၍ သန္ဓိစပ်လျှင် "ပုဗ္ဗန္တေ ဝိယ - ရှေ့ပုဒ်၏အဆုံး အနေအားဖြင့်" ယတိဖြတ်၍ရွတ်ပါ၊ ဤသန္ဓိစပ် ယတိများ၌ ရှေ့ပုဒ် နေဝံပုဒ်ဝယ် အနေက ဝဏ္ဏဖြစ်-မဖြစ်ကို စိစစ်ဘွယ်မလို၊ လာလတ့်(၅၂)နံပါတ် ဂါထာ၌ "သဗ္ဗောပမာ" သည် ဥဒါဟရဏ်တည်း၊ ထို၌ "သဗ္ဗ+ ဥပမာ"မှ သဗ္ဗ၏ (အ) ကို ချေ၍ ဥ ကို ဩ ပြုလျက် သန္ဓိစပ်ထား၏၊ [ ဝိဘတ်ကိုကား " သဗ္ဗနှင့် ဥပမာ"တို့ သမာသ်စပ်တုန်းက ချေခဲ့ပြီ။ ] ဤသို့ သန္ဓိစပ်ရာ၌ နောက်ပုဒ်၏အစ ဥသရကို သဗ္ဗဟူသော ရှေ့ပုဒ်၏အဆုံးကဲ့သို့ "သဗ္ဗော"ဟု ပါဒန္တယတိဖြတ်၍ ရွတ်ဆိုရသည်။

အညထာ တ္ဝညထာ ။ ။ တု သဒ္ဒါသည် ပက္ခန္တရ ဇောတက နိပါတ်၊ ရှေ့"အညထာ"ဖြင့်"ဝိဘတ္တိယာ လောပေ"ကို အပါဒါန်ပြု၍"ဝိဘတ်ကြေခြင်းမှ တပါး(ဝိဘတ်ကြေခြင်း မရှိ) သော အခြင်းအရာအားဖြင့်"ဟု ဆိုလိုသည်၊ နောက်"အညထာ"ဖြင့် "ပုဗ္ဗန္တေဝိယ"ကို အပါဒါန်ပြု၍"ရှေ့ပုဒ်၏အဆုံးကဲ့သို့ ရွတ်ဆိုရခြင်းမှတပါး (နောက်ပုဒ်၏ အစကဲ့သို့)သော အခြင်းအရာ အားဖြင့် "ဟု ဆိုလိုသည်၊ ထို (၅၂) ဂါထာ၌ပင် "ပတ္တဃောပမာ" ဟု သန္ဓိစပ်ပုံကို ကြည့်ပါ၊ ပတ္တသည် သဝိဘတ်မကြေဘဲ သန္ဓိစပ်ထား၍, ပတ္တ တွင် ပါဒန္တယတိ ဖြစ်လျက် " ဃောပမာ" ဟု သဝိဘတ်ကို နောက်ပုဒ် အစ အနေအားဖြင့် ရွတ်ဆိုရသည်။

တတ္ထ ယာဒေသာဒိ ပရာဒိဝ။ ။"ဣဝဏ်ကို ယပြု, ဧကို ယပြု, ဥဩတို့ကို ဝပြု - နိဂ္ဂဟိတ်ကို ဒပြု စသော အာဒေသကို နောက်ပုဒ်၏ အစအနေအားဖြင့် ရွတ်ပါ" ဟု ဆိုသဖြင့် ထိုအာဒေသ၏ရှေ့၌ ယတိဖြတ်၍ ရွတ်ပါ-ဟု ဆိုလိုသည်၊ ၅၃-ဂါထာ၌ ဝန္ဒာမျနန္တဝယ် ဝန္ဒာမိ၌ ဣကိုယပြု၍ သန္ဓိစပ်ထား၏၊ရွတ်သောအခါ ဝန္ဒာ၌ ပါဒန္တယတိ ဖြတ်၍ မျကို နေဝံပုဒ်အစ အနေအားဖြင့် ရွတ်ရသည်၊ ဤ၌"ဝန္ဒာမိ"

www.dhammaransi.com



## နိပါတဥပသာရတို့၌ ယတိ

၅၁။ စာဒီ ပုဗ္ဗပဒန္တာဝ, နိစ္စံ ပုဗ္ဗပဒဿိတာ၊
ပါဒယော နိစ္စသမ္ဗန္ဓာ, ပရာဒီဝ ပရေန တု။

စာဒီ - စ အစရှိသော နိပါတ်ပုဒ်တို့သည်၊ နိစ္စံ - အမြဲ၊ ပုဗ္ဗပဒဿိတာ-ရှေ့ပုဒ်၌မှီကုန်သည်၊ ဟုတွာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ ပုဗ္ဗပဒန္တာဝ-ရှေ့ပုဒ်တို့၏အဆုံးတို့ကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏၊ တု-ထိုမှတပါး၊ ပါဒယော-ပ အစရှိသော ဥပသာရပုဒ်တို့သည်၊ ပရေန- နောက်ပုဒ်နှင့်၊ နိစ္စသမ္ဗန္ဓာ- အမြဲစပ်ခြင်း ရှိကုန်သည်၊ ဟုတွာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ ပရာဒီဝ - နောက်ပုဒ်၏ အစတို့ကဲ့သို့၊ ဟောန္တိ-ကုန်၏။

× × × × × × ×

ဟု ၃ လုံးသာရှိ၍ နောက်၌ အနေကဝဏ္ဏ မဟုတ်၊ (မိ-တလုံးသာရှိ) သော်လည်း ယတိဖြတ်နိုင်သည် ဟု မှတ်၊ ထို့ကြောင့် "အနေကဝဏ္ဏတ္တ+အဘာဝေပိ"ဟု ဋီကာများ ထည့်ကြသည်။ ["အမိဂတော ခေါ မျာယံ မေမွာ,ဗဟွာ ဗာဓေ, အထခွဿ, ယဒနိစ္စံ, တဒနတ္တာ, တေဒဝေါစ, တဒနုပရောဓေန, တမဟံ, ပစ္စတ္တညေဝ, သညော ဂေါ" - စသော ယာဒေသာဒိ ပုံစံများ၌ ဆရာတို့က ယတိရသော နေရာကိုပြ၍ အသံမှန် ရွတ်ပြကြပါလေ။]

---

၅၁။ စာဒီ၊ပေ၊ဿိတာ။ ။စ, ဝါ, စသော နိပါတ်ပုဒ်တို့ကို ရှေ့ပုဒ်၏ အဆုံးအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်၊ဘာ့ကြောင့်နည်း၊…ပုဗ္ဗပဒဿိတာ-ထို (စ)အစရှိသော နိပါတ်တို့က ရှေ့ပုဒ်ကို အမြဲမှီသောကြောင့်တည်း၊ ပုံစံကို "ပညာစ , မေတ္တာစ "ဟု ထုတ်ထား၏၊ ထိုပုံစံ၌ စ နိပါတ်ကို ပညာပုဒ် မေတ္တာပုဒ်တို့၏ အဆုံးအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်။ [ ပုဗ္ဗပဒေ+သိတာ ( နိဿိတာ) ပုဗ္ဗပဒဿိတာ၊ ဤပုဒ်သည် ဟိတ်အတွင်းငုပ်သော ဟေတုမန္တ ဝိသေသနပုဒ်တည်း။]

ပါဒယော၊ပေ၊ပရေနတု။ ။[ တုကို ပက္ခန္တရဇောတက ဟု မှတ်။ ] ပ- အစရှိသော ဥပသာရပုဒ်တို့ကို ( ပရာဒီဝ )နောက်ပုဒ်၏

www.dhammaransi.com



### ပုံစံများ

### သဗ္ဗစ္ဆောဒါဟရဏာနိ ယထာ

၅၂။ နမေ တံ သိရသာ သဗ္ဗော-ပမာတီတံ တထာဂတံ၊
ယဿ လောကဂ္ဂတံ ပတ္တ-ဿောပမာ နဟိ ယုဇ္ဇတိ။

၅၃။ မုနိန္ဒံ တံ သဒါ၀န္ဒာ-မျနန္တ မတိ မုတ္တမံ၊
ယဿ ပညာစ မေတ္တာစ, နိဿီမာတိ၀ိဇမ္ဘတိ။

၅၂။ ။သဗ္ဗတ္တ - အလုံးစုံသော ယတိ ငါးရပ်တို့၌၊ ဥဒါဟရဏာနိ- တို့သည်၊ ယထာ- တို့နည်း၊.... နမေ တံ၊ ပေ ၊ နိဿီမာတိ ၀ိဇမ္ဘတိ - နမေ တံ ၊ ပေ ၊ နိဿီမာတိ ၀ိဇမ္ဘတိ ဟူသည်တည်း။ [ လောကဂ္ဂတံ- တလောကလုံး၌ အမြတ်ဆုံး အဖြစ်သို့၊ ပတ္တဿ- ရောက်တော် မူသော၊ ယဿ( တထာဂတဿ )- အကြင် မြတ်စွာဘုရား၏၊ ဥပမာ-နှိုင်းယှဉ်စရာ ဥပမာသည်၊ န ဟိ ယုဇ္ဇတိ-မသင့်၊ ၀ါ- မရှိ၊ သဗ္ဗောပမာတီတံ- အလုံးစုံသော ဥပမာကို လွန်တော်မူသော၊ တံ တထာဂတံ-ထိုမြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်း ရတနာ, မြတ်အင်္ဂါဖြင့်၊ နမေ-ရှိခိုးပါ၏။

× × × × × × ×

အစအနေအားဖြင့် ယတိဖြတ်၍ ရွတ်ရသည်၊ ဘာ့ကြောင့်နည်း၊— ပရေန နိစ္စသမ္ဗန္ဓာ - နောက်ပုဒ်နှင့် အမြဲ စပ်သော ကြောင့်တည်း၊ ဤနိစ္စသမ္ဗန္ဓာလည်း ဟေတုမန္တ၀ိသေသနပင်၊ ပုံစံကို " နိဿီမာ" ဟု ထုတ်၍၊ နိ ဥပသာရကို " သီမာ " ဟူသော နောက်ပုဒ်၏ အစ အနေအားဖြင့် ရွတ်ရမည်ဖြစ်၍ နိ၌ ယတိ မပြဘဲ, နိ၏ ရှေ့၌သာ ပါဒန္တယတိ ပြထားသည်၊

မှတ်ချက်။ ။ဤပြခဲ့သော စကားစဉ်အရ "ပါဒန္တ (သာမည) ယတိ, ၀ုတ္တမုဝိသေသယတိ, အနေကဝဏ္ဏပဒမဇ္ဈယတိ , သန္ဓိယတိ, ဥပသဂ္ဂယတိ, နိပါတယတိအားဖြင့် ယတိ ၆ မျိုးကို မှတ်သားခဲ့ပါ။

၅၂။ သဗ္ဗတ္ထောဒါဟရဏာနိ။ ။ပါဒန္တယတိ စသည်တို့၏ ဥဒါဟရဏ်ကို ပြပြီးဖြစ်၏၊ထို့ကြောင့် ပြခဲ့သော(၁)ဝိဘတ္တိလောပ သန္ဓိယတိ, ( ၂ )ဝိဘတ္တိ အလောပ သန္ဓိယတိ, ( ၃ )ယာဒေသာဒိ ယတိ,(၄) စာဒိယတိ,(၅)ပါဒိယတိဟု ယတိ ၅ ရပ်၏ ဥဒါဟရဏ်

www.dhammaransi.com



၅၃။ ယဿ (မုနိန္ဒဿ)-အကြင်မြတ်စွာဘုရား၏၊ ပညာစ-ပညာတော် သည်၎င်း၊ မေတ္တာစ - သည်၎င်း၊ နိဿီမာ - အပိုင်းအခြား မရှိသည်၊ ဟုတွာ- ၍၊ အတိဝိဇမ္ဘတိ - လွန်စွာ တင့်တယ် စမ့ါယ်တော်မူ၏၊ ဥတ္တမံ- မြတ်တော်မူသော၊ အနန္တမတိံ-အဆုံး မရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော၊ တံ မုနိန္ဒံ - ထို မြတ်စွာ ဘုရားကို၊ သဒါ- အခါခပ်သိမ်း၊ ဝန္ဒာမိ- ရှိခိုးပါ၏၊]

ဓာဒိပါဒိသု ပစ္စုဒါဟရဏာနိ ယထာ

၅၄။ မဟာမေတ္တာ မဟာပညာ, စ ယတ္ထ ပရမောဒယာ၊
ပဏမာမိ ဇိနံ တံ ပ, ဝရံ ဝရဂုဏာလယံ၊

၅၄။ စာဒိပါဒိသု - စ အစရှိသော နိပါတ်ပုဒ်, ပ အစရှိသော ဥပသာရပုဒ်တို့၌၊ ပစ္စုဒါဟရဏာနိ - ဆန့်ကျင်ဘက် ဥဒါဟရုဏ် တို့သည်၊ ယထာ-အဘယ်တို့နည်း၊........မဟာမေတ္တာ၊ပေ၊လယံ-

× × × × × × ×

များကို ပြလို၍ '' သဗ္ဗတ္ထောဒါဟရဏာနိ '' စသည်ကို မိန့်သည်၊ ဤ ဂါထာများ၌ ထုတ်လိုရင်း ပုံစံကို ရှင်းပြခဲ့ပြီ၊ ''သဗ္ဗာ+ ဥပမာယော သဗ္ဗောပမာယော ''ဟု သမာသ်တွဲစဉ်တုန်းက သဗ္ဗာ၌ ယောဝိဘတ် ကြေ၍ ပုဒ်မှောဝဲ့သောအခါ '' သဗ္ဗ '' ဟု ဖြစ်၏၊ သန္ဓိစပ်သောအခါ '' သဗ္ဗောပမာယော '' ဟု ဖြစ်၏၊ သဗ္ဗောပမာယော + အတီတော သဗ္ဗောပမာတီတော ( တထာဂတော )၊ [ ပမာတီတော၌လည်း ယောဝိဘတ် ကြေသောကြောင့် '' ပုဗ္ဗန္တောဝိယ လောပေ ဝိဘတ္တိ ယာ'' အရ နောက်ပုဒ်၏ အစသရကို ရှေ့ပုဒ်၏ အဆုံးအနေအားဖြင့် ''ပမာ''ဟု ယတိဖြတ်၍ ရွတ်ရသည်၊ ပုံစံထုတ်လိုရင်းကား မဟုတ်။] လောကေ+အဂ္ဂေါ လောကဂ္ဂေါ၊ လောကဂ္ဂဿ+ဘာဝေါ လောက ဂ္ဂတာ၊ ''တံ လောကဂ္ဂတံ'' ဟု ဝိဘတ်ချန့်ခံ။

အနန္တမတိံစသည်။ ၊အနန္တာ+မတိ ယဿာတိ အနန္တမတိ၊ နတ္ထိ သီမာ ယာယာတိ နိဿီမာ (ပညာ, မေတ္တာ)၊ အတိဝိဇမ္ဘတိ၌ အတိသည် ဥပသာရဖြစ်၍ ဝိဇမ္ဘတိပုဒ်၏ အစအနေ အားဖြင့်၎င်း, နိဿီမာနှင့် သရချေ၍ သန္ဓိစပ်ထားသောကြောင့် နိဿီမာ၏အဆုံး အနေအားဖြင့်၎င်း ရွတ်ရသည်၊ ဤနေရာ၌ ပုံစံထုတ်လိုရင်း မဟုတ်။

www.dhammaransi.com



မဟာမေတ္တာ၊ပေ၊ လယံဟူသည်တည်း။ [ယတ္ထ - အကြင်မြတ်စွာ ဘုရား၌၊ မဟာမေတ္တာစ- ကြီးမားသော မေတ္တာတော်သည်ရှင်း၊ မဟာပညာစ - ကြီးကျယ်သော ပညာတော်သည်ရှင်း၊ ပရမော ဒယာ(ပရမ+ဥဒယာ)-လွန်စွာ တိုးပွားကုန်၏၊ ပဝရံ-မြတ်တော် မူသော၊ ဝရဂုဏာလယံ - မြတ်သောဂုဏ်တို့၏ တည်ရာဖြစ်တော် မူသော၊ တံဇိနံ-ထိုမြတ်စွာဘုရားကို၊ ပဏမာမိ-ရှိခိုးပါ၏။]

### ကမစ္စုတဒေါသ

၅၅။ ပဒတ္ထက္ကမတော မုတ္တံ, ကမစ္စုတ-မိဒံ ယထာ၊
ခေတ္တံဝါ ဒေဟိ ဂါမံဝါ, ဒေသံဝါ မမ သောဘနံ။

၅၅။ ပဒတ္ထက္ကမတော- ပုဒ်တို့၏ အနက်အစဉ်မှ၊ မုတ္တံ - လွတ် သော၊ဣဒံ-ဤဝါကျသည်၊ ကမစ္စုတံ-ကမစ္စုတဒေါသသင့်သော ဝါကျမည်၏၊ ယထာ - ဥဒါဟရုဏ်ကား၊ ခေတ္တံ၊ ပေ၊ သောဘနံ- ခေတ္တံဝါ၊ ပေ၊ သောဘနံ ဟူသည်တည်း။ [မမ-ကျွန်တော်မျိုးအား၊ သောဘနံ – တင့်တယ် ကောင်းမြတ်သော၊ ခေတ္တံဝါ – လယ်ကို မူလည်း၊ ဒေဟိ - ပေးသနားတော်မူပါ၊ ဂါမံဝါ - ရွာကိုမူလည်း၊ ဒေဟိ-ပေးသနားတော်မူပါ၊ ဒေသံဝါ-ဇနပုဒ် နယ်ပယ်ကိုမူလည်း၊ ဒေဟိ- ပေးသနားတော်မူပါ။]

× × × × × × ×

၅၄။ ဤဂါထာ၌ မဟာပညာ၏အဆုံး , တံပ၏ အဆုံးတို့သည် ပါဒန္တဖြစ်၍ မုချယတိဖြစ်ရမည့် ဌာနတည်း၊ "စ ယတ္ထ" ဝယ် စ နိပါတ်သည် "မဟာပညာ"ဟူသော ရှေ့ပုဒ်အဆုံး ဖြစ်သင့်ပါလျက် "စ ယတ္ထ" ဟု နောက်ပုဒ်အစ ဖြစ်နေသောကြောင့်ရှင်း, ပ + ဝရံ၌ ပဥပသာရလည်း ဝရံ၏အစဖြစ်သင့်လျက် တံဟူသောရှေ့ပုဒ်၏အဆုံး ဖြစ်နေသောကြောင့်ရှင်း ဆန့်ကျင်ဘက် ဥဒါဟရုဏ် (နည်းလမ်းမကျ သော ပုံစံ) များ ဖြစ်ရလေသည်။

၅၅။ ပဒတ္ထက္ကမတော တျာဒိ ။ ။ ပြောအပ်သော ပုဒ် ( တောင်းကြောင်း စကားလုံး )တို့ကို " ပဒ " ဟု ခေါ်၏၊ ထို ပဒ တို့၏ အနက်ကို "ပဒါနံ+အတ္ထော ပဒတ္ထော"ဟု ခေါ်၏၊ လောက၌

www.dhammaransi.com



ပြောရိုးပြောစဉ် တောင်းရိုးတောင်းစဉ်ရှိ၏၊ ထိုအစဉ်ကို''ပဒတ္ထာနံ+ကမော''အရ ပဒတ္ထက္ကမဟု ခေါ်၏၊ ထိုသို့ ပြောရိုး တောင်းစဉ် မကျသော ဝါကျသည်''ကမစ္စုတ '' ဒေါသသင့်၏။[ကမတော - အစဉ်မှ+စုတံ-ရွေ့လျောသော ဝါကျတည်း၊ ကမစ္စုတံ။]

[ဆောင်] လောကရိုးရာ, စဉ်လာ စွန့်ပစ်, ဝါကျဖြစ်, ကမစ္စုတတဲ့။

ပုံစံ ။ ။ လောက၌ သူတပါးထံ တောင်းရာဝယ် အများမှ စ၍ တောင်းရ၏၊ အများမပေးနိုင်လျှင် တဖြည်းဖြည်း လျော့၍ လျော့၍ တောင်းရ၏၊ ဤပုံစံ၌ကား - လယ်ကိုစ၍ တောင်း၏၊ လယ်ကို မပေးနိုင်လျှင် '' ရွာစားဆုကို ပေးပါ '' ဟု လယ်ထက် တန်ဘိုးမြင့်သော ရွာကို တောင်း၏၊ '' ရွာကို မပေးနိုင်ပြန်လျှင် ဇနပုဒ်ကိုပေးပါ '' ဟု ရွာထက်အဆင့်အတန်းမြင့်သော နယ်ပယ်ဇနပုဒ် ( ခရိုင်တခုလုံး)ကို တောင်းပြန်၏၊ ဤတောင်းပုံသည် တောင်းရိုး တောင်းစဉ် မကျသော ကြောင့် '' ကမစ္စုတ '' ဒေါသ သင့်သော တောင်းခြင်း ဖြစ်သည်။ [''မျက်နှာသုတ်ပုဝါကလေး စွန့်စမ်းပါ၊ အဲဒါမစွန့်နိုင်လျှင် သင်းပိုင်တထည်လောက် စွန့်ပါ၊ အဲဒါမှ မစွန့်နိုင်လျှင် ကေသီတထည်လောက် စွန့်ပါ ''ဟု တောင်းခြင်းလည်း ကမစ္စုတ ဒေါသသင့်၏။]

စံကျောင်းနိဿယ။ ။အမြတ်ကို ရှေ့ကထား၊ -ဘုရား,တရား, သံဃာ၊ ကျေးဇူးများသည်ကို ရှေ့ထား၊—အမိ, အဘ၊ မျက်စိ, နား, နှာ၊ အနည်းသချာကို ရှေ့ထား၊ — ၄ ရက် ၅ ရက်၊ သတ္တိနည်းသော ကုသိုလ်ကို ရှေ့ထား၊ — ဒါန, သီလ , ဘာဝနာ၊ ဤ အစဉ်မကျလျှင် ကမစ္စုတဒေါသသင့်၏၊ ဤသို့မှာထားလေသည်၊ သို့သော်....အပက္ကမ ဒေါသအဖြေ၌ '' ဘာဝနာ ဒါန သီလာနိ '' ဟု ကျမ်းဆရာကိုယ်တိုင် ဘာဝနာကိုစ၍ အစဉ်ပြထားသောကြောင့်ငင်း, ဓမ္မဒေသနာ သိက္ခာပုဒ်၌''ဆပ္ပဉ္စဝါစာဟိ''ဟု အများသချာကို ရှေ့ကထားသောကြောင့် ငင်း , ထိုအမှာစကားကို စဉ်းစားပါလေ။

www.dhammaransi.com



**အတိဝုတ္တဒေါသ**

**၅၆။ လောကိယတ္တ မတိက္ကန္တံ, အတိဝုတ္တံ မတံ ယထာ၊**
**အတိသမ္ဗာဓ မာကာသ, မေတိဿာ ထနဇမ္ဘနေ။**

**၅၆၊ လောကိယတ္တံ** - လောက၌ ထင်ရှားသော အနက်ကို၊ **အတိက္ကန္တံ** - လွန်သော ဝါကျကို၊ **အတိဝုတ္တံ** - အတိဝုတ္တ ဒေါသ ရှိသော ဝါကျဟူ၍၊ ဝါ - အလွန် အပြောကြီးသော စကားဟူ၍၊ **မတံ** - သိအပ်၏၊ **ယထာ** - ဥဒါဟရဏ်ကား၊....အတိ၊ပေ၊ဇမ္ဘနေ - အတိ၊ပေ၊ ဇမ္ဘနေ ဟူသည်တည်း။ [**တေိဿာ** - ဤမိန်းမ၏၊ **ထနဇမ္ဘနေ** - သားမြတ်နှစ်သွယ်, ပြန့်ကျယ်စည်ကားခြင်း၌၊ **အာကာသံ** — ကောင်းကင်သည်၊ **အတိသမ္ဗာဓံ** - အလွန်ကျဉ်းမြောင်း၏။]

× × × × × × ×

**၅၆။ လောကိယတ္တ တျာဒိ။** ။[ အတိ- အလွန်အကဲ၊ ဝုတ္တံ- ပြောဆိုအပ်သော စကား။ ] လောက၌ ဖြစ်ရိုးဖြစ်စဉ်ထက် ကဲလွန်းသော( အပိုအမိုဆိုအပ်သော )စကားဝါကျသည် အတိဝုတ္တဒေါသ သင့်၏၊ ပုံစံသည် "မည်သည့်မိန်းမရဲ့ သားမြတ် ၂ သွယ် ကြီးကျယ်ပုံ ကတော့ ကောင်းကင်တောင် နေရာမဆန့်တော့ဘူး" ဟု သားမြတ် ကြီးပုံကိုပြောသော စကားတည်း၊ ထိုစကား၌ "ကောင်းကင်တောင် မဆန့်"ဟူသော စကားလုံးသည် အတိဝုတ္တဖြစ်၏၊ ထိုစကားကြောင့် တဝါကျလုံး အတိဝုတ္တဒေါသသင့်သော ဝါကျ ဖြစ်ရတော့သည်။

**မြန်မာအတိဝုတ်။** ။ချည်ပါသားနှင့် ပခန်းသားတို့ စကားနိုင်လု၍ ပြောကြရာ၌ " ငါတို့ရွာက ရွှေဖရုံသီးကြီးဟာ မစည်းတယ် စည်းတယ် မပြောနဲ့တော့၊ ရွှေဖရုံသီးချက်ပြီး လယ်တော သွားတဲ့ အခါ ဖရုံသီးဟင်းအိုးကိုလှည်းဦးမှာတင်ထားတုန်း ကျိုးကချိုသွားလို့ လှည်းကြီးပါ ကပ်ပြီး မြောက်ပါ သွားတာဘဲ " ဟု ချည်ပါသားက ပြောအပ်သော စကားမျိုးလည်း အတိဝုတ္တဒေါသပင်။

**[ဆောင်]** လောကထင်ရှား, အနက်များကို, လွန်သွားစေပြီး, စကားကြီး
စကားကျယ်, ဝါကျဝယ်, မှတ်ဘွယ် တိဝုတ် ဒေါသတဲ့။

**ထနဇမ္ဘနေ။** ။ဇဘိဓာတ်သည် ဝိဇမ္ဘန(ကိုယ်ကို ဆန့်တန်းခြင်း)အနက်ကိုဟော၏၊ ထောမနိဓိ အဘိဓာန်၌ ရိဆွဲဖြင့် ဇရိမ္ဘသဒ္ဒါသည် မုခဝိကာသ ( ခံတွင်း၏ ကျယ်ပွင့်ခြင်း ) အနက်ဟော ဟု ဆို၏၊

www.dhammaransi.com



ရှိဆွဲပါသောကြောင့် ဋီကာ၌"ဇမ္ဘုဏော"ဟု ဥသရနှင့်ပြသည်၊ ရှေး၌ (ရ)ရှိသောကြောင့် နကို ဏ ပြုထား၏၊ ထနာနံ-သားမြတ် ၂ သွယ် တို့၏၊ ဇမ္ဘဏံ(ဇမ္ဘုဏံ)-ကြီးကျယ်ဖွင့်ထွားခြင်းတည်း၊ ထနဇမ္ဘဏံ-ခြင်း၊ [ထွေ ပယောဓရာနံ မဟန္တတ္တံ ဝဒါမာတိ လောကေ မဟန္တန္တိ ပသိဒ္ဓ ဂဂနမပိ အတိက္ကန္တတ္တာ ဝါကျံ အတိဝုတ္တဒေါသေန ဒူသိတံ။] " လောကေ + ဝိဒိတာ လောကိယာ၊ လောကိယာစ + တေ + အတ္ထာစာတိ လောကိယတ္ထာ - လောက၌ ထင်ရှားပြီးသော အနက် (အကြောင်းအရာ)"ဟု ပြု။

ရှေးနိဿယ ။ ။ ယောနိဿယ၌ " တေဿ- ဤသားသည် အမိ မိန်းမ၏၊ ထနဇမ္ဘဏော-အပျဉ်းကျသော သားမြတ် ၂ခုကို ဆွဲ၍ ဖြန့်သည် ရှိသော် " ဟု ပေး၏၊ အမှန်အားဖြင့် ထိုသို့ နှိမ့်ချသော သဘော မဟုတ်ချေ၊ သားမြတ် ၂ သွယ်၏ကြီးထွားပုံကို ချီးမွမ်းသော အနေအားဖြင့် ပြောခြင်းသာဖြစ်၏၊ ချီးမွမ်းရာဝယ် အပြောကြီးလွန်း သောကြောင့်သာ အတိဝုတ္တဒေါသ သင့်ရလေသည်၊ ကာဗျာဒဿ၌ ပါသော အောက်ပါပုံစံကို ထပ်မံရှုပါ။

> အပ္ပမာကာသ နိဗ္ဗိတံ, အနာလောဠ္ဟော ဝေဓသော၊
> ဌဒမေဝိဝိစံ ဘာဝိ, ဘဝတျာ ထနဇမ္ဘဏံ။

ဘဝတျာ- အရှင်မ၏၊ ဌဒံ ထနဇမ္ဘဏံ- ဤသားမြတ် ၂ သွယ်, ကြီးကျယ် ဖွင့်ထွား , စည်ကားခြင်းသည်၊ ဝေိဝိစံ - ဤမျှတိုင်ရောက်, ကျယ်ပြန့်လေသံသည်၊ဘာဝိ-ဖြစ်လိမ့်မည်၊ ဣတိ-သို့၊ အနလောဠ္ဟော- သတိမထား, မစဉ်းစားမိ၍သာ၊ ဝေဓသော- ကမ္ဘာဖန်ဆင်း, မြဟ္မာ မင်းသည်၊ အာကာသံ- ကောင်းကင်ကို၊ အပ္ပံ- ကျဉ်းကျဉ်း ငယ်ငယ်၊ နိမ္မိတံ-ဖန်ဆင်းအပ်မိလေပြီ။

အဗျုတ္တနှင့် အတိဝုတ္တ ။ ။ အဗျုတ္တလည်း အပြောကြီး၏၊ ထို့ကြောင့် ဝိသေသန အနက်မျှ လွန်တက်အောင် အပြောကြီးခြင်း သည် အဗျုတ္တဒေါသ , တဝါကျလုံး အပြောကြီးရာ ရောက်အောင် အပြောကြီးခြင်းသည် အတိဝုတ္တဒေါသဟု ခွဲ။

> [ဆောင်] ဝိသေသနတ်, နက်လွန်လတ်, အဗျတ်ဒေါသခေါ်။
> ဝါကျတခုလုံး, လွန်အောင်သုံး, ခေါ်ထုံး တိဝုတ်သော်။

www.dhammaransi.com



**အပေတတ္ထဒေါသ**

၅၇။ သမုဒ္ဒါယတ္တတော ပေတံ, တံ အပေတတ္ထကံ ယထာ၊
ဂါဝီပုတ္တော ဗလီဗဒ္ဒေါ, တိဏံ ခါဒိ ပိဝိ ဇလံ။

၅၇။ ယံ-အကြင်ဝါကျသည်၊ သမုဒ္ဒါယတ္တတော-ပုဒ်အပေါင်း၏ အနက်မှ၊ ဝါ - ပိဏ္ဍတ္ထ အနက်မှ၊ အပေတံ - ကင်း၏၊ တံ - ထိုဝါကျသည်၊ အပေတတ္ထကံ -အပေတတ္ထက ဒေါသရှိသော ဝါကျမည်၏၊ ယထာ- ဥဒါဟရဏ်ကား၊ ဂါဝီ၊ ပေ၊ ဇလံ- ဂါဝီ၊ ပေ၊ ဇလံ ဟူသည်တည်း၊.... [ ဂါဝီပုတ္တော - နွားမ၏ သားဖြစ်သော၊ ဗလီဗဒ္ဒေါ- နွားလားကြီးသည်၊ တိဏံ- မြက်ကို၊ ခါဒိ - စားပြီ၊ ဇလံ- ရေကို၊ ပိဝိ-သောက်ပြီ။]

× × × × × × ×

၅၇။ သမုဒ္ဒါယတ္တတော တျာဒိ ။ ။ တပုဒ်စီတပုဒ်စီ အနက်ရသော်လည်း ထိုပုဒ်အပေါင်း (ဝါကျ ) ၏ အနက်အဓိပ္ပါယ် မရလျှင် ထိုဝါကျသည် အပေတတ္ထဒေါသ သင့်၏၊ သမုဒါယဿ - ပုဒ်အပေါင်း၏၊ ဝါ-ပုဒ်အပေါင်းဖြစ်သော ဝါကျ၏+အတ္တော-တည်း၊ သမုဒါယတ္တော၊ ဤ သမုဒါယတ္ထ ကိုပင် ကျမ်းစာ အသုံးအားဖြင့် "ပိဏ္ဍတ္ထ" ဟုလည်းခေါ်၏။[အတ္ထတော-ပိဏ္ဍတ္ထမှ+အပေတံ-တည်း၊ အပေတတ္ထံ- ပိဏ္ဍတ္ထမှ ကင်းသောဝါကျ။]

[ဆောင်] တပုဒ်စီမျှ, အနက်ရလည်း, ဝါကျအတွက်, ပိဏ္ဍတ်နက်က, ကောက်မရ, အပေတတ္ထခေါ်။

ပုံစံ။ ။" ဂါဝီပုတ္တော "စသော ပုံစံ၌ နွားမှန်လျှင် နွားမမှမွေး၍ မြက်စားရိုး ရေသောက်ရိုးဖြစ်သောကြောင့် ထူးခြားသောအဓိပ္ပါယ် မရ, ကလေးစကား အရူးစကားမျိုးမျှသာ ဖြစ်၏၊ ဤသို့ ဝါကျတရပ်လုံး ( ဘာဆိုလိုမှန်း မသိရလောက်အောင်) ပိဏ္ဍတ္ထ အဓိပ္ပါယ်ကောက်၍ မရသောကြောင့် "အပေတတ္ထဒေါသ"သင့်သည်။

ဋီကာ။ ။"ဒ္ဓေ အဝယဝတ္ထမတ္တေန ဝိနာ—အစိတ်အစိတ် အနက်မျှနှင့် ကင်း၍ (အစိတ်အစိတ်ပုဒ်၏အနက်သာ ပေးလို့ရ၍ — ဟူလို၊ ) ဂမျမာနဿ ကဿစိ ဝိသေသတ္ထဿ အဘာဝါ— တဝါကျလုံးဖြင့် သိအပ်သော တစုံတခု အနက်ထူး၏ မရှိခြင်းကြောင့်၊ သမုဒါယတ္ထတော အပဂတံနာမ ဟောတိ" [အနတ္ထကဒေါသသည် တပုဒ်ထည်း၌သာ သင့်၏၊ အပေတတ္ထဒေါသကား တဝါကျလုံး၌ သင့်သည်။]

www.dhammaransi.com



**ဗန္ဓဖရုသဒေါသ**

၅၈။ ဗန္ဓေ ဖရုသတာ ယတ္ထ, တံ ဗန္ဓဖရုသံ ယထာ၊
ခရာ ခိလာ ပရိက္ခီဏာ, ခေတ္တေ ခိတ္တံ ဖလတျလံ။

၅၈။ ယတ္ထ- အကြင်ဝါကျ၌၊ ဗန္ဓေ - အဖွဲ့အနွဲ့၌၊ ဖရုသတာ- ကြမ်းတန်းသော အက္ခရာရှိသည်၏ အဖြစ်သည်၊ ဟောတိ- ဖြစ်၏၊ ဝါ-ပါရှိ၏၊ တံ- ထိုဝါကျသည်၊ ဗန္ဓဖရုသံ- ဗန္ဓဖရုသဒေါသရှိ၏၊ ယထာ- ဥဒါဟရုဏ်ကား၊.... ခရာ ၊ ပေ ၊ တျလံ- ခရာ ၊ပေ၊ တျလံ ဟူသည်တည်း။ [ ခရာ - ကြမ်းတန်းကုန်သော၊ ခိလာ - သစ်ငုတ် စသော ပေါင်းမြက်တို့သည်၊ ပရိက္ခီဏာ - ကုန်လေကုန်ပြီ၊ (လယ် ထည်း၌ ကုန်ပြီ- ဟူလို၊ ) ခေတ္တေ- လယ်၌၊ ခိတ္တံ- ကြဲချအပ်သော မျိုးစေ့သည်၊ အလံ- ကေန်၊ ဖလတိ-အသီး သီး၏၊]

× × × × × × ×

၅၈။ ဖန္ဓေဖရုသတာ တျာဒိ။ ။အဖွဲ့အနွဲ့၌ နားမခံသာအောင် ကြမ်းတန်းသောအက္ခရာ များစွာပါဝင်သောဝါကျသည် ဗန္ဓဖရုသ ဒေါသသင့်၏။ [ ဖရုသတာ- ဖရုသတာဟူသည်၊ သုတိသုခတာဘာဝ တော - ကြားရခြင်း၌ နားချမ်းသာမှု မရှိသည်၏ အဖြစ်ကြောင့်၊ ( နားမချမ်းသာခြင်းကြောင့် )၊ ဖရုသဘာဝေါ - ကြမ်းတန်းသည်၏ အဖြစ်တည်း၊ ဗန္ဓေ + ဖရုသံ ယတ္ထာတိ ဗန္ဓဖရုသံ - အဖွဲ့ အနွဲ့တွင် ကြမ်းတန်းသောအက္ခရာ များစွာပါဝင်ခြင်းရှိသော ဝါကျ။] ပုံစံကို ရွတ်ရာ၌ ခနိတအက္ခရာတို့ကို ပြင်းပြင်းထန်ထန် ရွတ်ပါ။

ပုံစံ ။ ။ ခ အက္ခရာ ၅ လုံးပါ၏၊ ဖ အက္ခရာ တလုံးပါ၏၊ ထို အက္ခရာတို့ကို ရွတ်ရာ၌ ခနိတဖြစ်သောကြောင့် တင်းတင်းမာမာ ရွတ်ရ၏၊ တင်းတင်းမာမာ အသံများစွာကို ကြားရသဖြင့် နားမချမ်း သာ၊ ထို့ကြောင့် ထိုပုံစံသည် ဗန္ဓဖရုသဒေါသ သင့်၏။ [ ''အလံကို အတိသယေန, ဖလတိကို နိပ္ဖဇ္ဇတိ'' ဟု ဋီကာဖွင့်သည်။]

[ဆောင်] ဖရုသအက္ခရာ, များစွာပါသဖြင့်, ကြားနာရချက်,
မသက်သာလှ, ထိုဝါကျ, ဗန္ဓဖရုသခေါ်။

အမှာ။ ။ယောနိဿယ၌''ဗျာကရုဏ်း ဆရာတို့ အလိုအားဖြင့် ယောသအက္ခရာ များစွာပါသောအဖွဲ့သည် ဗန္ဓဖရုသဒေါသသင့်၏" ဟု ဆို၏၊ [ ''သက္ကတအလင်္ကာဆရာများကို ဗျာကရုဏ်းဆရာ" ဟု

www.dhammaransi.com



## ဝါကျတ္ထဒေါသ ၆ ပါး

၅၉။ ဉေယျံ လက္ခဏာ မန္တတ္ထ-ဝသေနာ ပက္ကမာဒိနံ၊
ဥဒါဟရဏာ မေတေသံ, ဒါနိ သန္ဒဿယာမျဟံ။

၅၉။ အပက္ကမာဒီနံ– အပက္ကမ အစရှိသော ဝါကျတ္ထ ဒေါသ ၆ ပါးတို့၏၊ အန္တတ္ထဝသေန-အနက်သို့ အစဉ်လိုက်သော အမည်၏ အစွမ်းဖြင့်၊ လက္ခဏံ-မှတ်ကြောင်းသုတ်ကို၊ ဉေယျံ-သိအပ်သိနိုင်၏၊ ဒါနိ-ယခုအခါ၌၊ ဧတေသံ-ထိုဝါကျတ္ထဒေါသတို့၏၊ ဥဒါဟရဏံ-ဥဒါဟရုဏ်ကိုသာ၊ သန္ဒဿယာမိ · ကောင်းစွာပြပေအံ့။

× × × × × × ×

ဆိုလိုဟန်တူ၏။ ] သက္ကတအလင်္ကာကျမ်းဆရာတို့ကား“မဟာပါဏ အက္ခရာများစွာ ပါရှိသောအဖွဲ့ကို ဗန္ဓဖရုသ” ဟု ဆို၏၊ “ ဃောသ အက္ခရာ”ဟုမဆို၊ မဟာပါဏ အက္ခရာဟူသည် ဝဂ်၏ ဒုတိယ စတုတ္ထ ဖြစ်သော ဓနိတအက္ခရာများ,တာလုဇ သ, မုဒ္ဓဇ သ, ဒန္တဇ သ, ဤ ၃ လုံးနှင့် ဟအက္ခရာ,ပေါင်း ၁၄လုံးတည်း၊ ဤ သုဗောဓာလင်္ကာရ ကျမ်းဆရာ အလိုအားဖြင့်ကား ထို ၁၄ လုံးတွင် ဓနိတ အက္ခရာ ၁၀လုံးကိုသာ ဗန္ဓဖရုသဖြစ်ကြောင်းအက္ခရာများဟုဆိုလိုဟန်တူ၏၊ ထို့ကြောင့်“ခရာ ခိလာ”စသော ဗန္ဓဖရုသပုံစံ၌ “သ- ဟ ” မပါဘဲ ဓနိတများကိုသာ ထုတ်ပြလေသည်-ဟု စံကျောင်းနိဿယ မိန့်သည်။ [ ဂါမ္မဒေါသ၌ အနက်အဓိပ္ပါယ် ကြမ်းတန်း၏၊ ဤဗန္ဓဖရုသဒေါသ၌ အက္ခရာ (အသံ )ကြမ်းတန်း၏၊ ဤသို့ ကြမ်းပုံ ၂ မျိုး ခွဲပါ။]

၅၉။ ဝါကျဒေါသကို ပြပြီး၍ ဝါကျတ္ထဒေါသကို ပြလိုသောကြောင့် “ဉေယျံလက္ခဏာ” စသည်မိန့်၊ ရှေ့ပဒဒေါသ ဝါကျဒေါသတို့၌ လက္ခဏာနှင့် လက္ချ ( သုတ်နှင့် ဥဒါဟရုဏ် ) တို့ကို တွဲဘက်၍ ပြခဲ့၏၊ ဤ ဝါကျတ္ထဒေါသကို ပြရာ၌ကား “ အပက္ကမ ” ဟူသော နာမည်၌ “ အပ - ကင်းသော + ကမ- အစဉ် ” ဟု အနက်ထွက်၏၊ ထို့ကြောင့် ရှေ့နောက် အစဉ် မတွဲခြင်းကို “ အပက္ကမဒေါသ ” ဟု သိနိုင်၏၊ ဤသို့စသည်ဖြင့် အနက်အတိုင်း မှည့်ထားအပ်သော အန္တတ္ထ နာမည်ကိုကြည့်၍ သဘောကိုသိနိုင်သောကြောင့် သဘောကိုပြသော သုတ်ကို မပြတော့ဘဲ ဥဒါဟရုဏ်ကိုသာ ပြတော့မည်-ဟူလို။

www.dhammaransi.com



တတ္ထာ-ပက္ကမံ ယထာ

၆၀။ ဘာဝနာဒါနသီလာနိ, သမ္မာ သမ္ပါဒိတာနိဟ၊
ဘောဂသဂ္ဂါဒိနိဗ္ဗာန-သာဓနာနိ န သံသယော။

၆၀။ တတ္ထ-ထို ၆ ပါးတို့တွင်၊ အပက္ကမံ-အပက္ကမဒေါသသည်၊ ယထာ- အဘယ်နည်း၊.... ဣဟ - ဤဘဝ၌၊ သမ္မာ- ကောင်းစွာ၊ သမ္ပါဒိတာနိ - ပြီးစီးစေ အပ်ကုန်သော၊ ဘာဝနာဒါနသီလာနိ- ဘာဝနာ ဒါန သီလ တို့သည်၊ ဘောဂ သဂ္ဂါဒိ နိဗ္ဗာန သာဓနာနိ- စည်းစိမ်ဥစ္စာ , နတ်ပြည် အစရှိသော သမ္ပတ္တိ , နိဗ္ဗာန်ဟူသော အကျိုးကိုပြီးစေနိုင်ကုန်၏၊ သံသယော-ယုံမှားဘွယ်သည်၊ န-မရှိ။

× × × × × × ×

၆၀။ အပေတော+ကမော ယတ္ထာတိ အပက္ကမော- ကင်းသော အစဉ်ရှိသော ဝါကျနက်၊ ဘာဝနာနှင့် နိဗ္ဗာန် , ဒါနနှင့် ဘောဂ, သီလနှင့် သဂ္ဂါဒိ , ဤသို့ စဉ်ရမည် ဖြစ်ပါလျက် ယထာက္ကမ နည်း မကျဘဲ''ဘာဝနာ ဒါန သီလာနိ''ဟူသော ရှေ့အစဉ်နှင့်မတ့အောင် ''ဘောဂ သဂ္ဂါဒိ နိဗ္ဗာန'' ဟု နောက်၌ စဉ်သောကြောင့် အပက္ကမ ဒေါသသင့်၏။

[ဆောင်] ကြောင်းစဉ် အမျှ, ကျိုးစဉ် ပြဘို့ , လောက ထုံးစံ , ရှိသည်မှန် လည်း, ထုံးစံ မသက်, အစဉ်ဖျက်က, ဝါကျတ္ထ, အပက္ကမ ခေါ်။

**သမ္မာ သမ္ပာဒိတာနိ**။ ။ဣဟ— ဣမသ္မိံ အတ္တဘာဝေ ( အတ္တဘော ဟူသည် ဘဝတည်း၊) အလောဘာဒိဟေတုသမ္ပတ္တိယာ —အလောဘစသော ကုသိုလ်ဟိတ်၏ ပြည့်စုံခြင်းအားဖြင့်၊ သတ္တစ္စ သမ္မာဒိတာနိ— ကောင်းမွန်စွာ ပြီးစီးစေအပ်ကုန်ပြီးသော၊ ရာသိကတာနိ-အပေါင်းအစု ပြုအပ်ကုန်ပြီးသော၊ ဘာဝနာ ဒါန သီလာနိ —တို့သည်၊....

**ဘောဂ သဂ္ဂါဒိ၊ပေ၊ သာဓနာနိ**။ ။ [ ဥပဘောဂ ပရိဘောဂါဒိ, သဂ္ဂုပ္ပတ္တိ အာယုအာရောဂျာဒိ, နိဗ္ဗာနဉ္စ တေသံ သာဓကာနိ၊ — ဋီကာ။ ] ဥပဘောဂပရိဘောဂါဒိ — ရူပါရုံစသော ကာမဂုဏ် ၅ ပါး, ထို ကာမဂုဏ် များ၏ အဆောက်အဦးဖြစ်သော ဆင် မြင်း စသည်ရင်း ( ဘောဂအဖွင့် )၊ သဂ္ဂုပ္ပတ္တိ အာယုအာရောဂျာဒိ — နတ်ပြည်၌ဖြစ်ခြင်း , လူ့ပြည်ဝယ် အသက် ရှည်ခြင်း အနာကင်းခြင်း စသည်ရင်း( သဂ္ဂါဒိအဖွင့်၊ ) အာဒိအရ လူ့ဘဝ၌ အသက်ရှည်ခြင်း အနာကင်းခြင်း စသည်ကို ယူပါ—ဟူလို၊ အာရောဂျာဒိ၌ အာဒိဖြင့် ဝဏ္ဏ သုခ ဗလ စသည်များကိုပါယူ။ [ ကမစ္စုတနှင့် အပက္ကမ အထူး ကို အပက္ကမဒေါသ အဖြေကျမှ ပြအံ့။ ]

www.dhammaransi.com



## ဩမိတျာဟိနံ ယထာ

၆၁။ ပူဇနီယတရော လောကေ, အဟမေကော နိရင်္ကုရံ၊
မယေကသ္မိံ ဂုဏာသဗ္ဗေ, ယတော သမုဒိတာ အဟုံ။

၆၁။ ဩမိတျာဟိနံ - ဩမိတျာဟိန ဒေါသဟူသည်၊ ယထာ- နည်း၊....ပူဇနီယ ၊ပေ၊ အဟုံ - တည်း၊ ယတော - အကြင့်ကြောင့်၊ ဧကသ္မိံ-တယောက်ထည်းသော၊ မယိ-၌၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဂုဏာ-ဂုဏ်ထူးတို့သည်၊ သမုဒိတာ-ပေါင်းဆုံကြကုန်သည်၊ အဟုံ- ဖြစ်ကုန်ပြီ၊ (တတော-ထို့ကြောင့်၊) လောကေ-လောက၌၊ အဟံ ဧကော- ငါတယောက်ထည်းကို၊ နိရင်္ကုရံ - အမြဲမပြတ်၊ ပူဇနီယ တရော-လွန်စွာ ပူဇော်ထိုက်၏။

× × × × × × ×

၆၁။ ပူဇနီယ တရောတျာဒိ။ ။ဥစဓာတ်,တပစ္စည်းဖြင့် ပြီးသော "ဥစိတံ" သဒ္ဒါသည် "ယုတ္တ-သင့်လျော်" အနက်ကို ဟော၏၊ ဥစိ တဿ - သင့်လျော်သောစကား၏ + ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ (သင့်လျော်ခြင်းဂုဏ်) သည်၊ ဩစိတျံ-မည်၏၊ လောက၌ မိမိဂုဏ်ကို မိမိဖေါ်၍မပြောခြင်း,အပြောနှင့်အလုပ် ညီညွတ်ခြင်း,ရှေ့စကားနှင့် နောက်စကား လိုက်လျောခြင်းသည် ဩစိတျဂုဏ် ရောက်၏၊ ကိုယ့် ကိုယ်ကို ကိုယ်တိုင်ချီးမွမ်းခြင်း ( ကြွားခြင်း ), နှုတ်အပြောနှင့် ကိုယ် အလုပ် မညီခြင်း,ရှေ့စကားနှင့်နောက်စကား မညီခြင်းသည် ဩစိတျ ဟိနဒေါသရောက်၏။ [ အတိဝုတ္တဒေါသ၌ သူတပါးအတွက် အလွန် ပြောခြင်းဖြစ်၏၊ ဤဩစိတျဟိနကား မိမိဂုဏ်ကို ချီးမွမ်းခြင်းတည်း။]

[ ဆောင် ] ကိုယ့်ဂုဏ်ကိုယ်ထုတ်, ပြော- အလုပ်လည်း, မဟုတ် ရှေ့နောက်,
သွေဖေါက်တတ်သဖြင့်,မသင့်တင့်က,ဝါကျတ္တ,ဟိနဩစိတ်ခေါ်။

ပုံစံဂါထာ၌ " ဂုဏ်ဟူသမျှ ငါ့မှာ အားလုံးစုံနေသောကြောင့် ငါသည် အမြဲ ပူဇော်အခံထိုက်ဆုံးဖြစ်၏ " ဟု ဆိုခြင်းသည် ကိုယ့်ကိုယ်ကို ချီးမြှောက် လွန်းရာ ( ကြွားရာ ) ရောက်သောကြောင့် ဩစိတျဟိနဒေါသ ( ကြွားဝါမှု အပြစ်)သင့်သည်၊ စတုမဋ္ဌဇာတ်၌ မြေခွေးက မိမိကိုယ်ကို"မိဂရာဇာ-ခြင်္သေ့" ဟု ခေါ်ခြင်းမျိုးလည်း ဩစိတျဟိနဒေါသပင်တည်း။ [" ဧဝံ အတ္တပ္ပသံသန တော ဥစိတတာယ ပရိဟာနိ ( သင့်လျော်သည်၏ အဖြစ်မှ ယုတ်လျော့ခြင်း ဖြစ်၏၊ )ဣတိ ဩမိတျာဟိနံနာမ"—ဋီကာ။]

www.dhammaransi.com



ယထာ၁၈

၆၂။ ယာစိတော ဟံ ကထံနာမ, န ဒဇ္ဇာမျပိ ဇီဝိတံ၊
တထာပိ ပုတ္တဒါနေန, ဝေဓတေ ဟဒယံ မမ။

၆၂။ ယထာ၁၈ – ရှေ့နောက်မညီမျှသော ဩစိတျ ဥဒါဟရုဏ်တမျိုးကား……… ယာစိတော – တောင်းအပ်သည်၊ ( သမာနော – ဖြစ်လသော်၊) အဟံ – ငါသည်၊ ဇီဝိတမ္ပိ- အသက်ကိုသော်လည်း၊ ကထံနာမ-အဘယ်မည်သောအကြောင်းကြောင့်၊နဒဇ္ဇာမိ-မလှူဘဲရှိအံ့နည်း၊ တထာပိ-ထိုသို့ပင် ကြုံးဝါးခဲ့ပါသော်လည်း၊ ပုတ္တဒါနေန-သားတော် သမီးတော်ကို ပေးလှူရခြင်းကြောင့်၊ မမ-ဝေဿန္တရာ ငါမင်းမြတ်၏၊ ဟဒယံ- စိတ်နှလုံးသည်၊ ဝေဓတေ-တုန်လှုပ်၏။

× × × × × × ×

၆၂။ ယာစိတော ဟံတျာဒိ။ ။“ငါသည် အတောင်းအရမ်းလာသူအား မပေးဘဲ မနေနိုင်၊ အသက်ကိုပင် ပေးတော်မူမည်”- ဤကား စောစောက ပြောထားသော ရှေ့စကားတည်း၊ “ သို့သော် သားတော် သမီးတော်တို့ကို လှူရတဲ့အခါမှာ ( ထိုလှူမှုကြောင့် ) ငါ၏ စိတ်နှလုံးများတုန်လှုပ်နေသည်”-ဤကား နောက်အဖို့၌ဖြစ်ပုံတည်း၊ ဤဂါထာ၌“ အသက်ကိုပင် ပေးမည် ” ဟု ပြောသော ရှေ့စကားနှင့် “အသက်လောက် မကြီးကျယ်သေးသော သားသမီးကို လှူရခြင်းကြောင့် တုန်လှုပ်၏”ဟူသောနောက်စကားသည် ရှေ့နောက် မညီသောကြောင့် “ ဩစိတျဟီနဒေါသသင့်၏ ”ဟု ဆိုလိုကြသည်။

မှတ်ချက်။ ။ ဤဂါထာသည် ဝေဿန္တရာ ဇာတ်တော်လာ အလောင်းတော်၏ ဖြစ်ပုံကိုပြသော ဂါထာဖြစ်၏၊ အလောင်းတော်သည် လှူရခြင်းကြောင့် တုန်လှုပ်သည်မဟုတ်၊ အလှူခံပုဂ္ဂိုလ်ဖြစ်သော ဇူဇကာပုဏ္ဏားက မိမိ ရှေ့မှောက်၌ သားတော် သမီးတော် များကို နှိပ်စက်သည့် အတွက် ကရုဏာစွမ်းကြောင့် တုန်လှုပ်ရခြင်း ဖြစ်၏၊ ထို့ကြောင့်“ရှေ့နောက် မညီ ”ဟု အပြစ်တင်သင့်မည် မထင်၊ ကာဗျဒသ၌ လာသော အော်ပါဂါထာသာ ဩစိတျဟီနဒေါသ သင့်၏။

ဇဟိ သတ္တုဗလံ သဗ္ဗံ, ဇယ ဝိသမ္ဘရံ ဣမံ၊
တဝ နေကောပိ ဝိဒ္ဒေသော, သဗ္ဗဘူတာနုကမ္ပိနော။

www.dhammaransi.com



**ဘဂ္ဂရိတိ ယထာ**

၆၃။ ဍုတ္တိနံ ဒုဇ္ဇနာနဥ္စ, ဝိဿာသော နောပပဇ္ဇတေ၊
ဝိသေ သိင်္ဂိမှိ နဒိယံ, ရောဂေ ရာဇကုလမှိစ။

၆၃။ ဘဂ္ဂရိတိ - ဘဂ္ဂရိတိဒေါသသည်၊ ယထာ-အဘယ်နည်း.... ဍုတ္တိနံ-မိန်းမတို့၏ငှင်း၊ ဒုဇ္ဇနာနဥ္စ - လူယုတ်မာတို့၏ငှင်း၊ ဝိသေ-အဆိပ်၌ငှင်း၊ သိင်္ဂိမှိ- ဥုးချိုရှိသောသတ္တဝါ၌ငှင်း၊ နဒိယံ-မြစ်၌ငှင်း၊ ရောဂေ-တိုးပွါးနေသော အနာရောဂါ၌ငှင်း၊ ရာဇကုလမှိ-သတ်မှုဖြတ်မှု မတရားပြုနေသော မင်းအိမ်၌ငှင်း၊ ဝိဿာသော - အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ-မသင့်။

× × × × × × ×

သမ္ဗံ သတ္တုဗလံ-အားလုံးသော ရန်သူစစ်တပ်ကို၊ ဇဟိ- ပယ်ဖျော်နှိမ်နင်းပါလော၊ ဍုမံ ဝိသမ္ဘရံ-၍ မြေပြင်အားလုံးကို၊ ဇယ-အောင်နိုင်ပါလော၊သဗ္ဗဘူတာနုကမ္ပိနော-အလုံးစုံသောသတ္တဝါတို့၌ သနားခြင်းရှိတော်မူသော၊ တဝ - အရှင်မင်း၏၊ ကောပိ-တယောက်လည်းဖြစ်သော၊ ဝိဒ္ဒေသော - ရန်သူသည်၊ န - မရှိပါ။.... [ ဤဂါထာ၌ "ရန်သူအားလုံး၏ စစ်တပ်ကိုနှိမ်ပါ" ဟူသော ရှေ့စကားနှင့် "သတ္တဝါအားလုံးကို သနားတတ်" ဟူသော နောက်စကားသည်ငှင်း "တမြေပြင်လုံးကို အနိုင်ယူပါ" ဟူသော ရှေ့စကားနှင့် "ရန်သူတယောက်မျှမရှိ" ဟူသော နောက်စကားသည်ငှင်း ရှေ့နောက် မညီမျှသဖြင့် ဩစိတျဟိနဒေါသ သင့်လေသည်။ ]

၆၃။ ဍုတ္တိနံ တျာဒိ။ ။ ဘဂ္ဂါ + ရိတိ ယတ္ထာတိ ဘဂ္ဂရိတိ= ပျက်သောအစီအစဉ်ရှိသော ဝါကျတ္ထ၊ "ဍုတ္တိနံ ဒုဇ္ဇနာနံ " ဟု ဆဋ္ဌီဝိဘတ်ဖြင့် သမ္ဗန်အနက်ကို ပြပြီးနောက် , စာသွားတမျိုး မပြောင်းသေးသော ထိုအစဉ်၌ပင် " ဝိသေ ။ပေ၊ ရာဇကုလမှိစ " ဟု သတ္တမီဝိဘတ်ဖြင့် အဓိကရဏအနက်ကိုပြပြန်၏၊ဤသို့ သမ္ဗန်အနက်ဟူသော အစဉ်မှ တမျိုးပြောင်းလျက် အဓိကရဏအနက်ကို ပြသောကြောင့် အစီအစဉ် ပျက်သော ဝါကျတ္ထ ဘဂ္ဂရိတိဒေါသ သင့်ရလေသည်။ [ ဧတ္ထ အာဒေါ သမ္ဗန္ဓေ ဆဋ္ဌိယာ အာရဘိတွာ တံ ပဟာယ သတ္တမိယာ ဝုတ္တတ္တာ အတ္တရိတိစ (ဘိန္နာ)။ ]

www.dhammaransi.com



**သဒ္ဒါအစဉ်လည်းပျက်။** ။စနိပါတ်ကို ဇုတ္တိနံဟူသော အစပုဒ်၌လည်း မထိုင်စေဘဲ "ဒုဋ္ဌနာနဋ္ဌ,ရာဇကုလမ္ဟိ" ၌သာ ထိုင်စေသောကြောင့် သဒ္ဒါအစီအစဉ်လည်း ပျက်၏။.... [အာဒိမဇ္ဈေသု စသဒ္ဒပရိစ္စာဂတော သဒ္ဒရီတိစ ဘိန္နာ၊ စသဒ္ဒံ ပယုဉ္ဇန္တေန (စသဒ္ဒါကို သုံးစွဲသူသည်) အာဒေါဝေါ(အစတနေရာ၌သာ ဖြစ်စေ)အန္တေဝေါ (အဆုံးတနေရာမှာသာ ဖြစ်စေ) ပစ္စေကံဝါ (ပုဒ်တိုင်းမှာ ဖြစ်စေ) ပယုဇ္ဇိတဗ္ဗံ ဟောတိ=သုံးစွဲရိုးထုံးစံဖြစ်၏။]

**မှတ်ချက်။** ။ဤစကားအရ - အတ္ထဘဂ္ဂရီတိ , သဒ္ဒဘဂ္ဂရီတိဟု ရီတိ ၂မျိုးကို မှတ်ပါ၊ထိုတွင် ဝါကျတ္ထဒေါသခဏ်းဖြစ်သောကြောင့် အတ္ထဘဂ္ဂရီတိကိုသာ ဆိုလိုရင်းဖြစ်၏၊ သဒ္ဒဘဂ္ဂရီတိကား ရှေ့၌ ပြခဲ့သော ဝါကျဒေါသနှင့်သာ ဆိုင်သည်။ [ ရှေးနိဿယ တို့၌ကား စနိပါတ်၏ သမုစ္စည်းအနက်ကိုပြရာဝယ် အစီအစဉ် မတော့သောကြောင့် အတ္ထဘဂ္ဂရီတိပင်ဟု ဆိုလိုကြသည်။]

**ဋီကာ။** ။ဝိဿာသော သဟဝါသာဒီဟိ ဝိဿာသော-အတူနေ အတူသွား အတူစား စသည်အားဖြင့် အကြွမ်းတဝင် ဖြစ်ခြင်းသည်၊ နောပပဇ္ဇတေ - မသင့်၊ ဘာ့ကြောင့်နည်း၊........ အနတ္ထ ( အကျိုးမဲ့ဖြစ်ခြင်း)သံသယာ·နိငတ္တိ (ယုံမှားသံသယကို မတားမြစ်နိုင်ခြင်း၏) ကာရဏတ္တာ ( အကြောင်း ဖြစ်ခြင်းကြောင့်၊ ) နယုဇ္ဇတိ - မသင့်၊ ဝိသေ ဂရဠေ·- အဆိပ်၌၊ သိင်္ဂိမှိ သိင်္ဂဝတိ မဟိ သာဒေါ - ဥုးချိုရှည်သောကျွဲစသည်၌၊ ရောဂေ ဝမှမာနကေ ရောဂေ-တိုးပွားနေဆဲဖြစ်သော ရောဂါ၌။

**ဘဂ္ဂရီတိ ၂ မျိုး ။** ။ " ရီတိ " ဟူသော အစီအစဉ်ပျက်ပုံသည် ဝါကျဒေါသ၌လည်း ပါခဲ့၏၊ ဝါကျဒေါသ၌ သဗ္ဗနာမ်ပုဒ် စသော သဒ္ဒါအစီအစဉ်မတော့ခြင်းကို ဝါကျဘဂ္ဂရီတိဒေါသဟု ဆိုခဲ့၏၊ ဤ၌ အနက်အစီအစဉ် မတော့ခြင်းကို ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ ဟု ဆိုသည်၊ ထို ရီတိတို့သည် အလွန်များသည့်ပြင်, တကျမ်းနှင့်တကျမ်းလည်း ဆိုပုံမတူသောကြောင့် အကျဉ်းအမြွက်မျှသာ အရှင်သံဃရက္ခိတ ဆရာပြသည်၊ [ရီတီနံ ဗဟုတ္တာ ရီတိဘင်္ဂဒေါသာ ဗဟုဝိဓာ၊ ဣဒံ မုခမတ္တနိဒဿနံ (အကျဉ်းအမြွက်မျှ ပြခြင်းဖြစ်သည်)။—ဋီကာ။]

[ဆောင်] ဝါကျတို့တွင်, ပုဒ်စဉ်ပျက်က, ဘဂ္ဂရီတိ—ဝါကျရှိ၏၊
ဝါကျတ္ထတွင်, အနက်စဉ်ပျက်က, ဝါကျတ္ထ—ဘဂ္ဂရီတိခေါ်။

www.dhammaransi.com



**သသံသယံ ယထာ**

၆၄။ မုနိန္ဒစန္ဒိမာလောက-ရသလောလ ဝိလောစနော၊
ဇနော'ဝက္ကန္တပန္ထော၀, ဂေါပဒဿန ပီဏိတော။

၆၄။ သသံသယံ- သသံသယ ဒေါသသည်၊ ယထာ- အဘယ်နည်း။....မုနိန္ဒ စန္ဒိမာလောကရသလောလ ဝိလောစနော- မြတ်စွာဘုရားတည်းဟူသော လမင်း၏ အရောင်၌ သာယာ နှစ်သက်ခြင်းကြောင့် လှုပ်လှုက်သော မျက်လုံးရှိသော၊ ဇနော – လူအပေါင်းသည်၊ အဝက္ကန္တပန္ထော-သက်ရောက်အပ်သောလမ်းရှိသည်၊ ဝါ-လမ်းသို့ သက်ရောက်မိသည်၊ ( သမာနော၀ - ဖြစ်လျှင်ပင်၊ ဝါ - ဖြစ်လျှင်ဖြစ်ခြင်း၊) ဂေါပဒဿန ပီဏိတော- ရောင်ခြည်တော်ကို ဖူးမြှော်ရသည့်အတွက် နှစ်သက် ဝမ်းမြောက်သည်၊ ဝါ- မင်္ဂလာနွားလားကို မြင်ရသည့် အတွက် နှစ်သက် ဝမ်းမြောက်သည်၊ ဟောတိ–ဖြစ်၏။

× × × × × × ×

၆၄။ **မုနိန္ဒတျာဒိ**။ ။ဘုရားတည်းဟူသော လမင်း၏ အရောင်တော်ကို ဖူးလိုလှသဖြင့် မျက်စိ လှုပ်လှုပ်ရွရွ ဖြစ်နေသူ လူအပေါင်းသည် လမ်းသို့ရောက်လျှင်ပင် ရောင်ခြည်တော်တို့ကို ဖူးမြှော်ရသဖြင့် နှစ်သက်အားရ ရွှင်ပြလေတော့၏၊ ဤသို့ ဆိုလိုပါသော်လည်း ဂေါသဒ္ဒါသည် နွားဟူသော အနက်၌ ထင်ရှားသောကြောင့် ( သက္ကတ အလင်္ကာကျမ်းကို စီရင်သော ဟိန္ဒူ လူမျိုးတို့သည် နွားကိုလည်း အလွန်မြတ်နိုးရကား) " မင်္ဂလာနွားလားကို မြင်ရခြင်း " ဟူသော ယုံမှားဘွယ် အနက်နှင့်တကွ ဖြစ်သောကြောင့် သသံသယ ဒေါသ သင့်ရလေသည်။ [သဟ+သံသယေန(ယုံမှားဘွယ်အနက်နှင့် ) ယော ဝတ္တတီတိ သသံသယော( ဒေါသော)။]

**မှတ်ချက်**။ ။သံသယဖြစ်ရခြင်းသည် " ဂေါ" ပုဒ်ကြောင့်သာ ဖြစ်သော်လည်း ထိုဂေါသဒ္ဒါ၏ ဟောနက်ပေါ်မှာစွဲ၍ သံသယဖြစ်ရသောကြောင့် အတ္ထဒေါသဖြစ်၏၊ ထိုဂေါ၏အနက်ကို အကြောင်းပြု၍ တဝါကျလုံး၌ပင် အနက်အမိပ္ပါယ် သံသယဖြစ်စရာ ရှိသောကြောင့် ဝါကျတ္ထဒေါသတွင် သွင်းရလေသည်။

www.dhammaransi.com



ဝိရုဒ္ဓတ္တန္တ့ရနှင့်မတူ ။ ။ ဝိရုဒ္ဓတ္တန္တရဒေါသ၌ အနက် ၂ မျိုးရသော " ဝိသဒေါ " ပုဒ်ကဲ့သို့ ဤဂေါသဒ္ဒါလည်း အနက် ၂ မျိုးရသောကြောင့် ဝိရုဒ္ဓတ္တန္တရနှင့် သသံသယတို့ အထူးကို ကြံကြကုန်၏၊ ဝိရုဒ္ဓတ္တန္တရ၌ အနက် ၂မျိုးရရုံမက, ထိုအနက် ၂မျိုးသည် တမျိုးနှင့် တမျိုး ဆန့်ကျင်ဘက်အကျိုးကို ညွှန်ပြနေ၏၊ ဤ၌ကား " ရောင်ခြည်အနက် ဖြစ်စေ နွားအနက် ဖြစ်စေ ဆန့်ကျင်ဘက် အကျိုးကို မပြ , နှစ်သက်ရခြင်း တည်းဟူသော အကျိုးကိုချည်း ပြသောကြောင့် ဝိရုဒ္ဓတ္တန္တရ ဒေါသနှင့် မဆိုင် , ယုံမှားသံသယ ကိုသာ ဖြစ်စေ နိုင်သောကြောင့် သသံသယဒေါသသာ ဖြစ်သည်။

ဝစနတ္ထ ။ ။ မုနိန္ဒစန္ဒိမသ + အာလောကော မုနိန္ဒစန္ဒိမာလောကော - ဘုရား တည်းဟူသော လမင်း၏ + အရောင်၊ ရသနံ အဿာဒနံ- သာယာခြင်း၊ ရသော - ခြင်း၊ မုနိန္ဒစန္ဒိမာလောကဿ-ကို+ဒဿနေ-ကြည့်ရှုခြင်း၌+ရသော- သာယာခြင်းတည်း၊ မုနိန္ဒ၊ပေ၊ ရသော– ခြင်း၊ [ " ဒဿနရသ " ဟု ဆိုလိုလျက် ဒဿန ပုဒ်ကြေ။] "ကြည့်ရှုခြင်း၌ သာယာခြင်း"ဟူသည်လည်း"ကြည့်ရှုလိုခြင်း= ဖူးမြင်လိုခြင်း"တည်း၊ လောဥတိ- ရူးသကဲ့သို့( လှုပ်လှုပ် ရှားရှား)ဖြစ်တတ်၏၊ ဣတိ လောလံ၊["လောဠ=ဥမ္မာဒေ"ဟူသောဓာတ်, အပစ္စည်း, ဠကိုလပြု။]ဝိဝိဓာ+လောစိယတေ အနေနာတိ ဝိလောစနံ-အထူးထူး အပြားပြား ကြည့်ရှုအပ်ကြောင်း မျက်စိ၊ " ဝိပုဗ္ဗ လုစ-ဒဿနေ" ဟူသောဓာတ်, ယုပစ္စည်း၊ လောလဥ+တံ+ဝိလောစနဥ္စာတိ လောလ ဝိလောစနံ - လှုပ်ရှားသော မျက်စိ၊ မုနိန္ဒ ၊ ပေ ၊ ရသေန + လောလ ဝိလောစနံ ယဿာတိ မုနိန္ဒ၊ ပေ၊ လောလ ဝိလောစနော။

အဝဏ္ဏန္တော ( ဩဏ္ဏန္တော ) ပန္တော ယဿာတိ အဝဏ္ဏန္တ ပန္တော သက်ရောက်အပ်သော လမ်းရှိသူ ( ဘုရားဖူးဘို့ရာ လမ်းသို့ ထွက်လာသူ)၊ဂေါသဒ္ဒါသည် အရောင်ဟူသောအနက်,နွားဟူသော အနက်ကိုဟော၏၊ ဂုန္နံ-အရောင်တို့ကို၊ တနည်း, ဂါဝဿ-နွားလားကို+ ပဒဿနံ- မြင်ရခြင်းတည်း၊ ဂါပဒဿနံ - ခြင်း၊ ဂေါပဒဿနေန- ကြောင့်+ ပီဏိတော- နှစ်သက်သူတည်း၊ ဂေါပဒဿန ပီဏိတော-သူ။

www.dhammaransi.com



### ဂါမ္မဒေါသ

၆၅။ ဝါကျတ္ထတော ဒုပ္ပတီတိ- ကရံ ဂါမ္မံ မတံ ယထာ၊
ပေါ်သော ဝိရိယဝါ သော-ယံ, ပရံ ဟတွာန ဝိဿမိ။

၆၅၊ ဝါကျတ္ထတော- ဝါကျအနက်အားဖြင့်၊ ဒုပ္ပတီတိကရံ- မကြားကောင်း မနာသာ, လွန်စွာ ငြစ်ကျု , သိအပ်သော အနက် တမျိုးကို ပြုတတ်သော ဝါကျမျိုးကို၊ ဂါမ္မံ-ဂါမ္မဒေါသသင့်သော ဝါကျဟူ၍၊ မတံ-သိအပ်၏၊ ယထာ - ဥဒါဟရုဏ်ကား၊....ဝိရိယ ဝါ-ရဲစွမ်းသတ္တိရှိသော၊ ဝါ-ခွန်အားရှိသော၊ သောယံပေါ်သော- ထိုယောက်ျားသည်၊ ပရံ-ရန်သူကို၊ ဟတွာန-သတ်ပြီး၍၊ဝိဿမိ- ကင်းသော မောပန်းခြင်းရှိ၏၊ ဝါ-မောပန်းခြင်းမရှိ။ ( တနည်း ) ဝိရိယဝါ - များသောသုက် ရှိသော၊ သောယံပေါ်သော - ထို ယောက်ျားသည်၊ ပရံ-လွန်လွန်ကဲကဲ၊ ဟတွာန – လွန်ကြူးပြီး၍၊ ဝိဿမိ-ကင်းသော မောပန်းခြင်းရှိ၏၊ ဝါ-မောပန်းခြင်း မရှိ၊

× × × × × × ×

၆၅။ ဝါကျတ္ထတော တျာဒိ ။ ။ " ဧ,ယံ့ လက္ခဏမန္တတ္ထ- ဝသေနာပတ္တမာဒိနံ " ဟု ဆိုခဲ့သော်လည်း ဤဂါမ္မဒေါသ၌ နာမည် ကြားရုံမျှဖြင့် အနက်ကို မသိနိုင်သောကြောင့် " ဝါကျတ္ထတော ဒုပ္ပ တီတိကရံ ဂါမ္မံ" ဟု လက္ခဏ (သုတ်) ကိုပါ ပြထားသည်၊ " ဝါကျ တ္ထတော ဒုပ္ပတီတိကရံ" ဟု ဆိုသောကြောင့် ဝါကျ၏အနက်သာလျှင် ဂါမ္မအစစ်ဖြစ်၏၊ ထို့ကြောင့် ဝါကျတ္ထဒေါသ၌ သွင်းရသည်။ [ဒုပ္ပ တီတိကရံ , ဂါမ္မံပုဒ်တို့၏ ဝစနတ္ထကို ၄၅ , ၄၆, ဂါထာတို့၌ ပြခဲ့ပြီ၊ ထို၌ ဝါကျဒေါသဖြစ်၍, ဤ၌ ဝါကျတ္ထဒေါသဖြစ်ခြင်းကြောင့် ၂မျိုး ပြထားသည်။]

ပေါ်သော ၊ ပေ ၊ ဝိဿမိ ။ ။ ဤပုံစံ၌ " ရဲစွမ်းသတ္တိရှိသော ယောက်ျားသည်(ရဲစွမ်းသတ္တိရှိသောကြောင့်ပင်, ဝါ-အားကောင်း သောကြောင့်ပင်)ရန်သူကို သတ်ပြီး၍ မောပန်းခြင်း မရှိ"ဟု ဆိုလျှင် ဂါမ္မဒေါသ မသင့်၊ " များစွာ သုက်သွေးရှိသော ယောက်ျားသည် ( သုက်အား ကောင်းသောကြောင့်ပင် ) အလွန် အကြူး ကာမ သွားလာပြီး၍ မောပန်းခြင်း မရှိ "ဟူသော အနက်တမျိုးအားဖြင့် ကား လူကောင်းသူကောင်းတို့ မကြားကောင်းမနာသာ လွန်စွာရိုင်း

www.dhammaransi.com



ပြသော စကားဖြစ်၍ ဂါမ္မဒေါသ သင့်သည်။ [ ဝိသမ်၌ ဝိပုဗ္ဗ-သမု ဓာတ်, ဏ္ဍဝိဘတ်၊]

ဝီရိယဝါပရံ ဟတ္ထိသွာန ။ ။ ''ဝီရသ-ရဲရင့်သူ၏ + ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာတည်း '' ဟု ဝစနတ္ထပြု၍ ဝီရိယသဒ္ဒါသည် သုက္က, ပရက္ကမ (လုလ္လ) ဗလ (ခွန်အား ) ပဘာဝ ( အစွမ်းသတ္တိ ) တေဇ, ဒိတ္တိ (တော်ပ)အနက်များကို ဟောနိုင်၏၊ ''ဝီရိယံ ယဿ အတ္ထီတိ ဝီရိယဝါ'' ဟု ပြု၍ ဋီကာတို့၌ ''သူရော-ရဲရင့်သူ'' ဟုဂင်း ''ဥပစိတ သုက္ကော - ဆည်းပူးအပ်သော သုက်ရှိသူ'' ဟုဂင်း အဘိဓေယျပြ၏၊ ကာဗျဒဿဋီကာ၌''ဝီရိယဝါနိ=ပသတ္ထဗလဝါနိ-ချီးမွမ်းအပ်သော အားရှိသူ(အားကောင်းသူ)ဝီရိယဝါနိ သုက္ကဝါနိ- များသော သုက် ရှိသူ '' ဟု ဖွင့်၏၊ ပရသဒ္ဒါသည် '' ရန်သူ ''ဟူသောအနက် '' အတိ သယ-အလွန်''ဟူသောအနက်ကိုဟော၏၊ ဟတ္ထိသွာ၌ ဟနဓာတ်ကား ဟိံသာ- ညှဉ်းဆဲခြင်းအနက်ကို ဟော၏။

ဝိသမိ။ ။သမုဓာတ်သည် ငြိမ်းေခြင်းအနက်, မောပန်းခြင်း အနက်တို့ကို ဟော၏၊''ဝိဂတပရိဿမော-ကင်းသော မောပန်းခြင်း ရှိသည်၊ ဝါ- မောပန်းခြင်း မရှိသည်၊ အဟောသိ''ဟု ဋီကာဖွင့်အပ် သော ပဌမအနက်အလိုအားဖြင့်''ခေဒ-မောပန်းခြင်း''အနက်ကိုယူ၊ ဋီကာ၌ နောက်နည်းဝယ် ဝိသမိကို '' ဝါယာမေန ဝိဿမိ - မှီဝဲ အံ့ရန် လုလ္လမှငြိမ်းပြေ၊ ဝိဂတဝါယာမော-ကင်းသော လုလ္လရှိသည်၊ အဟောသိ''ဟု ဖွင့်၏၊ ထိုအတိုင်းဆိုလျှင်''ဝိသမိ-လုလ္လမှ ငြိမ်းပြေ'' ဟု ပေးရလိမ့်မည်။

ကာဗျဒဿ ဋီကာ၌ကား'' ဝိသမံ ဝိရာမံ- ပြီးဆုံးခြင်းသို့၊ ဝါ - ငြိမ်းခြေင်းသို့၊ ပတ္တော'' ဟု ဖွင့်သည်၊ ထိုသို့ အမျိုးမျိုး ဖွင့်ကြသော် လည်း သမုဓာတ်၏ ခေဒ (ပင်ပန်း, မောပန်း ) အနက်ကိုဂင်း, ဝိ၏ ပဋိလောမ(ပြောင်းပြန်)အနက်ကိုဂင်း ယူ၍ ''မမောပန်း''ဟူသော အနက်သာ သင့်ဘွယ်ရှိ၏၊ '' သတ္တိကောင်းသောကြောင့် (တနည်း) အားကောင်း သောကြောင့် ရန်သူကို အလွန် သတ်ရသော်လည်း မမောပန်း'' ဟုဂင်း ''သုက်အားကောင်းသောကြောင့် ကာမ ခံစား ရာ၌ လွန်စွာ ညှဉ်းဆဲသော်လည်း မမောပန်း '' ဟုဂင်း အဓိပ္ပါယ် လည်းရ, သဒ္ဒါနည်းလည်းကျသဖြင့် ထိုအတိုင်းပေးသည်။

www.dhammaransi.com



## ဒုဋ္ဌာလင်္ကာရီဒေါသ

၆၆။ ဒုဋ္ဌာလင်္ကရဏံတေ·တံ, ယတ္ထာလင်္ကာရ ဒူသနံ၊
တဿာလင်္ကာရနိဒ္ဒေသေ, ရူပ မာဝိ ဘဝိဿတိ။

၆၆။ ယတ္ထ- အကြင်ဝါကျ၌၊ အလင်္ကာရဒူသနံ- အလင်္ကာကို ဖျက်ဆီးခြင်းသည်၊(ဟောတိ - ၏၊) တေံ- ဤ အလင်္ကာကို ဖျက်ဆီးတတ်သော ဝါကျသည်၊ ဒုဋ္ဌာလင်္ကရဏံတိ-ဒုဋ္ဌာလင်္ကရဏ ဒေါသ ရှိသော ဝါကျမည်၏၊ ဝါ- ဒုဋ္ဌာလင်္ကာတိဒေါသ သင့်သော ဝါကျ မည်၏၊ တဿ- ထို ဒုဋ္ဌာလင်္ကာတိဒေါသ သင့်သော ဝါကျ၏၊ ရူပံ- သရုပ်သဘောသည်၊ အလင်္ကာရ နိဒ္ဒေသေ - အလင်္ကာတို့ကို ပြရာ စတုတ္ထပိုင်း၌၊ အာဝိ-ထင်ရှားစွာ၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

× × × × × × ×

၆၆၊ ဒုဋ္ဌာလင်္ကရဏံ တျာဒိ ။ ။ [ တေတံကို " တိ+ တေံ" ဟု ဖြတ်၊ ဇုတိသဒ္ဒါလည်း နာမဝါစက ဟု ကြံ။ ] အလင်္ကာ တို့ကို ဖျက်ဆီးတတ်သော အနက်ပါရှိရာဝါကျသည် ဒုဋ္ဌာလင်္ကရဏဒေါသ သင့်၏၊ ထို ဒုဋ္ဌာလင်္ကရဏဒေါသ၏ သရုပ်သကောင်သည် အလင်္ကာ တို့ကို ပြရာ စတုတ္ထ ပရိစ္ဆေဒ၌ ထင်ရှားပါလိမ့်မည်၊ မှန်၏—နောက်၌ ပြမည့်အလင်္ကာများ ပျက်လျှင် ဤဒုဋ္ဌာလင်္ကာတိဒေါသချည်း ဖြစ်၏၊ ထို့ကြောင့် အတ္တာလင်္ကာရများသလောက် ပျက်ပုံလည်းများရကား ဒုဋ္ဌာလင်္ကာတိဒေါသကို သီးခြားပြနေဘွယ် မလို၊ ထို အလင်္ကာခဏ်း၌ အလိုလို ထင်ရှားပါလိမ့်မည် - ဟူလို၊ ဥပမာအလင်္ကာ၌ကား "ဒုဋ္ဌံ" ဟု တိုက်ရိုက်ပင် ပြလိမ့်မည်။

မှတ်ချက်။ ။သဒ္ဒါလင်္ကာရများကို "အလင်္ကာရ"ဟု မသုံးဘဲ "ဂုဏ်"ဟု သုံး၍ အတ္တာလင်္ကာရတို့ကိုသာ "အလင်္ကာရ"ဟု သုံးစွဲသောကြောင့်" အလင်္ကာရ ပရိစ္ဆေဒ" အရ အတ္တာလင်္ကာရကိုပြရာ စတုတ္ထပိုင်း ဟု ယူလိုက်သည်၊ " အလင်္ကရဏံ - တန်ဆာ ဆင်ခြင်း၊ အလင်္ကာ ဘိ-တန်ဆာဆင်ခြင်း"ဟု အလင်္ကရဏပုဒ်နှင့် အလင်္ကာတိပုဒ် တို့သည် အနက်တူရကား မာတိကာခေါင်းစဉ်တုန်းက"အလင်္ကာတိ" ဟု တိပစ္စည်းဖြင့် နာမည်တပ်ခဲ့သော်လည်း ဤ အကျယ်ပြရာ၌"အလင်္ကရဏ"ဟု ယုပစ္စည်းဖြင့် နာမည်တပ်သည်။

www.dhammaransi.com



### နိဂုံးနှင့် အမှာ

၆၇။ ကတော ဧတြ သင်္ခေပနယာ မယာ·ယံ,
ဒေါသာန မေသံ ပဝရော ဝိဘာဂေါ၊
ဃောဝ·လံ ဗောဓယိတုံ ကဝီနံ,
တ·မတ္ထိ စေ ခေဒကရံ ပရမ္ပိ။

၆၇။ အတြ-ဤဒေါသတို့ကိုပြရာ ပဥ္စမပိုင်း၌၊ ဧသံဒေါသာနံ-ဤ ဒေါသတို့၏၊ ပဝရော - ကောင်းမြတ်သော၊ အယံဝိဘာဂေါ-ဤ ဝေဘန်အပ်သော အပြားကို၊ မယာ- ငါသည်၊ သင်္ခေပနယာ-အကျဉ်းချုပ်နည်းအားဖြင့်၊ ကတော- ပြုစီရင်အပ်ပြီ၊ ခေဒကရံ-စာသင်သားတို့၏ ပင်ပန်းမှုကို ပြုတတ်သော၊ ပရံပိ - ဆိုအပ်ပြီးမှ တပါးသော ဒေါသသည်လည်း၊ စေအတ္ထိ-အကယ်၍ရှိပေသေး၏၊ (ဧဝံသတိပိ- ဤသို့ ရှိပါသော်လည်း၊) ဃောဝ- ဤ အကျဉ်းချုပ် ပြုအပ်သော အစဉ်သည်ပင်၊ တံ - ထို တပါးသော ဒေါသကို၊ ကဝီနံ-ပညာရှိတို့အား၊ ဝါ-တို့ကို၊ ဗောဓယိတုံ - သိစေခြင်းငှါ၊ အလံ-စွမ်းနိုင်လေဘ်ပြီ၊ [ဣန္ဒ, ဥပေန္ဒ, ရောသော ဥပဇာတိဂါထာ။]

သံဃရက္ခိတမဟာသာမိဝိရစိတေ-သံဃရက္ခိတ မဟာသာမိ ထေရ်သည် စီရင်အပ်သော၊ သုဗောဓာလင်္ကာရေ - သုဗောဓာ လင်္ကာရ ကျမ်း၌၊ ဒေါသာဝဗောဓောနာမ- ဒေါသတို့ကို သိရာသိ ကြောင်း၏ အဖြစ်ကြောင့် ဒေါသာဝဗောဓ မည်သော၊ ပဥ္စမော ပရိစ္ဆေဒေါ-ပဥ္စမပိုင်းသည်၊ ဣတိ-ပြီးပြီ။

× × × × × × ×

ကတော၊ပေ၊ ပရမ္ပိ ။ပဥ္စမ ၂ ပါဒဖြင့် နိဂုံးကိုပြ၏၊ "သက္ကတ အလင်္ကာကျမ်းကြီးများကဲ့သို့ အကျယ်မချဲ့ဘဲ အကျဉ်းနည်းအားဖြင့် ကောင်းမြတ်သော ဒေါသအပြားကို ပြုအပ် ပြအပ်ပြီ"ဟူလို၊ ဒုတိယ ၂ ပါဒဖြင့် အမှာစကားကို ပြ၏၊ "စာသင်သားတို့၏ ပင်ပန်းမှုကို ပြုတတ်သော အခြားဒေါသများ ရှိပါသေး၏၊ သို့သော်လည်း ဤ ပြအပ်ခဲ့ပြီးသော ဒေါသအပြားသည် ထို တိုက်ရိုက်မဆိုအပ်ဘဲ ကျန် သေးသော ဒေါသအားလုံးကို ကဗျာတတ်သိ ပညာရှိတို့အား သိစေ ခြင်းငှါ စွမ်းနိုင်လောက်ပါ၏"ဟူလို။

www.dhammaransi.com



**သခ်ေပနယာ။** ။**သံခိပီယတီတိ သံခေပေါ**= **သတ္တ**တကျမ်းလာ များစွာသော ဒေါသ တို့ကို အကျဉ်းချုံးအပ်သော နည်း၊ နီယတိ ဧတေနာတိ နယော=တိုက်ရိုက်မဆိုအပ်သောဒေါသတို့ကိုသိကြောင်း နည်း၊ သခ်ေပေါစ+သော+နယောစာတိ သခ်ေပနယော=အကျဉ်း ချုပ် သိကြောင်းနည်း၊ အကျဉ်းချုံးပုံကို သုတေသီတို့ အတွက် ဋီကာ နိဿယတို့မှ ထုတ်ပြဉ်းအံ့။

(က) နိဟန္တု သောယံ ဇလိတံ, ပတင်္ဂေါ အရိပါဝကံ။

သောယံပတင်္ဂေါ– ထိုနေမင်းသည်၊ (တနည်း) သောယံ ပတင်္ဂေါ– ထို ပိုးစုန်းကြူးသည်၊ ဇလိတံ – တောက်ပသော၊ အရိပါဝကံ – ရန်သူဖြစ်သော မီးကို၊ နိဟန္တု – ပယ်ဖျောက်စေသတည်း။ [ ဤ၌ ပတင်္ဂသဒ္ဒါသည် "နေ– ပိုးစုန်းကြူး"ဟူသော အနက်တို့ကို ဟော၏၊ ထိုတွင်"ပိုးစုန်းကြူး"ဟူသော အနက်ကို ဟောသောအခါ မိမိအလိုရှိအပ်သော မီး၏ အရောင်ကို ဖျော်ခြင်း ငှါ မစွမ်းနိုင်၊ ထို့ကြောင့် အသမတ္ထန္တရဒေါသ သင့်၏၊ ၎င်းကို ဝိရုဒ္ဓတ္ထန္တရ ဒေါသ၌ သွင်းအပ်၏။]

(ခ) ဝစန္တိ ကန္တာ။ ။ကန္တာ– မိန်းတို့သည်၊ ဝစန္တိ– ဆိုကြကုန်၏၊ [ ကံ+ဓာတီတိ ကန္တော၊ ( မိန်းဟော ကန္တသဒ္ဒါကို ပါဠိအဋ္ဌကထာ ဋီကာ တို့၌ အသုံးအစွဲ မရှိသောကြောင့် အယုတ္တဒေါသသင့်၏၊"ဝစန္တိ–ဆိုကုန်၏" ဟူရာ၌ မိန်းနှင့်စပ်၍ သုံးရာဝယ် " ဂဇ္ဇန္တိ , ထနယန္တိ " ဟု သုံးရိုး ရှိ၏၊ "ဝစန္တိ "ဟု သုံးရိုးမရှိသောကြောင့် အယုတ္တဒေါသသင့်၏၊ ၎င်းကို ကိလိဋ္ဌ ဒေါသ၌ သွင်းအပ်၏။ [ဋီကာ ၂ စောင်၌"ဂဏ္ဍာ"ဟု ရှိ၏၊ ယောနိဿယ၌ လည်း"ဂဏ္ဍာ–ရေမွှက်တို့သည်"ဟုအနက်ပေး၏၊ ဂဏ္ဍာသဒ္ဒါသည် ရေမွှက် ဟော မရှိ၊ ထို့ကြောင့် " ကန္တာ " ဟု ရှိမှ မှန်သည် ဟု စံကျောင်း နိဿယ မိန့်၏။]

(ဂ) ဂဇဟောသာ-ဆင်ဟီခြင်း၊ အဿကောဉ္စနာဒ-မြင်း၏ ကြိုးကြာသံ ကဲ့သို့သော အသံကို အော်ခြင်း၊ ဤ၌ " မြင်းဟီခြင်း, ဆင်ကြိုးကြာသံကဲ့သို့ အော်ခြင်း " ဟု စပ်ရမည်ကို မစပ်သောကြောင့် သမ္ဗန္ဓဒူသိဒေါသ သင့်၏၊ ၎င်းသည် လောကဝိရောဓိဒေါသ၌ ဝင်၏။ (ဃ) ဘုရားဟောပါဠိတော် ၌သာထင်၍ သတ္တတ၌ မထင်သော ရူပကန္ဓ သဒ္ဒါမျိုးကို သတ္တတဘာသာဖြင့် ဖွဲ့ဆိုအပ်သောကဗျာ၌ သုံးစွဲလျှင် အပ္ပတီတဒေါသသင့်၏၊ ၎င်းသည် အာဂမ ဝိရောဓိဒေါသ၌ ဝင်၏။

www.dhammaransi.com



(င) အကြောင်းကို ငဲ့သော ဟေတွာပေက္ခဒေါသ ဟေတုနေယျဒေါသ တို့သည် နေယျဒေါသသို့ ဝင်ကုန်၏။

(စ) ဒေဝေါ ဝေါ ဟရတု ဠေသံ, ရာဟု ခိန္နော ဇိဝါကရော။

ရာဟုခိန္နော—ရာဟုသည် ဖမ်းအပ်သော၊ ဒေဝေါ—နတ်ဖြစ်၍ ဖြစ်သော၊ ဒိဝါကရော-နေမင်းသည်၊ ဝေါ-သင်တို့၏၊ ဠေသံ-ပင်ပန်းခြင်းကို၊ ဟရတု—ပယ်ပါစေသတည်း။ [ ဤ၌ နေသည် မိမိကိုပင် ရာဟုဖမ်းထားသောကြောင့် ပင်ပန်း၍ နေသဖြင့် သူတပါး၏ ပင်ပန်းခြင်းကို အဘယ်မှာ ပယ်ဖျောက်နိုင်ပါအံ့နည်း၊ ဤသို့လျှင် အလိုရှိအပ်သော အကျိုးကို ပြီးစေခြင်းငှါ မစွမ်းနိုင်သောကြောင့် "ရာဟုခိန္နော" ဟူသော ပုဒ်သည် အသမတ္ထာဘိဓေယျဒေါသ သင့်၏၊ ၎င်းကို ဩစိတျဟီန ဒေါသ၌ သွင်းအပ်၏။]

(ဆ) တံထွေး နှပ် စသော ရွံရှာဘွယ်သောအနက်, " ပိုးထိသည် " ဆိုရမည့်နေရာ၌ ' မြွေကိုက်သည် " " ခတ်သက်သည် " ဆိုရမည့်နေရာ၌ "ကာလနာတိုက်သည်"စသည်ဖြင့် မင်္ဂလာမရှိသောအနက်, ရွာသူရွာသားတို့ ပြောဆိုအပ်သော သူတော်ကောင်းတို့ မကြားကောင်း မနာကောင်းသော အနက်တို့ကိုပြတတ်သော ဝါကျဂါမ္မဒေါသကို ဝါကျဗ္ဗဂါမ္မဒေါသ၌ သွင်းယူအပ်၏။ (ဇ) မကောင်းသဖြင့် ရွတ်ဆိုအပ်သော ဖရုသဒေါသကို ဗန္ဓဖရုသ ဒေါသ၌ သွင်းအပ်၏။

(ဈ) ဟရိသ•မာနယိ။ ။"ဟရိသံ—ရွှေသောအဆင်းရှိသောမြင်းကို၊ အာနယိ—ဆောင်ပြီ"ဟူ၍ ဆိုအပ်သောအရာ၌"ဟပုဋ္ဌံ ရိသမာနယိ၊ ဟပုဋ္ဌံ—ဟ ရှေ့ရှိသော၊ ရိသံ— ရိသကို၊ အာနယိ— ဆောင်ပြီ " ဟူ၍ ဆိုလျှင် အလိုရှိအပ်သော အနက်မှ လျော့ကျသောကြောင့် ဘဋ္ဌဒေါသ မည်၏။

(ည) သဏ္ဍော သဟ သဂ္ဂ။ ။"သဟသဂ္ဂ—တထောင်သော မျက်စိရှိသော၊ သဏ္ဍော— သိကြား၊ " ဤ၌ ဂေါသဒ္ဒါသည် မထင်ရှားသောအရာ၌ ယှဉ်အပ်သောကြောင့် ဂူဠ္ဌဒေါသသင့်၏ [ ဤဘဋ္ဌဒေါသ ဂူဠ္ဌဒေါသတို့သည် ပသာဒါလင်္ကာရနှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သီးခြားဆိုဘွယ်မရှိဖြစ်၍ ချန်ထားအပ်၏။]

(ဋ) ဝါကျတပါး၏ အလယ်သို့ ရောက်သော ဝါကျဂဗ္ဘိတဒေါသ, "အပါထျမေသော ဒိသတိ,ဝေဇ္ဇော ခါဒတိ အနာရတံ"ဟူသော ဝါကျတပါးနှင့် ရောသော ဝါကျသံကိဏ္ဏဒေါသ တို့သည် ဗျာကိဏ္ဏဒေါသသို့ ဝင်ကြကုန်၏၊ ထို့ကြောင့် အထူးမဆိုအပ်ကုန်၊ [ သော—ထိုဆေးသမားသည်၊ အပါထျံ—မချီးမွမ်းအပ် မသင့်မြတ်သော ဆေးအစာကို၊ ဒိသတိ— ညွှန်း၏၊ သော—ဤသူနာသည်၊ အနာရတံ—အမြဲ၊အပါထျံ—မချီးမွမ်းအပ် မလျောက်ပတ်သော ဆေးအစာကို၊ ခါဒတိ—စား၏၊ ဝေဇ္ဇော—ဆေးသမားကို၊ ဒိသတိ—မုန်း၏။]

www.dhammaransi.com



(၄) ကာစုယျာနေ မယာ ဒိဋ္ဌာ, ဝလ္လရီ ပဉ္စပလ္လဝါ၊
ပလ္လဝေ ပလ္လဝေ မုခာ, ယဿာ ကုသုမ မဉ္ဇရီ။

ဥယျာနေ— ဥယျာဉ်၌၊ ကာစိ—တစုံတခုသော၊ ပဉ္စ ပလ္လဝါ— အခက်ငါးခုရှိသော၊ ဝလ္လရီ—နွယ်ကို၊ မယာ-ငါသည်၊ ဒိဋ္ဌာ—မြင်အပ်ပြီ၊ ယဿာ-အကြင်နွယ်၏၊ ပလ္လဝေ ပလ္လဝေ — အခက်တိုင်း အခက်တိုင်း၊ မုခာ — အသီးမသီး အချည်းနှီးသော၊ ကုသုမမဉ္ဇရီ-ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။ [ ဤ၌ ဥယျာဉ်ဟော ဥယျာနသဒ္ဒါဖြင့် အိမ်ကိုဆို၏၊ နွယ်ဟော ဝလ္လရီသဒ္ဒါဖြင့် သတို့သမီးကို ဆို၏၊ အခက်ဟော ပလ္လဝါသဒ္ဒါဖြင့် လက်ချောင်း ခြေချောင်း နှုတ်ခမ်းတို့ကို ဆို၏၊ ပန်းခိုင်ဟော ကုသုမ မဉ္ဇရီသဒ္ဒါဖြင့် ခြေသည်း လက်သည်းရောင် သွားရောင်တို့ကို ဆို၏၊ ဤဒေါသသည် မိမိအလိုရှိအပ်သော အနက်ကို မဟောနိုင်သောကြောင့် အဝါစကဒေါသမည်၏၊ ၎င်းကို သမာနရူပါပဟေလိ၌သွင်းအပ်၏။ ]

(၃) "ပဒုမ္မာကြာသည် ညဉ့်၌ပွင့်သည်" စသည်ဖြင့် ဆိုအပ်သော ဝိရုဒ္ဓဒေါသကို ဝိရောဓိဒေါသ၌ သွင်းအပ်၏။....... (ခ) ဤ သုဗောဓာလင်္ကာရကျမ်း၌ ပြအပ်သော ဩစိတျဟီနဒေါသ, ဝါကျတ္ထဂါမ္မဒေါသသည် ဝါကျတ္ထဒေါသတို့ မည်ကုန်၏၊ ဗန္ဓဖရုသဒေါသသည် ဝါကျဒေါသ မည်၏၊ ဝိရောဓိဒေါသသည် ပဒဒေါသမည်၏၊ ဆက်ဦးအံ့— သဒ္ဒတကျမ်း၌ ပြအပ်သော အသမတ္ထာဘိဓေယျ အစရှိသော ဒေါသ , ဂါမ္မဒေါသ , ဘဋ္ဌဒေါသ , ဝိရုဒ္ဓဒေါသတို့သည် ပဒဒေါသတို့ မည်ကုန်၏၊ ထို ပဒဒေါသကို အဘယ့်ကြောင့် ဝါကျဒေါသ — ဝါကျတ္ထဒေါသ၌ သွင်းရပါသနည်းဟူမူ ပုဒ်၌ အပြစ်ဒေါသသင့်က ဝါကျ-ဝါကျတ္ထတို့၌လည်း အပြစ်ဒေါသ သင့်တော့သည်သာပင်ဖြစ်၏၊ ထို့ကြောင့် ပဒဒေါသ , ဝါကျဒေါသ, ဝါကျတ္ထဒေါသ တို့သည်ကား အချင်းချင်း များစွာထူးခြား ကွဲလွဲခြင်း မရှိသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှါ သွင်းအပ်၏၊ ဤသို့လျှင် သဘောတူဒေါသတို့ကို မပြဘဲ အကျဉ်းချုံးခြင်းကို "သဒ္ဓေ ပနယ"ဟု ဆိုသည်။

**တမတ္တိစေ ခေဒကရံ ပရမ္ဗိ ။** ။ ကဝိတို့၏ ပင်ပန်းမှုကို ပြုတတ်သော အကျဉ်းချုံးရာတွင်လည်းမပါသော အခြားဒေါသများကား-အသာရဒေါသ, သန္ဓိဒ္ဓဒေါသ, ပရိယာယဉေ္စယျ ဒေါသ, ပတီတတ္ထ ဒေါသ , ဒုဗ္ဗောဓ ဒေါသ, ဒေသိယဒေါသ,စသောပဒဒေါသတို့ရင်း၊ အဓိကဒေါသ,ဦနဒေါသ, ဘဂ္ဂဆန္ဒဒေါသ, စသော ဝါကျဒေါသတို့ရင်း၊ ဥပက္ကမောပသံဟာရ — ဝိသမဒေါသဟု ဆိုအပ်သော ဝါကျတ္ထဒေါသတို့ရင်းတည်း။

(က ,ခ) ထိုတွင် သဒ္ဒါကျမ်းနှင့်ဆန့်ကျင်သောအဖြစ်သည် အသာရဒေါသမည်၏၊ သာမညအနက်ကို ဟော၍ အဓိပ္ပါယ် အမျိုးမျိုးကို ဟောနိုင်သော

www.dhammaransi.com



ဝိသေသနပုဒ်ကို ဝိသေသျပုဒ်ကဲ့သို့ ဆိုခြင်းသည် သန္ဒိဒ္ဓဒေါသမည်၏၊ ပြယုဂ်ကား – "ဟိမဟာ" ဟူသည်တည်း၊ "ဟိမဟာ – ဆီးနှင်းကို ပယ်ဖျောက်တတ်သော ဝတ္ထု၊" ဆီးနှင်းကို နေကပယ်တတ်၍ နေကို ယူသင့်သော်လည်း နေဟောပရိယာယ်၌ " ဟိမဟာ " မပါသောကြောင့် နေကိုယူရမည်လော, လကို ယူရမည်လော, မီးကို ယူရမည်လောဟူ၍ ယုံမှားဘွယ် ရှိသောကြောင့် သန္ဒိဒ္ဓဒေါသ သင့်၏၊" ဟိမဟာ ရဝိ , ဟိမဟာ စန္ဒော "စသည်ဖြင့် ဝိသေသျပုဒ်ကို ထည့်၍ဆိုမှ အပြစ်လွတ်၏။

(ဂ) ထင်ရှားသော သညာသဒ္ဒါကို ပရိယာယ်သဒ္ဒါတပါးဖြင့် ကြံခြင်းသည် ပရိယာယ ဧ ယျဒေါသ မည်၏၊ ဥပမာ—မြင်းမ၏ မျက်နှာကို "ဝဠဝါမုခ"ဟု ထင်ရှားသောပုဒ်ဖြင့်ဆိုလျှင် ပြီးသင့်လျက် "အဿဝနိတာနနာ" ဟု ဆိုခြင်းပင်တည်း၊ ထိုကို သမာနသဒ္ဒါ ပဟေလိ၌ သွင်းအပ်၏။

(ဃ) အကြင်ပုဒ်သည် စင်စစ် လျှဉ်းပါးဘွယ် မရှိသည်၏ အဖြစ်ဖြင့် ဝိသေသျ၏ဂုဏ်ကိုဟော၏၊ ထိုပုဒ်သည် ပတီတတ္ထဒေါသသင့်၏၊ ပြယုဂ်ကား- "ကဏှော မသိ"ဟူသည်တည်း၊ [ကဏှော-မည်းနက်သော၊မသိ-မီးသွေး။] ဤ၌ မီးသွေးဟူက မည်းနက်သော မီးသွေးသာ ဖြစ်သောကြောင့်"ကဏှော" ဟူသော ဝိသေသနပုဒ်ကို ထည့်ရန် မလိုတော့ပြီ၊ ထို့ကြောင့် ကဏှောသည် ပတီတတ္ထဒေါသ သင့်၏။

(င) သိလောက်ပြီးဖြစ်၍ မယှဉ်သင့်ဘဲလျက် ယှဉ်အပ်သော ပုဒ်သည် အပ္ပယောဇကဒေါသ သင့်၏၊ ပြယုဂ်ကား—"အတိဖေနိလံ သာဂရ မလံ်ဃိ" ဟူသည်တည်း၊ [အတိဖေနိလံ- အလွန်အမြှုပ်များသော၊ သာဂရံ-သမုဒ္ဒါကို၊ အလံ်ဃိ – ခုန်ပြီ။] သမုဒ္ဒါကို ခုန်ရာ၌ ဟနုမာမျောက်ကို ချီးမွမ်းသင့်လျက် ဟနုမာမျောက်ကို မချီးမွမ်းမူ၍ သမုဒ္ဒါကို ချီးမွမ်းခြင်း, သမုဒ္ဒါကို ချီးမွမ်းရာ၌လည်း ခုန်ကျော်သောသူ၏ ဂုဏ်ကို ပြတတ်သော ကျယ်ဝန်းသောဂုဏ်ကို မချီးမွမ်းသောကြောင့် မယှဉ်သင့်သည်၌ ယှဉ်အပ်သော အပ္ပယောဇကဒေါသ သင့်၏။

(စ) မထင်ရှားသော စကားသည် ဒုဗ္ဗောဓဒေါသ မည်၏၊ "မနုညခနယော ပါဒေ , ခါတယော ကာနိ ဘန္တိ တေ "။ [ ကာနိ – သတို့သမီး၊ တေ—သင်၏၊ ပါဒေ—ခြေ၌၊ မနုညနေယော-နှစ်သက်ဘွယ်သော အသံရှိကုန်သော၊ ခါတယော-ခြေချင်းတို့သည်၊ ဘန္တိ-တော်ပကုန်၏။] ဤ၌ ကာနိသဒ္ဒါ ခါတိ သဒ္ဒါတို့သည် အသိခက်သောကြောင့် ဒုဗ္ဗောဓ ဒေါသ သင့်ကုန်၏၊ ၎င်းကို နိဂူဠတ္ထ ပဟေလိ၌ သွင်းအပ်၏။

www.dhammaransi.com



(ဆ) အချို့သော အရပ်ဒေသ၌သာလျှင် ထင်ရှားသော သဒ္ဒါသည် ဒေသိယဒေါသသင့်၏၊ "ဇုမေ လာဝဏ္ဏျတလ္လာ တေ, ဂလ္လာ လောလ ဝိလောစနေ"။ [လောလဝိလောစနေ—လှုပ်သော မျက်စိရှိသော အိုသတို့သမီး၊ တေ-သင်၏၊ ဇုမေဂလ္လာ—ဤပါးစောင်တို့သည်၊ လာဝဏ္ဏျတလ္လာ—နှစ်သက်ဘွယ်သော ရေအိုင်နှင့် တူကုန်၏။ ] ဤ၌ ဂလ္လာ တလ္လာ သဒ္ဒါတို့သည် အချို့သော အရပ်ဒေသ၌သာ သုံးသောကြောင့် ဒေသိယဒေါသ သင့်ကုန်၏။

(ဇ) တွယိ ရာဇတိ ရာဇိန္ဒ, ရိပုနံ သဂ္ဂသေဝိနံ၊
ထိနံ အကက်ဏော ပါဏိ, သိယာ နေတ္တ မနဉ္ဇနံ။

ရာဇိန္ဒ— မင်းမြတ်၊ တွယိ—သင်မင်းမြတ်သည်၊ ရာဇတိ— တင့်တယ်သည် ရှိသော်၊ သဂ္ဂသေဝိနံ— နတ်ရွာစံကုန်ပြီးသော၊ ရိပုနံ—ရန်သူမင်းတို့၏၊ ထိနံ—မိန်းမတို့၏၊ ပါဏိ — လက်သည်၊ အကက်ဏော — လက်ကောက် မရှိသည်၊ နေတ္တံ-မျက်လုံးသည်၊ အနဉ္ဇနံ—မျက်စဉ်းမရှိသည်၊ သိယာ- ဖြစ်ရာ၏။ [ဇုန္ဒိယနိုင်ငံဝယ် ရှေးခေတ်၌ ခတ္တိယဇာတ်ရှိသော မုဆိုးမတို့မှာ လက်ကောက်ဝတ်ရိုး မျက်စဉ်းဖြင့် မျက်နှာကွင်းရိုး ထုံးစံမရှိ၊ ထို့ကြောင့်"လက်ကောက်မရှိသော မိန်းမ, မျက်စဉ်းမကွင်းသောမိန်းမ"ဟု ဆိုလျှင် မုဆိုးမဖြစ်ကြောင်းကို သိနိုင် လောက်လျက် "သဂ္ဂသေဝိနံ— နတ်ရွာစံ မင်းတို့၏+မိန်းမ"ဟု ဆိုခြင်းသည် အပိုသက်သက်ဖြစ်၍ အဓိကဒေါသသင့်၏။ ]

(ဈ) ဆိုလိုအပ်သောစကားမှ ယုတ်သောဝါကျသည် ဦနဒေါသသင့်၏၊ "တိလောက တိလကံ မုနိံ"။ [ တိလောက တိလကံ— လောက ၃ ပါး၏ မှန်ကူသဘွယ် ဖြစ်သော၊ မုနိံ— မြတ်စွာဘုရားကို။ ] ဤ၌ "ဝန္ဒေ" ထည့်သင့်လျက် မထည့်သောကြောင့် ဦနဒေါသ သင့်၏။ .... (ဉ) ဆန်းကျမ်း၌ ပြဆိုအပ်သော အက္ခရာ အရေအတွက်မှ ပိုခြင်း ယုတ်ခြင်းသည် "ဆန္ဒဟာနိဒေါသ"မည်၏၊ ထိုဒေါသသည် ဆန်းကျမ်း၌လာသော အက္ခရာထက်ပိုသော လျော့သောအားဖြင့် ထင်ရှားပြီးဖြစ်၍ ဆိုဘွယ်မရှိဖြစ်သည်။ ... (ဋ) အစ အဆုံး, သို့မဟုတ် အချီအချ မညီမျှသော ဝါကျသည် ဥပက္ကမောပသံဟာရဝိသမဒေါသမည်၏၊ ၎င်းသည် ဘဂ္ဂရီတိဒေါသ၌ဝင်၏၊ ဤစကားရပ်တို့ကား ဋီကာတို့၏ အဆိုအတိုင်း ရေးအပ်သော စကားတို့တည်း။

ဒေါသာဝဗောဓ အဖွင့်
ပြီးပြီ။

www.dhammaransi.com



## ဒေါသစရိဟာရာဝဗောဓ အခန်း

### ပဋိညာဉ်

၆၇။ ကဒါစိ ကဝိကောသလ္လာ, ဝိရောဓော သကလောပျယံ၊
ဒေါသသင်္ချ·မတိက္ကမ္မ, ဂုဏဝီထိံ ဝိဂါဟတေ။

၆၈။ တေန ဝုတ္တဝိရောဓာန-မဝိရောဓော ယထာ သိယာ၊
တထာ ဒေါသပရိဟာရာ-ဝဗောဓော ဒါနိ နီယတေ။

၆၇၊ ကဒါစိ - တရံတခါ၌၊ ကဝိကောသလ္လာ - ကဝိတို့၏ ဉာဏ်စွမ်းကြောင့်၊ သကလောပိ - အလုံးစုံလည်း ဖြစ်သော၊ အယံ ဝိရောဓော- ဤ ဆန့်ကျင်ဘက် အပြစ်သည်၊ ဒေါသသင်္ချံ - အပြစ် ဟူသော အရေအတွက်ကို၊ အတိက္ကမ္မ- ကျော်လွန်၍၊ ဂုဏဝီထိံ- ဂုဏ်သဘောသို့၊ ဝိဂါဟတေ- သက်ဝင်နိုင်၏။

၆၈။ တေန - ထို့ကြောင့်၊ ဝုတ္တဝိရောဓာနံ - ဆိုအပ်ပြီးသော ဆန့်ကျင်ဘက် အပြစ်တို့၏၊ ယထာ-အကြင် အခြင်းအရာ အားဖြင့် ပြေဆိုအပ်သော်၊ အဝိရောဓော-အပြစ်မဟုတ်တော့သည်၊ သိယာ- ဖြစ်၏၊ တထာ - ထို အခြင်း အရာ အားဖြင့်၊ ဒေါသပရိဟာရာဝ ဗောဓော - အပြစ် အဖြေကို သိစေရာ သိစေကြောင်း ဖြစ်သော အခန်းကို၊ဒါနိ-ယခုအခါ၌၊(မယာ-ငါသည်)၊နီယတေ-ဆောင် ပြအပ်၏၊ ဝါ- ဆောင်ပြပေအံ့။

× × × × × × ×

၆၇ , ၆၈ ။ ။ ဒေါသာဝဗောဓ အခန်းကို ပြပြီး၍ ဒေါသပရိ ဟာရာဝဗောဓ အခန်းကို ပြလိုသော ဆရာသည် " ကဒါစိ ကဝိ ကောသလ္လာ"စသော(စကားပျိုး အခြေခံပဋိညာဏ်) ၂ ဂါထာကို မိန့်၊ဖြစ်ပြီးသောအပြစ်ဒေါသကိုမျှားသောအားဖြင့်ဂုဏ်ဖြစ်အောင် မပြုပြင်နိုင်၊ သို့သော် တရံတခါ၌မူ ကဝိသူမွန် ပညာဝန်တို့၏(အပြော ကောင်း အဖြေကောင်းသော) ဉာဏ်စွမ်းကြောင့် အပြစ်ဒေါသသည် ဂုဏ်အပြစ်သို့ ဝင်လာ၏၊ "အပြစ်ရှိနေသောပုဒ် - ဝါကျ- ဝါကျတ္ထ တို့သည် ပညာရှိတို့က ပြင်၍ ပြောလိုက်လျှင် အပြစ်ကင်းသော ပုဒ်- ဝါကျ - ဝါကျတ္ထ အဖြစ်သို့ ပြောင်းလာသည် " ဟူလို၊ "ထို့ကြောင့် ဆိုအပ်ပြီးသော အပြစ်တို့၏ ပြေပျောက်နိုင်လောက်သော နည်းဖြင့်

www.dhammaransi.com



ဖြေပုံကို ပြသော အခန်းကို ယခုအခါ ဆောင်ပြပေအံ့ " ဟူလို။ [ကောသလ္လံ-ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဉာဏ်၊ ကဝီနံ+ကောသလ္လံ ကဝိကောသလ္လံ။]

**ဝဓနတ္ထ**။ ။ဝိရုဇ္ဈနံ- တိုက်ရိုက် (ဖြောင့်ဖြောင့်) ဆန့်ကျင်ခြင်း၊ ဝိရောဓော - ခြင်း၊ ဒေါသေသု - တို့၌ + သဉ္ဇာ - ရေ့တွက်ရခြင်း (ထည့်သွင်းရခြင်း) တည်း၊ ဒေါသသဉ္ဇာ - ခြင်း၊ ဝိရုဒ္ဓတ္ထန္တရလည်း အပြစ်တမျိုး, အရုတ္ထလည်း အပြစ်တမျိုး, ဤသို့စသည်ဖြင့် "အပြစ်၌ ထည့်သွင်းရခြင်း" ဟူလို၊ ထိုဒေါသသဉ္ဇာကို လွန်ခြင်းဟူသည် ဒေါသ အရေအတွက်တွင် မပါတော့ခြင်းတည်း၊ ဂုဏာနံ - တို့၏၊ ဝီထိ- လမ်းတည်း၊ ဂုဏဝီထိ- လမ်း၊ ဝိ ပုဗ္ဗ ဂါဟူဓာတ်သည် သက်ဝင်ခြင်း အနက်ဟောတည်း။

**တေန ၊ပေ၊ နိယတေ ။** ။ တေန - ထိုသို့ ကဝိတို့၏ ဉာဏ်စွမ်း အတွက် အပြစ်က ဂုဏ်ဖြစ်နိုင်သောကြောင့်၊ဝုတ္တဝိရောဓာနံ-ဒေါသာ ဝဗောဓ အခန်း၌ ဆိုအပ်ခဲ့သော အပြစ်တို့၏၊ အဝိရောဓော ယထာ သိယာ - အကြင်နည်းဖြင့် ဖြေဆိုလျှင် ဝိရောဓ ( ဒေါသ ) မဖြစ်တော့၊ တထာ ဒေါသပရိဟာရဝဗောဓော- ထိုသို့ အပြစ် မဖြစ်လေသံသော နည်းဖြင့် ဖြေဆိုပုံကို သိရာအခန်းကို ပြတော့မည်-ဟူလို။

**ဒေါသပရိဟာရာဝ•ဗောဓ**။ ။ဒေါသာနံ-တို့ကို+ပရိဟာရော- ရှောင်လွှဲခြင်း၊ ဝါ - ဖြေပုံ၊ အဝဗုဇ္ဈတိ ဧတ္ထ ဧတေန ဝါတိ အဝ ဗောဓော၊ ဒေါသပရိဟာရဿ-အပြစ်တို့ကို ဖြေပုံ(ရှောင်လွှဲပုံ)ကို+ အဝဗောဓော - သိရာသိကြောင်း အခန်းတည်း၊ ဒေါသပရိဟာရ ဝဗောဓော - ခန်း၊ " နိယတေ - ဆောင် " ဟူရာ၌ " ဆောင်ယူ၍ ပြမည်''ဟုဆိုလိုသည်၊ ပြခါနီးနေပြီဖြစ်သောကြောင့် သမီပဝတ္တမာန် တေဝိဘတ်ဖြင့် "နိယတေ" ဟု ဆိုထားသည်၊ "ဆောင်ပြတော့မည်၊ ဆိုတော့မည် "ဟု ပဋိညာဉ်ပြုသော စကားပင်တည်း။

www.dhammaransi.com



တဏ္ဍ ဝိရုဒ္ဓတ္ထန္တရဿ ပရိဟာရော ယထာ—

၇၀။ ဝိန္ဒန္တိ ပါကသာလီနံ, သာလီနံ ဒဿနာ သုခံ၊
တံ ကထံနာမ မေဃောယံ, ဝိသဒေါ သုခယေ ဇနံ။

၇၀။ တဏ္ဍ-ထိုဒေါသ၏ အဖြေတို့တွင်၊ ဝိရုဒ္ဓတ္ထန္တရဿ- ဝိရုဒ္ဓတ္ထန္တရဒေါသ၏၊ ပရိဟာရော-အဖြေဟူသည်၊ ယထာ - အဘယ်နည်း၊........ပါကသာလီနံ - မှည့်ရင့်ခြင်းနှင့် ယှဉ်ကုန်သော၊ ဝါ- မှည့်ရင့်ခြင်းကြောင့် နှစ်သက်ဘွယ်ရှိကုန်သော၊ သာလီနံ-သလေးအပင်တို့ကို၊ ဒဿနာ-မြင်ရခြင်းကြောင့်၊သုခံ-စိတ်ချမ်းသာခြင်းကို၊ ဝိန္ဒန္တိ-ခံစားရသော၊ တံဇနံ-လယ်လုပ်သမား , ထိုယောကျ်ားကို၊ ဝိသဒေါ - ရေကိုပေးတတ်သော၊ အယံမေဃော - ဤမိုဃ်းသည်၊ ကထံနာမ သုခယေ - အဘယ်မှာ ချမ်းသာစေနိုင်ပါအံ့နည်း၊ ( န သုခယတိ ဧဝ-မချမ်းသာစေနိုင်သည်သာ။)

× × × × × × ×

၇၀။ ဝိန္ဒန္တိ ၊ပေ၊ ဇနံ ။ ။ ဝိရုဒ္ဓတ္ထန္တရ ဒေါသကို ရှောင်လွှဲပုံ (အဖြေ) ပြသော ဂါထာတည်း၊···· ရိတ်သိမ်းခါနီး၍ မှည့်နေသော သလေးစပါးတို့ကို မြင်ရသည့်အတွက် စိတ်စက်ရွှင်ပြ သုခရနေသော လယ်သမားကို ( ရေကို ပေးတတ်သော ) မိုဃ်းသည် အဘယ်မှာ ချမ်းသာစေနိုင်ပါတော့အံ့နည်း၊ " ထိုမိုဃ်းကြောင့် ရိတ်သိမ်းခါနီး စပါးပင်တွေ ကေန် ပျက်စီးရချေတော့မည် ဖြစ်ရကား မချမ်းသာစေ နိုင်ပါ " ဟူလို။ [ " ဝိသဒေါ- ဇလဒါယကော "ဟု ဋီကာဖွင့်သော ကြောင့် ဝိသဒေါကို တနက်သာ ပေးပါ။]

မှတ်ချက် ။ ။ " ဝိသဒေါ " ပုဒ်၌ " ရေကို ပေးတတ်သော" ဟူသော အနက်အပြင် " အဆိပ်ကို ပေးတတ်သော " ဟူသော အနက်တပါး ရနိုင်၏၊ သို့သော် ထိုအနက်တပါးသည် ဆန့်ကျင်ဘက် မဟုတ်၊ စပါးရိတ်သိမ်းချိန်ရွာလျှင် ရေကိုပေးတတ်သောမိုဃ်းလည်း အဆိပ်ကို ပေးတတ်သော မိုဃ်းနှင့် မချမ်းသာစေနိုင်ခြင်း အားဖြင့် သဘော တူ၏၊ ထို့ကြောင့် ဝိသဒေါပုဒ်သည် ဝိရုဒ္ဓတ္ထန္တရ ဒေါသ မသင့်တော့ချေ၊ ဤသို့လျှင် ကဝိတို့၏ ကျွမ်းကျင်မှုကြောင့် အပြစ်သင့်နေသော"ဝိသဒေါ"ပုဒ်ကို"ဝိန္ဒန္တိပါကသာလီနံ"စသော ပုဒ်တို့ဖြင့်

www.dhammaransi.com



ဇါထေး ဖေးမ၍ ဖြေလိုက်ရာ အပြစ်ကင်း၍ (ပုဒ်နေသန့်ရှင်းသော) ပသာဒဂုဏ်ဘက်သို့ သက်ရောက်လာလေသည်။

**ပါကသာလိနီ သုခယေ ။** ။ " သာလီသဒ္ဒါသည် ယှဉ်ခြင်း-နှစ်သက်ခြင်းကို ဟော၏"ဟု ပကတိဗောဓ အဘိဓာန်၌ ဆိုသတတ်၊ ပါကေန-မှည့်ခြင်းနှင့်+သာလီ-ယှဉ်သော စပါးပင်တို့တည်း၊ ပါက သာလီ-တို့၊ နေ၀်"သာလိ"ကား သလေးစပါး အနက်ဟောတည်း၊ သုခယေ၌ သုခဓာတ်မရှိ ဟု ယူဆ၍ ဋီကာ၌"သုခံကရောတိ"အနက်၌ နာမဓာတ် ဟု ဆို၏၊ သုခဓာတ် ကာရိတ် ဏာယ ပစ္စည်းဖြင့် ပြီးနိုင် သောကြောင့်ရင်း, နာမ်ပုဒ်နောင် ဓာတ်အနက်၌ အယပစ္စည်းလည်း မရှိသောကြောင့်ရင်း, ထို ဋီကာသစ်စကားကို စဉ်းစားပါ။

အဂတ္ထိ ဥဒယေ ကာလေ, သာရဒေ ဝိမလေ ဝိဟော၊<br>
သီတစ္ဆော ဝိသဒေါ မေဃော, ဗိဝဏ္ဏံ သုခယေ ဇနံ။

အဂတ္ထိဥဒယေ - အဂတ္ထိမည်သော ကြယ်နီကြီး၏ ထွန်းတက်ရာ ဖြစ်သော၊ သာရဒေ-သရဒဥတု၌ဖြစ်သော၊ ကာလေ-အခါ၌၊ဝိဟေ-ကောင်းကင်သည်၊ ဝိမလေ- ကင်းသော အညစ်အကြေး ရှိလသော်၊ သီတစ္ဆော - မြကြည်လင်သော၊ ဝိသဒေါ - ရေကိုပေးတတ်သော၊ မေဃော-မိုယ်းသည်၊ ဗိဝဏ္ဏံ- သောက်သော၊ ဇနံ- လူအပေါင်းကို၊ သုခယေ- ချမ်းသာစေနိုင်၏။

ဤသို့ သီတစ္ဆော ( သီတ + အစ္ဆော ) ဟု ဝိသေသန ကူမ လိုက်လျှင် "ဝိသဒေါ" ၌ "အဆိပ်ကိုပေးတတ်သော"ဟု အနက် မရနိုင်သောကြောင့် ဝိရုဒ္ဓတ္ထန္တရမှ ကင်းတော့ သတတ်၊ ဤကား ယောနိဿယ အဆို တည်း၊ စံကျောင်းနိဿယ၌ကား "ဣမာ အနစ္ဆရိယာ ဂါထာယော ပုဗ္ဗေ အဿုတ ပုဗ္ဗာ ပဋိဘံသု"ကို ထုတ်ပြ၍၊ အနစ္ဆရိယာ၌"အနု+အစ္ဆရိယာ-အဘန်ဘန် အံ့ဩအပ်ကုန်သော"ဟုအနက်သာလိုရင်းတည်း၊ သို့သော်"န+အစ္ဆရိယာ-မအံ့ဩအပ်ကုန်သော "ဟု ဆန့်ကျင်ဘက် အနက်ရှိသော်လည်း " အဿုတ ပုဗ္ဗာ—မကြားအပ်ဘူးကုန်သော "ဟူသော ဝိသေသနကြောင့် ထိုအနက် မရ နိုင်တော့ရကား ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်၏ ဟု မိန့်လေသည်၊ လိုရာအနက်မှ အခြားအနက်တမျိုးရှိရုံမျှဖြင့် ဝိရုဒ္ဓတ္ထန္တရဒေါသမသင့်နိုင်ကြောင်း, ထိုအနက် တပါးက ဆန့်ကျင်ဘက်အကျိုးကိုဖြစ်စေမှ ဝိရုဒ္ဓတ္ထန္တရဒေါသသင့်ကြောင်းကို ဒေါသခဏ်း၌ ပြခဲ့ပြီ။

www.dhammaransi.com



**ယထာဝါ**

၇၁။ ဝိနာယကောပိ နာဂေါ·သိ, ဂေါတမောပိ မဟာမတိ၊
ပဏ္ဍိတောပိ ရသာပေတော, စိတ္တာ မေ သာမိ တေ ဂတိ။

၇၁။ ယထာဝါ- ဥဒါဟရဏ် တမျိုးကား။ ····သာမိ-အရှင်၊ တွံ-အရှင်သည်၊ ဝိနာယကောပိ-ဂဠုန်ဖြစ်ပါလျက်လည်း၊ နာဂေါ-နဂါးသည်၊ အသိ-ဖြစ်ပြန်၏၊ ဂေါတမောပိ-ထူးချွန်လွန်ကဲ, မိုက်မဲသော နွားဖြစ်ပါလျက်လည်း၊ မဟာမတိ - ကြီးသော ပညာရှိသူသည်၊ အသိ- ဖြစ်ပေ၏၊ ပဏ္ဍိတောပိ – မွန်မြတ်သော အာဟာရဖြစ်ပါလျက်လည်း၊ ရသာပေတော-ကောင်းမြတ်သော အရသာမှ ကင်းသည်၊ အသိ-ဖြစ်ပြန်၏၊ တေ-အရှင်၏၊ ဂတိ-ဖြစ်ပုံသည်၊ မေ-ကျွန်ုပ်အလိုအားဖြင့်၊ စိတ္တာ-ထူးပေ ဆန်းပေသည်တကား။

( တနည်း ) သာမိ- ရှင်တော်မြတ်ဘုရား၊ တွံ- ရှင်တော်မြတ်ဘုရားသည်၊ ဝိနာယကောပိ-သတ္တဝါတို့ကို ဆုံးမတော်မူတတ်သည် ဖြစ်၍သာလျှင်၊ နာဂေါ- မကောင်းမှုကိလေသာ, ကင်းကွာတော်မူသည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ ဂေါတမောပိ-ဂေါတမအနွယ် ဖြစ်၍သာလျှင်၊ မဟာမတိ - မြတ်သော သဗ္ဗညုတာ ဉာဏ်ပညာ ရှိတော်မူသည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ ပဏ္ဍိတောပိ·မြတ်သော ပုဂ္ဂိုလ်ဖြစ်လျက်သာလျှင်၊ ရသာပေတော- ကာမဂုဏ်အရသာကို ခံစားခြင်းမှ ကင်းတော်မူပါပေ၏၊ တေ - ရှင်တော်မြတ်ဘုရား၏၊ ဂတိ - ဖြစ်ပုံသည်၊ မေ - တပည့်တော်၏ အလိုအားဖြင့်၊ စိတ္တာ- အံ့ဩဘွယ်ရာ ဆန်းကြယ်ပါပေသည်ဘုရား။

× × × × × × ×

၇၁။ ဤဂါထာ၌ မသိသူတို့ အနက်ပေးနည်းဖြင့် ပဌမအတိုင်း ပေးလျှင်.... "ဂဠုန်ဖြစ်လျက်+နဂါးဖြစ်ခြင်း, နွားမိုက် ဖြစ်လျက်+ ပညာရှိကြီးဖြစ်ခြင်း, မွန်မြတ်သောအာဟာရ ဖြစ်ပါလျက်+အရသာ မရှိခြင်း" ဟု ရှေ့နောက် ဆန့်ကျင်ဘက်အနက် ထွက်နေရကား ပုဒ် အားလုံးပင် အပြန်အလှန် (ဝိနာယကောထောံ၍ နာဂေါသည်ငြင်း, နာဂေါထောက်၍ ဝိနာယကောသည်ငြင်း, ဤသို့စသည်ဖြင့်)ဝိရုဒ္ဓတ္ထန္တရဒေါသသင့်နေ၏၊ အနက်မှန်ကို သိသူတို့၏ ပေးနည်းဖြင့် နောက်နည်းအတိုင်း အနက် ပေးပြန်လျှင် ထိုပုဒ် အားလုံးပင် အပြစ်ကင်း

www.dhammaransi.com



**အရျတ္တသ ယထာ**

၇၂၊ ကထံ တာဒိ ဂုဏာဘာဝေ,လောကံ တောသေတိ ဒုဇ္ဇနော၊
ဩဘာသိတာ·သေသဒိသော,ခဇ္ဇောတော နာမ ကိံ ဘဝေ။

၇၂။ **အရျတ္တသ- အရျတ္တ ဒေါသ၏၊ ပရိဟာရော, ယထာ-**
**နည်း၊**.... ဒုဇ္ဇနော - လူယုတ်မာသည်၊ တာဒိ ဂုဏာဘာဝေ - တာဒိ
**ဂုဏ်၏ မရှိခြင်းကြောင့်၊ လောကံ-လူအပေါင်းကို၊ ကထံ တောသေ**
**တိ - အဘယ်မှာ နှစ်သက်စေနိုင်အံ့နည်း၊ ( န တောသေတိ ဧဝ-**
**မနှစ်သက်စေနိုင်သည်သာ၊ ) ဩဘာသိတာ·သေသဒိသော- ထွန်း**

× × × × × × ×

လေ၏၊ ထို့ကြောင့် အနက် ၂ မျိုး ပေးရသည်။ [ ဤဂါထာသည်
''ပဟေလိ ''အခန်း၌ပြမည့် ဝဉ္စိတာပဟေလိ ဂါထာတည်း။]

**ဝိဂ္ဂဟ။** ။ ပြခဲ့သော **အနက်** ၂ မျိုးစီရဘို့ရာ သင့်တော်အောင်
ဝိဂ္ဂြိုဟ်ပြုရ၏၊ ဝိသဒ္ဒါသည်ငှက်ဟောပရိယာယ်၌ပါ၏၊[''သကုနော စ
သကုန္တော ဝိ'' **အဘိဓာန်** ၆၂၄၊] ဝိနံ+ နာယကော ဝိနာယကော-
ငှက်တို့၏ + ရှေ့ဆောင် အကြီးအကဲ-ဟူသည် ဂဠုန်တည်း၊ **သတ္တေ**
**ဝိနေတီ**တိ ဝိနာယကော - **သတ္တာ** တို့ကို ဆုံးမတော်မူသော ဘုရား၊
ဂစ္ဆတီ**တိ ဂေါ၊ န+ဂေါ-အဂေါ၊ မသွားတတ်သောအကောင်၊ န+
အဂေါ နာဂေါ- မသွားတတ်မဟုတ် , သွားတတ်သောအကောင်၊
ဝါ-နဂါး၊ နတ္ထိ+ အာဂု(ပါပံ) ဧတဿာတိ နာဂေါ - မကောင်းမှု
မရှိသော ရဟန္တာ။

ဂုန္နံ+အတိ**သယော** ဂေါတမော- နွားတို့တွင် လွန်ကဲသောနွား၊
ဝါ-နွားမိုက်၊ ဂေါတမ**ဿ**+ အပစ္စံ ဂေါတမော - ဂေါတမအနွယ်
ဖြစ်သော ဘုရားရှင်၊ မ**ဟတီ**+ မ**တိ** ယဿာတိ မဟာမတိ၊ ပဓာနံ-
ပြဋ္ဌာန်းသည်၏ အဖြစ်သို့+ နီတော ပဏီတော- မွန်မြတ်သောအစာ၊
ဝါ-မွန်မြတ်သောဘုရား၊ [ဤပုဒ်၌ ဝိဂ္ဂဟ ၂ မျိုးပြုဘွယ်မလို။ ] ရသ
တော + အပေတော ရသာပေတော - အရသာမှကင်းသည်၊ ကာမ
အရသာကို ခံစားခြင်းမှကင်းသောဘုရား၊ (အရသရူပေါ-ပါဠိ တော်
မှိသည်၊)ဋီကာဟောင်း၌ ''သိင်္ဂါရာဒိဟိ အပေတော -သိင်္ဂါရစသော
ရသတို့မှ ကင်းတော်မူ၏''ဟု ဆို၏၊ကရုဏာရသ-သန္တရသ စသည်ကို
ဘုရားရှင်သုံးစွဲတော်မူသေးသောကြောင့်ဋီကာစကားကိုစဉ်းစားပါ။

www.dhammaransi.com



လင်းအပ်သော အကြွင်းမရှိ အရပ်ရှိသော၊ ဝါ- အကြွင်းမရှိသော အရပ်တို့ကို ထွန်းလင်းနိုင်သော၊ ခဇ္ဇောတော နာမ - ပိုးစုန်းကြူး မည်သည်၊ ကိံ ဘဝေ-အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊(နဘဝတိ ဧဝ- မရှိနိုင်သည်သာ။)

× × × × × × ×

၇၂။ ကထံ၊ ပေ၊ ဘဝေ။ ။ "ဩဘာသိတာ·သေသဒိသော- ဟူသော ပုဒ်သည် ခဇ္ဇောတော၏ ဝိသေသနဖြစ်၍ ဒေါသခဏ်း၌ အချုတ္တဒေါသ"ဟုဆို၏၊ ဤ၌ကား-"ကိံ ဘဝေ-အလုံးစုံသော အရပ် ကို ထွန်းလင်းနိုင်သော ပိုးစုန်းကြူး မည်သည် မရှိနိုင် " ဟု " ကိံ + ဘဝေ"ပုဒ်တို့ဖြင့်ဖါထေး၍ဖြေသောကြောင့်"ဩဘာသိတာ·သေသ ဒိသော"ဝိသေသနပုဒ်သည် အချုတ္တဒေါသမှ လွတ်၏။

မှတ်ချက်။ ။ ဂါထာ၏ နောက်ထက်ဝက်သာ ဆိုလိုရင်းဖြစ်ပါ သော်လည်း ဂါထာလည်းပြည့် လူယုတ်မာကို နှိမ်သော အဓိပ္ပါယ် လည်း ရှိအောင်"ကထံ တာဒိ ဂုဏာဘာဝေ,လောကံ တောသေတိ ဒုဇ္ဇ◌နာ " ဟု ရှေ့ထက်ဝက်ကိုလည်း ထည့်စွက်၍ပြသည်၊ " အရပ် မျက်နှာ အားလုံးကို ထွန်းလင်းနိုင်သော ပိုးစုန်းကြူးမည်သည် မရှိ သကဲ့သို့, တာဒိ ဂုဏ်မရှိခြင်းကြောင့် လူအပေါင်းကို နှစ်သက်စေနိုင် သော လူယုတ်မာမည်သည်လည်း မရှိနိုင် " ဟူလို။ [ ပိဋကတော်၌ ဣဋ္ဌ- အနိဋ္ဌ စသည်တို့ကြောင့် မတုန်လှုပ်ခြင်းကို " တာဒိဂုဏ် " ဟု ဖွင့်၏၊ ဋီကာတို့ကား လူအပေါင်းကို နှစ်သက် စေနိုင်သော သီလ သမာဓိ ပညာဂုဏ်ကို"တာဒိဂုဏ်"ဟု ဖွင့်ကြလေသည်။]

စံကျောင်းနိဿယ ။ ။ " သီလဝါ မက္ကဋော - သီလရှိသော မျောက် " ဟု ဆိုလျှင် သီလဝါ ဟူသော ဝိသေသနသည် မျောက်နှင့် မတန်သောကြောင့် အချုတ္တဒေါသရောက်၏၊"ကော တေသုတောဝါ ဒိဋ္ဌောဝါ, သီလဝါနာမ မက္ကဋော-အဘယ်မျောက်ကို သီလရှိသော မျောက် " ဟု သင်ကြားအပ် တွေ့အပ်ဘူးသနည်း " ဟု ဒုကနိပါတ် ဒုတိယဇာတ်လာ ဂါထာအတိုင်းဖြေလျှင်"အချုတ္တဒေါသ ပြေ၏"ဟု မှာထားလေသည်၊ "ဘုရားအလောင်းမျောက်မင်း " ကို" သီလဝါ မက္ကဋော " ဟု ဆိုလျှင်ကား သီလဝါပုဒ်သည် နဂိုရ်ကပင် အချုတ္တ ဒေါသ မသင့်။

www.dhammaransi.com



## ကိလိဋ္ဌဒေါသ အဖြေ

၇၃။ ပဟေလိကာယ·မာရူဠှာ, နဟိ ဒုဋ္ဌာ ကိလိဋ္ဌတာ၊
ဗိယာ သုခါလိင်္ဂိတက်, မှာလိင်္ဂတိ နုနော ဣတိ။

၇၃။ ပဟေလိကာယံ - စကားထာဝှက်ခြင်းသို့၊ အာရူဠှာ-တက်ရောက်သော၊ ကိလိဋ္ဌတာ- အနက်ထင်၍ မဖြစ်လေသံအောင် ညစ်သော ပုဒ်၏ အဖြစ်သည်၊ ဒုဋ္ဌာ - အပြစ်ဒေါသသည်၊ နဟိ-မဟုတ်ချေ၊ ဗိယာ - ချစ်မငြီးဘွယ်, ဇနီးသယ်သည်၊ အာလိင်္ဂိတံ-လည်ဖက်အပ်သော၊ ကံ-အဘယ်မည်သော ယောကျ်ားကို၊ သုခံ-ကိုယ်စိတ် ၂ ဖြာ ချမ်းသာခြင်းသည်၊ နော အာလိင်္ဂတိ နု-လည်ဖက်သည် မမည်ဘဲ ရှိတော့အံ့နည်း၊ ( အာလိင်္ဂတိ ဧဝ - လည်ဖက်ရာရောက်တော့သည်သာ၊ ) ဣတိ- ဤသို့ အစရှိသည်တည်း။

× × × × × × ×

၇၃။ ပဟေလိကာယ။ ။[သုခံ+အာလိင်္ဂိတံ+ ကံ + အာလိင်္ဂတိ။]ကိလိဋ္ဌဒေါသ၌ပြခဲ့သော“ဗိယာ”ပုဒ်သည် ရိုးရိုးစီကုံးရာ၌သာ ဒေါသသင့်၏၊ ထိုပုဒ်ကို ကြည့်ရှုကြံစည်သူတို့၏ ဉာဏ်ကို စမ်းသော အားဖြင့် စကားထာဝှက်“ပဟေလိပုဒ်ပါ”ဟုဆိုလျှင် ဗိယာပုဒ်သည် ကိလိဋ္ဌမဖြစ်၊ ထို့ကြောင့် ဒေါသအခန်း၌ပြခဲ့သော“ဗိယာ”ပုဒ်ကို ပင် ထပ်၍ ထုတ်ပြသည်။

ပဟေလိကာ။ ။[ပ ပုဗ္ဗ, ဟိလဓာတ်, ဏွုကို အက ပြု၊ ဒါယိကာ ကဲ့သို့ အကို ဣပြု၊ အာပစ္စည်း၊ “ ပဟေလိ ” ဟု ရှိရာ၌ ဏပစ္စည်း, ဣတ္ထိဇောတက ဤပစ္စည်း၊] ( လငယ်နှင့် ) ဟိလဓာတ်သည် ဟာဝကရ-စမ္ဗယ်ကွန့်မြူးမှုကိုပြုခြင်း(အပျော်ကစားခြင်း၌)ဖြစ်၏၊“ပကာရေန+ဟိလန္တိ တောယာတိ ပဟေလိကာ-အပြားအားဖြင့် မြူးပျော်ကြကြောင်း ( စကားထာဝှက်တန်း ကစားကြောင်း)စကား”၊ ဤ ပဟေလိကို နောက်၌ သီးခြားပြထား၏။

ကီဠာဂေါဋ္ဌီ ဝိနောဒေသု, တညူဟျာကိဏ္ဏမန္တနေ၊
ပရဗျာမောဟနေ စာပိ, သောပယောဂါ ပဟေလိကာ။

ကီဠာဂေါဋ္ဌီဝိနောဒေသု- ပျော်မြူးရာ ပွဲသဘင်ဝယ် အမျိုးမျိုး ပျက်လုံးထုတ်ခြင်းတို့၌၎င်း၊ တညူဟိ - ထို ပဟေလိကို သိသူတို့သည်၊ အာကိဏ္ဏမန္တနေ-လူပြွမ်းသောအရပ်တွင် အများမသိအောင်တိုင်ပင်

www.dhammaransi.com



**ယမကကိလိဋ္ဌဒေါသ**

၇၄။ ယမကေ နေ၀ ပယောဇေယျ, ကိလိဋ္ဌပဒမိစ္ဆိတော၊
တတော ယမက မညံ့တု, သဗ္ဗမေတံမယံဝိယ။

ဣစ္ဆိတော-အလိုရှိအပ်သော၊ ယမကေ-ယမကဉ္ဇ၊ ကိလိဋ္ဌ ပဒံ-အနက်ထင်၍ မဖြစ်လောက်အောင် ညစ်သောပုဒ်ကို၊ နေ၀ပယော ဇေယျ-မယှဉ်စေရာ၊ ဝါ-မသုံးစွဲရာ၊ တတော-ထိုကိလိဋ္ဌဒေါသနှင့် မယှဉ်သော ယမကမှ၊ အညံ့- အခြားသော၊ သဗ္ဗံ- အလုံးစုံသော၊ ယမကံ-ယမကသည်၊ ဧတံမယံဝိယ- ဤကိလိဋ္ဌဒေါသဖြင့် ပြုအပ်သကဲ့သို့၊ ဟောတိ-ဖြစ်၏။

× × × × × × ×

ခြင်း၌ငှင်း၊ ပရဗျာမောဟနေစာပိ- သူတပါးတို့ မသိစေလိုရာ၌ငှင်း၊ ပဟေလိကာ- ပဟေလိသည်၊ သောပယောဂါ- ကျေးဇူးများ၏။

[ဆောင်] ပွဲသဘင်မှာ, စကားထာဝှက်မှု, ပျက်လုံးပြု၏၊ သိသူ့ချင်းသာ, လူပြွမ်းရာဝယ်, ဝှက်ကာတိုင်ပင်, ထို့ပြင် သူတပါး, သိ-မသွားအောင်, စကားဝှက်သော, ပဟေလိပြော, မှတ်လော ကျေးဇူးများသတည်း။

---

၇၄။ ယမကေ၊ပေ၊ဝိယ။ ။"ဣစ္ဆိတယမက"ဟူသည်"ပတိ တသဒ္ဒရစိတံ"စသော(၂၅)ဂါထာ၌ပြခဲ့သောယမကတည်း၊"ထိုသို့ ဖွဲ့စီးဘို့ရန်လိုလားအပ် ကောင်းမြတ်သော ယမက၌ အသိခက်သော ပုဒ်မျိုးမပါစေရ၊ တတော အညံ့-ထိုကိလိဋ္ဌပုဒ် မပါသော ယမကမှ တပါး, ကိလိဋ္ဌပုဒ်ပါသော ယမက အားလုံးကား ဤကိလိဋ္ဌဒေါသ သင့်သော ယမကချည်းဖြစ်၍ မဖွဲ့စီးသင့်ပါ"ဟူလို။

ဧတံမယံဝိယ။ ။ဧတေန-ဤကိလိဋ္ဌဒေါသဖြင့်+နိဗ္ဗတ္တံ-ဖြစ်စေ အပ်သည်တည်း၊ ဧတံ မယံ-ဤ ကိလိဋ္ဌဒေါသဖြင့် ဖြစ်စေအပ်သည်၊ နိဗ္ဗတ္တအနက်၌ မယပစ္စည်းသက်၊ နိဗ္ဗတ္တ ဟူသည် "ကတ - ပြုအပ်" ပင်တည်း၊ ဧတံ၌ နိဂ္ဂဟိတ်လာ၊ ဝိယဖြင့် "ပညာရှိ ကဝိတို့၏ လက် စွမ်းပြ ယမက ဖြစ်သော်လည်း အသိခက်အောင် စီကုံးလျှင် (ဂုဏ် မတက်သည့်ပြင်) ကိလိဋ္ဌဒေါသ သင့်သော ပုဒ်နှင့် အလားတူပင် အပြစ်ရသည်"ဟု ဆိုလိုသည်။

www.dhammaransi.com



ဒေသဝိရောမိနော ယထာ

၇၅။ ဗောဓိသတ္တပ္ပဘာဝေန, ထလေပိ ဇလဇာန္နဟုံ၊
နုဒန္တာနိဝ သုစိရာ–ဝါသလ္လေသံ တဟိံ ဇလေ။

၇၅ ဒေသဝိရောမိနော-ဒေသဝိရောမိ ဒေါ်သ၏ပရိဟာရော-အဖြေသည်၊ ယထာ- အဘယ်နည်း၊........ဗောဓိသတ္တပ္ပဘာဝေန-ဘုရားအလောင်း၏တန်ခိုးရှိန်စော်အာနုဘော်ကြောင့်၊ ဇလဇာနိ-ရေ၌ဖြစ်ကုန်, ပန်းမျိုးစုံတို့သည်၊ တဟိံ ဇလေ - ထိုရေ၌၊ သုစိရာဝါသလ္လေသံ – ကြာမြင့်စွာ နေရခြင်းကြောင့် ညှောင်းညာပင်ပန်းခြင်းကို၊ နုဒန္တာနိဝ-ဖြေဖျောံကုန်သကဲ့သို့၊ ထလေပိ-ကြည်းကုန်း၌လည်း၊ အဟုံ- ဖြစ်လာကုန်ပြီ။

× × × × × × ×

၇၅။ ဗောဓိသတ္တ၊ပေ၊ဇလေ။ ။ "ရေ၌ ပွင့်နေကျဖြစ်သော ပဒုမ္မာစသော ပန်းတို့သည် ကုန်း၌လည်း ပွင့်ကြကုန်၏" ဟု ဆိုလျှင် အရပ်ဒေသနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ဒေသဝိရောမိဒေါ်သ သင့်၏၊ " ဘုရားအလောင်း၏ တန်ခိုးတော်ကြောင့် ပွင့်ကြသည် " ဟု ဘုရားအလောင်းတန်ခိုးကို ထည့်စွက်လိုက်ခြင်းကြောင့် တရံတခါ ပွင့်နိုင်ကြရကား ထိုဒေသဝိရောမိဒေါ်သပြေ၏၊ [ဤ၌ "ဗောဓိသတ္တပ္ပဘာဝေန"သည် ဒေါ်သကို ဖြေသောပုဒ်တည်း။]

မှတ်ချက်။ ။ဒေသကာလကလာလောက-စသည်ဖြင့် ဝိရောမိဒေါ်သ တို့ကို ပြခဲ့သည်အားလျော်စွာ ဤ အဖြေခက်း၌လည်း ထိုဒေသဝိရောမိစသော အစဉ်အတိုင်း ဖြေထားသည်။

သုစိရာ၊ပေ၊လ္လေသံ။ ။သုစိရံ - အလွန်ကြာမြင့်စွာ + အာဝါသော – နေရခြင်း၊ သုစိရာဝါသော၊ သုစိရာဝါသေန - ကြောင့်+ လ္လေသော (ကိလေသော) - ညှောင်းညာ ပင်ပန်းခြင်းတည်း၊ သုစိရာဝါသလ္လေသော - ခြင်း၊ " ရေထည်း၌ နေရတာ ကြာသောကြောင့် (ညှောင်းသဖြင့်)အညှောင်းအညာ ဖြေတဲ့သဘောနှင့် ကုန်းပေါ်မှာ ပွင့်လာကြသည် " ဟူလို။ [ အညှောင်းဖြေတတ်သော သဘောမရှိသော်လည်း ရှိသကဲ့သို့ တင်စားပြောသော တဒ္ဓမ္မူပစာ, နောက်၌ လာမည့် သမာဓိအလင်္ကာစကားလည်း ဖြစ်သည်။]

www.dhammaransi.com



### ကာလဝိရောဓိနော ယထာ

၇၆။ မဟာနုဘာဝ ပိသုနော, မုနိနော မန္တမာရုတော၊
သဗ္ဗောတုကမယံ ဝါယိ, ဓုနန္တော ကုသုမံ သမံ။

၇၆။ ကာလဝိရောဓိနော-ကာလဝိရောဓိဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊.... အယံ မန္ဒမာရုတော-ဤ လေပြေလေညှင်းသည်၊ မုနိနော - ဘုရားအလောင်း သုမေဓာရှင်ရသေ့၏၊ မဟာနုဘာဝ ပိသုနော- ကြီးမားသော အာနုဘော်ကို, ထင်ပေါ်အောင်ပြလျက်၊ သဗ္ဗောတုကံ-ဆောင်းနွေမိုးဃ်းဟု, ဥတုအားလုံး၌ ပွင့်သော၊ ကုသုမံ-ပန်းမျိုးစုံကို၊ သမံ-မိမိနှင့်အညီအမျှ၊ ဓုနန္တော-ဘိုက်ခက်လျက်၊ ဝါယိ- မွှေးပြန့်သင်းကြိုင်, လှိုင်ပေပြီ တကား။

### ကာလဝိရောဓိနော ယထာ

၇၇။ နိမုဂ္ဂမာနသော ဗုဒ္ဓ-ဂုဏေ ပဋ္ဌသိခံသပိ၊
တန္တိဿရဝိရောဓေ သော, န သမ္ဗုဇ္ဈတိ ကံ ဇနံ။

× × × × × × ×

၇၆။ မဟာနုဘာဝ ပိသုနော။ ။ "လေပြေ လေညှင်းသည် ဆောင်း , နွေ , မိုးဃ်း , ဟု ဥတု ၃ ပါး၌ ပွင့်သော ပန်းအားလုံးကို တိုက်ခတ်၍ လာ၏" ဟူရာ၌ ဥတု ၃ ပါးလုံး၌ ပွင့်သော ပန်းတို့သည် တပြိုင်နက် မပွင့်နိုင်သောကြောင့် ကာလဝိရောဓိဒေါသ ဖြစ်၏၊ ဘုရားအလောင်း၏ တန်ခိုးတော် ထင်ပေါ်အောင် တရံတခါ ဥတု ၃ ပါး၌ ပွင့်သောပန်းတွေ တဥတုထည်းမှာ စုပြိုင်၍ ပွင့်နိုင်ကြ၏၊ ထို့ကြောင့် "မဟာနုဘာဝပိသုနော" သည် ထိုဒေါသ၏ အဖြေတည်း၊ [မုနိနော အရ ဘုရားအလောင်းကို ဋီကာတို့ဖွင့်ကြ၏၊ ဘုရားရှင်၏ တန်ခိုးတော်ကြောင့်လည်း ပွင့်နိုင်သည်သာ။]

မဟာနုဘာဝ၊ ပေ၊ သဗ္ဗောတုကံ ။ ။ မဟာနုဘာဝံ- ကြီးစွာသော တန်ခိုးတော်ကို + ပိသတိ - ထင်ရှားပြတတ်၏၊ ဣတိ မဟာနုဘာဝ ပိသုနော၊ (လေက အာနုဘော်ကို ထင်ရှား မပြတတ်သော်လည်း ပြသကဲ့သို့ တင်စားသော တဒ္ဓမ္မူပစာ စကားပင်တည်း၊) သဗ္ဗ ဥတူသု+ဇာတံ သဗ္ဗောတုကံ၊ [ဓု ဓာတ်သည် ( စာလန ) လှုပ်စေခြင်း (လှုပ်အောင် တိုက်ခတ်ခြင်း) အနက်ရှိ၏။]

www.dhammaransi.com



၇၇။ ကလာဝိရောဓိနော- ကလာဝိရောဓိ ဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊....ဗုဒ္ဓဂုဏေ-မြတ်စွာဘုရား၏ဂုဏ်တော်၌၊ နိမုဂ္ဂမာနသော - သက်ဝင်နစ်မြုပ်သော စိတ်ရှိသော၊ ပဥ္စသိခဿပိ - ပဥ္စသိခနတ်သား၏ သော်မှလည်း၊ သော တန္တိဿရ ဝိရောဓော-စောင်းအသံ၏,မမှန်ချို့ယွင်း,ထိုဆန့်ကျင်ခြင်းသည်၊ ကံဇနံ-အဘယ်မည်သူ , နတ်နှင့်လူကို၊ န သမ္ဘာဝေတိ - မနှစ်သက်စေဘဲ ရှိပါအံ့နည်း၊(သမ္ဘာဝေတိ ဝေ-နှစ်သက်စေနိုင်သည်သာ။)

× × × × × × ×

၇၇။ နိမုဂ္ဂ၊ပေ၊ဇနံ။ ။စောင်းသံ၏ ကလာကျမ်း အစီအရင်နှင့် မကိုက်ညီလျှင် ကလာဝိရောဓိဒေါသရောက်၏၊ဘုရားရှင်၏ ဂုဏ်တော်ကို ဖေါ်ပြသော သီချင်းကြီးမျိုးကို တီးနေသောအခါဖြစ်လျှင် ဘုရားဂုဏ်တော်၌ စိတ်စိုက်လျက် တီးမိရကား စောင်းသံသည် ( ပဥ္စသိခနတ်သား၏ စောင်းသံပင် ဖြစ်သော်လည်း)ကလာကျမ်းနှင့် ဆန့်ကျင်အောင် လွဲမှားမည်သာ၊ ထိုသို့လွဲမှားရာ၌ နားထောင်သူတို့က အပြစ်မတင်ဘဲ "ကြည့်ဟေ့ ကြည့်ဟေ့ , ဘုရားအာရုံ၌ စိတ်ရောက်နေလို့ တီးလုံးတွေ လွဲပေါ့ လွဲပေါ့" ဟု သရော်သလိုနှင့် ပျော်စရာဖြစ်၍ တမျိုး ပွဲကျနိုင်သည် - ဟူလို။ [ ဤဂါထာ၌ " နိမုဂ္ဂမာနသော ဗုဒ္ဓဂုဏေ" သည် အဖြေတည်း၊ " ဂုဏ်တော်၌ နစ်မြုပ်နေသော ပီတိကြောင့် လွဲမှားရသည် " ဟူလို၊ နိမုဂ္ဂံ + မာနသံ ယဿာတိ နိမုဂ္ဂမာနသော။]

ကလာဝိရောဓိ၊ ။ဝီဏာယ-စောင်း၏၊တန္တိယာ-ညှို့၌(ကြိုး၌)၊ ဃဋ္ဋနကြိယာ - ထိခိုက်ခြင်း တီးခြင်း အမူအရာရင်း၊ အဒ္ဓမတ္တိကာ ကာလော - မတြာဝက်ကာလရင်း၊ ဟတ္ထာဒီနံ - လက်စသည်တို့၏၊ သန္နိဝေသ လက္ခဏော - စုံဝေး ပေါင်းဆုံခြင်း လက္ခဏာ ရှိသော၊ မာနော-မာနရင်း၊ ဋတိဋမေဟိ တီဟိလက္ခဏေဟိ-နှင့်၊ ယုတ္တဿ-ယှဉ်သော၊ မန္ဒသီဃ(သိဃ်)မဇ္ဈိမပ္ပမာဏေဟိ - အနှေး, အမြန်, အလယ်အလတ် ပမာဏတို့ဖြင့်၊ ဘိန္နဿ - ကွဲပြားသော၊ ဆဇ္ဇာဒိ သတ္တ သရဿ-ဆဇ္ဇ,စသော အသံ၇မျိုး၏၊[အဘိဓာန် ၁၃၂ကြည့်] ကလာသတ္တာဂတက္ကမဿ - ကလာကျမ်း၌ လာသော အစီအစဉ်၏၊ ဝိနာသသင်္ခါတော ဝိရောဓော။

www.dhammaransi.com



**လောကပိရောမိနော ယထာ**

၇၀။ ဂဏယေ စက္ကဝါဠံ့ သော, စန္ဒနာယပိ သီတလံ၊
သမ္မောဓိသတ္တဟာဒယော, ပဒိတ္တင်္ဂါရပူရိတံ။

၇၀။ လောကပိရောမိနော-၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊ ···· သောသမ္မောဓိသတ္တဟာဒယော-သဗ္ဗညုတဉာဏ်၌ ကပ်ငြိသော စိတ်နှလုံးရှိတော်မူသော ထို ဘုရားအလောင်းသည်၊ ပဒိတ္တင်္ဂါရပူရိတံ-ရဲရဲထိန်ညီး မီးကျီးတို့ဖြင့်ပြည့်သော၊ စက္ကဝါဠံ့-စကြာဝဠာ တိုက်ကို၊ စန္ဒနာယပိ - စန္ဒကူးနံ့သာ ထက်လည်း၊ သီတလံ-အေးမြ၏ ဟူ၍၊ ဂဏယေ-ရေတွက်နိုင်၏။

× × × × × × ×

၇၀။ ဂဏယေ၊ ပေ၊ ပူရိတံ ။ ။ " စကြာဝဠာတတိုက်လုံး ရှားမီးကျီးတွေပြည့်နေ၏၊ စကြာဝဠာ၏ မြောက်ဘက်စွန်း၌ သဗ္ဗညုတဉာဏ်တော် ရှိ၏၊ တောင်ဘက်အစွန်းမှ တတိုက်လုံး ပြည့်နေသော မီးကျီးတွေကို နင်း၍ သွားနိုင်လျှင် မြောက်ဘက် အစွန်း၌ ရှိသော သဗ္ဗညုတဉာဏ်ကို ရနိုင်၏" ဟု စကားဥပမာအားဖြင့် ပြောဆိုလျှင် "ဘုရားအလောင်းတော်သည် ထို မီးကျီးလောက်ကိုတော့ အတွက် မရှိ, စန္ဒကူးထက် အေးမြ၏ "ဟု ယူဆ၍ မီးကျီးတွေကို နင်းသွားလျက် မြောက်ဘက်စွန်းက သဗ္ဗညုတ ဉာဏ်တော်ကို ယူမည်သာ၊ "ဘုရားအလောင်းတော်တို့၏ သဗ္ဗညုတဉာဏ်ရလိုသော ဆန္ဒကား ဤမျှလောက် ပြင်းပြရပါသည်"ဟူလို။

သမ္မောဓိ၊ ပေ၊ ပူရိတံ။ ။ သမ္မောဓိယံ+သတ္တံ-ငြိကပ် (စွဲလမ်း) သည်တည်း၊ သမ္မောဓိသတ္တံ+ဟာဒယံ ယဿာတိ သမ္မောဓိသတ္တဟာဒယော၊ ပကာရေန+ဒိပ္ပန္တီတိ ပဒိတ္တာနိ-အပြားအားဖြင့် ထိန်နေကုန်သော (ရဲရဲငြိနေကုန်သော)မီးကျီးတို့၊ ပဒိတ္တာနိစ+တာနိ+အင်္ဂါရာနိစာတိ ပဒိတ္တင်္ဂါရာနိ၊ တေဟိ+ပူရိတံ ပဒိတ္တင်္ဂါရပူရိတံ။

မှတ်ချက်။ ။ ဤဂါထာ၌ " အလွန်ပူသော မီးကျီးကို စန္ဒကူးထက်ပင် အေး၏ " ဟု ဆိုသဖြင့် လောကပိရောမိဒေါသ ရောက်စရာရှိသော်လည်း "သဗ္ဗညုတဉာဏ်၌ စွဲလမ်းနေသော အလောင်းတော်၏ အလိုအားဖြင့် ပြောတာပါ" ဟု ဆိုလျှင် ဒေါသပြေ၏၊ ထို့ကြောင့် "သမ္မောဓိသတ္တဟာဒယော"သည် အဖြေစကားတည်း။

www.dhammaransi.com



ဉာယဝိရောဓိနော ယထာ

၇၉။ ပရိစ္စတ္တဘဝေါပိ တွ-မုပနီတဘဝေါ အသိ၊
အစိန္တျဂုဏ သာရာယ, နမော တေ မုနိပုင်္ဂဝ။

၇၉။ ဉာယဝိရောဓိနော - ၏၊ ပရိဟာရော - သည်၊ ယထာ- နည်း၊....မုနိပုင်္ဂဝ-မုနိတွင်ငွတင် ရှင်တော်မြတ်ဘုရား၊တွံ-ရှင်တော် မြတ်ဘုရားသည်၊ ပရိစ္စတ္တဘဝေါ - စွန့်လွှတ်အပ် ပြီးသော ဘဝ ရှိသည်၊ ဝါ-ဘဝကို စွန့်လွှတ်ပြီးသည်၊ ( သမာနော ) ပိ - ဖြစ်ပါ လျက်လည်း၊ ဉပနီတဘဝေါ - သတ္တဝါတို့အတွက် ဆောင်ယူအပ် သောဘဝရှိသည်၊ ဝါ-သတ္တဝါတို့အတွက် ဘဝကို ဆောင်ယူတော် မူသည်၊ အသိ - ဖြစ်တော်မူ၏၊ အစိန္တျဂုဏသာရာယ - မကြံအပ် မကြံနိုင်သော ဂုဏ်အနှစ် ရှိတော်မူသော၊ တေ - ရှင်တော်မြတ် ဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊(အတ္ထု-ဖြစ်ပါစေသတည်း။)

× × × × × × ×

၇၉။ ပရိစ္စတ္တ၊ပေ၊ပုင်္ဂဝ။ ။မိမိမှာရှိသောပစ္စည်းကို သူတပါး အား ပေးခြင်းသာလျှင် ဉာယ(လောက၌အသင့်ယုတ္တိ)ရှိ၏၊ ဘုရားရှင် သည် သုဂတိ - ဒုဂ္ဂတိဘဝအားလုံးကို စွန့်တော်မူပြီးဖြစ်၍ ဘဝ မရှိ တော့ပြီ၊ သို့ပါလျက် သတ္တဝါတို့အတွက် သုဂတိဘဝကို ဆောင်တော် မူပြန်၏၊ သုဂတိဘဝ ရအောင် တရားဟောသောအားဖြင့် သုဂတိ ဘဝကို ပေးတော်မူပြန်၏ - ဟူလို၊ ဤသို့ မိမိမှာ မရှိသော ဘဝကို ပေးတော်မူခြင်းသည် ဉာယဝိရောဓိ ( အသင့်ယုတ္တိမရှိသော ဒေါသ) ရောက်စရာ ရှိသော်လည်း မကြံစီနိုင်အောင် ကြီးကျယ်သော ဂုဏ် အနှစ်ရှိသော ဘုရားရှင်တို့မှာ ဤသို့ ပေးစွမ်းနိုင်သော သဘောရှိ သောကြောင့် ထို ဉာယဝိရောဓိဒေါသ မသင့်တော့ချေ၊ ထို့ကြောင့် အစိန္တျဂုဏသာရာယသည် ထို ဝိရောဓိ၏ အဖြေတည်း။ [ဤဂါထာ ၌ ပရိစ္စတ္တဘဝနှင့် ဉပနီတဘဝတို့ ဝိရောဓိဒေါသဖြစ်ပုံကို သတိပြုပါ၊ အနက်အမျိုးမျိုး ပေးကြသည်ကား လိုရင်းမရောက်။]

မှတ်ချက်။ ။သက္ကတ၌ စတုတ္ထီ(သ)မှန်လျှင် အာယပြုလေ့ရှိ၏၊ ထို့ကြောင့် '' ဂုဏသာရာယ ''ဟု ဆိုသည်၊ သင်ပုန်းကြီး ပဏာမ၌ ''နမောဗုဒ္ဓါယ''ဟု ဆိုခြင်းလည်း ဤအတိုင်းပင်တည်း။

www.dhammaransi.com



**အာဂမ ဝိရောဓိနေယျ ယထာ**

၈၀။ နေဝါလပတိ ကေနာပိ, ဝစီဝိညတ္တိတော ယတိ၊
သမ္ဘဇာန မုသာဝါဒါ, ဖုသေယျာ·ပတ္တိဒုက္ကဋံ။

၈၀။ အာဂမဝိရောဓိနေယျ-အာဂမဝိရောဓိ ဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ- နည်း၊....ယတိ-ရဟန်းသည်၊ ကေနာပိ-တစုံတယောက်နှင့် အတူလည်း၊ နေဝါလပတိ- စကားမပြောသည်မှာ ကေန်တည်း၊ ( တထာပိ-ထိုသို့ပင် စကားမပြောပါသော်လည်း၊) ဝစီဝိညတ္တိတော - ဝစီဝိညတ်ကြောင့်၊ ( ပဝတ္တာ - ဖြစ်သော၊ ) သမ္ပဇာနမုသာဝါဒါ-သမ္ပဇာနမုသာဝါဒကြောင့်၊အာပတ္တိဒုက္ကဋံ-ဒုက္ကဋ်အာပတ်သို့၊ ဖုသေယျ-ရောက်ရာ၏။

× × × × × × ×

၈၀။ နေဝါလပတိ ။ ။ " တစုံတယောက်နှင့်မျှ အတူစကားမပြော"ဟု ဆိုသဖြင့် " ဝစီဝိညတ် မဖြစ် " ဟု သိသာ၏၊ ဝစီဝိညတ်မဖြစ်ပါဘဲ" ဝစီဝိညတ်ကြောင့်ဒုက္ကဋ်အာပတ် သင့်၏ " ဟု ဆိုသဖြင့် အဘိဓမ္မာ ပါဠိတော်ဟူသော အာဂမနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသရောက်သကဲ့သို့ ဖြစ်၏၊ သို့သော် "ပါတိမောက်ရွတ်ပြ၍ ဥပုသ်ပြုနေကြစဉ် မိမိမှာ အာပတ်ရှိလျှင် ထင်ရှားအောင် ပြောပြုရမည်" ဟု ဝိနည်းပါဠိတော် ( နိဒါနုဒ္ဒေသ ) ရှိ၏၊ ထိုသို့ ဝိနည်းပါဠိတော်ရှိသောကြောင့် မိမိ အာပတ်ကို မပြောပြသော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုဒုက္ကဋ်အာပတ်ကား နှုတ်ဖြင့်ပြောဆိုမှု ပြုရမည်ကို မပြုသည့်အတွက် သင့်ရသောကြောင့် " ဝစီဝိညတ်ကြောင့်ဖြစ်သော အာပတ်"ဟုဆိုနိုင်ရကား အဘိဓမ္မာပါဠိတော်ဟူသော အာဂမနှင့် မဆန့်ကျင်တော့ချေ။

ဝစီကြောင့် သင့်ရပုံ။ ။မိုယ်းကောင်းလျှင် သုဘိက္ခ ( သာယာဝပြောမှု)ဖြစ်၏၊ မိုယ်းမကောင်းလျှင် ဒုဗ္ဘိက္ခ(ဝတ်မွတ်ခေါင်းပါးမှု) ဖြစ်၏၊ ဤ၌ သုဘိက္ခဖြစ်မှုကို "မိုယ်းကြောင့်" ဒုဗ္ဘိက္ခ ဖြစ်မှုကိုလည်း "မိုယ်းကြောင့် " ဟု ဆိုရ၏၊ ထို့အတူ ပြောခြင်းကြောင့် သင့်သော အာပတ်ကို " ဝစီဝိညတ်ကြောင့် "ဟု ဆိုရသကဲ့သို့ ပြောသင့်လျက် မပြောခြင်းကြောင့်သင့်သောအာပတ်ကိုလည်း"ဝစီဝိညတ်ကြောင့်" ဟု ဆိုရသည်။

www.dhammaransi.com



နေယျသ ယထာ

၈၁။ မရိစိစန္ဒနာလေပ-လာဘာ သိတမရိစိနော၊
ဇုမာ သဗ္ဗာပိ ဝေလာ,ဒိသာ ရောစန္တိ နိဗ္ဗုရံ။

၈၁။ နေယျသ-နေယျဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊ .... သိတမရိစိနော - အေးမြသော အရောင်ရှိသော လမင်း၏၊ မရိစိစန္ဒနာလေပလာဘာ- အရောင်တည်းဟူသော စန္ဒကူးဖြင့် လိမ်းကျံမှုကို ရခြင်းကြောင့်၊ သဗ္ဗာပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဇုမာဒိသာ - ဤ အရပ်မျက်နှာတို့သည်၊ ဝေလာ - ဖွေးဖွေးဖြူကုန်လျက်၊ နိဗ္ဗုရံ-အလွန်အမင်း၊ ရောစန္တိ-တင့်တယ်ကုန်၏။

× × × × × × ×

၈၁။ မရိစိ၊ပေ၊နိဗ္ဗုရံ။ ။ဒေါသခက်း၌ ဖြူဖွေးခြင်း၏အကြောင်းတို့ကို ဖေါ်မပြသောကြောင့် " ဝေလာ " ပုဒ်သည် နေယျဒေါသ သင့်ခဲ့၏၊ ဤ ဂါထာ၌ကား " သိတမရိစိနော မရိစိစန္ဒနာလေပလာဘာ=လရောင်ဟူသော စန္ဒကူးဖြူဖြင့် လိမ်းကျံထားခြင်းကြောင့်" ဟု ဖြူဖွေးခြင်း၏ အကြောင်းကိုပြသောကြောင့် " ဝေလာ "ပုဒ်သည် နေယျဒေါသမှ လွတ်တော့၏။

မရိစိ၊ပေ၊ မရိစိနော။ ။သီတာ+မရိစိ ယဿာတိ သီတမရိစိ-အေးမြသော အရောင်ရှိသော လမင်း ( သီတရံသိနှင့် အနက်တူ၊)မရိစိ သင်္ခါတံ- အရောင် ဟု ဆိုအပ်သော + စန္ဒနံ- စန္ဒကူးဖြူတည်း၊ မရိစိ စန္ဒနံ - အရောင် တည်းဟူသော စန္ဒ ကူးဖြူ၊ [ စန္ဒကူး အစစ် မဟုတ်, "အရောင်တည်းဟူသော စန္ဒကူး" ဟူလို။ ] နိဗ္ဗုရံကို "အတိသယေန-အလွန်အကဲအားဖြင့်" ဟု ဖွင့်၏၊ ဆိုလိုရင်းကား- လူ၏မျက်နှာသည် နဂိုရ်မဲနေသော်လည်း စန္ဒကူးဖြူဖြင့်လိမ်းထားသောအခါ ဖွေးဖွေးဖြူလျက် တင့်တယ်သကဲ့သို့ ထို့အတူ လရောင်မရှိချိန်ကမဲမှောင်နေသော အရပ်တည်းဟူသောမျက်နှာတို့လည်း လရောင်တည်းဟူသောစန္ဒကူးဖြူဖြင့် လိမ်းကျံအပ်သောကြောင့် ဖွေးဖွေးဖြူလျက် အလွန်တင့်တယ်ကြသည် - ဟူလို။ [ နောက်၌လာမည့် ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာတည်း။ ]

www.dhammaransi.com



ယထာဝါ

၈၂။ မနောနုရဉ္ဇနော မာရ-ဂ်နာ သိင်္ဂါရဝိဗ္ဘမော၊
ဇိနေန႕သမနုညာတော, မာရဿ ဟဒယာ႕နလော။

ယထာဝါ- သဒ္ဒ သာမတ္ထိယကြောင့် နေယျဒေါသ မသင့်ပုံ ဥဒါဟရုဏ် တမျိုးကား၊ ....ဇိနေန-ငါးမာရ်အောင်မြင်, ဘုရားရှင်သည်၊ အသမနုညာတော- လက်ခံသမှု ခွင့်ပြုတော်မမူအပ်သော၊ မနောနုရဥ္စနော- စိတ်နှလုံးကို, ရွှင်ပြုံး နှစ်သက်, တပ်မက်စေနိုင်သော၊ မာရဂ်နာ သိင်္ဂါရ ဝိဗ္ဘမော - မာရ်မင်း၏ သွီးတော်, ညီမသုံးဘော်တို့ , မြူးပျော်လိုကြောင်း , သိင်္ဂါရ ရသဖြင့် ပြုအပ်သော ဖျားယောင်းမှုသည်၊ မာရဿ-ခမည်းတော် မာရ်နတ်မင်း၏၊ ဟဒယာ႕နလော - နှစ်လုံး အသဲ , စွဲ၍လောင်ငြီး , သောကမီးသည်၊ (ဇာတော- ဖြစ်ရလေပြီ။)

× × × × × × ×

၈၂။ မနောနုရဥ္စနော ။ ။ ဒေါသာဝဗောဓ အခဏ်း၌ ''ဒုလ္လဘာ႕ဝဂတိ သဒ္ဒ-သာမတ္ထိယ ဝိလင်္ဃိနီ''ဖြင့် တိုက်ရိုက်ပါသော သဒ္ဒါဖြင့် အနက်ကိုသိရခြင်း, သဒ္ဒါ၏ သာမတ္ထိယအားဖြင့် အနက်ကို သိရခြင်း ဟု ၂ မျိုးပြခဲ့၏၊ ထိုတွင် ရှေ့ဂါထာဖြင့် ''မရီစိစန္ဒနာလေပ လာဘာ ''ဟု တိုက်ရိုက်ပါသော သဒ္ဒါဖြင့် သိအပ်သော ( ဖွေးဖွေး ဖြူခြင်း၏အကြောင်းဖြစ်သော)အနက်ကိုပြပြီး၍ သာမတ္ထိယအားဖြင့် သိရပုံကို ဥဒါဟရုဏ် ပြလိုသောကြောင့် ''ယထာဝါ''စသည် မိန့်။

ဆိုလိုရင်း။ ။ ဘုရားရှင်ကို ပလ္လင်လုခြင်း စသည်ဖြင့် ယှဉ်ပြိုင်၍ မရသော မာရ်နတ်မင်းသည် ဝသဝတ္တီနတ်ပြည်၌ မှိုင်နေ၏၊ထိုမှိုင်နေသည်ကို သူ၏သွီးတော်များဖြစ်ကြသော ''တဏှာ, အရတိ, ရဂါ'' မည်သော နတ်သွီး ၃ ယောက်တို့ မြင်ကြသဖြင့် မှိုင်ခြင်းအကြောင်းကို မေးကြလေသော်, .... သိဒ္ဓတ်မင်းသားသည် ငါ၏နယ်မှ လွတ်သွားသောကြောင့် မှိုင်ကြောင်းကို ပြောလေ၏၊ ထိုအခါ ''မလွတ်အောင် သူတို့ ဖျားယောင်းမည် '' ဟု ပြော၍ ဘုရားရှင်ထံ လာပြီးလျှင် ဖျားယောင်းမှုကို ဘုရားရှင်သည် သဘောတူ လက်ခံတော်မမူလိုက်၊ ထိုသို့လက်ခံတော်မမူခြင်းသည် မာရ်နတ်ကြီး၏စိတ်၌(နှလုံးအသဲ၌) မီးစွဲသည့်ပမာ လွန်စွာပူလောင်သော သောကဖြစ်လေသည်။

www.dhammaransi.com



**သာမတ္ထိယဖြင့် သိရပုံ။** ။ ဤဂါထာ၌ တိုက်ရိုက်ပါသော စကားကို စဉ်းစားလျှင် "မာရ်နတ်သမီးတို့ ဖျားယောင်းကြ၏၊ ဘုရားရှင်က သဘောတူတော်မမူ၊ မာရ်နတ်ကြီးအသဲ မီးစွဲ၏" ဟူသော အချက် ၃ ရပ်ကိုသာ သိရ၏၊ "မာရ်မင်းသမီးများ ရှုံးသွားသည်" ဟူသော အနက်ကား တိုက်ရိုက်မပါ၊ ထိုသို့ မပါသော်လည်း "မာရ်နတ်ကြီးမှာ သောကအပူမီး ဖြစ်၏" ဟု အကျိုးကိုပြသော "မာရဿ ဟဒယာနလော" သဒ္ဒါ၌ ဖလူပစာရ - ဖလာနုမာန နည်းအားဖြင့် အကြောင်း ရှုံးခြင်းကိုပါ ပြစွမ်းနိုင်သောသတ္တိ ရှိ၏၊ ထိုသဒ္ဒါ၏ ထိုသတ္တိဖြင့် ရှုံးခြင်းကိုသိရခြင်းသည် သဒ္ဒသာမတ္ထိယဖြင့်သိရခြင်းတည်း။ [ဖလူပစာရ-အကျိုး၏အမည်၊ ဖလာနုမာန-အကျိုးကို အစဉ်လိုက်၍ ကြည့်သောအခါ အကြောင်းကိုလည်း မှန်းနိုင်သောနည်း။]

**ဝစနတ္ထ။** ။မနံ- မြင်ရသူတို့၏ စိတ်ကို + အနုရဥ္ဇယတိ- အဘန် တလဲလဲ စွဲစေနိုင်၏၊ ဣတိ မနောနုရဥ္ဇနော၊ မာရဿ- မာရ်နတ်၏+ အင်္ဂနာ-သမီးမိန်းမတို့တည်း၊ မာရင်္ဂနာ-တို့၊ အင်္ဂနာသဒ္ဒါသည် မိန်းမ သာမန်ကိုဟောသော်လည်း ဘုရားရှင်ကိုလာ၍ဖျားယောင်းသူတို့မှာ မာရ်နတ်၏ သမီးတို့သာတည်း၊ ပသတ္ထံ အင်္ဂံ ယဿာ အတ္ထိတိ အင်္ဂနာ - ချီးမွမ်းဘွယ် ကိုယ်အင်္ဂါရှိသော မိန်းမ၊ သက္ကတအဘိဓာန်၌ န ပစ္စည်းဖြင့် ရှိ၏။

"ပေါသဿ နာရိယံ ပေါသေ" - စသော အဘိဓာန် ( ၁၀၃) ဂါထာနှင့်အညီ မိန်းမနှင့်ယောက်ျားတို့၏ ချစ်ကြိုက်မှုကို သိင်္ဂါရဟု ခေါ်၏၊ ဤနေရာ၌ကား ချစ်ဘို့ရန်တောင့်တမှုကို "သိင်္ဂါရ" ဟု ခေါ်၊ ဝိဗ္ဘမသဒ္ဒါသည် မိန်းမတို့၏ ပရိယာယ်မာယာ များစွာကို ဟော၏၊ [အဘိဓာန်နိဿယသစ် (၁၇၄) အဖွင့်ကို ကြည့်ပါ။]ဋီကာ၌ "ရတိကီဠာပဟေတုဘူတ ကာမပတ္ထနာသင်္ခါတ သိင်္ဂါရေန- ပျော်မြူးခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ကာမကို တောင့်တခြင်းဟု ဆိုအပ်သော သိင်္ဂါရဖြင့်၊ ကတလီလာ - ပြုအပ်သော တင့်တယ် စမ္ပါယ်ခြင်း" ဟု ဖွင့်ရာ၌ ပရိယာယ်မာယာ အမျိုးမျိုးပြ၍ ဖျားယောင်းခြင်း ဟုပင် ဆိုလိုသည်၊ "မာရင်္ဂနာနံ-တို့၏+သိင်္ဂါရ ဝိဗ္ဘမော - သိင်္ဂါရ ရသဖြင့် ပြုအပ်သော ဖျားယောင်းခြင်း" ဟု အလွယ်ပေးပါ။

www.dhammaransi.com



### ဝိသေသနာပေက္ခဿ ယထာ

၇၃။ အပယာတတာပရာဓံပိ, အယံ ဝေရိ ဇနံ ဇနော၊
ကောဓပါဋလဘူတေန, ဘိယျော ပဿတိ စက္ခုနာ။

၇၃။ ဝိသေသနာပေက္ခဿ- ဝိသေသနာပေက္ခဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ- နည်း။.... ဝေရိ - ရန်သူဖြစ်သော၊ အယံ ဇနော-ဤလူတယောက်သည်၊ အပယာတတာပရာဓံပိ- ကင်းသော အပြစ်ရှိပါသော်လည်း၊ ဇနံ- ရန်သူတယောက်ကို၊ ကောဓပါဋလဘူတေန - ကောဓ အတွက်, ဖြူနီ ရောယှက်သည်ဖြစ်၍ ဖြစ်သော၊ စက္ခုနာ-မျက်စိဖြင့်၊ ဘိယျော- လွန်စွာ၊ ပဿတိ-ကြည့်၏။

× × × × × × ×

၇၃။ အပယာတတာ၊ပေ၊စက္ခုနာ။ ။ဒေါသခဏ်း၌"စက္ခုနာ"ကို ဝိသေသနာပေက္ခဒေါသ သင့်၏ ဟု ဆိုခဲ့၏၊ ဤဂါထာ၌ "ကောဓပါဋလဘူတေန"ဟူသော ဝိသေသနကို ရသောကြောင့် "စက္ခုနာ" သည် ဝိသေသနာပေက္ခဒေါသမသင့်တော့၊"ဝိသေသနပုဒ်ကိုငဲ့လျက် ရှိသော စက္ခုနာကို အခြားနည်းဖြင့် ဖြေရှုမပြေ၊ဝိသေသနထည့်ပေးမှ ပြေသည်" ဟူလို၊["အပယာတတာပရာဓံပိ, အယံ ဝေရိ ဇနံ ဇနော" တို့ကား ကောဓဖြစ်စရာကောင်းသော ကဏ္ဍားနှင့်ကံကို အပိုထည့်ပြခြင်းသာ ဖြစ်သည်။]

ကောဓပါဋလဘူတေန။ ။"ပါဋလော သေတလောဟိတော" အဘိဓာန် ( ၉၇ ) နှင့်အညီ အဖြူအနီရောသော အဆင်းမျိုးသည် ပါဋလမည်၏၊ ကောဓ ( ဒေါသ ) ဖြစ်သောအခါ မျက်စိ၏ဖြူသော နေရာဝယ် အနီရောင် ရောလာသည်ကို ဆိုသည်၊ ဤသို့ " ကောဓပါဋလဘူတေန" ဟု မကောင်းဘက်၌ ဝိသေသန ပြသကဲ့သို့ ကောင်းဘက်၌လည်း ဝိသေသနပြ၍—

"စိရပ္ပဝါသိံ ပုရိသံ, ဒူရတော သောတ္ထိမာဂတံ၊
သုဟဇ္ဇာ မိတ္တပုဗ္ဗေန, ဘိယျော ပဿန္တိ စက္ခုနာ"

ဟု ယောနိဿယ၌ အဖြေပြ၏၊ ဤ၌ "မိတ္တပုဗ္ဗေန"သည် စက္ခုနာ၏ အကောင်းဘက်က ဝိသေသနတည်း၊ [ စိရပ္ပဝါသိံ - ကြာရှည်စွာ ကွဲ၍နေသော၊ ဒူရတော - တရွာတကြေး, ရပ်အဝေးမှ၊ သောတ္ထိံ-

www.dhammaransi.com



## ဟီနတ္တဿ ယထာ

၈၄။ အပ္ပကာနံပိ ပါပါနံ, ပဘာဝံ နာသယေ ဗုဓော၊
အပိ နိပ္ပဘာတာ-နီတ-ခဇ္ဇောတတော ဟောတိ ဘာဏုမာ။

၈၄။ ဟီနတ္တဿ - ၏၊ ပရိဟာရော - သည်၊ ယထာ-နည်း၊....
ဗုဓော-ပညာရှိ သူတော်ကောင်းသည်၊ အပ္ပကာနံပိ- အနည်းငယ်
လည်းဖြစ်ကုန်သော၊ ပါပါနံ- မကောင်းမှုတို့၏၊ ပဘာဝံ - အစွမ်း
သတ္တိကို၊ နာသယေ - ဖျက်ဆီးရာ၏၊ ဘာဏုမာ - နေမင်းသည်၊
နိပ္ပဘာတာနီတခဇ္ဇောတတော အပိ - အရောင်မရှိသည်၏ အဖြစ်သို့
ဆောင်အပ်သော ပိုးစုန်းကြူးရှိသည်လည်း၊ ဝါ-ပိုးစုန်းကြူးတို့၏
အရောင်ကိုသော်မှ မရှိအောင်ပယ်နိုင်သည်၊ ဟောတိ-ဖြစ်၏။

× × × × × × ×

ကျွန်းကျွန်းမာမာ,ချမ်းချမ်းသာသာ၊ အာဂတံ-ပြန်ရောက်လာသော၊
ပုရိသံ-ကို၊ သုဟဇ္ဇာ-ချစ်ကျွမ်းဝင်သူ, အများလူတို့သည်၊ မိတပုဗ္ဗေန-
ပြုံးခြင်း ရှေးရှိသော၊ စက္ခုနာ- ဖြင့်၊ ဘိယျော- လွန်စွာ၊ ပဿန္တိ-
ကြည့်ကြကုန်၏။]

၈၄။ အပ္ပကာနမ္ပိ၊ပေ၊ဘာဏုမာ။ ။ပညာရှိဆိုတာ ကြီးကျယ်
သော မကောင်းမှုကို မဆိုထားဘိ, အနည်းငယ်သော မကောင်းမှု
တို့၏ အစွမ်းသတ္တိကိုသော်လည်း ဖျက်ဆီးရသည်၊ ဥပမာ့ ဘာလိုလဲ
ဆိုတော့—နေမင်းဟာ(အရောင်မှန်လျှင်)ပိုးစုန်းကြူးရောင်ကလေး
ကိုတောင် မရှောင်ဘဲ ပယ်ရှားသကဲ့သို့တည်း၊ ဒေါသခဏ်း၌"နိပ္ပဘီ
ကတခဇ္ဇောတတော" ပုဒ်ကို ဟီနတ္တဒေါသ သင့်သောပုဒ် ဟု ဆိုခဲ့၏၊
၍ဂါထာ၌ကား ဂရဟာဗောတက အပိသဒ္ဒါကြောင့်"နိပ္ပဘာနီတ
ခဇ္ဇောတတော" သည် ဒိဝါကရောကို ဂုဏ်ပျက်အောင် မပြု, ဂုဏ်
တက်အောင် ပြုရကား ဟီနတ္တဒေါသမှ လွတ်၏။ [ နိပ္ပဘာတာနီတ
ခဇ္ဇောတတောနှင့် ဒေါသခဏ်း၌ ဆိုအပ်ခဲ့သော " နိပ္ပဘီကတခဇ္ဇော
တော "သည် သဘောတူပင်တည်း၊ နိပ္ပဘာနံ +ဘာဝေါ နိပ္ပဘတာ၊
နိပ္ပဘတံ+ အာနီတာ နိပ္ပဘာတာနီတာနိ၊ ပ္ပဘတာနီတာ + ခဇ္ဇော
တာ ယေနာတိ နိပ္ပဘာတာနီတခဇ္ဇောတော။]

www.dhammaransi.com



**အနုဗ္ဗဿ ယထာ**

၇၅။ န ပါဒပူရဏတ္ထာယ, ပဒံ ယောဇေယျ ကတ္ထစိ၊
ယထာ ဝန္ဒေ မုနိန္ဒဿ, ပါဒပင်္ကေရုဟံ ဝရံ။

၇၅။ အနုဗ္ဗဿ - အနုဗ္ဗဒေါသ၏၊ ပရိဟာရော - သည်၊ ယထာ-နည်း။....ကတ္ထစိ-တစုံတခုသော အဖွဲ့အနွဲ့၌၊ ဝါ-မည်သည့် အဖွဲ့၌မဆို၊ ပါဒပူရဏတ္ထာယ-အနက်မရ,ပါဒအနေ,ပြည့်စေခြင်း အကျိုးငှါ၊ ပဒံ- ကို၊ နယောဇေယျ-မယှဉ်စေရာ၊ ဝါ-မသုံးစွဲရာ၊ ယထာ-ဥဒါဟရဏ်ကား။....ဝန္ဒေ၊ပေ၊ဝရံ-ဝန္ဒေ၊ပေ၊ဝရံဟူသည် တည်း။[မုနိန္ဒဿ-မုနိတွင်္ဒတင်,ဘုရားရှင်၏၊ ဝရံ-မြတ်လှစွာသော၊ ပါဒပင်္ကေရုဟံ-ခြေတော်အစုံ, ကြာပဒုံကို၊ ဝန္ဒေ-ရှိခိုးပါ၏။]

× × × × × × ×

၇၅။ နပါဒ ၊ပေ၊ ဝရံ။ ။ဤဂါထာ၌ အနုဗ္ဗဒေါသ မသင့် အောင် ဟိ- အပိ-စ တို့ကို မပါစေဘဲ " ဝန္ဒေ ဗုဒ္ဓဿ " နေရာဝယ် "ဝန္ဒေ မုနိန္ဒဿ"ဟု၎င်း, ရုဟမ္ပိစ (ရုဟံ + အပိ + စ)နေရာဝယ် "ရုဟံ ဝရံ"ဟု ပြင်၍၎င်း ပုံစံထုတ်သောအားဖြင့် ဒေါသကိုဖြေသည်၊ ထို့ကြောင့် ဒေါသသင့်ပြီးသော ဟိ စသည်တို့ကိုကား မသင့်အောင် ဖြေ၍မဖြစ်၊ ဂါထာစီကုံးရာ၌ အဘိဓာန်ပရိယာယ်ပုဒ်များကိုလဲလှယ် တတ်ဘို့လို၏၊လဲလှယ်စရာမရှိလျှင် သွတ္တအနက်၌သက်သော ဗျယ-က စသော ပစ္စည်းများသက်စေ၍ ပုဒ်ကိုကျယ်ပြန့်အောင် လုပ်တတ်စေ ရာ၏၊ ထိုသို့ မကျွမ်းကျင်လျှင် အနုဗ္ဗဒေါသမှ မလွတ်ဘဲ ရှိချေမည်၊ ဂါထာ၌သာ မက, စုဏ္ဏိယနှင့် ကဗျာလင်္ကာတို့၌လည်း ထို အနုဗ္ဗ ဒေါသ မသင့်အောင် သတိပြုရာ၏၊ [ " ဘိုးစဉ်ဘောင်ဆက်, ဘေး လက်ထက်၌"ဟူသောလင်္ကာဝယ်,ဘိုးနှင့်ဘေး အကြား၌"ဘောင်" ဟု မရှိရကား " ဘောင် "ဟူသော စကားသည် " အနုဗ္ဗဒေါသ သင့်၏''ဟု ယောနိဿယဆိုသည်။]

ပဒဒေါသရှစ်ပါး ပြီး၏။

www.dhammaransi.com



### ကေဋ္ဋဒေါသ အဖြေ

၈၆။ ဘယကောဓပယံသာဒိ, ဝိသေသော တာဒိသော ယဒိ၊
ဝဏ္ဏု(ကာမိယတေ ဒေါသော,နတတ္ထေ·ကဋ္ဋတာကတော။

ယထာ

၈၇။ သပ္ပေါ သပ္ပေါ အယံ ဟန္ဒ, နိဝတ္တတု ဘဝံ တတော၊
ယဒိ ဇီဝိတုကာမောသိ, ကထံ တ·မုပသပ္ပသိ။

၈၆။ ဘယကောဓပယံသာဒိ-ကြောက်ခြင်း အမျက်ထွက်ခြင်း ချီးမွမ်းခြင်းအစရှိသော၊ တာဒိသော-ထိုကဲ့သို့ ရှုအပ်သော၊ ဝိသေသော-အထူးကို၊ ဝဏ္ဏု-ဆိုခြင်းငှါ၊ ယဒိ ကာမိယတေ-အကယ်၍ အလိုရှိအပ်ငြားအံ့၊ တတ္ထ-ထို ဘယကောဓပယံသ စသော အထူး ရှိရာ၌၊ ကေဋ္ဋတာကတော - တခုသော အနက်ရှိသည်၏ အဖြစ် သည် ပြုအပ်သော၊ ဒေါသော- အပြစ်သည်၊ န- မရှိ။

၈၇။ ယထာ-ဥဒါဟရုဏ်ကား၊....ဟန္ဒ- ဟင်၊ အယံ- ဤဟာကား၊ သပ္ပေါ သပ္ပေါ - မြွေ , မြွေ၊ တွံ - သည်၊ ဇီဝိတုကာမော- အသက်ရှင်ခြင်းငှါ အလိုရှိသည်၊ ယဒိအသိ - အကယ်၍ ဖြစ်အံ့၊ (ဇေ၀ံသတိ-ဤသို့ဖြစ်လသော်)ဘဝံ-သင်သည်၊ တတော - ထို မြွေ အနီးမှ၊ နိဝတ္တတု-နောက်ဆုတ်ပါလော့၊ ကထံ- အဘယ့်ကြောင့်၊ တံ- ထိုမြွေသို့၊ ဥပသပ္ပသိ- ချဉ်းကပ်ဘိသနည်း။

× × × × × × ×

၈၆။ ဘယ၊ပေ၊ကတော။ ။''ဘယေ ကောဓေ ပယံသာယံ'' စသော အဘိဓာန်(၁၀၇)နှင့် အညီ ကြောက်ခြင်း စသော ကိစ္စ၌ ၂ကြိမ် ၃ ကြိမ်ထပ်၍ပြောရမြဲဖြစ်သောကြောင့် ကေဋ္ဋဒေါသမသင့်၊ ဂါမေ ဂါမေ - ကဲ့သို့ ဝိစ္ဆာ၌ရင်း, ယမကမျိုး၌ရင်း, ကေဋ္ဋဒေါသ မသင့်၊ [ဧကော+အတ္ထော ယေသံတိ ကေဋ္ဋာ၊ ကေဋ္ဋာနံ+ဘာဝေါ ကေဋ္ဋတာ၊ ကေဋ္ဋတာယ+ကတော ကေဋ္ဋတာကတော။]

၈၇။ သပ္ပေါသပ္ပေါ။ ။ဤဂါထာကား ''သပ္ပေါ သပ္ပေါ'' ဟု ၂ ကြိမ်ထပ်၍ အနက်တနက်ထည်း ရပါလျက် ကြောံခြင်းကြောင့် ဒေါသ မသင့်ပုံကို ပြသော ပုံစံတည်း။ ''ဟန္ဒ .... နိဝတ္တတု ဘဝံ တတော'' စသော စကားတို့ကား ဝါကျဒေါသ၏ အဖြေဖြစ်သော

www.dhammaransi.com



**ဘဂ္ဂရီတိနော ယထာ**

၈၈။ ယော ကောပိ ရူပါတိသယော, ကန္တိ ကာပိ မနောဟရာ၊
ဝိလာသာ·တိသယော ကောပိ, အဟော ဗုဒ္ဓမဟောဒယော။

၈၈။ ဘဂ္ဂရိတ်နော-ဘဂ္ဂရီတိဒေါသ၏၊ ပရိဟာရော- သည်၊ ယထာ- နည်း၊ ........ယော ရူပါတိသယော - အကြင် ရုပ်ပုံတော်၏ သာလွန် သပ္ပါယ်တော်မူခြင်းသည်၊ ( အတ္ထိ - ရှိ၏၊ သော ရူပါတိ သယော - ထို ရုပ်ပုံတော်၏ သာလွန် သပ္ပါယ်တော်မူခြင်းသည်၊) ကောပိ-ဘယ်၍ ဘယ်မျှ, မပြနိုင်အောင်, များမြောင်ကြီးကျယ်ပါ ပေ၏၊ မနောဟရာ - စိတ်နှလုံးကို, ယူကျုံး နှစ်သက်စေနိုင်သော၊ ကန္တိ-တင့်တယ်တော်မူခြင်းသည်၊ ကာပိ-ဘယ်၍ ဘယ်မျှ, မပြနိုင် အောင်, များမြောင် ကြီးကျယ်ပါပေ၏၊ ဝိလာသာ·တိသယော- သွားပုံ နေဟန်, အတန်တန်သော စမ့်ပါယ်ခြင်း၏ သာလွန်တော် မူခြင်းသည်၊ ကောပိ-ဘယ်၍ ဘယ်မျှ,မပြနိုင်အောင်, များမြောင် ကြီးကျယ်ပါပေ၏၊ ( တသ္မာ- ထို့ကြောင့်၊ ) ဗုဒ္ဓမဟောဒယော- မြတ်စွာဘုရား၏ ကြီးကျယ်တိုးပွားခြင်းသည်၊ အဟော - အော်···· အံ့သြဘွယ် ရှိပါပေ၏။

× × × × × × ×

ကြောင့် ဝါကျဖြစ်အောင် ( အဓိပ္ပါယ်လည်း စုံအောင် )ထည့်စွက်၍ ပြအပ်သော စကားတည်း၊ [ ဥပသပ္ပသိသည် '' သပ္ပ - ဂတိမှိ '' ဟု ဓာတ်ကျမ်းရှိသောကြောင့် ''ဥပဂစ္ဆသိ''နှင့် အနက်တူ၏။ ]

၈၈။ ယောကောပိ၊ ပေ၊ ဒယော။ ။ဤဂါထာ၌''ကောပိ, ကာပိ, ကောပိ''ဟု သဗ္ဗနာမ်ပုဒ် အစဉ်မပျက်သောကြောင့် ဘဂ္ဂရီတိ ဒေါသမှလွတ်၏၊ '' အဟော ဗုဒ္ဓမဟောဒယော '' ကား နိဂုံးဝါကျ ဖြစ်၍, ရှေ့ ၃ ဝါကျနှင့် အစဉ်တူဘွယ်မလို။ [ ဤဂါထာ၌ ရူပါတိ သယ-စသည်တို့သည်(ဒေါသခန်း၌ '' ပကတိပိ အဟောတဝ''ဟု ပြခဲ့သော)မပြုမပြင် ပင်ကိုယ်ပကတိ(တော်များပင်တည်း။ ]

မှတ်ချက်။ ။ကောပိ ကာပိ-တို့၌ ပိသည်(တနည်း-အပိသည်) သမ္ဘာဝနာ ဇောတကတည်း၊ ထို့ကြောင့်''ကော+ပိ '' ( ကော+ အပိ)ကို '' မနောဂေါစရဘာဝံ ဝိနာ-စိတ်၏ အာရုံအဖြစ်ကို ကြဉ်၍၊

www.dhammaransi.com



## ဗျာကိဏ္ဏဒေါသ လွတ်စေနည်း

၈၉။ အဗျာမောဟကရံ ဗန္ဓံ, အဗျာကိဏ္ဏံ မနောဟရံ၊
အဒူရပဒဝိန္နာသံ, ပသံသန္တိ ကဝိဿရာ။

၈၉။ အဒူရပဒဝိန္နာသံ - စပ်သင့်ရာ ပုဒ်များကို မဝေးအောင် ထားခြင်းရှိသော၊ ဝါ-စပ်သင့်ရာပုဒ်များကိုမဝေးအောင်ထားခြင်း ရှိသည်၏ အဖြစ်ကြောင့်၊ အဗျာကိဏ္ဏံ - မစပ်သင့်သော ပုဒ်တို့နှင့် ရှုပ်ထွေးခြင်းမရှိသော၊ ဝါ-မစပ်သင့်သောပုဒ်တို့နှင့် ရှုပ်ထွေးခြင်း

× × × × × × ×

ဝစနဝိသယာတိက္ကန္တတ္တာ - စကား၏ အရာကို လွန်သည်၏ အဖြစ် ကြောင့်၊ ကောပိယေဝ''ဟု ဖွင့်၏၊ '' စိတ်ဖြင့်သာ အာရုံပြုလို့ ရစရာ ရှိ၏၊စကားအားဖြင့်ကား ပြော၍မကုန်အောင် များမြောင်ကြီးကျယ် အံ့ဩဘွယ် ရှိပါပေသည်''ဟူလို။

ရူပါတိသယော။ ။သုပ္ပတိဋ္ဌိတ ပါဒတာဒိ ဒွတ္တိံသမဟာပုရိသ လက္ခဏေဟိ သောဘိတဿ - သုပ္ပတိဋ္ဌိတ ပါဒတာအစရှိသော ၃၂ ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတို့ဖြင့် တင့်တယ်သည်လည်း ဖြစ်သော၊ စိတ္တင်္ဂုလိတာဒိအသီတိ အနုဗျဉ္ဇနေဟိ အလင်္ကတဿ- ဆန်းကြယ်သော လက်ချောင်းတော် ရှိသည်၏ အဖြစ် အစရှိသော ရှစ်ဆယ်သောလက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်သည်လည်းဖြစ် သော၊ ဗျာမပ္ပဘာကေတုမာလာဟိ ဥဇ္ဇလဿ- တလံမျှလောံသော ကိုယ်ရောင်တော် , ကေတုမာလာ အရောင်တော်တို့ဖြင့် တောက်ပ သည်လည်းဖြစ်သော၊ ရူပကာယဿ+အာဓိက္ကံ- ရူပကာယတော်၏ လွန်ကဲသည်အဖြစ်။ [ အတိသယော၌ '' အတိ+ သီဎ်ဓာတ် '' ဖြစ်၍ '' သိရိ ''ဓာတ် မဟုတ်သောကြောင့် သ၌ ဒွေဘော်မလို။]

ကန္တိ၊ ပေ၊ မဟောဒယော။ ။ကန္တိကို '' သောဘာ''ဟုရင်း, ဝိလာသကို ''ဂမနာဒိ ဝိလာသဿ- သွားပုံအစရှိသော စမ္ပယ်ခြင်း ၏ ''ဟုရင်း, မဟောဒယောကို '' မဟာဘိဝုဒ္ဓိသင်္ခါတော ဥဒယော- ကြီးကျယ်သောတိုးပွါးခြင်းဟုဆိုအပ်သော ဥဒယ''ဟုရင်း,ဖွင့်သည်။ [မနော-ဖူးမြင်သူတို့၏စိတ်ကို+ဟရတိ-(ကျုံး၍ယူသကဲ့သို့)ဆွဲဆောင် နိုင်၏၊ ဝါ-နှစ်သက်စေနိုင်၏၊ ဣတိ မနောဟရာ။]

www.dhammaransi.com



မရှိသည်၏ အဖြစ်ကြောင့်၊ ( ဟေတုမန္တ ဝိသေသနများ၊ ) မနော ဟရံ-ကြည့်ရှုသူ လူအပေါင်း၏စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင် သော၊ အဗျာမောဟကရံ - အနက်ထင်လင်း၍, မတွေဝေခြင်းကို ပြုတတ်သော၊ ဗန္ဓံ - အဖွဲ့အနွဲ့ အစီအကုံးကို၊ ကဝိသဃာ - ကဝိ ထိပ်သီး, ပညာရှိကြီးတို့သည်၊ ပသံသန္တိ-ချီးမွမ်းကြကုန်၏။

× × × × × × ×

၇၉။ အဗျာမောဟတျာဒိ။ ။ဗျာကိဏ္ဏံဒေါသ သင့်ပြီးဝါကျ ကို ပြေအောင်ဖြေ၍ မရ၊ ထို့ကြောင့် " ဗျာကိဏ္ဏံသဿ ယထာ " ဟု အဖြေသဘောကို မပြဘဲ ဒေါသမဖြစ်အောင် စီကုံးနည်းကိုသာ ပြလို သောကြောင့် " အဗျာမောဟ " စသည်ကို ဋီကာဆိုသည်၊ ဤဂါထာ၌ " အဗျာကိဏ္ဏ ၊ ပေ ၊ ဝိန္ယာသံ " တို့သည် နောက်ကနေသော်လည်း အဗျာမောဟကရံ ဗန္ဓံတို့၏ ဝိသေသနတို့တည်း၊ထိုဝိသေသနတို့လည်း ဟိတ်အနက်အတွင်းငုပ်သော ဟေတုမန္တ ဝိသေသနတို့တည်း။

အဒူရ၊ပေ၊မနောဟရံ ။ ။ နတ္ထိ ဒူရံ(ဝေးကုန်သည်၏အဖြစ်) ယေသန္တိ အဒူရာနိ(ပဒါနိ)၊ ဝိ+နိပုဗ္ဗ အသဓာတ်သည် ထပနအနက် ဟောတည်း၊အဒူရပဒါနံ ဝိန္ယာသော ယတ္ထာတိ အဒူရပဒဝိန္ယာသော- အစပ်မဝေးအောင် ပုဒ်တို့ကိုထားခြင်းရှိသော(စပ်သင့်ရာ ပုဒ်များကို နီးနီးကပ်ကပ်ထားခြင်းရှိသော)ဗန္ဓ၊ ထိုသို့ အဒူရပဒဝိန္ယာသဖြစ်သော ကြောင့်ပင် မစပ်သင့်သော ပုဒ်တပါးတို့နှင့် ရောယှက်ခြင်း မရှိသော အဗျာကိဏ္ဏ အဖွဲ့ဖြစ်သည်၊ ထိုသို့ အဗျာကိဏ္ဏ ဖြစ်သောကြောင့်ပင် ပညာရှိစိတ်နှလုံးကို ယူကျုံးဆွဲဆောင်သော မနောဟရ အဖွဲ့လည်း ဖြစ်သည်၊ ထိုသို့မနောဟရ ဖြစ်သောကြောင့်ပင် အနက် အဓိပ္ပါယ် ယူရာ၌ ဇဝေဇဝါ ယုံမှားတွေဝေမှု "ဗျာမောဟ"ကို မပြုတတ်သော အဖွဲ့ဖြစ်သည်၊ ဗျာမောဟံ ကရောတီတိ ဗျာမောဟကရော၊ န + ဗျာမောဟကရော အဗျာမောဟကရော(ဗန္ဓော)။

ကဝိသဃာ။ ။ကဝီနံ+ဃ သဃာ ကဝိသဃာ - ကဗျာပညာရှိ တို့၏+အစိုးရပဓာန ဖြစ်သော တစ်နံပါတ်ပညာရှိကြီးများ၊ ကနိဋ္ဌ ဂုလိယာ ( လက်သန်းဖြင့် ) ဂဏီတဗ္ဗာ အဂ္ဂကဝိနောတိ အဓိပ္ပါ ယော = ကဗျာပညာရှိ တို့ကို လက်ထောင်၍ ရေတွက်ရာ၌ ( မိမိတို့ ရပ်ရွာနယ်ပယ်တွင် ) လက်သန်းဖြင့် ပဌမဦးဆုံး ရေတွက်ရသော

www.dhammaransi.com



ယထာ

၉၀။ နီလုပ္ပလာဘံ နယနံ, ဗန္ဓူကရုစိရော·ဓရော၊
နာသာ ဟေမကိုသော တေန,ဇိနော ယံ ပိယဒဿနော။

၉၀။ ယထာ- ဥဒါဟရဏ်ကား၊.... ( ဇိနဿ-မြတ်စွာဘုရား၏၊ ) နယနံ-မျက်လုံးတော် အစုံသည်၊ နီလုပ္ပလာဘံ-ကြာညိုပန်း၏ အဆင်းနှင့် တူသော အဆင်းရှိပါပေ၏၊ အဓရော-နှုတ်ခမ်းတော်သည်၊ ဗန္ဓူကရုစိရော - လယ်ခေါင်ရန်းပွင့် အသွေးကဲ့သို့ နီတွေးတင့်တယ်တော်မူပါပေ၏၊ နာသာ- နှာခေါင်းတော်သည်၊ ဟေမကိုသော–ရွှေချွန်းပါပေတည်း၊ ဝါ-ရွှေချွန်းနှင့် အလားတူတော်မူပါပေ၏၊ တေန-ထို့ကြောင့်၊ အယံဇိနော-ဤမြတ်စွာဘုရားသည်၊ ပိယဒဿနော-ချစ်ဘွယ်သော ဖူးမြင်ရခြင်းရှိပါပေ၏၊ ဝါ- ဖူးချင်စဘွယ်, သပ္ပါယ်တော်မူပါပေ၏။

× × × × × × ×

ထိပ်တန်းပညာရှိကြီးများ-ဟူလို။[လက်သီးဆုပ်ပြီးနေ၍လက်ချောင်းထောင်၍ ရေတွက်ရာ၌ လက်သန်းဖြင့် ပဌမ ရေတွက်ရသည်။]

မှတ်ချက်။ ။တတိယပိုင်း၌ လာမည့် ပဿာဒဂုဏ်ရှိလျှင် ဤဗျာကိဏ္ဏဒေါသမှ လွတ်၏။[''ဗန္ဓ-ပဿာဒါလင်္ကာရသံယုတ္တံ ဗန္ဓနံ'' ဋီကာ။]ယခုအခါ စာအရေးအသား၌ စိတ်ဝင်စားသူတို့သည် မြန်မာ ဝါကျ၌လည်း ( ကတ္တားနှင့် ကြိယာ ဝေးကွာမှုမှ တပါး အခြား စကားလုံးများ၌)အစပ်နီးနီးထားလေ့ရှိအောင် သတိပြု၍ ရေးသားသင့်ကြသည်၊ စာအရေးအသားတွင်သာ မက, ထားပုံ သိုပုံမှာလည်း ဆိုလိုရင်း အဓိပ္ပါယ် ထင်ရှားအောင် စာခေါင်းကလေးများတပ်၍ ထားသင့်ကြသည်၊ အကယ်၍ တတ်နိုင်ပါလျှင် စာရိုက်နှိပ်ရာ စာအုပ်ချုပ်ရာ၌ပင် သားနားသပ်ယပ်မှုကို ဂရုပြုသင့်ပါသည်၊ သို့မှသာလျှင် မနောဟရ-မြင်ရသူ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်ပါသည်။

၉၀။ နီလုပ္ပလာဘံတျာဒိ။ ။ဤဂါထာကား ဗျာကိဏ္ဏဒေါသ မရောက်ပုံကို ပြသော ဂါထာတည်း၊ နီလုပ္ပလာဘံသည် နယနံ၌, ဗန္ဓူကရုစိရောသည် အဓရော၌,နာသာသည် ဟေမကိုသော၌, တေနနှင့် အယံဇိနောသည် ပိယဒဿနော၌ စပ်ရ၏၊ ဤသို့စပ်သင့်သော

www.dhammaransi.com



ပုဒ်ချင်း အလွန်နီးကပ်စွာ ထားသောကြောင့် အနုရုပ္ပဒဝိနျာသ-စသော ရွှေဂါထာလာ ဂုဏ်များနှင့် ပြည့်စုံသည်-ဟူလို။

ဝဏ္ဏနတ္တ။ ။နီလုပ္ပလဿ+ အာဘာဝိယ + အာဘာ ယဿာတိ နီလုပ္ပလာဘံ=ကြာညိုပန်း၏ အရောင်နှင့်တူသော အသွေးအရောင်ရှိသောမျက်လုံးတော်၊ [အာဘာတပုဒ်ကြေ၊ ဋီကာသစ်၌ "အာဘာ သဒ္ဒေါ နိဘာသဒ္ဒေါဝိယ ဥပမာဝတ္ထော - အာဘာသဒ္ဒါသည် ( ဥပမာ အလင်္ကာ၌လာမည့် ဣဝါဒိဂိုဏ်းဝင် နိဘာသဒ္ဒါနှင့် အနက်တူ )ဣဝ အနက်ရှိ၏"ဟု တနည်းဖွင့်သေး၏၊ ထိုအလို "ကြာညိုပန်းနှင့် တူပါ ပေ၏"ဟုပေး။]ရုစိ အဿ အတ္ထီတိ ရုစိရော-နှစ်သက်ဘွယ်အရောင်ရှိသောနှုတ်ခမ်းတော်၊ဗန္ဓုကမိဝ+ရုစိရော ဗန္ဓုကရုစိရော-ခေါင်ရန်းပန်းပွင့်အသွေးကဲ့သို့နီတွေးသည်ဖြစ်၍ နှစ်သက်ဘွယ်အရောင်ရှိသည်၊ [ဆန်းကြောင့် " ဗန္ဓု "ဟု ဒီဃပြု။]

နာသာ ဟေမကုံသော။ ။နာသာကို ငဲ့၍"ဟေမကုံသာ" ဟု ဣတ္ထိလိင် ရှိရမည်ကဲ့သို့ ထင်ရ၏၊ သို့သော် ဥပမာတဒ္ဓိတ်ပုဒ် မဟုတ်, ရွှေချွန်းနှင့် တူသည်ကို "တူသည်" ဟု မဆိုဘဲ သဒိသူပစာ တင်ထားသော ပုဒ်ဖြစ်၍ မူလပုလ္လိင်အတိုင်း"ဟေမကုံသော"ဟုပင် ရှိရသည်၊ ဥပစာတင်သမျှ၌ မူလလိင်ဝုစ် မပျက်စေရ၊ ထို့ကြောင့် ဋီကာတို့၌ "သုဏ္ဏကုံသောယေဝ- ရွှေချွန်းပါဘဲ " ဟု ဖွင့်သည်၊ နှာခေါင်းတော်သည် ( မဝိ မပြားဘဲ ) ရွှေချွန်းကဲ့သို့ အထက်၌ ပေါ်လွင်-မြင့်မျော၍ အလောတော်ရှိပါပေသည်-ဟူလို။

ပိယဒဿနော။ ။ပိယံ-ချစ်ဘွယ်ကောင်းသော+ဒဿနံ-မြင်ရခြင်းသည်၊ ယဿ-(အကြင်ဘုရားရှင်၏၊) ဣတိ ပိယဒဿနော-ရှုချင့်စဘွယ် သပ္ပါယ်ပါပေသည်-ဟူလို။[ဤ၌ မြင်တတ်သူသည် လူအများဖြစ်၍"ယဿ"အရ လူအများကို ယူသင့်သော်လည်း မြင်စရာအာရုံဖြစ်သော ဘုရားရှင်ကိုသာ ဝဒန္တပုဂ္ဂိုလ် အလိုအတိုင်း ကောက်ယူရသည်၊ "ဣဟ ဒဿနဿ ကတ္တုဘူတဇနသမ္ဗန္ဓေပိ ဝိသယတ္တေနေဝ (အာရုံ၏ အဖြစ်ဖြင့်သာ ) ဇိနသမ္ဗန္ဓော ဟောတီတိ အညပဒတ္ထေန (အညပုဒ်၏ အနက်အားဖြင့် ) တထာ ဂတော ဂဟိတော။]

www.dhammaransi.com



## ဂါမ္ဗဒေါသ ရှောင်နည်း

၉၁။ သမတိက္ကန္တဂါမ္မတ္တံ, ကန္တဝါစာဘိသင်္ခတံ၊
ဗန္ဓနံ ရသဟေတုတ္တာ, ဂါမ္မတ္တံ အတိဝတ္တတိ။

၉၁။ သမတိက္ကန္တဂါမ္မတ္တံ- ကောင်းစွာ လွန်မြောက်အပ်သော ဂါမ္မဒေါသရှိသော၊ ဝါ - ဂါမ္မဒေါသကို ကောင်းစွာလွန်မြောက်သော၊ ကန္တဝါစာဘိသင်္ခတံ - နှစ်သက်ဘွယ် စကားလုံး တို့ဖြင့် စီကုံးအပ်သော၊ ဗန္ဓနံ-အဖွဲ့အနွဲ့အစီအကုံးသည်၊ ရသဟေတုတ္တာ- သိင်္ဂါရစသော ရသ၏အကြောင်း၏ အဖြစ်ကြောင့်၊ ဂါမ္မတ္တံ-ဂါမ္မ၏ အဖြစ်ကို၊ ဝါ- ဂါမ္မဒေါသကို၊ အတိဝတ္တတိ- လွန်မြောက်၏။

× × × × × × ×

၉၁။ သမတိက္ကန္တတျာဒိ။ ။ဂါမ္မဒေါသသင့်ပြီးသောဝါကျကို မသင့်အောင်ဖြေ၍ မရသောကြောင့် "ဂါမ္မဿ ယထာ" ဟု မဆိုဘဲ ဂါမ္မဒေါသ မသင့်အောင် ရှောင်နည်းကိုသာ ပြလိုသောကြောင့် "သမတိက္ကန္တ"စသည်မိန့်၊ " နှစ်သက်ဘွယ် ယဉ်ကျေးသော စကား လုံးတို့ဖြင့် စီကုံးမှသာ ဂါမ္မဒေါသကို လွန်နိုင်သည်" ဟူလို။

ဝစနတ္ထ။ ။ဂါမ္မဿ- ဂါမ္မဒေါသ၏+ဘာဝေါ- ဖြစ်ကြောင်း (သင့်ကြောင်း)ရိုင်းသော စကားအသုံးအနှုန်းတည်း၊ ဂါမ္မတ္တံ- နှုန်း၊ သမတိက္ကန္တံ+ဂါမ္မတ္တံ ယာသံတိ သမတိက္ကန္တဂါမ္မတ္တာ - လွန်မြောက် အပ်ပြီးသော ရိုင်းပြသော အသုံးအနှုန်း ရှိကုန်သော ( ရိုင်းပြသော အသုံးအနှုန်းကိုလွန်မြောက်ကုန်ပြီးသော)နှစ်သက်ဘွယ်သောစကားတို့၊ သမတိက္ကန္တဂါမ္မတ္တာစ+တာ+ကန္တဝါစာယောစာတိ သမတိက္ကန္တ ဂါမ္မတ္တကန္တဝါစာယော၊ တာဟိ + အဘိသင်္ခတံ သမတိက္ကန္တဂါမ္မ တ္တကန္တဝါစာဘိသင်္ခတံ၊ ဤသို့ "သမတိက္ကန္တဂါမ္မတ္တ" ကို ကန္တ ဝါစာနှင့်အရတူ တသမာသ်ထည်းလုပ်ခြင်းသည်"သမ္မာ အတိက္ကန္တံ ဂါမ္မတ္တံ ယာသံ၊ တာဟိယော ဝ ကန္တဝါစာဟိ " ဟူသော ဋီကာနှင့် အညီ လုပ်ခြင်းတည်း၊ ယခု စာများ၌ " သမတိက္ကန္တဂါမ္မတ္တံ " ဟု သီးခြားတပုဒ် အဖြစ်ဖြင့် ရှိ၏၊ ထိုအလို " ဗန္ဓနံ "၌ စပ်၍ " ရိုင်းပြ သည်၏အဖြစ်ကိုလွန်သော အဖွဲ့အနွဲ့"ဟု အဓိပ္ပါယ်မှတ်ပါ၊ နိဿယ၌ စာရှိအတိုင်း ပေးထားသည်။

www.dhammaransi.com



ယထာ

၉၂။ ဒုဇ္ဇောတိ ကာမစဏ္ဍာလော, သော မံ သဒယ နိဒ္ဒယော၊
ဤဒိသံ ဗျသနာပန္နံ, သုခိပိ ကိံ·မုပေက္ခသေ။

၉၂။ ယထာ - ဥဒါဟရုဏ်ကား၊.... သဒယ - ကရုဏာသခင်အို....ချစ်လင်၊ နိဒ္ဒယော-သနားကြင်နာ, ကရုဏာမရှိသော၊ သော ကာမစဏ္ဍာလော-ထိုကာမတဏှာ,ဒွန်းစဏ္ဍာသည်၊ မံ-ကျွန်မကို၊ ဒုဇ္ဇောတိ - နှိပ်စက် ဖျက်ဆီးနေပါ၏၊ (တွံ - သင်ချစ်လင်သည်)၊ သုခိပိ-နှစ်သက်ရာမြန်းကြွ၍, ချမ်းမြခြင်း ရှိပါလျက်လည်း၊ ဤဒိသံ ဗျသနံ-ကာမတဏှာ,ဒွန်းစဏ္ဍာ၏, လွန်စွာနှိပ်စက်, ဤကဲ့သို့သော ပျက်စီးခြင်းသို့၊ အာပန္နံ - ရောက်နေသော၊ မံ- ကျွန်မကို၊ ကိံ- အဘယ့်ကြောင့်၊ ဥပေက္ခသေ- လစ်လျူရှုလျက်, စိမ်းကားရက်ပါသနည်း။

× × × × × × ×

ရသဟေတုတ္တာ။ ။"ထိုသို့ ရိုင်းပြသော စကားအသုံးအနှုန်းမပါ, နှစ်သက်ဘွယ်ယဉ်ကျေးသောစကားလုံးတို့ဖြင့် စီကုံးအပ်သောအဖွဲ့အနွဲ့သည် ပညာရှိတို့၏ ပီတိဖြစ်ခြင်း ( နှစ်သက်ခြင်း ) ဟူသော သိင်္ဂါရရသ - ကရုဏာရသ ဖြစ်ဘို့ရန် အကြောင်းဖြစ်၍ ဂါမ္ဗဒေါသ မသင့်တော့"ဟူလို၊ ရသသ- ပီတိသောမနဿဟူသော အရသာ၏၊ ဝါ-သိင်္ဂါရစသော ရသ၏+ဟေတု-အကြောင်းတည်း၊ ရသဟေတု-ကြောင်း။ [ဤပြအပ်လတ္တံ့ပုံစံ၌ သနားစရာ ကရုဏာရသလည်းပါ၏၊ ချစ်သူနှင့်ကွဲနေသော ဝိယောဂသိင်္ဂါရရသလည်း ပါသည်။]

၉၂။ ဒုဇ္ဇောတိ တျာဒိ ။ ။ ကာမတဏှာဘိဘူတာ အင်္ဂနာ အတ္တနော ဝလ္လဘံ နိဿာယ ဧဝံ ဝိလပတိ-ကာမတဏှာနှိပ်စက်အပ်သော (ကာမစိတ် ပြင်းပြသော ) မိန်းမသည် မိမိလင်ယောက်ျားကို ဤနည်းအားဖြင့် မြည်တမ်းပုံကိုပြသော ဂါထာဖြစ်သည်၊ ဤသို့ မိမိလင်ယောက်ျားအပေါ် မကြေမနပ်ဖြစ်၍ မြည်တမ်းပါသော်လည်း ဂါမ္ဗဒေါသဖြစ်လေသံသော စကားအကြမ်းမပါ၊ယဉ်ယဉ်ကျေးကျေး မြည်တမ်းခြင်းသာ ဖြစ်၍ ရသဟေတု ( နောက်လာမည့် ဝိယောဂ သိင်္ဂါရဖြစ်ခြင်း၏ အကြောင်း)ကောင်းသောအဖွဲ့အနွဲ့ ဖြစ်လေသည်။ [သဟ+ဒယာယ(သနားခြင်းနှင့်) ယော+ဝတ္တတီတိ သဒယော။]

www.dhammaransi.com



**သဒယ**။ ။ ဤ စကားလုံးသည် မိမိလင်ကိုခေါ်သော စကားတည်း၊ မိမိသည် ဆင်းရဲနေ၍၊ ဆင်းရဲသူကို ဆင်းရဲကင်းအောင် ပြုမှုလည်း သနားတတ်သူတို့၏ အရာ ( တာဝန် ) ဖြစ်၏၊ ထို့ကြောင့် ခေါ်သောစကားလုံးတခုထည်းဖြင့်ပင် မိမိမှာ သနားစရာ ဖြစ်နေပုံ သနားတတ်သော လင်ဖြစ်သူ၏ အယုအယ ခံချင်ပုံကိုထင်ရှားအောင် ပြရကား "သဒယ"ဟု ခေါ်ခြင်းသည် အလွန်ကရုဏာရသပါသော (အလွန် သနားစရာကောင်းသော) ခေါ်ခြင်းပေတည်း။ [အတ္တနော ဒုက္ခာတုရတ္တာ-မိမိမှာဒုက္ခဖြင့်နာကျင်သည့်အတွက်၊ဒုက္ခဒူရီကရဏံ-ဒုက္ခဝေးအောင် ပြုခြင်းသည်၊ ကာရုဏိကာနံယေဝ ဝိသယံ- သနားတတ်သူတို့၏အရာ ( တာဝန် ) ဖြစ်၏၊ ဣတိ- ထို့ကြောင့်၊ အနုနယဝသေန - ဆွဲဆောင်တတ်သော တဏှာ၏ အစွမ်းဖြင့်၊ အာမန္တနံ - သဒယ ဟု ခေါ်ပုံကလေးသည်၊ ဥစိတံ-သင့်လျော်၏။]

**ဒုဏောတိ ကာမစဏ္ဍာလော**။ ။ကာမတဏှာကိုပင်(အကြမ်းပတမ်း ဖြစ်နေသောကြောင့် ) စဏ္ဍာလ ဟု တင်စား၍ သဒိသူပစာရအားဖြင့် ဆိုထားခြင်းလည်း ယုတ္တိရှိလှပေ၏၊ ကာမော ယေဝ စဏ္ဍာလော ကာမစဏ္ဍာလော၊ ဒုဓာတ်သည် ပီဠာ(နှိပ်စက်ခြင်း)အနက်ကိုလည်း ဟော၏၊ သွာဒိဂိုဏ်းဖြစ်၍ " ဒုဏောတိ " ဟု ပါဌ်ရှိရင်းတည်း၊ မိနောတိ၌ ဏကို ( န ) ပြုသကဲ့သို့ " ဒုနောတိ " ဟုလည်း တချို့စာရှိ၏။

**ဣဒ္ဓိသံ ဗျာသနာပန္နံ** ။ ။ ချစ်လင်နှင့် ကွဲ၍ တယောက်ထဲနေရသဖြင့် ကာမတဏှာ၏ အနှိပ်စက်ဒဏ် ခံနေရသည်ကို " ဤ ကဲ့သို့ ပျက်စီးခြင်းသို့ ရောက်နေရသည်"ဟု ဆိုလိုသည်၊ လောက၌ အဖော်ကွဲ၍ တယောက်ထဲ ဖြစ်နေသူမှာ ရန်သူ အနှိပ်အစက်ကို ခံရတတ်ခြင်းသည် ထုံးစံပင်ဖြစ်၍ ဤ စကားလည်း ယုတ္တိရှိလှပေ၏။

**သုခိဝိ**။ ။"သုခီ"ဟု ဆိုသဖြင့် ချစ်လင်သည် ထိုအချိန်၌ အခြားမိန်းမနှင့် ပျော်နေကြောင်းကို ပြ၏၊ ထိုပျော်နေခြင်းကိုလည်း မနှစ်သက်ရကား ဂရဟာကို ဆည်းသော သမ္ဘာဝနာ အပိဖြင့်"သုခိဝိ" ဟု ဆိုသည်၊ [သုခီပိတိဣမိနာ တဿ ပရဝိသယာသတ္တတာယ(အခြားအာရုံ၌ ငြိကပ်နေသည်၏ အဖြစ်ဖြင့် ) အတိစာရံ အဘျုပဂမေတိ (မိမိကို လွန်၍ အခြားသူ၌ ကျင့်ခြင်းကို ထင်ရှားစေ၏၊ )။]

www.dhammaransi.com



## ယတိဟီနဒေါသ အဖြေမလို

၉၃။ ယတိဟီနပရိဟာရော, န ပုနေ·ဒါနိ နီယတေ၊
ယတော န သဝနုဗ္ဗေဂံ, ဟေဋ္ဌာ ယေတံ ဝိစာရိတံ။

၉၃။ ယတိဟီန ပရိဟာရော - ယတိဟီနဒေါသ၏ အဖြေကို၊ ပုန-တဖန်၊ ဝါ-ထပ်၍၊ ဣဒါနိ-ယခုအခါ၌၊ န နီယတေ-ဆောင်ပြအပ်တော့မည် မဟုတ်၊ ယတော - ယင်းကဲ့သို့ မဆောင်ပြခြင်းကြောင့်၊ သဝနုဗ္ဗေဂံ-နားကြားခြင်း၌ထိတ်လန့်ဘွယ်သည်၊ န-မရှိ၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊)ဧတံ-ဤယတိဟီနဒေါသအဖြေကို၊ ဟေဋ္ဌာ-အောက် ဒေါသာဝဗောဓ အခန်း၌၊ ဝိစာရိတံ-စိစစ်အပ်ပြီ၊(တသ္မာ-ထို့ကြောင့်တည်း။)

× × × × × × ×

၉၃။ ယတိဟီန ၊ ပေ ၊ နီယတေ ။ ။ "အခြားဒေါသများ၏ အဖြေကို ပြသကဲ့သို့ ယတိဟီန ဒေါသ၏ အဖြေကို မပြတော့ " ဟု မှာထားသော စကားတည်း၊ ယတောသည်("ယံ သန္ဓာယ ဝုတ္တံ"၌ ယသဒ္ဒါကဲ့သို့) နိယမကို မငဲ့သော အနိယမတည်း၊ ယတော - ယင်းကဲ့သို့ " ယတိဟီန ပရိဟာရကို ဆောင်ယူ၍ မပြတော့" ဟု ဆိုလိုက်ခြင်းကြောင့်၊န+သဝနုဗ္ဗေဂံ-နားကြားရချက် မသက်မသာ ထိတ်စရာ လည်း မဟုတ်ပါ၊ ဘာ့ကြောင့်နည်း၊.... ဟေဋ္ဌာ ၊ ပေ ၊ ဝိစာရိတံ= အောက်ဖြစ်သော ဒေါသာဝဗောဓ အခန်းတုန်းကပင် "တံ နမေ သိရသာ စာမိ"စသည်ဖြင့် အဖြေသဘောသက်ရောက်သော ပုံစံများ ကို စိစစ်၍ ပြထားပြီး ဖြစ်သောကြောင့်တည်း။ [သဝနေ- နားကြား ရခြင်း၌+ဥဗ္ဗေဂေါ-ထိတ်ခနဲဖြစ်ခြင်းတည်း၊ သဝနုဗ္ဗေဂေါ-ခြင်း။]

ဋီကာသစ်။ ။ဋီကာသစ်၌ကား"ယတော ယသ္မာ သဝနုဗ္ဗေဂံ ၊ ပေ ၊ နတ္ထိ၊ တတော ယတိဟီန ပရိဟာရော၊ပေ၊ န နီယတေ " ဟု ယတောဝါကျကို ကာရဏလုပ်၍ " တတော " ဟု ထည့်လျက် ရှေ့ ဝါကျကို ဖလဝါကျလုပ်သည်၊["ဟေဋ္ဌာယေတံဝိစာရိတံ"၌ ဟေဋ္ဌာ ဟေတံ (ဟိ+ ဧတံ)ဟု ရှိလျှင် ဝါကျသွားပုံ သာ၍ကောင်း၏၊ "ဟိ- အကြင့်ကြောင့်၊ ဟေဋ္ဌာ- ၌၊ ဝိစာရိတံ- ပြီ၊ တသ္မာ- ကြောင့်၊ သဝနု ဗ္ဗေဂံ-သည်၊ န- မရှိ "ဟု ပေး။]

www.dhammaransi.com



**ကမဗ္ဗုတသ ယထာ**

၉၄။ ဥဒါရစရိတော-သိ တွံ, တေနေဝါ-ရာဓနော တွယိ၊
ဒေသံဝါ ဒေဟိ ဂါမံဝါ, ခေတ္တံဝါ မမ သောဘနံ။

၉၄။ ကမဗ္ဗုတသ- ကမဗ္ဗုတဒေါသ၏ ပရိဟာရော-သည်၊ ယထာ-နည်း၊....ဘဂဝါ- ဘုန်းတော်ကြီးသော သွင်ဘုရား၊ တွံ-သွင်ဘုရားသည်၊ ဥဒါရစရိတော - စွန့်ကြဲ ပေးကမ်း , လှူဒါန်းမှု၌ လွန်ကဲသောစရိုက်ရှိသည်၊ အသိ-ဖြစ်ပါ၏၊ တေနေဝ-ထို့ ကြောင့် ပင်လျှင်၊ တွယိ-သွင့်အပေါ်၌၊ အာရာဓနာ- လူအများ၏ နှစ်သက် တောင့်တခြင်းသည်၊ ဟောတိ - ဖြစ်ပါ၏၊ မမ - အကျွန်ုပ်အား၊ သောဘနံ - တင့်တယ် ကောင်းမြတ်သော၊ ဒေသံဝါ - ဇနပုဒ်နယ် ပယ်ကိုမူလည်း၊ ဒေဟိ - ပေးသနားတော် မူပါ၊ ဂါမံဝါ ဒေဟိ, ခေတ္တံဝါ ဒေဟိ။

× × × × × × ×

၉၄။ ဥဒါရစရိတောတျာဒိ ။ ။ ဥစ္စာရှင်ကို မြှောက်ပင့် ပြောဆိုလိုက်မှ ဥစ္စာရှင်၌ ပေးချင်စိတ်ပေါ်လာတတ်၏၊ ထို့ကြောင့် မတောင်းမီ ရှေးဦးစွာ "ဥဒါရစရိတောသိတွံ, တေနေဝါရာဓနာ တွယိ"ဟု ဥစ္စာရှင်ကို မြှောက်ပင့်လိုက်သည်၊ ဒေါသခဏ်း၌ အနည်းက စ၍တောင်းသောကြောင့် အပြစ်သင့်ခဲ့ရ၏၊ ဤ၌ကား အများကစ၍ တောင်းသောကြောင့် တောင်းနည်းကို နားလည်သူတို့၏ ထုံးစံကျ သဖြင့် ကမဗ္ဗုတဒေါသမှ လွတ်သည်။

ဝစနတ္ထ ။ ။ ဥ + အာပုဗ္ဗ - ရာဓာတ် က ပစ္စည်းဖြင့် ပြီးသော "ဥဒါရ"သဒ္ဒါသည် ပေးကမ်းတတ်သူ အနက်ကိုလည်း ဟော၏-ဟု ထောမနိမိ ဆို၏၊ ဥဒ္ဒံ - ပေးပြီးသည်မှ နောက်ကာလ၌၊ အာရာတိ- အကျိုးကို ယူတတ်၏၊ ဣတိ ဥဒါရော၊ ဤနေရာ၌ ဘာဝပ္ပဓာနကြံ၍ ပေးကမ်းတတ်သူ၏ အဖြစ် ဟူသော ပေးကမ်းခြင်း ကြိယာကို ယူ၊ ဥဒါရော+စရိတံ ယဿာတိ ဥဒါရစရိတော - ပေးကမ်းခြင်း စရိုက် ရှိသူ ( ပေးကမ်းခြင်း၌ ရက်ရောသူ)။ [စာဂါဓိတိသယယောဂတော- လွန်ကဲသော စွန့်ကြဲခြင်းဂုဏ်နှင့် ယှဉ်ခြင်းကြောင့်၊ ဝိသာရဒပ္ပဝတ္တ ယုတ္တော-(စွန့်ကြဲရာ၌ )ရဲရင့်သောဖြစ်ခြင်းနှင့်ယှဉ်သည်၊ အသိ။]

www.dhammaransi.com



**အတိဝုတ္တသ ယထာ**

၉၅။ မုနိန္ဒစန္ဒ သမ္ဘူတ, ယသောရာသိ မရီစိနံ၊
သကလောပျယမာကာသော,နာဝကာသော ဝိဇမ္ဘနေ။

၉၅။ အတိဝုတ္တဿ-အတိဝုတ္တဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ- အဘယ်နည်း၊........ မုနိန္ဒစန္ဒသမ္ဘူတ ယသောရာသိ မရီစိနံ-ဘုရားတည်းဟူသောလမင်းမှ ကောင်းစွာဖြစ်သောဂုဏ်သတင်းအစု တည်းဟူသော အရောင်တို့၏၊ ဝိဇမ္ဘနေ - ကျယ်ပြန့်ခြင်း၌၊ သကလောပိ - အလုံးစုံလည်းဖြစ်သော၊ အယံ အာကာသော- ဤကောင်းကင်သည်၊ နာဝကာသော (န+အဝကာသော)- တည်ရာမဖြစ်နိုင်၊ ဝါ- မဆန့်နိုင်။

× × × × × × ×

**အာရာဓနာ**။ ။အာပုဗ္ဗ-ရာဓဓာတ်သည် "တောသန-နှစ်သက်စေခြင်း အနက်ရှိ၏" ဟု ဓာတ်ကျမ်းဆို၏၊ ထောမနိဓိ၌ " သေဝါ-မှီခိုဆည်းကပ်ခြင်း " ဟု အနက်ပြ၏၊ သူတပါးကို မှီးခိုစားသူသည် သူတပါးကို နှစ်သက်စေရ ( နှစ်သက်အောင်ပြုရ ) သောကြောင့် "အာရာဓိယတေ-နှစ်သက်စေခြင်း၊ ဝါ-မှီခို ခစားခြင်း၊ အာရာဓနာ-ခြင်း " ဟု ကြံပါ၊ ဋီကာ၌ " အာရာဓနာ မမ ယာစနာ တွယိ ဟောတိ"ဟု ယာစနာဖွင့်ခြင်းကား အဓိပ္ပါယ်ဖွင့်သာ။

၉၅။ မုနိန္ဒတျာဒိ။ ။ဘုရားတည်းဟူသောလမင်းမှ ကောင်းစွာဖြစ်သော ကျော်စောခြင်း အစုဟူသော အရောင်တို့၏ ကျယ်ပြန့်ရာ၌ ဤကောင်းကင် တခုလုံးလည်း တည်ရာမဖြစ်နိုင်တော့၊ ဝါ- မဆန့်တော့၊ ဤ၌ ဘုရားရှင်၏ ဂုဏ်တော်တို့သည် အပ္ပမေယျ - (အတိုင်းအရှည် မရှိ ) ဖြစ်သောကြောင့် " ကောင်းကင် မဆန့် " ဟူသော စကားသည် အပြောကြီးလွန်းရာ မရောက်ပါ- ဟူလို၊ ဆက်ဥုးအံ့— ဘုရားရှင်ကို ချီးမွမ်းရာ, တရားအားထုတ်ခြင်း၏အကျိုးကို ချီးမွမ်းရာ, "လဋ္ဌဝိပရိသတ်ကို တာဝတိံသာနတ် ပရိသတ်နှင့်ထပ်တူကြည့်ကြ" ဟု ဥပမာဆောင်၍ တိုက်တွန်းတော်မူရာ"အာကာကို လွှာပုံပြုပါလို့ မေရှုကိုတဲ့ စုတ်တန်ချီ " စသော ချစ်ပုံကိုပြသော အရာတို့၌ အလွန်အကျူးဆိုသော်လည်း အတိဝုတ္တဒေါသ မသင့်ဟု ဆိုကြ၏။

www.dhammaransi.com



**အပေတတ္ထဒေါသ မဖြစ်နည်း**

**၉၆။ ဝါကျံ ဗျာပန္နစိတ္တာနံ, အပေတတ္ထံ အနိန္ဒိတံ၊**
**တေနုမ္မတ္တာဒိကာနံတံ, ဝစနညတြ ဒုဿတိ။**

၉၆။ ဗျာပန္နစိတ္တာနံ-ဖေါက်ပြန်ခြင်းသို့ ရောက်သော စိတ်ရှိသူတို့၏၊ ဝါကျံ-စကားကို၊ အပေတတ္ထံ-အပေတတ္ထဒေါသ သင့်သော ဝါကျဟူ၍၊ အနိန္ဒိတံ-မကဲ့ရဲ့အပ်၊ တေန - ထို့ကြောင့်၊ ဥမ္မတ္တာဒိကာနံ-အရူး စသူတို့၏၊ ဝစနာ- စကားမှ၊ အညတြ - တပါးသော၊ တံ-ထို ပိဋ္ဌတ္တကင်းသောစကားသည်၊ ဒုဿတိ - ပျက်စီး၏၊ ဝါ- အပေတတ္ထဒေါသ သင့်၏။

× × × × × × ×

ဋီကာ။ ။ဟေတုဖလာဒိဧကေကကာရဏေနပိ အပ္ပမေယျာနံ သမ္ဗုဒ္ဓဂုဏာနံ ပဝတ္တိယာ အပ္ပမေယျသာမညဘူတ အာကာသဿ (ဘုရားရှင်၌ အကြောင်း ပါရမီတွေ များစွာရှိရကား အကြောင်း တခုကြောင့် အကျိုးတခုဖြစ်တယ် ထားဦးတော့၊ အပ္ပမေယျ အကျိုးတွေရှိနိုင်လေပြီ၊ထို့ကြောင့်ကောင်းကင်လည်းအပ္ပမေယျ,ဂုဏ်တော်များလည်း အပ္ပမေယျဖြစ်၍ အပ္ပမေယျချင်း တူမျှသော ကောင်းကင်၏၊ ) နိရင်္ကာသဿဝိယ- ဂုဏ်တော်များ၏ တည်ရာမဖြစ်နိုင်တော့ သကဲ့သို့၊ ကထနံ - ဆိုခြင်းသည်၊ ဥစိတံ - သင့်၏၊ ( တည်ရာ ဆိုတာ တည်တတ်သော အရာထက် ကြီးကျယ်ရိုးတည်း၊ ယခုတော့ အကာသက ဂုဏ်တော်များထက် မကြီးကျယ်၊ ထို့ကြောင့် တည်ရာမဖြစ်နိုင် ဟု ဆိုခြင်းသည် သင့်၏ - ဟူလို၊ ) ဣတိ ဣဟ အတိဝုတ္တဒေါသော န ဘဝတိ။

၉၆။ ဝါကျံတျာဒိ ။ ။ အပေတတ္ထ ဒေါသမသင့်သောနည်းကိုသာ ပြသည်၊ အနက်အဓိပ္ပါယ် အထူးမရသော်လည်း စိတ်ဖေါက်ပြန်နေသော (အရူးစသူတို့၏ )စကားဖြစ်လျှင် " အပေတတ္ထဒေါသ သင့်သည် " ဟု မကဲ့ရဲ့ထိုက်ပါ၊ အရူး စသူတို့၏ စကား မဟုတ်ဘဲ လူကောင်း သူကောင်းတို့၏ စကားဖြစ်လျှင်ကား အပေတတ္ထဒေါသ သင့်သည်-ဟူလို။[ဗျာပန္နံ+ စိတ္တံ ယေသံတိ ဗျာပန္နစိတ္တာ၊ ဥမ္မတ္တော+ အာဒိ ယေသံ(ဗာလာဒီနံ-ကလေးစသူတို့၏၊)ဣတိ ဥမ္မတ္တာဒိကာ။]

www.dhammaransi.com



ယထာ

၉၇။ သမုဒ္ဒေါ ပီယတေ သောယ-မဟာ•မဇ္ဈ ဇရာ•တုရော၊
ဣမေ ဂဇ္ဇန္တိ ဇီမူတာ, သက္ကဿေ•ရာဝဏော ပိယော။

၉၇။ ယထာ - ဥဒါဟရဏ်ကား၊.... သောယံသမုဒ္ဒေါ - ထို သမုဒ္ဒရာရေကို၊ ပီယတေ - သောက်အပ်၏၊ အဇ္ဇ - ယနေ့၊ အဟံ- ငါသည်၊ ဇရာတုရော-ဖျားခြင်းဖြင့် ကျင်နာ၏၊ ဝါ- အဖျားတက်၏၊ ဣမေ ဇီမူတာ-ဤမိုဃ်းတို့သည်၊ ဂဇ္ဇန္တိ-ထစ်ချုန်းကုန်၏၊ သက္ကဿ- သကြားမင်း၏၊ ဧရာဝဏော-ဧရာဝဏ်ဆင်ကို၊ ပိယော- ချစ်အပ်၏၊ ဝါ-ချစ်စရာကောင်း၏။

× × × × × × ×

၉၇။ သမုဒ္ဒေါ တျာဒိ။ ။ဤဂါထာ၌ "သမုဒြာရေ သောက် ကောင်း၏၊ ယနေ့ ငါအဖျားတက်သည်၊ဒီမိုဃ်းတွေချုန်းလိုက်ကြတာ၊ သကြား၏ ဧရာဝဏ်ဆင်ဟာ ချစ်စရာကောင်းတယ်" ဤသို့ ၄ ဝါကျ ရှိ၏၊ သူ့ဝါကျနှင့်သူ အဓိပ္ပါယ် ရ၏၊ သို့သော် ဤ ၄ ဝါကျလုံး ပေါင်း၍ အဓိပ္ပါယ် ယူသောအခါ တဝါကျနှင့် တဝါကျ အဆက် အသွယ် မရှိ၊ "မည်သည့် အဓိပ္ပါယ်ကို ဆိုလိုသည်" ဟု ကောက်ချက်ချ၍ မရ၊ ထို့ကြောင့် ၄ ဝါကျ အပေါင်းသည် " စိတ် မကောင်းသော အရူး၏ စကား , သို့မဟုတ် ကလေးပြောသော စကား , သို့မဟုတ် တောကြို တောင်ကြားက လူရိုင်းပြောသော စကား " ဟု ဆိုလျှင် ကြားရသူတို့မှာ ပြုံးစရာ ပျော်စရာပင် ကောင်းသေး သောကြောင့် အပြစ် မရှိချေ၊ လူကောင်းသူကောင်း တယောက်၏ စကားဖြစ်လျှင် ကား အပေတတ္တဒေါသ သင့်သည်။

ဋီကာသစ်။ ။ဣဒံ နိန္ဒိတာ•နိန္ဒိတာနံ ဒွိန္နံ ဥဒါဟရဏံ-ဤဥဒါ ဟရုဏ်သည် ကဲ့ရဲ့ထိုက် မကဲ့ရဲ့ထိုက် ၂ မျိုးနှင့် စပ်သော ဥဒါဟရုဏ် ဖြစ်၏၊ ပေ ၊ ဤဒိသံ ဝါကျံ ဥမ္မတ္တာဒီဟိ ဝုတ္တံ အပီတိကရံ နဟောတိ- အရူးစသူတို့ ပြောအပ်သော စကားဆိုလျှင် နှစ်သက်ခြင်းကို မပြုတတ် မဟုတ်၊ ( နှစ်သက်ခြင်းကို ပြုတတ်၏၊ )အညေဟိ ဝုတ္တံ ပန-အရူးစသူ မဟုတ်သော လူကောင်းသူကောင်းတို့ပြောအပ်သောစကားဖြစ်လျှင် ကား၊ ကဏ္ဏေ အယောသလာကာဝိယ အပီတိကရံ-နား၌ သံတံကျင် လျှိုသည့်ပမာ မနှစ်သက်စရာ, နားကြားပြင်းကပ်စရာကို ပြုတတ်၏။

www.dhammaransi.com



### ဗန္ဓဖရုသဒေါသ မဖြစ်နည်း

၉၈။ သုခုမာလာ·ဝိရောဓိတ္တ-ဒိတ္တဘာဝပ္ပဘာဝိတံ၊
ဗန္ဓံ ဗန္ဓဖရုသ-ဒေါသံ သံဒူသယေယျ တံ။

၉၈။ သုခုမာလာ·ဝိရောဓိတ္တ ဒိတ္တဘာဝ ပ္ပဘာဝိတံ-သုခုမာလဂုဏ်နှင့် ဆန့်ကျင်ခြင်းမရှိသည်၏ အဖြစ်ရှိသော , ဌာန်တူအက္ခရာများကို နီးကပ်စွာထား၍ ထင်ရှား တောက်ပသည်၏ အဖြစ်ဖြင့် တိုးပွားစေအပ်သော၊ တံဗန္ဓံ-ထိုအဖွဲ့အနွဲ့သည်၊ ဗန္ဓဖရုသဒေါသံ-ဗန္ဓဖရုသဒေါသကို၊ သံဒူသယေယျ-ကောင်းစွာ ဖျက်ဆီးနိုင်ရာ၏။

× × × × × × ×

၉၈။ သုခုမာလာ ဝိရောဓိတ္တ တျာဒိ။ ။ဖြစ်ပြီးသော ဗန္ဓဖရုသဒေါသကို မဖြစ်အောင် ဖြေ၍ မရနိုင်သောကြောင့် ထို ဒေါသမဖြစ်အောင် စီကုံးနည်းကိုသာ ပြသည်၊ ဂုဏာဝဗောဓကေ်ား ( ၁၃၅ ) ဂါထာ၌ သုခုမာလဂုဏ်၏ လက္ခဏာကိုပြလတ့်၊ ထိုသုခုမာလဂုဏ်နှင့် မဆန့်ကျင်သော , ဌာန်တူ အက္ခရာများကို နီးနီးကပ်ကပ်ထားသဖြင့် တောက်ပထင်ရှားသော အဖွဲ့အနွဲ့သည် ဗန္ဓဖရုသဒေါသကို ဖျက်ဆီး နိုင်သည်၊ အချုပ်မှာ- ဖရုသ ( ကြမ်းတန်း )နှင့် သုခုမာလ(နူည့်)တို့ ပြောင်းပြန်ဖြစ်ရကား“သုခုမာလဂုဏ်ရှိလျှင် ဗန္ဓဖရုသဒေါသမသင့်” ဟုမှတ်၊ [ သုခုမာလဂုဏ်နှင့် တွဲစပ်ကြည့်မှ ဤဂါထာ၏ အဓိပ္ပါယ် နားလည်နိုင်မည်။]

ဝစနတ္ထ ။ ။ နတ္ထိ + ဝိရောဓိ ယဿာတိ အဝိရောဓိ ( ဗန္ဓံ)၊ အဝိရောဓိနော+ဘာဝေါ အဝိရောဓိတ္တံ၊ သုခုမာလဿ ( သုခုမာလဂုဏ်အား၊ ဝါ-နှင့်၊) အဝိရောဓိတ္တံ(ဆန့်ကျင်ခြင်းမရှိသည်၏အဖြစ်) ယဿာတိ သုခုမာလာဝိရောဓိတ္တော(ဒိတ္တဘာဝေါ)၊ဒိပတီတိ ဒိတ္တံ- တောက်ပ တင့်တယ်သော ( ဗန္ဓံ )၊ ဌာန်တူ အက္ခရာများ၏ နီးနီး ကပ်ကပ် တည်ရှိခြင်းသည် ဆင်တူဝတ်ထားသော သတို့သ္မီးများကဲ့သို့ ထင်လည်း ထင်ရှား , တင့်လည်း တင့်တယ် , နှစ်သက်ဖွယ်လည်း ကောင်းပေသည်၊ ဒိတ္တဿ+ဘာဝေါ ဒိတ္တဘာဝေါ၊ ပဘာဝီယတေ- တိုးပွားစေအပ်၏၊ ဣတိ ပဘာဝိတံ(ဗန္ဓံ)၊သုခုမာလာဝိရောဓိတ္တော စ+သော+ ဒိတ္တဘာဝေါစာတိ သုခုမာလာဝိရောဓိတ္တ ဒိတ္တဘာဝေါ၊ [ ဤ ဝိဂ္ဂဟကြည့်၍ သုခုမာလာဝိရောဓိတ္တကို ဒိတ္တဘာဝ၏ ဝိသေသန

www.dhammaransi.com



ယထာ

၉၉။ ပဿန္တာ ရူပဝိဘဝံ, သုဏန္တာ မဓုရံ ဂိရံ၊
စရန္တိ သာဓု သမ္ဗုဒ္ဓ-ကာလေ ကေဥ္စိပရမ္မုခါ။

၉၉။ ယထာ- ဥဒါဟရဏ်ကား၊.... သမ္ဗုဒ္ဓကာလေ - ဘုရားလက်ထက်တော်၌၊ သာဓု - သူတော်ကောင်း တို့သည်၊ ရူပဝိဘဝံ- ရုပ်ပုံတော်၏ တင့်တယ်ခြင်းကို၊ ပဿန္တာ - ဖူးမျှော်ကြကုန်လျက်၊ မဓုရံ-ချိုဆိမ့်သော အရသာနှင့် တူသော၊ ဂိရံ - တရားသံကို၊ သုဏန္တာ-နာကြကုန်လျက်၊ ကေဥ္စိပရမ္မုခါ-ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကြကုန်သည်၊(ဟုတ္ဝာ-ဖြစ်၍ )၊ စရန္တိ-လှည့်လည်ကြကုန်၏။

× × × × × × ×

ဟု သိပါ။]တေန+ ပဘာဝိတံ သုခုမာလာဝိရောဓိတ္တဒိတ္တဘာဝပ္ပဘာဝိတံ (ဗန္ဓနံ)၊ "ပဘာဝိတံ- တိုးပွားစေအပ် "ဟူသည် ထို သုခုမာလ အဝိရောဓိတ္တ ဒိတ္တဘာဝတို့နှင့် ယှဉ်ခြင်း- ထိုဂုဏ်များနှင့် ပြည့်စုံခြင်း တည်း၊ထို့ကြောင့် ပဘာဝိတံကို"ဝမိတံ သံယုတ္တံ"ဟု ဋီကာဟောင်း ဖွင့်သည်။

မှတ်ချက် ။ ။ ဒိတ္တံ၌ ဒိပဓာတ် ကြံ၍, တ္တ သံယုတ်ကြောင့် ဒိ၌ ရဿပြု၊ " ဒိတ္တ- ထင်ရှားပြတတ် , တောက်ပတတ် , တင့်တယ်၏" ဟူရာ၌ ဋီကာသစ်ဝယ် " ဝဏ္ဏာနံ - အက္ခရာတို့၏၊ အညမညသံဂတိ လက္ခဏေန-အချင်းချင်း ဆက်စပ်ခြင်း လက္ခဏာရှိသော၊( ဤစကား အရ-ဌာန်တူအက္ခရာချင်း နီးစပ်ရမည်- ဟု ယူကြ၏၊ ) ဒိတ္တဘာဝေန ပိယဘာဝေန - နှစ်သက်ဘွယ်၏ အဖြစ်သည်၊ အနုဗြူဟိတံ - တိုးပွား စေအပ်၏၊ ( ဤစကာ ဖြင့် ဒိတ္တကို ပိယ ဟု ဖွင့်၏၊ ထိုဖွင့်ခြင်းကား အဓိပ္ပါယ်ဖွင့်တည်း၊ဌာန်တူအက္ခရာများနီးကပ်နေခြင်းသည် အသံတူ ထပ်နေသဖြင့် ရွတ်ရာ၌လည်း ချောမော , ကြားရသည် မှာလည်း နားဝင်ချိုရကား နှစ်သက်စရာကောင်းသည်-ဟူလို၊)ဒိတ္တသဒ္ဒါသည် အနီး၌တည်သောဝဏ္ဏကို ဟော၏ " ဟု သဒ္ဒတ္ထမုတ္တာဝလိ စသော အဘိဓာန်တို့၌ ဆိုသတတ်။

၉၉။ ပဿန္တာ တျာဒိ။ ။ဤဂါထာ၌ ကြမ်းတန်းသော ဓနိတ အက္ခရာများစွာမပါ၊ ပဌမ, ဒုတိယ, စတုတ္ထပါဒတို့၌ ဘ, ဓ, ခ- ဟု တလုံးစီသာပါ၍ တတိယပါဒ၌ ဓ ၂ လုံးသာပါ၏၊ ထို့ကြောင့် သုခု

www.dhammaransi.com



**အပတ္တမဿ ယထာ**

**၁၀၀။ ဘာဝနာ ဒါန သီလာနိ, သမ္မာ သမ္ပာဒိတာနိ·ဟ၊**
**နိဗ္ဗာန ဘောဂ သဂ္ဂါဒိ–သာဓနာနိ န သံသယော။**

**၁၀၀။ အပတ္တမဿ-အပတ္တမဒေါသ၏၊ ပရိဟာရော-သည်၊ ယထာ-နည်း၊........ဣဟ- ဤဘာဝ၌၊ သမ္မာ - ကောင်းစွာ၊ သမ္ပာဒိတာနိ- ပြီးစေအပ်ကုန်သော၊ ဘာဝနာ ဒါန သီလာနိ - ဘာဝနာ ဒါန သီလတို့သည်၊ နိဗ္ဗာန ဘောဂသဂ္ဂါဒိ သာဓနာနိ - နိဗ္ဗာန်, စည်းစိမ်ဥစ္စာ, နတ်ပြည်စသော သမ္ပတ္တိကို ပြီးစေနိုင်ကုန်၏၊ သံသယော-ယုံမှားဘွယ်သည်၊ န-မရှိ။**

× × × × × × ×

မာလ-နည့်သောဂုဏ်ရှိ၏၊ ပ-သ-န္တ-ရကဲ့သို့ ဌာန်တူအက္ခရာလည်း နီးကပ်လျက် များစွာပါသောကြောင့်"ဒိတ္တဘာဝ"လည်း ဖြစ်၏။

**ဝစနတ္ထ**။ ။ရူပဿ- ရုပ်ပုံသဏ္ဍာန်တော်၏+ဝိဘောဝါ- ပြည့်စုံခြင်း (တင့်တယ်ခြင်း)တည်း၊ ရူပဝိဘဝေါ၊ ပဿန္တာ(စက္ခုံ သန္တပ္ပေတွာ ဩလောကေန္တာ )- မျက်လုံးကို နှစ်သက်စေ၍ ဖူးမျှော်ကြကုန်လျက်၊ မဓုရံ ဂိရံ - တဿ ဘဂဝတော အဋ္ဌင်္ဂသမန္နာဂတံ မဓုရဝစနံ သုဏန္တာ၊ (အသံတော်၏ အင်္ဂါရှစ်ပါးကို အဘိဓာန်မှာရှု။)ပရာနိ+မုခါနိ ပရမ္မုခါနိ၊ ကေဠိယာ-ပျော်မြူးခြင်း၏+ပရမ္မုခါနိ(ပြောင်းပြန်ဖြစ်သော မျက်နှာတို့သည်)ယေသံတိ ကေဠိပရမ္မုခါ၊ " ဘုရားလက်ထက်တော်က သူတော်ကောင်းတို့သည် အပျော်အပါး မလိုက်စားကြတော့ဘဲ ဘုရားဖူး တရားနာခြင်းဖြင့် အချိန်ကုန်စေကြသည်"ဟူလို။

---

၁၀၀။ ။ဒေါသအခန်း၌"ဘာဝနာ ဒါန သီလာနိ....ဘောဂ သဂ္ဂါဒိ နိဗ္ဗာန သာဓနာနိ " ဟု စဉ်သောကြောင့် အပတ္တမဒေါသ သင့်ရ၏၊ ဤဂါထာ၌ကား "ဘာဝနာ ဒါန သီလာနိ" ဟု ရှေ့အစဉ်အတိုင်း " နိဗ္ဗာနဘောဂသဂ္ဂါဒိ " ဟု နောက်၌ စဉ်သောကြောင့် အစဉ်မပျက်ရကား အပတ္တမဒေါသမှ လွတ်၏။[ကစ္စည်းသုတ်၌ "ဇ ဝဏ္ဏ ဝဏ္ဏာ ဈလာ" ဟု ဆိုသောကြောင့် အစဉ်တဲ့ရကား အပတ္တမ ဒေါသမှလွတ်၏။]

www.dhammaransi.com



### အစဉ်မတဲ့လည်း အပြစ်မရှိ

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော ကောစိ, ဝိသေသော တာဒိသော ယဒိ၊
အနုဒ္ဒိဋ္ဌေသု နေဝတ္ထိ, ဒေါသော ကမဝိလင်္ဃနေ။

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော-ရှေးဦးစွာပြအပ်သော အရာရှိသော၊ တာဒိသော-ထိုကဲ့သို့ အစဉ်ကိုကျော်ထိုက်သော သဘောရှိသော၊ ကောစိ - တစုံတခုသော၊ ဝိသေသော - အထူးသည်၊ ယဒိအတ္ထိ-အကယ်၍ရှိအံ့၊ (ဓေ်ဝသတိ-ဤသို့ ရှိလသော်)၊ အနုဒ္ဒိဋ္ဌေသု(အနု+ဥဒ္ဒိဋ္ဌေသု- ) နောက်ထပ်ပြအပ်သော အရာတို့၌၊ ကမဝိလင်္ဃနေ-အစဉ်ကို ခုန်ကျော်ခြင်းကြောင့်၊ ဒေါသော-အပက္ကမဒေါသသည်၊ နေဝအတ္ထိ-မရှိသည်သာ။

× × × × × × ×

ကမစ္စုတနှင့် အပက္ကမ။ ။လောကထုံးစံအတိုင်း အများကစ၍ တောင်းရမည်ကို မတောင်းဘဲ အနည်းက စ၍ တောင်းခြင်းသည် ကမစ္စုတ ဒေါသ၊ အမြွတ် အယုတ်ကို ပဓာနမထားဘဲ ရှေ့အစဉ်နှင့် တူအောင် နောက်၌စဉ်လျှင် ယထာက္ကမ နည်းအရ ထုံးစံကျ၏၊ ထိုသို့ ယထာက္ကမ နည်းမကျအောင်စဉ်ခြင်းသည် အပက္ကမဒေါသတည်း။

[ဆောင်] ၁။ ထုံးစံမကျ,အနည်းကလျှင်,စ၍များလစ်, တောင်းသည့်ပြစ်, ကမစ္စုတတည်း။

၂။ ရှေ့အစဉ်ကို, တမင်ဖေါက်လျက်, နောက်စဉ်ဖျက်၍, ယထာက္ကမ, နည်းမကျ, အပက္ကမတည်း။

---

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော တျာဒိ။ ။ရှေးဦးစွာ ပြအပ်သော စကားသည် ဥဒ္ဒိဋ္ဌ , နောက်ထပ်ပြအပ်သော စကားသည် အနုဒ္ဒိဋ္ဌ, (အနု- နောက်ထပ်+ဥဒ္ဒိဋ္ဌ) တည်း၊ ထိုသို့ နောက်ထပ်ပြရာ၌ ရှေ့ဥဒ္ဒိဋ္ဌတွင် ထူးခြားသော အချက်ကို ဖေါ်ပြစရာရှိလျှင် ရှေ့အစဉ်ကို ခုန်ကျော်သော်လည်း (အစဉ်ဖျက်သော်လည်း) အပက္ကမဒေါသမသင့်။

www.dhammaransi.com



ယထာ

၁၀၂။ ကုသလာ·ကုသလံ အဗျာ-ကတာ·မိစ္ဆေသု ပစ္ဆိမံ၊
အဗျာကတံ ပါကဒံ န, ပါကဒံ ပဌမဒွယံ။

၁၀၂။ ယထာ - ဥဒါဟရဏ်ကား၊....ကုသလံ - ကုသိုလ်ဧင်း၊ အကုသလံ-အကုသိုလ်ဧင်း၊ အဗျာကတံ-အဗျာကတဧင်း၊ ဣတိ-ဤသို့၊ ဧတေသု- ဤ ၃ ပါးတို့တွင်၊ ပစ္ဆိမံ - နောက်ဆုံးဖြစ်သော၊ အဗျာကတံ-အဗျာကတသည်၊ န ပါကဒံ-အကျိုးမပေးတတ်၊ပဌမဒွယံ - ရှေ့ဖြစ်သော ကုသိုလ် အကုသိုလ် ၂ ပါး အပေါင်းသည်၊ ပါကဒံ-အကျိုးကို ပေးတတ်၏။

× × × × × × ×

၁၀၂။ ကုသလာတျာဒိ။ ။"ကုသလ , အကုသလ , အဗျာကတ"ဟု ရှေ့အစဉ်၌ အဗျာကတကို နောက်ထား၍ပြ၏၊ ထို ၃ ပါးတွင် ကုသိုလ် အကုသိုလ်၏အကျိုးပေးခြင်းနှင့် အဗျာကတ၏ အကျိုးမပေးခြင်းအားဖြင့် ထူးခြားချက်ကို ပြလိုသောကြောင့် နောက်ထပ်စဉ်ရာ၌ အဗျာကတကို ရှေ့ကထား၍ " အဗျာကတံ ပါကဒံ န ( ဟောတိ ) ပဌမဒွယံ ပါကဒံ "ဟု ဆိုခြင်းသည် ( ရှေ့အစဉ် မကျသော်လည်း ) အပက္ကမဒေါသ မသင့်။ [ပါကံ - အကျိုးကို+ ဒဒါတိ- ပေးတတ်၏၊ ဣတိ ပါကဒံ။]

စံကျောင်းနိဿယ။ ။"ယေကေစိ ကုသလာဓမ္မာ,သဗ္ဗေ တေ ကုသလမူလာတိ " ဟူသော ပုစ္ဆာဝါကျ၌ ကုသလာဓမ္မာကို ရှေ့, ကုသလမူလာကို နောက်ထား၏၊ "တီဏေဝ ကုသလမူလာနိ, အဝသေသာ ကုသလာဓမ္မာ, န ကုသလမူလာ "ဟူသော အဖြေဝါကျ၌ ကုသလဓမ္မနှင့် ကုသလမူလအထူးကိုပြလိုသောကြောင့် ကုသလမူလကို ရှေ့,ကုသလဓမ္မကိုနောက်ထားခြင်းသည် အပက္ကမဒေါသမသင့်-ဟု စံကျောင်းနိဿယ မှာ၏။[ဤ၌ အဝသေသာပါဌ်ဖြင့် အကြွင်းကို သိလွယ်စေခြင်းအကျိုးငှါ( ရှေ့အစဉ်အတိုင်းမဟုတ်ဘဲ)နောက်အစဉ်ကို တမျိုးစဉ်၍ ဟောတော်မူသည်။]

www.dhammaransi.com



ဩစိတျဟီနဒေါသ မသင့်ပုံ

၁၀၃။ သဂုဏာနာ-ဝိကရဏော, ကာရဏော သတိ တာဒိသေ
ဩစိတျဟီနတာပတ္တိ, နတ္ထိ ဘူတတ္ထသံသိနော။

၁၀၃။ သဂုဏာနံ- မိမိဂုဏ်တို့ကို၊ အာဝိကရဏေ-ထင်စွာပြုရာ၌၊ ဝါ-ထင်စွာဖော်ပြရာ၌၊ တာဒိသေ - ထိုသို့ ဖော်ပြထိုက်သော သဘောရှိသော၊ ကာရဏေ-အကြောင်းသည်၊ သတိ- ရှိလသော်၊ ဘူတတ္ထသံသိနော-ဟုတ်မှန်သောဂုဏ်အနက်ကို ပြောလေ့ရှိသူ၏၊ ဝါ- ဟုတ်မှန်စွာ ပြောလေ့ရှိသူ အတွက်၊ ဩစိတျဟီနတာပတ္တိ- ဩစိတျဟီန၏အဖြစ်သို့ ရောက်ခြင်းသည်၊ ဝါ- ဩစိတျဟီနဒေါသ သည်၊ နတ္ထိ-မရှိ။

× × × × × × ×

၁၀၃။ သဂုဏာနံတျာဒိ။ ။"ပူဇနီယတရော လောကေ"စသော ဂါထာဖြင့် "မိမိဂုဏ်ကို မိမိဘာသာ ထုတ်ဖော် ပြောခြင်းကြောင့် ဩစိတျဟီနဒေါသ သင့်၏"ဟု ဆိုခဲ့သော်လည်း မိမိဂုဏ်ကိုထုတ်ဖော် ပြောပြမှ ကိစ္စပြီးမည်ဖြစ်၍ အကျိုးရှိမည့်အရာ၌ မှန်သည့်အတိုင်း ထုတ်ဖော်သင့်၏၊ ထိုသို့ ပြောခြင်းကြောင့် ဩစိတျဟီနဒေါသ မသင့်၊ ထို့ကြောင့် ဘုရားရှင်သည် ဥပကနှင့် တွေ့ခဏ်း၌........

"နမေ အာစရိယော အတ္ထိ, သဒိသော မေ နဝိဇ္ဇတိ၊
သဒေဝကသ္မိံ လောကသ္မိံ, နတ္ထိ မေ ပဋိပုဂ္ဂလော"

ဟု ဆရာမရှိကြောင်း, အတူမရှိကြောင်း, တလောကလုံး၌ ပြိုင်ဘက် မရှိကြောင်းကို ဟုတ်မှန်သည့်အတိုင်း ထုတ်ဖော်မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူလိုက်ခြင်းကြောင့်ပင် ဥပကလည်း နောင်အခါ၌ ဘုရားရှင့် အထံတော်သို့ ပြန်လာ၍ ရဟန်းပြုပြီးလျှင် အနာဂါမ် တည်ခြင်း ဟူသော အကျိုးကို ရလေသည်။

ဝစနတ္ထ။ ။ဘူတော- ထင်ရှားရှိသော၊ ဝါ- ဟုတ်မှန်သော+ အတ္ထော-အနက် ( အကြောင်းအရာ)တည်း၊ ဘူတတ္ထော၊ ဘူတတ္ထံ+ သံသတိ သီလေနာတိ ဘူတတ္ထ သံသီ၊ သံသဓာတ်သည် ပြောဆိုခြင်း အနက်ကို ဟော၏၊ ဩစိတျဟီနမေဝ ဩစိတျဟီနတာ၊ ( တာပစ္စည်း သွတ္ထ)၊ ဩစိတျဟီနတာယ-သို့+အာပတ္တိ-ရောက်ခြင်းတည်း၊ဩစိတျ ဟီနတာပတ္တိ။ [ဩစိတျဟီနသင်္ခါတဒေါသဿ-ပတ္တိ နတ္ထိ၊-ဋီကာ။]

www.dhammaransi.com



## ဩစိတျထင်ရှားပုံနှင့် ဥပဒေပြုသူ

၁၀၄။ ဩစိတျံနာမ ဝိညေယျံ, လောကေ ဝိချာတ•မာဒရာ၊
တတ္ထော•ပဒေသပဘာဝါ, သုဇနာ ကဝိပုင်္ဂဝါ။

၁၀၄။ လောကေ – သတ္တလောက၌၊ ဝိချာတံ – သူငယ်တိုင်အောင် ထင်ရှားသော၊ ဩစိတျံနာမ – ဩစိတျ မည်သည်ကို၊ အာဒရာ- လေးစားခြင်းဖြင့်၊ ( ဝိညူဟိ- တို့သည်၊ ) ဝိညေယျံ- သိသင့်သိထိုက်၏၊ ဝါ-သိအောင်ပြုပါလေ၊ တတ္ထ- ထိုဩစိတျ၌၊ ဥပဒေသပဘာဝါ-နည်းဥပဒေသ၏ အမွန်အစဖြစ်ရာတို့သည်ကား၊ သုဇနာ-သူတော်ကောင်းဖြစ်ကုန်သော၊ ကဝိပုင်္ဂဝါ- ခေါင်းဆောင်ပညာရှိတို့ပေတည်း။

× × × × × × ×

၁၀၄။ ဩစိတျံနာမ၊ပေ'အာဒရာ။ ။ဤ ၂ပါးဖြင့် ဩစိတျကို စာသင်သားတို့(တနည်း-ပညာရှိဖြစ်လိုသူတို့ ) သိအောင် ကြိုးစားဘို့ တိုက်တွန်းသည်၊ ဩစိတျသည် ဤလူလောကဝယ် ကလေးသူငယ်တိုင်အောင် ထင်ရှား၏၊"ကလေးသူငယ်များပင် နားလည်ကြသည်" ဟူလို၊ မှန်၏-လူကြီးတယောက်သည် ပရိသတ်အလယ်၌(မိမိဂုဏ်ကိုပြောဘို့ မလိုပါဘဲ)ထုတ်ဖော် ပြောဆိုနေလျှင် ထိုပရိသတ်တွင် ပါဝင်သော ကျောင်းသားကလေးများ ကပင်" အလကား လူပေါ်ကြီးပါကွာ, ကိုယ့်ကိုယ် ကိုယ်ခေါ် မသူတော် ခုနစ်ပါး-ဆိုတဲ့ အစားထဲကပါ"ဟု ကဲ့ရဲ့တတ်ကြသည်။

တတ္ထော၊ပေ၊ပုင်္ဂဝါ။ ။[ဥပဒေသ၌ ဥပသဒ္ဒါသည်(ဥပစယောပုဒ်၌ ဥပကဲ့သို့ ) " အစ"အနက်ဟော၊ ဥပ- အစ၌+ဒေသ- ပြောဆိုညွှန်ပြအပ်သောအကြောင်းအရာ၊ ယခုအခါ"ဥပဒေ"ဟုခေါ်ကြ၏။] ထိုဥပဒေသဟူသည် " ကိုယ့်ဂုဏ်ကို ( အကျိုးထူးမရှိလျှင်)မဖော်ရ၊ ရှေ့စကားနှင့် နောက်စကားကို ( ဝါ-အပြောနှင့်အလုပ်ကို ) ညီစေရမည်"စသော ညွှန်ပြချက်တည်း၊ ထိုဥပဒေသ၏ စ၍ဖြစ်ရာ ဥပဒေပြုပုဂ္ဂိုလ်များကား (သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြ ) သုဇနကဝိပုင်္ဂဝ-သူတော်ကောင်း ဖြစ်၍ ပညာရှိ ကဝိတို့၏ ရှေ့သွား ခေါင်းဆောင်ပညာရှိ ထိပ်ခေါင်တင်များလည်း ဖြစ်ကြသည်-ဟူလို။

www.dhammaransi.com



## ဩစိတျဟီန ရှောင်ရန် တိုက်တွန်းခြင်း

၁၀၅။ ဝိညာတော-စိတျဝိဘဝေါ-စိတျဟီနံ ပရိဟာရေ၊
တတော စိတျဿ သမ္ဘေါ်သေ, ရသပေါသော သိယာ ကတော။

၁၀၅။ ဝိညာတောစိတျဝိဘဝေါ - သိအပ်ပြီးသော ဩစိတျ ပြည့်စုံခြင်းရှိသော ပညာရှိသည်၊ ဝါ- ဩစိတျပြည့်စုံပုံအလုံးစုံကို သိပြီးသော ပညာရှိသည်၊ ဩစိတျဟီနံ - ဩစိတျဟီန ဒေါသကို၊ ပရိဟာရေ- ရှောင်လွှဲရာ၏၊ တတော- ထိုသို့ ရှောင်လွှဲခြင်းကြောင့်၊ ဩစိတျဿ- ဩစိတျဂုဏ်၏၊ သမ္ဘေါ်သေ -တိုးပွားခြင်းကို၊ ကတော- ပြုအပ်သည့် ရှိသော်၊ ရသပေါသော - အရသာ၏ ပြည့်ခြင်းသည်၊ သိယာ-ဖြစ်ရာ၏။

× × × × × × ×

၁၀၅။ ဝိညာတော ၊ပေ၊ ပရိဟာရေ။ ။ "ဩစိတျဝိဘဝ" ၌ ဝိဘဝသဒ္ဒါသည် သမ္ပတ္တိအနက်ဟောတည်း၊ ဝိညာတော + ဩစိတျ ဝိဘဝေါ ယေနာတိ ဝိညာတော•စိတျဝိဘဝေါ - သိအပ် ပြီးသော ဩစိတျဂုဏ်တည်းဟူသော ပြည့်စုံခြင်းရှိသူ၊ ဝါ-ဩစိတျဂုဏ်ဟူသော ပြည့်စုံမှုကို သိပြီးသူ၊ စကားပြောရာ တရားဟောရာ စာရေးရာတို့၌ "မည်ကဲ့သို့ ပြောဟောရေးသားလျှင် ဩစိတျဂုဏ် ရောက်၏" ဟု ကဝိပုင်္ဂဝတို့၏ သင်ပြမှုကြောင့် ဩစိတျအကြောင်း ကောင်းကောင်း နားလည်ပြီးသူသည် "ဩစိတျဟီနဒေါသကို ရှောင်လွှဲ၍ ပြောဟော ရေးသားပါလေ"ဟု ဩဝါဒပေးသည်။ [ဝိညာတောစိတျဝိဘဝေါ- တာဒိသကဝိနံ အနုဂ္ဂဟေန ဝိညာတ ဩစိတျသင်္ခါတသမ္ပတ္တိသမန္နာ ဂတော ကဝိ။]

တတော၊ပေ၊ကတော။ ။အပြောအဟော အရေးအသား၌ ထိုဩစိတျ ဟီန ဒေါသကို ရှောင်လွှဲလိုက်ခြင်း အားဖြင့် ဩစိတျဂုဏ် တိုးပွားအောင် ပြုအပ်သည်ရှိသော် အရသာတမျိုး ပြည့်လာစရာရှိ၏၊ ထိုအရသာကား "မာဓု ရိယ" အရသာတည်း၊ မဓုရဿ – ချိုဆိမ့်သော အဖွဲ့အနွဲ့၏ + ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာ ( ချိုဆိမ့်သော ) အရသာတည်း၊ မာဓုရိယံ– သာ။ [သ မ္ဘေါသေ၌ ပုသဓာတ်သည် ဝုဒ္ဓိ (ဗြူဟန) – တိုးပွားခြင်းအနက်ဟော၊ ရသ ပေါသော၌ ပုသဓာတ်ကား ပူရဏအနက်ဟောတည်း။...တတော ဒေါသပရိ ဟာရတော ဩစိတျဿ သမ္ဘောသေ ဥပဗြူဟနေ ကတေ သတိ မာဓုရိယ သင်္ခါတဿ အဿာဒေတဗ္ဗဿ ပူရဏံ သိယာ။]

www.dhammaransi.com



ယထာ

၁၀၆။ ယော မာရသေန·မာသန္ဒ-မာသန္ဒ ဝိဇယုသဝေါ၊
တိဏာယပိ န မညိတ္ထ,သော ဝေါ ဒေတု ဇယံ ဇိနော။

၁၀၆။ ယထာ-ဥဒါဟရဏ်ကား၊....အာသန္ဒဝိဇယုသဝေါ-နီးကပ်သော အတွင်းအောင်ပွဲ ရှိတော်မူသော၊ ယောဇိနော-အကြင်မြတ်စွာဘုရားသည်၊ အာသန္ဒ-အနီးသို့ ချဉ်းကပ်လာသော၊ မာရသေနံ - အပြင် မာရ်နတ် , စစ်သည် တပ်ကို၊ တိဏာယပိ - မြက်မှိုက်လောက်မျှလည်း၊ နမညိတ္ထ - မှတ်ထင်တော် မမူ၊ သော ဇိနော-ထိုမြတ်စွာဘုရားသည်၊ ဝေါ-သင်တို့အား၊ ဇယံ-အောင်ဆုကို၊ ဒေတု-ပေးတော်မူပါစေသတည်း။

× × × × × × ×

၁၀၆။ ဧုဟ သတ္တေ သဗ္ဗတ္တ သန်ေပတ္တ • မိစ္ဆန္တောပိ အာစရိယော(ဤအလင်္ကာကျမ်း၌ နေရာတိုင်းမှာ အကျဉ်းအနက်ကို အလိုရှိပါသော်လည်း ကျမ်းဆရာသည်)ဩစိတျံနာမ အာဒရေန တဂ္ဂရူပံ ဥဂ္ဂဏှိတွာ ပယုဉ္ဇိတဗ္ဗံ (ဩစိတျမည်သည်ကို လေးလေးစားစား ထိုဩစိတျသိပြီးသော ဆရာတို့အထံမှ သင်ယူ၍ သုံးစွဲထိုက်၏၊) ဧ ဓ္စေဝံ (ဤသို့ နှလုံးသွင်း၍) ဝိတ္တာရေန သိသော အနုသာသိတွာ(အကျယ်အားဖြင့် တပည့်တို့ကို သွန်သင်ပြီး၍ ) ဧဒါနိ ဩစိတျဟီနာ ပရိဟရဏတ္တံ''ယောမာရသေန မာသန္နေစ္စာဒိနာ”လက္ခယ·မုဒါဟရတိ။

အာသန္ဒ ၊ပေ၊ မညိတ္ထ။ ။ဘုရားရှင်သည် ဗောဓိပင်အောက်၌ ထိုင်နေတော်မူသောအခါ ကိလေသာမာရ် အတွင်းရန်ကို အောင်မြင်ခြင်းဟူသော အောင်ပွဲနှင့်နီးလေပြီ၊''ထိုသို့အရေးအကြီးဆုံး အတွင်းရန်ကိုပင် အောင်ခါနီးဖြစ်သော ဘုရားရှင်သည် မာရ်စစ်တပ်ဟူသော အပြင်ရန်ကို မြက်မှိုက်လောက်မျှ အရေးစိုက်တော်မမူ ” ဟု ဆိုခြင်းသည် ဩစိတျသမ္ဘောသက ( အသင့်ယုတ္တိကို တိုးပွား စေတတ်သော စကားဖြစ်၏၊ ဘာ့ကြောင့်နည်း၊— ယခုမှပေါ်လာသော အပြင်ရန်သည် သံသရာက ပါလာခဲ့သော အတွင်းရန်ကဲ့သို့ နှိမ်နင်းဘို့မခဲယဉ်းရကား မြက်မှိုက်လောက်မျှ အရေးမစိုက်ထိုက်သောကြောင့် တည်း။

သောဝေါ၊ပေ၊ ဇိနော။ ။''ကိုယ်တော်တိုင် အောင်မြင်တော်မူပြီးသော ထိုဘုရားရှင်သည် သင်တို့အား အောင်ဆုပေးပါစေ'' ဟု

www.dhammaransi.com



အာသီသ ( တောင့်တမှု ) ပြုခြင်းလည်း ဩစိတျသမ္ဗန္ဓ ဖြစ်၏၊ ဘာကြောင့်နည်း-ဥစ္စာစနပြည့်ဝပြီးသော သူဌေးသည်သာ သူတပါး အား ပေးကမ်းနိုင်သကဲ့သို့ , အောင်ပြီး ပုဂ္ဂိုလ်သည်သာ သူတပါး အား အောင်ဆုကို ပေးနိုင်သောကြောင့်တည်း၊ ဤသို့ အောင်မြင်ဘို့ အရေးကို အာသီသပြုရာ၌ ဘုရားအနက်ဟော ပရိယာယ်ပုဒ်တို့တွင် '' ဇိနော '' ပုဒ်လည်း ဩစိတျသမ္ဗန္ဓ ဂုဏ်ရောက်သောပုဒ်ပင် တည်း။ [ ဤအဓိပ္ပါယ်ရည်ရွယ်၍ မုနိန္ဒဝဒနမ္ဗောဇ-စသော ပဏာမ ဂါထာ၌''မုနိန္ဒသဒ္ဒါလည်း ဩစိတျသမ္ဗန္ဓဂုဏ်ရှိသောသဒ္ဒါ'' ဟုဆိုခဲ့သည်။ ]

**ဝစနတ္ထ။** ။ဝိဇယော ဝေ+ဥဿဝေါ ဝိဇယုဿဝေါ-အောင်ပွဲ၊ အာသန္နော + ဝိဇယုဿဝေါ ယဿာတိ အာသန္နဝိဇယုဿဝေါ- နီးကပ်သောအောင်ပွဲရှိသောဘုရား၊ အောင်ပွဲယဉ်ခါနီးသောဘုရား၊ '' တိဏာယပိ '' ကား '' မညနာဒရေပ္ပါဏိနိ '' အရ ကံအနက်၌ သမ္ပဒါန်တည်း။

**အနက်ကျယ်။** ။အာသန္န ဝိဇ ယုဿဝေါ-များစွာတင်းမာရ်, အတွင်းရန်ကို, ပြင်းထန် သတ်ညှင်း, အောင်တပ် ခင်း၍, အောင်ခြင်း ကိုမြှော်, ........အောင်ပွဲယဉ်ခါ နီး ဖြစ်တော်မူသော၊ ယောဇိနော- အပ္ပရာဇိ,ဗောဓိမဏ္ဍိုင်,ခမ်းဝါမြှင်ဝယ်,ကြန့်ခိုင်ဖွဲ့ခွေ,ထိုင်နေတော် မူစဉ်, အကြင်ဘုရားရှင်ကိုယ်တော်မြတ်သည်၊ အာသန္ဒ-သမာဓိဉာဏ်, ပျက်အောင် ကြံသျက် , အထံတော်မြတ် , ချည်းကပ်၍ လာသော၊ မာရသေနံ- တောင်ကြီးယော, လှိမ့်၍လာသို့, လွန်စွာကြောက်ဘွယ်, ကြီးကျယ်ဘိ‌တောင်း , မာရ်စစ်သည် အပေါင်းကို၊ တိဏာယပိ န မညိတ္ထ-အမှိုက်မြက် ပမာ, မဖက်သာသို့, မျက်နှာတော် ကြည်ကြည် လင်လင်နှင့် , ထိထင်တော် မမူခဲ့ပေ၊ သောဇိနော - ကိုယ်တော်တိုင် လျှင်, အောင်ပွဲ ‌င်၍, သချေ့များစွာ,ဝေနေယျာလည်း,မကွာအတူ, အောင်စေတော်မူတတ်, ထိုရှင်မြတ်ဘုရားသည်၊ နော ( အမှာကံ)- မအောင်သေးခင်, အောင်ကြွေးတင်၍ , အောင်မြင်ရန်မြှော် , သား တော် သမီးတော်တို့အား၊ ဇယံ ဒေတု- အောင်ရန်အသင့် , အောင်လံ လွှင့်ဘို့ , အောင်ခွင့်မင်္ဂလာ,....... ကရုဏာပွား, မေတ္တာအားဖြင့်, ပေးသနားတော်မူပါ.... အရှင်မြတ်ဘုရား။

www.dhammaransi.com



**ဘဂ္ဂရိတိဒေါသ လွတ်ပုံ**

၁၀၇။ အာရဒ္ဓ ကတ္တုကမ္မာဒိ-ကမာ-တိက္ကမလဃ်ေန၊
ဘဂ္ဂရိတိဝိရောဓော-ယံ, ဂတိံ န က္ဂာပိ ဝိန္ဒတိ။

၁၀၇။ အာရဒ္ဓ ကတ္တုကမ္မာဒိ ကမာတိက္ကမလဃ်ေန- အားထုတ်အပ်သော ကတ္တား ကံ စသော အနက်တို့၏ အစဉ်ကျော်ခြင်းကို ခုန်ကျော်ခြင်းသည်၊ သတိ - ရှိလသော်၊ အယံ ဘဂ္ဂရိတိ ဝိရောဓော-၍ဘဂ္ဂရိတိဒေါသသည်၊ က္ဂာပိ-တစုံတခုသောအရာ၌လည်း၊ ဂတိံ-ဖြစ်တည်ခွင့်ကို၊ န ဝိန္ဒတိ-မရနိုင်။

**ယထာ**

၁၀၈။ သုဇနညာန-မိတ္ထီနံ, ဝိသာသော နော-ပပဇ္ဇတေ၊
ဝိသသာ သိဂ္ဃိနော ရောဂ-နဒီ ရာဇကုလဿစ။

၁၀၈။ ယထာ - ကား၊ .... သုဇနညာနံ - သူတော်ကောင်းမှ တပါးသောသူယုတ်မာတို့၏ငှင်း၊ ဣတ္ထီနံ-မိန်းမတို့၏ငှင်း၊ဝိသသာ-

× × × × × × ×

၁၀၇။ အာရဒ္ဓတျာဒိ။ ။စတည်ခြင်းကို "အာရဒ္ဓ"ဟု ခေါ်၏၊ [ကတ္တား ကံသည် သဒ္ဒါမဟုတ်၊ ကတ္တား အနက်, ကံအနက် စသော အနက်တည်း။ ] ကတ္တားအနက်ကို စလျှင် ကတ္တားအနက်ချည်း စဉ်၍ ထားရာ၏၊ ကံကိုစလျှင် ကံချည်းစဉ်၍ ထားရာ၏၊ ဒေါသခန်း၌ ပြခဲ့သော ဂါထာဝယ် သမ္ဗန်အနက်ကိုစတည်ပြီးလျှင် သတ္တမီ(အာဓာရ) အနက်တမျိုးပြောင်း၍ ထားသောကြောင့် အစီအစဉ်ကို ကျော်လွန်သော ဘဂ္ဂရိတိ ဒေါသသင့်၏။

ကမာတိက္ကမလဃ်ေန။ ။၍ပုဒ်၌ " ကမာတိက္ကမ "ဟူသော ပါဌ်ဖြင့် အစဉ်ပျက်ခြင်းကိုပြ၏၊ "လဃ်ေန"အရ ထိုကမာတိက္ကမကို " ခုန်ကျော်ခြင်း " ဟူသည် ထိုအစဉ်မပျက်ခြင်းတည်း၊ [ ပဋိသေဓ ၂ ချက်ရှိရာ၌ ပကတိအနက်ထွက်သကဲ့သို့ "အတိက္ကမ+လဃ်ေန" ဟု ခုန်ကျော်ခြင်းအနက် ၂ ခုကို ပြသဖြင့် " မခုန်ကျော်ခြင်း " ဟူသော ပကတိအနက် ပြန်ရသည်။ ] ထိုသို့ ကတ္တားကံစသော အနက်အစဉ် မခုန်ကျော်လျှင် (ဝါ- မပျက်လျှင်) ဘဂ္ဂရိတိဒေါသသည် ဘယ်နေရာ၌မျှ ထောက်တည်ရာ မရနိုင်၊ "ထောက်တည်ရာမရ" ဟူသည် ဝါကျ တခုလုံး၌ ထိုအပြစ်ကိုရှာ၍ မရနိုင်ခြင်းတည်း။

www.dhammaransi.com



အဆိပ်၏၎င်း၊ သိင်္ဂိနော - ဥုးချို အစွယ်ရှိသော သတ္တဝါ၏၎င်း၊ ရောဂနဒီရာဇကုလသဿစ- တိုးပွါးနေသော အနာရောဂါ , မြစ်, သတ်မှု ဖြတ်မှု မတရားပြုနေသော မင်းအိမ်၏၎င်း၊ ဝိဿာသော- အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ-မသင့်။

ယထာစ

၁၀၉။ ဘောသဇ္ဇေ ဝိဟိတေ သုဒ္ဓ-ဗုဒ္ဓါဒိ ရတနတ္တယေ၊
ပသာဒ·မာစရေ နိစ္စံ, သဇ္ဇနေ သဂုဏေ·ပိစ။

၁၀၉။ ယထာစ-ဥဒါဟရုဏ်တမျိုးကား····ဝိဟိတေ- မိမိနှင့် သင့်မြတ်အောင်စီရင်အပ်သော၊ ဘောသဇ္ဇေစ- ဆေး၌၎င်း၊(စသဒ္ဒါ လိုက်စေ ) သုဒ္ဓဗုဒ္ဓါဒိ ရတနတ္တယေစ - ကိလေသာတို့မှ စင်ကြယ် သော ဘုရား အစရှိသော ရတနာ ၃ ပါး အပေါင်း၌၎င်း၊ သဇ္ဇနေ စ- သူတော်ကောင်း၌၎င်း၊ အပိ- ထိုမှတပါန်၊ သဂုဏေစ- ဂုဏ်ရှိ သူ၌၎င်း၊ နိစ္စံ-အမြဲ၊ ပသာဒံ-စိတ်၏ကြည်ညိုခြင်းကို၊ ဝါ-လေးစား ခြင်းကို၊ အာစရေ-ပြုကျင့်ရာ၏။

× × × × × × ×

၁၀၈။ သုဇနညာနံ တျာဒိ။ ။[သုဇနေဟိ+အညေ- သုဇနညာ= သူတော်ကောင်းတို့မှ တပါးသောသူယုတ်မာတို့။]ဤဂါထာ၌ သမ္မန် အနက်ချည်း စီစဉ်၍ ပြသောကြောင့် အတ္ထဘဂ္ဂရီတိဒေါသ မှ၎င်း , စသဒ္ဒါကို "ရာဇကုလသဿစ" ဟု အဆုံးတနေရာ၌သာ (အန္တဒီပက နည်းအားဖြင့်)ထားသောကြောင့် သဒ္ဒဘဂ္ဂရီတိဒေါသမှ၎င်းလွတ်၏၊ [ စသဒ္ဒါ ထားရပုံ စည်းကမ်းကို ဤဒေါသအခန်း၌ ပြခဲ့ပြီ။ ]

၁၀၉။ ဘောသဇ္ဇေတျာဒိ။ ။ ဤဂါထာ၌ သတ္တမီဝိဘတ်နက် (အဓိကရုဏာအနက်)အစဉ်မပျက်သော အတ္ထရီတိကို၎င်း,စနိပါတ်၏ အဆုံးတနေရာ၌သာ ထားသဖြင့် ထုံးတမ်းအစဉ် မပျက်သော သဒ္ဒ ရီတိကို၎င်း ပြ၏၊ သဂုဏေပိ၌ အပိကို " ပုနပိ " ဟု ဋီကာဖွင့်သည်။ [ ဒေါသခန်း၌ ဆဋ္ဌီ , သတ္တမီ အစီအစဉ် ၂ မျိုး ပျက်ပုံကို ပြခဲ့သော ကြောင့် ဤ ပရိဟာရအခန်း၌လည်း ဆဋ္ဌီနက် အစီအစဉ်မပျက်ပုံ, သတ္တမီနက် အစီအစဉ်မပျက်ပုံ ဥဒါဟရုဏ် ၂ မျိုးကိုပြသည်။]

www.dhammaransi.com



သံသယဿ ယထာ

၁၁၀။ မုနိန္ဒစန္ဒိမာလောက-ရသလောလ ဝိလောစနော၊
ဇနော·ဝဏ္ဏက္ကပန္နော·ဝ, ရုံသိဒဿနုပီဏိတော။

၁၁၀။ သသံသယဿ - သသံသယဒေါသ၏၊ ပရိဟာရော- အဖြေသည်၊ ယထာ - အဘယ်နည်း။···· မုနိန္ဒစန္ဒိမာလောက ရသ လောလ ဝိလောစနော – မြတ်စွာဘုရား တည်းဟူသော လမင်း၏ အရောင်၌ သာယာနှစ်သက်ခြင်းကြောင့် လှုပ်လှုက်သော မျက်လုံး ရှိသော၊ဇနော-လူအပေါင်းသည်၊အဝဏ္ဏက္က ပန္နော-သက်ရောက် အပ်သော လမ်းရှိသည်၊ ဝါ – လမ်းသို့ သက်ရောက်မိသည်၊ (သ မာနော)ဝ- ဖြစ်လျှင်ဖြစ်ခြင်းပင်၊ ရုံသိဒဿန ပီဏိတော - ရောင် ခြည်တော်ကို ဖူးမျှော်ရသည့်အတွက် နှစ်သက် ဝမ်းမြောက်သည်၊ (ဟောတိ-ဖြစ်၏။)

သံသယ အပြစ်မရှိ

၁၁၁။ သံသယာယေဝ ယံကိဉ္စိ, ယဒိ ကီဠာဒိဟေတုနာ၊
ပယုဇ္ဇတေ နဒေါသော·ဝ, သသံသယ သမပ္ပိတော။

၁၁၁။ ကီဠာဒိဟေတုနာ – အပျော်အပါး , ကစားလိုခြင်း အစရှိသော အကြောင်းကြောင့်၊ သံသယာယေဝ ( သံသယာယ+ ဧဝ ) – သံသယအကျိုးငှါ သာလျှင်၊ ဝါ- သံသယဖြစ်အောင်သာ လျှင်၊ ယံကိဉ္စိ- တစုံတခုသော ပုဒ်ကို၊ ယဒိ ပယုဇ္ဇတေ-အကယ်၍ ယှဉ်စပ် သုံးစွဲအပ်ငြားအံ့၊(ဝေသတိ-ဤသို့ ယှဉ်စပ်သုံးစွဲအပ်သော်၊) သသံသယ သမပ္ပိတော-သသံသယ ဒေါသသည် သက်ရောက်အပ် သော၊ ဒေါသော-အပြစ်သည်၊ နဧဝ-မရှိသည်သာလျှင်တည်း။

× × × × × × ×

၁၁၀။ မုနိန္ဒတျာဒိ။ ။ဒေါသအခဏ်း၌ အရောင်ဟူသောအနက် ဟောကြောင်းမထင်ရှားသော ဂေါသဒ္ဒါကိုဆိုသောကြောင့် သံသယ ဖြစ်ရ၏၊ဤဂါထာ၌ အရောင်အနက်ကိုဟောကြောင်း ထင်ရှားသော “ ရုံသိ ” သဒ္ဒါကိုဆိုသောကြောင့် သသံသယဒေါသမှ လွတ်၏။

၁၁၁။ သံသယာယေဝ။ ။[ကီဠာ-စကားဇုက်တမ်း ကစား သော အားဖြင့် ပျော်မွေ့ခြင်း။ ] ပျော်မွေ့လိုခြင်းစသော အကြောင်း

www.dhammaransi.com



ယထာ

၁၁၂။ ယာတေ ဒုတိယံ နိလယံ, ဂုရုမှိ သကဂေဟတော၊
ပါပုဏေယျာမ နိယတံ, သုခံ-မဇ္ဈယနာဒိနာ။

၁၁၂။ ယထာ-ဥဒါဟရုဏ်ကား၊....ဂုရုမှိ- ဆရာသည်၊ သက ဂေဟတော - မိမိအိမ်မှ၊ ဒုတိယံ နိလယံ - နှစ်ခုမြောက်အိမ်သို့၊ ယာတေ- ရောက်သည်ရှိသော်၊ အဇ္ဈယနာဒိနာ - စာပေကျမ်းဂန် ရွတ်အံသရဇ္ဈာယ်ခြင်းအစရှိသည်ဖြင့်၊ နိယတံ-အမြဲ၊ သုခံ-ချမ်းသာ သို့၊ ပါပုဏေယျာမ - ရောက်ကြရကုန်၏။ [ မသိသူပေးအပ်သော အနက်။]

(တနည်း) ဂုရုမှိ- ကောဇာ ကြာသပတေးဂြိုဟ်သည်၊ သက ဂေဟတော- မိမိအိမ်တည်းဟူသော နေရာသိမှ၊ ဝါ- မိန်ရာသီမှ၊ ဒုတိယံ နိလယံ- နှစ်ခုမြောက်အိမ် ဟု ဆိုအပ်သော မကာရရာသီသို့၊ ဝါ-မိဿရာသီသို့၊ ယာတေ-ရောက်သည်ရှိသော်၊ အဇ္ဈယနာဒိနာ- စာပေ ကျမ်းဂန် ရွတ်အံသရဇ္ဈာယ်ခြင်း အစရှိသည်ဖြင့်၊ နိယတံ- အမြဲ၊ သုခံ-ချမ်းသာသို့၊ ပါပုဏေယျာမ-ရောက်ကြရကုန်၏။[သိသူ ပေးအပ်သော အနက်။]

× × × × × × ×

ကြောင့် သူတပါးတို့ ယုံမှားသံသယ ဖြစ်အောင် တမင်လာ စီကုံး ရေးသားလျှင် သသံသယဒေါသ မဖြစ်၊ ဆိုလိုရင်းမှာ-''ပဟေလိမျိုး ဖြစ်လျှင် သသံသယဒေါသမသင့်''ဟု ဆိုလိုသည်၊ ကီဠာဒိ၌ အာဒိဖြင့် သမ္မောဧ သမ္ဘန္တန - လူအများ တို့ဖြင့် ကြပ်တီး ကျဉ်းမြောင်း ရာ၌ သူတပါးမသိအောင်တိုင်ပင်ခြင်းစသည်ကိုယူ၊ ဒေါသခဏ်း၌ပြခဲ့သော "ကီဠာဂေါဋ္ဌိဝိနောဒေသု"စသော ဂါထာနှင့် သဘောတူပင်တည်း။

ဋီကာ။ ။ကီဠာဒိဟေတုနာ ကီဠာသမ္မောဧသမ္ဘန္တနာဒိ ကာရ ဏေန၊ ပေ၊ပယုဇ္ဇတေစေ-အကယ်၍ ယှဉ်စပ် သုံးစွဲအပ်သည်ဖြစ်အံ့၊ သမပ္ပိတော- သံ+အပ္ပိတော( ကောင်းစွာ ရေဲအပ် )ဟူသည် သသံ သယဒေါသနှင့် တကွဖြစ်ခြင်းတည်း၊ ထို့ကြောင့်''သသံသယဒေါသ သဟိတော ဗန္ဓော''ဟု ဋီကာ၌ အဓိပ္ပါယ်ထွင့်သည်။

၁၁၂။ ယာတေတျာဒိ။ ။ဤဂါထာ၌ ဂုရုသဒ္ဒါသည် ကောဇာ ကြာသပတေးဂြိုဟ် ဟူသော အနက် , ပညာသင်ပေးသော ဆရာ

www.dhammaransi.com



ဟူသော အနက်ကိုဟော၏၊ နိလယသဒ္ဒါလည်း နေရာအိမ်ဟူသော အနက်, ရာသီဟူသော အနက်ကိုဟော၏၊ " ကောဇာ ကြာသပတေး ဂြိုဟ်သည်(မိမိ၏ ကသစ်အိမ် ဟု ဆိုအပ်သော ဓနုရာသီမှ သို့မဟုတ် မိန်ရာသီမှ)ဒုတိယဖြစ်သော မကာရရာသီသို့(သို့မဟုတ်မိဿရာသီသို့) ပြောင်းရွှေ့သွားလျှင် ပညာသင်ကြားရာ၌ အကျိုးကျေးဇူးရှိ၏ " ဟု အခါပေးဆရာတို့၏ အယူအတိုင်း စီကုံးအပ်သော ဂါထာ ဖြစ်၏၊ ဆရာ အနက်၌ ယုံမှားသံသယ ဖြစ်စေနိုင်သော ဂုရုသဒ္ဒါ , နေအိမ် အနက်၌ ယုံမှားသံသယ ဖြစ်စေနိုင်သော နိလယသဒ္ဒါဖြင့် တမင်လာ ယုံမှားသံသယဖြစ်အောင် စီကုံးအပ်သော ဝဋ္ဌိတာပဟေလိဖြစ်သော ကြောင့် သသံသယဒေါသမှလွတ်၏။ [နိယတံ ကေန္တေန၊ အဌ္ဌယနာ ဒိနာ ဥဂ္ဂဟဏာဒိနာ၊ သုခံ မာနသိကသုခံ - စိတ်ချမ်းသာ ခြင်းသို့၊ နောစေ၊ ( တနည်း )သုခကာရဏံ- ချမ်းသာခြင်း၏ အကြောင်းဖြစ် သော၊ ဂန္ထပရိသမတ္တိံ -ကျမ်းစာပြီးဆုံးခြင်းသို့၊ ပါပုဏောယျာမ၊ ]···· စံကျောင်းနိဿယ၌ အောက်ပါဂါထာကိုလည်း ပုံစံထုတ်ပြ၏။—

နေလင်္ဂေါ သေတပဏ္ဍာဒေါ, ကောရော ဝဏ္ဏတိ ရထော၊
အနီဃံ ပဿ အပတ္တံ, ဆိန္နသောတံ အဗန္ဓနံ။

နေလင်္ဂေါ- အပြစ်ကင်းသော ဘောင်ရှိသော၊ (တနည်း) အပြစ် ကင်းသော သီလတည်းဟူသော အင်္ဂါရှိသော၊ သေတပဏ္ဍာဒေါ - ဖြူသော အမိုးရှိသော၊ ( တနည်း ) အရဟတ္တဖိုလ် တည်းဟူသော ဖြူသော အမိုးရှိသော၊ ကောရော - တခုသော အကန့်ရှိသော၊ (တနည်း )သတိတည်းဟူသော တခုသော အကန့်ရှိသော၊ ရထော- ရထားသည်၊(တနည်း)စတုမဟာဘုတ် တည်းဟူသော ရထားသည်၊ ဝဏ္ဏတိ-လည်၏၊ အနီဃံ-ထိခိုက်ခြင်းမရှိသော၊(တနည်း)ရာဂဒေါသ မောဟမရှိသော၊ ဆိန္နသောတံ-ပြတ်သောအယဉ်ရှိသော၊(တနည်း) ပြတ်ပြီးသော တဏှာတည်းဟူသော အယဉ်ရှိသော၊ အဗန္ဓနံ - အဖွဲ့ မရှိသော၊ (တနည်း) ရာဂ ဒေါသ မောဟ တည်းဟူသော အနှောင် အဖွဲ့ မရှိသော၊ အပတ္တံ - မရောက်သေးသော ရထားကို၊ ( တနည်း) ရဟန္တာကို၊ ပဿ- ရှုလော့။ [ရှေ့အနက်သည် မသိသူပေးအပ်သော အနက်၊ နောံအနက်ကားဖွက်သည်ကို သိသူပေးအပ်သော အနက်။]

www.dhammaransi.com



## ဂါမ္မဒေါသ ရှောင်ပုံ

၁၁၃။ သုဘဂါ ဘဂိနီ သာယံ, တေသံဓွေ၀.မာဒိကံ၊
နဂါမ္မမိတိ နိဒ္ဒိဋ္ဌံ, ကဝိဟိ သကလေဟိပိ။

၁၁၃။ တေသ-ဤယောကျ်ား၏၊ သာယံ ဘဂိနီ-ထိုနှစ်မသည်၊ သုဘဂါ- လှပတင့်တယ်၏၊ ဣစ္စေ၀ မာဒိကံ - ဤသို့ အစရှိသော စကားလုံးကို၊ နဂါမ္မံ ဣတိ- ဂါမ္မဒေါသမသင့်ဟူ၍၊ သကလေဟိ ပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ကဝိဟိ-ကဗျာကျွမ်းကျင်, ပညာရှင်တို့သည်၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်ပြီ။

× × × × × ×

၁၁၃။ သုဘဂါတျာဒိ ။ ။ ယောကျ်ားအင်္ဂါဇာတ် , မိန်းမအင်္ဂါဇာတ်နှင့် စပ်သော စကားအသုံးအနှုန်းများသည် ဂါမ္မဒေါသသင့်သောစကားလုံးများဖြစ်ကြ၏၊ သို့သော် " သုဘဂါ " ဟူသော အသုံးအနှုန်း, " ဘဂိနီ " ဟူသော အသုံးအနှုန်းကိုကား ပညာရှိအားလုံးကပင် ဂါမ္မဒေါသမသင့်ဟု တညီတညွတ်ထည်း ဆိုကြသည်။

ဆက်ဦးအံ့ — သုဘဂါ ဘဂိနီတို့၌ ပါသော ဘဂသဒ္ဒါသည် "ယောနိ တ္ထိတ္တိ ပုမေ ဘဂံ" နှင့်အညီ ယောနိ ( မိန်းမအင်္ဂါဇာတ် ) ဟူသောအနက်ကို ဟော၏၊ [ သုန္ဒရံ + ဘဂံ ဧတိဿာတိ သုဘဂါ- ကောင်းသော (လှသော) အင်္ဂါဇာတ်ရှိသူ၊ ဘဂံ ဧတိဿာ အတ္ထီတိ ဘဂိနီ- အင်္ဂါဇာတ်ရှိသူ၊ ဘဂနောင် ဤပစ္စည်း, ဣနီပစ္စည်း။] ဤသို့ သဒ္ဒတ္ထရှိသော်လည်း"သုဘဂါ-လှပတင့်တယ်၏"ဟူသော ဝေါဟာရတ္ထ ( ပြောရိုးအနက် )သာလျှင် ထင်ရှားသောကြောင့်၎င်း, ဘဂိနီ သဒ္ဒါ၌လည်း"နှစ်မ-အမ"ဟူသော ဝေါဟာရတ္ထသာလျှင် ထင်ရှားသောကြောင့်၎င်း ဂါမ္မဒေါသ မသင့်တော့၊ ယဉ်ကျေးသော စကားအဖြစ်ဖြင့် သူတော်ကောင်းများပင် သုံးစွဲကြသည်။

**ဋီကာ**။ ၊သုဘံ သုန္ဒရဘာဝံ – တင့်တယ်သည်၏ အဖြစ်သို့ + ဂတာ- ရောက်သူတည်း၊ ဣတိ-ဤအနက်ကို၊ အဂ္ဂဟေတွာ-မယူဘဲ၊ ဗဟုဗ္ဗီဟိ သမာသေ- "သုန္ဒရံ+ ဘဂံ ဧတိဿာတိ သုဘဂါ"ဟူသော ဗဟုဗ္ဗီဟိသမာသ်ကို၊ကတေ- သော်၊ လဗ္ဘမာနတ္ထဿ - ရအပ်သော " ကောင်းသော အင်္ဂါဇာတ်ရှိသူ " ဟူသောအနက်၏၊ သဗ္ဘာဝေပိ - ထင်ရှားရှိပါသော်လည်း၊ ကဝိနံ - ပညာရှိသူတော်ကောင်းတို့၏၊ စိတ္တခေဒံ-စိတ်ပင်ပန်းခြင်းကို၊ နဇနေတိ-မဖြစ်စေနိုင်။

www.dhammaransi.com



**ဒုဋ္ဌာလင်္ကာရ အမှာစကား**

၁၁၄။ ဒုဋ္ဌာလင်္ကာရဝိဂ္ဂမေ, သောဘနာ·လင်္ကတိက္ကမော၊
အလင်္ကာရပရိစ္ဆေဒေ, အာဝိဘာဝံ ဂမိဿတိ။

၁၁၄၊ ဒုဋ္ဌာလင်္ကာရဝိဂ္ဂမေ- ဒုဋ္ဌာလင်္ကာရမှ ကင်းခြင်းသည်၊ သတိ-ဖြစ်လသော်၊ သောဘနာလင်္ကတိက္ကမော- တင့်တယ်သော အလင်္ကာတို့၏ ဖြစ်ပုံအစီအစဉ်သည်၊ အလင်္ကာရ ပရိစ္ဆေဒေ- အလင်္ကာတို့ကိုပြရာ စတုတ္ထပိုင်း၌၊ အာဝိဘာဝံ - ထင်ရှားသည်၏ အဖြစ်သို့၊ ဂမိဿတိ-ရောက်လတံ့။

**နိဂုံးနှင့် ဥယျောဇဉ်**

၁၁၅။ ဒေါသေ ပရိဟရိတုံ·မေသ ဝရော ပဒေသော,
သတ္တက္ကရာ·နုဿရဏေန ကတော မယေဝံ၊
ဝိညာယိမံ ဂရုဝရာန·မိကပ္ပသာဒါ,
ဒေါသေ ပရံ ပရိဟရေယျ ယသောဘိလာသီ။

၁၁၅။ ဒေါသေ- အပြစ်ဒေါသတို့ကို၊ ပရိဟရိတုံ - ပယ်ရှားခြင်းငှါ၊ ဝါ - ဖြေခြင်းငှါ၊ ဝရော- မြတ်သော၊ သေ ဥပဒေသော- ဤနည်းဥပဒေသကို၊ သတ္တက္ကရာ·နုဿရဏေန - ရာမသမ္ဘ , ကာဗျဒဿ စသော ကျမ်းတပါးသို့ အစဉ်လိုက်သဖြင့်၊ ဧဝံ - ဤဆိုအပ်ပြီးသော နည်းဖြင့်၊ မယာ - ငါသည်။ ကတော - ပြုစီရင်အပ်ပြီ၊ ယသောဘိလာသီ - ကျော်စောခြင်းကို အလိုရှိသော စာသင်သားသည်၊ ဂရုဝရာနံ- ဆရာမြတ်တို့၏၊ အမိကပ္ပသာဒါ-လွန်စွာချီးမြှောက်ခြင်းဖြင့်၊ ဣမံ - ဤ နည်းဥပဒေသကို၊ ဝိညာယ – သိ၍၊ ဒေါသေ-

× × × × × × ×

၁၁၄။ ဒုဋ္ဌာလင်္ကာရတျာဒိ။ ၊"ဒေါသသည် ဖျက်ဆီးအပ်သော အလင်္ကာ၏ ကင်းခြင်း" ဟူသည် ဆိုအပ်လတံ့သော အလင်္ကာများ မပျက်ခြင်းတည်း၊ထိုသို့အလင်္ကာမပျက်လျှင် ကောင်းသောအလင်္ကာ အစဉ်ဖြစ်တော့၏၊ ထိုကောင်းသောအစဉ်သည် အလင်္ကာတို့ကိုပြရာ စတုတ္ထပိုင်း၌ ထင်ရှားပါလိမ့်မည်၊ (ဤနေရာ၌ ဒုဋ္ဌာလင်္ကတိ၏ အဖြေကိုပြနေသော်လည်း ထိုစတုတ္ထပိုင်းမှာထပ်၍ပြရမည်ဖြစ်၍ ဤနေရာ၌ မပြတော့) ဟု အမှာစကားကိုပြသော ဂါထာတည်း။

www.dhammaransi.com



အပြစ်ဒေါသ တို့ကို၊ ပရံ - လွန်စွာ၊ ပရိဟာရေယျ - ပယ်ရှားရာ၏၊ ဝါ-ပယ်ရှားပါလေ၊ [ဝသန္တတိလကာ ဂါထာ ဖြစ်သည်။]

သံဃရက္ခိတမဟာသာမိ ဝိရစိတေ- သော၊ သုဗောဓာလင်္ကာရေ-၌၊ ဒေါသပရိဟာရာဝဗောဓော နာမ- ဒေါသတို့၏ အဖြေကို သိရာ သိကြောင်း၏ အဖြစ်ကြောင့် ဒေါသပရိဟာရာဝဗောဓမည်သော၊ ဒုတိယော- သော၊ ပရိစ္ဆေဒေါ-သည်၊ ဣတိ-ပြီးပြီ။

× × × × × × ×

၁၁၅။ ဒေါသေတျာဒိ။ ။ " ဒေါသေ၊ ပေ၊ မယေဝံ " ဟူသော ၂ ပါဒဖြင့် နိဂုံးကိုပြ၏၊"ငါသည် ဤဆိုအပ်ပြီးသောနည်းဖြင့် အပြစ်ဒေါသတို့ကိုရှောင်ရှား၍ ရေးသားစီကုံးတတ်ဘို့ရာ ဤကောင်းသောနည်းဥပဒေသကို ရာမသမ္မ , ကာဗျဒသ္သစသော ကျမ်းဂန်တပါးသို့ အစဉ်လိုက်၍ ပြအပ်-စီရင်အပ်သည်ကား ပြီးဆုံးပြီ-ဟူလို။

ဝိညာယိမံ၊ပေ၊ယသောဘိလာသီ။ ။ဤ ၂ပါဒဖြင့်တိုက်တွန်းမှုဥယျောဇဉ်ကိုပြ၏၊"အပြစ်နှင့်ဂုဏ်ကို အလုံးစုံသိပြီးသော ဆရာမြတ်တို့၏(အဓိကပ္ပသာဒါ)အလွန်ကျေနပ် ဝမ်းမြောက် ချီးမြှောက် သင်ပြခြင်းကြောင့် ပြခဲ့သောနည်းဥပဒေသကို သိရ၍ စာအရေး အသား၌ ကျော်ကြားလိုသော စာသင်သားသည် အပြစ်မှ ဝေးစွာရှောင်ရှား၍ ရေးသားစီကုံးကြပါလေ " ဟူလို။ [ အဘိလာသီ၌ လသဓာတ်သည် ဝိဟာ- ချစ်မြတ်နိုးခြင်း, လိုလားခြင်းအနက်ကို ဟော၏။]

ဂရူ၊ပေ၊ပသာဒါ။ ။ "ဂရဝရ"ဟူသည် ပြခဲ့သောအပြစ်ကိုင်း အပြစ်ရှောင်ပုံ နည်းဥပဒေသကိုင်း သိပြီးသော ဆရာမြတ်တည်း၊ ပသာဒသဒ္ဒါသည် "နိမ္မလျ-သန့်ရှင်းကြည်လင်ခြင်း (ကြည်ညိုခြင်း), အနုဂ္ဂဟ-ချီးမြှောက်ခြင်း"စသော အနက်များကိုလည်း ဟော၏-ဟု ထောမနိဓိ၌ ပြ၏၊ ဤနေရာ၌ အနုဂ္ဂဟအနက် သင့်၏၊ ဤစကားဖြင့် " ဂရုဝရတို့၏ အချီးအမြှောက် ခံရအောင် ဥဋ္ဌာန- စသော တပည့်ဝတ်ငါးပါးနှင့် ပြည့်စုံစွာ ဆရာ့အထံချဉ်းကပ်၍ သင်ယူကြပါလေ " ဟုလည်း သွယ်ဝိုက်သောနည်းအားဖြင့် တိုက်တွန်းသည်။

ဒေါသပရိဟာရာ ဝဗောဓ
အဖွင့် ပြီးပြီ။

www.dhammaransi.com



# နောက်ဆက်တွဲ ပဟေဠိအခန်း

## (၁) သမာဂတာပဟေဠိ

**[ဆောင်]** သန္ဓိစပ်လျက်, လျှို့ဝှက်နက်, မှတ်ချက် သမာဂတာတည်း။

၁။ ပဘာဝါ နတဝိတ္ထိဏ္ဏာ, တဝါဏာ မဟတီ သတီ၊
စိရာယ ဇယတံ နာထ, ပဟူတဖလသာခိနီ။

၁။ နာထ— ကိုးကွယ်ရာဖြစ်သော မြစ်မင်း၊ တဝ—သင်မြစ်မင်း၏၊ ပဘာဝါ—အမွန်အစမှ၊ ပဋ္ဌာယ—စ၍၊ နတဝိတ္ထိဏ္ဏာ—ရှိုင်းသည်၏ အစွမ်းအားဖြင့် ကျယ်ပြန့်သော၊ မဟတီသတီ—ကြီးသည်ဖြစ်၍ ဖြစ်သော၊ အာဏာ—အာဏာ ဟု ဆိုအပ်သော ရေအယဉ်သည်၊ ပဟူတဖလသာခိနီ—များစွာသော အကျိုး ကို ပြီးစေသည် ဖြစ်၍၊ စိရာယ—ကြာမြင့်စွာသော ကာလပတ်လုံး၊ ဇယတံ— အောင်စေသတည်း။ [ဤကား— "ပဘာဝ+ အာနတ" ဟု သန္ဓိစပ်ကို မသိ၍ ၎င်း, ပဘာဝါ၌ ပဥ္စမျန္တ အထင်ရှိသဖြင့် ဝှက်အပ်သော အနက်ကို မသိ၍၎င်း ပေးအပ်သော အနက်မှား။]

**အနက်မှန်။** ။ပဘာဝ (ပဘာဝန္တ)— အရောင်နှင့် ပြည့်စုံတော်မူသော၊ နာထ— မြတ်စွာဘုရား၊ တဝ— ရှင်တော်ဘုရား၏၊ မဟတီ သတီ—ကြီးသည် ဖြစ်၍ ဖြစ်သော၊ အာဏာ—တရားတော်အာဏာသည်၊ အာနတဝိတ္ထိဏ္ဏာ— ရှင်တော်ဘုရား၌ ညွတ်ကုန်သောသူတို့၌ ပြန့်နှံ့သည်ဖြစ်၍၊ ပဟုတဖလသာခိနီ- များစွာသော လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ပြီးစေလျက်၊ စိရာယ- ကြာမြင့်စွာသော ကာလပတ်လုံး၊ ဇယတံ-အောင်ပါစေသတည်း။ [ဤကား- ဝှက်အပ်သည်ကို သိသူ ပေးအပ်သော အနက်မှန်တည်း။] ကာဗျာဒသ၌ အောက်ပါဂါထာကို ဆို၏။

န မယာ ဂေါရသာဘိညံ, စေတော ကသ္မာ ပကုပ္ပသိ၊
အင္ဂါနရုဒိတေဟောဘိ, အလမာလောဟိတက္ခဏေ။

အာလောဟိတက္ခဏေ — စဉ်းငယ်နီသော မျက်လုံးရှိသော အိမ့်ရှင်မ၊ မယာ — ငါသည်၊ ဂေါရသာဘိညံ — နွားနို့၏ အရသာကို သိတတ်သော၊ စေတော—စိတ်ကို၊ နကာဘံ—မပြုအပ်၊ ကသ္မာ—အဘယ့်ကြောင့်၊ ပကုပ္ပသိ— မျက်စောင်းထိုးကာ စိတ်ဆိုးပါသနည်း၊ ဘော် အင္ဂါနရုဒိတေဟိ—ဤမြည်တွန် ဘိုရာ အရာမဟုတ်ဘဲ ဆိုဆဲမြည်တွန်ခြင်းတို့ဖြင့်၊ အလံ-မသင့်ပါ။ [ဤကား "မေ+အာဂေါ" ကို " မယာဂေါ" ဟု သန္ဓိစပ်ထားကြောင်း မသိသူသည် ပေးအပ်သော အနက်မှား။]

**အနက်မှန်။** ။အာလောဟိတက္ခဏေ-စဉ်းငယ်နီသော မျက်လုံးရှိသော အိမ့်ရှင်မ၊ မေ—ငါ၏၊ စေတော— စိတ်သည်၊ အာဂေါရသာဘိညံ — အပြစ်

www.dhammaransi.com



ရှိသော သာယာခြင်းကို သိတတ်သည်၊ န-မဟုတ်၊ ကဿ-အဘယ့်ကြောင့်၊ ပကုပ္ပသိ-မျက်စောင်းထိုးကာ စိတ်ဆိုးပါသနည်း၊ ဧဝံ အဋ္ဌာနရုဒိတေဟိ-ထိုမြည်တွန်ဘွိုရာ အရာမဟုတ်ဘဲ ဆဲဆိုမြည်တွန်ခြင်းတို့ဖြင့်၊အလံ-မသင့်ပါ။ [ ဤကား သန္ဓိစပ်ကိုသိ၍ ဖွက်အပ်သည်ကိုသိသူ ပေးအပ်သောအနက်။ ]

**မှတ်ချက်။** ။စံကျောင်း နိဿယ၌ ဝိနည်းမဟာဝါစသည်၌ လာသော "အနစ္စရိယာ" ကိုလည်း သမာဂတာ ပဟေလိ ဟု မှာထား၏၊ " အန+အစ္စရိယာ"ကို "အနစ္စရိယာ"ဟု သန္ဓိစပ်ထားမှန်းမသိသူသည် "န+အစ္စ ရိယာ"ဟု ပုဒ်ခွဲ၍ " မအံ့သြအပ်ကုန်သော ဂါထာတို့ " ဟု အနက်ပေး၏၊ သန္ဓိစပ်သိသူကား "အဘန်ဘန် အံ့သြအပ်ကုန်သော"ဟု အနက်ပေးသည်။

---

၂။ **ဝဉ္စိတာ ပဟေလိ။** ။သဒ္ဒါတခုသည် တပါးသောအနက်၌ထင်ရှား၏၊ ထိုထင်ရှားသော အနက်ကို မဆိုဘဲ မထင်ရှားသော အနက်ကို ဆိုလိုရာ၌ အများသုံးအနက်၌ ထင်မှားအောင်လှည့်စားအပ်သော ပဟေလိတည်း။

[ **ဆောင်** ] လူသူအများ, ထင်ရှားပြီးလတ်, အနက်မှတ်အောင်,
လှည့်ပတ်လေရာ,ဝဉ္စိတာ,မှတ်ပါ ပဟေလိတမျိုးတည်း။

ဘဒ္ဒမေဝေါ ပသေဝေယျ, ဝိရူတ မဒကိဗ္ဗိသံ၊
သမ္ဘာပယေ ပုရံ ခေမံ, သ ဒန္တော'ဟ္ဟနိ သေဝိတံ။

၂။ ဝိရူတ မဒကိဗ္ဗိသံ - ပယ်ဖျောက်အပ်ပြီးသော မုန်ယစ်ခြင်း တည်းဟူသော အပြစ်ရှိသော၊ ဘဒ္ဒမေဝ — ကောင်းသော သဘောရှိသော ဆင်ကိုသာလျှင်၊ ဥပသေဝေယျ-မှီဝဲရာ၏၊ ဒန္တော-ဆုံးမအပ်ပြီး၍ ယဉ်ကျေးသော၊ သ(သော) — ထို ဆင်သည်၊ အဟ္ဟနိ-မိမိ၌၊ သေဝိတံ — မှီဝဲသူကို၊ ခေမံ-ဘေးကင်းသော၊ ပုရံ-မြို့ကြီးသို့၊ သမ္ဘာပယေ — ရောက်စေနိုင်၏။ [ ဤကား "ဝိရူတမဒ"၌ မဒသဒ္ဒါ၏ "မာန်မာန"အနက်ကို ဖွက်၍ အများသိပြီးသော "ဆင်၏မုန်ယစ်ခြင်း"အနက်၌ ထင်မှားအောင် ဖွက်ထားကြောင်းကို မသိသူ ပေးအပ်သော အနက်တည်း။ ]

**အနက်မှန်။** ။ ဝိရူတမဒကိဗ္ဗိသံ — ပယ်ဖျောက်အပ်ပြီးသော မာန်ယစ်ခြင်းတည်းဟူသော အပြစ်ရှိသော၊ ဘဒ္ဒမေဝ — ကောင်းမြတ်သော ရဟန္တာကိုသာလျှင်၊ ဥပသေဝေယျ — မှီဝဲရာ၏၊ ဒန္တော — ဆုံးမအပ်ပြီးသော ဣန္ဒြေရှိသည် ဖြစ်၍ ယဉ်ကျေးသော၊ သ ( သော )—ထိုရဟန္တာသည်၊ အဟ္ဟနိ—မိမိ၌၊ သေဝိတံ—မှီဝဲ ဆည်းကပ်သူကို၊ ခေမံ—ဘေးကင်းသော၊ ပုရံ—နိဗ္ဗာန် ပြည်ကြီးသို့၊ သမ္ဘာပယေ—ရောက်စေ၏။ [ ဤကား ဖွက်ထားသည်ကို သိသူ ပေးအပ်သော အနက်မှန်တည်း။ ]

www.dhammaransi.com



**အမှာ**။ ။ဋီကာ၌ " ဘဒ္ဒ—ကောင်းသော ရဟန္တာ " အနက်ကို ဖွက်၍ " ကောင်းသောဆင် " အနက်၌ ထင်မှားအောင် လှည့်စားသည် ဟု ဆို၏၊ စံကျောင်းဆရာတော်ကား " ဝိရူတ မဒ " ကို ပဟေလိ ဟု ယူတော်မူသည်၊ ကာဗျဒဿ ပြယုဂ်ကိုလည်း အောက်ပါအတိုင်း သိ။

ကုဇ္ဇံမာသေဝမာနဿ, ယထာ တေ ဝဒ္ဓတေ ရတိ၊
နေဝ နိဝိသတော နာရိ, အမရထိဝိဋ္ဌမ္ဘိနီ။

ကုဇ္ဇံ – ကုန်းသော သတို့သမီးကို၊ (ဤကား အလိုမရှိအပ်သော အနက်တည်း၊) ကုဇ္ဇံ—ကုဇ္ဇမြို့သူ သတို့သမီးကို၊ အာသေဝမာနဿ—မှီဝဲသော၊ တေ-သင်၏၊ ရတိ – မွေ့လျော်ခြင်းသည်၊ ဝဒ္ဓတေ ယထာ – တိုးပွားသကဲ့သို့၊ အမရထိဝိဋ္ဌမ္ဘိနီ—နတ်သမီးနှင့်တူသော၊ နာရိ—သတို့သမီးကို၊ နိဝိသတော – မှီဝဲသော၊ တေ—သင်၏၊ ရတိ- မွေ့လျော်ခြင်းသည်၊ နေဝဝဒ္ဓတေ မတိုးပွား။ [ကုဇ္ဇသဒ္ဒါ၏ အများသိ မဟုတ်သော ကုဇ္ဇမြို့ အနက်ကို ဖွက်၍ အများသိဖြစ်သော "ကုန်းသော မိန်းမ"အနက်၌ ထင်မှားစေသည်။]

**ပါဠိတော်**။ ။"တိဋ္ဌတု နာဂေါ, မာ နာဂံ ဿန္ဒေသိ, နမော ကရောဟိ နာဂဿ "ဟူသော မူလပဏ္ဏာသပါဠိတော်လည်း မထင်ရှားသော ရဟန္တာ အနက်ကိုဖွက်၍ ထင်ရှားသောနဂါးအနက်၌ ထင်မှားအောင်ဖွက်ထားသော ပဟေလိတည်း။ [နဂါးသည် တည်နေပါစေ, နဂါးကို မထိခိုက်ပါလင့်,နဂါးကို ရှိခိုးလိုက်ပါ၊ ဤကား မသိသူ၏ အနက်မှား၊ "ရဟန္တာသည် တည်နေပါစေ"စသည်ပေးမှ အနက်မှန်။]

## ယောနိဿယ၌ အောက်ပါဂါထာကို ပြ၏

အသဒ္ဓေါ အကတညူစ, သန္ဓိစ္ဆေဒေါစ ယော နရော၊
ဟတာဝကာသော ဝန္တာသော, သ ဝေ ဥတ္တမပေါရိသော။

အသဒ္ဓေါစ—သဒ္ဓါတရားလည်း မရှိသော၊ အကတညူစ-ကျေးဇူးကိုလည်း မသိတတ်သော၊ သန္ဓိစ္ဆေဒေါစ— တိုက်စပ် အိမ်စပ်ကိုလည်း ဖေါက်ဖြတ်တတ်သော၊ ဟတာဝကာသောစ – ဖျက်ဆီး အပ်သော တည်ရာအိမ်လည်း ရှိထသော၊ ဝန္တာသောစ-သူတပါးတို့ ပျို့အန်အပ်သော အစာကိုလည်း စားတတ်သော၊ ယောနရော-အကြင်သူသည်၊ (အတ္ထိ-ရှိ၏၊) သ (သော) –ထိုသူသည်၊ ဝေ— စင်စစ်၊ ဥတ္တမပေါရိသော— မြတ်သော ယောကျ်ားတည်း။ [ဤကား ဖွက်သည်ကို မသိသူပေးအပ်သော အနက်။]

**အနက်မှန်**။ ။အသဒ္ဓေါစ-သူတပါး၏စကားကိုလည်း ယုံကြည်ခြင်းမရှိထသော၊ အကတညူစ - အကြောင်းတရားတို့သည် မပြုမပြင် မစီရင်အပ်သော နိဗ္ဗာန်ကိုလည်း သိတတ်ထသော၊ သန္ဓိစ္ဆေဒေါစ— ပဋိသန္ဓေနေခြင်းကိုလည်း

www.dhammaransi.com



ဖေါက်ဖြတ် ဖျက်ဆီးတတ်ထသော၊ ဟတာဝကာသောစ—ဖျက်ဆီးအပ်သော သုံးဆဲ့တဘုံတည်းဟူသော တည်ရာလည်းရှိထသော၊ ဝန္တာသောစ—ပျို့အန် အပ်ပြီး တဏှာလည်းရှိထသော၊ ယောနရော-အကြင်သူသည်၊ (အတ္တိ-ရှိ၏၊) သ(သော) — ထိုသူသည်၊ ဝေ — စင်စစ်၊ ဥတ္တမ ပေါရိသော — မြတ်သော ယောက်ျားတည်း။ [ ဤကား ဝှက်သည်ကို သိသူပေးအပ်သော အနက်မှန် တည်း၊ စံကျောင်းနိဿယ၌ကား "ဤဂါထာကို ပရုသာပဟေလိ၌သာ သွင်း သင့်၏"ဟု မှာထား၏။]

၃။ **ဥက္ကန္တာ ပဟေလိ**။ ။ဥက္ကန္တ — စပ်ရမည့်ပုဒ်ချင်း အလွန်ဝေးစွာ ခုန်ကျော်လျက် အစပ်မှားအောင် ဝှက်အပ်သော ပဟေလိ။ ...... ပုံစံမှာ— သံကြက္ကူဒေါသ၏ ပုံစံဖြစ်သော " ဗဟုဂုဏော ပဏ္ဍာမတိ "ဂါထာပင်တည်း။

[ဆောင်] စပ်ပုဒ်သီးသီး , မနီး—ဝေးရန်, ခုန်ကျော်ပြန်, ဥက္ကန် ပဟေလိ ခေါ်။

[ကာဗျာသ] ဒဏ္ဍော စုမ္ဗတိ ပဒ္ဓိန္နာ, ဟံသော ကက္ကသကဏ္ဍာကော၊
မုခံ ဝဂ္ဂုရဝံ ကုဇ္ဇံ, တုဏ္ဍောန•ဂ်ါနိ ဃဋ္ဋယံ။

ဟံသော — ဟသ်ာသည်၊ ကက္ကသကဏ္ဍာကေ — ကြမ်းသော ဆူးရှိသော၊ ဒဏ္ဍော— ကြာရိုး၌၊ အင်္ဂါနိ— ကိုယ်အင်္ဂါတို့ကို၊ ဃဋ္ဋယံ— ပွတ်တိုက်လျက်၊ ဝဂ္ဂု ရဝံ—သာယာချိုအေးသော အသံကို၊ ကုဇ္ဇံ— ပြုလျက်၊ တုဏ္ဍေန—နှုတ်သီးဖြင့်၊ ပဒ္ဓိန္နာ—ပဒုမ္မာကြာ၏၊ မုခံ—မျက်နှာကို၊ စုမ္ဗတိ—စုတ်၏။ [ဤဂါထာ၌ စပ်ပုဒ် အချင်းချင်း ဝေးပုံကို သိပါ။]

**ပါဠိတော်**။ ။ဝရံ တေ မောဃပုရိသ အာသီဝိသဿ ဃောရဝိသဿ မုခေ အင်္ဂဇာတံ ပက္ခိတ္တံ ။ ။ မောဃ ပုရိသ— မင် ဖိုလ် မမှီး အချည်းနှီးသော ယောက်ျား၊ တေ — သင်၏၊ အင်္ဂဇာတံ — အင်္ဂါဇာတ်ကို၊ အာသီဝိသဿ - လျင်သော အဆိပ်ရှိသော မြွေ၏၊ ဃောရဝိသဿ — ကြမ်းတန်းသော အဆိပ် ရှိသော မြွေ၏၊ မုခေ— ခံတွင်း၌၊ ပက္ခိတ္တံ— ထည့်ခြင်းသည်၊ ဝရံ — မြတ်၏။ ["နတ်ဝံ ပန ဘိက္ခုနာ စီဝရလာဘေန"ကိုလည်း စံကျောင်းနိဿယမိန့်၏။]

၄။ **ပမုဿိတာ ပဟေလိ**။ ။ ရှေးအခါက အသုံးပြုခဲ့ကြသော်လည်း ယခုလက်ထက် အသုံးမပြုသောကြောင့် မေ့လျော့ ပျောက်ပျက်သော အနက် ရှိသော ပေါရာဏကထာ ပါဠိစကားများသည် ပမုဿိတာပဟေလိ မည်၏။

[ဆောင်] ရှေးကသော်သုံး, ခု — မသုံး၍, လုံးလုံးပျောက်ပျက်, အသိ ခက်ရှုတ်, ပေါရာဏ်ပုဒ်, ပမုဿိတာ တည်း။

www.dhammaransi.com



မုခဖုလ္လံ ဂိဂ်မကံ, နိယုရုဂ္ဂတ္တနုံ့ဏ္ဍတံ၊
ပဉ္စဇ္ဇရိ ဝနံ ပေါသော, ဘီရုယာ ခေရယန္တိယာ။

မုခဖုလ္လံ – မျက်နှာ၌ ဆင်အပ်သော တန်ဆာကိုင်း၊ ဂိဂ်မကံ - သုံးဆဲ့နှစ်ချောင်း သုံးဆဲ့နှစ်သွယ်ရှိသော ပုလဲသွယ်ကိုင်း၊ နိယုရံ-လက်ကောက်ကိုင်း၊ ဥဂ္ဂတ္တနံ– လေးချောင်း လေးသွယ်ရှိသော ပုလဲသွယ်ကိုင်း၊ ဥဏ္ဍတံ– နဖူးတန်ဆာကိုင်း၊ ခေရယန္တိယာ– ဆောင်သော၊ ဘီရုယာ – မိန်းမထက်၊ ပဉ္စဇ္ဇရိ – ပုဆိုးဟောင်းကိုဝတ်သော၊ ပေါသော – ယောက်ျားသည်၊ ဝနံ– မြတ်၏။ [ဤဂါထာ၌ မုခဖုလ္လ, ဂိဂ်မက, နိယုရ, ဥဂ္ဂတ္တန, ဥဏ္ဍတပုဒ်တို့သည် အသိခက်သော ပေါရာဏ ပါဠိပုဒ်များတည်း။]

ခါတယော ကာနိ ကာလေ တေ, ဖါတယော ဖါရဟာဝဂ္ဂဝေါ၊
စန္ဒေ သက္ခိ ဘဝန္တုတြ, ဝါယဝေါ မမ ခေါရိနော။

[ကာဗျဒဿ] ကာနိ– အိုသတို့သမီး၊ တေ – သင့်၏၊ ကာလေ–ခြေ၌၊ ဖါတယော – တိုးပွားကုန်သော၊ ခါတယော – အသံဖြစ်ခြင်း ရှိကုန်သော တန်ဆာတို့သည်၊ ဖါရဟာဝဂ္ဂဝေါ– တိုးပွားခြင်းငှါထိုက်သော အသံရှိကြကုန်သည်၊ ဘဝန္တိ–ဖြစ်ကြကုန်၏၊ စန္ဒေ–အေးသော၊ အတြ– ထိုခြေ၌၊ သက္ခိ– မျက်စိကို ပြုသည်ရှိသော်၊ မမ-ငါ၏၊ ဝါယဝေါ-အသက်တို့သည်၊ ခေါရိနော-တည်ကြကုန်သည်၊ ဘဝန္တိ–ဖြစ်ကြကုန်၏။ [ဤ၌"ခါတယော"စသော ပုဒ်တို့သည် ပေါရာဏ ပါဠိပုဒ်တို့တည်း၊ ထိုပုဒ်များသည် ပဟေလိ အရာမဟုတ်လျှင် အသိခက်၍ ကိလိဋ္ဌဒေါသသင့်သော ပုဒ်များဖြစ်ကြလေသည်။]

ယံ န ကဥ္စနဒ္ဒေဟိဥ္ဆ, အန္ဓေန တမသာ ကတံ။

ကဥ္စန ဒ္ဒေဟိဥ္ဆ – ရွှေရောင်တမျှ တောက်ပသော အတောင်ရှိသော သုမုခစိတ်သူကြီး၊ (မမ–ငါ၏၊ ကာရဏာ-အကြောင်းကြောင့်၊ တယာ–သင သုမုခစိတ်သူကြီးသည်၊ ) ယံ ပါဏစဇံ– အကြင် မိမိအသက်ကို စွန့်ခြင်းကို၊ ကတံ– ပြုအပ်ပြီ၊ တံ ပါဏစဇံ-ထိုအသက်ကိုစွန့်ခြင်းသည်၊ အန္ဓေန-အကာဏ်းသည်၊ တမသာ(တမသိ) –မှောင်ထဲ၌၊ ကတံ န= ကတံဝိယ–ပြုသကဲ့သို့၊ ဟောတိ– ဖြစ်၏။ [ "ယံ နာတိ-နကာရော ဥပမာနေ"ဟု အဋ္ဌကထာဖွင့်သောကြောင့် နကို ယခုအခါ ဥပမာန အဖြစ် မသုံးစွဲရကား ပမုဿိတာပဟေဠိပင် ဟု စံကျောင်းနိဿယ မိန့်၏။]

၅။ **သမာနရူပါပဟေလိ**။ ။တူသော သဘောရှိသည်ဖြစ်၍ တင်စားထားသော ပဟေလိ [သဒိသူပစာရ စကား။ ] ပြအပ်လတ္တံ့သော ဂါထာ၌ လောကီရတနာ ၉ ပါးနှင့်သဘောတူသောကြောင့် လောကုတ္တရာတရား၉ပါး

www.dhammaransi.com



ကို" ရတနာ "ဟု တင်စားထားခြင်း, လောကီရတနာတို့၏တည်ရာ သမုဒ္ဒရာ (ရတနာကရ) နှင့် တူသောကြောင့် ဘုရားရှင်ကို " ရတနာကရ"ဟု တင်စားခြင်းသည် တင်စားမှန်းမသိသူအတွက် စကားဝှက်ဖြစ်သော ပဟေဠိတည်း။

[ဆောင်] သဘောချင်းတူ, တင်စားမှု, မှတ်ယူ သမာနရူပါ တည်း။

နဝ·ဂ္ဂရတနာန·သ္မိံ, ဒိဿန္တိ ရတနာကရေ၊
ပုရိသာ နေ·တ္ထ အဋ္ဌန္နံ, အဋ္ဌ သာခရဏာံ ပရံ။

အသ္မိံရတနာကရေ — ထိုရတနာ၏တည်ရာ သမုဒ္ဒရာ၌၊ နဝ — ကိုးပါး ကုန်သော၊ အဂ္ဂရတနာနိ — မြတ်သော ရတနာတို့သည်၊ ဒိဿန္တိ — ထင်ရှား ကုန်၏၊ ဧတ္ထ — ဤ ကိုးပါးသော ရတနာတို့တွင်၊ အဋ္ဌ— ရှစ်ပါးသော ရတနာ တို့သည်၊ အဋ္ဌန္နံ- ရှစ်ယောက်သော သူတို့နှင့်၊ န(သာခာရဏာနိ) -မဆက်ဆံ ကြကုန်၊ အပရံ- တပါးသော ရတနာသည်၊ သာခရဏာံ- ဆက်ဆံ၏။ [ရတန သဒ္ဒါ ရတနာကရ သဒ္ဒါတို့ကို တင်စားထားမှန်း မသိသူပေးအပ်သော မုချတ္ထ (အနက်မှား) တည်း။]

**အနက်မှန်။** ။အသ္မိံ ရတနာကရေ—ဤလောကုတ္တရာတရား ကိုးပါးတို့ ၏ တည်ရာမြတ်စွာဘုရား၌၊ နဝ-ကိုးပါးကုန်သော၊ အဂ္ဂရတနာနိ-မြတ်သော လောကုတ္တရာတည်းဟူသော ရတနာတို့သည်၊ ဒိဿန္တိ—ထင်ရှားကြကုန်၏၊ အဋ္ဌ — မဂ်လေးပါး ဖိုလ်လေးပါး ရှစ်ပါးသော ရတနာတို့သည်၊ အဋ္ဌန္နံ— ရှစ်ယောက်သောအရိယာပုဂ္ဂိုလ်တို့နှင့်၊န(သာခရဏာ) -မဆက်ဆံကြကုန်၊ [အသီးအသီး မိမိ မိမိနှင့်သာ ဆက်ဆံသည်— ဟူလို၊] အပရံ—တပါးသော နိဗ္ဗာန်ရတနာသည်၊ သာခရဏာံ - ရှစ်ယောက်သောအရိယာတို့နှင့် ဆက်ဆံ၏။ [ဤကား တင်စားထားမှန်းသိသူ ပေးအပ်သော ဥပစာရတ္ထ (အနက်)။]

အတြောယျာနေ မယာ ဒိဋ္ဌာ, ဝလ္လရီ ပဉ္စ ပလ္လဝါ၊
ပလ္လဝေ ပလ္လဝေ တမ္ဗာ, ယဿံ ကုသုမ မဉ္စရီ။

[ကာဗျာသ] အတြောယျာနေ —ဤဥယျာဉ်၌၊ ပဉ္စပလ္လဝါ — အခက် ငါးခက်ရှိသော၊ ဝလ္လရီ—နွယ်ကို၊ မယာ—ငါသည်၊ ဒိဋ္ဌာ—မြင်အပ်ပြီ၊ ယဿံ- အကြင်နွယ်၌၊ ပလ္လဝေပလ္လဝေ - အခက်တိုင်း အခက်တိုင်း၊ တမ္ဗာ - နီသော၊ ကုသုမမဉ္စရီ-ပန်းခိုင်သည်၊အတ္ထိ-ရှိ၏။ [ဤကား ဝှက်ထားသည်ကို (တင်စား ထားသည်ကို) မသိသူပေးအပ်သော မုချတ္ထ။]

**အနက်မှန်။** ။အတြောယျာနေ—သတို့သမီးတည်းဟူသော ဤဥယျာဉ်၌၊ ပဉ္စပလ္လဝါ — လက်ငါးချောင်း တည်းဟူသော အကိုင်း ရှိသော၊ ဝလ္လရီ— လက်မောင်းတည်းဟူသော နွယ်ကို၊ မယာ — ငါသည်၊ ဒိဋ္ဌာ — မြင်အပ်ပြီ၊ ယဿံ — လက်မောင်း တည်းဟူသော အကြင်နွယ်၌၊ ပလ္လဝေ ပလ္လဝေ—

www.dhammaransi.com



လက်ချောင်းတည်းဟူသော အကိုင်းတိုင်း အကိုင်းတိုင်း၊ တမ္ဗာ — နီသော၊ ကုသုမမဥ္စရီ—လက်သည်းတည်းဟူသော ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။ [ဤကား တင်စားသည်ကို သိသူ ပေးအပ်သော အနက်မှန် ဥပစာရတ္ထတည်း။]

အကဒ္ဒမံ—ညွန်မရှိသော၊ ရဟာဒံ — ရေအိုင်သို့၊ ဩဂဟ — ဆင်းပါလော၊ သဗ္ဗံ — အလုံးစုံသော၊ သေဒမလံ — ချွေး အညစ်အကြေးကို၊ ပဝါဟယ— မျောပါလော၊ ယဿ — အကြင်နံ့သာ၏၊ ဂန္ဓော— အနံ့သည်၊ ကဒါစိ—ဘယ် အခါမှ၊ န ဆိဇ္ဇတိ — မပျောက်မပြယ်၊ တံ နဝံ ဝိလေပနံ— ထိုအသစ်ဖြစ်သော နံ့သာကို၊ ဂဏှာဟိ-ယူပါလော။ [ဤကား မကောင်းမှုကို ချွေးအညစ်အကြေး ဟုရင်း, သီလကို နံ့သာဟုရင်း တင်စား၍ ဟောတော်မူအပ်သော စူဠဗောဓိလ ဇာတ် ဂါထာတည်း။ ] ဓမ္မိကသုတ် ဒါရုက္ခန္ဓသုတ် စသော ပါဠိတော်များ၌ လည်း ဤ သမာနရူပါပဟေဠိ ပါရှိ၏— ဟု စုံကျောင်းနိဿယ၌ မိန့်၏။

၆။ **ပရိုသာ ပဟေလိ**။ ။သဒ္ဒါနည်း အမျိုးမျိုးဖြင့် ရနိုင်သော လိုရာ အနက်ကို ဝှက်ထားသော ပဟေဠိ။ [ပရုသာ ပစ္စယာဒိဟိ, ဇာတသဒ္ဒါ ကထ ဋ္ဌိပိ=တစုံတခုသော ပစ္စည်းစသည်တို့ဖြင့်ဖြစ်သော သဒ္ဒါရှိသော ပဟေဠိသည် “ပရုသာ” မည်၏။]

**[ဆောင်]** သမာသ်ပစ္စည်း, သဒ္ဒါနည်းဖြင့်, သီးသီးကြံမှ,အနက်ရ, မှတ်ကြ ပရုသာတည်း။

ဝိန္ဒန္တိ ဒေဝဂန္ဓဗ္ဗာ , ဟိမဝန္တမဟာတလေ၊
ရသဝန္တေ သရေ သတ္တ, န နာဂါပိ ဥပေါသထာ။

ဟိမဝန္တ မဟာတလေ-ဟိမဝန္တာတောင်ထိပ်၌၊ရသဝန္တေ-ရေရှိကုန်သော၊ သတ္တသရေ-အိုင်ကြီး ခုနစ်အိုင်တို့ကို၊ ဒေဝဂန္ဓဗ္ဗာ—နတ်ဂန္ဓဗ္ဗတို့သည်၊ ဝိန္ဒန္တိ- ခံစားကြရကုန်၏၊ ဥပေါသထာပိ-ဥပေါသထ ဆင်မျိုးတို့သည်ရင်း၊ နာဂါပိ- နဂါးတို့သည်ရင်း၊ နဝိန္ဒန္တိ — မခံစားကြရကုန်။ [ ဤကား ဝှက်အပ်သည်ကို မသိသူပေးအပ်သော အနက်မှား။]

**အနက်မှန်**။ ။ဟိမဝန္တ မဟာတလေ-ဆီးနှင်းရှိသော ပြာသာဒ်အပြင်၌၊ ဝါ—လရောင်နှင့် ယှဉ်သော ပြာသာဒ်အပြင်၌၊ ရသဝန္တေ-သိင်္ဂါရစသော ရသ ရှိကုန်သော၊ ဝါ-ကောင်းသောအသံရှိကုန်သော၊ သတ္တသရေ-ခုနစ်မျိုးသော စောင်းသံတို့ကို၊ ဒေဝဂန္ဓဗ္ဗာ-မြူးတူးပျော်ပါးသော သီချင်းသည်တို့သည်၊ဝါ- ကသော ကချေသည်တို့သည်၊ ဝိန္ဒန္တိ— ခံစားကြရကုန်၏၊ နာဂါပိ—အရိယာ ပုဂ္ဂိုလ်တို့သည်ရင်း၊ ဥပေါသထာပိ—ဥပုသ်စောင့်သုံးသော သူတို့သည်ရင်း၊ နဝိန္ဒန္တိ— မခံစားရကုန်။ [ဤ၌ “ဟိမံ ယတ္ထ အတ္ထိ ” ဟု ဝိဂ္ဂဟပြု၍ ဆီးနှင်း ရှိသော,သို့မဟုတ် အရောင်ရှိသော ပြာသာဒ်ကို ရစေခြင်း,“ရသ”အရလည်း

www.dhammaransi.com



သိင်္ဂါရရသ ရှိသူတို့ကို ရစေခြင်း, "နတ္ထိ အာဂု တေသံ"ဟု ဝိဂ္ဂဟပြု၍ နာဂါ အရ ရဟန္တာတို့ကို ရစေခြင်း, "ဥပေါသထော ယေသံ အတ္ထိ" ဟု ဝိဂ္ဂဟပြု၍ ဥပေါသထောအရ ဥပုသ်ရှိသူ—ဥပုသ်သည်တို့ကို ရစေခြင်းသည် သဒ္ဒါနည်း ချည်းတည်း။]

သုရာ သုရာလယေ သေရံ, ဘမန္တိ ဒသနစ္စုယာ၊
မုဋ္ဌန္တာဗ္ဗဇ၀ မတ္တာ တေ, သောဝရေ သရသိ သမ္ဘတိ။

[ကာဗျဒသ] တေသုရာ-ထိုနတ်တို့သည်၊ ဒသနစ္စုယာ—သွားရောင်ဖြင့်၊ လက္ခိတာ—မှတ်အပ်ကုန်သည်ဖြစ်၍၊ သမ္ဘတိ — ယခု၊ သောဝရေ — အရက်ဖြင့် ပြီးသော၊ သရသိ—အိုင်၌၊ မုဋ္ဌန္တာဗ္ဗဇ၀—ငုပ်ကြကုန်သကဲ့သို့၊ မတ္တာ— ယစ်ကြ ကုန်သည်ဖြစ်၍၊ သုရာလယေ-နတ်ပြည်၌၊ သေရံ-မိမိသဘောအတိုင်း၊ ဘမန္တိ- လှည့်လည်ကြကုန်၏။ [ဤကား မသိသူပေးအပ်သော အနက်မှားတည်း။]

**အနက်မှန်။** ။တေသုရာ—ထိုသေသောက်ကြူးတို့သည်၊ ဒသနစ္စုယာ— သွားရောင်ဖြင့်၊ လက္ခိတာ-မှတ်အပ်ကုန်သည်ဖြစ်၍၊ သမ္ဘတိ—ယခု၊ သောဝရေ- သေရည်ဖြင့်ပြီးသော၊ သရသိ—အိုင်၌၊ မုဋ္ဌန္တာဗ္ဗဇ၀—ငုပ်ကုန်သကဲ့သို့၊ မတ္တာ— ယစ်မူးကြကုန်သည် ဖြစ်၍၊ သုရာလယေ — သေတင်းကုပ်၌၊ ဝါ — ဘုံဆိုင်၌၊ သေရံ—မိမိအလိုအတိုင်း၊ ဘမန္တိ — ခြာခြာလည်ကြကုန်၏။ [ဤကား သိသူ ပေးအပ်သော အနက်မှန်တည်း၊ "သုရံ ပိဝန္တီတိ သုရာ" ဟု ပြု။]

**ပါဠိတော်။** ။ အနဇ္ဈေ၀ါသိကမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ အနာစရိယကံ၊ သဇ္ဈေ၀ါသိကော ဘိက္ခဝေ ဘိက္ခု သာစရိယကော ဒုက္ခံ န ဖာသု ဝိဟရတိ၊ အနဇ္ဈေ၀ါသိကော ဘိက္ခဝေ ဘိက္ခု အနာစရိယကော သုခံ ဖာသု ဝိဟရတိ။ [သဠာယတန သံယုတ်ပါဠိတော်။]

**နိဿယ။** ။ဘိက္ခဝေ— တို့၊ အနဇ္ဈေ၀ါသိကံ — တပည့်နှင့်အတူတကွ မဖြစ်သော၊ အနာစရိယကံ— ဆရာနှင့်တကွမဖြစ်သော၊ ဣဒံ ဗြဟ္မစရိယံ—ဤ မြတ်သောအကျင့်ကို၊ ဝုဿတိ—သုံးအပ် ကျင့်အပ်၏၊ ဘိက္ခဝေ—တို့၊ သဇ္ဈေ ၀ါသိကော — တပည့်နှင့်တကွဖြစ်သော၊ သာစရိယကော — ဆရာနှင့်တကွ ဖြစ်သော၊ ဘိက္ခု—ရဟန်းသည်၊ ဒုက္ခံ—ဆင်းဆင်းရဲရဲ၊ နဖာသု—မချမ်းမသာ၊ ဝိဟရတိ-နေရ၏၊ ဘိက္ခဝေ — တို့၊ အနဇ္ဈေ၀ါသိကော — သော၊ အနာစရိ ယကော- သော၊ ဘိက္ခု-သည်၊ သုခံဖာသု-အလွန်အမင်း ချမ်းသာစွာ၊ ဝိဟ ရတိ—နေရ၏။ [ဤကား မလိုအပ်သောအနက်။]

**အနက်မှန်။** ။ဘိက္ခဝေ—တို့၊ အနဇ္ဈေ၀ါသိကံ—အတွင်း၌နေတတ်သော အကုသိုလ်တရားနှင့်အတူတကွ မဖြစ်သော၊အနာစရိယကံ—အပြင်သို့ မသွား တတ်သော အကုသိုလ်တရားနှင့် အတူတကွ မဖြစ်သော၊ ဣဒံ ဗြဟ္မစရိယံ- ဤ မြတ်သောအကျင့်ကို၊ ဝုဿတိ- သုံးအပ် ကျင့်အပ်၏၊ ဘိက္ခဝေ—တို့၊ သဇ္ဈေ

www.dhammaransi.com



ဝါသိကော— အတွင်း၌နေတတ်သော အကုသိုလ်တရားနှင့်တကွ ဖြစ်သော၊ သာစရိယကော – အပြင်သို့ မသွားတတ်သော အကုသိုလ်တရားနှင့်တကွ ဖြစ်သော၊ ဘိက္ခု - သည်၊ ဒုက္ခံ – ဆင်းဆင်းရဲရဲ၊ န ဖါသု – မချမ်းမသာ၊ ဝိဟရတိ - နေရ၏၊ ဘိက္ခဝေ- တို့၊ အနန္တေဝါသိကော- သော၊ အနာစရိယကော – သော၊ ဘိက္ခု - သည်၊ သုခံဖာသု— အလွန် ချမ်းသာစွာ၊ ဝိဟရတိ— နေရ၏။ [ဤကား လိုအပ်သောအနက်မှန်တည်း၊ "အန္တေဝါသီဟိ (အတွင်းနေ အကုသိုလ်တို့နှင့်)သဟ+ယံ ဝတ္တတီတိ သာန္တေဝါသိကံ၊ ဗဟိ + နစရတီတိ အစရိယံ၊ အစရိယေန သဟ+ယံ ဝတ္တတီတိ သာစရိယကံ့"ဟု ပြု။]

---

၇။ **သင်္ချာတာ ပဟေလိ**။ ။ သူတပါး နား မလည်အောင် ဝှက်၍ ထားအပ်သော သင်္ချေယျ (ရေတွက်အပ်သော အနက်)သည် သင်္ချာတာ မည်၏။ [သင်္ချာတာနာမ သင်္ချာနံ, ယတ္ထ ဗျာမောဟကာရဏံ၊ ယတ္ထ- အကြင် ပဟေလိ၌၊ သင်္ချာနံ – ဝဏ္ဏာတို့ကို ရေတွက်ခြင်းသည်၊ ဗျာမောဟကာရဏံ— တွေဝေခြင်း၏ အကြောင်းဖြစ်၏၊ သာ – ထိုသင်္ချာ၏ တွေဝေအောင်ပြုရာ ပဟေလိသည်၊ သင်္ချာတာ-မည်၏၊ သင်္ချာရှိအတိုင်း သင်္ချေယျကို ရေတွက်၍ မရလောက်အောင် ဝှက်ထားသော ပဟေလိ– ဟူလို။]

**[ဆောင်]** သင်္ချာအလိုက်, ကိုက်အောင်တွက်ဘို့, ကွယ်ဝှက်၍ပြု,
သင်္ချေယျ, မှတ်ကြ သင်္ချာတာ တဲ့တည်း။

ဂီတသဒ္ဒေ သရာ ဒွေ ဒွေ, ဒွေ ဆဇ္ဇာညတြ ဆသဿရာ၊
ပဥ္စဝဏ္ဏံ ယထာ စက္ခု, ဆဗ္ဗဏ္ဏာ နာသိကာ တထာ။

ဂီတသဒ္ဒေ— သီချင်းသံ၌၊ သရာ – အသံတို့သည်၊ ဒွေ— နှစ်ပါးတို့သည်၊ ဟောန္တိ - ဖြစ်ကုန်၏၊ ဆဇ္ဇာ— ဆဇ္ဇအသံကို၊ အညတြ-ကြဉ်၍၊ ဒွေ ဒွေ- နှစ်ခုနှစ်ခုသော သီချင်းသံတို့သည်၊ ဆသဿရာ အသံခြောက်ခု ရှိကုန်သည်၊ဟောန္တိ- ကုန်၏၊ စက္ခု - မျက်စိသည်၊ ပဥ္စဝဏ္ဏံ ယထာ – အဆင်းငါးပါး ရှိသကဲ့သို့၊ တထာ—ထို့အတူ၊ နာသိကာ - နှာခေါင်းသည်၊ ဆဗ္ဗဏ္ဏာ - ခြောက်ပါးသော အဆင်းရှိ၏။ [ဝှက်သည်ကို မသိသူတို့ ပေးအပ်သော အနက်များ။]

**အနက်မှန်**။ ။ဂီတသဒ္ဒေ-ဂီတသဒ္ဒါ၌၊ သရာ-သရတို့သည်၊ ဒွေ-ဤသရ, အ သရ နှစ်လုံးတို့သည်၊ ဟောန္တိ-ကုန်၏၊ ဆဇ္ဇာ-ဆဇ္ဇကို၊ အညတြ-ကြဉ်၍၊ ဒွေ ဒွေ—တစုံတစုံသော သဒ္ဒါတို့သည်၊ ဆသဿရာ— သရခြောက်လုံးစီ ရှိကုန်သည်၊ ဟောန္တိ—ကုန်၏၊ စက္ခု—စက္ခုသဒ္ဒါသည်၊ ပဥ္စဝဏ္ဏံ ယထာ-အက္ခရာငါးလုံးရှိသကဲ့သို့၊ တထာ – ထို့အတူ၊ နာသိကာ – နာသိကာ သဒ္ဒါသည်၊ ဆဗ္ဗဏ္ဏာ— အက္ခရာခြောက်လုံးရှိ၏။

www.dhammaransi.com



ဆိုလိုရင်းကား—ဂီတသဒ္ဒါဝယ် ဂီ၌ ဤသရ, တ၌ အသရ, ဟု သရ ၂ လုံးပါ၏၊ ဆင္ဃ၌လည်း အသရ ၂ လုံးပင်၊ ဆင္ဃမှ တပါးသော (အဘိဓာန် အသံအခဏ်း၌ လာသော) ဥသဘ—ဂန္ဓာရ တစုံ, မဇ္ဈိမ—ပဉ္စမ တစုံ, ဒေဝတ-နိသာဒ တစုံ၊ ဤ သဒ္ဒါတို့တွင် တစုံလျှင် သရ ၆ လုံးစီ ပါကုန်၏၊ စက္ကုဥ္၌ "စ်, အ, က်, ခ်, ဥ" အားဖြင့် ဝဏ္ဏ ၅ လုံးရှိသကဲ့သို့, နာသိကာ၌"န်, အာ, သ်, ဣ, က်, အာ" ဤသို့ ဝဏ္ဏ ၆ လုံးရှိ၏ ဟု ဆိုလိုသည်။

နာသိကျမဏ္ဍာ ပရိတော, စတုဝဏ္ဏာဝိဘူသိတာ၊
အတ္ထိ ကာစိ ပုရီ ယဿံ, အဋ္ဌဝဏ္ဏာဘိဓိယာ ကုပါ။

[ကာဗျဒဿ] နာသိကျ မဏ္ဍာ — နာသိကဋ္ဌာန်၌ ဖြစ်သော အက္ခရာ အလယ်၌ရှိသော၊ ပရိတော- ထိုအက္ခရာ၏ ရှေ့နောက် ထက်ဝန်းကျင်၌၊ စတု ဝဏ္ဏ ဝိဘူသိတာ- အက္ခရာလေးလုံးဖြင့် တန်ဆာဆင်အပ်သော၊ ကာစိ-တစုံ တခုသော၊ ပုရီ—မြို့သည်၊ အတ္ထိ—ရှိ၏၊ ယဿံ--အကြင်မြို့၌၊ အဋ္ဌဝဏ္ဏာဘိဓိယာ-ရှစ်လုံးသော အက္ခရာဖြင့် ခေါ်ဝေါ် အပ်ကုန်သော၊ ကုပါ – မင်းတို့သည်၊ သန္တိ-ရှိကုန်၏။

ဆိုလိုရင်းကား — နာသိကဋ္ဌာန်၌ဖြစ်သော အက္ခရာ ဟူသည် "ဥ" တည်း၊ ထို ဥ ကို အလယ်ထား၍ ရှေ ၂ လုံး နောက် ၂ လုံး ဝဏ္ဏ ၄ လုံး ဟူသည် ရှေ၌"က်•အာ"နောက်၌"စ်×ဤ"တည်း၊ ထို အားလုံးပေါင်းလျှင် "ကာဉ္စီ"မြို့၏ နာမည်ဖြစ်၏၊ အက္ခရာရှစ်လုံး ဟူသည်"ပ်, ဥ, ဏ်,တ်,ရ်,အာ, က်, အ"တည်း၊ ထို ရှစ်လုံးပေါင်းလျှင် " ပုဏ္ဍြာက "ဟု မင်းတယောက်၏ နာမည်ဖြစ်၏။ ["ပုဏ်တြာက"ဟု ဖတ်။]

ပါဠိ။ ။"တိသဟဿိ မဟာသဟဿိ လောကဓာတု" ၌ တိသဟဿိ ကိုလည်း သင်္ချာတာ ပဟေလိဟု စံကျောင်းနိဿယ၌ မှာ၏၊ သဟဿ ကိုတည် ပဌမတထောင်ဖြင့်မြှောက်, တသန်းဖြစ်၏၊ ထိုကို ဒုတိယတထောင်ဖြင့် မြှောက်, ကုဋေတရာဖြစ်၏၊ ထိုကို တတိယတထောင်ဖြင့်မြှောက်, ကုဋေတသိန်း ဖြစ်၏၊ ထို တိသဟဿိ-တထောင်ဖြင့် ၃ ကြိမ်မြှောက်ရခြင်းရှိသော လောက ဓာတ်ကိုပင် "မဟာသဟဿိ"ဟု ခေါ်သည်။

---

၈။ **ပကပ္ပိတာ ပဟေလိ**။ ။အနက် ၂ မျိုးထွက်အောင် ဝိဂြိုဟ်ဝါကျကို တမျိုးစီ ကြံဆအပ်သော ပဟေလိသည် ပကပ္ပိတာ မည်၏။ [ဤသို့ ဝိဂြိုဟ်နက် ၂ မျိုးထွက်လျှင် နောက်၌လာမည့် သိလေသာလင်္ကာရလည်း ဖြစ်၏။]

[ဆောင်] အနက် ၂ ခု, လိုရာ ရအောင်, ဝိဂ္ဂဟ ထပ်ထပ်, ကြံစီအပ်, ပကပ္ပိတာတည်း။

www.dhammaransi.com



ပါတု ဝေါ ဥဒိတော ရာဇာ, သိရိမာ ရတ္တမဏ္ဍလော၊
သကန္တိဂဟနက္ခတ္တ—သံဃယုတ္တော သုလက္ခဏော။

သိရိမာ-အသရေရှိသော၊ ရတ္တမဏ္ဍလော-ချစ်ခင်သော တိုင်းသူပြည်သား အပေါင်းရှိသော၊ ဝါ-ချစ်ခင်သော အမတ်အပေါင်း ရှိသော၊ သကန္တိ ဂဟ နက္ခတ္တသံဃယုတ္တော-မိမိအနီး၌ ပြည့်ကြပ်သောစော်ဘွားအပေါင်းရှိသော၊ သုလက္ခဏော-ချီးမွမ်းအပ်သော ယောက်ျားတို့၏ လက္ခဏာနှင့်ပြည့်စုံသော၊ ဥဒိတော- ထင်ရှားကျော်စောသော၊ ရာဇာ-မင်းသည်၊ ဝေါ - သင်တို့အား၊ ပါတု - စောင့်စေသတည်း။ [ဖုက်သည်ကို မသိသူပေးအပ်သော အနက်။] "ရတ္တ-ချစ်ခင်" ဟု ၎င်း, "သကန္တိ-မိမိအနီး" ဟု၎င်း "ဂဟန+ ခတ္တသံဃ-တောအုပ်သဘွယ် ပြည့်နေသော + မင်းစော်ဘွားအပေါင်း " ဟု ၎င်း အနက်မှတ်။

**အနက်မှန်။** ။သိရိမာ - သိရီနတ်သမီးရှိသော၊ ရတ္တမဏ္ဍလော - နီသော အဝန်းရှိသော၊သကန္တိ ဂဟနက္ခတ္တ သံဃယုတ္တော-မိမိတို့၏အရောင်နှင့်တကွ ဖြစ်သော ဂြိုဟ်နက္ခတ်အပေါင်းနှင့် ယှဉ်သော၊ သုလက္ခဏော-ကောင်းသော ယုန်ရေးတံဆိပ်ရှိသော၊ ဥဒိတော - တက်သော၊ ရာဇာ-လမင်းသည်၊ ဝေါ-သင်တို့အား၊ ပါတု-စောင့်ရှောက်စေသတည်း။ [ဖုက်သည်ကို သိသူ ပေးအပ်သော အနက်။] သ+ကန္တိ-မိမိ၏+နှစ်သက်ဘွယ်အရောင်၊ ဂဟ + နက္ခတ္တ-ဂြိုဟ်+နက္ခတ်၊ လက္ခဏာ- အမှတ်တံဆိပ်။

ဂိရာ ခလန္တိယာ နမေန, သိရသာ ဒိနယာ ဒိသာ၊
တိဋ္ဌန္တံ မပိ သောတ္တမ္ပိ, ဝုဒ္ဓေမံ နာနုကမ္ပသေ။

[ကာဗျဒသ] ဝုဒ္ဓေ-ဟေ့အမယ်အို၊ခလန္တိယာ-ချွတ်ချော်သော၊ ဂိရာ-စကားဖြင့်၊ နမေန- ညွတ်သော၊ သိရသာ - ဦးခေါင်းဖြင့်၊ ဒိနယာ - ဆင်းရဲသော၊ ဒိသာ - မျက်စိဖြင့်၊ ( ဥပလက္ခိတာ - မှတ်အပ်သော၊ တွံ - သင်အမယ်အိုသည်၊) သောတ္တမ္ပိ-တုန်လှုပ်လျက်၊ တိဋ္ဌန္တံ- ရပ်လျက်နေသော၊ မံ- ငါ့ကို၊ နာနုကမ္ပသေ - အဘယ့်ကြောင့် မသနားသနည်း။ [ ဤကား ဖုက်သည်ကို မသိ၍ ပေးအပ်သော သဘောအားဖြင့် ထင်ရှားသော အနက်တည်း၊ ဝါ-အလိုမရှိအပ်သော အနက်တည်း။]

**အနက်မှန်။** ။ဝုဒ္ဓေ-သိရီနတ်သမီး၊ ခလန္တိယာ- ချွတ်ချော်သော၊ ဂိရာ-အသံဖြင့်၊ နမေန-ညွတ်သော၊ သိရသာ-ဦးခေါင်းဖြင့်၊ဒိနယာ-ဆင်းရဲသော၊ ဒိသာ-မျက်စိဖြင့်၊ သောတ္တမ္ပိ - တုန်လှုပ်လျက်၊ တိဋ္ဌန္တံ - ရပ်၍နေသော၊ မံ-ကျွန်ုပ်ကို၊ နာနုကမ္ပသေ-အဘယ့်ကြောင့် မသနားသနည်း။ [ဤကား အထူးကြံအပ်သောအနက် အလိုရှိအပ်သော အနက်တည်း။] ဤ၌ ဝုဒ္ဓါသဒ္ဒါသည် ပကတိအားဖြင့် အမယ်အို၌ ထင်ရှား၍ ဝါကျတခုလုံးအားဖြင့်လည်း အမယ်

www.dhammaransi.com



အိုနှင့် သက်ဆိုင်၏၊ သို့ပင်သော်လည်း ဝုဒ္ဓါသဒ္ဒါသည် သိရီနတ်သမီးကိုလည်း ဟောသောကြောင့် သိရီနတ်သမီးကိုဟောသည်ဟု မသိစေဘဲ ဒံမယ်အိုကိုသာ ဟောသည် ဟု ထင်စေခြင်းငှါ တမျိုးတမည်အားဖြင့် ကြံခြင်းကြောင့် ပကပ္ပိတာ ပဟေလိမည်၏။

ကာလော ဃသတိ ဘူတာနိ, သဗ္ဗာနေဝ သဟတ္တနာ၊
ယောစ ကာလဃ္ဃသော ဘူတော, သ ဘူတပစိနိံ ပစိ။

ကာလော-သေမင်းသည်၊ အတ္တနာ - မိမိနှင့်၊ သဟေဝ - တကွသာလျှင်၊ သဗ္ဗာနိ-အလုံးစုံကုန်သော၊ ဘူတာနိ- သတ္တဝါတို့ကို၊ ဃသတိ-စား၏၊ ယောစ ဘူတော - အကြင် သတ္တဝါသည်ကား၊ ကာလဃ္ဃသော - သေမင်းကိုစား၏၊ သော-ထိုသတ္တဝါသည်၊ ဘူတပစိနိံ-သတ္တဝါတို့ကို ချက်တတ်သောသေမင်းကို၊ ပစိ - ပြန်၍ချက်ပြီ။ .... [ ဤကား ဖုက်သည်ကိုမသိ၍ ပေးအပ်သော ပကတိအားဖြင့် ထင်ရှားသော အလိုမရှိအပ်သော အနက်တည်း။ ]

**အနက်မှန်။** ။ကာလော - နံနက် နေ့စသော အခါကာလသည်၊ အတ္တနာ-မိမိနှင့်၊ သဟ-တကွ၊ ဘူတာနိ- သတ္တဝါတို့ကို၊ ဃသတိ—စား၏၊ ယောစ ဘူတော- အကြင်ရဟန္တာသည်ကား၊ ကာလဃ္ဃသော-နံနက် နေ့စသော အခါကာလကို စား၏၊ သော - ထို ရဟန္တာသည်၊ ဘူတပစိနိံ — သတ္တဝါတို့ကို ချက်တတ်သောတဏှာကို၊ ပစိ-ချက်ပြီ။ [ဤကား အထူးကြံအပ်သောအနက်တည်း၊ ဝါ- အလိုရှိအပ်သော အနက်တည်း။]

ဤ၌ သတ္တဝါတို့၏ အသက်ကို ကုန်ခန်းစေခြင်းသည်ပင်လျှင် သတ္တဝါတို့ကို စားသည် မည်၏၊ တနေ့ထက်တနေ့ နိဗ္ဗာန်သို့ ရောက်ဘို့အချိန် နီးသွားသည့်အတွက် ရဟန္တာက ကာလကို စားသည် မည်၏၊ ဤ၌ ဃသတိ သဒ္ဒါကို ထောက်၍ ကာလသဒ္ဒါသည် သေမင်းဟူသော အနက်၌ ထင်ရှား၏၊ အခါကာလအနက်၌ မထင်ရှား၊ ထိုသို့မထင်ရှားစေခြင်းငှါ ကြံစည်၍ ဆိုအပ်သောကြောင့် ပကပ္ပိတာပဟေလိ မည်၏။

၉။ **နာမန္တရိတာ ပဟေလိ။** ။သဒ္ဒါနာမည်ကိုဖြစ်စေ,အမည်နာမကိုဖြစ်စေ, တိုက်ရိုက်မပြဘဲ ဖုက်၍ပြသော ပဟေလိတည်း။ [နာမံ-ကို+အန္တရိတာ- ကွယ်အောင်ပြုအပ် ဖုက်အပ်ရာဖြစ်သောပဟေလိ။]

[ဆောင်] သဒ္ဒါနာမ, မည်နာမကို, မပြထင်ရှား, ဖုက်၍ထား,
မှတ်သားနာမန္တရိတာတည်း။

www.dhammaransi.com



အာဒေါ သောယေဝ ယော အန္တေ, မဇ္ဈိမယာ·ဒိ မဇ္ဈိမော၊
သိဒ္ဓန္တာဒိသု ဝတ္တန္တံ, အသန်တပဒံ ဝဒ။

ယော — အကြင်ဝတ္ထုသည်၊ အန္တေ-အဆုံး၌၊ (ဟောတိ—ဖြစ်၏၊) သော ယေဝ—ထိုဝတ္ထုသည်ပင်လျှင်၊ အာဒေါ—အစ၌၊ (ဟောတိ- ၏၊) မဇ္ဈိမယာ- အလယ်ဖြစ်သောဝတ္ထု၏၊ အာဒိ — အစသည်၊ မဇ္ဈိမော — အလယ်သည်၊ (ဟောတိ—ဖြစ်၏၊) သိဒ္ဓ- ထင်ရှားသော၊ တာဒိသု- အရိယာတို့၌၊ ဝတ္တန္တံ- ဖြစ်သော၊ အသန်တပဒံ-နိဗ္ဗာန်ကို၊ ဝဒ-ဆိုပါလော။ [ဤကား ဖွက်သည်ကို မသိသူပေးအပ်သော အနက်။]

**အနက်မှန်။** ။အာဒေါ-အစ၌၊ သောယေဝ-သ အက္ခရာသည်သာလျှင်၊ (ဟောတိ- ဖြစ်၏၊) အန္တေ- အဆုံး၌၊ ယော-ယ အက္ခရာသည်၊ ( ဟောတိ- ဖြစ်၏၊) မဇ္ဈိမယာ-မဇ္ဈိမသဒ္ဒါ၏၊ အာဒိ- အစဖြစ်သော မ အက္ခရာသည်၊ မဇ္ဈိ မော - အလယ်သည်၊ ဟောတိ-ဖြစ်၏၊ သိဒ္ဓန္တာဒိသု- သိခြင်း, အယူ, အခါ စသည်တို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသန်တပဒံ-ပရမတ်မဟုတ် ပညတ်ဟူသော ပုဒ်ကို၊ ဝဒ-ဆိုပါလော။ [ဤကား"သမယ"ဟူသောနာမည်ကို ဖွက်ကြောင်း သိသူပေးအပ်သော အနက်မှန်။]

အာဒေါ ရာဇော့ျမီရက္ခိ, ပတ္ထိဝေါ ကောပိ ဂီယတေ၊
သနာတနောစ နေဝ သော, ရာဇာ နာပိ သနာတနော။

[**ကာဗျဒသ**] ဟေအမီရက္ခိ - တောင်မြောက် လေးပါး, ကြည့်သော အားဖြင့်,လှပ်ရှားသောမျက်လုံးရှိသော အိုသတို့သမီး၊ကောပိ-တစုံတခုလည်း ဖြစ်သော၊ပတ္ထိဝေါ-ပတ္ထိဝသဒ္ဒါဖြင့် သိအပ်သော၊ အာဒေါ-ရှေးဦးစွာသော၊ ရာဇာ-မင်းသည်၊ ဟောတိ-၏၊ တထာ-ထို့အတူ၊ သနာတနောစ- မြဲလည်း မြဲ၏၊ ဣတိ-ဤသို့၊ နာမေန-အမည်အားဖြင့်၊ ဂီယတေ-ရွတ်ဆိုအပ်၏၊ ကိန္တု- စင်စစ်သော်ကား၊ အသော -ထိုမင်းသည်၊ ဝတ္ထုတော -သဘောအားဖြင့်၊ နေဝရာဇာ- မင်းလည်းမဟုတ်၊ အတော - ထို့ကြောင့်၊ သော -ထိုသူသည်၊ ကော-အဘယ်သူနည်း။ [ဤကား ပုစ္ဆာနှင့်တကွအလိုမရှိအပ်သောအနက်။]

**အနက်မှန်။** ။အမီရက္ခိ- တောင်မြောက်လေးပါး ကြည့်သောအားဖြင့် လှုပ်ရှားသော မျက်လုံးရှိသော အို သတို့သမီး၊ ကောဒိ — တစုံတခုလည်း ဖြစ်သော၊ ပတ္ထိဝေါ -မြေ၏အထူးဖြစ်သော၊ ဝါ — မြေမှဖြစ်သောအရာကို၊ အာဒေါ-အမည်၏အစ၌၊ ရာဇာတိ-ရာဇာဟူသော သဒ္ဒါကို၊ဂီယတေ-ရွတ်ဆို အပ်၏၊ သ - ထို ဝတ္ထုသည်၊ အတနော - တနသဒ္ဒါမှ ကင်းသည်လည်း၊ န ဟောတိ-မဖြစ်၊ အသော-ထိုဟာသည်၊ နေဝရာဇာ-မင်းလည်းမဟုတ်၊ သနာ တနော - မြဲသည်၊ နာပိဟောတိ - ဖြစ်လည်းမဖြစ်။ [ဤကား "ရာဇာတန- လွန်ပင်" ၏ အမည်ကို ဖွက်မှန်းသိသူ ပေးအပ်သောအနက်၊ ရာဇာတနကို "ပိယာလ" ဟု ထောမနိမိဖွင့်သည်။]

www.dhammaransi.com



ဒုမဝှယာယ ဥပ္ပန္နော, ဇာတော ပဏ္ဍရကေတုနာ၊
ကေတုဟာ ကေတုနာယေဝ, မဟာကေတုံ ပဓံသတိ။

ဒုမဝှယာယ – ကောသမ္ဗီမြို့၌၊ ဝါ-သစ်ပင်၏ အမည်ရှိသောမြို့၌၊ ဥပ္ပန္နော-မွေးဖွားသော၊ ပဏ္ဍရကေတုနာ- ဖြူစင်သော ပညာရှိသော မြတ်စွာဘုရားကြောင့်၊ ဝါ-ဖြူသော မှန်ကင်းကြောင့်၊ ဇာတော- ရဟန်းဖြစ်သော၊ ကေတုဟာ – မာနကို ပယ်တတ်သော ကောဏ္ဍည မထေရ်သည်၊ ဝါ မှန်ကင်းကို ပယ်တတ်သောသူသည်၊ ကေတုနာ-ပညာဖြင့်၊ ဝါ- မှန်ကင်းဖြင့်၊ မဟာကေတုံ-ကိလေသာကို၊ ဝါ-ကြီးသော မှန်ကင်းကို၊ ပဓံသတိ-ဖျက်ဆီး၏။ [ ဤ၌ဝါ-အနက်တို့သည် ကောသမ္ဗီမြို့၏ နာမည်ကို ဝှက်မှန်းမသိ၍ ပေးအပ်သော အနက်များတည်း။ ]

၁၀။ နိဘူတာ ပဟေလိ ။ ။ အနက်တူ ပေးနိုင်သော သဒ္ဒါတို့ဖြင့် အထင်မှားအောင်ဝှက်၍ စီကုံးအပ်သော ပဟေလိတည်း။ [ ဂါထာ၌ပြမည့် " ဓာဝန္တံ ဥဒယာ အတ္ထံ , မုဟုတ္တံ န နိဝတ္တတိ " တို့သည် လ- နေ အနက်ကိုလည်း ဟော၏၊ လ-နေနှင့်လည်း ဆိုင်၏၊ ဇီဝိတိန္ဒြေ ( အသက် ) နှင့်လည်း ဆိုင်၏။ ]

[ ဆောင် ] အနက်တူသဒ္ဒါ, ဖေါ်ပြကာဖြင့်, လိုရာအနက် , ဖုံးကွယ်ဝှက်, မှတ်ချက် နိဘူတာတဲ့တည်း။

ဓာဝန္တံ ဥဒယာ အတ္ထံ, မုဟုတ္တံ န နိဝတ္တတိ၊
န စန္ဒမဏ္ဍလံ တေံ, နာပိ အာဒိစ္စမဏ္ဍလံ။

ဥဒယာ – ထွက်သည်မှ၊ ယာဝအတ္ထံ – ဝင်သည်တိုင်အောင်၊ ဓာဝန္တံ – ပြေးသွားသောဝတ္ထုသည်၊ မုဟုတ္တံ-တခဏမျှ၊ န နိဝတ္တတိ-နောက်သို့မဆုတ်၊ တေံ-ထိုဝတ္ထုသည်၊ န စန္ဒမဏ္ဍလံ-လဝန်းလည်းမဟုတ်၊ နာပိ အာဒိစ္စမဏ္ဍလံ-နေဝန်းလည်းမဟုတ်။ [ ဤကား ဝှက်သည်ကိုမသိ၍ ပေးအပ်သော အလိုမရှိအပ်သော အနက်တည်း။ ]

**အနက်မှန်** ။ ။ ဥဒယာ - ပဋိသန္ဓေမှ၊ ယာဝအတ္ထံ- စုတိတိုင်အောင်၊ ဓာဝန္တံ-ပြေးသွားသော အသက်ဇီဝိတိန္ဒြေသည်၊ မုဟုတ္တံ-တခဏမျှ၊ န နိဝတ္တတိ- နောက်သို့မပြန်၊ တံ-ထို အသက် ဇီဝိတိန္ဒြေသည်၊ န စန္ဒမဏ္ဍလံ- လ,ဝန်းလည်းမဟုတ်၊ နာပိ အာဒိစ္စမဏ္ဍလံ-နေဝန်းလည်းမဟုတ်။ [ ဤကား အလိုရှိအပ်သော အနက်တည်း။ ] ဤ၌ အလိုရှိအပ်သော အသက် ဇီဝိတိန္ဒြေဟူသော အနက်, အလိုမရှိအပ်သော လ, နေ, စသော အနက်တပါး ရှိသောကြောင့် နိဘူတာ ပဟေလိမည်၏။

www.dhammaransi.com



ဟတဒဗ္ဗံ မိနံ စတွာ, မနေဝ ဝဇန္တိကာ၊
နာနာဘင်္ဂီ သမာကဏ္ဏ—လောကာ ဝေဿာ နဒုဒ္ဓရာ။

[ကာဗျဒဿ] နာနာဘင်္ဂီသမာကဏ္ဏ လောကာ- အထူးထူးအပြားပြား များစွာတင့်တယ်သော အပြုအမူတို့ဖြင့် ဆွဲငင်အပ်သော လူရှိကုန်သော၊ ဝါ- လူတို့ကို ဆွဲငင်တတ်ကုန်သော၊ ဒုဒ္ဓရာ- ဆောင်နိုင်ခဲကုန်သော၊ ကာ-အဘယ် သို့သော အမည်ရှိသော မိန်းမတို့သည်၊ ဟတဒဗ္ဗံ-ပျက်စီးသော ဥစ္စာရှိသော၊ နရံ-လူကို၊ စတွာ-စွန့်၍၊ မနေဝ ဝဇန္တိ-ဥစ္စာရှိသောသူ၏အထံသို့၊ ဝဇန္တိ-သွားကြ ကုန်သနည်း၊ န ဝေဿာ-ပြည့်တန်ဆာမတို့လည်းမဟုတ်ကြကုန်၊တာ-ထိုသူတို့ သည်၊ ကာ-အဘယ်သူတို့နည်း။ [ဤကား ဖွက်သည်ကိုမသိ၍ ပေးအပ်သော အလိုမရှိအပ်သော အနက်တည်း။]

နာနာဘင်္ဂီ သမာကဏ္ဏ လောကာ — အထူးထူးသော လှိုင်းရှိသော ရေဖြင့် ဆွဲငင်အပ်သော လူရှိကုန်သော၊ ဒုဒ္ဓရာ— တောင်မှ ခဲယဉ်းစွာ စီးလာကြကုန် သော၊ နဒျော- မြစ်တို့သည်၊ ဟတဒဗ္ဗံ— ဆောင်အပ်ပြီးသော အထည်ဝတ္ထု ရှိသော၊ နရံ-လူနှင့်တူသော တောင်ကို၊ စတွာ-စွန့်၍၊ မနေဝ ဝ- သမုဒြာသို့ သာလျှင်၊ ဝဇန္တိ-သွားကြကုန်၏၊ တာ-ထိုဟာတို့သည်၊ ကာ-အဘယ်ဟာတို့ နည်း။ .... အဖြေကား - တောင်ကျမြစ်တည်း။ [ ဤ၌ ဝိသေသနချင်း တူ၍ ပြည့်တန်ဆာမကဲ့သို့ မှတ်ထင်ဘွယ် ရှိသော်လည်း“နဝေဿာ-ပြည့်တန်ဆာမ မဟုတ် ” ဟု ဆိုခြင်းကြောင့် တောင်ကျမြစ်ဟူ၍ သိအပ်၏။ ] ဤပဟေလိကို “နောင်၌လာမည့် သမာသစုဏ္ဏိအလင်္ကာနှင့် သဘောတူသည် ”ဟု ကာဗျဒဿ ဋီကာ ဆိုသတတ်။

ဥပေတိ ကမ္မံ ပရိပုစ္ဆမာနော, ကုသလံ အတ္ထုပသဉ္ဟိတံ၊
န ဇီဝတိ န မတော န ပရိနိဗ္ဗုတော, ကတမံ တံ ဝဒန္တိ ဗုဒ္ဓါ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ကုသလံ- အပြစ်မရှိသော၊ အတ္ထုပသဉ္ဟိတံ— အကျိုးနှင့်စပ်သော၊ ကမ္မံ— ပုစ္ဆာကို၊ ပရိပုစ္ဆမာနော— မေးလျက်၊ ဥပေတိ— ကပ်၏၊ န ဇီဝတိ - အသက်ရှိသောသူလည်း မဟုတ်၊ န မတော— သေသော သူလည်း မဟုတ်၊ န ပရိနိဗ္ဗုတော—ပရိနိဗ္ဗာန်စံသောသူလည်း မဟုတ်၊ တံ-ထို ပုဂ္ဂိုလ်ကို၊ ကတမံ—အဘယ်ပုဂ္ဂိုလ်ဟူ၍၊ ဗုဒ္ဓါ - ဘုရားရှင်တို့သည်၊ ဝဒန္တိ - မိန့်တော်မူကြကုန်သနည်း။ [ ဤ ဂါထာအဖြေကား နိမ္မိတ ဘုရားတည်း။ ]

---

၁၁။ သမာနသဒ္ဒါပဟေလိ။ ။အနက်တူကို ဟောနိုင်သော ဝေဝုစ် ပရိယာယ် စကားလှယ်သဒ္ဒါဖြင့် တူရာအနက်ကို ဖွက်သော ပဟေလိတည်း။ [မြေပြင်၌ ပြန့်နှံ့သော ကျော်စောခြင်းရှိသောကြောင့် “ ယသောဓရာ ” ဟု

www.dhammaransi.com



အမည်ရသော မိဖုရားကို "ကိတ္တိ မဟီ"ဟုရင်း, ကပိလဝတ္ထုကို "ကဋ္ဌာရဋ္ဌ" ဟုရင်း, ပမ်ာနကို"ဥတ္တမ"ဟုရင်း ပရိယာယ်သဒ္ဒါဖြင့် ဖွက်ထားသည်။]

[ဆောင်] ပရိယာယ်သဒ္ဒါ, ဖေါ်ပြကာဖြင့်, လိုရာအနက်, ဖုံးကွယ်ဖွက်, မှတ်ချက်သမာန သဒ္ဒါတည်း။

ဒေဝိံ ကိတ္တိမဟီနာမံ, ကဋ္ဌာရဋ္ဌဝှယံ ပုရံ၊
ဟိတွာ နသရိ သောဓိရော, ကရောန္တော မုတ္တမဝှယံ။

ကိတ္တိမဟီနာမံ- ယသောဓရာ အမည်ရှိသော၊ ဒေဝိံ-မိဖုရားကိုရင်း၊ ကဋ္ဌာ ရဋ္ဌဝှယံ—ကပိလဝတ္ထုမြည်သော၊ ပုရံ-မြို့တော်ကိုရင်း၊ ဟိတွာ-စွန့်၍၊ ဥတ္တမ ဝှယံ-ပမ်ာနမည်သော ဒုက္ကရစရိယာ ကျင့်ခြင်းကို၊ ကရောန္တော — ပြုတော်မူ သော၊ သောဓိရော — ထို သိဒ္ဓတ္ထမင်းသား ဘုရားအလောင်း ပညာရှိသည်၊ နသရိ-အောက်မေ့တော်မမူ။ ["ကရောန္တော ဥယျာမဝှယံ"ဟု မူကွဲရှိ၏။]

ဇိတ ပကဋ္ဌကေ သချော, ယော တဝါဘူမိသာဝှယော၊
သမာပန္နေ ပဘူတောတ္တံ, ကရောတိ ကလဘာသိဏီ။

[ကာချဒဿ] ဟေ ကလဘာသိဏီ— ညှဉ်းညှဉ်း သာသာ ဆိုတတ်စွာ သော အို အိမ့်ရှင်မ၊ ဇိတပကဋ္ဌကေသချော-ပဝါလဟူသောအမည်ကဲ့သို့သော အမည်ရှိသောသတ္တိုသွီးကိုအောင်ပြီးသော၊ တဝ-သင်၏၊ အဘူမိသာဝှယော- အဓရာဟူသော အမည်နှင့် တူသော အမည်ရှိသော၊ ယော - အကြင်နှုတ်ခမ်း သည်၊ အတ္ထိ-ရှိ၏၊ သော- ထိုနှုတ်ခမ်းသည်၊ အန္ဓ-ယန္ဓေ၊ မံ-ငါကို၊ ပဘူတော တ္တံ-လွန်သောလုံ့လကို၊ ကရောတိ-ပြု၏။ [ဤ၌ ရွက်ညွန့်အနက်ဟော ပဝါလ ကို ပကဋ္ဌ,အဓရကို အဘူမိ (ဓရာနှင့်ဘူမိ အနက်တူ) ဟု လဲလှယ်၍ဆိုသည်။] "ဇလဇုတ္တရနာမကော- ပဒုမုတ္တရ အမည်တော်ရှိသော ဘုရား"ဟူရာ၌ ပဒုမ ကို"ဇလဇ"ဟု လဲ၏၊ "ပုပ္ဖနာမော-သုမန အမည်ရှိသော ရဟန္တာ"၌ သုမန ကို"ပုပ္ဖ"ဟု လဲလှယ်၍ ပဟေဠိလုပ်ထားသော ပုဒ်များပင်တည်း။

---

၁၂။ သမ္မူဋ္ဌာပဟေလိ။ ။တိုက်ရိုက်ပြောအပ်သော အနက်အဓိပ္ပါယ် ရှိပါသော်လည်း(အကြောင်းအရာတခုကို အမှန်အတိုင်းပြောပါသော်လည်း) ကြားရသူ စာကိုကြည့်ရသူတို့ အတွက်မှာ တွေဝေစရာ ယုံမှားစရာသာဖြစ် သော ပဟေလိတည်း။

[ဆောင်] တိုက်ရိုက်ထင်ရှား, ပြောဆိုငြားလည်း, ယုံမှားဘို့ရာ, ဖြစ်သည်သာ, သမ္မူဋ္ဌာတဲ့တည်း။

www.dhammaransi.com



စတုဒ္ဒိသာမုခါ ဗန္ဓာ, စတ္တာရော သိန္ဓဝါ သယံ၊
ပရိဘုဉ္ဇန္တိ နိက္ခိတ္တံ , တိဏံ မဇ္ဈေ ယထာသုခံ။

စတုဒ္ဒိသာမုခါ-အရပ်လေးမျက်နှာသို့ မျက်နှာမူကုန်လျက်၊ ဗန္ဓာ-ဖွဲ့ချည်၍ ထားအပ်ကုန်သော၊ စတ္တာရော သိန္ဓဝါ - လေးကောင်သော မြင်းတို့သည်၊ မဇ္ဈေ-အလယ်၌၊ နိက္ခိတ္တံ-ထားအပ်သော၊ တိဏံ-မြက်ကို၊ ယထာသုခံ-အလို ရှိတိုင်း၊ သယံ- မိမိတို့ကိုယ်တိုင်၊ ပရိဘုဉ္ဇန္တိ- စားကြကုန်၏။ [" အရပ်လေး မျက်နှာ၌ မျက်နှာမူလျက်တည်ကြသည်"ဟု ဆိုသဖြင့် "မြင်း ၄ စီး အမြီးချင်း ဆိုင်လျက် တည်ကြသည်"ဟု ယုံမှားစရာရှိ၏၊ အမှန်ကား—ခေါင်းချင်းဆိုင် လျက် တည်ကြသည်၊ ထို့ကြောင့် အလယ်မှာချထားသော မြက်ကို ချမ်းသာ စွာ စားနိုင်ကြသည်။]

သယနီယေ ပရာဝတ္တျ, သယိတာ ကာမိနော ကုဓာ၊
တထေဝ သယိတာ ရာဂါ, သေရံ မုခံ အစုမ္ဗထ။

[ကာဗျဒဿ] သယနီယေ- အိပ်ရာ၌၊ ကုဓာ-စိတ်ဆိုးကုန်သည်ဖြစ်၍၊ ပရာဝတ္တျ-ဝဲလှည့်ယာလှည့်, ပြောင်းပြန်လှည့်၍၊ သယိတာ-အိပ်ကြကုန်သော၊ ကာမိနော-သို့မီးခင်ပွန်းတို့သည်၊ တထေဝ-ထိုအိပ်မြဲတိုင်းသာလျှင်၊ သယိတာ၊ အိပ်ကြကုန်လျက်၊ ရာဂါ-တပ်မက်ခြင်းကြောင့်၊ မုခံ-မျက်နှာကို၊ သေရံ-အလို ရှိတိုင်း၊ အစုမ္ဗထ - စုတ်ကြကုန်ပြီ။ [ ဤ၌ " ပြောင်းပြန်လှည့် " ဟု ဆိုသဖြင့် "ကျောချင်း ယှဉ်သည် "ဟု ထင်မှားစရာရှိ၏၊ အမှန်အားဖြင့် မျက်နှာချင်း ယှဉ်ကာ တယောက်က ယာဘက်လှည့် , တယောက်က ဝဲဘက် လှည့်ခြင်း သာတည်း။]

မဇ္ဈေ ယထာ သမုဒ္ဒဿ ဦမိ နော, ဇာယတိ ဌိတော ဟောတိ၊
ဧဝံ ဌိတော အနေဇဿ, ဥဿဒံ ဘိက္ခု နကရေယျ ကုဟိဉ္စိ။

ပါဠိတော်။ ။သမုဒ္ဒဿ-သမုဒ္ဒရာ၏၊ မဇ္ဈေ-အလယ်၌၊ ဦမိ-လှိုင်းသည်၊ နောဇာယတိ - မဖြစ်၊ ဌိတော - တည်သည်၊ ဟောတိယထာ - ဖြစ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ဌိတော-တည်သည်၊ အနေဇော-တုန်လှုပ်ခြင်းမရှိသည်၊အဿ- ဖြစ်ရာ၏၊ ကုဟိဉ္စိ - တစုံတခုသော အရပ်၌၊ ဥဿဒံ-ကိလေသာ စသော ခနစ် ပါးသော တရားကို၊ နကရေယျ - မပြုရာ။ [ဤ၌"သမုဒ္ဒရာအလယ် လှိုင်းမရှိ" ဟူသော စကားအရ " သမုဒ္ဒရာ၏ ရေပြင်အလယ် " ဟု ထင်မှားစရာ ရှိ၏၊ အမှန်မှာ- ယူဇနာ ရှစ်သောင်း ၄ ထောင် အနက်ဝယ် အောက် ၄ သောင်း၌ ငါးများကြောင့် ရေလှုပ်ရှား၏၊ အထက်ပိုင်း ၄ သောင်း၌လည်း လေကြောင့် ရေလှုပ်ရှား၏၊ အလယ် ၄ ထောင်၌ကား လှိုင်းမရှိဘဲ ငြိမ်သက်သည် — ဟု ဆိုလိုသည်။]

www.dhammaransi.com



၁၃။ **ပါရိဟာရိကီ ပဟေလိ**။ ။နာမည် တခုအတွက် အစပ်သမ္ဗန် များစွာပါရှိရသော ပဟေလိတည်း၊ ပြလတ့်ပုံစံ၌ ဘုရားရှင်ဟူသော နာမည် အတွက် "ဇိဝနဇာနန္ဒကရဗန္ဓုဿ—ကြာ၏+နှစ်သက်ခြင်းကို ပြုတတ်သော နေမင်း၏+အဆွေဖြစ်တော်မူသော ဘုရား၏" ဟု အစပ်သမ္ဗန်တွေများ၏၊ "ပုညာရိက္ခယဂေါစရေ- ကုသိုလ်၏+ရန်သူဖြစ်သော အကုသိုလ်၏+ ကုန်ရာ နိဗ္ဗာန်လျှင် အာရုံရှိသော မင်္ဂဖိုလ်"ဟူရာ၌လည်း ထို့အတူပင်၊မိမိ၏နှမကိုပင် "အဘိုး၏+သမီး၏+သမီး"ဟု ပြောရာ၌လည်း နည်းတူ။

[**ဆောင်**] တခုနာမံ, ပြောပြရန်၌, သမ္ဗန်အစပ်, များစွာထပ်ဘိ, ပါလျှက်ရှိ, ပါရိဟာရိကီတည်း။

ဇနော ဇိဝနဇာနန္ဒ, ကရဗန္ဓုဿ ဘာသိတံ၊
သက္ကရောန္တော ပပ္ပေါတိ, ပုညာရိက္ခယ ဂေါစရေ။

ဇိဝနဇာနန္ဒကရဗန္ဓုဿ - ရေမှဖြစ်သောကြာ၏ နှစ်သက်ခြင်းကို ပြုတတ် သော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဘာသိတံ-တရား တော်ကို၊ သက္ကရောန္တော - ပူဇော်သော၊ ဇနော၀ - သတ္တဝါသည်သာလျှင်၊ ပုညာရိက္ခယဂေါစရေ — ကုသိုလ်၏ ရန်သူဖြစ်သော အကုသိုလ်၏ ကုန်ရာ ဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော မင်္ဂဖိုလ်တို့သို့၊ ပပ္ပေါတိ-ရောက်၏။

ဝိဇိတတ္တဘဝဒေဿ, ဂုရုပါဒဟတော ဇနော၊
ဟိမပဟာမိတ္တစရေ, ဗျတ္တံ ဗျောမဘိနန္ဒတိ။

[**ကာဗျဒဿ**] ဝိဇိတတ္တဘဝဒေဿဂုရုပါဒဟတော-ဂဠုန်သည် အောင် အပ်သော သိကြားမင်း၏သားဖြစ်သော အဇ္ဇုန၏ အဘဖြစ်သော နေမင်း၏ အရောင်ဖြင့် ခတ်အပ်သော၊ ဇနော-လူအပေါင်းသည်၊ ဟိမပဟာမိတ္တစရေ- အချမ်းကို ပယ်တတ်သော မီး၏ ရန်သူဖြစ်သော ရေကို ဆောင်တတ်သော မိုဃ်းတို့ဖြင့်၊ ဗျတ္တံ-ခြံရံအပ်သော၊ ဗျောမံ-ကောင်းကင်ကို၊ အဘိနန္ဒတိ-အလို ရှိ၏။ [ဤ၌ "နေ - ဟူသော အနက် , မိုဃ်း - ဟူသော အနက်"တခုအတွက် သမ္ဗန်များစွာ ပါရှိလေသည်။]

၁၄။ **ကေဋ္ဌုဘာပဟေလိ**။ ။ တည်တတ်သော ( အာဓေယျ ) အနက် တဘက်ကိုသာပြ၍,တည်ရာ အာဓာရတဘက်ကို ဖုံးဝှက်ထားသော ပဟေလိ။

[**ဆောင်**] တည်တတ်အနက်, တဘက်ပြကာ, တည်ရာတဘက်, ဖုံးကွယ်ဝှက်, မှတ်ချက် ကေဋ္ဌုဘာတည်း။

www.dhammaransi.com



နဂဏှာတိ မဟန္တံပိ, သန္ဒိံ နစ ဝိဘူသနံ၊
စတုပ္ပဒဿ ကဿာပိ, ကဏ္ဏော•ယံ နကိလာ•ဖလော။

ကဿာပိ - တစုံတခုလည်းဖြစ်သော၊ စတုပ္ပဒဿ - အခြေလေးချောင်းရှိသော သတ္တဝါ၏၊ ကဏ္ဏော-နားသည်၊ မဟန္တံပိ-ကြီးသည်လည်းဖြစ်သော၊ သန္ဒိံ-အသံကို၊ နဂဏှာတိ-မယူနိုင်၊ ဝိဘူသနံစ - တန်ဆာကိုလည်း၊ နဂဏှာတိ—မယူနိုင်၊ အယံကဏ္ဏော— ဤနားသည်၊ အဖလော—အကျိုး မရှိသည်၊ နဟောတိကိလ-မဖြစ်သတတ်။ [အဖြေကား-"အဿကဏ္ဏ-မြင်းနားပင်"ခေါ် သစ်ပင်တမျိုးတည်း၊ နား၏တည်ရာ"အဿ-မြင်း"ဟူသော တဘက်အနက်ကို ဝှက်၍, နားဟူသော အာဓေယျ တဘက်ကိုသာ ဖေါ်ပြထားသည်။]

န ဖုသတျာယုဓံ ဇာတု, န ထိနံ ထနမဏ္ဍလံ၊
အမနုဿဿ ကဿာပိ, ဟတ္ထော•ယံ နကိလာ•ဖလော။

[ကာဗျဒဿ] ကဿာပိ-တစုံတယောက်လည်းဖြစ်သော၊ အမနုဿဿ-လူမဟုတ်သူ၏၊ ဟတ္ထော—လက်သည်၊ ဇာတု—စင်စစ်၊ အာယုဓံ—လက်နက်ကို၊ န ဖုသတိ- မထိ မကိုင်၊ ထိနံ- မိန်းမတို့၏၊ ထနမဏ္ဍလံ-သားမြတ်ဝန်းကို၊ န ဖုသတိ—မထိ မကိုင်၊ အယံ— ဤလက်သည်၊ အဖလော— အကျိုး မရှိသည်၊ နဟောတိ ကိလ- မဖြစ်သတတ်။.... [အဖြေကား— "ဂန္ဓဗ္ဗဟတ္ထ— သစ်သားမျောက်လက်"တည်း၊ ဤ၌"ဟတ္ထ"ဟူသော အဓေယျကိုသာဖေါ်၍ "ဂန္ဓဗ္ဗ" ဟူသော တည်ရာကိုဝှက်ထားသည်၊ " ဂန္ဓဗ္ဗဟတ္ထေနာတိ—နှာနတိတ္ထေ ထပိတေန ဒါရုမယဟတ္ထေန၊ — စူဠဝါ, ခုဒ္ဒကဝတ္ထုခန္ဓက ဋ္ဌကထာ၊ စံကျောင်းနိဿယ၌ "ဂန္ဓဗ္ဗဟတ္ထ—ကြက်ဆူပင်"ဟု လည်းပေးသည်။]

ပုဏ္ဏံ နဒိံ ယေနစ ပေယျ•မာဟု,
ဇာတံ ယဝံ ယေနစ ဂုယှ•မာဟု၊
ဒူရံ ဂတံ ယေနစ အဝှယန္တိ,
သော တျာဘတော ဟန္ဒစ ဘုဉ္ဇ ဗြာဟ္မဏ။

ပုဏ္ဏံ-ရေပြည့်သော၊ နဒိံ-မြစ်ကို၊ ယေန - အကြင်သတ္တဝါဖြင့်၊ ပေယျံစ— ပေယျ ဟူ၍လည်း၊ အာဟု—ဆိုကြကုန်၏၊ ဇာတံ—ကောင်းစွာ ဖြစ်ပွားသော၊ ယဝံ — မုယောပင်ကို၊ ယေန — အကြင်သတ္တဝါဖြင့်၊ ဂုယှံစ — ဂုယှ ဟူ၍လည်း၊ အာဟု—ဆိုကြကုန်၏၊ ဒူရံဂတံ—အဝေးသို့သွားသောသူကို၊ ယေန— အကြင်သတ္တဝါဖြင့်၊ အဝှယန္တိစ — အဝှယဟူ၍လည်း၊ အာဟု—ဆိုကြကုန်၏၊ သော-ထိုဝတ္ထုကို၊ တေ-သင်ပုရောဟိတ်အို၊အာဘတော-ပို့လိုက်အပ်၏၊ဗြာဟ္မဏ-

www.dhammaransi.com



ပုရောဟိတ်ပုဏ္ဏား၊ ဟန္ဒစ-ယူလည်း ယူလော့၊ ဘုဉ္ဇစ-စားလည်း စားလော့။ ဤ၌ ပြည့်သော မြစ်ကို " ကာကပေယျ – ကျီးသောက်နိုင်သော ရေရှိသော မြစ် "ဟု ခေါ်၏၊ ကောင်းသော ကောက်ပင်ကို "ကာကဂုယှ-ကျီးဝှက်"ဟု ခေါ်၏၊ ကျီးသာသည်ကို "ကာကာဝှယ-ကျီးခေါ်သည်" ဟု ခေါ်၏၊ ဤသို့ "ကာက" ဟူသော တဘက်ကို ဝှက်ထားသည်။

နစာပိ ဥတ္တိ နစပန ကမ္ဗဝါစာ,
န စေ ဟိ ဘိက္ခုတိ ဇိနော အဝေါစ၊
သရဏာဂမနမ္ပိ နစ တဿ အတ္ထိ,
ဥပသမ္ပဒါစဿ အကုပ္ပါ။
ပဉ္စမေသာ ကုသလေဟိ စိန္တိတာ။

**ပရိဝါပါဠိတော်**။ ။(ယဿ-အကြင်သူ၏၊ ဥပသမ္ပဒါယံ-ပဉ္စင်းအဖြစ်၌၊) နစာပိ ဥတ္တိ – ဉတ်လည်း မပါ၊ နစ ပန ကမ္ဗဝါစာ – ကမ္ဗဝါစာလည်း မပါ၊ ဇိနော-မြတ်စွာဘုရားသည်၊ ဟေဘိက္ခုတိ–"ဟေဘိက္ခု"ဟူ၍လည်း၊ နစ အဝေါစ-ခေါ်တော်မမူ၊တဿ-ထိုသူ၏၊သရဏာဂမနမ္ပိ-သရဏဂုံဖြင့်ပဉ္စင်း အဖြစ်သည်လည်း၊ နစ အတ္ထိ-မရှိ၊ အဿ-ထိုသူ၏၊ ဥပသမ္ပဒါ-မြင့်မြတ်သော ပဉ္စင်းအဖြစ် သည်လည်း၊ အကုပ္ပါ - မပျက်စီး၊ သောပဉှာ - ဤ ပြဿနာကို၊ ကုသလေဟိ - ဝိနည်းကျွမ်းကျင်, ပညာရှင်တို့သည်၊ စိန္တိတာ - စဉ်းစားကြံစီ အပ်၏။.... အဖြေကား – မိထွေးတော် ဂေါတမီ၏ ရဟန်းဖြစ်ကြောင်း ဥပ သမ္ပဒါတည်း၊ ဤ၌ တည်ရာဖြစ်သော ဂေါတမီကို ဝှက်ထားသတတ်။

---

**၁၅။ ဥဘယစ္ဆန္နာပဟေလိ**။ ။ တည်ရာ အနက်, တည်တတ်သော အနက် ၂ ဘက်လုံးကို ဝှက်သော ပဟေလိတည်း၊ ပုံစံဝယ် အလိုရှိအပ်သော အနက်၌"ရေ"ဟူသော တည်ရာကိုရင်း,ပဒုမ္မာကြာဟူသော တည်တတ်သော ဝတ္ထုကိုရင်း ၂ ဘက်လုံးဝှက်သည်။

[ဆောင်] တည်တတ် တည်ရာ, နှစ်ဖြာအနက်, ဖုံးကွယ်ဝှက်,
မှတ်ချက် ဥဘယစ္ဆန္နာတည်း။

အလံ ကရောန္တော ဘုဝနံ, သသိရိကော သဒေဝကံ၊
ကသ္မိံ သဉ္ဇာတသံဝဍ္ဎေါ, ကော န ကေနုပလိမ္ပတိ။

သသိရိကော–အသရေရှိသော၊ သဒေဝကံ–နတ်နှင့် တကွသော၊ ဘုဝနံ-ဘုံသုံးပါးကို၊ အလင်္ကရောန္တော-တန်ဆာဆင်သော၊ ကသ္မိံ-အဘယ်အရပ်၌၊

www.dhammaransi.com



သဥ္ဇာတသံဝဗ္ဗေါ— မွေးဖွား၍ ကြီးသော၊ ကော— အဘယ်သူသည်၊ ကေန- အဘယ်ဝတ္ထုနှင့်၊ န ဥပလိပ္ပတိ—မလိမ်းကျံသနည်း။ [ ဤကား ဝှက်သည်ကို မသိသူ ပေးအပ်သော အနက်။]

**အနက်မှန်။** ။သသိရီကော—သိရီ နတ်သမီးရှိသော၊ ဝါ-သိရီနတ်သမီး၏ နေရာဖြစ်သော၊ သဒေဝ (သဒါဧဝ)—အခါခပ်သိမ်းသာလျှင်၊ ဘုဝနံ-မိမိ၏ ဖြစ်ရာဖြစ်သော၊ ဇံ—ရေကို၊ အလင်္ကရောန္တော—တန်ဆာဆင်သော၊ ကသ္မိံ- ရေ၌၊ သဥ္ဇာတသံဝဗ္ဗေါ—ဖြစ်၍ ကြီးပွားသော၊ ကော—အဘယ်ဝတ္ထုသည်၊ ကေန— ရေနှင့်၊ န ဥပလိပ္ပတိ — မလိမ်းကျံသနည်း။ [ ဤကား ဝှက်သည်ကို သိသူ ပေးအပ်သော အနက်။]

ကေန ကော သဟ သမ္ဘူယ, သဗ္ဗကာရိယေသု သန္ဒိမိံ၊
လဒ္ဓါ ဘောဇနကာလေတု, ယဒိ ဒိဋ္ဌော နိရသ္သတေ။

[**ကာဗျဒသ္သ**] ကော— အဘယ်ဝတ္ထုသည်၊ ကေန—အဘယ်ဝတ္ထုနှင့်၊ သဟ—တကွ၊ သမ္ဘူယ—အတူတကွဖြစ်၍၊ သဗ္ဗ ကာရိယေသု— အလုံးစုံသော အမှုကိစ္စ တို့၌၊ သန္ဒိမိံ — စုဝေးခြင်းကို၊ လဒ္ဓါ — ရ၍၊ ဘောဇန ကာလေ— စားသောံရာအခါ၌၊ ယဒိဒိဋ္ဌော—အကယ်၍ မြင်အပ်သည်ဖြစ်အံ့၊ နိရသ္သတေ- ပစ်ပယ်အပ်သနည်း။ [ ဤကား ဝှက်သည်ကို မသိသူပေးအပ်သော အနက်၊ ဤ၌ တည်ရာဦးခေါင်း, တည်တတ်သော ဆံပင် ၂ ပါးကို ဝှက်သည်။]

**အနက်မှန်။** ။ကော- ဆံပင်သည်၊ ကေန-ဦးခေါင်းနှင့်၊ သဟ- အတူ၊ သမ္ဘူယ —ဖြစ်၍၊ သဗ္ဗကာရိယေသု — အလုံးစုံသော အမှုကိစ္စတို့၌၊ သန္ဒိမိံ— စုဝေးခြင်းကို၊ လဒ္ဓါ— ရ၍၊ ဘောဇန ကာလေ — စားသောက်ရာ ကာလ၌၊ ယဒိ ဒိဋ္ဌော-အကယ်၍ မြင်အပ်သည်ဖြစ်အံ့၊ (တဒါ-ထိုအခါ၌၊) နိရသ္သတေ- ပစ်ပယ်အပ်၏။ [ ဤကား ဝှက်သည်ကိုသိ၍ ဖေါ်အပ်သော အနက်။] က**သ္သ** (မတ္ထက**သ္သ**) — ဦးထိပ်၏+ အယံ— ဥတ္တမတည်း၊ ကော— ဦးထိပ်၏ ဥတ္တမ၊ ဝါ—ဆံပင်။

တေလံ မဓုံ ဖာဏိတဥ္စာပိ သပ္ပိံ,
သာမံ ဂဟေတွာန နိကုဒ္ဓပေယျ၊
အဝီတိဝတ္တေ သတ္တာဟေ သတိ,
ပစ္စယေ ပရိဘုဥ္ဇသ္သ အာပတ္တိ၊
ပဉ္စာမေသာ ကုသလေဟိ စိန္တိတာ။

**ပရိဝါ ပါဠိတော်။** ။တေလံ —ဆီကိုရင်း၊ မဓုံ — ပျားရည်ကိုရင်း၊ ဖာဏိတဥ္စာပိ—တင်လဲကိုရင်း၊ သပ္ပိံ—ထောပတ်ကိုရင်း၊ သာမံ— ကိုယ်တိုင်

www.dhammaransi.com



ဂဟေတွာ—အကပ်ခံယူ၍၊ နိက္ခိပေယျ—ထားရာ၏၊ သတ္တာဟေ—၇ ရက်သည်၊ အဝိတိဝတ္တေ-မလွန်သေးမှီ၊ ပစ္စယေ-သုံးဆောင်သင့်သော အကြောင်းသည်၊ သတိ – ရှိပါလျက်၊ ပရိဘုဉ္ဇန္တဿ – သုံးဆောင်သောရဟန်း၏၊ အာပတ္တိ— အာပတ်သည်၊ ဟောတိ—ဖြစ်၏၊ သောပဉှာ— ဤပြဿနာကို၊ ကုသလေဟိ— ဝိနည်းကျွမ်းကျင်, ပညာရှင်တို့သည်၊စိန္တိတာ— ကြံစီအပ်၏။ [အဖြေကား- လိင်္ဂပရိဝတ္တနဘိက္ခု၊ ( လိင်ပြန်သောရဟန်း ) တည်း၊ " လိင်္ဂပရိဝတ္တန+ ဘိက္ခု၊" ၂ ဘက်လုံးကို ၄က်သည်။]

၁၆။ **သံကိဏ္ဏာပဟေလိ**။ ။ပြခဲ့သောပဟေလိများကို ရောရှ်ပြထားသော ပဟေလိတည်း။ [ ပြလတ့ံပုံစံဝယ် အနက်မှန်ပေးရာ၌ အဖြေကား— " သမယ " ပုဒ်တည်း၊ " သိဒ္ဓ+တာဒိသု " ဟု ထင်မှတ်ဘို့ရန် သန္ဓိစပ်ဖြင့် ၄က်သောကြောင့် သမာဂတာပဟေလိလည်းပါ၏၊ သော- ယော- အသင်္ခတ ပဒ်တို့သည် အကြင်— ထို— အသင်္ခတပုဒ်ဟူသော တခြားအနက်များ၌လည်း ဖြစ်၏၊ ထိုသို့ အခြားအနက်၌ဖြစ်သော သဒ္ဒါဖြင့် လှည့်ပတ်ထားသောကြောင့် ဝဉ္စိတာပဟေလိလည်း ပါ၏၊ " သမယ " ဟူသော အမည်ကို ကြံစီစေခြင်း ကြောင့် နာမန္တရိတာပဟေလိလည်း ပါ၏၊ ဤသို့ ပဟေလိ ရောထားသော ကြောင့် သံကိဏ္ဏာပဟေလိမည်၏။]

[**ဆောင်**] ပဟေလိအများ, နှစ်- သုံးပါး, ရောထား သံကိဏ္ဏာ တဲ့တည်း။

အာဒေါ သောယေဝ ယော အန္တေ, မဇ္ဈိမဿာဒိ မဇ္ဈိမော၊
သိဒ္ဓန္တာဒိသု ဝတ္တန္တံ, အသင်္ခတပဒံ ဝဒ။

အန္တေ—အဆုံး၌၊ ယော— အကြင်ဝဏ္ဏသည်၊ ဟောတိ – ဖြစ်၏၊ သော ယေဝ— ထိုဝဏ္ဏသည်ပင်၊ အာဒေါ— အစ၌၊ ဟောတိ - ဖြစ်၏၊ မဇ္ဈိမဿ— အလည်ဝဏ္ဏ၏၊ အာဒိ—အစဖြစ်သော ဝဏ္ဏသည်၊ မဇ္ဈိမောဝေ – အလည် သည်သာ၊ ဟောတိ—ဖြစ်၏၊ သိဒ္ဓ (နိပ္ဖန္န)—ပြီးသော၊ တာဒိသု—အရိယာ တို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသင်္ခတပဒံ-အသင်္ခတဟူသော ပုဒ်ကို၊ ဝဒ— ဆိုပါ လော။ [ဤကား ၄က်သည်ကို မသိသူပေးအပ်သော အနက်မှား။]

**အနက်မှန်**။ ။အာဒေါ-အစ၌၊ သောယေဝ-သအက္ခရာသည်သာလျှင်၊ ဟောတိ-ဖြစ်၏၊ အန္တေ-အဆုံး၌၊ ယော—ယ အက္ခရာသည်၊ဟောတိ-ဖြစ်၏၊

www.dhammaransi.com



မင္ဗိုမသဿ—မင္ဗိုမသဒ္ဒါ၏၊ အာဒိ—အစဖြစ်သော မ အက္ခရာသည်၊ မင္ဗိုမော-အလယ်၌ဖြစ်သည်၊ဟောတိ-၏၊ သိဒ္ဓန္တာဒီသု-သိခြင်းဟူသောအနက်, အယု ဟူသောအနက်, အခါဟူသောအနက် စသည်တို့၌၊ ဝတ္တန္တံ-ဖြစ်သော၊ အသ ခ်ိတပဒံ-ပရမတ်မဟုတ် ပညတ်ဟူသောပုဒ်ကို၊ ဝဒ - ဆိုပါလော။ [ဤကား ဖွက်သည်ကို သိသူပေးအပ်သော အနက်မှန်။]

သဟယာ သဂဇာ သေနာ, သဘဋ္ဌာ·ယံ န စေ ဇိတာ၊
အမတ္တိကော အယံ မူဠ္ဟော, သိယာက္ခရညောစ နော သုတော။

[ကာဗျဒသ] သဟယာ—မြင်းနှင့်တကွသော၊ သဂဇာ—ဆင်နှင့်တကွ သော၊ သဘဋ္ဌာ -ခြေသည်နှင့် တကွသော၊ အယံသေနာ - ဤ စစ်တပ်သည်၊ စေ နဇိတာ-အကယ်၍ မအောင်သည်ဖြစ်အံ့၊တဒါ—ထိုအခါ၌၊ နော-ငါတို့၏၊ သုတော- သားသည်၊ အမတ္တိကော - ပစ္စည်းဥစ္စာကို ရခြင်းငှါ မထိုက်သည်၊ ဟောတိ-၏၊ အတော-ထို့ကြောင့်၊ အက္ခရညောစ- မြဟ္မာကိုသိသော်လည်း၊ မူဠ္ဟော—မိုက်သောသူမည်သည်၊ သိယာ —ဖြစ်ရာ၏။ [ဤကား ဖွက်သည်ကို မသိသူပေးအပ်သော အနက်မှား။ ] မတ္တာသဒ္ဒါ ဥစ္စာအနက်ကို ဟော၏၊ အက္ခရသဒ္ဒါ မြဟ္မာအနက်ကိုဟော၏။

**အနက်မှန်။** ။သဟယာ — ဟ အက္ခရာ ယအက္ခရာနှင့်တကွ ဖြစ်သော၊ သဂဇာ-ဂ အက္ခရာ ဇ အက္ခရာနှင့်တကွ ဖြစ်သော၊ သဘဋ္ဌာ-ဘ အက္ခရာ ဋ္ဌ အက္ခရာနှင့် တကွဖြစ်သော၊ သေနာ—မြဟ္မာနှင့်တကွဖြစ်သော၊ ဝါ— မြဟ္မာ စောင့်သော၊ အယံ — ဤဝဏ္ဏအစဉ်ကို၊ စေ နဇိတာ - အကယ်၍ မသိသည် ဖြစ်အံ့၊ နော — ငါတို့၏၊ အယံသုတော — ဤသားသည်၊ အမတ္တိကော— အက္ခရာကို ရွတ်ဆိုရာ ကာလကို မသိသည်၊ ( သမာနော — ဖြစ်လသော်၊ ) အက္ခရညောပိ - ဗေဒင်ကိုသိသော်လည်း၊ မူဠ္ဟော — မိုက်သောသူမည်သည်၊ သိယာ—ဖြစ်၏။[ဤကား သိသူပေးအပ်သော အနက်မှန်။] ဤ၌ သ အက္ခရာ ဟ အက္ခရာ စသည်တို့၏အမည်ကို အမျိုးမျိုးကြံစေခြင်းကြောင့် နာမန္တရိတာ ပဟေလိပါ၏၊စစ်သည်အနက်၌ ထင်ရှားသော သေနာသဒ္ဒါကို အနက်တမျိုး ရအောင် ကြံစေသောကြောင့် ဝဉ္စိတာပဟေလိလည်း ပါသည်။

**ဤတွင် ပဟေလိအခန်း ပြီး၏။**

www.dhammaransi.com



## ဂုဏာဝဗောဓ အခန်း

### အနုသန္ဓေနှင့် ပဋိညာဉ်

၁၁၆။ သမ္ဘဝန္တိ ဂုဏာ ယသ္မာ, ဒေါသာနေဝ·မတိက္ကမေ၊
ဒဿေဿံ တေ တတော ဒါနိ, သဒ္ဒေ သမ္ဘူသယန္တိ ယေ။

၁၁၆။ ဧဝံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဒေါသာနံ- ဒေါသတို့၏၊ အတိက္ကမေ-လွန်မြောက်ခြင်းသည်၊ (သတိ- ဖြစ်လသော်၊) ယသ္မာ-အကြင့်ကြောင့်၊ ဂုဏာ-ဂုဏ်တို့သည်၊ သမ္ဘဝန္တိ- ဖြစ်လာကုန်၏၊ တတော-ထို့ကြောင့်၊ ယေ- အကြင်ဂုဏ်တို့သည်၊ သဒ္ဒေ- သဒ္ဒါတို့ကို၊ သမ္ဘူသယန္တိ - တန်ဆာဆင်ကုန်၏၊ တေ - ထိုသဒ္ဒါလင်္ကာရဂုဏ်တို့ကို၊ ဒါနိ-ယခုအခါ၌၊ ဒဿေဿံ-ပြပေအံ့။

× × × × × × ×

၁၁၆။ သမ္ဘဝန္တိတျာဒိ။ ။ဒေါသပရိဟာရ ပဝေသောပါယံ-ဒေါသရှောင်လွှဲခြင်းသို့ သွင်းကြောင်းနည်းလမ်းကို၊ ဒဿေတွာ - ပြပြီး၍၊ ဣဒါနိ - ၌၊ ယထာဝုတ္တဒေါသာနံ ပရိဟာရေန - ဆိုအပ်ပြီးသောဒေါသတို့ကို ရှောင်လွှဲလိုက်ခြင်းကြောင့်၊ ဗန္ဓနိဿိတ ဂုဏာ တေ - အဖွဲ့အနွဲ့၌မှီသော ဤဂုဏ်များ ဖြစ်လာကြကုန်၏၊ ဣတိ ဒဿေတုံ- ဤအဓိပ္ပါယ်ကို ပြခြင်းငှါ၊ ပုဗ္ဗပရိစ္ဆေဒါနံ-ရှေ့ ၂ ပိုင်းတို့နှင့်၊ သမ္ဗန္ဓံ-အနုသန္ဓေအဆက်ကို၊ ဃဋေန္တော-ဆက်ပြလိုသည်ဖြစ်၍၊ သမ္ဘဝန္တေစ္စာဒိ ဂါထ·မာဟ။-ဋီကာ။

ဆိုလိုရင်းကား—ပဌမပိုင်း၌ ပြခဲ့သော ပဒဒေါသ စသည်တို့သည် ဒုတိယပိုင်း၌ ဆိုအပ်ပြီးသော နည်းဖြင့် ပြေကုန်လသော် အကြင့်ကြောင့် ဂုဏ်တို့သည် အလိုလို ဖြစ်လာကုန်၏။ [ ဂန္ထာရမ္ဘအခန်းတုန်းက " နိဒ္ဒေါသာ သဗ္ဗထာ သာယံ, သဂုဏာ န ဘဝေယျ ကိံ" စကားနှင့် အသွားတူပင်တည်း။]"ထို့ကြောင့် ယခုအခါ သဒ္ဒါတို့ကို တန်ဆာဆင်ပေးသော ထိုဂုဏ်တို့ကို ပြတော့မည်" ဟူလို။

မှတ်ချက်။ ။ဤဂါထာသည် ရှေ့ ၂ ပိုင်းနှင့် ဤတတိယပိုင်း၏ ဆက်သွယ်ပုံ အနုသန္ဓေကိုရင်း , ပဋိညာဉ်ကိုရင်း ပြသောဂါထာတည်း၊ " သဒ္ဒေ သမ္ဘူသယန္တိ=သဒ္ဒါတို့ကို တန်ဆာဆင်တတ်"ဟု ဆိုသောကြောင့် ယခုပြမည့်ဂုဏ်တို့ကို "သဒ္ဒါလင်္ကာရ" ဟုလည်း နာမည်တပ်ကြသည်။

www.dhammaransi.com



သဒ္ဒါလင်္ကာရ ၁၀ ပါး

၁၁၇။ ပသာဒေါ·ဇော မဓုရတာ, သမတာ သုခုမာလတာ၊
သိလေသော·ဒါရတာ ကန္တိ, အတ္ထဗျတ္တိသမာဓယော။

တိုက်တွန်းခြင်း

၁၁၈။ ဂုဏေဟေတေဟိ သမ္ပန္နော , ဗန္ဓော ကဝိ မနောဟရော၊
သမ္ပာဒယတိ ကတ္တူနံ , ကိတ္တိ·မစ္စန္တနိမ္မလံ။

၁၁၇။ ပသာဒေါ– ပသာဒဂုဏ်ရင်း၊ ဩဇော- ဩဇဂုဏ်ရင်း၊ မဓုရတာ-မဓုရတာဂုဏ်ရင်း၊ သမတာ-သမတာဂုဏ်ရင်း၊ သုခုမာလတာ-သုခုမာလတာဂုဏ်ရင်း၊ သိလေသော- သိလေသဂုဏ်ရင်း၊ ဥဒါရတာ-ဥဒါရတာဂုဏ်ရင်း၊ ကန္တိ- ကန္တိဂုဏ်ရင်း၊ အတ္ထ ဗျတ္တိ သမာဓယော- အတ္ထဗျတ္တိဂုဏ် , သမာဓိဂုဏ်တို့ရင်း၊ ( ဣမေ- ဤ ဆယ်ပါးတို့သည်၊ ဂုဏာ-သဒ္ဒါလင်္ကာရဂုဏ် တို့တည်း။)

၁၁၈။ ဧတေဟိ ဂုဏေဟိ - ဤဂုဏ်တို့နှင့်၊ သမ္ပန္နော - ပြည့်စုံ သော၊ ဗန္ဓော– အဖွဲ့အနွဲ့ အစီအကုံးသည်၊ ကဝိ မနောဟရော - ပညာရှိ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်သည်၊ ( ဟုတွာ-၍၊) ကတ္တူနံ-ပြုစီရင်သူတို့၏၊ အစ္စန္တ နိမ္မလံ-စင်စစ် အညစ်အကြေးမရှိ သော၊ ကိတ္တိံ-ကျော်စောခြင်းကို၊ သမ္ပာဒယတိ-ပြီးစီးစေနိုင်၏။

× × × × × × ×

**၁၁၇။ ပသာဒေါ ဗျာခ်ါ ။** ။ဤဂါထာကား " သဒ္ဒါလင်္ကာရ " မည်သော ဂုဏ် ၁၀ ပါး၏ မာတိကာခေါင်းစဉ်ပြသော ဂါထာတည်း၊ ပသာဒ ဂုဏ် , ဩဇဂုဏ် – စသည်ဖြင့် ၁၀ ပါးသရုပ်ကိုသာ မှတ်ခဲ့ပါ။

**၁၁၈။ ဂုဏေဟေတေဟိ ဗျာခ်ါ ။** ။ ဤပြခဲ့သော ဂုဏ်တို့နှင့် ပြည့်စုံ သော (ပြည့်စုံသောကြောင့်) ပညာရှိစိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သော အဖွဲ့အနွဲ့ အစီအကုံးသည် ရေးသားစီကုံးသူအတွက် (ဘေးက အသိုင်းအဝိုင်း မပါ, အပြစ်ပြစရာလည်း မရှိအောင် ) စင်ကြယ်သော ကျော်စောမှုကို ဖြစ်စေ နိုင်ပါသည်၊ ထို့ကြောင့် ဤပြလတ့်သော ဂုဏ် ၁၀ ပါးကို နားလည်အောင် ကြိုးစား၍ ဂုဏ်ပါသော ဂါထာကာဗျကိုသာ ဖွဲ့နွဲ့စီကုံးကြပါလေ—ဟူလို။

**မှတ်ချက်။** ။ထိုဂုဏ်တို့တွင် ဩဇနှင့် ဥဒါရတာဂုဏ် ၂ ပါးသည် သဒ္ဒါ အနက် ၂ ချက်ပေါ်၌ တည်သော သဒ္ဒတ္ထဂုဏ် တည်း၊ သမာဓိဂုဏ်သည် အနက်ပေါ်၌သာတည်သော အတ္ထဂုဏ်တည်း၊ [အနက်ဖြင့် သဒ္ဒါကိုလည်း

www.dhammaransi.com



### ပသာဒဂုဏ်၏ လက္ခဏာနှင့်ပုံစံ

၁၁၉။ အဒူရာ·ဟိတ သမ္ဗန္ဓ-သုဘဂါ ယာ ပဒါဝဠိ၊
သုပသိဒ္ဓါ·ဘိဓေယျာ·ယံ, ပသာဒံ ဇနယေ ယထာ။

၁၂၀။ အလင်္ကရောန္တာ ဝဒနံ, မုနိနော·ရေရံသိယော၊
သောဘန္တေ·ရုဏရံသိဝ, သမ္ဘုတန္တာ·မ္ဘုဇောဒရေ။

၁၁၉။ ယာပဒါဝဠိ – အကြင်ပုဒ်တို့၏ အစဉ်သည်၊ အဒူရာ·ဟိတ သမ္ဗန္ဓ သုဘဂါ-မဝေးအောင်ထားအပ်သော စပ်ပုဒ်တို့ဖြင့် တင့်တယ်ခြင်း ရှိ၏၊ သုပသိဒ္ဓါ·ဘိဓေယျာ - အလွန် ထင်ရှားသော အနက်ရှိ၏၊ အယံ– ဤပုဒ်တို့၏ အစဉ်သည်၊ ပသာဒံ– ပသာဒမည်သော ဂုဏ်ကို၊ ဇနယေ-ဖြစ်စေနိုင်၏၊ ယထာ- ဥဒါဟရဏ်ကား။....

× × × × × × ×

ဖလူပစာရအားဖြင့် ယူနိုင်သောကြောင့် သဒ္ဒဂုဏ်လည်း ဆိုနိုင်၏။] ကြွင်း ၇ ပါးကား သဒ္ဒဂုဏ် သက်သက်သာ၊ အကျယ်၌ ထင်ရှားပါလိမ့်မည်။

[ဆောင်] ဂုဏ်သြဇနှင့်, ဥဒါရတာ, သဒ္ဒါအတ္ထ, ၂ ချက်ရ၏၊ သမာဓိတွက်,
အတ္ထနက်သာ၊ တနည်းမှာမူ , ဥပစာလျှင် , တင်သော်သဒ္ဒ ,
ဂုဏ်လည်း ရသတဲ့၊ သေသအများ , ခုနစ်ပါးမူ , မပြားသဒ္ဒ ,
ဂုဏ်သာရသည်, မှတ်ကြအချုပ် အခွဲတည်း။

~~~~~~

၁၁၉။ အဒူရာတျာဒိ။ ။စပ်သင့်သောပုဒ်များကိုမဝေးအောင် ( နီးကပ်စွာ ) ထားခြင်း , အလွန်ထင်ရှားသော ဟောနက်ရှိခြင်း , ဤအင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ပုဒ်အစဉ်ဝါကျသည် ပသာဒဂုဏ်ရှိ၏၊ ဗျာကိဏ္ဏဒေါသ လွတ်လျှင် စပ်ပုဒ်ချင်းနီး၏၊ ကိလိဋ္ဌဒေါသလွတ်လျှင် အနက်ထင်ရှား၏၊ ထို့ကြောင့် ထိုဒေါသ ၂ ပါးမှလွတ်လျှင် အလိုလို ပသာဒဂုဏ် ရောက်တော့၏။ [ တ္တေ ကိလိဋ္ဌဒေါသ ဗျာကိဏ္ဏဒေါသ ပရိဟာရေတိ ပသာဒါလင်္ကာရော သိဇ္ဈတိ၊—ဋီကာ။]

[ဆောင်] (၁) စပ်ဘွယ်ပုဒ်များ, နီးစွာထား၍, ထင်ရှားအနက်,
ရှိသည့်တွက်, မှတ်ချက် ပသာဒ ဆို။

(၂) ကိလိဋ္ဌနှင့်, ဗျာကိဏ္ဏပြစ်, မစွန်းငြိစ်က, ပသာဒ,
ဂုဏ်ရ အလိုလို။
~~~~~~

www.dhammaransi.com



၁၂၀။ မုနိနော- မြတ်စွာဘုရား၏၊ ဝဒနံ- မျက်နှာတော်ကို၊ အလက်ရောန္တာ - တန်ဆာ ဆင်ကုန်သော၊ အဓရ ရုံသိယော - နှုတ်ခမ်းတော်၏ နီမြန်းသော အရောင်တို့သည်၊ အမ္ဗုဇောဒရေ-

× × × × × × ×

**အဒ္ဒုရာ၊ပေ၊သုဘဂါ။** ။အဒ္ဒုရေ- အနီး၌၊ (တနည်း)အဒ္ဒုရော- နီးသော + အာဟိတော - ထားအပ်သော + သမ္ဗန္ဓော - ကြိယာကာရကတို့၏အချင်းချင်းစပ်ခြင်းတည်း၊ အဒ္ဒုရာဟိတသမ္ဗန္ဓော-ခြင်း၊ [အဒ္ဒုရေ အာသန္နပဒေသေ၊ တဒုပစာရေန အာသန္နော ဝါ - အနီး အရပ်၏ အဒ္ဒုရအမည်ကို ထိုအရပ်၌တည်သော သဒ္ဒါပေါ်၌ တင်စား၍ သဒ္ဒါကိုလည်း "အဒ္ဒုရ" ဟု ဌာနူပစာရအားဖြင့် ခေါ်နိုင်၏၊— ဋီကာ။ ] အဒ္ဒုရာဟိတ သမ္ဗန္ဓေန- အနီး၌ထားအပ်သော စပ်ခြင်းဖြင့် (စပ်ရာပုဒ်များကို မခဝေးအောင် ထားခြင်းဖြင့်)+သုဘဂါ-တင့်တယ်သည်တည်း၊ အဒ္ဒုရာဟိတသမ္ဗန္ဓသုဘဂါ-သည်။

**သုပသိဒ္ဓါဘိဓေယျ။** ။သုပသိဒ္ဓေါ+အဘိဓေယျော(ဟောနက်) ယဿာတိ သုပသိဒ္ဓါ•ဘိဓေယျော = အလွန် ထင်ရှားသော အနက်ရှိသော(အနက်ထင်ဘို့ရာ အလွန်လွယ်ကူသော)ပဒါဝဠိ၊"အနက်" ဟူရာ၌ ထိုသဒ္ဒါ၏ ဟောနက် ( သဒ္ဒတ္ထ)တည်း၊ ရေးသား စီကုံးသူ၏ ဆိုလိုအပ်သော အဓိပ္ပါယတ္ထကား ပုဒ်စဉ်ကြည့်ရုံဖြင့် မထင်ရှားနိုင်, ပင်ကိုယ်အားဖြင့် နက်နဲရိုးတည်း။[ဧတ္ထ သုပသိဒ္ဓေါနာမ သဒ္ဒတ္ထော၊ အဓိပ္ပါယတ္ထော ပန ပကတိဂမ္ဘီရော။ ] ဆက်ဉုးအံ့— "အနက်ထင်ဘို့ရာ လွယ်ကူ"ဟူရာ၌ အတော်အတန် အနက်ဉာဏ်ရှိသူတို့အတွက် လွယ်ကူခြင်းကို ဆိုလိုသည်၊ အနက်ဉာဏ် မရှိသူတို့မှာ အလွန်လွယ်ကူအောင် ရေးသားသော်လည်း လွယ်ကူမည် မဟုတ်ချေ။

**ပသာဒံ။** ။ပသန္န ဖလိကာဝဠိ-ကြည်လင်သော ဖန်လုံး ဖန်သီးအစဉ်သည်၊ အတ္တနိ - မိမိ၌၊ အာဝုနိတ ရတ္တကမ္ဗလ သုတ္တံ - ထိုးသီအပ်သော ကမ္ဗလာနီကြိုးကို၊(ပသာဒေတိဣဝ-ကြည်လင်ထင်ရှားစေသကဲ့သို့၊)အတ္တဿ-(ကြိုးနှင့်တူသော)အနက်ကို၊ပသာဒနသဒ်ါတော- ကြည်လင် ထင်ရှားစေတတ်သည်၏အဖြစ်ဟု ဆိုအပ်သော၊ ပသာဒါ လက်ာရော- သည်၊ ပသာဒေါ-ပသာဒဂုဏ်မည်၏။ [ ပသာဒယတိ- အနက်ကို ကြည်လင်ထင်ရှားစေတတ်၏၊ ဣတိ ပသာဒေါ။]

www.dhammaransi.com



ပဒုမ္မာကြာတိုက်၌၊ သမ္ဗုတန္တာ- ကောင်းစွာ ကျရောက်ကုန်သော၊ အရုဏရုံသိဝ-အရုဏ်ရောင်တို့ကဲ့သို့၊ သောဘန္တေ - တင့်တယ်ပါ ပေကုန်၏။

× × × × × × ×

၁၂၀။ **အလင်္ကာရေ နူ့ာ တျာဒိ**။ ။ " ဘုရားရှင်၏ နီမြန်းသော နှုတ်ခမ်းတော်တို့သည် မျက်နှာတော်ကို တန်ဆာဆင်ထားကုန်လျက် ပွင့်ခါနီးသော ပဒုမ္မာကြာတိုက်၌ ကျရောက်သော ထွက်သစ်စ နေရောင်ကဲ့သို့ လွန်စွာ တင့်တယ်တော်မူကြ ပါပေသည်" ဟု နှုတ်ခမ်းတော်ကို ချီးမွမ်းဖွဲ့နွဲ့ရာဝယ် ပသာဒဂုဏ်ရောက်အောင် စီကုံးထားသော ဂါထာဖြစ်သည်။ [ " မျက်နှာတော်သည် ကြာတိုက်နှင့် တူ၏၊ နှုတ်ခမ်းတော်၏ နီမြန်းသောအရောင်သည် အရုဏ်ရောင်နှင့် တူ၏ " ဟု ဥပမာအလင်္ကာလည်း ပါဝင်၏။]

**နီးစွာထား၍အနက်ထင်ရှားပုံ**။ ။အလင်္ကာရေ နူ့ာဟူသောကြိယာနှင့် ဝဒနံဟူသော ကံကိုင်း, မုနိနောဟူသော သမ္ဗန်နှင့် ဝဒနံ ဟူသော သမ္ဗန္ဓီ- အဓရရုံသိယောဟူသော သမ္ဗန္ဓီတို့ကိုင်း, အဓရရုံသိယောဟူသော ကတ္တား နှင့် သောဘန္တိဟူသော ကြိယာကိုင်း, အမ္ဗုဇောဒရေဟူသော အာဓာရနှင့် အရုဏရုံသိယော ဟူသော အာဓေယ်ကိုင်း, သမ္ဗုတန္တာ ဟူသော ဝိသေသန နှင့် အရုဏရုံသိယောဟူသော ဝိသေသျကိုင်း, အလွန်နီးကပ်စွာထားသော ကြောင့် အဒူရာဟိတသမ္ဗန္ဓ ဖြစ်၏၊ ထိုသို့ စပ်သင့်ရာပုဒ်ချင်း နီးစွာထားသော ကြောင့် အနက်ထင်ရှားရကား သုပသိဒ္ဓါဘိဓေယျလည်းဖြစ်သည်။ [မုနိနော ပုဒ်သည် ရှေ့ဝဒနံနှင့် နောက်အဓရရုံသိယောကို ငဲ့သောကြောင့် ကာကဝေါ လောကန နည်းတည်း။]

ဗဟုဿုတော အပ္ပဿုတံ, ယော သုတေနာ-တိမညတိ၊
အန္ဓော ပဒီပဓာရောဝ, တထေဝ ပဋိဘာတိ မံ။

အကြင်သူသည် မိမိကဗဟုဿုတပုဂ္ဂိုလ်ဖြစ်၍ အပ္ပဿုတဖြစ်သော အခြားသူကို သုတအားဖြင့် လွန်၍ မှတ်ထင်၏၊ ဝါ – အထင်သေး၏၊ ထိုသူသည် သူကန်းက ဆီမီးကို ဆောင်ထားခြင်းနှင့် တူ၏-ဟု ငါ့မှာ ဥပမာထင်လာ၏၊....“ဤဂါထာသည် အစပ်လည်းနီး, အနက်လည်းထင်ရှားသောကြောင့် ပသာဒဂုဏ် ရောက်၏၊ တ အက္ခရာ ၃ ကြိမ်, ဝ အက္ခရာ ၂ ကြိမ် ထပ်သော ကြောင့် အနုပ္ပါသ မဓုရတာဂုဏ်လည်းရောက်၏၊ သိထိလအက္ခရာများခြင်း, အရွတ်အဖတ် မခက်ခြင်းကြောင့် သုခုမာလတာဂုဏ်လည်း ရောက်၏ ” ဟု စံကျောင်းနိဿယ ထုတ်ပြ၏။

www.dhammaransi.com



## ဩဇဂုဏ်၏ လက္ခဏာနှင့် ပုံစံ

၁၂၁။ ဩဇော သမာသဗာဟုလျ-မေသော ဂဇ္ဇသာ ဇီဝိတံ၊
ပဏ္ဍေပျ-နာကုလော သော'ယံ့ကန္တော ကာမိယတေ ယထာ။

၁၂၁။ သမာသဗာဟုလျံ - သမာသ်များသည်၏ အဖြစ်သည်၊ ဩဇော - ဩဇဂုဏ်မည်၏၊ ဧသော - ဤဩဇဂုဏ်သည်၊ ဂဇ္ဇဿ-စုဏ္ဏိယဝါကျ၏၊ ဇီဝိတံ-အသက်တည်း၊ အနာကုလော-မရှုပ်ထွေးသော၊ ဝါ- မရှုပ်ထွေးသည်၏ အဖြစ်ကြောင့်၊ ကန္တော- နှစ်သက်ဘွယ် ကောင်းသော၊ သော'ယံ- ထို ဩဇဂုဏ်ကို၊ ပဇ္ဇေပိ-ဂါထာ၌လည်း၊ ကာမိယတေ-အလိုရှိအပ်၏၊ ယထာ-ဥဒါဟရုဏ်ကား။

× × × × × × ×

၁၂၁။ ဩဇော၊ ပေ၊ ဇီဝိတံ။ ။ဩဇဂုဏ်၏ လက္ခဏာကား သမာသ်ပုဒ် အဆင့်ဆင့် တွဲရလောက်အောင် သမာသ်များသည်၏ အဖြစ်တည်း၊ ထိုသို့ သမာသ်ပုဒ် တွ ရှည်လျား များပြားခြင်းသည် စုဏ္ဏိယဝါကျအတွက် အသက်ရှိနေသကဲ့သို့ဖြစ်၏၊ [" ဇီဝိတသီသေန ဟဒယံ စိတ္တံတိ ဝေဒိတဗ္ဗံ " ဟု ဋီကာသစ်ဖွင့်သောကြောင့် ဇီဝိတကို ဦးခေါင်းတပ်၍ ဆိုထားသဖြင့် " စိတ် " ဟုလည်း အနက်မှတ်ပါ၊ သမာသ်များခြင်းသည် စုဏ္ဏိယဝါကျ၌ စိတ်အသက်ဝင်နေသကဲ့သို့ ဖြစ်သည်-ဟုလို။]ထို့ကြောင့် အဋ္ဌကထာဆရာတို့သည်"ပရမ ဝိသုဒ္ဓ သဒ္ဓါ ဗုဒ္ဓိ ဝီရိယ ပဋိမဏ္ဍိတ " စသည်ဖြင့် အသက် ( စိတ် ) ဩဇဂုဏ် ပါရှိအောင် သမာသ်များသော စုဏ္ဏိယကြီးဖြင့် နိဂုံးချုပ်ကြသည်။

ပဇ္ဇေပျ၊ပေ၊ယထာ။ ။"ထိုဩဇဂုဏ်ရောက်သော သမာသ်ပုဒ် သည် အနာကုလ- အနက်ထင်ဘို့ရာ (မရှုပ်ထွေးဘဲ)ရှင်းလင်းရမည်၊ အနက်ထင်ဘို့ ခဲယဉ်းနေလျှင် ပြခဲ့သော ပသာဒဂုဏ်ပျက်၍ ကိလိဋ္ဌ ဒေါသ- ဗျာကိဏ္ဏဒေါသတို့ ဝင်ရောက်လာလိမ့်မည် " ဟူလို၊ ထိုသို့ မရှုပ်ထွေးဘဲ ရှင်းလင်း နေသောကြောင့် နှစ်သက်ဘွယ် ကောင်းရကား ပညာရှိတို့သည် ( စုဏ္ဏိယဝါကျ၌သာ မက ) ဂါထာ၌လည်း သမာသ်များသော ဩဇဂုဏ်ကို အလိုရှိကြ သုံးစွဲကြပါသည်။

လက္ခဏာ ၂ ပါး ။ ။သမာသဗာဟုလျ, အနာကုလကိုကြည့်၍ "သမာသ်ပုဒ်များခြင်းသည် လက္ခဏာတပါး၊ သမာသ်ပုဒ်ရှည်လျား များပြားလျှင် အနက်မထင်ရှားနိုင်ဘဲရှုပ်ထွေးနေတတ်၏၊ ထို့ကြောင့်

www.dhammaransi.com



၁၂၂။ မုနိန္ဒမန္ဒသဥ္စာတ-ဟာသစန္ဒနလိမ္ပိတာ၊
ပလ္လဝါ ဓဝလာ တဿေ-ဝေကော နာဂရေပလ္လဝေါ။

၁၂၂။ မုနိန္ဒ မန္ဒ သဥ္စာတ ဟာသ စန္ဒန လိမ္ပိတာ-မုနိသေဌ်နင်း, တရားမင်း၏, ညှင်းညှင်းသာသာ, ကောင်းစွာဖြစ်ပေါ်,ပြုံးတော်မူခြင်း ဟူသော စန္ဒကူးဖြူဖြင့် လိမ်းကျံအပ်ကုန်သော၊ ပလ္လဝါ-နီးပါး ဝန်းကျင်, သစ်ပင်၏ ရွက်ညွန့်တို့သည်၊ ဓဝလာ- ဝဇီရစိန်အသွေးကဲ့သို့,ဖြူဖွေးကြကုန်၏၊တဿ-ထိုဘုရားရှင်၏၊ဧကော အဓရ ပလ္လဝေါဝ-တဘက်ကင်းဝေး, နီတွေးသော နှုတ်ခမ်းတော်ရွက်ညွန့်သည်သာ၊ န ဓဝလော-ဖြူရောင်မသွမ်းဘဲ နီမြန်းမြဲ နီမြန်းနေတော့သတည်း။

× × × × × × ×

မရှုပ်ထွေးဘဲ ရှင်းလင်းခြင်းလည်း လက္ခဏာတပါး ''ဟု မှတ်ပါ၊ ကန္တော - ကား လက္ခဏာ မဟုတ်၊ အနာကုလ ဖြစ်ခြင်းကြောင့် ရအပ်သော အကျိုးတည်း။

[ဆောင်] သမာသ်များခြင်း, မရှုပ်ခြင်း ဟု, ကြောင်းရင်း နှစ်ဝ, ပြည့်စုံမှ, မှတ်ကြ ဩဇဂုဏ်။

မှတ်ချက် ။ ။အချို့ကား — အနာကုလောကို ပဋ္ဌေနှင့်သာ စပ်၍ ''မရှုပ်ထွေးလျှင် ဂါထာဗွလည်း အလိုရှိအပ်၏ ''ဟု အဓိပ္ပါယ်ဆိုကြ၏၊ ထိုအတိုင်းမှန်လျှင်''စုဏ္ဏိယဂန္ထဗ္ဗကား အာကုလ-ရှုပ်ထွေးချင် ရှုပ်ထွေးစေ''ဟု ခွင့်ပြုရာ ရောက်၏၊ အမှန်မှာ– ''စုဏ္ဏိယဗ္ဗလည်း မရှုပ်ထွေးမှ ဩဇဂုဏ် ရောက်သည် ''ဟု မှတ်။

၁၂၂။ မုနိန္ဒ ၊ပေ၊ ပလ္လဝေါ။ ။[ စုဏ္ဏိယ၏အသက်ဟု ဆိုခဲ့သော်လည်း ဂါထာတို့ကို ပြနေသော အရာဌာနဖြစ်၍ စုဏ္ဏိယကို ပုံစံမပြဘဲ, '' ပဋ္ဌေပိ ကာမိယတေ ” အရ ပဋ္ဌမည်သော ဂါထာကို ပုံစံပြသည်။ ] ဤဂါထာသည် ဘုရားရှင်၏ သွားတော်များဖြူပုံနှင့် နှုတ်ခမ်းတော်နီမြန်းပုံကို ဖွဲ့ဆိုသော အဖွဲ့အနွဲ့တည်း၊ ထိုသို့ ဖွဲ့ဆိုရာဝယ် '' မုနိန္ဒမန္ဒသဥ္စာတ ဟာသ စန္ဒနလိမ္ပိတာ ” ဟု သမာသ်ပုဒ်ကြီးကို ထည့်၍ ဖွဲ့နွဲ့ထားသောကြောင့် ဩဇဂုဏ်ပါသော ဂါထာဖြစ်သည်။ [ အနက်ထင်ရှားသောကြောင့် ပြခဲ့သော ပသာဒဂုဏ်လည်းရ၏။ ]

www.dhammaransi.com



ထိုဂါထာ၏ ဆိုလိုရင်းကား— ဘုရားရှင် ပြုံးတော်မူလိုက်သော အခါ သွားတော်မှထွက်ပေါ်သည့် ဖြူသော ရောင်ခြည်တော်တို့သည် စန္ဒကူးနံ့သာဖြူ ကဲ့သို့ ဖြူဖွေးကုန်၏၊ ထို သွားတော်ရောင် တို့ကြောင့် အနီးအပါး၌ရှိကြသော သစ်ပင်များ၏ နဂိုရ်နီတွေးသော ရွက်ညွန့် ကလေးများ သော်မှ ဝဇီရစိန် အသွေးကဲ့သို့ ဖြူဖွေးသော အရောင် ရှိကြရသည်၊ ဤစကားဖြင့် သွားတော်ရောင်တို့ကို ဖွဲ့နွဲ၏၊....သို့သော် ဘုရားရှင်၏ အတုမဲ့ နီမြန်းသော နှုတ်ခမ်းတော်ကား သွားတော် အရောင်နှင့် နီးကပ်စွာ တည်နေရသော်လည်း အဖြူရောင် မလွှမ်းဘဲ နီမြန်းမြဲ နီမြန်း၍ခနေ၏၊ ဤစကားဖြင့် နှုတ်ခမ်းတော် နီမြန်းပုံကို ဖွဲ့နွဲ ပြန်သည်။ [ "ဧကောသည် အတုလျ အနက်ဟော" ဟု ဋီကာဖွင့်၏။]

သမာသ်များပုံ။ ။မုနိန်+ဣန္ဒော မုနိန္ဒော၊ ၁- ဆဋ္ဌီတပ္ပုရိသ် သမာသ်၊ သမ္ဘာ+ဇာတော သဥ္စာတော၊ ၂-ကမ္မဓာရဲ၊ မန္ဒံ-သာသာ ညှင်းညှင်း+သဥ္စာတော မန္ဒသဥ္စာတော၊ ၃-ဒုတိယာ တပ္ပုရိသ်၊ မန္ဒ သဥ္စာတောစ+သော+ ဟာသောစာတိ မန္ဒသဥ္စာတ ဟာသော၊ ၄- ကမ္မဓာရဲ၊ မန္ဒသဥ္စာတဟာသသဒ်ါတံ+စန္ဒနံ မန္ဒ၊ပေ၊စန္ဒနံ၊ ၅-ကမ္မ ဓာရဲ၊ မုနိန္ဒဿ+မန္ဒ၊ပေ၊စန္ဒနံ မုနိန္ဒ၊ပေ၊စန္ဒနံ၊ ၆ - ဆဋ္ဌီတပ္ပုရိသ်၊ မုနိန္ဒ၊ပေ၊စန္ဒနေန+လိမ္ပိတာ မုနိန္ဒ၊ပေ၊လိမ္ပိတာ၊ ၇- တတိယာတပ္ပု ရိသ်၊ ဤသို့ ပုဒ်တပုဒ်ထည်း၌ သမာသ် ၇ မျိုး အဆင့်ဆင့်တွဲရအောင် သမာသ် များသောကြောင့်၎င်း - ပုဒ်နေရှုပ်ထွေး ခြင်းလည်း မရှိ သောကြောင့်၎င်း မုနိန္ဒ၊ပေ၊လိမ္ပိတာပုဒ်သည် ဂဏ္ဍ (နှစ်သက်ဘွယ်) ဖြစ်ရကား ဂါထာတွင်း၌ ထည့်သွင်း၍ သုံးစွဲထိုက်လောက်အောင် ဩဇဂုဏ် ရှိပါပေသည်၊ ဤ ပုဒ်ကြီးတပုဒ် ကြောင့်ပင် တဂါထာလုံး ဩဇဂုဏ်ရှိသော ဂါထာဖြစ်ရသည်။

အမှာ။ ။ဤဂါထာ၌ " တဿ " ပုဒ်နှင့်စပ်၍ ပဏ္ဏက္ခဝိသယ (တ), ပသိဒ္ဓဝိသယ (တ), အနုဘူတ ဝိသယ(တ),ဟု တ ၃ မျိုးကို ဋီကာ နိဿယတို့၌ ပုံစံနှင့်တကွ ပြကြ၏၊ [ ထို ၃ မျိုးတွင်ကား ဤ တဿ၌ တ သည် လွန်ခဲ့ပြီးသော မုနိန္ဒကို ပြန်၍စွဲရသော ပဏ္ဏက္ခ ဝိသယတည်း။]

ပဏ္ဏက္ခဝိသယ။ ။လွန်ခဲ့ပြီးသော စွဲရာဖြစ်နက်ရှိသော တသည် ပဏ္ဏက္ခဝိသယ (တ )မည်၏၊ ပုံစံကား — " တဏ္ဍဝုတ္တာ ဘိဓမ္မတ္ထာ

www.dhammaransi.com



စတုဓာ '' တည်း၊ ( သင်္ဂြိုဟ် )၊ ဤ တတ္တ၌ပါသော တ သဒ္ဒါသည် '' သမ္ဘသမ္ဗုဒ္ဓ မတုလံ ၊ ပေ၊ အဘိဓမ္မတ္တ သင်္ဂဟံ '' ဟူသော ပါဌ်၌ '' အဘိဓမ္မတ္တ သင်္ဂဟံ '' ဟူသော လွန်ပြီး ပုဒ်ကို စွဲရသောကြောင့် ပဏ္ဏဋ္ဌဝိသယ(တ)မည်၏၊ပဏ္ဏဋ္ဌော+ဝိသယော ယဿာတိ ပဏ္ဏဋ္ဌ ဝိသယော၊ ယဿ- အကြင် တ သဒ္ဒါ၏၊ ပဏ္ဏဋ္ဌော- ဖဲအပ်ခဲ့သော၊ ဝါ-လွန်ပြီးသော၊ ဝိသယော-စွဲရာအနက်သည်၊ အတ္ထိ ဣတိ ပဏ္ဏဋ္ဌ ဝိသယော-မည်၏။

ပသိဒ္ဓဝိသယ ။ ။ တိုက်ရိုက်ထင်ရှားသော စွဲရာအနက်ရှိသော (တ) သည် ပသိဒ္ဓဝိသယ (တ ) မည်၏၊ ပုံစံကား - ''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'' တည်း၊ ဤ၌ '' တဿ ဘဂဝတော'' ဟု တ၏စွဲဘို့ရာ ''ဘဂဝတော''ဟု တိုက်ရိုက်ပါရကား တဿ၌ တသည် ပသိဒ္ဓဝိသယတည်း၊ ပသိဒ္ဓေါ ( တိုက်ရိုက်ထင်ရှားသော)+ဝိသယော ယဿာတိ ပသိဒ္ဓဝိသယော။

အနုဘူတဝိသယ။ ။ခံစားပြီး တွေ့ကြုံပြီး လွန်ခဲ့ပြီး ကြိယာကို စွဲရသော တသည် အနုဘူတဝိသယ (တ) မည်၏၊ ပုံစံကား—

အတီတံ နာနုသောစာမိ, န ပ္ပဇပ္ပါမိ·နာဂတံ၊
ပစ္စုပ္ပန္နေန ယာပေမိ, တေန ဝဏ္ဏော ပသီဒတိ။

အတီတံ— လွန်ပြီးအရာကို၊ နာနုသောစာမိ— အစဉ်တွေး၍, ဆွေးမနေပါ၊ အနာဂတံ—မရောက်လာသေး, နောင်ခါရေးကိုလည်း၊ န ပဇပ္ပါမိ-မြှော်တွေး တောင့်တ၍ မနေပါ၊ ပစ္စုပ္ပန္နေန – လက်ငင်းတွေ့ရ, ဟင်းရွက်ပြုတ်မျှဖြင့်၊ ယာပေမိ-မျှတ၍နေပါ၏၊ တေန-ထိုသို့ပစ္စုပ္ပန်ဖြင့် မျှတခြင်းကြောင့်၊ ဝဏ္ဏော- သားတော်၏အဆင်းသည်၊ ပသီဒတိ – နန်းတော်တွင်းမှာ, နေစဉ်ခါထက်, လွန်စွာသန့်စင်, ကြည်လင်၍ နေပါ၏။—[တေမိယဇာတ်တော်။] ဤဂါထာ၌ လွန်ခဲ့ပြီးသော ယာပနကြိယာကို ပြန်၍ '' တေန '', ဖြင့် စွဲရသောကြောင့် ဤ တ သဒ္ဒါသည် အနုဘူတဝိသယ (တ) မည်၏၊ အနုဘူယိတ္ထ – ခံစားအပ်ပြီ၊ ဝါ – တွေ့ခဲ့ရပြီ၊ ဣတိ အနုဘူတော၊ အနုဘူတော + ဝိသယော ယဿာတိ အနုဘူတဝိသယော။

[ဆောင်] ပဏ္ဏဋ္ဌမှာ, ဝိသယာ, တီတာဒြဗ်ကြည့်။
ပသိဒ္ဓမှာ, စွဲဘို့ရာ, ထင်စွာတိုက်ရိုက်ရှိ။
အနုဘူတ, ဝိသယ, တီတကြိယာတည့်။

www.dhammaransi.com



## အတ္ထသြဇဂုဏ်

၁၂၃။ ပဒါဘိဓေယျ ဝိသယံ, သမာသ ဗျာသ သမ္ဘဝံ၊
ယံ ပါရိဏတုံ ဟောတီဟ, သောပိ သြဇောဝ တံယထာ။

၁၂၃။ ပဒါဘိဓေယျဝိသယံ- ပုဒ်တို့၏ အနက်ဟူသော အရာရှိသော၊ သမာသ ဗျာသသမ္ဘဝံ-အကျဉ်းချုံးခြင်း, အကျယ်ချဲ့ခြင်းအားဖြင့် ကောင်းစွာ ဖြစ်ခြင်းရှိသော၊ ယံ ပါရိဏတုံ - ကျမ်းဂန်အရာ, ပညာတိုးတက် , ရင့်ကျက်သူ၏ အဖြစ်ဟူသော အကြောင်ဂုဏ်သဘောသည်၊ ဟောတိ - ရှိ၏၊ သောပိ - ထို ကျမ်းဂန် အရာပညာတိုးတက်, ရင့်ကျက်သူ၏ အဖြစ်ဟူသော ဂုဏ်သဘောသည်လည်း၊ ဣဟ- ဤ သုဗောဓာလင်္ကာရကျမ်း၌၊ သြဇောဝ-သြဇဂုဏ်ပင်တည်း၊ တံ- ထိုဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း.....

× × × × × ×

၁၂၃။ ပဒါဘိဓေယျတျာဒိ။ ။ပဒါနံ - ပုဒ်တို့၏ + အဘိဓေယျော-ဟောအပ်သော အနက်တည်း၊ ပဒါဘိဓေယျော-နက်၊ ပဒါဘိဓေယျော + ဝိသယော ယဿာတိ ပဒါဘိဓေယျဝိသယံ ( ပါရိဏတုံ)- ပုဒ်တို့၏ ဟောနက် ဟူသော အရာရှိသော ပရိဏတျ၊ ဤပဒါဘိဓေယျဝိသယံ ပါဌ်ဖြင့် အတ္ထသြဇဂုဏ်ဖြစ်ကြောင်း သိရသည်။

သမာသ ဗျာသသမ္ဘဝံ။ ။သမာသ- အကျဉ်းချုံးခြင်း၊ ဗျာသ (ဝိ+အာသ)- အကျယ်ချဲ့ခြင်း၊ သမာသောစ + ဗျာသောစ သမာသဗျာသာ၊ သမာသဗျာသတော+ သမ္ဘဝံ - ဖြစ်သည်တည်း၊ သမာသဗျာသသမ္ဘဝံ- သည်၊ (တနည်း) သမာသဗျာသတော + သမ္ဘဝေါ ယဿာတိ သမာသဗျာသသမ္ဘဝံ (ပါရိဏတုံ)= သမာသ ဗျာသတို့ကြောင့် ဖြစ်ခြင်းရှိသော ပါရိဏတျ၊ ဤပါဌ်ဖြင့် အကျယ်အနက်ကိုအကျဉ်းချုံးခြင်းရှိသော သမာသအတ္ထသြဇဂုဏ်, အကျဉ်းအနက်ကိုအကျယ်ချဲ့ခြင်းရှိသော ဗျာသအတ္ထသြဇဂုဏ် ဟု အတ္ထသြဇဂုဏ် ၂မျိုးပြားကြောင်း သိရသည်။

ပါရိဏတုံ။ ။ပရိပုဗ္ဗ + နမုဓာတ် , တပစ္စည်း၊ ပရိနမတိ - ရင့်ကျက်၏၊ ဣတိ ပရိဏတော - ဉာဏ်ပညာ အားဖြင့် ရင့်ကျက်သောကျမ်းပြုပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ် စီရင်အပ်သော အဖွဲ့အနွဲ့လည်း ကာရဏူပစာအားဖြင့် ပရိဏတမည်၏၊ ပရိဏတဿ-ပရိဏတ အဖွဲ့အနွဲ့၏+

www.dhammaransi.com



**သမာသအတ္ထသြဇာဂုဏ် ပုံစံ**

၁၂၄။ ဓောတယိတွာန သဒ္ဓမ္မံ , သန္တာရေတွာ သဒေဝကေ၊
ဇလိတွာ အဂ္ဂိခန္ဓောဝ, နိဗ္ဗုတော သော သသာဝကော။

၁၂၄။ သသာဝကော-သာဝကနှင့် တကွဖြစ်တော်မူသော၊ သော-ထိုမြတ်စွာဘုရားသည်၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ ဓောတယိတွာန-ထွန်းလင်းစေတော်မူပြီး၍၊ သဒေဝကေ-နတ်နှင့် တကွသော သတ္တာတို့ကို၊ သန္တာရေတွာ - သံသရာ ရေအယဉ်မှ ကယ်တင်တော်မူပြီး၍၊ အဂ္ဂိခန္ဓောဝ-မီးပုံကြီးကဲ့သို့၊ ဇလိတွာ-ရူပ ကာယဖြင့် တောံပတော်မူပြီး၍၊ နိဗ္ဗုတော- ငြိမ်းတော်မူလေပြီ။

× × × × × × ×

ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ( အကျယ်ကို အကျဉ်းချုံး, အကျဉ်းကို အကျယ်ချဲ့၍ ဖွဲ့နွဲ့ခြင်း)သဒ္ဒဂုဏ် အတ္ထဂုဏ်တည်း၊ ပါရိဏာတျံ-ဂုဏ်။

ဆက်ဦးအံ့ — " ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာတိ ဘာဝေါ" နှင့် အညီ အသိဉာဏ်နှင့် သဒ္ဒါ၏ ဖြစ်ကြောင်းသည် ဘာဝ မည်၏၊ သြဇ ဂုဏ်ပါသော အဖွဲ့အနွဲ့ကို မြင်ရသူတို့က ကျမ်းပြုပုဂ္ဂိုလ်ကို "သိပ်.... ဉာဏ်ပညာ ရင့်ကျက်တဲ့သူ - သိပ် ဉာဏ်ကြီးတဲ့သူ " ဟု သိကြ၏၊ ထို ကျမ်းပြု ပုဂ္ဂိုလ်ကို " ပရိဏာတ " ပုဂ္ဂိုလ်ဟုလည်း ခေါ်ဝေါ် ကြ၏၊ ထို့ကြောင့် ပရိဏာတပုဂ္ဂိုလ် ဟု သိသောဉာဏ် , ပရိဏာတ သဒ္ဒါ၏ ဖြစ်ကြောင်း"ပါရိဏာတျ"ဟူသည် သြဇဂုဏ်ဟူသောသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတည်း၊ ထို့ကြောင့် ဋီကာ၌ " ကတ္တုနံ ဂန္ထဝိသယေ ပရိဏာတပ္ပကာသကော(ဉာဏ်ရင့်သူ၏အဖြစ်ကိုပြတတ်သော)ယော သဒ္ဒဓမ္မော အတ္ထဓမ္မော ဟောတိ၊ သဒ္ဒဂုဏော အတ္ထဂုဏောတိ ဝုတ္တံ ဟောတိ"ဟု " ပါရိဏာတျ"အရ သဒ္ဒသြဇဂုဏ် အတ္ထသြဇဂုဏ်ကို ဖွင့်ပြသည်။ [အနက်သြဇဂုဏ်ကို ပြသော အရာဖြစ်၍ အတ္ထသြဇဂုဏ် သာ လိုရင်းတည်း၊ သို့သော် အနက်ကိုပြသော အဖွဲ့အနွဲ့သဒ္ဒါလည်း ဖလူပစာရအားဖြင့် သဒ္ဒသြဇဂုဏ်မည်နိုင်သည်။]

၁၂၄၊ ဓောတယိတွာနတျာဒိ။ ။ဘုရားရှင်သည် ပရိယတ်နှင့် တကွ လောကုတ္တရာ ၉ ပါးဟူသော သူတော်ကောင်းတရားကို ထွန်း လင်းစေပြီးလျှင် သတ္တာတို့ကို သံသရာ ရေအယဉ်မှ ကယ်တင်တော်မူ

ပြီး၍(သာဝကများနှင့် အတူ ) မီးပုံကြီးငြိမ်းသွားသကဲ့သို့ ငြိမ်းတော်မူလေပြီ၊ ဤ ဂါထာဖြင့် ဘုရားရှင်၏ ၄၅ ဝါ ကာလပတ်လုံး အဖြစ်တော်စဉ် ( ဗုဒ္ဓဝင် ) အားလုံးကို တဂါထာတည်းဖြင့် ပြည့်စုံအောင် ချုံး၍ ပြထားသောကြောင့် ဤဂါထာသည် သမာသ အတ္ထသြဇဂုဏ်ရောက်သော အဖွဲ့မည်၏။

ဋီကာ။ ။သဒ္ဓမ္မံ သပရိယတ္တိကံ နဝလောကုတ္တရ သဒ္ဓမ္မံ၊ ဇောတယိတွာ ဉာဏာလောကေန ဩဘာသေတွာ၊ သဒေဝကေ သတ္တေ သံသာရသာဂရပရိယန္တံ (သို့)ဥပနေတွာ(ပို့ဆောင်တော်မူပြီး၍)၊ အဂ္ဂိက္ခန္ဓောဝ မဟာတေဇော (ကြီးစွာသော အရှိန်ရှိသော ) အဂ္ဂိက္ခန္ဓောဝိယ၊ ဇလိတွာ အနညသာဓာရဏ ရူပကာယ သမ္ပတ္တိယာ (အခြားသူနှင့် မဆက်ဆံသော ရူပကာယ၏ ပြည့်စုံတော်မူခြင်းဖြင့်) ပဇ္ဇလိတွာ အန္တေ ( နောက်ဆုံး၌ ) သသာဝကော သာဝကေဟိ သဟ၊ နိဗ္ဗုတော ခန္ဓပရိနိဗ္ဗာနေန ပရိနိဗ္ဗုတောတိ၊ ဣမိနာ သကလ ဗုဒ္ဓဝံသေ (ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အားလုံး၌) ဗဟူဟိ ပဒေဟိ ဝုတ္တတ္ထော ( များစွာသော ပုဒ်တို့ဖြင့် အကျယ်ဟောထားအပ်သော အကြောင်းအရာကို၊) သင်္ခေပတ္တမေန ဝုတ္တော။

**အလားတူ ပုံစံများ။** ။ "ဟန္ဒဒါနိ ဘိက္ခဝေ၊ပေ၊အပ္ပမာဒေန သမ္ပာဒေထ" ဟူသော ပါဠိတော်လည်း ၄၅ ဝါပတ်လုံး ဟောထားအပ်သော သီလ သမာဓိ ပညာ အကြောင်းအရာ အားလုံးကို အပ္ပမာဒ တပုဒ်ထည်းဖြင့် အကျဉ်းချုပ်ထားသောကြောင့် သမာသအတ္ထသြဇဂုဏ်ရောက်သော ပါဠိတော်တည်း။

> သာစတ္တဒ္ဓိ သောစယသော , တာနိစ ပါဒေသု စက္ကရတနာနိ၊
> သဗ္ဗံ တ·မန္တရဟိတံ, နနု ရိတ္တာ သဗ္ဗသင်္ခါရာ။

ဤဂါထာဖြင့် "၃၂ဖြာသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ် , ပဋိသမ္ဘိဒါ ၄ ပါး , အဘိညာဏ် ၆ ပါး, သမာပတ် ၈ ပါး စသော တန်ခိုးတော် , အခြံအရံ အကျော်အစော ဟူသော ဂုဏ်တော်တို့ ကွယ်ပျောက်ကြကုန်ပြီ" ဟု လည်း အကျဉ်းချုံး၏၊ ထို့ကြောင့် သြဇဂုဏ်ရောက်သည်။

www.dhammaransi.com



ဗျာသ အတ္ထ ဩဇဂုဏ်ပုံစံ

၁၂၅။ မတ္တကဒ္ဒိ မတဿာပိ, ရဇောဘာဝံ ဝဇန္တု မေ၊
ယတော ပုညေန တေ သေန္တိ, ဇိနပါဒမ္ဗုဇဒွယေ။

၁၂၅။ မတဿာပိ-သေပြီးလည်းဖြစ်သော၊ မေ- ငါ၏၊ မတ္တကဒ္ဒိ - ဦးခေါင်းရိုးတို့သည်၊ ရဇောဘာဝံ - မြူမှုန်၏ အဖြစ်သို့၊ ဝဇန္တု - ရောက်ပါစေကုန်သတည်း၊ ( ကသ္မာ - အဘယ့်ကြောင့် ဤသို့ ဆုတောင်းရသနည်း)၊ ယတော- အကြင့်ကြောင့်၊ ပုညေန- ငါ၏ ကောင်းမှုအတွက်ကြောင့်၊ တေ- ထို ဦးခေါင်းရိုး မြူမှုန်တို့သည်၊ ဇိနပါဒမ္ဗုဇဒွယေ-မြတ်စွာဘုရား၏ ခြေတော်အစုံ,ကြာပဒုံ၌၊[(တနည်း), ဇေနပါဒမ္ဗုဇဒွယေ- ဘုရားနှင့်စပ်, ခြေမြတ်အစုံ, ကြာပဒုံ၌၊] သေန္တိ-ဖြစ်နိုင်ကုန်၏၊ဝါ-ငြိကပ်နိုင်ကုန်၏၊(တတော-ထို့ကြောင့် ဤသို့ ဆုတောင်းရသတည်း)။

× × × × × × ×

၁၂၅။မတ္တကဒ္ဒိ၊ပေ၊ဝဇန္တု မေ။ ။သေပြီးသောငါ၏ ဦးခေါင်းရိုးတို့သည် မြူမှုန်များ ဖြစ်ကြပါစေ၊ "ငါသေသောအခါ ဦးခေါင်းရိုးတို့သည်( အရိုး ပုံသဏ္ဌာန်အတိုင်း မတည်ဘဲ)မြူမှုန်ကလေးဘော့ ဖြစ်ကြပါစေ"ဟူလို၊.... "ဘာ့ကြောင့် ဤကဲ့သို့ တောင့်တရသနည်း" ဟု မေးဘွယ်ရှိ၍ "ယတော၊ပေ၊ ဒွယေ"ဟု မိန့်သည်၊ "ထို ဦးခေါင်းရိုးက မြူမှုန် ဖြစ်သွားလျှင် ထို မြူမှုန်တို့သည် ဘုရားရှင်၏ ခြေတော်တည်းဟူသော ပဒုမ္မာကြာအစုံ၌ဖြစ်နိုင်-ငြိကပ်နိုင်ကြ၏၊ ထိုသို့ ငြိကပ်လျှင် ငါ့မှာကောင်းမှု ကုသိုလ်ဖြစ်လိမ့်မည်၊ ထိုကောင်းမှုကို လိုလားသောကြောင့် ဤကဲ့သို့ ဦးခေါင်းရိုး၏ မြူမှုန်ကလေးတွေ ဖြစ်ဘို့ရန် တောင့်တရပါသည်" ဟူလို၊

မှတ်ချက် ။ ။ စာအုပ်များ၌ "ပုညေန တေ သေန္တု" ဟု ရှိ၏၊ ဋီကာ၌"သေန္တိ=ပဝတ္တန္တိ"ဟု ဖွင့်၏၊ ထို့ကြောင့် ဋီကာအလို"တေ သေန္တိ"ဟု ရှိသင့်၏၊ ထို့ပြင်- "ပုညေန" ကိုလည်း " တထာဝိဓေန ကုသလကမ္မေန ဟေတုနာ " ဟု ဟိတ်အနက် ဖွင့်သည်၊ [" အန္တေန ဝသတိ"၌ အန္တေနဟူသော ပုဒ်မျိုးတည်း။ ]

www.dhammaransi.com



## ဆိုလိုရင်းနှင့် ဩဇာရက်ဖြစ်ပုံ

၁၂၆။ ဣစ္စတြ နိစ္စံ ပဏာတိ-ဂေဓော သာဓု ပဒိဿတိ၊
ဇာယတေ·ယံ ဂုဏော တိက္ခ-ပညာန·မဘိယောဂတော။

၁၂၆။ ဣတိ - ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ အတြ - ဤ ဂါထာ၌၊ နိစ္စံ- အမြဲ၊ ပဏာတိဂေဓော - ရှိခိုးလိုခြင်း၌ ပြင်းပြသော ဆန္ဒသည်၊ သာဓု - ကောင်းစွာ၊ ပဒိဿတိ - ထင်ရှား၏၊ အယံ

× × × × × × ×

ဋီကာ။ ။ မတ္တကေ+အဋ္ဌိနိ မတ္တကဋ္ဌိ - ဉုးခေါင်း၌ အရိုးတို့၊ ဝါ-ဉုးခေါင်းရိုးတို့၊မတဿာပိ-မရဏာံအာပန္နဿာပိ-သေခြင်းသို့ ရောက်ပြီးလည်း ဖြစ်သော ("သေပြီးသော"ဟူလို) ဋီကာဟောင်း၊ ဇေနပါဒမ္ဗုဇဒွယေ–ဇိနပဋိဗဒ္ဓစရဏာ(ဘုရားနှင့် စပ်သော ခြေတော် ဟူသော)ပဒုမယုဂဠေ(ပဒုမ္မာကြာအစုံ၌)၊ဤဋီကာအလို"ဇိနဿ+ ဣဒံ ဇေနံ-ဘုရား၏ ဥစ္စာ၊ ဝါ - ဘုရားနှင့် စပ်သည်" ဟု ဝိဂ္ဂဟပြု၍ "ဇေနပါဒမ္ဗုဇဒွယေ"ရှိစေ၊ သို့သော်"ဇိနဿ+ပါဒမ္ဗုဇဒွယံ" ဟု ပြု၍ "ဇိနပါဒမ္ဗုဇဒွယေ" ဟု လည်း ရှိနိုင်သည်သာ။

---

၁၂၆။ ဣစ္စတြ၊ပေ၊ ပဒိဿတိ။ ။မိမိသေတောင်မှ ဉုးခေါင်း ရိုးတွေ မြူမှုန်ဖြစ်၍ ဘုရားခြေတော်အစုံ၌ ကပ်ငြိစေလို၏ဟု ဆိုသဖြင့် "ဘုရားကို အမြဲဉုးတိုက်နေလိုသော ဆန္ဒ၏ပြင်းပြကြောင်း"ထင်ရှား သည်၊ ထို့ကြောင့် " ကထမဟံ ဘဂဝတော သိရိပါဒေ မုဒ္ဓနာ နိစ္စံ ပဏာမာမိတိ အဘိလာသော = ငါသည် ဘယ်နည်းဖြင့် ဘုရားရှင်၏ အသရေရှိသောခြေတော်တို့ကို အမြဲ ဉုးတိုက်၍ နေရပါအံ့နည်း" ဟူသော သူ၏ အလိုဆန္ဒကို"မတ္တကဋ္ဌိ"စသော ဂါထာဖြင့် အကျယ် ချဲ့၍ ဖွဲ့နွဲ့ စီကုံးထားသောကြောင့် ဤဂါထာသည် ဗျာသအတ္ထ ဩဇ ဂုဏ် ရောက်သော ဂါထာတည်း။

ဋီကာ ။ ။ ဣတိ ဣမိနာ အနန္တရဂါထာယံ ဝုတ္တက္ကမေန၊ အတြ- ဣမိဿံ ဂါထာယံ၊ နိစ္စံ ပဏာတိဂေဓော- နိရန္တရ ပဏာမေ အဓိကကတ္တုကာမတာကုသလစ္ဆန္ဒော၊ [ ပဏာမနံ ပဏာတိ၊ ပဏာတိ

www.dhammaransi.com



ဂုဏော-ဤသြဇဂုဏ်သည်၊တိက္ခပညာနံ-ထက်မြက်သော ပညာရှိတို့၏၊ အဘိယောဂတော - ကျမ်းဂန်ကို အဖန်ဖန် အားထုတ်ခြင်းကြောင့်၊ ဇာယတေ-ဖြစ်နိုင်၏။

× × × × × × ×

ယံ-ဥ+ဂေဓော-ပြင်းပြသော ဆန္ဒတည်း၊ ပဏာတိဂေဓော။]သာဓု-ဝိဘူတော(ထင်ရှားသည်၊ ဟုတ္ဂာ-၍၊)ဝိဘူတံဝါ(''ထင်ရှားစွာ''ဟု ကြိယာဝိသေသနပေး၊)ပဒိဿတိ ပညာယတိ။

နတ္ထိ ဇာတိ ဇရာ ဗျာဓိ, မရဏဉ္စ မဟာမုနေ၊
အဇရာမရဏံ ပုရံ, ဂမိဿာမိ အသင်္ခတံ။

'' အကြင်အရပ်၌ ဇာတိ ဇရာ ဗျာဓိ မရဏ မရှိ၊ ထို ဇာတိ ဇရာ ဗျာဓိ မရဏ မရှိရာ အသင်္ခတမြို့တော်သို့ သွားပါတော့အံ့''ဟူသော ယသောဓရာ အပဒါန်လာ ဂါထာလည်း''ပရိနိဗ္ဗာန်ပြုပါတော့အံ့'' ဟူသော အနက်အကျဉ်းကို အကျယ်ချဲ့သောကြောင့် ဗျာသအတ္ထ သြဇဂုဏ်ရှိသော ဂါထာ- ဟု စံကျောင်းနိဿယ၌ မိန့်သည်။

ဇာယတေ ၊ ပေ ၊ ယောဂတော ။ ။ သဒ္ဒသြဇ - အတ္ထသြဇ ဂုဏ် ၂မျိုးလုံးပင် သာမန်ပုဂ္ဂိုလ်များသည် သာမန်ကြိုးစားမှုကြောင့် ဖြစ်အောင် မစီကုံးနိုင်၊ ပင်ကိုယ်ကထက်မြက်သောဉာဏ် ပညာရှိသူတို့ သော်မှ ဆိုင်ရာကျမ်းဂန်ကို အဖန်ဖန် ကြိုးစားမှုကြောင့်သာ ထိုသြဇ ဂုဏ်ပါသော အဖွဲ့အနွဲ့များကို စီကုံးနိုင်ကြသည်- ဟူလို။ [ ဝတ္ထု-ရွှတ်ဆို စီကုံးသော ပုဂ္ဂိုလ်၏၊ ပါရိဏာဝေါ့နေဝ - ပညာဉာဏ်၏ ရင့်ကျက်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ရင့်ကျက်သော ပညာကြောင့်သာ၊ ဘဝနတော -သြဇဂုဏ် ဖြစ်နိုင်ခြင်းကြောင့်၊ ယေသံကေသဉ္စိ- အမှတ်မရှိ , သာမန်ပုဂ္ဂိုလ်တို့၏၊ ယေနကေနစိ ပကာရေန- သင့်ရုံတော်ရုံ ကြိုးစားမှုအပြားအားဖြင့်၊ န သိဇ္ဈတိ- မပြီးနိုင်။]

မှတ်ချက်။ ။ဤဋီကာ၌ တိက္ခပညကို''ပါရိဏာတ''ဟုအဓိပ္ပါယ် ဖွင့်ပုံထောက်၍ ပညာဉာဏ် ရင့်ကျက်သူကို''ပရိဏတ''ခေါ်ကြောင်း သိသာပြန်၏၊ထို့ကြောင့်''ယံပါရိဏတံ''ဟူသော(၁၂၃)ဂါထာ၌ '' ဉာဏ်ပညာ ရင့်ကျက်သူ၏ အဖြစ် '' ဟု ဆိုခဲ့သော အနက်သည် သင့်မြတ်၏-ဟု မှတ်။

www.dhammaransi.com



## မခုရတာ၏ အပြားနှင့် လက္ခဏာ

၁၂၇။ မခုရတ္တံ ပဒါသတ္တိ-ရနုပ္ပါသဝသာ ဒွိဓာ၊
သိယာ သမသုတိ ပုဗ္ဗာ,ဝဏ္ဏာဂုတ္တိ ပရော ယထာ။

၁၂၇။ မခုရတ္တံ- ကြားနာရလျှင်, နားဝင်ချိုမြသည်၏ အဖြစ်ဟူသော မခုရတာဂုဏ်သည်၊ ပဒါသတ္တိ ရနုပ္ပါသဝသာ-ပဒါသတ္တိ မခုရတာဂုဏ်,အနုပ္ပါသမခုရတာဂုဏ်တို့၏ အပြားအားဖြင့်၊ ဒွိဓာ-၂ ပါးပြား၏၊ ပုဗ္ဗာ - ရှေ့ဖြစ်သော ပဒါသတ္တိ မခုရတာဂုဏ်သည်၊ သမသုတိ- ဒီဃ ရဿ , ဓနိတနှင့် , ဌာနသံယုဂ် , ပုဒ်အချင်းချင်း အား , နီးနားသော သုတိရှိသည်၊ ဝါ - နီးနားသော အသံရှိသည်၊

× × × × × × ×

၁၂၇။ မခုရတ္တံ၊ ပေ၊ ဒွိဓာ။ ။"မခုရ"ဟူသော နာမည်အားဖြင့်ပင်" ချိုမြ " ဟူသော အနက်သဘောမှာ ထင်ရှားပြီးဖြစ်၍ မခုရဂုဏ်၏ လက္ခဏာ(သုတ်)ကို အထူးမပြတော့ဘဲ မခုရတာ ဂုဏ်အပြားကိုသာ "ပဒါသတ္တိ, အနုပ္ပါသ"အားဖြင့် ၂ ပါးရှိကြောင်း ပြသည်၊ မခုရဿ - ချိုဆိမ့်သော အရသာကဲ့သို့ ကြားရလျှင် နား၌ ချိုမြိန်စွာ ဝင်လာသော အဖွဲ့အနွဲ့၏+ ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာ ဂုဏ်သည်၊ မခုရတာ - မည်၏၊ တ္တ ပစ္စည်းဖြင့် " မခုရတ္တံ " ဟု လည်း ရှိသည်၊ [ " သဝနီယတ္တေန - နာပျော်ဘွယ်ကောင်းသည်၏ အဖြစ်ကြောင့်၊ မနောဟရတ္တံ-ကြားရသူ၏ စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သည်၏ အဖြစ်သည်၊ မခုရတ္တံ-မခုရတာဂုဏ်တည်း"၊(ဋီကာဟောင်း)။]

သိယာ သမသုတိ ပုဗ္ဗာ။ ။ ဤပါဒဖြင့် ပဒါသတ္တိ မခုရတာ၏ လက္ခဏာကို ပြ၏၊ အာသဇ္ဇနံ- ငြိကပ်ခြင်း၊ ဝါ- ငြိကပ်၍နေလောက်အောင် နီးနားခြင်း၊ အာသတ္တိ- ခြင်း၊ ပဒါနံ- ပုဒ်တို့၏ + အာသတ္တိ- ဌာန်တူစသည်အားဖြင့် နီးကပ်ခြင်း၊ ပဒါသတ္တိ-ခြင်း၊[အာသတ္တိသည် အာသန္နနှင့် အနက်တူ၏၊ အာပုဗ္ဗ သဒဓာတ်ချည်း ဖြစ်၏၊ တိပစ္စည်းနှင့် တပစ္စည်းသာ ကွဲပြား၏။]"ပုဒ်ချင်းနီးကပ်"ဟူရာ၌ ဌာန်ကရိုဏ်းအားဖြင့် ဖြစ်စေ , ဒီဃချင်း , ရဿချင်း , သိထိလချင်း, ဓနိတချင်း အားဖြင့် ဖြစ်စေ နီးကပ်ခြင်းတည်း။ [ ပုဗ္ဗာ ပဒါသတ္တိ သမသုတိ သိယာ၊ ပုဗ္ဗာပရဝဏ္ဏာနံ-ရှေ့နောက်ဝဏ္ဏာတို့၏၊ ဌာနမတ္တာကရဏာ

www.dhammaransi.com



သိယာ-ဖြစ်၏၊ ပရော-နေ့ဖြစ်သော အနုပ္ပါသမဓုရတာဂုဏ်သည်၊ ဝဏ္ဏာဝုတ္တိ-အက္ခရာတူကို အထပ်ထပ်ဆိုခြင်းသည်၊ သိယာ-ဖြစ်၏၊ ယထာ-ဥဒါဟရဏ်ကား။....

ပဒါသတ္တိ မဓုရတာပုံစံ

၁၂၀။ ယဒါ ဧသော'ဘိသမ္ဗောဓိံ , သမ္ဗုဒ္ဓော မုနိပုင်္ဂဝေါ၊
တဒါ ပဘုတိ ဓမ္မဿ, လောကေ ဇာတော မဟုဿဝေါ။

× × × × × × ×

ဒိဟိ-ဌာန်,မတြာ, ကရိုဏ်းအစရှိသည်တို့ဖြင့်၊ အာသန္နသုတိသံါတ ဝဏ္ဏာဝုတ္တိ- နီးကပ်သော သုတိဟု ဆိုအပ်သော အက္ခရာတို့၏ ဖြစ်ခြင်းသည်၊ ဟောတိ- ၏ '' ဟု ဋီကာသစ်ဖွင့်သည်၊ ဤဋီကာ၌ မတ္တာဖြင့် ဒီဃရဿ ဂရုလဟုတို့ကို ပြ၏၊ ကရဏာဒိဟိ၌ အာဒိဖြင့် သံယုဂ် , သိထိလ ဓနိတတို့ကို ယူကြသည်၊ သမသုတိကိုလည်း''အာသန္နသုတိ" ဟု ဖွင့်သည်။]

[ဆောင်] ဒီဃ ရဿ,ဓနိတနှင့်, သိထိလမှန်, ဌာန် သံယုဂ်, ပုဒ်ချင်းနီးက, မဓုရ, မှတ်ကြ ပဒါသတ္တိတည်း။

ဝဏ္ဏာဝုတ္တိ ပရော ။ ။ ဤဂါထာဖြင့် အနုပ္ပါသ မဓုရတာ၏ လက္ခဏာကိုပြ၏၊ အာ(ပုနပ္ပုနံ)- ထပ်ကာထပ်ကာ÷ ဝုတ္တိ- ရွတ်ဆိုခြင်း၊ အာဝုတ္တိ- အထပ်ထပ် ရွတ်ဆိုခြင်း၊ ဝဏ္ဏာနံ- သရဝဏ္ဏ ဗျည်းဝဏ္ဏတို့ကို+အာဝုတ္တိ-ခြင်း၊ ဝဏ္ဏာဝုတ္တိ-ခြင်း၊(ပဒါသတ္တိကဲ့သို့ ဌာန်စသည်အားဖြင့် တူရုံတွင်မကဘဲ )အလားတူအက္ခရာကိုထပ်၍ ဆိုခြင်းသည်''အနုပ္ပါသမဓုရတာဂုဏ်''မည်၏၊ထို့ကြောင့် ပဒါသတ္တိထက် အနုပ္ပါသသည် သာ၍ ချိုမြ , သာ၍ မဓုရတာဂုဏ် ရ၏၊ အနု - နောက်ထပ်+ပါသော ( ပက္ခေပေါ)-ထည့်သွင်းခြင်းတည်း၊ အနုပ္ပါ သော-ဆိုအပ်ပြီးသော အက္ခရာကိုပင် နောက်ထပ်သွင်းခြင်း။[ပရော အနုပ္ပါသော ပန ဏ္ဏာဝုတ္တိ - ပုဗ္ဗုစ္စာရိတဝဏ္ဏာနံ(ရှေးရှေး ရွတ်ဆို အပ်ပြီးသော အက္ခရာတို့ကို)ပုနပ္ပုနုစ္စာရဏံ သိယာ၊—ဋီကာ။]

[ဆောင်] ဌာန်စသည်မျှ, တူရုံမကဘဲ, ဝဏ္ဏအတူ, ထပ်ဆိုမှု , ဂုဏ်ယူ အနုပ္ပါသတည်း။

www.dhammaransi.com



၁၂၈။ ယဒါ-အကြင်အခါ၌၊ဧသောမုနိပုင်ဝေါ-မုနိထွဋ်ထား, ဤ မြတ်ဘုရားသည်၊ အဘိသမ္ဗောဓိံ - အရဟတ္တမဂ်ဉာဏ် , သဗ္ဗ ညုတာဉာဏ်ကို၊ သမ္ဗုဇ္ဈော-ရတော်မူပြီ၊ တဒါပဘုတိ-ထိုအခါမှ စ၍၊ လောကေ - လောက ၃ ပါး၌၊ ဓမ္မဿ - တရားတော်၏၊ မဟုဿဝေါ-ကြီးစွာသော တိုးတက်ခြင်းသည်၊ ဝါ-ကြီးစွာသော ပွဲသဘင်သည်၊ ဇာတော-ဖြစ်ပေါ်လာပြီ။

× × × × × × ×

၁၂၈။ ယဒါဧသောတျာဒိ။ ။ဘုရားရှင်ပွင့်တော်မူချိန်မှစ၍ ဤလောကကြီး၌ ကြီးစွာသော တရားတိုးပွါးမှု ဖြစ်ပုံကို စီကုံးရာဝယ် ပဒါသတ္တိမဓုရတာဂုဏ် ပါအောင် ဖွဲ့နွဲ့အပ်သော ဂါထာ ဖြစ်၏၊ ["မဟုဿဝေါ-ကြီးစွာသော ပွဲသဘင်သည်" ဟု ပေးကြ၏၊ ဋီကာ၌ကား မဟာဘိဝုဒ္ဓိ -ကြီးစွာသော တိုးပွါးခြင်း " ဟု ဖွင့်သည်။]

ပဒါသတ္တိ ဖြစ်ပုံ။ ။ဣဟ(ဤဂါထာ၌)၊ ဒါဧသောတိ-ဒါ, ဧ, သော, ဟု၊ ဒီဃကာလ ဝသေန-ဒီဃကာလ ( ၂ မတ်ြာကာလ ) ၏ အစွမ်းဖြင့်၊ အာသန္နတာ-နီးသည်၏အဖြစ်ဂုဏ်း၊ ယတေိ ဌာနဝသေန ( တာလုဌာန်အားဖြင့် ) အာသန္နတာ၊ သမ္ဗောဓိံ သမ္ဗုဇ္ဈောတိ သံယောဂဝသေန (မ္ဗော, မ္ဗု, ဇ္ဈော သံယုဂ်အားဖြင့်)အာသန္နတာ၊ ဘိမိံတိ ခနိတတော အာသန္နတာ၊ ဣစ္စာဒိနာ ပဒါသတ္တိ ဒဋ္ဌဗ္ဗာ၊- ဣစ္စာဒိ၌ အာဒိသဒ္ဒါဖြင့် " သမ္ဗုဇ္ဈော၌ သနှင့်တ, ဇ္ဈောမုနိ၌ ဇ္ဈနှင့် န, မုနိပုင်၌ မနှင့်ပတို့ အက္ခရာခြား၍ ဌာန်တူကြ၏၊ တဒါ၌ တနှင့်ဒ, ပဘု၌ ပနှင့်ဘ,တိဓမ္မ၌တနှင့်ဓတို့ကားအက္ခရာမခြားဘဲဌာန်တူကြ၏၊ လောကေဇာတော၌ ဒီဃချင်း, မဟုဿ၌ ရဿချင်း တူကြ၏။

အနာထာနံ ဘဝံ နာထော,ဘီတာနံ အဘယံ ပဒေါ၊
ဝိဿာသဘူမိ သန္တာနံ, သရဏံ သရဏေသိနံ။

[သန္တာနံ - မောပန်းနေသူတို့၏၊ ဝိဿာသဘူမိ - အမောဖြေရာ လည်းဖြစ်တော်မူပါပေ၏၊]....ဝဂ်ီသတ္တေရအပဒါန်လာ ဤဂါထာ ကို ပဒါသတ္တိမဓုရတာဂုဏ် ရှိသော ဂါထာ" ဟု စံကျောင်းနိဿယ မှာ၏၊အက္ခရာတူတွေ အထပ်ထပ်ပါနေရကား နောက်လာမည့် အနု ပ္ပါသမဓုရတာဂုဏ် ရှိသော ဂါထာ ဟု ထင်သည်။

www.dhammaransi.com



**အနုပ္ပါသမဓုရတာပုံစံ**

၁၂၉။ မုနိန္ဒ မန္ဒဟာသာ တေ, ကုန္ဒသန္ဒောဟ ဝိဗ္ဘမာ၊
ဒိသန္တ-မနုဓာဝန္တိ , ဟာသန္တာ စန္ဒကန္တိယော။

၁၂၉။ ကုန္ဒသန္ဒောဟ ဝိဗ္ဘမာ - သင်းခွေပန်း အစုသဘွယ် , တင့်တယ်ကုန်သော၊ တေ မုနိန္ဒမန္ဒဟာသာ - ထိုမြတ်စွာဘုရား၏ သာသာ ညှင်းညှင်း ပြုံးတော်မူခြင်း တို့သည်၊ စန္ဒကန္တိယော - လရောင်တို့ကို၊ ဟာသန္တာ - ပြက်ရယ်ပြုကုန်လျက်၊ ဒိသန္တံ - ထိုထို အရပ်မျက်နှာသို့၊ အနုဓာဝန္တိ-ပြေးသွားကြကုန်၏။

× × × × × × ×

၁၂၉။ မုနိန္ဒတျာဒိ။ ။သင်းခွေပန်းအစု၏တင့်တယ်ခြင်းကဲ့သို့တင့်တယ်ကြပေကုန်သော ဘုရားရှင်၏ပြုံးတော်မူခြင်းတို့သည်(ပြုံးတော်မူသောအခါ ထွက်ပေါ်လာကုန်သော သွားတော်၏ရောင်ခြည်တော်တို့သည်)လရောင်တို့ကိုပင် ပြက်ရယ်ပြုကုန်လျက်("ငါ၏အရောင်လောက်သင့်အရောင်ကမတော"ဟု နှိပ်ချကုန်လျက်) ထိုထိုအရပ်သို့ ပြေးသွားကွန့်မြူးတော် မူကြလေသည်၊ ဤသို့ သွားတော်ရောင်ကို ဖွဲ့နွဲ့ရာဝယ် အနုပ္ပါသမဓုရတာဂုဏ် ပါအောင် ဖွဲ့နွဲ့သောဂါထာတည်း။ ["ဟာသန္တာ" ပုဒ်၏ ဥပမာဇောတကပုဒ် ဖြစ်ကြောင်းကို ဥပမာအလင်္ကာ၌ သိရလတ့်၊ "ဟာသန္တာတိ-နိန္ဒန္တာ"ဟု ဋီကာ၌ အဓိပ္ပါယ်ဖွင့်၏။]

အက္ခရာတူထပ်ပုံ။ ။ဧတ္ထ နကာရ သဟိတ ဒကာရဿ (န္ဒ၏) နကာရသဟိတ တကာရဿစ (န္တ၏ငှင်း) အာဝုတ္တိ ဒဋ္ဌဗ္ဗာ၊ ဤဂါထာ၌ "န္ဒ" ၅ လုံး "န္တ" ၄ လုံးထပ်၏၊ ဤသို့ အက္ခရာတူအထပ်ထပ် ဆိုခြင်းသည်ပင် အနုပ္ပါသမည်၏၊ ဋီကာတို့၌လည်း—

"ဣန္ဒနီလ ဒလဒ္ဒန္ဒ, သုန္ဒရံ သိရိမန္ဒိရံ၊
မုနိန္ဒ နယနဒွန္ဒံ, ဝိန္ဒတိ-န္ဒီ ဝရဇ္ဇုတိံ"

ဟူသောဂါထာကို ထုတ်ပြ၏၊ ဤဂါထာ၌ (န္ဒ) ရှစ်ခုပါသည်၊ [ဣန္ဒနီလာ ပဒမြားလွှာ အစုံကဲ့သို့ တင့်တယ်ကောင်းမြတ်သော ( ထိုသို့ကောင်းမြတ်သောကြောင့် ) ကြက်သရေ၏ အိမ်သဘွယ် ဖြစ်တော်မူသော ဘုရားရှင်၏မျက်လုံးတော်အစုံသည် ကြာညိုပန်း၏ တင့်တယ်ခြင်းကို ရတော်မူ၏၊" ကြာညိုပန်းအစုံနှင့် တူတော်မူ၏"ဟူလို။]

www.dhammaransi.com



**မချီးမွမ်းထိုက်သော အနုပ္ပါသ**

၁၃၀၊ သဗ္ဗကောမလဝဏ္ဏေဟိ,နာ·နုပ္ပါသော ပသံသိယော၊
ယထာ·ယံ မာလတီမာလာ, လိနလောလာလိမာလိနီ။

၁၃၀။ သဗ္ဗကောမလ ဝဏ္ဏေဟိ-အလုံးစုံနူးညံ့သော အက္ခရာတို့ဖြင့်၊ ( ကတော- ပြုအပ် စီကုံးအပ်သော၊ ) အနုပ္ပါသော- အနုပ္ပါသ မဓုရတာဂုဏ်ကို၊ န ပသံသိယော- သိလေသာလင်္ကာရနှင့် ဆန့်ကျင်သည့်အတွက် မချီးမွမ်းထိုက်၊ယထာ-ကား၊.... အယံ၊ပေ၊လိနီ—အယံ၊ပေ၊လိနီဟူသည်တည်း၊ [ အယံမာလတီမာလာ - ဤမြလေးပန်းအစဉ်သည်၊လိနလောလာလိမာလိနီ-ဗျာပါများလျက်, နံ့သာမက်သည့်, လှုပ်လှုက်သော ပိတုန်းအစဉ်ရှိ၏။]

× × × × × × ×

ထို့ပြင်—“ပဿတိ ပဿော ပဿန္တံ, အပဿန္တံ စ ပဿတိ၊
အပဿန္တော အပဿန္တံ, ပဿန္တံ စ န ပဿတိ”

ဟူသော ဝပ္ပထေရ ဂါထာကိုလည်း စံကျောင်းနိဿယ၌ ထုတ်ပြ၏၊ ဤဂါထာ၌ သဿ-နှ တို့ထပ်သည်။ [မြင်သူ (မျက်စိကောင်းသူ) သည် မြင်သူကိုလည်း(မျက်စိကောင်းသူကိုလည်း)မြင်နိုင်၏၊ မမြင်သူ(မျက်စိကာဏ်းသူ)ကိုလည်း မြင်နိုင်၏၊ မမြင်သူ ( ကိုယ်တိုင် ကာဏ်းနေသူ) ကား မမြင်သူကိုဎင်း မြင်သူကိုဎင်း မမြင်နိုင်။ “ မျက်စိ ” ဟူရာ၌ ပကတိမျက်စိ- ဉာဏ်မျက်စိ ၂ မျိုးလုံးဆိုင်၏၊ ထို့ကြောင့် “ သိမှ သိ မသိကို သိသည်၊မသိလျှင် သိ မသိကို မသိ”ဟုအနုပ္ပါသ မဓုရတာဂုဏ် ရောက်သောစကားကို ဒိပဲရင်းဆရာတော် မိန့်တော်မူသည်။]

၁၃၀။ သဗ္ဗကောမလတျာဒိ။ ။အက္ခရာတူထပ်၍“အနုပ္ပါသ” ဟုဆိုအပ်သော်လည်း ဓနိတအက္ခရာလုံးဝမပါဘဲနူးညံ့သောအက္ခရာတို့ဖြင့်သာ စီကုံးအပ်သော အနုပ္ပါသကို(သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့် ) မချီးမွမ်းထိုက်၊ [ နောက်၌ သိလေသဂုဏ်ဝယ် အဖွဲ့ အနွဲ့ကို လေးလေးစားစား ရွတ်ဆိုရလောက်အောင် ဓနိတ အက္ခရာလည်း ပါစေရမည်-ဟု ဆိုလတ္တံ့။] မှန်၏-လောက၌ ကြမ်းကြမ်းတန်းတန်း ပြောသံကို မနှစ်သက်သကဲ့သို့ ညံ့ညံ့ ညံ့ညံ့နှင့် ကန္တဲကယ ပြောသံကိုလည်း မနှစ်သက်ကြ။

www.dhammaransi.com



ယထာယံ၊ပေ၊ မာလိနီ ။ ။ ဤပုံစံ၌ ခနိတအက္ခရာ တလုံးမျှ မပါ။....အယံ မာလတီမာလာ-သော ဇာတိသုမနမာလိကာ လိနာနံ ဗျာဝဋာနံ ပတ္တေန္တာနံ(ဗျာပါလှုပ်လှက် ရောက်ရက်ခတ် တောင့်တ နေကြကုန်သော ) အလိနံ ဘမရာနံ မာလိနီ ပန္တိယုတ္တာ ( အစဉ်နှင့် ယှဉ်၏)၊ ''မာလာ(ပန္တိ)ဝေတိဿာတိ မာလိနီ''ဟုပြုစေလို၍ မာလိနီ ကို ''ပန္တိယုတ္တာ''ဟု ဋီကာဖွင့်သည်၊ မာလတီနံ + မာလာ (အစဉ်) မာလတီမာလာ၊ လိနာစ + တေ+လောလာစာတိ လိနလောလာ၊ လိနလောလာစ + တေ + အလိနောစာတိ လိနလောလာလိနော၊ လိနလောလာလိနံ+မာလိနီ လိနလောလာလိမာလိနီ။

မှတ်ချက် ။ ။ ''အလုံးစုံနူးညံ့သော( ကြမ်းတန်းသောအက္ခရာ လုံးဝမပါသော) အနုပ္ပါသကို မချီးမွမ်းထိုက် '' ဟူသော ဤစကား လည်း ကာဗျဒဿ အလင်္ကာသို့ လိုက်၍ဆိုအပ်သော စကားသာ တည်း၊ သာဟိစ္စဒပ္ပဏဆရာ-ဂေါ်ဋတိုင်းသားတို့ အလိုအားဖြင့်ကား အလုံးစုံနူးညံ့သော အက္ခရာချည်း စီအပ်သော အနုပ္ပါသ မဓုရတာ ဂုဏ်ကို အလိုရှိအပ်သည်သာ၊ ထို့ကြောင့် '' ပြခဲ့သော ဇုန္ဒနီလ - စသော ဋီကာဂါထာ, ပဿတိပဿော-စသော ဂါထာတို့၌ ခနိတ မပါသော်လည်း အလိုရှိအပ်၏''ဟု စံကျောင်းနိဿယ မိန့်၏။

ဋီကာများ။ ။မဓုရတာဂုဏ်သည် လွန်စွာ နားဝင်ချိုရကား— ကတ္ထစိဗန္ဓေ ပဒါသတ္တိ (တချို့ဗန္ဓ၌ ပဒါသတ္တိ ပါစေရမည်)၊ကတ္ထစိ အနုပ္ပါသော(တချို့ဗန္ဓ၌ အနုပ္ပါသ ပါစေရမည်)၊ကတ္ထစိ တဒုဘယံ (တချို့ဗန္ဓ၌ ၂ မျိုးလုံးပင် ပါစေရမည်)၊ဣတိ ဝိနိမုတ္တော ပန ဗန္ဓော ဝိညူဟိ အဿာဒနီယော န ဟောတိ-ထို ၂ မျိုးလုံးမပါသောအဖွဲ့ကို ပညာရှိများ မသာယာထိုက်၊ ဥပရိ ငက္ခမာနာဟိ သိလေသသမတာ ဟိ ယုတ္တံ မဓုရတ္တံ ပန ဝိသေသတော အဿာဒနီယံ ဟောတိ- အထက်၌ ဆိုအပ်လတ္တံ့ ကုန်သော သိလေသအလင်္ကာ သမတာ အလင်္ကာတို့နှင့် ရောနှောသော မဓုရတာဂုဏ်ပါသော အဖွဲ့ကိုကား အထူးပင် ပညာရှိတို့ နှစ်သက်ကြပါသည်၊ ထိုဂုဏ်များပါအောင် စီကုံးကြပါလေ-ဟူလို။

www.dhammaransi.com



## သမတာဂုဏ်အပြား

၁၃၁။ မုဒူဟိ ဝါ ကောဝလေဟိ, ကောဝလေဟိ ဖုဋ္ဌေဟိဝါ၊
မိဿေဟိဝါ တိဓာ ဟောတိ, ဝဏ္ဏေဟိ သမတာ ယထာ။

၁၃၁။ ကောဝလေဟိ-အလုံးစုံကုန်သော၊မုဒူဟိ-နူးညံ့ကုန်သော၊ ဝဏ္ဏေဟိဝါ - အက္ခရာတို့ဖြင့် သော်၎င်း၊ ကောဝလေဟိ - အလုံးစုံ ကုန်သော၊ ဖုဋ္ဌေဟိ-ထက်မြက်ကုန်သော၊ ဝဏ္ဏေဟိဝါ- အက္ခရာ တို့ဖြင့်သော်၎င်း၊ မိဿေဟိ - မုဒု ဖုဋ္ဌ ရောနှော အပ်ကုန်သော၊ ဝဏ္ဏေဟိဝါ - အက္ခရာတို့ဖြင့် သော်၎င်း၊ သမတာ - ညီမျှသည်၏ အဖြစ်ဟူသော သမတာဂုဏ်သည်၊ တိဓာ - ၃ ပါးပြားသည်၊ ဟောတိ-ဖြစ်၏၊ ယထာ- ဥဒါဟရုဏ် ၃ မျိုးကား။....

× × × × × × ×

၁၃၁။ သမတာ။ ။ဤသမတာဂုဏ်သည် ဂါထာ၌၎င်း စုဏ္ဏိယ ဝါကျ၌၎င်း ရနိုင်၏၊ ဂါထာ၌ ၄ ပါဒလုံး သုတိအားဖြင့် တူခြင်း, စုဏ္ဏိယ၌ တပုဒ်နှင့်တပုဒ် သုတိအားဖြင့် တူခြင်းသည် သမတာဂုဏ် တည်း၊"သူယတီတိ သုတိ"နှင့်အညီ နား၌ကြားအပ်သောအသံသည် သုတိမည်၏၊ ထိုအသံသည် မုဒုအသံ ဖုဋ္ဌအသံ မိဿအသံအားဖြင့် ၃ မျိုး ပြားရကား သမတာလည်း မုဒုသမတာ, ဖုဋ္ဌသမတာ, မိဿကသမတာအားဖြင့် ၃ ပါးပြားသည်၊ သမဿ-သုတိအားဖြင့် ၄ ပါဒလုံး ညီမျှသောအဖွဲ့၏ + ဘာဝေါ - ဖြစ်ကြောင်း (ညီမျှခြင်း) ဂုဏ်တည်း၊ သမတာ- ဂုဏ်။ [သမတာ-ပဇ္ဇေ ပါဒဿ သုတိတော သဒိသတာ၊ဂဇ္ဇေ ပါဒါနံ တထေဝ(ထိုသုတိအားဖြင့်ပင်)သဒိသတာ တိ ဧဝံ ပါဒါနံ(ဂါထာပါဒတို့၏၎င်း) ပဒါနံစ(စုဏ္ဏိယပုဒ်တို့၏၎င်း) တုလျဂုဏတာ၊—၁၁၇ ဂါထာဋီကာသစ်။]

[ဆောင်] ၄ ပါဒဟု, အားလုံးစုံဝယ်, မုဒုချင်းချင်း, ဖုဋ္ဌချင်းတည်း၊
ချင်းချင်းမိဿ, တူမျှဘိတုံ, ထိုသည့်ဂုဏ်, မှတ်ကုန် သမတာ။

မုဒူဟိဝါ ကောဝလေဟိ။ ။ကေဝလဖုဋ္ဌာဒိဘာဝါ·ပဝတ္တေဟိ- အလုံးစုံ ဖုဋ္ဌ အစရှိသည်၏အဖြစ်ဖြင့် မဖြစ်ကုန်သော၊ သကလေဟိ မုဒူဟိ-အလုံးစုံ မုဒုအက္ခရာတို့ဖြင့်၊ [ဤကား မူလသံဝဏ္ဏနာတည်း၊] စတူသုပိ ပါဒေသု - ၄ ပါဒလုံးတို့၌လည်း၊ သဇာတိယေဟိ - မုဒု

www.dhammaransi.com



အက္ခရာချင်း ဇာတ်တူကုန်သော၊ အသိထိလ ကောမလေဟိ- လျော့လျော့ (ပျော့တော့တော့)မဟုတ်ဘဲ နူးညံ့ကုန်သော၊ ကကာရာဒီဟိ ဝါ၊[ဤကား ထပ်၍အမိပ္ပါယ်ဖွင့်သော အနုသံဝဏ္ဏနာတည်း၊]မုဒူဟိကို "ကောမလေဟိ" ဟုသာ မဖွင့်ဘဲ အဘယ့်ကြောင့် "အသိထိလ ကောမလေဟိ" ဟု ဖွင့်သနည်း- ဟု မေး၊ အဖြေကား — သိထိလ ကောမလ (ပျော့တော့တော့ ကောမလ) ဖြစ်နေလျှင် နောံလာမည့် သိလေသအလင်္ကာနှင့် ဆန့်ကျင်ရာသောကြောင့်တည်း၊ မှန်၏—ထို သိလေသဂုဏ်၌ "သဗန္ဓဂါရဝေါ - အဖွဲ့အနွဲ့ကို လေးလေးစားစား ရွတ်ရသော ဂရုအက္ခရာ ပါစေရမည်" ဟု ဆိုထား၏၊ အားလုံး ပျော့တော့တော့ ကောမလချည်း ဖြစ်၍ ဗန္ဓဂါရဝအက္ခရာ မပါလျှင် ထို သိလေသအလင်္ကာနှင့် ဆန့်ကျင်စရာရှိသည်။ [ သိထိလကောမလသဿ သိလေသပဋိပက္ခတ္တာ။]

မှတ်ချက်။ ။"အသိထိလကောမလေဟိ"ဟူသော ဋီကာဟောင်း ပါဌ်နေရာဝယ် (အ) မပါဘဲ " သိထိလကောမလေဟိ" ဟု ဋီကာသစ်၌ ပါဌ်ပျက်၏၊ ထိုပါဌ်၏ အပျက်ဖြစ်ကြောင်းကိုလည်း "ယဒိ သိထိလကောမလေဟိ ဝိရစိတံ သိလေသာလင်္ကာရဿ ဝိရုဇ္ဈတိ" ဟူသော နောက်စကားကိုထောက်၍ သိနိုင်၏၊ ဤပါဌ်ပျက်ကိုကြည့်၍ "မုဒူဟိဝါ - သိထိလအက္ခရာတို့ဖြင့်၎င်း" ဟု ပေးအပ်သောအနက်လည်း အနက်ပျက်သာ၊ သိထိလ - ဟူသည် ဝဂ်၏ ပဌမ တတိယ အက္ခရာများသာတည်း၊ ကောကိလာလာပသံဝါဒိ- အစရှိသော မုဒုသမတာ ပုံစံ၌ ထိုသိထိလအက္ခရာသာ မက , ဝဂ်၏ ပဉ္စမနှင့် အဝဂ် များလည်း ပါသည်၊ ထို့ကြောင့် ဓနိတ မဟုတ်လျှင် "ကောမလ" ဟုချည်း မှတ်။

ကောဝလေဟိ ဖုဋ္ဌေဟိဝါ။ ၊အမိမတ္တ သုတီဟိ ခကာရာဒိဟိ အကိစ္ဆဝစနီယေဟိ - လွန်ကဲသော နားကြားရခြင်း ရှိကုန်သော ( နားကြားရာ၌ ပြင်းထန်ကုန်သော ) ခက်ခဲစွာ ရွတ်ဆိုအပ်သည် မဟုတ်ကုန်သော ခစသော အက္ခရာတို့ဖြင့်၊(အဘယ့်ကြောင့် အကိစ္ဆဝစနီယေဟိ-ဟု ဝိသေသန ပြုရသနည်း)ကိစ္ဆဝစနီယဿ သုခုမာလ ဝိပရီတတ္တာ - အရွတ်ခက်သော အက္ခရာ၏ သုခုမာလတာ ဂုဏ်၏ ပြောင်းပြန် (ဆန့်ကျင်ဘက်) ဖြစ်သောကြောင့်တည်း၊ ဖုဋကို " တိဗ္ဗ

www.dhammaransi.com



(ထက်မြက်သော)အက္ခရာ''ဟု ကာဗျဒဿဋီကာဖွင့်၏၊ ထို့ကြောင့် ခ - ဃ စသော ဓနိတအက္ခရာများကိုပင် ဖုဋ္ဌအက္ခရာဟု ဆိုလိုဟန်တူသည်။[မုဒု ဖုဋ္ဌ ၂ ပါးစုံရောလျှင် မိဿဖြစ်၏။]

**သက္ကတမုဒု**။ ။"သရေသု ရဿာ ( ရဿန္တာ ), ဗျဥ္ဇနေသု ဝဂ္ဂန္တ၂ ဒန္တ၂၁စ မုဒုကောမလဝဏ္ဏာ= သရတို့တွင် ရဿ တို့သည်၎င်း, ဗျည်းတို့တွင် ဝဂ္ဂန္တ (င-ဉ-ဏ-န-မ) တို့နှင့် ဒန္တဇ အက္ခရာတို့သည် မုဒု-ကောမလဝဏ္ဏတို့မည်၏'' ဟု သရဿတီ ကဏ္ဍာဘရဏဋီကာ၌ မုဒု အက္ခရာကို သေချာစွာပြထား၏ ဟု စံကျောင်းနိဿယ ဆို၏၊ ထိုဋီကာ၌ ပြအပ်သော မုဒုအက္ခရာများလည်း"ကောကိလာလာပသံဝါဒိ''ဂါထာဝယ် ထိုဋီကာ၌ မပြအပ်သော က-ပ-ဿ-ဟတို့ အထပ်ထပ် ပါနေသောကြောင့်၎င်း, သဗ္ဗကောမလဝဏ္ဏောဟိ ဂါထာ၌ က - လ တို့ကိုလည်း ကောမလ ဟု ယူထားသောကြောင့်၎င်း ထို သက္ကတဋီကာ စကားသည် သူ့ကျမ်းနှင့်သူ သင့်ရာသော်လည်း ဤကျမ်းနှင့်ကား မသင့်နိုင်ချေ။

**သက္ကတဖုဋ္ဌ**။ ။"ဒီဃာသရာ, ဗျဥ္ဇနေသု ဏကာရဝဇ္ဇဋ္ဌဝဂ္ဂ-ရေဖ သသဟာ, အဒန္တ၂သံယောဂါစ ဖုဋ္ဌာ= ဒီဃသရ, မုဒုတွင် ပါဝင်ပြီးသော ဏ မှတပါးသော ဋ္ဌဝဂ်, ရေဖ အက္ခရာ တာလုဇသ, မုဒ္ဓဇသ, ဟ အက္ခရာတို့နှင့် ဒန္တဇမဟုတ်သောသံယုဂ်တို့သည် ဖုဋ္ဌတို့တည်း''ဟု သရဿတီ ကဏ္ဍာဘရဏဋီကာ၌ ဆိုသတတ်၊ သို့သော် "သမ္ဘာဝနီယ'' စသော ပုံစံဂါထာ၌ ထိုဋီကာအတိုင်း မဟုတ်သောကြောင့် ထို ဋီကာစကားသည် သူ့ကျမ်းနှင့်သူ သင့်ရာသော်လည်း ဤကျမ်းနှင့်ကား မသင့်နိုင်ချေ။ [ မိဿကိုလည်း "သေသာနိ ဗျဥ္ဇနာနိ, ဒန္တ၂သံယောဂါစ ဥမ္မိဿာ မဇ္ဈိမဝဏ္ဏာ''ဟု သက္ကတဋီကာဖွင့်၏၊ ဥမ္မိဿနှင့် မိဿသည် သဘောတူပင်။ ] ထို သက္ကတအဆိုလည်း ဤနေရာ၌ သင့်မည်မဟုတ်။

**ကာဗျဒဿ**။ ။"ဥပက္ကမောပသံဟာရာနံ – အချီအချ ( အစအဆုံး ) တို့၏၊ သမာန ရစနာဝတ္တံ – တူမျှသော စီကုံးခြင်းရှိသည်၏ အဖြစ်သည်၊ သမတာ-မည်၏'' ဟု ဆို၏၊ ထိုအလို အချီ+အချ (အစနှင့်အဆုံး) မုဒုချင်း ဖုဋ္ဌချင်းညီမျှလျှင် သမတာဂုဏ်ဟု ခေါ်၏၊ ပုံစံကိုလည်း မုဒုသမတာအတွက် အချီတပါဒ+အချတပါဒအားဖြင့် ၂ ပါဒသာ, ထို့အတူ ဖုဋ္ဌသမတာအတွက်လည်း ၂ ပါဒသာထုတ်၏၊ မိဿ အတွက်ကျမှ မုဒု ၂ ပါဒ, ဖုဋ္ဌ ၂ ပါဒရော၍ ၄ ပါဒထုတ်သည်၊ ထို့ကြောင့် သက္ကတအဆိုသည် သက္ကတပုံစံနှင့်သာလျော်၍ ဤ မာဂဓအလင်္ကာ အတွက်ကား အချီ + အချ ညီမျှခြင်းဟု အဓိပ္ပါယ် မရ၊ "ပါဒချင်းညီမျှ''ဟုသာ အဓိပ္ပါယ်ရသည်။

www.dhammaransi.com



မုဒုသမတာပုံစံ

၁၃၂။ ကောကိလာ•လာပသံဝါဒီ , မုနိန္ဒာ•လာပဝိဗ္ဘမော၊
ဟဒယင်္ဂမတံ ယာတိ, သတံ ဒေတိစ နိဗ္ဗုတိံ။

၁၃၂။ ကောကိလာလာပ သံဝါဒီ-ကရဝိက်ငှက် တွန်မြူးသံ၏ တင့်တယ်သာယာခြင်းကို ထင်ရှားပြတော်မူတတ်သော၊ ဝါ-ကရဝိက်ငှက် တွန်မြူးသံ၏ တင့်တယ်သာယာခြင်းနှင့် တူတော်မူသော၊ မုနိန္ဒာ•လာပဝိဗ္ဘမော - မြတ်ဘုရား၏, တရားသံညွှန်း, တင့်တယ်သာယာခြင်းသည်၊ သတံ - သူတော်ကောင်းတို့၏၊ ဟဒယင်္ဂမတံ-နှလုံးအသဲ စွဲလောက်သည်၏ အဖြစ်သို့၊ ယာတိ - ရောက်၏၊ နိဗ္ဗုတိံစ-ငြိမ်းရာမှန်, နိဗ္ဗာန်ကိုလည်း၊ ဒေတိ- ပေးတော်မူနိုင်၏။

× × × × × × ×

၁၃၂။ ကောကိလာ တျာဒိ ။ ။ ကရဝိက်ငှက်သံ၏ တင့်တယ် (သာယာ)ခြင်းနှင့်တူတော်မူသော ဘုရားရှင်၏ တရားအသံတော်၏ တင့်တယ်သာယာခြင်းသည် ကြားနာရသူတို့၏ စိတ်နှလုံးသို့ရောက်၏၊ (နှလုံးအသဲစွဲ၍ တည်၏)၊ ထို တရားတော်အတိုင်း ကျင့်ကြံကြသော သူတော်ကောင်းတို့အား အမြိုက် နိဗ္ဗာန်ကိုလည်း ပေးတော်မူနိုင်၏၊ ဤသို့ တရားအသံတော်ကို ချီးကျူးဖွဲ့နွဲ့ရာဝယ် ၄ပါဒလုံး၌ မုဒုအက္ခရာတို့ဖြင့် အညီအမျှစီကုံးထားသောကြောင့် မုဒုသမတာ အလင်္ကာဂုဏ်ရော၏၊ "ဝိဗ္ဘမော"ဟု ဘ အက္ခရာတလုံးပါနေခြင်းကား သိလေသာ လင်္ကာရနှင့် မဆန့်ကျင်ရှိပါခြင်းတည်း၊ မှန်၏ - သဒ္ဒါလင်္ကာရ ဂုဏ်တခုကို အခြားသဒ္ဒါလင်္ကာရ ဂုဏ်တမျိုးက ဖျက်၍မပစ်ရ၊ သဘောတူလျှင် ဂုဏ် ၂ မျိုး ၃ မျိုးစသည်ရအောင် အကူအညီ ဖြစ်စေရမည်။

ဝစနတ္ထ။ ။ကောကိလာနံ + အာလာပေါ- တွန်မြူးသံတည်း၊ ကောကိလာလာပေါ - သံ၊ " သမ္မာ+ဝဒတိ သီလေနာတိ သံဝါဒီ= ကောင်းစွာ ပြောပြလေ့ရှိ"ဟူသည် ဘုရားအသံတော်ကို ကြားရလျှင် ထို ကရဝိက်အသံကိုသွား၍ သတိရသောကြောင့် ဘုရားအသံတော်က ကရဝိက်သံကို ထင်ရှားပြရာရောက်၏၊ ထို့ကြောင့် သံဝါဒီကို"ပကာသန သီလော"ဟု အဓိပ္ပါယတ္ထနှင့် "တံ သဒိသော"ဟု ဥဇုကတ္ထကို ဋီကာသစ် ဖွင့်သည်၊ မုနိန္ဒာလာပ ဝိဗ္ဘမော၌ ဝိဗ္ဘမောကို " ဝိလာသော-တင့်တယ် သာယာခြင်း "ဟု ဖွင့်၏။

www.dhammaransi.com



ဖုန္နသမတာပုံစံ

၁၃၃။ သမ္ဘာဝနီယ သမ္ဘာဝံ, ဘဂဝန္တံ ဘဝန္တဂုံ၊
ဘဝန္တ သာဓနာ·ကင်္ခီ, ကော န သမ္ဘာဝယေ ဝိဘုံ။

၁၃၃။ သမ္ဘာဝနီယ သမ္ဘာဝံ- ရိုသေလေးစားအပ်, ကောင်းမြတ်သော အလိုဆန္ဒ ရှိတော်မူထသော၊ ဘဝန္တဂုံ – ဘဝသုံးတန်, ဆုံးရာမှန်သည့်,နိဗ္ဗာန်သို့ရောက်တော်မူပြီးထသော၊ ဝိဘုံ-လောကအားလုံးကို လွှမ်းမိုးတော် မူနိုင်ထသော၊ ဘဂဝန္တံ – ဘုန်းတော်သခင်, ရှင်တော်ဘုရားကို၊ ဘဝန္တ သာဓနာ·ကင်္ခီ – ဘဝဆုံးရာ, နိဗ္ဗုတာကို, ပြီးစေလိုသော၊ ကော– အဘယ်မည်သူ, နတ်နှင့် လူသည်၊ န သမ္ဘာဝယေ-မရိုသေမလေးစားဘဲ ရှိနိုင်ပါတော့အံ့နည်း၊ (သမ္ဘာဝယေ၀- ရိုသေလေးစားတော့မည်သာ။)

× × × × × × ×

မှတ်ချက်။ ။ "ကောကိလာ လာပ" အရ ကရဝိက်ငှက်သံကို တိုက်ရိုက်ရသော်လည်း ထို ကရဝိက်သံ၏ တင့်တယ် သာယာခြင်းကို ဥာနူပစာရအားဖြင့် ယူပါ၊ ထိုသို့ယူမှ " မုနိန္ဒာလာပ ဝိဗ္ဘမော "၌ ဝိဗ္ဘမောနှင့် အရတူသော ဝိသေသနဖြစ်နိုင်မည်၊ [ဧတ္ထ ကောကိလာ လာပသဒ္ဒေန နိဿိတေ ( မှီတတ်သော တင့်တယ် သာယာခြင်း၌ ) နိဿယဝေါဟာရေန(မှီရာအသံ၏ နာမည်ဖြင့်) လီလာ( တင့်တယ် သာယာခြင်းကို) ဂဟိတာ၊—ဋီကာသစ်။]

သတ္တတ ။ ။"အချိ+အချတို့၌ မုဒုချင်းတူမျှသည်ကို သမတာ" ဟု ဆိုသော ကာဗျဒဿ၌ကား- " ကောကိလာလာပဝါစာလော, မာမေတိ မလယာနိလော" ဟု ၂ ပါဒပုံစံထုတ်၏၊ [ကရဝိက်ငှက်၏ အသံနှင့် တူသော အသံရှိသော မလယအရပ်မှလာသော လေသည် (ငါ့ကို ချမ်းသာစေခြင်းငှါ)လာ၏။]

---

၁၃၃။ သမ္ဘာဝနီယ တျာဒိ။ ။နတ်နှင့်တကွသော လောက၏ ရိုသေလေးစားလော်အောင် ကောင်းမြတ်သော အလိုဆန္ဒ ရှိတော်မူ၍ ဘဝအဆုံးနိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် ရောက်တော်မူရကား ဤ ကမ္ဘာလောကကြီးကို လွှမ်းမိုးတော်မူနိုင်သော ဘုရားမြတ်စွာကို

www.dhammaransi.com



နိဗ္ဗာန်လိုချင်သူ အဘယ် နဘ် လူ မြဟ္မာ သတ္တာသည် ရှိသေလေးစား မှုကို မပြုဘဲ နေနိုင်မည်နည်း၊ ဤသို့ ဘုရားရှင်ကို ချီးကျူးဖွဲ့နွဲ့ရာဝယ် ဖုဋ္ဌသမတာဂုဏ်ရအောင် ပဌမ ဒုတိယ စတုတ္ထ ပါဒတို့၌ ဖုဋ္ဌဖြစ်သော ဘ အက္ခရာ ၂ လုံးစီထည့်၍ တတိယပါဒ၌ "ဘ- ဓ- ခ" ၃ လုံးထည့် ထား၏၊ ထိုသို့ လုံးရေ မညီမျှသော်လည်း ပါဒတိုင်း၌ ဖုဋ္ဌ အက္ခရာ ပါချင်း ညီမျှသောကြောင့် ဖုဋ္ဌ သမတာဂုဏ်ရောက်သည်။

**မှတ်ချက်**။ ။ ဤဂါထာ၌ ဖုဋ္ဌအက္ခရာ ၉ လုံးသာပါ၍ မုဒု အက္ခရာတွေက များသော်လည်း ဂါထာကို ကျနစွာ ရွတ်ကြည့်လျှင် ဓနိတအသံတွေ တဂါထာလုံး လွှမ်းမိုးလျက်ရှိ၏၊ ဥပမာ-- ဆိုင်းဝိုင်း တီးရာ၌ မုံကလေးတွေကို ခပ်များများတီးသော်လည်း မုံကြီးများကို မုံကလေးတွေ အကြားအကြားတီးပေးလျှင် ထိုမုံကြီးသံက မုံကလေး များ၏ အသံကို လွှမ်းသကဲ့သို့တည်း၊ ထို့ကြောင့် ဘ- ဓ- ခ အက္ခရာ တို့ကို ရွတ်ရာ၌ မုံကြီးတီးသကဲ့သို့ ဓနိတသံထင်ရှားအောင် ခတ်ပြင်း ပြင်း ရွတ်ကြည့်ပါ၊ ဖုဋ္ဌအသံကတဂါထာလုံး လွှမ်းသွားပါလိမ့်မည်။

ဝစနတ္ထ၊ ။ သမ္ဘာဝိယတေ- တလောကလုံးသည် ချီးမွမ်းအပ် လေးစားအပ်၏၊ ဣတိ သမ္ဘာဝနီယော၊ သံ(သောဘန)·တင့်တယ် ကောင်းမြတ်သော+ဘာဝေါ- အလိုဆန္ဒတော်တည်း၊ သမ္ဘာဝေါ- တော်၊ သမ္ဘာဝနီယော + သမ္ဘာဝေါ ယဿာတိ သမ္ဘာဝနီယ သမ္ဘာဝေါ၊ ဘဝါနံ- အန္တံ ဘဝန္တံ ( နိဗ္ဗာနံ )၊ ဘဝန္တံ + ဂစ္ဆတီတိ ဘဝန္တဂူ၊ ဝိသေသေန+ဘဝတိ အဘိဘဝတီတိဝိဘူ(ဘဂဝါ)၊သာဓီ ယတေ-ပြီးစေခြင်း၊ သာဓနံ-ခြင်း၊ ဘဝန္တဿ- ကို+သာဓနံ ဘဝန္တ သာဓနံ၊ ဘဝန္တသာဓနံ+ အာကခ်တိ သီလေနာတိ ဘဝန္တသာဓနာ ကင်္ခီ[ "န သမ္ဘာဝယေ-အာဒရံ နကရေယျ၊ ကရောတျေဝ"-ဋီကာ။]

သင်္ကေတ ။ ။ "အချီအချ၌ ဖုဋ္ဌအက္ခရာချင်း ညီမျှရမည်" ဟု ဆိုသော ကာဗျဒဿ၌" ဥစ္စလတ္ထိ ကရာဇ္ဇာဓ္ဓ, နိဇ္ဈရာမ္ဘ ကဏော ကွိတး" ဟု ဖုဋ္ဌ အက္ခရာသံ လွှမ်းနေသော ၂ ပါဒသာ ပုံစံထုတ်၏၊ [တက်သော ရေပေါက်ရှိသော အလွန်ကြည်လင်သော ရေပန်းပြွန်၏ ရေမှုန်တို့သည် သွန်းလောင်းအပ်သော , မလယအရပ်မှ လာသော လေသည်(ငါ့ကို ချမ်းသာစေခြင်း၄ါ)လာ၏။]

www.dhammaransi.com



မိဿ သမတာ ပုံစံ

**၁၃၄။ လဒ္ဓ စန္ဒနသံသဂ္ဂ-သုဂန္ဓိ မလယာ·နိလော၊**
**မန္ဒ·မာယာတိ ဘီတောဝ, မုနိန္ဒ မုခမာရုတာ။**

၁၃၄။ လဒ္ဓစန္ဒနသံသဂ္ဂ သုဂန္ဓိ - ရအပ်သော စန္ဒကူးနံ့သာတို့နှင့် ရောရှက်ခြင်းကြောင့် ကောင်းသော ရနံ့ရှိသော၊ မလယာ·နိလော - မလယတောင်မှ လာသော လေသည်၊ မုနိန္ဒ မုခမာရုတာ-မြတ်စွာဘုရား၏ ခံတွင်းတော်လေမှ၊ ဘီတောဝ-ကြောက်ရွာသကဲ့သို့၊ မန္ဒံ- နှဲ့နှဲ့ နှဲ့နှဲ့၊ ဝါ-ဖြေးဖြေး နှေးနှေး၊ အာယာတိ- ရှေးရှုလာ၏။

× × × × × × ×

၁၃၄။ လဒ္ဓစန္ဒန တျာဒိ။ ။စန္ဒကူးနံ့သာနှင့် ရောရှက်ရခြင်းကြောင့် အလွန်အနံ့ကောင်းသော မလယတောင်ကလေသည် ဘုရားခံတွင်းတော်လေနှင့်မပြိုင်ယှဉ်ဝံ့ ကြောက်ရွံ့သလိုဖြစ်၍ ပြင်းပြင်းမလာဝံ့ဘဲ ဖြေးဖြေးနှေးနှေး လာနေရရှာသည်၊ ဤသို့ ဘုရားရှင်၏ ခံတွင်းတော်မှ ထွက်တော်မူလာသော လေကို ချီးကျူးဖွဲ့နွဲ့ရာဝယ် မိဿသမတာဂုဏ် ပါအောင် ဖွဲ့နွဲ့သော ဂါထာဖြစ်သည်၊ ဤဂါထာ၌ ပါဒတိုင်းဝယ် ဖုဠ တလုံးစီ ( ဒ္ဓ-ဒ္ဓ- ဘ- ခ ) ပါ၍ မုဒုအက္ခရာလည်း ပါသောကြောင့် မိဿ သမတာဂုဏ် ရောက်သည်။ [ မုဒုအက္ခရာနှင့် ဖုဠအက္ခရာတို့ လုံးရေ ညီမျှရမည် ဟု မဆိုလို၊ ပါဒတိုင်း၌ မုဒုအက္ခရာ ဖုဠအက္ခရာ ပါဝင်ခြင်းအားဖြင့် ညီမျှသည်-ဟု ဆိုလိုသည်။]

ဝစနတ္ထ။ ။စန္ဒနာနံ- တို့၏၊ ဝါ- တို့နှင့်+ သံသဂ္ဂေါ စန္ဒနသံသဂ္ဂေါ၊ လဒ္ဓေါစ+သော+ စန္ဒနသံသဂ္ဂေါစာတိ လဒ္ဓ စန္ဒနသံသဂ္ဂေါ၊ သောဘနော + ဂန္ဓော ယဿာတိ သုဂန္ဓိ၊ လဒ္ဓ စန္ဒန သံသဂ္ဂေန+ သုဂန္ဓိ လဒ္ဓစန္ဒနသံသဂ္ဂသုဂန္ဓိ၊မလယတော-မလယတောင်မှ(ဋီကာ သစ်၌ '' မလယဒေသတော''ဟု ဖွင့်၏၊ ) အာဂတော + အနိလော ( လေ )မလယာနိလော၊ မုနိန္ဒဿ+မုခံ မုနိန္ဒမုခံ၊ မုနိန္ဒမုခတော + နိက္ခန္တော+ မာရုတော။ [ ဘီတောဝ- တာဒိသမုဒု သုရဘိ သီတတ္တဿ အတ္တနိ အသမ္ဘဝတော =ဘုရားခံတွင်းတော်၏ လေလောက် နူးညံ့အနံ့ကောင်း မြေသည်၏အဖြစ်က မိမိမှာမရှိ၍ ကြောက်သကဲ့သို့၊ မန္ဒံတိ ကြိယာဝိသေသနံ။]

www.dhammaransi.com



**သုခုမာလတာဂုဏ်၏ လက္ခဏာ**

၁၃၅။ အနိဋ္ဌုရက္ခရပ္ပါယာ, သဗ္ဗကောမလနိဿင္ဂာ၊
ကိဉ္စိမုစ္စာရဏာ·ပေတ-ဗျဥ္ဇနာ သုခုမာလတာ။

၁၃၅။ အနိဋ္ဌုရက္ခရပ္ပါယာ - မကြမ်းတန်းသော အက္ခရာများစွာ ပါရှိသည်၊ ( ဟုတွာ - ဖြစ်၍၊ ) သဗ္ဗကောမလနိဿင္ဂာ- အလုံးစုံ နုညံ့သောအက္ခရာတို့မှ လွတ်ကင်းသော၊ ကိဉ္စိမုစ္စာရဏာပေတ ဗျဥ္ဇနာ - ခက်ခက်ခဲခဲ ရွတ်ဆိုရခြင်းမှ ကင်းသော ပုဒ်ဗျည်းရှိသော အဖွဲ့အနွဲ့သည်၊ သုခုမာလတာ-သုခုမာလတာဂုဏ်မည်၏။

× × × × × × ×

မှတ်ချက်။ ။အဘိဓာန် ( ၁၁၁၄ )၌ '' မလယ သဒ္ဒါသည် မလယတောင် , အာရာမ် ဥယျာဉ်အနက်ကို ဟော၏ '' ဟု လာ၏၊ ၃၀၀ ၌ '' စန္ဒနနှင့် မလယဇ '' ကို ပရိယာယ်ဟု ဆို၏၊ ထို့ကြောင့် စန္ဒန သံသဂ္ဂနှင့် ညီအောင် '' မလယတောင်မှ လာသောလေ '' ဟု ပေးသည်၊ ထို မလယ အရပ်ကို ဇမ္ဗူဒီပတောင်းစွန်းရှိ '' မာလာယု ကျွန်း-မလေးကျွန်း''ဟု ယူကြ၏၊ ထိုကျွန်းမှ စန္ဒကူးပင်များကို ခုတ်၍ အရှင်ပုဏ္ဏ၏ ညီကုန်သည်တို့ စန္ဒကူးကျောင်းကို ဆောက်ကြသတတ်။

သက္ကတ။ ။အချိအချ ညီမျှခြင်းကို သမတာဂုဏ်ဟု ယူဆသော ကာဗျဒဿ၌ မုဒု ၂ပါဒ, ဖုဋ ၂ပါဒစီရော၍ ၄ပါဒပြည့်တဂါထာကို ပုံစံပြထားသည်၊ ထို့ကြောင့် အချိ+အချညီမျှခြင်းကို သမတာဂုဏ်ဟု ဆိုရာ၌ သက္ကတအလင်္ကာကျမ်း၏ အလိုသာ, ဤ သုဗောဓာလင်္ကာရ ၌ကား ပုံစံ ၃ ခုလုံးပင် ၄ ပါဒပြည့်ထားခြင်းကြောင့် မုဒုစသည်ချင်း ၄ပါဒလုံး တူမျှမှုကိုသာ''သမတာ''ဆိုလိုသည် ဟုမှတ်။

---

၁၃၅။ အနိဋ္ဌုရက္ခရပ္ပါယာ။ ။ ''နိဋ္ဌုရ '' သဒ္ဒါသည် ဖရုသ သဒ္ဒါ၏ ပရိယာယ်တည်း။ [ "ဖရုသံ နိဋ္ဌုရံဝါကျံ"-၁၂၅ အဘိဓာန်၊] အနိဋ္ဌုရက္ခရာနိ+ပါယာနိ ယဿံတိ **အနိဋ္ဌုရက္ခရပ္ပါယာ**-များကုန်သော မကြမ်းတန်းသောအက္ခရာတို့ရှိရာ အဖွဲ့၊ '' မကြမ်းတန်းသော အက္ခရာများစွာပါရှိ''ဟု ဆိုသဖြင့်''ကြမ်းတန်းသောအက္ခရာလည်း အနည်းငယ်တော့ ပါရှိရမည်''ဟု အဓိပ္ပါယ် စကားကျ၏။

www.dhammaransi.com



**သဗ္ဗကောမလနိဿဋ္ဌ**။ ။ သဗ္ဗကောမလေဟိ - အားလုံး နူးညံ့သောအက္ခရာတို့မှ+နိဿဋ္ဌ-လွတ်ကင်းသောအဖွဲ့၊ [ "အနိဋ္ဌရ- မကြမ်းတန်း" ဟူသော စကားနှင့် "ကောမလ- နူးညံ့" ဟူသော စကားသည် သဘောတူ၏၊ "မကြမ်းတန်းသော အက္ခရာများစွာပါရှိ" ဟူရာ၌ "ပါယ- များစွာ" ဟူသော စကားကြောင့် သဗ္ဗကောမလ နိဿဋ-အားလုံးနူးညံ့သောအက္ခရာချည်း မဟုတ်ကြောင်း သိသာပြီ၊ ထို့ကြောင့် ဤသဗ္ဗကောမလနိဿဋ္ဌသည် ဘူတကထန ( ဟုတ်မှန် တိုင်း ပြောပြသော ) ဝိသေသနမျှသာတည်း၊ ထို့ကြောင့်ပင် ကာဗျ ဒဿ၌ ဤဝိသေသနပုဒ် မပါဘဲ "အနိဋ္ဌုရက္ခရပ္ပါယံ , သုကုမာရ မိဟိဿတေ" ဟု ဆိုသည်၊ (သုကုမာရံ+ဣဟ+ဣဿတေ၊ ) သုကု မာရ- သုခုမာလ သဘောတူ။]

**ကိစ္ဆ၊ပေ၊ဗျဥ္ဇန**။ ။ကိစ္ဆံ-ခဲခဲယဉ်းယဉ်း+ဥစ္စာရဏာ-ရွတ်ဆို အပ်သော အက္ခရာတို့တည်း၊ ကိစ္ဆမုစ္စာရဏာ - တို့၊ ကိစ္ဆမုစ္စရဏေ ဟိ+အပေတာနိ ကိစ္ဆမုစ္စာရဏာပေတာနိ-ခဲယဉ်းစွာရွတ်အပ်သော အက္ခရာတို့မှ ကင်းသော ပုဒ်ဗျည်းတို့၊ ကိစ္ဆမုစ္စာရဏာပေတာနိ + ဗျဥ္ဇနာနိ ယဿံတိ ကိစ္ဆမုစ္စာရဏာပေတဗျဥ္ဇနာ ( သုခုမာလတာ)၊ "ခဲယဉ်းစွာရွတ်အပ်" ဟူသည် အရွတ်ခက်သော သန္ဓိစပ်-သမာသ် စပ် - သံယုဂ်များတည်း၊ ထို့ကြောင့် သန္ဓိစပ် သမာသ်စပ် သံယုဂ် ပါသော်လည်း ရွတ်၍ လွယ်ကူချောမောသော ပုဒ်များသာ ပါစေရ မည်-ဟုမှတ်။

**အချုပ်မှာ** — "နူးညံ့သော ကောမလအက္ခရာ များစွာပါ၍ ကြမ်းတန်းသောအက္ခရာ အနည်းငယ်သာပါရှိခြင်း,အရွတ်ခက်သော ပုဒ်ဗျည်းများ မပါရှိခြင်း, ဤလက္ခဏာ ၂ပါးနှင့်ညီမှ သုခုမာလတာ ဂုဏ်ရသည်" ဟုမှတ်။ [ နိဿယတို့၌ "ကောမလ" ကို သိထိလ ဟု ယူကြ၏၊ ထိုအယူကိုပြခဲ့ပြီးသော "သဗ္ဗကောမလဝဏ္ဏောဟ်" (၁၃၂) ဂါထာဖြင့် စဉ်းစားပါ။]

[ဆောင်] နူးညံ့အက္ခရာ, များစွာပါလျက် , အရွတ်ခက်ကား , မပါငြား, မှတ်သား သုခုမာလ။

www.dhammaransi.com



သုခုမာလင်္ကာပုံစံ

၁၃၆။ ပဃဿန္တာ ရူပဝိဘဝံ, သုဏန္တာ မဓုရံ ဂိရံ၊
စရန္တိ သာဓု သမ္ဗုဒ္ဓ-ကာလေ ကေဠိပရမ္ပုခါ။

အမှာ။ ။အနက်ကျဉ်းကို (၉၉) ဂါထာ၌ ပြခဲ့ပြီ၊ ဤ၌ အနက်ကျယ်ကို အလိုရှိသူတို့အတွက် ပြအံ့။

၁၃၆။ သမ္ဗုဒ္ဓကာလေ-ရှင်တော်ဘုရား,ထင်ရှားပွင့်ပေါ်,လက်ထက်တော်အခါ၌၊ သာဓု-ပါရမီနှင့်, ညာညီတင့်၍,အရင့်အမာ, ကလျာဂုဏ်းဝင်,သူတော်စင်တို့သည်၊ရူပဝိဘဝံ-ရွှေမျက်နှာတော်, လက် ခြေတော်နှင့် , ကိုယ်တော် သဏ္ဌာန် , ပုံဟန် ပြည့်တင်း , သပ္ပါယ်သောအဆင်းကို၊ပဿန္တာ-သချော်ကမ္ဘာ,လွန်လေပါလည်း တခါဘူးမျှ , မဖူးရသဖြင့် , ထူးစွာအချိန် , မြိန်မြိန်ကြီး ဖူးမျှော်ကြ ကုန်လျက်၊ မဓုရံ ဂိရံ- ကြားရတိုင်းဖိမ့်, နားဝင်ငြိမ့်၍, ဆိမ့်လျက် ချိုဟန် , တရားသံကို၊ သုဏန္တာ - တဏှာ မဆန်, သဒ္ဒါ မှန်ဖြင့်, နာခံလင့်ပြီး , ကျင့်လည်း ကျင့်ကြကုန်လျက်၊ ကေဠိ ပရမ္ပုခါ- ပျော်ပွဲ ရှင်ပွဲ, မျက်နှာလွှဲ၍ , အမြဲ စက်ဆုပ်, အဘက်မလုပ်ကြဘဲ သာလျှင်၊ စရန္တိ - သူတော်ချင်းတွေ့, သတင်းမွှေ့လျက် , ပျင်းငွေ့ မကြုံ,.... ပျော်ပျော်ကြီး လှည့်လည်ကြလေကုန် သတည်း။

သုခုမာလင်္ကာ၏ ဂုဏ်ထူး

၁၃၇။ အလင်္ကာရ ဝိဟီနာပိ, သတံ သမ္ဗုခတေ·ဒိသီ၊
အာရောဟတိ ဝိသေသေန, ရမဏီယာ တ·ဒုဇ္ဇလာ။

၁၃၇။ ဧဒိသီ - ဤကဲ့သို့ ရှုအပ်သော သုခုမာလင်္ကာသည်၊ အလင်္ကာရဝိဟီနာပိ-အတ္တာလင်္ကာရမှကင်းပါသော်လည်း၊ သတံ-ပညာရှိသူတော်ကောင်းတို့၏၊ သမ္ဗုခတံ-မျက်မှောက်၏အဖြစ်သို့၊ အာရောဟတိ- တက်ရောက်နိုင်၏၊ တဒုဇ္ဇလာ- ထို အတ္တာလင်္ကာရ

× × × × × × ×

၁၃၆။ ပဃဿန္တာ ဗျာဒိ။ ။ဤဂါထာ၌“ ဘ—ခ—ဓ-ဓဲ-ခ”ဟု ဖရုသ အက္ခရာ ၅ လုံးသာပါ၍ ကျန်အက္ခရာများသည် ကောမလချည်း ဖြစ်သော ကြောင့် အနိဋ္ဌုရက္ခရပ္ပါယ ဖြစ်၏၊ န္တ —စသော သံယုဂ်များပါသော်လည်း ကိစ္စမုစ္စာရဏ မဟုတ်ကြ၊ သုခုစ္စာရဏ ( အရွတ်အဖတ်လွယ်သော ) သံယုဂ် များသာ ဖြစ်ကြသည်၊ ဝစနတ္တကိုရှေ့၌ ပြခဲ့ပြီ။

www.dhammaransi.com



ဖြင့် တင့်တယ်တောက်ပ ပါမူကား၊ ဝိသေသေန - အထူးအားဖြင့်၊ ရမဏီယာ - နှစ်သက်မွေ့လျော်ဘွယ် ကောင်းသည်၊ ဟောတိ- ဖြစ်၏။ [သမ္ဗုခတံ+ဒေိသိ။]

အဏ္ဏာလင်္ကာရ ပါသော သုခုမာလတာ

၁၃၈။ ရောမဥ္စ ပိဥ္စရစနာ, သာခုဝါဒါ·ဟိတဒ္ဓနိ၊
လဋ္ဌန္တိ·မေ မုနိမေယု-မ္ဗုဒါ သာခုသိခါဝလာ။

၁၃၈။ ရောမဥ္စ ပိဥ္စရစနာ-ကြက်သီးမွေးညှင်းထခြင်းဟူသော ပြန့်ကားသောအမြီးလည်း ရှိကုန်ထသော၊ သာခုဝါဒါ·ဟိတဒ္ဓနိ- သာခုခေါ်ခြင်း ဟူသော တွန်မြူးသံလည်း ရှိကုန်ထသော၊ မုနိ မေဃမ္ဗုဒါ-ဘုရားတည်းဟူသောမိုဃ်းဖြင့်ယစ်ကြကုန်သော၊ဣမေ သာခုသိခါဝလာ- ဤ သူတော်ကောင်းတည်းဟူသော ဥဒေါင်းတို့ သည်၊ လဋ္ဌန္တိ- မြူးတူးစမ္ပါယ်ကြကုန်၏။

× × × × × × ×

၁၃၇။ အလင်္ကာရတျာဒိ ။ ။ ဤသုခုမာလတာ ဂုဏ်ရှိသော အဖွဲ့အနွဲ့သည် ဆိုအပ်လတ့ံသော အဏ္ဏာလင်္ကာရ မပါသော်လည်း ပညာရှိ သူတော်ကောင်းတို့၏ ရွှေမှော်သို့ တက်ရောက်နိုင်၏၊ ["ပညာ ရှိများ ပါဝင်သော အစည်းအဝေးပွဲ၌ သုခုမာလတာ ဂုဏ်ပါသော အဖွဲ့အနွဲ့ ပို့ကို ကဗျာ လင်္ကာဂါထာသည် ဘုန်းတော်ဖွဲ့ - ဩဘာစာ အဖြစ်ဖြင့် အသုံးပြုခံရ၏ " ဟူလို။ ] စတုတ္ထပိုင်း၌လာမည့် အဏ္ဏာ လင်္ကာရပါရှိလျှင်ကား သာ၍ပညာရှိနှစ်သက်ဘွယ်ကောင်းပါသည်။ [ အလင်္ကာရေဟိ + ဝိဟီနာ အလင်္ကာရဝိဟီနာ၊ တေန + ဥဇ္ဇလာ တဒုဇ္ဇလာ။]

၁၃၈။ ရောမဥ္စတျာဒိ ။ ။ ဥဒေါင်းငှက် တို့သည် မိုဃ်းသံ ကြားသောအခါ အမြီးကို ဖြန့်ကာဖြန့်ကာ သာယာသောအသံဖြင့် မြူးလေ့ ရှိကြ၏၊ ထို အပြုအမူကို သူတော်ကောင်းများ၏ ဖြစ်ပုံ၌ တင်စားသော ဂါထာဖြစ်သည်၊ .... သူတော်ကောင်းတို့သည် ဘုရား ရှင်၏ တရားသံကို နာခံရသော အခါ ဖရဏာပီတိ ဖြစ်၍ ကြက်သီး မွေးညှင်းထကုန်၏၊ ထိုသို့ကြက်သီးထ၍ အမွေးများ ရှင်ပျံခြင်းသည် ဥဒေါင်းတို့၏ အမြီးဖြန့်ခြင်းနှင့် တူ၏၊ ထိုသို့ ပီတိဖြစ်လာသောအခါ

www.dhammaransi.com



''သာရ သာရ''ဟု အသံပြုကြကုန်၏၊ ထိုသာရသံသည် ဥဒေါင်းတို့၏ တွန်မြူးသံနှင့် တူ၏၊ ဘုရား တည်းဟူသော မိုယ်း၏ တရားတည်းဟူသော ချုန်းသံကို ကြားရသောအခါ သူတော်ကောင်းတို့၏ ပျော်မြူးကြခြင်းသည် မိုယ်းသံကြောင့် ဥဒေါင်းတို့၏ ပျော်မြူးကြခြင်းနှင့် တူသည်။

မှတ်ချက်။ ။ဤဂါထာသည် စတုတ္ထပိုင်းလာ အလင်္ကာရတို့တွင် ရူပကမည်သော အလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာတည်း၊ ရူပကအမျိုးမျိုးတွင်လည်း တူနိုင်သမျှအားလုံးကို အကြွင်းမရှိအောင် ရုပ်ပုံပြုထားသောကြောင့် အသေသဝတ္ထုဝိသယ ရူပကတည်း၊ ဤသို့လျှင်''ရောမဋ္ဌ''စသော ဂါထာသည် နိဋ္ဌုရအက္ခရာ''ဋ္ဌ-ရ-ဒ္ဓ-ဃ-ရ-ခါ''ဟု ၆ လုံးသာ ပါသဖြင့် နည်းပါး၍ အနိဋ္ဌုရ (ကောမလ) အက္ခရာများသောကြောင့်၎င်း, ကိစ္စဥစ္စာရဏအက္ခရာမပါ-သုခုစ္စာရဏချည်းသာ ဖြစ်သောကြောင့်၎င်း ,သုခုမာလတာ သဒ္ဒါလင်္ကာရဂုဏ်ရောက်၏၊ ထိုဂုဏ်၏အပေါ်မှာ ရူပကအတ္တာလင်္ကာရတည်းဟူသော ပန်းပွင့် ပန်းပြောက်ခြယ်ထားသကဲ့သို့ တော်ပလျက် ရှိရကား အပြစ်ကင်း၍ ကျော့ရှင်းသော အမျိုးသွီးသည် ဝတ်စား တန်ဆာယဉ်ကျေးစွာ ဆင်ပြင်ထားသကဲ့သို့ ပညာရှိအများလေးစားနှစ်သက်လောက်သော ဂါထာဖြစ်ပါပေသည်။

ဝစနတ္ထ ။ ။ ရောမဋ္ဌသဒ္ဒါသည် ကြက်သီး မွေးညှင်း ထခြင်းကို ဟော၏၊ ရောမဋ္ဌာဝေ + ပိဋ္ဌာနိ ရောမဋ္ဌပိဋ္ဌာနိ၊ ရောမဋ္ဌပိဋ္ဌာနံ-ကြက်သီး မွေးညှင်းထခြင်း ဟူသော အမြီးတို့၏၊ ရစနာ - ပြန့်ကားခြင်းသည်၊ ယေသံ အတ္ထိတိ ရောမဋ္ဌပိဋ္ဌရစနာ၊ သာရဣတိ+ဝါဒေါ သာရဝါဒေါ၊ အာဟိတော-ပြောဆိုအပ်သော၊ ဝါ - တွန်မြူးအပ်သော+ဓနိ-အသံတည်း၊ အာဟိတဒ္ဓနိ- သံ၊ သာရဝါဒသဒ်ါတော+အာဟိတဒ္ဓနိ ယေသံတိ သာရဝါဒါဟိတဒ္ဓနီ၊ မုနိသဒ်ါတော + မေဃော မုနိမေဃော၊ မုနိမေဃေန + ဥမ္မဒါ - လွန်စွာ ယစ်မူးကြသည်တည်း၊ မုနိမေဃုမ္မဒါ၊ သိခါ ယေသံ အတ္ထိတိ သိခါဝလာ(သိခါနှောင် ဝလစ်ပစ္စည်း )၊ သာရူဝေ + သိခါဝလာ သာရသိခါဝလာ၊ [မုနိမေဃောတိဧတ္တ ဒီဃတ္တံ ( နီ ဝှ ဒီဃ အဖြစ်သည်)ဆန္ဒာနုရက္ခဏတ္တံ(ယ ဂိုဏ်းဖြစ်အောင်)ဆန်းစောင့်ရခြင်း အကျိုးရှိ၏၊-ဋီကာ။]

www.dhammaransi.com



### အနက်ပေါ်တည်သော သုခုမာလင်္ကာ

၁၃၉။ သုခုမာလင္ကာ-မတ္တေ၀, ပဒတ္ထဝိသယမ္ဗိစ၊
ယထာ မတာဒိသဒ္ဒေသု, ကိတ္တိသေသာဒိ ကိတ္တနံ။

၁၃၉။ ပဒတ္ထဝိသယံ - ပုဒ်၏ အနက်ဟူသော အရာရှိသော၊ သုခုမာလင်္ကာံပိ-သုခုမာလတာဂုဏ်သည်လည်း၊ အတ္ထေ၀-ရှိသည်သာ၊ ယထာ - ဥဒါဟရုဏ်ကား၊.... မတာဒိသဒ္ဒေသု - မတ အစရှိသော သဒ္ဒါအရာတို့၌၊ ကိတ္တိသေသာဒိ ကိတ္တနံ- " ကိတ္တိသေသ" အစရှိသည်ကို ပြောဆိုခြင်းတည်း။

× × × × × × ×

၁၃၉။ သုခုမာလင်္ကာံတျာဒိ။ ။ " ပဒတ္ထဝိသယ သုခုမာလင္ကာ-ပုဒ်နက်ဟူသော အရာရှိသော သုခုမာလတာဂုဏ် "ဟူသည် အနက်အဓိပ္ပါယ်တခုကိုပြောရာ၌ ပြောရိုးအတိုင်း ဒွဲထိုးမပြောဘဲ သိမ်မွေ့ယဉ်ကျေးသော စကားလုံးတို့ကို သုံးစွဲပြောဆိုခြင်းတည်း၊သေသည်ကို " သေသည် " ဟု ပြောလျှင် တန်ဆာအဆင် မပါ , ရိုးရိုး ( ဒွဲထိုး ) ပြောခြင်းသာဖြစ်၏၊ သေသည်ကို "ကိတ္တိသေသ-သူ၏ ဂုဏ်သတင်းသာ ကြွင်းရစ်တော့တယ်"ဟု ပြောခြင်းကား စကားအသုံးယဉ်ကျေးသောကြောင့် သုခုမာလတာဂုဏ် ရှိသော စကားတန်ဆာ ဖြစ်သည်၊ ဤသို့ အနက်အပေါ်၌ တည်သော်လည်း စကား အသုံး အနှုန်း ယဉ်ကျေး နူးညံ့မှုဖြစ်သောကြောင့် အတ္ထာလင်္ကာရ မဟုတ်, သဒ္ဒါလင်္ကာရဂုဏ်သာ။

ကိတ္တိသေသာဒိ ။ ။ [ ကိတ္တိသေသ- ကျော်စောခြင်းသာလျှင် ကြွင်းကျန်တော့၏၊ " ဂုဏ်၏ အရှင်ဖြစ်သော လူကောင်ကြီးကား မရှိတော့"ဟူလို။]အာဒိဖြင့်"ဆုံးရှာပြီ,ကွယ်လွန်သွားပြီ,ရှင်ဘုရင်+နတ်ရွာစံပြီ , ဘုန်းတော်ကြီး + ပျံတော်မူပြီ , ရဟန္တာအရှင်မြတ်+ပရိနိဗ္ဗာန်စံတော်မူပြီ"တို့ကိုငင်း,မတာဒိနှင့် ကိတ္တိသေသာဒိပေါင်း၍ အာဒိအရ မွေးဖွားသည်ကို "ဖွားမြင်သည် , မျက်နှာမြင်သည်,မီးရှုသန့်စင်သည်"ဟု ခေါ်ခြင်းစသည်ကိုယူ၊ အချုပ်မှာ—ဝါကျဒေါသ၌ ပြခဲ့သော ဂါမ္မဒေါသ မဖြစ်စေဘဲ ဂါမ္မဒေါသ အဖြေ၌ ပြခဲ့သော ဝါကျမျိုးသည် သုခုမာလတာဂုဏ်ရောက်၏ဟု မှတ်။

www.dhammaransi.com



## သိလေသဂုဏ်၏ လက္ခဏာ

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂ-ရမဏီယဂုဏာလယော၊
သဗန္ဓဂါရဝေါ သော·ယံ, သိလေသော နာမ တံ ယထာ။

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂရမဏီယဂုဏာလယော - ဌာန်တူ အက္ခရာ နီးစပ်သဖြင့် အချင်းချင်းငြိကပ်သကဲ့သို့ ဖြစ်သောပုဒ်တို့၏ ရောရှက်ခြင်းကြောင့် နှစ်သက်မွေ့လျော်ဘွယ် ဂုဏ်၏ တည်ရာဖြစ်သော၊ သဗန္ဓဂါရဝေါ-ဗန္ဓဂါရဝ အက္ခရာနှင့် တကွဖြစ်သော၊ သော အယံ-ထိုအဖွဲ့သည်၊ သိလေသော နာမ-သိလေသဂုဏ်ရှိသော အဖွဲ့မည်၏၊ တံ-ထိုဥဒါဟရုဏ်သည်၊ ယထာ-အဘယ်နည်း။....

× × × × × × ×

၁၄၀။ သိလိဋ္ဌ၊ပေ၊ ဂုဏာလယော ။ ။ ဒိဝါဒိဂိုဏ်း သိလိသ ဓာတ်သည် ''သင်္ဂ- ငြိကပ်ခြင်း ''အနက်ကို ဟော၏၊ ဌာန်တူအက္ခရာ ထပ်၍လာရာ၌ ထိုအက္ခရာ ၂ လုံးသည် အချင်းချင်း ငြိကပ်သကဲ့သို့ ရှိ၏၊ ထိုသို့ ဌာန်တူအက္ခရာ ထပ်၍လာသော ပုဒ်ကို ''သိလိဋ္ဌပဒ'' ဟု ဆို၏၊ ဂါထာ(အဖွဲ့)တခု၌ ထိုကဲ့သို့ သိလိဋ္ဌပဒတွေ အတော်များစွာ ရောနှောပါဝင်နေခြင်းသည်''သိလိဋ္ဌပဒသံသဂ္ဂ''ပင်တည်း။ [နိဿယ များ၌''ဌာန်တူအဆင့် သံယုဂ်ကို''သံသဂ္ဂ''ဟု ဆိုကြ၏၊ ဆင်ခြင်ပါ။] ထိုသို့ သိလိဋ္ဌပဒ သံသဂ္ဂ ဖြစ်သောကြောင့် နှစ်သက်မွေ့လျော်ဘွယ် ကောင်းသော ဂုဏ်သည်''ရမဏီယဂုဏ''မည်၏၊ ထိုဂုဏ်၏တည်ရာ အဖွဲ့အနွဲ့သည် ''ရမဏီယဂုဏာလယ'' ဖြစ်၏၊ အာလယသဒ္ဒါသည် တည်ရာအနက်ကို ဟော၏။

[ဆောင်] ဌာန်တူပုဒ်ပါ၌, နီးနီးကပ်လျက်,ထားအပ်တဝ၊ ဗန္ဓဂရုတ်, ဖြစ်အောင်လုပ်သည့်,သံယုဂ်-ဒွိဃ, ဓနိတလည်း,ပါဝင်ပြီး, ခေါ်မှီး သိလေသ။

ဝစနတ္ထ။ ။သိလိဿန္တီတိ သလိဋ္ဌာနိ၊ သိလိဋ္ဌာနိစ+တာနိ+ ပဒါနိစာတိ သိလိဋ္ဌပဒါနိ၊ တေသံ+သံသဂ္ဂေါ သိလိဋ္ဌပဒသံသဂ္ဂေါ၊ သိလိဋ္ဌပဒသံသဂ္ဂေန+ရမဏီယဂုဏော သိလိဋ္ဌ၊ပေ၊ဂုဏော၊တဿ+ အာလယော သိလိဋ္ဌပဒ သံသဂ္ဂရမဏီယဂုဏာလယော။ [ ဌာနကရ ဏာဒိဟိအာသန္နဝဏ္ဏာနံ-တို့ကို၊ဝိန္နာသဟေတု-စီထားခြင်းဟူသော

www.dhammaransi.com



အကြောင်းကြောင့်၊ အညမညနိဿိတာနံ ပဒါနံ - အချင်းချင်း မှီနေသကဲ့သို့ဖြစ်ကုန်သော ပုဒ်တို့၏၊ ( " သိလိဋ္ဌပဒ" အဖွင့်၊ ) [ ဌာန်တူ အက္ခရာနီးသဖြင့် အချင်းချင်း မှီနေသကဲ့သို့ ဖြစ်ကြသော ပုဒ်များ- ဟူလို။ ] သမဝါယေန- ပေါင်းဆုံခြင်းကြောင့် ( သံသဂ္ဂေန အဖွင့် )၊ မနုညဂုဏာဿ ပဝတ္တိဋ္ဌာနဘူတော(ရမဏီယဂုဏာလယောအဖွင့်။)

**သဗန္ဓဂါရဝေါ၊** ။ " ဂရုနော + ဘာဝေါ ဂါရဝံ၊ ဗန္ဓဿ+ ဂါရဝံ ဗန္ဓဂါရဝံ - အလေးဂရုပြု၍ ရွတ်အပ်သော အဖွဲ့အနွဲ့၏ ဖြစ်ကြောင်းဖြစ်ရာ"ဟူသည် ဓနိတအက္ခရာ, ဒီဃအက္ခရာ, သံယုဂ်၏ ရှေ့အက္ခရာများတည်း။ [ ဒုမ္ဗိဂရု, ဒီဃောစ - ကိုထောက်၊] သဟ+ ဗန္ဓဂါရဝေန ယော ဝတ္တတီတိ သဗန္ဓဂါရဝေါ၊ အဖွဲ့အနွဲ့တို့၌ ဓနိတ ဒီဃသံယုဂ် မပါလျှင် ရွတ်ဆိုရာ၌ ပေါ့ပျက်ပျက်ရှိ၏၊ ထိုသို့ ပေါ့ပျက် ပျက်မရှိရအောင် ဗန္ဓဂါရဝ အက္ခရာများလည်း အထိုက်အလျောက် ပါစေရမည်- ဟူလို။ [ ဗန္ဓဂါရဝ သဓိါတေန - ရစနာယ အသိထိလ ဘာဝေန၊ သဟပဝတ္တော အယံ ဗန္ဓော သိလေသောနာမ၊.... ဗန္ဓကို ရစနာ, ဂါရဝကို အသိထိလဘာဝ- ဟု ဖွင့်သည်။]

**ပဒါသတ္တိမှ ထူးပုံ ။** ။ " ပဒါသတ္တိ မဓုရတာ ဂုဏ်၌လည်း ဌာန်တူအက္ခရာ နီးကပ်ရမည်"ဟု ဆိုခဲ့၏၊ ဤသိလေသနှင့် အဘယ်သို့ ထူးသနည်း - ဟု မေးဘွယ်ရှိ၏၊ အဖြေကား - ပဒါသတ္တိ၌ ဌာန်တူ အက္ခရာတို့၏ နီးကပ်ခြင်းသည် လိုရင်းလက္ခဏာတည်း၊ ဤသိလေသ၌ကား ဌာန်တူနီးကပ်ခြင်းသည် လိုရင်း မဟုတ်, ဗန္ဓဂါရဝ အက္ခရာ ပါခြင်းက လိုရင်းတည်း၊ ထို့ကြောင့် ထို ၂ မျိုးတို့ သဘော လက္ခ ဏာချင်း မတူကြပါ။ [သိလေသောနာမ- ဗန္ဓဂါရဝေါ = အဖွဲ့အနွဲ့၌ လေးစားဘွယ် အက္ခရာသည် သိလေသ မည်၏၊ တပ္ပဋိပါဒကဗန္ဓော ပျေတ္တ သိလေသောတိ ဝုစ္စတိ = ထိုဂရုပါအောင် ဖွဲ့စီအပ်သော အဖွဲ့ ကိုလည်း ဤဂါထာ၌ ( ကေဒေသူပစာရ အားဖြင့် ) သိလေသ ဟု ဆိုအပ်၏၊—ဋီကာသစ်။]

[ ဆောင် ] ဌာန်တူအက္ခရာ, နီးကပ်စွာကို,ပဒါသတ္တိ,လက္ခဏာမှည့်လော၊ ဤသိလေသ, လက္ခဏာကား, ဗန္ဓဂါရဝ, ပဓာနသည်, မှတ်ကြ ၂ မျိုး အထူးတည်း။

www.dhammaransi.com



### သမာဓိဂုဏ် အချီ

၁၄၉။ ဗန္ဓသာရောတိ မညန္တိ, ယံ သမဂ္ဂါဝိ ဝိညုနော၊
ဒဿနာ၀သရံ ပတ္တော, သမာဓိနာမ-ယံဂုဏော။

၁၄၉။ ယံ-အကြင် သမာဓိဂုဏ်ကို၊ သမဂ္ဂါဝိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဝိညုနော-ပညာရှိတို့သည်၊ ဗန္ဓသာရောတိ-အဖွဲ့အနွဲ့၏ အနှစ်ဟူ၍၊ ဝါ-အဖွဲ့အနွဲ့၏ အသက်ဟူ၍၊ မညန္တိ- အသိအမှတ် ပြုကြကုန်၏၊ သမာဓိနာမ - သမာဓိမည်သော၊ အယံဂုဏော-ဤ ဂုဏ်သည်၊ ဒဿနာ၀သရံ-ပြခြင်း၌ အခွင့်သို့၊ ဝါ-ပြဘို့ရာအခွင့်သို့၊ ပတ္တော-ဆိုက်ရောက်လာပြီ။

× × × × × × ×

မြားမြောင်ကုန်သော+မောဋ္ဌိဿာယာ-တို့တည်း၊ အနန္တ မောဋ္ဌိဿာယာ-တို့၊ အ၀နတာန်- ဦးတိုက်ကြကုန်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏၊ အနန္တ မောဋ္ဌိဿာယာ-တို့တည်း၊ အ၀နတာနန္တမောဋ္ဌိဿာယာ-တို့။]

---

၁၄၉ ဗန္ဓသာရော တျာဒိ။ ။''ကဗျာပညာရှိ အများက အဖွဲ့အနွဲ့(စုဏ္ဏိယ ဂါထာ ကဗျာ)ဟူသမျှ၏ အသက် ဟု အသိအမှတ် ပြုအပ်သော သမာဓိဂုဏ်သည် ယခုအခါ ပြခွင့်ရောက်လာပြီ ဖြစ်၍ ယခုပြတော့မည်''ဟူလို။[ကျမ်းဆရာတို့သည် အကြောင်းအရာတခုကို ခတ်ကျယ်ကျယ် ပြရတော့မည့်အခါ၌ စကားပျိုး၍ ( အချီ-နိဒါန်း- ပလ္လင်ခံ၍ ) ဆိုလေ့ရှိကြ၏၊ ယခု ပြတော့မည့် သမာဓိဂုဏ် ကိုလည်း ခတ်ကျယ်ကျယ်ပြမည်ဖြစ်၍''ဗန္ဓသာရောတိ''စသော ပလ္လင်ခံနိဒါန်း စကားကို စချီလေသည်။]

ဝစနတ္ထ ။ ။ ဗန္ဓဿ + သာရော - အနှစ်တည်း၊ ဗန္ဓသာရော၊ ''အနှစ်'' ဟူသည်လည်း အသက်တည်း၊ ထိုအသက်ကို ဘ၀အဆက် ဆက်မပျက်မစီးဟု ဟိန္ဒူတို့ကယူကြ၏၊ ထို့ကြောင့်''ဗန္ဓဿ ဇီဝိတံ'' ဟု ဋီကာဖွင့်သည်၊ သမဂ္ဂသဒ္ဒါသည်''သမ္ဘိ သမတ္တ မခိလံ၊ပေ၊သမဂ္ဂဥ္စ အနူနကံ '' အဘိဓာန်နှင့်အညီ သဗ္ဗ၏ ပရိယာယ်တည်း၊ ထို့ကြောင့် ''သဗ္ဗေပိ က၀ယော '' ဟု ဋီကာဖွင့်သည်၊[ ''သမံ- အညီအမျှ၊ ဝါ- အားလုံးပါအောင်+ဂယှန္တေ- ယူအပ်ကုန်၏၊ ဣတိ သမဂ္ဂါ၊] ဒဿ နံ- ပြခြင်း၌+အ၀သရော- အခွင့်အလမ်းတည်း၊ ဒဿနာ၀သရော။

www.dhammaransi.com



**သမာဓိပုဒ်၏ ဝိဂ္ဂဟ**

၁၅၀။ အညုမမ္ဗော တတော·ညတ္တ,လောကသီမာ·နုရောဓတော၊
သမ္မာ အာဓိယတေ·စွေသော,သမာဓီတိ နိရုစ္စတိ။

၁၅၀။ အညုမမ္ဗော- ဥပစာမှတပါးသော မုချဝတ္ထု၏ သဘော ကို၊ တတော-ထို မုချဝတ္ထုမှ၊ အညတ္တ-တပါးသော ဥပစာဝတ္ထု၌၊ လောကသီမာ·နုရောဓတော - လောကစည်းကမ်းနှင့် မဆန့်ကျင်သော အားဖြင့်၊ သမ္မာ-ကောင်းစွာ၊ အာဓိယတေ-တင်ထားအပ်၏၊ ဝါ-တင်စားအပ်၏၊ ဣတိ- ထို့ကြောင့်၊ ဧသော-ဤဂုဏ်ကို၊ သမာဓိ တိ-သမာဓိဂုဏ်ဟူ၍၊ နိရုစ္စတိ- ဆိုးဖြတ်သောအားဖြင့် ဆိုအပ်၏။

× × × × × × ×

၁၅၀။ အညုမမ္ဗော တျာဒိ။ ။သမာဓိကို "သံ+အာဓိ" ဟုခွဲ၊ သံကို "သမ္မာ" ဟု ဖွင့်၍ ထိုသမ္မာကို "လောကသီမာနုရောဓတော" ဟု ဖွင့်၏၊ ထို့ကြောင့်"သမ္မာ-လောက စည်းကမ်းနှင့် လျော်အောင် ကောင်းမွန်စွာ+အာဓိယတေ- တင်ထားအပ်၏၊ ဝါ-တင်စားအပ်၏၊ ဣတိ သမာဓိ"ဟုပြု၊ [ သံ+အာပုဗ္ဗ, ဓာဓာတ်, ဣပစ္စည်း။]တင်စား အပ်သော အနက်ကို "သမာဓိ"ဟု ခေါ်အပ်သော်လည်း အနက်၏ အမည်ကို သဒ္ဒါ၌တင်စား၍ အဖွဲ့အနွဲ့ကိုလည်း ဖလူပစာရအားဖြင့် "သမာဓိ" ဟု ခေါ်ရသည်၊ ဤဂါထာကား- သမာဓိပုဒ်၏ ဝိဂ္ဂဟကို ပြသောဂါထာတည်း။

အညုမမ္ဗော အညတ္တ။ ။"မုချဖြစ်သော အရာဝတ္ထု၏သဘော ကို+ဥပစာဖြစ်သော အရာဝတ္ထု၌ တင်စားအပ်သည်"ဟူလို။ [အညု သာ-ဥပစာမှတပါးသော မုချဖြစ်သော အရာဝတ္ထု၏ + ဓမ္မော- သဘောတည်း၊ အညုမမ္ဗော၊ လောကသီမာယ - လောက အပိုင်း အခြားအား၊ ဝါ- လောက စည်းကမ်းအား၊ အနုရောဓော- လျော် ခြင်းတည်း၊ လောကသီမာနုရောဓော - ခြင်း၊ နိရုစ္စတိ - နိ ( နိစ္ဆယ တော)+ဥစ္စတိ-ဆုံးဖြတ်ချက်ချသောအားဖြင့်+ဆိုအပ်၏၊ဝါ-အသေ အချာ ဆိုအပ်၏။]

[ဆောင်] သက်ရှိစသား, သဘောများကို,အခြားသက်မဲ့, စသည့်လွှဲ၍, တင်ခဲ့လေဘိ, သမာဓိတည်း၊ ထိုသည့် ဂုဏ, ပါဝင်မှ, ဗန္ဓ အသက်ဝင်။

www.dhammaransi.com



**သမာဓိဂုဏ် အပြား**

၁၅၁။ အပါကော ပါကိနံ့ ဓမ္မော , သမ္မာ အာဓိယတေ ကွစိ၊
နီရူပေ ရူပယုတ္တသ္မိံ, နီရသေ သရသသ္မိံစ။

၁၅၂။ အဒြဝေ ဒြဝယုတ္တသ္မိံ, အကတ္တရိပိ ကတ္တုတာ၊
ကဌိနသ္မာ·သရီရေပိ, ရူပံ တေသံ ကမာ သိယာ။

၁၅၁, ၂။ ကွစိ- အချို့အရာ၌၊ အပါကေ- အသက်မရှိသော ဝတ္ထု၌၊ ပါကိနံ့-သက်ရှိသတ္တဝါတို့၏၊ ဓမ္မော-သဘောကိုရင်း၊ ကွစိ-၌၊ နီရူပေ-အဆင်းသဏ္ဌာန်မရှိသော ဝတ္ထု၌၊ ရူပယုတ္တသ္မိံ-အဆင်းသဏ္ဌာန်နှင့်ယှဉ်သော ဝတ္ထု၏၊ ဓမ္မော-ကိုရင်း၊ ကွစိ-၌၊ နီရသေစ-အရသာမရှိသော ဝတ္ထု၌လည်း၊ သရသသ္မိံ-အရသာရှိသော ဝတ္ထု၏၊ ဓမ္မော-ကိုရင်း၊ ကွစိ-၌၊ အဒြဝေ-အရည်မဟုတ်သော ဝတ္ထု၌၊ ဒြဝယုတ္တသ္မိံ-အရည်နှင့်ယှဉ်သော ဝတ္ထု၏၊ ဓမ္မော-ကိုရင်း၊ ကွစိ-၌၊ အကတ္တရိပိ - ကတ္တားမဟုတ်သော အရာ၌လည်း၊ ကတ္တုတာ-ကတ္တား၏ အဖြစ်သဘောကိုရင်း၊ ကွစိ-အချို့အရာ၌၊ အသရီရေပိ-အထည်ကိုယ် အစိုင်အခဲ မဟုတ်သော အရာ၌လည်း၊ ကဌိနသ္မာ-အထည်ကိုယ် အစိုင်အခဲဖြစ်သောဝတ္ထု၏၊ ဓမ္မော-သဘောကိုရင်း၊ သမ္မာ- ကောင်းစွာ၊ ဝါ - လောကစည်းကမ်းနှင့် မဆန့်ကျင်သော အားဖြင့်၊ အာဓိယတေ - တင်ထားအပ်၏၊ ဝါ - တင်စားအပ်၏၊ တေသံ- ထို ၆ မျိုးသော သမာဓိတို့၏၊ ရူပံ- သဘောသည်၊ ဝါ- ပြယုဂ် ဥဒါဟရုဏ်သည်၊ ကမာ-အစဉ်အားဖြင့်၊ သိယာ- ဖြစ်ရာ၏၊ ဝါ- ဖြစ်တော့လတံ့။

× × × × × × ×

၁၅၁, ၂။ အပါကောတျာဒိ။ ။ဤ ၂ ဂါထာတို့သည် သမာဓိဂုဏ်၏ အပြားကိုပြသော ဂါထာတို့တည်း၊ ၁ - ပါဏိဓမ္မ သမာဓိ, ၂-ရူပဓမ္မ သမာဓိ, ၃-သရသဓမ္မ သမာဓိ, ၄-ဒြဝဓမ္မ သမာဓိ, ၅-ကတ္တုဓမ္မ သမာဓိ, ၆-ကဌိနဓမ္မ သမာဓိ, ဤသို့သရုပ်မျှ ရေတွက်ခဲ့ပါ၊ သဘောလက္ခဏာကား အကျယ်ပုံစံ၌ ထင်ရှားပါလိမ့်မည်။

www.dhammaransi.com



## ပါကဝဇ္ဈ သမာဓိ ပုံစံ

၁၅၃။ ဥဏ္ဏာပုဏ္ဏိန္ဒုနော နာထ, ဒိဝါပိ သဟ သင်မာ၊
ဝိနိဒ္ဒါ သံပမောဒန္တိ, မညေ့ ကုမုဒိနီ တဝ။

၁၅၃။ နာထ - အို .... မြတ်စွာဘုရား၊ တဝ - ရှင်တော်မြတ်ဘုရား၏၊ ဥဏ္ဏာပုဏ္ဏိန္ဒုနော-ဥဏ္ဏာလုံ မွေးရှင်တည်းဟူသော လပြည့်ဝန်းနှင့်၊ သဟ-တကွ၊သင်မာ-ပေါင်းဖေါ်ရခြင်းကြောင့်၊ ကုမုဒိနီ-ကုမုဒြာ ကြာရုံတို့သည်၊ ဒိဝါပိ - နေ့အခါ၌လည်း၊ ဝိနိဒ္ဒါ - အငုံကင်းလျက်, အိပ်ခြင်းမရှိကြကုန်သည်၊ (ဟုတ္တာ- ဖြစ်၍၊)သံပမောဒန္တိမညေ့-ကောင်းစွာပွင့်လန်း, ဝမ်းမြော်ကြလေယောင်တကား။

× × × × × × ×

၁၅၃၊ ဥဏ္ဏာပုဏ္ဏိန္ဒုနောတျာဒိ။ ။သက်ရှိဖြစ်သောယောက်ျားနှင့် မိန်းမတို့၏သဘောကို သက်မဲ့ဖြစ်သော ဥဏ္ဏာလုံမွေးရှင်တော်နှင့် ကုမုဒြာကြာတော အပေါ်၌ တင်စားထားသော ပါကဝဇ္ဈ သမာဓိပုံစံတည်း၊ ရှုဥုးအံ့—လောက၌ ယောက်ျားနှင့် မိန်းမ ချစ်သူ ၂ ဥုးတို့၏ တွေ့ဆုံပေါင်းဘော်ကြခြင်း, ထိုအခါ၌မအိပ်ချင်ကြခြင်း, အလွန်ပျော်မြူးကြခြင်း , ဤ သုံးချက်သည် ပါကဝဇ္ဈ - သက်ရှိသတ္တာ တို့၏၊ ဓမ္မာ-သဘော ထုံးစံဖြစ်၏၊ ထို သဘောထုံးစံကို အပါကဝဇ္ဈဖြစ်သော ဥဏ္ဏာလုံမွေးရှင်တော် လရောင်နှင့် ကုမုဒြာ ကြာတော၏ ပေါင်းဆုံမိခြင်း, လရောင်နှင့် ကြာတောတို့၏ မအိပ်ချင်ကြသည့်ပုံကဲ့သို့ ငုံ၍မနေခြင်း , ဝမ်းသာသကဲ့သို့ မညှိုးနွမ်းဘဲ လရောင်ရော ကြာပန်းတွေပါလန်း၍နေခြင်းအပေါ်၌ တင်စား၍ ဖွဲ့နွဲ့ထားသည်။

ဋီကာ၊ ။တွေ့ ပါကဝဇ္ဈသင်္ခါတော သုရတသင်မောစ(အလွန်ပျော်ပါးခြင်းဟူသော ပေါင်းဖေါ်ခြင်းငှာ)နိဒ္ဒါပဂမောစ(အိပ်ချင်မှုမှ ကင်းခြင်းငှာ ) သမ္ပမောဒနဥ္စာတိ တိဏ္ဏံ - တို့၏၊ ဥဏ္ဏာပုဏ္ဏိန္ဒု ကုမုဒိနိသင်္ခါတေသု လောကဝေါဟာရာနတိက္ကမ္မ(ပေါင်းမိခြင်း, မငုံခြင်း, ပွင့်ခြင်းဟူသော လောကအသုံးနှုန်းကိုမကျော်လွန်ဘဲ)ဗုဒ္ဓိယာ အာရောပနေန ( စိတ်ကူးဉာဏ်ဖြင့် တင်စားခြင်း အားဖြင့် ) ပါကဝဇ္ဈ ဓမ္မတော ပသိဒ္ဓါ တယောအတ္ထာ ဧတ္ထ သမာဓယောနာမ၊ ဤသို့တင်စားအပ်သော အနက် ၃ မျိုးသာ"သမာဓိ"အမည်ရသော်လည်း ထို အနက်ကို ဖေါ်ပြသော အဖွဲ့အနွဲ့လည်း ဖလူပစာရ အားဖြင့်

www.dhammaransi.com



သမာဓိဂုဏ် မည်၏။ [ တပ္ပဋိပါဒကဂန္ထော၀ိ - ထို သမာဓိအနက်ကို ပြီးစေတတ် ပြတတ်သော အဖွဲ့ကိုလည်း၊ အတ္တာနုဂါမိတ္တာ တဒုပစာ ရေန သမာဓီတိ ဒဋ္ဌဗ္ဗော။]

ဥဏ္ဏာပုဏ္ဏိန္ဒုနော။ ။မြတ်စွာဘုရား မျက်ခုံးတော် ၂ သွယ်၏ အလယ်၌ ''ဥဏ္ဏာလောမ = ဥဏ္ဏာလုံ '' မည်သော အမွေးတော်ရှိ၏၊ ငွေနန်းချည်မြှင်ကလေးကဲ့သို့ ဆန့်လိုက်လျှင် ရှည်ပြန့်လာ၍ မဆန့်ဘဲ ထားလျှင် လက်ျာရစ်လည်ကာ လပြည့်ဝန်းကလေးကဲ့သို့ စုစုကလေး နေရကား အသက်ရှင်သော အရာနှင့် တူသောကြောင့် '' ဥဏ္ဏာလုံ မွေးရှင်တော်'' ဟု ခေါ်ဝေါ်ကြ၏၊ အလွန်ဖြူသော အရောင်ရှိ၍ စုစု ကလေး ပုံနေသောကြောင့် လပြည့်ဝန်းကို ဥပမာ ပြုထားသည်၊ ''ဥဏ္ဏာ+ပုဏ္ဏိန္ဒု၊ ဥဏ္ဏာပုဏ္ဏိန္ဒု၊'' ဟု ပြု။

ကုမုဒိနီ။ ။ကုမုဒါနိ ဧတာသူတိ ကုမုဒိနိယော၊ [ဧတာသု-ဤ ကြာရုံတို့၌၊ ကုမုဒါနိ-ကုမုဒြာကြာတို့သည်၊ သန္တိ-ရှိကုန်၏။]ကုမုဒြာ ကြာတို့ ရှိရာကြာရုံ-ကြာတော၊ ထိုကုမုဒြာကြာတို့သည်''သေတေတု ကုမုဒန္တသ''အဘိဓာန် ( ၆၈၈ ) နှင့်အညီ ဖြူသော အဆင်းရှိကြ ကုန်၏၊ ညဥ့်အခါ လရောင်နှင့် တွေ့မှ ပွင့်လေ့ရှိကြ၏၊ ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်ရောင်နှင့် တွေ့သော အခါ၌ကား လရောင်နှင့် တွေ့ရ သကဲ့သို့ ဖြစ်သောကြောင့် နေ့အခါ၌လည်း ပွင့်ကြ၏၊ ထိုသို့ ပွင့်ခြင်း သည် မအိပ်ချင်ခြင်းနှင့် တူ၏၊ ထို့ကြောင့် '' ဒိဝါပိ သဟ သင်္ဂမာ, ၀ိနိဒ္ဒါ''ဟု မိန့်သည်၊ ဒိဝါ၌ပိ ဖြင့် ရတ္တိံ ကိုဆည်း၊

''ရောဒန္တေ ဒါရကေ ဒိသွာ, ဥမ္မိဂ္ဂါ ၀ိပုလာ ဒုမာ၊
သယမေ·ဝေါနမိတွာန, ဥပဂစ္ဆန္တိ ဒါရကေ''

ဟူသော ဝေဿန္တရာတ်ဂါထာလည်း သက်ရှိသတ္တာတို့၏ ညွှတ်ကိုင်း တတ်သော သဘောကို သက်မဲ့ သစ်ပင်များ၌ တင်စားသောကြောင့် ပါဏိဓမ္မသမာဓိဂုဏ်ရောက်၏-ဟု စံကျောင်းနိဿယ၌ မိန့်သည်။

**မှတ်ချက်**။ ။ဤသမာဓိဂုဏ်အရာဝယ်''တင်စား''ဟု လာသမျှ၌ တဒ္ဓမ္မူ ပစာ ဟုချည်း မှတ်။ [တဿ— ထို ပါဏိစသည်၏+ ဓမ္မော— သဘောတည်း၊ တဒ္ဓမ္မော-ဘော၊ တဒ္ဓမ္မဿ—၏+ဥပစာရော—အနီး၌ဖြစ်သော အမည်တည်း၊ ဝါ-တင်စား၍ ခေါ်ခြင်းတည်း၊ တဒ္ဓမ္မူပစာရော-ခြင်း။]

www.dhammaransi.com



**ရူပဓမ္မသမာဓိ ပုံစံ**

၁၅၄။ ဒယာရသေသု မုဇ္ဇန္တာ, ဇနာ·မတရသေသွိ·ဝ၊
သုခိတာ ဟတဒေါသာ တေ, နာထ ပါဒမ္ဗုဇာ·နတာ။

၁၅၄။ နာထ-အို…မြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ပါဒမ္ဗုဇာနတာ - ခြေတော် အစုံ, ကြာပဒုံ၌, ခိုလှုံ ဦးခိုက်ကြကုန်သော၊ ဇနာ-သတ္တဝါတို့သည်၊ အမတရသေသု ဣဝ - အမြိုက်သုခရေတို့၌ ကဲ့သို့၊ ဒယာရသေသု - ကရုဏာတော်ရေ တို့၌၊ မုဇ္ဇန္တာ–နစ်မြုပ် ငုပ်ကြကုန်လျက်၊ ဟတဒေါသာ - ဖျက်ဆီးအပ်ပြီးသော ကိလေသာအပြစ်ရှိကြကုန်သည်၊ ဝါ-ကိလေသာရောဂါ ပျောက်ကင်းကုန်သည်၊ ( ဟုတ္တာ - ဖြစ်၍ )၊ သုခိတာ - ကိုယ်စိတ် ၂ ဖြာ, ချမ်းသာကြရပါကုန်၏။

× × × × × × ×

၁၅၄။ ဒယာရသေသုတျာဒိ။ ။ဒိုမြတ်စွာဘုရား…. အမြိုက်သုခရေတို့၌ ငုပ်ကြ- ချိုးကြသူတို့မှာ နူနာစသော ရောဂါပျောက်၍ သုခ ရောက်ကြရသကဲ့သို့, ရှင်တော်မြတ်၏ ခြေတော်အစုံ ကြာပဒုံ၌ ဦးတိုက်ကြသူ နတ်လူအများတို့သည် မဟာကရုဏာတည်းဟူသော ရေတို့၌ ငုပ်ကြရသည် ဖြစ်၍ ကိလေသာရောဂါပျောက်သဖြင့် မအို မသေခြင်း သုခသို့ ရောက်ကြရပါသည်ဘုရား၊ ဤဂါထာ၌ " ငုပ်ကြသူတို့"ဟူသော စကားကို ထောက်၍ " ရသ " သဒ္ဒါသည် " ရေ " ဟူသော အနက်ကိုဟော၏၊ ဥပမာ- "နာဠိကေရ ရသ - အုန်းရေ" ဟူသကဲ့သို့တည်း၊ ဋီကာသစ်၌လည်း-"ဧတ္ထ ရသသဒ္ဒေါ ဂုဏဇလေ-ဂုဏ်တည်းဟူသော ရေ၌"ဟု ဆိုသည်။

တင်စားပုံ။ ။ရေသည် မျက်စိဖြင့်မြင်ကောင်းသော ပုံသဏ္ဌာန် တည်း၊ ထိုသို့ ပုံသဏ္ဌာန် ရကောင်းသောကြောင့်"ရူပယုတ္တ"ဖြစ်၏၊ ထိုရူပယုတ္တဖြစ်သော အမြိုက်သုခရေ၏ ငုပ်၍ဖြစ်နိုင်သော သဘော ကို အရေပုံသဏ္ဌာန် မရကောင်းသဖြင့် "နိရူပ" ဖြစ်သော မဟာ ကရုဏာပေါ်၌တင်စား၍ဖွဲ့နွဲ့ထားသည်။ [ဧတ္ထ ရူပယုတ္တဇလေ လဗ္ဘမာနံ မုဇ္ဇနံ နိရူပေ ဒယာဂုဏေ(ကရုဏာဂုဏ်တော်၌)အာရောပိတံ ဟောတိ။—ဋီကာသစ်။]

www.dhammaransi.com



**သရသမ္မသမာဓိပုံစံ**

၁၅၅။ မဓုရေပိ ဂုဏော ဓီရ, နပ္ပသီဒန္တိ ယေ တဝ၊
ကိဒိသိ မနသော ဝုတ္တိ, တေသံ ခါရဂုဏာနုဘော။

၁၅၅။ ဘောဓီရ -အို မြတ်စွာဘုရား၊ …ယေ - အကြင်သတ္တဝါတို့သည်၊တဝ-ရှင်တော်မြတ်ဘုရား၏၊မဓုရေပိ-ချိုဆိမ့်ကောင်းမြတ်သည်လည်းဖြစ်သော၊ ဂုဏေ-မဟာကရုဏာစသော ဂုဏ်တော်၌၊ နပ္ပသီဒန္တိ- မကြည်ညိုနိုင်ကြကုန်၊ ခါရဂုဏာနံ- ငံသော ဂုဏ်ရှိကုန်သော၊ တေသံ- ထိုသတ္တဝါတို့၏၊ မနသော- စိတ်၏၊ ဝုတ္တိ-ဖြစ်ပုံကို၊

× × × × × × ×

ဝစနတ္ထ။ ။ဟတာ+ဒေါသာ ယေဟီတိ ဟတဒေါသာ၊ ယေဟိ-အကြင်အမြိုက်သုဓာရေ၌ငုပ်သူတို့သည်၊ဒေါသာ-သလိပ်,သည်းခြေ, လေ ဟူသော အပြစ်တို့ကို၊ ဝါ - နူနာစသော ရောဂါအပြစ်တို့ကို၊ ဟတာ-ပယ်ဖျောက်အပ်ကုန်၏၊(တနည်း)ယေဟိ အကြင်ဘုရားရှင်၏ မဟာကရုဏာတော်ရေ၌ ငုပ်သူတို့သည်၊ ဒေါသာ-ကိလေသာ အနာရောဂါအပြစ်တို့ကို၊ ဟတာ ဇုတိ တေ(ထိုသူတို့သည်)ဟတဒေါသာ-တို့မည်၏၊ သုခံ-အနာပျောက်ကင်း ချမ်းသာခြင်းသို့၊ ဝါ- မအိုမသေ အမြဲနေရာနိဗ္ဗာန်ချမ်းသာသို့၊ဇုတာ-ရောက်ရသူတို့တည်း၊သုခိတာ-တို့၊ ပါဒသမ်ိါတာနိ+အမ္ဗုဇာနိ ပါဒမ္ဗုဇာနိ၊ ပါဒမ္ဗုဇေသု+အာနတာ-ရှိသေစွာ ကိုင်းညွတ်(ဦးတိုက်)သူတို့တည်း၊ ပါဒမ္ဗုဇာနတာ-တို့။

မန္ဒာတာဒိနရိန္ဒာနံ , ယာ မာတာ သာ ဘဝဏ္ဏဝေ၊
နိမုဂ္ဂါ ဟံ တယာ တာတ, တာရိတာ ဘဝသာဂရာ။

ဤ၌ အဆင်းသဏ္ဍာန် ရကောင်းသော သမုဒြာ၏ သဘောကို အဆင်းသဏ္ဍာန် မရကောင်းသော ဘဝ၌ တင်စား၏၊ ထို့ကြောင့် ''နိရူပေ ရူပယုတ္တဿ''ဟူသော သမာဓိဂုဏ်ရောက်၏။ [နိရူပေ ရူပယုတ္တသမာဓိကဲ့သို့ နိဂ္ဂန္ဓေ ဂန္ဓယုတ္တသမာဓိကိုလည်း ''ယောစ သီလဝတံ ဂန္ဓော,ဝါတိ ဒေဝေသု ဥတ္တမော''စသောပုံစံဖြင့်ပြကြသေး၏။]

၁၅၅၊ မဓုရေပိတျာဒိ။ ။ အို မြတ်စွာဘုရား.... ယုတ်ညံ့သော အလိုအဇ္ဈာသယရှိကြသူ အကြင်လူတို့သည် ရှင်တော်ဘုရား၏ ချိုဆိမ့်

www.dhammaransi.com



ကီဒိသီ- အဘယ်ကဲ့သို့ ရှုအပ်ရှာလေဘိသနည်း၊ ဝါ - အဘယ်သို့ သဘောရှိ ရှာပါလိမ့်မည်နည်း။[ဂုဏာနှင့် နိဂ္ဂဟိတ်ကြေ။]

× × × × × × ×

ကောင်းမြတ်သော မဟာကရုဏာ, ပညာ စသော ဂုဏ်တော်၌ မကြည်ညိုနိုင်ကြပါ၊ ထိုသို့ မကြည်ညိုနိုင်အောင် အခါးခာတ်ခံရှိကြသူ တို့၏ စိတ်ဖြစ်ပုံမှာ ဘယ်လိုနေရှာသည်ဟု မသိပါဘုရား၊ ဤဂါထာ၌ ချိုသောအရသာမရှိသော မဟာကရုဏာ, ပညာ စသော ဂုဏ်တော် များ၌ သရသ ( အရသာရှိသော )ထောပတ် ပျားရည် စသည်တို့၏ ချိုဆိမ့်သော ဂုဏ်သဘောကိုရင်း, ဆားငံ အရသာ မရှိသော အဇ္ဈာ သယဆန္ဒ အပေါ်၌ ငံသော အရသာရှိသော ဆပ်ပြာ ဆားတို့၏ သဘောကိုရင်း, တင်စား၍ ဖွဲ့စီထားသည်၊ ဤဂါထာ၌ ချိုဆိမ့်သော သဘော, ငံသော သဘောအားဖြင့် တင်စားအပ်သော အနက် ၂ မျိုး ရှိ၏။ [ တွေ့ သမာဓိနာမ ရသဟီနေ ( အရသာမှ ယုတ်လျော့သော= အရသာ မရှိသော တရား၌ ) အာရောပိတ ရသယုတ္တဓမ္မဘူတံ မဓုရ- ခါရဂုဏာ ဒွယံ။]

ဋီကာ။ ။မဓုရေပိ ပကတိသုန္ဒရေ(ပင်ကိုယ်ကောင်းဖြစ်သော) ကရုဏာပညာဂုဏေပိ ယေ ဟီနာဓိမုတ္တိကာ ဇနာ ( ယုတ်ညံ့သော အဇ္ဈာသယ ဆန္ဒရှိသူတို့) န ပသီဒန္တိ၊ ခါရဂုဏာနံ အမဓုရဂုဏာနံ၊ [ခါရသဒ္ဒါသည် ဆား,ဆပ်ပြာကိုရင်း,ပြာကိုရင်း ဟော၏၊ထိုဆားငံ အရသာသည် မချိုသောကြောင့် "အမဓုရ ဂုဏာနံ" ဟု ဖွင့်သည်၊] ကာဝိယ ဒိဿတီတိ ကီဒိသီ၊ ခါရာ ( ဆား ဆပ်ပြာတို့ကဲ့သို့ ငံကျန် သော)+ဂုဏာ ယေသံတိ ခါရဂုဏာ။

ပဝိဝေကရသံ ပိတွာ, ရသံ ဥပသမဿစ၊
နိဒ္ဒရော ဟောတိ နိပ္ပါပေါ, ဓမ္မပီတိရသံ ပိဝံ။

ဤ၌ အရသာမဟုတ်သော သုခ , နိဗ္ဗာန် , ပီတိတို့၌ အရသာ၏ သဘောကို တင်စား၏၊ ထို့ကြောင့် " နိရသေ သရသဿ " ဟူသော သမာဓိဂုဏ် ရောက်၏။

www.dhammaransi.com



ဒြဝဓမ္မသမာဓိပုံစံ

၁၅၆။ သဗ္ဗုတ္တသိဒ္ဓ စူဠက-ပုင္ခပေယျာ မဟာဂုဏာ၊
ဒိသာ သမန္တာ ဓာဝန္တိ, ကုန္ဒသောဘာ သလက္ခဏာ။

၁၅၆။ သဗ္ဗုတ္တသိဒ္ဓ- ပြီးပြီးသော အလုံးစုံကိစ္စ ရှိတော်မူသော အို....မြတ်စွာဘုရား၊(တဝ-ရှင်တော်ဘုရား၏၊)စူဠက ပုင္ခပေယျာ-ငယ်သော သောက်ခွက်ဖြင့် သောက်နိုင်ကုန်သော၊ ကုန္ဒသောဘာ သလက္ခဏာ - သင်းခွေပန်း၏ တင့်တယ်ခြင်းနှင့် တူသော အမှတ်တံဆိပ် ရှိကုန်သော၊ မဟာဂုဏာ - ကြီးမြတ်ဘိတုံ့ , အရဟတာ စသော ဂုဏ်တော်တို့သည်၊ သမန္တာဒိသာ - ထက်ဝန်းကျင် အရပ်တို့သို့၊ ဓာဝန္တိ- စီးသွားကြပါကုန်၏။

× × × × × × ×

၁၅၆။ သဗ္ဗုတ္တတျာဒိ။ ။အလုံးစုံသောကိစ္စ၌ ပြီးပြီး ဖြစ်တော်မူသော ိုမြတ်စွာဘုရား....သောက်ခွက်ငယ်ဖြင့်သော်မှလည်းသော်၍ ရနိုင်ကုန်သော သင်းခွေပန်း၏ တင့်တယ်ခြင်းနှင့် တူသော အမှတ်တံဆိပ်ရှိကုန်သော ကြီးကျယ် မြင့်မြတ်သော အရဟတာ စသော ဂုဏ်တော်တို့သည် ထက်ဝန်းကျင် အရပ်တို့သို့ ပြန့်နှံ့ စီးသွားကြပါကုန်သည်ဘုရား။....''ဒြဝ''သဒ္ဒါသည်''အရည်''အနက်ကို ဟော၏။ ['' ဒြု , ပဿရဏေ- ယိုစီးခြင်း၌ '' ဓာတ်ကျမ်း။] အရည်ဟူသမျှ၏ သော်ခွက်ဖြင့်သော်၍ရကောင်းသော သဘောကို အရည်မဟုတ်သော အရဟတာ သမ္မာသမ္ဗုဒ္ဓတာ စသော ဂုဏ်တော်များ၌ တင်စား၍ ဖွဲ့စီထားသည်။[ ဧတ္ထ ဒြဝယုတ္တဂုဏာဘူတော စူဠကပုင္ခပေယျာဘာဝေါ ဒြာရဟိတေ ဂု ဏာ အာ ရာပိတော သမာဓိနာမ ဟောတိ။]

ဋီကာ။ ။သဗ္ဗုတ္တသိဒ္ဓကို ''သဗ္ဗကိစ္စပရိနိပ္ဖန္န'' ဟု ဖွင့်၍၊ အတ္တကို ''ကိစ္စ'' သိဒ္ဓကို ''ပရိနိပ္ဖန္န'' ဟု ဖွင့်ခြင်းတည်း၊ သဗ္ဗ+ အတ္ထာ သဗ္ဗတ္ထ ၊ သဗ္ဗတ္ထာ + သိဒ္ဓါ ယဿာတိ သဗ္ဗတ္ထသိဒ္ဓေါ၊ ဤအလို '' သဗ္ဗတ္ထသိဒ္ဓိ'' ဟု မရှိရ, ''သဗ္ဗတ္ထသိဒ္ဓ''ဟု ရှိစေရမည်၊ '' သိဒ္ဓတ္ထ '' ဟူသော နာမည်တော်ကိုပင်''သဗ္ဗတ္ထသိဒ္ဓ '' ဟု သုံးစွဲထားခြင်းတည်း။

စူဠကပုင္ခပေယျာ ။ ။ ပါတဗ္ဗာတိ ပေယျာ၊ စူဠကမေဝ+ ပုင်္ခံ စူဠကပုင်္ခံ၊ စူဠကပုင်္ခေန+ ပေယျာ စူဠကပုင္ခပေယျာ၊ ဤ၌ စူဠကကို ယောနိသယ၌''ရေတွင်း''ဟုပေး၏၊ စံကျောင်းနိသယ၌''ဥုးစွန်း''

www.dhammaransi.com



ကဏ္ဍုဓမ္မ သမာဓိပုံစံ

၁၅၇။ မာရာရိဗလ ဝိဿဋ္ဌာ, ကုဏ္ဍာ နာနာဝိဓာ·ယုဓာ၊
လဗ္ဘမာန·ညဝေသေန, ဇိနပါဒါ·နတာ တဝ။

၁၅၇။ ဇိန-အိုမြတ်စွာဘုရား၊....မာရာရိဗလ ဝိဿဋ္ဌာ-မာရ်နတ်မင်းတည်းဟူသော ရန်သူ၏စစ်သည်တော်တပ်သားတို့ ထပ်မနား ပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာ - အထူးထူးသော အပြားရှိ

× × × × × × ×

ဟု ပေး၏၊ ဤ၌ကား"အငယ်" ဟု ပေးလိုက်သည်၊ ထေဝမနိမိ၌ ပုဋ္ဌသဒ္ဒါ၏ အနက်များစွာတွင် " ဒုဋ္ဌါဒိပါနပတ္တ - နွားနို့ စသည်ကို သောက်ဘို့ရာခွက် " ဟု ပါ၏၊ သို့ဖြစ်လျှင် " စူဠကပုဋ္ဌ - ငယ်သော သောက်ခွက်" ဟုသာ အနက်ဖြစ်သင့်သည်၊ "သောံ" ဟူသည်လည်း ဂုဏ်တော်များကို အာရုံပြုခြင်းတည်း၊ ထိုသို့ အာရုံပြုရာ၌ ဂုဏ်တော်တို့က ကြီးကျယ်ချားပြားပါသော်လည်း စိတ်တည်းဟူသော ခွက်ငယ် ကလေးဖြင့် အာရုံပြုနိုင် သောက်နိုင်သည် - ဟူလို။ [ စူဠကပုဋ္ဌနှင့် မှဟာဂုဏာဝယ် စူဠက+မဟာ ၂ ပုဒ်တို့ တွဲထားပုံကို သတိပြုပါ။]

မဟာဂုဏာ။ ။အရဟတာစသော ဂုဏ်တော်များသည် အရေအတွက်များသောကြောင့်ရင်း, တန်ခိုးအာနုဘော် ကြီးသောကြောင့်ရင်း မဟန္တမည်၏၊ မဟန္တာစ+တေ+ဂုဏာစာတိ မဟာဂုဏာ၊ ထိုဂုဏ်တော်များ၏အရပ်၄ မျက်နှာနှင့်တကွ အထက်ဘဝဂ်တိုင်အောင် ပြန့်နှံ့ခြင်းကို "ဒိသာ သမန္တာ ဓာဝန္တိ" ဟု ဆိုသည်။

မုဟုတ္တံ တဏှာသမဏံ, ဒိရံ တွံ ပါယိတော မယာ၊
တယာ·ဟံ သန္တ·မစ္စန္တံ, ဓမ္မခီရ·မိ ပါယိတာ။

ဤ၌ သောက်၍ရကောင်းသော နို့၏သဘောကို သောက်၍ မရကောင်းသော တရား၌ တင်စား၏၊ ထို့ကြောင့် "အဒြဗ္ဗေ ဒြဝယုတ္တ သ" ဟူသော သမာဓိဂုဏ် ရောက်၏။ [ ရူပယုတ္တ၌ " ဒယာရသ " ဟူသည် ကရုဏာရေတည်း၊ ဤဒြဝ၌ကား ရေမှတပါးသော အရည်တည်း၊ ဤသို့ ကွဲပြားပုံကို သတိပြုပါ။]

www.dhammaransi.com



ကုန်သော၊ အာယုဓာ-လက်နက်တို့သည်၊ ကုဏ္ဌာ-မထက်လုံးလုံး တုံးကြကုန်သည်၊ ( ဟုတွာ- ဖြစ်၍၊ ဝါ-ဖြစ်သည့်အတွက်၊ ) လဇ္ဇမာနာ-ရှက်ကုန်သည်၊ (ဟုတွာ-ဖြစ်၍၊)အညဝေသေန- လက်နက်အသွင်မှတပါး ပန်းပွင့်အသွင်အားဖြင့်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပါဒါနတာ – ခြေတော်အစုံကို ခိုလှုံ ဦးတိုက်ကြပါကုန်သည် ဘုရား။

× × × × × × ×

၁၅၇။ မာရာရိတျာဒိ ။ ။ အို မြတ်စွာဘုရား ···· မာရ်နတ်၏ စစ်သည်တော်တပ်သားတို့ပစ်လွှတ်အပ်သော လက်နက်မျိုးစုံတို့သည် မထက်မြက်ကြ ( တုံးကြ ) ကုန်သည့် အတွက် ( တုံးနေကြောင်းကို သူတပါးတို့ သိမည်မှ ) ရှက်ကြကုန်သည်ဖြစ်၍ လက်နက် အသွင်ကို စွန့်ကာ ပန်းပွင့် အသွင်အားဖြင့် ရှင်တော်ဘုရား၏ ခြေတော်တို့၌ ဦးတိုက်လာကြပါသည် ဘုရား၊ .... ဤ ဂါထာ၌ ရှက်တတ်သော ကတ္တုသတ္တိ,အခြားအသွင်တမျိုး ပြောင်းလွဲတတ်သော ကတ္တုသတ္တိ, ခြေတော်၌ ဦးတိုက်တတ်သော ကတ္တုသတ္တိ မရှိသော လက်နက်များ၌ ထိုကတ္တုသတ္တိ ၃ မျိုးကို တင်စား၍ ဖွဲ့နွဲ့ စီကုံးထားသည်။ [ ဧတ္ထ ကတ္တုဓမ္မဘူတံ(ကတ္တား၏ သဘောဖြစ်၍ဖြစ်သော ) လဇ္ဇနံစ အညဝေသေန ပရိဝတ္တနံစ(အသွင်တမျိုး ပြောင်းခြင်းသည်ငှး)အဝနတဥ္စာတိ ဣမေ လဇ္ဇနာဒယော အကတ္တုဘူတေသု ဝိသယေသု(တည်ရာ လက်နက်တို့၌) အာရောပိတာ သမာဓယောနာမ ဟောန္တိ။]

စောဒိတာ ဒေဝဒူတေဟိ, ယေ ပမဇ္ဇန္တိ မာနဝါ၊
တေ ဒီယရတ္တံ သောစန္တိ , ဟီနကာယူပဂါ နရာ။

ဥပရိပဏ္ဏာသ လာ ဤဂါထာ၌ တိုက်တွန်းတတ်သော ကတ္တုသတ္တိမရှိသော သူအို, သူနာ, သူသေ, ကလေးတို့၌ တိုက်တွန်းတတ်သော နတ်တမန်တို့၏ ကတ္တားသဘောကို တင်စား၏၊ ထို့ကြောင့် ''အကတ္တရိပိ ကတ္တုတာ''ဟူသော သမာဓိဂုဏ်ရောက်၏။

www.dhammaransi.com



### ကဋ္ဌိနဓမ္မ သမာဓိပုံ

၁၅၀။ မုနိန္ဒဘာဏုမာ ကာလော-ဒိတော ဗောဓောဒယာစလေ၊
သဒ္ဓမ္မရံသိနာ ဘာတိ, ဘိန္ဒ-မန္ဓတမံ ပရံ။

၁၅၀။ ဗောဓောဒယာစလေ- သဗ္ဗညုတဉာဏ် တည်းဟူသော ဥဒည်တောင်ထိပ်၌၊ ကာလောဒိတော-မိုးသောက် အခါ၌ ထွက်တော်မူလာသော၊ မုနိန္ဒဘာဏုမာ- ဘုရားတည်းဟူသော နေမင်းသည်၊ သဒ္ဓမ္မရံသိနာ - သူတော်ကောင်း တရားတည်းဟူသော ရောင်ခြည်တော်ဖြင့်၊ အန္ဓတမံ - မောဟ တည်းဟူသော အမိုက်မှောင်ကို၊ ပရံ- လွန်စွာ၊ ဘိန္ဒ- ဖေါက်ခွဲလျက်၊ ဘာတိ-ထွန်းလင်းတောက်ပတော်မူ၏။

× × × × × × +

၁၅၀။ မုနိန္ဒဘာဏုမာတျာဒိ။ ။မောဟမှောင်သည် ဖေါက်ခွဲဘို့ရာ အစိုင်အခဲ မဟုတ်၊ ပရမတ္ထသဘော ဖြစ်သော အသရီရတည်း၊ အစိုင်အခဲ(တောင်-မြေစသည်)တို့၏ ဖေါက်ခွဲအပ်သော သဘောကို အသရီရ ဖြစ်သော မောဟမှောင်၌ တင်စားထားသည်၊ " ကုရုရံ ကဋ္ဌိနံ ဒဠှံ, နိဋ္ဌုရံ ကက္ခလံ ဘဝေ"အဘိဓာန် ( ၇၁၄ ) နှင့် အညီ ကဋ္ဌိနသဒ္ဒါသည် ခိုင်မာသော အရာ၀တ္ထု အနက်ကို ဟော၏။ [ ဓတ္တထဒ္ဓဓမ္မဘူတံ - ခိုင်မာသော သဘောရှိသော အရာ၀တ္ထု၏ သဘော ဖြစ်၍ ဖြစ်သော၊ ဘေဒနံ - ဖေါက်ခွဲခြင်းသည်၊ ၀ါ - ကို၊ အသရီရ ဘူတေ - အထည်ကိုယ် မဟုတ်သည်ဖြစ်၍ ဖြစ်သော၊ အန္ဓကာရေ- အမိုက်မှောင်၌၊ ဗုဒ္ဓိယာ အာရောပိတံ သမာဓိနာမ ဟောတိ။]

၀စနတ္ထ။ ။မုနိန္ဒော၀+ဘာဏုမာ မုနိန္ဒဘာဏုမာ(ပကတိနေ မဟုတ်၊ ဘုရားသာလျှင် ဖြစ်သော နေ၊ ဘုရား တည်းဟူသော နေ)၊ ကာလောဒိတော၌ ကာလအရကို " ရတ္တိက္ခယေ - ညဉ့်၏ ကုန်ရာ နံနက်စောစော အခါ၌ " ဟု၎င်း " မာရ ပရာဇိတသမယေ၀ါ- မာရ်နတ်ရှုံးရာ နေမ၀င်မီအခါ၌၎င်း"ဟု ၂ နည်း ဖွင့်၏၊ ကာလေ+ ဥဒိတောကာလောဒိတော၊ဗောဓောဒယာစလေ=ဗောဓိ+ဥဒယ+ အစလေ၊ ဗောဓိကို"သဗ္ဗညုတဉာဏ်" ဟု ဖွင့်၏၊ ဗောဓိယာ + ဥဒ ယော - ဗောဓောဒယော၊ သော၀ + အစလော ဗောဓောဒယာ စလော၊ ပကတိနေထွက်ရာ တောင်သည် ယုဂန္ဓိုရ်တောင်နှင့် ညီမျှ

www.dhammaransi.com



မုချမကောင်း, တင်စားမှကောင်း

၁၅၉။ ဝမန္တဂ္ဂိရဏာဒေ္ဗ·တံ, ဂုဏာဝုတျ·ပရိစ္စုတံ၊
အတိသုန္ဒရ·မညံ့ တု, ကာမံ ဝိန္ဒတိ ဂါမ္ဘတံ။

၁၅၉။ တေံဝမန္တဂ္ဂိရဏာဒိ-ဤဆိုအပ်လတ့်သော ပျို့အန်ခြင်း, လေတက်ခြင်း အစရှိသည်သည်၊ ဂုဏာဝုတျပရိစ္စုတံ-ဂုဏ်ဥပစာ၌ ဖြစ်ခြင်းသဘောမှ မရွေ့လျော့ပါမူကား၊ ဝါ-ဂုဏ်ဥပစာသဘော၌ တည်နေပါမူကား၊ အတိသုန္ဒရံ - အလွန်ကောင်း၏၊ အညံ့တု-ဂုဏ်ဥပစာမဟုတ် , မုချဖြစ်ပါမူကား၊ ကာမံ - စင်စစ်၊ ဂါမ္ဘတံ-ဂါမ္ဘ၏ အဖြစ်ကို၊ ဝါ-ဂါမ္ဘဒေါသကို၊ ဝိန္ဒတိ-ရ၏။

× × × × × × ×

သော အရေပ်တည်း၊ ထို နေထွက်တောင်ကဲ့သို့ သမ္ဗုဒ္ဓတဉာဏ်တော်လည်း ဘုရားတည်းဟူသောနေမင်း၏ ထွက်ပေါ်ရာ တောင်တော်ပင် ဖြစ်သည်။

သံသာရသောတံ ဆိန္ဒိတွာ, ဝိဋ္ဌံသေတွာ တယော ဘဝေ၊
ဓမ္မနာဝံ သမာရုယှ, သန္တာရေယျံ သဒေဝကံ။

ဤနေရာဝယ် အစိုင်အခဲဖြစ်သော တောင်စသောဝတ္ထု၌ရကောင်းသော ဖျက်ဆီးအပ်သော သဘောကို အစိုင်အခဲ မဟုတ်သော ဘဝ ၃ ပါးတို့၌ တင်စား၏၊ ထို့ကြောင့်"ကပ္ပိနဿာသရီရေပိ"ဟူသော သမာဓိဂုဏ် ရောက်၏။ ["သံသာရသောတံ ဆိန္ဒိတွာ"ကား ပကတိရေ၏ဖြတ်ကူးသွားကောင်းသောသဘောကို အရေမရကောင်းသော သံသရာ၌ တင်စားသောကြောင့် ရူပယုတ္တသမာဓိဂုဏ်ရောက်၏။]

---

၁၅၉။ ဝမန္တဂ္ဂိရဏာဒိ။ ။ဤပြခဲ့သော စကားအစဉ်ဖြင့်"ရူပံ တေသံ ကမာ သိယာ"ဟု ဝန်ခံခဲ့သည့်အတိုင်း သမာဓိပုံစံ ၆ မျိုးပြီးပေပြီ၊ ယခုအခါ၌ ထိုပြခဲ့သော ပါဌ်ဓမ္မစသည်တို့တွင် မုချမဟုတ်ဘဲ ဥပစာတင်စားလျှင် နှိုးမွမ်းဘွယ် ကောင်း၍, ဥပစာမလုပ်ဘဲ မုချအရာ၌ သုံးစွဲလျှင်မကောင်း ဟု ပြလိုသောကြောင့် " ဝမန္တဂ္ဂိရဏာဒိ " စသည်မိန့်၊ အာဒိဖြင့် ဝမ်းသက်ခြင်းကိုယူ။ [ ဇုဒါနိ ဇုမေသုယေဝ ပါဌ်ဓမ္မာဒိသု ကောစိဓမ္မော အမုချဝိသယေဝ ( မုချမဟုတ်သော ဥပစာအရာ၌သာ)ပယုတ္တော(ယှဉ်စပ်သုံးစွဲအပ်မူ)ပသတ္တော-

www.dhammaransi.com



## ဥပစာတင်စား၍ ကောင်းသောပုံစံ

၁၆၀။ ကန္တိံ ဝမနုဗျာဇာ , မုနိပါဒနခါဝဠိ၊
စန္ဒကန္တိ ပိဝန္တိဝ, နိပ္ပတံ တံ ကရောန္တိယော။

၁၆၀။ မုနိပါဒနခါဝဠိ - မြတ်စွာဘုရား၏ ခြေသည်းတော် အစဉ်တို့သည်၊ ( အတ္တနော - မိမိ၏၊ ) ကန္တိံ - နှစ်သက်စဘွယ် တင့်တယ်သော အရောင်တို့ကို၊ ဝမနုဗျာဇာ- ပျို့အန်ခြင်းဟူသော
× × × × × × ×
ချီးမွမ်းဘွယ် ကောင်း၏၊ မုချဝိသယေ ပယုတ္တော အပသတ္ထောတိ ဒဿေန္တော ဝမနုဂ္ဂိရဏာဒိ မာဟ။] ဝမနဥ- ပျို့အန်ခြင်းလည်း+ ဥဂ္ဂိရဏဥ-လေတက်ခြင်းလည်း၊ ဝမနုဂ္ဂိရဏာနိ- တို့၊ တာနိ+အာဒိ ယဿ ( ဝိရေစနဿ - ဝမ်းသက် ခြင်း၏၊ ) ဣတိ ဝမနုဂ္ဂိရဏာဒိ၊ ဂုဏော အပမာနော ( ဂုဏ်ဖြစ်သော = မပြဲ့ာန်းသော ) + ဝုတ္တိ- ဖြစ်ခြင်းတည်း၊ ဂုဏာဝုတ္တိ- ခြင်း၊ [ ဥပစာကိုပင် "ဂုဏ်"ဟု ဆိုသည်၊ ] တတော+အပရိစ္စုတံ - မခွေ့လျော့သော စကားတည်း၊ ဂုဏာဝုတျာ ပရိစ္စုတံ- စကား။

"ဂုဏ်ဟူသော ဖြစ်ခြင်းမှ မခွေ့" ဟူသည် ဂုဏ်ဥပစာအနက်၌ တည်ခြင်း- ဂုဏ်ဥပစာအနက်ကို ဟောခြင်းတည်း၊" တကယ် ပျို့အန် ခြင်း မဟုတ်ဘဲ တရားဟောခြင်းကို တရားတော်ကို ပျို့အန်ခြင်း " ဟု ဥပစာတင်စားလျှင် အလွန်ကောင်း၏၊"သမာဓိဂုဏ်ရောက်၏၊(ဂါမ္မ ဒေါသလွတ်၍ ) ကန္တိဂုဏ်လည်း ရောက်၏ " ဟူလို၊ အညံ့တု - ဂုဏ် (ဥပစာတင်စားအပ်သော)အနက်မှတပါး တကယ်ပျို့ခြင်း, တကယ် လေချဉ်တက်ခြင်း , တကယ် ဝမ်းလျှောခြင်း အနက်ကိုဟောသော ပုဒ်ဖြစ်လျှင်ကား ဧကန်ဂါမ္မဒေါသသင့်၏၊"မောင်ဖြူသည် အော့အန် နေ၏ " ဟု ဆိုလျှင် " မုချ အန်ခြင်းဖြစ်၍ ဂါမ္မဒေါသ သင့်သော ရိုင်းသောစကား ဖြစ်သည် " ဟူလို၊ မရိုင်းအောင် " မောင်ဖြူသည် အစာမကြေ၍ အထက်လှန်နေ၏ "စသည်ဖြင့် ပြောကြရသည်။

---

၁၆၀။ ကန္တိံ့တျာဒိ။ ။ဘုရားရှင်၏ ခြေသည်းတော် အစဉ် တို့သည် ဖြူဖွေးသော အရောင်တို့ကို အန်ထုတ်လိုက်သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် အန်ထွက်လာသော ထိုခြေသည်းတော် အရောင်တို့သည်

www.dhammaransi.com



အမြွက်အားဖြင့်၊ ဝါ- ပျို့အန်သည့်အနေအားဖြင့်၊ တံ-ထိုလမင်းကို၊ နိပ္ပဘံ အရောင်မရှိသည်ကို၊ ကရောန္တိယော – ပြုကုန်လျက်၊ စန္ဒကန္တိ-လရောင်တို့ကို၊ ပိဝန္တိ ဝ-သောက်ကုန်သကဲ့သို့ဖြစ်ပါကုန်၏။

× × × × × × ×

လကို အရောင်ကင်းအောင် ပြုကုန်သည့်အတွက် လရောင်တို့ကို ( ခြေသည်းတော် ရောင်တို့က ) သောက်မျိုလိုက်သကဲ့သို့ ထင်ရပါကုန်၏၊ "ဘုရားရှင်၏ ခြေသည်းတော်ရောင် ထွက်လာသောအခါ လရောင်ပျောက်သွားသဖြင့် ခြေသည်းတော်ရောင်က လရောင်ကို သောက်မျိုလိုက်သကဲ့သို့ ထင်ရသည်"ဟူလို။

ဝမနဗျာဇော။ ။ "ဥဂ္ဂိရဏာ လေသေန"ဟု ဋီကာဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် ဗျာဇသည် "လေသ" အနက်ဟော၊ ဇာ၌ အာသည် နာဝိဘတ်၏ ကာရိယ ဟု သိစေ၏၊ "လေသ- အမြွက်" ဟူသည်လည်း ပုံဟန်ဆောင်ခြင်းတည်း၊ "ခြေသည်းတော်တို့မှ အရောင်ထွက်လာခြင်းသည် ခြေသည်းတော်တို့က အရောင်ကို အန်ထုတ်လိုက်ခြင်းနှင့် ပုံသဏ္ဌာန်တူသည်"ဟူလို။

မှတ်ချက်။ ။ဤဂါထာသည် အန်တတ်သောကတ္တုသတ္တိသဘော မရှိဘဲ ကတ္တုသတ္တိသဘောရှိသကဲ့သို့ တင်စားထားသော ကတ္တုဓမ္မသမာဓိပုံစံပြတည်း၊ ထိုသို့ကတ္တုဓမ္မသမာဓိပုံစံဖြစ်သော်လည်း ဝမန (ပျို့အန်ခြင်း)ကို တကယ်အန်ခြင်းအရာ၌ မသုံးဘဲ ဂုဏ်ဥပစာအရာ၌ သုံးစွဲထားခြင်းကြောင့် ဂါမ္မဒေါသ မရောက်ကြောင်း– သမာဓိဂုဏ်ကန္တိဂုဏ်ရောက်ကြောင်းပြလို၍ ထပ်မံထုတ်ပြသည်။

ဝမနံ ပဋိပန္နာနံ, ဖလင္ဂနံ ဝိရေစနံ၊
ဩသဓံ ဖလလာဘီနံ, ပုညခေတ္တံ ဂဝေသိနံ။

ပဋိပန္နာနံ–မဂ်၌တည်သော ပုဂ္ဂိုလ်တို့၏၊ ဝမနံ–ကိလေသာကို ထွေးအန်ခြင်းသည်၊ ဟောတိ– ဖြစ်၏၊ ဖလင္ဂနံ–ဖိုလ်၌တည်ကုန်သော ပုဂ္ဂိုလ်တို့၏၊ ဝိရေစနံ–ကိလေသာဝမ်းလျှောခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဖလ လာဘီနံ–အကျိုးကို ရလိုကုန်သည်ဖြစ်၍၊ ပုညခေတ္တံ- ကောင်းမှု၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသံဃာကို၊ ဂဝေသိနံ-ရှာကုန်သောသူတို့၏၊ ဩသဓံ-ဆေးသည်၊ ဝါ- တရားဆေးကို သောက်ခြင်းသည်၊ ဟောတိ- ဖြစ်၏။ [ဤဂါထာ၌လည်း အန်ခြင်းဝမ်းလျှောခြင်းတို့မှာ တကယ်မဟုတ်၊ ဥပစာမျှသာဖြစ်၍ ဂါမ္မဒေါသ မရောက်၊ သမာဓိဂုဏ်ရောက်၏။ ]

www.dhammaransi.com



ရှေ့နိဂုံးနှင့် နောက်နိဒါန်း

၁၆၁။ အစိတ္တကတ္တုကံ ရူပ္ပံ-မိဒ္ဓေ၀ံ ဂုဏကမ္မ တံ၊
သစိတ္တကတ္တုကမ္မေတံ , ဂုဏကမ္မံ ယဒုတ္တမံ။

၁၆၁။ ဣဓ္ဓေ၀ံ - ဤ ရှေ့ဂါထာ၌ ဆိုအပ်ပြီးသော နည်းဖြင့်၊ အစိတ္တကတ္တုကံ - စိတ်မရှိသော ကတ္တားရှိသော၊ ဂုဏကမ္မံ- ဂုဏ် ဥပစာဖြစ်သော ကံရှိသော၊ တံ - ထို ပုဒ်အနိုခြင်း ကြိယာကို၊ ရူပံ- နှစ်သက်အပ်၏၊ ဝါ-နှစ်သက်ဘွယ်ကောင်း၏၊ ဧတံ- ဤပုဒ်အနိုခြင်း အစရှိသည်သည်၊ သစိတ္တကတ္တုကံ - စိတ်ရှိသော ကတ္တားရှိသည်၊ (သမာနံ )ပိ - ဖြစ်ပါသော်လည်း၊ ဂုဏကမ္မံ-ဂုဏ်ဥပစာဖြစ်သော ကံရှိသည်၊ ယဒိဟောတိ- အကယ်၍ဖြစ်အံ့၊ ဧ၀ံသတိ - ဤသို့ဖြစ်လ သော်၊ ဥတ္တမံ-ကောင်းမြတ်သေး၏။[ယဒိ+ဥတ္တမံ-ယဒုတ္တမံ။]

× × × × × × ×

၁၆၁။ အစိတ္တကတ္တုကံ တျာဒိ ။ ။ အစိတ္တကတ္တားရှိ၍ ဂုဏ် ဥပစာဟူသော ကံရှိသော ထို၀မနစသည်သည် နှစ်သက်အပ်၏၊ ဝါ- ကောင်းမြတ်၏၊ [ ဤ ၂ ပါဒဖြင့် ရှေ့ဂါထာအတွက် နိဂုံးကို ပြ၏။] သစိတ္တကတ္တား ရှိသော်ငြားလည်း ဂုဏ်ဥပစာဟူသော ကံရှိလျှင် ထို ၀မနစသည်သည် ကောင်းမြတ်သည်ပင်ဖြစ်၏၊ [ဤ ၂ပါဒဖြင့် နောက် ဂါထာအတွက် အချီနိဒါန်းကို ပြ၏။]

၀စနတ္ထ ။ ။ မုနိပါဒ နခါ၀ဠီသည် ကတ္တားတည်း၊ ဘုရားရှင်၏ ထိုခြေသည်းတော် အစဉ်တို့သည် စိတ်မဟုတ်ကြ ( ၀ါ-စိတ်နှင့် မယှဉ် ကြ )၊ ထို့ကြောင့် အစိတ္တကတ္တားမည်၏၊ '' နတ္ထိ + စိတ္တံ ယဿာတိ အစိတ္တော၊ အစိတ္တော+ကတ္တာ ယဿ ( ၀မနာဒိကဿ )တိ အစိတ္တ ကတ္တုကံ= စိတ်မရှိသော ကတ္တားရှိသော ပုဒ်အနိုခြင်းစသည်၊ ရုစိတဗ္ဗံ တိ ရူပံ၊ ရုစဓာတ်+ဏျပစ္စည်း၊ ဂုဏော+ ကမ္မံ+ယဿာတိ ဂုဏကမ္မံ ( ၀မနာဒိကံ )၊ [''ဂုဏကမ္မံ''ဟု ဆိုလိုလျက် ဆန်းကြောင့် နိဂ္ဂဟိတ် ကြေ၊ ] ဣဓ္ဓေ၀ံ ဣတိ ဣမိနာ ပကာရေန အစိတ္တကတ္တုကံ နခါ၀ဠိ သင်္ခါတ အစိညာဏကကတ္တု၀န္တံ , ဂုဏကမ္မံ- နခကန္တိသင်္ခါတ အပ္ပ ဓာန ကမ္မ၀န္တံ, ၀မနာဒိကံ ရူပံ၊ ရစနာယ ဥစိတတ္တာ ( အဖွဲ့အနွဲ့ အား သင့်လျော်သည်၏အဖြစ်ကြောင့် ) ရုစိဇနကံ ဟောတိ၊ [ဥပစာ ကိုပင် ''အပဓာန''ဟုဒင်း, ''ဂုဏ် ''ဟုဒင်း ဆိုထားသည်။]

www.dhammaransi.com



**သစိတ္တကတ္တုကမှုံစံ**

၁၆၂။ ဥဂ္ဂိရန္တော၀ သ သ္နေဟ-ရသံ ဇိန၀ရော ဇနေ၊
ဘာသန္တော မဓုရံ ဓမ္မံ, ကံ နသမ္ပီဏယေ ဇနံ။

၁၆၂။ သ (သော) ဇိန၀ရော-ထိုမြတ်စွာဘုရားသည်၊ ဇနေ-သတ္တာအပေါင်း၌၊ သ္နေဟရသံ - မေတ္တာသက်ဝင် , ချစ်ခင်ခြင်းဟူသော အရည်ကို၊ ဥဂ္ဂိရန္တော၀-အန်ထုတ်သကဲ့သို့၊ မဓုရံ-ချိုဆိမ့်ကောင်းမြတ်သော၊ ဓမ္မံ-တရားတော်ကို၊ဘာသန္တော-ဟောတော်မူလသော်၊ ကံ ဇနံ- အဘယ်မည်သူ, နတ်နှင့်လူကို၊ န သမ္ပီဏယေ-မနှစ်သက်စေနိုင်ဘဲ ရှိအံ့နည်း၊ (သမ္ပီဏယေ၀ - နှစ်သက်စေနိုင်သည်သာ။)

× × × × × × ×

သစိတ္တကတ္တုကမ္ဘိ။ ။ပိသဒ္ဒါသည် ဂရုဟာဇောတက"အစိတ္တကတ္တုက မဟုတ်ဘဲ သစိတ္တကတ္တုက ဖြစ်သော်လည်း" ဟု ကတ္တား၏ သစိတ္တက ဖြစ်ခြင်းကို ကဲ့ရဲ့ ရှုတ်ချသည်၊ စိတ်ရှိသော ကတ္တားပင် ဖြစ်သော်လည်း ကံက ဂုဏ်အပမာနဖြစ်သော ( ဥပစာတင်စားအပ်သော )ကံဖြစ်လျှင် ဥတ္တမ-ကောင်းမြတ်သည်ပင် ဖြစ်သည်-ဟူလို။[ဇော် ၀မနာဒိကံ သစိတ္တကတ္တုကမ္ဘိ သဝိညာဏကကတ္တု၀န္တံပိ ယဒိ ဂုဏကမ္မံ အမုချကမ္မံ စေ၊ ဥတ္တမံ ဝိသိဋ္ဌမေ၀ ( ထူးခြား ကောင်းမြတ်သည်သာ။)]

၁၆၂။ ဥဂ္ဂိရန္တော၀ တျာဒိ။ ။ သတ္တာအပေါင်း၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်းဟူသောရေကို အန်ထုတ်လိုက်သကဲ့သို့ စ-လယ်-အဆုံး ၃ ပါးလုံး ကောင်းခြင်းရှိသော တရားတော်ကို ဟောတော်မူသော ထိုမြတ်စွာဘုရားသည် , အဘယ်မည်သူ နတ်နှင့်လူကို မနှစ်သက်စေဘဲ ရှိတော်မူအံ့နည်း၊ ကေန်နှစ်သက်စေတော် မူမည်သာ။

တင်စားပုံ။ ။ဤဂါထာ၌ အရည်၏ အန်ထုတ်ထိုက်သော ရူပယုတ္တသဘောကို အရည်မဟုတ်သော မေတ္တာတော်၌ တင်စားထားသည်၊ ထိုသို့ တင်စားရာ၌ ကတ္တားပုဒ်သည် " သောဇိနော" တည်း၊ ထိုကတ္တားသည် စိတ်ရှိသော ကတ္တားတည်း၊ ကံကား"သ္နေဟရသံ" တည်း၊ ထိုကံသည် သက်ရှိ မဟုတ်သော အစိတ္တတည်း၊ အရည်အစစ်

www.dhammaransi.com



မဟုတ်ဘဲ တင်စားအပ်သော မေတ္တာရည်ဖြစ်၍ ဂုဏ ( ဂုဏ်ဥပစာလည်း ) ဖြစ်၏၊ ထို့ကြောင့် '' အဝိတ္တကတ္တုကံ ပေတံ - ဂုဏ ကမ္မံ ဥတ္တမံ '' ဟု ဆိုခဲ့သည့်အတိုင်း ကောင်းမြတ်သည်သာ၊ '' ဥဂ္ဂိရဏ-အန်ထုတ် ''ဟု ဆိုသော်လည်း ''တကယ်ပျို့အန်ခြင်း မဟုတ်, တရားတော်ကို ပျို့အန်ခြင်းဖြစ်သောကြောင့် ဂါမ္ဘဒေါသမရောက်, သမာဓိဂုဏ် ကန္တိဂုဏ် ရောက်သည်''ဟူလို။ [ဩ ဥဂ္ဂိရဏံ ဇိနဝရသဒ်ါတ သစိတ္တကတ္တုဝန္တမ္ပိ သ္နေဟရသသဒ်ါတအမုချကမ္မယုတ္တတ္တာ ( မုချ မဟုတ်သော ဥပစာဖြစ်သော ကံနှင့် ယှဉ်သောကြောင့် ) ပသတ္ထံ ဟောတိ။]

ဋီကာ။ ။သော ဇိနဝရော၊ သကို သောဟု ဖွင့်၊ ဇနေ-သကလသတ္တနိကာယေ၊ သ္နေဟရသံ - အတ္တနော ပေမသဒ်ါတ အနုရာဂံ၊ သ္နေဟကို ''ပေမ-ချစ်ခင်ခြင်း ( မေတ္တာ )'' ဟု ဖွင့်၍ ရသံကို '' အနုရာဂံ - အဖန်ဖန် တပ်မက်ခြင်းကို '' ဟု ဖွင့်၏၊ သို့သော် ဘုရားရှင်၏ '' ပေမ '' ဟူသည် တဏှာပေမမဟုတ်၊ မေတ္တာပေမတည်း၊ ရသံကို အနုရာဂံဖွင့်ခြင်းကား သင့်မည်မထင်၊ ထို့ကြောင့်''ဒယာရသေသု''ဟု တင်စားခဲ့သလို ဤ၌ မေတ္တာ(သ္နေဟ)ကို ရသ(ရေ)ဟု တင်စားထားသည်ဟု ကြံ။[သ္နေဟောဝေ+ရသော သ္နေဟရသော၊''သိနေဟော'' ပုဒ်မှ ဣကိုချေ, သကို နေသို့ ကပ်ထားသောကြောင့် ''သနေဟော'' ဟု ဖတ်။]

ခန္တာယတနဓာတာဒိ, ဓမ္မဘေဒါ မဟေသိနာ၊
ကဏှာသုက္ကာ ယတော ဝန္တာ, တတောပိ ဘဂဝါ ဇိနော။

ဤ၌ မဟေသိနာ - ဟု သစိတ္တကတ္တားပင် ဖြစ်သော်လည်း ကံက ကဏှာသုက္ကာ (အမဲအဖြူ )ဟု တင်စားအပ်သော ဓမ္မဘေဒ အစိတ္တကကံဖြစ်၍ သမာဓိဂုဏ် ရောက်၏။

---

ကျမ်းဦးဂါထာ။ ။ဤနေရာဝယ် ''မုနိန္ဒဝဒနမ္ဘောဇ'' စသော ဝန္ဒာရမ္ဘဂါထာ၌ ရထိုက်သော သဒ္ဒါလင်္ကာရများကို ပြန်၍ စိစစ်သင့်၏၊ ( ၁ ) စပ်သင့်သောပုဒ်များကို နီးကပ်စွာထားခြင်း , အနက်လည်း ထင်ရှားခြင်းကြောင့် ပသာဒဂုဏ်ရော်၏၊ ( ၂ ) '' မုနိန္ဒ ၊ပေ၊

www.dhammaransi.com



သုန္ဒရီ ” ဟု ၂ ပါဒလုံးမှ အဆင့်ဆင့် တွဲရသော သမာသ်ရှည်ကြီး တပုဒ်ထည်းကို စီကုံးထားသဖြင့် ဩဇဂုဏ်ရောက်၏၊ (၃) “ မုနိန္ဒ+ ဝဒန+အမ္ဗောဇ,ဂဗ္ဘ+သမ္ဘဝ+သုန္ဒရီ”စသည်ဖြင့် ဌာန်တူအက္ခရာ နီးကပ်စွာ ပါရှိသောကြောင့် ပဒါသတ္တိ မဓုရတာဂုဏ်ရောက်၏၊(၄) ဓနိတအက္ခရာ၃ လုံးသာပါသောကြောင့် မုဒုသမတာဂုဏ် ရောက်၏၊ (၅)ကြမ်းတန်းသောအက္ခရာ များစွာ မပါသောကြောင့် သုခုမာလ တာဂုဏ် ရောက်၏၊ ( ၆ ) ဓနိတအက္ခရာ ၃ လုံးဟူသော ဗန္ဓဂါရဝ အက္ခရာပါသောကြောင့် သိလေသဂုဏ် ရောက်၏၊(၇)တရားတော်၏ လွန်ကဲသောဂုဏ်ကိုပြသောကြောင့် ဥဒါရဂုဏ်ရောက်၏၊(၈) လောကိ ယတ္ထကို မလွန်ဘဲ လူအများ နှစ်သက်ဘွယ် ကောင်းသောကြောင့် ကန္တိဂုဏ် ရောက်၏၊ ( ၉ ) အနက်ထင်ရှားသောကြောင့် အတ္ထဗျတ္တိ ဂုဏ် ရောက်၏၊ ( ၁၀ ) သရဿတီ နတ်သမီးတည်းဟူသော ပါဠိ၏ သဘောကို တရားတော်အပါဌ်၌ တင်စားထားသောကြောင့် သမာ ဓိဂုဏ်ရောက်၏၊ ဤသို့လျှင် မုနိန္ဒဝဒနမ္ဗောဇ - စသောဂါထာသည် သဒ္ဒါလင်္ကာရဂုဏ် ၁၀ ပါးလုံး စုံအောင် ဖွဲ့စီအပ်သော ဂါထာ ဖြစ်သည်၊လာလတ့ံသော ရူပကစသောအတ္ထာလင်္ကာတို့ဖြင့် တန်ဆာ ဆင်အပ်သော ဂါထာလည်းဖြစ်၏။

သတိပြုဘွယ်။ ။ဂါထာစီသောအခါ မည်သူမဆို ဤသဒ္ဒဂုဏ် စုံနိုင်သမျှစုံအောင် စီကုံးသင့်၏၊ ထိုသို့ စီကုံးနိုင်အောင်လည်း အဘိ ဓာန်လာ ပရိယာယ်ပုဒ်များကို လဲလှယ် ထည့်သွင်းလေ့ရှိရ၏၊ သဒ္ဒါ နည်းလည်း လက်မလွှတ်စေရ၊ သဒ္ဒါနည်းပျက်လျှင် အလင်္ကာနည်း ဆန်းနည်းမှန်သော်လည်း နားလည်သောပုဂ္ဂိုလ်များ၏ အထင်သေး မှုကို ခံရမည်သာ၊ ထိုဂုဏ်များနှင့် သဒ္ဒါများကို သတိထားရသည့်ပြင် မြန်မာလို တေးထပ်စပ်နည်း ဒွေးချိုးချနည်း စသည်ကိုပါ ထည့်နိုင် သမျှ ထည့်၍ စီကုံးနိုင်လျှင် သာ၍ ရွတ်ကောင်းသော ဂါထာဖြစ်နိုင် ပါသည်၊ ဂါထာဆိုသည်မှာ ပါဠိဂီတတမျိုးပင် ဖြစ်ရကား အရေး ကောင်းသူ၏ ဂါထာကို အရွတ်ကောင်းသူ ရွတ်လျှင် နားထောင်၍ မငြီးနိုင်အောင် ကန္တိဂုဏ်ကို ဆောင်ပါသည်။

www.dhammaransi.com



ဤကျမ်း လေ့လာသူကို အားတက်စေခြင်း

၁၆၃။ ယော သဒ္ဒသတ္ထကုသလော ကုသလော နိဃဏ္ဍု-
ဆန္ဒောအလင်္ကတိသု နိစ္စကတာ·ဘိယောဂေါ၊
သော·ယံ ကဝိတ္တဝိကလောပိ ကဝီသု သင်္ချံ,
မောဂ္ဂယှ ဝိန္ဒတိ ဟိ ကိတ္တိ·မမန္ဒရူပံ။

၁၆၃။ ယော - အကြင်ပုဂ္ဂိုလ်သည်၊ သဒ္ဒသတ္ထ ကုသလော-ဗျာကရိုဏ်း သဒ္ဒါကျမ်း၌ ကျွမ်းကျင် တတ်မြောက်၏၊ နိဃဏ္ဍု ဆန္ဒော အလင်္ကတိသု-နိဃဏ္ဍုဟု ခေါ်အပ်သော အဘိဓာန်ကျမ်း, ဆန်းကျမ်း,အလင်္ကာကျမ်းတို့၌၊ ကုသလော-ကျွမ်းကျင်တတ်မြောက်၏၊ နိစ္စကတာ·ဘိယောဂေါ - အမြဲမပြတ် ပြုအပ်သော အားထုတ်လေ့လာခြင်းရှိ၏၊ သော အယံ - ထိုကဲ့သို့သော ဤပုဂ္ဂိုလ်သည်၊ ကဝိတ္တ ဝိကလောပိ-ကဝိ၏ ဖြစ်ကြောင်းဖြစ်ရာ ကျမ်းစာရေးခြင်း, ပျို့ကဗျာစီကုံးခြင်းမှ ချို့တဲ့ပါသော်လည်း၊ ကဝီသု-ကဗျာတတ်သိပညာရှိတို့၌၊ သင်္ချံ-ရေတွက်ခြင်းသို့၊ ဩဂ္ဂယှ- သက်ဝင်၍၊ အမန္ဒရူပံ-မနည်းသော သဘောရှိသော၊ ဝါ - ကြီးကျယ်သော သဘောရှိသော၊ ကိတ္တိံ - ကျော်စောခြင်းကို၊ ဝိန္ဒတိ ဟိ - ရနိုင်တော့သည်သာ။ [ဝသန္တတိလကာ ဂါထာဖြစ်သည်။]

ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ ဂုဏာဝဗောဓနာမ တတိယော ပရိစ္ဆေဒေါ။ ။ သံဃရက္ခိတ မဟာသာမိ ဝိရစိတေ - သော၊ သုဗောဓာလင်္ကာရေ - ၌၊ ဂုဏာ ဝဗောဓနာမ - ဂုဏ်တို့ကို သိရာသိကြောင်း၏ အဖြစ်ကြောင့် ဂုဏာဝဗောဓမည်သော၊ တတိယော-သော၊ ပရိစ္ဆေဒေါ- သည်၊ ဣတိ-ပြီးပြီ။

× × × × × × ×

၁၆၃။ ယော သဒ္ဒသတ္ထိစ္စာဒိ။ ။ "အကြင်ပုဂ္ဂိုလ်သည် သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့၌ တတ်ကျွမ်း၏၊ တတ်ကျွမ်းရုံမက (နိစ္စကတာဘိယောဂ) ထိုကျမ်းတို့ကို အမြဲအစွဲလည်း ကြိုးစားအားထုတ်၏၊ထိုပုဂ္ဂိုလ်သည် ပျို့ကဗျာ ဂါထာလင်္ကာတို့ကို စီကုံးခြင်းဟူသော ကဝိတ္တ(ကဝိဂုဏ်)မရှိသော်လည်း ကဝိတို့ကို

www.dhammaransi.com



ရေတွက်ရာတွင် ပါဝင်နိုင်၍ ကြီးကျယ်သော ကျော်စောခြင်းကို ရနိုင်ပါသည်”ဟု ဤအလင်္ကာကျမ်းလေ့လာအားထုတ်သူတို့ကိုအားတက်စေသော ဂါထာတည်း၊ ဤဂါထာဖြင့် “အလင်္ကာကျမ်းကို ကြိုးပမ်းလေ့လာကြပါ” ဟု လည်း တိုက်တွန်းရာရောက်သည်။

ဋီကာ။ ။ ဂန္ထန္တရာဟိတ ဝါသနာယ - ကျမ်းဂန်အမျိုးမျိုး၌ထားအပ်သော ရှေးဝါသနာ အထုံပါခြင်းသည်၎င်း၊ တဒနုဗန္ဓ ပဋိဘာနေစ - ထိုဂန္ထန္တရသို့ အစဉ်လိုက်သော ဉာဏ်သည်၎င်း၊ အဝိဇ္ဇမာနေပိ - မရှိသော်လည်း၊ သုတေန - ကြားနာမှတ်သား သုတများခြင်းကြောင့်၎င်း၊ အဘိယောဂ ဗလေန - ကြိုးစားအားထုတ်ခြင်း၏အစွမ်းကြောင့်၎င်း၊ ကဝိတာ- ကဝိ၏ဖြစ်ကြောင်း ( ပျို့ကဗျာ ဂါထာဗန္ဓ ) စီကုံးနိုင်မှုကို၎င်း၊ တဒနုဂတာ - ထိုဂုဏ်သို့ အစဉ်လိုက်သော၊ ကိတ္တိံစ - ကျော်စောခြင်းကို၎င်း၊ သမုပလဗ္ဘတိ - ကောင်းစွာရအပ်ရနိုင်၏၊ ဣတိ-ဤအဓိပ္ပါယ်ကိုပြလျက်၊ ယော ဣစ္စာဒိနာ - “ ယော သဒ္ဒသတ္ထကုသလော” အစရှိသော ဂါထာဖြင့်၊ သမုဿာဟယတိ-အားတက်စေ၏။

ဝစနတ္ထ။ ။ဝစနီယ ဝါစကဘာဝေန- ဟောအပ်သော အနက်, ဟောတတ်သော သဒ္ဒါ၏ အဖြစ်ဖြင့်၊ အတ္ထံ သဒ္ဒံစ ( အနက်, သဒ္ဒါကို၎င်း ) နိခဏ္ဍတိ ဘိန္ဒတိ - ခွဲခြားတတ်၏၊ ( ဝိဘဇိတွာ ဒဿေတိ- ခွဲခြားဝေဘန်၍ ပြတတ်၏ - ဟူလို၊ ) ဣတိ နိခဏ္ဍု၊ သောဧဝ ဣစ ခကာရဿ ယကာရံ ကတွာ နိယဏ္ဍု ုတိ ဝုစ္စော၊ သီလက္ခန်-အမွန္ဒ သုတ် ဋီကာ၊ ) အဘိဓာန် ကျမ်းကိုပင် ဆိုလိုသည်၊ ကတော + အဘိယောဂေါ (အလွန်အားထုတ်ခြင်း) ယေနာတိ ကတာဘိယောဂေါ။

ကဝိတ္တဝိကလော။ ။“ကဝီနံ+ဘာဝေါ ကဝိတ္တံ=ကဝိ ဟု (လူအများ )သိကြောင်း, ကဝိသဒ္ဒါ၏ဖြစ်ကြောင်း ” ဟူသည် ပျို့ကဗျာ ဂါထာတို့ကို စီကုံး ရေးသားခြင်းတည်း၊ ကဝိတ္တတော + ဝိကလော ကဝိတ္တဝိကလော၊ အမန္ဒ(မနည်းသော၊ ဝါ- ကြီးကျယ်သော)+ရူပံ ( သဘော ) ယဿာတိ အမန္ဒရူပါ (ကိတ္တိ၊) ကိတ္တိကို “ ပရိသုဒ္ဓ ဗန္ဓ ရစနာလက္ခဏံ - သန့်ရှင်းစွာ ဖွဲ့စီခြင်း လက္ခဏာရှိသော ၊တပ္ပဘာဝံ-ထို ရေးသား စီကုံးနိုင်ခြင်းလျှင် အစအမွန်ရှိသော၊ ချာတံ- ထင်ရှား

www.dhammaransi.com



ကျော်စောခြင်းကို ''ဟု ဖွင့်သည်၊ ထိုအဖွင့်များကို ကောက်ချက်ချလိုက်လျှင် ''ကဝိတ္တဝိကလ- ပျို့ကဗျာ ဂါထာ ကျမ်းစာ မရေးသော်လည်း ရေးမည်ဆိုက ရေးနိုင်လောက်ပါသည်'' ဟု အဓိပ္ပါယ်ရသည်။

**စဉ်းစားဘွယ်။** ။ ဤဂါထာဖြင့် အရှင် သံဃရက္ခိတထေရ်သည် သဒ္ဒါစသော ၄ ကျမ်းကို ကြိုးပမ်း အားထုတ်ချင်လာအောင် အကျိုးပယောဇဉ်ကိုပြထား၏၊ ယခုအခါ ပဌမကြီးတန်းကို ဝင်ရောက်ဖြေဆိုကြသူ အားလုံးပင် ဤ ၄ ကျမ်းကို အထူးကြိုးစားအောင် ရှေးဆရာတို့လည်း ပြဋ္ဌာန်းထားခဲ့ကြ၏၊ ထို့ကြောင့်လည်း ထို ၄ ကျမ်းလုံး၌ အထိုက်အလိုက် ကျွမ်းကျင်သူများပေါ်ထွက်ခဲ့၏၊ သို့သော် ထိုပုဂ္ဂိုလ်ထည်းမှ (အရှင်သံဃရက္ခိတထေရ် မြွှော်မှန်းသလို) ကဗျာဗန္ဓဂါထာများကို ပိုင်နိုင်စွာ စီကုံးတတ်သူကား အများအပြား မပေါ်ထွက်ပါ၊ အမှန်အားဖြင့်ကား—ထို ၄ကျမ်းကို တတ်မြောက်သည့်အပြင် ပင်ကိုယ်ဉာဏ်လည်းပါဦးမှသာ ပျို့ကဗျာ ဂါထာဗန္ဓတို့ကို စီကုံးနိုင်ပါသည်၊ ထို့ကြောင့်—

''သဘာဝိကီစ ပဋိဘာ, သုတဥ္စ ဗဟုနိမ္မလံ၊
အမန္ဒောစာဘိယောဂေါ·ယံ, ဟေတု ဟောတိ·ဟ ဗန္ဓနေ''

ဟု '' သဘာဝိကီ ပဋိဘာ '' ကို အပိုစွက်၍ ဋီကာသစ် မိန့်မြွက်လေသည်။ [သဘာဝိကီ- ပင်ကိုယ်အလေ့ ပြကတေ့သဘောအားဖြင့် ဖြစ်လာသော၊ ဝါ- ပဋိသန္ဓေ, တည်နေသည်က, စ၍ ပါလာသော၊ ပဋိဘာစ - ထိုထိုအမှု, ကိစ္စစု၌, ရှေးရှုထင်လာ, ဉာဏ်ပညာသည်၎င်း၊ ဗဟုနိမ္မလံ- အလွန်များစွာ, ဖြာဖြာညစ်အကြေး, မှုချေးကင်းသော၊ သုတဥ္စ - ကျမ်းဂန် အရပ်ရပ်, နှံ့စပ် စုံစွာ , သုတမင်္ဂလာ သည်၎င်း၊ အမန္ဒော အဘိယောဂေါစ - မနည်းကြိုးကုတ် အားထုတ်ခြင်းသည်၎င်း၊အယံ-ဆိုအပ်ခဲ့ပြီး ဤ ၃ပါးသည်၊ဣဟ-ဤလောက၌၊ဗန္ဓနေ- ပါဠိ ဂါထာ, ပျို့ကဗျာကို , သာယာ ဖွဲ့နှုန်း, စီကုံးခြင်း၌၊ ဟေတု ဟောတိ-ဖြစ်မြောက်ခြင်း၏, ကြောင်းအရာ ဟု, ကောင်းစွာ မသွေ, ဖြစ်ပါပေ၏။]

ဂုဏာဝဗောဓ (တတိယပိုင်း )
အဖွင့် ပြီး၏။

www.dhammaransi.com



## အတ္ထာလင်္ကာရဝဘောဓအခန်း

စကားချီ—ပဋိညာဉ်

၁၆၄။ အတ္ထာလင်္ကာရ သဟိတာ, သဂုဏာ ဗန္ဓပဒ္ဓတိ၊
ယတော အစ္စန္တကန္တာဝ, ဝုစ္စန္တေ တေ တတောဓုနာ။

၁၆၄။ ယတော - အကြင့်ကြောင့်၊ သဂုဏာ - သဒ္ဒါလင်္ကာရ ဂုဏ်နှင့် တကွဖြစ်သော၊ ဗန္ဓပဒ္ဓတိ- အဖွဲ့အစဉ်ကို၊ အတ္ထာလင်္ကာရ သဟိတာ- အတ္ထာလင်္ကာရနှင့်တကွ ဖြစ်သည်၊ (သမာနာ- ဖြစ်ပါမူကား၊ ကန္တာဝ-ပင်ကိုယ်ဂုဏ်အပြင်,တန်ဆာဆင်၍,ရှုမြင်မငြီး, အမျိုးသွီးကိုကဲ့သို့၊ ) အစ္စန္တကန္တာ - အလွန်နှစ်သက်အပ်၏၊ ဝါ- အလွန်နှစ်သက်ဘွယ်ကောင်း၏၊ တတော - ထို့ကြောင့်၊ အဓုနာ- ယခုအခါ၌၊ တေ-ထိုအတ္ထာလင်္ကာရတို့ကို၊ဝုစ္စန္တေ-ဆိုအပ်ကုန်၏၊ ဝါ- ဆိုအပ်ကုန်တော့လတံ့။

× × × × × × ×

၁၆၄။ အတ္ထာလင်္ကာရ ဣစ္စာဒိ။ ။ " ဆိုအပ်ခဲ့သော ပသာဒ စသော ဂုဏ်ရှိသောအဖွဲ့သည် ဆိုအပ်လတံ့သော အတ္ထာလင်္ကာရနှင့် ယှဉ်ပါမူကား အလွန် နှစ်သက်ဘွယ် ကောင်း၏၊ ဥပမာ—ပင်ကိုယ် အားဖြင့် မှည့်မည်း နူနာစသောအပြစ်ကင်း၍ ကျော့ရှင်းလှပ အချိုးကျ သော အမျိုးသွီးသည် ဝတ်စားတန်ဆာ ဆင်ပြင်လိုက်ပါမူ သာ၍ နှစ်သက်ဘွယ် ကောင်းသကဲ့သို့တည်း၊ ထို့ကြောင့် ယခုအခါ ထို အတ္ထာလင်္ကာရတို့ကို ပြပေအံ့ " ဟု ပဋိညာဉ်ပြုသော အချိဂါထာ တည်း။[သဂုဏာ-ယထာဝုတ္တ ပသာဒါဒိသဒ္ဒဂုဏယုတ္တာ၊ ဗန္ဓပဒ္ဓတိ- ပဇ္ဇဂဇ္ဇာဒိ ပဘေဒါ ရစနာဝဠိ(အသီအကုံးအစဉ်)။]

မှတ်ချက်။ ။အစ္စန္တကန္တာဝ၌ ကန္တာကို ဋီကာဆရာသည် အနက် ၂ ထပ် ဖွင့်ထား၏၊ ထို့ကြောင့် " ကန္တာဝ (ကန္တာ+ဣဝ) " ဟု တနက်, "အစ္စန္တ ကန္တာ"ဟု တနက်, ဤသို့ ၂ နက်ပေးရသည်၊ နောက်၌လာမည့် "အာဝုတ္တိ အလင်္ကာ " မျိုးတည်း၊ ဋီကာ၌ ဥပမာပြရာဝယ် " သဂုဏာ— ပတိဗ္ဗတာဒိ ဂုဏေဟိ ယုတ္တာ-လင်ကို ပြုစုလုပ်ကျွေးခြင်း စသော ဂုဏ်တို့နှင့်ယှဉ်သူ " ဟု ဖွင့်၏၊ ထို ဂုဏ်သည် အများမျက်မြင်အထင်အရှားဂုဏ်မဟုတ်၊ ပသာဒစသော ဂုဏ်တို့ကား စာသွားကို မြင်ရုံမျှဖြင့် ထင်ရှားသော ဂုဏ်တည်း၊ ထို့ကြောင့် အပြစ်ကင်း၍ ကျော့ရှင်းသော အများသိဂုဏ်ကိုသာ သတို့သွီး၏ "ဂုဏ"ဟု ဆိုထိုက်မည်ထင်သည်။

www.dhammaransi.com



## အဏ္ဏာလင်္ကာရ ၂ ပါးနှင့် သဘာဝဝုတ္တိ

**၁၆၅။ သဘာဝဝင်္ကဝုတ္တီနံ, ဘေဒါ ဒွိဓာ အလံကြိယာ၊**
**ပဌမာ တတ္ထ ဝတ္ထူနံ, နာနာဝတ္ထာဝိဘာဝိနီ။**

၁၆၅။ အလံကြိယာ- အလင်္ကာတို့သည်၊ ဝါ-အဏ္ဏာလင်္ကာရတို့သည်၊သဘာဝဝင်္ကဝုတ္တီနံ-သဘာဝဝုတ္တိ,ဝင်္ကဝုတ္တိတို့၏၊ဘေဒါ-အပြားအားဖြင့်၊ ဒွိဓာ-၂ ပါးပြားကုန်၏၊ တတ္ထ-ထို ၂ ပါးတို့တွင်၊ ပဌမာ-ပဌမဖြစ်သောသဘာဝဝုတ္တိ အဏ္ဏာလင်္ကာရသည်၊ ဝတ္ထူနံ-ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, ဟူသော ပုဒ်နက်တို့၏၊ နာနာဝတ္ထာဝိဘာဝိနီ- အထူးထူးသော အခိုက်အတန့်ကို ထင်စွာပြတတ်သည်၊ ဟောတိ-ဖြစ်၏။

× × × × × × ×

၁၆၅။ သဘာဝ၊ပေ၊ဒွိဓာ။ ။သဘာဝဝုတ္တိ, ဝင်္ကဝုတ္တိအားဖြင့် အဏ္ဏာလင်္ကာရ ၂ မျိုးပြား၏၊ သဘာဝံ - ပင်ကိုယ်သဘောကို၊ ဝါ-ထင်ရှားရှိသောအနက်ကို၊ ဝစတိ-ဟောပြဖွဲ့နွဲ့တတ်၏၊ဣတိ သဘာဝဝုတ္တိ၊ ဝင်္ကံ-တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်လှည့်ပတ်အပ်သော အနက်ကို၊ ဝစတိ-ဟောတတ်,ဖွဲ့နွဲ့တတ်၏၊ ဣတိ ဝင်္ကဝုတ္တိ။[ရှေးဆရာတို့က သဘာဝဝုတ္တိကို ဥဇုဝုတ် , ဝင်္ကဝုတ္တိကို ဝင်္ကဝုတ်-ဟု ခေါ်ကြသည်။]

ပဌမာ၊ပေ၊ဝိဘာဝိနီ။ ။ပဌမဖြစ်သောသဘာဝဝုတ္တိအလင်္ကာသည် ထိုထိုအရာဝတ္ထုတို့၏ အမျိုးမျိုးသော အခိုက်အတန့်ကို(မသွယ်မဝိုက် တိုက်ရိုက်အားဖြင့် ) ထင်ရှားပြ၏၊"ထင်ရှားပြသောအားဖြင့် တန်ဆာဆင်၏"ဟူလို၊["ဝတ္ထူနံ"အရ ဝတ္ထုဟူသည်"ဇာတ်-ဂုဏ်-ကြိယာ - ဒြဗ် " ဟူသော ပုဒ်နက်များတည်း၊ ဝတ္ထူနံ - ဇာတိ ဂုဏ ကြိယာဒဗ္ဗလက္ခဏာနံ ပဒတ္ထာနံ၊ ] နာနာဝတ္ထာဝိဘာဝိနီကို "အနေကပ္ပကာရသဘာဝ ပကာသိနီ " ဟု ဖွင့်သင့်၏၊ [နာနာ (အနေကာ) စ+သာ + အဝတ္ထာစာတိ နာနာဝတ္ထာ၊ တံ + ဝိဘာဝေတီတိ နာနာဝတ္ထာဝိဘာဝိနီ။]

ဇာတိခေါ်ပုံ ။ ။ ဤသဘာဝဝုတ္တိကို " ဇာတိအလင်္ကာ" ဟုလည်း ခေါ်၏၊ သောဝ ဇာတိ ဂုဏာဒိ စတုဗ္ဗိဓ ပဒတ္ထာနံ သရူပသင်္ခါတဇာတိ ံ တေဟိတေဟိ အာကာရေဟိ ပဋိပါဒနတော ဥပစာရတော ဇာတိနာမ ဟောတိ = ဤ သဘာဝဝုတ္တိသည်ပင် ဇာတ်စသော

www.dhammaransi.com



**သဘာဝဝုတ္တိ ပုံစံ**

၁၆၆။ လီလာဝိက္ကန္တိသုဘဂေါ, ဒိသာထိရဝိလောကနော၊
ဗောဓိသတ္တက္ကိုရော ဘာသံ, ဝိရောစိဝါစ·မာသဘိ ။

၁၆၆။ လီလာဝိက္ကန္တိ သုဘဂေါ- တင့်တယ်ခြင်းနှင့် ယှဉ်သော ကြွလှမ်းခြင်းဖြင့်ကောင်းမြတ်တော်မူထသော၊ဒိသာထိရဝိလောက နော-အရပ်မျက်နှာတို့၌ ခံ့ခံ့ငြားငြား, ရှုစားခြင်းရှိတော်မူထသော၊ ဗောဓိသတ္တကိုရော - မီးရှူ သန့်စင် , ဖွားမြင်ခါစ , ဘုရားလောင်း ညွန့်ဖူး,

× × × × × × ×

ပုဒ်နက်တို့၏ သရုပမည်သောဇာတိကို ထိုထိုအခြင်းအရာ(နည်းမျိုးစုံ) တို့ဖြင့် ပြတတ်ရကား ထိုဇာတိကိုတန်ဆာဆင်သော အလင်္ကာလည်း ဌာနဇာတိ၏ အမည်ကို ဌာနီတန်ဆာပေါ်တင်စားသော ဌာနူပစာရ အားဖြင့်" ဇာတိ " အမည်ရသည်၊ (ဋီကာသစ်)၊ သရဿတိ ကဏ္ဍာ ဘရဏာ၌လည်း၊....

နာနာဝတ္ထာသု ဇာယန္တေ, ယာနိရူပါနိ ဝတ္ထုနော၊
သေဟိ သေဟိ နိသဂ္ဂေဟိ, တာနိ ဇာတိံ ပစက္ခတေ။

ဟုဆို၏ [ဝတ္ထုနော-ဇာတ် ဂုဏ် ကြိယာ ဒြဗ်ဟုဆိုအပ်သောဝတ္ထု၏၊ နာနာဝတ္ထာသု - အထူးထူးသော အခိုက်အတန့်တို့၌၊ ယာနိရူပါနိ- အကြင်သဘောတို့သည်၊ သေဟိ သေဟိ နိသဂ္ဂေဟိ - မိမိ မိမိတို့၏ သဘောတို့ဖြင့်၊ ဇာယန္တေ-ဖြစ်ကုန်၏၊ တာနိရူပါနိ-ထို သဘောတို့ကို၊ ဇာတိံ-ဇာတိ အလင်္ကာဟူ၍၊ ပစက္ခတေ-ဆို၏။]

---

၁၆၆၊ လီလာတျာဒိ ။ ။" ဝတ္ထုနံ နာနာဝတ္ထာဝိဘာဝိနီ " အရ ဖွားမြင်ခါစဖြစ်သော ဘုရားအလောင်းတော် ဒြဗ်ကို " ဝတ္ထု " ဟုမှတ်၊ ထိုဒြဗ်ဝတ္ထုကို (၁) တင့်တယ်စမ့ါယ်စွာ လှမ်းကြွပုံ အခိုက် အတန့်, (၂) အရပ်မျက်နှာတို့၌ ခံ့ခံ့ငြားငြား ရှုစားတော်မူပုံ အခိုက် အတန့်,(၃) ရဲဝံ့စွာမိန့်မြွက်တော်မူပုံ အခိုက်အတန့်, ဤ ၃ မျိုးသော အခိုက်အတန့်ဖြင့်တန်ဆာဆင်ထား၏၊ ထိုသို့တန်ဆာဆင်ရာ၌ မသွယ် မဝိုက် တိုက်ရိုက်ဆိုထားသောကြောင့် ဒဗ္ဗသဘာဝဝုတ္တိအတ္ထာလင်္ကာ ရဂုဏ် ရောက်သည်၊ ထိုသို့ ကြွလှမ်း၍ "အဂ္ဂေါဟ·မသ္မိ လောကဿ,

www.dhammaransi.com



ထူးမြတ်သော အလောင်းတော်ကလေးသည်၊ အာသဘိံ- မကြောက်မရွံ့, ရဲဝံ့သူတို့၏ဥစ္စာဖြစ်သော၊ ဝါစံ-အဂ္ဂေါဟ·မသ္မိ,စရှိ ၃တန်, ကြုံးဝါးသံကို၊ ဘာသံ ( ဘာသန္တော )- သံဝါ ပြိမ့်ပြိမ့်, မိန့်တော်မူလျက်၊ ဝိရောစိ- ပြဟ္မာ နတ် လူ, ဦးခိုက်သူတို့, ကြည်ဖြူ စဘွယ်, တင့်တယ်တော်မူလေပြီ တကား။

× × × × × × ×

ဇေဋ္ဌောဟ·မသ္မိ လောကဿ, သေဋ္ဌောဟ·မသ္မိ လောကဿ" ဟူသော စကား ၃ ခွန်းကို မိန့်မြွက်တော်မူချိန်၌ နတ် ပြဟ္မာများလည်း လက်အုပ်ချီလျက် နေကြလေရာ ဘုရားအလောင်းမှာ လွန်စွာ တင့်တယ်ပါပေသည်။

ဋီကာ။ ။ ဣဟ ဗောဓိသတ္တသန္တါနဒဗ္ဗဿ လီလာဝိကန္တိ, ဒိသာဝိလောကန, ဝစောနိစ္ဆရဏသန္တါနအဝတ္ထာနံ ( အခိုက်အတန့် ) ပကာသိတတ္တာ ဒဗ္ဗသဘာဝဝုတ္တီတိ ဉာတဗ္ဗာ၊ သောယေဝ ( ဤ ဒဗ္ဗသဘာဝဝုတ္တိ သည်ပင် ) ဒဗ္ဗကတဂတျာဒိဝိဒိတြသရူပံ ( ဒြဗ်သည် ပြုအပ်သော သွားခြင်းစသော ဆန်းကြယ်သော သရုပ်သဘောကို ) အလင်္ကရဏတော အလင်္ကာရောနာမ၊ [ အဖွဲ့ဗန္ဓသည် " အလင်္ကာရ " မည်၏၊ ] ဒဗ္ဗကတဂတျာဒယော ပန အလင်္ကိရိယမာနတ္တာ အလင်္ကိရိယာနာမ၊ ( ဒြဗ်သည် ပြုအပ်သော သွားခြင်းစသော အနက်ကိုကား တန်ဆာဆင်အပ်သောကြောင့်)အလင်္ကိရိယမည်သည်။

ဝစနတ္ထ။ ။ဝိက္ကမနံ - လှမ်းကြွခြင်း၊ ဝိက္ကန္တိ - ခြင်း၊ လီလာယ+ ယုတ္တာ+ဝိက္ကန္တိ လီလာဝိက္ကန္တိ၊တာယ+သုဘဂေါ- တင့်တယ်ကောင်းမြတ်သည်တည်း၊ လီလာဝိက္ကန္တိသုဘဂေါ၊ ဒိသာသု + ထိရ ဝိလောကနံ ယဿာတိ ဒိသာထိရဝိလောကနော၊ ဗောဓိယံ - သဗ္ဗညုတာ ဉာဏ်၌+သတ္တော-ငြိကပ်သောပုဂ္ဂိုလ်တည်း၊ ဗောဓိသတ္တော၊ သော ဝေ+အက္ကိုရော ( အညွန့်တည်း ) ဗောဓိသတ္တက္ကိုရော၊ ဥသဘဿ+ သော အာသဘီ၊ ဥသဘ သဘာဝ သန္တါတာ(နွားလား ဥသဘ စသူတို့၏ သဘောထုံးစံ-ဟု ဆိုအပ်သော)အကမ္ပနီယာ ဌိတိ-သုတပါးတို့ မလှုပ်ရှားနိုင် မြဲခိုင်သော တည်တန့်ခြင်းတည်း၊ မိန့်မြွက်အပ်သော

www.dhammaransi.com



စကားကိုလည်း မြဲခိုင်ချင်း တူသောကြောင့် သဒ္ဒါသုပစာရ အားဖြင့် ''အာသတိ ''ဟု ခေါ်သည်။

**အခြား ပုံစံများ။** ။ဤ အလင်္ကာကျမ်း၌ ဒဗ္ဗသဘာဝဝုတ္တိပုံစံ တမျိုးကိုသာပြထား၏၊ ကာဗျာဒါသ၌ကား ဇာတိသဘာဝဝုတ္တိ,ဂုဏ သဘာဝဝုတ္တိ , ကြိယာသဘာဝဝုတ္တိ ပုံစံတို့ကိုပါ ထုတ်ပြ၏၊ ထိုတွင် ဇာတိသဘာဝဝုတ္တိပုံစံကို ဤသို့ဆို၏၊—

တုဏ္ဍေ အာတမ္ဗကုဋိလေ , ပက္ခေ ဟရိတကောမလေ၊
တိဝဏ္ဏရာဇိဘိ ကဏ္ဌေ , ဧတေ မဉ္ဇုဂိရာ သုကာ။

မဉ္ဇုဂိရာ-ချိုမြိန်သာယာသော အသံရှိကုန်သော၊ ဧတေသုကာ- ဤကျေးငှက်တို့သည်၊ အာတမ္ဗကုဋိလေ - ဇဉ်ငယ်နီ၍ ကောက်ကွေး ကုန်သော၊ တုဏ္ဍေ-နှုတ်သီးတို့ဖြင့်၊ ဟရိတကောမလေ-စိမ်း၍ နည့် ကုန်သော၊ ပက္ခေ - အတောင်တို့ဖြင့်၊ တိဝဏ္ဏရာဇိဘိ - ၃ ပါးသော အဆင်းရှိသော လည်ရေးရှိကြကုန်သော၊ ကဏ္ဌေ-လည်ပင်းတို့ဖြင့်၊ ဥပလက္ခိတာ - မှတ်သားအပ်ကုန်သည်၊ ဟောန္တိ - ဖြစ်ကုန်၏။ [ ဤ ဂါထာသည် ကျေးငှက် အမျိုးဇာတ်၏ သဘောကို ဖွဲ့နွဲ့သောကြောင့် ဇာတိသဘာဝဝုတ္တိ ပုံစံဖြစ်သည်။]

ဗန္ဓိ အင်္ဂေသု ရောမဉ္စံ, ကုဗ္ဗံ မနသိ နိဗ္ဗုတိံ၊
နေတ္တေ စာမီလယံ•မေသ, ပိယာဖဿော ပဝတ္တတေ။

ဧသ ပိယာဖဿော- ဤချစ်ဇနီး၏အတွေ့သည်၊ အင်္ဂေသု - ကိုယ် အင်္ဂါတို့၌၊ ရောမဉ္စံ-ကြက်သီးမွေးညှင်းထခြင်းကို၊ ဗန္ဓိ-ဖွဲ့လျက်၊ မနသိ- စိတ်၌၊ နိဗ္ဗုတိံ - ငြိမ်းချမ်းခြင်းကို၊ ကုဗ္ဗံ- ပြုလျက်၊ နေတ္တေစ - မျက်လုံး တို့ကိုလည်း၊ အာမီလယံ- ဇဉ်ငယ်မှိတ်စေလျက်၊ ဝါ- မှိန်းစေလျက်၊ ပဝတ္တတေ- ဖြစ်၏။ [ဤ၌ ချစ်ဇနီး၏အတွေ့ဂုဏ်သဘောကို ဖွဲ့နွဲ့သော ကြောင့် ဂုဏသဘာဝဝုတ္တိမည်၏။]

ကလက္ကဏိတဂဗ္ဘေန, ကဏ္ဌေနာဃုဏ္ဏိတေက္ခဏော၊
ပါရာဝတော ပရိဘမျ, ရိရံသု စုမ္ဗတိ ပိယံ။

ကလက္ကဏိတဂဗ္ဘေန - အတွင်း၌ ညှင်းညှင်းသာသာ မြည်သော အသံ ရှိသော၊ ကဏ္ဌေန - လည်ပင်းဖြင့်၊ ဥပလက္ခိတော - မှတ်အပ် သော၊ အာဃုဏ္ဏိတေက္ခဏော - လည်သော မျက်စိရှိသော၊ ပါရာ

www.dhammaransi.com



ဝတော - ခိုသည်၊ ရိရံသု - မြူးတူး ပျော်ပါးလိုသည် ဖြစ်၍၊ ပရိဘမျ-ပတ်ပတ်လည် ရစ်၍၊ ပိယံ - ချစ်ဇနီး ခိုမကို၊ စုမ္ဗတိ - စုတ်၏။ [ ဤ၌ စုတ်ခြင်းကြိယာ၏သဘောကို ဖွဲ့နွဲ့သောကြောင့် ကြိယာသဘာဝဝုတ္တိ မည်၏။]

သက္ကတကျမ်းတို့၌ နာမသဘာဝဝုတ္တိကို မပြကြကုန်၊ သဒ္ဒါကျမ်း တို့၌ နာမသဘာဝ ဝုတ္တိကို ဒဗ္ဗ၌ သွင်းကြသည်၊ နာမသဘာဝ ဝုတ္တိ အရာ၌ ဝေဿန္တရ ဇာတ်တော်လာ အောက်ပါ ဂါထာကို သိအပ်၏။

န မယှံ မတ္တိကံ နာမံ, နာပိ ပေတ္တိကသမ္ဘဝံ၊
ဇာတော·မှိ ဝေဿဝီထိယာ,တသ္မာ ဝေဿန္တရော အဟု။

မယှံ-ငါ၏၊ နာမံ-ဝေဿန္တရာဟူသော အမည်သည်၊ န မတ္တိကံ-မယ်တော်ကို စွဲ၍ ဖြစ်သော အမည်လည်း မဟုတ်၊ နာပိ ပေတ္တိကသမ္ဘဝံ-ခမည်းတော်ကိုစွဲ၍ဖြစ်သော အမည်လည်း မဟုတ်၊ ယသ္မာ-အကြင့်ကြောင့်၊ဝေဿဝီထိယာ-ကုန်သည်လမ်းအကြား၌၊ဇာတော-မွေးဖွားသည်၊ အမှိ- ဖြစ်၏၊ တသ္မာ- ထို့ကြောင့်၊ ဝေဿန္တရော-ဝေဿန္တရာဟူသောအမည်သည်၊အဟု·ဖြစ်ပြီ။[ဤ၌"ဝေဿန္တရာ" ဟူသော အမည်၏သဘောကိုဖွဲ့နွဲ့သောကြောင့်"နာမသဘာဝဝုတ္တိ" ဖြစ်၏။]

အချုပ်မှာ-အကြောင်းအရာ တမျိုးကို မသွယ်မဝိုက်ဘဲ တိုက်ရိုက် အားဖြင့် ထင်ရှား ပေါ်လွင်အောင် ဖွဲ့နွဲ့စီကုံး အပ်သမျှကို သဘာဝ ဝုတ္တိ ဟုချည်းမှတ်၊ ဥပမာ-မြို့အကြောင်းကို ဖွဲ့နွဲ့လျှင် ထိုမြို့၏တည်နေ ပုံ, သစ်ပင် ဥယျာဉ်တို့ဖြင့် တင့်တယ်ပုံ,အိမ်ဆောက်ပုံ,လူတို့ နေထိုင်ပုံ, ပြောဆို သုံးနှုန်းပုံတို့ကို ပေါ်လွင်အောင် ရေးသား စီကုံးထားသော စကားပြေ-ဖို့ကဗျာလင်္ကာများတည်း၊ ရှေးစာရေးဆရာတို့၏ နွား တကောင်လုံး အသုံးကျပုံ,မန်ကျည်းတပင်လုံး အသုံးကျပုံ, အုန်းသီး တလုံးလုံး အသုံးကျပုံတို့ကို ဖွဲ့နွဲ့ထားသော အဖွဲ့များလည်း သဘာဝ ဝုတ္တိ အလင်္ကာဂုဏ်ရောက်သော အဖွဲ့များပင်ဖြစ်သည်။ [အဖွဲ့(ကာဗျ) ဟူရာ၌ " ကောင်းမွန်စွာ ရေးသားအပ်သော စုဏ္ဏိယ , စကားပြေ, မေတ္တာစာ, စာပေးစာယူများလည်း ပါဝင်သည်"ဟု မှတ်။]

www.dhammaransi.com



## ဝက်ဝုတ္တိ လက္ခဏာ

၁၆၇။ ဝုတ္တိ ဝတ္ထုသဘာဝဿ, ယ-ညထာ သာ ပရာ ဘဝေ၊
တဿာ-နန္တဝိကပ္ပတ္တာ, ဟောတိ ဗီဇောပ ဒဿနံ။

၁၆၇။ ဝတ္ထုသဘာဝဿ - ဇာတ် အစရှိသော ဝတ္ထုတို့၏ ထင်ရှားရှိသော သဘောကို၊ [ ဝုတ္တိ၌ ဆင်ဒ္ဓိကံ စပ်၊ ] အညထာ- ထင်ရှားသော သဘောမှ တပါးသော အပြားအားဖြင့်၊ ယာဝုတ္တိ- အကြင်ပြောဆို ဖွဲ့နွဲ့ခြင်းသည်၊(အတ္ထိ-ရှိ၏၊) သာ- ထိုပြောဆို ဖွဲ့နွဲ့ ခြင်းသည်၊ ပရာ- သဘာဝဝုတ္တိမှ တပါးသော ဝက်ဝုတ္တိ မည်သည်၊ ဘဝေ-ဖြစ်၏၊ တဿာ-ထိုဝက်ဝုတ္တိ၏၊ အနန္တဝိကပ္ပတ္တာ-အဆုံး မရှိသော အဘို့ရှိသည်၏ အဖြစ်ကြောင့်၊ ဗီဇောပဒဿနံ(ဗီဇ+ဉပ ဒဿနံ)-သိနိုင်ရုံမျှ, အကြောင်းကို ပြခြင်းသည်၊ ဟောတိ - ဖြစ်၏၊ ဝါ-ဖြစ်လတ့်။

× × × × × × ×

၁၆၇။ ဝုတ္တိ ဣစ္စာဒိ။ ။ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်ဟူသော ဝတ္ထု၏ ပင်ကိုယ်ရှိနေသောသဘောကို(သဘာဝဝုတ္တိကဲ့သို့ တိုက်ရိုက် ပြောဆိုဖွဲ့နွဲ့ခြင်း မဟုတ်ဘဲ )လောကာတိ သယ ( လောကသဘောကို လွန်၍ဖြစ်စေ,ဉပမာ ရူပကစသည်တို့ဖြင့်ဖြစ်စေ တမျိုးတဖုံ ပြောဆို ဖွဲ့နွဲ့ခြင်းသည် ဝက်ဝုတ္တိ အတ္ထာလင်္ကာရမည်၏။[ဝတ္ထုသဘာဝဿ- ဇာတျာဒိ ပဒတ္ထသမ္ဗန္ဓိနော(တာသု တာသု အဝတ္ထာသု ယောသဘာ ဝေါ ဝိဇ္ဇတိ)တဿ သဘာဝဿ၊ အညထာ-ဝိဇ္ဇမာနာကာရံ ဟိတွာ (တိုက်ရိုက်ရှိသော အခြင်းအရာကို စွန့်၍)ဝတ္ထုပရိကပ္ပိတေန(ဝတ္ထု အပေါ်၌ ကြံဆအပ်သော)အတိသယ ဉပမာ ရူပကာဒိ အညပ္ပကာ ရေန(နောက်၌ လာမည့် အတိသယ, ဉပမာ, ရူပက စသော အပြား အားဖြင့်)ယာဝုတ္တိ-ယံကထနံ အတ္ထိ၊ သာ (ထိုဆိုခြင်းသည် ) ပရာ- သဘာဝဝုတ္တိတော အညာ။]

တဿာ၊ပေ၊ဒဿနံ၊ ။ထိုဝက်ဝုတ္တိကား(အနန္တဝိကပ္ပ- ရှေး ဆရာတို့ တမျိုးစီ တဖုံစီ ကြံစီ ဖွဲ့နွဲ့အပ်သောကြောင့်)မပြီးနိုင် - မဆုံး နိုင်အောင် မြားမြောင်၏၊ ထို့ကြောင့် အားလုံးစုံအောင် မပြနိုင်ဘဲ အကျယ်သိဘို့ရန် အကြောင်း အမြွက်မျှကိုသာ ပြတော့မည်။

www.dhammaransi.com



## ဝက်ဝုတ္တိ အပြားခေါင်းစဉ်

၁၆၇။ တတ္ထာ·တိသယ ဥပမာ, ရူပကာ·ဝုတ္တိ ဒီပကာ၊
အက္ခေပေါ·တ္ထန္တရန္ယာသော, ဗျတိရေကော ဝိဘာဝနာ။

၁၆၇။ တတ္ထ - ထို ဝက်ဝုတ္တိ အလင်္ကာ၌၊ အတိသယ ဥပမာ ရူပကာဝုတ္တိဒီပကာ-အတိသယအလင်္ကာ,ဥပမာအလင်္ကာ, ရူပက အလင်္ကာ,အာဝုတ္တိအလင်္ကာ,ဒီပကအလင်္ကာတို့ရင်း၊ အက္ခေပေါ- အက္ခေပ အလင်္ကာ ရင်း၊ အတ္ထန္တရန္ယာသော - အတ္ထန္တရန္ယာသ အလင်္ကာရင်း၊ ဗျတိရေကော- ဗျတိရေက အလင်္ကာရင်း၊ ဝိဘာဝ နာ- ဝိဘာဝနာအလင်္ကာရင်း။ [''အတိသယ၊ပေ၊ဒီပကာ''ပုဒ်ကို ဋီကာဟောင်း၌ ဒွန်သမာသ်တွဲပြ၏။]

၁၆၉။ ဟေတုက္ကမော ပိယတရံ, သမာသ ပရိကပ္ပနာ၊
သမာဟိတံ ပရိယာယ-ဝုတ္တိ ဗျာဇောပဝဏ္ဏနံ။

၁၆၉။ ဟေတု-ဟေတု အလင်္ကာရင်း၊ ကမော-ကမအလင်္ကာ ရင်း၊ပိယတရံ-ပိယတရအလင်္ကာရင်း၊သမာသပရိကပ္ပနာ-သမာသ ဝုတ္တိအလင်္ကာ, ပရိကပ္ပနာ အလင်္ကာတို့ရင်း၊ သမာဟိတံ- သမာ ဟိတ အလင်္ကာရင်း၊ပရိယာယဝုတ္တိ-ပရိယာယဝုတ္တိအလင်္ကာရင်း၊ ဗျာဇောပဝဏ္ဏနံ - ဗျာဇထုတိ အလင်္ကာရင်း။ [ကေဝုစ် ရှိသမျှ၌ တပုဒ်စီခွဲ၊ ဗဟုဝုစ်ရှိသမျှ၌ ဒွန်တွဲ၊ ဆန်းကြောင့်''ဟေတုက္ကမော'' ဟု ရှိရသည်။]

\+ × × × × × ×

တဿာ အနန္တဝိကပ္ပတ္တာ၊ ။အပ္ပမာဏပကပ္ပတ္တာ(အနန္တကို အပ္ပမာဏ, ဝိကပ္ပကို ပကပ္ပ-ဟု ဖွင့်၏၊) သဒ္ဒါကျမ်းတို့၌ နောက်တမျိုး စီရင်မှုကို '' ဝိကပ် ''ဟု ခေါ်၏၊ ဤ၌လည်း တမျိုးပြီးတမျိုး ကြံစည် အပ်သော ဝက်ဝုတ္တိများကို ''ဝိကပ်''ဟု ခေါ်သည်။

ဗီဇောပဒဿနံ၊ ။ကာရဏမတ္တဿ(အကျယ်သိဘို့ရန် အကျဉ်း အကြောင်းမျှကို)ဒဿနံ ဟောတိ၊ဗီဇကို''ကာရဏ''ဟုဖွင့်၏၊ဗီဇနှင့် ကာရဏသည် ပရိယာယ်တည်း၊''မျိုးစေ့သည် သစ်ပင်၏အကြောင်း ဖြစ်သကဲ့သို့ အကျဉ်းသည်လည်း အကျယ်၏ အကြောင်းဖြစ်သည်'' ဟူလို။-''နိမိတ္တံ ကာရဏံ ဌာနံ, ပဒံ ဗီဇံ နိဗန္ဓနံ''-အဘိဓာန်(၉၁)။

www.dhammaransi.com



၁၇၀။ ဝိသေသရူပ္ပကာရာ, သိလေသော တုလျယောဂိတာ၊
နိဒဿနံ မဟန္တတ္တံ, ဝဥ္စနာ·ပ္ပကတတ္ထုတိ။

၁၇၀။ ဝိသေသရူပ္ပကာရာ - ဝိသေသအလင်္ကာ , ရုပ္ပကာရ အလင်္ကာတို့ရင်း၊ သိလေသော- သိလေသ အလင်္ကာရင်း၊ တုလျယောဂိတာ - တုလျယောဂိတာ အလင်္ကာရင်း၊ နိဒဿနံ - နိဒဿနအလင်္ကာရင်း၊မဟန္တတ္တံ-မဟန္တတ္တအလင်္ကာရင်း၊ဝဥ္စနာ-ဝဥ္စနာအလင်္ကာရင်း၊ အပ္ပကတတ္ထုတိ—အပ္ပကတတ္ထုတိ အလင်္ကာရင်း။

၁၇၁။ ကောဝဠိ အညမညံ, သဟဝုတ္တိ ဝိရောဓိတာ၊
ပရိဝုတ္တိ ဘမော ဘာဝေါ, မိဿ·မာသီ ရသီ ဣတိ။

၁၇၁။ ကောဝဠိ-ကောဝဠိ အလင်္ကာရင်း၊ အညမညံ- အညမည အလင်္ကာရင်း၊ သဟဝုတ္တိ - သဟဝုတ္တိ အလင်္ကာရင်း၊ ဝိရောဓိတာ-ဝိရောဓိတာ အလင်္ကာရင်း၊ ပရိဝုတ္တိ-ပရိဝုတ္တိ အလင်္ကာရင်း၊ ဘမော-ဘမအလင်္ကာရင်း၊ ဘာဝေါ-ဘာဝအလင်္ကာရင်း၊မိဿံ-မိဿ အလင်္ကာရင်း၊ အာသီ - အာသီ အလင်္ကာရင်း၊ ရသီ - ရသီ အလင်္ကာရင်း၊ ဣတိ-ဤသို့။

၁၇၂။ တေဘောဒါ သမုဒ္ဒိဋ္ဌာ, ဘာဝေါ ဇီဝိတ·မုစ္စတေ၊
ဝက်ဝုတ္တိသု ပေါသေတိ, သိလေသောတု သိရိံ·ပရံ။

၁၇၂။ တေဘောဒါ-ဤ ၃၅ ပါး,အထူးအပြားတို့ကို၊ မယာ-ငါသည်၊ သမုဒ္ဒိဋ္ဌာ-အကျဉ်းပြအပ်ကုန်ပြီ၊ ဘာဝေါ-ဘာဝအတ္ထာလင်္ကာရကို၊ ဇီဝိတံ-အဖွဲ့အနွဲ့၏ အသက်ဟူ၍၊ ဥစ္စတေ-ဆိုအပ်၏၊ ဝက်ဝုတ္တိသု - ဝက်ဝုတ္တိ အတ္ထာလင်္ကာရတို့တွင်၊ သိလေသောတု-သိလေသ အတ္ထာလင်္ကာရသည်ကား၊ ပရံ - လွန်စွာ၊ သိရိံ - အဖွဲ့အနွဲ့၏ အသရေကို၊ ပေါသေတိ-တိုးပွားစေနိုင်၏။

× × × × × × ×

၁၇၂။ တေဘောဒါ သမုဒ္ဒိဋ္ဌာ။ ။ဤပဌမပါဒဖြင့် နိဂုံးကို ပြ၏၊ " ဘာဝေါ၊ ပေ၊ ပရံ " ဤ ၃ ပါဒဖြင့် ဘာဝနှင့်သိလေသ၏ ထူးခြားသော ဂုဏ်ကိုပြသည်၊ ဘာဝအလင်္ကာသည် အဖွဲ့အနွဲ့၏အသက်နှင့်တူ၏၊ သိလေသ အလင်္ကာကား အဖွဲ့အနွဲ့မှာ လွန်စွာ ကြက်သရေ တိုးပွားစေ၏၊ ထို့ကြောင့် " အသက်ဝင်၍ အသရေတိုးဘို့ရာ ထိုအလင်္ကာ ၂ မျိုးပါအောင် ဂါထာ ပျို့ကဗျာတို့ကို ဖွဲ့နွဲ့စီကုံးကြပါ "ဟု တိုက်တွန်းရာရောက်သည်။

www.dhammaransi.com



### အတိသယ၏ လက္ခဏာနှင့် အပြား

၁၇၃။ ပကာသကာ ဝိသေသဿ,သိယာ တိသယဝုတ္တိ ယာ၊
လောကာတိက္ကန္တဝိသယာ,လောကိယာတိစ သာ ဒွိဓာ။

၁၇၃။ ဝိသေသဿ - ထူးကဲ သာလွန်သော ဂုဏ်ကို၊ ပကာသကာ-ထင်ရှားပြတတ်သော၊ ယာ ဝုတ္တိ- အကြင် အဖွဲ့အနွဲ့သည်၊ အတ္ထိ-ရှိ၏၊(သာဝုတ္တိ - ထို အဖွဲ့အနွဲ့သည်၊ )အတိသယဝုတ္တိ-အတိသယဝုတ္တိမည်သည်၊ သိယာ-ဖြစ်၏၊ သာ-ထိုအတိသယဝုတ္တိသည်၊ လောကာတိက္ကန္တဝိသယာစ - လောကာတိက္ကန္တဝိသယ အတိသယဝုတ္တိရင်း၊ လောကိယာစ -လောကိယာအတိသယ ဝုတ္တိရင်း၊ ဣတိ- ဤသို့၊ ဒွိဓာ - ၂ ပါးပြား၏။

× × × × × × ×

၁၇၃။ ပကာသကာတျာဒိ။ ။မာတိကာစဉ်၍ပြခဲ့သော ဝက်ဝုတ္တိအလင်္ကာတို့တွင် အစဉ်အတိုင်းအားဖြင့် ရှေးဦးစွာ ဖြစ်သော အတိသယဝုတ္တိအတ္တာလင်္ကာရကိုပြလိုသောကြောင့်"ပကာသကာ" စသည်မိန့်၊ ဤဂါထာ၌ ပုဗ္ဗဒ္ဓဖြင့် အတိသယဝုတ္တိ၏ သဘောလက္ခဏာကိုပြ၍, အပရဒ္ဓဖြင့် အတိသယဝုတ္တိ၏ ၂ မျိုး အပြားကိုပြသည်၊ "အတိသယ"သဒ္ဒါသည်"အလွန်အကဲ"ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် ဇာတ်အစရှိသော ဝတ္ထုတို့၏ သူတပါးထက် ထူးခြားကဲလွန်သောဂုဏ်ကို ပြောဆိုဖွဲ့နွဲ့ခြင်းသည် အတိသယဝုတ္တိအလင်္ကာမည်၏။ ["ဝိသေသဿ" သည် အတိသယ၏ အနက်ဖွင့်၊ " ပကာသကာ"ကား ဝုတ္တိ၏ အဖွင့်တည်း။]

**ဋီကာ။** ။ဝိသေသဿ ပကာသကာတိ-ဟူသည်ကား၊ ပသိဒ္ဓဂုဏာနုဝါဒေန—ထင်ရှားသောဂုဏ်ကို အစဉ်လိုက်၍ဆိုခြင်း ( အထူးပြုခြင်း) ကြောင့်၊ သာ—ထိုအဖွဲ့အနွဲ့သည်၊ အတိသယဝုတ္တိ—မည်သည်၊ သိယာ—ဖြစ်၏၊ ဣတိ—ထို့ကြောင့်၊ အပသိဒ္ဓံ—မထင်ရှားသော ဇာတ်စသော အနက်ကို၊ အတိသယဝုတ္တိ ဝိဓာနံ—အတိသယဝုတ္တိအလင်္ကာဖြင့် စီမံခြင်းကို၊ ဝါ—အထူးပြုခြင်းကို၊ ကရောတိ-ပြုရ၏၊ ယထာ-"ယော ကုသလီ,သော ဒေဝဒတ္တော"တည်း၊ ဤ၌ မထင်ရှားသော ဒေဝဒတ်ကို ကုသလီ ( နားချောင်း ရှိသူ ) ဟု ဝိသေသနပြုသည်။ [အတိသယဿ—လွန်ကဲသောဂုဏ်ကို+ဝုတ္တိ—ဖွဲ့ဆိုခြင်းတည်း။]

[ဆောင်] မထင်မရှား , အနက် များကို , ထင်ရှား စေဌါ ,
လွန်ကဲသာသည့်, ဂုဏ်ဖေါ်ဘိ, ခေါ်၏ တိသယဝုတ်။

www.dhammaransi.com



အမှာစကားနှင့် ပဋိညာဉ်

၁၇၄။ လောကိယာတိသယဿေ-တေ,
ဘေဒါ ယေ ဇာတိအာဒယော၊
ပဋိပါဒီယတေ တွေ-ဇွ,လောကာတိက္ကန္တ ဂေါစရာ။

၁၇၄။ ဇာတိအာဒယော-ဇာတ်အစရှိကုန်သော၊ ယေဘေဒါ-အကြင် အပြားတို့သည်၊ သန္တိ- ရှိကုန်၏၊ တေ ဘေဒါ- ဤအပြားတို့သည်၊ လောကိယာတိသယဿ – လောကိယာတိသယဝုတ္တိ၏၊ ဘေဒါ – အပြားတို့တည်း၊ အဇ္ဇတု – ယခုအခါ၌ကား၊ လောကာတိက္ကန္တ ဂေါစရာ-လောကကိုလွန်သော အရာရှိသော အတိသယဝုတ္တိကို၊ ပဋိပါဒီယတေ- ပြီးစေအပ်၏၊ ဝါ- ဥဒါဟရုဏ်ဖြင့် ပြီးစေအပ်လတ့်။

× × × × × × ×

လောကာတိက္ကန္တ, လောကိယ။ ။လောက၌ ဖြစ်ရိုးဖြစ်စဉ်ကို လွန်သော ( ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ) အကြောင်းအရာကို ဖွဲ့လျှင် လောကာတိက္ကန္တ ဝိသယ အတိသယဝုတ္တိ မည်၏၊ လောက၌ ဖြစ်ရိုး ဖြစ်စဉ်ကိုဖွဲ့လျှင် လောကိယာတိသယဝုတ္တိ မည်၏၊ လောကံ+အတိက္ကန္တော လောကာတိက္ကန္တော၊ သော + ဝိသယော ဧတိဿာတိ လောကာတိက္ကန္တဝိသယာ။ [ '' ဝိသယ- အရာ''ဟူသည် အဖွဲ့အနွဲ့၏ တည်ရာဖြစ်သော(ဖွဲ့ဆိုဘို့ရာ)အကြောင်းအရာတည်း။]လောကေ-၌+ ဘဝါ-ဖြစ်ရိုးဖြစ်စဉ် အတိသယဝုတ္တိတည်း၊ လောကိယာ-တ္တိ။

၁၇၄။ လောကိယာ၊ ပေ၊ ဇာတိ အာဒယော ။ ။ ဤကား အမှာစကားတည်း၊ တေ ဇာတိအာဒယော-သဘာဝဝုတ္တိ၌ပြခဲ့သော ဤ ဇာတ် , ဂုဏ် , ကြိယာ , ဒြဗ်တို့သည်၊ လောကိယာတိသယဿ ဘေဒါ-လောကိယာတိသယ၏ အပြားတို့ပင်ဖြစ်ကြသည်၊ ထို့ကြောင့် သဘာဝဝုတ္တိ၌ ပြခဲ့သည့်အတိုင်း သိလောက်ပြီဖြစ်၍ ပြယုဂ်ဥဒါဟရုဏ် ထုတ်ပြ တော့မည် မဟုတ်ပါ-ဟူလို၊ [ လောကိယ- လောက၌ ဖြစ်ရိုး ဖြစ်စဉ်အားဖြင့်ဖြစ်သော+အတိသယ-လွန်ကဲသောဂုဏ်။ ]လောက၌ ဖြစ်ရိုးလည်းဟုတ်၏၊ ထူးခြားသောဂုဏ်လည်း ဟုတ်၏၊ ထို ထူးခြား သော ဖြစ်ရိုးဖြစ်စဉ်ဂုဏ်ကို ဖွဲ့ဆိုလျှင် လောကိယာတိသယဝုတ္တိမည်၏၊

www.dhammaransi.com



ဥပမာ- " လီလာဝိက္ကန္တိသုဘဂေါ " ဂါထာ၌ ဘုရားအလောင်း၏ ဖွားပြီးခါစ၌ ၇ ဖွားလှမ်းခြင်းစသောဖြစ်ခြင်းသည် ဘုရားအလောင်း တို့၏ ဖြစ်ရိုးဖြစ်စဉ် လောကီယတည်း၊ သာမန်လူတို့ထက် ထူးခြား သောကြောင့် အတိသယလည်း ဖြစ်သည်။

ပဋိပါဒိယ ၊ ပေ ၊ ဂေါစရာ။ ။"ယခုအခါ လောကာတိက္ကန္တ ဝိသယအတိသယဝုတ္တိကိုသာ ပြယုဂ်ပုံစံ ထုတ်ပြ တော့မည် " ဟု ပဋိညာဉ် ပြုသည်၊ ပဋိပါဒိယတေကို " ဥဒါဟရဏာတော နိပ္ဖါဒီ ယတေ - ဥဒါဟရဏ် အားဖြင့် ပြီးစီးစေအပ်၏ " ဟု ဋီကာ ဖွင့်၏၊ "ဂေါစရာ"ကား ဝိသယ၏ပရိယာယ်တည်း၊ ထို့ကြောင့် လောကာ တိက္ကန္တဝိသယာကိုပင် " လောကာတိက္ကန္တ ဂေါစရာ "ဟု ဆိုသည်။ ["ဓေဝံလောကိယာတိသယဝုတ္တိယာ-၏၊လီလာ ဝိက္ကန္တိ သုဘဂေါတိ ဥဒါဟရဏေန - ဖြင့်၊ ဂမျမာနတ္တာ - သိအပ် သိလောက် သည်၏ အဖြစ်ကြောင့်၊ ဝက္ခမာနံ ပဋိဇာနာတိ ပဋိပါဒိယတေစ္စာဒိနာ။]

မေးဘွယ်။ ။လောကိယ အတိသယဝုတ္တိသည်"လီလာဝိက္ကန္တိ" စသော ဂါထာအတိုင်း လွန်ကဲသော ဖြစ်ရိုးဖြစ်စဉ်ကိုဖွဲ့လျှင် သဘာဝ ဝုတ္တိ အလင်္ကာ ဟု ဆိုထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဝင်္ကဝုတ္တိ၌ ထည့်သွင်းထားပါသနည်း၊ အဖြေကား—လွန်ကဲသော ဂုဏ်ကို ဖွဲ့ဆိုသောကြောင့် " အတိသယ ဝုတ္တိ" ဟူသော နာမည်ဖြင့် ထပ်၍ပြခြင်းဖြစ်သည်၊ အမှန်မှာ- ဝင်္ကဝုတ္တိမဟုတ်, သဘာဝဝုတ္တိပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကာဗျာဒါသ၌ အတိသယဝုတ္တိ ၂ မျိုးမပြဘဲ လောကာတိက္ကန္တဝိသယ တမျိုးကိုသာ ပြသည်။

> ဝိဝက္ခာ ယာ ဝိသေသဿ, လောကသီမာတိဝတ္တိနီ၊
> သိယာ သော တိသယောတ္တိ, အလင်္ကာရေတ္တမာ ယထာ။

ဝိသေသဿ-ထူးခြားသောအကြောင်းအရာကို၊ လောကသီမာတိ ဝတ္တိနီ-လောက၌ဖြစ်ရိုးဖြစ်စဉ်အပိုင်းအခြားကိုလွန်လျက်၊[လောကာ တိက္ကန္တဝိသယာနှင့် သဘောတူတည်း၊ ] ယာဝိဝက္ခာ-အကြင်ဆိုခြင်း သည်၊ အတ္ထိ-၏၊ သော-သည်၊အလင်္ကာရေတ္တမာ-အလင်္ကာတို့တွင် အမြတ်ဆုံး ဖြစ်သော၊ အတိသယောတ္တိ - အတိသယဝုတ္တိ မည်၏၊ ယထာ- ကား။....

www.dhammaransi.com



**လောကာတိက္ကန္တဝိသယပုံစံ**

၁၇၅။ ပိဝန္တိ ဒေဟကန္တိံ ယေ, နေတ္တဉ္ဇလိပုဋေန တေ၊
နာလံ ဟန္တုံ ဇိနေ·သံ တွံ, တဏှံ တဏှာဟရောပိ ကိံ။

၁၇၅။ ဇိန-အိုမြတ်စွာဘုရား၊ ယေ- အကြင် သူတော်ကောင်း တို့သည်၊ တေ - ရှင်တော်ဘုရား၏၊ ဒေဟကန္တိံ - ကိုယ်တော်၏ တင့်တယ်ခြင်း တို့ကို၊ နေတ္တဉ္ဇလိပုဋေန - မျက်လုံး တည်းဟူသော လက်ခုပ်ဖြင့်၊ ပိဝန္တိ -သောက်ကြကုန်၏၊ တွံ- ရှင်တော်မြတ်ဘုရား သည်၊ တဏှာဟရော-မွတ်သိပ်တတ်သော တဏှာကို ပယ်ဖျောက် တော်မူတတ်သည်၊ ( သမာနော ) ပိ- ဖြစ်ပါလျက်လည်း၊ ဧသံ- ကိုယ်တော်မြတ်၌ တပ်မက်ကုန်သော ထိုသူတော်ကောင်း တို့၏၊ တဏှံ- မွတ်သိပ်တတ်သော တဏှာကို၊ ဟန္တုံ -ပယ်ဖျောက်ခြင်းငှါ၊ ကိံ - အဘယ်ကြောင့်၊ နာလံ- မစွမ်းနိုင်ပါသနည်း ဘုရား။

× × × × × × ×

၁၇၅။ ပိဝန္တိစသာဒိ။ ။အိုမြတ်စွာဘုရား........အကြင်သူတော် ကောင်း တို့သည် ရှင်တော်ဘုရား၏ ကိုယ်တော်၌ နှစ်သက်စဘွယ် သပ္ပါယ်သောရေတို့ကို မျက်လုံးတည်းဟူသော လက်ခုပ်ဖြင့် သောက်ကြ ကုန်၏၊ ရှင်တော်ဘုရားသည် သတ္တဝါအများ၏ မွတ်သိပ်တတ်သော တဏှာကို ပယ်တော်မူနိုင်ပါလျက် ( ရေသောက်၍ မဝသောသူတို့မှာ သောက်ပြီးရင်း သောက်ချင်ရင်း ဖြစ်ကြသကဲ့သို့ ) ဖူးမျှော်ပြီးရင်း ဖူးမျှော်ချင်ရင်း ဖြစ်နေကြသော ထိုသူတော်ကောင်းတို့၏ မွတ်သိပ် တတ်သော တဏှာကို အဘယ့်ကြောင့် မပယ်နိုင်ပါသနည်း ဘုရား။ [ဒေဟ-၌၊(တနည်း) ဒေဟဿ-၏+ကန္တိ-နှစ်သက်ဘွယ်တို့တည်း၊ ဒေဟကန္တိ- တို့၊ အဉ္ဇလိယေဝ+ပုဋော- သောက်ခွက်တည်း၊ အဉ္ဇလိ ပုဋော၊ နေတ္တာနိယေဝ+အဉ္ဇလိပုဋော နေတ္တဉ္ဇလိပုဋော။]

မှတ်ချက်။ ။"ဘုရားကို ဖူးသူတို့၏ တဏှာ" ဟူရာ၌ ဖူးမျှော် လိုသော ဆန္ဒကိုပင် "တဏှာ" ဟု တင်စား၍ ဆိုထားဟန်တူသည်၊ ဘုရားဖူးချင်စိတ်မှာ တဏှာ မဟုတ်နိုင်၊ ဆန္ဒ စေတသိက်သာတည်း၊ ဆဒ္ဒန္တ ဇာတ်တော်လာ ဘိက္ခုနီမ ကလေးမှာ ဖြစ်သောစိတ်ကဲ့သို့ အချို့သူ၌ကား တဏှာအစစ်လည်း အနည်းငယ် ဖြစ်ပေလိမ့်မည်။

www.dhammaransi.com



ဝက်ဝုတ္တိဖြစ်ပုံ ။ ။ ဘုရားရှင့် ခန္ဓာကိုယ်တော်၏ သူတပါးထက် ထူးခြားသပ္ပါယ်ခြင်းသည် အတိသယတည်း၊ ထိုထူးခြားသပ္ပါယ်ပုံကို ချီးမွမ်းဖွဲ့နွဲ့သောကြောင့် အတိသယဝုတ္တိ အလင်္ကာဂုဏ်ရောက်၏၊ ထို ချီးမွမ်းရာ၌ " အလွန်သပ္ပါယ်သည် " ဟု တိုက်ရိုက်မဆိုဘဲ"ဖူးမျှော် လိုသော တဏှာကိုမပယ်နိုင်" ဟုဆိုသဖြင့် ကိုယ်တော်၏သပ္ပါယ်ပုံမှာ ဖူး၍မဝ, ဖူးပြီးရင်း ဖူးချင်ရင်း ဖြစ်လောက်အောင် အလွန့် အလွန် သပ္ပါယ်ကြောင်းကို သွယ်ဝိုက်၍ ချီးမွမ်းထားသောကြောင့် ဝက်ဝုတ္တိ လည်း ဖြစ်၏။

လောကာတိက္ကန္တ ဖြစ်ပုံ ။ ။ လောကသဘာဝ( ထုံးစံ)မှာ ရေသောက်လို၍ မွတ်သိပ်သောတဏှာဖြစ်သူသည် ရေသောက်ရလျှင် မွတ်သိပ်မှုတဏှာ ပြေရိုး ထုံးစံတည်း၊ ဤ၌ကား ရုပ်ပုံတော် ရေကို ဖူးမျှော်သောအားဖြင့် သောက်ကြရပါလျက် ဖူးလိုသောအာသာမပြေ- ဟု ဆိုခြင်းသည် လောကထုံးစံကို လွန်သောကြောင့် လောကာတိက္က န္တ ဖြစ်၏၊ ဤသို့ လောကာတိက္ကန္တ အကြောင်းအရာ ( ဝိသယ )ကို ဖွဲ့နွဲ့သောကြောင့် လောကာတိက္ကန္တ အတိသယဝုတ္တိ အလင်္ကာဂုဏ် ရောက်၏။ [ တ္တေ ပိဝန္တံနာမ ပိပါသံ ဝိနေတီတိ လောကသဘာဝေါ၊ တဏှံ( သောက်လိုသော တဏှာကို ) ဟန္တုံ၊ (ပယ်ဖျောက်ခြင်းငှါ) နာလမိတိ လောကသဘာဝ•မတိက္ကန္တတ္တော၊— ဋီကာ။]

အလင်္ကာရ , အလင်္ကာရိယ ။ ။ ခန္ဓာကိုယ်တော်၏ အလွန် နှစ်သက်ဘွယ်ဂုဏ်သည် အလင်္ကာရိယ (ဤဂါထာဖြင့် တန်ဆာဆင် အပ်သော အနက် ) တည်း၊ ထို နှစ်သက်ဘွယ် ဖြစ်ပုံကို သွယ်ဝိုက်၍ ဖွဲ့ထားသော" တဏှာကိုပယ်ဖျောက်နိုင်ပါလျက် ဖူးမျှော်သောအားဖြင့် သောက်သူတို့၏ တဏှာ (အငတ်) ကို မဖျောက်နိုင် " ဟူသောစကား သည် အလင်္ကာရမည်၏၊ အနက်ကိုအကြောင်းပြု၍ ဂါထာတရပ်လုံး သည်လည်း အတိသယဝုတ္တိအလင်္ကာရဂါထာပင် ဖြစ်သည်၊ နောင်၌ လည်း ဤကဲ့သို့ အလင်္ကာရိယ - အလင်္ကာရဖြစ်ပုံကို ခွဲပါ။ [ ယော- အကြင် အကြောင်းအရာကို၊ အလင်္ကရိယတေ-တန်ဆာဆင်၍ဆိုအပ် ၏၊ ဝါ - ဖွဲ့နွဲ့ ဆိုအပ်၏၊ ဣတိ - ထို့ကြောင့်၊ သော - ထို အကြောင်း အရာသည်၊ အလင်္ကရိယော - မည်၏၊ အလင်္ကရောတိ အနေနာတိ အလင်္ကာရော။]

www.dhammaransi.com



### ဥပမာအလင်္ကာနှင့် အပြား

၁၇၆။ ဥပမာနော·ပမေယျာနံ, သဓမ္မတ္တံ သိယော·ပမာ၊
သဒ္ဒတ္ထဂမ္မာ ဝါကျတ္ထ-ဝိသယာတိစ သာ တိဓာ။

၁၇၆။ ဥပမာနော·ပမေယျာနံ-(နှိုင်းယှဉ်ကြောင်း) ဥပမာန, (နှိုင်းယှဉ်အပ်သော) ဥပမေယျဝတ္ထုတို့၏၊ သဓမ္မတ္တံ - တူမျှသော သဘောရှိကုန်သည်၏ အဖြစ်သည်၊ ဥပမာ - ဥပမာမည်သည်၊ သိယာ - ဖြစ်၏၊ သာ - ထိုဥပမာသည်၊ သဒ္ဒတ္ထဂမ္မာစ - သဒ္ဒါဖြင့် သိအပ်သောဥပမာ, အနက်ဖြင့် သိအပ်သောဥပမာတို့ရင်း၊ ဝါကျတ္ထဝိသယာစ - ဝါကျ၏ အနက်ဟူသော အရာရှိသော ဥပမာရင်း၊ ဣတိ-ဤအပြားအားဖြင့်၊ တိဓာ-၃ ပါးပြား၏။

× × × × × × ×

၁၇၆။ ဥပမာနော၊ပေ၊ပမာ။ ။ဥပမာန+ဥပမေယျဟူသော ဝတ္ထု ၂ ခုတို့၏ တူမျှခြင်းဂုဏ်သည် ဥပမာမည်၏၊ [ ဥပမီယတိ ဧတေနာတိ ဥပမာနံ၊ ဧတေန - ဤ ( လ ) စသော ဝတ္ထုဖြင့်၊ ဥပမီယတိ- ( မျက်နှာစသော ဝတ္ထုကို )နှိုင်းယှဉ်အပ်၏၊ ဣတိ - ထို့သို့ နှိုင်းယှဉ်ကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထို(လ)စသော ဝတ္ထုသည်၊ဥပမာနံ-ဥပမာနမည်၏၊ ဥပမီယတေတိ ဥပမေယျံ = (လ) စသော ဝတ္ထုဖြင့် နှိုင်းယှဉ်အပ်သော မျက်နှာစသောဝတ္ထု။]

သဓမ္မတ္တံ ဥပမာ။ ။သမာနော+ဓမ္မော (သဘော ) ယေသံတိ သဓမ္မာနိ = တူသော သဘောရှိသော ဝတ္ထုတို့၊ [ ဋီကာဟောင်း၌ " ယဿ + သဓမ္မော " ဟု ဧကဝစနန္တ ဗဟုဗ္ဗီဟိပြု၏၊ ဋီကာသစ်၌ "ကမ္ဗောဇ"ပြု၏၊ ဤ၌ကား ဥပမာနော ပမေယျာနံနှင့်အရတူအောင် ဗဟုဝစနန္တ ဗဟုဗ္ဗီဟိပြုသည်၊ ]သဓမ္မာနံ+ဘာဝေါ သဓမ္မတ္တံ-တူသော သဘောရှိသော ဝတ္ထုတို့၏ ဖြစ်ကြောင်းဖြစ်ရာ(တူမျှခြင်း)ဂုဏ်တည်း၊ ထိုဂုဏ်သည် ကောင်းဂုဏ်-မကောင်းဂုဏ် ၂ မျိုးရှိ၏၊ လနှင့်မျက်နှာတို့၏ တူသောအလှဂုဏ် စသည်သည် ကောင်းဂုဏ်တည်း၊ နွားနှင့် လူမိုက်တို့၏ မသိတတ်ခြင်းတူသော ဂုဏ်သည် မကောင်းဂုဏ်တည်း၊ ထို ကောင်း - မကောင်း ဂုဏ်သည်ပင် ဥပမာနဝတ္ထုနှင့် ဥပမေယျဝတ္ထုတို့ကို ဆက်သွယ်ပေးတတ် သောကြောင့် " သမ္ဗန် " ဟုလည်း ခေါ်သည်၊ ထို သဓမ္မတ္တ သမ္ဗန်ကိုပင် " ဥပမီယတေ - နှိုင်းယှဉ်ခြင်း၊

www.dhammaransi.com



## သဒ္ဒဂမ္ဘာနှင့် သမာသပုံစံ

၁၇၇။ သမာသပစ္စယေဝါဒိ, သဒ္ဒါ တေသံ ဝသာ တိဓာ၊
သဒ္ဒဂမ္ဘာ သမာသေန, မုနိန္ဒော စန္ဒိမာ·နနော။

၁၇၇။ သမာသ ပစ္စယေဝါဒိ-သမာသ်,ပစ္စည်း, ဣဝါဒိဂိုဏ်း တို့သည်၊ သဒ္ဒါ - သဒ္ဒါတို့တည်း၊ တေသံ - ထိုသဒ္ဒါတို့၏၊ ဝသာ- အပြားအားဖြင့်၊ သဒ္ဒဂမ္ဘာ - သဒ္ဒါဖြင့် သိအပ်သော ဥပမာသည်၊ တိဓာ-၃ ပါးပြားပြန်၏၊ သမာသေန - သမာသ်သဒ္ဒါဖြင့်၊ (ဂမ္ဘာ- သိအပ်သော ဥပမာကား) - မုနိန္ဒော စန္ဒိမာနနော - မုနိန္ဒော စန္ဒိ မာနနော ဟူသည်တည်း။ [မုနိန္ဒော- မြတ်စွာဘုရားသည်၊ စန္ဒိမာန နော- လပြည့်ဝန်းသဘွယ်, တင့်တယ်သောမျက်နှာရှိတော်မူ၏။]

× × × × × × ×

ဝါ-တူညီခြင်း၊ ဥပမာ-ခြင်း''ဟု ဝစနတ်ပြု၍"ဥပမာ''ဟု ခေါ်သည်၊ ဤစကားအရ ဥပမာန, ဥပမေယျ, ဥပမာဟု အနက်၃ ခုကိုမှတ်ပါ။

သဒ္ဒတ္ထ၊ပေ၊တိဓာ။ ။ ထို ဥပမာသည် သဒ္ဒဂမ္ဘူပမာ , အတ္ထ ဂမ္ဘူပမာ, ဝါကျတ္ထ ဝိသယူပမာအားဖြင့် ၃ ပါးပြား၏။[သဒ္ဒေါစ+ အတ္ထောစ သဒ္ဒတ္ထာ၊ တေဟိ ဂမ္ဘာ သဒ္ဒတ္ထဂမ္ဘာ၊ ဂမျတေတိ ဂမ္ဘာ၊ ဂတိအနက်ရှိသောဓာတ်သည် ဗုဒ္ဓိအနက်လည်း ရှိ၏၊ ဝါကျတ္ထော+ ဝိသယော ဧတိဿာတိ ဝါကျတ္ထဝိသယာ။]

---

၁၇၇။ သမာသတျာဒိ။ ။ဤဂါထာသည် သဒ္ဒဂမ္ဘူပမာတွင် ပါဝင်သော သဒ္ဒါအပြားနှင့် သဒ္ဒဂမ္ဘူပမာ အပြားကိုဎင်း, သမာသ သဒ္ဒဂမ္ဘူပမာ၏ပုံစံကိုဎင်း ပြသောဂါထာတည်း၊ ထိုတွင် ''သမာသ၊ ပေ၊တိဓာ''ဖြင့် သဒ္ဒါ ၃ မျိုးအပြား, သဒ္ဒဂမ္ဘူပမာ ၃ မျိုးအပြားကို ပြ၏၊ သမာသ်ပုဒ်သဒ္ဒါ , အာယစသော ပစ္စယသဒ္ဒါ , ဣဝါဒိဂိုဏ်း သဒ္ဒါ, ဤသို့အားဖြင့် သဒ္ဒါ ၃ မျိုးပြား၏၊ ထို သဒ္ဒါ ၃ မျိုးတို့၏ အစွမ်းကြောင့် သဒ္ဒဂမ္ဘူပမာလည်း သမာသ သဒ္ဒဂမ္ဘူပမာ , ပစ္စယ သဒ္ဒဂမ္ဘူပမာ , ဣဝါဒိသဒ္ဒဂမ္ဘူပမာ အားဖြင့် ၃ မျိုး ပြားသည်- ဟူလို၊ ''သဒ္ဒဂမ္ဘာ၊ပေ၊မာနနော'' ပါဌ်ဖြင့် သမာသသဒ္ဒဂမ္ဘူပမာ၏ ပုံစံကိုပြသည်။

www.dhammaransi.com



စန္ဒိမာနနော။ ။စန္ဒိမာ+ဝိယ+အာနနံ ယဿာတိ စန္ဒိမာနနော၊ ယဿ - အကြင်ဘုရားရှင်၏၊ စန္ဒိမာဝိယ - လကဲ့သို့သော၊ ဝါ- လနှင့်တူသော၊ အာနနံ- မျက်နှာတော်သည်၊ အတ္ထိ- ရှိ၏၊ ဣတိ- ကြောင့်၊ သော - ထိုဘုရားရှင်သည်၊ စန္ဒိမာနနော - စန္ဒိမာနန မည်တော်မူ၏၊ "စန္ဒိမာနနော" ဟု သမာသ်စပ်ပြီးသောအခါ "ဝုတ္တတ္ထာနမပ္ပယောဂေါ" ဟူသော ပဒ်ရူပသိဒ္ဓိအရ ဝိယသဒ္ဒါ ကြေပျောက်ရ၏၊ "စန္ဒိမာနနော"ဟူသော သမာသ်သည်သာ ထိုဝိယသဒ္ဒါ၏ ဥပမာအနက်ကို (အမွေခံသော အားဖြင့်) ဟောရစ်၏၊ ဤနည်းအားဖြင့် သမာသ်ပုဒ်က ဥပမာအနက်ကို ဟောသောကြောင့် စန္ဒိမာနနော သည် သမာသသဒ္ဒဂမ္မျူပမာ၏ ပုံစံဖြစ်သည်။

မှတ်ချက်။ ။ဋီကာတို့၌ "စန္ဒိမာ ဝိယ+ရုစိရံ (တင့်တယ်သော) အာနနံ ယဿ"ဟု ဝိဂ္ဂဟပြု၍, သမာသ်ပြီးသောအခါ ရုစိရံ-ဝိယပုဒ်တို့ကို မသုံးစွဲရတော့သဖြင့် ထိုရုစိရံ ဝိယပုဒ်တို့၏ အနက်ကို သမာသ်ပုဒ်က အမွေခံ၍ ဟောရစ်၏ - ဟု ဆို၏၊ သဒ္ဒါကျမ်းတို့၌ကား ထိုသို့မဆိုသောကြောင့် ဤ၌ "ရုစိရံ" ပုဒ်ကို မထည့်ဘဲ ဝိဂ္ဂြိုဟ်ပြုသည်။

ဥပမာနစသော ၄ ပါး။ ။ဥပမာန,ဥပမေယျ,ဥပမာ, ဥပမာဇောတကဟု ၄ မျိုးခွဲ၊ ထိုတွင် လသည် ဥပမာန, ဘုရားရှင်၏မျက်နှာတော်သည် ဥပမေယျ,လနှင့် မျက်နှာတော်တို့၏ ညီမျှသော လှပခြင်း (ဂုဏ်)သည် ဥပမာ၊ [ထိုဥပမာကိုပင် သဓမ္မတ္တဟုရင်း သမ္မန်ဟု ရင်းခေါ်သေး၏။] ဝါကျတွင်း၌ ပါရှိခဲ့သော ဝိယသည် ဥပမာဇောတက၊ ထိုဝိယသည် စန္ဒိမာနောင်ထိုင်သောကြောင့် လ၌တည်သော တင့်တယ်ခြင်းဂုဏ်ကို တိုက်ရိုက်ထွန်းပြ၏၊ မျက်နှာ၌တည်သော တင့်တယ်ခြင်းဂုဏ်ကိုကား သာမတ္ထိယတ္တ ( ထွန်းပြစွမ်းနိုင်သောသတ္တိ ) အားဖြင့် ထွန်းပြသည်။

ဋီကာ။ ။ဧတ္ထ ဥပမာန ဝါစကေန စန္ဒိမာသဒ္ဒေန ယုတ္တော ဝိယ သဒ္ဒေါ စန္ဒဂတံ သဒိသတ္တံ ဇောတေတိ၊ မုခဂတသဒိသတ္တံ ပန သာမတ္ထိယာ ပတီယတေ(သိအပ်၏)၊တထာဟိ မုခံ စန္ဒသမာနံ အာဂစ္ဆန္တံ စန္ဒဿ မုခသဒိသတ္တံ ဝိနာ နဘဝတီတိ အညထာနုပပတ္တိ သာမတ္ထိယံ ဆိုလိုရင်းကား—" လနှင့်တူသော မျက်နှာ "ဟု လကို ဥပမာန

www.dhammaransi.com



**ပစ္စယသဒ္ဒ ဂမ္ဘူပမာပုံစံ**

၁၇၀။ အာယာဒီ ပစ္စယာ တေဟိ, ဝဒနံ ပင်္ကဇာယတေ၊
မုနိန္ဒနယနဋ္ဌနံ့, နီလုပ္ပလ ဒလီယတိ။

၁၇၀။ အာယာဒီ-အာယအစရှိသောသဒ္ဒါတို့သည်၊ ပစ္စယာ-ပစ္စည်းတို့မည်၏၊ တေဟိ - ထိုပစ္စည်းတို့ဖြင့်၊ (ဂမ္ဘာ - သိအပ်သော ဥပမာကား၊)-ဝဒနံ ၊ပေ၊ဒလီယတိ-ဝဒနံ ၊ပေ၊ ဒလီယတိ ဟူသည်

× × × × × × ×

လုပ်၍ ဆိုလျှင် လသည်လည်း မျက်နှာနှင့် တူရမည်သာ၊ ထို့ကြောင့် "စန္ဒိမာနောင်ထိုင်သော ဥပမာဇောတက ဝိယသည် အာနန၌ တည်သော ဥပမာကိုလည်း ထွန်းပြနိုင်သော အစွမ်းသတ္တိရှိ၏" ဟူလို။

မှတ်ချက်။ ။ဥပမာနစသော ၄ ပါးကို ခွဲခြားရာ၌ " သဓမ္မတ္တဂုဏ် , သမ္ဗန် " ကို သီးခြားယူ၍ ၆ ပါးဟုလည်း ခွဲကြ၏၊ ဤ၌ကား သဓမ္မတ္တဂုဏ်နှင့် သမ္ဗန်သည် ဥပမာ၏ အမည်ထူးချည်း ဖြစ်၍ ထို ၂ မျိုးကို သီးခြားမခွဲဘဲ ဥပမာ၌သွင်း၍ ၄ မျိုးသာ ပြထားပါသည်။

**အလင်္ကာရိယ, အလင်္ကာရ။** ။ဘုရားရှင်၏ မျက်နှာတော်သည် လတည်းဟူသော ဥပမာဖြင့်တန်ဆာဆင်အပ်သောကြောင့် အလင်္ကာရိယ၊ လသည် ဥပမာအလင်္ကာရ၊ ထိုအနက်များကိုပြသော "မုနိန္ဒော စန္ဒိမာနနော" ဟူသောအဖွဲ့အနွဲ့လည်း အကျိုးအနက်၏ အမည်ကို တင်စား၍ ဖလူပစာရအားဖြင့် ဥပမာအတ္တာလင်္ကာရ အဖွဲ့မည်၏၊ ဘုရားမျက်နှာတော်၏ လှပတင့်တယ် သပ္ပါယ်ခြင်းကို တိုက်ရိုက်မဆိုဘဲ လနှင့်တူ၏ - ဟု သွယ်ဝိုက်၍ ဆိုသောကြောင့် ဝင်္ကဝုတ္တိ အဖွဲ့လည်း မည်၏၊ နောက်၌လည်း အလင်္ကာရိယ , အလင်္ကာရ , ဝင်္ကဝုတ္တိ ဖြစ်ပုံကို ဤနည်းမှီး၍ သိပါလေ။

---

၁၇၀၊ **အာယာဒီတျာဒိ။** ။အာယာဒီ၌ အာဒိဖြင့် ဤယ,က ပစ္စည်းများကိုယူ၊ အာယ နာမတော ကတ္တုပမာနာ ဒါစာရေ,ဤယူပမာနာစ သုတ်တို့ဖြင့် သက်သော အာယ, ဤယပစ္စည်းများကိုငင်း, ယဒနုပပန္နာနိပါတနာ သိဋ္ဌန္တိဖြင့် သက်သော ဥပမာ အနက်ဟော ကပစ္စည်းကိုငင်း "ပစ္စယ"ဟု ဆိုသည်။

www.dhammaransi.com



တည်း။[ဝဒနံ-မျက်နှာတော်သည်၊ ပင်္ကဇာယတေ-ကြာပန်းသဘွယ် တင့်တယ်စွာ ပြုကျင့်တော်မူ၏၊ ဝါ-ကြာပန်းသဘွယ် တင့်တယ်စွာ ဖြစ်တော်မူ၏၊ မုနိန္ဒနယနဒွန္ဒံ - မြတ်စွာဘုရား၏ မျက်လုံးတော် အစုံသည်၊ နီလုပ္ပလာဒလီယတိ - ကြာညိုပွင့်ဖတ်သဘွယ် တင့်တယ်စွာ ပြုကျင့်တော်မူ၏၊ ဝါ - ကြာညိုပွင့်ဖတ် သဘွယ် တင့်တယ်စွာ ဖြစ်တော်မူ၏။]

× × × × × × ×

**ပင်္ကဇာယတေ။** ။ပင်္ကေ+ဇာတံ ပင်္ကဇံ- ညွန်၌ဖြစ်သောကြာ၊ ''ပင်္ကဇံ ဝိယ အာစရတိ-ကြာပန်းကဲ့သို့ ပြုကျင့်၏၊ဝါ-ကြာပန်းကဲ့သို့ လှပတင့်တယ်၏ ''ဟူသောအနက်၌ ပင်္ကဇံနောင် အာစာရအနက်၌ အာယပစ္စည်းသက်၊ ဝိဘတ်, ဝိယတို့ကို ချေ၍ '' ပင်္ကဇာယတေ'' ဟု ပြီးသောအခါ ကြေလေပြီးသော ဝိယ အနက်ကို အာယ ပစ္စည်းက အမွေခံ၍ဟောရစ်၏၊ ထို့ကြောင့်''ဝဒနံ ပင်္ကဇာယတေ''၌ ကြာပန်းသည် ဥပမာန, မျက်နှာတော်သည် ဥပမေယျ, ကြာပန်းနှင့် မျက်နှာတော်တို့၏ တူညီသော တင့်တယ်လှပခြင်းဂုဏ်သည် ဥပမာ၊ ကြေလေပြီးသော ဝိယသည် ဥပမာဇောတက။

**နီလုပ္ပလ ဒလီယတိ။** ။ နီလုပ္ပလဿ - ကြာညိုပန်း၏ + ဒလံ- ပွင့်ဖတ်တည်း၊ နီလုပ္ပလဒလံ- ဖတ်၊ '' နီလုပ္ပလဒလံ ဝိယ အာစရတိ- ကြာညိုပွင့်ဖတ်ကဲ့သို့ ပြုကျင့်၏၊ ဝါ- ကြာညိုပွင့်ဖတ် အသွေးကဲ့သို့ ညို ပြာပြာအသွေးရှိ၏ '' ဟူသောအနက်၌ ဤယ ပစ္စည်းသက်၍ '' နီလုပ္ပလ ဒလီယတိ '' ဟု ပြီးသောအခါ ဝိယ၏အနက်ကို ဤယပစ္စည်းက ဟောရစ်၏၊ ကြာညိုပွင့်ဖတ်သည် ဥပမာန, ( ဇမ္ဗူဒီပလူမျိုး များ၏ ထုံးစံအတိုင်း ပတ်ဝန်းကျင်ညိုနေသော ) မျက်လုံးအစုံတော်သည် ဥပမေယျ၊ ညိုပြာပြာ အလှဂုဏ်သည် ဥပမာ,ဝိယသည် ဥပမာဇောတက။

**ကပစ္စည်း ။** ။ ဟတ္ထိနော ဝိယာတိ ဟတ္ထိကာ - ဆင်အစစ်နှင့် တူသော ဆင်ရုပ်တို့၊ ဟတ္ထိနော နောင် ဝိယအနက်၌ ကပစ္စည်း သက်ထားသော ဥပမာတဒ္ဓိတ်ပုဒ်တည်း၊ ဆင် အစစ်သည် ဥပမာန, ဆင် အရုပ်သည် ဥပမေယျ, ဆင်အစစ်နှင့် ဆင် အရုပ်တို့၏ ပုံသဏ္ဌာန်ချင်း တူနေမှုသည် ဥပမာ၊ ဝိယသည် ဥပမာဇောတက။

www.dhammaransi.com



၁၇၉။ ဣဝါဒိ ဣဝ ဝါ တုလျ - သမာန နိဘ သန္နိဘာ၊
ယထာ သင်္ကာသ တုလိတ-ပ္ပကာသ ပဋိရူပကာ။

၁၈၀။ သရိ သရိက္ခ သံဝါဒိ-ဝိရောဓိ သဒိသာ ဝိယ၊
ပဋိပက္ခ ပစ္စနိကာ, သပက္ခော-ပမိတော-ပမာ။

၁၈၁။ ပဋိဗိမ္ဗ ပဋိစ္ဆန္န-သရူပ သမ သမ္မိတာ၊
သဝဏ္ဏာ-ဘာ ပဋိနိဓိ-သဓမ္မာဒိ သလက္ခဏာ။

၉,၀,၁။ ဣဝါဒိ-ဣဝအစရှိသောသဒ္ဒါတို့သည်၊ ဣဝဝါတုလျ သမာန နိဘ သန္နိဘာစ-ဣဝသဒ္ဒါ, ဝါသဒ္ဒါ, တုလျသဒ္ဒါ, သမာန သဒ္ဒါ, နိဘသဒ္ဒါ, သန္နိဘ သဒ္ဒါတို့ရင်း၊ ယထာသင်္ကာသ တုလိတ ပ္ပကာသ ပဋိရူပကာစ - ယထာသဒ္ဒါ, သင်္ကာသသဒ္ဒါ, တုလိတ သဒ္ဒါ, ပကာသသဒ္ဒါ,ပဋိရူပက သဒ္ဒါတို့ရင်း၊ သရိ သရိက္ခသံဝါဒိ ဝိရောဓိသဒိသာစ-သရိသဒ္ဒါ,သရိက္ခသဒ္ဒါ, သံဝါဒိသဒ္ဒါ, ဝိရောဓိ သဒ္ဒါ, သဒိသသဒ္ဒါတို့ရင်း၊ ဝိယစ - ဝိယ သဒ္ဒါရင်း။ [ဂါထာတဝက် ကျော်၍ သမာသ် မစပ်ရသောကြောင့် တပုဒ်ထည်း ထားသည်။] ပဋိပက္ခ ပစ္စနိကာစ-ပဋိပက္ခသဒ္ဒါ, ပစ္စနိကသဒ္ဒါတို့ရင်း၊ သပက္ခော ပမိတော-ပမာစ-သပက္ခသဒ္ဒါ, ဥပမိတသဒ္ဒါ, ဥပမာသဒ္ဒါတို့ရင်း၊ ပဋိဗိမ္ဗ ပဋိစ္ဆန္န သရူပ သမ သမ္မိတာစ-ပဋိဗိမ္ဗသဒ္ဒါ, ပဋိစ္ဆန္နသဒ္ဒါ, သရူပသဒ္ဒါ, သမသဒ္ဒါ, သမ္မိတ သဒ္ဒါတို့ရင်း၊ သဝဏ္ဏာ-ဘာစ-သဝဏ္ဏသဒ္ဒါ, အာဘာ သဒ္ဒါတို့ရင်း၊ ပဋိနိဓိ သဓမ္မာဒိသလက္ခဏာ စ-ပဋိနိဓိသဒ္ဒါ, သဓမ္မအစရှိသောသဒ္ဒါ, သလက္ခဏသဒ္ဒါတို့ရင်း။

× × × × × × ×

၁၇၉,၀,၁။ ။ဣဝါဒိပုဒ်ကို(၁၈၄)ဂါထာအဆုံး "ဓမ္မေ"၌ စပ်၊ "ဣဝါဒိဂိုဏ်း သဒ္ဒါတို့ကား ဤသည်တို့တည်း" ဟူလို၊ ဤဂါထာတို့ဖြင့် သဒ္ဒဂမ္မျဥပမာတွင် ပါဝင်သော သမာသ, ပစ္စယ, ဣဝါဒိ သဒ္ဒါ၃ မျိုးတွင် ဣဝါဒိဂိုဏ်းဝင် သဒ္ဒါများကို ပြသည်၊ ထိုတွင် "ဣဝ, ဝါ၊ပေ၊သလက္ခဏာ" တိုင်အောင် ၃ ဂါထာဖြင့် ကြိယာမဟုတ်သော ဥပမာနဇောတကပုဒ်များကို ပြ၏၊ "ဣဝ၊ပေ၊သန္နိဘာ "တပုဒ်၊ "ယထာ၊ပေ၊ ပဋိရူပကာ" တပုဒ်၊ ဤသို့စသည်ဖြင့် ဗဟုဝုစ်ဆုံးသော ပုဒ်များကို တပုဒ် ဟု မှတ်ပါ၊ "တဿာစာနုကရောတိ"မှ (စ) ကိုလည်း ရှေ့ပုဒ်များသို့ လိုက်စေ၊ သဓမ္မာဒိ၌ အာဒိဖြင့် သာဓာရဏ—သစ္ဆာယပုဒ် စသည်ကိုယူ။

www.dhammaransi.com



ဣဝါဒိတွင်ပါဝင်ပုံ။ ။ဣဝ, ဝါ,ယထာ, ဝိယတို့သည် ဥပမာဇောတကများဖြစ်၍ ဣဝါဒိဂိုဏ်းတွင် ပါဝင်ရ၏၊ တုလျ , သမာန, သဒိသ , သမပုဒ်တို့သည် "အတူ" ဟူသော အနက်ကို ဟောကြ၏၊ "နိဿာယ-ဥပမေယျဝတ္ထုကိုမှီ၍+ဘာတိ-ထင်ရှား၏၊ ဣတိ နိဘော၊ နိပုစ္ဆ, ဘာခတ်, ကပစ္စည်း (ကံ အနုဗန်ချေ)၊ သမ္မာ+နိဘော သန္နိဘော၊ သမ္မာ+ကာသတေ-ထင်ရှားပြတတ်၏၊ ဣတိ သင်္ကာသော၊ ဥပမေယျကို ထင်ရှားပြတတ်သော ဥပမာ၊ တုလီယတေ အနေနာတိ တုလိတံ-နှိုင်းယှဉ်ကြောင်း ဥပမာနဝတ္ထု၊ ပကာသတိ- ဥပမေယျကို ထင်ရှားပြတတ်၏၊ ဣတိ ပကာသော၊ ပတိရူပကံ(ပတိ)ဥပမေယျနှင့် တူသော(ရူပက)အဆင်းရှိသော ဥပမာဝတ္ထု။

သောဝိယ-ထိုဥပမေယျကဲ့သို့ + ဒိဿတိ - ရှုအပ်၏၊ ဣတိ သဒိ, သရိက္ခာ-မည်၏၊[ဣယတမကိ-စသော သုတ်၌လာသောပုဒ်တည်း၊] သံဝါဒိ-အတူပြောလေ့ရှိသော ဥပမာနဝတ္ထု၊ ဝိရောဓိ, ပဋိပက္ခ,ပစ္စနိက - ဆန့်ကျင်ဘက်၊ ( အပြိုင် ) [ အရည်အခြင်း တူသည်ဖြစ်စေ, မတူသည်ဖြစ်စေ "ပြိုင်ဘက်" ဖြစ်နေလျှင် အထိုက်အလျောက် တူနေသည်သာ၊ ] သပက္ခ - တူသော အဘို့ရှိသော အရာဝတ္ထု၊ ဥပမိတ-နှိုင်းယှဉ်အပ်သော အရာဝတ္ထု၊ ဥပမာ - နှိုင်းယှဉ်ကြောင်း ဝတ္ထု။

ပဋိဗိမ္ဗ-ဆင်းတုရုပ်၊[အစစ်၏ အတုဖြစ်၍ ဥပမာဝတ္ထုပင်တည်း၊] ပဋိစ္ဆန္ဒ-တူသောဆန္ဒရှိသူ (ဝါ-တူသူ)၊ ["ပဋိစ္ဆန္ဒ"ဟု ရှိသည်ကား ပါဌ်ပျက်၊] သရူပ-တူသောသဘော (အဆင်း) ရှိသောဝတ္ထု၊ သမိတ (သမံ+ဣတ)-တူသည်၏အဖြစ်သို့ ရောက်သောဝတ္ထု၊ ["သမ္မိတ"ဟု ရှိလျှင် "သံ+မိတ - ကောင်းစွာနှိုင်းယှဉ်အပ်သောဝတ္ထု " ဟု ပေး၊ "သမ္မိတ" ဟု ရှိမှ ဆန်းဂိုဏ်းတည့်သည်၊] သဝဏ္ဏ-တူသောအဆင်းရှိသော ဝတ္ထု၊ အာဘာ- အရိပ်အရောင်၊ [ အရိပ်သည် အရိပ်ရှင်နှင့် တူ၏။ ] ပတိနိမိယတေ ( တုလျရူပတာယ ) ထပီယတေ - တူသော ရုပ်သွင်သဏ္ဌာန် ရှိသည်၏အဖြစ်ဖြင့် တည်ထားအပ်၏၊ ဣတိ ပတိနိမိ ( ရုပ်တု=ဆင်းတု )၊ သမာနော + ဓမ္မော ယဿာတိ သဓမ္မ-တူသော သဘောရှိသော ဝတ္ထု၊ [ သဓမ္မ - ဟု မရှိစေရ၊] သမာနံ + လက္ခဏံ ယဿာတိ သလက္ခဏံ-တူသောလက္ခဏာရှိသော ဥပမာနဝတ္ထု။

www.dhammaransi.com



၁၀၂။ ဇယတျ•ဂ္ဃောသတိ ဟသတိ, ပတိဂဇ္ဇတိ ဒူဘတိ၊
ဥဿူယတျ•ဝဇ္ဇာနာတိ, နိန္ဒတိ•ဃသတိ ရုန္ဓတိ။

၁၀၂။ ဇယတျ•ဂ္ဃောသတိ ဟသတိ ပတိဂဇ္ဇတိ ဒူဘတိစ-ဇယတိသဒ္ဒါ, အဂ္ဃောသတိသဒ္ဒါ, ဟသတိသဒ္ဒါ, ပတိဂဇ္ဇတိ သဒ္ဒါ, ဒူဘတိ သဒ္ဒါတို့ရင်း၊ ဥဿူယတျ•ဝဇ္ဇာနာတိ နိန္ဒတိဃသတိ ရုန္ဓတိစ - ဥဿူယတိ သဒ္ဒါ, အဝဇာနာတိ သဒ္ဒါ, နိန္ဒတိ သဒ္ဒါ, ဃသတိသဒ္ဒါ, ရုန္ဓတိ သဒ္ဒါတို့ရင်း။

\+ × × × × × ×

၁၀၂။ ဇယတျ၊ ပေ၊ ရုန္ဓတိ။ ။ ဤဂါထာဖြင့် ကြိယာပုဒ် ဖြစ်သော ဇဝါဒိသဒ္ဒါများကို ပြ၏၊ ဇယတိမှစ၍ ဒူဘတိတိုင်အောင် ခွန်ပုဒ် တပုဒ်၊ "ဇယတိစ+အဂ္ဃောသတိစ၊ ပေ၊ဒူဘတိ စာတိ ဇယတိ၊ပေ၊ဒူဘတိ"ဟု တသမာသ်၊ "ဥဿူယတိစ၊ပေ၊ရုန္ဓတိစာတိ ဥဿူယတိ၊ပေ၊ရုန္ဓတိ" ဟု တသမာသ်တွဲ၊ "နာမာနံ သမာသော" ဆိုသောကြောင့် "ကြိယာပုဒ်များကို သမာသ်မတွဲကောင်းသည် မဟုတ်လော" ဟု စောဒနာဘွယ် ရှိ၏၊ "ကြိယာအစစ် မဟုတ် ကြိယာပုဒ် များကို အတုပြုထားသော အနုကရဏသဒ္ဒါ ( နာမ်ပုဒ်များပင် ) ဖြစ်သောကြောင့် သမာသ်တွဲကောင်းသည်" ဟုဖြေ၊ ထိုသို့ ခွန်တွဲရာ၌ ဂါထာတဝက်ကိုကျော်၍ သမာသ်မစပ်သင့်သောကြောင့် ဒူဘတိတိုင်အောင် တသမာသ် ဟု ခွဲပါ၊ ထိုသို့ သမာသ်မကြံဘဲ တပုဒ်စီ ဝါကျလည်း ဖြစ်နိုင်ပါသည်။

**ဋီကာ**။ ။ဇယတိ အဂ္ဃောသတိ ဟသတိ ဣစ္စာဒိကံ တံတံကြိယာပဒသမ္ဘိတအနုကာရိယာနံ အနုကရဏန္တိ ကတွာ ဥဒ္ဒေသာယော၊ မူလပုဒ်ရင်းကို အနုကာရိယ, အတုပုဒ်ကို အနုကရဏ ဟု ခေါ်၏၊ ထို့ကြောင့်ပင် "ဇယတိ- အောင်၏" ဟု မပေးရဘဲ "ဇယတိသဒ္ဒါရင်း"ဟု ပေးရသည်။

ဇယတိတျာဒီ။ ။ "ဇယတိ - အောင်၏ , နိုင်၏" ဟု ဆိုလျှင် နဂိုရ်က ပြိုင်နေကြောင်း , တုနေကြောင်း သိရ၏၊ "အဂ္ဃောသတိ- ကလော်ဆဲ၏" ဟု ဆိုလျှင် တယောက်နှင့်တယောက် မတဲ့ကြောင်း, ပြိုင်နေကြောင်း သိရ၏၊ "ဟသတိ-ပြောင်လှောင်၏၊ ပြက်ရယ်ပြု၏" ဟု ဆိုလျှင် အပြိုင်ပြုနေကြောင်း သိရ၏၊ ပဋမသင်္ဂါယနာတင် မဏ္ဍပ်

www.dhammaransi.com



၁၀၃။ တဿ စေရေတိ သောဘဂ္ဂံ, တဿ ကန္တိံ ဝိလုမ္ပတိ၊
တေန သဒ္ဓိံ ဝိဝဒတိ, တုလျံ တေနာဓိရောဟတိ။

၁၀၄။ ကစ္ဆံ ဝိဂါဟတေ တဿ, တမန္ဒေတျ·နုဗန္ဓတိ၊
တံ သီလံ တံ နိသေဓေတိ, တဿ စာနုကရောတိ မေ။

၁၀၃။ တဿ စေရေတိ သောဘဂ္ဂံစ - တဿ စေရေတိ သောဘဂ္ဂံဟူသော ဝါကျဂုဏ်း၊ တဿ ကန္တိံ ဝိလုမ္ပတိစ - တဿ ကန္တိံ ဝိလုမ္ပတိဟူသော ဝါကျဂုဏ်း၊ တေန သဒ္ဓိံ ဝိဝဒတိစ-တေန သဒ္ဓိံ ဝိဝဒတိ ဟူသော ဝါကျဂုဏ်း၊ တုလျံ တေနာဓိရောဟတိစ-တုလျံ တေနာဓိရောဟတိ ဟူသော ဝါကျဂုဏ်း။

× × × × × × ×

ဆောက်ခံကျမ်း၌ " ဒေဝဝိမာန သိရိံ အဝဟသန္တမိဝ " မျိုးတည်း၊ ပတိဂဇ္ဇတိ - အပြိုင်ကြုံးဝါး၏၊ ဒူဘတိ ( သက္ကတ၌ " ဒူဟျတိ " ) - ဖျက်ဆီး၏။ [ ကိုယ်ထက်သာမှာစိုးလို့ ပြိုင်နေသူကို ဖျက်ဆီးသည်။ ] ဥသူယတိ ဣဿတိ-ငြူစူ၏ (အပြစ်ပြော၏)၊ [စိတ်ထည်းက ပြိုင်နေသည့်အတွက် ကိုယ့်ထက်သာ၍ မနာလို ပြော-ပြော၏။] အဝဇာနာတိ - မထိလေးစား ပြု၏။ [ တူလာမည်စိုး၍ တင်ကြိုနှိမ်ထားခြင်း သဘောတည်း။] " နိန္ဒတိ - ကဲ့ရဲ့ရှုတ်ချ၏ " လည်း ဤသဘောပင်၊ ရုန္ဓတိ-ပိတ်ဆို့တားမြစ်၏။[ကိုယ်နှင့် တန်းတူဖြစ်မလာအောင် သူ၏ တိုးတက်ရေးကို ပိတ်ပင်သည်-ဟူလို။]

၁၀၃, ၄။ ။ဤဂါထာတို့ကား ဝါကျဇဝါဒိဂိုဏ်းဝင်ကိုပြသော ဂါထာတို့တည်း၊ တဿ စေရေတိ သောဘဂ္ဂမိစ္စာဒိကံပိ - အစရှိသောပုဒ် အပေါင်းသည်လည်း၊ ဝါကျာနုကရဏံ - အတုဝါကျများ ပင်တည်း၊ ဤဋီကာအလို " တဿ စေရေတိ သောဘဂ္ဂံ - တဿ စေရေတိ သောဘဂ္ဂံဝါကျဂုဏ်း" ဟု ပေး၊ ဝါ-တနည်း၊ "ဝါကျေ-ဝါကျ၌၊ ကေဝလပဒါနိ - သက်သက်တပုဒ်စီ တို့တည်း " ဟူသော ဒုတိယနည်းအလို တပုဒ်စီ အနက်ပေးပါ။

တဿ စေရေတိ တျာဒိ။ ။ "တဿ စေရေတိ သောဘဂ္ဂံ-သူ၏ တင့်တယ်မှုကို ခိုးခြင်း" ဟူသည် သူနှင့် ပြိုင်ဘက်ဖြစ်၍ ကိုယ့်ထက် မသာအောင် ခိုးခြင်းတည်း၊ ထို့အတူ "တဿ ကန္တိံ ဝိလုမ္ပတိ-သူ၏

www.dhammaransi.com



၁၀၄။ ကန္တိ ဝိဂါဟတေ တဿစ - ကန္တိဝိဂါဟတေ တဿ ဟူသော ဝါကျရင်း၊ တမန္ဒေတျနုဗန္ဓတိစ - တံ အန္ဒေတိ ဟူသော ဝါကျ, တံ အနုဗန္ဓတိဟူသော ဝါကျတို့ရင်း၊ တံ သီလံစ-တံ သီလံ ဟူသော ဝါကျရင်း၊ တံ နိသေဓေတိစ - တံ နိသေဓေတိ ဟူသော ဝါကျရင်း၊ တဿ အနုကရောတိစ-တဿ အနုကရောတိဟူသော ဝါကျရင်း၊ ဣမေ- ဤသည်တို့တည်း၊ တနည်း, ဣမေ - ဤ ၅၂ ပါး သော သဒ္ဒါတို့သည်၊ ဣဝါဒိ-ဣဝါဒိဂိုဏ်း သဒ္ဒါတို့တည်း။ [ ဣမေ ဧဝပညာသ ဣဝါဒယော နာမ၊—ဋီကာ။]

ဥပမာ အလင်္ကာ၏ ပဋိညာဉ်

၁၀၅။ ဥပမာနော ပမေယျာနံ, သဓမ္မတ္တံ ဝိဘာဝိဘိ၊
ဣမေဟိ ဥပမာဘေဒါ, ကေစိ နီယန္တိ သမ္ပတိ။

၁၀၅။ ဥပမာနောပမေယျာနံ – ဥပမာန ဥပမေယျ တို့၏၊ သဓမ္မတ္တံ-တူမျှသော သဘောရှိကုန်သည်၏ အဖြစ်ကို၊ ဝိဘာဝိဘိ- ထင်စွာပြတတ်ကုန်သော၊ ဣမေဟိ - ဤ ဣဝါဒိဂိုဏ်း သဒ္ဒါတို့ဖြင့်၊ (ဇာနိတဗ္ဗာ- သိထိုက်ကုန်သော၊) ကေစိ-အချို့ကုန်သော၊ ဥပမာ

× × × × × × ×

နှစ်သက်ဘွယ်ကို လုယူခြင်း ” လည်း ကိုယ့်ထက်သာမည် စိုးသော ကြောင့်တည်း၊ တေန သဒ္ဓိံ ဝိဝဒတိ - သူနှင့်အတူ ငြင်းခုန်ခြင်းကား တူနေသောကြောင့် အသာလုခြင်းတည်း၊ “တုလျံ တေနာဓိရောဟတိ- သူနှင့် တူသည်၏အဖြစ်ကို တက်ရောက်ခြင်း”သည် တူအောင်ကြိုးစား ခြင်းတည်း။

၁၀၄။ ကန္တိ ဝိဂါဟတေ တျာဒိ ။ ။ ထိုသူ၏ လမ်းစဉ်သို့ သက်ဝင်၏၊ [၁၉၄ ဂါထာ၌ ကန္တိပုဒ်ပါလတ့ံ။] တမန္ဒေတိ တံ အနုဗန္ဓတိ-ထိုသူ့ကို အစဉ်လိုက်၏၊ “တူနေအောင် နောက်ကလိုက်သည်” ဟုလို၊ တံသီလံ (တဿီလံ)-ထိုသူ၏အလေ့ကို “ကရောတိ- ပြု၏ ”ဟု ထည့်၊ သူနှင့်တူအောင် သူ၏ အလေ့အလာကို အတုယူသည်- ဟုလို၊ တံ နိသေဓေတိ-ထိုသူ့ကို မိမိနှင့်တူမည်စိုး၍ တားမြစ်၏၊ တဿ အနုကရောတိ-ထိုသူ့ကို အတုပြု၏၊ “ထိုသူနှင့်တူအောင် ပြုလုပ်၏”ဟုလို၊ ဤပြခဲ့သော အနက်အဓိပ္ပါယ်များကိုကြည့်၍ ဣဝါဒိဂိုဏ်း-ဟုသိပါ။

www.dhammaransi.com



ဘေဒါ-ဥပမာ အထူးအပြားတို့ကို၊ သမ္ဘတိ- ယခုအခါ၌၊ နိယန္တိ- ထုတ်ပြအပ်ကုန်၏၊ ဝါ-ထုတ်ပြအပ်ကုန်လတ့်။

ဓမ္မောပမာ

၁၇၆။ ဝိကာသိပဒုမံ·ဝါ·တိ-သုန္ဒရံ သုဂတာ·နနံ၊
ဣတိ ဓမ္မောပမာနာမ, တုလျဓမ္မ နိဒဿနာ။

၁၇၆။ သုဂတာ·နနံ - မြတ်စွာဘုရား၏ မျက်နှာတော်သည်၊ ဝိကာသိ ပဒုမံ·ဝ-ပွင့်လန်းခြင်းရှိသော ပဒုမ္မာကြာသည့်ကဲ့သို့၊ အတိသုန္ဒရံ - အလွန်ကောင်းမြတ်, သပ္ပါယ်တော်မူပါပေ၏၊ ဣတိ - ဤ ဥပမာသည်၊ တုလျဓမ္မ နိဒဿနာ-တူမျှသော ဂုဏ်ကိုထင်စွာပြခြင်း ကြောင့်၊ ဓမ္မောပမာ နာမ-ဓမ္မောပမာ မည်၏။

× × × × × × ×

၁၇၅။ ဥပမာဒနာ တျာဒိ။ ။ ဤဂါထာသည် ဥပမာ အတ္တာလင်္ကာရအပြားကို အကျယ်ပြလို၍ အချီစကား= ပဋိညာဉ် ပြုသောစကားတည်း၊ ''သဓမ္မတ္တံ ဝိဘာဝိဘိ= တူမျှသော သဘောကို ထင်စွာပြတတ်ကုန်သော''ဟူရာ၌ ''ဥပမာ ဇောတကသဒ္ဒါများ ဖြစ်ကြကုန်သော '' ဟု ဆိုလိုသည်၊ ထို ဥပမာဇောတက သဒ္ဒါတို့ဖြင့် ယခုအခါ အချို့ ဥပမာ အပြားတို့ကို ထုတ်ပြတော့မည် - ဟူလို။ [ ဝိဘာ· ဝိဘိ၏ စပ်ပုဒ်မရှိသော ကြောင့် ဋီကာ၌''ဇာနိတဗ္ဗာ''ဟု ထည့်သည်။]

၁၇၆၊ ဝိကာသိတျာဒိ ။ဓမ္မောပမာ၌ ဓမ္မသဒ္ဒါသည်''ဂုဏ်'' ဟူသော အနက်ကို ဟော၏၊ ပွင့်နေသော ပဒုမ္မာကြာနှင့် ဘုရားရှင့် မျက်နှာတော်၏အလွန်လှပတင့်တယ်ခြင်းအားဖြင့် တူမျှသောဂုဏ်ကို ''အတိသုန္ဒရံ''ပုဒ်ဖြင့် ထင်ရှားပြသော ကြောင့် ''ဓမ္မောပမာ''မည်၏၊ ဝိကာသော ယဿ အတ္ထီတိ ဝိကာသိ ( ပဒုမံငဲ့၍ နပုလ္လိင်တည်း၊ ) ဝိကာသိစ + တံ+ ပဒုမံစာတိ ဝိကာသိပဒုမံ၊ ဓမ္မေန+ယုတ္တာ+ဥပမာ ဓမ္မောပမာ၊[တုလျဓမ္မ နိဒဿနာ-အတိသုန္ဒရမိတိ သမာနဂုဏဒဿနေန ဓမ္မောပမာနာမ ဟောတိ၊-ဋီကာ၊ ]ဤဓမ္မောပမာကို သရဿတီ ကဏ္ဌာဘရဏ၌ ''ပုဏ္ဏောပမာ ''ဟု နာမည်ပေးသတတ်၊ [ဥပမာ, ဥပမေယျ, တူမျှခြင်းဂုဏ် , ဤ ၃ ပါး အပြည့်အစုံပြသော ဥပမာ- ဟူလို၊ နောက်၌ မပြည့်စုံသော ဥပမာတို့ကို ပြလတ့်။]

www.dhammaransi.com



### ဓမ္မဟီန, ဝိပရီတ ဥပမာ

၁၀၇။ ဓမ္မဟီနာ မုခမ္ဘောဇ-သဒိသံ မုနိနော ဣတိ၊
ဝိပရီတောပမာ တုလျ, မာနနေန·မ္ဗုဇံ တဝ။

၁၀၇။ မုနိနော- မြတ်စွာဘုရား၏၊ မုခံ- မျက်နှာတော်သည်၊ အမ္ဘောဇသဒိသံ- ကြာပန်းနှင့် တူတော်မူ၏၊ ဣတိ-ဤဥပမာသည်၊ ဓမ္မဟီနာ - ဓမ္မဟီနောပမာ မည်၏၊ ဝါ- ဂုဏ်မှ ယုတ်လျော့သော ဥပမာမည်၏၊ (မုနိ-အို....မြတ်စွာဘုရား၊)တဝ-ရှင်တော်ဘုရား၏၊ အာနနေန-မျက်နှာတော်နှင့်၊ အမ္ဗုဇံ-ကြာပန်းသည်၊ တုလျံ- တူပါပေ၏၊ ( ဣတိ-ဤဥပမာသည်၊ ) ဝိပရီတောပမာ-ဝိပရီတောပမာ မည်၏၊ ဝါ - ဥပမာန , ဥပမေယျ ပြောင်းပြန်ဖြစ်သော ဥပမာ မည်၏။

× × × × × × ×

၁၀၇။ ဓမ္မဟီနာ၊ပေ၊ဣတိ။ ။ဤ၂ ပါဒဖြင့် ဓမ္မဟီနောပမာကို ပြ၏၊ အတိသုန္ဒရံကဲ့သို့ ဂုဏ်ကိုမပြသောကြောင့် ဂုဏ်မှယုတ်လျော့သော ဥပမာဖြစ်ရကား "ဓမ္မတော+ ဟီနာ ဓမ္မဟီနာ၊ ဓမ္မဟီနာစ+ သာ+ဥပမာစာတိ ဓမ္မဟီနောပမာ"ဟု တွဲ။

မေးဘွယ်။ ။ဂုဏ်မပါလျှင် အဘယ်နည်းဖြင့် ဂုဏ်ကို သိနိုင်ပါသနည်း - ဟု မေးဘွယ် ရှိ၏၊ အဖြေကား - " မျက်နှာတော်သည် ကြာပန်းနှင့်တူ၏"ဟုဆိုလျှင် လှပတင့်တယ်ခြင်းဂုဏ်မှတပါး အခြား တူစရာ မရှိသောကြောင့် " အညထာနုပပတ္တိ= အခြား အခြင်းအရာ အားဖြင့် မဖြစ်သင့်ခြင်း " ဟူသော နည်းအားဖြင့် လှပခြင်းဂုဏ်ကို ဥပမာနက ပြစွမ်းနိုင်သော သတ္တိရှိ၏၊ ထိုသို့ ပြစွမ်းနိုင်သောကြောင့် "အတိသုန္ဒရံ " ဟု ဂုဏ်မပါသော်လည်း ထိုဂုဏ်ကို သိနိုင်ပါသည်။

ဝိပရီတော၊ပေ၊တဝ။ ။ဤ ၂ ပါဒဖြင့် ဝိပရီတောပမာကို ပြ၏၊ လောက၌ဥပမာနဟူသည် အများသိအပ်ပြီးထင်ရှားပြီးဖြစ်ရိုးတည်း၊ ထို့ကြောင့် လှပုံကို အများ သိပြီးသော ကြာပန်းကိုသာ ဥပမာန အဖြစ်ပြင့်ပြသင့်၏၊ ဤနေရာ၌ကား ကြာပန်းကို ဥပမေယျ,မျက်နှာကို ဥပမာနအဖြစ်ဖြင့် ပြသောကြောင့် " ဝိပရီတာ - ရိုးရာမှ ပြောင်းပြန် ဖြစ်သော+ဥပမာ-ဥပမာတည်း"နှင့် အညီ ဝိပရီတောပမာ မည်၏။

www.dhammaransi.com



### အညမညောပမာ

၁၇၇။ တဝါနန-မိဝမ္ဘောဇံ, အမ္ဘောဇ-မိဝ တေ မုခံ၊
အညမညောပမာ သာ-ယံ , အညမညောပမာနတော။

၁၇၇။ (မုနိ- အို မြတ်စွာဘုရား၊ ) တဝ- ရှင်တော်ဘုရား၏၊ အာနနံ ဣဝ - မျက်နှာတော်သည် ကဲ့သို့၊ အမ္ဘောဇံ - ကြာသည်၊ ဟောတိ-ဖြစ်ပါ၏၊အမ္ဘောဇံ ဣဝ-ကြာသည်ကဲ့သို့၊တေ-ရှင်တော်မြတ်ဘုရား၏၊ မုခံ- မျက်နှာတော်သည်၊ ဟောတိ - ဖြစ်တော်မူ၏၊ သာ-ယံ-ထိုဥပမာသည်၊ အညမညော ပမာနတော-တပါး တပါး၏ ဥပမာန၏ အဖြစ်ကြောင့်၊ ဝါ- အချင်းချင်း ဥပမာန၏ အဖြစ်ကြောင့်၊ အညမညောပမာ-အညမညောပမာ မည်၏။

× × × × × × ×

မှတ်ချက်။ ။''တဝ''ဟူသော သဒ္ဒန္တရိက်(သဒ္ဒါတပါး)အနီး၌ တည်နေပုံကိုထောက်၍ အာလုပ်တပုဒ်လိုနေ၏၊ မှန်၏-''အရှင်ဘုရား၏ '' ဟု ဆိုလျှင် ရှေးဦးစွာ '' အို အရှင်ဘုရား '' ဟု အာလုပ်ရှိပြီးမှ ''အရှင်ဘုရား၏ '' ဟု ဆိုနိုင်၏၊ ထိုသို့ အာလုပ်ပုဒ်လိုနေ၍ ထည့်လျှင် ရှေ့ထက်ဝက်၌ '' မုနိနော ''ဟု တွေ့ရသောကြောင့် '' မုနိ ''ဟုသာ ထည့်ရမည်၊ ''ဇိန''စသည်ကို မထည့်ရ၊ ဘာ့ကြောင့်နည်း- ''သုတာနုမိတေသု သုတသမ္ဗန္ဓော ဗလဝါ= တိုက်ရိုက် ကြားသိအပ်ပြီးနှင့် မှန်းဆအပ်သော အရာ ၂ မျိုးတွင် တိုက်ရိုက် ကြားသိအပ်ပြီးက အားရှိမြဲထုံးစံ''ဟု ပရိဘာသာရှိသောကြောင့်တည်း။

၁၇၇။ တဝါနနတျာဒိ၊ ။[ဤ၌လည်း '' မုနိ '' ဟု အာလုပ်ထည့်ရသည်၊]''တဝါနနမိဝ အမ္ဘောဇံ''၌မျက်နှာတော်ကိုဥပမာန, ကြာကို ဥပမေယျ အဖြစ်ဖြင့် ပြ၏၊ '' အမ္ဘောဇမိဝ တေ မုခံ '' ဤ၌ ကြာကို ဥပမာန , မျက်နှာတော်ကို ဥပမေယျအဖြစ်ဖြင့် ပြ၏၊ ဤသို့ အချင်းချင်း ဥပမာနဖြစ်သောကြောင့်''အညမညောပမာ '' မည်၏၊ အညမညဿ + ဥပမာ အညမညောပမာ၊ ''အညဿ အညဿ''ဟု ဆိုလိုလျက် ရှေ့အညဿ၌ သကိုချေ၊ မ် အာဂုံ၊ [ အညမညဿ ဥပမာ တိစ, အညမညဿ ဥပမာနန္တိစ ဝိဂ္ဂဟော၊ ဝိဂ္ဂဟဒွယေပိ ပုဗ္ဗဝိဘတ္တိလောပေါ=ရှေ့သဝိဘတ်ကြေခြင်း၊- ဋီကာ။]

www.dhammaransi.com



အဗ္ဘုတောပမာ

၁၇၉။ ယဒိ ကိဉ္စိ ဘဝေ·မ္ဘောဇံ, လောစနဗ္ဘမုပိဗ္ဘမံ၊
ခာရေတု မုခသောဘံ တံ, တဒါ တေ အဗ္ဘုတောပမာ။

၁၇၉။ လောစနဗ္ဘ မုပိဗ္ဘမံ-မျက်လုံး မျက်ခုန်းတို့၏ တင့်တယ်ခြင်းရှိသော၊ ဝါ- တင့်တယ်လှစွာ , မျက်လုံး မျက်ခုန်းပါသော၊ ကိဉ္စိ - ဖိုးဇဥ်းအနည်းငယ်သော၊ အမ္ဘောဇံ - ထူးထူး ဆန်းဆန်း, အံ့မခန်းသည့်, ပဒုမ္မာကြာပန်းသည်၊ ယဒိဘဝေ- အကယ်၍များ, ဖြစ်ခဲ့ငြားအံ့၊ (မုနိ- အို မြတ်စွာဘုရား၊ ) တဒါ-ထူးထူးဆန်းဆန်း, အံ့မခန်းသည့်, ကြာပန်းပွင့်ရာ, ထိုအခါ၌၊ တံ-ထိုတင့်တယ်လှစွာ, မျက်လုံး မျက်ခုန်းပါသော ပဒုမ္မာကြာသည်၊ တေ-ရှင်တော်ဘုရား၏၊ မုခသောဘံ - မျက်နှာတော်၏ တင့်တယ်ခြင်းကို၊ ခာရေတု- ဆောင်စွမ်းနိုင်ပါစေတော့၊ ( အယံ-ဤဥပမာသည်၊ ) အဗ္ဘုတော ပမာ - အဗ္ဘုတောပမာ မည်၏၊ ဝါ- ထူးထူး ဆန်းဆန်း, အံ့မခန်း သော ကြာပန်း ဥပမာမည်၏။

× × × × × × ×

၁၇၉။ ယဒိ ကိဉ္စိတျာဒိ။ ။ဆိုလိုရင်းကား- "ပဒုမ္မာကြာပန်း ဟူသမျှ၌ လှပသော မျက်လုံး မျက်ခုန်း ပါရှိးထုံးစံ မရှိချေ၊ အကယ်၍ ရှိခဲ့လျှင် ထို ပဒုမ္မာကြာပန်းသည် ထူးထူး ဆန်းဆန်း အံ့မခန်းသော ကြာပန်းသာဖြစ်၏၊ ဘုရားရှင်၏ မျက်နှာတော်သည် ( ရိုးရိုး ပဒုမ္မာ ကြာပန်းနှင့် မတူ ) လှပတင့်တယ်သော မျက်လုံး မျက်ခုန်းပါသဖြင့် ထူးထူးဆန်းဆန်း အံ့မခန်းသော ထိုပဒုမ္မာကြာပန်းနှင့်သာ တူတော် မူသည်"ဟူလို၊ ထို့ကြောင့် ဤဥပမာသည် အံ့ဩဘွယ် ထူးဆန်းသည့် ပဒုမ္မာကြာပန်းဟူသော ဥပမာဖြစ်သောကြောင့်"အဗ္ဘုတောပမာ" မည်၏။

အဗ္ဘုတောပမာ။ ။သက္ကတ၌ " အဒ်ဘုတ " ဟု ရှိ၏၊ အတ်- အကြောင်းမဲ့ ဖြစ်လာသည်၏ အဖြစ်ဖြင့် + ဘာတိ - ထင်လာတတ်၏၊ ဣတိ အဗ္ဘုတာ၊ "အကြောင်းမရှိဘဲ ရုတ်တရက် ထူးထူးဆန်းဆန်း ထင်လာ (ဖြစ်ပေါ်လာ )သော အံ့ဩဘွယ်"ဟူလို၊အတ်နိပါတ်ရှေးရှိ သော ဘာဓာတ်,ဥ၊တစ်ပစ္စည်း။ ဒ်-စ်အနုဗန်တို့ကိုချေ၊ ပါဠိ၌"ဒ"ကို

www.dhammaransi.com



ဗပြု၍ " အဗ္ဘုတ " ဟု ဖြစ်၏။ [ အဗ္ဘုတာစ + သာ+ ဥပမာ စာတိ အဗ္ဘုတောပမာ။]

ဋီကာ ။ "လောစနဗ္ဘမုပိဗ္ဘမံ - လောစနဗ္ဘမူနံ လီလာဝတ္တံ ကိဋ္ဌိ အမ္ဗောဇံ ကိဋ္ဌိ အဗ္ဘုရိယပဒုမံ"ဟု ဖွင့်သောကြောင့်"မျက်လုံး မျက်ခုန်းတို့၏ တင့်တယ်ခြင်းရှိသော(ထိုသို့ရှိသောကြောင့်)အံ့ဩဘွယ် ကောင်းသောပဒုမ္မာကြာပန်း"ဟုမှတ်၊ ရှေးနိဿယတို့ အနက်ပေးပုံမှာ " ဘုရားရှင်၏ မျက်လုံးတော်တို့၏ တင့်တယ်ခြင်းရှိသော ကြာ "ဟု ဆိုလိုရာရောက်နေ၍ ကျမ်းဆရာ၏ အလို မကျ။ [ လောစနဘမူနံ+ ဝိဗ္ဘမော ယသ္မိံ တိ လောစနဘမုဝိဗ္ဘမံ၊(အမ္ဗောဇံ)။]

မှတ်ချက်။ ။ ဤဂါထာ၌ ထူးဆန်းသော ပဒုမ္မာကြာသည် ဥပမာန, ထိုဥပမာနကို လောစနဗ္ဘမုဝိဗ္ဘမံ အမ္ဗောဇံပါဌ်ဖြင့် ပြ၏၊ ဘုရားရှင်၏မျက်နှာတော်သည် ဥပမေယျ, ထိုကို မုခသောဘံ ပါဌ်ဖြင့် ပြ၏၊ မျက်လုံး မျက်ခုန်းတို့၏ တင့်တယ်ခြင်းဂုဏ်သည် ၂ ပါးစုံနှင့် ဆက်ဆံသော ဥပမာတည်း၊ လောစနဗ္ဘမုဝိဗ္ဘမံဖြင့် ကြာပန်း၌တည် သော ဂုဏ်ကို တိုက်ရိုက်ပြ၍ ဘုရားရှင်၏ မျက်နှာတော်၌ တည်သော ဂုဏ်ကို သာမတ္ထိယအားဖြင့်ပြသည်။[မုခဂတော လောစနဗ္ဘမုဝိဗ္ဘမ သမ္ဗန္ဓော ယဒိ မုခေ နဘဝေယျ၊တာဒိသံ မုခသောဘံ ဓာရေတုံ ကထံ သမတ္ထောတိ သာမတ္ထိယာ ဉာယတိ။]

ပါဌ်မှန်။ ။ယခုစာအုပ်များ၌ "ဓာရေတုံ"ဟု ရှိ၏၊ ဓတ္တာမ်ကို ဘာသာပြန်ထားသောပုဒ်ဖြစ်၍ "ဓာရေတု"ရှိရမည်၊ ကာဗျဒဿ၌ ဓတ္တာမ်ကို "ဓာရယတု"ဟု ဖွင့်၏၊"ဓာရေတုံ သမတ္ထော ဟောတု" ဟူသော ပါဋ္ဌိဋီကာလည်း ဓာရေတု၏ အဓိပ္ပါယ်ဖွင့်သာ၊ ထို့ပြင်— "တာ တေ"ဟု တွေ့၏၊ တဝါကျထည်း၌ ထိုသို့ ဆင့္ကန့်တုမှ သဒ္ဒါ ၂ ခုရှိရိုးထုံးစံ မဟုတ်၊ ကာဗျဒဿ၌"တတ် တေ မုခဩိယံ ဓတ္တာမ်" ကို ဘာသာပြန်ထားသော ဝါကျ ဖြစ်ရကား ထို၌ " တတ် " ကို "တဒါ " ဟု ဋီကာဖွင့်သောကြောင့် " တဒါ တေ"ဟု ရှိသင့်သည်၊ မှန်၏—ပါဋ္ဌ်၌လည်း ရှေ့ဝါကျ၌ " ယဒိ "ဟု ရှိလျှင် နောက်ဝါကျ၌ "တဒါ "ဟု ရှိတတ်၏။ [ ယဒိ ပစ္စုပ္ပန္နာရမဏောသု၊ ပေ၊ တဒါ ပဋိ သန္ဓိ ဘဝင်္ဂါနံပိ "- သင်္ဂြိုဟ်, မရဏုပ္ပတ္တိစတုက္က။]

www.dhammaransi.com



**သိလေသောပမာ**

၁၉၀။ သုဂန္ဓိ သောဘာသမ္ဗန္ဓိ, သိသိရံသုဝိရောမိစ၊
မုခံ တဝ ဓမ္မုဇံ ဝေတိ, သာ သိလေသောပမာ မတာ။

၁၉၀။ (မုနိ-အိုမြတ်စွာဘုရား၊)အမ္ဗုဇံ-ပဒုမ္မာကြာပန်းသည်၊ သုဂန္ဓိ ဣဝ-ကောင်းသောရနံ့ရှိသကဲ့သို့ရင်း၊ သောဘာသမ္ဗန္ဓိ ဣဝ-တင့်တယ်ခြင်းနှင့် စပ်ခြင်းရှိသကဲ့သို့ရင်း၊ သိသိရံသုဝိရောမိ ဣဝ-လမင်းနှင့် ဆန့်ကျင်ခြင်း ရှိသကဲ့သို့ရင်း၊(တထာ- ထို့အတူ၊)တဝ-ရှင်တော်မြတ်ဘုရား၏၊ မုခံ- မျက်နှာတော်သည်၊ သုဂန္ဓိ - ကောင်းသော ရနံ့လည်း ရှိပါပေ၏၊ သောဘာသမ္ဗန္ဓိ - တင့်တယ်ခြင်းနှင့် စပ်ခြင်းလည်း ရှိပါပေ၏၊ သိသိရံသုဝိရောမိစ- လမင်းနှင့် ဆန့်ကျင်ခြင်းလည်း ရှိပါပေ၏၊ ဣတိ-ဤသို့သော၊ သာ-ထိုဥပမာကို၊ သိလေသောပမာ-သိလေသောပမာ ဟူ၍၊ ဝါ- သိလေသ အလင်္ကာဖြင့် ဆိုအပ်သော ဥပမာဟူ၍၊ မတာ-သိအပ်၏။

× × × × × × ×

၁၉၀။ သုဂန္ဓိတျာဒိ။ ။သိလိသစာတ်သည် ငြိကပ်ခြင်းအနက်ကို ဟော၏၊ သုဂန္ဓိ,သောဘာသမ္ဗန္ဓိ,သိသိရံသုဝိရောမိ ပုဒ်တို့၏ အနက်သည် အမ္ဗုဇအတွက် ပေးသောအခါ မုခအတွက်လည်း ငြိကပ်လျက်ရှိ၏၊ ထို့ကြောင့် ''သိလိဿတိ အပရောပိ အတ္ထော ဧတ္ထာတိ သိလေသော၊ သိလေသေန+ဝုတ္တာ + ဥပမာ သိလေသောပမာ '' နှင့်အညီ သိလေသောပမာမည်၏၊ [ဧတ္ထ (အလင်္ကာရေ)-ဤအလင်္ကာ၌၊ အပရောပိ အတ္ထော-အခြားအနက်သည်လည်း၊ သိလိဿတိ-ငြိကပ်နေ၏၊ ဣတိ သော သိလေသော၊ သိလေသေန - သိလေသ အလင်္ကာဖြင့်၊ ဝုတ္တာ-ဆိုအပ်သော၊ ဥပမာ-ဥပမာသည်၊ သိလေသောပမာ-မည်၏၊ (နောက်၌ သိလေသအလင်္ကာ လာဦးလတ့်)။]

ငြိကပ်ပုံ။ ။သုဂန္ဓော ယဿ အတ္တိတိ သုဂန္ဓိ- ကောင်းသော အနံ့ရှိသောကြာ၊ ဤအနက်သည် မျက်နှာတော်၌လည်း ငြိကပ်၏၊ ထို့ကြောင့် ဤပုဒ်များကို ၂ ထပ်အနက်ပေးရသည်၊ ကြာပန်းသည် ထုံးစံအတိုင်း ကောင်းသောအနံ့ရှိ၏၊ဘုရားရှင်၏မျက်နှာတော်လည်း ၄ မျိုးသောအနံ့ဖြင့် ကောင်းသောအနံ့ ရှိတော်မူ၏၊ [အနံ့ ၄ မျိုးကို အဘိဓာန် ၁၄၇ ဂါထာ ကြည့်။ ] သောဘာယ + သမ္ဗန္ဓော သောဘာ

www.dhammaransi.com



### သန္တာနောပမာ

၁၉၁။ သရူပသဒ္ဒဝါစ္စတ္တာ, သာ သန္တာနောပမာ ယထာ၊
ဗာလာဝ·ယျာန မာလာ·ယံ,သာလကာနန သောဘိနီ။

၁၉၁။ သရူပသဒ္ဒ ဝါစ္စတ္တာ - သုတိတူသော သဒ္ဒါအစဉ်ဖြင့် ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ သာ – ထိုဥပမာသည်၊ သန္တာနောပမာ-သန္တာနောပမာ မည်၏၊ ယထာ- ဥဒါဟရဏ်ကား၊ ဗာလာဝုယျာန မာလာယံ, သာ·လကာနန သောဘိနီ (တနည်း)သာလ+ကာနန သောဘိနီ - ဗာလာဝုယျာန၊ပေ၊သောဘိနီ ဟူသည်တည်း၊

× × × × × × ×

သမ္ဘန္ဓော၊သောဘာသမ္ဗန္ဓော ယဿ အတ္ထီတိ သောဘာသမ္ဗန္ဓီ၊ကြာပန်းသည် နှစ်သက်ဘွယ် တင့်တယ်ခြင်းဂုဏ်နှင့် စပ်ခြင်းရှိသကဲ့သို့ ဘုရားရှင့်မျက်နှာတော်လည်း နှစ်သက်စဘွယ် တင့်တယ်ခြင်းရှိတော်မူ၏။

သိသိရာ+အံသု ယဿာတိ သိသိရံသု ( မြေသောအရောင်ရှိသောလ )၊ ဝိရောဓော ယဿ အတ္ထီတိ ဝိရောဓိ၊ သိသိရံသုနော + ဝိရောဓိ သိသိရံသု ဝိရောဓိ = လသည် ဘုရားရှင်၏ မျက်နှာတော်နှင့် တူသောကြောင့် ဆန့်ကျင်ဘက် အပြိုင်ပြုသကဲ့သို့ ဖြစ်၏၊ ပဒုမ္မာကြာပန်းသည် နေထွက်မှပွင့်၍ လထွက်လျှင် တွန့် ( ငုံ ) သွားသောကြောင့် လနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။[ တဝ မုခံ အမ္ဘောဇ မိဝ သိသိရံသုဝိရောဓိ၊ စန္ဒဿ ဝိရုဒ္ဓံ ဟောတိ တုလျတ္တာ၊ ပဒုမံ ပန စန္ဒောဒယေန သင်္ကောစ နတ္တာ တဿ ဝိရုဒ္ဓံ ဟောတိ။ [အမ္ဘောဇ - မုခံပုဒ်တို့က နပုလ္လိန်ဖြစ်သောကြောင့် ''သုဂန္ဓိ'' စသည်ဖြင့် ရဿရှိရသည်။]

---

၁၉၁။ သရူပ၊ပေ၊ပမာ။ ။[သန္တာနသဒ္ဒါသည် အစဉ်ဟူသော အနက်ကိုဟော၏၊] သုတိတူသော ( အသံတူသော ) သဒ္ဒါအစဉ်ဖြင့် ဆိုအပ်သော ဥပမာဖြစ်သောကြောင့်''သန္တာနောပမာ''ဟု သိအပ်၏၊[သရူပါစ+တေ+သဒ္ဒါစာတိသရူပသဒ္ဒါ=တူသောသဘော(သုတိ)ရှိသောသဒ္ဒါတို့၊ သရူပသဒ္ဒေဟိ+တို့ဖြင့်၊ ဝါစ္စာ(ဆိုအပ်သော ဥပမာတည်း၊) သရူပသဒ္ဒဝါစ္စာ၊ သရူပသဒ္ဒ ဝါစ္စာဿ+ဘာဝေါ သရူပသဒ္ဒ ဝါစ္စတ္တံ (တဿ္မာဝါစ္စတ္တာ)၊ သန္တာနေန-သုတိတူသော သဒ္ဒါအစဉ်ဖြင့်+ဝုတ္တာ+ဥပမာ သန္တာနောပမာ။]

www.dhammaransi.com



[သာ·လကာနန သောဘိနီ- နဖူးပေါ်တွင်, အလှပြင်၍, ချဆင်အပ်သော ဆံစနှင့် တကွဖြစ်သော မျက်နှာဖြင့် တင့်တယ်ခြင်းရှိသော၊ ဗာလာ၀-အပျိုပေါက်အရွယ်, သတို့သွီးငယ်ကဲ့သို့၊ အယံ ဥယျာန မာလာ-ဤဥယျာဉ်အစဉ်အတန်းသည်၊ သာလ ကာနန သောဘိနီ-အင်ကြင်းတောဖြင့် တင့်တယ်ခြင်း ရှိပါပေ၏။]

× × × × × × ×

သာလကာနန သောဘိနီ ။ ။ ဗာလာနှင့် အရတူရာ၌ "သ+အလက" ဟု ပုဒ်ခွဲ၊ အလတိ ဘူသယတိ- တန်ဆာဆင်တတ်၏၊ ဣတိ အလကော၊ ( အလဓာတ်, ကုန်ပစ္စည်း၊ ) "လလာဋဋ္ဌေ - နဖူးပြင်၌ တည်သော၊ဆိန္နဂ္ဂေ-ဖြတ်အပ်သော အဖျားရှိသော၊ကုဋိလကေသေ-ကောက်သောဆံပင်ဟူသော အနက်၌ ဖြစ်၏ " ဟု ထောမနိမိဆို၏၊ မိန်းမများ၏ ထုံးစံအတိုင်း နဖူးအစ၌ ချထားအပ်သော ဆံစ တမျိုးတည်း၊ ထို နဖူးဆံစသည် မျက်နှာ၏ တန်ဆာတမျိုးဖြစ်သည်။

သဟ + အလကေန ယံ ဝတ္တတီတိ သာလကံ ( အာနနံ )၊ သာလကာနနေန + သောဘိနီ သာလကာနနသောဘိနီ ( ဗာလာ )၊ " ဗာလာ " ဟူသည် အပျိုဘော်ဝင်စ မိန်းမငယ်တည်း။ [ အလကသဉ္ဇာတကေသန္တိဝေသ သဟိတေန မုခေန ( အလကဟု ခေါ်အပ်သော ဆံပင်တို့၏တင့်တယ်စွာ တည်နေပုံနှင့်တကွဖြစ်သော မျက်နှာဖြင့်၊ )သောဘမာနာ။]ဥယျာဉ်ကိုအရကောက်ရာ၌ကား-"သာလ+ကာနန"ဟု ခွဲ၊ "သာလသဉ္ဇာတာနိ+ကာနနာနိ ( တောတို့တည်း၊) သာလကာနနာနိ - အင်ကြင်းတောတို့၊ တေဟိ + သောဘိနီ သာလကာနန သောဘိနီ"ဟု ပြု။

သိလေသောပမာ မဟုတ် ။ ။ ပြခဲ့သော နည်းအတိုင်း အနက် ၂ထပ်ရသဖြင့်"သိလေသောပမာ"ဟုဆိုသင့်သော်လည်း သမာသ်ပုဒ်အစဉ်တို့ဖြင့် ဆိုအပ်သောကြောင့် "သန္တာနောပမာ"ဟု အမည်ထူးရသည်။ [ သိလေသတ္တေ သတိပိ ကတသမာသေဟိ ပဒသန္တာနေဟိ (ပြုအပ်သော သမာသ်ရှိသော ပုဒ်အစဉ်တို့ဖြင့်)ဝုစ္စမာနတ္တာ သန္တာနောပမာနာမ ဟောတိ။]

www.dhammaransi.com



နိန္ဒောပမာ

၁၉၂။ ခယိ စန္ဒော ဗဟုရဇံ, ပဒုမံ တေဟိ တေ မုခံ၊
သမာနံပိ သမုက္ကံသိ-တျေယံ နိန္ဒောပမာ မတာ။

၁၉၂။ စန္ဒော- လသည်၊ ခယိ - လဆုတ်တရက်နေ့မှစ၍ ကုန်ခမ်းခြင်းရှိ၏၊ ပဒုမံ-ပဒုမ္မာကြာပန်းသည်၊ ဗဟုရဇံ-များသောမြူမှုန်ရှိ၏၊(မုနိ-အိုမြတ်စွာဘုရား၊)တေ-ရှင်တော်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ တေဟိ- ထို လစန်း ကြာပန်းတို့နှင့်၊ သမာနံပိ - တူပါသော်လည်း၊ သမုက္ကံသိ - လွန်ကဲသောဂုဏ် ရှိပါ၏၊ ဣတိ - ဤသို့သော၊ အယံ-ဤဥပမာကို၊ နိန္ဒောပမာ-နိန္ဒောပမာဟူ၍၊ဝါ-ကဲ့ရဲ့နှိမ့်ချအပ်သော ဥပမာဟူ၍၊ မတာ-သိအပ်၏။

× × × × × × ×

၁၉၂။ ခယိတျာဒိ။ ။ လသည် လွှတ် ၁ ရက်မှစ၍ ( နေနှင့်နီးကပ်သွားသောကြောင့်)နေ့စဉ် ဆုတ်ယုတ်လျက်ရှိ၏၊ ဤစကားဖြင့် လကို နှိမ့်ချ၏၊ ပဒုမ္မာကြာလည်း မြူမှုန်တွေများ၏၊ ( ဝတ်မှုန်ကိုပင် ကဲ့ရဲ့လို၍ ''မြူမှုန်''ဟု ဆိုသည်၊)ဤစကားဖြင့် ပဒုမ္မာကြာကိုနှိမ့်ချ၏၊ ဘုရားရှင်၏ မျက်နှာတော်သည် ထို လစန်း ကြာပန်း တို့နှင့် လှပတင့်တယ်ခြင်း, ကောင်းသော အနံ့ရှိခြင်းအားဖြင့် တူသည်ဟု ဥပမာပြုရသော်လည်း ( ခယအပြစ်, ဗဟုရဇအပြစ်မှ ကင်းသောကြောင့် ) ထို လစန်း ကြာပန်းတို့ထက် လွန်ကဲသောဂုဏ်ရှိပါသည်-ဟူလို၊ ဤသို့ ဥပမာနတို့ကို ကဲ့ရဲ့ နှိမ့်ချ၍ ဥပမာပြုသောကြောင့် ''နိန္ဒိတောပမာ'' မည်၏ [ နိန္ဒိတာနံ - ကဲ့ရဲ့အပ်သော လ, ကြာပန်းတို့ကို + ဥပမာ-မျက်နှာတော်နှင့် နှိုင်းယှဉ်ခြင်းတည်း၊ နိန္ဒိတောပမာ-ခြင်း။]

**ဋီကာ**။ ။စန္ဒော ခယီ – ပါဋိပဒတော ပဋ္ဌာယ ဒိနေဒိနေ ဧကေကာယ ကလာယ ( တခုတခုသော အစိတ်၏ ) သူရိယဿ အာသန္နဟေတု ( နေနှင့်နီးခြင်းကြောင့် ) ခိယန သဘာဝ ယုတ္တော ဟောတိ၊ ပဒုမံ ဗဟုရဇံ – ဗဟုရေဏုသမန္နာဂတံ ဟောတိ၊ တေဟိ စန္ဒပဒုမေဟိ သမာနံပိ (ကန္တိသုဂန္ဓာဒီဟိ သဒိသံပိ) တေ မုခံ ( တဝ အာနနံ )၊ သမုက္ကံသိ– ခယ ရဇသဒ္ဒေဟိ ( ခယီဣ ခယသဒ္ဒါ, ဗဟုရဇံ၌ ရဇသဒ္ဒါတို့သည် ) ဒေါသဿပိ ဝါစကတ္တာ ( အပြစ်ကိုလည်း ဟောအပ်သည်၏ အဖြစ်ကြောင့် ) သဒ္ဒစ္ဆလေဟိ ( သဒ္ဒါ၏ အနက်အမိပ္ပါယ်တမျိုးတို့ဖြင့်) ဂမျမာနဿ ဒေါသဿ မုခေ အဝိဇ္ဇမာနတ္တာ (မျက်နှာတော်မှာ မရှိခြင်းကြောင့်) အဓိကဂုဏဝန္တံ ဟောတိ။

www.dhammaransi.com



### ပဋိသေဓောပမာ

၁၉၃။ အသမတ္ထော မုခေန္ဒု, ဇိန တေ ပဋိဂဇ္ဇိတုံ၊
ဇဠော ကလင်္ကီ·တိ အယံ , ပဋိသေဓောပမာ သိယာ။

၁၉၃။ ဇိန - အို မြတ်စွာဘုရား၊ ဇဠော - ချမ်းသော၊ ဝါ- မထင်မရှား, မှုံမွှားမွှားဖြစ်နေသော၊ ကလင်္ကီ - ယုန်ရေး အမှတ်ရှိသော၊ ဣန္ဒု - လသည်၊ တေ - ရှင်တော်မြတ်ဘုရား၏၊ မုခေန- မျက်နှာတော်နှင့်၊ ပဋိဂဇ္ဇိတုံ - ကြုံးဝါးမာန်မူ, အတူပြိုင်ခြင်းငှါ၊ အသမတ္ထော-မစွမ်းနိုင်ပါ၊ ဣတိ - ဤသို့သော၊ အယံ - ဤဥပမာ သည်၊ ပဋိသေဓောပမာ-ပဋိသေဓောပမာမည်သည်၊ ဝါ-တားမြစ် အပ်သော ဥပမာမည်သည်၊ သိယာ-ဖြစ်၏။

× × × × × × +

၁၉၃။ **အသမတ္ထော တျာဒိ**။ ။မည်းမှောင် ကြောင်ကျား၍ အမှတ်အသား ပါနေသော လသည် ရှင်တော်ဘုရား၏ မျက်နှာတော် နှင့် ပြိုင်ဆိုင် ကြုံးဝါးခြင်းငှါ မစွမ်းနိုင်ပါ၊ ဘာ့ကြောင့်နည်း....ဘုရား ရှင်၏ မျက်နှာတော်မှာ ထိုအပြစ်မျိုး မရှိခြင်းကြောင့်တည်း။

ဇဠော ကလင်္ကီ။ ။သက္ကတ၌ "ဇဍ" ဟု ရှိ၏၊ အဇ ဟူသော အနက်,အပကာသ(မထင်မရှား)ဟူသောအနက်,စသည်ကိုဟော၏၊ ထို့ကြောင့် " သီတလော အဝိသဒေါ ( မသန့်မရှင်း ) " ဟု ဋီကာ ဖွင့်သည်၊ "မသန့်ရှင်း"ဟူသည်မှာ မိုယ်းတိမ်စသော အနှောံအရှက် ရှိသောကြောင့် မထင်မရှား မှုံမွှားမွှားဖြစ်နေခြင်းတည်း၊ ကလင်္ကော ( အမှတ်တံဆိပ် )ယဿာတိ ကလင်္ကီ -ယုန်ရေး အမှတ်တံဆိပ် ရှိ၏၊ ထို အမှတ်တံဆိပ်သည် မျက်နှာ၌ မှဲ့အမှတ်အသားကဲ့သို့ အပြစ်တမျိုး ဖြစ်၏၊ ထို့ကြောင့် "သ လက္ခဏော,သ ဒေါသော"ဟု ဋီကာဖွင့်၏။

မှတ်ချက်။ ။ဇဠော ကလင်္ကီပုဒ်တို့ဖြင့် ဥပမာနဖြစ်သောလကို ရှုတ်ချရာ ရောက်၍ "နိန္ဒောပမာ "ဆိုသင့်သော်လည်း " အသမတ္ထော ပဋိဂဇ္ဇိတုံ " ဟု ဥပမာအဖြစ်ကို တားမြစ်သောကြောင့် " ပဋိသေဓောပမာ " အမည်ရသည်၊ ဋီကာ၌ကား " ဧဝံ ပဋိသေဓဒွယေန ၊ ပေ ၊ သတိပိ နိန္ဒောပမာဘာဝေ ပဋိ သေဓောပမာနာမ ဟောတီတိ အဓိပ္ပါယော"ဟုဆိုလေသည်၊ ပဋိသေဓဒွယ- ဟူသည် မျက်နှာတော်၌ ဇဠအပြစ် မရှိခြင်း, ကလင် ( အမှတ် ) မပါခြင်း တည်း၊ ထို ပဋိသေဓ ၂ ခုကြောင့် " ပဋိသေဓောပမာ " ဟု ဆိုလိုသတတ်၊ စဉ်းစားပါလေ။

www.dhammaransi.com



### အသာဓာရဏောပမာ

၁၉၄။ ကဥ္ဇံ စန္ဒာ·ရဝိန္ဒာနံ, အတိက္ကမ္မ မုခံ တဝ၊
အတ္တနာဝ သမံ ဇာတ- မိတ္យ·သာဓာရဏောပမာ။

၁၉၄။ (ဗိန - အို မြတ်စွာဘုရား၊) တဝ - ရှင်တော်ဘုရား၏၊ မုခံ- မျက်နှာတော်သည်၊ စန္ဒာရဝိန္ဒာနံ(စန္ဒ+အရဝိန္ဒာနံ)- လစန်း ကြာပန်းတို့၏၊ ကဥ္ဇံ-လှပတင့်တယ်ခြင်းဟူသော လမ်းစဉ်ကို၊ ဝါ- လှပတင့်တယ်ခြင်း ဟူသော အခိုက်အတန့်ကို၊ အတိက္ကမ္မ - ကျော် လွန်၍၊ အတ္တနာဝ- မိမိနှင့်သာလျှင်၊ သမံ-တူတော်မူသည်၊ ဇာတံ- ဖြစ်ပါပေ၏၊ ဣတိ-ဤဥပမာသည်၊ အသာဓာရဏောပမာ-အသာ ဓာရဏောပမာမည်၏၊ ဝါ - ဆက်ဆံခြင်းမရှိသော ဥပမာမည်၏။

× × × × × × ×

၁၉၄။ ကဥ္ဇံ တျာဒိ။ ။အို မြတ်စွာဘုရား....ရှင်တော်ဘုရား၏ မျက်နှာတော်သည် လစန်းနှင့် ကြာပန်းတို့၏ လှပတင့်တယ် နှစ်သက် ဘွယ်လမ်းစဉ်ကို ကျော်လွန်၍ မိမိတည်းဟူသော မျက်နှာတော်နှင့်သာ တူတော်မူပါသည်ဘုရား၊ ဤဥပမာသည်(အခြားဥပမာနှင့် မဆက်ဆံ ကြောင်းကို ပြသောကြောင့်)အသာဓာရဏောပမာ မည်၏။

ကဥ္ဇံ။ ။ဤပုဒ်ကို ဋီကာသစ်၌ '' ပဒဝိ - လမ်း '' ဟုဎင်း, ''အဝတ္ထံ-အခိုက်အတန့်''ဟုဎင်းဖွင့်၏၊ ''ကဥ္ဇံ အတိက္ကမ္မ-လမ်းစဉ်ကို ကျော်လွန် '' ဟူရာ၌ '' လနှင့် မျက်နှာတို့၏ အစွမ်းကုန်လှပတင့်တယ် နေသော လမ်းစဉ်ကို ကျော်လွန်''ဟုမှတ်၊ ''အခိုက်အတန့်''ဟူသည် လည်း '' လှပနေသော အခိုက်အတန့် '' ပင်တည်း။ [လ-ကြာတို့မှာ မှုံမွှား- ညှိုးနွမ်းလျက် မလှပသော အခိုက်အတန့်လည်း ရှိ၏။]

အတ္တနာဝ သမံ ။ ။ '' အတ္တနာ '' ဟူသည် မိမိတည်းဟူသော မျက်နှာပင်တည်း၊ လစန်း ကြာပန်းတို့နှင့်မတူဘဲ ''မျက်နှာတော်သည် မျက်နှာတော်နှင့်သာ တူသည် '' ဟူလို၊ အသာဓာရဏ - အခြား ဥပမာနှင့် မဆက်ဆံသော +ဥပမာ- မိမိ ( မျက်နှာ ) တည်းဟူသော ဥပမာတည်း၊ ဤစကားအရ မျက်နှာတော်သည် ဥပမာနလည်း ဖြစ်, ဥပမေယျလည်း ဖြစ်၏-ဟု မှတ်၊ ဤ အသာဓာရဏောပမာကို အတု ယူ၍ ကိုးခန်းပျို့၌ '' သဒ္ဒါလက်သုံး , ကျမ်းရိုးထုံး၌ , သီးရုံး သီးပွင့်, တူယှဉ်မြင့်သော်, ငါနှင့် ငါသာ, နှိုင်းစရာ ဟု''စသည်ဖြင့် ဆိုသည်။

www.dhammaransi.com



အဘူတောပမာ

၁၉၅။ သဗ္ဗမ္ဘောဇပဘာသာရော, ရာသိဘူတော·ဝ ကတ္ထစိ၊
တဝ ါ·နနံ ဝိဘာတီ·တိ, ဟော·တာ·ဘူတောပမာ အယံ။

၁၉၅။ (ဗိန-အိုမြတ်စွာဘုရား၊)တဝ-ရှင်တော်မြတ်ဘုရား၏၊ အာနနံ-မျက်နှာတော်သည်၊ ကတ္ထစိ-တစုံတခုသော အရပ်၌၊ ရာသိဘူတော-အစုဖြစ်၍ဖြစ်သော၊ သဗ္ဗမ္ဘောဇပဘာသာရောဝ-အလုံးစုံသောကြာပန်းတို့၏ ကောင်းမြတ်သောတင့်တယ်ခြင်းကဲ့သို့၊ဝိဘာတိ-အထူးအားဖြင့် တင့်တယ်ပါပေ၏၊ ဣတိ- ဤသို့သော၊ အယံ-ဤဥပမာသည်၊ အဘူတောပမာ- အဘူတောပမာ မည်သည်၊ ဝါ-ထင်ရှားမရှိသော ဥပမာမည်သည်၊ ဟောတိ-ဖြစ်၏၊

× × × × × × ×

ဋီကာသစ်၊ ၊ဣဟ ဥပမာနဘူတာနံ စန္ဒာရဝိန္ဒာနံ (လ-ကြာတို့၏)မုခသ(မျက်နှာတော်အောက် ) ဟီနဘာဝ ပဋိပါဒနဒွါရေန ( ယုတ်ညံ့ကုန်သည်၏ အဖြစ်ကို ပြီးစေခြင်းကို အကြောင်းပြုသဖြင့်) စန္ဒာရဝိန္ဒေဟိ မုခံ တုလျန္တိ ဉာပနတော( သိစေခြင်းကြောင့် ) စန္ဒာရဝိန္ဒာ အသာဓာရဏောပမာ၊ ဤသို့ လ - ကြာတို့ကို '' အသာဓာရဏောပမာ''ဟု ဆိုထား၏၊ ''အတ္တနာဝ သမံ''ဟူသော စကားကို ထောက်၍ ထို ဋီကာစကားကို စဉ်းစားကြပါလေ။

---

၁၉၅။ သဗ္ဗမ္ဘောဇတျာဒိ ။ ။ အိုမြတ်စွာဘုရား....တစုံတခုသော နေရာ၌ စု၍ထားသော ပဒုမ္မာကြာပန်း အားလုံး၏ အကောင်းဆုံး တင့်တယ်ပုံကဲ့သို့ ရှင်တော် ဘုရား၏ မျက်နှာတော်သည် အထူး တင့်တယ်တော်မူပါပေသည်၊ ဤဥပမာသည် အဘူတောပမာ မည်၏။

သဗ္ဗမ္ဘောဇ ပဘာသာရော ၊ ၊ ပဘာယေဝ+ သာရော ပဘာသာရော=အမြတ်ဆုံး အလှဆုံး တင့်တယ်ခြင်း၊ ဋီကာ၌''ဥတ္တမ ကန္တိ'' ဟု ဖွင့်သည်။ [ သာရကို ဥတ္တမ , ပဘာကို ကန္တိ ဟု ဖွင့်ခြင်းတည်း၊ ] သဗ္ဗမ္ဘောဇာနံ + ပဘာသာရော သဗ္ဗမ္ဘောဇပဘာသာရော၊ ရာသိဘူတောဝ= ရာသိဘူတော+ဣဝ၊ '' ဝိဘာတိ- ဝိသေသေန+ ဘာတိ= အထူးသဖြင့် တောက်ပ၏''ဟု သဒ္ဒါနက်ထွက်သော်လည်း''တင့်တယ်၏''ဟု အဓိပ္ပါယ်နက်သာ ဆိုလိုရင်းတည်း၊ ကြာပန်းအားလုံး တနေ

www.dhammaransi.com



**အတ္ထဂမျုပမာ၏ အချီ**

၁၉၆။ ပတီယတေ-ဏ္တဂမ္မာ တု, သဒ္ဒသာမတ္ထိယာ ကွစိ၊
သမာသပစ္စယေဝါဒိ-သဒ္ဒယောဂံ ဝိနာ အပိ။

၁၉၆။ ကွစိ - တချို့အရာ၌၊ အတ္ထဂမ္မာတု-အနက်အားဖြင့် သိအပ်သော ဥပမာကိုကား၊ သမာသ ပစ္စယေဝါဒိ သဒ္ဒယောဂံ-သမာသ်ပုဒ်သဒ္ဒါ, အာယစသော ပစ္စည်းသဒ္ဒါ, ဣဝါဒိဂိုဏ်း သဒ္ဒါ တို့နှင့် ယှဉ်ခြင်းကို၊ ဝိနာ အပိ- ကြဉ်၍လည်း၊ သဒ္ဒ သာမတ္ထိယာ-သဒ္ဒါ၏ အစွမ်းသတ္တိအားဖြင့်၊ ပတီယတေ-သိအပ် သိနိုင်၏။

× × × × × × ×

ရာ၌ စုနေသောအခါ အရောင်ထူး၍မတောက်၊ ထူး၍သာ ရှချင့်စဘွယ် တင့်တယ်သည်၊ ထို့ကြောင့်''တင့်တယ်ခြင်း''အနက်ကိုသာ ယူရမည်။

အဘူတောပမာ ။ ။အဘူတာ - မဖြစ်နိုင်သော ( လောက၌ ကြာပန်းအားလုံး စုရုံးနေသည် ဟု မဖြစ်နိုင်သော၊ ) ဥပမာ- တည်း၊ အဘူတောပမာ၊ ဘုရားရှင်၏ မျက်နှာတော်သည် ပဒုမ္မာကြာပန်း တပွင့်မျှ၏ တင့်တယ်ခြင်းနှင့် မနှိုင်းယှဉ်သင့်ပါ၊ ကမ္ဘာလောက၌ ရှိရှိ သမျှ ပဒုမ္မာကြာပန်းတို့ တနေရာ၌ စုနေလျှင်, ထိုစုနေသော ကြာပန်း တို့၏ တင့်တယ်ပုံနှင့်သာ နှိုင်းယှဉ်သင့် ပါသည် - ဟူလို။ [''ယထာပိ သေလာ ဝိပုလာ, နဘံ အာဟစ္စ ပဗ္ဗတာ''ဟူသော ဇရာမရဏတို့၏ ဥပမာလည်း အဘူတောပမာပင်တည်း။]

---

၁၉၆။ ပတီယတေတျာဒိ။ ။သဒ္ဒဂမျုပမာ-စသော ဥပမာ၃မျိုး တွင် သဒ္ဒဂမျုပမာကို ( သမာသ , ပစ္စယ , ဣဝါဒိအားဖြင့် ၃ မျိုး ခွဲခြားလျက် ) အကျယ်ပြပြီး၍ ယခုအခါ အတ္ထဂမျုပမာကို အကျယ် ပြလိုသောကြောင့်''ပတီယတေတ္ထ''စသော အချီဂါထာကို မိန့်သည်၊ ဆိုလိုရင်းကား-''ဥပမာန ဥပမေယျဝတ္ထုတို့၏ အစပ်သမ္ဗန် ဟူသော ဥပမာကို ထွန်းပြတတ်သော သမာသ်ပုဒ်, အာယ စသော ပစ္စည်း, ဣဝါဒိဂိုဏ်း , ဤသဒ္ဒါ ၃ မျိုး မပါဘဲ ဖွဲ့ဆိုထားသော သဒ္ဒါများ၏ ဥပမာကို ပြစွမ်းနိုင်သော အစွမ်းသတ္တိအားဖြင့် သိနိုင်သောဥပမာကို အတ္ထဂမျုပမာ ခေါ်သည် ''ဟူလို။

www.dhammaransi.com



### သရူပေါပမာ

၁၉၇။ ဘိင်္ဂါနေ·မာနိ စက္ခူနိ, နာ·မ္ဗုဇံ မုခ မေဝိ·ဒံ၊
သုဗျတ္တသဒိသတ္တေန, သာ သရူပေါပမာ မတာ။

၁၉၇။ ဣမာနိ - မည်းနက်၍ လှုပ်ရှားသော, ဤဝတ္ထု ၂ပါး တို့ကား၊ န ဘိင်္ဂါနိ-ပိတုန်းများ မဟုတ်ကြကုန်၊ စက္ခူနိ-မျက်လုံးတို့ သာတည်း၊ ဣဒံ-လှပမွှေးကြိုင်,ရနံ့လှိုင်သော ဤဝတ္ထုကား၊ န အမ္ဗုဇံ - ပဒုမ္မာကြာပန်း မဟုတ်၊ မုခမေဝ- မျက်နှာသာတည်း၊ သာ-ထိုဥပမာကို၊ သုဗျတ္တသဒိသတ္တေန - အလွန်ထင်ရှားစွာ တူသည်၏ အဖြစ်ကြောင့်၊ သရူပေါပမာ-သရူပေါပမာဟူ၍၊ ဝါ-သရုပ်ပေါ် လွင်သော ဥပမာဟူ၍၊ မတာ- သိအပ်၏။

× × × × × × ×

၁၉၇။ ဣမာနိ န ဘိင်္ဂါနိ,စက္ခူနိ။ ။မည်းနက်သောအဆင်းရှိ၍ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေသော ဤအရာဝတ္ထုကလေး ၂ခုဟာ ပိတုန်း ကလေး ၂ ကောင် မဟုတ်၊ မျက်စေ့ ၂ လုံးသာဖြစ်၏၊ ဤစကား၌ ''မျက်စေ့ ၂ လုံးသည် ပိတုန်း ၂ ကောင်နှင့် တူ၏ '' ဟူသော ဥပမာ ဇောတက''ဣဝ '' စသော သဒ္ဒါများမပါသော်လည်း ''န ဘိင်္ဂါနိ, စက္ခူနိ''ဟူသောသဒ္ဒါတို့မှာ''ပိတုန်း ၂ ကောင်နှင့် မျက်လုံး ၂လုံးတို့ တူကြ၏ '' ဟူသော ဥပမာကို ပြစွမ်းနိုင်သော သတ္တိရှိ၏၊ ထို သတ္တိ ရှိကြောင်းကိုလည်း စကားသုံးထားပုံကိုကြည့်၍ သိနိုင်၏၊ထို့ကြောင့် '' ပိတုန်းကလေး ၂ ကောင်သည် ဥပမာန , မျက်စေ့ ၂ လုံး ကား ဥပမေယျ, မည်းနက်သော အဆင်းအရောင်နှင့် လှုပ်ရှားပုံအားဖြင့် တူမျှသော အစပ်သမ္ဗန်မှာ ဥပမာတည်း''ဟု ခွဲပါ။

န အမ္ဗုဇံ မုခမေဝ ဣဒံ။ ။ဤအရာ ဝတ္ထုသည်(လှပမွှေးကြိုင် သောကြောင့် ''ပဒုမ္မာကြာပန်း'' ဟု ထင်စရာကောင်းသော်လည်း) ပဒုမ္မာကြာပန်း မဟုတ်ပါ၊ လှပသော မျက်နှာသာလျှင် ဖြစ်၏၊ ဤ၌ လည်း ဥပမာဇောတက မပါ၊ စကားသုံးပုံကို ကြည့်၍ ''ကြာပန်း သည် ဥပမာန, မျက်နှာသည် ဥပမေယျ၊ မျက်နှာနှင့် ကြာပန်းတို့၏ တူမျှသော အလှဂုဏ်-အမွှေးဂုဏ်သည် ဥပမာတည်း ''ဟု သိနိုင်၏။

သုဗျတ္တ၊ပေ၊မတာ။ ။''တူသည်''ဟု တိုက်ရိုက်မဆိုသော်လည်း ဆိုထားသော စကားများဖြင့်''တူကြောင်း''ထင်ရှားရကား သရူပေါ

www.dhammaransi.com



### ပရိကပ္ပေါပမာ

၁၉၇။ မယေဝ မုခသောဘာ‚ သော, တုလ‚မိန္ဒု ဝိကတ္ထနာ၊
ယတော‚မ္ဗုဇေပိ သာ‚တ္ထိတိ, ပရိကပ္ပေါပမာ အယံ။

၁၉၇။ ဣန္ဒု-အို လမင်း၊ အသ- ဤလောကထွင်၌တင်,ဘုရားရှင်၏၊ မုခသောဘာ-မျက်နှာတော်၏ သာယာသပ္ပါယ်,တင့်တယ်ခြင်းသည်၊ မယေဝ-ငါတမျိုးထည်း၌သာလျှင်၊ အတ္ထိ-ရှိ၏၊ ဣတိ-ဤသို့၊ ဝိကတ္ထနာ- မိမိကိုယ်ကို ချီးမြှောက်ခြင်းသည်၊ ဝါ-ကြွားဝါခြင်းသည်၊ အလံ - မသင့်ပါ၊ (ကသ္မာ - အဘယ့်ကြောင့်နည်း၊ ) ယတော-အကြင့်ကြောင့်၊ သာ(မုခသောဘာ)-ထိုဘုရားမြတ်စွာ, ရှေမျက်နှာ၏ , သာယာ သပ္ပါယ် , တင့်တယ်ခြင်းမျိုးသည်၊ အမ္ဗုဇေပိ- ပဒုမ္မာကြာ၌လည်း၊ အတ္ထိ- ရှိပါသေး၏၊ ဣတိ- ထို့ကြောင့်တည်း၊ အယံ - ဤ ဥပမာသည်၊ ပရိကပ္ပေါပမာ - ပရိကပ္ပေါပမာမည်၏၊ ဝါ- ကြံစည်ခြင်းဖြင့် ပြောဆိုအပ်သော ဥပမာမည်၏။

× × × × × × ×

ပမာမည်၏။ [သုဋ္ဌု+ဗျတ္တံ သုဗျတ္တံ၊ သုဗျတ္တံစ + တံ + သဒိသတ္တဥ္စာတိ သုဗျတ္တသဒိသတ္တံ=အလွန်ထင်ရှားသော တူသည်၏ အဖြစ်၊ သမာနံ+ရူပံ ယဿာတိ သရူပေါ၊ သရူပါစ + သာ + ဥပမာစာတိ သရူပေါပမာ။]''တူသည်''ဟု တိုက်ရိုက်မဆိုသော်လည်း တူပုံသရုပ်ပေါ်လွင်သောကြောင့် သရူပေါပမာမည်၏။

၁၉၇၊ မယေဝတျာဒိ။ ။အို လမင်း…''ဤလောကထွင်၌တင် ဘုရားရှင်၏ မျက်နှာတော် သပ္ပါယ်ပုံသည် ငါတခုထည်း၌သာ ရှိ၏'' ဟု ကိုယ့်ကိုယ်ကိုချီးမွမ်းခြင်း(ကြွားဝါခြင်း)ငှါ မသင့်ပါ၊ဘာ့ကြောင့် မသင့်သနည်း-ဟု ဆိုလျှင်, ထိုမျက်နှာတော်၏ လှပတင့်တယ် သပ္ပါယ်ပုံသည် ပဒုမ္မာကြာ၌လည်း ရှိသောကြောင့်ပါတည်း၊ ဤဥပမာသည် (လ တည်းဟူသော ဥပမာနက မိမိကိုယ်ကို မချီးမွမ်းပါဘဲ ချီးမွမ်းသကဲ့သို့ ကြံစည်၍ ဆိုအပ်သောကြောင့်)ပရိကပ္ပေါပမာ မည်၏။

ပုဒ်စစ်။ ။မယေဝ - မယိ ဧဝ၊ '' ဧဝ '' ဟု ဆိုသောကြောင့် ''ကေကေ မယိဧဝ-တခုတည်းသော ငါ၌သာ '' ဟု ဧဝ၏ သာမတ္ထိယတ္ထ(ဧဝသဒ္ဒါက ဟောစွမ်းနိုင်သော)ကေကသဒ္ဒါကိုထည့်၍ ဋီကာ

www.dhammaransi.com



### သံသယောပမာ

၁၉၉။ ကိံ•ဝါ·မ္ဗုဇန္တောဘန္တာလိ, ကိံ လောလနယနံ မုခံ၊
မမ ဒေါဠာယတေ စိတ္တ-မိစ္စယံ သံသယောပမာ။

၁၉၉။ အန္တောဘန္တာလိ - အတွင်း၌ လှုပ်ရှားသော ပိတုန်းအစုံရှိသော၊ အမ္ဗုဇံကိံဝါ- ပဒုမ္မာကြာပန်းလေလော၊ လောလနယနံ-လှုပ်ရှားသော မျက်လုံးအစုံ ရှိသော၊ မုခံကိံဝါ- မျက်နှာလေလော၊ ဣတိ-ဤသို့၊မမ-ငါ၏၊ စိတ္တံ-စိတ်သည်၊ဒေါဠာယတေ-

× × × × × × ×

ဖွင့်သည်၊ ကတ္တုခေတ်သည် သိလာဃနအနက်ကိုဟော၍၊ ထို့ကြောင့် ''အတ္တာသိလာဃနေန(မိမိကိုယ်ကိုချီးမွမ်းခြင်းဖြင့်)အလံနိပ္ပယောဇနံ (အကျိုးမရှိ) '' ဟု ဖွင့်သည်၊ '' သိလာဃနေန '' ဟု နာဝိဘတ်ဖြင့် ဖွင့်ခြင်းကား '' အလံ မေ ဗုဋ္ဌေန ” စသည်ကို နည်းမှီးဟန် တူသော်လည်း ထို၌ အလမတ္ထသမ္ဗဒ္ဓါန် ဖြစ်၍ '' မေ '' ပါသောကြောင့် ''ဗုဋ္ဌေန''ဟု ရှိနိုင်၏၊ ဤ၌ကား သမ္ဗဒ္ဓါန်မပါသောကြောင့်''သိလာဃနေန''ဟု မဖွင့်သင့်၊ ဝိကတ္တနာလည်း ဝိပုဗ္ဗကတ္တုခေတ်,ယုပစ္စည်း, ဣတ္ထိဇောတက အာ ပစ္စည်းဖြင့်ပြီးသော ပဋ္ဌမာဝိဘတ်တူ့နုပုဒ်သာ။ ['' ကတ္ထနာစ သိလာဃာစ , ဝဏ္ဏနာစ နုတိတ္တုတိ '' — အဘိဓာန် (၁၁၇)။]သာတ္တိ-သာ+အတ္တိ၊ပရိကပ္ပေန-ကြံစည်ခြင်းဖြင့်+ဝုတ္တာ+ဥပမာ ပရိကပ္ပေါပမာ။

မှတ်ချက်။ ။လသည် ဥပမာန, မျက်နှာတော်သည် ဥပမေယျ၊ လှပတင့်တယ်ခြင်း အားဖြင့် တူညီပုံ ဥပမာကို တိုက်ရိုက် မပြသော်လည်း''မယေဝ မုခသောဘာ '' စသော စကား အသွားအလာကို ကြည့်၍ ထိုစကား၏ အနက်အားဖြင့် လ ၌ မျက်နှာတော်နှင့်တူသော လှပတင့်တယ်ခြင်းဂုဏ် ရှိကြောင်းကို သိရသောကြောင့် ''အတ္တဂမ္မျုပမာ''တွင် ပါဝင်သော ဥပမာအလင်္ကာတမျိုး ဖြစ်လေသည်။

---

၁၉၉၊ ကိံဝါမ္ဗုဇန္တောတျာဒိ ၊ ၊ အို အဆွေတို့....ဟိုအရာဝတ္ထုကား အတွင်း၌ လှုပ်နေသော ပိတုန်းကလေး ၂ ကောင်ဖြင့် တင့်တယ်သော ပဒုမ္မာကြာပွင့်လေလား၊ (ဒါမှ မဟုတ်လျှင်)လှုပ်ရှား

www.dhammaransi.com



ပုခက်အလား, ၂ ဘက်သွားလျက်, ယုံမှားရှိနေပါ၏၊ အယံ - ဤဥပမာသည်၊ သံသယောပမာ - သံသယောပမာ မည်၏၊ ဝါ- သံသယဖြင့် ဆိုအပ်သော ဥပမာမည်၏။

× × × × × × ×

သော မျက်လုံးကလေးအစုံဖြင့် တမျိုးတဖုံ တင့်တယ်သော မျက်နှာလေလား၊ ဤသို့ ယေဉ်ပုခက်သည် ( ဟိုဘက် ရောက်လိုက် ဒီဘက်ရောက်လိုက်နှင့်)ယိမ်းနေသကဲ့သို့ ငါ၏ စိတ်မှာလည်း ( ဟိုဟာလေလား, ဒီဟာလေလား) ဟု ယုံမှားသံသယ ဖြစ်နေပါသည်။

ပုဒ်စစ်။ ။ ကိံ ဝါမ္ဗုဇန္တောဘန္တာလိ - ကိံ ဝါ + အမ္ဗုဇံ+ အန္တောဘန္တာလိ၊ဘမန္တိ-လှုပ်ကုန်၏၊ ဣတိ ဘန္တာ၊ဘန္တာစ+တေ+ အလိနောစာတိ ဘန္တာလိနော၊ အန္တော + ဘန္တာလိနော ယသ္မိံတိ အန္တောဘန္တာလိ- အတွင်း၌ လှုပ်သော ပိတုန်းအစုံရှိသော ပဒုမ္မာကြာ၊ လောလာနိ(လှုပ်ကုန်သော)နယနာနိ ယသ္မိံတိ လောလနယနံ (မုခံ)၊ ဒေါဠာဝိယ အာစရတိ-ပြုကျင့်၏၊ ဝါ - ဖြစ်နေ၏၊ ဒေါဠာယတေ (ဒေါဠာနောင် အာစာရအနက် အာယပစ္စည်း )၊ မျက်နှာသည် ပဒုမ္မာကြာနှင့်တူ၏၊ မျက်နှာ၌(မျက်နှာသေကြီးလို မဟုတ်ဘဲ) လှုပ်လှုပ်ရှားရှားနေသော မျက်လုံးအစုံသည် ပဒုမ္မာကြာပန်းအတွင်း၌ လှုပ်လှုပ်လှုက်လှုက်နှင့် ပေါ်ထွက်နေသော ပိတုန်း ဖို မ အစုံနှင့်တူသည်–ဟူလို၊ သံသယေန( ယုံမှားဖြစ်ခြင်းဖြင့် )+ ဝုတ္တာ+ဥပမာ သံသယောပမာ။

မှတ်ချက်။ ။ဤဂါထာ၌ မျက်နှာ၏ ပဒုမ္မာကြာနှင့်တူကြောင်းကို ဖေါ်ပြသော ဥပမာ ဇောတက တိုက်ရိုက်မပါသော်လည်း ပဒုမ္မာကြာနှင့် မျက်နှာတခုခုအပေါ်မှာ ဆုံးဖြတ်ချက် မချနိုင်ဘဲ ယေဉ်ပုခက်သွားနေသလို တခါတခါ ပဒုမ္မာကြာလေလား ဟု ဟိုဘက်သို့ စိတ်ရောက်သွားလိုက်, တခါတခါ မျက်နှာလေလား ဟု ဒီဘက်သို့ စိတ်ပြန်လာလိုက်နှင့် စိတ်ပုခက် လွှဲနေလောက်အောင် သံသယ ဖြစ်နေကြောင်း ပြသောစကား၏အနက်အဓိပ္ပါယ်အရဖြင့် မျက်နှာ၏ ပဒုမ္မာကြာနှင့်တူကြောင်းကို သိရသောကြောင့် အတ္ထဂမ္မျူပမာတွင် ပါဝင်သော ဥပမာအလင်္ကာတမျိုး ဖြစ်ရလေသည်။

www.dhammaransi.com



**ပတိဝတ္ထူပမာ၏ သဘော**

၂၀၀။ ကိဉ္စိ ဝတ္ထုံ ပ ဒဿေတွာ, သမာနဿာ'ဘိဓာနတော၊
သာမညပ္ပတိပတ္တိသမ္ဘာဝါ, ပတိဝတ္ထူပမာ ယထာ။

၂၀၀။ ကိဉ္စိ - တစုံတခုသော၊ ဝတ္ထုံ - ဥပမေယျဝတ္ထုကို၊ ပဒဿေတွာ- ပဌမ ပြပြီး၍၊ သမာနဿ- တူမျှသောသဘောရှိသော ဥပမာနဝတ္ထုကို၊ အဘိဓာနတော-ဆိုခြင်းအားဖြင့်၊ သာမညပ္ပတိပတ္တိသမ္ဘာဝါ - တူမျှသည်၏အဖြစ်ကို သိရခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ ပတိဝတ္ထူပမာ-ပတိဝတ္ထူပမာမည်၏၊ ယထာ-ဥဒါဟရဏ်ကား။....

× × × × × × ×

၂၀၀။ ကိဉ္စိဝတ္ထုံတျ ဒိ။ ။တစုံတခုသော (ဆိုလိုအပ်သော) ဥပမေယျဝတ္ထုကို ပဌမပြပြီး၍ ‚ တူသော သဘောရှိသော ဥပမာန ဝတ္ထုကို နောက်မှ ပြဆို၏၊ ထိုသို့ ပြဆိုခြင်းအားဖြင့် တူသည်၏အဖြစ် ( တူကြောင်း ) ကို သိသော အသိဉာဏ်သည် ထင်ရှားလာ၏၊ ထိုသို့ ထင်ရှားခြင်းကြောင့် ပတိဝတ္ထူပမာ အမည်ရသည်။ [ " ဥပဒဿေတွာတိ- ပဌမံ နိဒဿေတွာ "ဟု ဋီကာပါဌ်ကို တွေ့ရ၏၊ ဥပ မဟုတ်၊ "ပဒဿေတွာတိ- ပဌမံ နိဒဿေတွာ " ဟု ရှိစေရမည်၊ ပ ဥပသာရ သည် အာဒိကမ္မ အနက်ဟောတည်း၊ သဒိသံ+ဝတ္ထု ပတိဝတ္ထု၊ ပတိ သဒ္ဒါသည် သဒိသအနက်ဟော၊ ပတိဝတ္ထုနာ+ဝုတ္တာ+ ဥပမာ ပတိ ဝတ္ထူပမာ။]

**သမာနဿာ၊ပေ၊သမ္ဘာဝါ။** ။သမာနော + ဓမ္မော ယဿ ( ပါရိဇာတာဒိဝတ္ထုနော) ဣတိ သမာနံ-တူသောသဘောရှိသော ပင်လယ်ကသစ်ပင် စသော ဥပမာနဝတ္ထု၊ အဘိဓီယတေ- ဆိုခြင်း၊ အဘိဓာနံ - ခြင်း၊ "ဥပမာန ဝတ္ထုကို နောက်မှ ပြဆိုခြင်းအားဖြင့် " ဟူလို၊ သမာနံ – တူသော ဥပမာန ဥပမေယျ ဝတ္ထုတို့၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ( တူမျှခြင်း ) တည်း၊ သာမညံ–ခြင်း၊ ပတိပတ္တိ ပတိပုဗ္ဗ, ပဒဓာတ်, တိပစ္စည်း၊ ပတိယနံ – သိခြင်း+ ပတိပတ္တိ–သိခြင်း၊ သာမညဿ–တူကုန်သည်၏အဖြစ် (တူညီခြင်းဥပမာ) ကို+ ပတိပတ္တိ– သိရခြင်းတည်း၊ သာမညပ္ပတိပတ္တိ – ခြင်း၊ သာမညပ္ပတိပတ္တိယာ– ၏+သမ္ဘာဝေါ–ထင်ရှားရှိသည်၏အဖြစ်တည်း၊ သာမညပ္ပတိပတ္တိသမ္ဘာဝေါ– အဖြစ်၊ "တသ္မာ သာမညပ္ပတိပတ္တိသမ္ဘာဝါ" ဟု ဝိဘတျန္တခံ။

www.dhammaransi.com



ပတိဝတ္ထုပမာ ပုံစံ

၂၀၁။ ဇနေသု ဇာယမာနေသု, နေကောပိ ဇိနသာဒိသော၊
ဒုတိယော နနု နတ္ထေဝ, ပါရိဇာတဿ ပါဒပေါ။

၂၀၁။ ဇာယမာနေသု - ဖြစ်ပေါ်လာကုန်သော၊ ဇနေသု - သတ္တဝါတို့တွင်၊ ဇိနသာဒိသော-မြတ်စွာဘုရားနှင့်တူသော၊ ဧကော ပိ- တယောက်တလေမျှလည်း၊ န- မရှိချေ၊ ပါရိဇာတဿ - ပင်လယ် ကသစ်ပင်၏၊ ဒုတိယော - ၂ ပင်မြောက် ဖြစ်သော၊ ပါဒပေါ- သစ်ပင်သည်၊ နတ္ထေဝ နနု- မရှိသည်သာလျှင် အမှန်ဖြစ်ပါပေ၏။

× × × × × × ×

၂၀၁။ ဇနေသု၊ပေ၊ပါဒပေါ ။ ။ ရှေ့ ၂ ပါဒဖြင့် ဘုရားရှင် ဟူသော ဥပမေယျကို ပဋမပြ၏၊ ပဋိသန္ဓေ တည်နေ ပေါက်ဖွား ကြသော သတ္တဝါအများတွင် ဘုရားရှင်နှင့် သီလစသော ဂုဏ်အားဖြင့် တူသူ တယောက်မျှ မပေါ်ပေါက်ချေ၊ နောက် ၂ ပါဒဖြင့် ဥပမာန ဝတ္ထုကို နောက်မှပြသည်။ [ " နနုတိ အနုမတိယံ, အနုညာယံ "ဟု ဋီကာများ ဖွင့်ကြ၏၊ ပင်လယ် ကသစ်ပင်နှင့်တူသော သစ်ပင်၏ မရှိ ကြောင်း ( မရှိတာ မှန်ကြောင်း ) ခွင့်ပြုခြင်းကို အနုညာ ဟု ဆိုသည်၊ ထို့ကြောင့် " နတ္ထေဝ နနု- မရှိသည်သာလျှင် မဟုတ်ပါလော " ဟု ရှေးက အနက်သည် နနု၏ အနုညာအနက် မဟုတ်, ပဉှ အနက်ဖြစ် သောကြောင့် ဋီကာများနှင့် မညီ။]

ဋီကာ။ ။ဣဟ ( ဤဂါထာ၌ ) ပါရိဇာတရုက္ခဿ အညေဟိ ရုက္ခေဟိ ဥတ္တမတ္တဥ္စ ဗုဒ္ဓဿ အညေသု သတ္တေသု ဥတ္တမတ္တဥ္စာတိ ဣဒံ ဒွယံ ( ဤ အမြတ်ဂုဏ် ၂ ပါးသည် ) ဥပမာနောပမေယျဘူတာနံ ဒွိန္နံ သာမညံနာမ၊ တေံ သာမညံ - ဤ တူသည်၏ အဖြစ်သည်၊ ဝါ - ကို၊ ဝုတ္တတ္ထဿ သမတ္ထနဝသေန - ဆိုအပ်ပြီးသော ဥပမေယျ အနက်ကို ပြီးစေခြင်း၏အစွမ်းဖြင့်၊ ပတိဝတ္ထုဘူတဿ ပါရိဇာတဿ ရုက္ခေဟိ အသမာ နတ္တကထနေနေဝ ဇောတိတံ ဟောတိ၊ ဆိုလိုရင်းကား — ဥပမာဇောတက မပါသော်လည်း " ပင်လယ် ကသစ်ပင်သည် အတူမရှိ " ဟူသော စကား၏ သာမတ္ထိယအားဖြင့် "ဘုရားရှင်သည် ပင်လယ် ကသစ်ပင်နှင့် အမြတ်ဆုံးဂုဏ် အားဖြင့် တူသည်" ဟူသော အနက်ကို သိနိုင်ရကား အတ္ထုပမာတွင် ပါဝင် သော ဥပမာအလင်္ကာတမျိုးဖြစ်သည်—ဟူလို။

www.dhammaransi.com



## ဝါကျတ္ထောပမာနှင့် အပြား

၂၀၂။ ဝါကျတ္ထေနေဝ ဝါကျတ္ထော,ယဒိ ကောစျုပမိယတေ၊
ဧဝယုတ္တ ဝိယုတ္တတ္တာ, သာ ဝါကျတ္ထောပမာ ဒွိဓာ။

၂၀၂။ (ယဿံ - အကြင်ဥပမာ၌၊) ကောစိ - တစုံတခုသော၊ ဝါကျတ္ထော - ဝါကျ၏အနက်ဖြစ်သော ဥပမေယျကို၊ ဝါကျတ္ထေနေဝ - ဝါကျတခုလုံး၏ အနက်ဖြစ်သော ဥပမာနဖြင့် သာလျှင်၊ ယဒိ ဥပမိယတေ-အကယ်၍ နှိုင်းယှဉ်အပ်သည်ဖြစ်အံ့၊ (ဧဝံသတိ-ဤသို့ နှိုင်းယှဉ်အပ်သည်ရှိသော်၊)သာ-ထိုဥပမာသည်၊ ဝါကျတ္ထောပမာ-ဝါကျတ္ထောပမာမည်၏၊ ဧဝယုတ္တဝိယုတ္တတ္တာ-ဧဝါဒိဂိုဏ်းသဒ္ဒါနှင့်ယှဉ်-မယှဉ်၏အဖြစ်ကြောင့်၊ ဒွိဓာ- ၂ ပါးပြား၏။

× × × × × × ×

၂၀၂။ ဝါကျတ္ထေနေဝတျာဒိ။ ။"သဒ္ဒတ္ထဂမ္မာ ဝါကျတ္ထ-ဝိသယာတိစ သာ တိဓာ" ဟူသော ၃ မျိုးတွင် အတ္ထဂမ္မျပမာကို အကျယ်ပြပြီး၍ ဝါကျတ္ထဝိသယူပမာကို အကျယ် ပြလိုသောကြောင့် "ဝါကျတ္ထေနေဝ"စသည်ကိုမိန့်၊ ဝါကျ၏အနက်ကို(တပုဒ်ထည်းဖြင့် ဥပမာ မပြဘဲ )ဝါကျတခုလုံး၏ အနက်ဖြင့်သာ အကယ်၍ ဥပမာပြုအပ်သည်ဖြစ်အံ့၊ ထိုဥပမာသည် ဝါကျတ္ထောပမာ မည်၏၊ ဧဝါဒိဂိုဏ်းသဒ္ဒါပါ, မပါအားဖြင့် ၂ မျိုးပြား၏၊ "ဧဝယုတ္တဝါကျတ္ထောပမာ , ဧဝဝိယုတ္တဝါကျတ္ထောပမာ အားဖြင့် ၂ မျိုး ပြားသည်" ဟူလို။

ဝစနတ္ထ။ ။ဝါကျဿ + အတ္ထော ဝါကျတ္ထော၊ ဝါကျတ္ထော ဧတိဿာတိ ဝါကျတ္ထာ(ဝါကျအနက်ရှိသော ဥပမာ)၊ဝါကျတ္ထာစ+ သာ + ဥပမာစာတိ ဝါကျတ္ထောပမာ၊ ဤ ဝါကျတ္ထောပမာကိုပင် (ဝါကျအနက်ဟူသောအရာရှိသောကြောင့်)"ဝါကျတ္ထဝိသယူပမာ" ဟု ရှေးခေါင်းစဉ် ပြတုန်းက နာမည်တပ်ခဲ့သည်၊ ဧဝယုတ္တ၌ ဧဝကို မှတ်၍ ဆိုထားသည်၊ ထို့ကြောင့် ဧဝဖြင့် ဧဝါဒိဂိုဏ်း သဒ္ဒါ အားလုံးကိုယူပါ။ [ဧဝယုတ္တသည် ဧဝသဒ္ဒါဖြင့် သိရသောကြောင့် သဒ္ဒဂမ္မျပမာသဘောမျိုးတည်း၊ဧဝဝိယုတ္တသည် ဧဝါဒိဂိုဏ်း သဒ္ဒါ မပါဘဲ အနက်အားဖြင့်သာ သိရသောကြောင့် အတ္ထဂမ္မျပမာ သဘောမျိုးတည်း။]

www.dhammaransi.com



ဍ၇ ၀ ယုတ္တဝါကျောဒ္ဓေါပမာ

၂၀၃။ ဇိနော သံက္လေသတတ္တာန, မာဝိဘူတော ဇနာန-ယံ၊
ဃမ္မသန္တာပတတ္တာနံ, ဃမ္မကာလေ-မ္ဗုဒေါ ဝိယ။

၂၀၃။ အယံဇိနော-ဤမြတ်စွာဘုရားသည်၊ သံက္လေသတတ္တာနံ-ကိလေသာဟူ, အပူမီးသည် လောင်အပ်ကုန်သော၊ ဇနာနံ- သတ္တာတို့၏၊ ဝါ-သတ္တာတို့အတွက်၊ အာဝိဘူတော-လောက၌ထင်ရှားစွာဖြစ်ပေါ်လာတော်မူပါပေ၏၊ ( ကိမိဝ-အဘယ်ကဲ့သို့နည်း၊ ) ဃမ္မကာလေ- နွေအခါ၌၊ ဃမ္မသန္တာပတတ္တာနံ- နွေအပူသည် နှိပ်စက်အပ်ကုန်သော သတ္တာတို့၏၊ ဝါ-တို့အတွက်၊ အမ္ဗုဒေါ ဝိယ-ရေကိုပေးတတ်, မိုဃ်းတိမ်မြတ်ကဲ့သို့ဘည်း။

× × × × × × ×

၂၀၃။ ဇိနောတျာဒိ။ ။ '' ဇိနော သံက္လေသတတ္တာန-မာဝိဘူတော ဇနာန-ယံ''ဝါကျသည် ဥပမေယျဝါကျ၊ ဤဥပမေယျဝါကျကိုပင် '' ဝိသေသျဝါကျ''ဟု ဋီကာဆို၏၊ ''ဃမ္မ၊ပေ၊ ဝိယ''ဟူသော ဝါကျသည် ဥပမာနဝါကျ၊ ဤ ဥပမာန ဝါကျကိုပင် '' ဝိသေသန ဝါကျ '' ဟု ဋီကာဆို၏၊ ဤသို့ ၂ ဝါကျ ကွဲနေသော်လည်း ဝါကျ၏ အနက်အားဖြင့်ကား ''နွေအပူ နှိပ်စက်အပ်သူတို့အတွက် နွေအခါ၌ မိုဃ်းတိမ်နှင့်တူသော( ဝိသေသန )ဤဘုရားရှင်သည် ကိလေသာအပူနှိပ်စက်အပ်သူတို့ အတွက် ထင်ရှား ပွင့်ပေါ်လာရသည် '' ဟု တခုထည်းပင် မှတ်ရမည်။

ဋီကာ။ ။ဣဟ ဥတ္တရဝါကျေ ဒ္ဓေါ ဘေဒကတ္တာ (အထူးပြုတတ်သည်၏ အဖြစ်ကြောင့် ) ဝိသေသနံ ဟောတိ၊ ပုဗ္ဗဝါကျဒ္ဓေါ ပန ဘေဒျတ္တာ ( အထူး ပြုအပ်သည်၏ အဖြစ်ကြောင့် ) ဝိသေသျော ဟောတိ၊ ဝါကျဘေဒေ သတိပိ ဝါကျတ္ထတော ဧကောဝါတိ ဒဋ္ဌဗ္ဗော၊ ဧဝံ ဥတ္တရတြပိ=နောက်ဂါထာ၌လည်း နည်းတူ။

သံက္လေ၊ပေ၊ဃမ္မကာလေ ။ ။ သံက္လေသေန+တတ္တာ သံက္လေသတတ္တာ-ကိလေသာသည် + ပူလောင်အပ်သော သတ္တာတို့၊ ဃရဓာတ် (သေက-သွန်လောင်းခြင်းအနက်) ရမ္မ ပစ္စည်း၊ ဃရီယတေတိ ဃမ္မံ-ရေဖြင့်သွန်လောင်းအပ်သော အပူ၊ ဃရီယတေ ဧတ္ထာတိ ဃမ္မ-ရေဖြင့်သွန်လောင်းအပ်ရာအခါ( နွေအခါ )၊ ဃမ္မောဝေ+သန္တာပေါ ဃမ္မ

www.dhammaransi.com



ရူပဝိယုတ္တ ဝါကျဗျောတ္ထာပမာ

၂၀၄။ မုနိန္ဒာနန-မာဘာတိ, ဝိလာသေ-က မနောဟရံ၊
ဥဒ္ဓံ သမုဂ္ဂတဿာပိ, ကိံ တေ စန္ဒ ဝိဇမ္ဘနာ။

၂၀၄။ ဝိလာသေ-ကမနောဟရံ – တင့်တယ် စမ္ပါယ်ခြင်းအားဖြင့် ပြိုင်ဘက်မပြု, စိတ်နှလုံးကို အဆောင်နိုင်ဆုံး ဖြစ်တော်မူသော၊ မုနိန္ဒာနနံ–ဘုရားမြတ်စွာ, ရွှေမျက်နှာတော်သည်၊ အာဘာ

× × × × × × ×

သန္တာပေပါ၊ ဃမ္မသန္တာပေန – လွန်စွာ ပူလောင်တတ်သော နွေအပူသည်+တတ္ထာ– လောင်အပ်သူတို့တည်း၊ ဃမ္မသန္တာပတတ္တာ-တို့။

အမ္ဗုဒေါဝိယ ။ ။ အမ္ဗု- ရေကို၊ ဒဒါတိ- ပေးတတ်၏၊ ဣတိ အမ္ဗုဒေ၊ ဤ နေ၀ံဝါကျ၌ပါသော ဝိယသဒ္ဒါသည် ထို နေ၀ံဝါကျ၌ ရှိသော "နွေ နေပူ နှိပ်စက်အပ်သူတို့၏" ဟူသော ဂုဏ် ( ဝိသေသန သမ္ဗန်)တို့၏၎င်း, မိုယ်းတိမ်ဟူသော ဂုဏီ(ဝိသေသျသမ္ဗန္ဓီ)တို့၏၎င်း, ရှေ့ဝါကျ အနက်များနှင့် ( တူသောသဘော ဟူသော ) ဥပမာကို တိုက်ရိုက်ထွန်းပြ၏၊ ရှေ့ဝါကျ၏"ကိလေသာပူ နှိပ်စက်အပ်သူတို့၏+ဘုရားရှင်"ဟူသော ဂုဏ်+ဂုဏီ(ဝိသေသန သမ္ဗန်+ဝိသေသျ သမ္ဗန္ဓီ) တို့၏ တူသောသဘောကိုကား အညထာ-နုပပတ္တိ-"တူခြင်းမှတပါး မတူခြင်းဟူသော အခြားနည်း၏ မဖြစ်သင့်ခြင်း" ဟူသော နည်းဖြင့် သိရသည်။

ဋီကာ၊ ။ဥတ္တရဝါကျေ ရူပ ( ဝိယ )သဒ္ဒေါ တသ္မိံ ယေဝ (ထို နေ၀ံဝါကျ၌ပင်) ဂုဏဂုဏီပဒတ္ထာနံ သဒိသတ္တံ ဒီပေတိ၊ ပုဗ္ဗဝါကျေ ဂုဏဂုဏီနံ သဒိသတ္တံ ပန ဥတ္တရဝါကျတ္ထာသ ပုဗ္ဗဝါကျေန သမာနတ္တံ ဝိနာ အညထာနုပပတ္တိယာ ဉာယတိ။ [ဤဂါထာသည် " အမ္ဗုဒေါ ဝိယ"ဟု ရူပဝါဒီဂိုဏ်းသဒ္ဒါနှင့်ယှဉ်သောကြောင့်၎င်း, တဝါကျလုံး၏ အနက်လျှင် ဟောရာရှိသောကြောင့်၎င်း "ရူပယုတ္တ ဝါကျတ္ထဝိသယူပမာ" ပုံစံဖြစ်သည်၊ ဓမ္မပဒလာ အောက်ပါဂါထာလည်း ရူပယုတ္တ ဝါကျတ္ထဝိသယူပမာပင်တည်း။]

ယထာ ဒဏ္ဍေန ဂေါပါလော, ဂါဝေါ ပါဇေတိ ဂေါစရံ၊
ဧဝံ ဇရာစ မစ္စုစ, အာယုံ ပါဇေန္တိ ပါဏိနံ။

www.dhammaransi.com



တိ-ထွန်းလင်းတော်ပတော်မူပါပေ၏၊ စန္ဒ-အိုလမင်း၊ ဥဒ္ဒိ-အထက်ကောင်းကင်သို့၊ သမုဂ္ဂတသာပိ-တက်သည်လည်းဖြစ်သော၊ တေ-သင်လမင်း၏၊ ဝိဇမ္ဘနာ - ငါတကားဟု , ပလွှားကြွားဝါးခြင်းသည်၊ ကိံ-အဘယ် အကျိုးရှိအံ့နည်း။

× × × × × × ×

၂၀၄။ မုနိန္ဒာနနံ၊ပေ၊မနောဟရံ။ ။ကေ+(အပြိုင် မရှိသည်) ဟုတ္တာ + မနောဟရံ ကေမနောဟရံ၊ ဝိလာသေန + ကေမနောဟရံ ဝိလာသေက မနောဟရံ=တင့်တယ် စမ့်ါယ်ခြင်းအားဖြင့် ပြိုင်ဘက်မရှိအောင် မြင်ရသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဘုရားမြတ်စွာရွှေမျက်နှာတော်သည် လွန်စွာတင့်တယ် သပ္ပါယ်တော်မူပါပေ၏။

ဥဒ္ဒိ၊ပေ၊ ဝိဇမ္ဘနာ ။ ။ အိုလမင်း....အသင့်မှာ ကောင်းကင်သို့တက်သွား၍ ငါတကား ဟု ကြွားနေခြင်းသည် အကျိုးမရှိပါ။ [ ဥဒ္ဒိ စသောဝါကျသည် ဧဝါဒိဂုဏ်း သဒ္ဒါမပါသော်လည်း "ကောင်းကင်သို့ တက်သွား၍ မကြွားပါနှင့် " ဟူသော စကားကို ထောက်သဖြင့် ဘုရားမျက်နှာနှင့် ပြိုင်နေး ကြောင်းကို ပြနိုင်၏၊ ပြိုင်လျှင် ဥပမာသဘောရှိ၏၊ ထို့ကြောင့် ဧဝဝိယုတ္တ ဝါကျတ္ထောပမာ ဖြစ်သည်။

မှတ်ချက် ။ ။ ဝိဇမ္ဘနာကို " အဟံကာရေန ပရိတ္တမနေန= ငါတကားဟု ကြွားလျက် လှည့်လည်ရစ်ဝဲခြင်းဖြင့် " ဟု ဋီကာဖွင့်၏၊ ထိုအဖွင့်ဖြင့် "တေ" ၌ သမ္ဗန္ဓါနိအနက်ယူ၍ အလမတ္ထသမ္ဗန္ဓါနိယှဉ်ရာဝယ် ကရိဏ်းလိုသောကြောင့် ကရိဏ်းအနက်ကို ဆိုလိုဟန် တူ၏၊ သို့သော်— "တေ- သင်၏ " ဟု သမ္ဗန်အနက်ယူ၍ " ဝိဇမ္ဘနာ" ၌ စပ်၊ ဝိဇမ္ဘနာလည်း ဝိပုဗ္ဗ ဇဘိဓာတ် ယုပစ္စည်းဖြင့် ပြီးသော ဣတ္ထိလိန်ပဌမန္တသာ၊ [ ဥပမာန ဥပမေယျ ၂ ဝါကျ ကွဲသော်လည်း အနက်အားဖြင့် ဝိသေသန-ဝိသေသျဖြစ်၍ တနက်ထည်းဖြစ်ပုံကို ရှေးနည်းမှီ၍ သိပါ၊ ] ဓမ္မပဒလာ အောက်ပါဂါထာလည်း ဧဝဝိယုတ္တဝါကျတ္ထောပမာ ဂါထာပင်တည်း။

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ,အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ,သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

www.dhammaransi.com



### ဒုဋ္ဌာလင်္ကတိ ဒေါသ

၂၀၅။ သမုဗ္ဗေဇေတိ မီမန္တံ, ဘိန္နလိင်္ဂါဒိကံ တု ယံ၊
ဥပမာဒူသနာယာ-လ-မေတံ ကတ္ထစိ တံ ယထာ။

၂၀၅။ တု-ထိုမှတပါး၊ ဘိန္နလိင်္ဂါဒိကံ-ပြားသော လိင်စသည် ရှိသော၊ ယံ-အကြင်အဖွဲ့အနွဲ့သည်၊ မီမန္တံ-ကဗျာတတ်သိ,ပညာရှိကို၊ သမုဗ္ဗေဇေတိ-ထိတ်စေတတ်၏၊ တံ-ဤဘိန္နလိင်္ဂအစရှိသော အဖွဲ့အနွဲ့သည်၊ ကတ္ထစိ - အချို့သော အရာ၌၊ ဥပမာဒူသနာယ-ဥပမာအလင်္ကာကို ဖျက်ဆီးခြင်းငှါ၊ အလံ-စွမ်းနိုင်၏၊ တံ-ထိုဘိန္နလိင်္ဂ အစရှိသော အဖွဲ့အနွဲ့သည်၊ ယထာ-အဘယ်နည်း။

× × × ⸜ × × × +

၂၀၅။ သမုဗ္ဗေဇေတိတျာဒိ။ ။ဒေါသာဝဗောဓ အခန်း၏ အဆုံး၌ "ဒုဋ္ဌာလင်္ကရဏာန္တေတံ၊ ပေ၊ ရူပမာဒိ ဘဝိဿတိ" ဟု ပဋိညာဉ်ပြုခဲ့သည်အားလျော်စွာ ဥပမာအလင်္ကာကို ဖျက်ဆီးတတ်သော ဒုဋ္ဌာလင်္ကတိ ( ဒုဋ္ဌာလင်္ကာရ ) ဒေါသကို ပြလိုသောကြောင့် "သမုဗ္ဗေဇေတိ"စသော ဂါထာကိုမိန့်သည်၊"ဥပမာနနှင့် ဥပမေယျတို့ လိင်ချင်း မတူ ဝုစ်ချင်း မတူစသော အဖွဲ့များသည် ကဗျာပညာရှိ စိတ်ကို ထိတ်ကနဲဖြစ်သွားစေနိုင်လောက်အောင် ဥပမာအလင်္ကာကို ဖျက်တတ်၍ ဒုဋ္ဌာလင်္ကတိဒေါသရေခံသည်"ဟူလို။[သံ+ဥဗ္ဗေဇေတိ၊ ဥပုဗ္ဗ ဝိဇဓာတ်သည် ဘယကမ္ပန (ကြောက်ရွံ့-တုန်လှုပ်ခြင်း) အနက်ကို ဟော၏၊ ဥဗ္ဗိဂ္ဂ-ထိတ်လန့်ခြင်း, တုန်သွားခြင်း၊ " အို .... ဥပမာနနှင့် ဥပမေယျကို လိင်မတူအောင် ဖွဲ့ရသလား " စသည်ဖြင့် ထိတ်ကနဲ ဖြစ်သွားစေသည်၊ အံ့အားသင့်သွားစေသည်-ဟူလို။]

ဘိန္နလိင်္ဂါဒိကံ ကတ္ထစိ။ ။ဘိန္နလိင်္ဂ+အာဒိ ယဿ ( ဝိဇာတိ ဝစနာဒိနော )တိ ဘိန္နလိင်္ဂါဒိကံ ( ဗန္ဓနံ )၊ မတူ ကွဲပြားသောလိင် စသည်ရှိသော အဖွဲ့၊ အာဒိဖြင့် နောက်၌လာမည့် ဝုစ်မတူသောအဖွဲ့, ဥပမာန၏ ဟီန-အဓိကဖြစ်နေသော ဟီနူပမအဖွဲ့,အဓိကောပမအဖွဲ့ စသည်ကိုယူ၊ "ဇုတ္တိဝါယံ ဇနော ယာတိ "စသော အဖွဲ့များ၌ကား လိင်ကွဲပြားမှုစသည် ရှိသော်လည်း ဥပမာအလင်္ကာကို မဖျက်သော ကြောင့်"ကတ္ထစိ- ဇုတ္တိဝါယံ စသည်မှ တပါးသောအချို့အရာ၌" ဟု ဆိုသည်။

www.dhammaransi.com



**ဘိန္နလိင်, ဝိဇာတိဝစန,ဟီန**

၂၀၆။ ဟံသီဝါယံ သသီ ဘိန္န-လင်္ဂါ·ကာသံ သရာနိဝ၊
ဝိဇာတိဝစနာ ဟီနာ, သာဝ ဘတ္တော ဘဋော·မိပေ။

၂၀၆။ ဟံသီဝါယံ၊ပေ၊မိပေ-ဟံသီ၊ပေ၊မိပေဟူသည်တည်း။ [ အယံသသီ - ဤလမင်းသည်၊ ဟံသီဝ - ဟသ်ာမ ကဲ့သို့တည်း၊ (ဣတိ-ဤဥပမာသည်၊)ဘိန္နလိင်္ဂါ - ဘိန္နလိင်္ဂေါပမာ မည်၏၊ ဝါ-ကွဲပြားသောလိင်ရှိသော ဥပမာမည်၏၊ အာကာသံ - ကောင်းကင်သည်၊ သရာနိဝ - ရေအိုင်တို့ကဲ့သို့တည်း၊ (ဣတိ- ဤဥပမာသည်၊) ဝိဇာတိဝစနာ - ဝိဇာတိဝစနောပမာမည်၏၊ ဝါ - ဝုစ်မတူသော ဥပမာမည်၏၊ ဘဋော- အခစား ယောကျာ်းသည်၊ အမိပေ-အရှင်သခင်၌၊ သာဝ- ခွေးကဲ့သို့၊ ဘတ္တော -ခစား၏၊ (ဣတိ- ဤ ဥပမာသည်၊)ဟီနာ-ဟီနောပမာမည်၏၊ ဝါ-ဥပမေယျအောက် ယုတ်ညံ့သော ဥပမာမည်၏။]

× × × × × × ×

၂၀၆။ ဟံသီဝါယံ သသီ၊ ။ ဟံသီသည် ဣတ္ထိလိင်ရှိသော ပုဒ်တည်း၊ ''သသော (ယုန်ရုပ်) ယဿ္မိံ အတ္ထိတိ သသီ''ကား ပုလ္လိင်ရှိသော ပုဒ်တည်း၊ ဣတ္ထိလိင် ဟသ်ာမသည် ဥပမာန၊ ပုလ္လိင်လသည် ဥပမေယျ၊ ဤသို့ ဥပမာနနှင့် ဥပမေယျတို့ လိင်ချင်းမတူသောကြောင့် "ဘိန္နလိင်္ဂေါပမ"ဖြစ်၍ ဒုဋ္ဌာလင်္ကာတိဒေါသရောက်သည်။[''ဟံသော ဝါယံ သသီ '' ဟု ပုလ္လိင်ချင်းတူအောင် စီကုံးမှ အပြစ်ကင်းသည်။ ] ကာဗျာဒဿ၌''ဟံသီဝ ဓဝလော စန္ဒော= လသည် ဟသ်ာမကလေးကဲ့သို့ ဖြူဖွေး၏"ဟု ဆို၏။

အာကာသံ သရာနိဝ ။ ။ အာကာသံသည် ဧကဝုစ်၊ သရာနိကား ဗဟုဝုစ်တည်း၊ နပုံလိင်ချင်းကား တူ၏၊ သို့သော် ဝုစ်ချင်းမတူသောကြောင့် ဝိဇာတိဝစနောပမ အဖွဲ့ဖြစ်၍ ဒုဋ္ဌာလင်္ကာတိဒေါသရောက်သည်၊ ဝိသဒိသာ+ဇာတိ ယဿာတိ ဝိဇာတိ-မတူသောဇာတ်ရှိသော(ဝါ-ဇာတ်မတူသော)ဝုစ်၊ဝိဇာတိ+ဝစနံ ယဿာတိ ဝိဇာတိဝစနံ(ဗန္ဓနံ) [ဥပမာနနှင့် ဥပမေယျတို့ ဧကဝုစ်ချင်း - ဗဟုဝုစ်ချင်းတူအောင်ဖွဲ့မှ အပြစ်လွတ်သည်။]ကာဗျာဒဿ၌''သရသီဝ ါမလံ နဘံ-ကောင်းကင်သည် ပဒုမ္မာကြာတို့ကဲ့သို့ ညစ်ကြေးကင်း၏"ဟုဆိုသည်။

www.dhammaransi.com



**အမိက, အဖုဋ္ဌတ္ထ**

**၂၀၇။ ခဇ္ဇောတော ဘာဏုမာလိဝ, ဝိဘာတိ·တျ·မိကောပမာ၊ အဖုဋ္ဌတ္ထာ ဗလမ္ဘောဓိ, သာဂရောဝိယ သံခုဘိ။**

၂၀၇။ ခဇ္ဇောတော - ပိုးစုန်းကြူးသည်၊ ဘာဏုမာလိဝ - **နေမင်းကဲ့သို့၊ ဝိဘာတိ - ထွန်းလင်းတောက်ပ၏၊ ဣတိ - ဤ ဥပမာ သည်၊ အမိကောပမာ-အမိကောပမာမည်၏၊ ဝါ-ဥပမေယျထက် လွန်ကဲသော ဥပမာမည်၏၊ ဗလမ္ဘောဓိ - စစ်တပ် သမုဒ္ဒြာသည်၊ သာဂရောဝိယ-သမုဒ္ဒြာကဲ့သို့၊ သံခုဘိ-လှုပ်လှုပ်ရှားရှား, ချော်ချား ပြီ၊(ဣတိ- ဤ ဥပမာသည်၊) အဖုဋ္ဌတ္ထာ- အဖုဋ္ဌတ္ထောပမာ မည်၏၊ ဝါ- မတွေ့ထိအပ်သော အနက်ရှိသော ဥပမာမည်၏။**

× × × × × × ×

**သာဝ ဘတ္တော ဘဋ္ဋောမိပေ။** ။အမိကံ-အလွန်အကဲ+ပါတိ- စောင့်ရှောက်တတ်၏၊ ဣတိ အမိပေါ ( အရှင်သခင် )၊ အစေအပါး အခစား ယောကျ်ားသည် အရှင်သခင့် အပေါ်၌ အမြဲး တနန့်နန့် နေသော ခွေးကဲ့သို့ ခစား၏၊ ဤ အဖွဲ့သည် လူတယောက်ဖြစ်သော အခစားကို ယုတ်ညံ့သော ခွေးနှင့် နှိုင်းသောကြောင့် ရိုင်းစိုင်းသော '' ဟီနူပမာ ''ဖြစ်၍ ဒုဋ္ဌာလင်္ကာတိဒေါသရောက်သည်၊ တကယ့်ကိုယ် နှိမ့်ချ၍ ပြောဆို ဆုမ္မသောအရာ ဖြစ်လျှင် ခွေးနှင့် နှိုင်းသော်လည်း မရိုင်းပါ၊''ခွေးကဲ့သို့ အအိပ်အခန နည်းရမည်''စသည်ဖြင့် နည်းယူ ဘို့ရန် ပြောရာ၌လည်း အပြစ်မရှိပါ။

၂၀၇။ **ခဇ္ဇောတော၊ပေ၊မိကောပမာ။** ။''ပိုးစုန်းကြူးသည် နေမင်းကဲ့သို့ တောက်ပ၏''ဟူရာ၌ ''နေမင်း '' ဟူသော ဥပမာသည် ''ပိုးစုန်းကြူး''ဟူသော ဥပမေယျထက် လွန်ကဲ၏၊ ထို့ကြောင့်''အမိ ကာစ+သာ+ဥပမာစာတိ'' နှင့် အညီ ''အ.မိကောပမ'' ဖြစ်၍ ဒုဋ္ဌာ လင်္ကာတိဒေါသ ရောက်၏။ [ အရုတ္တဒေါသနှင့် သဘောသွား တူ၏၊ ''နေမင်းကဲ့သို့ တောက်ပသော + ပိုးစုန်းကြူး ''ဟု ဝိသေသနပြုလျှင် အရုတ္တဒေါသပင်တည်း၊ ထိုသို့ ဝိသေသန မပြုဘဲ ဥပမာ အဖြစ်ဖြင့် ဆိုသောကြောင့် အမိကောပမာဖြစ်ရသည်၊]

www.dhammaransi.com



**အပေက္ခိနီ, ခဏ္ဍိတာ**

၂၀၈။ စန္ဒေ ကဋ္ဌကော ဘိင်္ဂါဝေ-တျုပမာပေက္ခိနီ အယံ၊
ခဏ္ဍိတာ ကေရဝါကာရော,သကဋ္ဌကော နိသာကရော။

၂၀၈။ စန္ဒေ - လမင်း၌၊ ကဋ္ဌကော - ယုန်ရေး တံဆိပ်သည်၊ ဘိင်္ဂါဝ-ပိတုန်းနှင့် တူ၏၊ ဣတိ အယံ-ဤသည်ကား၊ ဥပမာပေက္ခိနီ - လ၏ ဥပမာနကို ငဲ့ခြင်းရှိသော ဥပမာမည်၏၊ သ ကဋ္ဌကော-

× × × × × × ×

အဖုဋ္ဌတ္ထာ၊ပေ၊သံခုဘိ။ ။ဗလမ္ဘောဓိ(ဗလ+အမ္ဘောဓိ)သံခုဘိ-စစ်သည် မိုလ်ပါဟူသော သမုဒြာသည် လှုပ်ရှား၏၊ ဤ၌ ဗလမ္ဘောဓိ ဟူသော စကာ ဖြင့်ပင်''လှုပ်လှုပ်ရွရွနှင့် ညာသံပေး၍တက်လာသော စစ်တပ်ကြီးသည် + လှိုင်းတံပိုး ဝဲဩဃတို့ဖြင့် လှုပ်ရှား မြည်ဟီးနေ သော သမုဒြာကြီးနှင့်တူ၏''ဟု စစ်တပ်၏ သမုဒြာနှင့်တူကြောင်းမှာ ထင်ရှားပြီးဖြစ်၏၊ ထို့ကြောင့်''သာဂရောဝိယ''သည်(မိမိအတွက်) ထိအပ် သိအပ်သော အနက်အဓိပ္ပါယ် သီးခြားမရှိတော့သဖြင့် အဖု ဋ္ဌတ္ထာပမာဖြစ်၍ ဒုဋ္ဌာလင်္ကာဒေါသရောက်၏။

ဋီကာ ။ ။ သေနာယ မဟတ္တံ - စစ်တပ်၏ ကြီးကျယ်သည်၏ အဖြစ် ( ကြီးကျယ်ပုံ ) ကို၊ ဗလမ္ဘောဓီတိ တိရောဘူတဥပမာယဝေ- ''ဗလမ္ဘောဓိ''ဟူသော ရူပကအလင်္ကာဖြင့်ပင်၊အဝဂတံ-သိအပ်ပြီး ဖြစ်၏၊ တသ္မာ ပုန သာဂရောဝိယာတိ ဥပမာယ-၏၊ဖုသိတဗ္ဗတ္ထဿ+ အဘာဝါ အဖုဋ္ဌတ္ထောပမာနာမ ဟောတိ။ [ ရူပကအလင်္ကာကို ဥပမာအတွင်းငုပ်ခနေသောကြောင့်"တိရောဘူတဥပမာ"ဟုဆိုသည်။]

---

၂၀၈။ စန္ဒေ၊ပေ၊အယံ။ ။ ''လ၌ ယုန်တံဆိပ်သည် ပိတုန်းနှင့် တူ၏ '' ဟူရာ၌ ယုန်တံဆိပ်သည် ဥပမေယျ၊ ပိတုန်းသည် ဥပမာန၊ လအတွက်''ဥပမာန''တခုလိုနေ၏၊ ထို ဥပမာနကား''ပဒုမ္မာကြာ'' သို့မဟုတ် '' ခြုံနွယ်စသည်''တည်း၊'' လ၌ ယုန်တံဆိပ်သည် ပဒုမ္မာ ကြာ၌ ပိတုန်းနှင့် တူ၏ '' ဤသို့ စသည်ဖြင့် အပြည့် အစုံ မဆိုဘဲ လအတွက် ဥပမာတခုကို ရှငဲ့နေသောကြောင့် '' ဥပမာပေက္ခိနီ '' အမည်ရသော ဒုဋ္ဌာလင်္ကာဒေါသ ရောက်သည် - ဟူလို။ [ ဥပမံ+ အပေက္ခတီတိ ဥပမာပေက္ခိနီ(ဥပမာ)။]

www.dhammaransi.com



ယုန်ရေးတံဆိပ်နှင့် တကွဖြစ်သော၊ နိသာကရော - လမင်းသည်၊ ကေရဝါကာရော - ကုမုဒြာ ကြာဖြူပန်း အခြင်း အရာ ရှိ၏၊ ဝါ- ကုမုဒြာကြာဖြူပန်းနှင့် တူ၏၊ (အယံ- ဤ ဥပမာသည်၊) ခဏ္ဍိတာ- ခဏ္ဍိတောပမာမည်၏၊ ဝါ- တပိုင်းပြတ်သော ဥပမာမည်၏။

× × × × × × ×

ခဏ္ဍိတာ၊ ခပ၊ နိသာကရော။ ။"ယုန်တံဆိပ်နှင့်တကွဖြစ်သော လမင်းသည် ကုမုဒြာ ကြာဖြူပန်းနှင့် တူ၏"ဟူရာ၌ ကုမုဒြာကြာသည် ဥပမာန၊ လသည် ဥပမေယျတည်း၊ လအတွင်းက ယုန်တံဆိပ်၏ဥပမာ မပါ၊ " သဘိင်္ဂေါ ကေရဝါကာ ရော-အတွင်း၌ ပိတုန်းကလေး ရှိနေသော ကုမုဒြာကြာနှင့် တူ၏"ဟု ဆိုမှ ဥပမာဘက်၌ ပြည့်စုံ၏၊ ထိုသို့ ပြည့်စုံအောင် မပြဘဲ "သဘိင်္ဂ"ဟူသော ဝိသေသန ဥပမာ တပိုင်း ပြတ်သောကြောင့် " ခဏ္ဍိတောပမာ " မည်ရကား ဒုဋ္ဌာလင်္ကာတိ ဒေါသရောက်သည် - ဟူလို၊ [စန္ဒဂတံ ကဏ္ဍတ္တံ ပကာသေတုံ ( လ၌ တည်သော မည်းနက်သည်၏ အဖြစ် ဟူသော အဆင်းကို ထင်ရှား ပြခြင်းငှါ ) သဘိင်္ဂေါ ကေရဝါကာရောတိ ဝတ္တဗ္ဗေ ဘိင်္ဂေါပမာ ဘာဝဿ ခဏ္ဍိတတ္တာ( ပိတုန်း ဥပမာ အဖြစ်ကို ဖြတ်ထားအပ်သည် အဖြစ်ကြောင့် ) ခဏ္ဍိတောပမာနာမ ဟောတိ။]

**ဝစနတ္ထ။** ။ခဏ္ဍံ + ဣတာ ဂတာ ခဏ္ဍိတာ၊ ကေ — ရေ၌ + ရောတိ— ဖြစ်တတ်၏၊ ဣတိ ကေရဝေါ၊ ကေသဒ္ဒါပပဒ + ရုဓာတ်၊ ကေရဝဿ+အာကာ ရော ယဿာတိ ကေရဝါကာရော—ကုမုဒြာကြာ၏ အခြင်းအရာရှိ၏၊ ( သဒ္ဒတ္ထ )၊ ကုမုဒြာကြာနှင့် တူ၏၊ ( အဓိပ္ပါယတ္ထ )၊ သဟ+ကလင်္ကေန ( အမှတ် တံဆိပ်နှင့် ) ယော ဝတ္တတီတိ သကလင်္ကော၊ နိသံ — ညဉ့်ကို + ကရောတီတိ နိသာကရော (လ)။

**ဥပမာ ၂ မျိုး အထူး ။** ။ တည်ရာအာဓာရဖြစ်သော ဥပမာကို ငဲ့ခြင်း ရှိသော ဥပမာသည် " ဥပမာပေက္ခိနီ "မည်၏၊ ဝိသေသနဥပမာ တပိုင်းပြတ် နေသော ဥပမာသည် "ခဏ္ဍိတောပမာ"မည်၏။

[**ဆောင်**] တည်ရာဓာရ, ပမာနကို, ငဲ့ရသောခါ, ပမာပေက္ခိ, မှတ်သား ဘိလော၊ ဝိသေသနာ, ဥပမာတပိုင်း, ဖြတ်၍ နှိုင်းက, မဆိုင်း မှတ်ဘိ , ခဏ္ဍိတောပမာ , အမည်သာ သည် , ၂ ဖြာ အထူး မှတ်ဘို့တည်း။

www.dhammaransi.com



**နိဂုံးနှင့် နိဒါန်း**

၂၀၉။ ဣစ္စေ၀မာဒိရူပေသု, ဘ၀န္တိ ဝိဂတာ·ဒရာ၊
ကရောန္တိစာ·ဒရံ ဓီရာ, ပယောဂေ ကွစိဒေ၀ တု။

၂၀၉။ ဣစ္စေ၀မာဒိရူပေသု - ဤသို့ အစရှိသော သဘောရှိသော ပြယုဂ်တို့၌၊ ဓီရာ-ကဗျာတတ်သိ, ပညာရှိတို့သည်၊ ဝိဂတာဒရာ-ကင်းသော လေးစားခြင်း ရှိကုန်သည်၊ ဘ၀န္တိ - ဖြစ်ကုန်၏၊ ကွစိဒေ၀ တု ပယောဂေ - အချို့သော ပြယုဂ်၌ကား၊ အာဒရံ-လေးစားခြင်းကို၊ ကရောန္တိစ-ပြုကြကုန်သည်လည်း ရှိသေး၏။

**ဘိန္နလိင်္ဂ, ဝိဇာတိဝစန**

၂၁၀။ ဣတ္ထိ၀ါယံ ဇနော ယာတိ, ၀ဒတျေသာ ပုမာဝိယ၊
ပိယော ပါဏာဣ၀ါ·ယံ မေ, ဝိဇ္ဇာ ဓနမိ၀ဇ္ဇိတာ၊

၂၁၀။ အယံဇနော-ဤယောကျ်ားသည်၊ ဣတ္ထိ၀-မိန်းမကဲ့သို့၊ ယာတိ-သွား၏၊ ( တနည်း )ဣတ္ထိ၀ ယာတိ - မိန်းမသွား, သွား၏၊ ဧသာ-ဤမိန်းမသည်၊ ပုမာဝိယ-ယောကျ်ားကဲ့သို့၊ ၀ဒတိ-ပြော၏၊ (တနည်း) ပုမာဝိယ ၀ဒတိ-ယောကျ်ားပြော, ပြော၏၊ အယံ-ဤ

× × × × × × ×

၂၀၉။ ဣစ္စေ၀၊ပေ၊ဒရာ ။ ။ ဤ ၂ ပါဒဖြင့် ဆိုအပ်ပြီးသော ဒုဋ္ဌာလင်္ကာတိဒေါသရောက်သော ဥပမာပြယုဂ်တို့ကို နိဂုံးအုပ်သည်၊ ဤသို့သဘောရှိသော ပြယုဂ်တို့၌ ကဗျာတတ်သိ ပညာရှိများ မလေးစားကြကုန်၊ ''ထိုဥပမာမျိုးမဖြစ်အောင် ရှောင်ကြဉ်ကြသည်''ဟူလို။ [ဝိဂတော+အာဒရော ယေသံတိ ဝိဂတာဒရာ။]

ကရောန္တိ၊ပေ၊ကွစိဒေ၀တု။ ။ဤ ၂ပါဒဖြင့် နောက်၌လာမည့် ဥပမာပုံစံများအတွက် အချီနိဒါန်းကိုပြသည်၊ ထိုပညာရှိတို့သည်ပင် အချို့သော ဘိန္နလိင်္ဂစသည်ဖြစ်သော ဥပမာအလင်္ကာတို့၌ လေးစားမှုကို ပြုကြသေး၏၊ ''ဘိန္နလိင်္ဂစသည် ဖြစ်သော်လည်း အပြစ်ဒေါသ ဟု မယူဆဘဲဖွဲ့နွဲ့စီကုံးကြသေး၏''ဟူလို၊ [ကရောန္တိစ၌ စသဒ္ဒါသည် သမုစ္စယတ္ထ ဇောတကတည်း၊ ရှေ၀ါကျ၏အနက်ကို ဆည်းသည်၊ ''လေးစားမှုကို မပြုတာလည်း ရှိ၏၊ တချို့နေရာ၌ပြုတာလည်း ရှိသေး၏''ဟူလို၊ တု သဒ္ဒါကား ပက္ခန္တရဇောတကတည်း။]

www.dhammaransi.com



ယောက်ျားကို၊ မေ- ငါသည်၊ ပါဏာဝုဝ- အသက်တို့ကဲ့သို့၊ ဝါ- အသက်တမျှ၊ ပိယော- ချစ်အပ်၏၊ မေ-ငါသည်၊ အဗ္ဘိတာ - မရ မနေ ရှာဘွေ စုဆောင်းအပ်ကုန်သော၊ ဝိဇ္ဇာ - အတတ်ပညာတို့ သည်၊ ဓနမိဝ- ဥစ္စာကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၂၁၀။ ဧတ္တိဝါယံ၊ပေ၊ပုမာဝိယ။ ။ဤ ၂ပါဒဖြင့် ပညာရှိတို့ စီကုံးအပ်လေ့ရှိသော ဘိန္နလိင်္ဂေါပမာ ပုံစံ ၂ ခုကို ပြ၏၊ အယံဇနော ဧတ္တိဝ ယာတိ = ဤ ယောက်ျားသည် မိန်းမကဲ့သို့ ( ကန္တဲကယနှင့် ) သွား၏၊ ဤပြယုဂ်၌ ဥပမာနသည်မိန်းမ, ဥပမေယျသည်ယောက်ျား တည်း၊ ထို့ကြောင့် လိန်မတူသော ဥပမာဖြစ်၏၊ သော ပုမာဝိယ ဝဒတိ - ဤမိန်းမသည် ယောက်ျားကဲ့သို့ ( ကြမ်းကြမ်း တန်းတန်း ) စကားပြော၏၊ ဤပြယုဂ်၌ ဥပမာနသည် ယောက်ျား,ဥပမေယျသည် မိန်းမတည်း၊ ဤသို့ ဘိန္နလိင်္ဂေါပမာဖြစ်ကြသော်လည်း ဒုဋ္ဌာလက်တို ဒေါသ မရောက်သဖြင့် ပညာရှိတို့ သုံးစွဲကြ , ဖွဲ့နွဲ့ စီကုံးလေ့ရှိကြသည်။ [ ပုရိသမ္ပိ ဟိ အဝိသဒံ ( မသန့်မရှင်း သွားလာ နေထိုင် စားသောက် နေသည်ကို) ဒိသွာ မာတုဂါမောဝိယ(အယံပုရိသော)ဂစ္ဆတိ၊ ပေ၊ ဘုဉ္ဇတီတိ ပဒန္တိ၊—အဋ္ဌသာလိနီ, ရူပကဏ္ဍ။]

ပိယော၊ ပေ၊ မိဝဗ္ဘိတာ။ ။ ဤ ၂ ပါဒဖြင့် ဝိဇာတိဝစနော ပမာ ပုံစံ ၂ ခုကိုပြ၏၊ အယံ (ပုရိသော)မေ ပါဏာဝိယ ပိယော=ဤ ယောက်ျားကို ငါသည် အသက်တို့ကဲ့သို့ ( အသက်တမျှ ) ချစ်အပ်၏၊ ဤပြယုဂ်၌ ဥပမာနဖြစ်သော '' ပါဏာ '' သည် ဗဟုဝုစ်၊ ဥပမေယျ ဖြစ်သော ''အယံ'' သည် ဧကဝုစ်၊ [ '' ပါဏာပုဒ်သည် ( အသက်တခု ထည်းကို ဟော၍မဖြစ်၊ ) အဆက်ဆက် ဖြစ်ပျက်နေသော အသက် အများကိုသာ ဟောသောကြောင့် နိစ္စဗဟုဝုစ်ရှိ၏ '' ဟု ကာဗျဒဿ ဋီကာ ဆို၏။]

ဝိဇ္ဇာ ဓနမိဝဗ္ဘိတာ။ ။စုဆောင်းအပ်ကုန်သော အတတ်ပညာ တို့သည် ဥစ္စာဓနနှင့် တူ၏၊ ဤပြယုဂ်၌ ဥစ္စာသည် ဥပမာန, အတတ် ပညာတို့သည်ဥပမေယျ၊ဤသို့ဝုစ်မတူကြသော်လည်း ဤပြယုဂ်မျိုးကို ပညာရှိတို့ စီကုံး သုံးစွဲလေ့ရှိကြသည်။ [ '' အနံဗ္ဘိတာ '' ဟူသော ကာဗျဒဿကို ပါဠိပြန်ထားသောကြောင့် '' အဗ္ဘိတာ ''ဟု ပါဠိမှန်

www.dhammaransi.com



**ဟီန, အဓိက**

၂၁၁။ ဘဝံဝိယ မဟီပါလ, ဒေဝရာဇာ ဝိရာဇတေ၊
အလမံသုမတော ကန္တံ, တေဇသာ ရောဟိတုံ အယံ။

၂၁၁။ မဟီပါလ – မြေကိုစောင့်တတ်, အို မင်းမြတ်၊ ဒေဝရာဇာ-နတ်တို့သေဌ်နင်း, သကြားမင်းသည်၊ ဘဝံဝိယ–အရှင်မင်းကဲ့သို့၊ ဝိရာဇတေ - တင့်တယ်စမ္ပါယ်တော် မူပေ၏၊ အယံ– ဤမင်းသည်၊ အံသုမတော-နေမင်း၏၊ ကန္တံ-တန်ခိုးအစဉ်ကို၊ တေဇသာ-မိမိတန်ခိုးဖြင့်၊ အာရောဟိတုံ-တက်ရောံခြင်းငှါ၊ ဝါ-အတူပြုခြင်းငှါ၊ အလံ-စွမ်းနိုင်၏။

× × × × × × ×

ရှိစေ၊ အဇ္ဈာတ်သည် ရခြင်း ( ရအောင် ဆည်းပူးခြင်း)ကို ဟော၏၊ "အဇ္ဈိတာ သဇ္ဈိတာ ဝိဇ္ဇာ (ဗျာကရဏ နိယဏ္ဍု အာဒယော) မနမိဝ ဟောန္တိ"—ဋီကာ။]

မှတ်ချက်။ ။ဥပမာနနှင့် ဥပမေယျတို့သည် များသောအားဖြင့် လိင်ချင်း ဝုစ်ချင်း တူရမည် ဖြစ်သော်လည်း ဤဂါထာကို ထောက်၍ လိင်ဝုစ် မတူသော အချို့အရာလည်း ရှိနိုင်သေး၏ - ဟုမှတ်၊ ဤသို့ လိင် ဝုစ် မတူသော်လည်း တဝါကျထည်းဖြစ်လျှင် စပ်ပုဒ်ကြိယာမှာ တူရမည်သာ ဖြစ်သောကြောင့် ဝိဘတ်ချင်းကား ကေန် တူရမည်၊ ဝါကျကွဲရာ၌ကား စပ်ပုဒ်လိုက်၍ ဝိဘတ်မတူဘဲလည်း ရှိကောင်း၏၊ ဥပမာ- "ကောဟံ ဘန္တေ ဟတ္ထံ အဘိနိမ္မိနိဿာမိ၊ သေယျထာပိ ပထဝိ" တည်း၊ ပါရာဇိက, ဝေရဥ္ဇကဏ္ဍ ပါဠိတော်။ [ ဤ၌ ဝါကျကွဲသောကြောင့် ဟတ္ထံ (ဒုတိယာ) ပထဝိ (ပဌမာ)ဝိဘတ်ချင်း မတူ။]

[နိယာမ] စပ်ပုဒ်တူမှု, တဝါကျ၌, ဥပမာန, ဥပမေယျတို့, ပဒ ၂ ပါး, လိင်ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏။

၂၁၁။ ဘဝံဒိယ၊ပေ၊ ဝိရာဇတေ။ ။ ဤပြယုဂ်၌ လူမင်းသည် ဥပမာန , သကြားမင်းသည် ဥပမေယျဖြစ်၍ ဥပမာန လူမင်းသည် အောက်ကျသဖြင့် ဟီနူပမာ ဖြစ်၏၊ " အလံ၊ပေ၊ ရောဟိတုံ အယံ" ဤ၌( လူ)မင်းသည် မိမိတန်ခိုးဖြင့် နေမင်း၏သွားလမ်း(ကောင်းကင်ကို ) တက်ရောက် စွမ်းနိုင်၏၊ ဤပြယုဂ်၌ နေမင်းသည် ဥပမာန ,

www.dhammaransi.com



### ရူပကာလင်္ကာ

၂၁၂။ ဥပမာနော'ပမေယျာနံ, အဘေဒဿ နိရူပနာ၊
ဥပမာဝ တိရောဘူတ-ဘေဒါ ရူပကမုစ္စတေ။

၂၁၂။ ဥပမာနော'ပမေယျာနံ- ဥပမာန ဥပမေယျ ၂ ခုတို့၏၊ အဘေဒဿ - မကွဲမပြား တသားထည်း၏ အဖြစ်ကို၊ နိရူပနာ - ထင်စွာပြတတ်သော၊ ဝါ - ထင်စွာပြတတ်သည်၏ အဖြစ်ကြောင့်၊

× × × × × × ×

လူမင်းသည် ဥပမေယျဖြစ်၍ ဥပမာနက လွှမ်းတက်နေသောကြောင့် အဓိကောပမာ ဖြစ်၏၊ သို့သော် ဒဏ္ဍီလင်္ကာတီဒေါသ မရောက်သဖြင့် ဤဥပမာမျိုးကို ပညာရှိများ သုံးစွဲလေ့ရှိကြသည်။ [ "ကဏ္ဍ အာရောဟိတုံ"သည် ဥပမာဇောတကခဏ်း၌ပါခဲ့သော "ကဏ္ဍ ဝိဂါဟတေ" နှင့် သဘောတူ၏၊ ထို့ကြောင့် " ကဏ္ဍံ အာရောဟိတုံ " ကို ဥပမာဇောတက- ဟု မှတ်၊ ကဏ္ဍကို " ပဒဝိ " ဟုပင် ( ၁၉၄ ) ဂါထာ အတိုင်း ဋီကာသစ် ဖွင့်၏၊ ကာဗျဒဿ ဋီကာ၌ကား " သာဒိသျံ- တူသည်၏အဖြစ်ကို "ဟု ဖွင့်သည်။]

ဤဒိသံ ဝဇ္ဇျတေ သန္တိ, ကာရဏံ တတြ စိန္တျတံ၊
ဂုဏဒေါသ ဝိစာရဏ , သယမေဝ မနီသိဘိ။

ဤဒိသံ-ဤသို့ ဟံသိဝါယံ သသီစသော အဖွဲ့ကို၊ သန္တိ - ပညာရှိတို့သည်၊ ဝဇ္ဇျတေ-ရှောင်အပ်၏၊ တတြ-ထိုသို့ရှောင်ရာ၌၊ဂုဏဒေါသ ဝိစာရဏ- ဂုဏ်နှင့်အပြစ် စိစစ်ခြင်း၄ါ၊ မနီသိဘိ - ပညာရှိတို့သည်၊ သယမေဝ- ကိုယ်တိုင်သာ၊ ကာရဏံ- အကြောင်းကို၊ စိန္တျတံ - ကြံစီ အပ်လော၊ ဝါ- ကြံစီပါလေ၊ [ "မည်ကဲ့သို့သော ဥပမာမျိုးကို ပညာ ရှိတို့ ရှောင်ကြဉ်အပ်၏၊ မည်ကဲ့သို့သော ဥပမာမျိုးကိုကား ပညာရှိတို့ သုံးစွဲအပ်၏"ဟု အတိကျ မသတ်မှတ်ကြချေ၊ ထို့ကြောင့် မိမိပင်ကိုယ် ဉာဏ်ဖြင့် ကြံစည် သုံးစွဲကြပါလေ"ဟူလို၊....ကာဗျဒဿ။]

---

၂၁၂၊ ဥပမာနော၊ပေ၊မုစ္စတေ။ ။ ဤဂါထာသည် ရူပက၏ သဘောကို ပြသောဂါထာတည်း၊ လိုရင်းကား— "ဥပမာဝ ရူပကံ ဥစ္စတေ "တည်း၊ " ပြခဲ့သော ဥပမာအလင်္ကာကိုပင် ( တမျိုးနာမည် တပ်၍) ရူပက-ဟု ခေါ်ဆိုအပ်သည်" ဟူလို၊ "ရှေး၌ပြခဲ့သော ဥပမာ

www.dhammaransi.com



တိရောဘူတဘေဒါ - ကွယ်ပျောက်သည် ဖြစ်၍ဖြစ်သော ဥပမာန ဥပမေယျ ကွဲပြားခြင်းရှိသော၊ဝါ-ဥပမာန ဥပမေယျ ကွဲပြားခြင်းမှ ကွယ်ပျောက်သော၊ ဥပမာဝ- ဥပမာကိုပင်၊ ရူပကံ - ရူပကဟူ၍၊ ဥစ္စတေ–ဆိုအပ်၏။

× × × × × × ×

အတိုင်းဘဲလား" ဟုမေးဘွယ်ရှိသောကြောင့် "တိရောဘူတဘေဒါ" ဟုမိန့်၊ ပြအပ်ပြီးသော ဥပမာအလင်္ကာကဲ့သို့ ဥပမာန+ဥပမေယျဟု ကွဲပြားမှုမရှိဘဲ ထိုကွဲပြားမှုကို ဖုံးကွယ်ထားရကား ရှေးဥပမာ အလင်္ကာအတိုင်း မဟုတ်ပါ-ဟူလို၊ "ဘာ့ကြောင့် ဥပမာနဝတ္ထု ဥပမေယျဝတ္ထု ၂ ခုတို့၏ ကွဲပြားမှု ပျောက်ကွယ်နေပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့်"ဥပမာနေ၁ပေါနိရူပနာ" ဟု မိန့်၊ဥပမာန ဝတ္ထု ဥပမေယျဝတ္ထု ၂ ခုကို မကွဲမပြား တသားထည်းဖြစ်အောင် ပြသောကြောင့် ဝတ္ထု ၂ ပါး ကွဲပြားမှုပျော်ကွယ်နေပါသည်-ဟူလို။ [နိရူပနာ-ဟူသော ဝိသေသနကို ဟေတုမန္တဝိသေသန ဟု ကြသည်။]

ဝစနတ္ထ။ ။တိရောဘူတော+ဘေဒေါ ယဿာတိ တိရောဘူတ ဘေဒါ၊ [ယဿာ- အကြင်ဥပမာ၏၊ တိရောဘူတော -ကွယ်ပျော်သည် ဖြစ်၍ ဖြစ်သော၊ ဘေဒေါ-ဥပမာန ဥပမေယျဟု ဝတ္ထု ၂ ပါး ကွဲပြား ခြင်းသည်၊ အတ္ထိ၊ ] အဘေဒံ - မကွဲမပြားသည်၏ အဖြစ်ကို ( ဘာဝ ပ္ပဓာန)+ရူပယတိ -ထင်ရှားပြတတ်၏၊ ဣတိ ရူပကံ-မည်၏။

ဥပမာ, ရူပက။ ။"ဗလမ္ဗောဓိ- စစ်တပ်သမုဒ္ဒြာ"ဟု ဆိုခဲ့ရာ၌ သမုဒ္ဒြာသည် ဥပမာန, စစ်တပ်သည် ဥပမေယျ၊ ဤသို့ ဝတ္ထု ၂ ပါး ကွဲပြားလျက်ရှိ၏၊သို့သော် စစ်တပ်တခြား,သမုဒ္ဒြာတခြားဟု ခွဲခြား၍ မပြဘဲ "စစ်တပ်လည်း သမုဒ္ဒြာ, သမုဒ္ဒြာလည်း စစ်တပ်" ဟု တထပ် ထည်း တသားထည်းပြတတ်သော "ဗလမ္ဗောဓိ" ဟူသော စကား ကိုပင် ရူပကအလင်္ကာဟု ခေါ်သည်၊ ထို့ကြောင့် ဥပမာန+ဥပမေယျ ကို ၂ မျိုးခွဲခြား၍ ပြလျှင် ဥပမာအလင်္ကာ, ၂ မျိုးမခွဲခြားဘဲ တသား ထည်းပြလျှင် ရူပကအလင်္ကာ-ဟု အထူးမှတ်ပါ။

[ဆောင်] ဥပမာန , ပမေယျ ဟု , အရကွဲရာ, ဥပမာတည်း၊
၂ ဖြာမခွဲ, တသားထဲပြ, ရူပက, မှတ်ကြ အထူးတည်း။

www.dhammaransi.com



## ရူပကအပြား

၂၁၃။ အသေသဝတ္ထုဝိသယံ, ကေဒေသဝိဝတ္တိစ၊
တံ ဒွိဓာ ပုန ပစ္စေကံ, သမာသာဒိဝသာ တိဓာ။

၂၁၃။ တံ- ထို ရူပကသည်၊ အသေသဝတ္ထုဝိသယံ - အကြွင်းအကျန်မရှိသော ဝတ္ထုဟူသော အရာရှိသောရူပကရင်း၊ ကေဒေသဝိဝတ္တိစ-တစိတ်တဒေသ၌ ဖြစ်သော ရူပကရင်း၊ (ဣတိ - ဤသို့၊) ဒွိဓာ-၂ ပါးပြား၏၊ ပုန-တဖန်၊ ပစ္စေကံ-အသီးအသီး၊ သမာသာဒိဝသာ- သမာသအစရှိသည်တို့၏ အပြားအားဖြင့်၊ ဝါ - သမာသ, အသမာသ, သမာသာသမာသ တို့၏ အပြားအားဖြင့်၊ တိဓာ-၃ ပါးပြားပြန်၏။

× × × × × × ×

၂၁၃။ အသေသ၊ပေ၊တိဓာ။ ။ဤဂါထာဖြင့် ရူပကအပြားကိုပြ၏၊ အသေသဝတ္ထုဝိသယရူပက, ကေဒေသဝိဝတ္တိရူပက အားဖြင့် (ရှေးဦးစွာ) ၂ ပါးပြား၏၊ ထို့နောက် တမျိုးတမျိုးလျှင် သမာသ, အသမာသ,သမာသာသမာသ(မိဿက)အားဖြင့် ၃ ပါးစီ ပြားပြန်ရကား ရူပကမျိုး ၆ ပါး ပြားသည် ဟု မှတ်၊ ထို ၆ ပါး အပြားကိုလာမည့်ပုံစံများဖြင့် ထင်ရှားစေပါလိမ့်မည်။

ဝစနတ္ထ။ ။အသေသဝတ္ထု + ဝိသယော ယဿာတိ အသေသဝတ္ထုဝိသယံ ( ရူပကံ )= အကြွင်းမရှိသော ဝတ္ထုလျှင် ( ရူပကပြုဘို့) အရာရှိသော ရူပက၊ ကေဒေသေ + ဝိဝတ္တတီတိ ကေဒေသဝိဝတ္တိ= (အသေသဝတ္ထုဝိသယကဲ့သို့ ဝတ္ထုဆိုင်ရာအားလုံး၌ မဖြစ်ဘဲ)တစိတ်တဘို့၌သာ ဖြစ်သောရူပက၊ ''ဗလမ္ဘောဓိ''ကဲ့သို့ သမာသ်တွဲ၍ပြုလျှင် သမာသရူပက, သမာသ်မတွဲဘဲပြုလျှင် အသမာသရူပက,တဂါထာ၌ ၂ မျိုးလုံးရောစွဲ၍ ပြုလျှင် သမသာသမာသ ရူပက၊ (မိဿကဟုလည်း ခေါ် )၊ '' အသေသဝတ္ထုဝိသယ သမာသရူပက'' စသည်ဖြင့် ရူပက ၆ မျိုး နာမည်ကိုသာ မှတ်ခဲ့ပါ။ [အသမာသကို ''ဗျာသ''ဟုလည်း ခေါ်၏၊ ဗျာသ-အကျဉ်းမချုံးဘဲ အကျယ်ချဲ့ခြင်း။]

www.dhammaransi.com



**အသေသဝတ္ထု ဝိသယ သမာသ**

၂၁၄။ အင်္ဂုလိဒလ သံသောဘိ, နခဒီဓိတိ ကေသရံ၊
သိရသာ နပိလန္ဓန္တိ, ကေ မုနိန္ဒပဒမ္ဗုဇံ။

၂၁၄။ အင်္ဂုလိဒလ သံသောဘိ-ခြေချောင်းတော်ပွင့်ချပ်တို့ဖြင့် သင့်မြတ်စွာ တင့်တယ်ခြင်းလည်း ရှိတော်မူထသော၊ နခဒီဓိတိ ကေသရံ-ခြေသည်းတော်ရောင်လျှံ, ဝတ်မှုံဝတ်ဆံလည်း ရှိတော်မူထသော၊ မုနိန္ဒပဒမ္ဗုဇံ-မုနိထွဋ်ထား, မြတ်ဘုရား၏, ဘဝါးတော် အစုံ, ကြာပဒုံကို၊ ကေ-အဘယ်မည်သူ , နတ်နှင့်လူတို့သည်၊ သိရသာ - ဦးခေါင်းရတနာ, မြတ်အင်္ဂါဖြင့်၊ နပိလန္ဓန္တိ - မပန်ဆင်ဘဲ ရှောင်လွှဲနိုင်ကုန်အံ့နည်း၊ (ပိလန္ဓန္တိဧဝ - သူမရငါမရ, ပန်ဆင်ကြကုန်မည်သာ)။

× × × × × × ×

၂၁၄။ ဤဂါထာဖြင့် မြတ်စွာဘုရား၏ ခြေတော်ဆိုင်ရာ အစိတ်အပိုင်းများကို အကြွင်းအကျန် မရှိအောင် ပဒုမ္မာ ကြာပန်းပုံ ပြု၍ ပြထား၏၊ ထိုသို့ ပြရာ၌လည်း သမာသ်ပုဒ်ဖြင့် ပြထားသောကြောင့် "အသေသဝတ္ထုဝိသယ သမာသရူပက" အလင်္ကာဖြစ်သည်။

အင်္ဂုလိဒလ သံသောဘိ။ ။ဘုရားရှင်၏ ခြေတော်၌ ခြေချောင်းတော်များ၏ တင့်တယ်ပုံကို " ပဒုမ္မာ ကြာပန်း၌ ပွင့်ချပ်များ၏ တင့်တယ်ပုံ " ဟု ရုပ်ပုံဖွဲ့သည်၊ အင်္ဂုလိသဒ္ဒါတာနိ+ ဒလာနိ (ရွက်ဖတ်တို့တည်း၊ အင်္ဂုလိဒလာနိ၊ သမ္မာ + သောဘာ သံသောဘာ၊ သံသောဘာ+ယဿ အတ္ထိတိ သံသောဘိ(အမ္ဗုဇံ)၊ အင်္ဂုလိဒလေဟိ+ သံသောဘိ အင်္ဂုလိဒလသံသောဘိ။[ပဒုမ္မာကြာပန်း၏ အထပ်အလွှာ ဖြစ်သော အရွက်တို့ကိုပင် "ပွင့်ချပ်"ဟု ခေါ်သည်။]

နခဒီဓိတိ၊ပေ၊ပဒမ္ဗုဇံ ။ ။ ခြေသည်းတော်၏ အရောင်များကို ဝတ်မှုံဝတ်ဆံ ပုံသဏ္ဌာန်ပြုထားသည်၊ နခဒီဓိတိသဒ္ဒါတံ + ကေသရံ ယဿာတိ နခဒီဓိတိကေသရံ၊ ကြာပန်းသည် ဥပမာန , ခြေတော် အစုံသည် ဥပမေယျ၊ ဤသို့ ဥပမာန, ဥပမေယျ ဝတ္ထု ၂ ပါး ကွဲပြားသော်လည်း ထို ကွဲပြားမှုကို ကွယ်ဖျောက်၍ " မုနိန္ဒပဒမ္ဗုဇံ-ဘုရားခြေစုံ, ကြာပဒုံ"ဟု တသားထည်းပြုထားသော ရူပကဖြစ်သည်။

www.dhammaransi.com



**အသေသဝတ္ထု ဝိသယအသမာသ**

၂၁၅။ ရတနာနိ ဂုဏာ ဘူရီ, ကရုဏာ သီတလံ ဇလံ၊
ဂမ္ဘီရတ္တ မဂါဓတ္တံ, ပစ္စက္ခော·ယံ ဇိနောမ္ဗုဓိ။

၂၁၅။ ဘူရိ- များစွာကုန်သော၊ ဂုဏာ-သီလသမာဓိ စသော ဂုဏ်တို့သည်၊ ရတနာနိ - ရတနာတို့ပေတည်း၊ ကရုဏာ - မဟာ ကရုဏာတော်သည်၊ သီတလံ- အေးသော၊ ဇလံ- ရေစင်ရေကောင်း ပေတည်း၊ ဂမ္ဘီရတ္တံ - လောကဓမ်တရားတို့၌ မလှုပ်ရှားသည့် အတွက် နက်နဲသည်၏ အဖြစ်သည်၊ အဂါဓတ္တံ- ထောက်တည်ရာ မရ သည်၏ အဖြစ်သည်၊ ( ဟောတိ - ဖြစ်၏၊ တသ္မာ - ထို့ကြောင့်၊ ) အယံဇိနော–ဤ မြတ်စွာဘုရားသည်၊ ပစ္စက္ခော-မျက်ဝါးထင်ထင်, တွေ့မြင်ရသော၊ အမ္ဗုဓိ- သမုဒြာပေတည်း။

× × × × × × ×

၂၁၅။ ဤဂါထာသည် ဘုရားရှင်ကို မဟာသမုဒြာ ပုံသဏ္ဍာန် ပေါ်လာအောင် ရုပ်ပုံဖွဲ့ရာ၌ သမုဒြာ၏ သက်ဆိုင်ရာအစိတ်အပိုင်း များကိုမကျန်စေဘဲ ဖွဲ့သောကြောင့်၎င်း,သမာသ်မဟုတ်သော ဝါကျ ပုဒ်တို့ဖြင့် ဖွဲ့သောကြောင့်၎င်း , အသေသဝတ္ထု ဝိသယ အသမာသ ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

ရတနာနိ၊ပေ၊ဇလံ ။ ။ ဘုရားရှင်၏ သီလ , သမာဓိ , ပညာ , ဝိမုတ္တိ စသော များစွာသော ဂုဏ်တော်များကို သမုဒြာ၏ ပုလဲ ပဒမြား စသော များစွာသော ရတနာ ဟု ပုံသဏ္ဍာန် ပြုထား၏၊ ဘုရားရှင်၏ အေးသော မဟာကရုဏာတော်ကို သမုဒြာ၏ အေးသော ရေ ဟု ပုံသဏ္ဍာန်ပြုထား၏။

ဂမ္ဘီရတ္တံ အဂါဓတ္တံ။ ။ဘုရားရှင်၏ လောကဓမ် ရှစ်ပါးကြောင့် မဖေါက်ပြား မတုန်လှုပ်ခြင်းသည် လောကဓမ်ဖြစ်ခြင်း၏ အကြောင်း တို့ကိုသိမြင်နိုင်သော နက်နဲသောဉာဏ်တော်ကြောင့်ဖြစ်၏၊"လောက ၌ နက်စွာ စိုက်ထားသော အရာသည် မတုန်လှုပ်သကဲ့သို့ ဘုရားရှင်၏ နဲနက်သော သဘောတော်ကိုလည်း သမုဒြာ၏ ထောက်တည်ရာမရ လောက်အောင် နက်နဲသောဂုဏ် "ဟု ပုံသဏ္ဍာန်ပြုထားသည်။

www.dhammaransi.com



ပစ္စက္ခာယံ ဇိနေနာမ္ဗုမိ။ ။ထို ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် ငါတို့ ဖူးတွေ့ရသော ဘုရားရှင်ကို "မဟာ ကရုဏာတော်ရေပြင်ပေါ်မှ မေတ္တာတော် လေညှင်းကို ခံယူကြသော လူအများတို့ ရှုစားဘို့ရာ မဟာသမုဒ္ဒရာကြီး-ဟုပင် ဆိုချင်ပါတော့သည်"ဟူလို။

အနက်ကျယ်။ ။ဘူရိ-သန္ဓျာ, မရေသာအောင်, ထယ်ဝါ ခံ့ညား, အလွန်များကုန်သော၊ ဂုဏာ- သီလ သမာဓိ, စရိုပေါင်းစုံ, ကျေးဇူးဂုဏ်တို့သည်၊ ရတနာနိ- ပုလဲစသား, ရတနာအများတို့ပေတည်း၊ ကရုဏာ-သနားကျင်နာ, မဟာကရုဏာတော်သည်၊ သီတလံဇလံ-အပူဘေးဘယ, မြေးမခဘို့, မြေကြည်လင်, ရေစင်ရေကောင်းပါပေတည်း၊ ဂမ္ဘီရတ္တံ-လောကဓမ်တရား, ထိုရှစ်ပါး၌, ဖေါက်ပြားမရှိ, နက်နဲသည်၏ အဖြစ်သည်၊ အဂါဓတ္တံ- ထောက်ရာတည်ရာ, မမှီသာအောင်,လွန်စွာဆက်ဆက်, နက်သည်၏အဖြစ်ပင်တည်း ၊တသ္မာ- ထိုသို့ပေါင်းချုံ, သမုဒ္ဒရာဂုဏ်နှင့်, ပြည့်စုံလေဘိ, တူသည်၏ အဖြစ်ကြောင့်၊ အယံဇိနော - ငါတို့ထွန့်ထား, မာရ်ငါးပါးနှင် , အောင်ပွဲယဉ်သည့်,ရှင်တော်ဘုရားသည်၊ ပစ္စက္ခာ -ရှေးကဖန်ထား,ကံတရားကြောင့်,မျက်ါးထင်ထင်, ဖူးမြင်ရသော၊ အမ္ဗုမိ-မေတ္တာလေညှင်း, ခံယူခြင်းဖြင့်, ဝမ်းတွင်းကြည်သာ, မဟာ သမုဒ္ဒရာကြီးပါပေတည်း။

အမှာ။ ။ရူပကအလင်္ကာပုဒ်များကို အနက်ပေးရာ၌ ရှေးဆရာတို့သည် "တည်းဟူသော ရူပကံ ဥ ယံ"ဟု ဥပဒေပြုကြ၏၊ ထိုဥပဒေသည် "အင်္ဂလိသန်္ဓါတဟိ ပဒတ္တဟိ" စသော ဋီကာတို့ကိုထောက်၍ "ခြေချောင်းတော် ဟု ဆိုအပ်သော ရွက်ဖတ်၊ ဝါ- ခြေချောင်းတော်တည်းဟူသော ရွက်ဖတ်"ဟု အနက်ပေးရသောကြောင့် သင့်သကဲ့သို့ ရှိပါပေ၏၊ သို့သော်-(၂၁၄)ဋီကာတို့၌ "အင်္ဂလိယောဝေ+ဒလာနိ" ဟု ဝိဂ္ဂဟပြုသောကြောင့်၎င်း, "အဘေဒဿ+ နိရူပနာ- မကွဲမပြား တသားထည်းပြုသော အလင်္ကာ" ဟု စာကိုယ်၌ ဆိုခဲ့သောကြောင့်၎င်း များစွာသော ရူပကတို့၌ "တည်းဟူသော" မပါဘဲ "အဘေဒ - မကွဲမပြား တသားထည်း" ဖြစ်အောင် အနက်ပေးခဲ့ပါသည်၊ တချို့ရူပက၌ကား "တည်းဟူသော" မပါလျှင် မချောမည် ဖြစ်သောကြောင့် "တည်းဟူသော" ဟု ပင် ပေးထားပါသည်။

www.dhammaransi.com



**အသေသဝတ္ထု ဝိသယ မိဿက**

၂၁၆။ စန္ဒိကာ မန္ဒဟာသာ တေ, မုနိန္ဒ ဝဒနိန္ဒုနော၊
ပဗောဓယတျဲ့ယံ သာဓု-မနောကုမုဒ ကာနနံ။

၂၁၆။ မုနိန္ဒ-မုနိတွင်တင်, အိုဘုရားရှင်၊ တေ-ရှင်တော်မြတ် ဘုရား၏၊ ဝဒနိန္ဒုနော– သပ္ပါယ် ပဝင်း, မျက်နှာတော် လမင်း၏၊ မန္ဒဟာသာ-သာသာညှင်းညှင်း, ပြုံးတော်မူခြင်းတို့သည်၊ စန္ဒိကာ-ကမ္ဘာ့တန်ဆောင်,လအရောင်တို့ပါပေတည်း၊ အယံ-ဤပြုံးတော် မူခြင်း ဟူသော လရောင်သည်၊ ( တနည်း ) အယံ-ဤမျက်နှာတော် လမင်းသည်၊ သာဓုမနောကုမုဒ ကာနနံ - သူတော်ကောင်းတို့ , ညွှတ်ပြောင်း စိတ်စော , ကုမုဒြာ ကြာဖြူတောကို၊ ပဗောဓယတိ- ညဥ့်တိုင်း မန္ဒမ်း, ရှုမခန်းအောင်, ပွင့်လမ်းစေနိုင်ပါသည် ဘုရား။

× × × × × × ×

၂၁၆။ ဤဂါထာ၌မျက်နှာတော်ကို လမင်း ဟု ပုံပြုသည်၊ ထိုသို့ ပြုရာ၌ မျက်နှာတော်၏ ပြုံးတော်မူခြင်းကို လရောင်, ပြုံးတော်မူခြင်း ကြောင့် သူတော်ကောင်းတို့၏ စိတ်ဓာတ် ရွှင်လန်းခြင်းကို ကုမုဒြာ ကြာတော၏ပွင့်ခြင်းဟု ပုံသဏ္ဌာန်ပြုသောကြောင့် လ၏ဆိုင်ရာ အစိတ် အပိုင်းအားလုံး မကျန်အောင် ပုံသဏ္ဌာန်ပြုရကား အသေသဝတ္ထု ဝိသယရူပကမည်၏၊ ထိုသို့ရူပကပြုရာ၌လည်း စန္ဒိကာနှင့်မန္ဒဟာသာ သည် အသမာသ ( ဝါကျ ), ဝဒနိန္ဒုနောပုဒ်, သာဓုမနောကုမုဒ ကာနနံ ပုဒ်တို့သည် သမာသ၊ ထို့ကြောင့် '' အသေသဝတ္ထုဝိသယ သမာသာသမာသရူပကဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။

**စန္ဒိကာ မန္ဒဟာသာ**။ ။စန္ဒိကာ သဒ္ဒါသည် လ၏ အရောင်ကို ဟော၏၊ စန္ဒော ယာသံ အတ္ထီတိ စန္ဒိကာ = မိမိ၏မှီရာ လ ရှိသော အရောင်(လရောင်)တို့၊ မန္ဒ-သာသာညှင်းညှင်း+ ဟာသာ-ပြုံးခြင်းတို့ တည်း၊ မန္ဒဟာသာ–တို့၊ ဟာသောသည် ပုံလိင် ဖြစ်သောကြောင့် ''ဟာသာ''ကို ဗဟုဝုစ်ဟုမှတ်၊ မန္ဒဟာသာနှင့်ဝုစ်တူအောင် စန္ဒိကာ ကိုလည်း ''စန္ဒကန္တိယော''ဟု ဗဟုဝုစ်ဖွင့်ကြ၏၊ ထို့ကြောင့် ပဗောဓ ယတိ၌ မစပ်ဘဲ, သူ့နေရာ၌ပြတ်အောင် အနက်ပေးထားသည်။

**ပဗောဓယတျဲ့ယံ**။ ။ပပုဗ္ဗ ဗုဓဓာတ်သည် ဝိကာသန( ပွင့်ခြင်း) အနက်ကိုဟော၏၊( ပဗောဓ+ကာရိတ် ဏယ)၊အယံဖြင့် လရောင်ကို

www.dhammaransi.com



**နိဂုံးနှင့် ပဋိညာဉ်**

**၂၁၇။ အသေသဝတ္ထု ဝိသယေ , ပဘေဒေါ ရူပကေ အယံ၊**
**ကေဒေသဝိဝတ္တိမှိ, ဘေဒေါ ဒါနိ ပဝုစ္စတိ။**

၂၁၇။ **အသေသဝတ္ထု ဝိသယေ** - အကြွင်းမရှိသော ဝတ္ထု ဟူသော အရာရှိသော၊ **ရူပကေ** - ရူပကန္ဒ၊ **အယံ ပဘေဒေါ**- ဤ ဥဒါဟရဏ် အထူးအပြားသည်၊ **ဟောတိ**-ဖြစ်၏၊ **ဒါနိ**-ယခုအခါ၌၊ **ကေဒေသဝိဝတ္တိမှိ** - ကေဒေသ ဝိဝတ္တိ ရူပကန္ဒ၊ **ဘေဒေါ** - အထူး အပြားကို၊ **ပဝုစ္စတိ**- ဆိုအပ်၏၊ ဝါ-ဆိုတော့လတ့်။ [ ပါဌ်လျှောက် အတိုင်း အမိပ္ပါယ်ထင်ရှားပြီ။ ]

× × × × × × ×

ပြန်၍ ညွှန်းလျှင် **"စန္ဒိကာ"** ဟု ဗဟုဝုစ်ဆိုခဲ့ရကား ဝုစ်ချင်းမတူသော ကြောင့် လရောင်ဇာတ်ငဲ့၍ ဇာတျာပေက္ခနည်းအားဖြင့် ကေဝုစ်ထား သည်-ဟု မှတ်။.... [ အယန္တိ ဇာတျေကဝစနေန မန္ဒဟာသစန္ဒိကာ နိဒ္ဒိဋ္ဌာ။] (တနည်း)အယံဖြင့် ဝဒနိန္ဒုကိုပြန်ညွှန်းပါ။[အထဝါ အယံ ဝဒနိန္ဒု။]

သာရု၊ပေ၊ကာနနံ။ ။သာရုနံ+မနော သာရုမနော၊ ကုမုဒါနံ+ ကာနနံ(တော)ကုမုဒကာနနံ၊ သာရုမနောဧဝ+ကုမုဒကာနနံ သာရု မနော ကုမုဒကာနနံ၊ မနောဂိုဏ်းဖြစ်၍ သမာသ်အလယ်၌"မနော" ဟု ညြှရှိရသည်၊ကုမုဒြာကြာဖြူတို့သည် လရောင်ထွက်မှပွင့်လေ့ရှိကြ၏။

အမှာ။ ။သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ, ပညာ မေ ယုဂနင်္ဂလံ၊
ဟိရီ ဤသာ မနော ယောတ္တံ, သတိ မေ ဖါလပါဇနံ။

ဤဂါထာကို သမာသရူပက ဟုဝင်း , သမာသာသမာသရူပက ဟုဝင်း ရှေး နိဿယများ၌ ဝါဒကွဲ၏၊ ဤဂါထာသည် ဘုရားရှင်၏ လယ်ထွန်ဘဏ္ဍာများကို စုံလင်စွာ ရူပကပြုထားသော ဂါထာတည်း၊ ထိုဂါထာ၌ " မေ "ဟူသော သမ္ဗန်ကိုထောက်၍ "ငါ၏ သဒ္ဓါသည် မျိုးစေ့တည်း၊ ငါ၏အကျင့်ကား မိုယ်းရေတည်း " စသည်ဖြင့် ဝါကျ ချည်းဖြစ်ကြောင်း သိသာရကား အသေသဝတ္ထုဝိသယ အသမာသ ရူပကသာ။ [ ပညာ မေတိဧတ္ထ မေသဒ္ဒေါ ပုရိမပဒေသုပိ ယောဇေ တဗ္ဗော၊ သဒ္ဓါ မေ ဗီဇံ,တပေါ မေ ဝုဋ္ဌိ၊ မြဟ္မဏ သံယုတ်,(၂)ဥပါ သကဝဂ်, သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။ ]

**ကေဒေသဝိဝတ္တိသမာသပုံစံ**

၂၁၀။ ဝိလာသဟာသ ကုသုမံ, ရုစိရာ·ဓရပလ္လဝံ၊
သုခံ ကေဝါ နုဝိန္ဒန္တိ, ပဿန္တာ မုနိနော မုခံ။

၂၁၀။ ဝိလာသ ဟာသ ကုသုမံ-စမ္ပါယ်စွာတင့်, အပြုံးတော်ပန်းပွင့်လည်း ရှိတော်မူထသော၊ ရုစိရာဓရပလ္လဝံ-နှစ်သက်စဘွယ်, တင့်တယ်နီမြန်း, နှုတ်ခမ်းတော်ရွက်နုလည်း ရှိတော်မူထသော၊ မုနိနော- ငါတို့ထွဋ်ထား, မြတ်ဘုရား၏၊ မုခံ-ရွှေမျက်နှာတော်ကို၊ ပဿန္တာ-မျက်ဝါးထင်ထင်, ဖူးမြင်ရကုန်သည် ရှိသော်၊ ကေဝါ-အဘယ် မည်သူ, နတ်လူ တို့သည်လည်း၊ သုခံ- ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာခြင်းကို၊ နုဝိန္ဒန္တိ - မရဘဲ ရှိကုန်တော့အံ့နည်း၊ (ဝိန္ဒန္တိဧဝ-ရကြကုန်တော့မည်သာ)။

× × × × × × ×

၂၁၀။ ဝိလာသ ၊ ပေ ၊ မုခံ ။ ။ နီမြန်းသော နှုတ်ခမ်းတော်ပေါ်လာအောင် ပြုံးတော်မူသော ဘုရား မျက်နှာတော်ဝယ် နီမြန်းသော နှုတ်ခမ်းတော်ကို ရွက်နုနှင့်နီကလေး , ပြုံးတော် မူခြင်းကိုရွက်နုနှင့်ပါသော ပန်းပွင့် ဟု ဥပမာ ပုံသဏ္ဌာန်ပြု၍ , မျက်နှာတော်အတွက် ပုံသဏ္ဌာန် ( ဥပမာ ) မပါသည့် အတွက် ကေဒေသဝိဝတ္တိ (တစိတ်တဒေသ၌သာ) ရူပကဖြစ်သောကြောင့်၎င်း, သမာသ်ပုဒ်ဖြင့် ရူပက ပြုသောကြောင့်၎င်း, ဤဂါထာသည် ကေဒေသဝိဝတ္တိသမာသ ရူပကဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

ဝိလာသဟာသ ကုသုမံ။ ။ဝိလာသေန+ယုတ္တော+ ဟာသော ဝိလာသဟာသော - ပြုံးရုံသက်သက် မဟုတ် , ပြုံးတော်မူရာတွင် တင့်တယ်စမ္ပါယ်သော ကြက်သရေပါရှိသော ပြုံးတော်မူခြင်း- ဟူလို၊ " ယုတ္တ "ဟူသော အလယ်ပုဒ်ကြေသည်၊ ဝိလာသဟာသောယေဝ+ ကုသုမံ ယဿာတိ ဝိလာသဟာသကုသုမံ (မုခံ)။

ရုစိရာဓရပလ္လဝံ။ ။ရုစိရောစ + သော + အဓရောစာတိ ရုစိရာဓရော-နှစ်သက်ဘွယ် နီမြန်းသော နှုတ်ခမ်းတော်၊ ရုစိရာဓရော ဧဝ+ ပလ္လဝေါ ယဿာတိ ရုစိရာဓရပလ္လဝံ (မုခံ)။

www.dhammaransi.com



**ကေဒေသဝိဝတ္တိအသမာသ ပုံစံ**

၂၁၉။ ပါဒဒွန္ဒံ မုနိန္ဒဿ, ဒဒါတု ဝိဇယံ တဝ၊
နခရံသိ ပရိက္ခာရ, ယဿ ပါပဇယဒ္ဓဇာ။

၂၁၉။ ယဿ မုနိန္ဒဿ–အကြင်မုနိထွဋ်ထား, မြတ်ဘုရား၏၊ ပရိက္ခာရ - လွန်စွာတင့်တယ်, နှစ်သက်ဘွယ်ကောင်းကုန်သော၊ နခရံသိ - ခြေသည်းတော်အရောင်တို့သည်၊ ပါပဇယဒ္ဓဇာ - မကောင်းမှုကို အောင်မြင်ရာ၌ စိုက်ထောင်အပ်သော အလံတို့ ပါပေတည်း၊ (တဿ မုနိန္ဒဿ) - ထိုမုနိထွဋ်ထား, မြတ်ဘုရား၏၊ ပါဒဒွန္ဒံ-ခြေတော်အစုံသည်၊ တဝ–သင့်အား၊ ဝိဇယံ-အောင်ပွဲကို၊ ဒဒါတု-ပေးပါစေသတည်း။

× × × × × × ×

၂၁၉။ ပါဒဒွန္ဒံတျာဒိ။ ။ခြေတော်အစုံအတွက် ရူပကမပြုဘဲ, ခြေသည်းတော်အရောင်အတွက်သာ "ပါပဇယဒ္ဓဇ" ဟု ရူပကပြု၏၊ ထိုသို့ပြုရာဝယ် သမာသ်မဟုတ်၊ " နခရံသိ + ပါပဇယဒ္ဓဇာ " ဟု ဝါကျဖြင့် ရူပက ပြုသောကြောင့် ဤဂါထာသည် ကေဒေသဝိဝတ္တိ အသမာသ ရူပကဖြင့် တန်ဆာ ဆင်ထားသော ဂါထာ ဖြစ်သည်။ [ကေဒေသ-( ဆိုင်ရာအားလုံးကို ရူပကမပြုဘဲ )တစိတ်တဒေသ၌+ ဝိဝတ္တိ-အထူးသဖြင့်ဖြစ်သော ရူပကတည်း၊ ကေဒေသဝိဝတ္တိ- တစိတ်တဒေသ၌ဖြစ်သော ရူပက။]

နခရံသိ ပါပဇယဒ္ဓဇာ။ ။နခါနံ+ရံသယော နခရံသီ-ခြေသည်းတော်အရောင်တို့၊ ပါပါနံ+ဇယော ပါပဇယော၊ ပါပဇယေ + ဓဇာ ပါပဇယဒ္ဓဇာ-မကောင်းမှုတို့ကို အောင်နိုင်ရာဝယ် အောင်လံသဘွယ် ဖြစ်ကြသော ခြေသည်းတော်အရောင်တို့၊ "မကောင်းမှုကို အောင်နိုင်ရာဝယ် အောင်လံသဘွယ်ဖြစ်၍ အလွန်နှစ်သက်ဘွယ် ကောင်းသော ခြေသည်းတော်အရောင်တို့ဖြင့် တပြောင်ပြောင် ဝင့်ကြွားလျက်ရှိသော ဘုရား့ ခြေတော်အစုံသည် (မအောင်သေးခင် အောင်မြင်ဘို့အရေးကို တွေး၍နေသော သင့်အား) အောင်ဆုကို ပေးပါစေ" ဟူလို။

www.dhammaransi.com



**ကေဒေသဝိဝတ္တိ မိဿက**

**၂၂၀။ သုနိမ္မလ ကပေါလဿ, မုနိန္ဒဝဒနိန္ဒုနော၊
သာဓုပ္ပဗုဒ္ဓဟဒယံ, ဇာတံ ကေရဝကာနနံ။**

၂၂၀။ **သုနိမ္မလ ကပေါလဿ** - ညစ်ကြေး မတင် , လွန်သန့်စင်သော ပါးအပြင် ရှိတော်မူသော၊ **မုနိန္ဒဝဒနိန္ဒုနော** - မြတ်စွာဘုရား၏ မျက်နှာတော် လမင်း၏၊ **သာဓုပ္ပဗုဒ္ဓ ဟဒယံ** - သူတော်ကောင်းတို့၏ သစ္စာ ၄ ပါးသိခြင်းဖြင့် ပွင့်လင်းသောစိတ်နှလုံးသည်၊ **ကေရဝကာနနံ** - ကုမုဒြာကြာဖြူတောသည်၊ **ဇာတံ**- ဖြစ်လေပြီ။

× × × × × × ×

၂၂၀။ " သုနိမ္မလကပေါလ " အတွက် " မည်သည့်အရာနှင့်တူသည်" ဟု ပုံသဏ္ဌာန်မပြုဘဲ, မျက်နှာတော်ကို (လ)ဟု ၎င်း, စိတ်နှလုံးကို " ကုမုဒြာကြာဖြူတော " ဟု၎င်း ရူပကပြု၏၊ ထိုသို့ ပြုရာ၌ ဝဒနိန္ဒုသည် သမာသ, ဟဒယံနှင့် ကေရဝကာနနံသည် အသမာသ၊ ထို့ကြောင့် ဤ ဂါထာသည် ကေဒေသဝိဝတ္တိသမာသာ သမာသ ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားသော ဂါထာဖြစ်သည်။

**သုနိမ္မလကပေါလဿ**။ ။သုနိမ္မလော+ကပေါလော ယဿာတိ သုနိမ္မလကပေါလော၊ ဤသို့ သမာသ် တွဲထားသော်လည်း ရူပက မဟုတ်သောကြောင့် ဤပုဒ်သည် ဤနေရာ၌ လိုရင်း မဟုတ်၊ မှန်၏— ရူပကအရာဝယ် ဥပမာန+ဥပမေယျပုဒ်တို့၏ သမာသ်ဟုတ် - မဟုတ်ကိုသာ စစ်ဘို့လိုသည်။ [ တထာဟိ ရူပကဝိသယေ သမာသာသမာသတ္တံ ဥပမာနော ပမေယျပဒါနံ ဒ္ဒိန္နမေဝါတိ၊— ဋီကာသစ်။]

**မုနိန္ဒု၊ပေ၊ကာနနံ**။ ။မုနိန္ဒဿ + ဝဒနံ မုနိန္ဒဝဒနံ၊ မုနိန္ဒဝဒနမေဝ+ဣန္ဒု မုနိန္ဒဝဒနိန္ဒု၊ ဤ၌ ဥပမေယျ ဝဒနနှင့် ဥပမာနဣန္ဒုကို သမာသ်ပြုထားသည်၊ ပဗုဒ္ဓံစ- ပွင့်သည်လည်းဟုတ်၏ ၊တံ+ဟဒယဉ္စာတိ ပဗုဒ္ဓဟဒယံ၊ သာဓူနံ+ပဗုဒ္ဓဟဒယံ သာဓုပ္ပဗုဒ္ဓဟဒယံ- သူတော်ကောင်းတို့၏ သစ္စာ၄ ပါး သိခြင်းအားဖြင့် ပွင့်လင်းသော စိတ်နှလုံး။ [ ဤ၌ သမာသ်တွဲထားသော်လည်း ဥပမာန + ဥပမေယျ ၂ ပုဒ်ကို တွဲခြင်း မဟုတ်သောကြောင့် သမာသရူပက မဟုတ်၊ ရိုးရိုး သမာသ်သာ။ ] ကေရဝသဒ္ဒါသည် ကုမုဒြာကြာဖြူဟူသောအနက်ကို ဟော၏။

www.dhammaransi.com



## ကွဲပြားသောရူပကများ

၂၂၁။ ရူပကာနိ ဗဟူနျေဝ, ယုတ္တာယုတ္တာဒိ ဘေဒတော၊
ဝိသုံ န တာနိ ဝုတ္တာနိ, ဧတ္တေဝ·န္တောဂတာနိ·တိ။

၂၂၁။ ရူပကာနိ-ရူပကတို့သည်၊ ယုတ္တာယုတ္တာဒိ ဘေဒတော-ယုတ္တရူပက,အယုတ္တရူပက အစရှိသည်တို့၏အပြားအားဖြင့်၊ဗဟူနိ ဧဝ-များပြားကုန်သည်သာတည်း၊ တာနိ-ထို များစွာသောရူပကတို့ကို၊ ဝါ-တို့သည်၊ ဧတ္တေဝ-ဤဆိုအပ်ပြီးသော ရူပက၌သာလျှင်၊ အန္တောဂတာနိ - အတွင်းဝင်ကုန်၏၊ ဣတိ - ထို့ကြောင့်၊ ဝိသုံ-သီးခြား၊ န ဝုတ္တာနိ-မဆိုအပ်ကုန်။

× × × × × × ×

၂၂၁။ ရူပကာနိ ဗျာဒိ။ ။ရူပကတို့သည် ပြခဲ့သော အသေသ ဝတ္ထု ဝိသယ ၃ မျိုး, ဧကဒေသ ဝိဝတ္တိ ၃ မျိုးအပြင် ယုတ္တရူပက, အယုတ္တရူပကစသောအားဖြင့် များစွာရှိကုန်သေး၏၊ထိုရူပကတို့သည် ဤပြခဲ့သော ၆ မျိုး၌ အတွင်းဝင်ကုန် ရကား ဥဒါဟရုဏ် ထုတ်၍ သီးခြားမဆိုတော့ပြီ-ဟူလို။

ယုတ္တာဒိ။ ။အာဒိဖြင့် ကာဗျာဒသ၌ ပြအပ်သော ဝိသမရူပက, ဝိသေသရူပက, ဝိရုဒ္ဓရူပက, ဟေတုရူပက, ဥပမာရူပက, ဗျတိရေက ရူပက, အက္ခေပရူပက, သမာဓာနရူပက, ရူပကရူပက, တတ္တာပဟ္နဝ ရူပကများကို ယူစေလိုသည်၊ ထိုရူပကအများတို့တွင်—

သိတပုပ္ဖုဇ္ဇလံ လောလ-နေတ္တဘိင်္ဂ တဝါနနံ၊
ကဿ နာမ မနော ဓီရ, နာကမ္မတိ မဒနာဟရံ။

ဟူသောဂါထာသည် ယုတ္တရူပက၏ ပုံစံဖြစ်သည်။ [ဓီရ - ဒိုမြတ်စွာ ဘုရား၊ သိတပုပ္ဖုဇ္ဇလံ-အပြုံးတော်ပန်းပွင့်တို့ဖြင့်တောက်ပတော်မူထ သော၊ လောလနေတ္တဘိင်္ဂ - လှုပ်သောမျက်လုံး, ပျားပိတုန်းလည်း ရှိတော်မူထသော၊ မနောဟရံ-မြင်ရသူစိတ်နှလုံးကို ယူကြီးဆွဲဆောင် တော်မူနိုင်ထသော၊ တဝ—ရှင်တော်မြတ်ဘုရား၏၊ အာနနံ - မျက်နှာ တော်သည်၊ ကဿနာမ-အဘယ်မည်သူ, နတ်နှင့်လူ၏၊ မနော - စိတ် ဓာတ်ကို၊ နာကမ္မတိ - မဆွဲငင်ဘဲ ရှိပါတော့အံ့နည်း၊ ( အာကမ္မတိ ဧဝ-ဆွဲငင်နိုင်သည်သာ ဖြစ်ပါတော့သည်ဘုရား။)]

www.dhammaransi.com



**ဂစနတ္ထ။** ။သိတာနိဝေ+ ပုပ္ဖါနိ သိတပုပ္ဖါနိ- ဖြူးတော်မူခြင်း ပန်း(အဖြူးပန်း)တို့၊ သိဘပုပ္ဖေဟိ+ဥဇ္ဇလံ သိတပုပ္ဖုဇ္ဇလံ၊လောလာနိ (မျက်နှာသေ မဟုတ် ) လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သော+နေတ္တာနိ လောလနေတ္တာနိ၊တာနိဝေ+ဘိင်္ဂါနိယဿာတိ လောလနေတ္တဘိင်္ဂံ။

**မှတ်ချက်၊** ။ပန်းနှင့် ပျားပိတုန်းတို့သည် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကြ၏၊ ဤသို့ ယှဉ်တွဲသင့်သည်ကို ယှဉ်တွဲ၍ ပြသောကြောင့် ယုတ္တရူပက ပုံစံပြဂါထာ ဖြစ်၏၊ [ '' ဧတ္ထ ပုပ္ဖဘိင်္ဂါနံ အညမညယုတ္တတ္တာ ယုတ္တရူပကံ နာမ''—ဋီကာ။ ]ဤ ယုတ္တရူပကသည် '' သိတပုပ္ဖုဇ္ဇလံ'' ဟုဧ၄င်း, '' လောလနေတ္တဘိင်္ဂံ '' ဟုဧ၄င်း သမာသ်တွဲ၍ပြ၏၊ အာနန်းအတွက် ရူပကမပါ၊ ထို့ကြောင့် ကေဒေသဝိဝတ္တိ သမာသရူပကတွင် ပါဝင်ပြီ၊ ထို့ကြောင့် ကျမ်းဆရာကိုယ်တိုင်က ''ဝိသုံ နတာနိ ဝုတ္တာနိ= သီးခြား မပြတော့''ဟု ဆိုထားသောကြောင့် ဤဂါထာသည် ကျမ်းရင်း၌ပါသော ဂါထာ မဟုတ်၊ ကာဗျာဒဿမှယူ၍ ဋီကာ ဆရာတို့ ပြအပ်သော ပုံစံသာတည်း၊ ထို့ကြောင့် ယခုအခါ အချို့ စာအုပ်၌ စာကိုယ်တွင် ပါဝင်နေခြင်းမှာ မသင့်ဟုမှတ်။

ဣဒံ·မာဒ္ဒသိတဇ္ဇုတ္တံ, သိဒ္ဓိနေတ္တော‌ပ္ပလံ မုခံ၊
ဣတိ ဇုတျုပ္ပလာယောဂါ, အယုတ္တံနာမ ရူပကံ။

**ဣဒံ မုခံ-** ဤမျက်နှာသည်၊ အာဒ္ဒသိတဇ္ဇုတ္တံ- ရွှမ်းရွှမ်းစိုစို , ဖြူးချိုချို လရောင်လည်း ရှိပါပေ၏၊ သိဒ္ဓိနေတ္တော‌ပ္ပလံ ( သိနိဒ္ဓ နေတ္တဥပ္ပလံ )- ချစ်စေး ပြည့်လျှမ်း, မျက်လုံး ကြာညိုပန်းလည်း ရှိပါပေ၏၊ ဣတိ-ဤရူပကသည်၊ ဇုတျုပ္ပလာ·ယောဂါ(ဇုတျ+ဥပ္ပလ+အယောဂါ)-လရောင်နှင့် ဥပ္ပလကြာပန်းတို့၏ယှဉ်ဘက်မဟုတ်သောကြောင့်၊ အယုတ္တံနာမ ရူပကံ-အယုတ္တရူပက မည်၏။

**အယုတ္တ ။** ။ ဥပ္ပလမည်သော ကြာသည် လ မထွက်သော နေ့အခါ၌ ပွင့်ရကား လရောင်နှင့် ယှဉ်ဘက် မဟုတ်၊ ထိုသို့ ယှဉ်ဘက် မဟုတ်သော လရောင်နှင့် ကြာ ယှဉ်တွဲ၍ ရူပကပြုထားသောကြောင့် အယုတ္တရူပကမည်၏၊ ဤ ရူပကလည်း ဖြူးခြင်းကို လရောင်, မျက်လုံးကို ကြာညိုပန်း ဟု ရူပကပြု၍ မုခံအတွက် ရူပက မပြုသောကြောင့်ဧ၄င်း , သမာသ်ပုဒ် ဖြစ်သောကြောင့်ဧ၄င်း ''ကေဒေသဝိဝတ္တိသမာသရူပက''တွင် ပါဝင်ပြီးဖြစ်၏။

www.dhammaransi.com



### ဒုဋ္ဌာလင်္ကတိဒေါသရောက်, မရောက်

၂၂၂။ စန္ဒိမာ·ကာသပဒုမ-မိစ္စေတံ ခဏ္ဍရူပကံ၊
ဒုဋ္ဌ·မမ္ဘော ရုဟာ၀နံ, နေတ္တာနိ·စ္စာဒိ သုန္ဒရံ။

၂၂၂။ စန္ဒိမာ- လမင်းသည်၊ အကာသ ပဒုမံ- ကောင်းကင်၌ ပဒုမ္မာကြာပန်းတည်း၊ ဣတိ- ဤသို့သော၊ ဧတံ- ဤရူပကကို၊ ခဏ္ဍ ရူပကံ-တပိုင်းပြတ်သော ရူပကသည်၊(ဟုတ္တာ-ဖြစ်၍၊ ၀ါ-ဖြစ်ခြင်း ကြောင့်၊) ဒုဋ္ဌံ-ဒုဋ္ဌာလင်္ကတိဒေါသသည် ဖျက်ဆီးအပ်၏၊ ၀ါ-ဒုဋ္ဌာ လင်္ကတိဒေါသ ရောက်၏၊ အမ္ဘောရုဟာ၀နံ – ရေ၌ ပေါက်သော ကြာညိုတောသည်၊ နေတ္တာနိ - မျက်လုံးတို့တည်း၊ ဣစ္စာဒိ – ဤသို့ အစရှိသော ဝေနဘေဒရူပကသည်ကား၊ သုန္ဒရံ-အပြစ်ကင်းလတ်, ကောင်းမြတ်၏။

× × × × × × ×

၂၂၂။ ဥပမာအလင်္ကာကို ဖျက်တတ်၍ ဒုဋ္ဌာလင်္ကတိ ဒေါသ သင့်သော ဥပမာများ ရှိသကဲ့သို့ , ထို့အတူ ရူပက၌လည်း ဒုဋ္ဌာ လင်္ကတိ ဒေါသသင့်သော ရူပကများရှိ၏၊ ''စန္ဒိမာ အာကာသပဒုမံ- လသည်ကောင်းကင်၌ ပဒုမ္မာကြာပန်း''ဟူရာ၌ လကို ပဒုမ္မာကြာပန်း သဏ္ဌာန် ပုံဟန်ပြုသော်လည်း ကောင်းကင် အတွက် '' ရေကန် '' ဟူသော ပုံသဏ္ဌာန် မပါရကား တပိုင်းပြတ်သော ခဏ္ဍရူပက ဖြစ်၍ (ခဏ္ဍိတာပမာကဲ့သို့)ဒုဋ္ဌာလင်္ကတိဒေါသရောက်၏၊''ကောင်းကင်၌ လသည် ရေကန်၌ ပဒုမ္မာကြာပန်းတည်း''ဟု အပြည့်အစုံ ပုံသဏ္ဌာန် ပြုမှ အပြစ်ကင်းသည်။

အမ္ဘော၊ ပေ၊ နေတ္တာနိ။ ။ ''မျက်လုံးတို့သည် ကြာညိုတော တည်း''ဟူရာ၌ ဝိစ်ချင်းမတူ(ဧကဝုစ်နှင့်ဗဟုဝုစ်ကွဲပြားသော်လည်း) ''ပိယော ပါဏာဇ၀ အယံ '' ကဲ့သို့ ရှေးပညာရှိတို့ သုံးစွဲလေ့ရှိကြ သဖြင့် ဒုဋ္ဌာလင်္ကတိအပြစ်ကင်း၍ ကောင်းမြတ်ပါပေသည်၊ဤနည်းကို မှီး၍ ဥပမာအလင်္ကာ၌ ပြခဲ့သည့်အတိုင်း ပျက်သော ရူပက - မပျက် သော ရူပကတို့ကို သိပါလေ-ဟူလို။

www.dhammaransi.com



မဆုံးနိုင်သောဥပမာနှင့်ရူပက

၂၂၃။ ပရိယန္တော ဝိကပ္ပါနံ, ရူပကဿောပမာယစ၊
နတ္ထိ ယံ တေန ဝိညေယျံ, အဝုတ္တံမနုမာနတော။

၂၂၃။ ယံ(ယေန ကာရဏေန)- အကြင် အကြောင်းကြောင့်၊ ရူပကဿစ-ရူပကအလင်္ကာ၏၎င်း၊ ဥပမာယစ-ဥပမာအလင်္ကာ၏၎င်း၊ဝိကပ္ပါနံ-ရွေးပညာရှိတို့,အမျိုးမျိုးအဖုံဖုံ,စီရင်အပ်ကုန်သော အပြားတို့၏၊ပရိယန္တော-အဆုံးသည်၊နတ္ထိ-မရှိ၊တေန-ထို့ကြောင့်၊ အဝုတ္တံ- မဆိုအပ်သော ဥပမာရူပကကို၊ အနုမာနတော-အနုမာနဉာဏ်ဖြင့်၊ ဝိညေယျံ- သိအပ် သိနိုင်လေံပြီ။ [" ဥပမာနှင့် ရူပကတို့ မဆုံးနိုင်အောင် များရကား မဆိုအပ်၍ ကျန်သမျှကို အနုမာနဉာဏ်ဖြင့် မှန်းဆ၍ သိကြပါလေ"ဟူလို။]

ရူပကအလင်္ကာ ပြီး၏။

---

အာဝုတ္တိအလင်္ကာ၏ လက္ခဏာ

၂၂၄။ ပုနပ္ပုနံမုစ္စာရဏံ, ယ မတ္ထဿ ပဒဿစ၊
ဥဘယေသဉ္စ ဝိညေယျာ, သာယမာဝုတ္တိ နာမတော။

၂၂၄။ အတ္ထဿစ - အနက်ကို ၎င်း၊ ပဒဿစ - ပုဒ်ကို၎င်း၊ ဥဘယေသံစ- အနက်, ပုဒ် ၂ ပါးတို့ကို၎င်း၊ ပုနပ္ပုနံ - အဘန်ဘန် အထပ်ထပ်၊ ယံ ဥစ္စာရဏံ- အကြင် ရွတ်ဆိုခြင်းသည်၊ အတ္ထိ- ရှိ၏၊ သာယံ-ထိုရွတ်ဆိုခြင်းကို၊နာမတော-အမည်အားဖြင့်၊အာဝုတ္တိ- အာဝုတ္တိဟူ၍၊ ဝိညေယျာ-သိအပ်၏။

× × × × × × ×

၂၂၄။ ပုနပ္ပုန တျာဒိ ။ ။ အာဝုတ္တိ၌ အာဥပသာရသည် ပုနပ္ပုန အနက်ကို ဟောသောကြောင့် "ပုနပ္ပုနံ - အထပ်ထပ် + ဝုတ္တိ- ဆိုခြင်း၊ အာဝုတ္တိ- အထပ်ထပ်ဆိုခြင်း"ဟု ပြု၊ ပုနပ္ပုနမုစ္စာရဏံသည် အာဝုတ္တိ၏ အနက်ကို ဖွင့်ပြသော စကားတည်း၊ အနက်ကို ဖြစ်စေ, ပုဒ်ကို ဖြစ်စေ, ၂ မျိုးလုံးကို ဖြစ်စေ တကြိမ်ထည်းဖြင့် မပြီးစေဘဲ အထပ်ထပ်ဆိုခြင်းကို"အာဝုတ္တိအလင်္ကာ"ဟု ခေါ်သည်၊"အတ္ထဿ" စသည်ကို ထော၍"အတ္ထအာဝုတ္တိ, ပဒအာဝုတ္တိ, ဥဘယအာဝုတ္တိ" အားဖြင့် ၃ ပါးပြား၏၊

www.dhammaransi.com



## အတ္ထအာဝုတ္တိ

၂၂၅။ မနော ဟရတိ သဗ္ဗေသ, မာဒဒါတိ ဒိသာ ဒသ၊
ဂဏှာတိ နိမ္မလတ္တဉ္စ, ယသောရာသိ ဇိနဿယံ။

၂၂၅။ ဇိနဿ - မြတ်စွာဘုရား၏၊ အယံ ယသောရာသိ- ဤ ဂုဏ်တော်သတင်း, ကျော်စောခြင်း အစုသည်၊ သဗ္ဗေသံ- လူ နတ် ဗြဟ္မာ,သတ္တာအားလုံးတို့၏၊ မနော-စိတ်ခေတ်ကို၊ ဟရတိ-ဆောင်ယူနိုင်၏၊ ဒသဒိသာ- အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို၊ အာဒဒါတိ- ယူနိုင်၏။[ အရပ်ဆယ်မျက်နှာလုံးသို့ ပျံ့နှံ့သွား၏ - ဟူလို။] နိမ္မလတ္တဉ္စ- ညစ်ကြေးမတင် , သန့်ရှင်းစင်သည်၏ အဖြစ်ကိုလည်း၊ ဂဏှာတိ - ယူနိုင်၏ [ အညစ် အကြေးကင်းသော ဂုဏ်တော်များ ဖြစ်ကြ၏-ဟူလို။]

× × × × × × +

၂၂၅။ မနောဟရတိ တျာဒိ။ ။ဤဂါထာ၌"ယူခြင်း"အနက် တခုကိုပင်" ဟရတိ, အာဒဒါတိ, ဂဏှာတိ " ဟု ဝေဝုစ် ပရိယာယ် စကားလှယ်တို့ဖြင့် အထပ်ထပ် ဆိုအပ်သောကြောင့် အတ္ထအာဝုတ္တိ အလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။ [ဧတ္ထ ဂဏှာ တီတိ ဧကဿေဝ အတ္ထဿ " ဟရတိ , အာဒဒါတိ , ဂဏှာတီ"တိ အနေ့ပြဟိ ပရိယာယ ဝစနေဟိ အာဝုတ္တိတ္တာ ( အထပ်ထပ် ဆိုအပ် သည်၏ အဖြစ်ကြောင့်)အယံ အတ္ထာဝုတ္တိနာမ။]

ဝိကသန္တိ ကဒမ္ဗာနိ, ဖုလ္လန္တိ ကုဋဇဒြုမာ၊
ဥမ္မိလန္တိ ကဒလိယော, ဒလန္တိ ကကုဘာနိစ။

ကဒမ္ဗာနိ-ထိန်ပင်တို့သည်၊ ဝိကသန္တိ-ပွင့်ကြကုန်၏၊ ကုဋဇဒြုမာ- လက်ထုတ်ပင်တို့သည်၊ ဖုလ္လန္တိ-ပွင့်ကြကုန်၏၊ ကဒလိယော-ငှက်ပျော ပင်တို့သည်၊ ဥမ္မိလန္တိ-ဖူးငုံစွင့်စွင့်,ပွင့်ကြကုန်၏၊ ကကုဘာနိစ-ဖော့ကြို့ (ထောက်ကြို့)ပင် တို့သည်လည်း၊ ဒလန္တိ-ချပ်လွှာတင့်၍, ပွင့်ကြကုန်၏၊........[ ကာဗျဒဿ၌ လာသော ဤဂါထာလည်း " ဖူးပွင့်ခြင်း" အနက်တခုကိုပင် ဝေဝုစ်ပရိယာယ် စကားလှယ်တို့ဖြင့် အထပ်ထပ် ဆိုအပ်သောကြောင့် အတ္ထအာဝုတ္တိ အလင်္ကာပင်ဖြစ်သည်။]

www.dhammaransi.com



ပဒအာဝုတ္တိ

၂၂၆။ ဝိဘာသေန္တိ ဒိသာ သဗ္ဗာ, မုနိနော ဒေဟကန္တိယော၊
ဝိဘာသေန္တိစ သဗ္ဗာပိ, စန္ဒာဒီနံ ဟတာဝိယ။

၂၂၆။ မုနိနော- မြတ်စွာဘုရား၏၊ ဒေဟကန္တိယော - ကိုယ်တော်၌ ရောင်ခြည်တော်တို့သည်၊ သဗ္ဗာဒိသာ-အလုံးစုံသောအရပ်မျက်နှာတို့ကို၊ ဝိဘာသေန္တိ-ထူးထူးထွေထွေ, ထွန်းလင်းစေကုန်၏၊ စန္ဒာဒီနံ-လအစရှိသည်တို့၏၊ သဗ္ဗာပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဝိဘာစ - အရောင်တို့သည်လည်း၊ ဟတာဝိယ - ဖျက်ဆီးအပ်ကုန်သကဲ့သို့၊ သေန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၂၂၆။ ဝိဘာသေန္တိ တျာဒိ။ ။ဤဂါထာ၌ " ဝိဘာသေန္တိ " ဟူသော ပုဒ်ကိုသာ ၂ ကြိမ်ထပ်၍ ဆိုအပ်၏၊ ထိုပုဒ်၏ အနက်ကား အတူမဟုတ်၊ "ဝိဘာသေန္တိ(ဝိသေသေန+ဘာသေန္တိ)-အထူးသဖြင့် ထွန်းလင်းစေကုန်၏၊ဝိဘာ-အရောင်တို့သည်+သေန္တိ-ဖြစ်ကုန်၏" ဟု အနက်တမျိုးစီဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် ပဒါဝုတ္တိအလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။

**ဆိုလိုရင်း**။ ။ဤဂါထာ၏ ဆိုလိုရင်းမှာ-ဘုရားရှင်၏ကိုယ်တော်၌ ရောင်ခြည်တော်တို့က အရပ်မျက်နှာတို့ကို ထွန်းလင်းစေသောကြောင့် လစသော အခြားဝတ္ထုများ၏ အရောင်တို့သည် ( ဘုရားရောင်ခြည်တော်တို့က ဖျက်ဆီးအပ်သကဲ့သို့ ဖြစ်၍ ) အရောင်မတောက်နိုင်ဘဲ ကွယ်ပျောက်ကြရသည်-ဟူလို။[ဒေဟေ+ကန္တိယော ဒေဟကန္တိယော၊-ဋီကာ။]

ဥက္ကဏ္ဌယတိ မေဃာနံ, မာလာ ဝဂ္ဂံ ကလာပိနံ၊
ယုဝါနော္ကဏ္ဌယတျင္ဂ, မာနသံ မကရဒ္ဓဇော။

မေဃာနံ-မိုဃ်းတို့၏၊ မာလာ- အစဉ်သည်၊ ကလာပိနံ-ဥဒေါင်းတို့၏၊ ဝဂ္ဂံ - အစုကို၊ ဥက္ကဏ္ဌယတိ - လည်မော့သည်ကို ပြု၏၊ အင္ဂ-ယနေ့၊ မကရဒ္ဓဇော-ကာမနတ်သည်၊ ယုဝါနံ-လုလင်ပျိုတို့၏၊မာနသံ-စိတ်ကို၊ဥက္ကဏ္ဌယတိ-ပျင်းရိသည်ကိုပြု၏။[ကာဗျဒဿလာ ဤဂါထာလည်း အနက်မတူသော " ဥက္ကဏ္ဌယတိ " ပုဒ်ကို ၂ ကြိမ် ထပ်၍ ဆိုသောကြောင့် ပဒါဝုတ္တိမည်၏။]

www.dhammaransi.com



ဥဘယအာဝုတ္တိ

၂၂၇။ ဇိတ္ဝာ ဝိဟရတိ ဗ္လေသ–ရိပုံ လောကေ ဇိနော အယံ၊
ဝိဟရတျာ·ရိဝဂ္ဂေါ·ယံ, ရာသိဘူတော·ဝ ဒုဇ္ဇနေ။

၂၂၇။ လောကေ- လောက၌၊ အယံဇိနော- ဤမြတ်စွာဘုရားသည်၊ ဗ္လေသရိပုံ - ကိလေသာ တည်းဟူသော ရန်သူကို၊ ဇိတွာ- အောင်တော်မူပြီး၍၊ ဝိဟရတိ - နေတော်မူ၏၊ အယံ အရိဝဂ္ဂေါ- ဤကိလေသာ တည်းဟူသော ရန်သူအပေါင်းသည်၊ ဒုဇ္ဇနေ - လူယုတ်မာ အပေါင်း၌၊ ရာသိဘူတောဝ - အစုဖြစ်၍ ဖြစ်သကဲ့သို့၊ ဝိဟရတိ- နေ၏။

× × × × × × ×

၂၂၇။ ဇိတွာတျာဒိ။ ။ဤဂါထာ၌''နေခြင်း''အနက်ကိုချည်းဟောသော '' ဝိဟရတိ '' ပုဒ်ကို ၂ ကြိမ်ထပ်၍ ဆို၏၊ ထို့ကြောင့် ဥဘယာဝုတ္တိ အလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်၊ ဂါထာ၏ ဆိုလိုရင်းကား— '' ဘုရားရှင်သည် ကိလေသာ ရန်သူကို အောင်၍နေတော်မူ၏၊(ဘုရားရှင်ထံမှ ရှုံး၍ပြေးရသော)ကိလေသာ ရန်သူအစုလည်း သူယုတ်မာအပေါ်၌ စုဝေး၍နေ၏''ဟု ဆိုလိုသည်။

ဇိတွာ ဝိဿံ ဘဝံ အတြ, ဝိဟရတျောရောဓေဟိ ဝေ၊
ဒိဝံဂတော ရိပုဝဂ္ဂေါ, ဝိဟရတျစ္ဆရာဟိ တေ။

အတြ- ဤလူ့ပြည်၌၊ ဘဝံ- အရှင်မင်းမြတ်သည်၊ ဝိဿံ- ရန်သူအားလုံးကို၊ ဇိတွာ - အောင်တော်မူပြီး၍၊ ဩရောဓေဟိ - မောင်းမမိဿံ, ခြွေအရံတို့နှင့်အတူ၊ ဝေ- စင်စစ်၊ ဝိဟရတိ- နေတော်မူရ၏၊ ဒိဝံဂတော - အရှင့်ဒဏ်ကြောင့် နတ်ရွာစံရသော၊ တေ - အရှင်မင်းမြတ်၏၊ ရိပုဝဂ္ဂေါ-ရန်သူ အပေါင်းသည်၊ အစ္ဆရာဟိ- နတ်သမီးတို့နှင့်အတူ၊ ဝိဟရတိ-နေရပါ၏။[ကာဗျဒသ။]

အဇ္ဈောဓေန ဇိနေ ကောဓံ, အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန, သစ္စေနာ·လိကဝါဒိနံ။

ဓမ္မပဒ ပါဠိတော်လာ ဤဂါထာ၌လည်း ''အောင်ခြင်း'' အနက်ဟော''ဇိနေ''သဒ္ဒါကို ၃ကြိမ်ထပ်၍ဆိုထား၏၊ ထို့ကြောင့် ဥဘယာဝုတ္တိအလင်္ကာဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။

www.dhammaransi.com



## ဒီပက၏ လက္ခဏာနှင့် အပြား

၂၂၈။ ကေတ္တ ဝတ္တမာနံပိ, သဗ္ဗဝါကျော·ပကာရကံ၊
ဒီပကံနာမ တဥ္စာဒိ-မဇ္ဈန္တဝိသယံ တိဓာ။

၂၂၈။ ကေတ္တ-ဝါကျ၏ တခုသောနေရာ၌၊ ဝတ္တမာနံပိ-ဖြစ်ပါသော်လည်း၊ သဗ္ဗဝါကျော·ပကာရကံ- အလုံးစုံသော ဝါကျအားကျေးဇူးပြုတတ်သော ပုဒ်သည်၊ ဒီပကံနာမ- ဒီပကမည်၏၊ တဥ္စ- ထို ဒီပကသည်လည်း၊ အာဒိ မဇ္ဈန္တဝိသယံ-အစ, အလယ်, အဆုံး ဟူသော အရာရှိသည်၊ (ဟုတ္ဂာ-ဖြစ်၍၊ )တိဓာ-၃ ပါးပြား၏။

× × × × × × ×

၂၂၈။ ကေတ္တ၊ ပေ၊ ဒီပကံနာမ ။ ။ ဒီပေတိ - အရောင်ဖြင့် ထင်ရှားပြတတ်၏၊ ဣတိ ဒီပေါ(ဆီမီး)၊ ဒီပေါဝိယာတိ ဒီပကံ၊ ဥပမာအနက်၌ ကပစ္စည်း သက်၊ ဆီမီးသည် မိမိအနီး၌ ရှိသော ဝတ္ထု , အဝေး၌ရှိသောဝတ္ထုများကို ထင်ရှားပြသကဲ့သို့, မိမိတည်ရာဝါကျ၏ အနက်ကိုငင်း, အခြားဝါကျ၏ အနက်ကိုငင်း, ထင်ရှားပြတတ်သော ပုဒ်သည်ဒီပကမည်၏။ [ ကေဌာနေ ဌတွာ ဝိသယီဘူတသဗ္ဗဌာနဂတဒဗ္ဗပကာသက ဒီပသမာနတ္တာ(တည်ရာဝိသယရှိသော ဌာနအားလုံး၌ တည်နေသောဒြဗ်များကို ထင်ရှားပြတတ်သည့် အတွက် ဆီမီးနှင့် တူသည်၏ အဖြစ်ကြောင့်)ဒီပကံနာမ ဟောတိ။]

တဥ္စ၊ ပေ၊ တိဓာ ။ ။ ထိုဒီပက၌ ဝါကျသည် ၂ ဝါကျမှစ၍ အများရှိရ၏၊ ထိုတွင် အစဝါကျ၏ အစ၌တည်သော အာဒိဒီပက, အဆုံးဝါကျ၏ အဆုံး၌တည်သော အန္တဒီပက , အစ ဝါကျ၏ အစလည်း မဟုတ်, အဆုံးဝါကျ၏ အဆုံးလည်း မဟုတ်သော အလယ်ဌာန၌တည်သော မဇ္ဈေဒီပကအားဖြင့် ၃ ပါးရှိ၏၊ တပါးတပါးလျှင် ကြိယာပုဒ်ဖြစ်သော ကြိယာဒီပက, ဇာတိပုဒ်ဖြစ်သော ဇာတိဒီပက, ဂုဏ်ပုဒ်ဖြစ်သော ဂုဏဒီပကအားဖြင့် ၃ မျိုး ပြားနိုင်၏၊ ထို့ကြောင့် ဒီပကအမျိုးပေါင်း ၉ မျိုးရှိ၏။ [ တေသု ဧကေကမပိ ကြိယာဇာတိဂုဏဘေဒေန ပုန တိဝိဓံ ဟောတီတိ ဝိညေယျံ။ ] ကာဗျာဒဿ၌ ဒဗ္ဗ ထည့်၍ ၄ မျိုးပြ၏၊ ထိုအလို ဒီပက ၁၂ မျိုးပြားသည်။

www.dhammaransi.com



## ကြိယာ အာဒိဒီပက

၂၂၉။ အကာသိ ဗုဒ္ဓေါ ဝေနေယျ-ဗန္ဓူနံ့မမိတောဒယံ၊
သဗ္ဗပါပေဟိစ သမံ, နေကတိတ္ထိယ မဒ္ဒနံ။

၂၂၉။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဝေနေယျဗန္ဓူနံ-ဝေနေယျ ခေါ်, ဆွေတော် မျိုးတော်တို့၏၊ အမိတောဒယံ - မနှိုင်းယှဉ်အပ်သော တိုးပွားမှုကို၊ အကာသိ-ပြုတော်မူပြီ၊ သဗ္ဗပါပေဟိ- အလုံးစုံသော မကောင်းမှုတို့နှင့်၊ သမံ-အညီအမျှ၊ ဝါ-အတူတကွ၊ အနေကတိတ္ထိယ မဒ္ဒနံစ - များစွာသော တိတ္ထိတို့ကို နှိမ်နင်းမှု ကိုလည်း၊ အကာသိ-ပြုတော်မူပြီ။

× × × × × × ×

၂၂၉။ အကာသိတျာဒိ။ ။ဤဂါထာ၌"အကာသိ၊ပေ၊ဒယံ" သည် တဝါကျ၊"သဗ္ဗ၊ပေ၊မဒ္ဒနံ"သည် တဝါကျ၊ ပဌမဝါကျ၏ အစ၌ ဖြစ်သော " အကာသိ" ကြိယာသည် ဒုတိယဝါကျ၌လည်း ကျေးဇူး ပြု၏၊"ကျေးဇူးပြု"ဟူရာ၌"အနေကတိတ္ထိယ မဒ္ဒနံ"ဟူသော ကံပုဒ်၏ စပ်ရာ ကြိယာဖြစ်နိုင်သည်-ဟု ဆိုလိုသည်၊ ထို့ကြောင့် ဤဂါထာသည် ကြိယာအာဒိဒီပကအလင်္ကာဖြင့် တန်ဆာဆင်ထားအပ်သော ဂါထာ ဖြစ်သည်။

ဝစနတ္ထ။ ။ဝေနေယျာဝ + ဗန္ဓူ ဝေနေယျဗန္ဓူ၊ အမိတော- မနှိုင်းယှဉ်နိုင် မရေတွက် နိုင်အောင် မြားမြောင်လှစွာသော + ဥဒ ယော-တိုးတက်ကြီးပွားခြင်းတည်း၊ (ဝါ - တိုးတက်ကြီးပွားကြောင်း ဖြစ်သော ဆုမ္မွန်ဒါဒ ပေးမှုတည်း၊ ) အမိတောဒယော - မှု၊ ဘုရား ရှင်၏ ဆုမွန်ဝါဒကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်ကြသော ဝေနေ ယျ, နောင်ခါလွတ်ဘို့ရန် ပါရမီဖြည့်နေကြသော ဝေနေယျ,အပါယ် မကျဘဲ သုဂတိသို့ ရောက်ကြရသော ဝေနေယျ၊ထိုဝေနေယျဆွေတော် မျိုးတော်တို့၏ တိုးတက်ကြီးပွားမှုကို ဘုရားရှင် ပြုတော်မူပြီ - ဟူလို၊ အနေကေစ+တေ+တိတ္ထိယာစာတိ အနေကတိတ္ထိယာ၊ တေသံ+မဒ္ဒနံ အနေကတိတ္ထိယမဒ္ဒနံ။

www.dhammaransi.com



## ကြိယာမဇ္ဈေဒီပက

၂၃၀။ ဒဿနံ မုနိနော သာဓုဇနာနံ ဇာယတေ·မတံ၊
တဒညေသံတု ဇန္တူနံ, ဝိသံ နိစ္စော·ပတာပနံ။

၂၃၀။ မုနိနော-မြတ်စွာဘုရားကို၊ ဒဿနံ-ဖူးမြင်ရခြင်းသည်၊ သာဓုဇနာနံ-သူတော်ကောင်းတို့၏၊ အမတံ-အမြဲနေရန်, အမြိုက်နိဗ္ဗာန်သည်၊ ဇာယတေ-ဖြစ်၏၊ တဒညေသံ-ထိုသူတော်ကောင်းမှ တပါးကုန်သော၊ ဇန္တူနံတု- မိစ္ဆာအယူရှိသော သတ္တဝါတို့၏ကား၊ နိစ္စော·ပတာပနံ-အမြဲမပြတ်, ပူစေတတ်သော၊ ဝိသံ-အဆိပ်သည်၊ ဇာယတေ-ဖြစ်၏။ [''နိစ္စ+ဥပတာပနံ''ဟု ပုဒ်ဖြတ်။]

× × × × × × ×

၂၃၀။ ဒဿနံ၊ပေ၊တာပနံ။ ။ဘုရားရှင်ကို ဖူးမြင်ရခြင်းသည် သူတော်ကောင်းတို့၏ အတွက်မှာ အမြိုက်နိဗ္ဗာန်ပင် ဖြစ်ပါတော့၏၊ သူတော်ကောင်းမှ တပါးသောသူယုတ်မာများ၏ အတွက်ကား အမြဲ ပူလောင်နေသောအဆိပ် ဖြစ်ပါတော့သည်၊ ဤဂါထာ၌ '' ဒဿနံ၊ပေ၊ဇာယတေ မတံ''သည် တဝါကျ၊''တဒညေသံ၊ပေ၊ တာပနံ''သည် တဝါကျ၊ ရှေ့ဝါကျ၏ အစလည်းမဟုတ်သော , နောက်ဝါကျ၏ အဆုံးလည်း မဟုတ်သောကြောင့် အလယ်ဌာန၌ တည်သော ''ဇာယတေ'' ကြိယာသည် ရှေ့ နောက်၌ကျေးဇူးပြုတတ် ထွန်းပြတတ်သောကြောင့် ''ကြိယာမဇ္ဈေ ဒီပက''ပုဒ်တည်း၊ထို့ကြောင့် ဤဂါထာသည် ကြိယာမဇ္ဈေဒီပကဖြင့် တန်ဆာဆင်အပ်သော ဂါထာဖြစ်သည်။

မှတ်ချက်။ ။ဝါကျအများရှိသည်တွင် အစဝါကျ၏ အစဌာနနှင့် အဆုံးဝါကျ၏ အဆုံးဌာန မဟုတ်လျှင် အစဝါကျ၏ အဆုံးနားမှာ နေနေ, အဆုံးမှာ နေနေ, အဆုံးဝါကျ၏ အစမှာနေနေ, '' အလယ်ဌာန''ဟုချည်း ယူမှ ဤဂါထာ၌ မဇ္ဈေဒီပက ဖြစ်နိုင်မည်။

အမတံ။ ။''မုနိနော ဒဿနံ + အမတံ - ဘုရားဖူးရခြင်းသည် အမြိုက်နိဗ္ဗာန်''ဟု ဆိုရာ၌ ဖူးရခြင်းသက်သက်သည် နိဗ္ဗာန်မဟုတ်နိုင် ရကား အဘယ်နည်းဖြင့် ဆိုအပ်သောစကားပါနည်း- ဟု မေးဘွယ်ရှိ၏၊ အဖြေကား- အမတအမည်သည် အကျိုးနိဗ္ဗာန်၏ အမည်တည်း၊ ထိုအမည်ကို အကြောင်း ဖူးမြင်ရခြင်း အပေါ်၌ တင်စားထားသော

www.dhammaransi.com



ဖလူပစာရ နည်းအားဖြင့် ဆိုအပ်သော စကားတည်း၊ မှန်၏၊— ဘုရားကို ဖူးမြင်ရခြင်းသည်အကြောင်း, ထိုအကြောင်းကြောင့် တရားနာရ၍ ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့် နိဗ္ဗာန်ရခြင်းသည် အကျိုးတည်း၊ [ မုနိနော ဒဿနံ အမတံ-အမတသင်္ခါတနိဗ္ဗာနဿ ကေန္ဒကာရဏတ္တာ ကာရိယောပစာရေန (အကျိုး၏အမည်ဖြင့်၊ ဝါ- ဖလူပစာရအားဖြင့် ) အမတဘူတံ ဇာယတေ။]

ဝိသံ။ ။"ဝိသံ" ဟူသော ဤစကားသည် ဒေါသစေတသိက်ကို ဆိုသော သဒိသူပစာရ စကားတည်း၊ တကယ်အဆိပ်မဟုတ်၊ အမြဲစိတ်ကို ပူပန်စေတတ် သောကြောင့် အဆိပ်နှင့်တူသော ဒေါသကို "ဝိသ" ဟု ဆိုထားသည်-ဟူလို၊ ဤ၌လည်း "မုနိနော ဒဿနံ ဝိသံ- ဘုရားကိုမြင်ရခြင်းသည် သူယုတ်မာတို့အတွက် ဒေါသအဆိပ်တည်း" ဟု အနက်ထွက်၏၊ အမှန်မှာ - မြင်ရခြင်းသည် အဆိပ်မဟုတ်၊ မြင်ရခြင်းဟူသော အကြောင်းကြောင့် ဒေါသဖြစ်ခြင်း သည်သာ အဆိပ်တည်း၊ ထို့ကြောင့် ဝိသံကိုလည်း (အကျိုးဒေါသအဆိပ်၏ အမည်ကို အကြောင်းဒဿန အပေါ်၌ တင်စားသော " ကာရိယောပစာရ" ) ဖလူပစာရစကားဟု ပင်မှတ်၊ [ဝိသံဇာယတေ-ဝိသတုလျပဋိဃ ကာရဏတ္တာ ကာရိယောပစာရေန ဝိသံ ဘဝတိ။]

မန္ဒော ဂန္ဓဝါဟော ခါရော , ဂိနိ ဇုန္ဟု စ ဇာယတေ၊
စန္ဒာစန္ဒနပါတော စ, သတ္တပါတော ပဝါသိနံ။

ပဝါသိနံ - ခင်ပွန်းမနှင့် ကွေကွင်းနေကြရ သူတို့၏၊ မန္ဒော- ညှင်းညှင်းသော၊ ဂန္ဓဝါဟော - လေသည်၊ ခါရော - ဆားငန်သည်၊ ဇာယတေ- ဖြစ်၏၊ ဇုန္ဟု စ-လသည်လည်း၊ ဂိနိ-မီးသည်၊ ဇာယတေ-ဖြစ်၏၊ စန္ဒာစန္ဒန ပါတော စ - မြေသော စန္ဒကူး၏ ကျရောက်ခြင်းသည်လည်း၊ ဝါ - မြေသော စန္ဒကူးကို လိမ်းခြင်းသည်လည်း၊ သတ္တပါတော-ဒါး လက်နက် ကျရောက်ခြင်းသည်၊ ဇာယတေ-ဖြစ်၏။ [ဤကာဗျဒဿပုံစံ၌"ဇာယတေ"ကြိယာသည် ဒုတိယဝါကျ၏ အဆုံးမှာ နေသော်လည်း အလယ်၌တည်လျက် ရှေ့ဘက် နောက်ဘက် ဝါကျတို့အား ကျေးဇူးပြုသောကြောင့် ကြိယာမဇ္ဈေဒီပက ပုံစံပင် ဖြစ်သည်။]

www.dhammaransi.com



## ကြိယာအန္တဒီပက

၂၃၁။ အစ္စန္တကန္တလာဝဏ္ဏျ-စန္ဒာတပ မနောဟရော၊
ဇိနာ·နနိန္ဒု ဧဒုစ, ကဿ နာနန္ဒကော ဘဝေ။

၂၃၁။ အစ္စန္တကန္တလာဝဏ္ဏစန္ဒာတပ မနောဟရော- အလွန်စင်စစ် , နှစ်သက်ဘွယ်တောင်း , လေးလေးပင်ပင် ကောင်းသော လရောင်ဖြင့် စိတ်နှလုံးကို ဆောင်ယူနိုင်သော၊ ဇိနာ·နနိန္ဒု-မြတ်စွာဘုရား၏မျက်နှာတော်လမင်းသည်၊ကဿ- အဘယ်မည်သူ့,နတ်နှင့်လူကို၊ အာနန္ဒကော - နှစ်သက်စေတတ်သည်၊ န ဘဝေ - မဖြစ်ဘဲ ရှိပါအံ့နည်း၊ ( အစ္စန္တ ကန္တလာဝဏ္ဏ စန္ဒာတပ မနောဟရော - အလွန်စင်စစ် , နှစ်သက်ဘွယ်တောင်း , လေးလေးပင်ပင်ကောင်းသော လရောင်ဖြင့် စိတ်နှလုံးကို ဆောင်ယူနိုင်သော )၊ ဧဒုစ - ပကတိလမင်းသည်လည်း၊ ကဿ - အဘယ်မည်သူကို၊ အာနန္ဒကော- နှစ်သက်စေတတ်သည်၊ န ဘဝေ- မဖြစ်ဘဲ ရှိပါအံ့နည်း။

× × × × × × ×

၂၃၁။ ဤဂါထာ၌ " အစ္စန္တ ကန္တလာဝဏ္ဏျ စန္ဒာတပ မနောဟရော ဇိနာနနိန္ဒု ကဿ နအာနန္ဒကော ဘဝေ" ဟုၣင်း, " အစ္စန္တ၊ပေ၊မနောဟရော ဧဒုစ ကဿ န အာနန္ဒကော ဘဝေ " ဟုၣင်း ၂ ဝါကျခွဲပါ၊ "ဘဝေ" ဟူသောကြိယာသည် နောက်ဝါကျအဆုံး၌ တည်သောကြောင့် "ကြိယာအန္တဒီပက" ပုံစံတည်း။

**အစ္စန္တ၊ပေ၊မနောဟရော** ။ ။ အစ္စန္တံ + ကန္တံ အစ္စန္တကန္တံ- အလွန်စင်စစ် နှစ်သက် အပ်သည်၊ လဝဏ္ဏ သဒ္ဒါသည် "ငန်သော အရသာ"ကိုဟောသော်လည်း ဤနေရာ၌ကား ဆားကဲ့သို့လေးလေး ပင်ပင် ကောင်းသော တစုံတခုကိုလည်း ဟောသင့်၏၊ လဝဏ္ဏဿ+ ဘာဝေါ လာဝဏ္ဏျ( မဓုရဘာဝေါ ) ဋီကာ၊ အစ္စန္တကန္တဥ+တံ+ လာဝဏ္ဏဥ္စာတိ အစ္စန္တကန္တလာဝဏ္ဏျ - အလွန် နှစ်သက်ဘွယ် လေးလေးပင်ပင် ကောင်းသည်၊ အစ္စန္တကန္တလာဝဏ္ဏမေဝ + စန္ဒာ တပေါ(လရောင်) အစ္စန္တ၊ ပေ ၊ စန္ဒာတပေါ၊ တေန+ မနောဟရော အစ္စန္တ၊ပေ၊မနောဟရော၊ ဤဝိသေသနသည် " ဇိနာနနိန္ဒု " ၌ၣင်း, " ဧဒု " ၌ၣင်း စပ်ရ၏၊ ထို့ကြောင့် သိလေသဂုဏ် ရောက်သည်၊ ဇိနဿ+အာနနံ ဇိနာနနံ၊ ဇိနာနနမေဝ+ဧန္ဒု ဇိနာနနိန္ဒု။

www.dhammaransi.com



မာလာဒီပက

၂၃၂။ ဟောတာ ဝိပ္ပဋိသာရာယ, သီလံ ပါမောဇ္ဇဟေတု သော၊
တံ ပီတိဟေတု သာစာယံ, ပဿဒ္ဓျာဒိ ပသိဒ္ဓိယာ။

၂၃၃။ ဣစ္စာဒိဒီပကတ္တေပိ, ပုဗ္ဗံပုဗ္ဗံ မပေက္ခိနီ၊
ဝါကျမာလာ ပဝတ္တာတိ, တံ မာလာဒီပကံ မတံ။

၂၃၂။ သီလံ-သီလသည်၊ အဝိပ္ပဋိသာရာယ-နှလုံးမသာမယာ မဖြစ်ခြင်းငှါ၊ ဟောတိ-ဖြစ်၏၊ သော(အဝိပ္ပဋိသာရော)- ထိုနှလုံးမသာမယာ မဖြစ်ခြင်းသည်၊ ပါမောဇ္ဇဟေတု-ဝမ်းမြောက်ခြင်း၏ အကြောင်းသည်၊ ဝါ- နုသော ပီတိ၏ အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ (ပါမောဇ္ဇံ)- ထို ဝမ်းမြောက်ခြင်းသည်၊ ပီတိဟေတု-အားကြီးသော ပီတိ၏ အကြောင်းသည်၊ ဟောတိ - ဖြစ်၏၊ သာစ အယံ(ပီတိ)-ထိုသို့ သဘောရှိသော ဤ ပီတိသည်လည်း၊ ပဿဒ္ဓျာဒိပသိဒ္ဓိယာ-ပဿဒ္ဓိ အစရှိသည်တို့၏ ပြီးစီးခြင်းငှါ၊ ဟောတိ-၏။

၂၃၃။ ဣတိ - ဤ ပြယုဂ်၌၊ အာဒိဒီပကတ္တေ - အာဒိဒီပက၏ အဖြစ်သည်၊ သတိပိ-ဖြစ်ပါသော်လည်း၊ ဝါကျမာလာ-နှောံနှောံ ဝါကျ အဆက်ဆက်သည်၊ ပုဗ္ဗံပုဗ္ဗံ-ရှေးရှေးဝါကျကို၊ အပေက္ခိနီ-

× × × × × × ×

၂၃၂။ ဟောတာ-ဝိပ္ပဋိသာရာယ။ ။ န + ဝိပ္ပဋိသာရော အဝိပ္ပဋိသာရော-သီလစင်ကြယ်သောကြောင့် စိတ်နှလုံးမသာမယာ မဖြစ်ရခြင်း။ [ ''အဝိပ္ပဋိသာရာယ-နှလုံး မသာမယာ မဖြစ်ခြင်းငှါ'' ဟုသာ အနက်ပေး၊ '' နှလုံး သာရွှင်ခြင်းငှါ '' ဟု မပေးနှင့်၊ '' နှလုံး သာရွှင်''ဆိုလျှင် ပါမောဇ္ဇဖြစ်နေပြီ။] ပမောဒေါယေဝ ပါမောဇ္ဇံ-ဝမ်းမြောက်ခြင်း၊တရားကိုယ်မှာ နုသောပီတိတည်း။[''ပမုဒိတဿ+ ဘာဝေါ ပါမောဇ္ဇံ''ဟုလည်း ပြုကြ၏၊ ရုပ်ပြီးခက်သည်။]ပီတိ၌ကား ပါမောဇ္ဇမှ တိုးတက်လာသော ရင့်သော အားကြီးသော ပီတိတည်း၊ ထိုပီတိကြောင့် ပဿဒ္ဓိစသော တရားများဖြစ်၏၊ ပဿဒ္ဓိ + အာဒိ၌ အာဒိဖြင့် သုခ, သမာဓိ, ယထာဘူတဉာဏ်,ဈာန်,မဂ်, ဖိုလ်တရားများကိုယူ။[ပါဠိမောက်ဘာသာဋီကာ-နိဒါနဒွေသအဆုံးမှာလည်း ပြထား၏။]

www.dhammaransi.com



ငဲ့ခြင်းရှိသည်၊ (ဟုတွာ-ဖြစ်၍၊) ပဝတ္တာ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ တံ- ထိုဒီပကကို၊ မာလာဒီပကံ - မာလာဒီပက ဟူ၍၊ မတံ- သိအပ်၏။

× × × × × × ×

၂၃၃။ ဣစ္စာဒိဒီပကတ္တေပိ။ ။[“ဣတိ+အာဒိဒီပကတ္တေ”ဟု ပုဒ်ဖြတ်။] ဤပြခဲ့သောဂါထာ၌ “ ဟောတိ ” ဟူသော ကြိယာကို ဝါကျအစ၌ ပြထား၏၊ ထိုကြိယာသည် “ ပါမောဇ္ဇဟေတု သော” ဝါကျ, “တံ ပီတိဟေတု” ဝါကျ, “သာစ အယံ ပဿဒ္ဓ၊ာဒိ ပသိဒ္ဓိ ယာ ” ဝါကျတို့၌လည်း ကျေးဇူးပြုတတ် ထွန်းပြတတ်၏၊ ထို့ကြောင့် “အာဒိဒီပက” အမျိုးအစားတွင် ပါဝင်၏၊ သို့သော်—

ပုဗ္ဗံ ၊ပေ၊ မတံ ။ ။ နောက်နောက်ဝါကျ အစဉ် အတန်းသည် ရှေးရှေးဝါကျကို ငဲ့နေ၏၊“ငဲ့”ဆိုသည်ကား-သံကွင်းဆက်သကဲ့သို့ “ရှေးရှေးဝါကျနှင့် ဆက်သွယ်နေ၏”ဟု ဆိုလို၏၊ ထို့ကြောင့် ရိုးရိုး ဒီပကမျိုးမဟုတ်ဘဲ “မာလာဒီပက” ဟု ရှေးပညာရှိတို့ အသိအမှတ် ပြုအပ်ပါသည်- ဟူလို၊ မာလာဘူတံ+ ဒီပကံ မာလာဒီပကံ - အစဉ် အတန်းဖြစ်၍ ဖြစ်သော ဒီပက။

ဋီကာ။ ။ဝါကျမာလာ-အနေကဝါကျေန သမ္ဗန္ဓမာနာ ပရံ ပရာ- များစွာသော ဝါကျဖြင့် ဖွဲ့စပ်သီကုံးအပ်သော အဆက်ဆက် သည်။[ဤ၌ မာလာကို“ပရံပရာ”ဟု ဖွင့်၏၊ “ ဝါကျာနံ + မာလာ ဝါကျမာလာ”ဟု ပြုစေလို၏၊ ထို့ကြောင့် “ ဝါကျံ + မာလာ ” ဟု ရှိသော စာကို ပါဌ်ပျက် ဟု မှတ်။ ] ပုဗ္ဗံပုဗ္ဗံ - ဟောတာဝိပ္ပဋိသာရာ ယာတိ အာဒိကံ ဝါကျံ အပေက္ခိနီပဝတ္တာ။[ဤ၌ပုဗ္ဗံပုဗ္ဗံကို“ဟောတာ ဝိပ္ပဋိသာရာယ- စသော ရှေးရှေးဝါကျကို ” ဟု ဖွင့်၏၊ “ ပါမောဇ္ဇ ဟေတု သော”ဟူသော နောက်ဝါကျသည်“ဟောတာ ဝိပ္ပဋိသာရာ ယ”ဟူသော ရှေ့ဝါကျကို ငဲ့၏၊ “တံ ပီတိဟေတု ” ဟူသော နောက် ဝါကျသည် “ ပါမောဇ္ဇဟေတု သော ” ဟူသော ရှေ့ဝါကျကို ငဲ့၏၊ “သာစ အယံ ပဿဒ္ဓ၊ာဒိ ပသိဒ္ဓိယာ”ဟူသော နောက်ဝါကျသည် “တံ ပီတိဟေတု”ဟူသော ရှေ့ဝါကျကို ငဲ့၏- ဟု ဆိုလိုသည်။]

www.dhammaransi.com



## ကွင်းသော ဒီပက

၂၃၄။ အနေနေဝပ္ပကာရေန, သေသာနံမပိ ဒီပကေ၊
ဝိကပ္ပါနံ ဝိဓာတဗ္ဗာ-နုဂတိ သုဒ္ဓဗုဒ္ဓိဘိ။

၂၃၄။ ဒီပကေ - ဒီပက အရာ၌၊ အနေနေဝပ္ပကာရေန - ဤဆိုအပ်ပြီးသော အပြားအားဖြင့်သာလျှင်၊ ဝိကပ္ပါနံ-ရေးပညာရှိတို့ အမျိုးမျိုး အဖုံဖုံ, စီရင်အပ်ကုန်သော၊ သေသာနံ-ကြွင်းကုန်သော ဒီပကတို့ကို၊ အနုဂတိ-လျော်စွာသိတတ်သောဉာဏ်ကို၊ သုဒ္ဓဗုဒ္ဓိဘိ-သန့်ရှင်းသော ဉာဏ်ရှိသူတို့သည်၊ ဝိဓာတဗ္ဗာ - ပြုစီရင်ထိုက်၏။

× × × × × × ×

၂၃၄။ [ ဧဒါနိ အဝုတ္တဒီပကာနိပိ အတိဒိသတိ အနေနေဝ ဣစ္စာဒိနာ၊]ကြိယာအာဒိ, မဇ္ဈ, အန္တဒီပကများ၏ပုံစံကိုသာ ပြခဲ့၏၊ ဤနည်းကိုမှီး၍ ဇာတိဒီပက , ဂုဏဒီပကနှင့် မာလာဒီပက များကို ဉာဏ်ရှိသောပုဂ္ဂိုလ်တို့ စီစဉ်နိုင်လောက် (ရေးသားနိုင်လော့) ပါပြီ-ဟူလို။[ဝိသေသတော(အသင်္ကရတော)- မရောသောအားဖြင့်+ကပ္ပီယန္တိ - ရေးပညာရှိတို့ ပြုစီရင်အပ်ကုန်၏၊ ဣတိ ဝိကပ္ပါ၊ အနုဂတိ- အာဗောဓော - သိတတ်သောဉာဏ်၊ ထိုဉာဏ်ဖြင့် စီကုံးအပ်သော ပြယုဂ်တို့ကိုလည်း ကာရဏူပစာရအားဖြင့်“အနုဂတိ”ဟု ခေါ်၏။]

မှတ်ချက်။ ။ကြိယာ,ဇာတိ,ဂုဏဒီပကတို့သည်(အလင်္ကာကျမ်းအလို) ၉ မျိုးရှိသကဲ့သို့ မာလာဒီပကလည်း ကြိယာအာဒိမာလာ ဒီပက စသောအားဖြင့် ၉ မျိုးပင် ရှိနိုင်၏၊ ထို့ကြောင့် ဒီပက ၁၀ မျိုးရှိသည်၊ကာဗျဒသအလို ဒဗ္ဗထည့်လျှင် ၄ × ၃လီ ၁၂မျိုးရှိ၍ မာလာဒီပကလည်း ၁၂ မျိုးရှိရကား အားလုံး ၂၄ မျိုး ရှိနိုင်သည် ဟု မှတ်။

အမှာ။ ။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ ” စသော ပဋိစ္စသမုပ္ပါဒ် ပါဠိတော်သည် သမ္ဘဝန္တိ ကြိယာအဆုံး၌ ပါသောကြောင့်“ကြိယာအန္တ မာလာဒီပက”တည်း။ [ဝေမေတဿ-စသည်ကား နိဂုံးဖြစ်၍ သီးခြားတဝါကျသာ။] ယောနိဿယ၌ “ ဧတိပိ သောဘဂဝါ” ကို “နာမဒီပက”ဟု ဆိုသေး၏၊ “သောဘဂဝါ ”ဟူသော နာမည်သည် နောက်ဝါကျတို့၌ ပါဝင်နိုင်၍ ကျေးဇူးများသောကြောင့်တည်း တဲ့။

www.dhammaransi.com



## အက္ခေပ၏ လက္ခဏာနှင့်အပြား

၂၃၅။ ဝိသေသ ဝစနိစ္ဆာယံ, နိသေဓဝစနံ တု ယံ၊
အက္ခေပေါ်နာမ သောယဥ္စ,တိဓာ ကာလပ္ပဘေဒတော။

၂၃၅။ ဝိသေသဝစနိစ္ဆာယံတု-တစုံတခု ထူးသောအကြောင်းအရာကို ဆိုလိုရာ၌သာ၊ ယံ နိသေဓဝစနံ-အကြင်တားမြစ်ကြောင်း စကားသည်၊ (အတ္ထိ-ရှိ၏၊) သော- ထို တားမြစ်ကြောင်း စကားသည်၊ အက္ခေပေါ်နာမ - အက္ခေပ မည်၏၊ အယဥ္စ - ဤ အက္ခေပ သည်လည်း၊ ကာလပ္ပဘေဒတော – အတိတ်ကာလ စသည့်တို့၏ အပြားအားဖြင့်၊ တိဓာ- ၃ ပါးပြား၏။ [အယံစ၌ စဖြင့် ဒီပကကို ပေါင်း၊ ရှေ့ဒီပကသာ ၃ မျိုးပြားသည် မဟုတ်သေး၊ ဤ အက္ခေပ လည်း ၃ မျိုးပြားသည်-ဟူလို။]

× × × × × × +

၂၃၅။ ဝိသေသတျာဒိ။ ။တစုံတခု ထူးခြားသောအကြောင်း အရာကိုဆိုလိုရာ၌ တိုက်ရိုက်အားဖြင့် ထူးခြားပုံကို မဆိုဘဲ တားမြစ်သောစကားကို ဆိုခြင်းသည် အက္ခေပအလင်္ကာ မည်၏၊ [ တိုက်ရိုက် ဆိုလျှင် သဘာဝဝုတ္တိ ဖြစ်သောကြောင့် တိုက်ရိုက် မဆိုဘဲ, ဝင်္ကဝုတ္တိ အလင်္ကာမျိုး ဖြစ်ရကား တားမြစ်သောအားဖြင့် ထူးခြားပုံကို သွယ် ဝိုက်၍ ဆိုသည်-ဟူလို။ ] ထို အက္ခေပအလင်္ကာသည် အတီတက္ခေပ, ဝတ္တမာနက္ခေပ, အနာဂတက္ခေပဟု ကာလအားဖြင့် ၃ မျိုးပြား၏။

ဋီကာ။ ။ဝိသေသဝစနိစ္ဆာယံတု-ယဿကဿစိ ပဒတ္ထ ဝိသေ သဿ ကထနိစ္ဆာယံ ဝေ၊ [တုကို "ဝေ" ဟု ဖွင့်သည်။] ယံ နိသေဓ ဝစနံ - ပဋိသေဓဝစနံ အတ္ထိ၊ သော ပဋိသေဓော အက္ခေပေါ်နာမ၊ "နိသေဓ=ပဋိသေဓ=အက္ခေပ"ဤသဒ္ဒါ ၃မျိုးသည် အနက်အားဖြင့် အတူတူပင်တည်း၊ အက္ခေပ၌ "အာပုဗ္ဗ + ခိပ"ဓာတ်သည် နောဒန (ပယ်ရှားခြင်း) အနက်ကိုဟော၏။ [" ဝိသေသ ဝစနိစ္ဆာယံ တု"ဟု ဝေအနက်ရှိသောတုသဒ္ဒါဖြင့်ဆိုသောကြောင့် တစုံတခုထူးခြားသော ဂုဏ်သတ္တိကိုပြသောအရာ၌သာ တားမြစ်သောစကားကို"အက္ခေပ" ဟု ဆိုရသည်၊ ဂုဏ်ထူးကို ဆိုလိုချက်မပါသော သက်သက် တားမြစ် ရာ၌ကား အက္ခေပအလင်္ကာ မဟုတ်။]

www.dhammaransi.com



**အတီတကျွေပ ပုံစံ**

၂၃၆။ ကောကိ·နေကသေနံ တံ, မာရံ သ ဝိဇယီ ဇိနော၊
ကထံ တ·မထဝါ တဿ, ပါရမိဗလ·မီဒိသံ။

၂၃၆။ သ (သော) ဇိနော-ထိုမြတ်စွာဘုရားသည်၊ ကောကိ-အဖော် မပါ, တပါးထည်းသာ ဖြစ်ပါလျက်၊ အနေကသေနံ-များသောစစ်သည် ရှိသော၊ တံ မာရံ - ထို မာရ်နတ်ကို၊ ဝိဇယီ-အောင်တော်မူပြီ၊ တံ-ထိုသို့ အောင်ခြင်းသည်၊ ကထံ - အဘယ်မှာ အသင့်ယုတ္တိ ရှိပါအံ့နည်း၊ အထဝါ- အသင့်ယုတ္တိ ရှိနိုင်သည်သာ၊ တဿ- ထိုမြတ်စွာဘုရား၏၊ ပါရမိဗလံ - ပါရမီများစွာ, စစ်ဗိုလ်ပါသည်၊ ဤဒိသံ-ဤကဲ့သို့ စစ်တပ်, လွန်များလတ်သည့်, မာရ်နတ်ကိုပင်, အောင်မြင်နိုင်သော သဘောသတ္တိရှိ၏။ [အယံ-ဤအကျွေပသည်၊ အတီတကျွေပေါ-အတီတကျွေပတည်း။]

× × × × × × ×

၂၃၆။ ကောကိ၊ပေ၊ ကထံ့ တံ။ ။ "ဘုရားရှင်သည် ဘုရားဖြစ်ခါနီးဝယ် ဗောဓိပင်အောက်၌ ကိုယ်တော်တပါးထည်း ဖြစ်ပါလျက် များစွာ စစ်တပ်ရှိသော မာရ်နတ်ကို အောင်နိုင်တော် မူခြင်းသည် အဘယ်မှာ သင့်လျော်နိုင်ပါအံ့နည်း" ဟု တစုံတယောက်သောသူက မယုံသင်္ကာဖြစ်အံ့၊ [ ဤတိုင်အောင်သော စကားဖြင့် မယုံသင်္ကာဖြစ်စရာရှိပုံကိုသာ ပြသေး၏၊မပယ်မြစ်သေး။]အထဝါ(ယုဇ္ဇတေဝ)-ဘာ့ကြောင့် အသင့်ယုတ္တိမရှိရမှာလဲ, အသင့်ယုတ္တိရှိသည်သာ၊ ဘုရားရှင်၏ မရေတွက်နိုင်အောင် မြားမြောင်လှစွာသော ပါရမီ စစ်သည်တော်များသည် ဤကဲ့သို့သော မာရ်စစ်တပ်ကို အောင်စွမ်းနိုင်သော သဘောသတ္တိရှိ၏၊ ထို့ကြောင့် အသင့်ယုတ္တိရှိသည်- ဟူလို။

· မှတ်ချက်။ ။ "အထဝါ" ဟူသောစကားသည် ထိုသူ၏ မယုံသင်္ကာကို ပယ်ရှားသော အကျွေပစကားတည်း၊ ထိုမယုံခြင်းလည်း "ဘုရားရှင်၏ မာရ်နတ်ကို အောင်ပြီးခြင်း" ဟူသော အတိတ်အကြောင်းအရာကို မယုံခြင်း ဖြစ်ရကား ထို မယုံခြင်းကို ပယ်သော အကျွေပလည်း အတီတကျွေပ မည်၏၊ ထိုသို့ ပယ်မြစ်ခြင်း မှာလည်း ပါရမီ စစ်သည်တော်များ၏ ထူးခြားသောသတ္တိကို ပြလိုသောကြောင့် ပယ်မြစ်ရခြင်း ဖြစ်သည်။

www.dhammaransi.com



## ဝတ္တမာနက္ခေပ ပုံစံ

၂၃၇။ ကိံ စိတ္တေ·ဇာသမုဋ္ဌိတာ, မပတ္တော·သ္မိတိ ခိဇ္ဇသေ၊
ပဏ္ဍာမော နနု သောယေဝ, သက်ိမ္ဘိ သုဂတော ကတော။

၂၃၇။ စိတ္တ- အိုစိတ်၊ ဇောသမုဋ္ဌိတံ- တဏှာကို အကြွင်းမဲ့ သတ်ခြင်းသို့၊အပတ္တော-မရောက်ရသေးသည်၊ အသ္မိ-ဖြစ်၏၊ ဣတိ- ဤသို့တွေး၍၊(တွံ-သင်သည်၊)ကိံ ခိဇ္ဇသေ-အဘယ့်ကြောင့် ပင်ပန်း နေဘိသနည်း၊ သုဂတေ- မြတ်စွာဘုရား၌၊ သက်ိမ္ဘိ-တကြိမ်မျှလည်း၊ ကတော-ပြုအပ်သော၊ ပဏ္ဍာမော - ရှိခိုးခြင်းသည်၊ သောယေဝ နနု - ထို တဏှာကို သတ်ခြင်းပင် မဟုတ်ပါလော။.... [ အယံ - ဤ အက္ခေပသည်၊ ဝတ္တမာနက္ခေပေါ-ဝတ္တမာနက္ခေပတည်း။]

× × × × × × ×

၂၃၇။ ကိံစိတ္တေဇာတျာဒိ။ ။အိုစိတ်....(၁)“ငါသည် ယခု တောင်မှ တဏှာကို အကြွင်းမဲ့ မပယ်သေးနိုင်ပါတကား”ဟု တွေး၍ ပင်ပန်းမနေပါနှင့်၊(၂)ဘုရားရှင်ကို တကြိမ်လောက်မျှရှိခိုးရခြင်းသည် ထိုတဏှာကို ပယ်ခြင်းပင် မဟုတ်ပါလော၊ ဤဂါထာ၌ ဘုရားရှိခိုးရ ခြင်း၏ အကျိုးထူးသည်“ ဝိသေသ ” တည်း၊ ထိုဝိသေသကို ဆိုလိုရာ၌ “ဘာ့ကြောင့် ပင်ပန်းနေရသနည်း၊ ပင်ပန်းနေဘွယ် မလိုပါ ” ဟု စိတ်၏ ပစ္စုပ္ပန်ပင်ပန်းမှုကို တားမြစ်ခြင်းသည် ဝတ္တမာနက္ခေပတည်း။

ပဏ္ဍာမော နနုသောယေဝ။ ။ရှိခိုးရုံသက်သက်ဖြင့် တဏှာကို မပယ်နိုင်သေး၊ ရှိခိုးခြင်းကို အကြောင်းပြု၍ တရားနာပြီးလျှင် တရား တော်အတိုင်း ကျင့်လျက် မဂ်ကိုရမှ တဏှာကို ပယ်နိုင်၏၊ ထို့ကြောင့် “ ပဏ္ဍာမော + သောယေဝ ” ဟူသော စကားသည် ရှိခိုးခြင်း အကြောင်းနှင့် မဂ်ရ၍ တဏှာပယ်ခြင်းအကျိုး ၂ မျိုးကို မကွဲမပြား တသားထည်း ဆိုသော အဘေဒေါပစာ စကားတည်း - ဟု မှတ်။ [သုဂတေ ဗုဒ္ဓဝိသယေ(ဘုရားအာရုံ၌)သကိံပိ ကတော ပဏ္ဍာမော၊ သောယေဝနနု-တဏှာသမုစ္ဆေဒသော ကေန္တကာရဏဏ္ဍာ ကာရဏ ကာရိယာနံ ( အကြောင်းအကျိုးတို့၏ ) အဘေဒဗုဒ္ဓိယာ(မကွဲမပြား တသားထည်း အသိဉာဏ်ဖြစ်ခြင်းအားဖြင့်)သော ဇောသမုဋ္ဌိတော ယေဝ (ထိုတဏှာကိုပယ်ခြင်းသည်သာ)ကိံ နဘဝတိ၊ ဘဝတျေဝ။]

www.dhammaransi.com



**အနာဂတရွေပပုံစံ**

၂၃၈။ သစ္စံ န တေ ဂမိဿန္တိ, သိဝံ သုဇနဂေါစရံ၊
မိစ္ဆာဒိဋ္ဌိ ပရိကန္တ-မာနသာ ယေ သုဒုဇ္ဇနာ။

၂၃၈။ မိစ္ဆာဒိဋ္ဌိပရိကန္တမာနသာ-မိစ္ဆာအယူသည် သက်ရောက်အပ်သောစိတ်ရှိကုန်သော၊ ယေ သုဒုဇ္ဇနာ-အကြင် အလွန်ယုတ်မာသူတို့သည်၊ သန္တိ-ရှိကုန်၏၊ တေ(သုဒုဇ္ဇနာ)-ထို အလွန်ယုတ်မာသူတို့သည်၊ သုဇနဂေါစရံ-သူတော်ကောင်းတို့၏ ကျက်စားရာအာရုံဖြစ်သော၊ သိဝံ-နိဗ္ဗာန်သို့၊သစ္စံ-စင်စစ်ကေန်,အမှန်အားဖြင့်၊နဂမိဿန္တိ- မရောက်နိုင်ကုန် လတ္တံ့။[အယံ- ဤအရွေပသည်၊ အနာဂတရွေပေါ-အနာဂတရွေပတည်း။]

× × × × × × ×

၂၃၈။ သစ္စံတျာဒိ ။ ။ မိစ္ဆာအယူ လွှမ်းမိုးအပ်သူတို့သည် သူတော်ကောင်းတို့၏အာရုံဖြစ်သော နိဗ္ဗာန်သို့ ကေန်မရောက်နိုင်ကြကုန်လတ္တံ့၊ ဤဂါထာ၌ မိစ္ဆာအယူ၏ ( နိဗ္ဗာန် မရလောက်အောင်) ဆိုးဆိုးဝါးဝါးထူးခြားသောအပြစ်သည် ဝိသေသတည်း၊ ထိုဝိသေသကို ပြဆိုလိုရာ၌"တေ နဂမိဿန္တိ"ဟု အနာဂတ်ရောက်မှုကို တားမြစ်သောကြောင့် အနာဂတရွေပ မည်၏။

ဋီကာ။ ။မိစ္ဆာဒိဋ္ဌိတိအာဒိ ဝိသေသဿ ကထနာဓိပ္ပါယေန "တေ နဂမိဿန္တိ " တိ တိတ္ထိယာနံ ဘာဝိနော ( ဖြစ်လတ္တံ့သော ) နိဗ္ဗာနဂမနဿ ဗုဒ္ဓိယာ( စိတ်ကူးဉာဏ်ဖြင့်)ပဋိသိဒ္ဓတ္တာ အယံ အနာဂတရွေပေါနာမ၊.... မိစ္ဆာဒိဋ္ဌိယာ+ပရိကန္တံ (လွှမ်းမိုး၍ရေခံအပ်) မိစ္ဆာဒိဋ္ဌိပရိကန္တံ၊ မိစ္ဆာဒိဋ္ဌိပရိကန္တံ + မာနသံ ယေသံတိ မိစ္ဆာဒိဋ္ဌိပရိကန္တမာနသာ။

အခြားအရွေပများ ။ ။ ဤအလင်္ကာကျမ်း၌ အရွေပ ၃ မျိုးကိုသာ ပြသော်လည်း ကာဗျာဒသ၌ ဓမ္မရွေပ , ကာရဏရွေပ စသော အခြားအရွေပ ၂၁ မျိုးကိုလည်း ပြသေး၏၊ ထိုတွင် ဋီကာတို့၌ ပြအပ်သော အနာဒရရွေပ ပုံစံကား၊—

ဇီဝိတာသာ ဗလဝတီ, ဓနာသာ ဒုဗ္ဗလာ မမ၊
ဂစ္ဆဝါ တိဋ္ဌဝါ ကန္တ, သွာဝတ္ထာတု နိဝေဒိတာ။

www.dhammaransi.com



## အတ္ထန္တရန္ယာသ၏ လက္ခဏာနှင့် အပြား

၂၃၉။ ဒွေ ယျော အတ္ထန္တရန္ယာသော,
ယော-ညဝါကျတ္ထသာဓနော၊
သဗ္ဗဗျာပီ ဝိသေသဋ္ဌော,
ဟိဝိသိဋ္ဌ-ဿ ဘေဒတော။

၂၃၉၊ ယော အညဝါကျတ္ထသာဓနော- အကြင် တပါးသော ဝါကျအနက်ကို ပြီးစေတတ်သော စကားရပ်သည်၊ အတ္ထိ - ရှိ၏၊ သော-ထိုစကားရပ်ကို၊ အတ္ထန္တရန္ယာသော- အတ္ထန္တရန္ယာသဟူ၍၊

× × × × × × ×

ကန္တ- အိုချစ်လင်၊ မမ- ကျွန်မ၏၊ ဇီဝိတာသာ- အသက်၌ အလို အာသာသည်၊ ဗလဝတီ - အားကြီးပါ၏၊ ဓနာသာ - ဥစ္စာ၌ အလို အာသာသည်၊ ဒုဗ္ဗလာ-အားမရှိပါ၊ တွံ-အရှင်သည်၊ ဂစ္ဆဝါ-အရပ် တပါးသို့ သွားလိုမူလည်း သွားပါ၊ တိဋ္ဌဝါ-မသွားဘဲ နေလိုမူလည်း နေပါ၊ သွာဝတ္ထာတု-မိမိသဘောကိုကား၊ နိဝေဒိတာ-ပြောပြအပ်ပါ ပြီ။ [အရပ်တပါးသို့ ဥစ္စာရှာသွားမည်ဟု ပြောလာသောခင်ပွန်းအား ဇနီးသည်က ပြန်ပြောအပ်သော ဂါထာဖြစ်သည်။]

ဆိုလိုရင်း။ ။ "ရှင်သွားလျှင်တော့ (ချစ်သူနှင့်ကွဲသဖြင့်) သူဟာ သေရလိမ့်မည်၊ ဥစ္စာကို မမက်ပါ, မိမိအသက်ကိုသာ မက်ပါသည်၊ ရှင်သွားချင်လဲသွားပေါ့၊ မသွားချင်လဲနေပေါ့၊ မိမိသဘောကိုတော့ ပြောအပ်ပြီ" ဟူလို၊ ဤဂါထာဖြင့် "သွားချင်သွား၊ မသွားချင်နေ" ဟု မရှိမသေတားမြစ်သောကြောင့် အနာဒရက္ခေပမည်၏၊ ဤသို့တားမြစ် သဖြင့် "မိမိက ခင်ပွန်းနှင့် မခွဲနိုင်" ဟူသော ထူးခြားချက် ဝိသေသကို လည်း ပြဆိုရာရောက်သည်။ [ ဋီကာစာအုပ်များ၌ " မမာဝတ္ထာ " ဟု ပါ၍ပျက်၏၊ ကျမ်းရင်း၌ " သွာဝတ္ထာတု " ဟု ရှိ၏၊ ထို့ကြောင့် "သွံ-မိမိ" ဟူသည်ကို "မမ" ဟု ပါ၍ပြန်၍ "မမာဝတ္ထာ နိဝေဒိတာ" ဟု ဋီကာပါ၌ ရှိသင့်၏။]

၂၃၉။ ဒွေ ယျော၊ပေ၊သာဓနော၊ ။ ဤအလင်္ကာ၌ ဝါကျ ၂ ခု ရှိရ၏၊ ထိုတွင် မူလဝါကျ အနက်ကို ပြီးစေတတ်သော ( ခိုင်မြဲ အောင် ပြုတတ်သော ) နောက်ဝါကျကို " အတ္ထန္တရန္ယာသ " ဟု

www.dhammaransi.com



ဧ ယော-သိအပ်၏၊ အဿ- ထို အတ္ထန္တရနျာသ၏၊ ဘေဒတော-အပြားအားဖြင့်၊သဗ္ဗဗျာပီ-သဗ္ဗဗျာပီ အတ္ထန္တရနျာသရင်း၊ ဝိသေသဋ္ဌော-ဝိသေသဋ္ဌ အတ္ထန္တရနျာသရင်း၊ ဟိဝိသိဋ္ဌော-ဟိနိပါတ်ပုဒ်ဖြင့် အထူးပြုအပ်ကုန်သော သဗ္ဗဗျာပီအတ္ထန္တရနျာသ, ဝိသေသဋ္ဌ အတ္ထန္တရနျာသတို့ရင်း၊(ဣတိ-ဤသို့၊ စတ္တာရော-၄ ပါးတို့တည်း)။

× × × × × × ×

ခေါ်၏၊ အတ္ထန္တရနှင့် အညဝါကျတ္ထသည် သဘောတူ၏၊ နျာသနှင့် သာမနလည်း(အနက်မတူစေကာမူ)အမိပ္ပါယ်တူပင်တည်း၊....အတ္ထန္တရော-မိမိဝါကျ၏အနက်မှ တပါးသော+အတ္ထော-အနက်တည်း၊ အတ္ထန္တရော- နက်၊ အတ္ထန္တရဿ- ကို + နျာသော - ( ပြီးစေသောအားဖြင့် ခိုင်မြဲစေသောအားဖြင့်)ထားခြင်းတည်း၊ ဝါ-ထားကြောင်းစကားတည်း၊ အတ္ထန္တရနျာသော-ခြင်း၊ ဝါ-စကား။[ နိ+အာသမှ ဖြစ်သော “ နျာသ ” သဒ္ဒါသည် ထပန အနက်ဟောတည်း။ ] အညဝါကျတ္ထံ-ကို+သာမေတိ- ပြီးစေတတ်၏၊ ဣတိ အညဝါကျတ္ထသာမနော၊ “ပြီးစေ” ဟူသည်ကား ရှေ့ဝါကျ၏ အနက်ကို မပျက်အောင် ခိုင်မြဲစေခြင်း , ထောက်ကူခြင်းတည်း။ [ နောက်၌ ဒဠှီကရဏဝါကျအဖြစ်ဖြင့် ပုံစံပြလိမ့်မည်။]

**သဗ္ဗဗျာပီ၊ပေ၊ဘေဒတော။** ။ဤ အတ္ထန္တရနျာသသည် သဗ္ဗဗျာပီအတ္ထန္တရနျာသ , ဝိသေသဋ္ဌ အတ္ထန္တရနျာသ ဟု ၂ မျိုးပြား၏၊ တမျိုးလျှင် ဟိနိပါတ်ဖြင့် အထူးမှတ်၍ (ဟိမှ ကင်းသော) ဟိရဟိတ အတ္ထန္တရနျာသ,(ဟိနှင့်တကွဖြစ်သော)ဟိသဟိတ အတ္ထန္တရနျာသ-ဟု ၂ မျိုးစီ ပြားရကား အတ္ထန္တရနျာသ အမျိုးပေါင်း ၄ မျိုး ရှိ၏။ [ဗျာပနံ ဗျာပေါ-ပြန့်နှံ့ခြင်း၊ ဗျာပေါ ယဿ အတ္ထီတိ ဗျာပီ၊ သဗ္ဗံ+ဗျာပီ သဗ္ဗဗျာပီ-လောကဝယ် ရှိရှိသမျှ အားလုံးကို ပြန့်နှံ့ခြင်းရှိသော အတ္ထန္တရနျာသ၊ ဝိသေသေ - ထူးသော တချို့၌ + တိဋ္ဌတီတိ ဝိသေသဋ္ဌော။ ] “ ဝဿကတော သုဘိက္ခော ဒုဗ္ဘိက္ခော ” ဟူရာ၌ မိုယ်းကောင်းခြင်း, မိုယ်းခေါင်ခြင်း ၂ မျိုး ကွဲပြားမှုကို မိုယ်းတခုထည်းက ပြုအပ်သကဲ့သို့, ဟိရဟိတ - ဟိ သဟိတ ၂ မျိုးကွဲပြားမှုကိုလည်း ဟိနိပါတ် တမျိုးထည်းက ပြုနိုင်သည် ဟု မှတ်။

www.dhammaransi.com



သဗ္ဗဗျာပီ—ဟိရဟိတပုံစံ

၂၄၀။ တေပိ လောကဟိတာသတ္တာ, သူရိယော စန္ဒိမာအပိ၊
အတ္တံ ပဿ ဂမိဿန္တိ, နိယမော ကေန လင်္ဃျတေ။

၂၄၀။ လောကဟိတာသတ္တာ-သတ္တလောက၏စီးပွားနှ ငြိကပ်ကြကုန်သော၊ သူရိယောပိ- နေမင်းသည်ရင်း၊ စန္ဒိမာအပိ- လမင်းသည်ရင်း၊ တေပိ-ထိုတန်ခိုးကြီးမား, နေလ ၂ပါးတို့သော်မှလည်း၊ အတ္တံ-ကွယ်ပျောက် ပျက်စီးခြင်းသို့၊ ဂမိဿန္တိ - ရောက်ကြရကုန်လတ့်၊ ပဿ-ကြည့်စမ်းပါလော၊ နိယမော-သင်္ခါရတို့၏ မမြဲခြင်းဟူသော နိယမသဘောကို၊ ကေန-အဘယ်သူသည်၊ လင်္ဃျတေ-ကျော်လွှန်အပ်, ကျော်လွှန်နိုင်ပါအံ့နည်း။

× × × × × × ×

၂၄၀။ တေပိ၊ ပေ၊ ဂမိဿန္တိ ။ ။ သတ္တလောက၏ စီးပွားနှ ကပ်ငြိကြ, ဆောင်ရွက်ကြကုန်သော နေ-လ ၂ ပါးတို့သော်မှလည်း ကွယ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကြရကုန်လတ့်၊ ပဿ-နေ လ တို့ ပျက်စီးရမည့် အရေးကို တွေး၍ ကြည့်စမ်းပါလော၊ ဤ တိုင်အောင် စကားသည် အတ္တန္တရန္ယာသ မဟုတ်သေး၊ အတ္တန္တရန္ယာသပြဘို့ရန် အခြေခံ ဝါကျသာတည်း၊ [လောကဟိတေ+အာသတ္တာ- ကပ်ငြိကုန်သော နေလတို့တည်း၊ လောကဟိတာသတ္တာ-တို့၊ "ကပ်ငြိ"ဟူသည် အရောင်ပေးသောအားဖြင့် လောကစီးပွားကို ဆောင်ကြခြင်းတည်း။

**နိယမော ကေန လင်္ဃျတေ။** ။"ဖြစ်လျှင် ပျက်မြဲ,မလွဲတံထွာ, ဓမ္မတာ"အဖြစ်ဖြင့် အမြဲသတ်မှတ် ဆုံးဖြတ်အပ်ပြီးသော အနိစ္စတာသဘောကို ဘယ်သူ-ဘယ်အရာဝတ္ထုသည် ကျော်လွှန်နိုင်ပါအံ့နည်း၊ "မည်သူမျှ မည်သည့်အရာဝတ္ထုမျှ မကျော်လွှန်နိုင်ကြပါ" ဟူလို၊ ဤဝါကျကား "နေ လ ၂ ပါးတို့ ပျက်စီးကြလိမ့်မည်" ဟူသော ရှေ့ဝါကျ၏ အနက်ကို ခိုင်မြဲစေသော အတ္တန္တရန္ယာသ ဝါကျတည်း၊ သင်္ခါရ အားလုံး၌ ပြန့်နှံ့ သောကြောင့်ရင်း, ဟိနိပါတ် မပါသောကြောင့်ရင်း,"သဗ္ဗဗျာပီ ဟိရဟိတ အတ္တန္တရန္ယာသ"ဟု မှတ်။

ဒဏ္ဍီကရဏပင် ။ ။ အဋ္ဌကထာတို့၌ ဝါကျခွဲရိုးအားဖြင့် ခွဲလျှင် " နိယမော ကေန လင်္ဃျတေ " ဟူသော ဝါကျသည် ရှေ့ဝါကျ၏

www.dhammaransi.com



အနက်ကို ခိုင်မြဲအောင်ပြုသော ဒဋ္ဌီကရဏဝါကျတည်း၊ ထို့ကြောင့် ဋီကာသစ်၌''တထာဟိ-ထိုစကားမှန်၏''ဟု စချီပြီးလျှင်''နိယမော-သဗ္ဗေသံ ါရာ အနိစ္စာတိ သမ္ဗပဒတ္ထံ - သဗ္ဗပုဒ်၏ ဟောနက်ဖြစ်သော အလုံးစုံသော ါရတို့၏ မမြဲခြင်းကို၊ အနတိက္ကမ္မ(မကျော်လွန်မှု၍) ပဒတ္ထနိယမော(ဖြစ်သောမြဲခြင်းကို)ကေန လဃ္ဃတေ''ဟု ဖွင့်သည်။

ဘဂဝန္တော ပဇာနေတ္တာ, သူရိယော စန္ဒိမာပိ တေ၊
ပဃ ဂစ္ဆန္တိ ဝေတ္ထံ, နိယတိ ကေန လဃ္ဃတေ။

''ဘဂဝန္တော-ကြီးသော ဘုန်းရှိကုန်သော၊ ပဇာနေတ္တာ-သတ္တာတို့၏ မျက်လုံးသဘွယ် ဖြစ်ကုန်သော '' ဟု ပေး။ [ ဤ ကာဗျဒဿ ဂါထာ၌ '' ဂစ္ဆန္တိဝေ '' ဟု ဆိုသောကြောင့် နေဝင်ခြင်း, လကွယ်ခြင်းကို''အတ္ထံ ဂစ္ဆန္တိ''ဟု ဆိုလိုသည်၊ ဤ သုဗောဓာလင်္ကာရ၌ကား '' ဂမိဿန္တိ '' ဟု ဆိုသောကြောင့် ကမ္ဘာပျက်သောအခါ ပျက်စီးလတ္တံကို ရည်ရွယ်သည်-ဟု မှတ်။]

ပတိဝတ္ထုပမာမှ ထူးပုံ။ ။''ဇနေသု ဇာယမာနေသု'' စသော ပတိဝတ္ထုပမာ၌ တူပုံကို ထင်ရှားပြသောအားဖြင့် '' ဒုတိယော နနုနတ္ထေဝ ''စသော နောက်ဝါကျကိုဆို၏၊ ထို့ကြောင့် '' သာမျပ္ပတီတိ သဗ္ဘာဝေါ''ဟုဆိုခဲ့သည်၊ ဤ၌ကား ရှေ့ဝါကျ၏အနက်ကိုပြီးစေသော အားဖြင့် နောက်ဝါကျကိုထား၏၊ ထို့ကြောင့် ဤဂါထာ၌ ''အညဝါကျတ္ထသာဓနော '' ဟု ဆိုသည်၊ ဤသို့ တူပုံကို ဥပမာပြခြင်း, ရှေ့ဝါကျ၏အနက်ကို ပြီးစေခြင်းအားဖြင့် ပတိဝတ္ထုပမာနှင့် အတ္ထန္တရ ညာသတို့ ကွဲပြားကြပါသည်။

ဋီကာ။ ။ပတိဝတ္ထုပမာယစ အတ္ထန္တရညာသဿစ အတ္ထန္တရ ညာသတ္တေန တုလျတ္တေပိ(ရှေ့ဝါကျ၏အနက်တပါးကို ထောက်ခံထားတတ်သည်၏အဖြစ်ဖြင့် တူသော်လည်း)တတ္ထ(ထိုပတိဝတ္ထုပမာ၌) သမ္မပကာသတ္တံ သဘာဝေါ ( တူသောသဘောကို ထင်ရှားပြတတ်သည် အဖြစ်သည် ပင်ကိုယ်သဘောတည်း၊)တ္တေ ဝုတ္တတ္ထဿ သာဓနံ သဘာဝေါ ( ဤ၌ ဆိုအပ်ပြီးအနက်ကို ပြီးစေခြင်းသည် ပင်ကိုယ် သဘောတည်း၊) ဣတိ ဝေမေတော်သံ နာနတ္တံ သုဗျတ္တံ။

www.dhammaransi.com



**သဗ္ဗဗျာပီ–ဟိသဟိတ ပုံစံ**

၂၄၁။ သတ္ထာ ဒေဝမနုဿာနံ, ဝသီ သောပိ မုနိဿရော၊
ဂတော ဝ နိဗ္ဗုတိံ သဗ္ဗေ, သင်္ခါရာ န ဟိ သဿတာ။

၂၄၁။ ဒေဝမနုဿာနံ-နတ်လူတို့၏၊ သတ္ထာ- ဆရာဖြစ်တော်မူသော၊ ဝသီ- ဝသီဘော်ငါးပါး, စွမ်းအားသတ္တိ ရှိတော်မူသော၊ သောပိ မုနိဿရော - ထို မုနိထွဋ်ထား, မြတ်ဘုရားသော်မှလည်း၊ နိဗ္ဗုတိံ - ပရိနိဗ္ဗာန် စံရခြင်းသို့၊ ဂတော ဝ - ရောက်တော်မူရသေးသည်သာ၊ ဟိ-မှန်၏၊ သဗ္ဗေ– အလုံးစုံကုန်သော၊ သင်္ခါရာ- သင်္ခါရတို့သည်၊ န သဿတာ-မမြဲနိုင်ကြကုန်။

× × × × × × ×

၂၄၁။ သတ္ထာ၊ပေ၊ဂတောဝနိဗ္ဗုတိံ။ ။နတ်လူတို့၏ ဆရာလည်းဖြစ်,ဝသီဘော် ၅ ပါးဖြင့် စွမ်းအားသတ္တိလည်းရှိတော်မူသော မုနိထွဋ်ထား မြတ်ဘုရားသော်မှလည်း ပရိနိဗ္ဗာန်စံတော်မူရ သေး၏၊ သောပိ၌ သမ္ဘာဝနာဇောတက ပိသဒ္ဒါဖြင့်''အခြားသူတို့မှာ ဆိုဘွယ်ရာမရှိ,ကေန်ပျက်စီးကြရမည်''ဟူသော ဂရဟာအနက်ကို ဆည်းပါ၊ ဤ တိုင်အောင်သော စကားသည် အတ္ထန္တရနျာသ မဟုတ်သေး၊ အတ္ထန္တရနျာသ ပြဘို့ရန် မူလအခြေခံ ဝါကျသာတည်း။

**သဗ္ဗေသင်္ခါရာ န ဟိ သဿတာ။** ။''ဟိ-အခြားသူများကို မဆိုထားဘိ , တန်ခိုးကြီးမား မြတ်ဘုရားသော်မှ ပရိနိဗ္ဗာန်စံရသေး၏'' ဟူသောစကားသည် မှန်၏၊ ကံစသောအကြောင်းကြောင့် ဖြစ်ရသော သင်္ခါရအားလုံးတို့သည် အမြဲမတည်နိုင်ကြချေ၊ ဤ '' သဗ္ဗေသင်္ခါရာ နဟိ သဿတာ'' ဟူသော ဝါကျသည် ရှေ့ဝါကျ၏အနက်ကို ပြီးစေသော ထောက်ခံကုမသော အတ္ထန္တရနျာသ ဝါကျတည်း၊ ထိုသို့ ပြီးစေရာ၌ ထို မမြဲခြင်းသဘော၏ သင်္ခါရဟူသမျှ၌ ပြန့်နှံ့သောကြောင့်ငင်း, ဟိနိပါတ်နှင့် တကွဖြစ်သောကြောင့်ငင်း သဗ္ဗဗျာပီ ဟိသဟိတ အတ္ထန္တရနျာသ-ဟု မှတ်။ [သဒါ+သတော သဿတော = အခါခပ်သိမ်း ထင်ရှားရှိသော(မပျက်နိုင်သော, မြဲသော)အရာ။]

**အမှာ။** ။ဓမ္မပဒပါဠိတော်လာ''အတ္တာဟိ အတ္တနော နာထော, ကော ဟိ နာထော ပရော သိယာ၊ အတ္တနာ ဟိ သုဒန္တေန , နာထံ

www.dhammaransi.com



ဝိသေသနှ-ဟိရဟိတ ပုံစံ

၂၄၂။ ဇိနော သံသာရကန္တာရာ, ဇနံ ပါပေတိ နိဗ္ဗုတိံ၊
နနု ယုတ္တာ ဂတိ သာ'ယံ, ဝေသာရဇ္ဇသမင်္ဂိနံ။

၂၄၂။ ဇိနော-မြတ်စွာဘုရားသည်၊ သံသာရကန္တာရာ-သံသရာခရီးခဲမှ၊ ဇနံ-သတ္တာအပေါင်းကို၊ နိဗ္ဗုတိံ - နိဗ္ဗာန်သို့၊ ပါပေတိ-ရောက်စေတော်မူ၏၊ ဝေသာရဇ္ဇသမင်္ဂိနံ-၄ ပါးသော ဝေသာရဇ္ဇဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့၏၊ သာ'ယံ ဂတိ- ထိုသို့ဖြစ်ခြင်းသည်၊ ယုတ္တာနနု-သင့်မြတ်သည် မဟုတ်ပါလော။

× × × × × × ×

လဘတိ ဒုလ္လဘံ ''ကို သဗ္ဗဗျာပီ ဟိသဟိတပုံစံ ဟု ရှေးနိဿယတို့၌ဆိုထားသော်လည်း ''အတ္တနာ ဟိ သုဒန္တေန'' စသော စကားသည် သတ္တာအားလုံး၌ မနှံ့၊ သုဒန္တပုဂ္ဂိုလ်တချို့၌သာ ပြန့်နှံ့သောကြောင့် ဝိသေသဋ္ဌ ဟိသဟိတ အတ္ထန္တရန္ယာသသာ ဖြစ်သင့်သည်။

---

၂၄၂။ ဇိနော၊ ပေ၊ နိဗ္ဗုတိံ ။ ။ ဘုရားရှင်သည် သံသရာမှ နိဗ္ဗာန်သို့ သတ္တာအများကို ကယ်တင်တော်မူ၏၊ ဤကား အခြေခံဝါကျသာတည်း၊ နနု ယုတ္တာ ဂတိ သာယံ , ဝေသာရဇ္ဇသမင်္ဂိနံ-ထိုသို့ ကယ်တင်ခြင်းသည် ဝေသာရဇ္ဇဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့အတွက် သင့်လျော်သော သဘောပင် မဟုတ်ပါလော၊ ဤဝါကျကား ရှေ့စကားကို ပြီးစေသော ထောက်ခံကူမသော အတ္ထန္တရန္ယာသဝါကျတည်း၊ ဤ ကယ်တင်ခြင်း သဘောသည် ဝေသာရဇ္ဇဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတချို့၌သာ တည်သောကြောင့်ရင်း, ဟိမပါသောကြောင့်ရင်း ဝိသေသဋ္ဌ ဟိရဟိတ အတ္ထန္တရန္ယာသတည်း။

ဒကေ အဂ္ဂိ နသဏ္ဌာတိ, သေလေ ဗီဇံ နရူဟတိ၊
အဂဒေ ကိမိ နသဏ္ဌာတိ, ဗုဒ္ဓေ ကောပေါ နဇာယတိ။

အပဒါန်ပါဠိတော်လာ ဤဂါထာ၌လည်း ရှေ့ ၃ ပါဒသည် နောက်ဆုံးပါဒကို ပြီးစေသော အတ္ထန္တရန္ယာသတည်း။

www.dhammaransi.com



ဝိသေသဋ္ဌ—ဟိသဟိတ ပုံစံ

၂၄၃။ သုရတ္တံ တေ·ဓရပုဋံ, ဇိန ရဥ္ဇေတိ မာနသံ၊
သယံ ရာဂပရိတာ ဟိ, ပရေ ရဥ္ဇေန္တိ သင်္ဂတော။

၂၄၃။ ဇိန- အိုမြတ်စွာဘုရား၊ တေ- ရှင်တော်မြတ်ဘုရား၏၊ သုရတ္တံ- အလွန်နီမြန်းသော၊ အဓရပုဋံ- နှုတ်ခမ်းတော် အစုံသည်၊ မာနသံ- ဖူးမျှော်ကြသူ , အများလူ၏ စိတ်ကို၊ ရဥ္ဇေတိ - တပ်စွဲစေတော်မူ၏၊ ဟိ- သင့်မြတ်၏၊ သယံ- မိမိဘိုကိုယ်တိုင်၊ ရာဂပရိတာ- နီမြန်းသော အဆင်းသည် ရောက်အပ်သော အရာဝတ္ထုတို့သည်၊ သင်္ဂတ-မိမိနှင့်ပေါင်းဆုံကုန်သော၊ ပရေ-တပါးသောအရာဝတ္ထုတို့ကို၊ ရဥ္ဇေန္တိ- တပ်စွဲစေနိုင်ကုန်၏။

× × × × × × ×

၂၄၃။ သုရတ္တံ၊ ပေ၊ မာနသံ။ ။အိုမြတ်စွာဘုရား····ရှင်တော်ဘုရား၏ အလွန်နီမြန်းသော နှုတ်ခမ်းတော်အစုံသည် ဖူးမျှော်သူတို့၏ စိတ်နှလုံးကို နှစ်သက်စေနိုင်ပါ၏၊ ဤကား အခြေခံဝါကျတည်း၊ သယံ ရာဂပရိတာ ဟိ ၊ ပေ ၊ သင်္ဂတေ- သုရတ္တဖြစ်သော နှုတ်ခမ်းတော်က သူတပါးစိတ်ကို ရဥ္ဇနဖြစ်စေသည် ဟူသောစကားသည် ယုတ္တိသင့်တန် မှန်ကန်ပါ၏၊ လောကထုံးစံမှာ- မိမိ၌ အနီရောင် (သို့မဟုတ်- ရာဂ) ပါနေသော အရာတို့သည် မိမိနှင့်စပ်မိသော အခြားအရာတို့ကိုလည်း အနီရောင် (သို့မဟုတ်-ရာဂ)စွဲ၍ နီရဲစေရိုး ဖြစ်ကြပါသည်။ [ ပန်းဆိုးဆိုးထားသောအဝတ်သည် မိမိနှင့်စပ်မိသမျှကို နီစေသကဲ့သို့တည်း။] ဤ "သယံ ရာဂ ပရိတာ ဟိ"စသော ဝါကျသည် အနီဆိုးအပ်သော အချို့အရာ၌သာ တည်သောကြောင့်၎င်း, ဟိသဒ္ဒါ ပါသောကြောင့် ၎င်း ဝိသေသဋ္ဌ ဟိသဟိတ အတ္ထန္တရန္ယာသတည်း။ [ အဓရပုဋံ- ဩဋ္ဌယုဂလံ။]

သယံ ရာဂပရိတာ။ ။ပရိ+ဣတာ-ရောက်အပ်ကုန်သော အရာတို့၊ ရာဂေန + ပရိတာ ရာဂပရိတာ။ [ သယံ ယေနကေနစိ ရာဂေန ရတ္တဝဏ္ဏေန(အနုရာဂေနဝါ) ပရိတာ ဂတာ၊ ( ဋီကာဟောင်း)။] ပရိတာကို"ဂတာ"ဟု ဖွင့်သောကြောင့် ပရိပုဗ္ဗ+ဣဓာတ်+တပစ္စည်း ဟု၎င်း, ပရိအနက်မရှိဟု၎င်း သိစေ၏၊ " ပရိတ္တာ " ဟု ရှိသည်ကား ပါဌ်ပျက်၊"ရာဂေန ရတ္တဝဏ္ဏေန"ဟုဖွင့်သော ပဌမနည်းအလို"ရာဂ

www.dhammaransi.com



### ဗျတိရေက လင်္ကာရနှင့်အပြား

၂၄၄။ ဝစ္စေ ဂမ္မေ·သ ဝတ္ထူနံ, သဒိသတ္တေ ပဘေဒနံ၊
ဗျတိရေကော·ယ မပျေကော- ဘယဘေဒါ စတုဗ္ဗိဓော။

၂၄၄။ ဝတ္ထူနံ-ဆိုလိုအပ်သောဝတ္ထုတို့၏၊ သဒိသတ္တေ-တူကုန်သည်၏ အဖြစ်ကို၊ ဝစ္စေ - ဝါစကသဒ္ဒါသည် တိုက်ရိုက် ဟောအပ်သော်ငှင်း၊ အထ - သို့မဟုတ်၊ ဂမ္မေ - သာမတ္ထိယအားဖြင့် သိအပ်သော်ငှင်း၊ ယံ ပဘေဒနံ - အကြင် ခွဲခြားသမှု , အထူးပြုခြင်းသည်၊ ( အတ္ထိ - ရှိ၏၊ ) အယံ- ဤ ခွဲခြားသမှု အထူးပြုခြင်းသည်၊ ဗျတိရေကော-ဗျတိရေကမည်၏၊ အယံ-ဤဗျတိရေကသည်၊ ဧကောဘယဘေဒါ-ဧကဗျတိရေက, ဥဘယဗျတိရေကတို့၏ အပြားဖြင့်၊ စတုဗ္ဗိဓော-၄ ပါးအပြားရှိ၏။

× × × × × × ×

ပရိတာ - နီမြန်းသောအဆင်းသည် ရောက်အပ်ကုန်သော အရာဝတ္ထုတို့သည်၊ ရဉ္ဇေန္တိ-နီနီရဲ၍ဆွဲစေကုန်၏”ဟု ပေးစေလို၏၊ “အနုရာဂေန” ဟု ဖွင့်သော ဒုတိယနည်းအလို“ တပ်မက်တတ်သော ရာဂသက်ရောက်အပ်သူတို့သည်၊ ပရေရဉ္ဇေန္တိ - သူတပါးတို့ကိုလည်း တပ်မက် စွဲလမ်းစေကုန်၏ ”ဟု ပေးပါ၊ ထို့ကြောင့် ရဉ္ဇေန္တိကိုလည်း“ရဉ္ဇေန္တိ-ရတ္တဝဏ္ဏော ( အနုရတ္တော၀ါ ) ကရောန္တိ”ဟု ၂ နည်း ဖွင့်ကြသည်။

နတ္ထိ အန္ဓော ကုတော အန္ဓော, န အန္ဓော ပဋိဒိဿတိ၊
တဒါ ဟိ ပကတံ ပါပံ, မမ တုယှဥ္စ မာရိသ။

လောဟကုမ္ဘီဇာတ်လာ ဤဂါထာ၌ ရှေ့ ၂ ပါဒကို နောက် ၂ ပါဒဖြင့် ပြီးစေပုံ, ထောက်ခံ ကူမပုံကိုသိပါ။

---

၂၄၄။ ဝစ္စေ၊ ပေ၊ စတုဗ္ဗိဓော။ ။အရာဝတ္ထု ၂ ခုတို့၏ တူသောသဘောကို သဒ္ဒါသည် တိုက်ရိုက်ဟောအပ်သည်လည်းရှိ၏၊တိုက်ရိုက်မဟောအပ်ဘဲ စိတ်ဖြင့် မှန်းဆ၍ သိအပ်သည်လည်း ရှိ၏၊ ထိုသို့ တိုက်ရိုက်ဟောအပ်သည်ဖြစ်စေ , မှန်းဆ၍သိအပ်သည်ဖြစ်စေ, ထိုတူသောဝတ္ထု ၂ ခုတို့ကို ( မတူနိုင်ခြင်း၏ အကြောင်းကိုပြ၍ ) ခွဲခြားခြင်း , ထူးအောင်ပြုခြင်းသည် ဗျတိရေကအလင်္ကာ မည်၏၊ ဤ ဗျတိ

www.dhammaransi.com



ရေကသည် ဝဇ္ဇေ-ဂမ္မေကိုထော်၍ ဝစ္စ ဗျတိရေက, ဂမ္မဗျတိရေကဟု ၂ မျိုးပြား၏၊ ထိုတွင် တမျိုးတမျိုး၌ ဧကဗျတိရေက , ဥဘယ ဗျတိရေက ဟု ၂ မျိုးစီ ပြားပြန်ရကား ဗျတိရေက၄ မျိုးရှိသည်။ [ ဝတ္ထု တခုကိုသာ (အကြောင်းပြ၍)ခွဲခြားလျှင် ဧကဗျတိရေက, ၂ ခုလုံးကို ခွဲခြားလျှင် ဥဘယ ဗျတိရေကတည်း၊ ပုံစံ၌ ထင်ရှားလတ့်။]

**ဝစနတ္ထ။** ။ဝုစ္စတေ - သဒ္ဒါသည် တိုက်ရိုက်ဟောအပ်၏၊ ဣတိ ဝစ္စံ။ [ဝစ+ဏျ။] ဂမျတေ - (တိုက်ရိုက်ဟောသောသဒ္ဒါ မပါသော ကြောင့် အနက်ကိုမှန်းဆ၍ ) တူမျှကြောင်းကို သိအပ်၏၊ ဣတိ ဂမ္မံ၊ [ ဂမု + ဏျ။ ] ပဘိဇ္ဇတိ အနေနာတိ ပဘေဒနံ - အပြားအားဖြင့် ကွဲပြားကြောင်းစကား၊ ( တနည်း ) ပဘိန္ဒတီတိ ပဘေဒနံ - အပြား အားဖြင့် ခွဲခြားတတ်သော စကား၊ ဤ ခွဲခြားခြင်းကိုပင် တခုနှင့်တခု ထူးခြားအောင်ပြုခြင်း, အထူးပြုခြင်းဟု ခေါ်သည်၊ ဗျတိရေစနံ(ပုထ က္ကရဏံ)-တသီးတခြားစီပြုခြင်း၊ ဗျတိရေကော - ခြင်း၊ ဝိ+အတိ, ရိစ ဓာတ်သည် မယှဉ်စပ်ခြင်းအနက်ကို ဟော၏၊ တခုနှင့်တခု မရောနှော မယှဉ်စပ်ခြင်းဟူသည် တသီးတခြားစီ ဖြစ်ခြင်း, ကွဲပြားခြင်းတည်း။

**မှတ်ချက်။** ။သဒိသတွေကိုကြည့်၍"ဝတ္ထုနံ-ဥပမာန ဥပမေယျ ဝတ္ထုတို့၏ " ဟု ပေးကြ၏၊ တူမျှတိုင်းလည်း ဥပမာန + ဥပမေယျ မဖြစ်နိုင်၊ မထင်ရှားသောအရာဝတ္ထုကို ထင်ရှားအောင် နှိုင်းယှဉ်ပြရာ ၌သာ ဥပမာန + ဥပမေယျ ဖြစ်နိုင်၏၊ ဤ အလင်္ကာ၌ကား ထိုသို့ နှိုင်းယှဉ်၍ပြလိုသော သဘောမရှိ၊ ထို့ကြောင့် " ဝတ္ထုနံ ဝတ္ထုမိန္တိ တာနံ ဧကသဋ္ဌိပဒတ္ထာနံ"ဟုဋီကာဖွင့်ပြသည့်အတိုင်း ဝဒန္တုပုဂ္ဂိုလ် သည် ဆိုလိုအပ်သော အနက် ( အရာဝတ္ထု )များကိုသာ ဝတ္ထု ဟု မှတ်ပါ၊ ပဌမ ပုံစံဂါထာ၌ ဇလဓိပုဒ်၏ အနက်ဖြစ်သော သမုဒ္ဒရာ, ဇိနပုဒ်၏ အနက်ဖြစ်သော ဘုရားရှင်သည် ဝတ္ထုတို့ပင်တည်း။

**ဝဇ္ဇေ။** ။ ဤ ဝဇ္ဇေ၏ ကတ္တားဖြစ်သော ဝါစက သဒ္ဒါကိုလည်း "ဥပမာဇောတက သဒ္ဒါ" ဟု ဆိုကြ၏၊ ဥပမာဇောတက ဟုတ်သည် ဖြစ်စေ , မဟုတ်သည့်ဖြစ်စေ တူသောသဘောကို တိုက်ရိုက်ဟောနိုင် သောသဒ္ဒါကို ဝါစကသဒ္ဒါ ဟု မှတ်၊ ဒုတိယပုံစံသည် ဝစ္စဗျတိရေက ပုံစံတည်း၊ ထိုပုံစံ၌ ဥပမာဇောတကသဒ္ဒါ မပါပုံကိုကြည့်ပါ။

www.dhammaransi.com



**ဝါစ္စကေဗျတိရေကပုံစံ**

၂၄၅။ ဂမ္ဘီရတ္တမဟတ္တာဒိ-ဂုဏာ ဇလဓိနာ ဇိန၊
တုလျော တွံ-မသိ ဘေဒေါ တု, သရီရေနေ-ဒိသေန တေ။

၂၄၅။ ဇိန-အိုမြတ်စွာဘုရား၊ တွံ - ရှင်တော်မြတ်ဘုရားသည်၊ ဂမ္ဘီရတ္တ မဟတ္တာဒိ ဂုဏာ-နက်နဲသည်၏အဖြစ်, ကြီးကျယ်သည်၏ အဖြစ် အစရှိသော ဂုဏ်တော် အားဖြင့်၊ ဇလဓိနာ - သမုဒ္ဒြာနှင့်၊ တုလျော - တူသည်၊ အသိ - ဖြစ်ပါပေ၏၊ တု - အထူးမှာမူကား၊ တေ - ရှင်တော်မြတ်ဘုရား၏၊ ဧဒိသေန - ဤကဲ့သို့ လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, တင့်တယ်သော သဘောရှိသော၊ သရီရေန - ကိုယ်တော်ကြောင့်၊ ဘေဒေါ- သမုဒ္ဒြာမှ ထူးခြားခြင်း သည်၊ ဟောတိ-ဖြစ်ပါ၏။

× × × × × × ×

၂၄၅။ ဂမ္ဘီရတ္တ၊ပေ၊တွံ မသိ။ ။အို မြတ်စွာဘုရား....ရှင်တော် ဘုရားသည် ဂမ္ဘီရတ္တဂုဏ် မဟတ္တဂုဏ်အစရှိသောဂုဏ်တော်အားဖြင့် သမုဒ္ဒြာနှင့် တူပါပေ၏၊ ဤတိုင်အောင်သော စကား၌ ဘုရားရှင်နှင့် သမုဒ္ဒြာ၏တူသည်၏အဖြစ်ကို တုလျောသဒ္ဒါဖြင့်(ဝစ္စ)တိုက်ရိုက်ပြ၏။

ဘေဒေါ၊ပေ၊တေ။ ။''သမုဒ္ဒြာ၌ ဤကဲ့သို့ သပ္ပါယ်သော ကိုယ် ခန္ဓာ မရှိရကား သပ္ပါယ်သော ကိုယ်ခန္ဓာတော်ကြောင့် သမုဒ္ဒြာမှ ထူးခြားပါသည်''ဟုလို၊ဤကား တူနေသည်ကို ခွဲခြားရှုပြသော ဗျတိ ရေကတည်း၊ ထိုသို့ခွဲခြားရာ၌ ဘုရားရှင် တည်းဟူသော ဝတ္ထုတဘက် ၌သာ သမုဒ္ဒြာနှင့် ကွဲပြားအောင် အကြောင်းပြသောကြောင့် ဧက ဗျတိရေကဖြစ်၏၊ ၂ ရပ်ပေါင်းလျှင် ဝစ္စကေဗျတိရေကပုံစံ ဖြစ်သည်-ဟုမှတ်။[''ဘေဒေါ+တေ-အရှင်ဘုရား၏+ထူးခြားခြင်း''ဟု''သမ္ဗန်+ သမ္ဗန္ဓိ ''စပ်ရမည်ဖြစ်သောကြောင့် '' ဘေဒေါ-ကွဲပြားသည်၊အသိ- ဖြစ်ပါပေ၏ ''ဟု တုမှယောဂကြိယာ ထည့်၍မပေးရ။]

ဂမ္ဘီရတ္တ ။ ။ဂမ္ဘီရဿ — မထောက်မိအောင်နက်သော သမုဒ္ဒြာ၏+ ဘာဝေါ — ဖြစ်ကြောင်းဖြစ်ရာ ( နက်ခြင်း ) ဂုဏ်တည်း၊ ဂမ္ဘီရတ္တံ — ဂုဏ်၊ [သမုဒ္ဒြာအတွက် ဝစနတ္ထ။] ဂမ္ဘီရဿ— အလိုဆန္ဒ ( အဇ္ဈာသယ ) အားဖြင့် နက်နဲသောဘုရားရှင်၏+ ဘာဝေါ—ဖြစ်ကြောင်းဖြစ်ရာ ( အဇ္ဈာသယ ) ဂုဏ် တည်း၊ ဂမ္ဘီရတ္တံ-ဂုဏ်။ [ဘုရားရှင်အတွက် ဝစနတ္ထ။ ] ဤနည်းအရ ဂမ္ဘီရတ္တ ဂုဏ်အားဖြင့် ဘုရားရှင်နှင့် သမုဒ္ဒြာတို့ တူကြသည်။

www.dhammaransi.com



**ဝါဠဥဘယဗျတိရေကပုံစံ**

၂၄၆။ မဟာသတ္တာ-တိဂမ္ဘီရာ, သာဂရော သုဂတောပိစ၊
သာဂရော-ဥ္စနသင်္ကာသော , ဇိနော စာမီကရစ္ဆုတိ။

၂၄၆။ သာဂရော-သမုဒ္ဒရာသည်၎င်း၊ သုဂတောပိစ- မြတ်စွာဘုရားသည်၎င်း၊ မဟာသတ္တာ- မဟာသတ္တ မည်ကြပါပေကုန်၏၊ အတိဂမ္ဘီရာ-အလွန် နက်နဲကြပါပေကုန်၏၊ သာဂရော - သမုဒ္ဒရာသည်၊ အဥ္စနသင်္ကာသော - မျက်စဉ်းညိုနှင့်တူသော အဆင်းရှိ၏၊ ဇိနော-မြတ်စွာဘုရားသည်၊ စာမီကရစ္ဆုတိ-ဂိဝါရွှေ၏ အဆင်းနှင့် တူသော အဆင်းရှိတော်မူ၏။

× × × × × × ×

မဟတ္တ။ ။မဟန္တသ - ပင်ကိုယ် သဘောအားဖြင့် ကြီးကျယ်သောသမုဒ္ဒရာ၏ + ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ ကြီးကျယ်ခြင်းဂုဏ် တည်း၊ မဟတ္တံ-ဂုဏ်၊ မဟန္တသ- သီလစသော ဂုဏ်တို့ဖြင့် မြင့်မြတ်သော ဘုရားရှင်၏+ဘာဝေါ, မဟတ္တံ- ကြီးကျယ်သော သီလစသော ဂုဏ်တော်။ ["မဟန္တတ္တံ" ဟု ဆိုလိုလျက် န္တ ကိုချေ။] ဤမဟတ္တဂုဏ် အားဖြင့်လည်း ဘုရားရှင်နှင့် သမုဒ္ဒရာတို့ တူကြသည်၊ မဟတ္တာဒိ၌ အာဒိဖြင့် ( ၂၆၅ ) ဂါထာ၌လာမည့် ဝိသုဒ္ဓါမတာသန္နာယနဂုဏ်, ပသတ္တရတနာလယဂုဏ်များကို ယူသင့်၏။

---

၂၄၆။ မဟာသတ္တာ၊ပေ၊ပိစ။ ။သမုဒ္ဒရာသည်၎င်း, ဘုရားရှင်သည်၎င်း ( သမုဒ္ဒရာနှင့် ဘုရားရှင် ၂ ပါးစုံတို့ပင် ) မဟာသတ္တလည်း မည်ကြ , အတိဂမ္ဘီရလည်း ဖြစ်ကြပေသည်၊— ဤ စကားရပ်ဖြင့် သမုဒ္ဒရာနှင့်ဘုရားရှင်တို့ မဟာသတ္တအမည်ရခြင်း,အတိဂမ္ဘီရဖြစ်ခြင်း အားဖြင့် တူမျှကြောင်းကို တိုက်ရိုက်ပင်ပြ၏၊ "ဥပမာဇောတက ဣဝ တုလျစသောပုဒ်များ မပါသော်လည်း မဟာသတ္တ-အတိဂမ္ဘီရသဒ္ဒါ တို့က တူကြောင်းကို တိုက်ရိုက်ဟောနိုင်ကြသည်" ဟုလို၊ ထို့ကြောင့် ဝစ္စ သဒ္ဒသတ္တပုံစံဟု မှတ်။

သာဂရော၊ပေ၊စ္ဆုတိ။ ။ဤ ၂ ပါဒဖြင့် တူနေသော သမုဒ္ဒရာနှင့် ဘုရားရှင်တို့ကို ထူးခြားအောင် ပြု၏၊ သမုဒ္ဒရာ၏ စိမ်းညိုသော ရေ ရောင်ဖြင့် မျက်စဉ်းညိုအဆင်းရှိခြင်းသည် ဘုရားမှ ကွဲပြား၏၊ ဘုရား

ရှင်၏ ဝါဝင်းသော အသားတော်ရောင်ဖြင့် ရွှေအဆင်းရှိခြင်းလည်း သမုဒြာမှ ထူးခြားသည်၊ ဤသို့ ၂ ဘက်လုံး၌ပင် အချင်းချင်း အပြန်အလှန် ကွဲပြားအောင် ပြုသောကြောင့် ဥဘယ ဗျတိရေကတည်း၊ ရွှေစကားရပ်နှင့် ပေါင်းစပ်၍ "ဝဏ္ဏဥဘယဗျတိရေက"ပုံစံ ဟု မှတ်။

မဟာသတ္တာ ။ ။မဟန္တာ + သတ္တာ ဧတ္ထာတိ မဟာသတ္တော၊ ဧတ္ထ- ဤသမုဒြာ၌၊ မဟန္တာ - ကြီးမားကုန်သော + သတ္တာ (ယူဇနာငါးရာ ရှည်လျားသော တိမိရပိင်္ဂလငါးကြီး စသော)သတ္တဝါတို့သည်၊ သန္တိ, ဣတိ, မဟာသတ္တော၊ ( သမုဒြာဘို့ ဝိဂ္ဂဟ )၊ မဟန္တံ + သတ္တံ ယဿာတိ မဟာသတ္တော၊ သတ္တံကို ဋီကာဟောင်း၌ "သမ္မပ္ပဓာနံ" ဟု ဖွင့်၏၊ "သန္တဿ-သူတော်ကောင်း၏+ဘာဝေါ သတ္တံ" ဟု ပြု၊ ဋီကာသစ်၌ "သမာနဘာဝေါ"ဟု ဖွင့်၏၊ သမာနကို သပြု၍"သမာနဿ + ဘာဝေါသတ္တံ" ဟု ပြု၊ သမာနဿ - လာဘ + အလာဘ စသော လောကဓံရှစ်ပါး၌ ( လာဘနှင့် အလာဘ စသည်ကို ) တန်းတူပြုနိုင်သော သဘော၏ + ဘာဝေါ, သတ္တံ၊ ယဿ - အကြင် ဘုရားရှင်၏၊ မဟန္တံ-မြတ်သော+သတ္တံ-သမ္မပ္ပဓာန်တရားသည်၊ ဝါ- လာဘ အလာဘစသည်တို့၌ အတူပြုနိုင်သည်၏ အဖြစ်သည်၊ အတ္ထိ, ဣတိ , မဟာသတ္တော၊ "မဟာသတ္တောစ - ကြီးမားသော သတ္တဝါရှိသော သမုဒြာလည်း၊ မဟာသတ္တောစ – မြတ်သော သမ္မပ္ပဓာန်ရှိသော ( လာဘ - အလာဘတို့၌ တန်းတူသဘောရှိသော ) ဘုရားလည်း၊ မဟာသတ္တာ-တို့"ဟု ကေသေသပြု။

အတိဂမ္ဘီရာ၊ပေ၊ဇ္ဇုတိ။ ။သမုဒြာသည် မထေဝံမှီအောင်နက်သောကြောင့် အတိဂမ္ဘီရဖြစ်၏၊ ဘုရားရှင်လည်း အဇ္ဈာသယ(အလိုဆန္ဒ)အားဖြင့် လူအများကဲ့သို့ အပေါ်ရံ မဟုတ်ဘဲ လေးနက်တော်မူလှသောကြောင့် အတိဂမ္ဘီရ ဖြစ်တော်မူ၏၊ "အတိဂမ္ဘီရောစ အတိဂမ္ဘီရောစ အတိဂမ္ဘီရာ" ဟု ကေသေသပြု၊ အဉ္ဇနေန - မျက်စဉ်းညိုနှင့် + သက်ာသော – တူသောအဆင်းသည်၊ ယဿ အတ္ထီတိ အဉ္ဇနသက်ာသော၊ စာမီကရဿ-ဂိဝါရွှေ၏+ ဇုတိ-အရောင်တည်း၊ စာမီကရဇ္ဇုတိ-ရောင်၊ စာမီကရဇ္ဇုတိဝိယ ဇုတိ ယဿာတိ စာမီကရဇုတိ၊ ဆန်းကြောင့် "ဇ္ဇု" ဟု ဖြစ်သည်။

www.dhammaransi.com



**ဂမ္ဘကေဗျတိရေကပုံစံ**

၂၄၇။ န သင်္ကာပပါပဟံ နေဝိ–ဋ္ဌိတဒံ မိဂလောစနံ၊
မုနိန္ဒ နယနဒွန္ဒံ , တဝ တဂ္ဂုဏာဘူသိတံ။

၂၄၇။ မုနိန္ဒ - အိုမြတ်စွာဘုရား၊ မိဂလောစနံ - သမင်ငယ်၏ မျက်လုံးသည်၊ န သင်္ကာပပါပဟံ - ကိလေသာဟူ , ပူပန်ခြင်းကို မပယ်ဖျောက်နိုင်ပါ၊ နေဝဣဋ္ဌိတဒံ - အလိုရှိအပ်သော အကျိုးကို လည်း မပေးနိုင်ပါ၊ တဝ - ရှင်တော်မြတ် ဘုရား၏၊ နယနဒွန္ဒံ- မျက်လုံးတော်အစုံကိုကား၊ တဂ္ဂုဏာဘူသိတံ-ထို ၂ မျိုးသော ဂုဏ် တို့ဖြင့် တန်ဆာဆင်အပ်ပါ၏။

× × × × × × ×

၂၄၇။ န သင်္ကာပပါပဟံ တျာဒိ ။ ။သမင်ငယ်၏ မျက်လုံး အစုံသည် ကိလေသာ အပူကိုလည်း မပယ်နိုင်၊ အလိုရှိအပ်သော အကျိုးကိုလည်း မပေးနိုင်၊ရှင်တော်ဘုရား၏ မျက်လုံးတော်အစုံကား ထို ၂ မျိုးလုံးသော ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်ပါ၏၊"ကိလေသာ အပူကိုလည်း ပယ်နိုင် , အလိုရှိအပ်သော လောကီလောကုတ္တရာ အကျိုးကိုလည်း ပေးနိုင်ပါသည်" ဟူလို။

မှတ်ချက်။ ။ ဤဂါထာ၌ တူကြောင်းကို လုံးဝ မပြ၊ သို့သော် "နသင်္ကာပပါပဟံ"စသည်ဖြင့် ခွဲခြားမှုကိုပြသောကြောင့် သမင်ငယ်၏ မျက်လုံးနှင့် ဘုရားရှင်၏ မျက်လုံးတော်မှာ မူလက တူမျှနေကြောင်းကို မှန်းဆ၍သိနိုင်၏၊ ထို့ကြောင့် ဂမ္ဘဗျတိရေကတည်း၊ ထိုသို့ ခွဲခြားရာ၌ လည်း သမင်ငယ်မျက်လုံး၏ ဘုရားရှင် မျက်လုံးတော်မှ ထူးခြားပုံကို မပြဘဲ, ဘုရားမျက်လုံးတော်၏ သမင်ငယ်မျက်လုံးမှ ထူးခြားပုံကိုသာ ပြသောကြောင့် "ဂမ္ဘကေဗျတိရေကပုံစံ"ဟု မှတ်။

ဝစနတ္ထ။ ။အပပုဗ္ဗ ဟနဓာတ်, ကွိပစ္စည်း( အပဟ)၊ နပုလ္လိင် သိကို အံပြု၍ " အပဟံ " ဟု ပြီး၏၊ သင်္ကာပံ - ကိလေသာအပူကို + အပဟနတိ - ဖျက်ဆီး ပယ်ရှားနိုင်၏၊ ဣတိ သင်္ကာပပါပဟံ၊ ဣဋ္ဌိတံ- အလိုရှိအပ်သော လောကီ လောကုတ္တရာအကျိုးကို+ဒဒါတီတိ ဣဋ္ဌိ တဒံ၊ တဂ္ဂုဏေဟိ + ဘူသိတံ တဂ္ဂုဏာဘူသိတံ။

www.dhammaransi.com



## ဂမ္ဘဥဘယဗျတိရေက ပုံစံ

၂၄၈။ မုနိန္ဒာနန·မမ္ဘောဇ, မေသံ နာနတ္တ·မီဒိသံ၊
သုဝုတ္တာ·မတသန္ဒာယိ, ဝဒနံ နေ·ဒိသမ္ဗုဇံ။

၂၄၈။ မုနိန္ဒာနနံ-မြတ်စွာဘုရား၏မျက်နှာတော်ငင်း၊ အမ္ဘောဇံ- ကြာပန်းငင်း၊ ဧသံ - ဤ ၂ မျိုးတို့၏၊ နာနတ္တံ- ထူးကုန်သည်၏ အဖြစ်ကို၊ ဤဒိသံ - ဤကဲ့သို့ရှအပ်၏၊ ဝဒနံ - မျက်နှာတော်သည်၊ သုဝုတ္တာမတသန္ဒာယိ-ကောင်းစွာဟောအပ်,အမြိုက်တရားမြတ်ကို ပေးတော်မူနိုင်၏၊ အမ္ဗုဇံ- ကြာပန်းသည်၊ ဤဒိသံ- ဤကဲ့သို့ရှုအပ် သော သဘောရှိသည်၊ နဟောတိ-မဖြစ်ပါ။

× × × × × × +

၂၄၈။ မုနိန္ဒာနနံ တျာဒိ ။ ။ဘုရားမျက်နှာတော်နှင့် ပဒုမ္မာကြာတို့၏ ထူးပုံကား၊—ဘုရားရှင်၏ မျက်နှာတော်သည် ကောင်းစွာဟောအပ်သော တရားအမြိုက်ကို ပေးတော်မူနိုင်၏၊ ပဒုမ္မာကြာပန်းကား ဤသို့ မပေးနိုင်ချေ။ [ သမ္မာ + ဒဒါတိ သီလေနာတိ သန္ဒာယိ၊ သုဝုတ္တာမတံ+ သန္ဒာယိ သုဝုတ္တာမတ သန္ဒာယိ၊ နပုလ္လိင်ရသာ။]

မှတ်ချက်။ ။ဤဂါထာ၌လည်း မျက်နှာတော်နှင့် ကြာပန်းတို့၏ တူကြောင်းကို တိုက်ရိုက်မပြ၊ ထူးပုံကိုပြသော စကားဖြင့်သာ မူလက တူမျှကြောင်းကို(ဂမ္ဘ)မှန်းဆ၍သိရသည်၊ ထိုသို့ ထူးပုံကိုပြရာ၌လည်း ဘုရားမျက်နှာတော်၏ သုဝုတ္တအမတသန္ဒာယန ဖြစ်ပုံ , ပဒုမ္မာကြာပန်း၏ သုဝုတ္တအမတသန္ဒာယန မဖြစ်ပုံ , ဤသို့ ၂ ပါးစုံကို ခွဲခြားပြသောကြောင့် "ဂမ္ဘဥဘယဗျတိရေက "ပုံစံ ဟု ဆိုလိုသည်၊ သို့သော် ဤပုံ၌ ၂ ဘက်လုံးခွဲခြားပုံမထင်ရှားလှ၊ ကာဗျဒဿပုံစံမှာ ၂ မျိုးလုံး၌ပင် ထူးပုံကိုပြသောကြောင့် ဥဘယဗျတိရေကဖြစ်ပုံ ထင်ရှားသည်။

တွမ္မုခံ ကမလဉ္စာတိ, ဒွိန္နံပိ အမူသံ ဘိဒေါ၊
ကမလံ ဇလသံရောဟိ , တွမ္မုခံ တွမုပဿယံ။

တွမ္မုခံ—သင်၏မျက်နှာငင်း၊ ကမလဉ္စ—ကြာပန်းငင်း၊ ဣတိ— သို့၊ ဒွိန္နံပိ— ၂ ပါးလည်းဖြစ်ကုန်သော၊ အမူသံ—ဤမျက်နှာ ကြာပန်းတို့၏၊ ဘိဒေါ-အထူးကား၊ ကမလံ— သည်၊ ဇလသံရောဟိ— ရေ၌ပေါက်လေ့ရှိ၏၊ တွမ္မုခံ—သည်၊ တွမုပဿယံ—သင့်ကိုယ်ဟူသော မှီရာရှိ၏၊ ဝါ—သင့်ကိုယ်၌ဖြစ်၏။

www.dhammaransi.com



### ဝိဘာဝနာ၏ လက္ခဏာနှင့် အပြား

၂၄၉။ ပသိဒ္ဓံ ကာရဏံ ယတ္ထ, နိဝတ္တေတွာ·ညကာရဏံ၊
သာဘာဝိကတ္တံ မထဝါ, ဝိဘာဗျံ သာ ဝိဘာဝနာ။

၂၄၉။ ယတ္ထ ( အလင်္ကာယံ ) - အကြင်အလင်္ကာ၌၊ ပသိဒ္ဓံ-လောက၌ ထင်ရှားသော၊ ကာရဏံ-အကြောင်းကို၊ နိဝတ္တေတွာ-တားမြစ်၍၊ အညကာရဏံ-တပါးသော အကြောင်းကို၊ ဝိဘာဗျံ-ထင်စွာပြအပ်၏၊ အထဝါ-ထို့ပြင် တနည်းကား၊ သာဘာဝိကတ္တံ-ပင်ကိုယ်သဘောကြောင့် ဖြစ်သည်၏အဖြစ်ကို၊ ဝိဘာဗျံ - ထင်စွာပြအပ်၏၊ သာ(အလင်္ကာတိ)-ထိုအလင်္ကာသည်၊ ဝိဘာဝနာ-ဝိဘာဝနာ အလင်္ကာမည်၏။

× × × × × × ×

၂၄၉။ ပသိဒ္ဓံတျာဒိ။ ။လောက၌ ထင်ရှားသော အကြောင်းကို ပယ်ရှားတားမြစ်၍မထင်ရှားသော တခြားအကြောင်းကို ထင်စွာပြရာ အလင်္ကာသည်၎င်း, သူ့သဘာဝအတိုင်း ပြီးစီးသော အကျိုးဂုဏ်ကို ထင်စွာပြရာ အလင်္ကာသည်၎င်း,ဝိဘာဝနာအလင်္ကာမည်၏။ [ " ယတ္ထ- ဝိဘာဗျံ "ပုဒ်တို့ကို ထောက်၍ " ဝိဘာဝီယတိ ဧတ္ထာတိ ဝိဘာဝနာ " ဟု အဓိကရဏသာဓ်ပြု၊ ဝိဘာဝီယတေတိ ဝိဘာဗျံ။ ဝိ+ဘူ+ကာရိတ်ကျေ၊ ဏျပစ္စည်း။]

ဝိဘာဝနာ ၂ မျိုး။ ။"ပသိဒ္ဓံ၊ ပေ၊ အညကာရဏံ ဝိဘာဗျံ" အရ( အညကာရဏ၌ အညကို အန္တရ ဟု လဲ၍ ) " ကာရဏန္တရ ဝိဘာဝနာ"ဟု၎င်း,"သာဘာဝိကတ္တံ ဝိဘာဗျံ"အရ သာဘာဝိကတ္တ ဝိဘာဝနာ ဟု၎င်း, ၂ မျိုးပြား၏၊ သဿ-မိမိ၏+ဘာဝေါ-ထင်ရှားဖြစ်သော အရာတည်း၊ သဘာဝေါ- ရာ၊(သူ့သဘော=သူ့ဘာသာ-ဟူလို၊) သဘာဝေန-အားဖြင့်+သမ္ဘူတံ-ကောင်းစွာဖြစ်သော အရာဝတ္ထုတည်း၊ သာဘာဝိကံ-တ္ထု၊ သာဘာဝိကဿ-သူ့သဘောအတိုင်းဖြစ်သောအရာဝတ္ထု၏၊ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာဂုဏ်သတ္တိတည်း၊ သာဘာဝိကတ္တံ- သတ္တိ၊ ထိုသာဘာဝိကတ္တဂုဏ်သည် ပုံစံ၌ ထင်ရှားလတ့်။ [ ဤ"သာဘာဝိကတ္တံ ဝိဘာဗျံ "၌ "ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ"ပုဒ်များ လိုက်ဘွယ်မလို။]

www.dhammaransi.com



**ကာရဏာနုရူပဝိဘာဝနာ ပုံစံ**

၂၅၀။ အနဥ္ဇိတာ·သိတံ နေတ္တံ, အခရော·ရဥ္ဇိတာ·ရုဏော၊
သမာနတာ ဘမုစာ·ယံ, ဇိနာ·နဝဋ္ဋိတာ တဝ။

၂၅၀။ ဇိန- အိုမြတ်စွာဘုရား၊ တဝ- ရှင်တော်မြတ်ဘုရား၏၊ နေတ္တံ- မျက်လုံးတော် အစုံသည်၊ အနဥ္ဇိတံ- မည်းညိုလေအောင်, ညိုမှောင်သော မျက်စဉ်းဖြင့် မကွင်းအပ်ပါဘဲလျက်၊ အသိတံ- ကြာညိုပန်းအတူ ညိုတော်မူပါပေ၏၊ အခရော-နှုတ်ခမ်းတော်သည်၊ အရဥ္ဇိတော - နီမြန်းဘို့အရေး, ဆေးမဆိုးအပ်ပါဘဲလျက်၊ အရုဏော- အရုဏ်ရောင်အသွေး,နီတွေးတော်မူပါပေ၏၊ အယံဘမုစ- ဤမျက်ခုံးတော်သည်လည်း၊ အနဝဋ္ဋိတာ-ကွေးညွတ်လေအောင်, မဆွဲဆောင်အပ်ပါဘဲလျက်၊ သမာနတာ- ၃ ရက်လ အရေးကဲ့သို့, ညွတ်ကွေးတော်မူပါပေ၏။

× × × × × × ×

၂၅၀။ အနဥ္ဇိတာသိတံ နေတ္တံ ။ ။ အိန္ဒိယလူမျိုးတို့သည် "မျက်လုံးညို နေသည်ကို လှသည်" ဟု အယူရှိကြ၍ နဂိုရ်အတိုင်း မညိုလျှင် ညိုသောမျက်စဉ်းဖြင့်သုတ်လိမ်းပေးကြ၏၊ ထိုသုတ်လိမ်းမှုကို "မျက်ရေးကွင်းခြင်း" ဟု ခေါ်၏၊ ဘုရားရှင်၏ မျက်လုံးတော်ကား ထိုကဲ့သို့ မရေးမကွင်းအပ်ဘဲလျက် ကြာညိုပန်းကဲ့သို့ညိုသောအရောင် ရှိတော်မူသည်။ [မည်းညိုဘို့ရန် လောက၌ ထင်ရှားသောအကြောင်း သည် ဆေးမျက်စဉ်းဖြင့် သုတ်လိမ်း ချယ်လှယ်ခြင်း တည်း၊ ထိုကဲ့သို့ လောက၌ ထင်ရှားသောအကြောင်းကို "အနဥ္ဇိတံ" ဟု တားမြစ်၏၊ ဤသို့ တားမြစ်ခြင်းကို "ပသိဒ္ဓကာရဏံ နိဝတ္တေတွာ" ဟု ဆိုသည်။
"မျက်ရေး မကွင်းဘဲ ညိုနေခြင်းကား အကြောင်း ရှိရမည်၊ ထို အကြောင်းကား ရှေးရှေးက ကံတည်း" ဟု ဂါထာ၌ တိုက်ရိုက် မပြ သော်လည်း အကျိုးဖြစ်သော ညိုခြင်းကို မြင်သဖြင့် အကြောင်းကံကို သိနိုင်ရကား ရှေးကံကို ထင်ရှားပြရာရောက်သည်၊ ဤသို့ ထင်ရှားပြ ခြင်းကို "အညကာရဏံ ဝိဘာဝျ" ဟု ဆိုသည်၊ ရှေးရှေး ဘဝ၌ သူတပါးကို ချစ်ကြည်သောမျက်လုံးဖြင့် ရှုစားခဲ့သောကံကြောင့် ယခု ဘဝ၌ ညိုသောမျက်လုံးကို ရတော်မူသည်- ဟူလို။ [ အဥ္ဇနသုတ်သည် သုတ်လိမ်းခြင်းအနက်ကို ဟော၏။]

www.dhammaransi.com



**သာဘာဝိကတ္တဝိဘာဝနာ**

၂၅၁။ နဟောတိ ခလု ဒုဋ္ဌမ္ပ-မပိ ဒုဋ္ဌနသင်္ဂမေ၊
သဘာဝနိမ္မလတရေ, သာဓုဇန္တူန စေတသိ။

၂၅၁။ သာဓုဇန္တူနံ - သူတော်ကောင်းတို့၏၊ သဘာဝနိမ္မလ တရေ-သဘောအားဖြင့် ညစ်ကြေးမတင်,လွန်သန့်စင်သော၊စေတ

× × × × × × ×

**အခရောရဠ္ဌိတာရုဏော**။ ။နှုတ်ခမ်းနီဘို့ရန် လောက၌ ထင်ရှားသောအကြောင်းသည် နှုတ်ခမ်းနီဆေးဆိုးခြင်းတည်း၊ထိုသို့လောက၌ ထင်ရှားသော အကြောင်းကို " ပသိဒ္ဓံ ကာရဏံ နိဝတ္တေတွာ " နှင့်အညီ " အရဋ္ဌိတော "ဟု တားမြစ်၏၊ "ရှေးကံကြောင့် နီသည် "ဟု ရှေးကံကို တိုက်ရိုက် မပြသော်လည်း နီမြန်းခြင်း အကျိုးက " အညကာရဏံ ဝိဘာဗျံ " နှင့် အညီ ရှေးကံ အကြောင်းကို ထင်ရှားပြရာ ရောက်၏။ [ရဉ္ဇဓာတ်သည် ရာဂ(ဆေးဆိုးခြင်း အနက်)ကို ဟော၏။]

**သမာနတာ ဘမု အနဝဋ္ဋိတာ**။ ။ခုရက်လအရေးကဲ့သို့ လှပစွာ ကွေးညွတ်သော မျက်ခုန်းတော်ဖြစ်ဘို့ရန် လောက၌ ထင်ရှားသော အကြောင်းသည် မကွေး-ကွေးအောင် ဆွဲငင်ပေးရခြင်းတည်း၊ ထိုသို့ ကွေးညွတ်လာအောင် ဆွဲငင်ပြုပြင်မှုကို " ပသိဒ္ဓကာရဏံ နိဝတ္တေတွာ"နှင့် အညီ " အနဝဋ္ဋိတာ "ဟု တားမြစ်၏၊ " ရှေးကံကြောင့် ကွေးညွတ်ရသည် " ဟု တိုက်ရိုက် မပြသော်လည်း ကွေးညွတ်ခြင်း အကျိုးက"အညကာရဏံ ဝိဘာဗျံ"နှင့် အညီ ရှေးကံအကြောင်းကို ထင်ရှားပြရာရောက်၏။ [သံ+အာ+နမုဓာတ်, တပစ္စည်းဖြင့် "သမာနတာ"ဟု ဖြစ်၏၊ "န+အဝ+အဋ္ဋိတာ"ဟု ပုဒ်ခွဲ၊ အဋ္ဋဓာတ်သည် "ဆွဲငင်ခြင်း"အနက်ကိုဟော၏၊ အဝ-အောက်သို့+အဋ္ဋိတာ-ဆွဲငင်အပ်သည်တည်း၊ အဝဋ္ဋိတာ-သည်၊ န+အဝဋ္ဋိတာ အနဝဋ္ဋိတာ။]

---

၂၅၁။ **န ဟောတိတျာဒိ**။ ။သူတော်ကောင်းတို့၏ မပြုမပြင် ပင်ကိုယ်သဘော အတိုင်း အလွန် အညစ် အကြေး ကင်းသော စိတ်၌ (သူယုတ်မာတို့နှင့် ပေါင်းသင်း ဆက်ဆံနေရသော်လည်း)ယုတ်မာမှု မဖြစ်နိုင်၊ ဤဂါထာ၌ "သဘာဝနိမ္မလတရေ+စေတသိ"ပုဒ်တို့သည် အရေးကြီးသော ပုဒ်များတည်း၊ နိမ္မလတရစေတ-အလွန် ညစ်ကြေး

www.dhammaransi.com



သိ - စိတ်၌၊ ဒုဇ္ဇနသင်္ဂမေ - သူယုတ်မာတို့နှင့် ပေါင်းရခြင်းသည်၊ (သတိ)အပိ-ဖြစ်ပါသော်လည်း၊ဒုဇ္ဇနျံ-သူယုတ်မာ၏ဖြစ်ကြောင်း, မကောင်းသော သဘောသည်၊ ခလု-စင်စစ်၊ နဟောတိ-မဖြစ်နိုင်။

× × × × × × ×

မတင် သန့်စင်သောစိတ် '' ဟူရာ၌ ဘာ့ကြောင့် '' အလွန် သန့်စင်သနည်း''ဟု အကြောင်းကို မေးဘွယ်ရှိ၍ ''သဘာဝ'' ဟု ဝိသေသနပြုသည်၊ '' ဘာအကြောင်းမှ မဟုတ် , ပင်ကိုယ်သဘော အတိုင်း ညစ်ကြေးမတင် သန့်စင်သည် '' ဟူလို၊ ထို့ကြောင့် ဤဂါထာသည် သဘာဝိကတ္တ ဝိဘာဝနာကိုပြသော ဂါထာဖြစ်သည်။

ဆက်ဦးအံ့ — စိတ်သန့်ရှင်းခြင်း၏ အကြောင်းသည် အရာရာ၌ သင့်တော်အောင်နှလုံးသွင်းတတ်မှု ယောနိသော မနသိကာရတည်း၊ ယောနိသော မနသိကာရကြောင့် အကုသိုလ်စိတ်ယုတ်မာများ မဖြစ်နိုင်ဘဲ သန့်ရှင်းသော ကုသိုလ်စိတ်များ ဖြစ်ရသည်၊ ထိုယောနိသော မနသိကာရ ဖြစ်ခြင်း၏ အကြောင်း အဆက်ဆက်လည်း အတ္တသမ္မာပဏိဓိ,သဒ္ဓမ္မသဿဝန,သပ္ပုရိသူပနိဿယ,ပဋိရူပဒေသဝါသ,ပုဗ္ဗေစကတပုညတာတို့တည်း၊ ဤသို့ စိတ်စင်ကြယ်ခြင်း၏ အကြောင်းများ ရှိနိုင်သော်လည်း ထိုအကြောင်းများကို လောက လူသားတို့ မမြင်နိုင်သောကြောင့် ထို လောကလူသားတို့ အလိုအတိုင်း စိတ်စင်ကြယ်မှုကို ( ဘာအကြောင်းမျှမရှိ ) သာဘာဝိက - သူ့သဘော အတိုင်း ဖြစ်သည်- ဟု ဆိုထားသည်။

ဋီကာ။ ။ သဘာဝနိမ္မလတ္တရေ - ကိဉ္စိပယောဂံ ဝိနာ ( ဘာအကြောင်း ပယောဂမျှမပါဘဲ ) ပကတိယာ ဧဝ အတိနိမ္မလေ။ [''ကိဉ္စိ၊ဒပ၊ဧဝ''တိုင်အောင် "သဘာဝ''၏ အဖွင့်၊ ''အတိ" ကား တရပစ္စည်း၏ အဖွင့်"] ဣဟ စိတ္တနိမ္မလ ဟေတုဘူတာနံ ယောနိသော မနသိကာရာဒီနံ ဝိဇ္ဇမာနတ္တေပိ လောကေန (လူအပေါင်းသည်) တံကာရဏံ အနပေက္ခိတွာ(မရှုငဲ့နိုင်ဘဲ ) အညမ္ပိ ပသိဒ္ဓကာရဏံ စိတ္တနိမ္မလကာရဏံ အဒိသွာ(စိတ်သန့်ရှင်းဘို့ရန် ထင်ရှားသော အခြားအကြောင်းကိုလည်း မမြင်ရ၍ ) သဘာဝသိဒ္ဓံ နိမ္မလတ္တံ ဝေါဟာရိယမာနတ္တာ ( ပင်ကိုသဘောအတိုင်း ပြီးစေသော နိမ္မလ ဟု လူတို့က ခေါ်ဝေါ်အပ်သည်၏အဖြစ်ကြောင့်)တေနေဝ လောကဝေါဟာရာနု

www.dhammaransi.com



ဟေတု၏ လက္ခဏာနှင့် အပြား

၂၅၂။ ဇနကော ဉာပကောစေတိ, ဒုဝိဓော ဟေတဝေါ သိယုံ၊
ပဋိသံ့ရဏံ တေသံ, အလင်္ကာရတယောဒိတံ။

၂၅၂။ ဇနကောစ-ဖြစ်စေတတ်သော ဟိတ်ငင်း၊ ဉာပကောစ-သိစေတတ်သော ဟိတ်ငင်း၊ ဣတိ- ဤသို့၊ ဟေတဝေါ- ဟိတ်တို့သည်၊ ဒုဝိဓာ-၂ ပါးအပြားရှိကုန်သည်၊ သိယုံ-ဖြစ်ကုန်၏၊ တေသံ-ထို ၂ ပါးသော ဟိတ်တို့ကို၊ ပဋိသံ့ရဏံ-အထူးပြင်ဆင်၍ ဆိုခြင်းသည်၊ အလင်္ကာရတာယ-အလင်္ကာ၏အဖြစ်ဖြင့်၊ ဥဒိတံ-ထင်ရှား၏။

× × × × × × ×

သာရေန(ထိုလောကအခေါ်ဝေါ်သို့ လိုက်သောအားဖြင့်)သဘာဝနိမ္မလတ္တရေတိ(သဘာဝနိမ္မလတ္တရေ ဟူ၍)သမ္ဗာကာရေန ကာရဏာပဋိသေဓံ ကတွာ (အကြောင်းဟူသမျှကို တားမြစ်၍ ) သဘာဝသိဒ္ဓနိမ္မလတ္တသံခါတဖလဿ ပကာသိတတ္တာ အယံ သဘာဝိကဖလဝိဘာဝနာ နာမ။[ ဒုဋ္ဌနာနံ + ဘာဝေါ ဒုဋ္ဌချိ၊ သဿ(အတ္တနော)+ ဘာဝေါ သဘာဝေါ၊သဘာဝေန + နိမ္မလတရံ သဘာဝနိမ္မလတရံ။]

မှတ်ချက်။ ။ဤသာဘာဝိကတ္တဝိဘာဝနာ၌''အနဋ္ဌိတံ''စသည်ကဲ့သို့ ထင်ရှားသော အကြောင်းကို တမင်လာ တားမြစ်ဘွယ် မလို၊ '' ပင်ကိုယ်သဘောအတိုင်း ဖြစ်၏'' ဟု ဆိုလျှင် '' ဘာအကြောင်းမျှ မရှိ '' ဟု တားမြစ်ပြီး ဖြစ်နေတော့၏၊ ထို့ကြောင့် '' သမ္ဗာကာရေန ကာရဏာပဋိသေဓံ ကတွာ'' ဟု ဋီကာ ဖွင့်သည်၊ ဤအဖွင့်ကို ထောက်၍ ''သာဘာဝိကတ္တံ ဝိဘာဗျံ''၌''ပသိဒ္ဓကာရဏံ နိဝတ္တေတွာ''ပုဒ်များ လိုက်ဘွယ်မလို-ဟု ၂၄၉ ဂါထာ၌ ဆိုခဲ့သည်။

---

၂၅၂။ ဇနကော၊ပေ၊သိယုံ။ ။ဤ ၂ ပါဒဖြင့် ဟိတ်အပြားကို ပြ၏၊ ဇနကဟိတ်, ဉာပကဟိတ်အားဖြင့် ဟိတ် ၂ မျိုး ပြား၏၊ ထိုတွင် ''ဗီဇတော အင်္ကုရော ဇာယတိ=မျိုးစေ့ကြောင့် အညွန့်အညှော့သည် ပေါက်၏''ဟူရာ၌ အညွန့်အညှောက်တည်းဟူသောအကျိုးကို ဖြစ်စေတတ်သော မျိုးစေ့တည်းဟူသောအကြောင်းသည် ဇနကဟိတ်မည်၏၊ ''ဓူမာယ အဂ္ဂိ အတ္ထီတိ ဉာယတိ=မီးခိုးကြောင့် မီးရှိမှန်းသိအပ်၏ '' ဟူရာ၌ မီးရှိမှန်းသိစေတတ်သော မီးခိုးသည် ဉာပကဟိတ်မည်၏။

www.dhammaransi.com



ဟေတုများပုံနှင့် ပဋိညာဉ်

၂၅၃။ ဘာဝါဘာဝကိစ္စဝသာ , စိတ္တဟေတုဝသာပိစ၊
ဘေဒါ•နန္တာ ဣဒံ တေသံ, မုခမတ္တနိဒဿနံ။

၂၅၃။ ဘာဝါဘာဝကိစ္စဝသာ-ထင်ရှားဖြစ်ပေါ်ခြင်းကြိယာ, ထင်ရှား မဖြစ်ပေါ်ခြင်း ကြိယာတို့၏ အပြားအားဖြင့်၎င်း၊ စိတ္တဟေတုဝသာပိစ-ဆန်းကြယ်သောအကြောင်းတို့၏ အပြားအားဖြင့်၎င်း၊ ဘေဒါ - ဟိတ်အထူး အပြားတို့သည်၊ အနန္တာ - အဆုံးမ ရှိ

× × × × × × ×

ပဋိသမ်ရဏ်ပေးဒိတံ။ ။ဤ ၂ ပါဒဖြင့် ဟိတ်တို့၏အလင်္ကာရ (တန်ဆာ) အဖြစ်ဖြင့် ဖြစ်ပုံလက္ခဏာကို ပြ၏၊ ထို ၂ ပါးသော ဟိတ်တို့ကို("ဓိဇတော အက်ုရော ဇာယတိ , ဓူမာယ အဂ္ဂိ အတ္ထိတိ ဉာယတိ " တို့ကဲ့သို့ ရိုးရိုးကြီး မဆိုဘဲ ) အထူးဆင်ပြင်၍ ဆိုခြင်းသည် စကားတန်ဆာ (အလင်္ကာ) တမျိုးအဖြစ်ဖြင့် လောက၌ ထင်ရှား၏၊ '' အထူးပြင်ဆင်၍ ဆိုအပ်သော ဟိတ်သာ ဟေတုအလင်္ကာဂုဏ် ရှိသည်'' ဟူလို၊ အထူးဆင်ပြင်၍ဆိုပုံမှာ ပုံ၌ ထင်ရှားလတ့ံ။

ဋီကာ။ ။ဣဟ ဖလပကာသကဟေတုမှိ ဝုစ္စမာနေ(အကျိုးကို ပြသော အကြောင်းကို ဆိုအပ်သော် ) ဣမိနာ ဟေတုနာ ဣဒံ ဖလံ ဇာတန္တိ သရူပကထနမတ္တံ ဝိနာ ( ဤအကြောင်းကြောင့် ဤအကျိုး ဖြစ်၏-ဟု သရုပ်ဖော်ခြင်းမျှမှ တပါး) ဝိသေသရူပါလင်္ကာရော ဣဓ နတ္ထီတိ အာသင်္ကိယသ (ထူးခြားသော သဘောရှိသော အလင်္ကာ သည် ဤဟိတ်အရာ၌ မရှိ ဟု ယုံမှားရှိသူ့အတွက်)အလင်္ကာရသရူပ ဝိသေသော ဝေါတိ(ဤဟိတ်သည် ထူးခြားသော အလင်္ကာတမျိုး ဟု) ဒဿေတုံ အပရဒ္ဓမာဟ=နောက် ၂ ပါဒကို ဆိုပြီ။

ပဋိသမ်ရဏ် ။ ။ ဝိသိဋ္ဌဘာဝေန ပကာသံ ကတွာ တတွတော ကထနံ=အထူးတလည် ပြုပြင်အပ်သည်၏ အဖြစ်ဖြင့် ထင်ရှားအောင် ပြု၍ ဟုတ်မှန်သောအားဖြင့် ဆိုခြင်း။ [ အလင်္ကာရတယောတိ- ဆန္ဒ နိဿာယ အာတ္တဟာနိ = ''အလင်္ကာရတာယော '' ဟု ဆိုလိုလျက် ဆန်းကိုမှီ၍ (ဇဂိဏ်းရအောင်)အာ အဖြစ်၏ယုတ်လျော့ခြင်း( တာ၌ အာကို ရဿပြုထားခြင်း)ဖြစ်သည်။]

www.dhammaransi.com



အောင်, မြားမြောင်ကုန်၏၊ ဣဒံ-ဤဆိုအပ်လတ္တံ့ကား၊ တေသံ-ထို ဟိတ်တို့၏၊ မုခမတ္တနိဒဿနံ- အကျဉ်းအမြွက်မျှကို ပြခြင်းတည်း။

× × × × × × ×

၂၅၃။ ဘာဝါဘာဝ॥ ။ ဟိတ်တို့သည် ဘာဝကိစ္စဟေတု , အဘာဝကိစ္စဟေတုအားဖြင့် ၂ ပါးပြား၏၊ တမျိုးတမျိုးလျှင် ဇနက ဟေတု,ဉာပကဟေတုအားဖြင့် ၂ ပါးစီပြားပြန်သောကြောင့် ၄ ပါး ပြား၏၊ စိတ္တဟေတုလည်း ရှိသေး၏၊ ထိုစိတ္တဟေတုလည်း ယုတ္တကာရီ စိတ္တဟေတု,အယုတ္တကာရီစိတ္တဟေတုအားဖြင့် ၂ ပါးပြား၏၊ ထို့ပြင်- သမ္ဘာပကဟိတ်, သဘာဝဉာပကဟိတ်,ကာရိယဉာပကဟိတ် စသည် ဖြင့် ဟိတ်တို့သည် အဆုံးမရှိအောင် မြားမြောင်လှသည်။ [ဘာဝကိစ္စ စသည်တို့၏ အနက်အဓိပ္ပါယ်သည် ပုံစံများ၌ ထင်ရှားလတ္တံ့။]

ဣဒံ၊ပေ၊နိဒဿနံ ။ ။ ထိုသို့ ဟိတ်တွေများပြားစွာရှိရကား ရှိသမျှကုန်အောင် မပြတော့ဘဲ အနည်းငယ်မျှကိုသာ ပြတော့မည်- ဟုလို၊မုခသဒ္ဒါသည် ဤနေရာ၌ခံတွင်းပေါက်နှင့်တူသောလမ်းပေါက် ကို ဟော၏၊ လမ်းပေါက်သည် သွားလာသူတို့၏ ဝင်ရာဖြစ်သကဲ့သို့ မဆိုအပ်၍ ကြွင်းကျန်သော ဟိတ်တို့၏ ဝင်ရာ ( အနည်းငယ်သော ပုံစံ)ကိုလည်း " မုခ " ဟု ဆိုသည်၊ မတ္တသဒ္ဒါဖြင့် အကျယ်ဆိုခြင်းကို ကန့်။[ မုခမတ္တနိဒဿနံ- အဝသေသဟေတူနံ ပြဝေသဒွါရမတ္တဿ (သက်ဝင်ကြောင်းအပေါက်မျှကို) နိဒဿနံ ဟောတိ။]

ဝစနတ္ထ ॥ ။ ဘာဝေါစ + အဘာဝေါစာတိ ဘာဝါဘာဝါ၊ ဘာဝါဘာဝါစ+တေ+ကိစ္စာနိစာတိ ဘာဝါဘာဝကိစ္စာနိ၊ ဘာဝါ ဘာဝကိစ္စာနံ + ဝသော ဘာဝါဘာဝကိစ္စဝသော။ [ ဘာဝါဘာဝ ကိစ္စဝသာ- ဘာဝ အဘာဝသင်္ခါတသတ္တာအသတ္တာကြိယာဝသေန စ။] ဘာဝကိစ္စကို "သတ္တာကြိယာ-ထင်ရှားရှိသောကြိယာ"ဟုရင်း, အဘာဝကိစ္စကို "အသတ္တာကြိယာ"ဟုရင်း ဖွင့်သည်၊[ "ဘူ=သတ္တာ ယံ"ဟူသော ဓာတ်နက်ကိုဖွင့်ခြင်းသာတည်း၊]ဝသသဒ္ဒါလည်း ဘေဒ အနက်ကို ဟော၏၊ စိတ္တသဒ္ဒါသည် ဝိစိတ္တ (အဆန်းတကြယ်)အနက် ကိုဟော၏။

www.dhammaransi.com



**ဘာဝကိစ္စော ကာရကဟေတု**

၂၅၄။ ပရမတ္ထပကာသေက-ရသာ သဗ္ဗမနောဟရာ၊
မုနိနောဒေသနာ-ယံ မေ,ကာမံတောသေတိ မာနသံ။

၂၅၄။ မုနိနော-မြတ်စွာဘုရား၏၊ ပရမတ္ထပကာသေကရသာ-မဖေါက်မပြန် မှန်ကန်သောအနက်ကို ပြခြင်းဟူသော တခုသော ကိစ္စရှိသော၊ သဗ္ဗမနောဟရာ - အလုံးစုံသော လူအပေါင်း၏ စိတ်နှလုံးကို ယူကျုံး နှစ်သက်စေနိုင်သော၊ အယံဒေသနာ-ဤဒေသနာတော်သည်၊ ကာမံ- စင်စစ်အားဖြင့်၊ မေ- ငါ၏၊ မာနသံ- စိတ်ကို၊ တောသေတိ - နှစ်သက်စေနိုင်၏။....[အယံ - ဤသည်ကား၊ ဘာဝကိစ္စော - ထင်ရှားဖြစ်ပေါ်ခြင်း ကိစ္စရှိသော၊ ကာရကဟေတု-ပြုတတ်သောဟိတ်တည်း၊ ဝါ-ဇနကဟိတ်တည်း။]

× × × × × × ×

၂၅၄။ ပရမတ္ထတျာဒိ။ ။ဤဂါထာ၌ နှစ်သက်ခြင်းကြိယာသည် ဘာဝကိစ္စ(ထင်ရှားဖြစ်ပေါ်လာသော ကြိယာ)တည်း၊ ထိုကြိယာကို ဖြစ်စေနိုင်သော ဒေသနာတော်သည် ဘာဝကိစ္စ ဇနကဟိတ်တည်း၊ ထို့ကြောင့် ဤဂါထာသည် ဘာဝကိစ္စ ဇနကဟိတ်ကို ပြသော ပုံစံတည်း။ [''တောသေတိ- နှစ်သက်စေ'' ဟူသော ကာရိတ်ပစ္စည်း၏ အနက်ကိုပင် '' ဟိတ်အနက် '' ဟု ဆိုထားသည်၊ မှန်၏— ကာရိတ်အနက်နှင့် ဟိတ်အနက်သည် သဘောတူပင်တည်း၊]''ဓာတူဟိ ဏေဏယ ''စသော သုတ်ကို ထောက်ပါ။ ['' ဇနက- ဖြစ်စေတတ်သော '' နှင့် ''ကာရက -ပြုတတ်''လည်း သဘောတူ၏။]

အလင်္ကာခေါ်ရပုံ။ ။'' ဒေသနာယံ မေ ကာမံ တောသေတိ မာနသံ = ဤဒေသနာသည် ငါ၏စိတ်ကို နှစ်သက်စေတတ်၏ '' ဟု အရိုးခံအတိုင်းဆိုလျှင် ဝေဝေဆာဆာမဟုတ်သောကြောင့်အလင်္ကာဂုဏ် မရောက်၊ ''ပရမတ္ထပကသေကရသာ '' စသည်ဖြင့် ဂုဏ်ပုဒ်တွေ ဖေါ်ပြ၍ ဝေဆာလှသောကြောင့် ဟေတုအလင်္ကာဂုဏ် ရေ်သည်။

**သဗ္ဗမနောဟရာ။** ။ဝေါဟာရ နုရူပေန ဝိသယဘာဝူပဂမနေန(ဘုရားရှင်က မာဂဓဘာသာဖြင့် ဟောတော်မူသော်လည်း ကြားနာသူတို့၏ စကားသုံးအတိုင်း နားအာရုံ ဖြစ်လာသဖြင့် ) သဗ္ဗေသံ မနောဟရာ — အားလုံး စိတ်ကြိုက်ဖြစ်သွားသည်—ဟူလို။

www.dhammaransi.com



အဘာ၀ကိစ္စော ကာရကဟေတု

၂၅၅။ ဓီရေဟိ သဟသံ၀ါသာ,သဒ္ဓမ္မဿာ·ဘိယောဂတော၊
နိဂ္ဂဟေနိ·န္ဒြိယာနဉ္စ, ဒုက္ခဿူ·ပသမော သိယာ။

၂၅၅။ ဓီရေဟိ-ပညာရှိ သူတော်ကောင်းတို့နှင့်၊ သဟ- အတူ တကွ၊ သံ၀ါသာ-ပေါင်းသင်းနေထိုင်ရခြင်းကြောင့်ငှင်း၊သဒ္ဓမ္မဿ- သူတော်သူမြတ်, ပရိယတ်တရားကို၊ အဘိယောဂတော၊- နေ့စဉ် စွဲ၍ , အမြဲ အားထုတ်ခြင်းကြောင့်ငှင်း၊ ဣန္ဒြိယာနံ - စက္ခုစသား, ၆ ပါးသောဣန္ဒြေတို့ကို၊ နိဂ္ဂဟေန-သုဘစသား,မယူမှားအောင်, နှိမ်ထားခြင်းကြောင့်ငှင်း၊ ဒုက္ခဿ - တေဘူမက , ၀ဋ္ဋဒုက္ခ၏၊ ဉပ သမော-ငြိမ်းခြင်းသည်၊ သိယာ-ဖြစ်နိုင်၏။[အယံ- ဤသည်ကား၊ အဘာ၀ကိစ္စော-ထင်ရှားမဖြစ်ခြင်း ကိစ္စရှိသော၊ကာရကဟေတု- ပြုတတ်သောဟိတ်တည်း၊ ၀ါ-ဇနကဟိတ်တည်း။]

× × × × × × ×

၂၅၅။ ဓီရေဟိတျာဒိ။ ။ဤဂါထာ၌ '' ၀ူပသမော '' အရ ဒုက္ခငြိမ်းခြင်းကြိယာ ဟူသည် အရာ၀တ္ထု ထင်ရှားမရှိ၊ထိုသို့ထင်ရှား ပေါ်လာခြင်းမရှိသောကြောင့်အဘာ၀ကိစ္စ(အဘာ၀ကြိယာ)တည်း၊ ဓီရေဟိ သဟသံ၀ါသာ - စသော ဟိတ် ၃ ရပ်သည် ထို အဘာ၀ ကြိယာကိုဖြစ်စေ တတ်သော ဇနကဟိတ်များတည်း၊ ထို့ကြောင့် ဤ ဂါထာသည် အဘာ၀ကိစ္စ ဇနကဟိတ်၏ ပုံစံဖြစ်သည်၊ ဒုက္ခငြိမ်းမှု ကိစ္စကို အကြောင်း တခုသည်းဖြင့် မပြီးစေနိုင်၊ အကြောင်း ၃ ပါး ပေါင်းမှ ပြီးစေနိုင်သောကြောင့် ဤ အကြောင်း ၃ ပါးသည် အချင်း ချင်း အပြန်အလှန် ၀ိသေသနပြုသောတန်ဆာများဖြစ်ရကား ဟေတု အလင်္ကာဂုဏ်ရောက်သည်–ဟု မှတ်။

ဋီကာ။ ။သဒ္ဓမ္မဿ-ဗုဒ္ဓဒေသိတဿ၊ အဘိယောဂတော-နိရ န္တရ ဗျာသေနစ(အမြဲမပြတ် အားထုတ်ခြင်းကြောင့်ငှင်း)၊ ဣန္ဒြိယာ နံ- စက္ခုအာဒီနံ၊ နိဂ္ဂဟေန - ရူပါဒိအာရမဏေသု သုဘာဒိဂဟဏာ ဿ နိ၀ါရဏေနစ။ [ဤ''ဣန္ဒြိယာနံ နိဂ္ဂဟေန''ဖြင့် ပဋိပတ်ကိုငှင်း, ''ဒုက္ခဿူပသမော''ဖြင့်ပတိဝေဓကိုငှင်းယူသောကြောင့် သဒ္ဓမ္မဿ၌ ပရိယတ္တိသဒ္ဓမ္မကိုသာ ယူရတော့သည်။]

www.dhammaransi.com



ဘာဝကိစ္စော ဉာပကဟေတု။

၂၅၆။ မုနိန္ဒ စန္ဒသံဝါဒိ-ကဉ္စဘာဝေါ်ပသောဘိနာ၊
မုခေနေဝ သုဗောဓံ တေ, မနံ ပါပါဘိနိဿင့ံ။

၂၅၆။ မုနိန္ဒ- အိုမြတ်စွာဘုရား၊ စန္ဒသံဝါဒိကဉ္စဘာဝေါပ သောဘိနာ - လ၏ နှစ်သက်ဘွယ်နှင့် တူသော နှစ်သက်ဘွယ်ဖြင့် တင့်တယ်ခြင်း ရှိတော်မူသော၊ မုခေနေဝ - မျက်နှာတော်ကြောင့် ပင်၊ တေ-ရှင်တော်ဘုရား၏၊မနံ-စိတ်တော်သည်၊ပါပါဘိနိဿင့ံ- မကောင်းမှုကိလေသာတို့မှကင်းလွတ်ပြီ၊(ဣတိ-ဤသို့၊)သုဗောဓံ- လွယ်ကူစွာ သိအပ်သိနိုင်ပါ၏။ [ အယံ - ဤသည်ကား၊ ဘာဝ ကိစ္စော-ထင်ရှားဖြစ်ပေါ်ခြင်းကိစ္စရှိသော၊ဉာပကဟေတု-ဉာပက ဟိတ်တည်း၊ ဝါ- သိစေတတ်သော အကြောင်းတည်း။]

× × × × × × ×

၂၅၆။ မုနိန္ဒတျာဒိ ။ ။ " မုခေနေဝ " ဟူသော ဟိတ်ကို "သုဗောဓံ"၌စပ်၊ "မျက်နှာတော်ကြောင့်ပင်+သိနိုင်ပါသည်"ဟူလို၊ ဤ၌ သိခြင်းကြိယာသည် အထင်အရှားဖြစ်သော ဘာဝကိစ္စတည်း၊ ထို ထင်ရှားဖြစ်ခြင်း ကြိယာကို သိစေတတ်သောကြောင့် " မုခေန" သည် " ဘာဝကိစ္စ ဉာပကဟိတ် " မည်၏၊ ထိုဟိတ်လည်း အရိုးခံ သာမန်ဟိတ် မဟုတ်၊ " စန္ဒ၊ ပေ၊ဥပသောဘိနာ- လ၏ နှစ်သက်ဘွယ် နှင့်တူသော နှစ်သက်ဘွယ်ဖြင့် တင့်တယ်ခြင်းရှိသော မျက်နှာ " ဟု ဝေဝေဆာဆာ ရှိအောင် တန်ဆာဆင်မှု ဝိသေသန ပြုထားသော ကြောင့် အလင်္ကာဂုဏ်ရောက်သော ဟိတ်တည်း။

တေ မနံ ပါပါဘိနိဿင့ံ ။ ။ ဤစကားရပ်ကား သိပုံအခြင်း အရာကိုပြသော အာကာရဝါကျတည်း၊ " အရှင်မြတ်၏ စိတ်တော် သည် မကောင်းမှု ကိလေသာတို့မှ လွတ်ပြီ " ဟု ( ခက်ခက်ခဲခဲတွေး မနေရဘဲ ) လွယ်လွယ်ကလေးနှင့် သိနိုင်ပါသည်-ဟူလို၊ ဘာကြောင့် သိနိုင်သနည်း-ဟု မေးလျှင်"လကဲ့သို့ နှစ်သက်စဘွယ် တင့်တယ်သော မျက်နှာတော်ကြောင့် သိနိုင်ပါသည် " ဟု ဖြေ။ [ လူတယောက်၏ မျက်နှာအနေအထားကို မြင်၍ သူ၏ အတွင်းစိတ်ဓာတ်ကို သိနိုင်ခြင်း မျိုးတည်း။ ] ပါပါဘိနိဿင့ံ - ရာဂါဒိပါပ ကိလေသေဟိ နိက္ခန္တံ တိ၊ ဤသို့ဖွင့်သောကြောင့် ဂါထာ၌ "ဣတိ ကြေသည်"ဟု သိပါ။

www.dhammaransi.com



## အယုတ္တကာရီ စိတ္တဟေတု။

၂၅၇။ သာခုပတ္တာ·ရဝိန္ဒာနိ, သင်္ကောစယတိ တေ ကထံ၊
မုနိန္ဒ စရဏဒွန္ဒ-ရာဂဗာလာ·တပေါ ဖုသံ။

၂၅၇။ မုနိန္ဒ- အိုမြတ်စွာဘုရား၊ တေ- ရှင်တော်မြတ်ဘုရား၏၊ စရဏဒွန္ဒ ရာဂဗာလာတပေါ - ခြေတော်အစုံ၏ နီမြန်းသော တက်သစ်စ နေရောင်သည်၊ သာခုပတ္တာ·ရဝိန္ဒာနိ – သူတော် များ၏, လက် ၂ ဘက် အစုံ, ကြာပဒုံ တို့ကို၊ ဖုသံ- တွေ့ထိန်စပ်, အရောင်ဟပ်လျက်၊ ကထံ - အဘယ့်ကြောင့်၊ သင်္ကောစယတိ – ချင်းချင်း ယှက်ရုံ, တွန့်ငုံစေပါသနည်း။ [အယံ-ဤသည်ကား၊ အယုတ္တကာရီ- အသင့်ယုတ္တိ မရှိသည့်ကို ပြုလေ့ရှိသော၊ စိတ္တဟေတု – ဆန်းကြယ်သော အကြောင်းတည်း။]

× × × × × × ×

၂၅၇။ သာခုတျာဒိ။ ။ဘုရားရှင်၏ ခြေဖဝါးတော် နီမြန်းပုံ, ထိုနီသောအရောင်ကိုမြင်ရ၍ သူတော်ကောင်းများလက်အုပ်ချီသော အားဖြင့် လက်တည်းဟူသောပဒုမ္မာကြာပန်းများ ငုံသွားပုံကိုဖွဲ့သော ဂါထာတည်း၊ " စရဏ၊ ပေ၊ တပေါ " သည် ဟေဟုကတ္တား ဖြစ်၍ ဟိတ်အနက်ကိုဟော၏၊ ထို့ကြောင့် "ခြေတော်အစုံ၏ နီမြန်းသော ထွက်သစ်စ နေအရုဏ်ရောင်ကြောင့်+ငုံကြသည်"ဟု မှတ်ပါ။

ကထံ သင်္ကောစယတိ ။ ။လောကထုံးစံမှာ- နေအရုဏ်ရောင်နှင့်တွေ့သောအခါ ပဒုမ္မာကြာပန်းတို့သည် ပွင့်ကြရိုးတည်း၊ ယခုသော် မပွင့်သည့် အပြင် , ငုံ၍ သွားကြရသောကြောင့် ဟိတ်အနက်သည် လောကထုံးစံနှင့် မသင့်လျော်အောင်ပြုတတ်ရကား"အယုတ္တကာရီ" အမည်ရ၍, လက် ၂ဘက်ကိုကိုင်၍ ငုံအောင်မလုပ်ရဘဲ အရောင်ဟပ်ရုံဖြင့် ငုံနိုင်စေရကား အံ့ဩစဘွယ် ဆန်းကြယ်သော အကြောင်းဖြစ်သောကြောင့် "စိတ္တဟေတု" အမည်ရသည်။

**မှတ်ချက်** ။ ။ "ဘုရား့ ခြေဖဝါးတော်အစုံ၏ နီမြန်းသော အရောင်ကို တက်သစ်စနေ၏ အရုဏ်ရောင်"ဟုရင်း, သူတော်ကောင်းတို့၏ လက် ၂ ဘက် ကိုလည်း " ပဒုမ္မာကြာပန်း " ဟု ရင်း , နီမြန်းသော ခြေဖဝါးတော်ကို သူတော်ကောင်းများ ဖူးမြင်ရသော အခါ ချီကြသော လက်အုပ် ကိုလည်း "ပဒုမ္မာကြာများ၏ ငုံခြင်း"ဟုရင်း, ရူပက ပြုသည်။

www.dhammaransi.com



## ယုတ္တကာရိ စိတ္တဟေတု။

၂၅၀။ သင်္ကောစယန္တိ ဇန္တူနံ, ပါဏိပင်္ကေရုဟာနိ·ဟာ၊
မုနိန္ဒ စရဏဗ္ဗန္ဒ-နခစန္ဒာန·မံသဝေါ။

၂၅၀။ မုနိန္ဒ စရဏဗ္ဗန္ဒ နခစန္ဒာနံ - ဘုရား၌ခြေစုံ , ပေါ်ထွက်ကုန်သား , ခြေသည်းတော် လအများတို့၏၊ အံသဝေါ - အရောင်တို့သည်၊ ဟ - ဤလောက၌၊ ဇန္တူနံ - သတ္တဝါတို့၏၊ ပါဏိပင်္ကေရုဟာနိ - လက် ၂ ဘက်အစုံ , ကြာပဒုံတို့ကို၊ သင်္ကောစယန္တိ - ချင်းချင်းယှက်ရုံ , တွန့်ငုံစေကုန်၏၊ [ အယံ - ဤသည်ကား၊ ယုတ္တကာရိ- အသင့်ယုတ္တိကို ပြုလေ့ရှိသော၊ စိတ္တဟေတု - ဆန်းကြယ်သော အကြောင်းတည်း။]

× × × × × × +

၂၅၀။ သင်္ကောစယန္တိ တျာဒိ။ ။ ဘုရားရှင်၏ ခြေတော် အစုံဝယ် ခြေသည်းတော် ၁၀ ပါး တည်းဟူသော လ ၁၀ စင်း တို့၏ အ ရောင်တို့သည် ဤလောက၌ သူတော်ကောင်းတို့၏ လက် ၂ ဘက် ကြာပဒုံကို(လက်အုပ်ချီသော အားဖြင့်)ငုံစေနိုင်ကုန်၏။—ဤဂါထာ၌လည်း “ မုနိန္ဒ၊ ပေ၊ အံသဝေါ ” သည် ဟေတုကတ္တားဖြစ်၍ ဟိတ်အနက်ဟောတည်း၊ လောက၌ လရောင် ထွက်လာလျှင် ပဒုမ္မာကြာပန်းတို့ ငုံ ရ ရိုး ြစ်၍ လောကနှင့်ႈ င့်လျော်အောင်( ငုံစေမှုကို)ပြုတတ်သောကြောင့်၎င်း , အရောင်ဟပ်ရုံဖြင့် ငုံစေနိုင်သည့်အတွက် အံ့သြဘွယ်ရာ ထူးဆန်းသော အကြောင်းဖြစ်ႆသာကြောင့်၎င်း ထို ဟေတုကတ္တားဖြစ်သောဟိတ်ကို “ ယုတ္တကာရိ စိတ္တဟေတု ”ဟု မှတ်။

**ဋီကာ**။ ။ မုနိန္ဒစရဏဗ္ဗန္ဒ နခစန္ဒာနံ— သမ္ဗုဒ္ဓဿ+ ပါဒဗ္ဗန္ဓေ+ နခါဝဋ္ဋိသင်္ခါတာနံ+စန္ဒာနံ။ [ဤအဖွင့်ကို ထောက်၍၎င်း, တေ-ဟု မပါသောကြောင့်၎င်း, မုနိန္ဒကို အာလုပ်အနက်မပေးရ၊ ဋီကာမဖွင့်သော်လည်း အာလုပ်အနက်ပေးလိုလျှင် “တေ”ဟု ထည့်ရမည်။ ] ကရပုင္ဒရာကာရေန (လက်အုပ် အခြင်းအရာ လက်အုပ်ပုံသဏ္ဌာန်ဖြင့် ) သင်္ကောစယန္တိ - မကုဋ္ဌကရောန္တိ (ငုံအောင်ပြုနိုင်ကုန်၏၊) ဘုရား့ခြေသည်းတော်များကို “လအများ”ဟု ၎င်း,ခြေသည်းတော်၏ ဖြူသော အရောင်ကို “ လရောင် ” ဟု ၎င်း, သူတော်ကောင်းတို့၏ လက် ၂ ဘက်တို့ကို“ပဒုမ္မာကြာတို့”ဟု၎င်း, ဘုရား့ခြေသည်းတော် အရောင်တို့ကို ဖူးရ၍ ချီကြသောလက်အုပ်ကို “ငုံခြင်း”ဟု ၎င်း, ရူပကပြုသည်။

www.dhammaransi.com



## ကမအလင်္ကာ၏ လက္ခဏာ

၂၅၉။ ဥဒ္ဒိဋ္ဌာနံ ပဒတ္ထာနံ, အနုဒ္ဒေသော ယထာက္ကမံ၊
သင်္ချာနမိတိ နိဒ္ဒိဋ္ဌံ, ယထာသင်္ချံ ကမောပိစ။

၂၅၉။ ဥဒ္ဒိဋ္ဌာနံ - ရှေးဦးစွာ ပြအပ်ကုန်ပြီးသော၊ ပဒတ္ထာနံ-ပုဒ်နက်တို့ကို၊ ယထာက္ကမံ-အစဉ်အတိုင်း၊ အနုဒ္ဒေသော-နောင်ထပ်ရွတ်ဆိုခြင်းကို၊ သင်္ချာနံဣတိစ- သင်္ချာနအလင်္ကာဟူ၍၎င်း၊ ယထာသင်္ချံတိစ - ယထာသင်္ချ အလင်္ကာဟူ၍၎င်း၊ နိဒ္ဒိဋ္ဌံ - ညွှန်ပြအပ်၏၊ ကမောတိပိစ-ကမအလင်္ကာဟူ၍လည်း၊(နိဒ္ဒိဋ္ဌော-ညွှန်ပြအပ်၏)၊ [ဋီကာအတိုင်း ပေးသည်။]

× × × × × × ×

၂၅၉။ ဥဒ္ဒိဋ္ဌာနံ တျာဒိ ။ ။ ပဌမပြဆိုအပ်ပြီးသော ပုဒ်နက်တို့ကို အစဉ်အတိုင်း(အနက်တမျိုးအားဖြင့်) နောက်ထပ်ပြဆိုခြင်းကို "သင်္ချာနအလင်္ကာ" ဟူ၍၎င်း, " ယထာသင်္ချအလင်္ကာ " ဟူ၍၎င်း "ကမအလင်္ကာ"ဟူ၍၎င်း နာမည် ၃မျိုးတပ်၍ညွှန်ပြအပ်၏၊[ဒေါသခန်း၌ ပြခဲ့သော ကမစ္စုတဒေါသမှ လွတ်လျှင် " ကမအလင်္ကာဖြစ်သည် " ဟု ရှေးနိဿယတို့ ဆိုကြ၏၊ သို့သော် ရှေ့နောက် အစဉ်တည့်ရုံမျှဖြင့် ကမစ္စုတဒေါသမှ လွတ်နိုင်သော်လည်း တန်ဆာဆင်၍ဆိုအပ်သောအရာမဟုတ်လျှင် ကမအလင်္ကာဂုဏ်မရောက်၊ ဥပမာ— " ဣဝဏ္ဏု၊ဝဏ္ဏာ ဈလာ " ဟု ဆိုရာ၌ ရှေ့နောက် အစဉ်တည့်သောကြောင့် ကမစ္စုတဒေါသမှ လွတ်၏၊ စကားတန်ဆာဆင်၍ မဆိုအပ်သောကြောင့် ကမအလင်္ကာဂုဏ် မရောက်သကဲ့သို့တည်း။]

ဝစနတ္ထ။ ။ဥဒ္ဒိသီယိံသူတိ ဥဒ္ဒိဋ္ဌာ=ပဌမပြအပ်,ဆိုအပ်ပြီးသော ပုဒ်အနက်တို့။ [ ဥပုဗ္ဗ ဒိသဓာတ်သည် ဥစ္စာရဏ ( ဆိုခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် ဋီကာတို့၌"ဥဒ္ဒိဋ္ဌာနံ ပဌမကထိတာနံ"ဟု ဖွင့်ကြ၏။] အနု(ပုန)+ဥဒ္ဒေသော အနုဒ္ဒေသော= နောက်ထပ် ဆိုခြင်း၊ ပဌမပြအပ်ပြီးသော အနက်တို့ကို ( အနက်အဓိပ္ပါယ်တမျိုး လွှဲ၍ ) နောက်ထပ်ပြခြင်း၊ ကမံ+အနတိက္ကမ္မ(မလွန်မူ၍တည်း)၊ယထာက္ကမံ-အစဉ်ကို မလွန်မူ၍၊ ဝါ - အစဉ်အတိုင်း၊ သင်္ချာယတိ ဧတေနာတိ သင်္ချာနံ- ရေတွက်ကြောင်း သင်္ချာ။[ဤနေရာ၌ကား " သင်္ချာအစဉ်"

www.dhammaransi.com



**ကမအလင်္ကာ၏ပုံစံ**

**၂၆၀။ အာလာပဟာသလီဠာဟိ, မုနိန္ဒ ဝိဇယာ တဝ၊
ကောကိလာ ကုမုဒါနိဝေါ-ပသောဝန္တေ ဝနံ ဇလံ။**

၂၆၀။ **မုနိန္ဒ-အို မြတ်စွာဘုရား၊ တဝ- ရှင်တော်မြတ်ဘုရား၏၊ အာလာပဟာသလီဠာဟိ - တရားတော်သံ, ပြုံးတော်မူဟန်တို့၏ စမ္ပါယ်ခြင်းတို့ဖြင့်၊ ဝိဇယာ-ကရဝိက်ငှက်, ကုမုဒြာကြာပန်းတို့ကို**

× × × × × × ×

တိုင်အောင်''သင်္ချာန'' ဟုခေါ်။ ] သင်္ချာယ+အနုတိက္ကမော ယထာသင်္ချံ၊ ကမသဒ္ဒါလည်း'' အစဉ်'' အနက်ကိုသာဟော၏၊ ဤနေရာ၌ကား ''အစဉ်အတိုင်း'' ဟူသော ယထာက္ကမ အနက်တိုင်အောင် ယူ။

မှတ်ချက်။ ။ '' ဥဒ္ဒေသော သင်္ချာနမိတိ ယထာသင်္ချံ ဣတိ နိဒ္ဒိဋ္ဌံ '' ၌ ဥဒ္ဒေသောဟူသော ပုလ္လိင်ကံပုဒ်ကို မငဲ့ဘဲ, သင်္ချာနံ ဣတိ ယထာသင်္ချံ ဣတိဟူသော နပုလ္လိင် အာကာရကို ငဲ့၍ '' နိဒ္ဒိဋ္ဌံ '' ဟု ဆိုသည်၊ ထိုသို့ဆိုရ-၌''သင်္ချာနံ''ဟူသော နာမည်, ''ယထာသင်္ချံ'' ဟူသော နာမည်ကို ပြသောအရာဖြစ်၍ ထို သင်္ချာနံပုဒ် ယထာသင်္ချံ ပုဒ်တို့က ပဓာန ဖြစ်သောကြောင့် ပဓာနပုဒ်ကိုငဲ့၍ ဆိုသည် ဟုမှတ်၊ ဥပမာ—''ဥပေါသထဿ တောနိ ပုဗ္ဗကရဏန္တိ ဝုစ္စတိ''၌ တောနိ ကို မငဲ့ဘဲ '' ပုဗ္ဗကရဏန္တိ ''ဟူသော အာကာရကိုငဲ့၍ ''ဝုစ္စတိ''ဟု ကေဝုစ်ချသကဲ့သို့တည်း၊ '' ကမောတိ''ကို ငဲ့ရာ၌ကား '' နိဒ္ဒိဋ္ဌော'' ဟု ပြင်၍ထားရမည်။ [နိဒ္ဒိဋ္ဌန္တိ(နိဒ္ဒိဋ္ဌံပုဒ်သည်)သင်္ချာနံ ယထာသင်္ချန္တိ ဒွယံ အပေက္ခာယ ( ရှုငဲ့၍ ) တဿ ပဓာနတ္တာ နပုံသကံ ဟောတိ၊ ကမောတိ အပေက္ခာယ '' နိဒ္ဒိဋ္ဌော''တိ ပုလ္လိင်္ဂံ ဟောတိ၊ အပ္ပဓာနော အနုဒ္ဒေသောတိ ( ပဓာနမဟုတ်သော အနုဒ္ဒေသော ဟူသော ပုဒ်ကို)နာပေက္ခတိ-မငဲ့၊—ဋီကာသစ်။]

---

၂၆၀။ အာလာပတျာဒိ။ ။''အလာပ ဟာသလီဠာဟိ၌(၁) အာလာပလီဠာ, (၂) ဟာသလီဠာ'' ဟု ၂ မျိုးခွဲ၊ ဤ ၂ မျိုးသည် ပဌမ ပြဆိုအပ်သောကြောင့် ဥဒ္ဒိဋ္ဌပဒတ္တတည်း၊ ( ၁) ''ကောကိလာ (၂)ကုမုဒါနိ'' ဟု ၂ မျိုးခွဲ၊ ဤ ၂ မျိုးကား အစဉ်အတိုင်း နောင်ထပ်

www.dhammaransi.com



အောင်တော်မူခြင်းကြောင့်၊ ကောကိလာစ- ကရဝိက်ငှက်တို့သည်၎င်း၊ ကုမုဒါနိစ-ကုမုဒြာ ကြာဖြူပန်းတို့သည်၎င်း၊ ဝနံစ-တောသို့၎င်း၊ ဇလံစ-ရေသို့၎င်း၊ ဥပသေဝန္တေ ဣဝ-မှီခိုကုန်သကဲ့သို့ ထင်ရပါသည်ဘုရား။

× × × × × × ×

ပြဆိုအပ်သော အနက်ဖြစ်သောကြောင့် "အနုဒ္ဒေသ"တည်း၊ ဘုရားရှင်သည်အာလာပလိဋ္ဌာ(တင့်တယ်စမ္ပါယ်သောတရားသံတော်)ဖြင့် အသံကောင်းသော ကရဝိက်ငှက်များကို အောင်တော်မူ၏၊ ဟာသလိဋ္ဌာ ( စမ္ပါယ်စွာ ပြုံးတော်မူသော အခါ ထွက်ပေါ်လာသော ဖြူဖွေးသော သွားတော်ရောင် )ဖြင့် ဖြူဖွေးသော ကုမုဒြာကြာဖြူပန်းတို့ကို အောင်တော်မူသည်-ဟူလို။

ဥပသေဝန္တေ ဝနံ ဇလံ။ ။"(၁)ဝနံ (၂) ဇလံ" ဟု ၂ မျိုးခွဲ၍ ၂ မျိုးကိုလည်း အစဉ်ကိုမလွန်ဘဲ နောက်ထပ်ပြဆိုခြင်း ဖြစ်သောကြောင့် "အနုဒ္ဒေသ" ပင်တည်း၊ ၎င်းအနုဒ္ဒေသကိုထောက်၍"ကောကိလာ, ကုမုဒါနိ"တို့ကို "ဥဒ္ဒိဋ္ဌ"ဟုလည်း ဆိုနိုင်ပြန်၏။ [ ၎င်းသို့လျှင် အစဉ်ဖြစ်ရုံမျှမကဘဲ,ဘုရားရှင်၏အသံတော်နှင့် ပြုံးတော်မူပုံကို၎င်း, ကရဝိက်ငှက် ကုမုဒြာကြာတို့၏ တော-ရေသို့ ပြေးရပုံကို၎င်း တန်ဆာဆင်၍ဆိုသောကြောင့် ကမအလင်္ကာရဂုဏ် ရောက်သည်။]

ဋီကာ။ ။"ကောကိလာ-ကရဝိကာစ" ဟု ဖွင့်၏၊ "ကောကိလ-ဥဩငှက်"ဟု ပေးရိုးရှိသော်လည်း ဋီကာအတိုင်း " ကရဝိက်ငှက်"ဟု ပေးလိုက်သည်၊ ဥပသေဝန္တေ ဣဝကို"နိဿယံ ကရောန္တိ မညေ" ဟု ဖွင့်သောကြောင့် " ကောကိလာ ကုမုဒါနိဝေါ - ပသေဝန္တေ ဝနံ ဇလံ" ဟု ပါဌ်မှန်ရှိစေ၊"ကုမုဒါနိ+ဣဝ+ဥပသေဝန္တေ" ဟု ပုဒ်ဖြတ်၊ဣဝကို"မညေ"ဟု ဖွင့်သည်၊ ၎င်းသို့ ဣဝ-ပါသောကြောင့် ပရိကပ္ပနာအလင်္ကာ ပါနေသော်လည်း ကမအလင်္ကာကို ဆိုသောအရာဖြစ်၍ ပဓာနအားဖြင့် ကမအလင်္ကာ၏ ပုံစံဟုသာမှတ်။[ဧဝံ ပရိကပ္ပနာ အလင်္ကာရသံသဂ္ဂေ သတိပိ ဥဒ္ဒေသက္ကမေန ဒဿိတဿ အနုဒ္ဒေသဿ(နောက်ထပ်ပြအပ်သောအနက်၏)မုခတ္တာ(ပဓာန၏ အဖြစ်ကြောင့်) အယံ ကမာလင်္ကာရောနာမ။]

www.dhammaransi.com



**ပိယတရအလင်္ကာ၏ လက္ခဏာ**

၂၆၁။ သိယာ ပိယတရံနာမ, အတ္တရူပဿ ကဿစိ၊
ပိယဿာ·တိသယေနေတံ, ယံ ဟောတိ ပဋိပါဒနံ။

၂၆၁။ အတိသယေန - အလွန်အကြူး အထူးအားဖြင့်၊ ပိယဿ-ချစ်မြတ်နိုးအပ်သော၊ ကဿစိ-တစုံတခုသော၊ အတ္တရူပဿ-အနက်သဘောကို၊ ယံ ပဋိပါဒနံ-အကြင်ထင်စွာပြောပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဧတံ-ဤ ထင်စွာပြောပြခြင်းသည်၊ ပိယတရံနာမ-ပိယတရ အလင်္ကာမည်သည်၊ သိယာ-ဖြစ်၏။

၂၆၂။ ပီတိ ယာ မေ သမုပ္ပန္နာ, သန္တံ သန္ဒဿနာ တဝ၊
ကာလေနာ·ယံ ဘဝေ ပီတိ, တဝေ·ဝ ပုန ဒဿနာ။

၂၆၂။ သန္တံ - အို မြတ်စွာဘုရား၊ တဝ - ရှင်တော်ဘုရားကို၊ သန္ဒဿနာ-ယခုခါတွင်, ဖူးမြင်ရခြင်းကြောင့်၊ မေ-တပည့်တော်၏၊ ယာပီတိ- အကြင်ပီတိသည်၊ သမုပ္ပန္နာ - ကောင်းစွာဖြစ်ပါ၏၊ ကာလေန- သင့်လျော်သောအခါ၌၊ တဝေဝ - ရှင်တော်ဘုရားကိုပင်၊ ပုန-တဖန်၊ ဒဿနာ-ဖူးမြင်ရခြင်းကြောင့်၊အယံပီတိ-ဤပီတိသည်၊ ဘဝေ-ဖြစ်ရာပါ၏။

× × × × × × ×

၂၆၁။ သိယာတျာဒိ။ ။ အလွန်ချစ်အပ် မြတ်နိုးအပ်သော အနက်တစုံတရာကိုပြဆိုခြင်းသည် ပိယတရအလင်္ကာတည်း၊ဂါထာ၌ "ပိယဿ+အတိသယေန" ဖြင့် ပိယတရပုဒ်၏ အနက်ကိုပြ၍၊ အတိသယေန+ပိယံ ပိယတရံ (အတ္တရူပံ) အတိသယ (ဝိသေသ)အနက်၌ တရပစ္စည်းသက်၊ ဤ "ပိယတရ" အရ အလွန်ချစ်အပ်သော အနက် သဘောကိုသာမုချရသော်လည်း ထိုအနက်ကို သဒ္ဒါ၌တင်စား၍ ဖလူပစာရအားဖြင့် အဖွဲ့အနွဲ့ကိုလည်း"ပိယတရအလင်္ကာ"ဟုမှတ်။

၂၆၂။ ပီတိတျာဒိ။ ။ အို မြတ်စွာဘုရား ....ရှင်တော်ဘုရားကို ဖူးမြင်ရခြင်းကြောင့် အကြင်ပီတိသည် ယခုအခါ ဖြစ်ပါပြီ၊ ဤကဲ့သို့ အခါကောင်းမျိုး၌ ရှင်တော်ဘုရားကို နောင်ထပ် ဖူးရခြင်းကြောင့်သာ ဤပီတိမျိုး ဖြစ်စရာ ရှိပါ တော့သည် ဘုရား၊ "အခြားသူကို မြင်ရလို့တော့ ဤပီတိမျိုး မဖြစ်နိုင်တော့ပါ"ဟူလို၊ ဤစကားအရ "ဘုရား

www.dhammaransi.com



ရှင်သည် အတုမရှိအောင် အလွန်အမင်း မြတ်နိုးစရာ ကောင်းသော ပိယတရဖြစ်သည်” ဟု ဝဏ်ဏဂုတ္တိ ( သွယ်ဝိုက်သောနည်း )အားဖြင့် ဆိုသောကြောင့် “ဤဂါထာသည် ပိယတရအလင်္ကာရဂုဏ်ရှေ့သော ဂါထာဖြစ်သည် ” ဟု မှတ်။

ဋီကာ။ ။အယံပီတိ-သည်၊ ကာလေန (ဤဒိသေန ခဏေန )- ဤကဲ့သို့ အခွင့်ကောင်း အခါကောင်း၌၊ တယာ သဒိသဿ အညဿ အဘာဝါ တဝေဝ - အရှင်ဘုရားနှင့်တူသူ အခြားတယောက် မရှိတော့ သဖြင့် အရှင့်ကိုသာ၊ ပုနဒဿနံ ( ဒဿနတော ) ဘဝေ၊ ဧတ္ထ- ဤ ဂါထာ၌၊ ပီတိယာ + အတိသယ ဟေတုဘူတံ - ပီတိလွန်ကဲခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော၊ အတိဋ္ဌာရမဏတ္တ ဒဿနေန- ဘုရား ရှင်၏ အတိဋ္ဌာရုံအဖြစ်ကိုပြသဖြင့်၎င်း၊အတိဂေဇ္ဈ ပကာသနေန- မိမိ၏ အလွန်စွဲလမ်းပုံကို ထင်ရှားပြသဖြင့်၎င်း၊ အတိပိယဇာတိ ပဒ တ္ထံ- အလွန်ချစ်မြတ်နိုးအပ် ဟူသောပုဒ်နက်ကို၊ ပကာသိတံ ဟောတိ။ [“ပဒတ္ထော ပကာသိတော”ဟု ပုံလိပ်ရှိလျှင်ကောင်း၏။]

**အယံ ပီတိ ဘဝေ**။ ။ပုဗ္ဗကာလေ ဥပ္ပန္နပီတိယာ ပုန အသမ္ဘ ဝတော-ရှေးကာလ၌ဖြစ်ပြီးသောပီတိ၏ နောက်ထပ် မဖြစ်နိုင်သော ကြောင့်၊ တံသဒိသာယေဝ ပီတိ ဂဟိတာ-ထိုဖြစ်ပြီးပီတိနှင့် အလား တူဖြစ်သော နောံပီတိကိုသာ (သဒိသူပစာရနည်းအားဖြင့်) “အယံ ပီတိ”ဟု ဆိုထားသည်-ဟူလို၊ ဥပမာ-သောယေဝ ဝန္တကော= ( ငုံး ၄ကျချင်း တူသောကြောင့် ) ထို ငုံးပင်တည်း ” ဟု ဆိုခြင်း, “ တာနိ ယေဝ ဩသဓာနိ=(ဆေးချင်းတူသောကြောင့်) ထို ဆေးတို့ပင်”ဟု ဆိုခြင်းမျိုးတည်း။

ယတော သရာမိ အတ္တာနံ, ယတော ပတ္တောသ္မိ ဝိညုတံ၊
နစာဟံ အဘိဇာနာမိ, အညံ ပိယတရံ တယာ။

အင်္ဂုကနိပါတ်, သုလသာဇာတ်လာ ဤဂါထာသည်(မိမိ အထူး သဖြင့် ချစ်ခင်မြတ်နိုးကြောင်းကိုပြဆိုသောကြောင့်)ပိယတရအလင်္ကာ ဂုဏ်ရောက်သည်-ဟု ဆိုကြ၏၊သို့သော် ဝဏ်ဏဂုတ္တိအလင်္ကာတွင်ပါဝင် နေသော ပိယတရအလင်္ကာကို “ အလွန် ချစ်အပ် ” ဟု တိုက်ရိုက် ဆိုရာ၌ ရနိုင်မည်မထင်၊ ထို့ကြောင့် ထိုစကားကို စဉ်းစားပါလေ။

www.dhammaransi.com



## သမာသဝုတ္တိ လက္ခဏာ

၂၆၃။ ဝဏ္ဏိတေနော·ပမာနေန, ဝုတျာ·မိပ္ပေတဝတ္ထုနော၊
သမာသဝုတ္တိနာမာ·ယ, မတ္ထသင်္ခေပရူပတော။

၂၆၃။ ဝဏ္ဏိတေန - ချီးမွမ်းအပ်သော၊ ဥပမာနေန- ဥပမာန ဝတ္ထုဖြင့်၊ အမိပ္ပေတဝတ္ထုနော- အလိုရှိအပ်သော ဥပမေယျဝတ္ထု ကို၊ ဝုတျာ - ဆိုခြင်းအားဖြင့်၊ အတ္ထသင်္ခေပရူပတော - အနက်ကို အကျဉ်းချုံးခြင်းသဘောရှိသည်၏အဖြစ်ကြောင့်၊အယံ-ဤအလင်္ကာ သည်၊ သမာသဝုတ္တိနာမ - သမာသဝုတ္တိအလင်္ကာမည်၏။ [ ဋီကာ တို့၌ ''ဝုတျာ ကထနေန''ဟု ဖွင့်သည့်အတိုင်း ပေးသည်။]

× × × × × × ×

၂၆၃။ ဝဏ္ဏိတေနတျာဒိ။ ။တိုက်ရိုက်စကား အသုံးအားဖြင့် ဥပမာနဝတ္ထုကို ချီးမွမ်းထား၏၊ ဆိုလိုအပ်သော အနက်ကား ဥပ မာနဝတ္ထုမဟုတ်,ဥပမေယျဝတ္ထုတည်း၊ဤသို့ ဥပမာနတပိုင်းကိုသာ ပြဆို၍ ဥပမေယျကို မပြဆိုခြင်းသည် ( ထို ဥပမေယျ အနက်ကို ) အကျဉ်းချုံးသော အလင်္ကာတမျိုးပင်တည်း၊ [သမာသေန- အကျဉ်း အားဖြင့် + ဝုတ္တိ- ဆိုခြင်းတည်း၊ သမာသဝုတ္တိ- ခြင်း။ ] မိန်းကလေး တယောက်ကို ချီးမွမ်းလိုရာဝယ် ထိုမိန်းကလေးအနားမှာ ရှိသော ပန်းကလေးကို '' ဒီပန်းကလေးက လှလဲ လှ, မွှေးလဲ မွှေးတယ် ''ဟု ပြောသော စကားမျိုးပင်တည်း၊ ဤစကားမျိုးကို ''ချိတ်၍ စောင်း၍ ပြောသည် ''ဟု ဆိုကြ၏။

ဋီကာ။ ။ ဝတ္ထုံ ဣဋ္ဌံတတ္ထံ သင်္ဂဟေတွာ မနသိကတွာ - ဆိုလို အပ်သော အနက်ကို အကျဉ်းချုံး၍ (ထုတ်ဖော်၍ မပြောဆိုဘဲ စိတ် ထည်း၌ထား၍ )တဿ(ထိုစိတ်၌ ထားအပ်သော ဥပမေယျဝတ္ထု၏) ဥပမာနဘူတဿ ဝဏ္ဏနာယ-ဥပမာနဖြစ်သောအနက်ကို ချီးမွမ်း ခြင်းအားဖြင့်၊မနသိကတဿ ပကာသနတော-စိတ်ထည်း၌ထားအပ် သော အနက်ကို ထင်ရှားပြခြင်းကြောင့်၊ အယံ သမာသဝုတ္တိနာမ၊ တေဿ-၏၊ ပဒါဘိဟိတော-ပုဒ်တို့သည်တိုက်ရိုက်ဟောအပ်သော၊ သကတ္ထော- ဥပမာနဖြစ်သော သကတ်အနက်သည်၊ အပ္ပဓာနော- ဆိုလိုရင်း မဟုတ်၊ ဂမ္မမာနတ္ထောပန - တိုက်ရိုက် မပြသဖြင့် မှန်းဆ၍ သိအပ်သော ဥပမေယျအနက်သည်သာ၊ ပဓာနော ဟောတိ။

www.dhammaransi.com



### သမာသ ဝုတ္တိ ၂ မျိုး

၂၆၄။ သာ·ယံ ဝိသေသျမတ္တေန, ဘိန္နာ·ဘိန္နဝိသေသနာ၊
အတ္ထေဝ အပရာပျ·တ္တိ, ဘိန္နာဘိန္နဝိသေသနာ။

၂၆၄။ သာ·ယံ (သမာသဝုတ္တိ)-ထိုဆိုအပ်ပြီးသော သမာသဝုတ္တိသည်၊ ဝိသေသျ မတ္တေန-ဝိသေသျမျှဖြင့်၊ ဘိန္နာ-ကွဲပြားသည်၊ ဟုတ္တာ-ဖြစ်၍၊အဘိန္နဝိသေသ နာ-မကွဲပြားသောဝိသေသနရှိသော သမာသဝုတ္တိသည်၊ အတ္ထိဧဝ-ရှိသည်သာ၊ အပရာ- အခြား တမျိုးသော၊ ဘိန္နာဘိန္နဝိသေသနာပိ- ကွဲပြားသော ဝိသေသန, မကွဲပြားသော ဝိသေသန ရှိသော သမာသဝုတ္တိ သည်လည်း၊ အတ္ထေဝ-ရှိသည်သာတည်း။ [ ဝိသေသျအနက်သာ ကွဲပြား၍ ဝိသေသနဂုဏ်အားလုံး မကွဲပြားသော အဘိန္နဝိသေသန , ဝိသေသျအနက်သာကွဲပြား၍ ဝိသေသနဂုဏ်များကွဲပြား-မကွဲပြား ၂မျိုးပါသောဘိန္နာဘိန္နဝိသေသန၊ ဤသို့ ၂ မျိုးပြားသည်-ဟူလို။]

---

### အဘိန္နဝိသေသန သမာသဝုတ္တိ

၂၆၅။ ဝိသုဒ္ဓါ·မတသန္ဒာယီ,ပသတ္ထရတနာ·လယော၊
ဂမ္ဘီရောစာ·ယ·မမ္ဘောဓိ,ပုညေနာ·ပါဒိတော မယာ။

၂၆၅။ ဝိသုဒ္ဓါမတသန္ဒာယီ – အထူးသန့်ရှင်းသော အမြိုက်အရသာကို ပေးတတ်ထသော၊ ပသတ္ထရတနာလယော - ချီးမွမ်းထိုက်သော ရတနာတို့၏ တည်ရာလည်း ဖြစ်ထသော၊ ဂမ္ဘီရောစ-နက်လည်း နက်ထသော၊ အယံအမ္ဘောဓိ - ဤ နို့ခမ်းသမုဒ္ဒာကို၊ (နှုတ်ဖြင့်မမြွက်ဘဲ စိတ်ထည်း၌ မှန်းအပ်သောအနက်ကား “အယံ အမ္ဘောဓိ - ဤ သူတော်ကောင်းတရားကို ” )၊ မယာ - ငါသည်၊ ပုညေန-ရှေးကစီမံ, ကုသိုလ်ကံကြောင့်၊ အာပါဒိတော-မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေသည် တကား။

× × × × × × ×

၂၆၅။ ဝိသုဒ္ဓါတျာဒိ။ ။ဤဂါထာ၌ ဝိသေသျသည် “ အယံ အမ္ဘောဓိ”တည်း၊ ဝိသုဒ္ဓါမတသန္ဒာယီ -စသော ၃ ပုဒ်ကား ဂုဏ်ကို ပြသော ဝိသေသနပုဒ်များတည်း၊ ဤ ဂါထာဖြင့် တိုက်ရိုက် ချီးမွမ်း

www.dhammaransi.com



အပ်(ထုတ်ဖေါ် ပြောဆိုအပ်သော ) ဥပမာန အနက်သည် သမုဒြာတည်း၊ စိတ်ထည်း၌ မှန်းထားအပ်သော ဥပမေယျကား သဒ္ဓမ္မတည်း၊ ဤသို့ " အဗ္ဘောဓိ "ဟူသော ဝိသေသျ၏ အနက်သည် " သမုဒြာ-သူတော်ကောင်းတရား"အားဖြင့် ၂ မျိုးကွဲပြား၏၊ ထိုသို့ ကွဲပြားမှုကို " ဝိသေသျမတ္တေန ဘိန္နာ " ဟု ရှေ့ ဂါထာ၌ ဆိုခဲ့သည်၊ ဝိသုဒ္ဓါမတသန္နာယီ-စသောဝိသေသန ၃ ပုဒ်ကား သမုဒြာနှင့် စပ်သည်ဖြစ်စေ, သဒ္ဓမ္မနှင့် စပ်သည် ဖြစ်စေ မကွဲပြားတော့၊ ထိုသို့ မကွဲပြားခြင်းကို "အဘိန္နဝိသေသန"ဟု ဆိုခဲ့သည်၊ ဆိုလိုအပ်သော သဒ္ဓမ္မအနက်ကို ဖေါ်မပြဘဲ ချုံး၍ဆိုသောကြောင့် သမာသဝုတ္တိလည်း ဖြစ်သည်။

ဝိသုဒ္ဓါမတသန္နာယီ ။ ။ လောကီလူတို့၏ အပြောအားဖြင့် နတ်နှင့် အသုရာတို့ သမုဒြာ မွှေရာ၌ ( စစ်ဖြစ်သည်ကို ဆိုဟန်တူသည်) ဝိသေန အမိဿတ္တာ- အဆိပ်နှင့် မရောသောကြောင့်၊ ဝိသုဒ္ဓ ဘူတပီယူသ ဒါယကော- အထူးသန့်ရှင်းသော အမြိုက်သုဓာဘုတ်ကို ပေးတတ်ထသော၊ ဤကား နို့ခမ်း သမုဒြာအတွက် အဖွင့်။

ဥပမာဘူတသမုဒ္ဒဏ္ဏနာယ-ဥပမာဖြစ်သောသမုဒြာကို ချိုးမွမ်းခြင်းဖြင့်၊ဗုဒ္ဓိယာ ဥပမာနဿ သဒ္ဓမ္မဿပကာသနတော-စိတ်ထည်း၌ဖြစ်သော သူတော်ကောင်းတရားကိုထင်ရှားပြနိုင်ခြင်းကြောင့်၊ဝိသုဒ္ဓါမတသန္နာယီ - ကာမာမိဿာဒိ ဒေါသလေသေနပိ အမိဿိတတ္တာ-ကာမဂုဏ်အာမိသဟူသော အပြစ်အနည်းငယ်နှင့်လည်း မရောသည့်အဖြစ်ကြောင့်၊ အတိနိမ္မလံ (ဝိသုဒ္ဓံ အဖွင့်)ဇရာမရဏာရဟိတံ နိဗ္ဗာနံ (အမတံ အဖွင့်)ဥပဒေသဒါနေန ဝေနေယျာနံ ဒါယကော- နိဗ္ဗာန် ရကြောင်း နည်းလမ်းကောင်းကို ညွှန်ပြသော အားဖြင့် ဝေနေယျတို့အားပေးတတ်ထသော၊....ဤကား သဒ္ဓမ္မအတွက် အဖွင့်။

ပသတ္ထရတနာလယော ဂမ္ဘီရော။ ။နိဒ္ဒေါသတ္တာပသတ္ထာနံ-အကွဲအနာ အပြစ်အဆာ မရှိသည့် အတွက် ချီးမွမ်းအပ်ကုန်သော၊ မုတ္တာမဏိအာဒီနံ ရတနာနံ ပတ္တိဋ္ဌာနဘူတော။ [ " ရတနာနံ+အာလယော-တည်ရာတည်း၊ ရတနာလယော " ဟု ပြုစေလိုသည်။] ဤကား သမုဒြာနှင့်ဆိုင်သော အနက်အဖွင့်၊ပသတ္ထရတနာလယော-ဗုဒ္ဓါဒိဟိ ပသတ္ထာနံ သတ္တတ္တိံသ ဗောဓိပက္ခိယဓမ္မ သင်္ခါတရတနာနံ

www.dhammaransi.com



ပဝတ္တိဒေသဘူတော၊ ဤကား သဒ္ဒမ္မနှင့်ဆိုင်သော အဖွင့်၊ ပကတိယာ ယေဝ အဂါဓော - ပင်ကိုယ်အားဖြင့်ပင် ထောက်၍ မမှီနိုင်အောင် နက်သော၊ [သမုဒြာအတွက်။] ဧကစ္စနယာဒိ စတုဗ္ဗိဓနယေဟိ ဂမ္ဘီ ရော-ဧကတ္တနည်းစသော ၄ ပါးသောနည်းတို့ဖြင့်နက်သော။[သဒ္ဒမ္မ အတွက်အဖွင့်၊ထိုနည်း ၄ပါးကို သင်္ဂြိုဟ်-ပဋိစ္စသမုပ္ပါဒ်အဖွင့်မှာရှု။]

မှတ်ချက်။ ။ ဋီကာ၌ သမုဒြာနှင့် ဆိုင်သော အနက်တမျိုး, သဒ္ဒမ္မနှင့် ဆိုင်သော အနက်တမျိုးအားဖြင့် အနက် ၂ မျိုး ဖွင့်ထား ခြင်းမှာ အဓိပ္ပါယ်ပေါ်အောင်ဖွင့်ခြင်းသာတည်း၊နိဿယ၌ ထိုအဖွင့် အတိုင်းသာပေးလျှင် သမုဒြာနှင့် ဆိုင်သော အနက်သည် သဒ္ဒမ္မနှင့် မဆိုင် , သဒ္ဒမ္မနှင့် ဆိုင်သော အနက်လည်း သမုဒြာနှင့် မဆိုင်ရကား "ဝိသုဒ္ဓါမတသန္ဒာယီ-စသောဝိသေသန၃ ပုဒ်သည် အဘိန္နဝိသေသန များ ဖြစ်ကြ၏" ဟူသော စကားနှင့် မသင့်ဘဲ ရှိရာ၏၊ ထို့ကြောင့် နိဿယ၌ ဝိသေသန ၃ ခုကို အဓိပ္ပါယ်ပေါ်အောင် အကျယ်မပေးဘဲ သဒ္ဒါနက်ထိဒိရုံ ပေးမှသာ သမုဒြာ-သဒ္ဒမ္မ ၂ မျိုးလုံး၏ အဘိန္နဝိသေ သန ဖြစ်နိုင်ကြသည်-ဟုမှတ်၊ မှန်၏-သိလေသ အလင်္ကာမဟုတ်လျှင် ပုဒ်တခု၌ အနက် ၂ ထပ် မပေးနိုင်ပါ၊ သို့သော် ဋီကာဖွင့် အတိုင်း အဓိပ္ပါယ်ပေါ်လွင်အောင် အနက်ကျယ်ကိုလည်း မှတ်သားပါဦး။

**သမုဒြာ အတွက်** ဝိသုဒ္ဓါမတသန္ဒာယီ — အဆိတ်ကင်း၍ , သန့်ရှင်းလှစွာ, အမြိုက် သုဓာကို , ကောင်းစွာ ပေးတတ်ပေထသော၊ ပသတ္ထရတနာလယော—ချီးမွမ်းထိုက်စွာ, ပုလဲစသော ရတနာတို့၏, တည်ရာ လည်း ဖြစ်ပေထသော၊ ဂမ္ဘီရော—ယူဇနာပေါင်း, ရှစ်သောင်းလေးထောင်, တိုင်အောင် ဆက်ဆက်, နက်လည်း နက်ဝှမ်းပေထသော၊ အယံ အမ္ဘောဓိ— ဤ နို့ဓမ်းသမုဒြာကို၊ မယာ-ငါသည်၊ ပုညေန-ရှေးကစိမံ, ကုသိုလ်ကံကြောင့်၊ အာပါဒိတော—မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေပြီ တကား။

**သဒ္ဓမ္မ အတွက်** ဝိသုဒ္ဓါမတသန္ဒာယီ- ကာမာဓိသ, စသည်ကင်း၍ , သန့်ရှင်း စွာမှန်, မြိုက်နိဗ္ဗာန်ကို , ကေန်ပေးတတ်ပေထသော၊ ပသတ္ထ ရတနာလယော—ချီးမွမ်းထိုက်စွာ, ဗောဓိပက္ခိယ တရားရတနာတို့၏,တည်ရာ လည်းဖြစ်ပေထသော၊ ဂမ္ဘီရော-ဧကတ္တနယ,စသည် ၄ ချက်, နည်းစုံထွက်၍, နက်နဲလည်း နက်နဲပေထသော၊ အယံ အမ္ဘောဓိ- ဤပိဋကတ ၃ ဖြာ, သမုဒြာကို၊ မယာ—ငါသည်၊ ပုညေန— ရှေးကစိမံ , ကုသိုလ်ကံကြောင့်၊ အာပါဒိတော— မျက်ဝါးထင်ထင်, တွေ့မြင်ပေါက်ရောက်အပ်ပေပြီ တကား။

www.dhammaransi.com



**ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ**

၂၆၆။ ဣဋ္ဌိတတ္တပဒေါ သာရော,ဖလပုပ္ဖေါ·ပသောဘိတော၊
သန္တာယော·ယံ·မပုဗ္ဗော·ဝ,ကပ္ပရုက္ခော သမုဋ္ဌိတော။

၂၆၆။ ဣဋ္ဌိတတ္တပဒေါ- အလိုရှိအပ်သောအကျိုးကို ပေးနိုင်ထသော၊ သာရော - ကောင်းမြတ်ထသော၊ ဖလပုပ္ဖေါ·ပသောဘိတော-အသီးအပွင့်တို့ဖြင့် တင့်တယ်ထသော၊ သန္တာယော-အရိပ်အရောင်နှင့်တကွ ဖြစ်ထသော၊ အယံ ကပ္ပရုက္ခော- ဤပဒေသာပင်သည်၊ [ နှုတ်မမြွက်ဘဲ စိတ်ထည်း၌ မှန်းဆအပ်သော အနက်ကား ''အယံ ကပ္ပရုက္ခော-ဤ ဘုရားရှင်သည်''၊] အပုဗ္ဗော-မဖြစ်စဘူး, အထူးအဆန်းသည်၊ ( ဟုတ္វာ) ဝ - ဖြစ်၍သာလျှင်၊ သမုဋ္ဌိတော-ငါတို့ကံအလျောက်, ပေါက်ရောက်လာပြီတကား။

× × × × × × +

၂၆၆။ ဤဂါထာ၌ ကပ္ပရုက္ခောသည် ဝိသေသျတည်း၊ ထိုဝိသေသျ၌ ''ပဒေသာပင်'' ဟု နှုတ်မြွက်ပြောဆိုအပ်သော ဥပမာနအနက်, ''ဘုရား''ဟု စိတ်ဖြင့်မှန်းထားအပ်သောဥပမေယျအနက်-ဟုအနက် ၂ ချက်ရှိ၏၊ ဤသို့ ဝိသေသျအနက် ၂ မျိုး ပြားသည်ကို '' ဝိသေသျ မတ္တေန ဘိန္နာ'' ဟု ဆိုခဲ့သည်၊ ဣဋ္ဌိတတ္တပဒေါ- စသော ဝိသေသန ၄ ပုဒ်တွင်''ဖလပုပ္ဖေါပသောဘိတော''ဟူသောဝိသေသနဂုဏ်သည် ''ဘုရား''တည်းဟူသောဝိသေသျနှင့် မစပ်၊ ''ပဒေသာပင် ''ဟူသော ဝိသေသျနှင့်သာ စပ်၏၊ ကျန် ဝိသေသနဂုဏ် ၃ ပါးကား''ပဒေသာပင်နှင့် ဘုရားရှင် '' ဟူသော ဝိသေသျ ၂ မျိုးနှင့်စပ်၏၊ ဤသို့ ကွဲပြားသော ဝိသေသန,မကွဲပြားသောဝိသေသနအားဖြင့် ဝိသေသန ၂မျိုး ရှိသောကြောင့်၎င်း , ပဒေသာပင် ဟူသော ဥပမာန တဘက်ကိုသာ ဖေါ်ပြ၍, ဘုရာ ရှင်ဟူသော ဥပမေယျကို ဖေါ်မပြဘဲ အကျဉ်းချုံး၍ ဆိုခြင်းကြောင့်၎င်း , ဤဂါထာသည် ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ ပုံဖြစ်သည်။

ဣဋ္ဌိတတ္တပဒေါ။ ။[ဣဋ္ဌိတတ္တေ+ပဒါတီတိ ဣဋ္ဌိတတ္တပဒေါ။] သတ္တေဟိ ဣဋ္ဌိတာနံ လောကိယ အဝိညာဏက ဝတ္ထာဘရဏာဒီနံ ဒါယကော = သတ္တဝါတို့အလိုရှိအပ်သော လောကီဖြစ်သော သက်မဲ့အဝတ်တန်ဆာ စသည်တို့ကို ပေးတတ်သော၊ ကပ္ပရုက္ခ အဘွက်

www.dhammaransi.com



အဓိပ္ပါယ်နက်၊ [ ကပ္ပရုက္ခသည် လောကုတ္တရာကျိုး-သက်ရှိအကျိုးကို မပေးနိုင်၊ ] စိတ္တေ ပတိဋ္ဌိတဿ ဗီနပဒတ္တဿ ကထေတုကာမတာယ - နှုတ်ဖြင့် မမြွက်ဘဲ စိတ်၌သာ တည်သော ဘုရားရှင် အနက်ကို ဆိုလိုရာ၌ကား၊ ဇုန္တိတတ္တပဒေါ - သတ္တေဟိ ပတ္တိတာနံ လောကိယ လောကုတ္တရာနံ သကလတ္ထာနံ (ဇုန္တိတတ္တ အဖွင့်) အနုရူပ ဝသေန တေသံတေသံ သတ္တာနံ ဒါယကော- ထိုထို သတ္တဝါတို့အားလျော်စွာ ပေးခတ်မူတတ်သော၊ ဤကား ဘုရားရှင်အတွက် အဓိပ္ပါယ်နက်။

**သာရော ၊ပေ၊ ဘိတော။** ။ရုက္ခေသု ဤဒိသရုက္ခဿ အဘာဝတော ဥတ္တမော၊ ( ကပ္ပရုက္ခအတွက် အနက် )၊ သာရော - သဒေဝကာဒိ သတ္တလောကေသု တာဒိသသတ္တဝိသေသဿ အဘာဝတော ဥတ္တမော၊ ( ဘုရားရှင်အတွက် အနက်ဖွင့်၊ ) ကပ္ပဒုမာနုရူပဖလေဟိ ပုပ္ဖေဟိ စ သောဘိတော-ပဒေသာပင် အားလျော်သော အသီးအပွင့်တို့ဖြင့် တင့်တယ်သော။[ဤ "ဝိသေသန"ကား ဘုရားအတွက် မရ။]

**သဏ္ဌာယော အပုဗ္ဗော။** ။[သဟ+ဆာယာယ ယော ဝတ္တတီတိ သဏ္ဌာယော။ ] စန္ဒသူရိယာလောကေဟိ အာဝရဏီယရုက္ခဆ္ဆာယာယ သမန္နာဂတော - လအရောင် နေအရောင်တို့မှ တားဆီးနိုင်သော သစ်ပင်အရိပ်နှင့် ပြည့်စုံသော၊ (ပဒေသာပင်အတွက်)၊သဏ္ဌာယော-နီလပီတာဒိ ဆဗ္ဗိဓရံသိဇာလေဟိ သမန္နာဂတော- ရောင်ခြည်တော် ၆ လက် , ဇာကွန်ယှက်တို့နှင့် ပြည့်စုံသော၊ ( ဘုရားရှင်အတွက် )၊ [ဆာယာ သဒ္ဒါသည် "အရောင်"ဟူသော အနက်ကိုလည်းဟော၏၊ အဘိဓာန်(၉၅၄)ကြည့်ပါ။] ပုဗ္ဗေ+အသဉ္ဇာတော- ရှေး၌ မဖြစ်ခဲ့ဘူးသော။[ပုဗ္ဗေ+ဇာတော ပုဗ္ဗော၊ န+ပုဗ္ဗော အပုဗ္ဗော။]ရှေ့ဝိသေသနပုဒ် ၄ ပုဒ်သာ ကပ္ပရုက္ခော၏ ဂုဏ်ထူးကို ပြသော ဝိသေသန ဖြစ်သည်၊ ဤ "အပုဗ္ဗော"ကား ဂုဏ်ထူးကိုမပြသော သာမည ဝိသေသနတည်း၊ ဤအဖွင့်အတိုင်း အောက်ပါအနက်ကိုလည်း မှတ်ပါ။

**ပဒေသာပင် အတွက်** ဇုန္တိတတ္တပဒေါ-လောကီနှင့်စပ်,လိုလားအပ်သည့် အဝတ်တန်ဆာ , သက်မဲ့ဥစ္စာကိုလည်း ပေးတတ်ထသော၊ သာရော-အနှစ်ပြည့်လတ်, ကောင်းမြတ်ပေထသော၊ ဖလပုပ္ဖေါပသောဘိတော-သုံးစွဲ မကုန်, သီးပွင့်စုံဖြင့်,

www.dhammaransi.com



### ဆိုပြီးအတွက် ရှင်းလင်းခြင်း

၂၆၇။ သာဂရဗ္ဘေန သဒ္ဓမ္မော, ရုက္ခဗ္ဘေန သော·ဒိတော ဇိနော၊
သဗ္ဗေ သာခေရဏာ ဓမ္မာ, ပုဗ္ဗတြာ·ညတြ တုဏ္ဍယံ။

၂၆၇။ သဒ္ဓမ္မော- သူတော်ကောင်းတရားကို၊ သာဂရဗ္ဘေန- သမုဒြာ၏ အဖြစ်ဖြင့်၊ ဝါ- သမုဒြာသဏ္ဍာန် , ပုံဟန်ပြုသဖြင့်၊ ဉဒိတော-ဆိုအပ်ပြီ၊ ဇိနော-မြတ်စွာဘုရားကို၊ ရုက္ခဗ္ဘေန- ပဒေသာပင်၏ အဖြစ်ဖြင့်၊ ဝါ - ပဒေသာပင်သဏ္ဍာန် , ပုံဟန်ပြုသဖြင့်၊ ဉဒိတော-ဆိုအပ်ပြီ၊ ပုဗ္ဗတြ-ရှေ့ဂါထာ၌၊ သဗ္ဗေ- အလုံးစုံကုန်သော၊

× × × × × × ×

ဖုံဖုံမြင့်ကြွယ် , တင့်တယ်ပေထသော၊ သစ္စာယော - နေရှိန်မဟပ်, မိုယ်းမစွပ်သဖြင့်, ကောင်းမြတ်သော အရိပ်လည်း ရှိထသော၊ အယံ ကပ္ပရုက္ခော-ဤပဒေသာပင်ကြီးသည်၊ အပုဗ္ဗောဝ-ရှေးရှေးခေတ်က, မဖြစ်စဘူး , အထူးအဆန်းဖြစ်၍ သာလျှင်၊ သမုဋ္ဌိတော – ငါတို့ကံ အလျော်, ပေါ်ပေါက်လာပြီတကား။

**ဘုရားရှင်အတွက်** ဣဋ္ဌိတတ္တပဒေါ-လောကုတ်လောကီ,နှစ်လီနှင့်စပ်, လိုအပ်သောအကျိုးကိုလည်း ပေးတတ်ပေထသော၊ သာရော - အနှစ်ပြည့်လတ် , လွန်မြတ်ပေထသော၊ [''ဖလ၊ပေ၊တော'' အတွက် အနက်မပေးရ။ ] သစ္စာယော - ရောင်ခြည်တော်ခြံသွယ်, လွန်သပ္ပါယ်သဖြင့်, တင့်တယ်သောအရောင်လည်း ရှိပေထသော၊ အယံ ကပ္ပရုက္ခော-ဤဘုရားမြတ်စွာ, ပဒေသာပင်ကြီးသည်၊ အပုဗ္ဗောဝ - ရှေးရှေးခေတ်က , မဖြစ်စဘူး , အထူးအဆန်းဖြစ်၍သာလျှင်၊ သမုဋ္ဌိတော - ငါတို့ကံအလျော်, ပေါ်ပေါက်တော် မူလာပေပြီတကား။

---

၂၆၇။ သာဂရဗ္ဘေန၊ပေ၊ဇိနော။ ။ဤဂါထာသည် ဆိုအပ်ပြီး ၂ ဂါထာကို ရှင်းပြသော ဂါထာတည်း၊ ပဌမဂါထာ၌ သူတော်ကောင်း တရားတော်ကို သမုဒြာအဖြစ်ဖြင့် (သမုဒြာကဲ့သို့ ပုံသဏ္ဍာန်ပြု၍) ဆိုအပ်၏၊ ဒုတိယဂါထာ၌ ဘုရားရှင်ကို ပဒေသာပင်အဖြစ်ဖြင့် (ပဒေသာပင်ကဲ့သို့ပုံသဏ္ဍာန်ပြု၍)ဆိုအပ်၏၊ထို့ကြောင့် ရှေ့ဂါထာ၌ သမုဒြာကို နှုတ်မြွက် ပြောဆိုအပ်သော်လည်း အရကောက်သောအခါ

www.dhammaransi.com



မ္မော - ဝိသေသန ဂုဏ်ပုဒ်တို့သည်၊ သာဓာရဏာ - ဥပမာန, ဥပမေယျ ၂ ပါးလုံးနှင့်ဆက်ဆံကုန်၏၊ အညတြတ္ - ရှေ့ဂါထာမှတပါးသော နောက်ဂါထာ၌ကား၊ တယံ - ဖလပုပ္ဖေါ ပသောဘိတော မှတပါးသောဝိသေသန ၃ ခုအပေါင်းသည်၊ (သာဓာရဏ-ဥပမာ, ဥပမေယျ ၂ ပါးလုံးနှင့် ဆက်ဆံ၏။)

× × × × × × ×

စိတ်ဖြင့်မှန်းဆအပ်သော "သဒ္ဓမ္မ"ကိုသာ အရကောက်ရမည်ဟုရင်း, နောက်ဂါထာ၌ ပဒေသာပင်ကို နှုတ်မြွက် ပြောဆို အပ်သော်လည်း အရကောက်သော အခါ စိတ်ဖြင့် မှန်းဆအပ်သော " ဘုရားရှင် " တည်းဟူသော အနက်ကိုသာ အရကောက်ရမည် ဟုရင်း မှတ်ပါ။

သဗ္ဗေ၊ ပေ၊ တယံ။ ။ ရှေ့ပုံစံဂါထာ၌ ဝိသုဒ္ဓါမတ သန္ဒာယီ-စသော ဝိသေသနအားလုံးသည်ပင် " အဇ္ဈောမိ- သဒ္ဓမ္မ " ဟူသော ဝိသေသျ ၂ ပါးနှင့်ဆက်ဆံကြ၏၊ နောက်ပုံစံဂါထာ၌ကား ဇုန္တိတတ္တပဒေါ, သာရော, သစ္ဆာယော- ဟူသော ဝိသေသန ၃ ပုဒ်သာ ကပ္ပရုက္ခ - ဇိန ဟူသော ဝိသေသျ ၂ ပါးလုံးနှင့် ဆက်ဆံ၏၊ " ဖလပုပ္ဖေါ ပသောဘိတော"ဟူသော ဝိသေသနကား "ဇိန"ဟူသော ဝိသေသျနှင့် မဆက်ဆံ။ [တယံ ဇုန္တိတတ္တပဒေါ , သာရော , သစ္ဆာယော တိ ဝိသေသနတ္တယံ၊ သာဓာရဏံ၊ ဖလ ပုပ္ဖေါ ပသောဘိတော ပန ရုက္ခာဝေနိကော-ကပ္ပရုက္ခ၏ သီးခြားဝိသေသနတည်း။]

အပုဗ္ဗော ။ ။ အပုဗ္ဗော ဇုစ္စာဒိကံ-အပုဗ္ဗော အစရှိသည်ကား (ဇုစ္စာဒိဖြင့် သမုဒ္ဒိတောကို ယူစေလိုဟန်တူသည် )၊ ဝိသေသန မေဝ-ဝိသေသန သာမညသာတည်း၊ တထာဟိ( ထိုစကားမှန်၏ )၊ ဇုမိနာ-၌ အပုဗ္ဗောစသည်ဖြင့်၊ ယုတ္တဓမ္မဘူတော - သင့်လျော်သော သဘောရှိသည်ဖြစ်၍ ဖြစ်သော၊ ကောစိ ဝိသေသော-တစုံတခု ဂုဏ်အထူးကို၊ ပကာသိတော- ပြအပ်သည်၊ နဟောတိ၊ ဇုတိ-ထို့ကြောင့်၊ ဝိသေသနတ္တံ - ဝိသေသန အဖြစ်ကို၊ အညေသု ယေဝ ဝုတ္တံ - ဇုန္တိတတ္တပဒေါ စသော အခြားပုဒ်တို့၌သာဆိုအပ်ပြီ။ [အပုဗ္ဗော, သမုဒ္ဒိတောတို့သည် ဂုဏ်ထူးကိုဖော်ပြသော ဝိသေသနများ မဟုတ်, သာမန် ဝိသေသနမျှသာ ဖြစ်သည်-ဟူလို။]

www.dhammaransi.com



### ပရိကပ္ပနာ၏ လက္ခဏာ

၂၆၀။ ဝတ္ထုနော·ညပ္ပကာရေန, ဋ္ဌိတာ ဝုတ္တိ တဒညထာ၊
ပရိကပ္ပိယတေ ယတ္ထ, သာ ဟောတိ ပရိကပ္ပနာ။

၂၆၀။ ယတ္ထ– အကြင်အလင်္ကာ၌၊ ဝတ္ထုနော– တစုံတခုသော ဝတ္ထု၏၊ ဝုတ္တိ - ဖြစ်ခြင်းသည်၊ အညပ္ပကာရေန - ကြံဆအပ်သည်မှ တပါးသော အပြားအားဖြင့်၊ ဋ္ဌိတာ- တည်ရှိ၍၊ တဒညထာ - ထို တည်ရှိတိုင်းသော အခြင်းအရာမှ တပါးသော အပြား အားဖြင့်၊ (ဝတ္ထုဋ္ဌိတိ- ဝတ္ထု၏တည်ရှိပုံကို၊)ပရိကပ္ပိယတေ - ကြံကြံဘန်ဘန် ပြောဆိုအပ်၏၊ သာ - ထိုအလင်္ကာသည်၊ ပရိကပ္ပနာ - ပရိကပ္ပနာ အလင်္ကာမည်သည်၊ ဟောတိ-ဖြစ်၏။

× × × × × × ×

၂၆၀။ သက်ရှိဝတ္ထုဖြစ်စေ , သက်မဲ့ဝတ္ထုဖြစ်စေ တစုံတခုသော အရာဝတ္ထု၏ အမှန်ဖြစ်သော သဘောမှ တပါးသော အခြင်းအရာ အားဖြင့် ကြံကြံဘန်ဘန် ပြောဆိုအပ်ရာ အလင်္ကာသည် ပရိကပ္ပနာ အလင်္ကာမည်၏။ [ဖြစ်တာကတမျိုး, ပြောတာကတမျိုး ဖြစ်အောင် ကြံဆောင်ထားအပ်ရာ အလင်္ကာ-ဟူလို။]

ဝတ္ထုနော၊ပေ၊ဋ္ဌိတာ။ ။ဝတ္ထုနော- ယဿ ကဿစိ သဝိညာဏက အဝိညာဏက ပဒတ္ထဿ၊ ဝုတ္တိ- ပဝတ္တိ။ [ဝုတ္တိကို " ဆိုခြင်း" ဟု အနက်ပေးမည်စိုး၍ " ပဝတ္တိ " ဟု ဖွင့်သည်။ ] ဝတ္ထုနော ဝုတ္တိ- သက်ရှိဖြစ်စေ သက်မဲ့ဖြစ်စေ တစုံတခုသောဝတ္ထု၏ဖြစ်ခြင်း၊ ကပ္ပနီယ ပ္ပကာရတော ( အည၏ အပါဒါန်ကို ထည့်သည် )အညေန ဝိဇ္ဇမာန ပ္ပကာရေန၊ ဋ္ဌိတာ-ပဝတ္တမာနာ(ဖြစ်တည်နေ၏)၊ " ကြံကြံဘန်ဘန် ပြောအပ်သော အပြားမှတပါးသော ထင်ရှားရှိသော အပြားအား ဖြင့် တည်ရှိနေသည်"ဟူလို။

တဒညထာ ပရိကပ္ပိယတေ။ ။တတော ဝိဇ္ဇမာနပ္ပကာရတော (တ၏အဖွင့် ) အညေန အဝိဇ္ဇမာနပ္ပကာရေန ( အညထာအဖွင့် ) ယတ္ထဝုတ္တိယံ ( အကြင်အလင်္ကာ၌) ပရိကပ္ပိယတေ- ကြံစည်အပ်၏၊ သာ ပရိကပ္ပနာနာမ ဟောတိ၊ [ပရိကပ္ပိယတေ ယတ္ထာတိပရိကပ္ပနာ] ကြံကြံဘန်ဘန် ပြောဆိုပုံမှာ ပုံစံ၌ ထင်ရှားပါလိမ့်မည်။

www.dhammaransi.com



### ပရိကပ္ပနာအပြားနှင့် ပဋိညာဉ်

၂၆၉။ ဥပမာဗ္ဘန္တရတ္တေန, ကိရိယာဒိ ဝသေနစ၊
ကမေနော·ဒါဟရိဿာမိ, ဝိဝိဓာ ပရိကပ္ပနာ။

၂၆၉၊ ဥပမာဗ္ဘန္တရတ္တေန-အတွင်း၌ ဥပမာရှိသည်၏ အဖြစ်ဖြင့်၎င်း၊ ကိရိယာဒိဝသေနစ-ကိရိယာစသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ ဝိဝိဓာ - အထူးထူး အပြားပြား များကုန်သော၊ ပရိကပ္ပနာ-ပရိကပ္ပနာတို့ကို၊ ကမေန - အစဉ်အားဖြင့်၊ ဥဒါဟရိဿာမိ - ထုတ်ဆောင်ပေအံ့။ [ အတွင်း၌ ဥပမာရှိသော ဥပမာဗ္ဘန္တရပရိကပ္ပနာ, ကြိယာစသည်ပါရှိသော ကြိယာဒိပရိကပ္ပနာအားဖြင့် ပရိကပ္ပနာ ၂မျိုးပြား၏၊ ကြိယာဒိ၌ အာဒိဖြင့် ဒဗ္ဗ, ဂုဏ, ဇာတိစသည်ကို ယူ၊ ''ထိုပရိကပ္ပနာတို့ကို အစဉ်အတိုင်း ဥဒါဟရဏ် ထုတ်ပြတော့မည် ''ဟု ပဋိညာဉ်ပြုသည်။]

---

### ဥပမာဗ္ဘန္တရပရိကပ္ပနာ

၂၇၀။ ဇုဏ္ဍာ ဘင်္ဂါတုရာ·သိနာ, တာ·တိနိစ္စလ·မစ္ဆရာ၊
ဝသံ နေန္တိ ဝ မိရံ·တံ, တဒါ ယောဂါဘိယောဂတော။

၂၇၀။ ဇုဏ္ဍာဘင်္ဂါတုရာ-အလို၏ပျက်စီးခြင်းကြောင့် နာကျည်းခံခက်ကြကုန်သော၊ အတိနိစ္စလံ- လွန်စွာမလှုပ်, ငုတ်တုတ်မှိုင်တွေလျက်၊ အာသိနာ- ထိုင်နေကြကုန်သော၊ တာအစ္ဆရာ-ထိုမာရ်မင်းသမီးတော်, ညီမ ၃ ဘော်တို့သည်၊ တဒါ-အကြံတုံး၍ ရှုံးခဲ့လေရာ, ထိုအခါ၌၊ ယောဂါဘိယောဂတော-ဂါထာမန္တာန်ကို အဖန်ဖန်အားထုတ်, မန်းမှုတ်ခြင်းအားဖြင့်၊ တံမိရံ- လှုပ်ရှား မယိုင်, မြဲခိုင်တည့်မတ်, ထို ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဝသံ-မိမိတို့အလိုသို့၊ နေန္တိဝ-တနဲဆင်၍, ဆွဲငင်ကြလေယောင် တကား။

× × × × × × ×

၂၇၀။ ဇုဏ္ဍာဘင်္ဂါတုရာ၊ပေ၊မစ္ဆရာ။ ။အလိုဆန္ဒ၏ပျက်ခြင်းသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍(ငြိမ်သက်စွာ)ထိုင်နေကြကုန်သော မာရ်နတ်၏ သမီးတော် ညီမ ၃ ဘော်တို့သည် ဘုရားရှင်မှ ရှုံးခဲ့ကြရာ ထိုအခါ၌ ဘုရားရှင်ကို ပီယမန္တာန် စုတ်သောအားဖြင့် မိမိတို့အလိုပါအောင် ဆွဲဆောင်နေကြသည်-ဟု ထင်၏။

www.dhammaransi.com



ဝတ္ထုရင်း။ ။ဤဂါထာဖြင့် ဆိုအပ်သောကိစ္စ၌ အကြောင်းရင်း ဝတ္ထုကို ရှေးဦးစွာ နားလည်သင့်၏၊ ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်အနီး အဇပါလညောင်ပင်ဝယ် ထိုင်နေတော်မူသော ဘုရားရှင်ကို မာရ်နတ်သမီး ၃ ယောက်တို့သည် အမျိုးမျိုးသော နည်းဖြင့် ဖျားယောင်းလာကြ၏၊ ဘုရားရှင်သည် ထို ဖျားယောင်းမှုကို လုံးဝ ဂရုစိုက်တော် မမူဘဲ တရားကိုသာ အာရုံပြု၍ နေတော်မူ၏၊ ထိုသို့ ဖျားယောင်း၍ မရခြင်းကြောင့် မိမိတို့ လိုအင်ဆန္ဒ ပျက်သဖြင့် စိတ် ထည်း၌ မခံချည့်မခံသာဖြစ်လျက် နတ်ပြည်သို့တက်သွား၍ တနေရာ၌ မှိုင်တွေကာ ထိုင်နေကြလေသည်။ [ ၈၂ ဂါထာ၏ အဓိပ္ပါယ်၌လည်း ဤဝတ္ထုပါခဲ့ပြီ။]

မှတ်ချက်။ ။ မာရ်နတ်သမီး ၃ ယောက် ဟူသော သက်ရှိဝတ္ထု တို့၏ ဘုရားကို ဖျားယောင်း မရသဖြင့် မလှုပ်မလှက် ငြိမ်သက်စွာ ထိုင်နေကြခြင်းသည်''ဝတ္ထုနော ညပ္ပကာရေန ဌိတာ ဝုတ္တိ''နှင့် အညီ ကြိကြိဘန်ဘန်ပြောဆိုအပ်သော အခြင်းအရာမှ တပါးသော အခြင်း အရာအားဖြင့် အမှန်ဖြစ်နေ၏၊ ထိုသို့ ဖြစ်နေပုံကို ရှေ့ ၂ ပါဒဖြင့် ပြသည်၊ ထိုသို့ ငြိမ်သက်စွာ ထိုင်နေခြင်းကိုပင် '' တဒညထာ ပရိကပ္ပိ ယတေ''နှင့် အညီ''ဘုရားရှင်ကို မိမိတို့အလိုပါအောင် ဆွဲဆောင်လို၍ ပိယမဏ္ဍနံစုတ်နေကြသည်''ဟု(တပါးသောအခြင်းအရာအားဖြင့်) ကြိကြိ ဘန်ဘန် ပြောဆိုလေသည်၊ ထို ကြိကြိ ဘန်ဘန် ပြောဆိုပုံကို နောက် ၂ ပါဒဖြင့် ပြသည်။

ဆိုလိုရင်းကား — '' ဘုရားရှင်ကို ဖျားယောင်း၍ မရသဖြင့် မာရ်နတ်သမီး ၃ ယောက်တို့၏ ငြိမ်သက်စွာထိုင်နေပုံမှာ ဘုရားရှင်ကို မိမိတို့အလိုပါအောင် ဆွဲဆောင်လို၍ ဇော်ဂနီစုန်းမတို့ ပိယမဏ္ဍနံ စုတ်နေကြခြင်းနှင့် တူပါပေသည် '' ဟု ဥပမာပြု၍ ဆိုလိုသော်လည်း ထိုဥပမာကို တိုက်ရိုက်မပြဘဲ အတွင်းမြှုပ်၍ ပြထားသောကြောင့် ဤ ဂါထာသည် ဥပမာဗ္ဘန္တရ ပရိကပ္ပနာ အလင်္ကာဂုဏ် ရောက်သော ဂါထာဖြစ်သည် - ဟူလို။

ဋီကာ ။ ။ မာရင်္ဂနာနံ- မာရ်နတ်သမီးတို့၏၊ နိစ္စလနိသဇ္ဇာယ- မလှုပ်မလှက် ငြိမ်သက်စွာ ထိုင်နေခြင်း၏၊ ယောဂိနီနံ - ဇော်ဂနီ (စုန်းမ)တို့၏၊ မဏ္ဍနုဋ္ဌာယန သဒိသတ္တာ-မဏ္ဍနံစုတ်ခြင်းနှင့် တူသည်၏

www.dhammaransi.com





အဖြစ်ကြောင့်၊ မာရဂ်နာနံ-တို့၏ငင်း၊ ယောဂိနီနံ-တို့၏ငင်း၊ ဥပမာန ဥပမေယျတ္တံ-ကို၊ သာမတ္တိယာ- တဂါထာလုံး၏ ဟောစွမ်းနိုင်သော သတ္တိအားဖြင့်၊ ဂမျတေ - သိအပ်သိနိုင်၏၊ ဣတိ သော ဥပမာဗ္ဘန္တရ ပရိကပ္ပနာ နာမ၊—ဋီကာ။ [ အားထုတ်အပ်သော မန္တာန်အတတ်ရှိသူမကို " ယောဂိနီ " ဟု ခေါ်၏၊ ယကို ဇသံဖတ်၍ " ဇောဂိနီ "မှ "ဇော်ဂနီ"ဖြစ်လာသည်-ဟု ကြံကြသည်။]

ဋီကာ။ ။ အဇပါလနိဂြောဓမူလေ နိသိန္နံ ဘဂဝန္တံ ပလောဘေဿာမာတိ အတ္တနာယေဝ ကတာယ ဣစ္ဆာယ အနိပ္ဖတ္တိယာ (ဘဂ်ါကို အနိပ္ဖတ္တိယာ ဟုဖွင့် ) ဗီဠိတာ နာသိကဂ္ဂေ ပတိတဒိဋ္ဌေဟိ သမန္နာဂတာ-နှာသီးအဖျား၌ ကျရောက်သော မျက်လုံးတို့နှင့်ပြည့်စုံကုန်သည်ဖြစ်၍၊ (နာညတြဝုတ္တိယာ ကြိယာန္တရဝိရဟတော- အခြားအာရုံ၌ မဖြစ်ခြင်း အားဖြင့် ကြိယာတပါးမှ ကင်းခြင်းကြောင့်၊ ) [မျက်လုံးကို အောက်စိုက်ထားမှုကို"နှာသီးဖျား၌ကျသော မျက်လုံးရှိသည် " ဟု ဆိုသည်။ ] အာသိနာ ၊ ပေ ၊ ပဋ္ဌာယမာနာ နိသိန္နာ-မလှုပ်မလှက်ဘဲ မှိုင်လျက် ထိုင်နေကြကုန်သော၊ တာ အစ္ဆရာယောဂိနိသဒိသာ(မိးတောက်မီးလျှံကဲ့သို့ ဝင်းထိန်နေကုန်,စုန်းတော်သလို တောက်နေကုန်သော)တဏှာရတိရဂါသင်္ခါတာ မာရဂ်နာယော။

သိင်္ဂါရာဓိပ္ပါယေန - ချစ်ကြိုက်စေလိုသဖြင့်၊ ကတာနေကလီလာဝိလာသေနာပိ - ပြုအပ်သော များစွာသော ( အမျိုးမျိုးသော ) တင့်တယ်စမ္ပါယ်သော အမူအရာဖြင့်လည်း၊ အကမ္ပမာနံ-မတုန်လှုပ်ဘဲ ခိုင်မြဲတော်မူသော ( ဓိရံအဖွင့် ) တံ ဘဂဝန္တံ၊ မန္တဇပ္ပနသင်္ခါတယောဂါနုယုဥ္ဇနေန - မန္တာန်စုတ်ခြင်း ဟု ဆိုအပ်သော ယောဂကိုအဘန်ဘန် အားထုတ် ( မန်းမှုတ် )ခြင်း အားဖြင့်၊ [ ယုဥ္ဇိတဗ္ဗောတိ ယောဂေါ = အားထုတ်အပ်သော မန္တာန်၊ အဘိယုဥ္ဇနံ အဘိယောဂေါ၊ ယောဂဿ+ အဘိယောဂေါ ယောဂါဘိယောဂေါ၊ ] အတ္တနော ဝသံ ( မိမိတို့၏ အလိုသို့)၊ တဒါ-အတ္တနော ပရာဇယကာလေ၊ နေန္တိဝ- ပါပေန္တိမညေ။ [ဤသို့ "နေန္တိ" ဟု ကြိယာပါသော်လည်း ကြိယာပဓာန မဟုတ်ဘဲ ဥပမာသာလျှင် ပဓာန ဖြစ်သောကြောင့် " ဥပမာဗ္ဘန္တရ ပရိကပ္ပနာ" ဟုသာ ခေါ်ရသည်။]

## ကြိယာပရိကပ္ပနာ ပုံစံ

၂၇၁။ ဂဇံ မာရော သမာရုဠှော, ယုဒ္ဓါယ·စ္စန္တ·မုန္နတံ၊
မဂ္ဂ·မန္ဓေသတိ နူန, ဇိနဘီတော ပလာယိတုံ။

၂၇၁။ ယုဒ္ဓါယ-စစ်ထိုးခြင်းငှါ၊ အစ္စန္တံ ဥန္နတံ-အလွန်တရာ, မြင့်လှစွာသော၊ ဂဇံ-ဂိရိမေခလာ,သည္ဘာမည်ဟီး, ဆင်ပြောင်ကြီး ကို၊ သမာရုဠှော- ကောင်းစွာ တက်စီးသော၊ မာရော – မာရ်နတ် မင်းသည်၊ ဇိနဘီတော - ဘုရားမှကြောက်သည်၊(ဟုတ္ထာ- ဖြစ်၍၊) ပလာယိတုံ -ထွက်ပြေးခြင်းငှါ၊ မဂ္ဂံ- ဘေးဘယာမသန်း, ပြေးစရာ လမ်းကို၊ အန္ဓေသတိနူန-ရှာမှီးလေယောင်တကား။

× × × × × × ×

၂၇၁။ ဂဇံတျာဒိ။ ။ဤဂါထာ၌ မာရ်နတ်၏ဘုရားအလောင်းကို စစ်ထိုးဘို့ရန် အလွန်မြင့်သော ဂိရိမေခလာဆင်ပြောင်ကြီးကို စီးခြင်း ကြိယာသည် ဝတ္ထုနော အညပ္ပကာရေန ဌိတာဝုတ္တိ ( မာရ်နတ်မင်း ဟူသော သက်ရှိဝတ္ထု၏ အမှန်ဖြစ်တည်သော ကြိယာ)တည်း၊ ထိုသို့ အလွန်မြင့်သော ဆင်ကို စီးခြင်းကိုပင် " ဘုရားမှ ကြောက်လို့ အမြင့် ကြီးကတက်ပြီး ပြေးစရာ လမ်းပေါက်ရှာတာ ထင်တယ်"ဟု စီးခြင်း ကြိယာကို ( အမှန်ဖြစ်သောအခြင်းအရာမှ တပါးသော အခြင်းအရာ အားဖြင့် ) ကြံကြံဖန်ဖန် ပြောဆိုသောကြောင့် ကြိယာပရိကပ္ပနာ အလင်္ကာဂုဏ်ရောက်သော ပုံစံဖြစ်သည်။

ဋီကာ။ ။အစ္စန္တံ-အတိသယေန၊ ဥန္နတံ-ဒိယမုသတယော ဇနာ ယာမာ ရူပဥစ္စဂုဏ သမန္နာဂတံ - အလျားယူဇနာ တ ငါးဆယ် အရှည်အားလျော်အောင် အမြင့်ဂုဏ်နှင့် ပြည့်စုံသော၊ ( အမြင့်ကို "မည်မျှမြင့်သည် " ဟု မပြဘဲ အလျားနှင့်တန်အောင်မြင့်သည် - ဟု ဆိုသည်၊)ယုဒ္ဓတ္ထံ ကုရုမာနော ဂဇာ ရောဟဏံ-စစ်တိုက်ဘို့ရာဆင်ကို စီးခြင်းကြိယာကို မဂ္ဂံ အန္ဓေသတ္ထံ ဇာ ဘိ-လမ်းရှာဘို့ရန် စီးခြင်း ဟု၊ ပရိကပ္ပိတတ္တာ သော ကိရိယာပရိကပ္ပနာ နာမ။

အစ္စန္တံ ။ ။ [ အစ္စန္တမိတိ – အစ္စန္တံပုဒ်၏၊ အသဉ္ဈသဉ္ဈဘာဝေပိ– သဉ္ဈာအပြားမရှိသော အဗျယိဘော , သဉ္ဈာအပြားရှိသော တပ္ပုရိသ်အဖြစ် သည်၊ သတိပိ–သော်လည်း၊ ပကရဏတော–အရာအားဖြင့်၊ အာမိဏ္ဍေဝ– အလွန်အကဲဟူသော အနက်၌သာ၊ ဝတ္တတိ–ဖြစ်၏၊ အာမိဏ္ဍ(အလွန်အကဲ) အနက်ဟောနိပါတ်ပုဒ်ဟု ဆိုလိုဟန်တူသည်။ ]

www.dhammaransi.com



ဂုဏာပရိကပ္ပနာ ပုံစံ

၂၇၂။ မုနိန္ဒ ပါဒဒ္ဓန္ဒေ တေ, စာရုရာဇီဝ သုန္ဒရေ၊
မညေ ပါပါဘိသမ္ဗဒ္ဓ-ဇာတသောဏေန သောဏိမာ။

၂၇၂။ မုနိန္ဒ-အို မြတ်စွာဘုရား၊ တေ- ရှင်တော်မြတ်ဘုရား၏၊ စာရုရာဇီဝ သုန္ဒရေ-လွန်စွာတင့်ဆန်း, ပဒုမ္မာကြာပန်းကဲ့သို့ နီမြန်းကောင်းမြတ်စွာသော၊ ပါဒဒ္ဓန္ဒေ - ခြေတော်အစုံ၌၊ သောဏိမာ-နီမြန်းသည်၏ အဖြစ်သည်၊ ဝါ - အနီရောင်သည်၊ ပါပါဘိသမ္ဗဒ္ဓ ဇာတသောဏေန မညေ - မကောင်းမှုတို့ကို နင်းချေခြင်းကြောင့် ဖြစ်ပေါ်လာသော သွေးကြောင့်ဖြစ်သော အရောင်ဟု မှတ်ထင်ပါသည်ဘုရား။

× × × × × × ×

၂၇၂။ မုနိန္ဒတျာဒိ ။ ။ ဤဂါထာ၏အနက်၌ အမှန်ဖြစ်နေသည်ကား ရှေးကံတော်ကြောင့် ဘဝါးတော်နီခြင်း(အနီရောင်)ဂုဏ်တည်း၊ ထို အနီရောင်ဂုဏ်ကို " မကောင်းမှုကို နင်းချေသတ်ဖြတ်ခြင်းကြောင့် သွေးစွန်းနေသောအနီရောင်"ဟု ကြံကြံဘန်ဘန်ပြောဆိုအပ်သောကြောင့် ဂုဏာပရိကပ္ပနာ အလင်္ကာ၏ ပုံစံဖြစ်သည်။

ဋီကာ။ ။စာရုရာဇီဝသုန္ဒရေ - မနုည ပဒုမသုန္ဒရေ ပါဒဒ္ဓန္ဒေ၊ [စာရုကို " မနုည " ရာဇီဝကို " ပဒုမ " ဟု ဖွင့်သည်၊ ထောမနိဓိ၌ ရာဇီဝသဒ္ဒါ၏ အနက်များစွာတွင် ပဒုမအနက်လည်း ပါ၏။ ] သောဏိမာ-ရတ္တဝဏ္ဏံ။ [သောဏဿ-နီသောခြေဘဝါးအငုံ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ အနီရောင်တည်း၊ သောဏိမာ။ ] သပရ သန္တာန ဂတပါပါနံ သမ္ဗဒ္ဓနေန ဇာတေန ရုဓိရေနမညေ-နင်းချေခြင်းကြောင့်ဖြစ်သော သွေးကြောင့် (ဖြစ်သည်) ဟု ထင်ပါသည် ဘုရား။

**မှတ်ချက်။** ။"အတိသယံ သမ္ဗိသနေန ( ကြိတ်ချေခြင်းကြောင့်) ဇာတံ သောဏံ ရုဓိရံ၊ တေန ဇာတောတိ မညေ"ဟူသော ဋီကာဟောင်းကို နည်းမှီး၍ ဋီကာသစ်ကို ပြင်လိုက်သည်၊ ဤဋီကာဟောင်းအလို " ဇာတသောဏေန သောဏိမာ " ဟု ဂါထာ၌ ပါ၍ရှိရမည်။ [ ယခုစာတို့၌ " ဇာတသောဏိတ သောဏိမာ" ဟု ရှိသည်ကား " ဇာတ သောဏိတံ မညေ – ဖြစ်သောသွေး ဟု ထင်ပါသည် ဘုရား "ဟု ဆိုရာရောက်၏၊ အမှန်ကား– " သွေးဟု မထင်၊ သွေးစွန်းသော အနီရောင်"ဟု ထင်ခြင်းသာတည်း။

www.dhammaransi.com



## ပရိကပ္ပနာ ၂ မျိုး

၂၇၃။ မဇ္ဈေ သင်္ကော် ခုဝံ နူန-မိဝ မိစ္ဆေဝမာဒိဟိ၊
သာ·ယံ ဗျဥ္ဇိယတေ က္ဝာပိ က္ဝာပိ ဝါကျေန ဂမျတေ။

၂၇၃။ မဇ္ဈေ သင်္ကော် ခုဝံ နူန မိဝမိစ္ဆေဝမာဒိဟိ-မဇ္ဈေသဒ္ဒါ, သင်္ကော်သဒ္ဒါ, ခုဝံသဒ္ဒါ, နူနသဒ္ဒါ, ဣဝသဒ္ဒါ, ဤသို့ အစရှိသော သဒ္ဒါတို့ဖြင့်၊ က္ဝာပိ – အချို့အရာ၌၊ သာ·ယံ - ထို ပရိကပ္ပနာ အလင်္ကာကို၊ ဗျဥ္ဇိယတေ-ပြအပ်၏၊ က္ဝာပိ-အချို့အရာ၌၊ဝါကျေန-ဝါကျတခုလုံး၏ အနက်ဖြင့်၊ ဂမျတေ - သိအပ်၏။

× × × × × × ×

၂၇၃။ **မဇ္ဈေတျာဒိ**။ ။ဝေါဟာရသုခတ္ထံ- ပြော၍ လွယ်ခြင်း အကျိုးငှါ၊ ပရိကပ္ပနာပကာသကေ- ပရိကပ္ပနာအနက်ကို ပြတတ်ကုန်သော၊ သဒ္ဒေ - တို့ကို၊ ဒဿေတိ မဇ္ဈေ ဣစ္စာဒိနာ၊ မဇ္ဈေ ၊ ပေ ၊ ဧဝ မာဒိဟိ သဒ္ဒေဟိ-တို့ဖြင့်၊ သာယံ ပရိကပ္ပနာ- ကို၊ က္ဝာပိ - ဧတ္ထဝိယ ကတ္ထစိ(မုနိန္ဒ ပါဒဒွန္ဒေ တေ-စသော) ဤဂါထာ၌ကဲ့သို့ အချို့ပုံစံ၌၊ ဗျဥ္ဇိယတေ-ပကာသီယတေ။ [ဣစ္စေဝ မာဒိဟိ၌ အာဒိဖြင့် "တက္ကေမိ, ပရိကပ္ပေမိ, စိန္တယာမိ, ယထာ" စသည်တို့ကို ဋီကာယူသည်။]

**က္ဝာပိ ဝါကျေန ဂမျတေ**။ ။က္ဝာပိ-ကတ္ထစိ၊ ဝါကျေန-ကြိယာ ကာရက သမ္ဗန္ဓ ပဒသမုဒါယေန ဂမျတေ။ [ဝါကျဟူသည်-ကြိယာနှင့် ကာရကတို့ ဆက်စပ်လျက်ရှိသော ပုဒ်အပေါင်းတည်း၊ ထို့ကြောင့် ဝါကျေနကို " ကြိယာ၊ပေ၊ သမုဒါယေန " ဟု ဖွင့်သည်။ ] ဣဝါဒိ သဒ္ဒယောဂါဘာဝေပိ ကေဝလံ ဝါကျသာမတ္ထိယေနေဝ ဂမျတေ- ဥပမာဇောတက ဣဝါဒိဂိုဏ်းသဒ္ဒါ မပါ သော်လည်း သက်သက် ဝါကျ၏ အစွမ်းဖြင့်သာ သိအပ်သည်။

**မှတ်ချက်**။ ။ဣဝါဒိသဒ္ဒါဖြင့် သိအပ်သော ပရိကပ္ပနာကို "သဒ္ဒဂမ္မ ပရိကပ္ပနာ" ဟု နာမည်တပ်သင့်၏၊ ဥပမာအလင်္ကာ၌ " သဒ္ဒဂမ္မူပမာ " ဟု နာမည်တပ်ခဲ့သကဲ့သို့တည်း၊ [ရှေးနိဿယများ၌ "ဝစ္စပရိကပ္ပနာ" ဟု ၎င်း "သဒ္ဒပရိကပ္ပနာ" ဟု ၎င်း နာမည်တပ်သည်။ ] ဝါကျအနက်၏အစွမ်းဖြင့် သိအပ်သော ပရိကပ္ပနာကို "ဝါကျတ္ထဂမ္မ ပရိကပ္ပနာ"ဟု နာမည်တပ်သင့်၏၊ ဥပမာအလင်္ကာ၌ ("ဝါကျတ္ထဝိသယူပမာ"ဟု တပ်ခဲ့သည်၊) [ရှေးနိဿယ များ၌ "ပတီယမာနပရိကပ္ပနာ, အတ္ထပရိကပ္ပနာ" ဟု နာမည်တပ်သည်။]

www.dhammaransi.com



## ဝါကျဆွဂမ္ဘ ပရိကပ္ပနာ

၂၇၄။ ဒယာသဋ္ဌာရ သ ရသာ, ဒေဟာ နိက္ခန္တကန္တိယော၊
ပီဏေန္တာ ဇိန တေ သာဓု-ဇနံ သ ရသတံ နယုံ။

၂၇၄။ ဇိန-အိုမြတ်စွာဘုရား၊ တေ-ရှင်တော်ဘုရား၏၊ ဒယာသဋ္ဌာရ သရသာ-မဟာကရုဏာတော်၏အဖန်ဖန်ဖြစ်ခြင်းကြောင့် ချစ်မေတ္တာအစေးနှင့်တကွ ဖြစ်သော၊ ဒေဟာ-ကိုယ်တော်မှ၊ နိက္ခန္တ ကန္တိယော- အမြွတ်ထွက်ပေါ်, ရောင်ခြည်တော်တို့သည်၊ သာဓုဇနံ-သူတော်ကောင်း လူအပေါင်းကို၊ ပီဏေန္တာ-နှစ်သက်စေကုန်လျက်၊ သ ရသတံ-ချစ်မေတ္တာရှိသည်၏အဖြစ်သို့၊ နယုံ-ဆောင်ပါကုန်ပြီ ဘုရား။

× × × × × × ×

၂၇၄။ ဒယာတျာဒိ။ ။ဝါကျတခုလုံး၏အနက်ဖြင့် ပရိကပ္ပနာ သိရပုံကား—ဘုရားရှင်၏ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့က သူတော်ကောင်း တို့ကို နှစ်သက်စေနိုင်ခြင်းသည် ဝတ္ထုနော ဠိတာ ဝုတ္တိ=သက်မဲ့ ရောင်ခြည်တော်ဟူသော ဝတ္ထု၏ တည်နေသော သဘောမှန်တည်း၊ ထိုအမှန်သဘောကိုပင်(တပ:းသောအခြင်းအရာ အားဖြင့်) ကြံကြံဘန်ဘန်လုပ်၍ " သူတော်ကောင်းတို့ကို ချစ်မေတ္တာ ရှိအောင် ရောင်ခြည်တော်များက ဆွဲဆောင်နေကြသည် " ဟု ပြော သောစကားဖြစ်သည်၊ ထို့ကြောင့် ဤဂါထာ၌ ဥပမာဇ္ဈန္တရ-ဇုဝါဒိ သဒ္ဒါတို့ မပါဘဲ ဝါကျတခုလုံး၏အနက်ဖြင့် ပရိကပ္ပနာကို သိရသည်၊ ဒယာယ+သဋ္ဌာရော (ပုနပ္ပုနံပဝတ္တိ)၊ သဟ+ရသေန (သ္နေဟေန) ဝတ္တမာနော။ [ ဤအဖွင့်ကိုထောက်၍"ဒယာသဋ္ဌာရ" ဟု ရှိစေ၊]

ဋီကာ၊ ။ကရုဏာသိနေဟသောမ္မဒေဟသံသဂ္ဂတော-ကရုဏာ, ချစ်မေတ္တာတို့ဖြင့် မြေသော ကိုယ်တော်နှင့် ရောနှောမိခြင်းကြောင့်၊ ကန္တိယော-ရောင်ခြည်တော်တို့သည်၊ သယမ္ပိ-မိမိတို့ကိုယ်တိုင်လည်း၊ နိဿယဂုဏတော-မှီရာဂုဏ်အားဖြင့်၊ သောမ္မဘူတ အတ္တာနံ- မြေသည် ဖြစ်၍ဖြစ်သောမိမိကို၊ ဝိသယံကတွာ-အာရုံပြု၍၊ ပဝတ္တဇနေပိ မုခံ ကရောန္တေဝ၊ [နှည့်အောင်ပြု-ဟူသည် " ချစ်မေတ္တာ ဖြစ်အောင် ပြုခြင်း" တည်း၊] ဣတိ ဇုဝါဒိနံ အဘာဝေပိ ဝါကျဂမ္ဘပရိကပ္ပနာ။

www.dhammaransi.com



**သမာဟိတအလင်္ကာ၏ လက္ခဏာ**

၂၇၅။ အာရဗ္ဘန္တဿ ယံကိဉ္စိ, ကတ္တုံ ပုညဝသာ ပုန၊
သာဓနႏ္တရလာဘော ယော, တံ ဝဒန္တိ သမာဟိတံ။

၂၇၅။ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသောအကျိုးကို၊ ကတ္တုံ-ပြုခြင်းငှါ၊ အာရဗ္ဘန္တဿ-အားထုတ်သော ပုဂ္ဂိုလ်၏၊ ပုညဝသာ-ပုဉ်းကံ၏အစွမ်းကြောင့်၊ ပုန-တဖန်၊ ဝါ-ထပ်၍၊ ယောသာဓနန္တရလာဘော - အကြင် ပြီးစေတတ်သော အကြောင်းတမျိုးကို ရခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုပြီးစေတတ်သော အကြောင်းတမျိုးရခြင်းကို၊ သမာဟိတံ- သမာဟိတအလင်္ကာဟူ၍၊ ဝဒန္တိ- ဆိုကြကုန်၏။

× × × × × × ×

၂၇၅။ အာရဗ္ဘန္တဿတျာဒိ ။ ။ ရန်သူကို အောင်နိုင်ခြင်းစသောအကျိုး တစုံတခုကိုပြုလုပ်ရန် အားထုတ်နေသော ပုဂ္ဂိုလ်မှာ ထိုအကျိုးပြီးစေဘို့ အရေး၌ ကျေးဇူးများသော အကြောင်းတမျိုး ထပ်၍ရခြင်းကို ''သမာဟိတအလင်္ကာ '' ဟု ဆိုကြသည်။ [ ယံကိဉ္စိ-အဘိတ္ထဝိဇယာဒိကံ ကတ္တုံ အာရဗ္ဘန္တဿ ယဿ ပုညဝသာ-ကုသလဗလေန၊ ယော သာဓနန္တရလာဘော - တဿေဝ ( ထိုသူ၏ ပင် ) ကာရိယသိဒ္ဓိယာ ဥပကာရကဿ(အကျိုးပြီးခြင်းငှါ ကျေးဇူးပြုတတ်သော) အညဿ သာဓနဿ(အခြားပြီးစေတတ်သော အကြောင်းကို၊) ယောလာဘော အတ္ထိ၊ တံ ကာရဏလာဘံ သမာဟိတံ ဝဒန္တိ တဿေဝ ကာရိယဿ(ထိုအကျိုးကိုပင်)သမာဓာနတ္တာ(ကောင်းစွာထားတတ်သည်အဖြစ်ကြောင့်)ပတိဋ္ဌိတတ္တာ(နိုင်မြဲစွာတည်ကြောင်း၏အဖြစ်ကြောင့်) သမာဟိတံ ဣတိ ကဝိနော ဝဒန္တိ။]

ဧစနတ္ထ ။ ။ သာဓိယတေ အနေနာတိ သာဓနံ၊ အနေန - ဤအကြောင်းသည်၊ သာဓိယတေ အကျိုးကို ပြီးစေအပ်၏၊ ဣတိ- ထို့သို့ အကျိုးကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၊ တံ ထိုအကြောင်းသည်၊ သာဓနံ-မည်၏၊ [အဝုတ္တကတ္တုသာဓန။] သာဓနဉ္စ + တံ + အန္တရံစ (တပါး တခြားလည်းဟုတ်၏) ဣတိ သာဓနန္တရံ၊ သာဓနန္တရဿ+လာဘော သာဓနန္တရလာဘော၊ သမ္မာ- အကျိုးပြီးအောင် ကောင်းစွာ+အာဓာနံ- ထားခြင်းတည်း၊ သမာဟိတံ- ကောင်းစွာထားခြင်း၊

www.dhammaransi.com



### သမာဟိတပုံစံ

၂၇၆။ မာရာရိဘင်္ဂါဘိမုခ-မာနသော တဿ သတ္တုနော၊
မဟာမဟီ မဟာရဝံ, ရဝီ-ယ-မုပကာရိကာ။

၂၇၆။ မာရာရိဘင်္ဂါဘိမုခမာနသော - ရန်သူ မာရ်နတ်ကို ဖြိုဖျက်မှု၌ ရှေးရှုသောစိတ် ရှိတော်မူသော၊ တဿသတ္တုနော-ထို မြတ်စွာဘုရားအား၊ ဥပကာရိကာ- ထောက်ပံ့သမှု ကျေးဇူးပြုလျက်၊ အယံ မဟာမဟီ - ဤ မြေကြီးသည်၊ မဟာရဝံ- ပြင်းပြင်းထန်ထန်, မြည်ဟိန်းသံကို၊ ရဝိ- မြည်ဟိန်းလေပြီ။

× × × × × × ×

"အကျိုးပြီးအောင် ကောင်းစွာထားခြင်း"ဟူသည် ကျေးဇူးပြုခြင်း, အကူအညီ ပေးခြင်းတည်း။ [ သမာဟိတံ၌ သံ+ အာပုဗ္ဗ ဓာဓာတ်, တ ပစ္စည်း, အာကို ဠပြု, ဓကို ဟ ပြု။]

---

၂၇၆။ မာရာရိတျာဒိ။ ။ရန်သူမာရ်နတ်ကို နှိပ်နင်းခြင်းသည် ဘုရားရှင်၏အားထုတ်အပ်သောကိစ္စတည်း၊ထိုကိစ္စကိုပြုတော်မူသော ဘုရားရှင်အား ရှေးပုဉ်းကံကြောင့် မဟာပထဝီ မြေကြီးသည် ပြင်းထန်စွာ မြည်ဟီးလျက် ကျေးဇူးပြုကာ ကူညီလာရလေသည်၊ ဤ ဂါထာ၌ " မြေကြီး၏ ကျယ်စွာ မြည်ဟီးခြင်းကို အကြောင်းတမျိုး ရခြင်း"ဟု မှတ်။ [ဧတ္ထ ဟိ မာရာရိဘဉ္ဇနံ သတ္တုနာ အာရဒ္ဓကာရိယံ၊ တဿေဝ သိဒ္ဓိယာ ဟေတုဘူတံ အညကာရဏံနာမ မဟီရဝေါ- မြေကြီး၏ မြည်ဟီးခြင်းတည်း။]

ဋီကာ။ ။အာရဒ္ဓမာရဝိဇယဿ ( အားထုတ်အပ်သော မာရ် အောင်မှုကို) ဥပတ္ထမ္ဘိကာ(ထောက်ပံ့တတ် ကူညီတတ်သော) အယံ မဟာမဟီ မာရဿ ဟဒယဝတ္ထုံ မဒ္ဒန္တော ဝိယ ( မာရ်နတ်၏ နှလုံး သား ဝတ္ထုကို နှိပ်နယ်လိုက် သကဲ့သို့ ) သဟိတုံ အသက္ကုဏေယျံ မဟာနာဒံ (သည်းမခံနိုင်လောက်အောင် ပြင်းထန်သော အသံကြီးကို) ရဝိ- အကာသိ။ [ မာရောဝ + အရိ မာရာရိ၊ မာရာရိနော + ဘင်္ဂေါ မာရာရိဘင်္ဂေါ၊ မာရာရိဘင်္ဂေ+အဘိမုခံ မာနသံ ယဿာတိ မာရာရိ ဘင်္ဂါဘိမုခမာနသော၊ မဟန္တီစ+ သာ+မဟီစာတိ မဟာမဟီ-]

---

www.dhammaransi.com



### ပရိယာယဝုတ္တိ၏လက္ခဏာ

၂၇၇။ အဝတွာ‧ဘိမတံ တဿ, သိဒ္ဓိယာ ဒဿနညထာ၊
ဝဒန္တိ တံ ပရိယာယ-ဝုတ္တီတိ သုစိဗုဒ္ဓယော။

၂၇၇။ အဘိမတံ - အလိုရှိအပ်သော အကြောင်း အရာကို၊ အဝတွာ - တိုက်ရိုက် မပြောမူ၍၊ တဿ - ထို အလို ရှိအပ်သော အကြောင်းအရာ၏၊ သိဒ္ဓိယာ-ပြီးစီး အောင်မြင်ခြင်းငှါ၊ အညထာ-တပါးသော အပြားအားဖြင့်၊ ယံ ဒဿနံ-အကြင်ပြခြင်း, ပြောဆို ခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုပြခြင်း, ပြောဆိုခြင်းကို၊ ပရိယာယ ဝုတ္တီတိ-ပရိယာယဝုတ္တိအလင်္ကာဟူ၍၊သုစိဗုဒ္ဓယော-သန့်စင်သော ပညာရှိတို့သည်၊ ဝဒန္တိ-ပြောဆိုကြကုန်၏။

### ပရိယာယဝုတ္တိပုံစံ

၂၇၈။ ဝိဝင္ဂဏ်ဏိကမ္ဘိတ္တုံ, ခနံ‧မာရက္ခဝဋ္ဌိတံ၊
ခနေကာမ ယထာကာမံ, တုဝံ ဂစ္ဆ ယဒိစ္ဆသိ။

၂၇၈။ ခနံ-ဥစ္စာကို၊ ဝိဝင္ဂဏ်ဏိကမ္ဘိတ္တုံ - အမိုးအကာ မထင်, ဟင်းလင်းအပြင်၌ ထားအပ်၏၊ အာရက္ခဝဋ္ဌိတံ - အစောင့်အရှောက် သည်လည်း ကြဉ်အပ်၏၊ ဝါ-အစောင့် အရှောက်မှလည်း ကင်း၏၊

× × × × × × ×

၂၇၇။ ။အဘိမတံ-ဣဋ္ဌံ (အလိုရှိအပ်သော, ဆိုလိုအပ်သော) ဓနဒါနာဒိ သရူပံ(ပုံစံဂါထာ၌ပြမည့်"ဥစ္စာကို ပေးခြင်း အစရှိသော သဘောရှိသော")ယံကိဉ္စိအတ္ထံ(တစုံတခုသော အနက်အဓိပ္ပါယ်ကို၊ ဝါ-အကြောင်းအရာကို)၊အဝတွာ-ဥဇုကံ အကထေတွာ(တိုက်ရိုက် မဆိုဘဲ)၊ တဿ အဘိမတတ္ထဿ သိဒ္ဓိယာ - နိပ္ဖတ္တိယာ၊ ( ထို ဆိုလို အပ်သောအကြောင်းအရာ၏ ပြီးစီးခြင်းငှါ) အညထာ- ဝတ္တုံ ဣစ္ဆိ တတ္ထဿ အနုရူပေန အညပ္ပကာရေန၊(ဆိုလိုအပ်သော အကြောင်း အရာအားလျော်သော တခြား အပြားအားဖြင့်)ယံ ဒဿနံ-ယံကိဉ္စိ ဒဿနံကထနံ အတ္ထိ။[ဒဿနံကို"ကထနံ"ဟု အဓိပ္ပါယ်ဖွင့်သည်။] သုစိ+ဗုဒ္ဓိ ယေသံတိ သုစိဗုဒ္ဓယော၊ပရိယာယေန-ပရိယာယ်အားဖြင့်၊ ဝါ-သွယ်ဝိုက်၍၊ ဝုတ္တိ-ပြောဆိုခြင်းတည်း၊ ပရိယာယဝုတ္တိ- ခြင်း။

www.dhammaransi.com



မနကာမ- အို ဥစ္စာကို အလိုရှိသူ၊ တုဝံ - သင်သည်၊ ယဒိစ္ဆသိ- အကယ်၍ အလို ရှိအံ့၊ ဧဝံသတိ - ဤသို့ အလို ရှိလသော်၊ ယထာ ကာမံ-အလိုရှိတိုင်း၊ ဂစ္ဆ-သွားပါလော့။

× × × × × × ×

၂၇၈။ ။ဤဂါထာ၌ ဥစ္စာကို ခိုးစေလိုခြင်းသည် '' အဘိမတ- အလိုရှိအပ်သော အနက်(အကြောင်းအရာ)''တည်း၊ ထိုသို့ ခိုးစေလို သော်လည်း''ခိုးချေလော''ဟု တိုက်ရိုက်မပြော၊ ''အကာအရံ မရှိ၍ အလွယ်တကူသွားနိုင်သော မည်သည့်နေရာမှာ ဥစ္စာတွေထားတယ်၊ အစောင့်အရှောက်လည်း မရှိ၊ ဥစ္စာကို လိုချင်လျှင် (သို့မဟုတ်-သွား ချင်လျှင်)အလိုရှိတိုင်း သွားပါလား''ဟု သွယ်ဝိုက်၍ ပြောသည်။

ဋီကာ။ ။ ဣတိ (ဤဂါထာ၌ ) စိတ္တေန ဣစ္ဆိတဓနာဝဟရဏ ဝိဓာနံ - စိတ်ဖြင့် အလိုရှိအပ်သော ဥစ္စာကို ခိုးယူစေလိုသော အစီ အရင်ကို၊ ''ဓနံအဝဟရာတိ ဥဇုံအဝတွာ - ဥစ္စာကို ခိုးယူချေ '' ဟု တိုက်ရိုက်မပြောဘဲ၊ဧဝံဗျာဇေနဝုတ္တတ္တာ-ဤသို့သွယ်ဝိုက်၍ ပြောအပ် သည်၏ အဖြစ်ကြောင့်၊ ဣဒံ ပရိယာယဝုတ္တံနာမ။ [ ဝိဝဋ္ဋ + တံ+ အင်္ဂဏဋ္ဌာတိ ဝိဝင်္ဂဏံ၊ တသ္မိံ + နိက္ခိတ္တံ ဝိဝင်္ဂဏနိက္ခိတ္တံ၊ ဓနံ+ ကာမေတီတိ ဓနကာမော၊ ကာမံ(အလိုတဏှာကို၊ဝါ-အလိုရှိသော စိတ်ကို)+အနတိက္ကမ္မ- မလွန်မူ၍ဇည်း၊ ယထာကာမံ-၍။]

ယော မေ ဟဏ္ဍေစ ပါဒေစ, ကဏ္ဏနာသဉ္စ ဆေဒယိ၊
စိရံ ဇီဝတု သောရာဇာ, နဟိ ကုဇ္ဈန္တိ မာဒိသာ။

ခန္တိဝါဒီဇာတ်တော်လာ ဤ ဂါထာကိုလည်း “ ကလာဗုမင်းကို စိတ်မဆိုးကြောင်းသွယ်ဝိုက်၍ပြောသော ပရိယာယဝုတ္တိအလင်္ကာဟု ဆိုကြ၏၊ သို့သော် ''နဟိကုဇ္ဈန္တိ မာဒိသာ''ဟု စိတ်မဆိုးကြောင်းကို တိုက်ရိုက်ဆိုသောကြောင့် ထိုစကားကိုစဉ်းစားသင့်၏၊သုတသောမ ဇာတ်၌ လာသော '' ပသေယျံ တံ ဝဿသတံ အရောဂံ '' ဟု ဆိုသော စကားသာ ပရိယာယဝုတ္တိ အလင်္ကာဖြစ်နိုင်သည်၊ မှန်၏- ထိုဂါထာ၌သုတသောမမင်းသည် မိမိအသက်မသတ်ဘို့ရန် တိုက်ရိုက် မပြောဘဲ '' အသင် ပေါရိသာဒကို အသက်တရာ အနာကင်းနေတာ မြင်လိုသည်''ဟု ပြောသည်။

www.dhammaransi.com



## ဗျာဇဝဏ္ဏနာ၏ လက္ခဏာ

၂၇၉။ ထုတိံ ကရောတိ နိန္ဒနေ္တာ-ဒိယ တံ ဗျာဇဝဏ္ဏနံ၊
ဒေါသာ-ဘာသာ ဂုဏာဝေ, ယန္တိ သန္နိဓိ-မတြ ဟိ။

၂၇၉။ နိန္ဒန္တော ဒိယ-ကဲ့ရဲ့သကဲ့သို့၊ ထုတိံ-ချီးမွမ်းခြင်းကို၊ ယံ ကရောတိ-အကြင်ပြု၏၊ တံ-ထိုကဲ့ရဲ့ဟန်ဖြင့်ချီးမွမ်းခြင်းသည်၊ ဗျာဇ ဝဏ္ဏနံ- ဗျာဇဝဏ္ဏနာ အလင်္ကာမည်၏၊ ဟိ-မှန်၏၊ အတြ-ဤဗျာဇ ဝဏ္ဏနာ အလင်္ကာ၌၊ ဒေါသာဘာသာ - အပြစ်ကဲ့သို့ ထင်ရသော အရာတို့သည်၊ ဂုဏာဝေ - ဂုဏ်တို့ချည်းသာ၊ (ဟုတွာ - ဖြစ်၍၊) သန္နိဓိံ-ကောင်းစွာတည်ခြင်းသို့၊ ယန္တိ-ရောက်ကုန်၏၊

× × × × × × ×

၂၇၉။ ထုတိံ ဗျာဒိ။ ။ကဲ့ရဲ့သလိုလိုနှင့် ဂုဏ်ကိုပြောဆိုခြင်း သည် "ဗျာဇဝဏ္ဏနာ"မည်၏၊ ဤအလင်္ကာ၌(စကားအသံကို ကြားရ လျှင်)အပြစ်ပြောနေသကဲ့သို့ထင်ရ၏၊ ထိုသို့ စကားသံအလိုက် ထင်ရ သော အပြစ်တို့သည်(အမှန်အားဖြင့်) ဂုဏ်တို့ချည်းသာ ဖြစ်ကုန်၏၊ ထောမနိဓိ၌"ဗျာဇထုတိ"ဟု နာမည်တပ်၍"ကပဋထုတိ-ကွေ့ကောံ သောအားဖြင့် ချီးမွမ်းခြင်း" ဟု ဖွင့်သည်၊ "ချီးမွမ်းလိုသည်ကို တိုက်ရိုက် မချီးမွမ်းဘဲ ကဲ့ရဲ့ဟန် ဆောင်၍ ချီးမွမ်းသည်" ဟူလို၊ ဗျာဇေန(ကပဋေန)- ကွေ့ကောက်သဖြင့်၊ဝါ-သွယ်ဝိုက်၍+ဝဏ္ဏနံ- ချီးမွမ်းခြင်းတည်း၊ ဗျာဇဝဏ္ဏနံ-ခြင်း။]

ဒေါသာ၊ပေ၊ အတြဟိ ။ ။ အတြ - အသ္မိံ ဝုတ္တိဝိသေသေ(ဤ အလင်္ကာအထူး၌)ဒေါသာဘာသာ-ဒေါသာဝိယ ပဋိဘာသမာနာ (အပြစ်ကဲ့သို့ထင်ရသောအရာတို့သည်)["ဒေါသာဝိယ+အာဘာသာ ဒေါသာဘာသာ" ဟု ပြု။] ဂုဏာဝေ - တာဒိသပဒပယောဂေန ( ထိုကဲ့သို့ အပြစ်တင်သံ ပါသော ပုဒ်ကို အသုံးပြုခြင်း အားဖြင့် ) ဧဒ္ဒိမန္တတာဒယော ဂုဏာဝ (ပုံစံ၌ လာလတ့်အတိုင်း - တန်ခိုးကြီး ခြင်း စသော ဂုဏ်တို့ချည်းသာ ဖြစ်၍)သန္နိဓိံ-ဂုဏသဘာဝါဝဋ္ဌာနံ (ဂုဏ်သဘောအားဖြင့် စုဝေးတည်နေခြင်းသို့)ယန္တိ-ပါပုဏန္တိ။

www.dhammaransi.com



## ဗျာဇဝဏ္ဏနာ ပုံစံ

၂၈၀။ သဗ္ဗာလေတုံ•မလံ တွံ•သိ, ဘုသံ ကုဝလယာ•ခိလံ၊
ဝိသေသံ တာဝတာ နာထ, ဂုဏာနံ တေ ဝဒါမ ကိံ။

၂၈၀။ နာထ- အိုမြတ်စွာဘုရား၊ တွံ- ရှင်တော်ဘုရားသည်၊ အခိလံ-အလုံးစုံသော၊ ကုဝလယံ- ကြာညိုတောကို၊ ဝါ-တမြေပြင်လုံးကို၊ ဘုသံ- ပြင်းစွာ၊ သဗ္ဗာလေတုံ - ကောင်းစွာ လှုပ်ဧခြင်းငှါ၊ အလံ-စွမ်းနိုင်သည်၊ အသိ- ဖြစ်ပါပေ၏၊ တာဝတာ- ထိုမျှလောက် စွမ်းနိုင်ရုံမျှဖြင့်၊ တေ - ရှင်တော်မြတ်ဘုရား၏၊ ဂုဏာနံ- ဂုဏ်တော် တို့၏၊ ဝိသေသံ-အထူးကို၊ ကိံ ဝဒါမ – အဘယ်မှာ ဆိုနိုင်ပါကုန်အံ့ နည်း၊(နဝဒါမ ဧဝ-မဆိုနိုင်ပါကုန်သေးသည်သာ၊)

× × × × × × ×

၂၈၀။ သဗ္ဗာလေတု တျာဒိ ။ ။ ဤဂါထာ၌ "ကုဝလယ" သဒ္ဒါသည် "ကြာညိုတော" ဟူသော အနက် "မြေအဝှမ်း" ဟူသော အနက်, ဤအနက် ၂ မျိုးကို ဟော၏၊ ထိုတွင် "ကြာညိုတော တခုလုံး ကို ပြင်းစွာ လှုပ်စေနိုင်၏ " ဟု ဆိုလျှင် တန်ခိုးရှင်ကို အထင်သေးစရာ ဖြစ်၍ အမှန်ကဲ့ရဲ့သော စကားပင်တည်း၊ "တမြေပြင်လုံးကို လှုပ်စေနိုင် ရုံဖြင့် ဂုဏ်ထူးကို မဆိုနိုင်သေးပါ "ဟူသော စကားသာ ကဲ့ရဲ့သလို ထင်ရသော စကားတည်း၊ ဤစကားဖြင့် "သည့်ထက် ကြီးကျယ်သော ဂုဏ်များ ရှိပါသေးသည်" ဟူသော အဓိပ္ပါယ်ကို သိရသည်။

**ဋီကာ** ။ ။ ကုဝလယသဒ္ဒဿ ဥပ္ပလဝိသေသဝါစကတ္တာ (ကြာအထူး ဟူသော အနက်ဟော၏ အဖြစ်ကြောင့်) ပဌမံ နိန္ဒာဝ (ကဲ့ရဲ့တာအမှန်ပင်)၊ တဿေဝ သဒ္ဒဿ ပထဝီမဏ္ဍလဝါစကတ္တာ ဇုဒ္ဓိမတော တဝ ဇုဒံ ကိံ ဝိသေ သံတိ (တမြေပြင်လုံးလှုပ်စေနိုင်ခြင်းသည် မထူးဆန်းသေးပါဟု) ဥတ္တမဂုဏ ဝဏ္ဏနာ (မြတ်သောဂုဏ်ဖြင့် ချီးမွမ်းမှုကို) ကတာ ဟောတိ၊ သာစ သဗ္ဗထာ သိလေသံ နိဿာယ ပဝတ္တတီတိ – ထို ချီးမွမ်းခြင်းလည်း အခါခပ်သိမ်း (ကုဝလံပုဒ်ကဲ့သို့) သိလေသအလင်္ကာကို မှီ၍ဖြစ်၏။ [ကုဃာ (ပထဝိယာ) - ၏+ဝလယံ (မဏ္ဍလံ) – အဝန်းတည်း၊ ကုဝလယံ။]

**မှတ်ချက်**။ ။ဋီကာတို့၌ "အနက် ၂ ထပ်ရသော သိလေသပုဒ်ရှိရမည်" ဟု ဆိုသော်လည်း ကာဗျဒဿဋ္ဌကား ပုံစံ ၂ ခု ပြရာတွင် သိလေသပုဒ် မပါ သော ပုံစံကို ပဌမပြ၏၊ ထိုပုံစံကား။ —

www.dhammaransi.com



## ဝိသေသအလင်္ကာ၏ လက္ခဏာ

၂၀၁။ ဝိသေသိ·စ္ဆာယံ ဒဗ္ဗဿ, ကြိယာဇာတိ ဂုဏာဿစ၊
ဝေကလ္လဒဿနံ ယတြ, ဝိသေသောနာမ·ယံ ဘဝေ။

၂၀၁။ ယတြ-အကြင်အလင်္ကာ၌၊ ဝိသေသိစ္ဆာယံ-ဂုဏ်အထူးကို ဆိုလိုသည်ရှိသော်၊ ဝါ - ဂုဏ်အထူးကို ဆိုလိုရာ၌၊ ဒဗ္ဗဿ-ဒြဗ်၏၎င်း၊ ကြိယာ ဇာတိ ဂုဏာဿစ- ကြိယာ, ဇာတ်, ဂုဏ်၏၎င်း၊ ဝေကလ္လဒဿနံ- ချို့တဲ့သည်၏အဖြစ်ကို ပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ အယံ - ဤထူးကဲပုံကို ဆိုလိုရာဝယ် ချို့တဲ့သည်၏အဖြစ်ကို ပြရာ အလင်္ကာသည်၊ ဝိသေသော နာမ - ဝိသေသ အလင်္ကာမည်သည်၊ ဘဝေ-ဖြစ်၏၊

× × × × × × ×

တာပသေနာပိ ရာမေန, ဇိတာ·ယံ ဘူတဓာရဏီ၊
တွယာ ရညာပိ သေဝါ·ယံ, ဇိတာ မာဘူ မဒေါ တဝ။

ရာမေန—ပရသုရာမသည်၊ တာပသေနာပိ-ရသေ့ဖြစ်ပါလျက်လည်း၊ အယံ ဘူတဓာရဏီ – ဤမြေကြီးကို၊ ဇိတာ – အောင်အပ်ပြီ၊ တွယာ— အရှင်သည်၊ ရညာပိ— ( ရာမထက်သာလွန်၍ အောင်စရာကောင်းသော ) ရှင်ဘုရင်ဖြစ်ပါလျက်လည်း၊ သေဝ (သာ ဧဝ )အယံ-ထိုရာမမင်းအောင်အပ်သော ဤမြေပြင်ကိုသာ၊ ဇိတာ-ရာမနှင့်တန်းတူရုံမျှ အောင်အပ်ပြီ၊ တဝ—အရှင်မင်း၏၊ မဒေါ-မာန်တက်ကြွခြင်းသည်၊ မာ အဘူ— မဖြစ်ပါစေလင့်။ [ ဤဂါထာ၌ စကားသုံးပုံမှာ ကဲ့ရဲ့သလို ထင်ရသော်လည်း ရှင်ဘုရင်၏ တမြေပြင်လုံး အောင်သော စကြာဝတေးမင်း ဖြစ်ပုံကို ချီးမွမ်းသော စကားဖြစ်သည်။]

---

၂၀၁။ လောက၌ ရသင့်သောအကူအညီကို မရရှိဘဲ တယောက်ထည်းဖြင့် အကျိုးပြီးအောင် ရွက်ဆောင်နိုင်သူကို '' ထူးခြားသူ = စွမ်းရည်သတ္တိရှိသူ'' ဟု ခေါ်ရသကဲ့သို့, ထို့အတူ ဒြဗ်စသော အကူအညီမပါဘဲ ဆိုင်ရာအကျိုးပြီးအောင်ရွက်ဆောင်နိုင်သည့်သတ္တိထူးကို ဖော်ပြသော အလင်္ကာကိုလည်း''ဝိသေသအလင်္ကာ''ဟု ခေါ်ရသည်၊ [ဝိကလဿ-ချို့တဲ့သောဒြဗ်စသည်၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (ချို့တဲ့ခြင်း, မပါခြင်း, မရှိခြင်း)သည်၊ ဝေကလ္လံ-မည်၏၊ ဂါထာကို ကြည့်၍''ဒဗ္ဗဝိသေသဝုတ္တိ''စသည်ဖြင့် ၄ မျိုးပြားကြောင်းကို သိပါ။]

www.dhammaransi.com



ဒဗ္ဗဝိသေသဝုတ္တိ

၂၀၂။ န ရထာ နစ မာတင်္ဂါ, န ဟယာ န ပဒါတယော၊
ဇိတော မာရာရိ မုနိနာ, သမ္ဘာရာ·ဝဇ္ဇနေန ဟိ။

၂၀၂။ ရထာ-တပ်တစိတ်ဖွဲ့လောက်သော ရထားတို့သည်၊ န-မရှိကုန်၊ မာတင်္ဂါစ-တပ်တစိတ်ဖွဲ့လောက်သော ဆင်တို့သည်လည်း၊ န-မရှိကုန်၊ဟယာ-တပ်တစိတ်ဖွဲ့လောက်သော မြင်းတို့သည်လည်း၊ န- မရှိကုန်၊ ပဒါတယော - တပ်တစိတ်ဖွဲ့လောက်သော ခြေလျင်စစ်သားတို့သည်လည်း၊ န - မရှိကုန်၊ မုနိနာ - မြတ်စွာဘုရားသည်၊ သမ္ဘာရာ·ဝဇ္ဇနေနဟိ-ပါရမီတော်အဆောက်အဦးတို့ကို ဆင်ခြင်တော်မူခြင်းဖြင့်သာလျှင်၊ မာရာရိ- မာရ်နတ်တည်းဟူသော ရန်သူကို၊ ဇိတော-အောင်တော်မူအပ်ပြီ။[အယံ- ဤအလင်္ကာသည်၊ ဒဗ္ဗဝိသေသဝုတ္တိ-ဒဗ္ဗဝိသေသဝုတ္တိ အလင်္ကာတည်း။]

× × × × × × ×

၂၀၂။ ရန်သူကို အောင်မြင်ရာဝယ် စစ်တပ် အကူအညီရဘို့အရေးကြီး၏၊ သို့သော် "ဘုရားကား ထို စစ်တပ်အကူအညီ မပါဘဲ ပါရမီတော်များကို ဆင်ခြင်တော်မူခြင်း ဖြင့်သာ မာရ်နတ် ရန်သူကို အောင်မြင်တော်မူသည်"ဟူရာ၌ ပါရမီဆင်ခြင်တော်မူခြင်း၏စွမ်းရည်သတ္တိအထူး ( ဝိသေသ)ကို ပြလိုခြင်းသည် ဝိသေသိစ္ဆာတည်း၊ ထိုသို့ပြလိုရာဝယ် " န ရထာ "စသည်ဖြင့် ရထားစသော အထည်ဝတ္ထုဒြဗ်များ၏ ချို့တဲ့ပုံ ( မပါပုံ ) ကို ပြသောကြောင့် " ဒဗ္ဗ ဝေကလ္လဒဿန"တည်း၊ ထို့ကြောင့် ဤဂါထာသည်"ဒဗ္ဗဝိသေသဝုတ္တိ"ပုံစံပြဂါထာဖြစ်သည်၊[ပဒါတိသဒ္ဒါသည် အဂ္ဂိကဲ့သို့ပုလ္လိန်တည်း၊"ပဒါတိ ပတ္တိ တု ပုမေ"အဘိဓာန်(၃၇၇)။]

ဋီကာဟောင်း၊ ။အတြ - ဤဂါထာ၌၊ ဝိဇယောပကရဏ စတုရင်္ဂနိက လက္ခဏ ဒဗ္ဗာဘာဝေန- အောင်မြင်ခြင်း၏ အဆောက်အဦးဖြစ်သော စစ်အင်္ဂါ ၄ ပါးလျှင် အမှတ်အသားရှိသော ဒြဗ်၏မရှိခြင်းဖြင့်၊ သမတ္တိံသပါရမိတာသင်္ခါတသမ္ဘာရာဝဇ္ဇနသောဝ - ပါရမီသုံးဆယ်ဟူသော အဆောက်အဦးကို ဆင်ခြင်တော်မူခြင်း၏သာလျှင် မာရာရိ ဝိဇယလက္ခဏော ဝိသေသော ဝုတ္တော - မာရ်နတ်ရန်သူကို အောင်မြင်ခြင်း လက္ခဏာရှိသော အထူးကို ဆိုအပ်ပြီ။[ဝိဓ်သေသဿ-

www.dhammaransi.com



ကို+ဝုတ္တိ- ဆိုခြင်းတည်း၊ ဝိသေသဝုတ္တိ- ခြင်း၊ ဒဗ္ဗေန - တားမြစ်အပ်သော ဒြဗ်ဖြင့်+ ဝိသေသဝုတ္တိ- သမ္ဘာရာဝဋ္ဌနန်၏ ထူးခြားပုံကို ဆိုခြင်းတည်း၊ ဒဗ္ဗဝိသေသဝုတ္တိ-ခြင်း၊ ဒဗ္ဗေန( ဒဗ္ဗပဋိသေဓနတော)-ဒြဗ်ကို တားမြစ်ခြင်းအားဖြင့်+ဝိသေသကထနံ၊ (ဋီကာသစ်)။]

မှတ်ချက်။ ။ "ရထာ" စသည်ဖြင့် ဗဟုဝုစ် ဆိုသောကြောင့် "ရထားအများ"စသည်ပါသော စစ်တပ်ကိုဆိုလိုကြောင်း သိသာ၏၊ အခြံအရံနှင့်တကွသော ရထား ၃ စီး , ဆင် ၃ စီး , မြင်း ၃ စီးသည် အငယ်ဆုံး ရထားတပ် , ဆင်တပ် , မြင်းတပ်မည်၏၊ ခြေလျင်စစ်သား အနည်းဆုံး ၄ ယောက်သည် ခြေလျင်တပ်စိတ်တစိတ် မည်၏၊ ထိုတပ်စိတ် ၄ ခုကို"စစ်အင်္ဂါ ၄ ပါး" ဟု ခေါ်သည်၊ ရထားတစီးလျှင် ယောကျာ်း ၄ ယောက်ခြံရံရ၏၊ ဆင်တစီးလျှင် ယောကျာ်း ၁၂ ယောက် ခြံရံရ၏၊ မြင်းတစီးလျှင် ယောကျာ်း ၃ ယောက် ခြံရံရ၏။

နရထာ နစ မာတင်္ဂါ, နဟယာ နစ ပတ္တယော၊
ထိန္နံ မပင်္ဂဒိဋ္ဌေဝ, ဇီယတေ ဇဂတိတ္တယံ။

ထိနံ-မိန်းမတို့သည်၊ ဝါ-မိန်းမတို့မှာ၊ ရထာ- တပ်စိတ်ဖွဲ့လောက်သော ရထားတို့သည်၊ န-မရှိကုန်၊ပေ၊ပတ္တယော-တပ်စိတ်ဖွဲ့လောက်သော ခြေလျင်စစ်သားတို့သည်၊ န - မရှိကုန်၊ အပင်္ဂဒိဋ္ဌေဝ - မျက်ထောင့်ကလေးနှင့် ကြည့်ရှုမှုဖြင့်ပင်၊ ဝါ - မျက်စောင်းကလေးနှင့် ထိုးလိုက်ရုံဖြင့်ပင်၊ ဇဂတိတ္တယံ-လောက ၃ ဘုံ အလုံးစုံကို၊ ဇီယတေ-အောင်အပ် အောင်နိုင်၏။[ဤ ကာဗျဒဿပုံစံလည်း ဒဗ္ဗဝေကလ္လကို ပြလျက် မာတုဂါမတို့၏ သတ္တိထူးကို ပြဆိုသော ဒဗ္ဗဝိသေသ ဝုတ္တိ အလင်္ကာတည်း။]

ဒဏ္ဍေနေဝ ဒမယန္တိ, အင်္ကုသေဟိ ကသာဟိစ၊
အဒဏ္ဍေန အသတ္ထေန,နာဂေါ ဒန္တော မဟေသိနာ။

ဓမ္မပဒလာ ဤဂါထာကိုလည်း ဒဗ္ဗဝိသေသဝုတ္တိ အလင်္ကာဂုဏ်ရောက်သော ဂါထာ-ဟု ဆိုကြ၏၊ [လောကဥ္စလည်း တစုံတယောက်၏ စွမ်းရည်သတ္တိကို ချီးကျူးလိုသောအခါ " ဒီလူက တစလယ်ချက်လောက်တော့ ဟင်းတောင် မလိုဘူး, ထမင်းချည်း ကုန်အောင်စားနိုင်တယ်" ဤသို့ စသည်ဖြင့် ဆိုင်ရာဒြဗ်၏ ချို့တဲ့မှုကိုပြ၍ ချီးမွမ်းတတ်ကြသည်။]

www.dhammaransi.com



## ကြိယာဝိသေသ ဝုတ္တိ

၂၀၃။ နမဗ္ဒါ ဘူကုဋိ နေဝ-ဖုရိတော ဒသနစ္ဆဒေါ၊
မာရာရိဘဂ်ဥ္စာ-ကာသိ, မုနိဝိရော ဝံရာ သယံ။

၂၀၃။ ဘူကုဋိ-မျက်မှောင်ကုပ်ခြင်းကိုလည်း၊ နမဗ္ဒါ-မဖွဲ့အပ်၊ ဝါ-မပြုအပ်၊ ဒသနစ္ဆဒေါ-နှုတ်ခမ်းတော်ကိုလည်း၊ နေဝ ဖုရိတော-မလှုပ်ရှားစေအပ်၊စ-ထိုသို့ပင် ဣန္ဒြေမပျက်ပါသော်လည်း၊ ဝရော-အမြတ်ဆုံး ဖြစ်တော်မူသော၊ မုနိဝီရော-ရဲစွမ်းသတ္တိ,လုလ္လ ရှိတော်မူသောမြတ်စွာဘုရားသည်၊သယံ-ကိုယ်တော်တိုင်၊မာရာရိ ဘင်္ဂ - ရန်သူတော် မာရ်နတ်ကို ဖျက်ဆီးမှုကို၊ အကာသိ- ပြုတော်မူပြီ၊ [အယံ-ဤအလင်္ကာသည်၊ကြိယာဝိသေသဝုတ္တိ-ကြိယာဝိသေ သဝုတ္တိ အလင်္ကာတည်း။]

× × × × × × ×

၂၀၃။ နမဗ္ဒါဝတ္ထာဒိ။ ၊လောက၌ ရန်သူကိုအနိုင်သတ်ရာဝယ် ဒေါသအတွက်ကြောင့် မျက်မှောင်ကုပ်လျက်လည်း ရှိတတ်၏၊ ဒေါသ ပြင်းထန်လှသဖြင့် နှုတ်ခမ်းလည်း တလှုပ်လှုပ် ဖြစ်နေတတ်၏၊ ရဲရင့် လှသော ဘုရားရှင်ကား မျက်မှောင်တော်လည်း မကုပ် , နှုတ်ခမ်း တော်လည်း မလှုပ်ဘဲ ကိုယ်တော်တိုင်သာ ရန်သူတော် မာရ်နတ်ကို တွန်းလှန် ဖျက်ဆီးတော် မူလေပြီ။ [ဤဂါထာ၌ မျက်မှောင်ကုပ်ခြင်း ကြိယာ , နှုတ်ခမ်းလှုပ်ခြင်း ကြိယာတို့ကို တားမြစ်၍ ဣန္ဒြေမပျက် ငြိမ်သက်စွာဖြင့် မာရ်နတ်အောင်ခြင်း အထူးကို ပြဆိုသောကြောင့် ကြိယာဝိသေသဝုတ္တိ အလင်္ကာဂုဏ်ရောက်သည်။]

ဋီကာ။ ၊တ္တေ ဘမုဘင်္ဂရစနာဒိကံ ( မျက်မှောင်ကုပ်မှုကိုပြုခြင်း အစရှိသော)ကြိယံ အကတွာ နိဗ္ဗိကာရံ(အထူးပြုခြင်းမရှိဘဲ)မာရဘင် ဿ (မာရ်နတ် နှိပ်နင်းခြင်းကို) ဝုတ္တတ္တာ သော ကြိယာဝိသေသဝုတ္တိ နာမ၊— [ကြိယာယ-တားမြစ်အပ်သောကြိယာဖြင့်+ ဝိသေသဝုတ္တိ- ရန်သူမာရ်နတ်ကို အောင်နိုင်ခြင်းဂုဏ်ထူးကို ပြဆိုခြင်းတည်း၊ကြိယာ ဝိသေသဝုတ္တိ- ခြင်း၊ ဒသနစ္ဆဒေါ- ဒန္တာဝရဏော၊ နေဝ ဖုရိတော- နကမ္ပာပိတော။ ] " ဒီလူက ပဋ္ဌမပြန်လောက်တော့ စာမကျက်ဘဲ အောင်နိုင်တယ်" ဟု ဆိုရာ၌လည်း ဤအလင်္ကာပင်တည်း။

www.dhammaransi.com



## ဇာတိဝိသေသဝုတ္တိ

၂၀၄။ န ဒိသာသု ဗျတ္တာ ရုံသိ,နာ-လောကော လောကပတ္တင္ရော၊
တထာ-ပျန္တတမဟာရံ, ပရံ သာဓုသုဘာသိတံ။

၂၀၄။ ဒိသာသု-အရပ်မျက်နှာတို့၌၊ ဗျတ္တာ-ပျံ့နှံ့သော၊ ရုံသိ-အရောင်သည်၊ န - မရှိ၊ လောကပတ္တရော - တလောကလုံး၌ ပျံ့နှံ့သော၊ အာလောကော-အလင်းသည်၊ န-မရှိ၊ တထာပိ-ထိုသို့ပင် အရောင်အလင်း မရှိပါသော်လည်း၊ သာဓု သုဘာသိတံ - သူတော်ကောင်းတို့ ကောင်းစွာဟောအပ် တရားမြတ်သည်၊ ပရံ- လွန်စွာ၊ အန္တတမ ဟာရံ - အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ပါပေ၏။ [အယံ-ဤအလင်္ကာသည်၊ ဇာတိဝိသေသဝုတ္တိ-ဇာတိဝိသေသဝုတ္တိတည်း။]

× × × × × × ×

၂၀၄။ န ဒိသာသုတျာဒိ။ ။လောက၌ အမှောင်ကိုပယ်ဘို့ရန် နေရောင် လရောင် မီးရောင်စသော အရောင်သော်လည်း ရှိရ၏၊ အရောင်တိုက်ရိုက် မရလျှင် ဘေးပတ်ဝန်းကျင်၌ ရှိသော အရောင်၏ အစွမ်းကြောင့် လင်းနေသော အလင်းသော်လည်း ရှိရ၏၊ ထိုသို့ အရောင်အလင်း မပါဘဲ သူတော်ကောင်းတို့၏ တရားတော်သည် အမိုက်အမှောင်ကို အလွန်ပင် ပယ်ဖျောက်နိုင်ပါပေသည်။

ဆက်ဦးအံ့—အရောင်အလင်းဟူသည် ဇာတ်တမျိုးတည်း၊ ထိုသို့ အရောင်အလင်း အမျိုးအစားမပါရှိခြင်းသည် ဇာတိဝေကလ္လ(ဇာတ် အမျိုး၏ ချို့တဲ့မှု) တည်း၊ ထိုသို့ အရောင်အလင်းမျိုး မပါဘဲ တရားတော်၏မောဟမှောင်ကို ပယ်နိုင်ခြင်းကား မဖြစ်စဘူး ထူးဆန်းသော ဝိသေသတည်း၊ ထို့ကြောင့် ဤဂါထာသည် ဇာတိ ဝိသေသဝုတ္တိကို ပြသော ဂါထာဖြစ်သည်။ [ဇာတိယာ-တားမြစ်အပ်သော ဇာတ်အား ဖြင့်+ဝိသေသဝုတ္တိ-တရားတော်၏ အမိုက်မှောင်ပယ်နိုင်ခြင်း သတ္တိထူး ကို ဆိုခြင်းတည်း၊ ဇာတိဝိသေသဝုတ္တိ-ခြင်း။]

ဋီကာ။ ။ဒိသာသု ဗျတ္တာ ပတ္တရွာ ရံသိပိ နတ္ထိ။ [ ပတ္တရွာ ဟု ဖွင့်သော ကြောင့်“ဝိပုဗ္ဗ အာပဓာတ်, တပစ္စည်းဖြင့် ဗျတ္တာ”ဟု ရှိသင့်၏၊ ကာဗျဒသ၌ “ဗျာပ်တာ”ဟု ရှိသည်။] အန္တတမဟာရံ-အတ္တာနတ္ထ တို့ရဏကရွမသ (အကျိုး ရှိ-အကျိုးမဲ့ကိုဆုံးဖြတ်ခြင်း၌ခံ့သော)ပညာစက္ခုဿ အန္တတာကရမောဟတမံ ဟာရံ ဟောတီတိ။

www.dhammaransi.com



## ဂုဏာဝိသေသဝုတ္တိ

၂၀၅။ န ခရံ နပိဝါ ထဒ္ဓံ, မုနိန္ဒ ဝစနံ တဝ၊
တထာပိ ဂါဠှံ ခနတိ, နိမ္မူလံ ဇနတာမဒံ။

၂၀၅။ မုနိန္ဒ-အို မြတ်စွာဘုရား၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ဝစနံ-စကားတော်သည်၊ န ခရံ-ကြမ်းလည်းမကြမ်းတန်းပါ၊ နပိဝါ ထဒ္ဓံ-ခက်လည်း မခက်ထန်ပါ၊ တထာပိ-ထိုသို့ မကြမ်းတန်းမခက်ထန်ပါသော်လည်း၊ ဇနတာမဒံ - သတ္တာအပေါင်း၏ ထောင်လွှားတက်ကြွ မာန်မာနကို၊ နိမ္မူလံ - အမြစ်အရင်း မရှိအောင်၊ ဂါဠှံ-ပြင်းစွာ၊ ခနတိ-ပယ်နှုတ်တော်မူနိုင် ပါပေ၏။ [အယံ- ဤအလင်္ကာသည်၊ ဂုဏာဝိသေသဝုတ္တိ-ဂုဏာဝိသေသဝုတ္တိ အလင်္ကာတည်း။]

× × × × × × +

၂၀၅။ န ခရံတျာဒိ။ ။အမြစ်ပါအောင်တူးရသော ပေါက်တူးတူးရွင်းစသောအရာဝတ္ထုများသည်(ခရ)ခက်မာခြင်းဂုဏ်,ကြမ်းတန်းခြင်းဂုဏ် ရှိစမြဲတည်း၊ ဘုရားရှင်၏ တရားစကားတော် သည်ကား ထိုသို့ ခက်မာခြင်း ကြမ်းတန်းခြင်းဂုဏ် မရှိပါဘဲ သတ္တာအပေါင်း၏ မောက်မော်တက်ကြွ မာန်မာနကို အမြစ်ပါပြုတ်အောင် ပယ်နှုတ်နိုင်သည်ကား လွန်စွာ ထူးဆန်းပါပေသည်။—ဤဂါထာ၌ ခရဂုဏ် ထဒ္ဓဂုဏ် မရှိခြင်းကိုတားမြစ်၍ စကားတော်၏ မဒတည်းဟူသော အမြစ်ကျွတ်အောင် တူးနိုင်သောသတ္တိထူးကို ချီးကျူး ပြောဆိုသောကြောင့် ဂုဏာဝိသေသဝုတ္တိ အလင်္ကာဂုဏ် ရောက်သည်။ [ဂုဏေန - တားမြစ်အပ်သော ဂုဏ်အားဖြင့် + ဝိသေသဝုတ္တိ - တရား စကားတော်၏ ထူးခြားပုံကို ဆိုခြင်းတည်း၊ ဂုဏာဝိသေသဝုတ္တိ-ခြင်း။]

ဋီကာ။ ၊ခဏကမ္မ အယောသံကုအာဒိသု- တူးခြင်း၌ ခံ့သော သံတူးရွင်း အစရှိသည်တို့၌၊ လဒ္ဓမာနံ - ရကောင်းသော၊ ခရတ္တာဒိ ဂုဏံ–ခက်မာသည်၏အဖြစ် အစရှိသောဂုဏ်ကို၊ ပဋိသေဓေတွာ- ၍၊ ဗုဒ္ဓဝစနဿ - ၏၊ မဒခဏန သဘာဝသင်္ခါတဿ - မာန်မာနကို တူးခြင်းသဘောဟု ဆိုအပ်သော၊ ဝိသေသဿ ဝုတ္တတ္တာ အယံ ဂုဏာ သဘာဝဝုတ္တိနာမ ဟောတိ။ [နတ္ထိ+မူလံ အဿ(ဤတူးခြင်း၏)ဣတိ နိမ္မူလံ၊ ဇနတာယ + မဒေါ ဇနတာမဒေါ။ ] ဂါဠှံ နိမ္မူလံတို့သည်

www.dhammaransi.com



**ရူဠှာဟံကာရ၏ လက္ခဏာ**

၂၇၆။ ဒဿိယတေ·တိရိတ္တံတု, သူရဝီရတ္တနံ ယဟိံ၊
ဝဒန္တိ ဝိညူ ဝစနံ, ရူဠှာဟံကာရ·မီဒိသံ။

၂၇၆။ ယဟိံ- အကြင်စကား၌၊ ဝါ- အကြင် အလင်္ကာ၌၊ အတိရိတ္တံ- အလွန်အကဲ၊ သူရဝီရတ္တနံ - ရဲစွမ်းသတ္တိ, လုလ္လရှိသူ၏ အဖြစ်ကို၊ ဒဿိယတေ- ပြအပ်၏၊ ဤဒိသံ - ဤကဲ့သို့ ရှုအပ်သော၊ ဝစနံ- စကားကို၊ ဝါ- အလင်္ကာကို၊ ရူဠှာဟံကာရံ- တက်ကြွမာန်မူခြင်းရှိသောစကားဟူ၍၊ ဝါ-ရူဠှာဟံကာရအလင်္ကာဟူ၍၊ ဝိညူ- ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏။

× × × × × × ×

ခဏနကြိယာ၏ ဝိသေသန ဖြစ်သောကြောင့် "ဂါဠံ့(ပြင်းစွာသော) နိမ္မူလံ (အမြစ်မရှိသော) ခဏတိ ခဏနံ ကရောတိ- တူးမှုကိုပြု၏" ဟု အနက်ယောဇနာဘို့ရန် ဋီကာဖွင့်၏၊ ယခုကာလ၌ကား ထိုသို့ အနက်မပေးဘဲ "ဂါဠံ့ - စွာ၊ နိမ္မူလံ - အောင်" ဟု ပေး၍ ခနတိ၌ ကြိယာဝိသေသန အဖြစ်ဖြင့် စာစပ်ကြသည်။

---

၂၇၆။ အလွန်အကဲ ရဲစွမ်းသတ္တိ လုလ္လဝီရိယရှိကြောင်းကို ပြဆိုရာ အလင်္ကာကို "ရူဠှာဟံကာရ အလင်္ကာ" ဟူ၍ ပညာရှိတို့ ဆိုကြသည်။ သူရောစ-ရဲရင့်သူလည်းဟုတ်၏၊ သော-ထို ရဲရင့်သူဟူသည်၊ ဝီရောစ- မကြောက်မရွံ့ နောက်မတွန့်သူလည်း ဟုတ်၏၊ ဣတိ သူရဝီရော(ဝိသေသနောဘယပဒ ကမ္မဓာရယ်၊ ) [ဋီကာ၌" သူရောစ+ ဝီရောစ "ဟု ဒွန္ဒသမာသ်ပြသည်မှာ ပါဌ်ပျက်ဟန်တူ၏။] သူရဝီရဿ+ဘာဝေါ သူရဝီရတ္တနံ(ရဲရင့်သောသတ္တိ,နောက်မတွန့်သောဝီရိယကိုရစေ) ရူဠှော- တက်ကြွသော (ဝါ-ကြွားသော)+အဟံကာရော- ငါဟု ပြုခြင်း၊ ဝါ- ကြုံးဝါးခြင်းတည်း၊ ရူဠှာဟံကာရော-ခြင်း၊ တကယ် မကြုံးဝါးသော်လည်း ကြုံးဝါးသကဲ့သို့ ဖြစ်သော ရဲရင့်သော အမူအရာ ကိုလည်း "ရူဠှာဟံကာရ" ဟုပင် ခေါ်ရသည်၊ ထို့ကြောင့် ပုံစံ၌ ဘုရားရှင်၏ ရူဠှာဟံကာရကို ပြလတ့်။

www.dhammaransi.com



## ရူဋ္ဌာဟင်္ကာရ ပုံစံ

၂၀၇။ ဒမေ နန္ဒောပနန္ဒဿ, ကိံ မေ ဗျာပါရဒဿနာ၊
ပုတ္တာ မေ ပါဒသမ္ဘုတ္တာ,သဇ္ဈာ သန္တေ·ဝ တာဒိသေ။

၂၀၇။ နန္ဒောပနန္ဒဿ-နန္ဒောပနန္ဒ နဂါးကို၊ ဒမေ-ဆုံးမခြင်း၌၊ မေ- ငါဘုရား၏၊ ဗျာပါရ ဒဿနာ - လုလ္လကြောင့်ကြ ဗျာပါရကို ပြတော်မူခြင်းဖြင့်၊ ကိံ-ဘယ်အကျိုးရှိအံ့နည်း၊ တာဒိသေ-ထိုကဲ့သို့ ကိစ္စမျိုး၌၊ မေ-ငါဘုရား၏၊ ပါဒသမ္ဘုတ္တာ-ခြေတော်ရင်း၌ ဝပ်စင်း ခစားကြကုန်သော၊ သဇ္ဈာ - အဆင်သင့်ပင် , ပြင်ဆင် အပ်သော ချပ်ဝတ်တန်ဆာ ရှိကြကုန်သော၊ ပုတ္တာ- မောဂ္ဂလ္လာန် အစရှိသော သားတော်ကြီးတို့သည်၊ သန္တေဝ-ထင်ရှား ရှိကြကုန်သည်သာ။

× × × × × × ×

၂၀၇။ နန္ဒောပနန္ဒ နဂါးမင်းကို ဆုမ္မဘို့ အရေး၌ ငါဘုရား ကြောင့်ကြစိုက်နေဘွယ် မလို၊ ဤကဲ့သို့ ကိစ္စမျိုးအတွက် အဆင်သင့် ပြင်ပြီးသားဖြစ်၍ ခြေရင်း၌ ခစားနေကြသော သားတော်များ ရှိကြ သည်၊ " ထို သားတော်များက ကြောင့်ကြစိုက်ကြလိမ့်မည် " ဟူလို၊ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမခါနီး၌ ဘုရားရှင်က ကြုံးဝါးတော်မူ လေဟန် ကြံဘန်၍ဖွဲ့နွဲ့ထားသော ရူဋ္ဌာဟင်္ကာရအလင်္ကာဂုဏ်ရောက် သော ဂါထာဖြစ်သည်။

ဋီကာ။ ။ဗျာပါရဒဿနာ - ဘုဝနတ္တယေ ပဝတ္တမာန အာနုဘာဝေန စ သံပဝတ္တကိတ္တိသမူဟေန စ သမန္နာဂတဿ မယှံ တာဒိသ ပယောဂဒဿနေန ကိံ ပယောဇနံ၊(ဘာ့ကြောင့်နည်း၊)ယသ္မာ မေ ပါဒသမ္ဘုတ္တာ-မယှံ စရဏာဝနတာ တာဒိသေ ကိစ္စေ သဇ္ဈာ-သန္နဒ္ဓါ ( စစ်ဗိုလ်ကြီးများကဲ့သို့ အသင့် ပြင်ပြီးသား ဖြစ်ကုန်သော ) ပုတ္တာ ဗဟဝေါ သန္တိဝေ၊ တသ္မာ (ထို့ကြောင့်တည်း၊)ဣတိ စေတောဝသိ တာယ (စိတ်၏ဝသီဘော်သို့ ရောက်သည်၏ အဖြစ်ကြောင့် ) သူရဝိရ ဘာဝေါ ဧဟ အတိရိတ္တံ (အလွန်အကဲ)ဒဿိတော ဟောတိ၊ ကုသ ဇာတ်တော်လာ အောက်ပါဂါထာလည်း ရူဋ္ဌာဟင်္ကာရပင်တည်း။

ယောဇယန္တု ရထေ အဿေ, နာနာစိတ္တေ သမာဟိတေ၊
အထ ဒက္ခထ မေ ဝေဂံ,ဝိဓမေန္တဿ သတ္တဝေါ။

www.dhammaransi.com



### သိလေသ၏ လက္ခဏာနှင့်အပြား

၂၀၀။ သိလေသော ဝစနာနေကာ-ဘိဓေယျေက-ပဒါယုတံ၊
အဘိန္နပဒဝါကျာဒိ-ဝသာ တေဓာ-ယ မီရိတော။

၂၀၀။ အနေကာဘိဓေယျံ- များသောအနက်ရှိသော၊ ဧကပဒါ ယုတံ - တခုသောပုဒ်နှင့် ယှဉ်သော၊ ဝစနံ - သဒ္ဒါသည်၊ သိလေ သော-သိလေသမည်၏၊ အယံ-ဤ သိလေသကို၊ အဘိန္နပဒဝါကျာဒိ ဝသာ-အဘိန္နပဒဝါကျအစရှိသည့်တို့၏ အပြားအားဖြင့်၊ တေဓာ- ၃ ပါးပြား၏ဟူ၍၊ ဤရိတော-ဆိုအပ်၏။

× × × × × × ×

၂၀၀။ သိလေသောတျာဒိ။ ။အပရောပိ အတ္တော သိလိဿတိ တ္တောတိ သိလေသော- အနက်တခုကို ဟောခိုက် အခြား အနက်က လည်း ငြိကပ်၍ ပါနေရာဖြစ်သော စကား ( သဒ္ဒါ ) သည် သိလေသ မည်၏၊(ဋီကာဝိဂ္ဂဟ)၊ထိုစကားမျိုး ပါရှိသော အဖွဲ့အနွဲ့သည်လည်း သိလေသ အလင်္ကာဂုဏ် ရောက်သော အဖွဲ့အနွဲ့ မည်၏၊ ပုဒ်တခု၌ အနက် ၂ ခု ရှိရာဝယ် ထို အနက်များသည် ဥပမာန , ဥပမေယျ အနက်များ ဖြစ်ရမည် - ဟု ဋီကာတို့ ဆိုကြသည်၊ ဤ သိလေသသည် အဘိန္နပဒဝါကျသိလေသ , ဘိန္နပဒဝါကျသိလေသ , ဘိန္နာဘိန္နပဒ ဝါကျသိလေသအားဖြင့် ၃ ပါးပြား၏။

[ဆောင်] အနက်တပါး, ဟောခိုက်ငြားဝယ်, အခြားအနက်, ကပ်လျက် ပါရာ, ထိုသဒ္ဒါ, မှတ်ပါသိလေသ။

ဋီကာ။ ။သောပန ယေနကေနစိ သာဓမ္မရူပေန ( တူသော သဘောရှိသည်၏ အဖြစ်ဟူသော သဘောအားဖြင့် ) ဥပမာနော ပမေယျဘူတာနံ အတ္ထာနံ သိလိဋ္ဌတ္တာ - အညမညံ ဖုသိတ္တာ ဌိတတ္တာ (အချင်းချင်း ထိစပ်ငြိကပ်၍ တည်ရာ၏ အဖြစ်ကြောင့် ) သိလေသော နာမ၊ ပေ၊အဘိန္နပဒဝါကျာဒိဝသာ- အကတ ဝိကာရာနံ ( အခြား အနက်ကိုဟောရာ၌ အထူးပြုပြင်အပ်သော ပြောင်းလွဲမှုမရှိ, နဂိုရ်ပုဒ် အတိုင်းပင်ဟောနိုင်ကုန်သော)သျာဒျန္တ,တျာဒျန္တပဒသမန္နာဂတာနံ ဝါကျလက္ခဏောပေတဝါကျာနံ ( သျာဒျန္တ စသော ပုဒ်အများပါ ဝင်၍ “ပဒသမူဟောဝါကျံ” ဟူသော ဝါကျလက္ခဏာနှင့် ပြည့်စုံကုန် သော) ဝါကျာနံ(ရှိုးရာဝါကျတို့၏)ပဘေဒေန။—ဋီကာသစ်။

www.dhammaransi.com



**အဘိန္နပဒဝါကျ သိလေသော**

၂၀၉။ အန္ဓတမဟာရော ဟာရီ, သမာရုဠှော မဟောဒယံ၊
ရာဇတေ ရုံသိမာလီ-ယံ, ဘဂဝါ ပေါဓယံ ဇနေ။

၂၀၉။ မဟောဒယံ - ကြီးကျယ်မြင့်ခေါင် , ဥဒည်တောင်သို့၊ သမာရုဠှော - ကောင်းစွာ တက်ရောက်သော၊ အန္ဓတမဟာရော - ပကတိအမှောင်ကို, ပယ်ဆောင်ဖျက်ဆီးနိုင်သော၊ဟာရီ-စိတ်နှလုံးကို, ယူကျုံး ဆွဲဆောင်နိုင်သော၊ ဝါ- နှစ်သက်ဘွယ်ရှိသော၊ ရံသိမာလီ - ရောင်ခြည်ပန်းကုံးရှိသော၊ အယံဘဂဝါ - ဤကြက်သရေဘုန်းရှိန်,ထိန်ထိန်တောက်လင်း, အရှင်နေမင်းသည်၊ ဇနေ-သတ္တာတို့ကို၊ ပေါဓယံ- နိုးစေလျက်၊ ရာဇတေ- တင့်တယ် တောက်ပ၏။

တနည်း။ ။မဟောဒယံ - ကြီးကျယ် ပွားစီး, သဗ္ဗညုတဉာဏ်တည်းဟူသောဥဒည်တောင်သို့၊သမာရုဠှော-ကောင်းစွာတက်ရောက်တော်မူထသော၊ အန္ဓတမဟာရော-မောဟအမှောင်ကို ပယ်ဆောင်ဖျက်ဆီးတော်မူနိုင်ထသော၊ ဟာရီ-စိတ်နှလုံးကို,ယူကျုံးဆွဲဆောင်နိုင်ထသော၊ ဝါ – နှစ်သက်ဘွယ် ရှိတော်မူထသော၊ ရံသိမာလီ-တရားတည်းဟူသော ရောင်ခြည်ပန်းကုံး ရှိတော်မူထသော၊ အယံဘဂဝါ- ဤဘုန်းတော်ကြီးမား, ရှင်တော်မြတ်ဘုရားသည်၊ ဇနေ-ကျွတ်ထိုက်ကြသူ , နတ် လူ ပြဟ္မာ, သတ္တာတို့ကို၊ ပေါဓယံ-ကိလေသာ အိပ်ပျော်ခြင်းမှ နိုးစေလျက်၊ ရာဇတေ - တင့်တယ်တော်မူပါပေ၏။[အယံ-ဤသိလေသအလင်္ကာသည်၊ အဘိန္နပဒဝါကျ သိလေသော-အဘိန္နပဒဝါကျ သိလေသတည်း။]

× × × × × × ×

၂၀၉။ မဟောဒယံ။ ။မဟန္တော-ကြီးကျယ်သော+ဥဒယော-နေထွက်ရာ ဥဒည်တောင်တည်း၊ (ဥပမာနနေနှင့် ဆိုင်သောအနက်) ဝါ-တိုးပွားခြင်းတည်း၊ (ဥပမေယျ ဘုရားရှင်နှင့် ဆိုင်သော အနက်) မဟောဒယော-ခြင်း၊ "တိုးပွားခြင်း " ဟူသည် သဗ္ဗညုတဉာဏ်တော်တည်း၊ ထို့ကြောင့် ဋီကာ၌ " သဗ္ဗညုပဒဝိ သင်္ခါတံ မဟာဘိဝုဒ္ဓိံ - သဗ္ဗညု ဘုရားရှင်၏ လမ်းကြောင်း ဟု ဆိုအပ်သော ကြီးကျယ်သော တိုးပွားခြင်းသို့"ဟု ဖွင့်သည်။

www.dhammaransi.com



**အန္တတမဟာရော**။ ။အန္တတမံ- စကြာဝဠာတတိုက်လုံး၌ ပြန့်နှံ့သော ပကတိ အမိုက်မှောင်ကို၊ ( နေအတွက် )၊ ဝါ - ဉာဏ်စက္ခုကို ကာဏ်းအောင် ပြုတတ်သော မောဟမှောင်ကို ( ဘုရား အတွက်)၊ ဟရတိ - ပယ်ဆောင် တတ်၏၊ ဣတိ အန္တတမဟာရော။ [ စက္ကဝါဠဂဗ္ဘေ ပတ္ထဋပကတိဃနန္ဓကာရဿ ( နေအတွက် ) ဉာဏ လောစနဿ- ဉာဏ်စက္ခုကို၊ အန္ဓကရဏတော- ကာဏ်းအောင်ပြုတတ်သည့် အတွက်၊ အန္ဓကာရောတိ ဝုတ္တမော ှဟဿဝါ(ဘုရားရှင်အတွက်)ဝိဒ္ဓံသကော။]

**ဟာရီ,ရံသိမာလီ**။ ။တေနေဝ မနုညော-ထိုသို့အမိုက်မှောင်ကို ပယ်နိုင်သောကြောင့်ပင် နှစ်သက်ဘွယ် ကောင်းသော။ [ ဟာရော- စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်ခြင်းသည်၊ အဿ အတ္ထီတိ ဟာရီ။ ]ရံသိမာလာ-အရောင်ပန်းကုံးသည်၊(နေဘို့)တရားရောင်ခြည်ပန်းကုံးသည် (ဘုရားရှင်ဘို့)အဿ အတ္ထီတိ ရံသိမာလီ။

**ဇာနေ ဗောဓယံ ဘဂဝါ**။ ။ပကတိနိဒ္ဒါယ - ပကတိအိပ်ခြင်းနှင့် (နေဘို့)၊ကိလေသနိဒ္ဒါယ- ကိ လေသာတည်းဟူသော အိပ်ပျော်ခြင်း နှင့်၊ သမ္မောဂတေ သတ္တေ- တို့ကို၊ ဗောဓေသိ- နိုးစေတတ်၏၊ ဣတိ ဗောဓယံ၊ ဘဂါ ယဿ အတ္ထီတိ ဘဂဝါ - ဘုန်းရှိသော နေမင်း၊ ဘုန်းတော် ၆ ပါးရှိတော်မူသော ဘုရားရှင်။

**အဘိန္နပဒဝါကျ သိလေသ** ။ ။ တပုဒ်တပုဒ်လျှင် နေကို အရကောက်ရသော အနက် , ဘုရားရှင်ကို အရကောက်ရသော အနက် အားဖြင့် အနက် ၂ ထပ်ပါ၏၊ ထိုသို့ အနက် ၂ ထပ်ရသော်လည်း ပဌမအနက်ကို ဟောသော ပုဒ်သည် နဂိုရ်အတိုင်းမပျက်ဘဲ ဒုတိယ အနက်ကိုလည်း ဟောနိုင်သောကြောင့် "အဘိန္နပဒ"များဖြစ်ကြ၏၊ ထို အဘိန္နပဒများပါရှိရာ ဝါကျသည်ပင် သိလေသဝါကျ ဖြစ်သောကြောင့် အဘိန္နပဒဝါကျ သိလေသအမည်ရသည်။ [ဘိဇ္ဇန္တေတိ ဘိန္နာနိ၊ န+ ဘိန္နာနိ အဘိန္နာနိ၊ အဘိန္နာနိ + ပဒါနိ ယသ္မိံ တိ အဘိန္နပဒံ- မပျက်သော ပုဒ်များပါရှိရာ ဝါကျ၊ အဘိန္နပဒဝါကျ သဉ္ဇာတော+ သိလေသော အဘိန္နပဒ ါကျသိလေသော။-ဋီကာသစ်၏ ရှေ့ဂါထာ အဖွင့်နှင့် ပေါင်းထားသည်။]

www.dhammaransi.com



### ဘိန္နပဒဝါကျ သိလေသော

၂၉၀။ သာရဒါမလကာ ဘာသော, သမာနီတ ပရိက္ခယော၊
ကုမုဒါကရသမ္ဘာဝော, ပီဏေတိ ဇနတံ သုဓိ။

၂၉၀။ သာရဒေါ - သရဒဥတု၌ ဖြစ်ထသော၊ အမလကာဘာသော - အညစ်ကြေးကင်း, သန့်ရှင်းသောအရောင်လည်း ရှိထသော၊ သမာနီတပရိက္ခယော-လဆုတ်ပက္ခ,တရက်မှလျှင်, နေ့စဉ်ကုန်ဆုတ် , ကလာ၏ ယုတ်လျော့ခြင်းသို့လည်း ဆောင်တတ်ထသော၊ ကုမုဒါကရသမ္ဘာဝော - ကုမုဒြာကြာဖြူတော၏ ပွင့်လန်းခြင်းလည်း ရှိထသော၊ သုဓိ - အမြိုက်သုဓာ , နတ်ဩဇာရှိသောလမင်းသည်၊ ဇနတံ - သတ္တာအပေါင်းကို၊ ပီဏေတိ - နှစ်သက်စေနိုင်၏။

တနည်း။ ။သာရဒေါ-မြတ်သောနိဗ္ဗာနကို ပေးတော်မူတတ်ထသော၊ အမလကာဘာသော- အညစ်အကြေး ကင်းသော ကေတုမာလာရောင်လည်း ရှိတော်မူထသော၊ သမာနီတ ပရိက္ခယော - နိဗ္ဗာန်သို့ , ဆောင်ပို့အပ်သည့်, ကိလေသာရန်၏ ကုန်ခန်းခြင်းလည်း ရှိတော်မူထသော၊ ကုမုဒါ ကရသမ္ဘာဝော-တမြေပြင်လုံး, ရွှင်ပြုံးပြုတတ် , လေးရပ်သစ္စာကို သိခြင်းလည်း ရှိတော်မူထသော၊ သုဓိ- တင့်တယ်စွာဘိ, သဗ္ဗညုတဉာဏ် ရှိတော်မူထသော မြတ်စွာဘုရားသည်၊ ဇနတံ-သတ္တာအပေါင်းကို၊ ပီဏေတိ- နှစ်သက်စေနိုင်၏။ [အသံ- ဤသိလေသသည်၊ ဘိန္နပဒဝါကျ သိလေသော-ဘိန္နပဒဝါကျ သိလေသတည်း။]

× × × × × × ×

၂၉၀။ သာရဒေါ။ ။သရဒေ-သရဒဥတု၌+ဘဝေါ-ဖြစ်သောလ တည်း၊ သာရဒေါ - သရဒဥတု၌ ဖြစ်သော လ။ [ တော်သလင်းလပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂ လကို "သရဒဥတု"ဟု ခေါ်သည်။] (တနည်း)သာရံ- နိဗ္ဗာန်တရားအနှစ်ကို+ ဒဒါတိ-(ဝေနေယျတို့အား ) ပေးတော်မူတတ်၏၊ ဣတိ သာရဒေါ (ဘုရား)။[လကို အရကောက်ရာ၌ ပုဒ်ပြီးပုံတမျိုး , ဘုရားရှင်ကိုအရကောက်ရာ၌ ပုဒ်ပြီးပုံတမျိုးအားဖြင့် ပုဒ် ၂မျိုးကွဲပြား၍ "ဘိန္နပဒ" ဖြစ်ပုံကို သတိပြုပါ၊ နောင်၌လည်း ဤနည်းအတိုင်း ကွဲပြားလိမ့်မည်။ ]

www.dhammaransi.com



**အမလကာ ဘာသော ။** ။ နတ္ထိ မလံ ယဿာတိ အမလော၊ အမလော ယေဝ + အမလကော၊ အမလကော + အာဘာသော ယဿာတိ အမလကာဘာသော(စန္ဒော)၊ ကမ္ပိ(မတ္တကေ)အာဘာ သော ကာဘာသော = ဦးထိပ်တော်၌ အရောင်။ [ ထိုအရောင်ကို ''ကေတုမာလာရောင်''ဟု ခေါ်သည်။ ] အမလော+ ကာဘာသော ယဿာတိ အမလကာဘာသော(ဘုရား)။

**တနည်း။** ။ သရဒပုဒ်ကို '' အာဘာသော '' ၏ ဝိသေသန ဟု ကြံ၍ ဋီကာ၌ တနည်းဖွင့်သေး၏၊ သာရဒါမလကာဘာသော - သရဒ ဥတု၌ ဖြစ်သော အညစ်အကြေးမရှိသော အရောင်ရှိသောလ၊ ဝါ- မြတ်သောနိဗ္ဗာန်ကိုပေးတော်မူတတ်သော အညစ်အကြေးမရှိသော ကိုယ်ရောင်ရှိတော်မူသော ဘုရား၊ တနည်း - ဘုရားကို အရကောက် ရသော နည်း၌ '' သာရဒ+အာမလက + အာဘာသော''ဟု ပုဒ်ခွဲ၍ ''မြတ်သော နိဗ္ဗာန်ကို ပေးတတ်သော လက်အပြင်၌ ထားအပ်သော ရှစ်ရှားသီးကိုမြင်သကဲ့သို့ ညေယျတရားတို့ကို မြင်နိုင်သော သဗ္ဗညုတ ဉာဏ်ရောင်ရှိတော်မူသော ဘုရား။

**သမာနီတ ပရိက္ခယော။** ။ကဏ္ဍပဗ္ဗေ သုဋ္ဌုကမေန အာနီတ ပရိက္ခယော ပရိပုဏ္ဏ စန္ဒော၊ '' သံ+အာနီတ+ ပရိက္ခယော '' ဟုခွဲ၊ သံကို''သုဋ္ဌု''သုဋ္ဌုကို '' ကမေန''ဟု ဖွင့်သည်၊ ပြည့်နေသော လကို လဆုတ်ပက္ခကျလျှင် အစဉ်အတိုင်း'' ကလာ '' ဟု ခေါ်သော အစိတ် အစိတ်၏ ကုန်ခန်း ဆုတ်ယုတ်ခြင်းသို့ ဆောင်သည်-ဟူလို။ [''သမ္မာ+ အာနီတော သမာနီတော၊ သမာနီတော+ ပရိက္ခယော အနေနာတိ သမာနီတ ပရိက္ခယော''ဟုပြု။ ]သမယသံ့ါတံ သန္တိံ အာနီတကိလေသ ပရိဟာနိသံ့ါတပရိက္ခယော၊ ''သမ+ အာနီတ+ ပရိက္ခယော''ဟုခွဲ၊ သမကို''သန္တိံ - နိဗ္ဗာန်သို့ '' ဟုဖွင့်၊ ပရိက္ခယကိုလည်း '' ကိလေသ ပရိဟာနိ'' ဟု ဖွင့်သည်၊ နိဗ္ဗာန်သို့ ပို့ဆောင်အပ်သော ကိလေသာ ကုန်ခန်းခြင်းရှိတော်မူသောဘုရား။ [သမံ+အာနီတော သမာနီတော၊ သမာနီတော + ပရိက္ခယော ယေနာတိ သမာနီတ ပရိက္ခယော။]

**ကုမုဒါကရသမ္ဗောဓော ။** ။ ကုမုဒါနံ- ကုမုဒြာကြာ တို့၏+ အာကရော - ပေါ်ထွက်ရာ ကြာတောတည်း၊ ကုမုဒါကရော- တော၊

www.dhammaransi.com



ကုမုဒါကရသ - ၏၊ သမ္ဗောဓော - ပွင့်ခြင်းသည်၊ ယဿ အတ္ထီတိ ကုမုဒါကရသမ္ဗောဓော - ကုမုဒြာ ကြာတော၏ ပွင့်ခြင်းရှိသော လ။ [ကုမုဒါကရဝိကာသနေန သမန္နာဂတော၊- ဋီကာ။]ဘုရားရှင်ကို အရ ကောက်ရာ၌ကား "ကု" သဒ္ဒါသည် မြေဟူသောအနက်ကို ဟော၏၊ မြေပြင်၌ နေကြသော သတ္တာအပေါင်းကိုကား ဌာနူပစာရအားဖြင့် ဟောသည်၊ မုဒ်- နှစ်သက် ဝမ်းမြောက်ခြင်းကို + ကရောတီတိ မုဒါ ကရော၊ ကုယာ-မြေ၌မှီသူ လူအပေါင်း၏+မုဒါကရော ကုမုဒါကရော၊ ကုမုဒါကရော+သမ္ဗောဓော(သစ္စာ ၄ ပါးကိုသိခြင်း)ယဿ အတ္ထီတိ ကုမုဒါကရသမ္ဗောဓော။ [ ကုသင်္ခါတပထဝိ နိဿိတာနံ ဇနာနံ ပီတိ ဇနနစတုသစ္စာဝဗောဓေန သမန္နာဂတော။]

သုဓီ။ ။သုဓာသင်္ခါတ အမတဝန္တတာယ(အမြိုက်သုဓာရှိသည်၏အဖြစ်ကြောင့် ) တန္နာမကော စန္ဒော- ထို သုဓီအမည်ရှိသော လ။ [သုဓာ ယဿ အတ္ထီတိ သုဓီ။ ] သုန္ဒရပညဝန္တတာယ တန္နာမကော သမ္ဗာသမ္ဗုဒ္ဓေါ။ [ " သု+ဓီ"ဟု ၂ ပုဒ်ခွဲ"သောဘနာ+ဓီ (ပညာ) ယဿ အတ္ထီတိ သုဓီ"ဟုပြု။]

အဘိန္နပဒဝါကျ သိလေသ။ ။ ဤပြခဲ့သည့်အတိုင်း လကို အရ ကောက်ရသောပုဒ်က တမျိုး , ဘုရားရှင်ကို အရကောက်ရသောပုဒ်က တမျိုး , ဤသို့ ၂ မျိုး ကွဲပြားသောကြောင့် " သာရဒေါ " စသော ပုဒ်များသည် အသံတူသော်လည်း ရုပ်ပြီးပုံ ကွဲပြားသော " ဘိန္နပဒ" များဖြစ်ကြ၏၊ထို ဘိန္နပဒများချည်းပါရှိရာဖြစ်သောကြောင့် ဤဂါထာ ဝါကျတခုလုံး"ဘိန္နပဒဝါကျ သိလေသ"ဖြစ်၏။[ဥဘယပက္ခေသု ပဒံ ဘိန္ဒိတ္ဗာ ( ပုဒ်ကိုဖျက်၍)အတ္တဿ ယောဇနတော ( အနက်ကိုယှဉ်စေရခြင်းကြောင့် )အယံ ဘိန္နပဒဝါကျ သိလေသော။]

မှတ်ချက်။ ။ "ပဒဝါကျ" ၌ ဝါကျဟူသည် ဝိဂ္ဂြဟ်ဝါကျလော, ပုဒ်အပေါင်းကိုခေါ်သော ရိုးရာဝါကျလော- ဟု စဉ်းစားကြ၏၊ ဝိဂ္ဂြဟ်ဝါကျ၏ ကွဲပြား— မကွဲပြားမှုကို " ဘိန္န အဘိန္န " သဒ္ဒါတို့က ပြပြီးဖြစ်၏၊ ထို့ကြောင့် ထိုဘိန္နပဒ— အဘိန္နပဒတို့ ပါရှိရာ ( ပဒသမူဟဖြစ်သော ) ရိုးရာဝါကျကိုသာ " ပဒဝါကျ " ဆိုသည် ဟု မှတ်၊ ရှေ့ဂါထာများ အဖွင့်၌ ဋီကာဝိဂ္ဂြဟ်များနှင့် " သျာဒျန္တတျာဒျန္တပဒသမန္နာဂတာနံ ဝါကျလက္ခဏောပေတဝါကျာနံ " ဟူသောစကားကို ထောက်ပါ။

www.dhammaransi.com



### ဘိန္နာဘိန္နပဒဝါကျသိလေသော

၂၉၁။ သမာဟိတတ္တဝိနယော, အဟီန မဒမဒ္ဒနော၊
သုဂတော ဝိသဒံ ပါတု, ပါဏိနံ သော ဝိနာယကော။

၂၉၁။ သမာဟိတတ္တဝိနယော- ကောင်းစွာ ထားအပ်သော ကိုယ်ကို လိုရာသို့ဆောင်သွားခြင်းလည်း ရှိထသော၊ အဟီနမဒ မဒ္ဒနော-မြွေများသနင်း, နဂါးမင်းတို့၏မာနစွယ်ကို, နှိပ်နယ်ဖျက်ဆီး နိုင်ထသော၊ သုဂတော- ကောင်းသော သွားခြင်းလည်းရှိထသော၊ သော ဝိနာယကော- ထို ဌက်များသနင်း, ဂဠုန်မင်းသည်၊ ဝိသဒံ- အဆိပ်ကို ပေးတတ်သော၊ ပါဏိနံ – နဂါး သတ္တာ အပေါင်းကို၊ ပါတု-မည့ဦးဆဲသောအားဖြင့် စောင့်ရှောက်ပါစေသတည်း။

တနည်း။ ။သမာဟိတတ္တဝိနယော- ကောင်းစွာထားအပ်ပြီး သောစိတ်ကို ဆုံးမခြင်း ရှိတော်မူထသော၊ အဟီနမဒ မဒ္ဒနော- မယုတ်မငယ်, ကြီးကျယ်မြတ်စွာ, နတ်ပြဟ္မာတို့၏ မာနရစ်ခြင်းကို နှိပ်နင်းတော်မူနိုင်ထသော၊ သုဂတော-ကောင်းသောဉာဏ်တော်၏ ဖြစ်ခြင်း, ကိုယ်တော်၏ သွားခြင်းရှိတော်မူထသော၊ သော ဝိနာယကော - သတ္တာတို့ကို ဆုံးမတော်မူတတ်သော ထို မြတ်စွာဘုရား သည်၊ ပါဏိနံ-သတ္တာအပေါင်းကို၊ ဝိသဒံ-ရဲရဲဝံ့ဝံ့၊ ဝါ- သန့်ရှင်း စင်ကြယ်စွာ၊ ပါတု- စောင့်ရှောက်တော်မူပါစေသတည်း၊ [အယံ- ဤသိလေသသည်၊ ဘိန္နာဘိန္နပဒဝါကျ သိလေသော-ဘိန္နာဘိန္နပဒ ဝါကျ သိလေသတည်း။]

× × × × × × ×

၂၉၁။ သမာဟိတတ္တ ဝိနယော။ ။အတ္တသ- ကိုယ်ကို၊ ဝါ- စိတ်ကို၊ ဝိနယော- (ဝိပုဗ္ဗ+ နီဓာတ်)လိုရာသို့ ဆောင်သွားခြင်း၊ ဝါ- ဆုံးမခြင်း၊ အတ္တဝိနယော- ခြင်း၊ “ သမာဟိတော + အတ္တဝိနယော ယဿာတိ သမာဟိတတ္တဝိနယော”ဟု ဝစနတ္ထပြု၊ ဤအနက် ၂ ပါး၌ ပုဒ်ပြီးပုံ မကွဲပြားသောကြောင့် ဤပုဒ်သည် အဘိန္နပဒ ဖြစ်၏။[ သမ္မာ အာဟိတာယ (ထပိတာယ) သရီရဿ သဝိသယေ ဂတိယာ သမန္နာ ဂတော- ပျံသွားသောအခါ ကိုယ်ကို ကောင်းစွာထား၍ မိမိ၏အရာ ဝယ် ပျံသွားခြင်းနှင့် ပြည့်စုံသော ဂဠုန်၊ သမ္မာ အာဟိတေန ထပိ တေန စိတ္တဒမနေန သမန္နာဂတော-ဘုရားရှင်။

www.dhammaransi.com



**အဟီနမဒ မဒ္ဒနော။** ။အဟီနံ-မြွေတို့၏+ဣနော-အစိုးရသော မင်းတည်း၊ အဟီနော- မြွေမင်း၊ ဝါ-နဂါးမင်း၊ န+ဟီနာ အဟီနာ- မယုတ်ညံ့သူ , မြင့်မြတ်သူတို့၊ အဟီနာနံ + မဒမဒ္ဒနော အဟီန မဒ မဒ္ဒနော၊ အဟီန၌ ပုဒ် ၂ မျိုး ကွဲသောကြောင့် ဘိန္နပဒတည်း။ [နာဂ ရာဇူနံ မဒမဒ္ဒနော - အဟီနာနံ ( ဥတ္တမာနံ ) ဗကဗြဟ္မာဒီနံပိ မဒ မဒ္ဒနော။]

**သုဂတော။** ။သုန္ဒရံ+ဂတံ ယဿာတိ သုဂတော၊ အနက် ၂ ရပ်လုံး ၌ပင် ပုဒ်ပြီးပုံ မကွဲပြား သောကြောင့် အဘိန္နပဒ တည်း။ [ပက္ခဝါတဝေဂေန-အတောင်လေဟုန်ဖြင့်၊ သမုဒ္ဒဇလံ ဒွိဓာကတွာ- သမုဒြာရေကို ၂ ဖြာခွဲ၍၊ တသ္မိံ ဇလေ အနေကိဘူတေ ယေဝ - ထို ကွဲပြီးသောရေသည် တခုထည်းမဖြစ်မီ (ပြန်၍မစေ့သေးမီ) သာလျှင်၊ နာဂဘဝနံ ဂတွာ နာဂေ ဂဟေတွာ ဂမနသမတ္ထတ္တာ , သုန္ဒရ ဂမနော-ဂဠုန်၊ သမန္တဘဒ္ဒကအနေကပ္ပကာရဂမနော- ထက်ဝန်း ကျင်ကောင်းသော ကာယဂတိ ဉာဏဂတိအားဖြင့် အမျိုးမျိုးသော သွားခြင်းရှိသော မြတ်ဘုရား။]

**ဝိသဒံ ပါဏိနံ။** ။ဝိသံ + ဒဒါတီတိ ဝိသဒေါ၊ ယောရဝိသတ္တာ (ကြမ်းသော အဆိပ်ရှိသည်၏ အဖြစ်ကြောင့်)ဝိသဒါယကံ၊ ပါဏိနံ နာဂလောကံ၊ ဝိသဒံ-ဝိသာရဒံ ကတွာ(ရဲရင့်စွာ)၊ ဤဝိသဒံပုဒ်သည် "ဝိသ+ဒ" "ဝိသဒ"ဟု ၂ မျိုးကွဲပြားသောကြောင့် ဘိန္နပဒတည်း။ [ ဝိသဒံ၌ " ဝိသာရဒံ " ဖွင့်ခြင်းကို မနှစ်သက်ကြ၊ " ဝိသဒဉာဏ- သန့်ရှင်းသောဉာဏ်"ဟူရာ၌ကဲ့သို့"နိမ္မလ"အနက်ကိုယူလိုကြသည်။]

**ပါတု။** ။အဟိံ သနဝသေန ပါလေတု၊ အဟိတာပနယနဟိတော ပနယနေန ရက္ခတု - အဟိတကို ပယ်ခြင်း, ဟိတကို ကပ်ဆောင်ခြင်း အားဖြင့်စောင့်ရှောက်တော်မူပါ၊ဤပုဒ်နှင့်ပါဏိနံပုဒ်လည်းအဘိန္နပင်။

**ဝိနာယကော။** ။ဝိနံ-ငှက်တို့၏+နာယကော-အကြီးအကဲတည်း၊ ဝိနာယကော- (ဂဠုန်)၊ ဝိနေတိ-ဝေနေယျတို့ကို ဆုံးမတော်မူတတ် ၏၊ ဣတိ ဝိနာယကော - ( ဘုရားရှင် )၊ ဤပုဒ်သည် ဘိန္နပဒတည်း၊ ဤသို့ ဘိန္နပဒ-အဘိန္နပဒ,ပုဒ် ၂မျိုးပါရှိသောဝါကျဖြစ်သောကြောင့် ဤဂါထာသည် ဘိန္နာဘိန္နပဒဝါကျ သိလေသပုံစံဖြစ်သည်။

www.dhammaransi.com



### သိလေသအပြားတမျိုး

၂၉၂။ ဝိရုဒ္ဓါ ဝိရုဒ္ဓါဘိန္န-ကမ္မာ နိယမဝါ·ပရော၊
နိယမက္ခေပဝစနော, အဝိရောမိ ဝိရောဓျပိ။

၂၉၃။ ဩစိတျ သမ္ဘောသကာဒိ-သိလေသော ပဒဇာဒိပိ၊
သော် နိဒဿနေသွေဝ, ရူပ·မာဝိ ဘဝိဿတိ။

၂၉၂, ၃။ ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နကမ္မာ–ဝိရုဒ္ဓကမ္မသိလေသ, အဝိရုဒ္ဓကမ္မသိလေသ, အဘိန္နကမ္မသိလေသတို့ရင်း၊ နိယမဝါ - နိယမဝန္တ သိလေသရင်း၊ အပရော- တပါးသော၊ နိယမက္ခေပဝစနော- နိယမက္ခေပဝစနသိလေသရင်း၊ အဝိရောမိ - အဝိရောမိ သိလေသရင်း၊ ဝိရောဓျပိ(ဝိရောမိ+အပိ )- ဝိရောမိသိလေသရင်း၊ ပဒဇာဒိ- ပုဒ်ကြောင့် ဖြစ်သော ပဒဇ အစရှိသော၊ ဩစိတျသမ္ဘေါသကာဒိ သိလေသောပိ - ဩစိတျသမ္ဘေါသက အစရှိသော သိလေသရင်း၊ (ဣတိ- ဤသို့၊)သော်- ဤသိလေသတို့၏၊ ရူပ် - သရုပ်သဘောသည်၊ နိဒဿနေသွေဝ - ဥဒါဟရုဏ်တို့၌ပင်၊ အာဝိဘဝိဿတိ - ထင်ရှား ဖြစ်လတ့်။

× × × × × × ×

၂၉၂, ၃။ ဘိန္နပဒဝါကျသိလေသ-စသော ၃မျိုးအပြားအပြင်, အခြားနည်းအားဖြင့် သိလေသအပြားကို ပြပြန်လိုသောကြောင့် "ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္န" စသော ၂ ဂါထာကို မိန့်၊ ဂါထာ အတိုင်း ခေါင်းစဉ်မာတိကာကိုသာ မှတ်သားနှင့်ပါ။

**အာဒိ ၂ ပုဒ်။** ။"ပဒဇာဒိ, ဩစိတျသမ္ဘောသကာဒ်" ဟု အာဒိ ၂ ပုဒ် ရှိ၏၊ ပဒဇာဒိ၌ အာဒိဖြင့် ဝါကျဇကိုယူ၊ သမ္ဘောသကာဒိ၌ အာဒိဖြင့် ဥပမာ သိလေသ စသော (အခြားအလင်္ကာများ၌ပါသော) သိလေသများကို ယူပါ။ [ပဒတော+ဇာတော ပဒဇော၊ ပဒဇော + အာဒိ ယဿဝါကျဇဿာတိ ပဒ ဇာဒိ၊ဩစိတံ+သမ္ဘောသေတီတိ ဩစိတျသမ္ဘောသကော၊သော-အာဒိ ယဿ ဥပမာသိလေသာဒိနောတိ ဩစိတျသမ္ဘောသကာဒိ၊ ( ဋီကာသစ် ဝိဂ္ဂဟ )၊ ဋီကာဟောင်း၌ "သော+ အာဒိ ယဿအလင်္ကာရန္တရဂေါစရဿ သိလေသ ဿာတိ ဩစိတျသမ္ဘောသကာဒိ" ဟု ပြု၏၊ "အလင်္ကာရန္တရဂေါစရဿ— ဥပမာအလင်္ကာစသော အလင်္ကာတပါးလျှင် ကျက်စားရာရှိသော၊ ယဿ သိလေသဿ-၏"ဟုပေး၊ အဓိပ္ပါယ်မှာ ဋီကာသစ်နှင့်သဘောတူပင်တည်း။]

www.dhammaransi.com



**ဝိရုဒ္ဓကမ္မသိလေသပုံစံ**

၂၉၄။ သဝသေ ဝတ္တယံ လောက-မခိလံ ကလ္လဝိဂ္ဂဟော၊
ပရာဘဝတိ မာရာရိ,ဓမ္မရာဇာ ဝိဇမ္ဘတေ။

၂၉၄။ အခိလ်-အလုံးစုံသော၊ လောကံ- သတ္တာအပေါင်းကို၊ သဝသေ- မိမိအလိုဌ်၊ ဝတ္တယံ- လိုက်စေနိုင်သော၊ ကလ္လဝိဂ္ဂဟော- နှစ်သက်ဘွယ် စစ်ထိုးခြင်းရှိသော၊ ဝါ - စစ်တိုက်ကောင်းသော၊ မာရာရိ-ရန်သူမာရ်နတ်သည်၊ ပရာဘဝတိ-မြတ်စွာဘုရားမှ ရှုံး၏၊ သဝသေ-မိမိအလိုဌ်၊ ဝတ္တယံ- လိုက်စေနိုင်သော၊ ကလ္လဝိဂ္ဂဟော- နှစ်သက်ဘွယ် ခန္ဓာကိုယ် ရှိတော်မူသော၊ ဓမ္မရာဇာ - တရားမင်း ဘုရားသည်၊ ဝိဇမ္ဘတေ-အောင်သံ ကြွေးကျော်,စမ္ပါယ်တော်မူ၏။

× × × × × × ×

၂၉၄။ သဝသေဝတ္တယံ။ ။အခိလံ လောကံ အနတ္တေ ယောဇ နတော အတ္တနော ဝသေ ဝတ္တယန္တော-လောကအားလုံးကို အကျိုး မဲ့၌ယှဉ်စေခြင်းအားဖြင့် မိမိအလိုသို့ လိုက်ပါစေနိုင်သော(မာရာရိ)၊ သကလလောကံ ဟိတေ ယောဇနတော အတ္တနော ဝသေ ဝတ္တယ န္တော (ဓမ္မရာဇာ)။

ကလ္လဝိဂ္ဂဟော။ ။မနုညကလဟော-နှစ်သက်ဘွယ် စစ်ထိုးခြင်း ရှိသော, စစ်တိုက်ကောင်းသော (မာရာရိ)။ [ ဤ၌ ဝိဂ္ဂဟသဒ္ဒါသည် ''ကလဟ ဝိဂ္ဂဟ'' ပုဒ်၌ကဲ့သို့ '' ငြင်းခုန်ခြင်း- စစ်ထိုးခြင်း '' အနက်ကို ဟော၏။ ] မနုညသရီရသမ္ပတ္တိယုတ္တော- နှစ်သက်ဘွယ်သော ကိုယ်၏ ပြည့်စုံခြင်းနှင့်ယှဉ်သော(ဓမ္မရာဇာ)၊[ဤ၌ ဝိဂ္ဂဟသဒ္ဒါသည်''မနုသ ဝိဂ္ဂဟ''ပုဒ်၌ကဲ့သို့''ကိုယ်''ဟူသော အနက်ကို ဟော၏ ]''ကလ္လော+ ဝိဂ္ဂဟော ယဿာတိ ကလ္လဝိဂ္ဂဟော'' ဟု ပြု၍ ပုဒ်ပြီးပုံမှာ မကွဲပြား။

**ပရာဘဝတိ ဝိဇမ္ဘတေ ။** ။ [ဝိဇမ္ဘတေ—လောကတ္တယေ ပတ္ထဋ ဇယ ဃောသဝသေန ဝိဇမ္ဘတိ= လောက ၃ ဘုံ၌ ပြန့်နှံ့သွားသော (နတ်မြဟ္မာတို့ ကြွေးကျော်အပ်သော)အောင်သံ၏ အစွမ်းဖြင့် တင့်တယ်စမ္ပါယ်တော်မူ၏။] ဤဂါထာ၌ ရှုံးခြင်းကြိယာ, နိုင်ခြင်းကြိယာ ဟု ၂ ပါးရှိ၏၊ ဤ ကြိယာ ၂ ပါး သည် အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် ဝိရုဒ္ဓကမ္မ သိလေသပုံစံဖြစ်၏၊ ကမ္မသဒ္ဒါသည် ''ကရဏံ- ပြုခြင်း၊ ကမ္မံ—ခြင်း''ဟု ဝိဂ္ဂဟ ပြု၍ ကြိယာအနက်ကို ဟော၏။ [ပရာဘဝန ဝိဇမ္ဘနကြိယာနံ့ အညမညဝိရုဒ္ဓ တ္တာ အယံ ဝိရုဒ္ဓကမ္မသိလေသောနာမ။]

www.dhammaransi.com



**အဝိရုဒ္ဓကမ္မသိလေသ ပုံစံ**

၂၉၅။ သဘာဝမဓုရံ ပုည-ဝိသေသောဒယသမ္ဘဝံ၊
သုဏန္တိ ဝါစံ မုနိနော, ဇနာ ပဿန္တိ စာ-မတံ။

၂၉၅။ သဘာဝမဓုရံ - မပြု မပြင် ပင်ကိုယ်သဘောအားဖြင့် ချိုသာနာပျော်ဘွယ်ရှိထသော၊ ပုညဝိသေသောဒယသမ္ဘဝံ-ဘုရားရှင့် သန္တာန်, ဘုန်းကံတော် အထူး၏, ပြန့်ပြူးပွားစီးခြင်းကြောင့် ကောင်းစွာဖြစ်ထသော၊ မုနိနော- မြတ်စွာဘုရား၏၊ ဝါစံ - တရားစကားသံကို၊ ဇနာ - လူတို့သည်၊ သုဏန္တိစ - နှစ်သက်ကြည်ဖြူ , နာလည်း နာယူကြကုန်၏၊ သဘာဝမဓုရံ - မပြု မပြင် , ပင်ကိုယ်သဘောအားဖြင့် မွန်မြတ်ပေထသော၊ ပုညဝိသေသောဒယသမ္ဘဝံ- သတ္တဝါတို့သန္တာန်, နိဗ္ဗာန်ရည်စူး, ကောင်းမှုထူး၏, ပြန့်ပြူးပွားစီးခြင်းကြောင့် ကောင်းစွာဖြစ်ထသော၊ အမတံ - အမြိုက်နိဗ္ဗာန်ကို၊ ပဿန္တိစ-ဉာဏ်ဖြင့်ထင်ထင် မြင်လည်းမြင်ကြရကုန်၏။

× × × × × × ×

၂၉၅။ သဘာဝမဓုရံ။ ။မဓုရံ ကရိဿာမိတိ(ချိုဆိမ့်အောင် ပြုအံ့ဟူ၍ )ကတ္တဗ္ဗပယောဂံ ဝိနာပိ မဓုရတ္တာ(ပြုအပ်သော ပယောဂ မပါဘဲလည်း ချိုဆိမ့်သည်၏အဖြစ်ကြောင့် ) ပကတိမဓုရံ - ပင်ကိုယ် ချိုဆိမ့်သော တရားစကားတော်သံကို၊ ကေနစိပစ္စယေန အနုပ္ပန္နတ္တာ သင်္ခါရဝိသေသံဝိနာပိ(ပြုပြင်မှုဟူသော သင်္ခါရအထူးမပါဘဲလည်း) ပကတိပဏီတံ (အမတံ)။

ပုည၊ပေ၊သမ္ဘဝံ။ ။ပုညဝိသေသဒေသကဿ မုနိနော (ကောင်းမှု အထူးကို ဟောပြတော်မူတတ်သော ဘုရားရှင်၏ ) ကဿစိ ကုသလဝိသေ သဿ အဘိဝုဒ္ဓိယာ ( ဥဒယအဖွင့်) သမ္ဘူတံ (ဝါစံ) — ဘုရားရှင်၏ ကုသိုလ် အထူး တမျိုးမျိုး၏ တိုးပွား ပြည့်စုံခြင်းကြောင့် ဖြစ်သည့်အတွက် သာယာ သော တရား အသံတော်၊ ဝေနေယျဇနာနံ နိဗ္ဗာနာဓိပ္ပါယေန ကတကုသလ ဝိသေသဿ အဘိဝုဒ္ဓိယာ အာရမဏတ္တေန ပဋိလဒ္ဓံ (အမတံ) -ဝေနေယျတို့၏ နိဗ္ဗာန်ကိုလိုလား၍ ပြုအပ်သော ပါရမီကောင်းမှု အထူး၏ တိုးပွား ပြည့်စုံမှု ကြောင့် အာရုံပြုသောအားဖြင့် ရအပ်သော အမြိုက်နိဗ္ဗာန်။

သုဏန္တိ ပဿန္တိ ။ ။ တရားသံကို နာရခြင်း, အမြိုက်နိဗ္ဗာန်ကို သိမြင် ရခြင်း ဟူသော ကြိယာ ၂ ရပ်သည် အချင်းချင်း မဆန့်ကျင်ဘဲ သဘောတူ ဖြစ်နေသောကြောင့်၎င်း, သဘာဝမဓုရံ-စသော ၂ ပုဒ်၌ အနက် ၂ ထပ် ငြိကပ် သောကြောင့်၎င်း, အဝိရုဒ္ဓကမ္မသိလေသပုံစံ ဖြစ်သည်။

www.dhammaransi.com



**အဘိန္နကမ္မသိလေသဖုံစံ**

၂၉၆။ အန္ဓကာရပဟာရာယ, သဘာဝမဓုရာယစ၊
မနော ပီဏေတိ ဇန္တူနံ, ဇိနော ဝါစာယ ဘာယစ။

၂၉၆။ ဇိနော - ငါးမာရ် အောင်မြင် , ဘုရားရှင်သည်၊ အန္ဓကာရပဟာရာယ- မောဟ အမိုက်မှောင်ကို ပယ်ဆောင် ဖျက်ဆီးတော်မူနိုင်သော၊ သဘာဝမဓုရာယစ-မပြုမပြင်,ပင်ကိုယ်သဘော အားဖြင့် ချိုမြိန် ကောင်းမြတ်သည်လည်း ဖြစ်သော၊ ဝါစာယစ - စကား အသံတော်ဖြင့်၎င်း၊ အန္ဓကာရပဟာရာယ - ပကတိအမိုက်မှောင်ကို ပယ်ဆောင် ဖျက်ဆီးတော် မူနိုင်သော၊ သဘာဝ မဓုရာယစ - မပြုမပြင် ပင်ကိုယ်သဘော အားဖြင့် ချိုမြိန် ကောင်းမြတ်သည်လည်းဖြစ်သော၊ ဘာယစ-ကိုယ်တော်ရောင်ဖြင့်၎င်း၊ ဇန္တူနံ-သတ္တဝါတို့၏၊ မနော- စိတ်ကို၊ ပီဏေတိ- နှစ်သက်စေတော်မူ၏။

× × × × × × ×

၂၉၆။ **အန္ဓကာရတျာဒိ**။ ။ မောဟန္ဓကာရံ ( စကားသံ အတွက် ) ပကတိအန္ဓကာရံ ( အရောင်အတွက် ) + အပဟရတီတိ အန္ဓကာရပဟာရာ၊သဘာဝေန-မပြုမပြင် ပင်ကိုယ်သဘောအားဖြင့်+ မဓုရာ(ကဏ္ဏသုခါ)-ကြားရသောအခါ နားကို ချမ်းသာစေတတ်၏၊ ဝါ-နားဝင်ချို၏၊ ( စကားသံ အတွက်)၊ မဓုရာ ( နေတ္တာဘိရာမာ)- မြင်ရသောအခါ မျက်စိကို မွေ့လျော်စေတတ်၏၊ ဝါ-မျက်စိ အရသာရှိ၏(အရောင် အတွက်)၊ ဣတိ သဘာဝမဓုရာ။

ပီဏေတိ ဝါစာယ ဘာယစ ။ ။ ပီဏန ကြိယာ တခုထည်း၌ "ဝါစာယ-ဘာယ"ဟူသော ကရိုဏ်း ၂ခုတို့ စပ်ရသောကြောင့်၎င်း, အန္ဓကာရပဟာရာယ သဘာဝမဓုရာယတို့သည် အနက် ၂ထပ် ထိစပ်ငြိကပ်ရာ ဖြစ်သောကြောင့်၎င်း အဘိန္နကမ္မ ( မပြားသော ကြိယာရှိသော )သိလေသပုံစံဖြစ်သည်၊ [ပီဏနသဘာဝါယေကာယ ကြိယာယ (သဘာဝါယ + ဧကာယကြိယာယ) သမ္ဗန္ဓကရဏဘူတာနံ ဒွိန္နံ ဝါစာဘာနံ (စကား+အရောင်တို့၏) ယောဇိတတ္တာ အယံ အဘိန္နကမ္မသိလေသော။]

www.dhammaransi.com



နိယမဝန္တသိလေသ ပုံစံ

၂၉၇။ ကေသက္ခိန်ံဝ ကဏ္ဍတ္တံ, ဘမူနံယေဝ ဝင်္ကတာ၊
ပါဏိပါဒါဓရာနံဝ, မုနိန္ဒဿာ'ဘိရတ္တတာ။

၂၉၇။ မုနိန္ဒဿ - မုနိတွင်မြတ်တင်, ဘုရားရှင်၏၊ ကေသက္ခိန်ံဝ- ဆံတော်, မျက်လုံးတော်တို့၏ သာလျှင်၊ ကဏ္ဍတ္တံ - မည်းနက်ကုန်သည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ ( မနသိ-စိတ်တော်၌၊ ကဏ္ဍတ္တံ-မည်းနက်သည်၏အဖြစ်ဟူသော အကုသိုလ်သည်၊ နဟောတိ- မဖြစ်၊ ) ဘမူနံယေဝ - မျက်ခုန်းတော်တို့၏ သာလျှင်၊ ဝင်္ကတာ- ကောက်ကွေးကုန်သည်၏ အဖြစ်သည်၊ ဟောတိ - ဖြစ်၏၊ ( အဇ္ဈာသယေ-အလိုဆန္ဒတော်၌၊ ဝင်္ကတာ- ကောက်ကွေးသည်၏ အဖြစ်ဟူသောသာဌေယျသည်၊ နဟောတိ-မဖြစ်၊)ပါဏိပါဒါ'ဓရာနံဝ- လက်ဖဝါး ခြေဖဝါး နှုတ်ခမ်းတော်တို့၏သာလျှင်၊ အဘိရတ္တတာ- အလွန် နီမြန်းကုန်သည်၏ အဖြစ်သည်၊ ဟောတိ-၏၊ ( စိတ္တေ-စိတ်တော်၌၊ အဘိရတ္တတာ- အလွန်တပ်မက်သူ၏ အဖြစ်ဟူသော ရာဂ သည်၊နဟောတိ - မဖြစ်၊)[ဋီကာသစ်၌ စိတ္တေနေရာဝယ်''ကေသုစိ ဝတ္ထူသု''ဟု ပါ၏၊ မကောင်းလှ၊]

× × × × × × ×

၂၉၇။ ကေသက္ခိန်ံဝ ကဏ္ဍတ္တံ ။ ။ [မုနိန္ဒဿကို ကေသက္ခိန် စသော ပုဒ်၌ စပ်။ ] ဘုရားရှင်၏ မည်းနက်သည်၏အဖြစ် ( မည်းနက် သောဂုဏ်)သည် ဆံတော်နှင့် မျက်လုံးတော်များအတွက်သာ ဖြစ်၏၊ စိတ်တော်၌ကား (မည်းနက်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ) အကု သိုလ်ဟူသော ကဏ္ဍတ္တမရှိပါ။

မှတ်ချက်။ ။ဤဝါကျ၌ '' ကေသက္ခိန်ံဝ'' ဟု ဧဝသဒ္ဒါပါရှိ၏၊ ထိုဧဝဖြင့် ''နစိတ္တေ''ဟု အခြား အနက်ဝါကျတခုကို ကန့်၏၊ ''ကဏ္ဍ တ္တံ '' ဝယ် မည်းနက်ခြင်း ဂုဏ်ဟူသော အနက်အပြင် , အကုသိုလ် ဟူသော အနက်တရပ်လည်း ငြိကပ်ပါလာပြန်၏၊ ထို့ကြောင့်''ကဏ္ဍ တ္တံ''သည် သိလေသပုဒ်တည်း၊ ဤသို့ ဧဝသဒ္ဒါပါသောကြောင့်ရှင်း, သိလေသပုဒ်ပါသောကြောင့်ရှင်း,''နိယမဝန္တ သိလေသ''ဟု အမည် တပ်သည်။[နိယမ- အမြဲသတ်မှတ် ဆုံးဖြတ်တတ်သော ဧဝသဒ္ဒါ။]

www.dhammaransi.com



ဘမူနံယေဝ ဝင်္ကတာ။ ။ ဘုရားရှင်၏ ကွေးကောက်သည်၏ အဖြစ် ( အကောက်ဂုဏ် )သည် မျက်ခုန်းတော်အတွက်သာ ဖြစ်၏၊ အဇ္ဈာသယ ဆန္ဒတော်၌ကား ကွေးကော်သော သာဌေယျသဘော မရှိပါ။ [ဤ၌ ဧဝပါ၍ နိယမဝန္တ ဖြစ်ပုံကိုဥင်း, ဧဝကြောင့် "န အဇ္ဈာသယေ"ဟု နိဝတ္တေတဗ္ဗတ္တ (တားမြစ်အပ်သောအနက်ရပုံ)ကိုဥင်း, ဝင်္ကတာ၌ ကွေးကောက်ခြင်း အနက်အပြင် , သာဌေယျ ဟူသော အနက်တရပ် ငြိကပ်လာ၍ သိလေသဖြစ်ပုံကိုဥင်း သိပါ။]

ပါဏိ ၊ပေ၊ ဘိရတ္တတာ။ ။ဘုရားရှင်၏ အလွန် နီမြန်းသည်၏ အဖြစ် (အနီရောင်ဂုဏ်)သည် လက်ဖဝါး ခြေဖဝါး နှုတ်ခမ်းတော် များအတွက်သာဖြစ်၏၊ "စိတ်တော်၌ အလွန်တပ်မက်စွဲလမ်းသည်၏ အဖြစ်ဟူသော ရာဂ" မရှိ။ [ဤ၌ ဧဝပါ၍ နိယမဝန္တ ဖြစ်ပုံကိုဥင်း, ထိုဧဝဖြင့် "န စိတ္တေ" ဟု တားမြစ်အပ်သော အနက် ရနိုင်ပုံကိုဥင်း, အဘိရတ္တတာ၌ အလွန် နီမြန်းဟူသော အနက်အပြင် , ရာဂဟူသော အနက်၏ ကပ်ငြိပါလာ၍ သိလေသဖြစ်ပုံကိုဥင်း သိပါ။]

ဋီကာသစ်။ ။ ကေသကွိနံဝါတိ အာဒီသု နိယမသဒ္ဒေါ်တ အဝ ဓာရဏာပဒဿ ဝိဇ္ဇမာနတ္တာ , ကဏှဘာဝေန သဒ္ဒိံ ပါပဿစ ( မည်းနက်ခြင်းဂုဏ်နှင့်အတူ မကောင်းမှု အကုသိုလ်၏ဥင်း ) ဝင်္က ဂုဏေန သဒ္ဒိံ သာဌေယျဿစ ( ကောက်ကွေးခြင်း ဂုဏ်နှင့် အတူ သာဌေယျ = ကောက်ကျစ် စဉ်းလဲသော တရား၏ဥင်း )ရတ္တဂုဏေန သဒ္ဒိံ ရာဂဿစ သိလိဋ္ဌတ္တာ, အယံ နိယမဝန္တ သိလေသောနာမ။

မှတ်ချက်။ ။"ကေသကွိနံဝ"စသော သမ္ဘန်ပုဒ်နောင် ထိုင်သော ဝေသဒ္ဒါဖြင့် "န မနသိ" စသော အာဓာရကို ကန့်ဘို့ရန် ဋီကာဖွင့် ခြင်းသည် သဒ္ဒထုံးစံ မကျ၊ ကာဗျဒါသ၌ " နိတ္တိံသတ္တံ အသိမေ့ဝ၊ အဿ - ထိုမင်း၏၊ အသိမှိဧဝ - သန်လျက်၌သာလျှင်၊ နိတ္တိံသတ္တံ- လက်သစ်သုံးဆယ်မှ ပိုလွန်သည်၏ အဖြစ်သည်၊ ဟောတိ၊ ဟဒယေ- စိတ်နှလုံး၌၊နိတ္တိံသတ္တံ-သနားခြင်းကင်းသည်၏အဖြစ်သည်၊န-မဖြစ်" ဟု အာဓာရချင်း ကန့်သောကြောင့် သဒ္ဒ ထုံးစံကျ၏၊ ထို့ကြောင့် "ကေသကွိနံဝ"စသည်နှင့်လိုက်လျောအောင်"နမနသော,နအဇ္ဈာ သယဿ, န စိတ္တဿ"ဟု ထည့်မှ သဒ္ဒထုံးစံကျမည်။

www.dhammaransi.com



## နိယမကွေ့ပ သိလေသပုံစံ

၂၉၇။ ပါဏိပါဒါ·ခရေသွေ၀, သာရာဂေါ တ၀ ဒိဿတိ၊
ဒိဿတေ သောယမထ၀ါ, နာထ သာဓုဂုဏောသ္ဗပိ။

၂၉၇။ နာထ-အိုမြတ်စွာဘုရား၊ တ၀-ရှင်တော်မြတ်ဘုရား၏၊ ပါဏိပါဒါခရေသွေ၀-လက်ဘ၀ါးတော် ခြေဘ၀ါးတော် နှုတ်ခမ်းတော်တို့၌ သာလျှင်၊ သာရာဂေါ- လွန်စွာတင့်ဆန်း, နီမြန်းသော ဂုဏ်ကို၊ ဒိဿတိ - တွေ့မြင်အပ်ပါ၏၊ ( စိတ္တေ- စိတ်တော်၌၊ သာရာဂေါ-လွန်စွာနှစ်သက်, တပ်မက်သောရာဂကို၊ နဒိဿတိ-မတွေ့မြင်အပ်ပါ၊) အထ၀ါ-သည်သာမကသေး၊သော·ယံ သာရာဂေါ-ထို ကုသလစ္ဆန္ဒ သာရာဂကို၊ သာဓုဂုဏောသ္ဗပိ-သူတော်ကောင်းတို့၏ သီလစသောဂုဏ်တို့၌လည်း၊ဒိဿတေ-တွေ့မြင်အပ်ပါသေး၏။

× × × × × × ×

၂၉၇။ ပါဏိ၊ပေ၊သာရာဂေါ။ ။ဤ ၂ပါဒဖြင့်"ပါဏိပါဒါခရေသွေ၀"၌ နိယမဟုခေါ်သော ဧ၀ပါပုံကိုရင်း,သာရာဂေါပုဒ်၌ အနက် ၂ ထပ် ငြိကပ်၍ သိလေသဖြစ်ပုံကိုရင်းပြ၏၊ ထိုနိယမကို ပယ်ပုံ မပြသေး၊ သာရာဂေါ၌ " သံ+ ရာဂေါ " ဟု ပုဒ်ဖြတ်၊ ပဌမနည်း၌ သံသည် သောဘန အနက်ဟော၊ သောဘနော - တင့်တယ်သော + ရာဂေါ - နီမြန်းသော အရောင်တည်း၊ ဒုတိယနည်း၌ သံသည် သုဋ္ဌု ( လွန်စွာ ) အနက်ဟောတည်း၊ သုဋ္ဌု+ရာဂေါ သာရာဂေါ-လွန်စွာ တပ်မက်သော ရာဂ။

ဒိဿတော၊ပေ၊သ္ဗပိ။ ။ပါဏိပါဒါခရေသွေ၀-၌ပါသော ဧ၀ကို " ထို၌သာ မကသေး "ဟု အထ၀ါဖြင့် ပယ်ရှားသည်၊ ထို့ကြောင့် ဤပါထာသည် နိယမကွေ့ပပုံစံ ဖြစ်၏။ [ သာရာဂေါ- သောဘနော ဧ္တာဧ္တော ပါဏိပါဒါခရေသွေ၀ ဒိဿတိ၊ စိတ္တေ လောဘောပန န ဒိဿတိ၊ အထ၀ါ, သောယံ သာရာဂေါ-ကတ္တုကမျတာ ကုသလစ္ဆန္ဒ ဘူတော၊ သာဓုဂုဏေသ္ဗပိ - သဇ္ဇနာနံ သီလာဒိဂုဏေသုပိ ဒိဿတိ၊ ဧ၀ါတိ နိဒဿိတနိယမဿ ပဋိသေခကေန ( ပယ်ရှားတားမြစ်သော ) အထ၀ါတိ၀စနေန သမန္တာဂတတ္တာ , ရတ္တ၀ဏ္ဏ သင်္ခါတရာဂေန (နှင့်တကွ) လောဘဿ (လောဘဟူသော ရာဂ၏) သိလိဋ္ဌတ္တာစ အယံ နိယမကွေ့ပ၀စနသိလေသော။]

www.dhammaransi.com



**အဝိရောဓိသိလေသပုံစံ**

၂၉၉။ သလက္ခဏော·တိသုဘဂေါ,တေဇဿီ နိယတောဒယော၊
လောကေသော ဇိတသံက္လေသော,ဝိဘာတိ သမဏိဿရော။

၂၉၉။ သလက္ခဏော-ယုန်ရုပ်ခပ်နိုပ်, အမှတ်တံဆိပ်နှင့်တကွ ဖြစ်သော လမင်းသည်၊ အတိသုဘဂေါ- လွန်တင့်တယ်ဘိ , ဘုန်းကြက်သရေ ရှိပါပေ၏၊ (တနည်း)သလက္ခဏော-လက္ခဏာတော်ကြီးငယ် , အသွယ်သွယ်နှင့်တကွ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အတိသုဘဂေါ- လွန်စွာတင့်ဘိ, ဘုန်း ၆ ပါး ရှိတော်မူပါပေ၏။

တေဇဿီ - တန်ခိုးရှိန်စော် , အာနုဘော်ရှိသော နေမင်းသည်၊ နိယတော·ဒယော – နေ့စဉ် မပြတ် , အမြဲ သတ်မှတ်အပ်သော ကောင်းကင်ခရီးသို့ တက်သွားခြင်းရှိပါပေ၏၊ ( တနည်း ) တေဇဿီ-တန်ခိုးရှိန်စော်, အာနုဘော်ရှိသော မြတ်စွာဘုရားသည်၊ နိယတောဒယော-ခိုင်ခံ့မြဲမြံ, သဗ္ဗညုတဉာဏ် ရှိတော်မူပါပေ၏။

လောကေသော-လောကကိုအစိုးရသောဗြဟ္မာမင်းသည်၊ဇိတသံက္လေသော-ဈာနရတိအစွမ်းဖြင့် အောင်အပ်ပြီးသော ကိုယ်စိတ် ၂ ပါး၏ ပူပန်ခြင်း ရှိတော်မူပါပေ၏၊ (တနည်း) လောကေသော-လူနတ်ဗြဟ္မာ,သတ္တာအပေါင်းကိုအစိုးရသောမြတ်စွာဘုရားသည်၊ ဇိတသံက္လေသော - အရဟတ္တမဂ်ဉာဏ်ဖြင့် အောင်အပ် ပြီးသော ကိလေသာရှိတော်မူပါပေ၏။

သ (သော ) မဏိဿရော - ပဒမြားတို့၏ အစိုးရဖြစ်သော ထို ပဒမြားရတနာသည်၊ ဝိဘာတိ - ထွန်းလင်း တောက်ပပါပေ၏၊ (တနည်း) သမဏိဿရော-ရဟန်းတို့၏ အစိုးရဖြစ်သော မြတ်စွာဘုရားသည်၊ ဝိဘာတိ - ထွန်းလင်း တောက်ပတော်မူပါပေ၏။

× × × × × × +

၂၉၉။ သလက္ခဏော·တိသုဘဂေါ။ ။ သဟ + လက္ခဏေန ယော ဝတ္တတီတိ သလက္ခဏော - ယုန်ရေးအမှတ်တံဆိပ်နှင့်တကွ ဖြစ်သောလ၊ အတိသုန္ဒရော + ဘဂေါ ယဿာတိ အတိသုဘဂေါ- အလွန်ကောင်းသော ကြက်သရေရှိသောလ၊ ဤသို့ လကိုဟောရာ၌

www.dhammaransi.com



"သလက္ခဏော" ပုဒ်နှင့် " အတိသုဘဂေါ" ပုဒ်တို့ ဆန့်ကျင်ဘက် မဖြစ်သောကြောင့် အဝိရောဓိအမည်ရကြသည်၊ သဟ+ လက္ခဏေဟိ ယော ဝတ္တတီတိ သံလက္ခဏော - ၃၂ ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်တို့နှင့် တကွဖြစ်သောဘုရား၊ အတိသုဘဂေါ-အလွန် ကောင်းသော ဘုန်းတော် ၆ ပါး ရှိတော်မူသောဘုရား၊ ဤသို့ ဘုရား ရှင်ကို အရကောက်ရာ၌လည်း ထို ၂ ပုဒ်တို့ ဆန့်ကျင်ဘက် မဖြစ်ကြ၊ "လ- ဘုရား" ဟူသော အနက် ၂ ရပ်လည်း ထိစပ် ငြိကပ်လျက်ရှိ၏၊ ထို့ကြောင့် ထို ၂ ပုဒ်တို့ အဝိရောဓိသိလေသ မည်သော ပုဒ်များဖြစ်ကြသည်။

**တေဇဿီ နိယတောဒယော**။ ။ တေဇော အဿ အတ္ထီတိ တေဇဿီ-အမိုက်မှောင်ကို ပယ်ဖျော်နိုင်သဖြင့် ကြီးစွာသော တန်ခိုး ရှိသောနေ၊ နိရန္တရပဝတ္တဗုဒ္ဓတေဇယုတ္တော-အမြဲမပြတ်ဖြစ်နေသော တန်ခိုးရှိတော်မူသော ဘုရားရှင်၊ နိယတော + ဥဒယော ( မြဲသော+ ကောင်းကင်သို့ တက်ခြင်း , သဗ္ဗညုတဉာဏ်ဟူသော တိုးပွားခြင်း ) ယဿာတိ နိယတောဒယော၊ပတိဒိနံ-နေ့စဉ်၊ပုဗ္ဗဏှကာလေ နိယမိတ ဂဂနင်္ဂမနော-နံနက်အခါ၌ အမြဲသတ်မှတ်အပ်သော ကောင်းကင်သို့ တက်သွားခြင်းရှိသောနေ၊ မိရသဗ္ဗညုပဒဝိသဒ်ါတာဘိဝုမိယာ သမန္နာ ဂတော-ခိုင်မြဲသော သဗ္ဗညုလမ်းစဉ်ဟူသော သဗ္ဗညုတာဉာဏ်တော်၏ တိုးပွားခြင်းရှိတော်မူသော ဘုရား၊ဤသို့ နေနှင့်ဘုရားဟူသော အနက် ၂ ရပ် ငြိကပ်ရာဖြစ်သောကြောင့်၎င်း, ရှေ့ပုဒ်နှင့် နောံပုဒ်တို့ အနက် အားဖြင့် မဆန့်ကျင်သောကြောင့်၎င်း အဝိရောဓိ သိလေသပုံစံတမျိုး ဖြစ်သည်။

**လောကေဿော ဇိတသံက္လေသော**။ ။ လောကဿ + ဣဿာ လောက၏+ဣသော(ဣဿရော)-အစိုးရသော အရှင်မြဟ္မာတည်း၊ လောကဿ - လောက ၃ ပါး၏ + ဣသော - အစိုးရတော်မူသော ဘုရားတည်း၊ လောကေဿော၊ ဇိတော+သံက္လေသော(ပူလောင်ခြင်း, ဝါ-ကိလေသာ )ယေနာတိ ဇိတသံက္လေသော၊ ဈာနပီတိယာ ဝိဇိတ ကာယစိတ္တဒရထော-ကိုယ်စိတ် ၂ ပါးတို့၏ပူလောင်ခြင်းကို ဈာနပီတိ ဖြင့် အောင်တော်မူပြီးသော မြဟ္မာမင်း၊ စတုတ္ထမဂ္ဂဉာဏေန ဟတ ဒသဝိဓ သံကိလေသော - ကိလေသာဆယ်တန်ကို အရဟတ္တမဂ်ဉာဏ်

www.dhammaransi.com



ဖြင့် သတ်ဖြတ်ပြီး အောင်မြင်တော်မူပြီးသော ဘုရား၊ ဤသို့ မြဟ္မာနှင့် ဘုရားဟူသော အနက် ၂ ရပ် ငြိကပ်ရာဖြစ်၍ ထို ၂ ပုဒ်လည်း ဆန့်ကျင်ခြင်းမရှိသောကြောင့် အဝိရောဓိသိလေသပုံစံတမျိုး ဖြစ်သည်။

ဝိဘာတိ သမဏီဿရော။ ။မဏိစ+သော+ဣဿရောစာတိ မဏိဿရော–ပဒုမြားတို့၏ + အစိုးရဖြစ်သော မြတ်သော ပဒုမြား။ [စကြာမင်း၏ပဒုမြားရတနာ-ဟုဆိုကြသည်။]သမဏာနံ+ဣဿရော သမဏီဿရော- ရဟန်းမင်းဘုရား၊ ဤသို့ ဝိဘာတိ၌ ( တောက်ပခြင်း ) အနက် ၂ ထပ်, သမဏီဿရော၌(ထို ပဒုမြားမြတ်နှင့် ရဟန်းမြတ်) ဟု အနက် ၂ ရပ် ငြိကပ်ရာဖြစ်၍ ရှေ့ နောက်လည်း မဆန့်ကျင်သော ကြောင့် ဝိဘာတိ သမဏီဿရောလည်း အဝိရောဓိ သိလေသ ပုံစံ တမျိုးဖြစ်သည်၊ ထို့ကြောင့် ဤဂါထာ၌ အဝိရောဓိသိလေသပုံစံ ၄မျိုး ဟု မှတ်။

ဋီကာ ။ ။ သလက္ခဏော အတိသုဘဂေါ ဣစ္စာဒိကာနံ ဒွိန္နံ ပဒါနံ(ရှေ့နောက် ၂ ပုဒ်တို့၏)အဝိရုဒ္ဓတ္တာစ(မဆန့်ကျင်ကုန်သည်၏ အဖြစ်ကြောင့်၎င်း ) ပဌမဒွယေ ( ပဌမ ၂ ပုဒ်၌ ) စန္ဒေန , ဒုတိယေ သူရိယေန, တတိယေ မြဟ္မုနာ, စတုတ္ထေ မဏိနာစ (နှင့်၎င်း ) သမ္ဗုဒ္ဓပဒတ္ထဿ (သမ္ဗုဒ္ဓဘုရား ဟူသော ပုဒ်နက်၏) သိလိဋ္ဌတ္တာစ အယံ အဝိရောဓိ သိလေသောနာမ။

မှတ်ချက်။ ။ဤဋီကာဖွင့်ကိုထောက်၍ ၂ ပုဒ်စီ ရှေ့နောက် မဆန့်ကျင်ခြင်းကို အဝိရောဓိဟု၎င်း,လစသောအနက်နှင့် ဘုရားရှင်အနက် တို့ ငြိကပ်ရာဖြစ်သည်ကို သိလေသဟု၎င်း မှတ်ပါ။ [အားလုံးပုဒ်တွေ မဆန့်ကျင်ခြင်းကို"အဝိရောဓိ"ဟု မမှတ်လင့်။] နောက်ဂါထာ၌လည်း "အသမောနှင့်သမော"စသည်ဖြင့် ပုဒ် ၂ခုတို့၏ အနက်ချင်းဆန့်ကျင် ဘက်ဖြစ်ပုံကို "ဝိရောဓိ" ဟု ပြလိမ့်မည်။

www.dhammaransi.com



### ဝိရောဓိသိလေသ ပုံစံ

၃၀၀။ အသမောပိ သမော လောကေ, လောကေသောပိ နရုတ္တမော၊
သဒယောပျဒယော ပါပေ, စိတ္တာယံ မုနိနော ဂတိ။

၃၀၀။ အသမောပိ-အတူမရှိသူဖြစ်ပါလျက်လည်း၊ လောကေ-လောက၌၊ သမော-အတူရှိပြန်၏၊(တနည်း)အသမောပိ-ပြိုင်ဘက်ရည်တူ ရှိတော်မမူသော ဘုရားရှင်ဖြစ်၍ သာလျှင်၊ လောကေ-သတ္တလောက၌၊ သမော-မုန်းချစ်မဟူ, တူမျှတော်မူပါပေ၏။

လောကေသောပိ- လောကကို အစိုးရသော ပြဟ္မာမင်းဖြစ်ပါလျက်လည်း၊ နရုတ္တမော – မြတ်သောလူ ဖြစ်ပြန်၏၊ ( တနည်း ) လောကေသောပိ-လူ နတ်ပြဟ္မာ,သတ္တာအပေါင်းကို အစိုးရသော ဘုရားရှင်ဖြစ်၍သာလျှင်၊ နရုတ္တမော – လူတွင် ဥတ္တမ္ဘ, အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။

သဒယောပိ- စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်းရှိသူ ဖြစ်ပါလျက်လည်း၊ ပါပေ-လူယုတ်မာအပေါ်၌၊ အဒယော- စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်း မရှိချေ၊ ( တနည်း ) သဒယောပိ – သနားကြင်နာ , ကရုဏာ သခင် , ဘုရားရှင်ဖြစ်၍ သာလျှင်၊ ပါပေ – မကောင်းမှု အကုသိုလ်အပေါ်၌၊ အဒယော- သနားကျင်နာ, ကရုဏာရှိတော်မမူနိုင်၊ မုနိနော-မြတ်စွာဘုရား၏၊ အယံဂတိ-ဤဖြစ်ပုံသည်၊ စိတ္တာ- အံ့ဩဘွယ်ရာ, ဆန်းကြယ်ပါပေ၏။

× × × × × × ×

၃၀၀။ အသမောပိ သမော။ ။အတုလျောပိ ကောစိ ရာဇာဒိကော လောကေ သမော တုလျော- ရှင်ဘုရင်စသော တစုံတယောက်သည် မင်းကျင့်တရား စသည်အားဖြင့် အတူမရှိသူဖြစ်ပါသော်လည်း လောက၌ ဤမိကဲ့သို့ မင်းကျင့်တရားစသည်နှင့် ပြည့်စုံနေသူ ( အခြားတနေရာမှာ)အတူရှိပြန်၏၊ ဤနည်း၌ ပိသဒ္ဒါသည် အသမကို ချီးမြှော်သော သမ္ဘာဝနာဇောတကတည်း၊ ဋီကာ၌“ဝိရောဓိဇောတက”ဟု ဆိုသည်၊ ဤ၌ အသမနှင့် သမသည် ဆန့်ကျင်ဘက်ဝိရောဓိ ဖြစ်၏။

ဘုရားရှင်။ ။သဒိသ ပုဂ္ဂလရဟိတော ဝေ(အသမောပိ အဖွင့်) ရာဟုလဘဒ္ဒ ဒေဝဒတ္တာဒိ သဗ္ဗလောကေ အနုနယ ပဋိဃာ•ဘာဝေန သမော ဟောတိ = အတူမဲ့ ဘုရားရှင် ဖြစ်တော်မူသော ကြောင့်ပင်

www.dhammaransi.com



ရာဟုလာမင်းသားနှင့် ရန်သူ ရှင်ဒေဝဒတ် စသော သတ္တလောက၌ ချစ်ခြင်း မုန်းခြင်း မရှိဘဲ တန်းတူ ဖြစ်တော်မူပါပေသည်။ [ဤနည်း၌ ဝိသဒ္ဒါသည် အဝဓာရဏအနက်ကို ဟော၏။] အသမောနှင့် သမော အရလည်း ဆန့်ကျင်ဘက်မဖြစ်။

**လောကေသောပိ နရုတ္တမော ။** ။ [ လောကဿ + ဤသော (အစိုးရသူတည်း)လောကေသော။] မြဟ္မာဘူတောပိ နရုတ္တမော(နရ ဝရော)ဟောတိ- လောကကို အစိုးရသော မြဟ္မာဖြစ်ပါလျက်လည်း လူထူး လူမြတ် ဖြစ်ပြန်၏၊ ဤပုံစံ၌ " မြဟ္မာ " ဟူသော စကားနှင့် " လူမြတ် " ဟူသော စကားသည် ဆန့်ကျင်ဘက် ဖြစ်၏၊ သကလ လောကာဓိပတိ ဟုတ္វာ ဝေ နရုတ္တမော - တလောကလုံး၏ အကြီး အကဲဖြစ်၍သာလျှင် လူတို့ထက်မြင့်မြတ်သော ဘုရားဖြစ်ပါပေ၏။

**သာဒယောပိ အဒယော ပါပေ ။** ။ သဒယောပိ ယာစကေသု ဒယသခ်ါတေန ဒါနေန ယုတ္တောပိ ပါပေ – ပါပိဋ္ဌေ အဒယော ဒါန ရဟိတော– တောင်းလာသူတို့၌ ပေးကမ်းစွန့်ကြဲခြင်းရှိသူ ဖြစ်ပါလျက် လည်း အထူးယုတ်မာသူ၌ ပေးကမ်းခြင်း မရှိ။ [ သဒယနှင့် အဒယ (ပေး+မပေး)သည် ရှေ့နောက် ဝိရောဓိဖြစ်၏၊ ဒယသဒ္ဒါလည်း ဒါန အနက်ကို ဟော၏၊ ဓာတ်ကျမ်း ကြည့်ပါ။ ] ဘုရားရှင်ကား သနား ကျင်နာ ကရုဏာရှိတော်မူသည်ဖြစ်၍သာ(သတ္တဝါတို့ကိုမကောင်းကျိုး ပေးမည့် အကုသိုလ်အပေါ်၌)သနားတော်မမူနိုင်၊ ဤ နောက်နည်း၌ ဒယာသဒ္ဒါသည် ကရုဏာအနက်ကိုဟော၏။

**စိတ္တောယံ မုနိနော ဂတိ။** ။မုနိနော အယံဂတိ (ပဝတ္တိ) စိတ္တာ ဝိစိတ္တာ။ [ရာဇာဒိနော အသမ သမတာ (အတူမရှိဘဲ အတူရှိဖြစ်ခြင်း) မြဟ္မာ ဟုတ္វာ ဥတ္တမနရဘာဝေါ ( မြဟ္မာ ဖြစ်လျက် လူမြတ် ဖြစ်ခြင်း ) ဒါနသဟိတဿ ကဿစိ ပုရိသဿ ဒါနရဟိတဘာဝေါစ ဝိရုဒ္ဓေါ ဟောတိ၊ တသ္မာ(ထို့ကြောင့် ၎င်း) ရာဇမြဟ္မပုရိသေဟိ ( တို့နှင့်တကွ )မုနိနော သိလိဋ္ဌတ္တာစ (ဘုရားရှင် ဟူသောအနက်၏ ထိစပ် ငြိကပ်သည်၏ အဖြစ်ကြောင့်၎င်း ) အယံ ဝိရောဓိ သိလေသော နာမ။]

**အမှာ။** ။ဤဂါထာ၌ ပဋ္ဌမအနက်များသည် ရှေ့နောက် ဆန့်ကျင်ဘက် ချည်း ဖြစ်၏၊ ဘုရားကို ရအောင်ပေးရသော နောက်အနက်ကား ရှေ့နောက် မဆန့်ကျင်၊ ဝိရုဒ္ဓတ္တ က္ကုရဒေါသ အဖြေ၌ပြခဲ့သော "ဝိနာယကောပိ နာဂေါသိ" စသော ဂါထာလည်း ဤ ဝိရောဓိသိလေသပုံစံပင် ဖြစ်သည်။

### ဩစိတျသမ္ဗောဓက ပဒဇ ပုံစံ

၃၀၁။ သံသာရဒုက္ခော-ပဟတာ-ဝနတာ ဇနတာ တွယိ၊
သုခံ-မိစ္ဆိတ မစ္စန္တံ, မမတန္ဒဒ ဝိန္ဒတိ။

၃၀၁ အမတန္ဒဒ - အမြိုက်သုခာ, နတ်ဩဇာကို ပေးတော်မူတတ်သော အရှင်နတ်မင်း၊(တနည်း)အမတန္ဒဒ-အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော ရှင်တော်မြတ်ဘုရား၊ သံသာရ ဒုက္ခောပဟတာ- သံသရာဒုက္ခသည် နှိပ်စက်အပ်သည်၊ ( ဟုတ္ဝာ - ဖြစ်၍၊ ) တွယိ- အရှင်နတ်မင်း၌၊ ဝါ - ရှင်တော်မြတ်ဘုရား၌၊ အဝနတာ- ကိုင်းညွတ်ရိုကြိုး ရှိခိုးသော၊ ဇနတာ- သတ္တာအပေါင်းသည်၊ ဣစ္ဆိတံ-လိုလားတောင့်တအပ်သော၊ သုခံ- ကိုယ်စိတ် ၂ ဖြာ, ချမ်းသာခြင်းကို၊ အစ္စန္တံ-စစ်စင်ကေန်, အမှန်အားဖြင့်၊ ဝိန္ဒတိ-ရနိုင်ပါ၏။

× × × × × × ×

၃၀၁။ **အမတန္ဒဒ** ။ ။အမတသဒ္ဒါသည် အမြိုက်သုခာ နတ်ဩဇာကိုရင်း, အမြိုက်နိဗ္ဗာန်ကိုရင်း ဟော၏၊ "**အမတံ+ဒဒါတီတိ** အမတန္ဒဒေါ - အမြိုက်သုခာကို ပေးတတ်သော နတ်မင်း၊ အမြိုက်နိဗ္ဗာန်ကို ပေးတတ်သော ဘုရား" ဟု အနက် ၂ ရပ် ငြိကပ်သော ကြောင့် "အမတန္ဒဒ" ဟူသော အာလုပ်ပုဒ်သာ သိလေသပုဒ်တည်း။

ဩစိတျဖြစ်ပုံ။ ။အမတကိုပေးနိုင်သူဟူသည်မှာသည် ဒုက္ခရောက်နေသူများကို သုခရောက်အောင် ပြုစွမ်းနိုင်ရိုတည်း၊ ထို့ကြောင့် "သံသရာ ဒုက္ခရောက်နေသူများသည် အမတကိုပေးနိုင်သောဘုရား၌ ညွတ်ကိုင်း ကြိုးပမ်း၍အတွက် သုခကိုရကြသည်" ဟူသော စကားသည် လောက၌ အသင့်ယုတ္တိရှိသောကြောင့် ဩစိတျသမ္ဗောဓကဖြစ်၏၊ ထို့ကြောင့် ဤဂါထာသည် "ဩစိတျသမ္ဗောဓကပဒဇ သိလေသပုံစံ" ဖြစ်သည်။ [ ဩစိတျ-ကို+သမ္ဗောဓေသတိ - ကောင်းစွာ တိုးပွားစေတတ်၏၊ ဣတိ ဩစိတျသမ္ဗောဓကော (သိလေသော) ]

**မှတ်ချက်** ။ ။ "ပဒဇာဒိ" ၌ အာဒိဖြင့် ဩစိတျသမ္ဗောဓကဝါကျဇ သိလေသကိုယူဘို့ရန် ဋီကာသစ်ဖွင့်ခဲ့၏၊ ပုံစံမှာ—"မုနိန္ဒ ဝဒနမ္ဘောဇဂါထာ" ပင် ဖြစ်၍ အထူးမပြကြ၊ ဩစိတျသမ္ဗောဓကာဒိ၌ အာဒိဖြင့်ကား "သုဂန္ဓိ သောဘာသမ္ဗန္ဓိ" စသော သိလေသောပမာ စသည်ကို ယူရသည်။ [ အာဒိသဒ္ဒေန၊ပေ၊ ဥပမာသိလေသာဒယော သံဂဟိတာ၊—(ဋီကာဟောင်း)။]

www.dhammaransi.com



## တုလျယောဂိတာ၏ လက္ခဏာ

၁၀၂။ ဂုဏာယုတ္တေဟိ ဝတ္ထူဟိ, သမံ ကတွာန ကဿစိ၊
သံကိတ္တနံ ဘဝတိ ယံ, သာ မတာ တုလျယောဂိတာ။

၁၀၂။ ဂုဏာယုတ္တေဟိ- ကောင်း, မကောင်းဂုဏ်နှင့် ယှဉ်ကုန်သော၊ ဝတ္ထူဟိ-ဝတ္ထုတို့နှင့်၊ သမံ - တူမျှသည်ကို၊ ကတွာန - ပြု၍၊ ကဿစိ- တစုံတယောက်ကို၊ ယံသံကိတ္တနံ – အကြင် ပြောဆိုခြင်းသည်၊ ဘဝတိ-ဖြစ်၏၊ သာ-ထိုပြောဆိုခြင်းကို၊ တုလျယောဂိတာ-တုလျယောဂိတာ အလင်္ကာဟူ၍၊ မတာ-သိအပ်၏။

× × × × × × ×

၁၀၂။ ဂုဏာယုတ္တေဟိတျာဒိ၊ ။ကောင်းသောဂုဏ်,မကောင်းသောဂုဏ် ရှိသော ဝတ္ထုတို့နှင့် တန်းတူညီမျှပြု၍ တစုံတယောက်ကို ချီးမွမ်းခြင်း, သို့မဟုတ် ကဲ့ရဲ့ခြင်းကို တုလျယောဂိတာ အလင်္ကာ ဟု သိအပ်၏၊ ဆိုလိုရင်းကား – တစုံတယောက်ကို ချီးမွမ်းလို , နှိပ်ချလိုရာဝယ်''မည်သည့် အရာဝတ္ထုနှင့်တူသည် '' ဟု ဥပမာန ဥပမေယျ အဖြစ်ဖြင့် မခွဲခြားဘဲ ၂ ပါးစုံတွဲ၍ ပြောဆိုခြင်းကို တုလျယောဂိတာ အလင်္ကာ- ဟု ဆိုလိုသည်။

ဋီကာ ။ ။ဂုဏာယုတ္တေဟိ - သုန္ဒရာသုန္ဒရေဟိ ယေဟိကေဟိစိ ဂုဏေဟိ ယုတ္တေဟိ ဝတ္ထူဟိ၊ သမံ ကတွာန တတွတော(အမှန်အားဖြင့်) အသမာနေသုပိ သမာနတ္တံ ဗုဒ္ဓိယာ အာရောပနံ ကတွာ- မတူကုန်သော်လည်း တူသည့်အဖြစ်ကို စိတ်ဖြင့် တင်စား၍၊ ကဿစိ ပုရိသာဒိနော - ကို၊ ထုတိ နိန္ဒာဝါ နိဿာယ၊ ယံ ကိတ္တနံ ဂုဏာဂုဏကထနံ ဘဝတိ၊ သာ တုလျယောဂိတာတိ မတာ။ [တုလျေန-တူသော ကောင်း မကောင်းသောဂုဏ်နှင့်+ယောဂေါ-ယှဉ်ခြင်းတည်း၊ တုလျယောဂေါ-ခြင်း၊ တုလျယောဂေါ ယေသံ (အကြင်နေ, ဘုရားစသည်တို့၏) အတ္ထီတိ တုလျယောဂိနော၊ တုလျယောဂိနံ + ဘာဝေါ တုလျယောဂိတာ=တူသောဂုဏ်နှင့်ယှဉ်ခြင်းရှိသောနေ-ဘုရားစသည်တို့၏ ဖြစ်ကြောင်းဖြစ်ရာ အတူတကွယှဉ်ကြောင်း ဂုဏ်။]

မှတ်ချက်။ ။ဤပြခဲ့သော ဝိဂ္ဂဟနှင့်အညီ အတူယှဉ်တွဲကြောင်း ဂုဏ်ကို''တုလျယောဂိတာ''ဟု ဆိုရသော်လည်း ထိုတုလျ ယောဂိတာကို ပြသော စကား(အဖွဲ့ ဗန္ဓ)ကိုလည်း အနက်၏အမည်ကို အဖွဲ့ဗန္ဓ၌

www.dhammaransi.com



### တုလျယောဂိတာ ပုံစံ

၃၀၃။ သမ္ပတ္တသမ္မဒေါ လောကော, သမ္ပတ္တာလောကသမ္ပဒေါ၊
ဥဘောဟိ ရံသိမာလီစ, ဘဂဝါစ တမောနုဒေါ။

၃၀၃။ တမောနုဒေါ - ပကတိအမှောင် မောဟအမှောင်ကို ပယ်ဖျောက်ဖျက်ဆီးနိုင်သော၊ ရံသိမာလီစ-နေမင်းငင်း၊ ဘဂဝါစ-မြတ်စွာဘုရားငင်း၊ (ဣတိ- ဤသို့၊) ဥဘောဟိ- နေနှင့် မြတ်ဘုရား ၂ ပါးတို့ဖြင့်၊ ဝါ-တို့ကြောင့်၊ လောကော- တလောကလုံးသည်၊ သမ္ပတ္တသမ္မဒေါ-ကောင်းစွာရအပ်သော ရွှင်လန်းဝမ်းမြောက်ခြင်း ရှိ၏၊ သမ္ပတ္တာလောကသမ္ပဒေါ- ကောင်းစွာ ရအပ်သော အရောင် အလင်း၏ ပြည့်စုံခြင်းလည်းရှိ၏။

× × × × × × ×

တင်စား၍ ဖလူပစာရအားဖြင့် တုလျယောဂိတာအလင်္ကာခေါ်သည်ဟု မှတ်၊ ထို့ကြောင့် ဂါထာ၌"ယံသံကိတ္တနံ၊ သာတုလျယောဂိတာ= ပြောဆိုခြင်းစကားကိုတုလျယောဂိတာ"ဟုဆိုသည်။[ ဧွေ့,တုလျဂုဏယုတ္တပဒတ္ထာနံ - တူသော ဂုဏ်နှင့်ယှဉ်ကြသော နေနှင့် ဘုရားစသော ပုဒ်နက်တို့၏၊ တဂ္ဂုဏသမ္ဗန္ဓသ-ထို အတူယှဉ်ကြောင်းဂုဏ်ဟူသော သမ္ဗန်၏၊ တုလျယောဂိတာဘာဝတော-တုလျယောဂိတာမည်သည်၏ အဖြစ်ကြောင့်၊ ဥတ္တိဝိသေသေ - စကားအထူး၌၊ တဒတ္ထိယေန - ထို အနက်ရှိသော အားဖြင့်၊ ဝါ - အနက်၏ အမည်ကို တင်စားသော အားဖြင့်၊ တုလျယောဂိတာတိ ဥေ ့ယျာ။]

---

၃၀၃။ သမ္ပတ္တတျာဒိ။ ။အမိုက်မှောင်ကိုပယ်နိုင်သော နေနှင့် မောဟမှောင်ကို ပယ်တော်မူနိုင်သော ဘုရား , ဤ ၂ ပါး တို့ကြောင့် သတ္တလောကသည် နှစ်သက်ဝမ်းမြောက်ခြင်း(ပီတိ)ကိုလည်းရနိုင်၏၊ ဤ ၂ ပါးတို့ဖြင့် သတ္တလောကသည် အရောင် အလင်း၏ ပြည့်စုံခြင်း ကိုလည်း ရပေသည်၊ ဤဂါထာဖြင့် ပီတိကို ပေးစွမ်းနိုင်သော ဂုဏ်, အရောင် အလင်းကို ပြုစွမ်းနိုင်သော ဂုဏ်နှင့် ယှဉ်သော နေတည်း ဟူသော ဝတ္ထုနှင့် တူမျှသည်ကိုပြု၍ ဘုရားရှင်ကို ချီးမွမ်းသည်။ [ ဧွေ ပီတိဒါနအာလောက ကရဏသင်္ခါတဂုဏယုတ္တေန သူရိယေန တုလျံ ကတွာ ဘဂဝတော ထုတိဝသေန ဂုဏကထနံ ဟောတိ။]

www.dhammaransi.com



ဝိဂ္ဂဟာ။ ။သမ္ဘတ္တော (ကောင်းစွာရောက်အပ်, ရအပ်သော) သမ္ဘဒေါ (ပီတိ) ယေနာတိ သမ္ဘတ္တသမ္ဘဒေါ၊ သမ္ဘတ္တာ အာလောက သမ္ဘဒါ ယေနာတိ သမ္ဘတ္တာလောကသမ္ဘဒေါ၊ (သတ္တလောကော)။ [ဥဘောဟိတိ ကရဏဘူတေဟိ, ဟေတုဘူတေဟိဝါ၊ ကရိဏ်းပေးခိုက်''အရောင်ကိုရ''၌ စပ်၊ ဟိတ်ပေးခိုက် ''ပီတိကိုရ''၌ စပ်။ ]

အဟဥ္စ မဒ္ဒီဒေဝိစ, ဇာလီ ကဏှာဇိနာ စုဘော၊
အညမညံ့ သောကနုဒါ, ဝသာမ အဿမေ တဒါ။

ငါ ဝေဿန္တရာမင်း သည်၎င်း, မဒ္ဒီမိဖုရား သည်၎င်း, ဇာလီ-ကဏှာဟူသော သားတော် သမီးတော် ၂ ပါးတို့သည်၎င်း အချင်းချင်း သောကကို ပယ်ဖျောက်ကြကုန်လျက် ထိုအခါ၌ ဝင်္ကတောင် သင်္ခမ်းကျောင်း၌ နေခဲ့ကြသည်။ [ '' ဤ၌ သောကကင်းဝေးမှု ဂုဏ်ချင်းတူသောကြောင့် ထုတိတုလျယောဂိတာမည်၏ '' ဟု ဆိုကြ၏၊ သို့သော် တူရုံမျှကို မဆိုလို၊ '' ကဿစိ သံကိတ္တနံ '' အရ တစုံတယောက်ကို ပြောလိုမှ ဤ အလင်္ကာဂုဏ်ရောက်နိုင်သည်။]

မှတ်ချက်။ ။ မကောင်းဂုဏ်နှင့် ယှဉ်သော ဝဏ္ဏဖြင့် အတူပြု၍ တစုံတယောက်ကိုဆိုသော ပုံစံ မပါ၊ ထို့ကြောင့် စံကျောင်းနိဿယ၌ အသီတိနိပါတ် သုမင်္ဂလဇာတ်တော်လာ အောင်ပါဂါထာကို ထုတ်ပြသည်။

ထီဃာတကာ ယေစိ•မေ ပရဒါရိကာ,
မိတ္တဒ္ဒုနော ယေစ သပန္တိ သုဗ္ဗတေ၊
သဗ္ဗေပ တေ မစ္ဆရိပဉ္စမာ•ဓမာ,
တသ္မာ အဒတွာ ဥဒကမ္ပိ နသ္မိယေ။

မိန်းမကို သတ်ဖြတ်တတ်သူများ, သူတပါးမယားကို သွားလာတတ်သူများ, မိတ်ဆွေကို ဖျက်ဆီးတတ်သူများ, သူတော်ကောင်းတို့ကို ကျိန်ဆဲတတ်သူများ,ဤ၄မျိုးသောလူစားတို့သည် ဝန်တိုသူလျှင် ၅ ယောက်မြောက် ရှိကုန်သောယုတ်မာသူများ ဖြစ်ကြ၏၊ထို့ကြောင့် ရေကိုပင် မလှူဘဲ မသောက်ပါ။[ဤ၌ ထီဃာတကစသူတို့၌ ယုတ်မာမှု မကောင်းဂုဏ်ချင်းတူသည်ကိုပြု၍ မစ္ဆရိပုဂ္ဂိုလ်ကို ကဲ့ရဲ့သောကြောင့် နိန္ဒာတုလျယောဂိတာ မည်၏။]

www.dhammaransi.com



## နိဒဿန၏ လက္ခဏာ

၁၀၄။ အတ္ထန္တရံ သာဓယေတာ, ကိဉ္စိ တံသဒိသံ ဖလံ၊
ဒဿိယတေ အသန္တံ ဝါ, သန္တံ ဝါ တံ နိဒဿနံ။

၁၀၄။ အတ္ထန္တရံ - ညွှန်ပြထိုက်သော အကျိုးမှ တပါးသော ကိစ္စကို၊ သာဓယေတာ-ပြီးစေတတ်သော ဝတ္ထုဖြင့်၊ ကိဉ္စိ-တစုံတခုသော၊ တံ သဒိသံ-ထို အတ္ထန္တရနှင့် သဘောတူသော၊ အသန္တံ ဝါ-မကောင်းသည်မူလည်း ဖြစ်သော၊ သန္တံ ဝါ-ကောင်းသည်မူလည်း ဖြစ်သော၊ ယံ ဖလံ-အကြင်အကျိုးကို၊ ဒဿိယတေ-ပြအပ်၏၊ တံ-ထိုပြအပ်သော အကျိုးသည်၊ နိဒဿနံ-နိဒဿနမည်၏။

× × × × × × ×

၁၀၄။ အတ္ထန္တရံ တျာဒိ။ ။ညွှန်ပြထိုက်သောအကျိုးမှ တမျိုးတခြားဖြစ်သော ကိစ္စကို ပြီးစေတတ်သော အကြောင်းဝတ္ထုဖြင့် ထိုကိစ္စနှင့်တူသော မကောင်းသောအကျိုးကို ဖြစ်စေ, ကောင်းသော အကျိုးကိုဖြစ်စေ ပြအပ်၏၊ ထိုပြအပ်သောအကျိုးကို "နိဒဿန" ဟု ဆိုအပ်၏။ [ အတ္ထန္တရံ - နိဒဿိတဗ္ဗတော အညံ ဥစိတကိစ္စသင်္ခါတံ အတ္ထံ။.... ဤအဖွင့်ကိုကြည့်၍ အတ္ထသဒ္ဒါသည် ကိစ္စ အနက်ဟော၊ အန္တရသဒ္ဒါကား အညအနက်ဟောတည်း- ဟု သိပါ၊ " အန္တရော- ညွှန်ပြထိုက်သောအကျိုးမှတပါးတခြားသော+အတ္ထော-ကိစ္စတည်း၊ အတ္ထန္တရော" ဟု ပြု။]

သာဓယေတာ စသည်၊ ။သာဓယန္တေန ကေနစိ ဝတ္ထုနာ။ [ဤအဖွင့်အတိုင်း နိဿယ၌ "သာဓယေတာ " ကို အနက်ပေးသည်။] တံသဒိသံ-တေန အတ္ထန္တရေန သမာနံ၊ အသန္တံ-အနိဋ္ဌံဝါ၊ သန္တံ -ဣဋ္ဌံ ဝါ၊ ကိဉ္စိဖလံ ဒဿိယတေ။ [ ဤအဖွင့်ကိုကြည့်၍ သန္တသဒ္ဒါသည် " ချီးမွမ်းအပ် ကောင်းမြတ် " ဟူသောအနက် ဟောဟု သိပါ။] တံ တာဒိသံ ဖလံ နိဒဿနံနာမ။ [ဤအဖွင့်နှင့်အညီ "နိဒဿနအရ ညွှန်ပြအပ်သော အကျိုးကိုရ၏" ဟုသိပါ၊ "နိဒဿိယတေတိ နိဒဿနံ" ဟုပြု၊ ထိုအကျိုးကိုပြသော အဖွဲ့အနွဲ့ကိုကား ဖလူပစာရအားဖြင့် "နိဒဿန အလင်္ကာ" ဟု ခေါ်ရသည်။] ဤဂါထာဖြင့် "အသန္တဖလနိဒဿန, သန္တဖလနိဒဿန" ဟု နိဒဿန ၂ မျိုးကို မှတ်ပါ။

www.dhammaransi.com



**အသန္တဖလနိဒဿန ပုံစံ**

၁၀၅။ ဥဒယာ သမဏိန္ဒဿ, ယန္တိ ပါပါ ပရာဘဝံ၊
ဓမ္မရာဇဝိရုဒ္ဓါနံ , သူစယန္တာ ဒုရန္တတံ။

၁၀၅။ သမဏိန္ဒဿ-ရဟန်းမင်းဘုရား၏၊ ဥဒယာ- ဖြစ်ပေါ်လာခြင်းကြောင့်၊ ပါပါ- မကောင်းမှု အကုသိုလ်တို့သည်၊ ဓမ္မရာဇဝိရုဒ္ဓါနံ - တရားသဖြင့် မင်းပြုသူတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သူတို့၏၊ ဝါ - တရားမင်း ဘုရားနှင့် ဆန့်ကျင်ဘက် ဖြစ်သူတို့၏၊ ဒုရန္တတံ- ဖေါက်ပြန်သော ဆုံးရှုံးခြင်း ရှိကုန်သည်၏အဖြစ်ကို၊ သူစယန္တာ- ထင်ရှားပြကုန်လျက်၊ ပရာဘဝံ- ပျက်စီးခြင်းသို့၊ ယန္တိ-ရောက်ကုန်၏။

× × × × × × ×

၁၀၅။ ဥဒယာ တျာဒိ။ ။ဤဂါထာဝယ် ရှေ့ ၂ ပါဒ(ပုဗ္ဗဒ္ဓ) ဖြင့် ဘုရားပွင့်တော်မူလာခြင်းကြောင့် မကောင်းမှု အကုသိုလ်တရားတို့၏ ပျက်စီးခြင်းဟူသော အတ္တန္တရကိုပြ၏၊ ထိုအတ္တန္တရကို ပြီးစေသော ဝတ္ထုကား ဘုရားပွင့်တော်မူလာခြင်းတည်း၊ နောံ ၂ ပါဒဖြင့် မကောင်းမှုအကုသိုလ်တရားများ ပျက်စီးရခြင်းနှင့် အလားတူစွာ ဓမ္မရာဇာနှင့် ဆန့်ကျင်ဘက် ဖြစ်သူတို့၏ ဆုံးရှုံးပျက်စီးရခြင်းကို ပြ၏၊ ဤဆုံးရှုံး ပျက်စီးခြင်းသည် နိဒဿန - ညွှန်ပြအပ်သော အကျိုးတည်း၊ ထို ဆုံးရှုံးပျက်စီးခြင်းအကျိုးသည် မကောင်းကျိုးဖြစ်ရကား အသန္တဖလတည်း၊ ထို့ကြောင့် ဤဂါထာသည် အသန္တဖလနိဒဿန ပုံစံ ဖြစ်သည်။

**ဓမ္မရာဇ ဝိရုဒ္ဓါနံ**။ ။ရာဇဓမ္မေဟိ သမန္နာဂတ ရာဇူဟိ၊ ဤအလို မင်းကျင့်တရားနှင့်ပြည့်စုံသော လူမင်းများကို“ဓမ္မရာဇာ”ဟုဆိုသည်၊ ဓမ္မာဓိပတိနာ ( တရားကြောင့် သတ္တာတို့၏ အကြီးအကဲဖြစ်သော ) မုနိန္ဒေနဝါ၊ ဤအလို ဘုရားရှင်ကို“ဓမ္မရာဇာ”ဟု ဆိုသည်။

**ဒုရန္တတံ**။ ။ဒုကို ဒုဋ္ဌ, ဒုဋ္ဌကို “ ဝိရူပ ” ဟုဍင်း, အန္တကို အဝသာန (အဆုံး)ဟု ငါကာဖွင့်၏၊ ပျက်စီးခြင်းကို “ ဆုံးခြင်း ” ဟု ဆိုသည်၊ လူတယောံ၏သေခြင်းကို “ဆုံးခြင်း”ဟု ခေါ်သကဲ့သို့တည်း၊ ဒုဋ္ဌ + အန္တော ယေသံတိ ဒုရန္တာ - ဖေါက်ဖေါက်ပြန်ပြန် ဆုံးရှုံး ပျက်စီးရခြင်းရှိသူများ၊ ဒုရန္တာနံ+ဘာဝေါ ဒုရန္တတာ။

www.dhammaransi.com



**သန္တဖလနိဒဿန ပုံစံ**

၃၀၆။ သိရောနိက္ခိတ္တ စရဏော-ဇ္ဈ ရိယာန-မ္ဗုဇာနယံ၊
ပရမတ္ထု တတံ လောကေ, ဝိညာပေတ-တ္တနော ဇိနော။

၃၀၆။ အယံဇိနော - ဤမြတ်စွာဘုရားသည်၊ အဇ္ဈရိယာနံ- အံ့ဩဘွယ်ကောင်းကုန်သော၊အမ္ဗုဇာနံ-ခြေတော်ကိုခံဘို့အတွက် မြေမှထွက်လာကုန်သောပဒုမ္မာကြာတို့၏၊ သိရောနိက္ခိတ္တစရဏော- ဦးသိပ်၌ ချထားအပ်သော ခြေတော်ရှိသည်၊ ( ဟုတွာ - ဖြစ်၍၊ ) လောကေ- လောက၌၊ အတ္တနော- ကိုယ်တော်၏၊ ပရမတ္ထုတတံ- လွန်စွာအံ့ဩဘွယ်၏ အဖြစ်ကို၊ ဝိညာပေတိ- သိစေတော်မူ၏။

× × × × × × ×

၃၀၆။ သိရောနိက္ခိတ္တ တျာဒိ။ ။ အံ့ဩဘွယ် ပဒုမ္မာကြာတို့၏ အထက်၌ ခြေတော်ကို ချထားတော်မူခြင်းသည် ဤဂါထာဖြင့် ညွှန်ပြ ထိုက်သော အကျိုးမှ တမျိုးတခြားကိစ္စ(အတ္ထန္တရ)တည်း၊ ထိုအတ္ထ န္တရကို ပြီးစေ တတ်သော အကြောင်းဝတ္ထုကား ဘုရားရှင်တည်း၊ လောက၌ ကိုယ်တော်မြတ်၏ အလွန်အံ့ဩဘွယ် အဗ္ဘုတဂုဏ်ကို သိ စေခြင်းကား တံသဒိသသန္တဖလတည်း၊ ထိုအကျိုးသည် ဤဂါထာ၌ ညွှန်ပြထိုက် - ညွှန်ပြလိုရင်းဖြစ်သော နိဒဿနတည်း၊ ထို့ကြောင့် ဤဂါထာသည် သန္တဖလ နိဒဿန ပုံစံဖြစ်သည်။ [ ပဒုမ္မာကြာထိပ်၌ ခြေတော်ကို ချထားခြင်းဟူသော အတ္ထန္တရနှင့် အံ့ဩဘွယ်ကောင်း ချင်း တူသည်ကို "တံ သဒိသ " ဟုဍင်း , ထို ပရမအဗ္ဘုတ - အလွန် အံ့ဩဘွယ်၏ ကောင်းသောအကျိုး ဖြစ်ခြင်းကို "သန္တဖလ" ဟု ဍင်း ဆိုသည်။]

ဋီကာ။ ။အဇ္ဈရိယာနံ - အတ္တနော ပါဒပဋိဂ္ဂဟဏတ္ထံ ပထဝိံ ဘိန္ဒိတွာ ဥဂ္ဂတတ္တာ အစ္ဆရာယောဂ္ဂါနံ ၊ပေ၊ ဧတ္ထ အစ္ဆရိယပဒုမာနံ မတ္ထကေ စရဏနိက္ခေပသင်္ခါတေန အတ္ထန္တရေန ပရမဗ္ဘုတတံ ဝိညာပေတီတိ (ထို့ကြောင့်) အယံ (ဤဂါထာသည်) သဒိသသန္တ ဖလံ (နိဒဿနံတိ)။

အမှာ။ ။ဤနိဒဿန အလင်္ကာ၌ " အကြောင်းတခုထည်းဖြင့် မူလအကျိုး , ထိုအကျိုးနှင့်တူသော သဒိသအကျိုး အားဖြင့် အကျိုး ၂ပါးရှိရမည်"ဟု ရှေးနိဿယတို့မှာထားကြ၏၊ ထိုအယူသည် ပဌမ

www.dhammaransi.com



**မဟန္တတ္တအလင်္ကာ၏ လက္ခဏာ**

**၃၀၇။ ဝိဘူတိယာ မဟန္တတ္တ, မဓိပ္ပါယသဿဝါ သိယာ၊**
**ပရံ·မုက္ကံသတံ ယာတံ, တံ မဟန္တတ္တ·မီရိတံ။**

၃၀၇။ ဝိဘူတိယာ-တင့်တယ်ရိပ်ငြိမ်, စည်းစိမ်ချမ်းသာ၏ရင်း၊ အဓိပ္ပါယဿဝါ-အလိုဆန္ဒအဇ္ဈာသယ၏ရင်း၊ ပရံ-လွန်စွာ၊ ဥက္ကံသတံ - လွန်ကဲသည်၏ အဖြစ်သို့၊ ယာတံ - ရောက်သော၊ ( ယံ ) မဟန္တတ္တံ-အကြင်ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သည်၊ သိယာ-ဖြစ်၏၊ တံ (မဟန္တတ္တံ) - ထို ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်ကို၊ မဟန္တတ္တံ-မဟန္တတ္တအလင်္ကာဟူ၍၊ ဤရိတံ-ဆိုအပ်၏။

× × × × × × ×

ပုံစံဂါထာကိုကြည့်လျှင် သင့်သလိုရှိသော်လည်း ဒုတိယဂါထာကား "ပဒုမ္မာကြာပေါ်၌ ခြေတော်ကို ချထားခြင်းသည် အကျိုးမဟုတ်, အတ္တန္တရ- ကိစ္စတမျိုးသာ" ဖြစ်၏၊ ထို့ကြောင့်လည်း "အတ္တန္တရံ သာဓယတာ" စသောဂါထာ၏ဋီကာ၌ "အတ္တန္တရံ - ကိစ္စသဒ္ဒါတံ အတ္ထံ"ဟုဖွင့်ခဲ့သည်၊ ထို့ကြောင့် ဤဒုတိယပုံစံဂါထာ၌ အကျိုး၂ပါး ရအောင် ကောက်ပြသော ရှေးနိဿယများကို စဉ်းစားကြပါလေ။

---

၃၀၇။ ဝိဘူတိယာ တျာဒိ။ ။ စည်းစိမ်ချမ်းသာ၏ ကြီးကျယ်ခမ်းနားခြင်းသည်ရင်း, အလိုဆန္ဒ (အဇ္ဈာသယ)၏ ကြီးမားမြင့်မြတ်ခြင်းသည်ရင်း , မဟန္တတ္တမည်၏၊ ထိုမဟန္တတ္တကို ပြသော အဖွဲ့အနွဲ့လည်း ဖလူပစာရအားဖြင့် မဟန္တတ္တအမည်ရသည်။ [ မဟန္တ သဿ-ကြီးကျယ်သော စည်းစိမ်၏၊ ဝါ - မြင့်မြတ်သော အဇ္ဈာသယ၏ + ဘာဝေါ မဟန္တတ္တံ။ ]ဝိဘူတိမဟန္တတ္တ,အဇ္ဈာသယမဟန္တတ္တအားဖြင့် မဟန္တတ္တ ၂ မျိုးပြား၏။

**သဘာဝ, အတိသယ, မဟန္တတ္တ။** ။ "သဘာဝဝုတ္တိ အလင်္ကာသည် ပင်ကိုယ်သဘောအတိုင်း တန်ဆာဆင်၍ဆို၏၊ အတိသယဝုတ္တိ အလင်္ကာသည် ထို့ထက်လွန်သောသဘောကို တန်ဆာဆင်၍ ဆို၏၊ မဟန္တတ္တ အလင်္ကာသည် အလွန် အကြူး အံ့ဩဘွယ် ကောင်းသော သဘောကို တန်ဆာဆင်၍ ဆို၏"ဟု စံကျောင်းနိဿယ၌ ထို ၃ မျိုး အထူးကို ပြထားသည်။

www.dhammaransi.com



### ဝိဘူတိမဟန္တတ္တ ပုံစံ

၃၀၈။ ကိရိဋရတနစ္ဆာယာ-နုဝိဒ္ဓါတပဝါရဏော၊
ပုရာ ပရံ သိရိံ ဝိန္ဒိ, ဗောဓိသတ္တော-ဘိနိက္ခမာ။

၃၀၈။ ဗောဓိသတ္တော - သာကီနွယ်ဘွား , ဘုရားအလောင်းတော်သည်၊ အဘိနိက္ခမာ-တောသို့ရှေးရှု,ထွက်တော်မူရာအခါမှ၊ ပုရာ - ရှေးအခါ၌၊ ကိရိဋရတနစ္ဆာယာ-နုဝိဒ္ဓါတပဝါရဏော-မကိုဋ်၌တပ်, နဝရတ်ရောင်, ပြောင်ပြောင် ပြိုးပြိုး , ထိုးအပ်သော ထီးဖြူတော်ရှိသည်၊(ဟုတ္တာ-ဖြစ်၍၊)ပရံ-လွန်စွာ၊ သိရိံ-အသရေကို၊ ဝိန္ဒိ-ရတော်မူပြီ။

× × × × × + ×

၃၀၈။ ကိရိဋတျာဒိ။ ။ဘုရားအလောင်း သိဒ္ဓတ်မင်းသား၏ ဦးထိပ်ထက်၌ မကိုဋ်သရဖူကို ဆောင်းပြီးလျှင် ထို မကိုဋ်မှထွက်သော ရတနာရောင်တို့က အရောင်ဟပ်နေသော ထီးဖြူတော်ကြီး ဆောင်းမိုး ထားပုံကို ပြသောဂါထာတည်း၊ ဤသို့ ပြသဖြင့် ဘုရားအလောင်း၏ စည်းစိမ်ကြီးကျယ်ပုံကိုလည်း (ဝဏ်ဝုတ္တိအလင်္ကာမျိုးဖြစ်သည်အား လျော်စွာ)သွယ်ဝိုက်၍ ပြပြီးဖြစ်တော့၏၊ ထို့ကြောင့် ဤဂါထာသည် ဝိဘူတိမဟန္တအလင်္ကာ၏ပုံစံဖြစ်သည်၊ ဘုန်းတော်ဖွဲ့သီချင်းတို့လည်း (များသောအားဖြင့်ဟုတ်မှန်လျှင်)ဝိဘူတိမဟန္တတ္တဂုဏ်ရောက်ကြ၏၊ မဟုတ်မမှန်ဘဲ ချီးကျူးလျှင်ကား အတိဝုတ္တဒေါသ သင့်ရောက်ဘွယ် ရှိသေးသည်။

ဝစနတ္ထ ။ ။ ကိရိဋေ - မကိုဋ်၌ + ရတနာနိ ကိရိဋရတနာနိ၊ တေသံ + ဆာယာ ( အရောင်တို့တည်း ) ကိရိဋရတနစ္ဆာယာ - တို့၊ တာဟိ+အနုဝိဒ္ဓေါ- အစဉ်မပြတ် ထိုးအပ်သည်တည်း၊ ကိရိဋ ရတန စ္ဆာယာနုဝိဒ္ဓေါ (ထီးဖြူ၌ ရတနာရောင်ဟပ်နေသည်ကိုပင်''ထီးဖြူ၌ အရောင် ထိုးအပ် '' ဟု ဆိုသည်၊)အာတပံ + ဝါရေတီတိ အာတပ ဝါရဏော - နေရောင်ကို တားမြစ် ကာကွယ်တတ်သော ထီး ( ထီး ဖြူတော် )၊ ကိရိဋရတနစ္ဆာယာနုဝိဒ္ဓေါ + အာတပဝါရဏော ယဿာတိ ကိရိဋရတနစ္ဆာယာနုဝိဒ္ဓါတပဝါရဏော။

www.dhammaransi.com



အင်္ဂါသယမဟာနန္ဒတ္ထ ပုံစံ

၃၀၉။ သတ္တော သမ္ဗောဓိယံ ဗောဓိ-သတ္တောသတ္တဟိတာယသော၊
ဟိတွာ သန္တ ဟရသာဗန္ဓ, မပိ ရာဟုလမာတရံ။

၃၀၉။ သော ဗောဓိသတ္တော - ထို သာကီနွယ်ဘွား , ငါတို့ဘုရား အလောင်းတော်သည်၊ သတ္တဟိတာယ-သတ္တဝါတို့၏ စီးပွားအလို့ငှါ၊ သန္တ ဟရသာဗန္ဓ-ချစ်မေတ္တာအစေးဖြင့်ဖြစ်သော သိင်္ဂါရရသဖြင့် ဖွဲ့စပ်အပ်သော၊ ရာဟုလမာတရံအပိ-ရာဟုလမယ်တော်, ယသောဓရာ မိဖုရားကိုသော်လည်း၊ ဟိတွာ-စွန့်တော်မူ၍၊သမ္ဗောဓိယံ-သဗ္ဗညုတာဉာဏ်တော်၌၊ သတ္တော- ငြိကပ်တော်မူ၏။

× × × × × × ×

၃၀၉။ သတ္တောတျာဒိ။ ။''သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် သတ္တဝါတို့၏ လောကီလောကုတ္တရာ ၂ ဖြာသော စီးပွားအကျိုးငှါ မိန်းမအပေါင်း၏ ထိပ်ထား မိဖုရားရတနာ ယသောဓရာကိုသော်မှ စွန့်တော်မူကာ သဗ္ဗညုတာဉာဏ်တော်၌ ငြိကပ်တော်မူပါပေသည်''ဟုတိုက်ရိုက်ပြသဖြင့် သတ္တဝါတို့၏စီးပွားကိုဆောင်လိုသော အဇ္ဈာသယ ( ဆန္ဒတော်၏ ) ကြီးမားပုံကိုလည်း သွယ်ဝိုက်၍ ပြပြီး ဖြစ်၏၊ထို့ကြောင့် ဤဂါထာသည်အဇ္ဈာသယမဟာနန္ဒတ္ထပုံစံဖြစ်သည်။

ဋီကာ ။ ။ တာဒိသဇ္ဈတ္တိရတနေပိ အလဂ္ဂတာကထနေန ဗောဓိသတ္တဿ ဥဠာရဇ္ဈာသယမဟာနန္ဒတ္တံ ဝုတ္တံ ဟောတိ၊သမ္ဗာ ဗုဇ္ဈတိ ဧတာယာတိ သမ္ဗောဓိ၊ ဗောဓိယံ-သဗ္ဗညုတဉာဏ်တော်၌+သတ္တော (လဂ္ဂေါ) - ငြိကပ်သော ပုဂ္ဂိုလ်တည်း၊ ဗောဓိသတ္တော - သဗ္ဗညုတဉာဏ်တော်၌ ငြိကပ်သောပုဂ္ဂိုလ်၊ (ဘုရားအလောင်း)၊ သန္တ ဟေန-ချစ်မေတ္တာအစေးဖြင့်+ဇာတော- ဖြစ်သော + ရသော - သိင်္ဂါရရသတည်း၊ သန္တဟရသော၊ တေန + အာဗန္ဓာ - ဖွဲ့စပ်အပ်သည်တည်း၊ သန္တဟရသာဗန္ဓာ။

ဇာလိံ ကဏှာဇိနံ ဓီတံ, မဒ္ဒီဒေဝိံ ပတိဗ္ဗတံ၊
စဇမာနော နစိန္တေသိံ, ဗောဓိယာယေဝ ကာရဏာ။

ဤ စရိယာပိဋက ပါဠိတော်ဂါထာလည်း ဒါနဇ္ဈာသယ လွန်ကဲပုံကို ပြသောကြောင့် အဇ္ဈာသယမဟာနန္ဒတ္ထ အလင်္ကာဂုဏ်ရောက်၏။

www.dhammaransi.com



**ဝဍ္ဎနာ လက္ခဏာနှင့် အပြား**

၃၁၀။ ဂေါပေတွာ ဝဏ္ဏနီယံ ယံ-ကိဉ္စိ ဒဿိယတေ ပရံ၊
အသမံဝါ သမံ တဿ, ယဒိ သာ ဝဍ္ဎနာ မတာ။

၃၁၀။ ( ယာယ- အကြင် အဖွဲ့ အနွဲ့ဖြင့်၊ ) ဝဏ္ဏနီယံ-ချီးမွမ်းအပ်သောဝတ္ထုကို၊ ဂေါပေတွာ-လုံခြုံစေ၍၊ ဝါ-ဖုံးထား၍၊ ပရံ-ချီးမွမ်းအပ်သောဝတ္ထုမှ တပါးသော၊ တဿ- ထို ဝတ္ထု၏၊ အသမံဝါ- အတူ မဟုတ်သည်မူလည်း ဖြစ်သော၊ သမံဝါ- အတူမူလည်း ဖြစ်သော၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသောဝတ္ထုကို၊ ယဒိ ဒဿိယတေ-အကယ်၍ ပြအပ်ငြားအံ့၊ သာ - ထို အဖွဲ့ အနွဲ့ကို၊ ဝဍ္ဎနာ-ဝဍ္ဎနာအလင်္ကာဟူ၍၊ မတာ-သိအပ်၏။

**အသမဝဍ္ဎနာ ပုံစံ**

၃၁၁။ ပုရတော နသဟာဿေသု, န ပဋ္ဌေသုစ တာဒိနော၊
မာရော ပရေသု တဿေ·သံ, သဟာဿံ ဒဿဝခ်ိတံ။

၃၁၁။ မာရော - မာရ်နတ်သည်၊ တာဒိနော - တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ပုရတော-ရှေ့တော်မှောက်၌၊ သဟာဿေသု(သဟာဿ+ဧသု) - တထောင်သော မြှားရှိသူသည်လည်း၊ န-မဖြစ်နိုင်၊ ပဋ္ဌေသုစ(ပဋ္ဌ+ဧသုစ)-ငါးစင်းသော မြှားရှိသူ

× × × × × × ×

၃၁၀။ ဂေါပေတွာတျာဒိ ။ ။ ချီးမွမ်းလိုအပ်သော ဝတ္ထုကို မဖော်ပြဘဲ ဖုံးထား၍, ထိုဝတ္ထု၏ အတူ မဟုတ်သော, သို့မဟုတ် အတူဖြစ်သော တစုံတခုကို ဖော်ပြသောအားဖြင့် လှည့်စားကြောင်း အဖွဲ့အနွဲ့ကို ဝဍ္ဎနာအလင်္ကာ ဟု ခေါ်သည်။ [ ဝဍ္ဎေတိ ဝဏ္ဏနီယံ ဧတာယာတိ ဝဍ္ဎနာ၊ ဧတာယ ( ဝုတ္တိယာ )- ဤ အဖွဲ့အနွဲ့ စကားအစဉ်ဖြင့်၊ ဝဏ္ဏနီယံ- ကို၊ ဝဍ္ဎေတိ-လှည့်ပတ် ဖုံးထားတတ်၏၊ ဣတိ သာဝုတ္တိ ဝဍ္ဎနာ။] " အသမံဝါ သမံ တဿ'' ကို ကြည့်၍ အသမဝဍ္ဎနာ, သမဝဍ္ဎနာ-ဟု ၂ မျိုး ပြားကြောင်း သိပါ။

---

၃၁၁။ ပုရတော တျာဒိ။ ။ဤဂါထာကိုကြည့်လျှင်"မာရ်နတ်၏ မြှားတွေကိုပင် ရေတွက်ပြသောဂါထာ"ဟု ထင်ရ၏၊ အမှန်ကား-

www.dhammaransi.com



သည်လည်း၊ န-မဖြစ်နိုင်၊ ပရေသု-ဘုရားမှ တပါး, အခြားသူတို့၌ ကား၊ တဿ - ထို မာရ်နတ်၏၊ သေံ - ထို မြွားတို့၏၊ ဒသဝမိုတံ- ဆယ်ခုဖြင့် မြှောက်အပ်သော၊သဟဿံ-တထောင်သည့်၊(တနည်း) ဒသဝမိုတံ သဟဿံ-တသောင်းသည့်၊ ဟောတိ-ဖြစ်နိုင်၏။

× × × × × + ×

မြွားကို ရေတွက်၍ပြသော ဂါထာမဟုတ်ပါ၊ ဘုရားမှတပါး အခြား ပုထုဇဉ်များအပေါ်၌ မာရ်နတ်၏ အစွမ်းသတ္တိကို ပြလျက် မာရ်နတ် ကို ချီးမွမ်းသော ဂါထာဖြစ်သည်၊ ဤသို့လျှင် ချီးမွမ်းလိုအပ်သော မာရ်နတ်ကို ဖက်ထား၍ မြွားအရေအတွက် တသောင်းကို ပြသော ကြောင့်၎င်း, မာရ်နတ်နှင့် မြွားတို့ ပုံသဏ္ဌာန် စသောအားဖြင့် မတူ သောကြောင့်၎င်း, ဤဂါထာကို အသမဝတ္ထုနာ ပုံစံဂါထာ ဟု မှတ်။

**န သဟဿေသု**။ ။ဣသုသဒ္ဒါသည်"မြွား"ဟူသော အနက်ကို ဟော၏၊ သဟဿံ+ဣသဝေါ ယဿာတိ **သဟဿေသု**၊ ဘုရားဖြစ်ခါ နီး၌ လက်ရုံးတထောင် ဖန်ဆင်း၍လာသော မာရ်နတ်၏ ထိုလက်ရုံး ဖြင့် ထိုမြွားတို့ကိုမှန်အောင်မပစ်နိုင်ပုံကို ရည်ရွယ်၍"န သဟဿေသု" ဟု ဆိုဟန်တူသည်၊" မာရ်နတ်သည် ဘုရားရှင်၏ ရှေ့တော်မှောက်၌ မြွားတထောင်ရှိသူသည် မဖြစ်နိုင် "ဟူလို။

**န ပဉ္စေသု**။ ။မာရ်နတ်၏ မြွားငါးစင်းဟူသည်ကား" သမ္မော ဟနောမ္မာဒနာစ , သောသနာ တာပနာ တထာ၊ ထမ္ဘနာစေတိ ကာမဿ,ပဉ္စဝါဏာ ပကတ္တိတာ"ဟူသော အမရကောသနှင့်အညီ, သမ္မောဟနာ(တွေဝေစေခြင်း), ဥမ္မာဒနာ(ရူးသွပ်စေခြင်း), သော သနာ ( သွေးသား ခန်းခြောက်စေခြင်း), တာပနာ(ပူပန်စေခြင်း), ထမ္ဘနာ(ကိုယ်ကိုတောင့်တင်းစေခြင်း, ဝါ-တုန်လှုပ်စေခြင်း)တည်း၊ ယောနိဿယ၌ကား"သေစေခြင်း မာရဏ, မေးနိုင်စေခြင်း ထမ္ဘန, ချစ်စေခြင်းဟာဿနှင့်, သောသန ဥမ္မာဒနကို မြွား ၅ စင်း " ဟုဆို၏၊ "ဘုရားရှေ့တော်မှောက်၌ မာရ်နတ်သည် ထို မြွား ၅ စင်းကိုလည်း အသုံးမပြုနိုင်သောကြောင့် မြွား ၅ စင်း ရှိသူ မဖြစ်နိုင်"ဟူလို။

**ဒသဝမိုတံ**။ ။ရာဂမကင်းသော အခြားသူများရှေ့မှော်၌ကား ထို မြွားတထောင်ကို ၁၀ ဖြင့် မြှောက်၍ မြွားတသောင်း ရှိသူလည်း ဖြစ်နိုင်ပါသည်၊ သာသနာတော်ကျမ်း၌ ကာမဂုဏ် ၅ ပါးကို မြွား

www.dhammaransi.com



**ဝဋ္ဋနာလက္ခဏာနှင့် အပြား**

၃၁၀။ ဂေါပေတွာ ဝဏ္ဏနီယံ ယံ-ကိဉ္စိ ဒဿိယတေ ပရံ၊
အသမ်ဝါ သမံ တဿ, ယဒိ သာ ဝဋ္ဋနာ မတာ။

၃၁၀။ (ယာယ- အကြင် အဖွဲ့ အနွဲ့ဖြင့်၊) ဝဏ္ဏနီယံ-ချီးမွမ်းအပ်သောဝတ္ထုကို၊ ဂေါပေတွာ-လုံခြုံစေ၍၊ ဝါ-ဝှက်ထား၍၊ ပရံ-ချီးမွမ်းအပ်သောဝတ္ထုမှ တပါးသော၊ တဿ- ထို ဝတ္ထု၏ အသမံ ဝါ- အတူ မဟုတ်သည်မှုလည်း ဖြစ်သော၊ သမံဝါ- အတူမှုလည်း ဖြစ်သော၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသောဝတ္ထုကို၊ ယဒိ ဒဿိယတေ-အကယ်၍ ပြအပ်ငြားအံ့၊ သာ - ထို အဖွဲ့ အနွဲ့ကို၊ ဝဋ္ဋနာ-ဝဋ္ဋနာအလင်္ကာဟူ၍၊ မတာ-သိအပ်၏။

**အသမဝဋ္ဋနာ ပုံစံ**

၃၁၁။ ပုရတော နသဟာဿဿု, န ပဌေဿုစ တာဒိနော၊
မာရော ပရေသု တဿေ·သံ, သဟာဿံ ဒဿဝမ္ဘိတံ။

၃၁၁။ မာရော - မာရ်နတ်သည်၊ တာဒိနော - တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ပုရတော-ရှေ့တော်မှောက်၌၊ သဟာဿဿု (သဟဿ+ဗာဟု) - တထောင်သော မြှားရှိသူသည်လည်း၊ န-မဖြစ်နိုင်၊ ပဌေဿုစ (ပဉ္စ+ဣသုစ)-ငါးစင်းသော မြှားရှိသူ

× × × × × × ×

၃၁၀။ ဂေါပေတွာတျာဒိ ။ ။ ချီးမွမ်းလိုအပ်သော ဝတ္ထုကို မဖေါ်ပြဘဲ ဝှက်ထားး၍, ထို ဝတ္ထု၏ အတူ မဟုတ်သော, သို့မဟုတ် အတူဖြစ်သော တစုံတခုကို ဖေါ်ပြသောအားဖြင့် လှည့်စားကြောင်း အဖွဲ့အနွဲ့ကို ဝဋ္ဋနာအလင်္ကာ ဟု ခေါ်သည်။ [ ဝဋ္ဋေတိ ဝဏ္ဏနီယံ ဂေါပယတိ ဝဋ္ဋနာ၊ ဂေါပယ ( ဝုတ္တိယာ )- ဤ အဖွဲ့အနွဲ့ စကားအရင်ဖြင့်၊ ဝဏ္ဏနီယံ- ကို၊ ဝဋ္ဋေတိ-လှည့်ပတ် ဝှက်ထားတတ်၏၊ ဣတိ သဒ္ဒဝုတ္တိ ဝဋ္ဋနာ။] "အသမံ ဝါ သမံ တဿ" ကို ကြည့်၍ အသမဝဋ္ဋနာ, သမဝဋ္ဋနာ-ဟု ၂ မျိုး ပြားကြောင်း သိပါ။

---

၃၁၁။ ပုရတော တျာဒိ။ ။ဤဂါထာကိုကြည့်လျှင် "မာရ်နတ်၏ မြှားတွေကိုပင် ရေတွက်ပြသောဂါထာ" ဟု ထင်ရ၏၊ အဓိပ္ပာယ်ကား-

www.dhammaransi.com



သည်လည်း၊ န-မဖြစ်နိုင်၊ ပရေသု-ဘုရားမှ တပါး, အခြားသူတို့၌ကား၊ တဿ - ထို မာရ်နတ်၏၊ သေ - ထို မြွားတို့၏၊ ဒသဝမိတံ-ဆယ်ခုဖြင့် မြှောက်အပ်သော၊သဟဿံ-တထောင်သည်၊(တနည်း) ဒသဝမိတံ သဟဿံ-တသောင်းသည်၊ ဟောတိ-ဖြစ်နိုင်၏။

× × × × × + ×

မြွားကို ရေတွက်၍ပြသော ဂါထာမဟုတ်ပါ၊ ဘုရားမှတပါး အခြား ပုထုဇဉ်များအပေါ်၌ မာရ်နတ်၏ အစွမ်းသတ္တိကို ပြလျက် မာရ်နတ်ကို ချီးမွမ်းသော ဂါထာဖြစ်သည်၊ ဤသို့လျှင် ချီးမွမ်းလိုအပ်သော မာရ်နတ်ကို ဂုဏ်ထား၍ မြွားအရေအတွက် တသောင်းကို ပြသော ကြောင့်၎င်း, မာရ်နတ်နှင့် မြွားတို့ ပုံသဏ္ဌာန် စသောအားဖြင့် မတူ သောကြောင့်၎င်း, ဤဂါထာကို အသမဝတ္ထုနာ ပုံစံဂါထာ ဟု မှတ်။

**န သဟဿေသု**။ ။ဤသုသဒ္ဒါသည်"မြွား"ဟူသော အနက်ကို ဟော၏၊ သဟဿံ+ဣသဝေါ ယဿာတိ **သဟဿေသု**၊ ဘုရားဖြစ်ခါနီး၌ လက်ရုံးတထောင် ဖန်ဆင်း၍လာသော မာရ်နတ်၏ ထိုလက်ရုံးဖြင့် ထိုမြွားတို့ကိုမှန်အောင်မပစ်နိုင်ပုံကို ရည်ရွယ်၍"န သဟဿေသု" ဟု ဆိုဟန်တူသည်၊" မာရ်နတ်သည် ဘုရားရှင်၏ ရှေ့တော်မှောက်၌ မြွားတထောင်ရှိသူသည် မဖြစ်နိုင်"ဟူလို။

**န ပဉ္စေသု**။ ။မာရ်နတ်၏ မြွားငါးစင်းဟူသည်ကား" သမ္မောဟနော မ္မာဒနော စ , သောသနာ တာပနာ တထာ၊ ထမ္ဘနာ စေတိ ကာမဿ,ပဉ္စဗါဏာ ပကတ္တိတာ"ဟူသော အမရကောသနှင့်အညီ, သမ္မောဟနာ(တွေဝေစေခြင်း), ဥမ္မာဒနာ(ရူးသွပ်စေခြင်း), သောသနာ ( သွေးသား ခန်းခြောက်စေခြင်း), တာပနာ( ပူပန်စေခြင်း), ထမ္ဘနာ(ကိုယ်ကိုတောင့်တင်းစေခြင်း, ဝါ-တုန်လှုပ်စေခြင်း)တည်း၊ ယောနိဿယ၌ကား"သေစေခြင်း မာရဏ, မေးခိုင်စေခြင်း ထမ္ဘန, ချစ်စေခြင်းဟာသနှင့်, သောသန ဥမ္မာဒနကို မြွား ၅ စင်း" ဟုဆို၏၊ "ဘုရားရှေ့တော်မှောက်၌ မာရ်နတ်သည် ထို မြွား ၅ စင်းကိုလည်း အသုံးမပြုနိုင်သောကြောင့် မြွား ၅ စင်း ရှိသူ မဖြစ်နိုင်"ဟူလို။

**ဒသဝမိတံ**။ ။ရာဂမကင်းသော အခြားသူများ ရှေ့မှော်၌ကား ထိုမြွားတထောင်ကို ၁၀ ဖြင့် မြှောက်၍ မြွားတသောင်း ရှိသူလည်း ဖြစ်နိုင်ပါသည်၊ သာသနာတော်ကျမ်း၌ ကာမဂုဏ် ၅ ပါးကို မြွား

www.dhammaransi.com



### သမဝတ္ထုနာ ပုံစံ

၃၁၂။ ဝိဝါဒ-မနုယုဉ္ဇန္တော, မုနိန္ဒဝဒနိန္ဒုနာ၊
သမ္ပုဏ္ဏော စန္ဒိမာ နာ-ယံ,ဆတ္တံ-ဓမတံ မနောဘုနော။

၃၁၂။ မုနိန္ဒ ဝဒနိန္ဒုနာ - မြတ်စွာဘုရား၏ မျက်နှာတော် လမင်းနှင့်၊ ဝိဝါဒံ - ဆန့်ကျင်ဘက် ပြိုင်ဆိုင်မှုကို၊ အနုယုဉ္ဇန္တော- အားထုတ်သော၊သမ္ပုဏ္ဏော-ပြည့်ဝန်းသော၊ အယံ-ဤအရာကား၊ စန္ဒိမာ - လသည်၊ န- မဟုတ်၊ ဧတံ- ဤဝတ္ထုကား၊ မနောဘုနော- မာရ်နတ်၏၊ ဆတ္တံ- ထီးဖြူတည်း။

× × × × × × ×

၅ စင်းဟု ဆိုရကား ကာမဂုဏ် ၅ ပါးကို အာသဝ ၄ ပါးစသည်ဖြင့် သံယောဇဉ် ၁၀ပါးတိုင်အောင်မြွှာပွားလျှင် အထောင် အသောင်း မက များသောမြှားရှိသူလည်း ဖြစ်နိုင်၏-ဟု စံကျောင်းနိဿယမိန့်၏။

---

၃၁၂။ ဝိဝါဒံ တျာဒိ။ ။"ဘုရားမျက်နှာတော်နှင့် ဆန့်ကျင်ဘက် ပြိုင်ဆိုင်မှုကိုပြုနေသော ဤပြည့်ပြည့်ဝန်းဝန်းကြီးကား လ မဟုတ်ပါ၊ မာရ်နတ်၏ ထီးဖြူပါတည်း " ဟူရာ၌ လပြည့်ဝန်းကို ချီးမွမ်းလိုသော်လည်း ထိုလပြည့်ဝန်းကို"န+စန္ဒိမာ"ဟု ဝှက်ထား၍ ထိုလပြည့်ဝန်းနှင့်တူသော ထီးဖြူကို ဖော်ပြသောကြောင့် သမဝတ္ထုနာ ပုံစံဖြစ်သည်။ [မနော- သတ္တာတို့စိတ်ကို + ဘဝတိ အဘိဘဝတိ- လွှမ်းမိုးတတ်၏၊ ဣတိ မနောဘူ-မာရ်နတ်၊ဋီကာ၌"မနော+ဘုနာတိ"ဟုဝိဂြိုဟ်ပြု၏။]

**သရူပေါပမာမခေါ်။** ။ ဠဝါဒိဂိုဏ်း၌ " တေနသဒ္ဒိ° " ဟု ဆိုခဲ့၏၊ ထို့ကြောင့် " ဝိဝါဒံ "ကို ဥပမာဇောတက ဟု မှတ်၊ သို့ဖြစ်လျှင် " ပြည့်ပြည့် ဝိုင်းဝိုင်း အရာဝတ္ထုသည် (လ) မဟုတ်, မာရ်နတ်၏ ထီးဖြူတည်း" ဟူသော စကားသည်"ဤအရာတို့ကား ပိတုန်းတို့မဟုတ်ကြ,မျက်လုံးတို့သာ"ဟူသော သရူပေါပမာနှင့် အသွားတူနေရကား"သရူပေါပမာအတွင်း သွင်းထိုက်သည် မဟုတ်လော၊ အဘယ့်ကြောင့် " ဝတ္ထုနာအလင်္ကာ " ဟု ဆိုပါသနည်း— ဟု မေးဘွယ်ရှိ၏၊ အဖြေကား—ဥပမာန ဥပမေယျအဖြစ်ကို ခွဲခြား၍ပြဆိုရာ၌သာ သရူပေါပမာ ဖြစ်၏၊ ဤ၌ကား ဥပမာန ဥပမေယျကို မဆိုလိုဘဲ ဝှက်ခြင်းကို ပဓာနထား၍ ဆိုသောကြောင့်"ဝတ္ထုနာ"ဟု သီးခြားအလင်္ကာတခု ပြုရသည်။

[ဆောင် ဥပမာန—ဥပမေယျကို, မပြလိုဘု, ကွယ်ဝှက်မှုမျှ, ပဓာနဟော, ပြလိုသောကြောင့်, သရူပေါပမာ, မခေါ်သာ, ဝတ္ထုနာပင်ခေါ်။

www.dhammaransi.com



**အပ္ပကတတ္ထုတိ လက္ခဏာ**

၃၁၃။ ပရာနုဝတ္တနာဒီဟိ, နိဗ္ဗိန္နေနိ·ဟ ယာ ကတာ၊
ထုတိရ·ပ္ပကတေ သာ·ယံ, သိယာ အပ္ပကတတ္ထုတိ။

၃၁၃။ ဣဟ- ဤလောက၌၊ ပရာနုဝတ္တနာဒီဟိ - သူတပါး၏ အလိုသို့ လိုက်ရခြင်း အစရှိသည် တို့ကြောင့်၊ နိဗ္ဗိန္နေန - ငြီးငွေ့သူသည်၊ အပ္ပကတေ- မျက်မြင်မဟုတ်, စိတ်ဖြင့်သာ ကြံစီအပ်သော အရာ၌၊ ယာထုတိ- အကြင်ချီးမွမ်းခြင်းကို၊ ကတာ- ပြုအပ်၏၊ သာ·ယံ - ထို ချီးမွမ်းခြင်းသည်၊ အပ္ပကတတ္ထုတိ - အပ္ပကတတ္ထုတိမည်သည်၊ သိယာ-ဖြစ်၏။

× × × × × × ×

၃၁၃။ **ပရာနုတျာဒိ**။ ။ သူတပါးအလို လိုက်ရဘန် များသည့်အတွက် စိတ်ပျက် ငြီးငွေ့နေသော(အထက်တန်း အရာရှိ စသူသည်) မိမိကိုယ်တိုင် မသိ မတွေ့အပ် - စိတ်ကူးဖြင့် မှန်းဆအပ်သောအရာ၌ ချီးမွမ်းသော အားဖြင့် ငြီးတွားပြောဆိုခြင်းကို " အပ္ပကတတ္ထုတိ အလင်္ကာ " ဟု ခေါ်သည်။ [ ပရာနုဝတ္တနာဒီဟိ - အညဿ ယဿ ကဿစိ အနုဝတ္တနာဒီဟိ၊ အာဒိဖြင့် ပရပီဠန - သူတပါး၏ အနှိပ်စက်ခံရခြင်း စသည်ကိုယူ၊ နိဗ္ဗိန္နေန - ဥဗ္ဗေဂံ ပတ္တေန ( ငြီးငွေ့ခြင်းသို့ ရောက်သော-မင်းအလိုလိုက်ရသော မင်းခစား, ဆရာ့အလို လိုက်ရသောတပည့်, လင့်နှိပ်စက်ခံရသော မယား, စသူသည်။)]

**အပ္ပကတတ္ထုတိ**။ ။သမင်ကလေးတွေ မျက်စား၍ လွတ်လွတ်လပ်လပ် သွားလာ နေထိုင်ကြပုံသည် ငြီးတွားချိန်မှာ အနီး၌တည်ရှိသည်မဟုတ်-မျက်မြင်မဟုတ်ဘဲ စိတ်ဖြင့်မှန်းဆအပ်သော အရာဖြစ်၏၊ ထိုအရာကို "အပ္ပကတ "ဟု ဆိုသည်။ [ အ+ပ္ပကတေ - အရာ မဟုတ်သော၊ အနမိဂတေ - မသိအပ်သော၊ ဗုဒ္ဓိဝိသယေဝ - စိတ်ကူးဖြင့် ကြံ၍ သိအပ်သောအရာ၌သာ၊ ဋီကာဟောင်း၌ကား–အပ္ပကတေကို "အသံနိဟိတေ-အနီး၌တည်ရှိသည် မဟုတ်သော၊ ဗုဒ္ဓိဝိသယေ ဝေ" ဟု ဖွင့်၏။]

န+ပကတော အပ္ပကတော - အပြားအားဖြင့် ပြုအပ်သောအရာ မဟုတ်၊ ဝါ- မျက်မြင်မဟုတ်၊ အပ္ပကတေ-၌+ကတာ- ပြုအပ်သော+ ထုတိ - ချီးမွမ်းခြင်းတည်း၊ အပ္ပကတတ္ထုတိ - ခြင်း၊ ဤကား ဋီကာ

www.dhammaransi.com



**အပ္ပကတတ္ထုတိုပုံစံ**

၃၁၄။ သုခံ ဇီဝန္တိ ဟရိဏာ, ဝနေသွ·ပရသေဝိနော၊
အနာယာသော·ပလာဘေဟိ, ဇလဒုဗ္ဗင်္ကုရာ·ဒိဘိ။

၃၁၄။ ဝနေသု-တောတို့၌၊ အပရသေဝိနော-သူတပါးကို မှီခို လေ့ မရှိကုန်သော၊ ဟရိဏာ - သမင်တို့သည်၊ အနာယာသော ပလာဘေဟိ - မပင်မပန်း , ချမ်းချမ်း သာသာ, ရအပ်ကုန်သော၊ ဇလဒုဗ္ဗင်္ကုရာဒိဘိ- ရေ, နေဇာမြက်ညွန့်, အစရှိသည်တို့ဖြင့်၊ သုခံ- ချမ်းချမ်းသာသာ၊ ဇီဝန္တိ - အသက်မွေးကြရကုန်၏။

× × × × × × ×

များဖွင့်တိုင်း အမိပ္ပါယ်တည်း၊ ကာဗျာဒသာ၌ကား ဤအလင်္ကာကို "အပြဿုတ ပသံသာ - မချီးမွမ်းထိုက်သော အရာကို ချီးမွမ်းခြင်း" ဟု အမည်ပေးသည်၊ ထိုအလိုကို " အပ္ပကတ - ချီးမွမ်းထိုက်သော အရာမဟုတ်သည်၌၊ထုတိ-ချီးမွမ်းခြင်း"ဟု အနက်မှတ်။

---

**၃၁၄။ သုခံတျာဒိ**။ ။ဘယ်သူ့ကိုမျှမှီ၍မနေရဘဲ တောအမျိုးမျိုး တို့၌ လွတ်လပ်စွာ နေကြရသော သမင်တို့သည် ( သူတပါးကို မှီခို ခယနိုင်မှ ရအပ်သည်မဟုတ်ဘဲ ) အလွယ်တကူ ရနိုင်သော ရေ - နေ ဇာမြက်ညွန့်,သစ်ပင်ခြံနွယ် ရွက်ညွန့်တို့ဖြင့် ချမ်းချမ်းသာသာအသက် မွေးနိုင်ကြပါပေတယ်နော်၊ [ဧတ္ထ ရာဇသေဝါ ဗျသနပ္ပတ္တေန ကေနစိ (မင်းကိုခစားရခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သော တစုံတယောက် သည် ) အနဓိဂတာပိ ( မသိ မတွေ့အပ်ပါသော်လည်း၊) မိဂဇီဝိကာ (သမင်တို့၏ အသက်မွေးချောင်ပုံကို)ပသံသိတာ ဟောတိ၊....အာယာ သသ- ပင်ပန်းခြင်း၏+ အဘာဝေါ အနာယာသော၊ တေန + ဥပ လာဘော အနာယာသောပလာဘော။]

**ဇလဒုဗ္ဗင်္ကုရာ ဒိဘိ**။ ။ အဘိဓာန်၌ နေဇာမြက်ကို ဟောသော ဒုဗ္ဗသဒ္ဒါ ပါရှိ၏၊ ထို့ကြောင့်"ဇလဒုဗ္ဗင်္ကုရာဒိဘိ"ဟု ပါဌ်မှန်ရှိသင့်၏၊ အာဒိဖြင့် ရုက္ခလတာ ပလ္လဝါ (သစ်ပင်၏ရွက်ညွန့်) စသည်တို့ကိုယူ။ [စံကျောင်းနိဿယ၌ "ဒုဉပတာပေ အဋ္ဌော ဒဋ္ဌော"ဟုအဘိဓာန ပ္ပဒီပိကာကို သာဓကပြု၍"ဒဋ္ဌ-သမန်းမြက်"ဟုအနက်ပေး၏၊သမန်း မြက်ကား ရှတတ်သဖြင့် စား၍ ဖြစ်နိုင်ပါမည်လော။]

www.dhammaransi.com



**ကောဝဠ္ဍီ၏လက္ခဏာနှင့်အပြား**

၃၁၅။ ဥတ္တရံ ဥတ္တရံ ယတ္ထ, ပုဗ္ဗပုဗ္ဗ ဝိသေသနံ၊
သိယာ ကောဝဠ္ဍိ သာယံ,ဒွိဓာ ဝိမိ နိသေဓတော။

၃၁၅။ ယတ္ထ-အကြင်အလင်္ကာ၌၊ဥတ္တရံ ဥတ္တရံ-နောက်နောက် ပုဒ်သည်၊ ပုဗ္ဗ ပုဗ္ဗ ဝိသေသနံ - ရှေးရှေး ပုဒ်၏ ဝိသေသနသည်၊ ဟောတိ - ဖြစ်၏၊ သာ - ထိုအလင်္ကာသည်၊ ကောဝဠ္ဍိ - ကောဝဠ္ဍိ အလင်္ကာသည်၊ သိယာ - ဖြစ်၏၊ အယံ - ဤ အလင်္ကာသည်၊ ဝိမိ နိသေဓတော-ဝိမိ ကောဝဠ္ဍိ, နိသေဓ ကောဝဠ္ဍိတို့၏ အပြားအား ဖြင့်၊ ဒွိဓာ - ၂ ပါးပြား၏။

**ဝိမိကောဝဠ္ဍိပုံစံ**

၃၁၆။ ပါဒါ နခါဠိရုစိရာ, နခါဠိ ရံသိဘာသုရာ၊
ရံသိ တမောပဟာနေက- ရသာ သောဘန္တိ သတ္ထုနော။

၃၁၆။ သတ္ထုနော-မြတ်စွာဘုရား၏၊ပါဒါ-ခြေတော်တို့သည်၊ နခါဠိရုစိရာ - ခြေသည်းတော် အစဉ် တို့ဖြင့် နှစ်သက် စဘွယ် တင့်တယ်ပါပေကုန်၏၊ နခါဠိ-ခြေသည်းတော်အစဉ်တို့သည်၊ ရံသိ

× × × × × × ×

၃၁၅။ ဥတ္တရံတျာဒိ။ ။အကြင်အဖွဲ့အနွဲ့၌ နောက်နောက်ပုဒ်သည် ရှေးရှေးပုဒ်၏ ဝိသေသနဖြစ်၏ ထိုအဖွဲ့အနွဲ့သည် ကောဝဠ္ဍိအလင်္ကာ မည်၏၊ ဝိမိကောဝဠ္ဍိ , နိသေဓကောဝဠ္ဍိ အားဖြင့် ၂ ပါးပြား၏။ [အာဝဠ္ဍိသဒ္ဒါသည် မာလာ (အစဉ်အတန်း) အနက်ကိုဟော၏- ဟု ထောမနိမိဖွင့်၏၊ ကော + အာဝဠ္ဍိ ယတ္ထာတိ ကောဝဠ္ဍိ - ဝိသေသန ဝိသေသျအဖြစ်ဖြင့် သံကွင်းဆက်သကဲ့သို့ တစဉ်တတန်းကြီး ဆက် သွယ်နေသော အစဉ်အတန်းရှိသော အဖွဲ့အနွဲ့-ဟူလို၊ ဋီကာ၌ "ကေ တော + အာဝလီယန္တိ သံဝလီယန္တိ တောယ ပဒါနိတိ ကောဝဠ္ဍိ (လကို ဠပြု ) = ပုဒ်တို့ကို တပေါင်းထည်း ဆက်ထားသော အားဖြင့် စောင့်ရှောက်တတ်သောအလင်္ကာ" ဟု ဆိုသည်။]

၃၁၆။ ပါဒါနခါဠိရုစိရာ။ ။"ပါဒါ-တို့သည်၊ နခါဠိရုစိရာ-ကုန်၏" ဟု ပေးသော်လည်း "နခါဠိရုစိရာ" ဟူသော နောက်

www.dhammaransi.com



ဘာသုရာ- အရောင်တို့ဖြင့် တောက်ပပါပေကုန်၏၊ ရံသီ-အရောင်တို့သည်၊ တမောပဟာနေကရသာ - အမိုက်မှောင်ကို ပယ်ခြင်းဟူသောတခုသောကိစ္စရှိကုန်သည်၊(ဟုတွာ-ဖြစ်၍၊)သောဘန္တိ-တင့်တယ်ပါပေကုန်၏။

× × × × × × ×

ပုဒ်သည် "ပါဒါ" ဟူသော ရှေ့ပုဒ်၏ ဝိသေသနတည်း၊ "ခြေသည်းအစဉ်တို့ဖြင့် နှစ်သက်စဖွယ် တင့်တယ်ကြပေသော+ခြေတော်များ" ဟု ဆိုလိုသည်၊ ထို့ကြောင့် ဋီကာ၌"သတ္တု|နော ပါဒါ နခါဠိရုစိရာ-နခပန္တိ့ဟိ မနုညာ " ဟု သောဘန္တိ၌ မစပ်ဘဲ ဖွင့်သည်၊"သော"ဟု ပေးမှ"ဝိသေသန"ဟု ထင်နေကြသဖြင့် " နခါဠိရုစိရာ - ကုန်သော၊ ပါဒါ-တို့သည်၊ သောဘန္တိ-ကုန်၏"ဟု ပေးမှားကြသည်။

**နခါဠိ ပေ၊သောဘန္တိ**။ ။နခါနံ+ အာဠိ- အစဉ်တို့တည်း၊ နခါဠိ-တို့၊ ဘာသဓာတ် + ဃုရစ်ပစ္စည်းဖြင့် " ဘာသုရ" ဟု ထောမနိမိရှိ၏၊ "ဒိတ္တသီလ-ထွန်းပခြင်း အလေ့ရှိသောအရာ" ဟုလည်း အနက်ဖွင့်၏၊ " ရံသိဟိ + ဘာသုရာ ရံသိဘာသုရာ" ဟု ပြုပါ၊ "ရံသီ၊ ပေ၊ သောဘန္တိ"ဟူသော ဝါကျ၌ကား"ရံသိ-ကန္တိယော၊ တမောပဟာနေကရသာ- အန္ဓကာရဝိဓမနေ အသဟာယကိစ္စာ ဟုတွာ သောဘန္တိ"ဟု ဟုတွာထည့်၍ သောဘန္တိ၌ စပ်ဘို့ရန် ဋီကာဖွင့်၏။ [ဧတ္ထ ပါဒါဒီနံ ပုဗ္ဗပဒါနံ - တို့၏၊ နခါဠိရုစိရတ္တာဒိ ဝိဓာယကေဟိ - နခါဠိရုစိရအဖြစ်အစရှိသည်ကိုစီရင်တတ်ကုန်သော၊ဥတ္တရ ဥတ္တရဝိသေသနေဟိ ဝိသေသိတတ္တာ အယံ ဝိဓိကောဝဋ္ဋိနာမ။]

**မှတ်ချက်**။ ။ဤဋီကာ၌ " ဝိဓာယကေဟိ " ကိုကြည့်၍ "ဝိဒဓာတိ-ရုစိရတ္တစသော ဂုဏ်ကို ပြုစီရင်တတ်၏၊ ဣတိ ဝိဓိ—မည်၏" ဟု ဝစနတ္ထပြု၊"ပါဒစသည်တို့၏ ရုစိရတ္တစသော ဂုဏ်ကို ပြုစီရင်တတ်"ဟူသည်လည်း ထိုဂုဏ်ဖြင့် ပါဒ စသည်ကို အထူးပြုခြင်းပင်တည်း၊ ထိုသို့အထူးပြုရာဝယ် ပဌမဝါကျ၌ နခါဠိရုစိရာသည် ဒုတိယဝါကျ၌ **နခါဠိ**ဟု ဆက်လာ၏၊ ဒုတိယဝါကျ၌ ရံသိဘာသုရာသည် တတိယဝါကျ၌ ရံသီဟု ဆက်လာ၏၊ ထို့ကြောင့်"ဝိဓိ ကောဝဋ္ဋိ" ပုံစံဖြစ်သည်။ ["သီလသည် အဝိပ္ပဋိသာရကိုပြု၏၊ အဝိပ္ပဋိသာရသည် ပါမောဇ္ဇကို ပြု၏၊ ပါမောဇ္ဇသည် ပီတိကိုပြု၏" ဟု ဆိုလျှင် ဤအစဉ် အတန်းလည်း ဝိဓိကောဝဋ္ဋိ အလင်္ကာပင်တည်း။]

www.dhammaransi.com



နိုသေဓကောဝဋ္ဋိ ပုံစံ

၃၁၇။ အသန္တုဋ္ဌော ယတိ နေဝ,
သန္တောသော နာ'လယာဟတော၊
နာ'လယော ယော သ ဇန္တူနံ,
နာနန္တဗျသနာဝဟော။

၃၁၇။ အသန္တုဋ္ဌော-ရသမျှဖြင့်မျှတရောင့်ရဲခြင်း မရှိသူသည်၊ ယတိ - ရဟန်းအစစ်သည်၊ နေဝ ဟောတိ - မဟုတ်၊ အာလယာဟတော- ကပ်ငြိတွယ်တာ တဏှာသည်နှိပ်စက်အပ်သော ရောင့်ရဲခြင်းသည်၊ သန္တောသော- ရောင့်ရဲခြင်း အစစ်သည်၊ န ဟောတိ- မဟုတ်၊ ယော-အကြင်တရားသည်၊ ဇန္တူနံ-သတ္တဝါတို့၏၊ နအနန္တဗျသနာဝဟော - အဆုံးမရှိသော ပျက်စီးခြင်းကို မဆောင်နိုင်၊ သ (သော)- ထိုတရားသည်၊ အာလယော- တဏှာအာလယသည်၊ န ဟောတိ- မဟုတ်။

× × × × × × +

၃၁၇။ အသန္တုဋ္ဌောယတိနေဝ ။ ။ ဆွမ်းစသော ပစ္စည်း ၄ ပါးတွင် တပါးပါး၌ ယထာလာဘ ( ရသမျှနှင့် ရောင့်ရဲခြင်း ), ယထာဗလ(မိမိခွန်အား ဗလအားလျော်စွာ ရောင့်ရဲခြင်း), ယထာသာရုပ္ပ ( မိမိနှင့် လျောက်ပတ်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်း), ဤသို့ ၃ ပါးစီ ပြားရကား သန္တောသ ၁၂ ပါး ပြား၏၊ ထို သန္တောသ ၁၂ ပါးတွင် တပါးပါးဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသူသည် ရဟန်း မဟုတ်။ [ အသန္တုဋ္ဌော - စီဝရာဒိသု စတူသု ပစ္စယေသု ဒွါဒသဝိဓသန္တောသာနံ အညတရေန အသန္တုဋ္ဌော။]

မှတ်ချက်။ ။"အသန္တုဋ္ဌော"အရ လူ-ရဟန်းစသော မရောင့်ရဲနိုင်သူ မှန်သမျှနှင့် ဆက်ဆံသောကြောင့် သာမည ဖြစ်နေရကား "ယတိနေဝ" ဟု ပဋိသေဓနှင့်တကွ ဝိသေသနပြုရသည်၊ နေ၁ဝါကျများ၌လည်း ဤနည်းပင်။ [ အသန္တုဋ္ဌပဒံ ယတိသဟိတ ( ရဟန်းနှင့် တကွသော)သကလသတ္တသမုဒါယဿ(သတ္တဝါအားလုံးအပေါင်းနှင့်) သာဓာရဏဘာဝေန ဌိတံ၊ ယတိ နဘဝတီတိ-ယတိတော အညေသု သကလသတ္တသန်္နိတေသု အဝယဝေသု ပတိဋ္ဌာပနတော အသန္တုဋ္ဌောတိ ဝိသေသျော၊ ယတိ န ဇာတိ ဇာဒံ ဝိသေသနံ။]

www.dhammaransi.com



**သန္တေ့ာသော နာလယာဟတော**။ ။အာလယေန - ကပ်ငြိတတ်သော တဏှာသည် + အာဟတော - ထိပါး နှိပ်စက်အပ်သည်တည်း၊ အာလယာဟတော-သည်၊ "ရသမျှနှင့် မျှတရောင့်ရဲခြင်း"ဟု ဆိုရသော်လည်း မရှိလို့သာ (ကိုယ်နှုတ် အားဖြင့်) ရောင့်ရဲရခြင်း ဖြစ်သည်၊ စိတ် အလိုအားဖြင့်ကား "ဘယ်ဟာကလေး ဝတ်ရ,စားရ, နေရလျှင် ကောင်းမှာဘဲ" ဟု တဏှာဖြင့် တောင့်တနေတတ်သေး၏၊ "ထိုသို့ တဏှာနှိပ်စက်အပ်သော သန္တောသသည် သန္တောသ အစစ် မဖြစ်ပါ" ဟူလို။ [ "သန္တောသ"အရ တဏှာ နှိပ်စက်အပ်သော သန္တောသ, မနှိပ်စက်အပ်သော သန္တောသ-ဟု ၂ မျိုးနှင့် ဆက်ဆံနေသောကြောင့် "န + အာလယ ဟတော" ဟု တားမြစ်သော ဝိသေသနကို ပြုသည်၊ "သန္တောသအစစ်မှန်လျှင် တဏှာသည် မနှိပ်စက်အပ်ပါ"ဟူလို။]

**နာလယော၊ ပေ၊ ဝဟော**။ ။သတ္တာတို့၏ အဆုံးမရှိအောင် ပျက်စီးခြင်းကို ဆောင်တတ်မှ တဏှာအာလယ အစစ်ဖြစ်သည်၊ထိုသို့ မဆောင်တတ်သော တရားကား တဏှာအာလယမဟုတ်၊ "တဏှာသမုဒယကြောင့် မဆုံးနိုင်သော ဒုက္ခဖြစ်၏၊ ထို ဒုက္ခကို မဖြစ်စေလျှင် တဏှာသမုဒယ အာလယမဟုတ်"ဟူလို။["အာလယ"အရ အနတ္ထဗျသနကိုဆောင်နိုင်သော အာလယအစစ်,မဆောင်နိုင်သော အာလယ အတု-ဟု ၂ မျိုးရှိသောကြောင့်"န+အနတ္ထဗျသနာဝဟော" ဟု တားမြစ်သော ဝိသေသနကို ပြုသည်၊ နိဗ္ဗာန်ကို လိုလားသောဆန္ဒ, ကုသိုလ်ကောင်းမှုပြုလို၍ ပစ္စည်းဥစ္စာ တောင့်တမှု ဆန္ဒမျိုးကို "အာလယ"အတု ဟု မှတ်။]

**မှတ်ချက်**။ ။ပဌမဝါကျ၌ အသန္တုဋ္ဌောကို ဒုတိယဝါကျ၌ "သန္တောသော"ဟု ဆက်၏၊ ဒုတိယဝါကျ၌ အာလယာဟတောကို တတိယဝါကျ၌ "အာလယော" ဟု ဆက်၏၊ ဤသို့ တဝါကျနှင့် တဝါကျကို သံကွင်းဆက်သလိုဆက်၍ နောက်နောက်ပုဒ်က ရှေးရှေး ပုဒ်ကို တားမြစ်သောအားဖြင့် ဝိသေသန ပြုသောကြောင့် "နိသေဓကောဝဋ္ဋ" ပုံစံဖြစ်သည်-ဟု မှတ်။

www.dhammaransi.com



### အညမညဝိဘူသန၏ လက္ခဏာ

၃၁၈။ ယဟိံ ဘူသိယဘူသတ္တံ, အညမညံ တု ဝတ္ထုနံ၊
ဝိနာဝ သဒိသတ္တံ တံ, အညမညဝိဘူသနံ။

၃၁၈။ ယဟိံ-အကြင်အလင်္ကာ၌၊ ဝတ္ထုနံ- ၂ ပါးသောဝတ္ထုတို့၏၊ သဒိသတ္တံ-တူကုန်သည်၏အဖြစ်ကို၊ ဝါ-ဥပမာန ဥပမေယျအဖြစ်ကို၊ ဝိနာဝ-ကြဉ်၍သာလျှင်၊ အညမညံ- အချင်းချင်း၏၊ ဘူသိယ ဘူသတ္တံ - တန်ဆာဆင်အပ်သည်၏အဖြစ် , တန်ဆာဆင်တတ်သည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊တံ-ထိုအလင်္ကာသည်၊ အညမညဝိဘူသနံ-အညမညဝိဘူသနအလင်္ကာမည်၏။

### အညမညဝိဘူသနပုံစံ

၃၁၉။ ဗျာမံ သုမင်္ဂလံ တေန, မုနိနာ လောကဗန္ဓုနာ၊
မဟန္တိံ ဝိန္ဒတိ ကန္တိံ,သောပိ တေနေဝ တာဒိသိံ။

၃၁၉။ ဗျာမံသုမင်္ဂလံ - တလံမျှ လောက်သော ကိုယ်ရောင်တော်အဝန်းသည်၊ လောကဗန္ဓုနာ - သတ္တာ အားလုံးဟူသော မိတ်ဆွေရှိတော်မူသော၊ တေနမုနိနာ - ထိုမြတ်စွာဘုရားဖြင့်၊ ဝါ-ကြောင့်၊ မဟန္တိံ-ကြီးကျယ်သော၊ကန္တိံ-နှစ်သက်ဘွယ်ကို၊ဝိန္ဒတိ-

× × × × × × +

၃၁၈။ ယဟိံတျာဒိ။ ။အရာဝတ္ထု ၂ မျိုးတို့၏ အပြန်အလှန် တန်ဆာဆင်အပ်,တန်ဆာဆင်တတ်သည်၏အဖြစ်ကိုပြဆိုရာအလင်္ကာသည် အညမညဝိဘူသန မည်၏၊ " ထိုသို့ အပြန်အလှန် တန်ဆာဆင်ရာ၌ ဥပမာန ဥပမေယျ သဘောလည်း မဟုတ်စေရ " ဟု ပြလို၍ "ဝိနာဝသဒိသတ္တံ"ဟု မိန့်သည်၊ဥပမာနဥပမေယျ သဘောဖြစ်လျှင် အညမညောပမာဖြစ်သွားလိမ့်မည်-ဟူလို။

ဝစနတ္ထ။ ။ဘူသိယဉ္စ - တန်ဆာဆင်အပ်သော အရာလည်း+ဘူသာစ- တန်ဆာဆင်တတ်သောအရာလည်း၊ဘူသိယဘူသာယော-တို့၊ တာသံ + ဘာဝေါ ဘူသိယဘူသတ္တံ၊ အညမညံ - တပါးတပါး၏၊ ဝါ- အပြန်အလှန်၊ ဝိဘူသနံ ( တန်ဆာတည်း ) အညမညဝိဘူသနံ၊ အဖွဲ့အနွဲ့ကိုလည်း ဖလူပစာရအားဖြင့် အညမညဝိဘူသနခေါ်သည်။

www.dhammaransi.com



ရန်၏၊ သောပိ-ထိုမြတ်စွာဘုရားသည်လည်း၊ တေနေဝ- ထို တလံမျှ လောက်သော ကိုယ်ရောင်တော် အဝန်းဖြင့်ပင်၊ ဝါ - ကြောင့်ပင်၊ တာဒိသိံ-ထိုကဲ့သို့သော နှစ်သက်ဘွယ်ကို၊ ဝိန္ဒတိ-ရတော်မူ၏။

× × × × × × ×

၃၁၉။ ဗျာမံသု၊ပေ၊ကန္တိံ။ ။ဘုရားရှင်မှ ထွက်တော်မူသော တလံမျှလောက်သော ကိုယ်ရောင်တော်အဝန်းသည် ဘုရားရှင်ဖြင့် ကြီးကျယ်စွာသော နှစ်သက်ဘွယ်ကို ရ၏၊ ဤဝါကျ၌ တလံမျှလေံသော ကိုယ်ရောင်တော်အဝန်းသည် တန်ဆာဆင်အပ်သော အလင်္ကာရိယ၊ ဘုရားရှင်သည် အရောင်တော်ကို တန်ဆာဆင်တတ်သောအလင်္ကာရ တည်း။ [" ဘုရား၏+အရောင် " ဟု ဆိုသောကြောင့် အရောင်တော် သည် သာ၍တင့်တယ်သွား၏၊ အခြားသူ၏ + အရောင်ဆိုလျှင် ထိုမျှ လောက် မတင့်တယ်နိုင်-ဟူလို။]

သောပိ တေနေဝ တာဒိသိံ။ ။ဤဝါကျ၌ကား ဘုရားရှင်သည် တန်ဆာဆင်အပ်သော အလင်္ကာရိယ၊ ကိုယ်ရောင်တော်အဝန်းကား တန်ဆာဆင်တတ်သောအလင်္ကာရတည်း၊ဘုရားရှင်လည်း ရောင်ခြည် တော်ထွက်သော ဘုရားဖြစ်သောကြောင့် သာ၍ တင့်တယ်တော်မူ သည်၊"ရောင်ခြည်တော်မထွက်လျှင် လူအများ၏ အရေးတယူ ပူဇော် လောက်အောင် တင့်တယ်မည် မဟုတ်ပါ"ဟူလို၊ ဤသို့ အပြန်အလှန် တန်ဆာဆင်အပ် , တန်ဆာဆင်တတ် , ဖြစ်သောကြောင့် အညမည ဝိဘူသန ပုံစံဖြစ်သည်၊လောက၌"ရွှေနှင့်မြ,ဘုရားနှင့်တံခွန်"ဟူသော စကားများလည်း အညမညဝိဘူသနပင် ဖြစ်ကြသည်။

ဋီကာ။ ။ အညမညံ အသဒိသာနံ ဗျာမံသုမဏ္ဍလ - မုနိသခ်ါ တာနံ ဒွိန္နံဝတ္ထူနံ (တို့တွင်) ဗျာမံသုမဏ္ဍလံ ပဌမဝါကျေ အလင်္ကာ ရိယံ ဟောတိ၊ မုနိပဒတ္ထော ( မုနိပုဒ်၏ အနက်ဖြစ်သော ဘုရားရှင် သည်) အလင်္ကာရော ဟောတိ၊ အပရဝါကျေ ဣမေဒွေ (ဤ ၂နက် တို့သည်) ဝိပလ္လာသေန (ပြောင်းပြန် ပြန်သောအားဖြင့်) အလင်္ကာ ရိယ အလင်္ကာရာ ဟောန္တိ။ [အံသူနံ-ကိုယ်ရောင်တော်တို့၏+မဏ္ဍလံ အံသုမဏ္ဍလံ၊ ဗျာမံဧဝ - တလံမျှလောက်သာလျှင် ဖြစ်သော + အံသု မဏ္ဍလံ ဗျာမံသုမဏ္ဍလံ။]

www.dhammaransi.com



### သဟ ဝုတ္တိ၏ လက္ခဏာနှင့်အပြား

၃၂၀။ ကထနံ သဟဘာဝဿ, ကြိယာယစ ဂုဏဿစ၊
သဟဝုတ္တီတိ ဝိညေယျံ, တဒုဒါဟရဏံ ယထာ။

၃၂၀။ ကြိယာယစ - ကြိယာ၏၎င်း၊ ဂုဏဿစ - ဂုဏ်၏၎င်း၊ သဟဘာဝဿ-တကွ၏အဖြစ်ကို၊ ကထနံ- ပြောဆိုခြင်းကို၊ သဟ ဝုတ္တီတိ-သဟဝုတ္တိ ဟူ၍၊ ဝိညေယျံ-သိအပ်၏၊ တဒုဒါဟရဏံ - ထို ဥဒါဟရုဏ်သည်၊ ယထာ-အဘယ်နည်း။....

### ကြိယာသဟဝုတ္တိပုံစံ

၃၂၁။ ဇလန္တိ စန္ဒရံသီဟိ, သမံ သတ္ထု နခံသဝေါ၊
ဝိဇမ္ဘတိစ စန္ဒေန, သမံ တံမုခစန္ဒိမာ။

၃၂၁။ သတ္ထု-မြတ်စွာဘုရား၏၊ နခံသဝေါ - ခြေသည်းတော် ရောင်တို့သည်၊ စန္ဒရံသီဟိ-လရောင်တို့နှင့်၊သမံ-အညီအမျှ၊ဇလန္တိ-တောက်ပကြကုန်၏၊ တံမုခစန္ဒိမာစ-ထို မျက်နှာတော် လမင်းသည် လည်း၊ စန္ဒေန - ပကတိလမင်းနှင့်၊ သမံ - အညီ အမျှ၊ ဝိဇမ္ဘတိ- တင့်တယ် စမ္ပါယ်တော်မူ၏။

× × × × × × ×

၃၂၀။ ကထနံ တျာဒိ။ ။အရာဝတ္ထု ၂ ခုတို့၏ ကြိယာ , သို့ မဟုတ် ဂုဏ်၏ အတူတကွဖြစ်ပုံကို ပြဆိုသောအဖွဲ့သည် သဟဝုတ္တိ မည်၏၊ သဟ-တကွ(အတူတွဲ၍)+ဝုတ္တိ-ဆိုခြင်းတည်း၊သဟဝုတ္တိ-ခြင်း၊ "ကြိယာယစ ဂုဏဿစ"ကို ကြည့်၍ ကြိယာသဟဝုတ္တိ, ဂုဏသဟ ဝုတ္တိ အားဖြင့် ၂ မျိုး ပြားကြောင်းကို သိပါ။ [ဤသို့ အညီအမျှ တကွ ဖြစ်ပုံကို သဒ္ဒါကျမ်းတို့၌ "သမဝါယ" ဟု ခေါ်သည်။]

၃၂၁။ ဇလန္တိ၊ပေ၊ နခံသဝေါ။ ။ ဤ ၂ ပါဒဖြင့် ခြေသည်း တော် အရောင်နှင့် လအရောင် ဟူသော ဝတ္ထု ၂ ရပ်တို့၌ ရှိသော တောက်ပခြင်း ကြိယာ၏ ညီတူညီမျှ(သမဝါယ) ဖြစ်ပုံကိုပြဆို၏။

ဝိဇမ္ဘတိ၊ပေ၊စန္ဒိမာ ။ ။ ဤ ၂ ပါဒဖြင့် " မျက်နှာတော်လ, ပကတိလဟူသော ဝတ္ထု ၂ ရပ်တို့၌ ရှိသော စမ္ပါယ်ခြင်း ကြိယာ၏ အတူတကွ သမဝါယဖြစ်ပုံကိုပြ၏။ [ ဧတ္ထ ဥဘယပဒတ္ထာနံ- ပုဒ်နက်

www.dhammaransi.com



ဂုဏာသဟဝုတ္တိ ပုံစံ

၃၂၂။ ဇိနေ္ဒဒယေန မလိနံ, သဟ ဒုဇ္ဇနစေတသာ၊
ပါပံ ဒိသာ သုဝိမလာ, သဟ သဇ္ဇနစေတသာ။

၃၂၂။ ဇိနေ္ဒဒယေန - ဘုရားမြတ်စွာ , ပွင့်တော်မူလာခြင်း ကြောင့်၊ ပါပံ - မကောင်းမှု အကုသိုလ်သည်၊ ဒုဇ္ဇနစေတသာ- လူယုတ်မာတို့၏ စိတ်နှင့်၊ သဟ-အတူတကွ၊ မလိနံ-ညစ်နွမ်းသည်၊ ဟောတိ-ဖြစ်၏၊ ဒိသာ- အရပ်မျက်နှာတို့သည်၊ သဇ္ဇနစေတသာ- သူတော်ကောင်းတို့၏ စိတ်နှင့်၊ သဟ - အတူတကွ၊ သုဝိမလာ - လွန်စွာသန့်ရှင်း, ညစ်ကြေးကင်းကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

× × × × × × ×

ဖြစ်သော ဝတ္ထု ၂ ရပ်တို့၏၊ သာဓာရဏဘူတဇလန ဝိဇမ္ဘနကြိယာနံ (ဆက်ဆံသည် ဖြစ်၍ဖြစ်သော တောက်ပခြင်း , စမ္ပါယ်ခြင်း ကြိယာ တို့၏) သဟဘာဝေဿ ဝုတ္တတ္တာ သော ကြိယာသဟဝုတ္တိနာမ။]

---

၃၂၂။ ဇိနေ၊ပေ၊ပါပံ။ ။ဤ ၂ ပါဒဖြင့် မကောင်းမှု အကု သိုလ် ဓမ္မဟူသောဝတ္ထု, သူယုတ်မာဟူသော ဝတ္ထု ၂ ခုတို့၌ ရှိသော ညစ်ပေခြင်း ဂုဏ်၏ အတူတကွ (ဂေါဏေန ဂေါဏော ကဲ့သို့) ရောနှောပုံကို ပြသည်။ [ဤ၌"ဂုဏ"ဟူသည်မှာ ဂုဏ်ဒြဗ်ကိုထင်ရှား ပြနိုင်သော ဝိသေသန တမျိုးတည်း၊ "အတ္တနော ဒဗ္ဗံ ဂုဏေတိ ပကာ သေတီတိ ဂုဏော = မိမိတည်ရာဒြဗ်ကို ထင်ရှားပြသော သဘောကို ဂုဏ်"ဟု ခေါ်သည်၊ ထို့ကြောင့် ညစ်ပေခြင်း = မည်းနက်ခြင်းကိုပင် ဂုဏ်ခေါ်သည် ဟု မှတ်။]

ဒိသာ ၊ပေ၊ သဇ္ဇနစေတသာ ။ ။ ဤ ၂ ပါဒဖြင့် အရပ်မျက်နှာ တည်းဟူသော ဝတ္ထု,သူတော်သူမြတ်တည်းဟူသော ဝတ္ထု ၂ရပ်တို့၌ ရှိသော သန့်ရှင်းခြင်းဂုဏ်၏အတူတကွ(သမဏေန သမဏောကဲ့သို့) ရောနှောပုံကိုပြသည်။

ဋီကာ။ ။ဇမ္ဗုဒ္ဓနယေန ဇိနေ္ဒဒယေန ဒိသာ-ဒသဒိသာယော သဇ္ဇနစေတသာ သဟ သုဝိမလာ၊ သဇ္ဇနသန္တာနတော ပါပါနံ အပ ဂမေန (သူတော်ကောင်းသန္တာန်မှ မကောင်းမှုများကင်းသွားသည့် အတွက်) ကိတ္တိမာလာယ (ကျော်စောခြင်းအစဉ်၏) ဘုဝနတ္တယေ

www.dhammaransi.com



### ဝိရောဓိတာ အလင်္ကာ၏လက္ခဏာ

၃၂၃။ ဝိရောဓိနံ ပဒတ္ထာနံ, ယတ္ထ သံသဂ္ဂဒဿနံ၊
သမုက္ကံသာဘိဓာနတ္ထံ, မတာ သာယံ ဝိရောဓိတာ။

၃၂၃။ ယတ္ထ-အကြင်အလင်္ကာ၌၊ သမုက္ကံသာဘိဓာနတ္ထံ-ချီးမွမ်းအပ်သော ဝတ္ထု၏ လွန်ကဲ့ပုံကို ပြောဆိုခြင်းအကျိုးငှါ၊ ဝိရောဓိနံ-ဆန့်ကျင်ခြင်းရှိကုန်သော၊ ပဒတ္ထာနံ-ပုဒ်နက်တို့၏၊ သံသဂ္ဂဒဿနံ-ရောနှောခြင်းကိုပြခြင်းသည်၊ ဟောတိ-ဖြစ်၏၊ သာယံ-ထိုအလင်္ကာကို၊ ဝိရောဓိတာ-ဝိရောဓိတာအလင်္ကာဟူ၍၊ မတာ-သိအပ်၏။

### ဝိရောဓိတာပုံစံ

၃၂၄။ ဂုဏာ သဘာဝမဓုရာ-အပိ လောကေကဗန္ဓုနော၊
သေဝိတာ ပါပသေဝီနံ, သမ္ဗုဒ္ဓသဒ္ဓိ မာနသံ။

၃၂၄။ လောကေကဗန္ဓုနော-လောက၏တပါးထည်း မိတ်ဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဂုဏာ-အရဟာတာ အစရှိသော ဂုဏ်တော်တို့သည်၊ သဘာဝမဓုရာ-ပင်ကိုယ်သဘောအားဖြင့် ချိုဆိမ့်ကုန်သည်၊ ( သမာနာ )အပိ - ဖြစ်ပါကုန် သော်လည်း၊ (ပါပသေဝီဟိ-သူယုတ်မာတို့ကို မှီဝဲဆည်းကပ်လေ့ရှိသူတို့သည်၊)သေဝိတာ-မှီဝဲအပ်ကုန်သည်၊(သမာနာ-ဖြစ်ကုန်လသော်၊)ပါပသေဝီနံ-

× × × × × × ×

ပတ္တင္ဍတ္တာ အတိနိမ္မလာ ဍုတိ ဥဘယပဒတ္ထာနံ သာဓာရဏီဘူတ မလီနဘာဝ သုဝိမလဘာဝသင်္ခါတဿ ဂုဏဿ သဟဘာဝဿ ဝုတ္တတ္တာ သော ဂုဏသဟဝုတ္တိနာမ။

---

၃၂၃။ ဝိရောဓိနံ တျာဒိ။ ။ ချီးမွမ်းလိုအပ်သော ဝတ္ထု၏ လွန်ကဲသည်၏အဖြစ်ကို ပြခြင်းငှါ ဆန့်ကျင်ဘက် ဖြစ်ကြသော ဂုဏ်-ကြိယာစသော ပုဒ်နက်တို့၏ ရောစပ်ခြင်းကို ပြဆိုရာ အလင်္ကာသည် ဝိရောဓိတာ အလင်္ကာမည်၏၊ ဤဂါထာ၏အဓိပ္ပါယ်မှာ ပုံစံဂါထာ၌ ထင်ရှားလတ့်။ [ဝိရောဓော စေတေသံ အတ္ထီတိ ဝိရောဓီ- ဆန့်ကျင်ခြင်းရှိသော ကြိယာ-ဂုဏ်စသော အနက်တို့၊ သံသဂ္ဂဿ(သမ္ဗန္ဓဿ)-ပေါင်းဆုံတည်နေပုံကို+ဒဿနံ သံသဂ္ဂဒဿနံ။]

www.dhammaransi.com



**သူယုတ်မာတို့ကို မှိဝဲဆည်းကပ်လေ့ ရှိသူတို့၏၊ မာနသံ - စိတ်ကို၊ သမ္ဗဒူသန္တိ-လွန်စွာဖျက်ဆီးနိုင်ကုန်၏။**

× × × × × × ×

၃၂၄။ ဂုဏာတျာဒိ။ ။ သတ္တလောက၏ ပြိုင်ဘက်မရှိ တပါး ထည်း ဆွေမျိုးဖြစ်တော်မူသော မြတ်စွာဘုရား၏ အရဟတာစသော ဂုဏ်တော်တို့သည် အစစ်အမှန်အားဖြင့် ချီးဆိမ့်ပါပေကုန်၏၊သို့သော် တိတ္ထိဆရာကြီးစသော ယုတ်မာသူတို့ကို မှိဝဲဆည်းကပ်သူတို့သည် ထို ဂုဏ်များကို ကြားသိရသောအားဖြင့် မှိဝဲအပ်ကုန်သည်ရှိသော် ထိုသူ တို့၏ စိတ်ကို အလွန်ဖျက်ဆီးကုန်၏၊ ထိုသူတို့မှာ"အလွန်စိတ်ဆိုးကြ- အလွန်မကြားလိုသော ဣသာဖြစ်ကြသည် " ဟူလို။ [ ဧဝံ ဟိနာဓိ မုတ္တိကေဟိ(ယုတ်ညံ့သောအဇ္ဈာသယရှိသူတို့သည်)သဟိတုံအသက္ကု ဏေယျံ(သည်းမခံနိုင်လောက်အောင်)တဿ(ထိုဘုရားရှင်၏)ဂုဏာ တိသယော ဝတ္တတိ။]

**ထင်ရှားစေအံ့**။ ။"ဦးသီလနှင့်ဦးဓမ္မတို့ နှစ်ဘက်ကွဲနေကြပြီ" ဟု ဆိုကြစို့၊ ဦးသီလ၏ သီလသမာဓိပညာဂုဏ်သည် အမှန်ကောင်း သော ဂုဏ်များပေတည်း၊ သို့သော် ထိုဂုဏ်များကို ဦးဓမ္မဘက်သား တို့ ကြားရ သိရလျှင် ထိုဂုဏ်များက ဦးဓမ္မဘက်သားတို့၏ စိတ်ကို တမင်လာ မဖျက်ဆီးသော်လည်း ဖျက်ဆီးရာရောက်သဖြင့် ဦးဓမ္မ ဘက်သားတို့သည် စိတ်အပျက်ကြီး ပျက်စီးကြ-စိတ်အဆိုးကြီးဆိုးကြ ၏၊ ဤသို့ တဘက်သားတို့ မခံနိုင်ကြခြင်းသည်ပင် ဦးသီလဂုဏ်တို့၏ အလွန်ကြီးမားကြောင်း အထိမ်းအမှတ် ဖြစ်၏၊ " ဂုဏ်တို့က ကြီးလို့ သာ မခံနိုင်ခြင်းဖြစ်သည်၊ သာမန်ဂုဏ်ဆိုလျှင် ခံနိုင်ကြတာပေါ့"ဟူလို။

**မှတ်ချက်**။ ။ဤဂါထာ၌ သဘာဝမရုရဂုဏ်များနှင့် ဖျက်ဆီးခြင်း ကြိယာသည် ဆန့်ကျင်ဘက်ဖြစ်ကြ၏၊ ဤသို့ဆန့်ကျင်ဘက်ပုဒ်နက် ၂ခု ကို " ဝိရောဓိနံ ပဒတ္ထာနံ"ဟု သုတ်၌ ဆိုခဲ့သည်၊ ထိုသို့ ဆန့်ကျင်ဘက် ဖြစ်ကြသော အရဟတာစသော ဂုဏ်တော်များနှင့်သမ္ဗဒူသနကြိယာ ကို ရောစပ်၍ ပြထားခြင်းကို " သံသဂ္ဂဒဿနံ " ဟု ဆိုခဲ့သည်၊ ထိုသို့ ဆန့်ကျင်ဘက် အနက် ၂ ခုကို ရောစွပ်ပြခြင်းသည် အရဟတာ စသော ဂုဏ်တော်များ၏ (လူယုတ်မာများ မခံနိုင်လောက်အောင် ) လွန်ကဲ ကြောင်းကို ပြရခြင်း (သမုက္ကံသာဘိဓာန)အကျိုးရှိ၏-ဟု မှတ်။

www.dhammaransi.com



ပရိဝုတ္တိ အလင်္ကာ

၃၂၅။ ယဿ ကဿစိ ဒါနေန, ယဿ ကဿစိ ဝတ္ထုနော၊
ဝိသိဋ္ဌဿ ယမာဒါနံ, ပရိဝုတ္တီတိ သာ မတာ။

၃၂၅။ ယဿ ကဿစိ-တစုံတယောက်အား၊ ယဿ ကဿစိ-တစုံတခုသော၊ ဝတ္ထုနော - ဝတ္ထုကို၊ ဒါနေန - ပေးခြင်းကြောင့်၊ ဝိသိဋ္ဌဿ-ထူးမြတ်သော ဝတ္ထုကို၊ ယံအာဒါနံ-အကြင်ပြန်ယူခြင်းသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုပြန်ယူခြင်းကို၊ ပရိဝုတ္တီတိ-ပရိဝုတ္တိဟူ၍၊ ဝါ-ပေးခြင်းယူခြင်းအားဖြင့် လဲလှယ်ခြင်းဟူ၍၊ မတာ-သိအပ်၏။

ပုံစံ ၃၂၆။ ပုရာ ပရေသံ ဒတွာန, မနုညံ နယနာဒိကံ၊
မုနိန္ဒ သမနုပ္ပတ္တော, ဒါနိ သဗ္ဗညုတာသိရိံ။

၃၂၆။ မုနိန္ဒ- အို....မြတ်စွာဘုရား၊ ( တွံ-ရှင်တော်မြတ်ဘုရားသည်၊ ) ပုရာ- ရှေးအခါ၌၊ ပရေသံ - သူတပါးတို့အား၊ မနုညံ-နှစ်သက်စဘွယ်, လွန်တင့်တယ်သော၊ နယနာဒိကံ- မျက်လုံးတော်အစရှိသည်ကို၊ ဒတွာန - ပေးလှူတော်မူခဲ့ပြီး၍၊ ဝါ-ပေးလှူတော်

× × × × × × ×

၃၂၅။ ယဿ ကဿစိ တျာဒိ။ ။ရမည့်အကျိုးနှင့် နှိုင်းစာလျှင် ကြီးကျယ်၏-ဟု မဆိုလောက်သော တစုံတခုဝတ္ထုကို တစုံတယောက်သော အလှူခံပုဂ္ဂိုလ်အား ပေးခြင်းကြောင့် ထူးကဲ သာလွန်သော (အကျိုးဖြစ်သော)ဝတ္ထုကို လဲလှယ်၍ယူခြင်းသည် ပရိဝုတ္တိမည်၏။

ဋီကာ။ ။ ယဿ ကဿစိ ဝတ္ထုနော-ခုဒ္ဒကဝတ္ထုနော၊ ယဿ ကဿစိ ပဋိဂ္ဂါဟကဿ၊ ဒါနေန ဟေတုဘူတေန၊ ဝိသိဋ္ဌဿ- ဥတ္တမ ဝတ္ထုနော၊ ယံအာဒါနံ ဂဟဏံ အတ္ထိ၊ သာ ပရိဝုတ္တီတိ မတာ၊ ဒါန ဂ္ဂဟဏပရိဝုတ္တတ္တာ ( ပေးခြင်း ယူခြင်း ဟူသော ပရိဝုတ္တ၏ အဖြစ်ကြောင့်)ပရိဝုတ္တိနာမ။[ပရိဝတ္တနပုဒ်ကဲ့သို့ ပရိဝုတ္တိပုဒ်လည်း လဲလှယ်ခြင်း အနက်ကို ဟော၏။]

---

၃၂၆။ ပုရာတျာဒိ။ ။"ပုရာ၊ပေ၊နယနာဒိကံ"ဖြင့် ပေးခြင်းကို ပြ၏၊ထိုသို့ပေးရာ၌ မျက်လုံးကို,အာဒိဖြင့် ဦးခေါင်းတော်ကိုပေးခြင်း, အသက်ကို စွန့်လှူခြင်း စသည်ကိုယူ၊ ထို ပေးအပ်သော ဝတ္ထုသည်

www.dhammaransi.com



မူခဲ့ခြင်းကြောင့်၊ ဒါနိ- ယခုအခါ၌၊ သဗ္ဗညုတာသိရိံ - သဗ္ဗညုတာ ဉာဏ်တည်းဟူသော အသရေတော်ကို၊ သမနုပ္ပတ္တော-ကောင်းစွာ ရတော်မူပါပေပြီ။

× × × × × × ×

အဖိုးတန်ဖြစ်၍ ကြီးကျယ်သော်လည်း အစားယူမည့် သဗ္ဗညုတဉာဏ် တော်ကို ထောက်စာလျှင် သေးငယ်သောဝတ္ထုပင် ဖြစ်သည်၊ "ဒါနိ သဗ္ဗညုတာသိရိံ" ပါဌ်ဖြင့် သဗ္ဗညုတာဉာဏ်တော်ကို အစားပြန်၍ ယူတော်မူပုံကို ပြသည်။

**မှတ်ချက်။** ။လောက၌ အကြင်သူ့အား ပေး၏၊ ထိုသူ့ထံမှသာ တစုံ တခုကို အစားပြန်၍ ယူရ၏၊ ဤသို့သော အပေးအယူကိုသာ ပရိဝုတ္တိ ( ပရိ ဝတ္တန ) သဒ္ဒါတို့က ဟောပုံ ထင်ရှား၏၊ ဤဂါထာ၌ကား ပေးစဉ်ကလည်း ခံယူသူ ထင်ရှားမရှိ, ပေးရာပုဂ္ဂိုလ် ထံမှလည်း သဗ္ဗညုတာဉာဏ်ကို ရသည် မဟုတ်၊ သို့သော် တစုံတခုပေး၍ တစုံတခုကို အစားပြန်ယူသော လောက ထုံးစံကို အတုလိုက်၍ "ပရိဝုတ္တိ"ဟု ဆိုထားသည်၊ ကာဗျာဒသ၌ကား ပေးရာ ပုဂ္ဂိုလ်အထံမှ ပြန်၍ယူသောပုံစံကို ပြသောကြောင့် သာ၍ သဘာဝကျ၏။

သတ္ထပ္ပဟာရံ ဒတွာန, ဘုဇေန တဝ ရာဇုနံ၊
စိရစ္စိတံ ဟတံ တေသံ, ယသော ကုမုဒပဏ္ဍရံ။

တဝ— သင်မင်းမြတ်၏၊ ဘုဇေန — လက်ရုံးဖြင့်၊ သတ္ထပ္ပဟာရံ— လက်နက် ဖြင့် ပုတ်ခတ်ခြင်းကို၊ ဒတွာန—ပေးပြီး၍၊ တေသံ ရာဇုနံ—ထိုရန်သူမင်းတို့၏၊ စိရစ္စိတံ — ကြာမြင့်စွာ ဆည်းပူးအပ်သော၊ ကုမုဒပဏ္ဍရံ— ကုမုဒြာကြာကဲ့သို့ ဖြူသော၊ ယသော— စည်းစိမ်ကို၊ ဟတံ—ဆောင်အပ်ပြီ။ [ ဤ၌ မင်းတို့အား ပုတ်ခတ်ခြင်းကိုပေး၍ ထိုမင်းတို့ ထံမှ စည်းစိမ်ကို ယူခြင်းကြောင့် လောက ထုံးစံနှင့် ကိုက်ညီ၏။ ]

အဇရံ ဇိရမာနေန, တပမာနေန နိဗ္ဗုတိံ၊
နိမေယျံ ပရမံ သန္တိံ, ယောဂက္ခေမံ အနုတ္တရံ။

ဇိရမာနေန — ဆွေးမြေ့တတ်သော၊ တပမာနေန — ပူလောင် တတ်သော၊ ဇမိနာ—ပစ္စည်းဥစ္စာ, ကိုယ်ခန္ဓာဟူသော ဤဝတ္ထုဖြင့်၊ အဇရံ— ဆွေးမြေ့ခြင်း မရှိသော၊ နိဗ္ဗုတိံ — ငြိမ်းအေးခြင်း သဘောရှိသော၊ ပရမံ — မြတ်သော၊ ယောဂက္ခေမံ—ယောဂတို့၏ကုန်ရာဖြစ်သော၊ အနုတ္တရံ—အတုမရှိမြတ်သော၊ သန္တိံ—နိဗ္ဗာန်ကို၊ နိမေယျံ (စေတာပေယျံ)—လဲလှယ် ဝယ်ယူလိုက်တော့အံ့။ [ ဤ၌ ခန္ဓာကိုယ်ကိုပေး၍ ထိုကိုယ်ထက် မြတ်သောနိဗ္ဗာန်ကို ယူခြင်းကြောင့် ပရိဝုတ္တိမည်၏။ ]

www.dhammaransi.com



## ဘမအလင်္ကာ၏ လက္ခဏာ

၃၂၇။ ကိဉ္စိ ဒိသွာန ဝိညာတာ, ပဋိပတ္တိ တံ သမံ၊
သံသယာ-ပဂတံ ဝတ္ထုံ, ယတ္ထ သောယံ ဘမော မတော။

၃၂၇။ ယတ္ထ-အကြင်အလင်္ကာ၌၊ ဝိညာတာ-တတ်သိနားလည်သူသည်၊ ကိဉ္စိ-တစုံတခုသော ဝတ္ထုကို၊ ဒိသွာ- မြင်ရ၍၊ ဝါ-မြင်ရသည် ရှိသော်၊ တံသမံ-ထိုဝတ္ထုနှင့်အလားတူသော၊ ဝတ္ထုံ-တစုံတခုသော ဝတ္ထုကို၊ သံသယာ-ပဂတံ - ကင်းသော ယုံမှားခြင်းရှိသည်ဖြစ်၍၊ ဝါ - ယုံမှားသံသယမှ ကင်းရှင်း၍၊ ပဋိပတ္တိ - သိ၏၊ သောယံ-ထိုအလင်္ကာကို၊ ဘမော-ဘမ အလင်္ကာဟူ၍၊ ဝါ-ဝတ္ထုတခု၌ မတည်တန့်ခြင်းဟူ၍၊ မတော- သိအပ်၏။

× × × × × × ×

၃၂၇။ ကိဉ္စိကျာဒိ။ ။မြင်အပ်သောအရာကို သိတတ်သူတယောက်သည် တစုံတခုသော ( အရပ်မျက်နှာတို့၏ လင်းနေခြင်းစသည်ကို ) မြင်ရသည်ရှိသော် ထို လင်းနေသောအရာဝတ္ထုနှင့် တူသော အခြားဝတ္ထုကိုသိ၏၊ အခြားအရာဝတ္ထု ဟု မှတ်ထင်၏၊ ထိုသို့ မှတ်ထင်ရာ၌ ယုံမှားသံသယမရှိဘဲ တကယ်ပင်မှတ်ထင်ခြင်းဖြစ်၏၊ ဤသို့မြင်ရသော အရာဝတ္ထု၌ စိတ်မတည်ဘဲ အခြားဝတ္ထု၌ လည်၍သွားပုံကိုပြသော အလင်္ကာသည် " ဘမအလင်္ကာ " မည်၏၊ တံလျှပ်ကို ရေထင်သော သမင်များနှင့် ပေါက်ပွင့်ကို သားတစ်ထင်သော မြေခွေးများ၏ စိတ်လည်ပုံမျိုးတည်း။

**ဋီကာ**။ ။ဝိညာတာ-အဝဗောဓကာရကော ( မြင်သောအာရုံ၌ သိမှုကိုပြုတတ်သူသည် ) ကိဉ္စိ ဒိသာဝိရောစနာဒိကံ ဒိသွာန ( အရပ်မျက်နှာ တို့၏ တင့်တယ် တောက်ပခြင်း အစရှိသော တစုံတခုကိုမြင်ရ၍ ) တံသမံ – တေန ဒိဿမာနဝတ္ထုနာ တုလျံ အညံဝတ္ထုံ ( ထိုမြင်အပ်ဆဲဝတ္ထုနှင့်တူသော အခြားဝတ္ထုကို) သံသယာ ပဂတံ—နိဿံသယံ ကတွာ၊ ပဋိပဇ္ဇတိ-ဇာနာတိ။"ဘမု-အနဝဋ္ဌာနေ "ဟူသော ဓာတ်ကျမ်းနှင့်အညီ မြင်အပ်သောဝတ္ထု၌ မတည်ဘဲ အခြားဝတ္ထုသို့ စိတ်လည်၍သွားခြင်းကို"ဘမ"ဟု ဆို၏၊ ထို ဘမကိုပြသော အဖွဲ့အနွဲ့လည်း ဖလူပစာရအားဖြင့် " ဘမအလင်္ကာ "မည်၏၊ ဘမနံ – မရပ်မတည် လည်ခြင်း၊ ဘမော – ခြင်း၊ သံသယော + အပဂတော ယသ္မာတိ သံသယာပဂတံ၊ သံသယာပဂတ န္တိ-ကြိယာဝိသေသနံ၊ကြိယာဝိသေသနပုဒ်။

www.dhammaransi.com



**ဘမအလင်္ကာ ပုံစံ**

၃၂၀။ သမံ ဒိသာသုဇ္ဇလာသု, ဇိနပါဒနခံသုနာ၊
ပဿန္တာ အဘိနန္ဒန္တိ, စန္ဒာတပမနာ ဇနာ။

၃၂၀။ ဇိနပါဒနခံသုနာ - မြတ်စွာဘုရား၏ ခြေသည်းတော် အရောင်ဖြင့်၊ ဒိသာသု - အရပ်မျက်နှာတို့သည်၊ သမံ - တပြိုင်နက်၊ ဥဇ္ဇလာသု - တောက်ပကုန်သည် ရှိသော်၊ ပဿန္တာ - ထိုအရောင်တို့ကို မြင်ရကုန်သော၊ ဇနာ-လူတို့သည်၊ စန္ဒာတပမနာ - လရောင်ဟု မှတ်ထင်သောစိတ် ရှိကုန်သည်၊ (ဟုတွာ- ဖြစ်၍၊) အဘိနန္ဒန္တိ- လွန်စွာ နှစ်သက်ကြကုန်၏။

× × × × × × ×

၃၂၀။ သမံတျာဒိ၊ ။ဘုရားရှင်၏ ခြေသည်းတော်မှထွက်သော အရောင်တော်များဖြင့် အရပ်မျက်နှာတွေ တပြိုင်နက်လင်းနေသည်ကို မြင်ရသောလူတို့သည် လရောင်ဟု ထင်မှတ်ကုန်လျက် အလွန်နှစ်သက်ကြလေသည်။ [ ဇိနပါဒနခံသုနာ ကရဏဘူတေန ၊ပေ၊ တာ ဥဇ္ဇလာ ဒိသာ ( တို့ကို ) ပဿန္တာ ဇနာ စန္ဒာတပမနာ - စန္ဒာတပေါတိ (လရောင်ဟူ၍) ပဝတ္တစိတ္တာ အဘိနန္ဒန္တိ။]

**မှတ်ချက်။** ။စက္ခုဝိညာဉ်စိတ်ဖြင့် အမှန်မြင်ရသော အရာဝတ္ထုကား ခြေသည်းတော်ရောင်များတည်း၊ သို့သော် စိတ်က"ခြေသည်းတော်ရောင် "ဟု မထင်ဘဲ လရောင် ဟု ထင်ခြင်းသည် စိတ်လည်နေသော ဘမ သဘောပင်တည်း။ [ ဝိဇ္ဇမာနနခမရီစိယံ ဗုဒ္ဓိံ အကတွာ ( စိတ်ဖြင့် သိမှု မပြုဘဲ ) စန္ဒာတပေ ဗုဒ္ဓိယာ ပဝတ္တနတော ဘမော နာမ၊....စန္ဒာတပေါဣတိ+မနော ယေသံတိ စန္ဒာတပမနာ။]

အသာတံ သာတရူပေန, ပိယရူပေန အပ္ပိယံ၊
ဒုက္ခံ သုခဿ ရူပေန, ပမတ္တ မတိဝတ္တတိ။

**မှတ်ချက်** ။ ။ သုတ္တနိပါတ် ပါဠိတော်လာ ဤဂါထာသည် မသာယာအပ်သော အာရုံတွေက သာယာဘွယ်ယောင်ဆောင်၍,ချစ်ဘွယ်မဟုတ်သော သား မယား စသည်က ချစ်ဘွယ် ဟန်ဆောင်၍ , ဒုက္ခတွေက သုခယောင်ဆောင်၍ မေ့လျော့သူကို လွှမ်းမိုးနေကြောင်းကို ပြသောကြောင့် တိုက်ရိုက်အားဖြင့် "ဘမ"အလင်္ကာမဟုတ်၊ " သာယာဘွယ် မဟုတ်သည်ကို သာယာဘွယ် ဟု ထင်နေ၏"စသည်ဖြင့် စကားအသုံး ပြင်၍ဆိုမှ " ဘမအလင်္ကာ " ဖြစ်နိုင်မည်။

www.dhammaransi.com



### ဘာဝအလင်္ကာ၏ လက္ခဏာ

၃၂၉။ ပဝုစ္စတေ ယံ နာမာဒိ, ကဝိနံ ဘာဝပေါခနံ၊
ယေနကေနစိ ဝဏ္ဏေန, ဘာဝေါ နာမာ-ယံ-မိရိတော။

၃၂၉။ ကဝိနံ- ကဗျာတတ်သိ, ပညာရှိတို့သည်၊ [ပဝုစ္စတေ၌ စပ်။] ဝါ- ကဗျာတတ်သိ , ပညာရှိတို့၏၊ [ဘာဝ၌ စပ်။] ဘာဝ ပေါခနံ-အလိုကိုသိစေတတ်သော၊ယံနာမာဒိ-အကြင်နာမ်ပုဒ်အစ ရှိသည့်ကို၊ ယေနကေနစိ ဝဏ္ဏေန-အမှတ်မထား, တပါးပါးသော အခြင်းအရာအားဖြင့်၊ပဝုစ္စတေ-ဆိုအပ်၏၊ အယံ-ဤနာမ်ပုဒ်အစရှိ သည့်ကို၊ ဘာဝေါနာမ-ဘာဝမည်၏ဟူ၍၊ ဤရိတော-ဆိုအပ်၏။

× × × × × × ×

ပဝုစ္စတေ တျာဒိ။ ။ဤဂါထာ၏ တိုက်ရိုက်အဆိုအတိုင်းယူလျှင် နာမ်ပုဒ်စသည်ကို "ဘာဝ" ဟု ယူရလိမ့်မည်၊ အမှန်မှာ- "ဘာဝ" ဟူသည် နာမ်ပုဒ်စသည် မဟုတ်၊ ကဝိစာဆို၏ ဆိုလိုရင်း အဓိပ္ပါယ် တည်း၊ ကျမ်းဂန်တို့၌ "ကျမ်းဆရာ၏ အာဘော် " မျိုးပင် ဖြစ်သည်၊ ထို ဆိုလိုရင်းအဓိပ္ပါယ်ကိုပြသော အဖွဲ့အနွဲ့ဂါထာကိုကား အနက်၏ အမည်ကို တင်စားသော ဖလူပစာရအားဖြင့် ဘာဝ ဟု ခေါ်ရ၏။ [ကဝိနံ အဓိပ္ပါယပ္ပကာသကော ဥတ္တိဝိသေသော (အဖွဲ့အနွဲ့ဟူသော စကားအထူးသည်) တဒဏ္ဏေန ဘာဝေါနာမ။]

ဂါထာ၌ပါသော နာမ်ပုဒ် စသော ပုဒ်အစဉ်ကား ထို အဖွဲ့အနွဲ့ ဟူသော ဘာဝ၏ မှီရာ နိဿယ ( ဌာန ) ဖြစ်သောကြောင့် နိဿိတ (ဌာနီ)ဖြစ်သော အဖွဲ့၏အမည်ကို တင်စားသော ဌာနျူပစာရအား ဖြင့် ဘာဝမည်၏၊ ထို့ကြောင့်"ယံနာမာဒိ ပဝုစ္စတေ၊ အယံ ဘာဝေါ နာမ ဤရိတော " ဟု ဂါထာ၌ နာမ်ပုဒ် စသည်ကို ဘာဝ ဟု ဆိုရာ ဝယ် ဥပစာအားဖြင့် ဆိုအပ်သောအမည်ဟု မှတ်။[တဿ(ထိုဘာဝ ၏)နိဿယဘူတံ နာမာဒိပဒသန္တာနံ (နာမ်စသော ပုဒ်အစဉ်)ဌာ နိဿိတောပစာရေန ဘာဝေါနာမာတိ ဤရိတံ။ ] နာမာဒိ၌ အာဒိ ဖြင့် ဝိသေသန, ဝါကျများကို ဋီကာယူသည်။ [နာမံ+ အာဒိ ယဿ (ဝိသေသန, ဝါကျဒွယဿာတိ) နာမာဒိ။]

ယေနကေနစိ ဝဏ္ဏေန။ ။အာကာရေန၊ သာဂရာဒိ အတ္ထန္တရ် ပဋိသေခေတွာဝါ နော၀ါ(ပကတိသမုဒ္ဒါစသည်ကို တားမြစ်၍ ဖြစ်

www.dhammaransi.com



## ဘာဝအလင်္ကာ၏ပုံစံ

၃၃၀။ နနု တေယေဝ သန္တာ နော-သာဂရာ နကုလာစလာ၊
မနမ္ပိ မရိယာဒံ ယေ, သံဝဋ္ဋေပိ ဇဟန္တိ နော။

၃၃၀။ သာဂရာ- ကမ္ဘာပျက်က , ပျက်စီးရသဖြင့် , ကမ်းကို လွန်ကြကုန်သော ပကတိသမုဒ္ဒရာ တို့သည်၊ နော ( သာဂရာ )- သမုဒ္ဒရာ အစစ် မဟုတ်ကြကုန်၊ ကုလာစလာ - ကမ္ဘာ ပျက်က , ပျက်စီးရသဖြင့်, မလှုပ်ရှားခြင်းဟူသော အပိုင်းအခြားကို လွန်ကြကုန်သောပကတိတောင်တို့သည်၊န(ကုလာစလာ)-ကုလတောင် တို့ မဟုတ်ကြကုန်။ [ အဘိဓာန် နိဿယသစ်၌ ကုလာစလာကို "ကုလတောင်"ဟု ပေးသည်။] ယေ- အကြင် သူတော်ကောင်းတို့ သည်၊ သံဝဋ္ဋေပိ-ကမ္ဘာပျက်ရာအခါ၌သော်မှလည်း၊ မရိယာဒံ- ကောင်းစွာကျင့်ခြင်းဟူသော အပိုင်းအခြားကို၊ မနမ္ပိ-အနည်းငယ် မျှလည်း၊ နော ဇဟန္တိ - မစွန့်ကြကုန်၊ တေယေဝ သန္တာ - ထို သူတော်ကောင်းတို့သည်သာ၊(သာဂရာ-သမုဒ္ဒရာအစစ်တို့သည်၊) ဟောန္တိနနု - ဖြစ်ကြသည် မဟုတ်ပါလော၊ ( ကုလာစလာ-ကုလ တောင်တို့သည်၊) ဟောန္တိနနု-ဖြစ်ကြသည် မဟုတ်ပါလော။

× × × × × × +

စေ, မတားမြစ်ဘဲဖြစ်စေ) ပဝုစ္စတေ။ [ဝဏ္ဏေနကို"အာကာရေန" ဟု ဖွင့်၏၊ ထို အာကာရကို " သာဂရာဒိ အတ္တန္တရံ " စသည်ဖြင့် လာလတ့်ပုံစံကို ကြည့်၍ဖွင့်သည်၊ တားမြစ်သည်ဖြစ်စေ မတားမြစ်ဘဲ ဖြစ်စေ မည်သည့် အခြင်းအရာအားဖြင့် ဆိုဆို , အလိုကို ဖေါ်ပြလျှင် "ဘာဝအလင်္ကာပင် မည်သည်"ဟု ဆိုလိုသည်။]

---

၃၃၀။ နောသာဂရာ။ ။ ရေ၏ တည်ရာချင်း တူသော်လည်း မြစ်ချောင်းစသည်တို့မှ ထူးခြား၍ " သမုဒ္ဒရာ " ဟု အမည်ရခြင်းမှာ ကမ်း ဟူသော အပိုင်းအခြားကို ရေက မလွန်ခြင်း ဟူသော ဂုဏ် ကြောင့်သာ ဖြစ်၏၊ သို့သော် ကမ္ဘာပျက်ရာ အခါ၌ကား ရေတွေ ပွက်ပွက်ဆူလျက် ကမ်းကို လွန်တက်သဖြင့် သမုဒ္ဒရာဟူသော နာမည် ပျက်တော့ရကား သာဂရအစစ်မဟုတ်ကြတော့ချေ။[သံဝဋ္ဋကာလေ တီရမရိယာဒံ အတိက္ကမန္တာ ပကတိသမုဒ္ဒါ သာဂရာ နဘဝန္တိ။]

www.dhammaransi.com



**န ကုလာစလာ။** ။ယုဂန္ဓိုရ်စသော တောင်ကြီး ၇ လုံးတို့သည် မလှုပ်မယိုင် မြဲခိုင်သောကြောင့် " အစလ " ဟူသောအမည်ကို ရကြကုန်၏၊ သို့သော် ကမ္ဘာပျက်သော အခါ၌ကား လှုပ်ရှားယိမ်းယိုင် မခိုင် ပျက်စီးကြသောကြောင့် "အစလ" အမည်ပျက်ရသဖြင့် အစလအစစ် မဖြစ်ကြတော့ချေ။ [ ကုလာစလာ - တာဒိသကာလေ ( ထိုသို့ ကမ္ဘာပျက်ရာအခါ၌) အစလသင်္ခါတမရိယာဒံ အတိက္ကမန္တာ သတ္တကုလပဗ္ဗတာ (ကုလတောင်တို့သည်) ကုလာစလာနာမ နဘဝန္တိ။]

**နနု တေယေဝ သန္တာ။** ။သူတော်ကောင်းတို့ကား ကမ္ဘာပျက်သော်လည်း မိမိ၏ ကောင်းသောအကျင့် ဟူသော အပိုင်းအခြား (စည်းကမ်း)ကို အနည်းငယ်မျှ မလွန်ကျူးကြသောကြောင့် သာဂရအစစ်, အစလအစစ် ဖြစ်ကြပါပေသည်။[ကိဥ္စရဟိ သာဂရာဒယော- ပကတိ သမုဒ္ဒြာနှင့် ကုလတောင်တို့က သာဂရအစစ် ကုလတောင် အစစ် မဟုတ်ကြလျှင်, သာဂရ ကုလပဗ္ဗတအစစ်တို့က ဘယ်ဟာလဲ၊ တေယေဝ သာဓဝေါ သံဝဋ္ဋေပိ - သမ္ဘဝတ္တုပိနာသက ကပ္ပဝိနာသကာလေပိ မရိယာဒံ အတ္တနော အာစာရမရိယာဒံ မနမ္ဗိ(ဤသကမ္ပိ) နောဇဟန္တိ၊ သန္တာ တေ သာဂရာဒယောနာမ ဟောန္တိ နနု။]

**မှတ်ချက်** ။ ။ ဤဂါထာကို ဖွဲ့စီသော ပညာရှိ၏ သိစေလိုရင်း (ဘာဝ)ကား-"ပညာရှိသူတော်ကောင်းမှန်လျှင် ဆင်းရဲဒုက္ခ(ဗျသနသို့) ရောက်ရသော်လည်း တုန်လှုပ်ဖေါက်ပြားခြင်းမရှိ" ဟု သူတော်ကောင်းတို့၏ ဂုဏ်ကို ( ဤဂါထာ ကြည့်သူတို့အား ) သိစေလိုခြင်းတည်း၊ ထိုသို့ သိစေရာ၌ "နောသာဂရာ"စသော ပဋိသေဓ အခြင်းအရာဖြင့် ဆိုအပ်သောကြောင့် ပဋိသေဓဘာဝ အလင်္ကာတည်း။ [ကောစိ (အချို့သော ပညာရှိသည်)ဗျသနံ ပတ္တော အနညသာဓာရဏံ (လူသာမန်တို့နှင့် မဆက်ဆံသော)မိရတ္တံ(ခိုင်မြဲသည့်အဖြစ်ကို) ပကာသေတိ (ထင်ရှားပြ၏)၊ ဣတိ ဣဟ (ဤဂါထာ၌ ) သာဂရာဒိ အတ္တန္တရပဋိသေဓရူပေန ဒဿိတသာဂရာဒိနာ ဝတ္တုနော ( ဝဒန္တပုဂ္ဂိုလ်၏ ) အကမ္ပနာမိပ္ပါယံ ( သူတော်ကောင်း မှန်သမျှ၏ မတုန်လှုပ်ခြင်း- ဟူသော အလိုဘာဝကို ) အဝဗောဓေတီတိ အယံ ဘာဝ အလင်္ကာရောနာမ။]

www.dhammaransi.com



### မိဿ၏ လက္ခဏာနှင့်အပြား

၃၃၁။ အင်္ဂင်္ဂီဘာဝါ သဒိသ-ဗလဘာဝါ စ ဗန္ဓနေ၊
သံသဂ္ဂေါ လင်္ကတီနံ ယော, တံ မိဿန္တိ ပဝုစ္စတိ။

၃၃၁။ ဗန္ဓနေ-အဖွဲ့အနွဲ့ အစီအကုံး၌၊ အင်္ဂင်္ဂီဘာဝါ - အစိတ်အပေါင်း၏ အဖြစ်ကြောင့်သော်၎င်း၊ ဝါ-ပြီးစေတတ်,ပြီးစေအပ်၏ အဖြစ်ကြောင့်သော်၎င်း၊ သဒိသ ဗလဘာဝါ စ-တူမျှသော အားရှိကုန်သည်၏ အဖြစ်ကြောင့်သော်၎င်း၊ အလင်္ကတီနံ-အလင်္ကာတို့၏၊ ယောသံသဂ္ဂေါ-အကြင်ရောစပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ-ထိုရောစပ်ခြင်းကို၊ မိဿန္တိ-မိဿအလင်္ကာဟူ၍၊ ပဝုစ္စတိ - ဆိုအပ်၏။

× × × × × × ×

၃၃၁။ အင်္ဂင်္ဂီဘာဝါတျာဒိ။ ။အလင်္ကာ ၂မျိုး ၃မျိုးစသည် ရောခြင်းကို "မိဿ" ဟု ခေါ်၏၊ ထိုသို့ ရော၍ ဖွဲ့အပ်သော အနွဲ့အနွဲ့ကား အနက်၏အမည်ကိုတင်စား၍ (ဖလူပစာရ)အားဖြင့် "မိဿ" မည်၏၊ ထိုသို့ ရောရာ၌....

အင်္ဂင်္ဂီဘာဝါ။ ။အင်,အင်္ဂီ အဖြစ်ကြောင့် ရောခြင်းလည်းရှိ၏၊ လက်ခြေအစိတ်အပိုင်းကို"အင်"ဟု ခေါ်၍,ထိုအစိတ်အပိုင်းရှိသော ကိုယ်ကို"အင်္ဂီ"ဟု ခေါ်ရသကဲ့သို့,အဖွဲ့အနွဲ့၏အထည်ကိုယ်ဖြစ်သော ပဓာနအလင်္ကာကို"အင်္ဂီ"ဟုခေါ်၍, ထိုအထည်ကိုယ် အလင်္ကာ၏ အကူအညီဖြစ်သော အပဓာနအလင်္ကာကို " အင် "ဟု ခေါ်သည်၊ ဋီကာ၌ ဥပကာရ - ပဋိပါဒကစသော အဖွင့်လည်း ရှိသေးသော်ငြားတည်း။

ဋီကာ။ ။ဥပကာရက ဥပကာရိယသင်္ခါတ ပဋိပါဒက ပဋိပါဒနီယသဘာဝေန(ဟေတုဘူတေန)၊ဤဋီကာ၌ အင်ကို"ဥပကာရက, ပဋိပါဒက"ဟု ဖွင့်၏၊ အင်္ဂီကို"ဥပကာရိယ,ပဋိပါဒနီယ" ဟု ဖွင့်၏၊ ကျေးဇူးပြုတတ်, ပြီးစေတတ်သော အကူအညီ အပဓာနအလင်္ကာကို " အင် " ဟု ၎င်း , ကျေးဇူးပြုအပ် , ပြီးစေအပ်သော မူလပဓာန အလင်္ကာကို " အင်္ဂီ " ဟု ၎င်း ဆိုလိုသည်၊ " သဘာဝေန " သည် ဘာဝ၏အဖွင့်၊ " ဟေတုဘူတေန " ကား နာမ်ဝိဘတ်၏ အနက်ဖွင့်၊ "အင်္ဂင်္ဂီနံ+ဘာဝေါ အင်္ဂင်္ဂီဘာဝေါ"ဟု ပြု၊ ဘာ့ကြောင့် အလင်္ကာ

www.dhammaransi.com



**အင်္ဂီဘာဝ ပုံစံ**

၃၃၂။ ပသတ္တာ မုနိနော ပါဒ-နခရံသိ မဟာနဒီ၊
အဟော ဂါဠ္ဟံ နိမုဂ္ဂေပိ, သုခယတ္ယေဝ တေဇနေ။

၃၃၂။ မုနိနော-မြတ်စွာဘုရား၏၊ ပသတ္တာ-ချီးမွမ်းအပ်သော၊ ပါဒနခရံသိ မဟာနဒီ - ခြေသည်းတော်ရောင် တည်းဟူသော မြစ်ကြီးသည်၊ ဂါဠ္ဟံ-ပြင်းပြင်းထန်ထန်၊နိမုဂ္ဂေပိ-နှစ်မြုပ်ငုပ်သည်လည်း ဖြစ်ကုန်သော၊ တေဇနေ-ထိုသတ္တဝါတို့ကို၊ သုခယတ္ယေဝ-ချမ်းသာစေနိုင်သည်သာလျှင် ဖြစ်သည်ကား၊အဟော-ဩော်....အံ့ဩဘွယ်ရှိပါပေစွ။

× × × × × × ×

တို့ကို ရော၍ ဖွဲ့နွဲ့ရသနည်း-ဟု မေးလျှင် "တခုက အင်္ဂ, တခုက အင်္ဂီ ဖြစ်၍ သဘောတူသောကြောင့် ရော၍ ဖွဲ့ရသည်" ဟု ဖြေပါ။

**သဒိသ ဗလဘာဝေါစ။** ။သာဓိယသာဓနတာဝံ ဝိနာ သမာန ဗလဝန္တ ဘာဝေနစ၊ အင်္ဂီကို"သာဓိယ-ပြီးစေအပ်"ဟုဍ်း,အင်္ဂကို "သာဓန-ပြီးစေတတ်" ဟု ဍ်း ဖွင့်၏၊ ရှေ့၌ ပြခဲ့သော ပဋိပါဒနီယ-ပဋိပါဒနနှင့် သဘောတူ ပင်တည်း၊ ထိုသို့ အင်္ဂ အင်္ဂီ မဟုတ်ဘဲ "အလင်္ကာ ၂ ခု ၃ ခုတို့ အားချင်း တူမျှသောကြောင့်လည်း ရော၍ ဖွဲ့နိုင်သည်- ဟူလို။ [ သဒိသံ+ ဗလံ ယေသံ အလင်္ကာရာနံတိ သဒိသ ဗလာ၊ တေသံ+ဘာဝေါ။]ဤစကားအရ အင်္ဂီဘာဝမိဿ, သဒိသ ဗလဘာဝမိဿအားဖြင့် မိဿအလင်္ကာ ၂ မျိုးပြား၏-ဟု မှတ်။

---

၃၃၂။ **ပသတ္တာတျာဒိ။** ။ပကတိမြစ်သည် မိမိ၌ နစ်မြုပ်သူတို့ကို ဆင်းရဲစေ၏၊ ဘုရားရှင်၏ ခြေသည်းတော်အရောင် ဟူသော မြစ်ကား မိမိ၌ နစ်မြုပ်သူကို ချမ်းသာစေသောကြောင့် အံ့ဩဘွယ်ရာ ထူးဆန်းပါပေသည်-ဟူလို၊ ဤဂါထာ၌"နိမုဂ္ဂေပိ သုခယတိဧဝ"သည် လိုရင်း ပဓာနအင်္ဂီ ဖြစ်၏၊"နိမုဂ္ဂေ''သည် သမာဓိအလင်္ကာတည်း။[သမာဓိ အလင်္ကာ၌ ဒြဝယုတ္တ ( အရည်နှင့် ယှဉ်သော ) ဝတ္ထု၏ သဘောကို အရည်မရကောင်းသော အနက်၌ တင်စားခြင်းတမျိုး ပါရှိ၏၊ ဤ၌ လည်း " ငုပ်ခြင်း " သဘောသည် အရည် ( ရေ ) ၌ ရအပ်သော

www.dhammaransi.com



**သဒိသဗလအာ၁၀ ပုံစံ**

၃၃၃။ ဝေသော သဘာဝမဓုရော, ရူပံ နေတ္တရသာယနံ၊
မဂ္ဂဝ မုနိနော ဝါစာ, န သမ္ဗိဏောတိ ကံ ဇနံ။

၃၃၃။ မုနိနော-မြတ်စွာဘုရား၏၊ သဘာဝမဓုရော- မပြုမပြင် ပင်ကိုယ်သဘောအားဖြင့် ချိုမြိန် ကောင်းမြတ်သော၊ ဝေသော- အသွင်အပြင်တော်သည်ရှင်း၊ နေတ္တ ရသာယနံ - မျက်လုံး၏ ရသာ

× × × × × × +

သဘောတည်း၊ ထို သဘောမရှိသော ရောင်ခြည်တော်၌ တင်စား ထားသည်။]

နခရံသိ မဟာနဒီ ။ ။ " ခြေသည်းတော်အရောင် မြစ်ကြီး" ဟူသော စကားသည်ကား ထိုအင်္ဂါကို ကျေးဇူးပြုသော အပမာန အင်္ဂါဖြစ်၏၊ ရူပကအလင်္ကာတည်း၊ဤသို့ အင်္ဂအင်္ဂီအဖြစ်ဖြင့် သမာဓိ အလင်္ကာနှင့် ရူပက အလင်္ကာတို့ ရောနေသောကြောင့် " မိဿ အလင်္ကာ" ပုံစံဖြစ်သည်။

ဋီကာ။ ။တ္တေ သာဓနီယဘာဝေန အင်္ဂီနော နိမုဂ္ဂေတိသမာဓိ အလင်္ကာရဿ ( အင်္ဂီဖြစ်သော နိမုဂ္ဂေဟူသော သမာဓိအလင်္ကာ ၏) ပါဒနခရံသိ မဟာနဒီတိ ရူပကအလင်္ကာရော သာဓနဘာဝေန အင်္ဂံတိကတ္ဝာ အင်္ဂင်္ဂီဘာဝေန ဧ မေသံ အလင်္ကာရာနံ မိဿတ္တံ။

---

၃၃၃။ ဝေသော သဘာဝမဓုရော။ ။ဤစကားဖြင့် သမာဓိ အလင်္ကာကို ပြ၏။ [ " နိရသေ သရသဿ " ဟူသော သမာဓိ အလင်္ကာ၏ ပုံစံကို ပြန်ကြည့်ပါ။ ] သဘာဝေန + မဓုရော သဘာဝ မဓုရော-ချိုဆိမ့်အောင်မပြုပြင်ရဘဲ ပင်ကိုယ်အားဖြင့် ချိုဆိမ့်ကောင်း မြတ်သည်-ဟူလို။

ရူပံ နေတ္တရသာယနံ။ ။ဤစကားဖြင့် ရူပကအလင်္ကာကိုပြ၏၊ ရုပ်အဆင်းတော်ကို " မျက်လုံး၏ ရသာယနဆေး " ဟု ပုံသဏ္ဌာန် ပြုသည်၊ ဘုရားရှင်၏ ရုပ်ပုံတော်ကို ကြည့်ရှု ဖူးမျှော် နေရသည်မှာ မျက်လုံးအားတိုးလာသကဲ့သို့ အရသာရှိလှသည်-ဟူလို။ [ ရသော+ အယနံ ( ဂတိ ပဝတ္တိ ) အဿာတိ ရသာယနံ = အရသာ ဟူသော

www.dhammaransi.com



ယန ဆေးဖြစ်သော၊ ရူပံ-ရုပ်ပုံတော်သည်ငှင်း၊ မဂူဝ- ပျားသကာ ကဲ့သို့သော၊ ဝါစာ-စကားတော်သည်ငှင်း၊ ကံဇနံ-အဘယ်မည်သူ, နတ်နှင့်လူကို၊ န သမ္ပီဏေတိ - မနှစ်သက်စေဘဲ ရှိပါတော့အံ့နည်း၊ (သမ္ပီဏေတိဧဝ-နှစ်သက်စေနိုင်သည်သာ။)

× × × × × × ×

ဖြစ်ခြင်းရှိသော ဆေး၊ အလွန် အရသာကောင်းသော ဆေး၊ " ရသ ဝတ္ထု - အရသာ၏တည်ရာ ( အလွန် အရသာရှိသော )ဝတ္ထု " ဟု ဋီကာသစ် ဖွင့်သည်၊ ထို ရသာယနဆေးကိုပင် " အားတိုးဆေး- အာယုဝဍ္ဎနဆေး "ဟုလည်း ဆိုကြ၏၊ ထို ရသာယနဆေးကို ဘာဝ ပ္ပကာသကျမ်း၌ ဤသို့ ဆိုသတတ်။....

ယံ ဇရာဗျာဓိဝိဒ္ဓံသိ, ဝယသော ထမ္ဘကံ တထာ၊
စက္ခုဿံ ဗြူဟနံ ဝဿံ, ဘေသဇ္ဇံ တံ ရသာယနံ။

အကြင်ဆေးသည် အိုနေခြင်း, နာနေခြင်းကို (မအိုမနာအောင်) ဖျက်ဆီးနိုင်၏၊ ( သေခြင်းကိုကား မဖျက်နိုင်၊ ) အရွယ်ကိုလည်း မအို အောင် ထောက်ပံ့ထားနိုင်၏၊ မျက်စိ၏ စီးပွားဖြစ်၏၊(မျက်စိမမွဲစေနိုင်- ဟူလို၊) ဗြူဟနံ- အသားအရေများကို ဝဖြိုးစေနိုင်၏၊ ဝဿံ- သုက် အားကောင်းစေနိုင်၏၊ ထိုဆေးသည် ရသာယနဆေးမည်၏။

မဂူဝ ဝါစာ။ ။ဤစကားဖြင့် ဥပမာအလင်္ကာကိုပြ၏၊ စကား သံတော်ကား ပျားသကာနှင့် တူ၏၊ ပျားသကာကဲ့သို့ ချိုမြ၏ ဟူလို၊ ဤသို့ အလင်္ကာ ၃ မျိုး ရောထားသောကြောင့်ငှင်း , ထိုသို့ ရောရာ၌ (အချင်းချင်းကျေးဇူးပြုသောအားဖြင့်အထောက်အကူမပြုဘဲ )သမ္ဗီဏန ဖြစ်စေမှုဝယ် ကိုယ်စီကိုယ်င အားချင်း တူမျှသောကြောင့်ငှင်း, သဒိသ ဗလဘာဝမိဿ ပုံစံဖြစ်သည်။ [ ဣမေ တယော(ဤအလင်္ကာ ၃ မျိုး တို့သည် ) ပီဏနေ အညမညာပေက္ခရဟိတတ္တာ - နှစ်သက်စေခြင်း၌ အချင်းချင်းငဲ့မှ ကူညီမှုမှကင်းခြင်းကြောင့်၊ တုလျဗလာ-တူသောအား ရှိကုန်၏၊ ဣတိ-ဤသို့ တူသောအားရှိကုန်သည်၏ အဖြစ်ဖြင့်၊ ဣမေသံ မိဿတ္တံ ဟောတိ။]

www.dhammaransi.com



### အာသီလက္ခဏာနှင့် ပုံစံ

၃၃၄။ အာသီနာမ သိယာ•တ္ထဿ, ဣဋ္ဌဿာ•သီသနံ ယထာ၊
တိလောကေကဂတိ နာထော, ပါတုလောက•မပါယတော။

၃၃၄။ ဣဋ္ဌဿ - အလိုရှိအပ်သော၊ အတ္ထဿ - အကျိုးကို၊ အာသီသနံ - တောင့်တခြင်းသည်၊ အာသီနာမ- အာသီ အလင်္ကာ မည်သည်၊ သိယာ - ဖြစ်၏၊ ယထာ - ဥဒါဟရုဏ်ကား၊ တိလောကေက ၊ ပေ ၊ မပါယတော- တိလောကေက ၊ ပေ ၊ မပါယတော ဟူသည်တည်း၊ တိလောကေကဂတိ-လူနတ်ဗြဟ္မာ, ၃ဖြာလောက ၏ တပါးထည်း လည်းလျောင်းရာ ဖြစ်တော်မူသော၊ နာထော- မြတ်စွာဘုရားသည်၊ လောကံ-သတ္တာအပေါင်းကို၊ အပါယတော- အပါယ်ဘေးမှ၊ ပါတု-စောင့်ရှောက်တော်မူပါစေသတည်း။

### ရသီအလင်္ကာ၏ လက္ခဏာ

၃၃၅။ ရသပ္ပတီတိ ဇနကံ, ဇာယတေ ယံ ဝိဘူသနံ၊
ရသဝန္တန္တိ တံ ဥေယျံ, ရသဝန္တဝိဓာနတော။

၃၃၅။ ယံဝိဘူသနံ-အကြင်အလင်္ကာသည်၊ ရသပ္ပတီတိဇနကံ- အရသာသိခြင်းကို ဖြစ်စေတတ်သည်၊ ဇာယတေ- ဖြစ်၏၊ တံ(ဝိဘူ

× × × × × × ×

၃၃၄။ သဒ္ဒါကျမ်းတို့၌ အာသီသနတ္ထကဲ့သို့ အလိုရှိအပ်သော အကျိုးကို တောင့်တခြင်းသည် "အာသီ" မည်၏၊ ထို အာသီကို ပြသော အဖွဲ့ဗန္ဓလည်း ဖလူပစာရ အားဖြင့် "အာသီအလင်္ကာ" မည်၏၊ "တိလောကေက ဂတိ" စသည်ကား ပုံစံတည်း၊ "လောက ၃ပါး၏ အတုမဲ့တပါးထည်းသော ကိုးကွယ်ရာဘုရားရှင်သည် သတ္တာ အပေါင်းကို အပါယ်ဘေးမှ စောင့်ရှောက်တော် မူပါစေ" ဟု တောင့်တသော ပုံစံဖြစ်သည်။ [တိလောကဿ+ ဧကဂတိ- တိလောကေကဂတိ။]

၃၃၅။ ရသပ္ပတီတိ တျာဒိ။ ။ဆိုအပ်ခဲ့သော အလင်္ကာတို့တွင် မည်သည့်အလင်္ကာမဆို သိဂ်ါရစသော အရသာကို ထင်ရှားသိသာ အောင် ဖြစ်စေနိုင်လျှင်, ရသီအလင်္ကာ ဟုငင်း, ရသဝန္တအလင်္ကာဟု

www.dhammaransi.com



သန် ) - ထိုအလင်္ကာကို၊ ရသဝန္တဝိဓာနတော-အရသာရှိသည်၏ အဖြစ်ကို စီရင်ခြင်းကြောင့်၊ ရသဝန္တန္တိ- ရသဝန္တ အလင်္ကာဟူ၍၊ ဥဒေယျုံ-သိအပ်၏။

× × × × × × ×

ဝင်း ခေါ်အပ်၏၊ဘာ့ကြောင့် ထိုသို့ခေါ်အပ်သနည်း၊ ရသဝန္တဝိဓာန တော ( အရသာရှိအောင် စီမံတတ်သောကြောင့်တည်း)။

မှတ်ချက်။ ။မာတိကာခေါင်းစဉ်၌"မိဿမာသိရသိ ဇုတိ" ဟု နာမည်တပ်၏၊ ဤသို့သဒ္ဒါကွဲနေသော်လည်း"ရသော+ယဿ အတ္ထိ" ဟု ဝိဂ္ဂဟပြု၍ အဿတ္ထိ အနက်၌ ဤပစ္စည်းသက်လျှင် ရသီ ဟု ဖြစ်၏၊ ဝန္တုပစ္စည်းသက်လျှင်" ရသဝန္တ " ဟု ဖြစ်၏၊ အနက်အဓိပ္ပါယ်မှာ အတူပင်တည်း။[အနက်သိခြင်းကို ဖြစ်စေတတ်သော သဒ္ဒါကို"အတ္ထ ဝါ- အနက်ရှိသောသဒ္ဒါ" ဟု ခေါ်ရသကဲ့သို့ အရသာသိစေခြင်းကို ဖြစ်စေတတ်သော အလင်္ကာကိုလည်း " ရသီ " ဟုဝင်း"ရသဝန္တ" ဟုဝင်း ခေါ်ရသည်။]

ရသပ္ပတီတိဇနကံ။ ။ ပတီတိ၌ ပတိပုဗ္ဗ+ဣဓာတ်, တိပစ္စည်း၊ "ပတီယတေ-သိအပ်၏"ဟူရာ၌ကဲ့သို့ သိခြင်းအနက်ကိုဟော၏၊ ပတိ ယနံ-သိခြင်း၊ ပတီတိ-သိခြင်း၊ ရသဿ+ပတီတိ ရသပတီတိ၊ ရသပတီ တိယာ- အရသာကို သိခြင်းကို၊ ဝါ- သိအောင်၊ ဇနကံ- ဖြစ်စေတတ် သည်တည်း၊ ရသပ္ပတီတိဇနကံ (ဝိဘူသနံ)။

ဋီကာ။ ။ရသပတီတိ ဇနကံ-သိင်္ဂါရာဒိ နဝဝိဓရသေသု ကေက ဿ ရသဿဝါ (ရသတပါးပါးကို ဖြစ်စေ)တသောဝရသဿ ( ထို ရသတခုခု၏ပင်)ဘာဝဿဝါ ( ၌ာယီဘာဝစသည်ကို ဖြစ်စေ ) အဝ ဗောဓနံ(ကြည့်ရှုနာယူသူတို့၏ သိခြင်းကို )သမ္ပါဒေန္တော ဇာယတေ ( ပြီးစေလျက် ဖြစ်၏ )၊ တံဝိဘူသနံ ရသဝန္တဝိဓာနတော ( မိမိ၏ ရသနှင့်တကွ ဖြစ်သည်၏ အဖြစ်ကို ထင်ရှား ပြတတ်သောကြောင့် ) ရသဝန္တန္တိ = ရသီတိဥဒေယျုံ။ [ ရသသဟိတဘာဝဿကို ကြည့်၍ " ရသဝန္တဝိဓာနတော " ဝယ် ရသဝန္တ၌ ဘာဝပုဒ် ကြေသည် ဟု သိပါ။]

www.dhammaransi.com



**ရသီအလင်္ကာ၏ ပုံစံ**

၃၃၆။ ရာဂါနတမ္ဗုတ္တ သရောဇမုခံ ရောယ,
ပါဒါ တိလောကဂုရုနောၓဓိက ဗန္ဓရာဂါ၊
အာဒါယ နိစ္စ သရသေန ကရေန ဂါဠှံ,
သဥ္ဇုမ္ဗယန္တိ သတတာဟိတသမ္ဘမေန။

၃၃၆။ ရောယ-ကြွလှမ်းရာမြေ,ကညာမေ၏၊ ရာဂါနတမ္ဗုတ္တ သရောဇမုခံ - တပ်မက်သမှု , ရှေးရှုညွတ်ကာ , အုံ့ဘွယ်ရာဆန်း, ပဒုမ္မာကြာပန်း တည်းဟူသော မျက်နှာကို၊ တိလောကဂုရုနော-ပြဟ္မာနတ်လူ, ၃ ဘုံသူတို့,ကြည်ဖြူလေးစား,မြတ်ဘုရား၏၊ အဓိက ဗန္ဓရာဂါ- လွန်စွာဖွဲ့အပ်, ချစ်မြတ်နိုးယောင် ဖြစ်ကုန်သော၊ ပါဒါ-လုလင်ပျိုပုံ , ခြေတော်အစုံ တို့သည်၊ နိစ္စသရသေန- အမြဲမပြတ်, တပ်မက်ခြင်း သိင်္ဂါရရသ၏ အရိပ် အရောင်နှင့် တကွ ဖြစ်သော၊ ကရေန- လက်တော်ဖြင့်၊ ဂါဠှံ - တင်းတင်းကြပ်ကြပ်၊ အာဒါယ- ပွေ့ယူဟန်ဖြင့်၊ သတတံ-အမြဲမပြတ်၊ အာဟိတသမ္ဘမေန- ပြုစီမံ အပ်သော လေးစားခြင်းဖြင့်၊ သဥ္ဇုမ္ဗယန္တိ - ကောင်းစွာ နမ်းရှုပ်, စုပ်ကြလေကုန်ယောင် တကား။ [ဝသန္တတိလကာ ဂါထာ။]

× × × × × × ×

၃၃၆။ ရာဂါတျာဒိ၊ ။ဤဂါထာသည် ပဌမပိုင်း၌ပြအပ်လတ္တံ့ သော ရသ ၉ ပါးတို့တွင် သိင်္ဂါရရသကို ( သိင်္ဂါရရသ ၃ ပါးတွင် လည်း သမ္ဘောဂသိင်္ဂါရရသကို)သိသာထင်ရှားအောင်ဖြစ်စေတတ် သဖြင့် "ရသီ"အလင်္ကာ၏ ပုံစံတည်း၊ ဘုရားရှင်၏ ကြွလှမ်းရာမြေကို အပျိုကညာယောင် ဆောင်၍၎င်း , ထိုမြေမှ ပေါ်ထွက် လာသော ပဒုမ္မာကြာပန်းတို့ကို ( အနားသို့ ညွတ်ပေးသော ) မျက်နှာကလေး ယောင်ဆောင်၍၎င်း , ဘုရားရှင် ခြေတော်များကို လုလင်ပျိုယောင် ဆောင်၍၎င်း, ခြေတော်များ၏ ပဒုမ္မာကြာပန်းတို့အပေါ်၌ နင်းသွား ခြင်းကို လက်ဖြင့်ပွေ့ကာ မျက်နှာကို နမ်းစုပ်လေယောင် ပုံဆောင်၍ ၎င်း, ပြသောဂါထာဖြစ်သည်။

**ရာဂါနတမ္ဗုတ္တ သရောဇမုခံ** ။ ။ ရာဂေန ( အနုရာဂေန)-တပ်မက်ခြင်းကြောင့်၊ အာနတံ - ရှေးရှုညွတ်လာသည်တည်း၊ ရာဂါ နတံ၊ အဗ္ဘုတံ - မြေကိုခွဲကာ ပေါ်ထွက်လာသဖြင့် အံ့ဘွယ်ရာ

www.dhammaransi.com



### အတ္တာလင်္ကာရ နိဂုံး

၃၃၇။ ဣစ္စာနုဂမ္မ ပုရိမာစရိယာနုဘာဝံ,
သင်္ခေပတော နိဂဒိတော-ယ မလင်္ကတိနံ၊
ဘေဒေါ-ပရူပရိ ကဝိဟိ ဝိကပ္ပိယာနံ,
ကောနာမ ပယိတုံ-မလံ ခလု တာသ-မန္တံ။

၃၃၇။ ဣတိ - ဤ ဆိုအပ်ပြီးသော အစဉ်ဖြင့်၊ ပုရိမာစရိယာနုဘာဝံ-ရှေးဆရာအကျော်, အာနုဘော်ဟု,ခေါ်ဝေါ်ရတောင်း, အလင်္ကာ ကျမ်းအပေါင်းကို၊ အနုဂမ္မ-ညက်ဖြင့် အစဉ်လျှောက်၍၊ အလင်္ကတိနံ-အလင်္ကာတို့၏၊ အယံပဘေဒေါ-ဤအထူးအပြားကို၊ သင်္ခေပတော- အကျဉ်းချုပ်အားဖြင့် (မယာ-သည်၊)နိဂဒိတော-ပြဆိုအပ်ပြီ၊(ကသ္မာ- အဘယ့်ကြောင့်၊ သင်္ခေပတော - အားဖြင့်၊ နိဂဒိတော-သနည်း၊ ယသ္မာ-အကြင့်ကြောင့်၊) ဥပရူပရိ- အဆက်ဆက်၊ ကဝိဟိ - ကာလိဒါသ , ဒဏ္ဍီစသည့် , ပညာရှိ တို့သည်၊ ဝိကပ္ပိယာနံ- အသီးသီး အဖုံဖုံ , စီရင်အပ်ကုန်သော၊ တာသံ - ထို အလင်္ကာတို့၏၊ အန္တံ-အဆုံးကို၊ ကောနာမ - အဘယ်မည်သည့်,

× × × × × × ×

ကောင်းသော+သရောဇံ- ကြာတည်း၊ အမ္ဘုတသရောဇံ၊ မုခံ ဝိယာတိ မုခံ၊ ရာဂါ၊ပေါသရောဇမ္ဗု+တံ+မုခမ္ဗုာတိ ရာဂါ၊ပေါမုခံ။

အဓိကဗန္ဓရာဂါ။ ။အဓိကံ- လွန်လွန်ကဲကဲ+ ဗန္ဓော- ဖွဲ့အပ်သည်တည်း၊ အဓိကဗန္ဓော၊ အဓိကဗန္ဓော+ရာဂေါ ယေသံ(ပါဒါနံ) တိ အဓိကဗန္ဓရာဂါ၊ ရသေန ( အနုရာဂေန - အဖန်ဖန် တပ်မက်ခြင်းနှင့်)+သဟ ဝတ္တတီတိ သရသော(ကရော)၊ အာဟိတော( ဝိဟိတော)စ+ သော + သမ္ဘမော ( အာဒရော ) စာတိ အာဟိတသမ္ဘမော။ [သင္ဂုမ္ဗယန္တိ၌ သံပုဗ္ဗစုဗ(စုမိ)ဓာတ်သည် ဝဒနသံယောဂ-နှုတ်ခမ်းချင်း ငုံမှု, စုပ်မှု, ကိုက်မှု အားလုံးကိုဟော၏။]

၃၃၇။ ဣစ္စာနုဂမ္မတျာဒိ ။ ။ဤဂါထာဖြင့် ဆိုအပ်ပြီးသော အတ္တာလင်္ကာရတို့၏ နိဂုံးကို ပဓာနထား၍ အလင်္ကာရတို့၏ မကုန်နိုင်အောင် များမြောင်ကြောင်းကို ပြသည်။

www.dhammaransi.com



ပညာရှိသည်၊ ခလု- စင်စစ်၊ ပယိတုံ- မြင်ခြင်းငှါ၊ အလံ-စွမ်းနိုင် ပါအံ့နည်း။(နာလံယေဝ-မစွမ်းနိုင်သည်သာ၊ တသ္မာ-ထို့ကြောင့်၊ သင်္ခေပတော- အကျဉ်းချုပ်အားဖြင့်၊ နိဂဒိတော - ပြဆိုအပ်ပြီ။) [ ၁၄ လုံးဖွဲ့ ဝသန္တတိလကာ ဂါထာ။]

သံဃရက္ခိတ မဟာသာမိဝိရစိတေ-သော၊ သုဗောဓာလင်္ကာရေ-၌၊ အတ္ထာလင်္ကာရာဝဗောဓနော နာမ - အတ္ထာလင်္ကာရ တို့ကို သိရာ သိကြောင်း၏ အဖြစ်ကြောင့် အတ္ထာလင်္ကာရာ ဝဗောဓမည် သော၊ စတုတ္ထော-သော၊ ပရိစ္ဆေဒေါ-သည်၊ ဇုတိ- ပြီးပြီ။

× × × × × + ×

ပုရိမာစရိယာနုဘာဝံ။ ။ရှေးဆရာတို့၏အလင်္ကာကျမ်းဟောင်း များကို ( ရှေးဆရာတို့ အစွမ်းသတ္တိဖြင့် ပြုအပ်သောကြောင့် သတ္တိ၏ အမည်ကို ကျမ်းပေါ် တင်စားသော ကာရဏူပစာရ အားဖြင့် ) "ပုရိမာစရိယ အာနုဘာဝ"ဟု ခေါ်သည်။[ပုရိမာစရိယာနံ-တို့၏+ အာနုဘာဝေါ-အစွမ်းသတ္တိဖြစ်သော ကျမ်းတည်း၊ ပုရိမာစရိယာနု ဘာဝေါ-ကျမ်း။] ထို့ကြောင့် ဋီကာ၌ "ဒဏ္ဍီဘဒ္ဒပါဏာဒီနံ - ဒဏ္ဍီ ဆရာ , ဘဒ္ဒပါဏဆရာ အစရှိသူတို့၏၊ အလင်္ကာရသတ္ထသင်္ခါတ + အာနုဘာဝံ"ဟု ဖွင့်သည်။

ဥပရူပရိဝိကပ္ပိယာနံ။ ။(ကသ္မာတိ-စေ) ဥပရူပရိ-ဒီဃကာလ တော ပဋ္ဌာယ ယာဝဇ္ဇတနာ - ရှေးအထက်ကျော်ကာလမှစ၍ ယနေ့ တိုင်အောင်၊ ကဝိဟိ(ဝစနကတ္တာရေဟိ)- စကားတန်ဆာ ဆင်တတ် သော ပညာရှိတို့သည်၊ ဝိကပ္ပိယာနံ-(အနေကပ္ပကာရတော ကပ္ပိယ မာနတ္တာ - များသော အပြားအားဖြင့် စီရင်အပ်ကုန်သည်၏ အဖြစ် ကြောင့် ) ပုထက္ကရိယာနံ - အသီးသီး ပြုစီရင်အပ်ကုန်သော။ [ ဝိ ကို ပုထ, ကပ္ပိယကို "ကရိယ"ဟု ဖွင့်သည်။] တာသံ အလင်္ကတီနံ အန္တံ (ပရိယန္တံ) ပယိတုံ ခလု (ကေန္တေန) ကောနာမ ပုဂ္ဂလော အလံ (သမတ္ထော)၊ဇုတိ-ထို့ကြောင့် အကျဉ်းမျှသာဆိုအပ်ပါသည်-ဟူလို။

အတ္ထာလင်္ကာရာဝဗောဓ

စတုတ္ထပိုင်း အဖွင့် ပြီး၏။

www.dhammaransi.com



## ရသာဝဗောဓအခန်း

### ကဝိ၏အင်္ဂါ ၃ ပါး

၃၃၈။ ပဋိဘာနဝတာ လောက-ဝေါဟာရ-မနုသာရိနာ၊
တတော-စိတျသမုလ္လာသ-ဝေဒိနာ ကဝိနာ ပရံ။

၃၃၈။ ပဋိဘာနဝတာ-ပင်ကိုယ်ပဋိဘာန်,ကဝိဉာဏ်ရှိသော၊ လောကဝေါဟာရံ-လောကပြောထုံး,အသုံးအနှုန်းကို၊အနုသာရိနာ-လျော်စွာလိုက်လေ့ရှိသော၊(ယတော-အကြင့်ကြောင့်၊ဩစိတျံ နာမ - သင့်လျော်သည်၏အဖြစ် မည်သည်ကို၊ ဝါ - အသင့်ယုတ္တိ မည်သည်ကို၊ ဗန္ဓတော- အဖွဲ့အနွဲ့မှ၊ နပိယောဇနီယံ – မကင်းစေ ထိုက်၊) တတော-ထို့ကြောင့်၊ ပရံ - လွန်စွာ၊ ဩစိတျသမုလ္လာသ ဝေဒိနာ-သင့်လျော်သည်၏ အဖြစ်ဖြင့် ဆိုလိုရာအနက်၏ ထင်ရှား မည့် အချက်ကို သိလေ့ရှိသော၊ ကဝိနာ - ကဝိစာဆို , ကဗျာမိုရ် သည်။ [ နိဗန္ဓာ၌ စပ်။ ]

× × × × × × ×

၃၃၈။ ပဋိဘာနဝတာဗျာဒိ။ ။ အဋ္ဌာလင်္ကာရတို့ကို ပြရာ ဝယ်"ရသဝန္တ(ရသီ)" မည်သော အလင်္ကာကို နောက်ဆုံးထား၍ ဆရာပြခဲ့၏၊ ထိုအလင်္ကာနှင့်စပ်၍ သိမှတ်ထိုက်သော"ရသ"တို့ကား အဘယ်တို့ပါနည်း - ဟု မေးဘွယ်ရှိသောကြောင့် ထိုရသတို့ကို ပြလို သော အရှင်သံဃရက္ခိတ ဆရာသည် " ပဋိဘာနဝတာ " စသော ၂ ဂါထာကို မိန့်၊ ထို ၂ ဂါထာ၌ လိုရင်းကား- " ကဝိနာ နိဗန္ဓာ သမ္ဗန္ဓန္တိ ရသဿာဒါယ သာဓုနံ"တည်း၊ ကဝိစာဆို ကဗျာမိုရ်သည် ဖွဲ့နွဲ့စီကုံးအပ်သော အဖွဲ့အနွဲ့တို့မှာ သာယာဘွယ် အရသာများပါရှိ ကြ၏၊ ရသဝန္တအလင်္ကာ၌ " ရသ " ဟူသည်မှာ ထိုသာယာဘွယ် အရသာများပင် ဖြစ်သည်-ဟူလို။

**ပဌမဂါထာ၏ လိုရင်း။** ။ ထို ၂ ဂါထာတွင် ပဌမဂါထာ၌ ပဋိဘာနဝတာ–စသော ဝိသေသန ၃ ပုဒ်သည် ကဝိနာ၌ စပ်ရသော ဝိသေသနများဖြစ်ရကား ထိုဂါထာဖြင့် ကဝိ၏ ဂုဏ်အင်္ဂါကိုပြသည် ဟု မှတ်၊ ကဝိစာဆို ကဗျာမိုရ်လုပ်မည့် ပုဂ္ဂိုလ်သည် ( ၁ )ပဋိဘာန ဝန္တတာ - ပင်ကိုယ်ပဋိဘာန် ကဗျာဉာဏ် ရှိခြင်း , ( ၂ ) လောက

www.dhammaransi.com



### ဌာယီဘာဝ စသည်တို့၏ ခေါင်းစဉ်

၃၃၉။ ဌာယီသမ္ဗန္ဓိနော ဘာဝ-ဝိဘာဝါ သာနုဘာဝကာ၊
သမ္ဗဇ္ဇန္တိ နိဗန္ဓာ တေ, ရသဿာဒါယ သာဓုနံ။

၃၃၉။ နိဗန္ဓာ - ဖွဲ့နွဲ့ စီကုံးအပ်ကုန်သော၊ ဌာယီသမ္ဗန္ဓိနော- ဌာယီပုဒ်နှင့်စပ်ခြင်း ရှိကုန်သော၊ သာနုဘာဝကာ - အနုဘာဝနှင့် တကွဖြစ်ကုန်သော၊တေ ဘာဝဝိဘာဝါ-ထိုဘာဝဝိဘာဝတို့သည်၊ သာဓုနံ-အဘိဇ္ဈာကင်း, ဉာဏ်ရှင်းသည့်, ဝမ်းတွင်းစိတ်ကောင်း, သူတော်အပေါင်းတို့၏၊ ရသဿာဒါယ- အရသာကို သာယာခြင်းငှါ၊ သမ္ဗဇ္ဇန္တိ- ဖြစ်ကုန်၏။

× × × × × × ×

ဝေါဟာရ မနုသရဏ–လောက အသုံးအနှုန်းသို့လိုက်၍(အများသုံး အများသိ စကားဖြင့်) ရေးသားစီကုံးလေ့ ရှိခြင်း , ( ၃ ) ဩစိတျ သမုလ္လာသဝေဒန- ဆိုလိုအပ်သော အနက်အဓိပ္ပါယ်၏ အသင့်ယုတ္တိ ရှိရှိနှင့် ပေါ်လွင်ထင်ရှားအောင် ရေးပုံ ရေးနည်းကို နားလည်ခြင်း, ဤသို့ အားဖြင့် ဂုဏ်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသူဖြစ်စေရမည် - ဟူလို။ [ကဗျာ-ဟူရာ၌"ကဝိနော+ဣဒံ ကာဗျံ"အရ"ဂါထာ-တေးသီချင်း အမျိုးမျိုးသာ မက, အလင်္ကာဂုဏ်ရေ၀်အောင် ရေးသားအပ်သော စုဏ္ဏိယ - မြန်မာ စကားပြေ စာပေး စာယူ၌ အသုံးပြုအပ်သောစာ များလည်း ပါဝင်သည်"ဟု မှတ်။]

---

၃၃၉။ ဌာယီ၊ပေ၊သမ္ဗဇ္ဇန္တိ။ ။ပြခဲ့သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံ သော ကဝိစာဆို ကဗျာဓိုရ်သည် ဖွဲ့နွဲ့ စီကုံးအပ်ကုန်သော ဌာယီ ဘာဝ,ဝိဘာဝ, အနုဘာဝတို့သည် လူကောင်းသူကောင်းတို့ အတွက် အရသာကို သာယာဘို့ရာ ပြည့်ပြည့်စုံစုံ ဖြစ်ကြပါပေသည် - ဟူလို။ [ထိပ်တန်းအကျဆုံး ကဝိစာဆို ကဗျာဓိုရ်ဖွဲ့စီအပ်သော အဖွဲ့အနွဲ့ပင် ဖြစ်ပါသော်လည်း ထို ကဝိအပေါ်၌ ဉာဿ ဖြစ်နေသူတို့ကား ထို အဖွဲ့အနွဲ့၏အရသာကို မခံစားနိုင်ကြသောကြောင့်"သာဓုနံ-ဣဿာ ဒိ ဒေါသရဟိတာနံ သဇ္ဇနာနံ "ဟု ဋီကာဖွင့်သည်။]

ဤ ဒုတိယ ဂါထာဖြင့် ဌာယီဘာဝ , ဗျဘိစာရီဘာဝ, ကေဝလ ဘာဝ,ဝိဘာဝ,အနုဘာဝ,ရသ-ဟူသော ၆ပါးသော အနက်များကို

www.dhammaransi.com



အကျဉ်းချုပ်ခေါင်းစဉ်အနေအားဖြင့်ပြထား၏။ [ဋ္ဌမာယ ဂါထာယ-ဌာယီဘာဝေါ, ဗျဘိစာရီဘာဝေါ, ကေဝလဘာဝေါ, ဝိဘာဝေါ, အနုဘာဝေါ, ရသောစာတိ ဋ္ဌမေ ဥဒ္ဒိဋ္ဌာ ဘာဝန္တိ၊ ] ကေဝလော-ဌာယီ ဗျဘိစာရီ ဟူသော ဝိသေသနတို့ မဘက် သက်သက်သော + ဘာဝေါ- ဘာဝတည်း၊ ကေဝလဘာဝေါ၊ နေ၁် အကျယ်ပြရာ၌ကား ဤ ကေဝလဘာဝကို "သတ္တိကဘာဝ"ဟု နာမည်တပ်လိမ့်မည်။

[ဆောင်] ဌာယီ-ဗျဘိ, နောက်သတ္တိ ဝယ်, ထည့်ဘွယ် ဘာဝ, ၃ မျိုး ရ၍, ဝိဘာဝနှော, နုဘာဝေါနှင့်, ထပ်လောရသ, ခေါင်းစဉ် ပြသည်, မှတ်ကြ ဤဂါထာတွင်တည်း။

အမှာ။ ။ ဤအဖွင့်အစဉ်ဖြင့် ဤ ၂ ဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်များ ပြည့်စုံပြီ၊ သို့သော် ဥာဏ်ကြီးသူများ စဉ်းစားဘို့ရာ ဋီကာဖွင့်ပုံကို ပြပါဦးမည်။

ဋီကာ။ ။ ဧဝံ ယထာပဋိညာတာန•မလင်္ကာရာနံ ဒဿနာဝသရေ- ဤသို့ ဝန်ခံအပ်တိုင်းသော အလင်္ကာရတို့ကို ပြခွင့်ရော်ရာ စတုတ္ထပိုင်း၌၊ ရသဝန္တာလင်္ကာရပ္ပသင်္ဂေနာဓိဂတေ နဝဝိဓသိင်္ဂါရာဒိ ရသေ- ရသဝန္တအလင်္ကာနှင့် စပ်လျဉ်းသဖြင့် ရအပ်ကုန်သော သိင်္ဂါရ စသော ရသ ၉ ပါးတို့ကို၊ (ဒဿေတုကာမော-၌စပ်။)

သကလသံသာရဒုက္ခနိဿရဏ အသဟာယ ကရဏဘူတေန ဝိမုတ္တိရသေန ဧကရသဘူတေ အတိပဏီတေ သဒ္ဓမ္မာ•မတရသေယေဝ လုဒ္ဓါနံ သဒ္ဓါဗာဟုလ္လသုဒ္ဓသံယမာနံ ဝိမုခေပိ-သံသရာဒုက္ခ ဟူသမျှ၏ လွတ်မြောက်ခြင်းကိုပြုရာ၌ ပြိုင်ဘက်ကင်းသော ဝိမုတ္တိ(အရဟတ္တဖိုလ်) အရသာ အားဖြင့် အရသာ တပါးထည်းသာရှိ၍ အလွန် မွန်မြတ်သော သူတော်ကောင်းတရား တည်းဟူသော အမြိုက်အရသာ၌သာ လွန်စွာ မက်မောကြကုန်, သဒ္ဓါတရား ကြီးမားကြကုန် - သက်သက် စောင့်စည်းမှု သံယမတရား ပြည့်ဝကြကုန်သော ပုဂ္ဂိုလ်မြတ် တို့၏ မျက်နှာလွှဲရာ ( မကြည့်မရှု- ဂရုမစိုက်ရာ)ဖြစ်ပါကုန်သော်လည်း.... [သူတော်ကောင်းတရားကို လိုက်စားနေကြသော သူတော်ကောင်း စစ်စစ်တို့က ထို သိင်္ဂါရစသော ရသ ၉ ပါးတို့ကို မကြည့်ရှုလိုကြကုန် သော်လည်း-ဟူလို။]

www.dhammaransi.com



**လက္ခဏမတ္တ** ပရိညာဏေန- သုတ်ဟူသော လက္ခဏာမျှကို ပိုင်ပိုင်
နိုင်နိုင် သိရခြင်းအားဖြင့်။ [ ဤ**စကား**ဖြင့် ထိုရသတို့၏ ဌာယီဘာဝ
သုတဲလောက်ကို**သာ** ပြလိမ့်မည်၊ ပြယုဂ်ပုံစံကိုကား ပြမည်မဟုတ်-ဟု
သိစေ၏။ ] လောကဝေါဟာရေသု အသမ္မောဟတ္ထံ - ထို သုဒ္ဓသံယမ
ဖြစ်ကြသော သူတော်ကောင်း ရဟန်း**တော်**များလည်း လောက
**အသုံးအနှုန်း** ထုံးဥပဒေတို့၌ **မ**တွေဝေခြင်းအကျိုးငှါ၊ သခေ်ပတော
ဒဿေတုကာမော **ဣ**ဒါနိ ပဋိ**ဘာ**နဝတာ **ဣ**စ္စာဒိ မာဟ။

**ပဋိဘာနဝတာ** ။ ။ သရသရစနာယ အစ္စန္တော·ပကာရ
ဌာနောစိတပညာဝိသေသဝတာ၊ အဖွဲ့အနွဲ့တို့၌ အရသာပေါ်အောင်
ရေးစီခြင်း **အား**ဖြင့် စင်စစ် ကျေးဇူးများသော + အကြောင်းအား
**လျော်စွာ** ဖြစ်ပေါ်**လာ**သောဉာဏ်အထူးကို“ပဋိဘာန် ”ဟု ခေါ်၍,
ထို ဉာဏ်ထူး ရှိသူကို “ ပဋိဘာနဝန္တ ” ဟု ခေါ်သည် - ဟူလို။
[ အစ္စန္တော ပကာရဌာနောစိတပညာ၌ “ **အစ္စန္တ**ဥပကာရ + ဌာန
ဥစိတ ”ဟု ဝိဂ္ဂဟ သန ၂ မျိုးမှတ်၊ ဌာနောစိတ ပညာ-ဟူသည် အရှင်
ဝင်္ဂီသတို့ **ဉာဏ်**ကဲ့သို့ အကြောင်းအား**လျော်စွာ** ဖြစ်ပေါ်လာသော
လတ်တလောဉာဏ် “ တခဏုပ္ပတ္တိဉာဏ် ” တည်း၊ ထိုဉာဏ်သည် ဖွဲ့နွဲ့
စီကုံးရာ၌ အလွန် ကျေးဇူးများ၏။ ]

**ဆက်ဦးအံ့**— “ပဋိဘာတိ- ထိုထိုအကြောင်းသို့ ရှေးရှုထင်လာ
တတ်၏၊ ဣတိ ပဋိဘာနံ”ဟု ပြု၍ ဉာဏ်ကို “ ပဋိဘာန” ဟု ခေါ်၏၊
အဖွဲ့အနွဲ့ကိုကား ကာရဏူပစာရ အားဖြင့် “ ပဋိဘာန ” ဟုခေါ်၊
ထို့ကြောင့် ဘုရားရှင် လက်ထက်တော်၌ အကြောင်းဝတ္ထုပေါ်လျှင်
ထိုအကြောင်းနှင့် ဆိုင်သော ဂါထာကို ချက်ခြင်း ရွတ်ပြနိုင်လောက်
အောင် တခဏုပ္ပတ္တိဉာဏ် ကောင်းသော အရှင် ဝင်္ဂီသထေရ်ကို ပဋိ
ဘာနဝန္တ **တေဒဂ်ထား**တော်မူခဲ့ပေသည်။ [ပဋိဘာနန္တိ-ပညာယေတံ
နာမံ၊ တတော ဇာတကဗ္ဗဿာပိ ပဋိဘာနန္တိ ဝုစ္စမာနတ္တာ အသံ
ပညာဝိသေသော ရစနာယ အစ္စန္တောပကာရောတိဉာတဗ္ဗော။]

**လောကဝေါဟာရ မနုဿာရိနာ** ။ ။ သကလ လောက ဝေါ
ဟာရံ အနုရူပံ **အနု**ဂတေန = တလောကလုံး၏ အခေါ် အဝေါ်
အသုံးအနှုန်းသို့(လျော်စွာ)လိုက်လျော့ရှိသော၊ “ရေးသား စီကုံးရာ၌

www.dhammaransi.com



ထိုခေတ်, ထိုဒေသ၌ အများအသုံးအနှုန်းကို လိုက်၍ ရေးသားသော (အများအသုံးအနှုန်းနှင့် ဆန့်ကျင်ဘက်မဖြစ်စေသော)ကဝိ''ဟူလို။ [လောကဝေါဟာရံ+အနုသရတိ(အနုဂစ္ဆတိ)သီလေနာတိ လောကဝေါဟာရာနုသာရီ။] မှန်၏- "မိမိ၏ အဖွဲ့အနွဲ့သည် မည်မျှလောက်ပင် ကောင်းမွန်သည်"ဟု ထင်ထားသော်လည်း အများအသုံးအနှုန်းနှင့် ဆန့်ကျင်ဘက် အကြောင်းအရာများကို သုံးနှုန်းဖွဲ့စီထားလျှင် ကြည့်ရှုသူတို့မှာ အရသာမပေါ်သဖြင့် ရသဝန္တဂုဏ်ကို မရနိုင်ချေ။

**တတော**။ ။ယသ္မာ ဩစိတျံနာမ(ဟဒယတော အဗဟိကာတဗ္ဗံ ရဟဿမိဝ ) ဗန္ဓတော ဝိဟောဇနီယံ နဟောတိ၊ [ ဤစကားဖြင့် တသဒ္ဒါ၏ စွဲနက်ဖြစ်သော အနိယမကို ထည့်၍ပြသည်၊ ] တသ္မာ= လျှို့ဝှက်အပ်သော ကိစ္စကို စိတ်နှလုံးမှ အပြင် မထုတ်ဖေါ်ထိုက်- စိတ်နှင့် မကွဲမကွာ တည်စေထိုက်သကဲ့သို့ ဩစိတျ မည်သည်ကိုလည်း အဖွဲ့ဗန္ဓမှ မကွဲစေထိုက်၊ထို့ကြောင့် ကဝိစာဆို ကဗျာမိုရ်ပုဂ္ဂိုလ်သည် ဩစိတျသမုလ္လာသဝေဒီ ပုဂ္ဂိုလ် ဖြစ်စေရမည် - ဟူလို။ [ ဩစိတျ၏ အဓိပ္ပါယ်ကို ဩစိတျဟီနဒေါသနှင့် ထို၏ အဖြေခဲ့ကျား၌ ပြခဲ့ပြီ။]

**ပရံ ဩစိတျသမုလ္လာသ ဝေဒိနာ**။ ။ပရံ-အတိသယေန၊ ဥစိတဘာဝေန-သင့်လျော်သည်၏အဖြစ်ဖြင့်၊(ဝတ္တုံ ဣစ္ဆိတတ္ထဿ ဥဒ္ဒီပနသေဿဝ အနုရူပ ပကာရေန - ဖွဲ့စီသော ပုဂ္ဂိုလ်၏ ဆိုလိုအပ်သော အနက်အဓိပ္ပါယ်ကို ထင်ရှားပြခြင်းအား လျော်သည်သာ ဖြစ်သော အပြားအားဖြင့်)[ဥစိတဘာဝေနကို ထပ်ဖွင့်သောစကား]ဣဋ္ဌတ္ထဿ သမုလ္လာသနံ ဒိတ္တိံ ဇာနန္တေန - ဆိုလိုအပ်သော အနက်အဓိပ္ပါယ်၏ ထင်ရှားလေ့သော အချက်အလက်ကိုသိသော၊"မည်သည့်နည်းဖြင့် ရေးရလျှင် မိမိဆိုလိုအပ်သော အဓိပ္ပါယ်သည် ဩစိတျ(အသင့်ယုတ္တိ) ရှိရှိဖြင့်ထင်ရှားနိုင်၏၊ ထိုထင်ရှားနိုင်မည့်နည်းကိုသိသော ကဝိ"ဟူလို။ [ဩစိတျေန- အသင့်ယုတ္တိ ရှိသည်၏အဖြစ်ဖြင့်+သမုလ္လာသော-ဆိုလိုအပ်သော အနက်အဓိပ္ပါယ်၏ ထင်ရှားခြင်း၊ ဩစိတျသမုလ္လာသော-ခြင်း၊ တံ+ဝိဒတိ (ဇာနာတိ)သီလေနာတိ ဩစိတျသမုလ္လာသဝေဒီ။]

**ဌာယီသမ္ဗန္ဓိနော ဘာဝ**။ ။"ဌာယီသမ္ဗန္ဓိနော ဘာဝ= ဌာယီ ပုဒ်နှင့်စပ်ခြင်းရှိသော ဘာဝ"ဟု ဆိုသဖြင့် "ဌာယီဘာဝ"ဟူသော

www.dhammaransi.com



နာမည်ကို ပဋ္ဌမသိရ၏၊ ဌာယီသဒ္ဒါသည် "တည်တန့် ခိုင်မြဲလေ့ရှိ" ဟူသော အနက်ကိုဟော၏၊ ဗျဘိစာရီသဒ္ဒါကား"တည်တန့် ခိုင်မြဲ လေ့မရှိ" ဟူသော ပြောင်းပြန်အနက်ကို ဟော၏၊ "ဟိုဘက်ကမ်း+ ဤဘက်ကမ်း"ဟု ခေါ်ကြရာ၌"ဟိုဘက်"ရှိသေးသောကြောင့်သာ "ဤဘက်"ဟူသော ဝိသေသနဖြစ်ပေါ်ရသကဲ့သို့, ထို့အတူ "ဗျဘိစာရီ" ရှိသေးသောကြောင့် "ဌာယီ"ဟူသော ဝိသေသန ဖြစ်ပေါ်ရ၏၊ "ဤဘက်"ဟူသောစကားသည်"ဟိုဘက်"ဟူသော အမည်ကို ဗျတိရေက- အဝုတ္တသိဒ္ဓိ ( မပြောဘဲ ပြီးသော ) နည်းဖြင့် ပြစွမ်းနိုင်သကဲ့သို့ " ဌာယီ "ဟူသော ပုဒ်သည်လည်း (သူ၏ ပြောင်းပြန်ဖြစ်သော)"ဗျဘိစာရီ"ဟူသော အမည်ကို ပြစွမ်းနိုင်သည်၊ ထို့ကြောင့် "ဌာယီသမ္ဗန္ဓိနော ဘာဝ" ဟူသော ပုဒ်ဖြင့်ပင် "ဗျဘိစာရီဘာဝ" ဟူသော နာမည်ကိုလည်း ဒုတိယသိရပြန်သည်။

ဋီကာ။ ။ဘာဝဿ- ဘာဝ၏၊ ဌာယိစ + သော+ ဘာဝေါစာတိ- ဟူ၍၊ ဌာယိပဒေန သမ္ဗန္ဓတ္တာ ဌာယီဘာဝေါစ၊ ပုန ဗျဘိစာရိဘာဝေ သတိ ( ဗျဘိစာရီဘာဝရှိလျှင် ) ဌာယီဘာဝေါတိ ဣမဿ သာမဂ္ဂတ္တာ ( ဌာယီဘာဝ ဟူသော ဤအမည်ကို ပြီးစေတတ်သည့် အတွက် ) ဣမဿေဝ ဌာယီဘာဝပဒဿ ပယောဂသာမတ္ထိယေန ဂမ္မမာနော ( ဌာယီဘာဝပုဒ်ကိုပင် သုံးစွဲခြင်း၏ အစွမ်းဖြင့် သိအပ်သော) ဗျဘိစာရီဘာဝေါစ။

ဘာဝ-ဝိဘာဝါ။ ။ ထို့နောက် ဌာယီပုဒ်နှင့် သမာသ်မတွဲဘဲ ဘာဝသဒ္ဒါသက်သက်ဖြင့် ပြအပ်သော ( ကေဝလဘာဝ-ဟု နာမည် တပ်ခဲ့သော ) " ဘာဝ " နာမည်ကို တတိယ သိရ၏၊ ဌာယီပုဒ်၏ ဟောနက်သည် "ရတိ-ဟာသ"စသည်တို့တည်း။[ နောက်၌ အကျယ် လာလတံ့။]ထိုရတိစသည်တို့ကို ဥပ္ပတ္တိ-ဖြစ်ပေါ်လာအောင်,ဥဒ္ဒီပန-တိုးပွားထကြွလာအောင် အသင့်ပြင်ဆင်ပြီး ဖြစ်သော " ဝိဘာဝ " ကိုလည်း ဝိဘာဝသဒ္ဒါဖြင့် စတုတ္ထသိရပြန်သည်။ [ ပုန ဌာယိပဒေန သမာသံ အကတွာ, ဝိသုံ ဒဿိတဘာဝသဒ္ဒသုတိယာ(သီးခြားပြအပ်သော ဘာဝ သဒ္ဒါဖြင့် ) ဌာယီဘာဝ ဗျဘိစာရီဘာဝေဟိ အညော ဘာဝေါစ(ကေဝလဘာဝငင်း),တထာဝေ(ထို့အတူ,ဌာယီပုဒ်နှင့် သမာသ်မတွဲဘဲပင်)ဌာယီပဒေန ဝါစ္စရတိဟာသာဒိ အတ္တဿ ဥပ္ပတ္တိ

www.dhammaransi.com



**ဘာဝ၏ဝစနတ္ထနှင့် အရကောက်**

၃၄၀။ စိတ္တဝုတ္တိဝိသေသာ ဟု, ဘာဝယန္တိ ရသေ ယတော၊
ရတျာဒယော တတော ဘာဝ-သဒ္ဒေန ပရိကိတ္တိတာ။

၃၄၀။ တု - ဘာဝသဒ္ဒါ၏ ဝစနတ္ထ အရကောက်ကို ပြဦးအံ့၊ ယတော-အကြင့်ကြောင့်၊ စိတ္တဝုတ္တိဝိသေသာ-ပျော်မွေ့ခြင်းစသော စိတ်၏ဖြစ်ပုံအထူးတို့သည်၊ရသေ-သိင်္ဂါရစသော ရသတို့ကို၊ဘာဝယန္တိ-ဖြစ်စေနိုင်ကုန်၏၊(တနည်း)ရသေ-သိင်္ဂါရစသော ရသအရာ၌၊ ဘာဝယန္တိ-ပညာရှိတို့ စိတ်ကို ပြန့်နှံ့စေနိုင်ကုန်၏၊ (တနည်း) ရသေ-သိင်္ဂါရစသော ရသအရာ၌၊ ဘာဝယန္တိ - ကဝိ၏ အလိုကို သိစေနိုင်ကုန်၏၊ တတော-ထို့ကြောင့်၊ ရတျာဒယော-ပျော်မွေ့ခြင်းစသော စိတ်၏ ဖြစ်ပုံအထူးတို့ကို၊ ဘာဝသဒ္ဒေန- ဘာဝသဒ္ဒါဖြင့်၊(ဘာရတာဒီဟိ-ဘာရတစသော ပညာရှိတို့သည်၊) ပရိကိတ္တိတာ-ပြောဆိုအပ်ကုန်၏။

× × × × × × +

ဥဒ္ဒီပန ဌယံ ပန ဝိဘူတံ ကတွာ သဇ္ဇေတွာ ဠိတတ္တာ တေဟိ ရတိဟာသာဒိ အတ္တေဟိ သမ္ဗန္ဓိနော(အနက်တို့နှင့် ဆက်သွယ်ခြင်းရှိကုန်သော ) အာလမ္ဗန - ဥဒ္ဒီပနသင်္ခါတ ဝိဝိဓ ဝိဘာဝါ စ ( အာလမ္ဗနဝိဘာဝ,ဥဒ္ဒီပနဝိဘာဝဟူသော အထူးထူးအပြားပြားသော ဝိဘာဝတို့ရင်း)။]

**သာနုဘာဝကာ**။ ။အနုဘာဝသဒ္ဒါဖြင့်"အနုဘာဝ"ဟူသော ပဥ္စမနာမည်ကို သိရ၏၊ ရသ သာဒါယ၌ ရသ သဒ္ဒါဖြင့် " ရသ " ဟူသော ဆဋ္ဌနာမည်ကိုလည်း သိရပြန်သည်။[ဝေမေဝ ( ဤ့အတူ ဌာယီ ပုဒ်နှင့် သမာသ် မတွဲဘဲသာ ) သာနုဘာဝကပဒေန သမာယောဂေန(ကောင်းစွာယှဉ်စပ်သုံးစွဲအပ်သော သာနုဘာဝပုဒ်ဖြင့်) ဒဿိတာနုဘာဝေါ စ,ရသသာဒါယာတိ ဧမိနာ ဥဒ္ဒိဋ္ဌရသောစာတိ ဇဝံ(ဤသို့လျှင်)ဣမေ ဌာယီဘာဝေါဒယော ဥဒ္ဒိဋ္ဌာ ဟောန္တိ။]

၃၄၀။ စိတ္တတျာဒိ။ ။ဌာယီဘာဝ-စသော ၆ မျိုးတွင် ဌာယီ-ဗျဘိစာရီ- သတ္တိကတို့နှင့် ဆက်ဆံသော ဘာဝသဒ္ဒါ၏ ဝစနတ္ထကို ရှေးဦးစွာ ပြလိုသောကြောင့် "စိတ္တဝုတ္တိဝိသေသာ တု" စသည်မိန့်၊

www.dhammaransi.com



" တုသဒ္ဒေါ ဝိသေသေ " ဟု ဋီကာဟောင်း ဖွင့်သော်လည်း ဌာယီ ဘာဝစသော ၆ မျိုး၏ အထူးကိုပြသော အရာမဟုတ်၊ အဋ္ဌကထာ များ၌ ဤနေရာမျိုးဝယ် ထိုအားလုံးကို ချဲ့သော ဝိတ္ထာရဝါကျသာ ဖြစ်၏၊ သို့သော် တုသဒ္ဒါ၏ ဝိတ္ထာရဇောတက အသုံးလည်း မထင် ရှားရကား ပနဲ၏ အနက်ကြံ၍ အနက်ပေးလိုက်သည်။

**စိတ္တဝုတ္တိဝိသေသာ တု။** ။"စိတ္တဝုတ္တိ-စိတ်၏ ဖြစ်ပုံ" ဟူသည် ပျော်မွေ့ခြင်း ရတိ, ရယ်ရွှင်ခြင်း ဟာသ, ဝမ်းနည်းခြင်း သောက-စသည်နှင့် ငြီးငွေ့ခြင်း စသည်တည်း၊ ထိုဖြစ်ပုံသည် တမျိုးနှင့် တမျိုး ရောယှက်ခြင်း မရှိဘဲ (မတူဘဲ) ထူးခြားသောကြောင့် " ဝိသေသ " လည်း ဖြစ်ကြ၏၊ စိတ္တဝုတ္တိယောဧဝ + ဝိသေသာ စိတ္တဝုတ္တိဝိသေသာ။ [စိတ္တဿ ဥပရိ ဝက္ခမာန (အထက်၌ဆိုအပ်လတ္တံ့ကုန်သော ) ရမဏ ဟာသနသောစနာဒီဟိ(ဌာယီဘာဝကို ရည်ရွယ်သည်) နိဗ္ဗေဒါဒီဟိစ (ဗျဘိစာရိဘာဝ,သတ္တိကဘာဝတို့ကို ရည်ရွယ်သည်)အာကာရေဟိ ပဝတ္တိသင်္ခါတာ(ဝုတ္တိအဖွင့်)အညမညံ အသင်္ကရသင်္ခါတာ(ဝိသေသ အဖွင့်)၊ဝိသေသာ ပန ဌာယီ ဗျဘိစာရိသတ္တိကာ-ဌာယီဘာဝ,ဗျဘိ စာရီဘာဝ, သတ္တိကဘာဝတို့တည်း။]

ရတျာဒယော။ ။အာဒိဖြင့် ဟာသ, သောက - စသော ဌာယီ ဘာဝ တို့ကိုရင်း , နိဗ္ဗေဒစသော ဗျဘိစာရီဘာဝ တို့ကိုရင်း , ထမ္ဘ စသော သတ္တိကဘာဝတို့ကိုရင်း ယူ၊ ထိုရတိစသည်တို့သည် ထိုဌာယီ ဘာဝ စသည်တို့ ဖြစ်ရာ၌ ဇာတ်လိုက်ပုဂ္ဂိုလ်တို့၏ စိတ်ဖြစ်ပုံ အထူး များတည်း၊ ထို့ကြောင့် စိတ္တဝုတ္တိဝိသေသာနှင့် ရတျာဒယောကို အရ တူဟု မှတ်ပါ၊ [ရတျာဒယောတိ ဧတ္ထ အာဒိသဒ္ဒေန ဟာသာဒယော ဌာယီဘာဝါစ, နိဗ္ဗေဒါဒယော ဗျဘိစာရိဘာဝါစ , ထမ္ဘ ပလယာ ဒယော သတ္တိကဘာဝါစ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗာ။ ] ဤစကားအရ "ရသေ ဘာဝယန္တီတိ ဘာဝါ" ဟု ဝစနတ္ထပြု၍ "ဘာဝပုဒ်၏အရ၌ ( နောက်၌လာမည့် ) ရတိစသောဌာယီဘာဝ, နိဗ္ဗေဒစသော ဗျဘိ စာရီဘာဝ, ထမ္ဘ စသော သတ္တိကဘာဝတို့ကို ကောက်ပါ။

**ဘာဝယန္တိ ရသေ ။** ။ ဤ ၂ ပုဒ်၌ ဋီကာတို့ ၃ နည်းဖွင့်ကြ၏၊ ထိုသို့ ဖွင့်ခြင်းမှာလည်း"ဘာဝ" အရဝယ် ဌာယီဘာဝ, ဗျဘိစာရီ

www.dhammaransi.com



ဘာဝ , သတ္တိကဘာဝ- ဟု ၃ မျိုးရှိသောကြောင့် ဖြစ်ဟန်တူသည်၊ ထိုတွင် "ရသေ-သိင်္ဂါရာဒိရသေ ဘာဝယန္တိ နိပ္ဖါဒေန္တိ ကရောန္တိ" ဟု ပဌမဖွင့်၏၊ ထိုအဖွင့်ဖြင့် ကာရိတ်ပစ္စည်းနှင့် တကွသော ဘူဓာတ်သည် နိပ္ဖါဒန (ဖြစ်စေခြင်း) အနက်ဟောတည်း- ဟု သဒ္ဒတ္ထကိုရင်း, ထိုဖြစ်စေခြင်းကိုပင် " ပြုခြင်း " ဟု အဓိပ္ပါယတ္ထကိုရင်း သိစေသည်၊ ဆိုလိုရင်းမှာ-"စိတ္တဝုတ္တိဝိသေသာ ရတျာဒယော ရသေ ဘာဝယန္တိ= ထိုထိုကိစ္စတွင် ဇာတ်လိုက်အဖြစ်ဖြင့် ပါဝင်သောပုဂ္ဂိုလ်များ၏ ပျော်မွေ့ခြင်း , ရယ်ရွှင်ခြင်းစသော စိတ်ဖြစ်ပုံအထူးတို့သည် ထိုဇာတ်ကို ကြည့်ရှုရသူ, စာကိုဖတ်ရသူတို့၏ သန္တာန်၌ သိင်္ဂါရ( ကာမ ) စသော အရသာကို ဖြစ်ပေါ်စေနိုင်ကြသည်-ဟူလို။

**ဒုတိယနည်း။** ။ နော စေ ( ပဌမနည်း မဟုတ်လျှင် )၊ ရသေ သိင်္ဂါရာဒိရသဝိသယေ ပဏ္ဍိတာနံ စိတ္တံ ဘာဝယန္တိ ဗျာပနံ ကရောန္တိ၊ ဤနည်းဖြင့် ဘာဝယသဒ္ဒါသည် "ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ ဗျာပနအနက်ဟောဟုရင်း, ရသေလည်း သတ္တမီ ဧကဝစနန္တဟုရင်း သိစေ၏၊ ဤနည်းသည် ဗျတိရေကဘာဝ၌ပါသော ဘာဝ၏အနက်ကို ရည်ရွယ်ဟန် တူသည်၊ ထို့ကြောင့် " စိတ္တဝုတ္တိဝိသေသာ ( နိဗ္ဗေဒါဒယော ရသေ ဘာဝယန္တိ- နိဗ္ဗေဒ ( ငြီးငွေ့ခြင်း )စသော စိတ်ဖြစ်ပုံအထူးတို့သည် သိင်္ဂါရ စသော ရသ အရာဝယ် ကဗျာပညာရှိတို့၏ စိတ်ကို ရသ တခုအပေါ်မှာ မတည်စေဘဲ ပြန့်နှံ၍ သွားစေကြသည်၊ ပြန့်နှံ့အောင် ရေးသားစီကုံးစေကြသည်-ဟူလို။

**တတိယနည်း။** ။နော စေ, တသ္မိံ ယေဝ ရသဝိသယေ ကဝိနော လောကသဘာဝံ ဝိသယံ ကတ္ဝာ ပဝတ္တဉာဏလက္ခဏံ အဓိပ္ပါယံ ဘာဝယန္တိ ပတိပါဒနံ ကရောန္တိ၊ ဤနည်းဖြင့် ဘာဝယသဒ္ဒါသည် ပတိပါဒန(သိစေခြင်း ) အနက်ဟောဟု သိစေ၏၊ သတ္တိကဘာဝကို ရည်ရွယ်၍ ဖွင့်ဟန်တူသည်၊ထို့ကြောင့်"စိတ္တဝုတ္တိ ဝိသေသာ(ထမ္ဘာဒယော) ရသေ ဘာဝယန္တိ=ထမ္ဘစသော စိတ်ဖြစ်ပုံ အထူးတို့သည် သိင်္ဂါရစသော ရသအရာဝယ် ( စီကုံး ဖွဲ့နွဲ့သော ) ကဗျာ ပညာရှိ၏ လောကသဘောကို အာရုံပြု၍ဖြစ်သော အသိဉာဏ်လက္ခဏာ ပါရှိသောအလိုကို သိစေနိုင်ကြသည်၊ ကဗျာပညာရှိ၏ အလိုကို ပေါ်လွင်အောင် ရေးသားနိုင်စေကြသည်-ဟူလို။

www.dhammaransi.com



## ဌာယီဘာဝ၏သဘောနှင့် ဝစနတ္ထ

၃၄၁။ ဝိရောဓိနာညဘာဝေန, ယောဘာဝေါ နတိရောဟိတော၊
သီလေန တိဋ္ဌတီ•စ္စေသော, ဌာယီဘာဝေါတိ သဒ္ဒိတော။

၃၄၁။ ယောဘာဝေါ-အကြင်ဘာဝကို၊ ဝိရောဓိနာ-ဆန့်ကျင်ဘက်ဖြစ်သော၊ အညဘာဝေန-တပါးသောဘာဝသည်၊ နတိရောဟိတော-မဖုံးကွယ်အပ်, မဖုံးကွယ်နိုင်၊ ဝါ-မဖျက်ဆီးအပ် မဖျက်ဆီးနိုင်၊ သီလေန - ပင်ကိုယ်အလေ့အားဖြင့်၊ တိဋ္ဌတိ - တည်တန့်နိုင်၏၊ ဣတိ-ထို့ကြောင့်၊ ဧသော-ဤဘာဝကို၊ ဌာယီဘာဝေါတိ-ဌာယီဘာဝဟူ၍၊ သဒ္ဒိတော-ဆိုအပ်၏။

× × × × × × ×

၃၄၁။ ဝိရောဓိနာ တျာဒိ။ ။ဌာယီ , ဗျဘိစာရီ , သတ္တိက ၃ မျိုးသော ဘာဝတို့တွင် ဌာယီဘာဝ၏ သဘောနှင့် ဌာယီ၏ ဝစနတ္ထကို ပြလို၍ "ဝိရောဓိနာ" စသည်ကိုမိန့်၊ ဆန့်ကျင်ဘက်ဖြစ်သော အခြားဘာဝတခုက ဖုံးကွယ်၍ (ဖျက်ဆီး၍) မရနိုင်လောက်အောင် ခိုင်မြဲ တည်တန့်လေ့ရှိသော သဘောသည် ဌာယီဘာဝ၏ သဘောတည်း၊ "သီလေန တိဋ္ဌတိ ဣတိ" ကို ကြည့်၍ "တိဋ္ဌတိ သီလေနာတိ ဌာယီ" ဟု ဝစနတ္ထပြု၊ ထို့နောက် ပြခဲ့ပြီးသော ဘာဝနှင့် "ဌာယီစ+သော+ဘာဝေါစာတိ ဌာယီဘာဝေါ" ဟု သမာသ်တွဲပါ။

[ဆောင်] ဆန့်ကျင်ဘက်ငြား, ဘာဝတပါးကြောင့်, ပျက်ပြားမလည်, မြဲစွာတည်, ဌာယီဘာဝခေါ်။

ဝိရောဓိနာ၊ပေ၊နတိရောဟိတော။ ။ချစ်ကြိုက်နေသော လုလင်ပျို - မိန်းမပျိုတို့၏ ပျော်မွေ့ခြင်းကို " ရတိ " ဟု ခေါ်၏၊ ထိုရတိ၏ ဆန့်ကျင်ဘက် ဝိရောဓိကား ဇိဂုစ္ဆာ-စက်ဆုပ်ရွံရှာခြင်းတည်း၊လုလင်ပျို မိန်းမပျိုတို့ အိပ်စက် ပျော်မွေ့နေရာဝယ် ရွံစရာတခုခုကို တွေ့မြင်ကြားသိရလျှင် ဇိဂုစ္ဆာဖြစ်တတ်၏၊ ရွံစရာ တွေ့သော်လည်း ဇိဂုစ္ဆာ မဖြစ်ဘဲ ပျော်မြဲ ပျော်နိုင်လျှင် ထို ဇိဂုစ္ဆာဘာဝဖြင့် ဖျက်၍မရသောကြောင့် ထို ရတိသည် ဌာယီဘာဝမည်၏။

များသောအားဖြင့် ဟာသနှင့်သောက- ကောဓ , ဉဿာဟနှင့် ဘယ , တချို့ ဝိမှယနှင့် သမတို့ အပြန်အလှန် ဆန့်ကျင်ဘက် ဝိရောဓိ

www.dhammaransi.com



ဌာယီဘာဝအပြား

၃၄၂။ ရတိ ဟာသောစ သောကောစ,ကောဓုဿာဟာဘယမ္ပိစ၊
ဇိဂုစ္ဆာဝိမှယာစေဝ, သမောစ နဝ ဌာယိနော။

၃၄၂။ ရတိစ - ရတိဌာယီဘာဝဧရင်း၊ ဟာသောစ - ဟာသ ဌာယီဘာဝရင်း၊ သောကောစ- သောကဌာယီဘာဝရင်း၊ ကောဓု ဿာဟ ဘယမ္ပိစ - ကောဓဌာယီဘာဝ , ဥဿာဟဌာယီဘာဝ, ဘယဌာယီဘာဝရင်း၊ ဇိဂုစ္ဆာဝိမှယာစေဝ - ဇိဂုစ္ဆာဌာယီဘာဝ, ဝိမှယဌာယီဘာဝတို့ရင်း၊ သမောစ-သမဌာယီဘာဝရင်း၊(ဣတိ-ဤသို့၊ ) ဌာယိနော- ဌာယီဘာဝတို့သည်၊ နဝ- ၉ပါးတို့တည်း။

× × × × × × ×

ဖြစ်ကြ၍, ဟာသကို သောက ကောဓတို့က မဖုံးကွယ်နိုင် မဖျက် နိုင်လျှင် ဟာသသည် ဌာယီဘာဝမည်၏၊ ဤသို့စသည်ဖြင့် ဌာယီဘာဝ ဟူသမျှ၌ အခြားသော ဆန့်ကျင်ဘက် ဘာဝတို့က ဖျက်၍ မရနိုင် လောက်အောင် ခိုင်မြဲပုံကိုသိပါ၊ ဤ ဌာယီဘာဝကိုပင် နောက်"သဝိ ဘာဝါနုဘာဝေဟိ"စသော ဂါထာ၌ " ရသ" ဟုလည်း နာမည် တပ်လတ့်။ [တိရော- ကွယ်ပျောက်အောင် + ဓီယတေ- ထားအပ်၏၊ ဣတိ တိရောဟိတော၊ တိရောသဒ္ဒါပုပဒ ဓာ ဓာတ်, တပစ္စည်း၊ ဓကို ဟပြု, အာကို ဣပြု၍"တိရောဟိတော"ဟု ပြီးသည်။]

---

၃၄၂။ ဤဂါထာဖြင့် ဌာယီဘာဝ ၉ပါးသရုပ်ကိုသာ ခေါင်းစဉ် အတိုင်း မှတ်သားနိုင့်ပါဦး၊ အနက်နှင့် သဘောကို အကျယ်ပြခဏ်း ကျမှ ပြပါမည်။ [တချို့စာ၌ ဟာသောနေရာဝယ် " ဟဿော "ဟု ရှိ၏၊ " ဟသနံ ဟာသော " ဟု ဝိဂ္ဂြိုဟ်ပြု၍ ရယ်ရွှင်ခြင်းဟူသော စိတ် ဖြစ်ပုံအထူးကို "ဟာသ"ဟု ခေါ်ရသောကြောင့် "ရတိဟာသော" ဟု ရှိမှ ကောင်းမည်၊ " ဇိဂုစ္ဆာစ + ဝိမှယောစေတိစ ဝါကျံ " ဟု ဋီကာ၌ ဝိဂ္ဂြိုဟ်ဝါကျပြသောကြောင့် "ဇိဂုစ္ဆာဝိမှယာ"ဟု သမာသ် ရှိစေ၊ " စိတ်ဖြစ်ပုံအထူး " ဟူရာဝယ် စိတ်ကြောင့်ဖြစ်သော စိတ္တဇ ရုပ်နှင့် ကိုယ်နှုတ်ဖြစ်ပုံ အထူးကိုလည်း ကာရဏူပစာရအားဖြင့် ယူ။]

www.dhammaransi.com



### ဗျဘိစာရီဘာဝ၏ လက္ခဏာ, ဝစနတ္ထ

၃၄၃။ တိရောဘာဝါ ဝိဘာဝါဒိ-ဝိသေသေနာ·ဘိမုချတော၊
ယေတေ စရန္တိသီလေန,တေ ဟောန္တိ ဗျဘိစာရိနော။

၃၄၃။ ယေတေဘာဝါ-အကြင်ဘာဝတို့သည်၊တိရောဘာဝါ ဝိဘာဝါဒိ ဝိသေသေန-ကွယ်ပျောက်၍ဖြစ်ခြင်း, ထင်ရှားစွာဖြစ်ခြင်း အစရှိသော အထူးအားဖြင့်၊ အာဘိမုချတော-ရှေးရှုသည်၏ အဖြစ်အားဖြင့်၊သီလေန-အလေ့အားဖြင့်၊ စရန္တိ-ဖြစ်တတ်ကုန်၏၊ဣတိ-ထို့ကြောင့်၊ တေ - ထိုဘာဝတို့သည်၊ ဗျဘိစာရိနော - ဗျဘိစာရိဘာဝတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၃၄၃။ တိရောဘာဝါတျာဒိ။ ။ဗျဘိစာရီကို"ဝိ+အဘိ+စာရီ" ဟု ပုဒ်ခွဲ၊"တိရောဘာဝါ ဝိဘာဝါဒိ ဝိသေသေန"သည် ဝိ၏အနက်၊ "အာဘိမုချတော"သည် အဘိ၏ အနက်၊ " စရန္တိ သီလေန "သည် စာရီ၌ တဿီလတ္ထဏီပစ္စည်း၏ အနက်၊ ဤအားလုံးကိုကြည့်၍ " ဝိသေသေန+အာဘိမုချတော + စရန္တိ သီလေနာတိ ဗျဘိစာရိနော" ဟု ဝစနတ္ထ ပြု၊ ဤ ဝစနတ္ထ၏ အနက်ကိုကြည့်လျှင် ဗျဘိစာရီဘာဝ၏ သဘောကိုလည်း သိနိုင်၏။

**တိရော၊ပေ၊ဝိသေသေန** ။ ။ နိဗ္ဗေဒ - တတ္တစသော ဗျဘိစာရီဘာဝတို့သည် ရတိစသော ဌာယီဘာဝတို့ကဲ့သို့ ခိုင်မြဲစွာ မတည်တန့်နိုင်ကြ၊ တိရောဘာဝ - တချို့ဌာယီဘာဝနှင့် တွေ့ရသောအခါ ကွယ်ပျောက်သွားလိုက်, အာဝိဘာဝ - တချို့ဌာယီဘာဝနှင့် တွေ့ရသော အခါ အထင်အရှားပေါ်လာလိုက်၊ ဤသို့စသောအားဖြင့်,ဝိသေသ ( အထူးထူး အဖုံဖုံ အမျိုးစုံ ) ဖြစ်လေ့ရှိကြသည်။ [ ဤ စကားကို ကြည့်လျှင် " ဌာယီဘာဝသည် တည်တန့်၏၊ ဗျဘိစာရီဘာဝကား မတည်တန့်"ဟု သိနိုင်ပြီ၊ မတည်တန့်ခြင်းကို ဗျဘိစာရီဟု ခေါ်သော ကြောင့်ပင် မိန်းမတယောက်၏ လင်ပယ်နေမှုကို ဥဒ္ဒိယနိုင်ငံ၌ "ဗျဘိစာရီကျင့်သည်" ဟု ပြောလေ့ရှိကြသတတ်။]

ဋီကာ ။ ။ ဗျဘိစာရိဘာဝါနံ အတ္တနော ( မိမိဟူသော ဗျဘိစာရီဘာဝ၏)အနေကရသံ နိဿာယပဝတ္တတ္တာ(ဌာယီဘာဝကဲ့သို့

www.dhammaransi.com



ဆိုင်ရာ ရသတခုကိုသာ မှီသည်မဟုတ်ဘဲ , များစွာသောရသကို မှီ၍ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်ငှါး)လောကဿ ဘိန္နရုစိကတ္တာစ(လူ အပေါင်းက အကြိုက်အမျိုးမျိုး ရှိသည်၏ အဖြစ်ကြောင့်ငှါး)ကိသ္မိံစိ ဌာယိဘာဝေ ဗျဘိစာရိဘာဝါနံ အတ္တနောဂုဏဿ လီနတ္တဥ္စ ကိသ္မိံစိ တဿေဝ ဂုဏဿ ပါကဋတ္တဥ္စ ( တချို့ ဌာယိဘာဝ၌ ဗျဘိစာရိဘာဝတို့မှာ မိမိဂုဏ်သဘော၏ မြုပ်ကွယ်သွားခြင်း , တချို့ဌာယိဘာဝ၌ ဂုဏ်သဘော၏ပေါ်လာခြင်း) ဣတိ အာဒိကေန ဝိသေသေန- ဤသို့စသော အထူးအားဖြင့်။ [ ဤအဖွင့်ကြည့်၍ " တိရောဘာဝ အာဝိဘာဝ" စသော ဖြစ်ပုံသည်ပင် "ဝိသေသ" ဟု မှတ်။]

ကွယ်ပျောက်ပုံနှင့် ထင်ရှားပုံ ။ ။ ဗျဘိစာရိဘာဝ တို့၌ မောပန်းခြင်းဟူသော "သမ" ပါ၏၊ ထိုသမသည် ယောကျ်ားမိန်းမတို့ ပျော်ပါးခြင်း ဟူသော ရတိဌာယိဘာဝတွင် ပါဝင်ရသော အခါ မောပန်းသော်လည်း မောပန်းမှုမထင်ရှားဘဲ မြုပ်ကွယ်ပျော်သွား၍ သုခသဘောသို့ ရောနှောပါဝင်လေတော့၏၊သောကဌာယိဘာဝတွင် ပါဝင်ရလျှင်ကား ပင်ပန်းခြင်း သဘောသည် ထင်ရှား ပေါ်လာ၏၊ ထို့ကြောင့်ပင် သောကဖြစ်၍ ပင်ပန်းအားကြီးသူများသည် မေ့သွား တတ်လေသည်၊ ဤအတူပင် "ဂိလာနိ" စသော ဗျဘိစာရိဘာဝတို့ လည်း မိမိ၏သဘောကို ရတိဌာယိဘာဝ၌ တင်ပေး တတ်ကြသည်၊ "ဂိလာနိ" ဟူသည် အားကုန်ညှိုးနွမ်းခြင်းတည်း၊ပျော်ပါးခြင်းရတိ၌ ဂိလာနိသည် မိမိ၏ အားကုန် ညှိုးနွမ်းခြင်း သဘောကို တင်ပေး၏၊ အပျော်အားကြီး၍ အားကုန် သွားသည် - ဟူလို၊ ဂိလာနိအာဒိ၌ အာဒိဖြင့် ပျော်ပါးသည်ကို လူမိ၍ ထိတ်လန့်ခြင်း တာသ , ရောဂါ ရခြင်း ဗျာဓိများကိုယူ၊ ထိုသို့ မိမိသဘောကို ဌာယိဘာဝသို့ တင်ပေး ခြင်းသည် မိမိသဘော၏ ထင်ရှားခြင်း အာဝိဘာဝပင်တည်း။

ဋီကာ။ ။ဇဝံ တေသု (ဤသို့လျှင် ထို ဗျဘိစာရိဘာဝ တို့တွင်) ပီဠာသရူပေန ( ပင်ပန်းခြင်း သဘောအားဖြင့် ) ကော ပရိသမ သင်္ခါတဗျဘိစာရိဘာဝေါ ရတိယံ သဂုဏေန ( မိမိ၏ မောပန်းခြင်း ဂုဏ်သဘောအားဖြင့်) လီနော ( တိမ်မြုပ် - ငုပ်ကွယ်သည် ) သုခါနု ဝိဒ္ဓေါ ဟုတွာ(သုခသို့ထွင်းဖေါက်သက်ရောက်သည်ဖြစ်၍)သောကေ သဂုဏေန ပါကဋော ဒုက္ခာနုဝိဒ္ဓေါစ ဟုတွာ ပဝတ္တတေ၊ ဧဝမေဝ

www.dhammaransi.com



(ဤ၌အတူပင်) သုခသဘာဝရတိယံ(သုခသဘောရှိသော ရတိဌာယီဘာဝ၌) ဂိလာနျာဒယော ဗျဘိစာရိနော(ဂိလာနိစသော ဗျဘိစာရီဘာဝတို့သည် ) သကိယံ ဒုက္ခရူပံ အာရောပေန္တိ ( မိမိနှင့်စပ်သော ဆင်းရဲခြင်းသဘောကို တင်ပေးကြကုန်၏)။

**အာဒိ၏အနက်**။ ။တိရောဘာဝါဝိဘာဝါဒိ၌ အာဒိဖြင့် ဌာယီဘာဝ၌ရှိသော သုခ ဒုက္ခ သဘောကို မိမိ ( ဗျဘိစာရီဘာဝ ) က ယူခြင်း (မိမိ၌တင်ခြင်း)ကိုယူ၊ အာဒိသဒ္ဒေန ဌာယိဓမ္မဿ သုခဒုက္ခာနံ ဂဟဏံ(ဋီကာဟောင်း)၊ တေ+အာဒယော ယဿ ဌာယီဘာဝေသု ဝိဇ္ဇမာနာနံသုခဒုက္ခသဘာဝါနံ အတ္တနိ အာရောပနဿ၊(ဋီကာသစ်) "အတ္တနိ အာရောပန- မိမိ၌တင်ခြင်း" ဟူသည်နှင့် "သုခဒုက္ခတို့ကို မိမိကယူခြင်း" ဟူသည် သဘောတူပင်တည်း၊ ထို့ကြောင့် ဋီကာ ၂ စောင်လုံး အာဒိဖြင့် ယူပုံမှာ သဘောတူ ဟု မှတ်၊ ဤစကားဖြင့် "တက္က" ဟူသော ဗျဘိစာရီဘာဝသည် ကာမဂုဏ်နှင့် ဆိုင်ရာကို ကြံတွေးရာ၌ ရတိဌာယီဘာဝ၏ သဘောကို မိမိက ယူခြင်း , မိမိသို့ တင်ပေးခြင်းတည်း၊ ရယ်ဘွယ်ကို ကြံတွေးရာ၌ ဟာသဌာယီဘာဝ၏ သဘောကို, သောကဖြစ်ဘွယ်ကို ကြံတွေးရာ၌ သောကဌာယီဘာဝ၏ သဘောကို မိမိကယူခြင်း မိမိသို့ တင်ပေးခြင်းတည်း၊ ဤသို့စသည်ဖြင့် ဗျဘိစာရီဘာဝတို့က ဌာယီဘာဝ၏သဘောကို ယူပုံသိပါ။

**အာဘိမုချတော**။ ။အဘိမုခါနံ- ဌာယီဘာဝသို့ ရှေးရှုသော ဗျဘိစာရီဘာဝတို့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ရှေးရှုခြင်းကြိယာသည်၊ အာဘိမုချံ- မည်၏၊ ပြခဲ့သည့်အတိုင်း ဌာယီဘာဝသို့ရေခံလျှင် မြုပ်ကွယ်ခြင်း ပေါ်လာခြင်း သည်၎င်း, ဌာယီဘာဝ၏ သဘောကို မိမိ၌ တင်ပေးခြင်း ( မိမိကယူခြင်း ) မိမိ၏သဘောကို ဌာယီဘာဝသို့ တင်ပေးခြင်းသည်၎င်း(ဌာယီဘာဝနှင့်စပ်၍ဖြစ်ရကား)ဌာယီဘာဝသို့ ရှေးရှုခြင်းမည်၏။[အာဘိမုချတော-ဌာယီဘာဝါနံ သုခ ဒုက္ခ ရူပံ အတ္တနိစ ( မိမိဟူသော ဗျဘိစာရီဘာဝ၌၎င်း), အတ္တနော သုခဒုက္ခရူပံ ဌာယီဘာဝေသုစ အာရောပနသင်္ခါတေန အဘိမုခဘာဝေန။] ဤသို့လျှင် တိရောဘာဝ အာဝိဘာဝ စသော အထူးအားဖြင့် ဌာယီဘာဝသို့ ရှေးရှုလျက် ဖြစ်လေ့ရှိသော ဘာဝများကို ဗျဘိစာရီဘာဝ- ဟု ခေါ်ရသည်။

www.dhammaransi.com



ဖျာတိစာရီဘာဝ ၃၃ ပါး

၃၄၄။ နိဗ္ဗေဒေါ တတ္တသက်ာ
သမဓိတိဇဥတာ ဒီနတုဂ္ဂါလသတ္တံ,
သုတ္တံ တာသော ဂိလာနုသုက
ဟရိသ သတိဿာ ဝိသာဒါ·ဗဟိတ္တာ၊
စိန္တာ ဂဗ္ဗာပမာရော
မရိသမဒ မတုမ္မာဒ မောဟာ ဝိဗောဓော,
နိဒ္ဒါဝေဂါ သဗိင္ဂံ
မရဏာ သစပလံ ဖျာမိ တေတ္တိံသ မေတေ။

၃၄၄။ နိဗ္ဗေဒေါ-မိမိကိုယ်ပင် အထင်သေးခြင်း ငြီးငွေ့ခြင်းရှင်း၊ တတ္တသက်ာ-တွေးတောကြံစည်ခြင်း, ယုံမှားခြင်းတို့ရှင်း၊ သမဓိတိဇဥတာ-ကိုယ်ပင်ပန်းခြင်း, တင်းတိမ်ရောင့်ရဲခြင်း, ညံ့ဖျင်းခတွဝေ

× × × × × × ×

၃၄၄။ နိဗ္ဗေဒေါတျာဒိ။ ။ဖျာတိစာရီဘာဝ အပြား ၃၃ ပါးကို ပြသော ဂါထာတည်း၊ တပါဒလျှင် ၂၁ လုံးရှိ၏၊ ၇ လုံးတရပ် ယတိ ပြတ်ရသောကြောင့် ယတိ ၃ ချက်ပါသော သဒ္ဒရာဂါထာ ( ပကတိ ဆန်း)ဟုဆို၏၊သို့သော် တချို့နေရာ၌ ၇လုံးတရပ် ယတိပြတ်၍မရပါ၊ ဤဂါထာ၌ နိဗ္ဗေဒစသော ဖျာတိစာရီဘာဝတို့၏ ဝိဘာဝ-အနုဘာဝ များကို ထည့်သွင်း၍ ဋီကာတို့ဖွင့်ကြသော်လည်း ဝိဘာဝ-အနုဘာဝ သဘောကို နောက်၌ တိုက်ရိုက်ပြလတ့ံ ဖြစ်သောကြောင့်ရှင်း , ထို သဘောကို မသိသေးမီ အမိပ္ပါယ်၌ ထည့်သွင်းဖွင့် ပြသဖြင့် နားလည် မည် မဟုတ်သောကြောင့်ရှင်း, ထို ဝိဘာဝ-အနုဘာဝတို့ကို သီးခြား နာမည်တပ်၍မပြတော့ဘဲ ပုဒ်နေနှင့် အမိပ္ပါယ်ကိုပြရင်းပင် ဝိဘာဝ အနုဘာဝတို့ကို ပါဝင်တန်သမျှ ပါဝင်အောင် ရေးသွားပါမည်။

(၁) နိဗ္ဗေဒ။ ။နိပုဗ္ဗ,ဝိဒဓာတ်,ဏပစ္စည်း၊နိဗ္ဗေဒေါအတ္တာဝ မာနနံ-မိမိကိုယ်ကို အထင်သေးခြင်းသည် နိဗ္ဗေဒ မည်၏၊ မိမိကိုယ်ကို အထင်သေးခြင်းသည် မိန်းမ, သို့မဟုတ်-စိတ်နေအောက်ကျသူများ၏ ဥစ္စာမဲ့မွဲ ဆင်းရဲသော အခါ မျက်ရည်ကျလာအောင်ပင် မိမိကိုယ်ကို စိတ်ကြီးမဝင်နိုင်တော့ဘဲ ) အထင်သေးခြင်း, ယောဂီပုဂ္ဂိုလ်များ၏

www.dhammaransi.com



ခြင်းတို့ရင်း၊ [ ဒီနတုဂ္ဂါလသတ္တံကို “ ဒီနတာ + ဥဂ္ဂ + အလသတ္တံ” ဟုခွဲ ။ ] ဒီနတာ - စိတ်၏ အဆီးဩဇာ မရှိလောက်အောင် ဆင်းရဲပင်ပန်းသူ၏ အဖြစ်ရင်း၊ ဥဂ္ဂါလသတ္တံ - ကြမ်းတန်းသူ၏ အဖြစ် , ပျင်းရိသူ၏အဖြစ်ရင်း၊ သုတ္တံ-အိပ်ပျော်ခြင်းရင်း၊ တာသော-စိတ်၏ ထိတ်လန့်ခြင်းရင်း၊[ဂိလာနုသုကကို“ ဂိလာနိ+ဥသုက ” ဟုခွဲ။]

× × × × × × ×

တရားဖြင့် ဆင်ခြင်သော အခါ ခန္ဓာကိုယ်၏ **အနိစ္စတုံး** , ဒုက္ခ**တုံး**, အနတ္တ**တုံး**ကြီး ဖြစ်နေပုံကို မြင်နေရသောကြောင့် မိမိ ကိုယ်ခန္ဓာကို အထင်မကြီးနိုင်တော့ဘဲ အထင်သေးခြင်း, ဤသို့ ၂ မျိုးရှိ၏၊ ယောဂီတို့၏ အထင်သေးမှုကိုပင် ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်-ဟု ခေါ်ရသည်။

[ဆောင်] ဇုတ္တိ— နီစ, ပုဂ္ဂလတို့ , ဒုက္ခရောက်ငြား, ယောဂီများလည်း, တရားဖြင့်မြော်, ကိုယ်အပေါ်တွင်,အထင်သေးကြ, ငြီးငွေ့က, နိဗ္ဗေဒ—ဟု ခေါ်။

(၂) တက္က။ ။တက္ကော(ဝိတက္ကနံ)-တစုံတခုသော အကြောင်းအရာပေါ်၌ ယုံမှားသံသယ ဖြစ်နေသောကြောင့် “ဒီလိုဖြစ်စရာရှိရဲ့, အင်း .... ဟိုလို ဖြစ်စရာ ရှိရဲ့ ” ဟု ဥုးခေါင်းကို ငြိတ်ကာ ငြိတ်ကာ တွေးတော ကြံစည်ခြင်းသည် တက္က မည်၏။

[ဆောင်] ယုံမှားဘွယ် ဟု , တခုခုကို, အနုစိတ်ကာ, ကြံတွေးရာ, မှတ်ပါ တက္ကခေါ်။

(၃) သင်္ကာ ။ ။ အနတ္တပဋိဘာ သင်္ကာ-မိမိကို သူတပါးက မကောင်းကြံလေမည်လား,သို့မဟုတ်-ဤအလုပ် လုပ်လျှင် မကောင်းကျိုး ဖြစ်လေမည်လား, ဤသို့ တုန်လှုပ်ချောက်ချားလျက် အကျိုးမဲ့၌ ယုံမှားသံသယဖြစ်နေခြင်း, အကျိုးမဲ့ဖြစ်ဘို့ရန် ထင်နေခြင်တည်း။

[ဆောင်] အကျိုးမဲ့မှု , တခုခုကို , ပြုလေ မည်လော, ဖြစ်မည်လော ဟု, တွေးတောယုံမှား , စိတ်ချောက်ချား, မှတ်သား သင်္ကာခေါ်။

(၄) သမ။ ။သမော (ခေဒေါ) - ခရီးသွားခြင်း , အပျော်အပါး အားကြီးခြင်းစသည်တို့ကြောင့် မောဟိုက်ချွေးကျလာအောင် ပင်ပန်းခြင်းသည် သမမည်၏။

[ဆောင်] ခရီးသွားများ, ပျော်အပါးကြောင့်, ကိုယ်အားမောလျက်, ချွေးလည်းထွက်မျှ, ပင်ပန်းက, သမဟူ၍ ခေါ်။

www.dhammaransi.com



ဂိလာနိ – အားအင်ကုန်ခန်း, ကိုယ်နွမ်းခြင်းဝှင်း၊ ဥသုက ဟာရိသ သတိသာ – အချိန်ကာလကို မစောင့်နိုင်လောံအောင် အားထုတ်ဗျာများခြင်း, ရွှင်လန်းဝမ်းမြောက်ခြင်း,အောက်မေ့ အမှတ်ရခြင်း, ပြုံးစူခြင်းတို့ဝှင်း။ [ဝိသာဒ+အဗဟိတ္ထာ ဟုခွဲ။] ဝိသာဒ၊ဗဟိတ္ထာ– စိတ်၏ ပင်ပန်းခြင်း , အပြင်မထွက်အောင် သိပ်သိပ် သည်းသည်း

× × × × × × ×

(၅) မိတိ။ ။မိတိ သန္တောသော-အဝတ်အစား အိပ်ရာနေရာ စသည်များကို ဉာဏ်ဖြင့် စဉ်းစား၍ သုံးစွဲသူမှာ သုံးစွဲ စားသောက်ရာ၌ လျှပ်ပေါ်လော်လီမှု မရှိတော့ဘဲ"သန္တောသ (သန္တုဋ္ဌိ)" ဟု ခေါ်သော တင်းတိမ်ရောင့်ရဲမှု ဖြစ်ပေါ်လာ၏၊ ထိုရောင့်ရဲမှုကို မိတိ ဟု ခေါ်သည်။

[ဆောင်] သုံးဆောင်သောက်စား, ပစ္စည်းများ၌, စဉ်းစား ဉာဏ်မြော်, မလျှပ်ပေါ်ဘဲ, သင့်တော်ရုံမျှ, ရောင့်ရဲက, မှတ်ကြ မိတိ ခေါ်။

(၆) ဇဠတာ။ ။သက္ကတ၌ "ဇဍ- ( ဣဋ္ဌာနိဋ္ဌာနဘိဇ္ဇော )- ဣဋ္ဌာရုံ အနိဋ္ဌာရုံ ( အကောင်း အဆိုး ) ခွဲခြား၍ မသိတတ်အောင် ဖုံးသူ(အ)သူ"ဟု ရှိ၏၊ ဇဍဿ + ဘာဝေါ ဇဍတာ၊ ဍ ကို ဠပြု၍ "ဇဠတာ"ဟု ဖြစ်၏၊ ဖျင်း(အ)သူ၏ ဖြစ်ကြောင်း အကောင်းအဆိုး ကို နားမလည်ခြင်း, ဖျင်းအခြင်း၊ ဤနေရာ၌ကား ထိုနားမလည်မှုကို အကြောင်းခံလျက် ရောက်လာသောကိစ္စကို မျက်လုံးပြူး၍ကြည့်ကာ ဘာမျှ မလုပ်တတ်ခြင်း , တွေဝေနေခြင်းကို " ဇဠတာ " ဟု မှတ်။ [အပတိပတ္တိ- မပြုကျင့်ခြင်း(မပြုတတ်ခြင်း)သည် ဇဠတာ။]

[ဆောင်] ကောင်းဆိုး အရှိ, ခွဲမသိ၍, မျက်စိပြူးကာ, ကြုံလာကိစ္စ, တွေဝေက, ဇဠတာ ဟု ခေါ်။

(၇) ဒီနတာ။ ။ဒီနတာ စေတသော အနောဇတာ-ဥစ္စာမဲ့မွဲ ဆင်းရဲခြင်းကြောင့် အဝတ်အစား ညစ်ညစ်နွမ်းနွမ်းနှင့် မရွှင်မလန်း မချမ်းမသာဖြစ်၍ စိတ်၏ အဆီဩဇာဖြစ်သော ရွှင်လန်းမှု မရှိခြင်း, ဩဇာမရှိခြင်းကို ဒီနတာဟု ခေါ်သည်။

[ဆောင်] ဥစ္စာမဲ့လျှင်း, ဆင်းရဲခြင်းကြောင့် , စိတ်တွင်း ခြောက်ခန်း, လွှန်ညှိုးနွမ်းက, မှတ်ကုန်ကြ, ဒီနတာ ဟု ခေါ်။

www.dhammaransi.com



စောင့်စည်းခြင်းတို့ငှါ၊ စိန္တာ ၈ဗ္ဗာ- ကြံမှိုင်ခြင်း, မာန်တက်ခြင်း တို့ငှါ၊ အပမာရော - ဘီလူးစသည် ဖမ်းသဖြင့် ရူးနှမ်းခြင်းငှါ၊ [အမရိသ+ မဒ+ မတိ + ဥမ္မာဒ ဟု ခွဲ။] အမရိသ မဒ မတုမ္မာဒ မောဟာ - သည်းမခံနိုင်ခြင်း , မူးယစ်ခြင်း , သိခြင်း , သည်းခြေ သွေးရူး ရူးခြင်း,မိန်းမောတွေဝေခြင်းတို့ငှါ၊ ဝိဗောဓော-အိပ်ရာမှ

× × × × × × ×

(၈) ဥဂ္ဂတ္တံ။ ။ဥဂ္ဂတ္တံ-(ဒါရုဏတ္တံ)ကြမ်းတန်းသည်၏အဖြစ် သည် ဥဂ္ဂတ္တမည်၏၊ သူတပါးက မိမိအပေါ်၌ အပြစ်တခုကို ပြုထား သည့်အတွက် လက်စားချေလို,ပြန်ရှိရှိပ်စက်လိုသောကြောင့် ခက်ထန် ကြမ်းတန်းခြင်း(ရန်ဖြစ်ရာဝယ် ပြန်၍မချရလျှင်မကြေနိုင်သည့်အတွက် ဆွဲငင်လို့ မရလေသံအောင် အကြမ်းပတမ်း ဖြစ်ခြင်းမျိုး)သည် ဥဂ္ဂတ္တ မည်၏။ [ ဥဂ္ဂဿ- ကြမ်းတန်းသူ၏ + ဘာဝေါ ဥဂ္ဂတ္တံ (ဥဂ္ဂတာ)။]

[ဆောင်] အပြစ်တခု, သူကပြုသဖြင့်, သူ့ကိုတဘန်, ကိုယ်က ပြန်၍, ပြုရန်ကြမ်းလှ, မိုက်ဒေါသ, ဥဂ္ဂတ္တဟု ခေါ်။

(၉) အလသတ္တံ။ ။အလသဿ -ပျင်းသူ၏+ဘာဝေါ အလ သတ္တံ၊တစုံတခုပြုခွင့်ကြုံရာ၌ ပင်ပန်းမည်မှကြောက်ခြင်းကြောင့် ပျင်းရိ ခြင်းသည် အလသတ္တမည်၏၊ ထိုသို့ ပျင်းရိသောအခါ ထိုအလုပ်ကို မလုပ်ရအောင် နေမကောင်းဟန် ဆောင်ခြင်း စသော ကောက်ကျစ် သော အမူအရာ ဖြစ်လာတတ်သည်။

[ဆောင်] ပြုရေးပြုရာ, ပေါ်ပေါက်လာလျှင်, ပန်းမှာကြောက်ဘိ, ပျင်းရိရိ, မှတ်သိ အလသတ်ခေါ်။

(၁၀) သုတ္တ ။ ။ အိပ်ချင်မှု ငိုက်မည်းမှုကို အကြောင်းပြု၍ အိပ်ပျော်ခြင်းသည် သုတ္တမည်၏၊ထိုသို့အိပ်ပျော်မှုကိုပင် သာယာဘွယ် ချမ်းသာတခု ဟု အသိအမှတ်ပြုကြသည်။

[ဆောင်] ငိုက်မည်း၍လာ, အိပ်ပျော်ခါ, မှတ်ပါ သုတ္တခေါ်။

(၁၁) တာသ။ ။တာသော စိတ္တက္ခောဘော =ရန်သူစသည် တို့က ခြိမ်းချောက်မှုကြောင့် တကိုယ်လုံး တုန်လှုပ်လာအောင် စိတ်၏ ထိတ်လန့် ချောက်ချားခြင်းသည် တာသမည်၏။

[ဆောင်] ရန်သူ စသည့်, ခြိမ်းချောက်ဘိမှု, စိတ်၏ ဖေါက်ပြား, ထိတ်လန့်ငြား, မှတ်သား တာသခေါ်။

www.dhammaransi.com



နိုးခြင်းငင်း၊ နိဒ္ဒါဝေဂါ-ငိုက်မည်းခြင်း,ပျာပျာသလဲဖြစ်ခြင်းတို့ငင်း၊ သမိဋ္ဌ- ရှက်ခြင်းနှင့်တကွ ဖြစ်ခြင်းငင်း၊ မရဏ - သေခြင်းငင်း၊ သစပလ်-လျှပ်ပေါ်လော်လီ မတည်ခြင်းနှင့်တကွဖြစ်ခြင်းငင်း၊ ဗျာဓိ-ဖျားနာခြင်းငင်း၊(ဇုတိ-ဤသို့၊) တေတ္တိံသ-၃၃ ပါးသော၊ ဧတေ-ဤဘာဝတို့သည်၊(ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့တည်း)။

× × × × × + ×

(၁၂) ဂိလာနိ။ ။သတ္တတန္တ ဌါနိကို ပါဠိ၌ "ဂိလာနိ "ဟု ပြန်ထားသည်၊ ဗလဿာ•ပစယော ဂိလာနိ - အားအင် ကုန်ခန်း ညှိုးနွမ်းခြင်းသည် ဂိလာနိမည်၏၊ ပင်ပန်းမှု မွတ်သိပ်ဆာလောင်မှု စသည်ကြောင့် အားအင်ကုန်ခန်း မရွှင်လန်းခြင်းကို "ဂိလာနိ" ဟု ခေါ်သည်။ [ "ဂိလာန" သဒ္ဒါကား မကျန်းမာသူကို ဟော၏၊ ထို့ကြောင့် "ဂိလာနိ"ဟု ရှိစေ။]

[ဆောင်] မွတ်သိပ်ပင်ပန်း, အားကုန်ခန်းလျက်, ညှိုးနွမ်းလေဘိ,
ကိုယ်မချိ, ဂိလာနိ ဟု ခေါ်။

(၁၃) ဥဿုက္ကံ။ ။ကာလက္ခမတာ ဥဿုက္ကံ-မိမိနှစ်သက်ဘွယ် အရာကို ဆွေ့လို မြင်လိုခြင်းကြောင့် ပြာရိပြာရာ ဗျာများလာလောက်အောင် ( ကာလ + အက္ခမတာ ) သင့်လျော်သော အချိန်အခါကို မစောင့်ဆိုင်းနိုင်ခြင်းသည်ဥဿုက္ကမည်၏။[ဥပုဗ္ဗ သုဓာတ်,ကွိပစ္စည်း, က-လာ, ဥ၊ကို ရဿပြု၍ပြီးသော " ဥဿုက " သဒ္ဒါသည် အလွန်ဗျာများ၍ကြိုးစားအားထုတ်သူကိုဟော၏၊ဤနေရာ၌ကား ထိုပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အမူအရာကိုယူဘို့ရန်"ဥဿုကဿ+ဘာဝေါ ဥဿုက္ကံ " ဟု ရှိသင့်၏၊ သို့သော် ဆန်းကြောင့် ကတလုံး ချေထားသည်။]

[ဆောင်] မိမိနှစ်သက်, မြင်လိုချက်ကြောင့်, ငံ့လျက်ချိန်တိုင်, မစောင့်
နိုင်အား, လွန်ဗျာများ, မှတ်သား ဥဿုက္က ခေါ်။

(၁၄) ဟာရိသ။ ။စေတောပသာဒေါ ဟာရိသော=ပွဲသဘင်ကို မြင်ရခြင်း , ချစ်ခင်သူကို မြင်ရခြင်း စသည်ကြောင့် စိတ်၏ ကြည်လင်ရွှင်ပျခြင်းသည် ဟာရိသမည်၏။

[ဆောင်] ပွဲလမ်းသဘင်, ချစ်သူမြင်၍, ကြည်လင်ရွှင်ပျ,
ဝမ်းမြောက်က, ဟာရိသ ဟု ခေါ်။

www.dhammaransi.com



(၁၅) သတိ ။ ။ ရှေး၌ တွေ့ဘူး ကြုံဘူး ခံစားအပ်ဘူးသော အရာဝတ္ထုနှင့်တူသော တစုံတခုကို မြင်ရခြင်း စသည်ကြောင့် ရှေးက တွေ့ဘူးကြုံဘူး ခံစားဘူးသောအရာကို ပြန်၍အမှတ်ရခြင်း, အောက်မေ့ခြင်းသည် သတိမည်၏။

[ဆောင်] ရှေးကတွေ့ကြုံ, ထိုအာရုံနှင့်, ပုံတူခုတွေ့, ရှေ့ပြန်၍, အောက်မေ့ သတိ ခေါ်။

(၁၆) ဇုဿာ ။ ။ ပရေသံ ဥက္ကံသာ•သဟနတာ ဇုဿာ= စိတ်နေယုတ်ညံ့သူ, (ဂဗ္ဗ) မာန်မာန ကြီးသူတို့သည် သူတပါးတို့က ကိုယ့်ထက် သာသွားခြင်းကို သည်းမခံနိုင်အောင် မနာလိုတတ် ငြူစူတတ်ကြ၏၊ ထိုမနာလိုခြင်း ငြူစူခြင်းသည် ဇုဿာမည်၏။ [ဇုဿာကို "ဥသူယာ, အသူယာ" ဟုလည်း ခေါ်ကြ၏။]

[ဆောင်] ကိုယ့်ထက်သာကို, မခံလို၍, စိတ်ညိုမုန်းထား, ငြူစူငြား, မှတ်သား ဇုဿာခေါ်။

(၁၇) ဝိသာဒ။ ။ခေဒေါ(ဝိသာဒေါ)-ပင်ပန်းခြင်းသည်ဝိသာဒ မည်၏၊ မိမိ အားထုတ်အပ်သော ကိစ္စ၏ အကျိုးမပြီးခြင်း( စာမေးပွဲ မအောင်ခြင်း ), (အကျိုးမပြီးရုံတွင် မက ) အကျိုးပျက်စီးခြင်း ( ကုန် ရှုံးခြင်း ) တို့ကြောင့် စိတ် ပင်ပန်းခြင်းသည် ဝိသာဒ မည်၏။ [ ရှေး၌ ကိုယ်ပင်ပန်းခြင်းကို " သမ " ဟု ဆိုခဲ့၏၊ ဤနေရာ၌ စိတ်ပင်ပန်းမှုကို "ဝိသာဒ" ဟု ဆိုသည်။]

[ဆောင်] ကိစ္စ သီးသီး, ကျိုး မပြီးနှင့်, တနည်း ကျိုးပျက်, သို့အတွက် ကြောင့်, စိတ်စက် ပန်းက, ဝိသာဒ ဟု, မှတ်ကြပြီးခါ, ကိုယ်ပန်းမှာ, ခွဲပါ သမ ခေါ်။

(၁၈) အဝဟိတ္ထာ။ ။ထောမနိဓိ၌ " န + ဝဟိ + တိဋ္ဌတီတိ အဝဟိတ္ထာ" ဟု ရှိ၏၊ ဋ္ဌကို ထ္ထပြု၊ " စိတ်၌တည်သော သဘော" ဟု လည်း အနက်ဖွင့်၏၊ "ဘယဂါရဝ လဇ္ဇာဒီဟိ-ကြောက်ခြင်း, ရိုသေ ခြင်း, ရှက်ခြင်းစသည်တို့ကြောင့်၊ ဟဿာဒိ အာကာရဂုတ္တိ - ရယ်ခြင်း စသော အခြင်းအရာကို ( မရယ်မိအောင် စသည်ဖြင့် ) စောင့်စည်း ခြင်းသည်၊ အဝဟိတ္ထာ-မည်၏" ဟု ဒပ္ပဏ၌လည်း သရုပ်ဖေါ်ထား၏၊ ထိုအားလုံးကို ထောက်၍ ရှက်ကြောက် ရိုသေခြင်းကြောင့် အပြော

www.dhammaransi.com



အဆို အမူအရာ သိပ်သိပ်ယည်းသည်းရှိအောင် ထိန်းသိမ်းစောင့်စည်းခြင်းကို အဝဟိတ္ထာ-ဟု မှတ်။

[ဆောင်] ရှိသေသမှု, ရှက်ကြောက်မှုကြောင့်, ပြုမူ ပြောသမျှ, စောင့်စည်းက, အဝဟိတ္ထခေါ်။

(၁၉) စိန္တာ။ ။"ဟိတာပတ္တိယာ-လိုလားတောင့်တအပ်သော စီးပွား၏ မရောက်ခြင်း-မရခြင်းကြောင့်၊ ချာန်-ကြံစည်မှိုင်တွေခြင်းသည်၊ စိန္တာ- မည်၏"ဟူ၊ သာ ဒပ္ပဏာနှင့်အညီ လိုတာကိုမရ၍ ကြံစည် မှိုင်တွေခြင်းသည် စိန္တာ မည်၏၊ ထိုစိန္တာဖြစ်သောအခါ အမကုဋ္ဌိတနယနာဒိ(မပွင့်သော-မှေးသော မျက်စိရှိခြင်း) အဓောဓိတ္ထာစက္ခာဒိ(မျက်လွှာအောက်ချခြင်း)စသော အကျိုးများဖြစ်တတ်သည်ဟု စိန္တာ၏ အနုဘာဝ(အကျိုး)ကို ဋီကာသစ် ဖေါ်ပြသည်။

[ဆောင်] လိုရာအခင်း, မရခြင်းကြောင့်, ကြံရင်း မှိုင်ကာ, တွေးတောရာ, စိန္တာ ဟူ၍ ခေါ်။

(၂၀) ဂဗ္ဗ။ ။ရာထူးဂုဏ်သိရ် စည်းစိမ်ပညာ အရာရာကြောင့် ငါသာမြတ်၏ ဟု ထင်မှတ်တက်ကြွ, မာန်မာနဖြစ်ခြင်းသည် ဂဗ္ဗ မည်၏၊ ထိုအခါ သူတပါးကိုကား အထင်သေးတတ်လေသည်။

[ဆောင်] ရာထူးဂုဏ်သိရ်, စည်းစိမ်ပညာ, အရာရာကြောင့်, ငါသာအမြတ်, ငါသာတတ် ဟု, ထင်မှတ်တက်ကြွ, မာန်မာန, ဂဗ္ဗ ဟူ၍ ခေါ်။

(၂၁) အပမာရ။ ။ဂါဟာဒိ အာဝေသနာဒိဇော-ဖမ်းစားတတ်သော ဘီလူး(သရဲ-စုန်း)စသည်တို့၏ ပူးဝင်ခြင်းစသည်ကြောင့် ဖြစ်သော၊ စိတ္တက္ခေပေါ-စိတ်ပျံ့လွင့်ခြင်း ရူးခြင်းသည်၊ အပမာရော-မည်၏။["အပသ္မာရ"ဟု သက္ကတရှိ၏။]

[ဆောင်] သားရဲ ဘီလူး, စသည်ပူးသဖြင့်, စိတ်ပျံ့လွင့်က, မှတ်ကုန်ကြ, အပမာရ ခေါ်။

(၂၂) အမရိသ။ ။အမရိသော အက္ခမတာ-သူတပါးက မိမိကို ကဲ့ရဲ့ခြင်း, အထင်သေးခြင်းကြောင့် သည်းမခံနိုင်ခြင်းသည်ဇင်း, သဌေးသားဖြစ်ခဲ့သော ရှင်သုဒိန်၏ ပုတ်သိုးနေသော အစာ-စားနေသည်ကို အဘ သဌေးကြီးမြင်သောအခါ မခံချိ မခံသာဖြစ်ခြင်းမျိုး ကဲ့သို့ မိမိနှင့်စပ်ဆိုင်သူ၏ အထင်သေးဘွယ် ကိစ္စကို မြင်ရခြင်းကြောင့်

www.dhammaransi.com



မခံချိ မခံသာဖြစ်ခြင်းသည်ပင် အမရိသမည်၏။ [ထောမနိဓိ၌ '' မြိသ (မရိသ)-ခမာယံ'' ဟု ဓာတ်ရှိ၏။]

[ဆောင်] လူသူများဖျင်, အထင်သေးသံ, ကဲ့ရဲ့သံနှင့် , တဘန်ဆိုင်ရာ, မခံသာအောင်, ကြီလာလေဘိ, မခံချိ, အမရိသ ခေါ်။

(၂၃) မဒ။ ။မဒေါ ပမာဒဥက္ကံသော-သေရည်အရက် သောက်ခြင်း, ဘိန်းစားခြင်းကြောင့် မေ့မူးခြင်း၏ လွန်ကဲခြင်း(အလွန်အကျူး မူးယစ်ခြင်း ) သည် မဒမည်၏၊ ထို မဒဖြစ်သောအခါ ကိုယ်အင်္ဂါ၏ ချွတ်ချော်ခြင်း, နှုတ်အပြော၏ ချွတ်ချော်လွဲမှားခြင်း, အသွားအလာ ချွတ်ချော်ယိမ်းယိုင်ခြင်းဟူသောအကျိုးများဖြစ်တတ်၏၊ အထက်တန်း ကျသူတို့က အိပ်နေတတ်, အလတ်တန်းစားတို့က ရယ်မောနေတတ်, အောက်တန်းစားတို့က ငိုနေတတ်၏-ဟု ဒဏ္ဍီဆရာ့ပ၌ဆိုသတတ်။

[ဆောင်] ယစ်မျိုး သောက်စား, မူးယစ်ငြား, မှတ်သား မဒ ခေါ်။

(၂၄) မတိ။ ။မတိ ကမ္မဇ္ဈဒေါ- နီတိကျမ်း , ဘုရားဟောကျမ်းစသည်တို့၌ညွှန်ပြအပ်သော နည်းလမ်းဥပဒေသကြောင့် ယုံမှားသံသယကို ဖြတ်နိုင်လောက်အောင် အသိဉာဏ် ဖြစ်ခြင်းသည် မတိမည်၏။

[ဆောင်] ဘုရားဟောကျမ်း, နီတိကျမ်းမှ, နည်းလမ်း ညွှန်ပြ, ဥပဒေ ရ၍, သံသယကင်းဘိ, အမှန်သိ, မတိ ဟူ၍ ခေါ်။

(၂၅) ဥမ္မာဒ။ ။အသမက္ခိတကာရိတာ ဥမ္မာဒေါ-သည်းခြေပျက်ခြင်း စသည်ကြောင့် မစူး မစမ်း အရမ်းပြုလေ့ရှိသူ၏ အဖြစ် (အရမ်းပြုအောင် ရူးခြင်း)သည် ဥမ္မာဒမည်၏။ [ထိုသို့ ရူးသောအခါ အကြောင်းမဲ့ငိုမှု ရယ်မှု သီချင်းဆိုမှုများ ဖြစ်တတ်သောဟူ၏၊ ဘီလူး စသည် ဖမ်းစား၍ ရူးလျှင် အပမာရ , သည်းခြေရူး သွေးရူး ရူးလျှင် ဥမ္မာဒ ဟုခွဲ။]

[ဆောင်] သည်းခြေ သွေးကြွ, ရူးလေက, ဥမ္မာဒဟု ခေါ်။

(၂၆) မောဟ။ ။ဘီတိ ဒုက္ခာဝေဂါနုစိန္တနာ-ကြောက်ခြင်း, ဆင်းရဲဒုက္ခရောက်ခြင်း, ထိတ်လန့်ခြင်း, ကြံမှိုင်ခြင်းကြောင့်၊ ဝိစိတ္တတာ-ပကတိစိတ် ကင်းကွာသူ၏အဖြစ် ဟူသော မိန်းမောခြင်း ( သေငယ်

www.dhammaransi.com



ဇောဖြင့်)မျောမေ့ခြင်းသည် မောဟ(မုဋ္ဌ)မည်၏။[အဘိဓမ္မာ မောဟ စေတသိက်သာ မက, မေ့မျောခြင်းတိုင်အောင် ယူရသည်။]

[ဆောင်] ကြောက်လန့်မှိုင်ခြင်း, ဆင်းရဲခြင်းကြောင့်, စိတ်ကင်းတွေဝေ, မိန်းမောချေ, မှတ်လေ မောဟ ခေါ်။

(၂၇) ဝိဗောဓ။ ။နိုးဘို့ရန် အချိန်ကျမှု , အလင်းရောင်မြင်မှု စသည်ကြောင့်, အိပ်ရာမှနိုးခြင်းသည် ဝိဗောဓမည်၏။[လောကီလူတို့က အိပ်ပျော်နေသောအခါ စိတ်စေတနာ မဖြစ် - ဟု ယူဆ၍ , စိတ်စေတနာပေါ်လာခြင်းကို "နိုးခြင်း- ဝိဗောဓ"ဟု ယူဆကြ၏၊ အဘိဓမ္မာ သဘောအားဖြင့် ဘဝင်အစဉ်ချည်း ဖြစ်နေခြင်းကို အိပ်ပျော်ခြင်း, ဝီထိစိတ်ဖြစ်ပေါ်ခြင်းကို နိုးခြင်းဟု ယူရသည်။]

[ဆောင်] နိုးဘို့ ချိန်ခါ, လင်းရောင်ဖြာ၍, အိပ်ရာစက်မှ, နိုးလေက, ဝိဗောဓ—ဟု ခေါ်။

(၂၈) နိဒ္ဒါ။ ။စိန္တာ အာလဿ ကိလမာဒီဟိ - ကြံမှိုင်ခြင်း, ပျင်းရိခြင်း , အလုပ်ပင်ပန်းခြင်း စသည်တို့ကြောင့်၊ မနောသမ္ပိလန်-စိတ်၏တွန့်ဆုတ်ခြင်းသည်၊ နိဒ္ဒါ = ငိုက်မည်းခြင်း မည်၏။ [ ထိုအခါ မျက်စိမှိတ်တုပ်မှိတ်တုပ်ဖြစ်ခြင်းနှင့် ခန္ဓာကိုယ် ကွေးညွတ်ခြင်းဟူသော အကျိုးများဖြစ်တတ်၏၊ ဤစကားအရနိဒ္ဒါသည် ငိုက်မည်းခြင်း,သုဗ္ဗ သည် အိပ်ပျော်ခြင်း-ဟု အထူးကို မှတ်ပါ။]

[ဆောင်] ကြံမှိုင်ပျင်းရိ, ပင်ပန်းဘိကြောင့်, စိတ်၏လျော့ခိုက်, ဘဝင်ဆိုက်, အိပ်ငိုက် နိဒ္ဒါခေါ်။

(၂၉) အာဝေဂ။ ။ ဘေးရန်အန္တရာယ်ကို မြင်ရခြင်းစသည် ကြောင့် ပျာရိပျာရာ (ပျာပျာသလဲ)ဖြစ်ခြင်းသည် အာဝေဂ မည်၏၊ ထို့ကြောင့် ကျမ်းစာတို့၌ "မာ ဝေဂါယိ - မပျာစမ်းပါနှင့်"စသည် ဖြင့် ဆိုလေ့ရှိသည်။

[ဆောင်] ဘေးရန်ဖြစ်မည့်, အကြောင်းသိ၍, ပျာရိပျာရာ, ဖြစ်မှုသာ, အာဝေဂါ—ဟုခေါ်။

(၃၀) ဗိဠ္ဌ။ ။ဒုရာစာရာဒီဟိ(ဒု+အာစာရာဒီဟိ)-မကောင်းမှုကို ပြုကျင့်မိခြင်း စသည်တို့ကြောင့် ( သူတပါးတို့ သိသွားသဖြင့်)၊

www.dhammaransi.com



လဇ္ဇာ-ရှက်ခြင်းသည်၊ ဗြဠာ-မည်၏၊ ထိုသို့ရှက်သောအခါ သူတပါး က ကြည့်မှာစိုး၍, သူတပါးကိုမကြည့်ဝံ့၍ မျက်နှာကို အောက်ချခြင်း စသော အကျိုးများ ဖြစ်တတ်၏။

[ဆောင်] မကောင်း အကျင့်, ပြုမိလင့်က, အသင့်သူများ, မိ၍သွား, ရှက်ပြား ဗြီဠ ခေါ်။

(၃၁) မရဏ ။ ။ သရာဒီဟိ- မြှားမှန်ခြင်း စသည်တို့ကြောင့် (ရောဂါဖြစ်ခြင်း ကံကုန်ခြင်း, အသက်တမ်းကုန်ခြင်းစသည်ကို အာဒိ ဖြင့် ယူ)၊ ဇီဝစာဂေါ- အသက်စွန့်ရခြင်းသည်၊ မရဏံ - မည်၏။

[ဆောင်] အာယုက္ခယ, စသည်ကြောင်းရင်း, ပေါ်လာလျှင်း, သေခြင်း မရဏခေါ်။

(၃၂) စပလ။ ။မဇ္ဈေရဒေသာရာဂေဟိ-ဝန်တိုခြင်း,မုန်းခြင်း, ချစ်ခြင်းတို့ကြောင့်၊ အနဝဋ္ဌိတိ- လျှပ်ပေါ်လော်လီ မတည်ခြင်းသည်၊ စပလံ- မည်၏။ ["စပလဿ-လျှပ်ပေါ်လော်လီ မတည်ကြည်သူ၏+ ဘာဝေါ စာပလျံ ( စာပလ္လံ )"ဟု ရှိသင့်သော်လည်း ဆန်းကြောင့် " စပလံ "ဟု ရှိသည်။] ထို စာပလျ ဖြစ်သောအခါ ကိုယ်သွားချင်ရာ သွားခြင်းစသော အကျိုးများဖြစ်တတ်သည်။

[ဆောင်] ဝန်တိုမုန်းချစ် , အကြောင်းဖြစ်၍ , စင်စစ်မတည်, လျှပ်လော်လီ, နာမည် စာပလ္လခေါ်။

(၃၃) ဗျာဓိ။ ။ အနိလာဒီဟိ-လေ စသည်တို့ကြောင့်(သွေး လေ စသည်တို့ ဖေါက်ပြန်ခြင်းတို့ကြောင့်၊)ဇရော-ဖျားနာခြင်းသည်၊ ဗျာဓိ - မည်၏၊ ထိုအခါ လှဲ၍ အိပ်ခြင်း, ကိုယ်တုန်လှုပ်ခြင်း စသော အကျိုးများ ပေါ်လာတတ်၏။

[ဆောင်] သွေးလေ ချောက်ချား, ခတ်ဖေါက်ပြား၍, နာဖျား လေဘိ, ရောဂါရှိ, ဗျာဓိဟူ၍ ခေါ်။

မှတ်ချက် ။ ။ ဤ ၃၃ ပါးတို့တွင် တက္ကနှင့် စိန္တာ , သမနှင့် ဓိသာဒ , ဇဠတာနှင့် မောဟ , အပမာရနှင့် ဥမ္မာဒ , ဂိလာနိနှင့် ဗျာဓိ,ဤ ၅ စုံတို့သည် အနက်အားဖြင့်တူသကဲ့သို့ ထင်ရသော်လည်း အရကောက်သဘောသွားမှာ မတူကြကြောင်းကို ပြခဲ့ပြီး အဓိပ္ပါယ် နှင့် ဆောင်ပုဒ်များကိုကြည့်၍ သိနိုင်လောက်ပြီ။

www.dhammaransi.com



## သတ္တိကဘာဝ၏ သဘော

၃၄၅။ သမာဟိတတ္တပ္ပဘာဝံ, သတ္တံ့ တေနောပပါဒိတာ၊
သတ္တိကာပျနုဘာဝဏ္ဌေ,ဝိသုံ ဘာဝါ ဘဝန္တိ တေ။

၃၄၅။ သမာဟိတတ္တပ္ပဘာဝံ - ကောင်းစွာ တည်ကြည်သော စိတ်ကြောင့် ဖြစ်သော သဘောသည်၊ သတ္တံ-သတ္တမည်၏၊ တေန-ထို သတ္တဂုဏ်သည်၊ ဥပပါဒိတာ-ဖြစ်စေအပ်သော ဘာဝတို့သည်၊ သတ္တိကာ-သတ္တိကတို့မည်၏၊ တေ-ထိုသတ္တိကဘာဝတို့သည်၊ အနုဘာဝဏ္ဌေ- ဘာဝ၏ အကျိုးတို့၏ အဖြစ်သည့် (သတိ)ပိ- ဖြစ်ပါသော်လည်း၊ ဝိသုံ - ဌာယိဘာဝ ဗျဘိစာရိဘာဝတို့မှ သီးခြား၊ ဘာဝါ-ဘာဝတမျိုးတို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၃၄၅။ သမာဟိတတ္တ၊ပေ၊သတ္တံ ။ ။ ဌာယိဘာဝ, ဗျဘိစာရိ ဘာဝတို့ကို ပြပြီး၍ သတ္တိကဘာဝကို ပြလိုသောကြောင့် " သမာဟိတတ္တ" စသည်မိန့်၊ သမာဟိတတ္တ ပဘာဝံသည် သတ္တ၏ အဖွင့်တည်း၊ "သ+အတ္တ" ဟု ခွဲ၊ သကို " သမာဟိတ " ဟု ဖွင့်သည်၊ သလည်း သန္တ၏ ကာရိယတည်း၊သန္တော-ငြိမ်သက်တည်ကြည်သော+အတ္တာ- စိတ်တည်း၊ သတ္တာ-ငြိမ်သက်တည်ကြည်သောစိတ်၊သတ္တတော+ပဘာဝံ သတ္တံ=ငြိမ်သက်တည်ကြည်သောစိတ်ကြောင့်+ဖြစ်သော (နိုင်မြဲခြင်း) သတ္တိထူး၊ "တေန+ဥပပါဒိတာ"ကိုကြည့်၍"သတ္တေန+ဥပပါဒိတာ သတ္တိကာ" ဟု ပြု၊ သတ္တေန - ငြိမ်သက် တည်ကြည်သော စိတ်ကြောင့် ဖြစ်သော သတ္တိထူးသည်+ဥပပါဒိတာ-ဖြစ်စေအပ်သော ထမ္ဘစသည် တို့တည်း၊ သတ္တိကာ- တို့။ [ သက္ကတ၌ သတ္တကို " သတွ " ဟု ရေး၍ သတ္တိကကို "သာတွိက" ဟု ရေးသည်။]

ဋီကာ ။ ။ သမာဟိတတ္တပဘာဝံ - ကေဂ္ဂတာဘာဝါပါဒနေန (တည်ကြည်သည်၏အဖြစ်သို့ရောက်စေခြင်း=ရောက်အောင် ကြိုးစား ခြင်းဖြင့်)ကတသမာဓာနစိတ္တတော ( ပြုအပ်သော တည်ကြည်သော စိတ်ကြောင့်၊ သမာဟိတတ္တ အဖွင့်) သမ္ဘူတံ (ကောင်းစွာဖြစ်သော သဘောသည်၊ ပဘာဝံ အဖွင့်၊) သတ္တံနာမ၊ တေန လာဘာလာဘာ ဒီသု ကောကာရသ ဟေတုနာ ထိရဘာဝေန(လာဘ်ရခြင်း,မရခြင်း

www.dhammaransi.com



စသည်တို့၌ မထူးခြားဘဲ တမျိုးထည်း သဘောထားသော အခြင်းအရာ၏ အကြောင်းဖြစ်သော ထိုခိုင်မြဲသည်၏ အဖြစ်ဟူသော သတ္တိထူးသည် ) ဥပပါဒိတာ ထမ္ဘာဒယော သတ္တိကာနာမ။

မှတ်ချက်။ ။ ဤသို့ ဋီကာသစ် ဆရာသည် လောကဓမ်ကြောင့် မတုန်လှုပ်ဘဲ ခိုင်မြဲခြင်း သတ္တိထူးကြောင့် ဖြစ်သော ထမ္ဘစသည်ကို "သတ္တိက"ဟု ဖွင့်သော်လည်း ကြက်သီးထခြင်း, မျက်ရည်, တုန်လှုပ်ခြင်း စသည့်တို့သည် ခိုင်မြဲခြင်း သတ္တိထူးကြောင့် မဖြစ်နိုင်၊ ခိုင်မြဲခြင်း သတ္တိထူးရှိလေ,ကြက်သီးထခြင်း,မျက်ရည်,တုန်လှုပ်ခြင်းတို့မဖြစ်နိုင်လေတည်း၊ ထို့ကြောင့်"သမာဟိတ္တ-တည်ကြည်သောစိတ်"ဟူရာ၌ ကုသိုလ်အရာ ဖြစ်စေ , အကုသိုလ် အရာဖြစ်စေ လေးလေးနက်နက် တွေး၍ သမာဓိ ဖြစ်နေသော စိတ်တည်း၊ ထိုသို့ အတွေးနက်သော အခါ စိတ်မှာ သတ္တိထူးတမျိုးပေါ်လာ၏၊ ထိုသတ္တိထူးကို"သမာဟိတတ္တ ပဘဝ=သတ္တ"ဟု မှတ်၊ ထိုသို့ အတွေးနက်သော စိတ်၏ သတ္တိထူး ကြောင့်သာ ကိုယ်၏ တောင့်မာခြင်း , ကြက်သီးထခြင်း စသော (လာလတ့်) သတ္တိကဘာဝတို့ ဖြစ်နိုင်စရာရှိသည်။

အနုဘာဝတွေ့ပီ။ ။စိတ္တဝုတ္တိ ဝိသေသ-စိတ်ဖြစ်ပုံအထူးကိုသာ "ဘာဝ"ဟု ရှေး၌ ဆိုခဲ့ပြီ၊ ဤထမ္ဘ-ပလယစသည်တို့ကား စိတ်ဖြစ်ပုံ အထူးမဟုတ်ကြ၊ " သတ္တေန + ဥပပါဒိတာ-စိတ်ဖြစ်ပုံ အထူးသည်+ ဖြစ်စေအပ်ကုန်သော(စိတ်ဖြစ်ပုံအထူးမှ တဆင့်ပေါ်လာကုန်သော) အကျိုးများ ဖြစ်၍ အနုဘာဝ ဟု ဆိုသင့်သော်လည်း၊ ဝိသုံဘာဝါ-ဌာယီ-ဗျဘိစာရီဘာဝတို့မှ သီးခြား ဘာဝများ ဖြစ်ကြ၏-ဟူလို။

မှတ်ချက်။ ။ ရှေးအလင်္ကာဆရာတို့သည် လောကီကျမ်းဆရာများ ဖြစ်ကြ၍ စိတ်နှင့် စိတ္တဇရုပ်ကို ခွဲခြားလေ့ မရှိကြ၊ စိတ်ကြောင့် ဖြစ်သော ထမ္ဘ-ပလယ စသည်တို့ကိုလည်း"စိတ္တဝုတ္တိဝိသေသ- စိတ်ဖြစ်ပုံအထူး"၌ပင် သွင်းယူကြ၏၊ ထို့ကြောင့် " စိတ္တဝုတ္တိဝိသေသာ ဘာဝယန္တိ ရသေ''ဟု ဆိုခဲ့သည့်အတိုင်း ထမ္ဘစသော သတ္တိကတို့ကိုလည်း သီးခြားဘာဝတမျိုး ဟု ယူဆကြသည်။

သတ္တိကဘာဝ အနုဘာဝ။ ။ ဤ စကားအရ စိတ်၏ ထူးခြားသော အမူအရာဟု ဆိုရလောက်အောင် ကိုယ်တွင်း၌ဖြစ်သော ချွေး-

www.dhammaransi.com



**သတ္တိကဘာဝ အပြား**

၃၄၆။ ထမ္ဘော ပလယရောမဥ္စာ,တထာ သေဒသု ဝေပထူ၊
ဝေဝဏ္ဏိယံ ဝိသရတာ, ဘာဝ·ဋ္ဌေတေ တု သတ္တိကာ။

၃၄၆။ တု - သတ္တိကဘာဝ၏ သရုပ်ကို ပြဉ်းအံ့၊ ထမ္ဘော - ကိုယ်စိတ်တို့၏ တောင့်တင်းခိုင်မာခြင်းသည်၎င်း၊ပလယရောမဥ္စာ- ထွက်သက် ဝင်သက်မျှ ကြွင်းကျန်လေအောင် တွေဝေအိပ်ပျော်ခြင်း, ကြက်သီးမွေးညှင်းထခြင်း တို့သည်၎င်း၊ တထာ-ထိုမှတပါး၊ သေဒသုဝေပထူ-ချွေး,မျက်ရည်, ကိုယ်တုန်လှုပ်ခြင်းတို့သည်၎င်း၊ ဝေဝဏ္ဏိယံ - ဖေါက်ပြန်သော အဆင်းရှိသူ၏ အဖြစ်သည်၎င်း၊ ဝိသရတာ-ဖေါက်ပြန်သောအသံရှိသူ၏အဖြစ်သည်၎င်း၊ဧတေအဋ္ဌ- ဤ ရှစ်ပါးတို့သည်၊ သတ္တိကာဘာဝါ-သတ္တိကဘာဝတို့တည်း။

× × × × × × ×

မျက်ရည်စသည်ကို သတ္တိကဘာဝ,ကိုယ်မှ အပြင်ထွက်ကျသော ချွေး- မျက်ရည်စသည်တို့ကို အနုဘာဝ- ဟု ၂ မျိုး ခွဲခြားရာ၏၊ ထို့ကြောင့် ဋီကာသစ်၌"ဣမေသတ္တိကာ ဘာဝါနုဘာဝဝသေနဒုဝိဓာဟောန္တိ" ဟု မိန့်သည်၊ ထို့ကြောင့်ပင် ၍ဂါထာ၌ သေဒကို သတ္တိကဘာဝ ဟု ဆို၍, နော် (၃၅၁)ဂါထာ၌ အပြင်ထွက်သော ချွေးများကို " ဗဟိ နိဿဋသေဒါဒိ အနုဘာဝေဟိ"ဟု အနုဘာဝအဖြစ်ဖြင့် ဆိုသည်။

---

၃၄၆။ ထမ္ဘ။ ။ထောမနိမိ၌ "ထမ္ဘ-ဇဍီဘာဝေ (ထိုင်းမှိုင်း ဖျင်းအသူကဲ့သို့ ဖြစ်ခြင်း)" ဟု အနက်ဖေါ်၏၊ ထိုသို့ ဖြစ်ခြင်းဟူသည် ဘာမျှ မလုပ်နိုင်တော့ဘဲ ကိုယ်လက် တောင့်တင်း ခိုင်မာခြင်းတည်း၊ ထို့ကြောင့် ဋီကာတို့၌ "အဝိသာရကာယစိတ္တတာ - မပြန့်ပျူးသော ကိုယ်စိတ် ရှိသူ၏အဖြစ် " ဟု ပါဌ်ရှိသင့်၏၊ ကိုယ်လက် တောင့်တင်း နေသောကြောင့် (ထိုထိုကိစ္စ၌) ကိုယ်ရောစိတ်ပါ ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင် မကြံနိုင်ခြင်း-ဟူလို။

ပလယ။ ။[ပပုဗ္ဗ လီဓာတ်,အပစ္စည်း။]"ပလီယတေ အသ္မိံတိ ပလယော= အပြားအားဖြင့် ကိန်းအောင်းရာအခါ" ဟု ထောမနိမိ ဝိဂ္ဂဟပြု၏၊ ထိုအခါဟူသည် အချို့နေရာ၌ သေကြေပျက်စီးရာ အခါ

www.dhammaransi.com



တည်း၊ ဤနေရာ၌ကား ရှုသက် ရှိုက်သက်လောက် မျှသာ ကျန်သော (အခြားကိစ္စ ဘာမျှ မရှိအောင် ကိန်းအောင်းသကဲ့သို့ ဖြစ်သော) အိပ်ပျော်နေရာအခါတည်း၊ ထို့ကြောင့် ဋီကာသစ်၌ "နိဒ္ဒါယ ဥပ္ပန္နမာနာ=ငိုက်မြည်းခြင်းကြောင့် ဖြစ်သော၊ အဿာသပဿာသ မတ္တာ တိရိတ္တ သုတ္တာဝတ္ထာ=ရှုသက် ရှိုက်သက်မျှ ကြွင်းကျန်အောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာ အခိုက်အတန့်" ဟု ဖွင့်သည်။

**ရောမဥ္စ**။ ။ ရောမ- လောမ သဒ္ဒါသည် "အမွေး" ဟူသော အနက်ကို ဟော၏၊ ရောမာနံ - အမွေးတို့၏ + အဥ္စော - အထက်၌ တက်ခြင်း၊ ဝါ-ထောင်ခြင်းတည်း၊ ရောမဥ္စော-အမွေးတို့၏ ထောင်ခြင်း၊ ဝါ - ကြက်သီးမွေးညှင်း ထခြင်း၊ [ပသာဒါဒိ သမ္ဘဝါ - တရားနာရင်း ကြည်ညိုခြင်း စသည်တို့၏ ဖြစ်ခြင်းကြောင့်၊ ရောမုဂ္ဂမော-အမွေးတို့၏ ထောင်ကြွ (ကြက်သီးထ) ခြင်း။]

**သေဒဿုဝေပထူ**။ ။ **ဘယာဒီဟိ** - ကြောက်ခြင်း အစရှိသည်တို့ကြောင့်၊ ဥပ္ပန္နမာနဒါဟော - ဖြစ်သော ပူလောင်ခြင်း၊ (ဤကား သေဒ၏အဖွင့်၊) [ကြောက်ခြင်းစသည်တို့ကြောင့် အတွင်းမှာပူအိုက်၍ စို့နေသော အတွင်းချွေးကို ဆိုလိုဟန်တူသည်၊ အပြင်သို့ထွက်သော ချွေးကိုကား အနုဘာဝ-ဟု(၃၅၁)ဂါထာ၌ဆိုလတံ့။]သန္တောသာ ဒီဟိ - နှစ်သက်အားရခြင်း အစရှိသည်တို့ကြောင့်၊ ဥပ္ပန္နမာနအဿု-ဖြစ်သော မျက်ရည်။[မိမိနှင့်စပ်သူတို့ ဝမ်းသာစရာ ဖြစ်လာလျှင်လည်း ဝမ်းသာမှုကြောင့် မျက်ရည်ဖြစ်တတ်သည်။] ဝေပနံ - တုန်လှုပ်ခြင်း၊ ဝေပထု - ခြင်း၊ ဤ ၃ ပုဒ်လုံးသည် ဒွန်သမာသ် ဖြစ်သောကြောင့် "ဝေပထူ"ဟု ရှိသင့်သည်၊

**ဝေဝဏ္ဏိယံ,ဝိသရတာ**။ ။ဝိဝဏ္ဏဿ-ဖေါက်ပြန်သောအဆင်း ရှိသူ၏၊ဘာဝေါ ဝေဝဏ္ဏိယံ။[ဝိသာဒမဒရောသာဒေး-ပင်ပန်းခြင်း, ယစ်မူးခြင်း, စိတ်ဆိုးခြင်း စသည်တို့ကြောင့်၊ ဝဏ္ဏညတ္တံ - အဆင်း၏ တမျိုးတဖုံ၏ အဖြစ် (အဆင်းဖေါက်ပြန်ခြင်း) သည်၊ ဝေဝဏ္ဏိယံ-မည်၏။ - ဒပ္ပဏ။] ဝိရူပသဒ္ဒတာ - ဖေါက်ပြန်သောအသံ ရှိသည်၏ အဖြစ် (အသံပျက်ခြင်း) သည်၊ ဝိသရတာ-မည်၏။ [ဝိရူပေါ+သရော ယဿာတိဝိသရော၊ ဝိသရဿ+ဘာဝေါ ဝိသရတာ။]

www.dhammaransi.com



### ဌာယီမမြဲလျှင်, ဗျဘိစာရီ

**၃၄၇။** ယဒါ ရတျာဒယော ဘာဝါ, ဌိတိသီလာ န ဟောန္တိ စေ၊
တဒါ သဗ္ဗေပိ တေ ဘာဝါ, ဘဝန္တိ ဗျဘိစာရိနော။

၃၄၇။ ယဒါ-အကြင်အခါ၌၊ ရတျာဒယော - ရတိ အစရှိကုန်သော၊ ဘာဝါ - ဌာယီဘာဝတို့သည်၊ ဌိတိသီလာ - တည်တန့်ခြင်း အလေ့ ရှိကုန်သည်၊ စေ နဟောန္တိ - အကယ်၍ မဖြစ်ကုန်အံ့၊ (ဧဝံ သတိ-ဤသို့ မတည်တန့်ကုန်လသော်၊) တဒါ-ထိုအခါ၌၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ တေဘာဝါ-ထိုဌာယီဘာဝတို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၃၄၇။ ယဒါတျာဒိ။ ။ဤဂါထာကား ပြခဲ့သောဌာယီဘာဝတို့သည် မိမိသဘော၌ ခိုင်မြဲတည်တန့်ခြင်း မရှိသောအခါ "ဗျဘိစာရီဘာဝ" ဟု အမည်ပြောင်းလာပုံကို ပြသောဂါထာတည်း၊ဤစကားအရ နဂိုရ် ဗျဘိစာရီဘာဝ ၃၃ ပါးတွင် ဌာယီဘာဝမှ ပြောင်းလာသော ဗျဘိစာရီဘာဝ ၉ ပါးကို ထည့်လျှင် ဗျဘိစာရီဘာဝပေါင်း ၄၂ ပါးဟု မှတ်။

ထင်ရှားစေအံ့ ။ ။ ဘုရားညီတော် မင်းနန္ဒသည် ရဟန်းဘဝ တိုင်အောင် ဇနပဒကလျာဏီ၏ အပေါ်၌ ရတိဌာယီဘာဝဖြစ်နေ၏၊ ဘုရားရှင်က နတ်ပြည်သို့ခေါ်တော်မူ၍ လမ်းခရီးအကြား၌ မျောက် ဒို့မကြီးကို ပြခဲ့ပြီးမှ နတ်ပြည်သို့ရောက်၍ နတ်သမီးများကို ပြသောအခါ ဇနပဒကလျာဏီ အပေါ်၌ ရတိဌာယီဘာဝ မတည်တော့ဘဲ မျောက်မ ကြီးကဲ့သို့ ရွံမုန်းသော ဇိဂုစ္ဆာဌာယီဘာဝသို့ ပြောင်းသွားလေ၏၊ ပဘာဝတီသည် ကုသမင်း အပေါ်၌ ရွံမုန်းခြင်း ဇိဂုစ္ဆာ ဌာယီဘာဝ ဖြစ်နေပြီးမှ ၇ ပြည်ထောင်မင်းတို့ ဝိုင်းသောအခါ ကုသမင်းအပေါ် အမုန်းပျောက်၍ အားကိုးခြင်း ချစ်ခြင်း ရတိဌာယီဘာဝရောက်လေ သည်၊ တကယ်ရယ်စရာကို မြင်၍ အားရပါးရ ရယ်ခြင်း ဟာသဌာယီ ဘာဝဖြစ်နေရာမှ ဆရာသွားတို့က ငေါက်သဖြင့် ကြောက်ခြင်းဘယသို့ ပြောင်းသွားပုံ,စသည်ကိုပါ ချဲ၍ ကြည့်ပါလေ။

www.dhammaransi.com



## ဝိဘာဝ, အနုဘာဝ

၃၄၀။ ဝိဘာဝေါ ကာရဏံ တေသု-ပ္ပတ္တိ ယုဒ္ဒီပနေ တထာ၊
ယော သိယာ ဗောဓကော တေသ, မနုဘာဝေါယ မီရိတော။

၃၄၀။ တေသံ-ထိုဌာယီဘာဝ ဗျဘိစာရီဘာဝ သတ္တိကဘာဝ တို့၏၊ ဥပ္ပတ္တိယာ-ဖြစ်ခြင်းနှင့်၄င်း၊ ဥဒ္ဒီပနေ-ထင်ရှားပြခြင်း, တိုးပွားစေခြင်းနှင့်၄င်း၊ ကာရဏံ - အကြောင်းသည်၊ ဝိဘာဝေါ - ဝိဘာဝမည်၏၊ တထာ-ထိုမှတပါး၊ ယော-အကြင်ဗျာပါရသည်၊ တေသံ-ထိုဌာယီဘာဝ ဗျဘိစာရီဘာဝ သတ္တိကဘာဝတို့ကို၊ ဗောဓကော-သိစေတတ်သည်၊ သိယာ - ဖြစ်၏၊ အယံ - ဤဗျာပါရကို၊ အနုဘာဝေါ-အနုဘာဝဟူ၍၊ ဤရိတော-ဆိုအပ်၏။

× × × × × × ×

၃၄၀။ ဘာဝေါ၊ပေ၊ယုဒ္ဒီပနေ။ ။ဌာယီ, ဗျဘိစာရီ, သတ္တိက, ဘာဝ ၃ ပါးတို့ကိုပြပြီး၍,ဝိဘာဝ အနုဘာဝတို့ကို ပြလိုသောကြောင့် "ဝိဘာဝေါကာရဏံ"စသည်မိန့်၊ ဌာယီဘာဝစသော ဘာဝ ၃မျိုးတို့၏ ဖြစ်ခြင်းနှင့်၄င်း,ထိုဘာဝတို့ကို တိုးပွားစေခြင်းနှင့်၄င်း အကြောင်းသည် ဝိဘာဝ မည်၏။ [ ဝိသေသေန ဘာဝေတိ (ဝဍ္ဎေတိ) - အထူးသဖြင့် ဘာဝတို့ကိုဖြစ်စေတတ်,တိုးပွားစေတတ်၏၊ဣတိ ဝိဘာဝေါ။]

ဝိဘာဝအပြား။ ။ထို ဝိဘာဝသည် အာလမ္ဗနဝိဘာဝ, ဥဒ္ဒီပန ဝိဘာဝဟု ၂ မျိုးပြား၏၊ ထိုတွင် ဘာဝတည်းဟူသောစိတ်ဖြင့် အာရုံပြုအပ်သော ပဓာနအကြောင်းသည် အာလမ္ဗနဝိဘာဝတည်း၊ဆိုင်ရာဘာဝကို တိုးပွားလာအောင် ဆွ၍ပေးသကဲ့သို့ ဖြစ်သော အခြံအရံ အကြောင်းသည် ဥဒ္ဒီပနဝိဘာဝတည်း၊ ဥပ္ပတ္တိယာကာရဏံဖြင့် အာလမ္ဗနဝိဘာဝကိုပြ၏၊ဥဒ္ဒီပနေကာရဏံဖြင့် ဥဒ္ဒီပနဝိဘာဝကို ပြသည်။

ယောသိယာ၊ပေ၊အနုဘာဝေါ။ ။မီး၏အကျိုးဖြစ်သော မီးခိုးသည် (မိမိကို မြင်သူတို့အား)မီးဖိုမှာ မီးရှိကြောင်းကို သိစေသကဲ့သို့, ထိုဘာဝ၏ အကျိုးဖြစ်သော ကိုယ်အမူအရာ ( ကာယိက ဗျာပါရ ) နှုတ်အမူအရာ(ဝါစသိက ဗျာပါရ)လည်း အတွင်းကဘာဝကို သိစေတတ်သောကြောင့် အနုဘာဝ(ဘာဝ၏အကျိုး)မည်၏။[အနုဘာဝေတိ ဗောဓေတိ-ဘာဝတို့ကို သိစေတတ်၏၊ ဣတိ အနုဘာဝေါ။]

www.dhammaransi.com



### ဝိဘာဝ အနုဘာဝပါအောင်ဖွဲ့

**၃၄၉။ နေကဟေတုံ မနောဝုတ္တိ-ဝိသေသဥ္စ ဝိဘာဝိတုံ၊**
**ဘာဝံ ဝိဘာဝါနုဘာဝေ၊ ဝဏ္ဏိယာ ဗန္ဓနေ ဖုဋံ။**

၃၄၉။ **နေကဟေတုံ** – များသောအကြောင်းလည်း ရှိသော၊ **မနောဝုတ္တိ ဝိသေသံစ**-စိတ်၏ဖြစ်ပုံ အထူးလည်းဖြစ်သော၊ **ဘာဝံ**-ဘာဝကို၊ **ဝိဘာဝိတုံ**-ထင်ရှားပြခြင်းငှါ၊**ဝိဘာဝါနုဘာဝေ**-ဝိဘာဝ အနုဘာဝတို့ကို၊ **ဗန္ဓနေ**- အဖွဲ့အနွဲ့၌၊ **ဖုဋံ**- ထင်ရှားစွာ၊ **ဝဏ္ဏိယာ**-ဖွင့်ပြထိုက်ကုန်၏။

× × × × × × ×

၃၄၉။ **နေကဟေတုံ ဗျာဒိ** ။ ။ ဇာဒါနိ အနုသာသန္တော အာဟ - နေကဇာစွာဒိ = ယခု အခါ၌ ဖွဲ့နွဲ့စီကုံးရာဝယ် နည်းပေး လမ်းပြပြုလိုသောကြောင့်“နေကဟေတုံ” စသည်ကိုမိန့်၊ အကြောင်း အမျိုးမျိုးကြောင့် ဖြစ်သော စိတ်ဖြစ်ပုံ အမျိုးမျိုးကို “ဘာဝ” ဟု ခေါ်၏၊ ထို ဘာဝကို “ မည်သည့်အကြောင်းကြောင့် မည်သည့်စိတ် ဖြစ်သည်”ဟု စာရှုသူတို့ နားလည်အောင် ဝိဘာဝ-အနုဘာဝတို့ကို (မသိမသာမဟုတ်ဘဲ)ထင်ရှားသိသာစွာ ရေးသားစီကုံးကြပါ-ဟူလို။

**နေကဟေတုံ** ။ ။ ဌာယီဘာဝ ဖြစ်စေ , ဗျဘိစာရီဘာဝ ဖြစ်စေ, သတ္တိကဘာဝ ဖြစ်စေ အကြောင်းအမျိုးမျိုး ရှိသောကြောင့် ထို အကြောင်းဝိဘာဝကို မဖေါ်ပြဘဲ ဖွဲ့နွဲ့စီကုံးထားလျှင် မည်သည့် အကြောင်းကြောင့် ဖြစ်သောဘာဝ-ဟု မသိနိုင်၊ ဥပမာ-“ဒေဝဒတ် ၏ မျက်လုံးတို့သည် မျက်ရည်ပြည့်နေကုန်၏”ဟု “အဿု” ဟူသော သတ္တိကဘာဝ မျှကိုသာ ပြထားလျှင် “ ဉာတိဗျသန စသည် ဖြစ်၍ သောကကြောင့်လား , မိမိ အရေးပါသူ၏ အစွမ်းသတ္တိကို မြင်ရ၍ နှစ်သက်ဝမ်းမြောက်မှု သန္တောသကြောင့်လား,ရောဂါကြောင့်လား” ဟုမသိနိုင်၊ သို့ဖြစ်၍“သောကကြောင့်+မျက်စိ၌ မျက်ရည်ပြည့်ကုန်၏” စသည်ဖြင့် အကြောင်းဝိဘာဝပါအောင် ဖွဲ့စီမှ ထို “အဿု ” ဖြစ်ပုံ ထင်ရှားသည်။

**မနောဝုတ္တိ ဝိသေသံ**။ ။ “ ဘာဝ” ဟူသည် စိတ်ဖြစ်ပုံ အထူး တည်း၊ ရတိ၌ ချစ်ကြိုက်မှုစိတ်ဖြစ်၏၊(လောဘမူစိတ်တည်း၊)ဟာသ၌

www.dhammaransi.com



ရှင်ပျသော စိတ်ဖြစ်၏၊ ပုထုဇန်, သေက္ခ, ရဟန္တာတို့အားလျော်စွာ လောဘမူ သောမနဿ,ဟသိတုပ္ပါဒ်,မဟာကုသိုလ် ကြိယာဟူသော သောမနဿစိတ်များတည်း၊ ဤသို့စသည်ဖြင့် စိတ်ဖြစ်ပုံ(ဘာဝ)က အမျိုးမျိုး ရှိရကား မည်သည့်အကြောင်း ဝိဘာဝကြောင့် မည်သည့် စိတ်(ဘာဝ)ဖြစ်သည် ဟု ထင်ရှားဘို့ရာ ဝိဘာဝပါအောင် ဖွဲ့စီပါ-ဟူလို၊ [ မနသော+ဝုတ္တိ မနောဝုတ္တိ၊ မနောဝုတ္တိယာ + ဝိသေသော မနောဝုတ္တိဝိသေသော။]

**အနုဘာဝလည်း ပါစေ ။** ။ ဘာဝပါအောင် ဖွဲ့စီရ သကဲ့သို့ အနုဘာဝပါအောင်လည်း ဖွဲ့စီရသည်၊ ဥပမာ-ဒေဝဒတ်၏ မျက်စိ၌ မျက်ရည်ပြည့်နေခြင်းသည် ဝမ်းနည်းစကားပြောခြင်း, ဝမ်းနည်းသံ ပါအောင် ငိုခြင်းဟူသော အကျိုးအနုဘာဝကို ထောက်ဆ၍ "သောက ကြောင့် ပြည့်သော မျက်ရည်"ဟု သိနိုင်၏၊ လုလင်သည် မိန်းကလေး ကို စေ့စေ့ကြည့်၏၊ စေ့စေ့ကြည့်ပြီးလျှင်"လက်ကိုဆွဲ၍ ရိုက်လေ၏" ဟု ကြည့်ခြင်း၏ အကျိုး အနုဘာဝကိုပြလိုက်လျှင်"ချစ်ကြည့် မဟုတ်, စိတ်ဆိုးကြည့် ကြည့်သော ကောဓဒေါသယီဘာဝ" ဟု သိနိုင်၏၊ ဤသို့ လျှင် ဘာဝကို ထင်ရှားစေဘို့ရာ အနုဘာဝပါအောင်လည်း ဖွဲ့စီပါ။

**ထင်ရှားစေအံ့။** ။ရတိဌာယီဘာဝဖြစ်ဘို့ရန် လုလင်ပျို မိန်းမပျို တို့သည် အချင်းချင်း အာလမ္ဗနဝိဘာဝ ဖြစ်ကြ၏။[လုလင်ပျိုက မိန်းမ ပျိုကို အာရုံပြု, မိန်းမပျိုက လုလင်ပျိုကို အာရုံပြုသည် - ဟူလို။ ] ပျော်မွေ့စရာကောင်းသော လရောင်, ဥယျာဉ် , သီချင်းဆိုသံတို့သည် (ပျော်မြူးခြင်း)ရတိကို တိုးပွားစေတတ်, ဆွ၍ ပေးတတ်သော ဥဒ္ဒီပန ဝိဘာဝတို့တည်း၊ ထိုအာလမ္ဗန ဥဒ္ဒီပနဝိဘာဝတို့ကို အကြောင်းပြု၍ ပျော်မွေ့ခြင်းသည် ရတိဌာယီဘာဝတည်း၊ ပျော်မွေ့၍ တယောံနှင့် တယောက် ပွေ့ဖက်ခြင်း စသော ကာယိကဗျာပါရ , ချစ်စကား ပြောခြင်း စသော ဝါစသိကဗျာပါရတို့ကား ထို ရတိ ဌာယီဘာဝ ကြောင့် ဖြစ်ပေါ်လာသော အကျိုးအနုဘာဝတို့တည်း၊ ဤသို့စသည် ဖြင့် နောက်၌ အကျယ်လာလတ့်အတိုင်း ဝိဘာဝ , အနုဘာဝတို့ကို ဘာဝတိုင်း၌ ထင်ရှားစွာ ပါရှိစေရသည်။

www.dhammaransi.com



## ယုတ္တိရှိအောင် ဘာဝတို့ကို ဖွင့်ရန်

၃၅၀။ သဝိဘာဝါ·နုဘာဝေဟိ, ဘာဝါ တေတေ ယထာရဟံ၊
ဝဏ္ဏနီယာ ယထော·စိတျံ, လောကရူပါ·နုဂါမိနာ။

၃၅၀။ လောကရူပါနုဂါမိနာ-လောက၏ သဘောကို အစဉ် လိုက်လေ့ရှိသော ပညာရှိသည်၊ သဝိဘာဝါနုဘာဝေဟိ- ဝိဘာဝ နှင့် တကွ ဖြစ်သော အနုဘာဝ တို့ဖြင့်၊ တေတေ ဘာဝါ - ထိုထို ဘာဝတို့ကို၊ ယထာရဟံ - ထိုက်သည်အားလျော်စွာ၊ ယထော စိတျံ-အသင့်ယုတ္တိကို မလွန်မူ၍၊ ဝဏ္ဏနီယာ-ဖွင့်ပြထိုက်ကုန်၏။

× × × × × × ×

၃၅၀။ သဝိဘာဝါတျာဒိ ။ ။ "ဇုဒါနိ ဝိဘာဝါနုဘာဝေ နိဿာယ ဝဏ္ဏနီယာ တေဘာဝါ လောကသဘာဝံ အနတိက္ကမ္မ ကာတဗ္ဗာတိ အနုသာသန္တော အာဟ - သဝိဘာဝါ ဇုစ္စာဒိ = ရှေ့ဂါထာ၌ပြခဲ့သည့်အတိုင်း ဝိဘာဝနှင့်အနုဘာဝတို့ကိုမှီ၍ ဘာဝတို့ကို ဖွင့်ပြသောအခါ လောကထုံးစံကိုမလွန်ဘဲဖွင့်ပြကြပါလေ"ဟု ဘာဝ ဖွင့်နည်းကို ပြလိုသောကြောင့် " သဝိဘာဝါ" စသည်ကို မိန့်သည်၊ "လောကသဘောကို အစဉ်လိုက်သော ကဝိစာဆို ကဗျာမိုရ်ရသည် ဌာယီဘာဝစသော ထိုထို ဘာဝတို့ကို ဝိဘာဝနှင့် တကွ အနုဘာဝ တို့ဖြင့် ဖွင့်ပြရာ၌ အသင့်ယုတ္တိ ရှိအောင်လည်း ထိုက်သလို ဖွင့်ပြကြ ပါလေ-ဟူလို။ [ဝိဘာဝေဟိ+သဟ ယေ ဝတ္တန္တီတိ သဝိဘာဝါ၊ သဝိဘာဝါစ+တေ+အနုဘာဝါစာတိ သဝိဘာဝါနုဘာဝါ၊ " တေဟိ သဝိဘာဝါနုဘာဝေဟိ"ဟု ဝိဘတျန္တပြု။]

ယထာရဟံ။ ။ဤပုဒ်ကို ဝဏ္ဏနီယာ၌ စပ်၊ "ထိုက်သည်အား လျော်စွာ ဖွင့်ပြထိုက်ကုန်၏" ဟူရာ၌ လုလင်ပျို မိန်းမပျို ဟူသော အာလမ္ဗနဝိဘာဝ, ပျော်မွေ့ဘွယ် အရပ်ဒေသစသော ဥဒ္ဒီပနဝိဘာဝ တို့အားလျော်စွာရင်း , အချင်းချင်း လွမ်းဆွတ်ခြင်း , စာပေးခြင်း စသော အနုဘာဝတို့အားလျော်စွာရင်း ရတိဌာယီဘာဝကို ဖွင့်ပြ ထိုက်၏, ဖွင့်ပြပါလေ၊ ရန်သူစသော အာလမ္ဗနဝိဘာဝ , ရန်သူ၏ ခြိမ်းချောက်မှုစသော ဥဒ္ဒီပနဝိဘာဝတို့ အားလျော်စွာရင်း, ကိုယ်

www.dhammaransi.com



တုန်လှုပ်ခြင်း ထွက်ပြေးခြင်းစသော အနုဘာဝတို့အားလျော်စွာ ဝင်း ဘယဋ္ဌာယီဘာဝကို ဖွင့်ပြထိုက်၏, ဖွင့်ပြပါလေ၊ ဝိဘာဝ အနုဘာဝ တို့နှင့် မလျော်အောင် ယုတ္တိမရှိအောင် ဘာဝတို့ကို မဖွင့်ပြပါနှင့်-ဟူလို။

ယထောစိတံ။ ။ "ဥစိတသ- သင့်လျော်သည်၏+ ဘာဝေါ ဩစိတျံ" ဟု ဝစနတ္ထ ပြုခဲ့ပြီ၊ ဩစိတျံ - သင့်လျော်သည်၏ အဖြစ် (အသင့်ယုတ္တိရှိခြင်း)ကို+အနတိက္ကမ္မ-မလွန်မူ၍တည်း၊ယထောစိတံ-အသင့်ယုတ္တိရှိခြင်းကို မလွန်မူ၍၊ ဝိဘာဝ အနုဘာဝတို့ဖြင့် ထိုက်သည် အားလျော်စွာ ဘာဝတို့ကို ဖွင့်ပြရာ၌လည်း လောကဝိရောဓိဒေါသ (လောက၌ ဖြစ်ရိုးထုံးစံနှင့် ဆန့်ကျင်ဘက်)မဖြစ်စေဘဲ အသင့်ယုတ္တိ ရှိအောင် ( လောကထုံးစံနှင့် လျော်စွာ ဩစိတျဂုဏ်ရောက်အောင်) ဖွင့်ပြပါလေ၊ ဥပမာ " ရန်သူဟူသော အာလမ္ဗန ဝိဘာဝကို မြင်၍ ချစ်ကြိုက်ခြင်း ရတိဋ္ဌာယီဘာဝဖြစ်ပုံကိုဖွင့်ပြလျှင်ယုတ္တိမရှိ၍" ဩစိတျ ဟီနဒေါသရောက်သည်-ဟူလို။

အကယ်၍ ရန်သူကို ချစ်ကြိုက်နေလျှင် ထို ချစ်ကြိုက်စိတ် ဖြစ်ချိန် မှာ ရန်သူ ဟု အမှတ်မရှိတော့၊ တစုံတခုသော အကြောင်းကို မြင်၍ ချစ်စရာ ထင်နေပေလိမ့်မည်။ [ သီဟဗာဟု၏ မယ်တော် ကေသရီ မိဖုရားသည် ခြင်္သေ့လိုက်သောအခါ မကြောက်ဘဲ ခြင်္သေ့ကို ကြိုက်၏၊ သူခိုးဒါးရိုးကမ်းသော ပဥ္စကနိပါတ် စူဠဓနုဂ္ဂဟဇာတ်၌ ကြော်စရာ့ ဒါးမြကို တက္ကသိုလ် ဆရာ့သမီးက ကြိုက်၏၊ ဤသို့ စသည်ဖြင့် စိတ် အမျိုးမျိုးဖြစ်ပုံကို ကြည့်၍ ယုတ္တိရှိအောင် ဝိဘာဝ အနုဘာဝများကို ထည့်သွင်း၍ စီကုံးကြပါလေ-ဟူလို။]

လောကရူပါနုဂါမိနာ။ ။လောကရူပံ-လောကသဘော(လောက ထုံးစံ)ကို+အနုဂစ္ဆတိ-(ဆန့်ကျင်ဘက်မလုပ်ဘဲ)လျော်စွာလိုက်တတ် ၏၊ ဣတိ လောကရူပါနုဂါမီ။ [ ဤပဥ္စမပိုင်း၏ အစ၌ " လောက ဝေါဟာရ မနုသာရိနာ"နှင့် အဓိပ္ပါယ်တူပင်တည်း။]

www.dhammaransi.com



**သတ္တိကဘာ၀ဖွင့်ပုံ အထူး**

၃၅၁။ **စိတ္တဝုတ္တိဝိသေသတ္တာ, မာနသာ သတ္တိကာ·ဂ်တော၊ ဗဟိနိဿင္ဓသေဒါဒိ-အနုဘာဝေဟိ ဝဏ္ဏိယာ။**

၃၅၁။ **စိတ္တဝုတ္တိဝိသေသတ္တာ**-စိတ်၏ဖြစ်ပုံ အထူးရှိကုန်သည့်၏ အဖြစ်ကြောင့်၊ **မာနသာ**-စိတ်၌ဖြစ်ကုန်သော၊ **သတ္တိကာ**-သတ္တိက ဘာ၀တို့ကို၊ **အဂ်တော** - ကိုယ်အင်္ဂါမှ၊ **ဗဟိနိဿင္ဓသေဒါဒိ အနုဘာဝေဟိ**-ပြင်ပသို့ထွက်သော ချွေးအစရှိသော အနုဘာ၀တို့ဖြင့်၊ **ဝဏ္ဏိယာ**-ဖွင့်ပြထိုက်ကုန်၏။

× × × × × × ×

၃၅၁။ **စိတ္တဝုတ္တိ** တျာဒိ ။ ။ ပြခဲ့သော ဂါထာသည် ဘာ၀ ၃ မျိုးလုံးဖွင့်နည်းကို ပြသော ဂါထာတည်း၊ ဤဂါထာကား **သတ္တိက** ဘာ၀အတွက် ဖွင့်နည်းအထူးကို ပြသော ဂါထာဖြစ်၏။ [ ဧဝံ သာမ ညေန(ဘာ၀ ၃မျိုးလုံးနှင့်ဆက်ဆံသောအားဖြင့်)ဘာ၀ဝဏ္ဏနာက္ကမံ (ဘာ၀ဖွင့်ပုံအစဉ်ကို)ဒဿေတွာ ဣဒါနိ ဝိသေသေနသတ္တိကဘာ၀ ဝဏ္ဏနာ(သတ္တိကဘာ၀ကို ဖွင့်နည်းသည် ) ဤဒိသာ( ဤသို့ သဘော ရှိ၏)ဣတိ ဒဿေတိ စိတ္တ ဣစ္စာဒိနာ။]

**စိတ္တဝုတ္တိ ဝိသေသတ္တာ** ။ ။ စိတ္တဿ-၏+ဝုတ္တိ- ဖြစ်ခြင်းတည်း၊ စိတ္တဝုတ္တိ-ခြင်း၊ စိတ္တဝုတ္တိ ဧဝ+ဝိသေသော ယေသံ ( သတ္တိကာနံ)**တိ** စိတ္တဝုတ္တိဝိသေသာ၊ ဤသို့ ဋီကာ၌ သတ္တိကဘာ၀ ရအောင် ဗဟုဗ္ဗီဟိ သမာသ်ပြု၏၊ **ထိုသို့ပြုခြင်းကြောင့်ထမ္ဘ**,ပလယစသော သတ္တိကဘာ၀ တို့သည် စိတ်ဖြစ်ပုံ အထူးမဟုတ်ကြ၊ စိတ်ဖြစ်ပုံ အထူးရှိသော စိတ္တဇ ရုပ်တို့၏ အခြင်းအရာများသာ ဖြစ်ကြသည်- ဟုမှတ်။ [ " မာနသာ- စိတ်၌ဖြစ်ကုန်သော " ဟူရာ၌လည်း ဤအတိုင်းပင်တည်း၊ အဘိဓမ္မာ အလိုအားဖြင့် " မာနသ " ဆိုလျှင် စိတ်၌ဖြစ်သော စေတသိက်သာ ရသော်လည်း ဤ၌ကား စိတ္တဇရုပ်များ၏အခြင်းအရာဖြစ်သော ထမ္ဘ စသည်ကို ယူရသည်။]

**ဗဟိနိဿင္ဓ**၊ ပေ၊ **အနုဘာဝေဟိ** ။ ။ သတ္တိကဘာ၀၌ သေဒ- အသုတို့လည်း ဘာ၀အဖြစ်ဖြင့် ပါရှိရကား ထိုသတ္တိကဘာ၀တို့ကို အဘယ် အနုဘာ၀တို့ဖြင့် ဖွင့်ပြရပါမည်နည်း - ဟု မေးဘွယ်ရှိသော ကြောင့်" ဗဟိ ၊ ပေ ၊ အနုဘာဝေဟိ " ဟု မိန့်သည်၊ သတ္တိကဘာ၀

www.dhammaransi.com



### ရသ၏ ဝစနတ္ထနှင့် အရကောက်

၃၅၂။ သာမာဇိကာန·မာနန္ဒော, ယော ဗန္ဓတ္ထာ·နုသာရိနံ၊
ရသီယတီတိ တည္ဉူဟိ, ရသောနာမာ·ယ·မီရိတော။

၃၅၂။ ဗန္ဓတ္ထာနုသာရိနံ – အဖွဲ့အနွဲ့၏ အနက် အဓိပ္ပါယ်ကို ဉာဏ်ဖြင့် အစဉ်လိုက်ကုန်သော၊ သာမာဇိကာနံ – အဘိဇ္ဈာကင်း, ဇုသာရှင်း၍, ဝမ်းတွင်းစိတ်ကောင်း, လူအပေါင်းတို့၏၊ ယော အာနန္ဒော-အကြင်နှစ်သက်ခြင်းသည်၊အတ္ထိ-ရှိ၏၊အယံ-ဤနှစ်သက်ခြင်းကို၊ ရသီယတီတိ-ရသီယတိဟူသော ဝစနတ္ထကြောင့်၊ ရသော နာမ-ရသမည်၏ ဟူ၍၊ တည္ဉူဟိ-ထို ရသမြင်သိ, ပညာရှိတို့သည်၊ ဤရိတော-ဆိုအပ်ပြီ။

× × × × × + ×

ဖြစ်သော သေဒ-အသုတို့သည် အတွင်း၌စို့နေသောချွေး,မျက်တွင်း၌လည်နေသော မျက်ရည်များဖြစ်ရကား အပြင်၌ထွက်လာသောချွေး မျက်ရည်တို့ကို ထိုဘာဝတို့၏ အနုဘာဝအဖြစ်ဖြင့် ဖွင့်ပြပါ၊"အတွင်း ချွေးသည် သတ္တိကဘာဝ,အပြင်ထွက်လာသောချွေးသည် အနုဘာဝ၊ မျက်တွင်း၌လည်နေသော မျက်ရည်သည် သတ္တိကဘာဝ , အပြင်၌ ထွက်လာသော မျက်ရည်သည် အနုဘာဝ၊ ဤသို့ခွဲခြားပါ" ဟူလို။ [သေဒါဒိ၌ အာဒိဖြင့် မျက်ရည်,တံထွေး, နှပ်စသည်တို့ကိုယူ၊]

---

၃၅၂။ **သာမာဇိကာန တျာဒိ** ။ ။ ဘာဝ ၃ မျိုး, ဝိဘာဝ, အနုဘာဝ, ရသဟု ပြခဲ့သော ခေါင်းစဉ်တို့တွင် ရှေ့ ၅ ပါးကို ပြပြီး၍ ယခုအခါ၌ ရသကိုပြလိုသောကြောင့်"သာမာဇိကာန"စသည်ကိုမိန့်၊ အစီအကုံး အနှုန်းအဖွဲ့၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် လိုက်ကုန်, စဉ်းစားကုန်သော လူကောင်းသူကောင်းတို့၏ နှစ်သက်ခြင်းကို"ရသ" ဟု ခေါ်၏၊ "ရသီယတိ- သာယာအပ်၏၊ ဇုတိ ရသော " ဟု ဝိဂ္ဂဟ ပြုပါ-ဟူလို။

**သာမာဇိကာနံ** ။ ။ သမာဇသဒ္ဒါသည် အစည်းအဝေးတွင် ပါဝင်ခြင်းအနက်ကို ဟော၏၊ သမာဇော+ ပယောဇနံ ယဿာတိ သာမာဇိကော=အစည်းအဝေး၌ပါဝင်ရခြင်း+အကျိုးရှိသူ၊ အစည်း

www.dhammaransi.com



အဝေး၌ပါဝင်ထိုက်သူ၊ အစည်းအဝေး၌ ပါဝင်ထိုက်လောက်အောင် အဘိဇ္ဈာ ဗျာပါဒ မစ္ဆရိယကင်း၍ စိတ်ရင်းကောင်းသော လူကောင်း သူကောင်းတယောက်ဖြစ်သူ-ဟူလို။

**သဗ္ဘ**။ ။သာမာဇိကာနံကို " သဗ္ဘာနံ " ဟု ဋီကာတို့ဖွင့်ကြသည်၊ သဘာယံ-အစည်းအဝေးသဘင်၌+သာဓု-ကောင်းသူတည်း၊ သဗ္ဘော-အစည်းအဝေး၌ကောင်းသူ၊ အစည်းအဝေး၌ပါဝင်ရလောက်အောင် အဘိဇ္ဈာဗျာပါဒမစ္ဆရိယကင်း၍ စိတ်ရင်းကောင်းသူ-ဟုပင် အဓိပ္ပါယ်ရ၏၊ မှန်၏-သူတပါးဥစ္စာကို ကိုယ့်ဟာဖြစ်စေလိုသော အဘိဇ္ဈာ,ကိုယ့်ထက်သာလျှင် မနာလိုတတ်သော ဗျာပါဒ, သူတပါး ဥစ္စာရှိသွားမည်ကို သဝန်တိုသော မစ္ဆရိယ ရှိသူတို့သည် အစည်း အဝေးတွင် သူ့ဥစ္စာကို ကိုယ့်ဥစ္စာလုပ်ချင်တတ်, ဟိုလူ့မနာလို ဒီလူ့ ဝန်တို ဖြစ်တတ်ရကား အပြုသဘော အားဖြင့် မပြောဘဲ အဖျက် သဘောအားဖြင့် မကန့်ကွက်သင့်သည်ကိုလည်း ကန့်ကွက်နှောက်ယှက် တတ်သောကြောင့် အစည်းအဝေး၌ မကောင်းသော ( မပါဝင်ထိုက် သော)အသဗ္ဘ-အသာမာဇိက ပုဂ္ဂိုလ်များတည်း၊ ထို့ကြောင့် ဤ၌ "သာမာဇိကာနံ"ပုဒ်နှင့် " ရသသာဒါယ သာဓုနံ "ဟု ဆိုခဲ့သော ဂါထာဝယ်"သာဓုနံ"ပုဒ်ကို အဓိပ္ပါယ်တူဟု မှတ်ပါ။

မူကွဲ။ ။တချို့စာအုပ်များ၌"သမဇ္ဇိကာနံ"ဟု ရှိ၏၊ "သမဇ္ဇာ ယံ+ နိယုတ္တာ" ဟု ဋီကာ၌ "သမဇ္ဇိကာ"၏ ဝစနတ္ထကို တွေ့ရသော ကြောင့် ထိုပါဌ်လည်း အသင့်ပင်တည်း၊ သို့သော် သမဇ္ဇာ-သဘာပုဒ် တို့သည် အများထင်နေကြသော ကပွဲသဘင် အနက်ကို မဟောပါ၊ "အစည်းအဝေး"အနက်ကိုသာ ဟောပါသည်၊ အဘိဓာန် နိဿယ သစ်(၄၁၄)ဂါထာကိုကြည့်ပါ၊ ထိုဂါထာ၌ " သဘျော(သဗ္ဘော) သာမာဇိကော-သဗ္ဘ(သဘျ) သာမာဇိကကို ပရိယာယ်"ဟုလည်း ဆိုထားသည်၊ထိုသာမာဇိကပုဒ်၏ဆိုလိုရင်းမှာလည်း အစည်းအဝေး ဝင်ရောက်နေမှုမဟုတ်၊ စိတ်ကောင်းနှလုံးကောင်းရှိလျှင်"သာမာဇိက- သဗ္ဘ"ဟု ခေါ်နိုင်သည်သာ။

ဗန္ဓုတ္ထာနုသာရိနံ ။ ။ အဖွဲ့ဗန္ဓ၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် အစဉ်လိုက်သူ-ထိုအဖွဲ့၏အနက်အဓိပ္ပါယ်ကို စဉ်းစားတတ်သူကို"ဗန္ဓ တ္ထံ + အနုသရန္တီတိ ဗန္ဓုတ္ထာနုသာရီ" ဟု ခေါ်သည်၊ ဤပုဒ်သည်

www.dhammaransi.com



''သာမာဇိကာနံ''၏ ဝိသေသနတည်း၊ ဤဝိသေသနကိုကြည့်၍လည်း ''သမာဇိက''အရ အဖွဲ့ဗန္ဓ၏အနက်အဓိပ္ပါယ်ကို စဉ်းစားတတ်သော လူကောင်းသူကောင်းများကို ယူစေလိုကြောင်း ပွဲကြည့်သူကို မယူစေလိုကြောင်း သာ၍ထင်ရှားသည်၊ မှန်၏ - အရှင် သံဃရက္ခိတထေရ်သည် ဤအလင်္ကာတကျမ်းလုံးဖြင့် အဖွဲ့ဗန္ဓ၏ အကြောင်းအရာ( ဂုဏဒေါသ ရသ ) တို့ကိုသာ ပြ၏၊ ကပွဲသဘင်၏ ဂုဏ ဒေါသ ရသတို့ကို ပြသည်မဟုတ်။

အာနန္ဒော ရသော။ ။''ယော အာနန္ဒော,အယံ ရသောနာမ'' ကို ကြည့်၍''အာနန္ဒနှင့်ရသသည် အရတူ၏''ဟု သိနိုင်၏၊ ပညာရှိတို့ ဖွဲ့စီအပ်သော အဖွဲ့ဗန္ဓကိုကြည့်ရကြားရသောအခါ အဘိဇ္ဈာ ဇုဿာ မစ္ဆရိယကင်းသော လူကောင်း သူကောင်းတို့၏ စိတ်၌ ( အာနန္ဒ ) နှစ်သက်မှုသဘောကျမှုဖြစ်၏၊တရားကိုယ်မှာ ပီတိသောမနဿတည်း၊ ထိုနှစ်သက်မှုကိုပင် အလွန်သာယာကြ၏၊ သာယာသောကြောင့် ထိုပို့ ကဗျာ ဂါထာကို ထပ်ကာထပ်ကာ ကြည့်ကြရွတ်ကြ၏၊ထို့ကြောင့် နှစ်သက်မှုကို ရသ ( သာယာအပ်သော အရသာ ) ဟု ခေါ်ရသည်၊ ဥပမာ-ထမင်း ဟင်းလျာတခု၌ နှစ်သက်မှုအရသာ ပေါ်လာလျှင်,ထို ထမင်း ဟင်းလျာကို အရသာရှိသည် - ဟု ခေါ်ကြသကဲ့သို့တည်း။

နာဋျရသ။ ။ ထို အရသာရှိသော အဖွဲ့အနွဲ့ကို ကခြေသည်တို့ သီဆိုအပ် ။ ရုပ်ပေါ်အောင် ကပြအပ်သောကြောင့် '' နဋာနံ + ကမ္မံ နာဋျံ''ဟု ခေါ်၍ , ပွဲကြည့်သူတို့ သာယာအပ်သောကြောင့် ရသဟုလည်းခေါ်၏၊ ၂ခုပေါင်းစပ်၍''နာဋျမေဝ+ရသော နာဋျရသော'' ဟု ဝစနတ္ထပြု။ [ ဣမေ ဌာယိဘာဝါ - တို့သည်၊ နဋာဘိနယေဟိ- ကခြေသည်တို့၏ (ပွဲကြည့်သူတို့ စိတ်ကို) ဆွဲဆောင်ကြောင်းဖြစ်သော အမျိုးမျိုးသော ကပြခြင်း, သီဆိုခြင်းတို့ဖြင့်၊ ဗျဥ္ဇိတတ္တာစ-ပြအပ်ကုန်သည်၏ အဖြစ်ကြောင့်၎င်း၊ သဇ္ဇာနံ - ( အဘိဇ္ဈာ ဣဿာ မစ္ဆရိယ ကင်း၍ စိတ်ရင်းကောင်းစွာဖြင့် ပွဲကြည့်သူ လူကောင်း သူကောင်း တို့၏၊ သန္တောသ သမ်ိဳတ ရသဿ - နှစ်သက်ခြင်းဟု ဆိုအပ်သော ရသ၏၊ ဟေတုတ္တာစ-အ ကြောင်း၏အဖြစ်ကြောင့်၎င်း၊ နဋရသာတိပိ ဝုစ္စန္တိ၊—ဋီကာ၊''နဋာနံ+ရသာ နဋရသာ''ဟု ဝိဂ္ဂဟပြု။]

www.dhammaransi.com



## ရသ၏ သဘောနှင့်သရုပ်

၃၅၃။ သဝိဘာဝါ-နုဘာဝေဟိ, သတ္တိကာ ဗျဘိစာရိဘိ၊
အဿာဒိယတ္တ-မာနီယ-မာနော ဌာယော ဝ သော ရသော။

၃၅၃။ သော ရသော-ထို ရသဟူသည်၊ သဝိဘာဝါ-နုဘာဝေ ဟိ-ဝိဘာဝနှင့်တကွ ဖြစ်ကုန်သော အနုဘာဝတို့ဖြင့်၎င်း၊ သတ္တိက ဗျဘိစာရိဘိ-သတ္တိကဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့်၎င်း၊ အဿာဒိ ယတ္တံ-သာယာအပ်သည်၏ အဖြစ်သို့၊ အာနီယမာနော - ဆောင် အပ်သော၊ဌာယော ဝ-ဌာယီဘာဝပင်တည်း။

× × × × × × +

၃၅၃။ သဝိဘာဝါ တျာဒိ။ ။ ဧဒါနိ ဌာယီဘာဝါနမေဝ ရသသရူပဿ ( ရသ၏ သရုပ်သကောင် အဖြစ်သို့) ပါပုဏနတ္တံ (ရောက်ကုန်သည်၏ အဖြစ်ကို) ဝိဘာဝေတိ သဝိဘာဝါ ဣစ္စာဒိနာ= ယခုအခါ သဝိဘာဝါ အစရှိသော ဂါထာဖြင့် ဌာယီဘာဝတို့ကို ရသ ခေါ်ကြောင်း ထင်ရှားစေ၏၊ ဤဂါထာ၌ လိုရင်းကား-"ဌာယော ဝ သော ရသော" တည်း၊ "ရှေ့ဂါထာ၌ ပြအပ်ခဲ့သော ထို ရသဟူသည် တခြားမဟုတ်, ဌာယီဘာဝပင် ဖြစ်သည် " ဟူလို။ [သော ရသော၌ သော သဒ္ဒါဖြင့် ရှေ့ဂါထာ၌ ဆိုခဲ့သည်ကို ပြန်၍ညွှန်းသည်။]

အဿာဒိယတ္တံ အာနီယမာနော။ ။"ဌာယီဘာဝ" ဟူသည် လည်း သာမည ဌာယီဘာဝမဟုတ်၊ ကဝိစသော ကဗျာမိုရ်တို့က အဖွဲ့ အနွဲ့၌ အရသာပေါ်အောင် ဝိဘာဝ အနုဘာဝတို့ဖြင့်၎င်း,ထိုက်သင့် သော သတ္တိကဘာဝ ဗျဘိစာရီဘာဝတို့ဖြင့်၎င်း, သိုင်းသိုင်းဝိုင်းဝိုင်း ဆောင်ပြအပ်သော ( ဖွဲ့နွဲ့ စီကုံးအပ်သော ) ဌာယီဘာဝမျိုးမှ ရသ အမည်ရနိုင်သည်၊ ဌာယီဘာဝဖြစ်တိုင်း"ရသ"မဟုတ်-ဟူလို။

ဋီကာ။ ။အဿာဒိယတ္တံ အာနီယမာနော-ကဝိနော သာမတ္ထိ ယာ ( ကဝိ၏ ဉာဏ်စွမ်းသတ္တိဖြင့် ) ပါပဏီယမာနော ( သာယာ ဘွယ်သို့ ရောက်စေအပ်သော ) ဌာယီဝ ဌာယီဘာဝေါဝ၊ ဣတိ ကာရိယောပစာရေန ရသောနာမာတိ ဝေဒိတဗ္ဗော၊ ....ဤဋီကာ၌ ကာရိယောပစာရဟူသည် ဖလူပစာတည်း၊ ချဲ့ဥုးအံ့ - အဖွဲ့အနွဲ့ကို

www.dhammaransi.com



ဘတ်ရှုရကြားရခြင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသော နှစ်သက်မှု ပီတိသောမနဿသည် အကျိုးတည်း၊ ထိုအကျိုးကို ''ရသ'' ခေါ်သည်ဟု ရှေ့ဂါထာ၌ ပြခဲ့ပြီ၊ အဖွဲ့အနွဲ့ကို '' ရသ '' ဟု ခေါ်ရာ၌ကား အကျိုးဖြစ်သော နှစ်သက်မှု၏ အမည်ကို အကြောင်း အဖွဲ့အနွဲ့အပေါ်၌ တင်စားထားသော ဖလူပစာ နာမည်ဖြစ်သည်။ [ဌာယီဘာဝ ဟူသည် တရားကိုယ်အားဖြင့် စိတ္တုပ္ပါဒ်ဝိသေသ - စိတ်ဖြစ်ပုံ အထူးဖြစ်ရကား အဖွဲ့ကို ဌာယီဘာဝ အမည်တပ်ရာ၌လည်း ဤ ဖလူပစာပင် ဖြစ်သင့်သည်။]

မှတ်ချက်။ ။ဤဂါထာ၌''သတ္တိကာ ဗျဘိစာရီဘိ'' ကို ထော်၍ ဌာယီဘာဝ-ရသတို့ကို ထုတ်ပြသောအခါ တချို့အဖွဲ့၌ ရထိုက်သော သတ္တိကဘာဝ, ဗျဘိစာရီဘာဝတို့ကိုလည်း ထုတ်ပြရမည်-ဟု မှတ်။ [အဖွဲ့၌ တိုက်ရိုက်မပါလျှင် အနုမာန နည်းအားဖြင့် '' မှန်းဆ၍ သိရ၏'' ဟု ဆို၍ ထုတ်ပြကြသည်။ ] ဌာယီဘာဝ မပါဘဲ သတ္တိကဘာဝ ချည်း သက်သက် , ဗျဘိစာရီဘာဝ သက်သက် ထုတ်ပြရသော အဖွဲ့လည်း ရှိသေး၏၊ ထိုအဖွဲ့မျိုး၌ကား ဌာယီဘာဝနှင့်သာ တွဲရသော ရသကို ထုတ်ပြဘွယ်မလို၊ ထို့ကြောင့် ဗျဘိစာရီဘာဝတို့ကို ပြသော ဋီကာ၌''နိဗ္ဗေဒေါ အတ္တာဝမာနနံ၊ တဿစ ဇုတ္တိနံ နိစာနဥ္စ ဒါလိဒ္ဒိယံ ဝိဘာဝေါ၊ အဿု စိန္တာဒယော တွေ အနုဘာဝေါ'' စသည်ဖြင့် ရသကိုမပြဘဲ ဘာဝ ဝိဘာဝ အနုဘာဝတို့ကိုသာ ပြသည်။

ထို့ပြင်-''အဿာဒိယတ္တ မာနီယမာနော '' ဟူသော စကားကို ထောက်၍ ဖွဲ့နွဲ့ စီကုံးသော ကဝိကိုယ်တိုင်က တမင်လာ အရသာ ပေါ်အောင် ကြိုးစားမင်းစား စီကုံးထားအပ်သော အဖွဲ့များ၌သာ ဌာယီဘာဝစသည်ကို ကောက်ယူ၍ ရနိုင်၏၊ရိုးရိုးအကြောင်းအရာကို ပြသော မြန်မာ ပါဠိ စကားပြေ စုဏ္ဏိယ ဂါထာများ၌ကား ဌာယီဘာဝစသည်ကို ကောက်ယူ၍ မရနိုင်ဟုလည်း မှတ်ပါ။ [ စာမေးပွဲများ၌ စုဏ္ဏိယ-ဂါထာ တခုခုကိုထုတ်၍ ဌာယီဘာဝစသည်ကို အကောက်ခိုင်းကြ၏၊ ကျမ်းဆရာ ကိုယ်တိုင်က အရသာပေါ်အောင် ရေးသားအပ်သောအရာ မဟုတ်လျှင် ထိုသို့ အကောက်မခိုင်းသင့်ပါ။ ]

www.dhammaransi.com



ရသအပြား ၉ ပါး

၃၅၄။ သိင်္ဂါရ ဟာဿ ကရုဏာ, ရုဒ္ဒ ဝီရ ဘယာနကာ၊
ဗီဘစ္ဆ·ဗ္ဘုတသန္တာ စ, ရသာ ဌာယီန·နုက္ကမာ။

၃၅၄။ သိင်္ဂါရ ဟာဿ ကရုဏာ - ချစ်ကြိုက်ခြင်း, ရယ်ရွှင်ခြင်း, သနားခြင်းတို့ရင်း၊ ရုဒ္ဒ ဝီရ ဘယာနကာ - ကြမ်းကြုတ်ခြင်း, ရဲရင့်ခြင်း, ကြောက်ရွံ့ခြင်းတို့ရင်း၊ ဗီဘစ္ဆ·ဗ္ဘုတ သန္တာ စ - စက်ဆုပ်ခြင်း, အံ့သြခြင်း, ငြိမ်သက်ခြင်းတို့ရင်း၊ (ဣတိ- ဤသို့၊ ဣမေ- ဤ ၉ ပါးတို့သည်၊) ဌာယီနံ - ဌာယီဘာဝတို့၏၊ အနုက္ကမာ - အစဉ်အားဖြင့်၊ ရသာ- ရသ ၉ ပါးတို့တည်း။

× × × × × × ×

၃၅၄။ သိင်္ဂါရတျာဒိ ။ ။ ဤဂါထာကား ပြခဲ့သော ဌာယီဘာဝ ၉ ပါးကိုပင် အစဉ်အတိုင်း ဖက်စပ်၍ "ရသ ၉ ပါး" ဟု နာမည်တမျိုး တပ်ပြသော ဂါထာတည်း။ [ ရသာဝတ္ထု သမ္ပတ္တ ရတိ ဟာသာဒိနံ ဌာယီဘာဝါနံ (ရသအခိုက်အတန့်သို့ရောက်သော ရတိ ဟာသ အစရှိသော ဌာယီဘာဝတို့၏ ) ဣဒါနိ ကမေန နာမန္တရံ (နာမည်တမျိုးကို) ဒဿေတိ သိင်္ဂါရဣစ္စာဒိနာ။ ]

သိင်္ဂါရ။ ။ထောမနိမိဒ္ဓိ သိင်္ဂသဒ္ဒါပုဒ ရိဓာတ် အဏ်ပစ္စည်းဖြင့် ရိကို အာရပြု၍ "သိင်္ဂါရ" ဟု ပြီးစေ၏၊ "သိင်္ဂ (ကာမ+ ဥဒြေက) ရိစ္ဆတိ ရယတိ အနေနာတိ သိင်္ဂါရော"ဟုလည်း ဝစနတ္ထ ပြု၍ "နာဋျကျမ်း၌ ဆိုအပ်သော ရသအထူး"ဟုလည်း အဘိဓေယျ ပြ၏။ [အနေန-ဤရသဖြင့်၊ သိင်္ဂ-ကာမ၏ တိုးပွားခြင်းသို့ + ရိစ္ဆတိ ရယတိ-ရောက်၏။] "ပေါသသာ နာရိယံ ပေါသေ, ဣတ္ထိယာ သင်္ဂမံ ပတိ၊ ယာ ပီဟာ သေ သိင်္ဂါရော, ရတိကီဠာဒိကာရဏော" ဟု အဘိဓာန် ဆိုရကား ယောကျ်ားနှင့် မိန်းမတို့၏ ချစ်ကြိုက်ခြင်းကို သိင်္ဂါရရသ - ဟု မှတ်။

**အဘိဓာန်ဋီကာ**။ ။သိင်္ဂ-နာမဓာတု၊ ဝိဠ္ဌနဒွေန သိင်္ဂ၊ နာဂရိက ဘာဝသင်္ဂါတဿ ကိလေသသိင်္ဂဿေတံ နာမံ = မြို့သူ မြို့သား တို့၏ ထုံးစံသဘာဝဖြစ်သော ( ထိုးဆွတတ်သော ) ကိလေသာ ဥုးချိုကို "သိင်္ဂ" ဟု ခေါ်၏၊ ထို ကိလေသာဥုးချိုကို ပြုတတ်သောကြောင့်

www.dhammaransi.com



"သိင်္ဂ + ကရောတီတိ သိင်္ဂါရော" ဟု ပြု၍ သိင်္ဂဟူသော နာမဓာတ် နောင် ကရောတိအနက်၌ အာရပစ္စည်းသက်၏, ဟု ဆိုသည်။

ဟာသန်- ရယ်ရွှင်ခြင်း၊ ဟသေဿ ခြင်း၊ ဟသဓာတ်, ဏျပစ္စည်း၊ သိင်္ဂါရောစ + ဟသောစ + ကရုဏာစ သိင်္ဂါရဟာသကရုဏာ- တို့၊ ရုဒ္ဒေါစ + ဝီရောစ + ဘယာနကောစ ရုဒ္ဒဝီရဘယာနကာ၊ [ရုဒ္ဒ-ဟု ရှိသည်ကား ဝိတ်ဆို့ တားမြစ်ခြင်း အနက်ဟောဖြစ်၍ မကောင်း။] ဗီဘစ္ဆာစ + အဗ္ဘုတောစ + သန္တောစ ဗီဘစ္ဆဗ္ဘုတသန္တာ - တို့၊ [ဗီဘစ္ဆ - မဟုတ်၊ ဗီဘစ္ဆသာ မှန်ကြောင်းကို မောဂ္ဂလ္လာန်နိဿယ ခါဒိကဏ္ဍ (၃)သုတ်မှာရှု။] ရတိဌာယီဘာဝနှင့် သိင်္ဂါရရသ တွဲစပ်၊ ဤသို့ တွဲစပ်ရပုံကို အကျယ်၌ သိရလတ့်။

ရသ ၈ ပါး။ ။အမရကောသအဘိဓာန်၌ သန္တရသကို သိင်္ဂါရ သို့ သွင်း၍ ရသ ၈ ပါးဟု ဆို၏။ [သန္တရသော - သည်၊ ဓမ္မသိင်္ဂါရ တ္တာ-တရားကို ချစ်ခြင်း၏ အဖြစ်ကြောင့်၊ သိင်္ဂါရရသောဧဝ- တည်း၊ ဣတိ-ထို့ကြောင့်၊ ပုထု-သီးခြား၊ နုတ္တော-မဆိုအပ်၊-အမရကောသ ဋီကာ။] ထို အမရကောသ ဆရာအလိုအားဖြင့်သာ ကမ္မဋ္ဌာန်းဆိုင်ရာ အဖွဲ့အနွဲ့များ၌ "ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ" ဟု ကော် ရမည်၊ ဤ အလင်္ကာကျမ်းအလိုအားဖြင့်ကား ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရရသဟု မရှိ၊ ကမ္မဋ္ဌာန်းအရာ, တရားအရာတို့၌"သမဌာယီ ဘာဝ, သန္တရသ" တို့သာ ဖြစ်သည်။

ရသ ၁၀ ပါး။ ။ရသဘာကျမ်း၌ကား- ဤကျမ်းလာ ၉ ပါးတွင် "ဝစ္ဆလျရသ" ထည့်၍ "ရသဆယ်ပါး" ဟု ဆိုသတတ်၊ သားငယ် စသည်၌ ချစ်ခြင်းကို "ဝစ္ဆလျရသ"ဟု ဆို၏၊ ဤ ဝစ္ဆလျရသလည်း ကရုဏာသဘော သက်သောကြောင့် အမရကောသ၌ မယူ ဟု- ထိုဋီကာဖွင့်၏။[ဝစ္ဆံ-သားငယ်ကို+လာတိ ဂဏှာတီတိ ဝစ္ဆလော၊ ဝစ္ဆလဿ + ဘာဝေါ ဝစ္ဆလျံ - သားငယ်ကို ယူသူ၏ ဖြစ်ကြောင်း ချစ်ခင်မှု သနားမှု။ ] အညေဆရာတို့ကား- "သိင်္ဂါရနှင့် ဟဿ, ကရု ဏာနှင့် ရုဒ္ဒ, ဝီရနှင့် အဗ္ဘုတ, ဗီဘစ္ဆနှင့် ဘယာနကကို သဘောတူ သည်-ဟု ယူဆ၍ ရသ ၄ ပါးကိုသာ ပြကြသတတ်။

www.dhammaransi.com



## ကရုဏာစသည်၌ နှစ်သက်ပုံ

၃၅၅။ ဒုက္ခရူပေ·ယ·မာနန္ဒော, ကထံနု ကရုဏာဒိကေ၊
သိယာ သောတူနံ·မာနန္ဒော,သောကော ဝေဿန္တရဿ ဟိ။

၃၅၅။ ဒုက္ခရူပေ- ဒုက္ခသဘောရှိသော၊ ကရုဏာဒိကေ- ကရုဏာအစရှိသော ရသ၌၊ အယံ အာနန္ဒော - ဤ နှစ်သက်ခြင်းသည်၊ ကထံနု (သိယာ)- အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ဟိ-ဖြစ်နိုင်သည်သာ၊ ဝေဿန္တရဿ-ဝေဿန္တရာမင်း၏၊ သောကော-သားတော်သွီးတော်အတွက် , ဝမ်းနည်းချက်သည်၊ သောတူနံ - ဝေဿန္တရာဇာတ်ကို နာယူသူတို့၏၊ အာနန္ဒော - နှစ်သက်ခြင်းသည်၊ သိယာ-ဖြစ်နိုင်ရာ၏။

× × × × × × ×

၃၅၅။ ဒုက္ခ၊ ပေ၊ ကရုဏာဒိကေ ။ ။ ဤကား အမေးတည်း၊ [ကရုဏာဒိ၌ အာဒိဖြင့် ရုဒ္ဒ , ဘယာနက, ဗီဘစ္ဆတို့ကိုယူ။ ] ရှေ့၌ ''အာနန္ဒော ရသော=နှစ်သက်ခြင်းကို ရသ''ဟု ဆိုခဲ့၏၊ ထိုရသတို့ကို ပြရာရှေ့ဂါထာ၌လည်း ကရုဏာ, ရုဒ္ဒ, ဘယာနက, ဗီဘစ္ဆတို့ကိုပါ ရသ၏ သရုပ်အဖြစ်ဖြင့် ပြထား၏၊ ထိုရသတို့၏ တရားကိုယ်မှာ ဒုက္ခဒေါမနဿ တို့သာတည်း။ [ ကရုဏာ ဆိုသော်လည်း အဘိဓမ္မာ၌ပါသော ကရုဏာ အစစ်မဟုတ် , ကရုဏာ အတုကို ဆိုလိုသည်၊ ထို့ကြောင့်'' ဒုက္ခရူပေ '' ဟု ဆိုသည်။]အာနန္ဒအရကား နှစ်သက်မှု ပီတိသောမနဿတည်း၊ ထို့ကြောင့် ဒုက္ခမကင်းသော ( သနားစရာ ကြောက်စရာ ရွံစရာကောင်းသော )ကရုဏာစသော ရသအရာဝယ် အဘယ် နည်းဖြင့် နှစ်သက်မှု ဖြစ်နိုင်ပါ သနည်း၊ ဒုက္ခ ဒေါမနဿ ဖြစ်သော ကရုဏာစသည်နှင့်ပီတိသောမနဿဖြစ်သောအာနန္ဒသည် ဖြောင့်ဖြောင့်ဆန့်ကျင်နေသည် မဟုတ်ပါလော-ဟူလို။

သိယာ ၊ ပေ ၊ ဝေဿန္တရဿဟိ။ ။ ဤကား အဖြေတည်း၊ '' နှစ်သက် '' ဟူရာ၌ '' တကယ်ဖြစ်ပျက်နေသည်ကို နှစ်သက်ခြင်း '' မဟုတ်၊ ထိုအကြောင်းအရာကို ဖွဲ့စီထားသော ပျို့ကဗျာဂါထာတို့ကို နှစ်သက်ခြင်းတည်း၊ ထို့ကြောင့် ကရုဏာစသည်ကို''ရသ-အာနန္ဒ'' ဟု ဆိုခြင်းသည် မဆန့်ကျင်ပါ - ဟူလို၊ ချဲ့ပါဦးအံ့ — ဝေဿန္တရာ

www.dhammaransi.com



ဇာတ်၌ ဇူဇကာပုဏ္ဏားက သားတော် သမီးတော်များအား ရိုက်နေသည်ကို မြင်ရ၍ ဝေဿန္တရာမင်းမှာ သောကဖြစ်ရှာ၏၊ သောကဖြစ်လွန်းလှသဖြင့် ကျောင်းသခ်မ်းသို့ဝင်၍ ငိုကြွေးတော်မူရှာ၏၊ ထိုသို့တကယ် သောကဖြစ်နေသည်ကို မြင်ရသော လူကောင်း သူကောင်းတယောက်မှာ "နှစ်သက်မှု အာနန္ဒဖြစ်သည်"ဟု မဆိုလိုပါ။

အမှန်ဆိုလိုရင်းကား—ဝေဿန္တရာဇာတ်၌ ထိုသောကဖြစ်ခဏ်းအဖွဲ့အနွဲ့ကို နားထောင်ရသော လူကောင်းသူကောင်းတို့မှာ " အို… အလွန်သနားစရာကောင်းတာဘဲ"ဟု အဖွဲ့အနွဲ့ကိုနှစ်သက်မှု သဘောကျမှုဖြစ်၏၊ ထိုအဖွဲ့အနွဲ့ကို " ကရုဏာရသပါရှိသော အဖွဲ့အနွဲ့ " ဟု ခေါ်ရ၏၊ ထိုသို့ နှစ်သက်မှု အရသာရှိသောကြောင့်ပင် သနားစရာကောင်းသော အခဏ်းကို ထပ်တလဲလဲ နားထောင်လိုကြ၏၊ တရားနာသူတို့ မျက်ရည်ကျလောက်အောင် ဝေဿန္တရာဇာတ်ကို အဟောကောင်းသော ဓမ္မကထိက၏ အဟောအပြောကိုလည်း ကရုဏာရသပါသောကြောင့်ပင် မျက်ရည်ကျလျက် နှစ်သက်ကြလေသည်။

မသောကောအာနန္ဒော။ ။သောကသည်၎င်း,သောကဖြစ်ပုံကိုပြသော အဖွဲ့အနွဲ့သည်၎င်း , နှစ်သက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အကျိုး၏ အာနန္ဒ အမည်ကို အကြောင်း၌ တင်စား၍ ဖလူပစာရအားဖြင့်"သောကော အာနန္ဒော-သောကသည် နှစ်သက်ခြင်းဖြစ်၏ " ဟု ဆိုထားသည်။ [ အာနန္ဒော သိယာ-အာနန္ဒဿ ကာရဏတ္တာ ကာရိယောပစာရေန သန္ဒော သော နာမ ( နှစ်သက်ခြင်းမည်သည်)ဘဝေယျ။]

ရုဒ္ဒရသစသည်။ ။ရုဒ္ဒရသ၌လည်း မင်းသားကြမ်းတို့၏ မင်းသမီးကလေးအားနှိပ်စက်ခဏ်းကို အလွန်ကြည့်လိုကြပုံ,အကြမ်းမင်းသားတို့ ( အနှိပ်စက် ကောင်းသဖြင့် ) လူကြိုက်များပုံကို၎င်း, ဘယာနက၌သည်း ကြောက်စရာကောင်းသော တစ္ဆေ သရဲပုံပြင် ပြဇာတ်များကိုကြောက်လျက်နှင့်ပင် နားထောင်လိုကြ ကြည့်ရှုလိုကြပုံကို၎င်း,ဗီဘစ္ဆရသ၌လည်း တယော်နှင့်တယော် ရွံမုန်းနေသော အကြောင်းအရာ, ရွံစရာ ကောင်းပုံကို ဖွဲ့နွဲ့ထားသော ပုဂ္ဂိုလ်ကဗျာများကို နားထောင်လိုကြပုံကို၎င်း ကြည့်၍, ထို အပြောအဆို သီချင်း အဖွဲ့အနွဲ့များ၌ ဆိုင်ရာ

www.dhammaransi.com



အရသာများပါရှိကြောင်း,နားထောင်ရသူတို့မှာ နှစ်သက်မှုအရသာကို ခံစားရကြောင်း သိပါလေ။

**အမှာ ။** ။ ရှေးနိဿယများ၌ အာနန္ဒ - ရသတို့ကို သုဒ္ဓကဏ္ဍသာမိ, ဟေတုကဏ္ဍသာမိ, ကမ္မသာမိ ဝစနတ် ၃ မျိုးပြု၍ "နှစ်သက်တတ်-သာယာတတ်သောစိတ်, နှစ်သက်စေတတ်- သာယာစေတတ်သော အကြောင်းအရာ အဖွဲ့ဗန္ဓ , နှစ်သက်အပ် - သာယာအပ်သော အရသာ" ဟု ၃ မျိုးခွဲခြား၍ အဓိပ္ပါယ်ရေးကြသေး၏၊ ထိုအဓိပ္ပါယ်များ၌ " အာနန္ဒသဿ ကာရဏတ္တာ " စသည်ဖြင့် ဥပစာကိုဖွင့်သော ဋီကာနှင့်ရှင်း "ရသီယတီတိ တညူဟိ "ဟူသော (၃၅၃) ဂါထာ၏ ကမ္မသာဓန ဝိဂ္ဂြိုဟ်နှင့်ရှင်း ညီ မညီကို စိစစ်ကြပါလေ။

**ရှေ့နောက်အစဉ်။** ။ဤပြခဲ့သော စကားအစဉ်ဖြင့် ဌာယီဘာဝ စသည်တို့၏ သဘောများကို ပြ၍ ပြီးပြီ၊ ဌာယီဘာဝ စသည်တို့ကို ထုတ်ရာ၌ ဝိဘာဝ ၂ ပါးသည် ဌာယီဘာဝဖြစ်ခြင်း၏ အကြောင်းဖြစ်ရကား ထိုဝိဘာဝ ၂ ပါးကို ရှေးဦးစွာပြပါ၊ ထို့နောက် ဌာယီဘာဝကိုပြ၍,ထို့နေံမှ ဌာယီဘာဝ၏အခြံအရံဖြစ်သော ဗျဘိစာရီဘာဝ , သတ္တိကဘာဝတို့ကို ရသင့်လျှင် ထုတ်ပါ၊ ထို့နောက် ဘာဝ၏ အကျိုးဖြစ်သောအနုဘာဝတို့ကိုထုတ်ပါ၊ဝိဘာဝ အနုဘာဝ သတ္တိက ဗျဘိစာရီဘာဝ တို့ဖြင့် တိုးပွားလာသော ဌာယီဘာဝကို ရသ ဟု ခေါ်ရကား ထိုဝိဘာဝစသော အားလုံး၏နေံဆုံးမှ ရသကို ထုတ်ပြပါ။ [ဤကား များသောအားဖြင့် ထုတ်ရိုးအစဉ်တည်း၊ တရံတခါ၌မူ ထိုအစဉ်မကျဘဲလည်း ထုတ်ထားသည်ကို တွေ့ရသေး၏။]

[ဆောင်] ၂ မျိုးကွဲကြ , ဝိဘာဝကို , အစရှေ့ဖျား , ထုတ်ကာထားလျက်, နောက်ပါးဌာယီ, ဆက်ဆက်မှီလော၊ စာရီဗျဘိ, နောက်သတ္တိလည်း, ရှိလျှင်ရှိထိုက် , ဆက်ပြထိုက်၏၊ သိုက်မြိုက်နောက်မှ, နုဘာဝကို , ပြ၍ပြီးသော် , ရသ ပေါ်သည် , စာတော်ပြန်တို့ မှတ်ဘွယ်ကို့။

www.dhammaransi.com



ရတိဋ္ဌာယီဘာဝ၏ သဘော

၃၅၆။ ရမ္မဒေသ ကလာကာလ-ဝေသာဒိ ပဋိသေဝနာ၊
ယုဝါန·ညောညရတ္တာနံ, ပမောဒေါ ရတိ ရုစ္စတေ။

၃၅၆။ ရမ္မ ဒေသ ကလာ ကာလ ဝေသာဒိ ပဋိသေဝနာ - မွေ့လျော်ဘွယ်ကောင်းသောအရပ်,သီဆိုတီးမှုတ်ခြင်းအစရှိသော ကလာ, မိုဃ်းဥတုအစရှိသော ကာလ, ပန်းပန်ခြင်းစသော အဆင်အပြင် အမူအရာ အစရှိသည်တို့ကို အဘန်ဘန် မှီဝဲရခြင်းကြောင့်၊ အညောညရတ္တာနံ - အချင်းချင်း ချစ်ကြိုက်ကြကုန်သော၊ ယုဝါနံ- လုလင်ပျို မိန်းမပျိုတို့၏၊ ပမောဒေါ-ဝမ်းမြောက်ကြည်နူး,ပျော်မြူးခြင်းကို၊ ရတိ-ရတိဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။

× × × × × × ×

၃၅၆။ ရမ္မဒေသ၊ပေ၊သေဝနာ။ ။ရမ္မပုဒ်ကို ဒေသ , ကလာ, ကာလ , ဝေသ ပုဒ်တိုင်း၌ စပ်၊ ရမ္မဒေသကို " ရမဏီယ နီရာဝရဏ သုစိ ပဝိတ္တ ဝါသာရဟဒေသော" ဟု ဖွင့်၏။ [ ရမဏီယ- မွေ့လျော်ဘွယ်ကောင်းသော+နီရာဝရဏ - သွားလိုရာ သွားနိုင်လေ‌အောင် ပိတ်ဆို့တားဆီးခြင်းလည်း မရှိသော+သုစိ-သန့်ရှင်းစင်ကြယ်သော+ ပဝိတ္တ-ဖြူစင်သော+ဝါသာရဟဒေသ-(ပြခဲ့သောဂုဏ်များကြောင့်) နေထိုက်သောအရပ်၊] မွေ့လျော်ဘွယ်ကောင်းသောအိမ်, ဉယျာဉ်, ပန်းခြံ, ရေကန်, တောတောင်များကို "ရမ္မဒေသ " ဟု ဆိုလိုသည်။

ကလာ, ကာလ, ဝေသ။ ။ရမ္မဂီတကာဒိကလာ - မွေ့လျော်ဘွယ် (နားထောင်ချင်ဘွယ် ) ကောင်းသော သီချင်းစသော ကလာ။ [ တီးမှုတ်သံလည်း ကလာပင်တည်း။ ] ရတိဇနန ဝသန္တာဒိ အနုရူပ ကာလ-ပျော်မွေ့ခြင်းကို ဖြစ်စေတတ်သော မိုဃ်းဥတုစသော လျော်ပတ်သော ကာလ၊ မာလာဂန္ဓာဒိ ဥပသောဘိတကိရိယာဒိ မနည ဝေသော-ပန်းပန်ခြင်း, နံ့သာလိမ်းခြင်းစသော နှစ်သက်ဘွယ် အဆင်အပြင် , တင့်တယ်သော အပြုအမူစသော နှစ်သက်ဘွယ် အမူအရာ။ [ဤ၌ အဆင်အပြင်ကိုဎင်း, အမူအရာကိုဎင်း " ဝေသ " ဟု ဖွင့်ထားသည်။]ဝေသာဒိ၌ အာဒိဖြင့် ချစ်စရာကောင်းသော သွားပုံ,ကြည့်ပုံ, ပြုံးပုံ, စကားပြောပုံ အမူအရာများကို ယူပါ။

www.dhammaransi.com



ပဋိသေဝနာ ။ ။ ဣမေသံ ဒိဋ္ဌသုတမုတာဒိသု ဒိဋ္ဌာဒိမတ္တံ အကတွာ - ဤ ရမ္မဒေသ စသည်ကို မြင်ရ, ကြားရ , ဃာနဇိဝှါ ကာယဝိညာဉ်တို့ဖြင့် နမ်း၍ လျက်၍ ထိ၍ သိရ,မနောဝိညာဉ်ဖြင့် သိရသောအခါတို့၌ မြင်ကာမတ္တ ကြားကာမတ္တ သိကာမတ္တ မပြုဘဲ ( မြင်ရုံတွင်မရပ်ဘဲ ) ပညာယ တေနတေနာကာရေန ပုနပ္ပုနာနုဘာဝနေန-စိတ်ကူးဉာဏ်ပညာဖြင့် ထိုထိုအခြင်းအရာအားဖြင့် အဘန်ဘန်ခံစားခြင်းကြောင့်၊ ပဋိသေဝနာ၌ ပဋိကို "ပုနပ္ပုနံ" ဟု ဖွင့်၍ သေဝနာကို "အနုဘာဝနေန"ဟု အဓိပ္ပါယ်ဖွင့်သည်၊ရမ္မဒေသ စသည်ကို တွေ့ကာမတ္တဖြင့် စိတ်ကို ရပ်မထားဘဲ ဆက်လက်၍တွေးတောခြင်း-ဟူလို။

မှတ်ချက် ။ပါဠိတော်များ၌လာသော နိမိတ္တဂ္ဂါဟ-ယောက်ျား၏ ပုံသဏ္ဌာန်, မိန်းမ၏ ပုံသဏ္ဌာန်ကို"ဘယ်နည်းဘယ်ပုံ လှသည်" စသည်ဖြင့် ရာဂစိတ်ဖြင့် ယူခြင်း၊ အနုဗျဉ္ဇနဂ္ဂါဟ - "မျက်လုံးကဘယ်လို, မျက်ခုံးကဘယ်နည်း"စသည်ဖြင့် ကိုယ်အင်္ဂါ အစိတ်အစိတ်ကို ရာဂစိတ်ဖြင့် ယူခြင်းကိုလည်း"တေနတေနာကာရေန"၌ သွင်းယူပါ။ [ ဤပြခဲ့သော ရမ္မဒေသစသော စကားရပ်ဖြင့် ရတိစိတ်ကို ထကြွစေတတ်သော ဥဒ္ဒီပနဝိဘာဝကိုပြ၏။]

ယုဝ ါ၊ပေ၊ရတိရုစ္စတေ။ ။ ဤပါဌ်၌ ယုဝါန·ညောညရတ္တာနံဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ ယုဝသည် ယုဝတီ၏ အာလမ္ဗနဝိဘာဝ , ယုဝတီသည် ယုဝ၏ အာလမ္ဗနဝိဘာဝ ဖြစ်သည် - ဟူလို၊ ပမောဒေါ ရတိဖြင့် ရတိဌာယီဘာဝကိုပြ၏၊ ထို ရမ္မဒေသ စသည်ကို တွေ့ရခြင်း၏ လှုံ့ဆော်မှုကြောင့် အချင်းချင်း ရာဂစိတ်ဖြစ်နေကြသော လုလင်ပျိုနှင့်မိန်းမပျိုတို့၏အလွန်နှစ်သက်မှုပီတိကို"ရတိဌာယီဘာဝ" ဟု ခေါ်သည်-ဟူလို။

ဆက်ဦးအံ့။ ။များသောအားဖြင့် ယုဝ ယုဝတီတို့၏ ချစ်ကြိုက်မှုက လောက၌ ထင်ရှားသောကြောင့် " ယုဝါနံ "ဟု ဆိုသည်၊ မည်သည့်အရွယ်မဆို ယောက်ျားမိန်းမတို့၏ချစ်ကြိုက်မှုကို"ရတိဌာယီဘာဝ"ဟု ဆိုနိုင်၏၊ ရမ္မဒေသ-စသည်ဖြင့် မွေ့လျော်ဘွယ်ကို ပြထားခြင်းမှာလည်း ထို ဒေသစသည်တို့က ရတိကို လှုံ့ဆော်တတ်သောကြောင့်တည်း၊ ဆိပ်ကွယ်ရာသို့ရောက်ကြလျှင် ယောက်ျားမိန်းမတို့မှာ အချိန်မရွေး ချစ်ကြိုက်မှု ဖြစ်တတ်သည်သာ။

www.dhammaransi.com



### သိင်္ဂါရရသ ဖြစ်ပုံနှင့်အပြား

၃၅၇။ ယုတ္တာ ဘာဝါနုဘာဝါ တေ, နိဗန္ဓာ ပေါသယန္တိ နံ၊
သော-ပျယောဂဝိပ္ပယောဂ-သမ္ဘောဂါနံ ဝသာ တိဓာ။

၃၅၇။ ယုတ္တာ - အသင့်ယုတ္တိအားဖြင့်၊ နိဗန္ဓာ - ဖွဲ့နွဲ့စီကုံးအပ်ကုန်သော၊ တေ ဘာဝါနုဘာဝါ - ထို ဗျဘိစာရီဘာဝ အနုဘာဝတို့သည်၊ နံ - ထို ရတိဋ္ဌာယီဘာဝဟု ဆိုအပ်သော သိင်္ဂါရရသကို၊ ပေါသယန္တိ-တိုးပွားစေနိုင်ကုန်၏၊ သောပိ- ထို သိင်္ဂါရရသသည်လည်း၊ အယောဂ ဝိပ္ပယောဂ သမ္ဘောဂါနံ - မပေါင်းရသေးခိုက်ချစ်ကြိုက်ခြင်းဟူသော အယောဂ , ချစ်ကြိုက်ပြီးမှ ကွေကွင်းရခြင်းဟူသော ဝိပ္ပယောဂ , အတူတကွ ခံစားရခြင်းဟူသော သမ္ဘောဂတို့၏၊ ဝသာ-အပြားအားဖြင့်၊ တိဓာ-၃ ပါးပြား၏။

× × × × × × ×

၃၅၇။ ယုတ္တာ၊ပေ၊နံ။ ။ဤ ပုဗ္ဗဒ္ဓ ၂ ပါဒဖြင့် သိင်္ဂါရရသ ဖြစ်ပုံကို ပြ၏၊ မှန်၏-"ပေါသယ-တိုးပွားစေ" ဟူသည် ရသအဖြစ်သို့ ရောက်စေခြင်းတည်း၊ "ရတိဋ္ဌာယီဘာဝနှင့် သင့်လျော်အောင် ကဝိစာဆိုတို့ ဖွဲ့စီအပ်- ယှဉ်တွဲ၍ ပြအပ်ကုန်သော ဗျဘိစာရီဘာဝနှင့် အနုဘာဝတို့သည် ထို ရတိဋ္ဌာယီဘာဝကို သိင်္ဂါရ အရသာ ပေါ်သည်တိုင်အောင် တိုးပွားစေနိုင်ကြသည်" ဟူလို။

ယုတ္တာ။ ။["ရတ္တာ-ရတ္တိယာ" တို့ကဲ့သို့ ယုတ္တိယာနှင့် ယုတ္တာလည်း သဘောတူ၏။] ထိုယုတ္တိဟူသည် သိင်္ဂါရရသနှင့် ယှဉ်စပ်တွဲဖက်ဘို့ရန် သင့်လျော်ခြင်းတည်း၊ မှန်၏ -ဗျဘိစာရီဘာဝတို့တွင် အာလသိယ, ဥဂ္ဂတာ, ဇိဂုစ္ဆာတို့သည် သိင်္ဂါရ ရသနှင့် တွဲဖက်ဘို့ရန် မသင့်လျော်ကုန်၊ ပျင်းရိခြင်း, ထိတ်လန့်ခြင်း , ရွံရှာခြင်းတို့ ပါဝင်နေလျှင် ကိလေသာမဖြစ်နိုင်-ဟူလို၊ သံကာ-"ငါချစ်သလိုချစ်မှ ချစ်ပါ့မလား" ဟု ယုံမှားခြင်း, ဥဿုက္က-ချစ်သူနှင့်တွေ့ဘို့ရန် အားထုတ်ခြင်း, စသည်ကား ထို သိင်္ဂါရရသနှင့် ယှဉ်တွဲဘို့ရန် အသင့်ယုတ္တိရှိသော ဗျဘိစာရီဘာဝတို့တည်း၊ အနုဘာဝကို ဤနေရာ၌ ဋီကာတို့ မပြသော်လည်း ပြခဲ့သော ဘာဝအလင်္ကာ၏ ပုံစံ၌ " သဥ္ဇမ္ဘယန္တိ သတတာဟိတသမ္ဘမေန " ဟု ပြခဲ့သည့်အတိုင်း ချစ်ကြိုက်၍ နမ်းစုပ်ခြင်း စသည်ကို အနုဘာဝ-ဟု ယူသင့်၏။

www.dhammaransi.com



**မှတ်ချက်။** ။"ဘာဝါ·နုဘာဝါ" ဟု ဘာဝသာမည ဆိုထားသော်လည်း "နိဒ္ဒိဋ္ဌဗျဘိစာရိဘာဝေသုရတျာနုရူပဗျဘိစာရိဘာဝါ" ဟူသော ဋီကာဖွင့်ကို ထောက်၍ ရတိဍ္ဍာယီဘာဝနှင့်သင့်လျော်သော (သိင်္ဂါရရသကို တိုးပွားအောင် အားပေးသော) ဗျဘိစာရိဘာဝကိုသာ ဤဂါထာ၌ "ဘာဝ" ဟု ယူရသည်၊ သိင်္ဂါရရသကို မတိုးပွားစေနိုင်သော ထမ္ဘ ပလယစသော သတ္တိကဘာဝတို့ကို မယူရ၊ အထည်ကိုယ်ဖြစ်သော ဍ္ဍာယီဘာဝကိုကား "နံ" ဟူသော ကံပုဒ်ဖြင့် ယူထားသောကြောင့် "ဘာဝါနုဘာဝါ" ဟူသော ဤကတ္တားပုဒ်၌ ဘာဝအရ ဍ္ဍာယီဘာဝကို ယူဘွယ်မလို-ဟုမှတ်။

**နိဗန္ဓာ ပေါသယန္တိ နံ။** ။ယုတျာ နိဗန္ဓာ - သိင်္ဂါရရသနှင့် သင့်လျော်အောင် (ယုတ္တိရှိအောင်) ဖွဲ့စီအပ်သော ထို ဗျဘိစာရိဘာဝ အနုဘာဝတို့သည် ထိုအဖွဲ့ကိုမြင်ရကြားရသူ့အတွက် ဍ္ဍာယီဘာဝကို တိုးပွားစေကုန်၏၊ "တိုးပွားစေ" ဟူသည်ကား ရတိဍ္ဍာယီဘာဝကို သိင်္ဂါရ အရသာ ပေါ်လာအောင် တိုးတက် ပွားများစေခြင်းတည်း၊ ထိုကဲ့သို့ တိုးပွားလာသော ရတိဍ္ဍာယီဘာဝသည်သာ သိင်္ဂါရရသ ဖြစ်သည်-ဟူလို၊ ဤစကားဖြင့် ဍ္ဍာယီဘာဝသာမည၌ အရသာမပေါ်သေး, ထိုဍ္ဍာယီဘာဝကို ဗျဘိစာရိဘာဝ သတ္တိကဘာဝ အနုဘာဝတို့ဖြင့် ဆင်ပြင်လိုက်မှ ဆိုင်ရာအရသာပေါ်လာသည်-ဟု မှတ်။

**ဋီကာ။** ။နိဗန္ဓာ-ကဝိဟိ ဗန္ဓာ၊ နံ-ရတိံ၊ ပေါသယန္တိ-ယထာ (အကြင်နည်းဖြင့် ဆင်ပြင်အပ်သည်ရှိသော်) တပ္ပကာသနေန (ထို ရတိကိုထင်ရှားပြခြင်းအားဖြင့်) ပူရေန္တိ သဇ္ဇေန္တိ၊ ဝေံ (ဤပြည့်စေနိုင်, ဆင်ပြင်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်) သဇ္ဇိတော (ဆင်ပြင်အပ်သည်၊ သမာနော-ဖြစ်လသော်၊ ဝါ-ဖြစ်မှ၊) ရတ်-သည်၊ သိင်္ဂါရောနာမ ရသော ဟောတိ- သိင်္ဂါရရသဖြစ်၏။

**သောပျ၊ပေ၊တိခေ။** ။ဤ ၂ပါဒဖြင့် သိင်္ဂါရရသ၏ "အယောဂ, ဝိပ္ပယောဂ, သမ္ဘောဂ" အားဖြင့် ၃ မျိုးပြားကြောင်း ပြ၏၊ ထိုတွင် သွီးရီးစား ဘဝ၌ မပေါင်းရသေးသော (ပေါင်းဘို့ရန် မြှော်လင့်နေသော) ချစ်ကြိုက်ခြင်းသည် အယောဂ မည်၏။ [အယောဂ - မယှဉ်ရ မပေါင်းရသေးသော ချစ်ကြိုက်ခြင်း။ ] ထိထိရေံရောက် ပေါင်းသင်း ဆက်ဆံလျက် ချစ်ကြိုက်ခြင်းသည် သမ္ဘောဂ မည်၏၊ မပေါင်းရမီ

www.dhammaransi.com



ဖြစ်စေ ပေါင်းပြီးမှဖြစ်စေ(မုန်းကွဲမဟုတ်) ချစ်ကွဲ-ကွဲနေရခြင်းသည် ဝိယောဂမည်၏။[ဋီကာ၌ကား ပေါင်းပြီးမှကွဲရခြင်းသာ''ဝိယောဂ'' ဟု ဆိုသည်၊ အဘိဓာန်၌ ''အယောဂ''မပါ၊ သမ္ဘောဂ-ဝိပ္ပယောဂ ၂ မျိုးသာ ပါ၏။]

**အမှာ။** ။အရှင်သံဃရက္ခိတထေရ်သည်''သူတော်ကောင်းတရား တည်းဟူသော အမတရသ၌ မက်မောကြကုန် , စိတ်ထားစင်ကြယ် ကြကုန်, အကျင့်သာလျှင် ဥစ္စာဟု အယူရှိကြကုန်သော ယောဂီသူမွန် သီလဝန် ပုဂ္ဂိုလ်များအတွက် အမတရသမှ တပါးသော သိင်္ဂါရရသ စသော ရသများကို သိရခြင်းဖြင့် အကျိုးမရှိ''ဟု ယူဆ၍ အကျယ်ပုံစံ များကို မပြဘဲ ရသ၏ သဘောလက္ခဏာကို ပြသော သုတ်မျှကိုသာ ပြခဲ့ပေသည်၊ သို့သော် ပြယုဂ်ပုံစံမပါလျှင် အဓိပ္ပါယ် မသိသာသော ကြောင့် ဋီကာ-နိဿယဆရာတို့ ပြယုဂ်ပုံစံကို ထုတ်ပြခဲ့ကြသည်အား လျော်စွာ ဤ ဘာသာဋီကာ၌လည်း ထိုဋီကာ - နိဿယတို့မှ ယူ၍ ပြယုဂ်ပုံစံကို ထုတ်ပြပါဦးအံ့။

**အယောဂ သိင်္ဂါရရသ ပုံစံ**

အစ္ဆရာနံ ဒဿနေန, ရာဂဂ္ဂိ အဇ္ဇ ဒယှတိ၊
ကာမပဇ္ဇော် သံသီဒါမိ, မေယှံ နတ္ထိ မဟာမုနေ။

မဟာမုနေ- မုနိထွဋ်တင်, အို····ရှင်တော်မြတ်ဘုရား၊ အစ္ဆရာနံ- နတ်သမီးတို့ကို၊ ဒဿနေန- မြင်ရခြင်းကြောင့်၊ အဇ္ဇ-ယခု၊ ရာဂဂ္ဂိ-ရာဂ မီးသည်၊ ဒယှတိ-လောင်နေပါ၏၊ ကာမပဇ္ဇော်-ကာမတည်းဟူသော ညွန်၌၊ သံသီဒါမိ - နစ်မြုပ်နေပါ၏၊ မေယှံ - တည်ကြည်ခြင်းသည်၊ နတ္ထိ- မရှိတော့ပါဘုရား။ [ အရှင်နန္ဒကဘုရားရှင်ကို လျှောက်သော ဂါထာဖြစ်သည်၊ မူလက ဥပဇာတိဂါထာကြီးကို ရွတ်၍ချောအောင် ဝတ္တဂါထာပြင်လိုက်သည်။]

ဤဂါထာ၌"အစ္ဆရာနံ ဒဿနေန"ပါဠ်ဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ နတ်သမီးသည် အရှင်နန္ဒ၏ အာရုံဖြစ်သည်- ဟူလို၊ နတ်သမီးတို့၏ အဆင်တန်ဆာ,ဥယျာဉ်,ရေကန်, ဘုံဗိမာန်ဟူသော ဥဒ္ဒီပန ဝိဘာဝ ကိုကား( ဂါထာ၌ တိုက်ရိုက်မပြသောကြောင့် ) မှန်းဆ၍ သိအပ်၏၊ ''ရာဂဂ္ဂိ အဇ္ဇ ဒယှတိ,ကာမပဇ္ဇော် သံသီဒါမိ''ပါဠ်တို့ဖြင့် ရတိဌာယီ ဘာဝကိုပြ၏၊ မေယှံနတ္ထိဟူသော ပါဠ်ဖြင့် စပလ( လျှပ်ပေါ်လော်လီ

www.dhammaransi.com



ခြင်း)ဗျဘိစာရီဘာဝကိုပြ၏၊[''ဝေပထု-သတ္တိကဘာဝတို့ကိုပြ၏''ဟု ဆိုကြသေးသည်ကား ထိုအချိန်၌ ဝေပထုမဖြစ်သောကြောင့် စဉ်းစား သင့်၏၊ ] ဤစကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထား တိုင်တည်ခြင်း ဟူသော ဝါစသိကဗျာပါရသည် အနုဘာဝ မည်၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိ ဌာယီဘာဝသည်ပင် ဤဂါထာကို ကြားနာရသူတို့၏ နှစ်သက်ဘွယ် ဟူသော သိင်္ဂါရရသဖြစ်၏။

သုဝဏ္ဏစီရဝသနေ, ဇာတရူပ သုမေခလေ၊
သုသောဏိ တဝ ကာမေဟိ, နာဟံ ရဇ္ဇေန မတ္ထိကော။

သုဝဏ္ဏစီရဝသနေ - ရွှေချည် ရွှေကြယ်တို့ဖြင့် စီခြယ်အပ်သော ခါးဝတ်ကိုလည်း ဝတ်ထသော၊ ဇာတရူပ သုမေခလေ-ရွှေခါးပတ်ကို လည်း ပတ်ထသော၊ သုသောဏိ - ကောင်းသော တင်ရှိသော အို.... ပဘာဝတီ၊ တဝ-သင့်ကို၊ ကာမေဟိ-ချစ်ကြိုက်ခြင်းတို့ကြောင့်၊ အဟံ-ငါသည်၊ ရဇ္ဇေန-ကုသဝတီနိုင်ငံဖြင့်၊ နအတ္ထိကော- အလိုမရှိတော့ပြီ။ [ကုသမင်းက ပဘာဝတီကို ပြောသော ဂါထာဖြစ်သည်။]

ဤဂါထာ၌''သုဝဏ္ဏစီရဝသနေ, ဇာတရူပသုမေခလေ၊ သုသော ဏိ''ပါဌ်တို့ဖြင့် ပဘာဝတီအပေါ်၌ အချစ်စိတ်တိုးစေတတ်သော ဥဒ္ဒီ ပနဝိဘာဝကို ပြ၏၊ ဤ အဆင်တန်ဆာတို့ဖြင့် ဆင်ယင် အပ်သော ပဘာဝတီမင်းသ္မီးဖြစ်သည် အာလမ္ဗနဝိဘာဝတည်း၊ '' ကာမေဟိ '' ဟူသောပါဌ်ဖြင့် ရတိဌာယီဘာဝကိုပြ၏၊ ဟရိသ(စိတ်ရွှင်လန်းခြင်း) စသော ဗျဘိစာရီဘာဝ တို့ကိုလည်း မှန်းဆ၍ သိအပ်၏၊ '' နာဟံ ရဇ္ဇေန မတ္ထိကော '' ဟူသော ဝါစာသိကဗျာပါရဖြင့် အနုဘာဝကို ပြ၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် သိင်္ဂါရရသဖြစ်၏။

မှတ်ချက်။ ။ ဤသုဝဏ္ဏစီရဝသနေ- စသော ဂါထာကို ယော နိဿယ၌ '' အယောဂ သိင်္ဂါရရသ '' ဟု ပုံစံ ထုတ်ပြသော်လည်း ကုသမင်းနှင့် ပဘာဝတီတို့ သမ္ဘောဂ ဖြစ်ပြီးနောက် ကွဲသွားပြီးမှ ပဘာဝတီနှင့် ခေတ္တခဏမျှ မျက်နှာချင်းဆိုရာဝယ် ရွတ်ဆိုအပ်သော ကြောင့် '' သမ္ဘောဂပုံစံ ''ဟု ဆိုလျှင် သာ၍ သင့်မည်ထင်သည်။

www.dhammaransi.com



ဝိယောဂ၏ဝိဘာဝ, အနုဘာဝ။ ။"ဝိယောဂဿတု ပိယာနံ အဒဿနံ ဝိဘာဝေါ " ဟူသော စကားနှင့်အညီ ချစ်သူကို မမြင်ရ မတွေ့ရခြင်းသည် ဝိယောဂ သိင်္ဂါရရသ၏ ဝိဘာဝ ဖြစ်၏၊ " အဘိလာပေါ တထာစိန္တာ"စသော ဂါထာနှင့်အညီ အဘိလာပ,စိန္တာ, ဂုဏကိတ္တန , ဥဗ္ဗေဂ, ဝိလာပ , ဥမ္မာဒ, ဗျာဓိ , ဇလတာ, မရဏ, တို့သည် ဝိယောဂ သိင်္ဂါရရသ၏ အနုဘာဝတို့တည်း။

ချဲ့ဦးအံ့—ချစ်သူနှင့်ကွဲရသောအခါ ချစ်သူ၏ ကျန်းမာ ချမ်းသာကြောင်းကို နှုတ်ဖြင့်ဆုတောင်းမှု-အဘိလာပ၊ နေရေးထိုင်ရေးစသည်တို့ကို တွေးတောစဉ်းစားမှု- စိန္တာ၊ စကားစပ်မိ၍ အခြားသူများနှင့် စကားပြောတိုင်း ချစ်သူ၏ စွမ်းရည်သတ္တိ ဂုဏ်များကို အားပါးတရ ထုတ်ဖော်၍ ပြောပြမှု - ဂုဏကိတ္တနာ၊ ချစ်သူ့ အတွက် အလွန် ဗျာများမှု-ဥဗ္ဗေဂ၊ လွမ်းဆွတ်လွန်းမကလွမ်းဆွတ်လှလျှင် စိတ်ထင်ရာ ဂယောင်ဂတမ်းမြည်တမ်းမှု-ဝိလာပ၊ အချို့ကား ပြန်၍ပေါင်းရမည့် အခြေကို မမြင်ရတော့သဖြင့် ရူးသွပ်မှု - ဥမ္မာဒ၊ [ မယားတ - ရူး, လင်တ- ရူးမျိုးတည်း။ ] မရူးသော်လည်း ပိန်ချုံးကြုံလှီ၍ မအီမသာ တရှောင်ရှောင်နှင့် မကျန်းမမာဖြစ်နေမှု – ဗျာဓိ၊ တချို့ကား မှိုင်၍ မှိုင်၍နေမှု - ဇလတာ၊ တချို့ကား စောင့်မြော်ရင်းနှင့် မြော်လင့်ချက် မရှိသောအခါသေမှု-မရဏ၊ ဤအကျိုး(အနုဘာဝ)တို့ တပါးဖြစ်စေ, ၂ ပါး ၃ ပါး အများဖြစ်စေ ဖြစ်တတ်ကြလေသည်။

အဘိလာပေါ တထာစိန္တာ, တဿစ ဂုဏကိတ္တနာ၊
ဥဗ္ဗေဂေါစ ဝိလာပေါစ, ဥမ္မာဒေါ ဗျာဓိယောဝစ၊
ဇလတာ မရဏဉ္စေဝ, ဒသာဝေတ္တ ပကိတ္တိတာ။

(ဠုတိ-ဤသို့)တွေ့-ဤဝိယောဂ သိင်္ဂါရရသ၌၊ ဒသာဝ- ဆယ်ပါးသော အနုဘာဝတို့ကိုသာ၊ ပကိတ္တိတာ - ပြောပြအပ်ကုန်၏။ [ အနုဘာဝ ၁၀ ပါး-ဟု ဆိုသော်လည်း တပါးရှာ၍ မတွေ့၊ စေ့စုံအောင် ကျမ်းရင်းသို့ လိုက်ကြပါကုန်။] "ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ "ဟူသော ဒေသနာတော်နှင့်အညီ ဇရာ မရဏ စသည်တို့လည်း ဝိပ္ပယောဂသိင်္ဂါရရသ၏ အနုဘာဝ များပင် ဖြစ်ကြသည်။

www.dhammaransi.com



**ဝိယောဂ သိင်္ဂါရရသ ပုံစံ**

သာ တတ္ထ ပရိဒေဝေသိ,ရာဇပုတ္တီ ယသဿိနီ၊
သမ္ဗုလာ ဥတုမတ္တက္ခာ, ဝနေ နာထံ အပဿန္တီ။

ယသဿိနီ - မိမိ လင်ကို ပြုစုတတ်သဖြင့် ကောင်းမြတ် သတင်း ကျော်စောခြင်း ရှိသော၊ သမ္ဗုလာ - သမ္ဗုလာ မည်သော၊ သာရာဇပုတ္တီ- ထိုမင်းသမီး သည်၊ တတ္ထဝနေ- ထိုတော၌၊ နာထံ- မိမိကြင်ဘက် သောတ္ထိသေနကို၊ အပဿန္တီ - မတွေ့ရသည် ဖြစ်၍၊ ဥတုမတ္တက္ခာ- သောကလှိုက်ဆူ, မျက်ရည်ပူပြည့်, တွေဝေသော မျက်စိရှိသည်ဖြစ်၍၊ ပရိဒေဝေသိ- ငိုကြွေးရှာလေပြီ။

၌ဂါထာ၌ " နာထံ " ဟူသော ပါဌ်ဖြင့် အာလမ္ဗန ဝိဘာဝကို ပြ၏၊ "**အပဿန္တီ**" ဟူသော ပါဌ်ဖြင့် ဥဒ္ဒီပန ဝိဘာဝကို ပြ၏၊ "ပရိဒေဝေသိ " ဟူသော ပါဌ်ဖြင့် အနုဘာဝကို ပြ၏၊ သောတ္ထိသေနနှင့် သမ္ဗုလာမင်းသ္မီးတို့၏ ချစ်ခြင်းကား ရတိဌာယီဘာဝတည်း၊ ထိုရတိဌာယီဘာဝသည် ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသော အခါ ချစ်ကွဲ -ကွဲရခြင်းဟူသော ဝိယောဂသိင်္ဂါရရသဖြစ်၏။

ဒိသွာ ဘတ္တု ဘူသဏာနိ,ဝသနာနိ ဝီဏံပိစ၊
ပရောဒိ ကန္တိကာ နန္ဒာ, ဝိယောဂါ ကဏ္ဍနန္ဒတော။

ကန္တိကာနန္ဒာ-ချစ်ဘက်ကြင်ယာ,ရူပနန္ဒာသည်၊ ကဏ္ဍနန္ဒတော- ကြင်ဘက်တော် နန္ဒမင်းနှင့်၊ ဝိယောဂါ- ကွေကွင်းရခြင်းကြောင့်၊ ဘတ္တု- ကြင်ဘက်တော် နန္ဒမင်း၏၊ ဘူသဏာနိ - တန်ဆာတို့ကိုရင်း၊ ဝသနာနိ-ဝတ်လဲတော်တို့ကိုရင်း၊ ဝီဏံပိစ-တီးနေကျစောင်းကိုရင်း၊ ဒိသွာ- ကြည့်၍၊ ပရောဒိ- ငိုကြွေးရှာလေပြီ။ [စံကျောင်း နိဿယလာ ဥပဇာတိဂါထာကိုပြင်ထားသော ဝတ္တဂါထာဖြစ်သည်။]

၌ ဂါထာ၌ "ဘတ္တု - ကဏ္ဍ နန္ဒတော" ပါဌ်တို့ဖြင့် အာလမ္ဗန ဝိဘာဝကိုပြ၏၊ "ဝိယောဂါ,ဘူသဏာနိ, ဝသနာနိ,ဝီဏံ" ဟူသော ပါဌ်တို့ဖြင့် ဥဒ္ဒီပနဝိဘာဝကိုပြ၏၊ "ပရောဒိ "ဟူသောပါဌ်ဖြင့် အနုဘာဝကိုပြ၏၊ ရူပနန္ဒာနှင့် နန္ဒမင်းသားတို့ ချစ်ခြင်းသည် ရတိဌာယီဘာဝတည်း၊ ၎င်းသို့လျှင် ဘာဝ, ဝိဘာဝ , အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် ဝိယောဂသိင်္ဂါရရသဖြစ်၏။

www.dhammaransi.com



မှတ်ချက်။ ။ဤပုံစံများသည် ရှေးနိဿယများ၌လာသော ပုံစံများတည်း၊ ဤပုံစံများ၌ ငိုရသော အခက်းများချည်း ဖြစ်၍၊ ထို့ကြောင့် မိမိဉာဏ်အမြင်အားဖြင့် သိင်္ဂါရရသ မထင်၊ သနားဘွယ်သာ ဖြစ်သောကြောင့် ကရုဏာရသသာ ထင်နေပါသည်၊ ထို့ကြောင့် ကွဲကွာ၍နေစဉ် ချစ်သူ၏ ဓာတ်ပုံ အိပ်ရာနေရာ အဝတ်တန်ဆာ တို့ကို ကြည့်၍ သာယာနှစ်သက်မှုကိုသာ ဝိယောဂသိင်္ဂါရရသဟုဆိုသင့်မည် ထင်သည်။

**သမ္ဘောဂ၏ ဝိဘာဝ,အနုဘာဝ**

ရမ္မဒေသ ကလာ ကာလ-စသည်ကို ဥဒ္ဒီပန ဝိဘာဝ,ဣတ္ထိ-ပုရိသ-အချင်းချင်းကို အာလမ္ဗန ဝိဘာဝ ဟု ဆိုခဲ့ပြီ၊ မိန်းမ ယောက်ျားတို့၌ ရှိမြဲဖြစ်သော အဆင်း , အသံ , မွှေးကြိုင်လှသော အနံ့ , ချက်ပြုတ်ကျွေးသော အရသာ,အထိအတွေ့ဟူသော အာရုံငါးပါး ကာမဂုဏ်များလည်း အချစ်ကို တိုးပွားစေတတ်သော ဥဒ္ဒီပနဝိဘာဝပင်တည်း၊ အနုဘာဝတို့ကား - လောစနစာတုရ ( မျက်စိ၏၊ ရွှင်လန်းကြည်လင်ခြင်း ) ဘမုက္ခေပ ( မျက်ခုန်းမြှောက်ခြင်း = မျက်စပစ်ခြင်း ) သိတ ( ပြုံးရယ်ခြင်း ) ဝိဗ္ဘမ ( တင့်တယ်သော အမူအရာ ) စိတ္တ ( စိတ်၏ ကြည်လင်ခြင်း) အင်္ဂ (ကိုယ်လက်အင်္ဂါကို ပြုပြင်ခြင်း ) ဟာရိဝါကျ ( ချစ်နှစ်သက်ဘွယ် စကားကို ပြောခြင်း ) စသည်တို့တည်း၊ မှန်၏-ချစ်သူ ၂ ယောက်တို့ ပေါင်းဆုံမှု သမ္ဘောဂကို ပြုရသောအခါ ထိုအကျိုး အနုဘာဝတို့ ဖြစ်တတ်ကြလေသည်။

တဿ လောစန စာတုရ - ဘမုက္ခေပ သိတ ဝိဗ္ဘမာ၊
စိတ္တင်္ဂဟာရိဝါကျာဒီ, အနုဘာဝေါ ပကိတ္တိတာ။

တဿ-ထိုသမ္ဘောဂ သိင်္ဂါရရသ၏၊ လောစန စာတုရ ဘမုက္ခေပ ဝိဗ္ဘမာ - မျက်စိ၏ ရွှင်လန်းကြည်လင်ခြင်း, မျက်စပစ်ခြင်း , ပြုံးရယ်ခြင်း , တင့်တယ်သော အမူအရာတို့ကိုင်၎င်း၊ စိတ္တင်္ဂဟာရိဝါကျာဒီ-စိတ်နှလုံးကို ကြည်လင်စေခြင်း , ကိုယ်လက်အင်္ဂါတို့ကို ပြုပြင်ခြင်း , ချစ်ဘွယ်စကားကို ပြောခြင်း အစရှိသည်တို့ကိုင်၎င်း၊ အနုဘာဝေါ-အနုဘာဝဟူ၍၊ ပကိတ္တိတာ-ဆိုအပ်ကုန်ပြီ။

www.dhammaransi.com



ထို့ပြင်- ကုဏာလဇာတ်တော်၌ လာသော ( လင်ကြီးအနားမှာ နေလျက် အခြားယောက်ျားကိုမြူလိုသောသဘောဖြင့် ပြုအပ်သော) အမူအရာတို့ကို ယောနိသာယ၌ အနုဘာဝအဖြစ်ဖြင့် ပြထားသေး၏၊ ထိုအမူအရာတို့ကို“မာယာလေးဆယ်”ဟုလည်း ပြောစမှတ်ပြုကြ၏၊ ထိုမာယာတို့ကား—

ဝိဇမ္ဘတိ - တင့်တယ်စမ္ပါယ်သော အမူအရာကိုပြု၏၊ ဝိနမတိ- တစုံတခုကို တမင်ချ၍ ကျောပြင်ကိုမြင်စေခြင်းငှါ ကုန်းညွတ်၍ကောက်၏၊ ဝိလာသတိ-ကိုယ်အမူအရာ, အဆင်တန်ဆာတို့ဖြင့် တင့်တယ်အောင်ပြု၍ပြ၏၊ ဝိလဇ္ဇတိ - ရှက်ဟန်ပြု၏၊ နခေန နခံ ဃဋ္ဋေတိ- လက်သည်းတခုဖြင့် တခုကို ( လက်သည်းချင်းချင်း ) ပွတ်တိုက်၏၊ ပါဒေန ပါဒံ အက္ကမတိ-ခြေတဘက်ဖြင့် ခြေတဘက်ကိုနင်း၏၊ ကဋ္ဌေန-ဒုတ်ချောင်းဖြင့်၊ ပထဝိံ လိခတိ-မြေကြီးကိုခြစ်၏၊ ဒါရကံ-ကလေးကို၊ဥလ္လင်္ဃတိ-ချီ၏၊ သိဉ္စတိ- နမ်း၏၊ သိဉ္စာပေတိ- အနမ်းခိုင်း၏။

ကီဠတိ-မိမိကိုယ်တိုင် ကလေးကိုကစား၏၊ ကီဠာပေတိ-ကလေးကို ကစားစေ၏၊ စုမ္ဗတိ - ကလေး၏ပါးပြင်စသည်ကို စုပ်၏၊ ဘုဉ္ဇတိ-စားဟန်ပြု၏၊ ဘုဉ္ဇာပေတိ-ကလေးကိုအစားခိုင်း၏၊ ဒဒါတိ-တစုံတခုကို ကလေးအားပေး၏၊ ယာစတိ - ကလေးလက်၌ ရှိသော တစုံတခု အရာဝတ္ထုကို တောင်း၏၊ ကတ မနုကရောတိ - ကလေးပြုအပ်သော အမူအရာအတိုင်း အတုလိုက်၍ပြု၏၊ ဥစ္စံဘာသတိ- ကျယ်သော အသံ (တနည်း-ချီးမွမ်းစကား)ကို ပြောဆို၏။

နီစံဘာသတိ- တိုးတိုးတိတ်တိတ်အသံ ( တနည်း- ရှုတ်ချသော စကား)ကိုပြောဆို၏၊အဝိဝိစ္စံ ဘာသတိ-မဖုံးမကွယ်တိုက်ရိုက်(ဒဲ့တိုး) ပြောဆို၏၊ ဝိဝိစ္စံ ဘာသတိ- လျှို့ဝှက် လှည့်ပတ်အပ်သော စကားကို ပြောဆို၏၊ နစ္စေန - ကခြင်းဖြင့်၎င်း၊ ဂီတေန - သီချင်းဆိုခြင်းဖြင့်၎င်း၊ ရောဒိတေန- ငိုခြင်းဖြင့်၎င်း၊ နိမိတ္တံ - ချစ်ကြိုက်ခြင်း၏ အမှတ်အသား အရိပ်နိမိတ်ကို၊ ကရောတိ - ပြု၏၊ ဇဂ္ဃတိ - အသံကျယ်စွာ ရယ်၏၊ ပေက္ခတိ - စူးစူးစိုက်စိုက် ကြည့်၏၊ ကဋိံ စာလေတိ- ခါးကိုနွဲ့၍, လှုပ်ပြ၏၊ ဂုယှဘဏ္ဍကံ-လျှို့ဝှက်အပ်သော ဘဏ္ဍာကို၊သဉ္စာလေတိ-လှုပ်၍ပြ၏၊ဥရုံဝိဝရတိ-ပေါင်ကိုဖေါ်၏၊ ဥရုံပိဒဟတိ-ပေါင်ကိုဖုံး၏။

www.dhammaransi.com



ထနံ ဒဿေတိ-သားမြတ်ကိုဖေါ်ပြ၏၊ ကဏ္ဍံဒဿေတိ-လက်ကတီး (ချိုင်း)ကြားကို မြှောက်ပြ၏၊ အင်္ဂုလိံနိမေသတိ - မျက်စိကို မှိတ်ပြ၏၊ ဘမုကံ ဥက္ခိပတိ-မျက်ခုံးပစ်၏၊ ဩဋ္ဌံ ဥပလိခတိ - နှုတ်ခမ်းကိုသွားဖြင့် ကိုက်၍ပြ၏၊ ဇိဝှံ နိလ္လာဠေတိ- လျှာထုတ်ပြ၏၊ ဒုဿံ မုဉ္စတိ- အဝတ် ကျွတ်ဟန်ပြ၏၊ ဒုဿံ ပတိဗန္ဓတိ- အဝတ်ကိုပြင်၍ဝတ်၏၊ သိရသံ မုဉ္စတိ-ဆံထုံးကိုဖြည်၏၊ သိရသံ ဗန္ဓတိ -ဆံပင်ကိုပြင်၍ ထုံး၏။

မှတ်ချက်။ ။ပြခဲ့သော အမူအရာလေးဆယ်ကို ချစ်ကြိုက်ခြင်း၏ အကျိုးကိုပြသော အနုဘာဝများ-ဟု ဆိုထားသော်လည်း ထိုအမူ အရာမျိုးကိုပြုတိုင်း"ငါ့ကို ချစ်နေပြီ"ဟု မမှတ်သင့်၊ အကြောင်းအား လျော်စွာ သူ့ဘာသာပြုနေသည်လည်း ရှိတတ်သေး၏၊ မိန်းမတို့၏ အတွင်းသဘောကို(သာမာန်လူကိုမဆိုထားဘိ)ကမ္မဋ္ဌာန်းပေါက်ပြီး ယောဂီကြီးများပင် မသိနိုင်ကြ - ဟု ဟိတောပဒေသ၌ဆိုသည်။

ယဒန္တော န တဇ္ဇိဝှါယံ, ယဇ္ဇိဝှါယံ န တံ ဗဟိ၊
ယဒ္ဒိတံ တံ န ကုဗ္ဗန္တိ, ဝိစိတ္တစရိတာ ထိယော။

ယံ-အကြင်စိတ်ကူးချက်သည်၊ အန္တော- စိတ်တွင်း၌၊ ( ဟောတိ- ဖြစ်၏၊)တံ-ထိုစိတ်ကူးချက်သည်၊ န ဇိဝှါယံ-လျှာပေါ်၌မရောက်လာ၊ ယံ-အကြင်အကြောင်းအရာသည်၊ ဇိဝှါယံ- လျှာပေါ်၌ရောက်လာ၏၊ တံ- ထို လျှာပေါ်၌ ရောက်လာသော အကြောင်းအရာကို၊ န ဗဟိ- အပြင်ဘက်၌ အသံမထုတ်ကြကုန်၊ ယံ - အကြင် အကြောင်းအရာကို၊ ဓိတံ - အသံဖြင့် ထုတ်ဖေါ် ပြောပြအပ်ပြီ၊ တံ - ထို ပြောပြအပ်သော အကြောင်းအရာကို၊ န ကုဗ္ဗန္တိ - ပြောတိုင်း မလုပ်ကြကုန်၊ ထိယော- မိန်းမတို့သည်၊ ဝိစိတ္တစရိတာ-ဆန်းကြယ်သော အကျင့်ရှိကြကုန်၏။

**သမ္ဘောဂ သိင်္ဂါရရသ ပုံစံ**

ဂီတဿရေန ကမိယ, ဗန္ဓံ ကရိံဝ ဝိဝသံ၊
ယာ မံ ဒုက္ခရေ နိယောဇေသိ, လဒ္ဓါ သေရန္တီ မယာ။

ဂီတဿရေန- သီချင်းသံဖြင့်၊ ကမိယ-အနီးသို့ ဆွဲငင်၍၊ ဗန္ဓံ-ကြိုး ဖြင့် ဖွဲ့နှီးအပ်သော၊ ဝါ- ကြိုးဖြင့် ဖွဲ့ချည်ခံရသည်ဖြစ်၍၊ ဝိဝသံ -မိမိ အလိုမှ ကင်းသော၊ ဝါ- မိမိအလိုအတိုင်း မဖြစ်ရသော၊ ကရိံဝ-

www.dhammaransi.com



ဆင်ပြောင်ကြီးကိုကဲ့သို့၊ ယာ-အကြင် ဇရန္တိသည်၊ ( ဂိတဿရေန-သီချင်းသံဖြင့်၊ ကမိုယ-၍၊ ဗန္ဓ-ကာမနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်သော၊ ဝါ- ကာမနှောင်ကြိုးဖြင့် ဖွဲ့ချည်ခံရသည် ဖြစ်၍၊ ဝိဝသံ - သော၊ ) မံ-ငါ့ကို၊ ဒုက္ကရေ - ပြုနိုင်ခဲသော အမှု၌၊ [ ဝိဓုရသုခမိန်ကို ဆောင်ယူမှု၌၊ ] နိယောဇေသိ-စေခိုင်းပြီ၊ သာ ဇရန္တိ- ထို ဇရန္တိမည်သော နဂါးပျိုမကို၊ မယာ-ငါသည်၊ လဒ္ဓါ - ရအပ်ပြီ။ [ ဤဂါထာကား-ဋီကာသစ်လာ ၁၄ လုံးဖွဲ့ ဝသန္တတိလကာ ဂါထာကို ပြင်ထားသော ဝတ္တဂါထာဖြစ်သည်။ ]

ဤဂါထာ၌ " ဂိတဿရေန " ပါဌ်ဖြင့် ဥဒ္ဒီပနဝိဘာ၀ကို ပြ၏၊ "သာဇရန္တိ မယာ" ပါဌ်ဖြင့် အာလမ္ဗန ဝိဘာ၀ကို ပြ၏၊ "ကမိုယ, ဗန္ဓံ, ဝိဝသံ" ပါဌ်တို့ဖြင့် ရတိဋ္ဌာယီဘာ၀ကို ပြ၏၊ "ဒုက္ကရေ နိယောဇေသိ" ပါဌ်တို့ဖြင့် ဥဿုက္က စသော ဗျဘိစာရီဘာ၀၊ "လဒ္ဓါ မယာ" ပါဌ်ဖြင့် ဟာရိသစသော ဗျဘိစာရီဘာ၀တို့ကိုပြ၏၊ ရတိဋ္ဌာယီဘာ၀၏ ထင်ရှားတိုးပွားစေခြင်းငှါ "ဂိတဿရေန" အစရှိသည်ဖြင့် ဖွဲ့နွဲ့ရွတ်ဆိုကြကုန်သော ကဗျာဆရာတို့၏ ဝါစသိကပယောဂ, ကချေသည်တို့၏ ကပြမှုဟူသော ကာယိကဗျာပါရတို့သည်ကား အနုဘာ၀တို့မည်၏၊ ဤသို့ ဘာ၀, ဝိဘာ၀, အနုဘာ၀တို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာ၀သည် သမ္ဘောဂသိင်္ဂါရရသဖြစ်၏။

> သောစ ဝေဂေန နိက္ခမ္မ, ဆေတွာ ဒန္တပဒက္ကမံ၊
> တ-မုတ္တမာသု ဝေဏီသု, အဇ္ဈုပတ္တော ပရာမသိ။
> တ-မုဒါဝတ္တ ကလျာဏီ, ပလိဿဇ္ဇိ သုသောဘိနီ၊
> စဝိ တမှာ ဖြဟ္မစရိယာ, ယထာတံ အထ တောသိတာ။

သောစ-ထို ဣသိသိင်ရသေ့ကလေးသည်လည်း၊ ဒန္တပဒက္ကမံ-ဖြေးနှေးသော ခြေလှမ်းကို၊ ဆေတွာ-ဖြတ်၍၊ ဝေဂေန - အလျင်အမြန်အားဖြင့်၊ နိက္ခမ္မ - ထွက်ခါလိုက်၍၊ တံ - ထို အလမ္ဗုသာ နတ်သမီးအနီးသို့၊ အဇ္ဈုပတ္တော-ရောက်သည်ဖြစ်၍၊ ဥတ္တမာသု - ကောင်းမြတ်ကုန်သော၊ ဝေဏီသု-ဆံအစုတို့၌၊ ပရာမသိ-သုံးသပ်ကိုင်ဆွဲပြီ၊ ကလျာဏီ- ကောင်းခြင်း ငါးပါးရှိသော၊ သုသောဘိနီ- လှပတင့်တယ်သော အလမ္ဗုသာ နတ်သမီးသည်၊ တံ- ထို ဣသိသိင် ရသေ့ကလေးကို၊ ဥဒါ

www.dhammaransi.com



ဝဏ္ဏ-ပြန့်လည်၍၊ ပလိသင်္ဂ-ပွေ့ဖက်ပြီး၊ ယထာ-အကြင်အခြင်းအရာ အားဖြင့်၊ (သင်္ကေန-သကြားသည်၊ အာသိတာ-တောင့်တအပ်ပြီ၊ တထာ- ထိုတောင့်တတိုင်းသော အခြင်းအရာအားဖြင့်၊)တမှာ ပြဟ္မစရိယာ- ထို ရအပ်ပြီးသော ဈာန်မှ၊ စဝိ - ရွေ့လျောလေပြီ။ [ တံ-အနက်မရှိ၊ ] အထ - ရသေ့ကလေး ဈာန်လျောရာ, ထို အခါ၌၊ တောသိတာ-အလမ္ဗုသာ နတ်သမီး နှစ်သက်အားရလေပြီ။

ဤဂါထာ၌"ဥတ္တမာသု ဝေဏီသု"ပါဠိတို့ဖြင့် ချစ်ခြင်းကို တိုးစေတတ်သော ဥဒ္ဒီပနဝိဘာဝကိုပြ၏၊"သော,ကလျာဏီ သုသောဘိနီ" ပါဠိတို့ဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ " ဝေဂေန နိက္ခမ္မ, ဆေတွာ ဒန္ဓပဒက္ကမံ"ပါဠိတို့ဖြင့် ဥဿုက္က ဗျဘိစာရီဘာဝကို ပြ၏၊ "ပရာမသိ, ပလိသဇ္ဇိ"ပါဠိတို့ဖြင့် ရတိဋ္ဌာယီဘာဝကိုပြ၏၊"စဝိ တမှာ ပြဟ္မစရိယာ"ပါဠိတို့ဖြင့် အနုဘာဝကိုပြ၏၊ ထိုရတိဋ္ဌာယီဘာဝသည် ဘာဝ, ဝိဘာဝ,အနုဘာဝတို့ဖြင့်တိုးပွားစေအပ်သောအခါ သမ္ဘောဂသိင်္ဂါရ ရသဖြစ်၏၊ တနည်း — ထို အဖွဲ့ဗန္ဓကို အစဉ်လိုက်၍ စဉ်းစားသူတို့၌ နှစ်သက်မှု ပီတိသည် မုချ သမ္ဘောဂသိင်္ဂါရရသ တည်း၊ ထို ရသကို အကြောင်းပြု၍အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့်သိင်္ဂါရရသမည်၏။

ပိဏ္ဍပယောဓရံ ကန္တံ, ပဿံ ကဏ္ဍေန သုန္ဒရိံ၊
န တပ္ပေ နန္ဒော ဂေဟေန, ဇလံ ပိဝံဝ ပါဏိနာ။

ပိဏ္ဍပယောဓရံ-ပြည့်ဖြိုးသော သားမြတ်ရှိသော၊ ကန္တံ-နှစ်သက်ဘွယ်ကောင်းသော၊ သုန္ဒရိံ - သုန္ဒရီမင်းသမီးကို၊ ကဏ္ဍေန- သေးငယ်သော မျက်လုံးဖြင့်၊[ထူး၍ သေးငယ်သည် မဟုတ်ပါ၊ မျက်စိဖြင့်ကြည့်ရတာ အားမရသောကြောင့် "မျက်လုံးကလေးဖြင့်" ဟု ဆိုသည်။] ပဿံ(ပဿန္တော)-ကြည့်ရသော၊နန္ဒော-နန္ဒမင်းသားသည်၊ဂေဟေန ပါဏိနာ- လက်တဘက်ဖြင့်၊ ဇလံ - ရေကို၊ ပိဝံ ( ပိဝန္တော )ဏ္ဍဝ-သောက်ရသကဲ့သို့၊ နတပ္ပေ - တင်းမတိမ် အားမရနိုင်၊ [ စံကျောင်း နိဿယလာ " အာချာနကီ " ဟုလည်း အမည်ရ , " ဥပဇာတိ " ဟုလည်း အမည်ရသောဂါထာကို ပြင်ထားသည်။]

ဤဂါထာ၌"ပိဏ္ဍပယောဓရံ,ကန္တံ"ဖြင့် ဥဒ္ဒီပနဝိဘာဝကိုပြ၏၊ သုန္ဒရိံ ဖြင့် အာလမ္ဗနဝိဘာဝကို ပြ၏၊ " ပဿံ " ဟူသော ပါဠိဖြင့်

www.dhammaransi.com



ရတိဌာယီဘာဝကို ပြ၏၊ "နတပေ့ှ"ဟူသော ပါဌ်ဖြင့် အနုဘာဝကို ပြ၏၊ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် သမ္ဘောဂသိင်္ဂါရရသဖြစ်၏။ [ ရှေးနည်းအတိုင်း တနည်းပြင်၍လည်း ရသကိုဆို။]

**အမှာ။** ။"မည်သည့်ပါဌ်ဖြင့် မည်သည့်အရာကိုပြ၏"ဟု ဆို၍ ဝိဘာဝ စသည်ကို ထုတ်ခြင်းသည် " ဣမာဟိ ပဒါဝဠီဟိ ( ........ ) ဒဿိတော " ဟူသော ဋီကာကိုလိုက်၍ ပြခြင်းတည်း၊ ထိုသို့ မဆိုဘဲ " ပြည့်ဖြိုးသော သားမြတ်, ချစ်ဘွယ်ကောင်းသော အမှုအရာသည် ဥဒ္ဒီပနဝိဘာဝ၊သုန္ဒရီမင်းသမီးသည်အာလမ္ဗနဝိဘာဝ၊ကြည့်ခြင်းသည် ရတိဌာယီဘာဝ၊ကြည့်၍အားမရခြင်းသည်အနုဘာဝ"၊ဤသို့လည်း သရုပ်သကောင်ပေါ်အောင် ဝိဘာဝ စသည်ကို ထုတ်ပြနိုင်ပါသည်။

**ဓမ္မသိင်္ဂါရရသ။** ။"ဓမ္မယုဒ္ဓကာမဘေဒေန တိဝိဓောဟိ သိင်္ဂါရော= သိင်္ဂါရသည် ဓမ္မသိင်္ဂါရ, ယုဒ္ဓသိင်္ဂါရ, ကာမသိင်္ဂါရအားဖြင့် ၃ ပါး အပြားရှိ၏"ဟူသောမာဂဓအဘိဓာန်ဋီကာအလိုအားဖြင့်ပြခဲ့သော သိင်္ဂါရတို့သည် ကာမသိင်္ဂါရရသများသာတည်း၊ ဓမ္မသိင်္ဂါရအတွက် အောက်ပါ ပုံစံကို စံကျောင်းနိဿယ၌ ထုတ်ပြထား၏။

နီလ·ဗ္ဘကူဋသဒိသာ, ကူဋာဂါရဝရူပမာ၊
ဝရဏာဘိရုဒါ ရမ္မာ, တေ သေလာ ရာမယန္တိ မံ။
န ပဉ္စင်္ဂိကေန တူရိယေန, ရတိမေ ဟောတိ တာဒိသီ၊
ယထာ ဧကဂ္ဂစိတ္တဿ, သမ္မဓမ္မံ ဝိပဿတော။

နီလဗ္ဘကူဋသဒိသာ-ညိုညိုမှောင်မှောင်, တိမ်တောင်တိမ်ထွဋ်နှင့် အလားတူကုန်ထသော၊ ကူဋာဂါရဝရူပမာ - စုလစ်မွန်ချွန် အထွဋ် တပ်သည့်, ကောင်းမြတ်သော အိမ်ကြီးတို့နှင့်လည်း တူကုန်ထသော၊ ဝရဏာဘိရုဒါ-တောဆင်ကြီးတို့, မြည်ဟီးရာလည်းဖြစ်ကုန်ထသော၊ ရမ္မာ - နှလုံးမွေ့လျော်, ပျော်ဘွယ်ရာ ကောင်းကုန်ထသော၊ တေ သေလာ-ထိုတောင်ကြီးတို့သည်၊ မံ-ငါ့ကို၊ ရာမယန္တိ - မွေ့လျော်စေ ကြကုန်၏။

ဧကဂ္ဂစိတ္တဿ - တည်ကြည်သော စိတ်ရှိသည် ဖြစ်၍၊ သမ္မာ- ကောင်းစွာ၊ဓမ္မံ-ရုပ်နာမ်တရားကို၊ ဝိပဿတော-ဝိပဿနာရှုသော၊

www.dhammaransi.com



မေ-ငါ၏၊ ဝါ-ငါ့မှာ၊ ရတိ-မွေ့လျော်ခြင်းသည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊(တထာ-ထို့အတူ၊)မေ-ငါ၏၊တာဒိသီ-ထိုကဲ့သို့သဘော ရှိသော၊ရတိ-မွေ့လျော်ခြင်းသည်၊ ပဉ္စင်္ဂိကေန-အင်္ဂါ ၅ ပါးရှိသော၊ တူရိယေန-တူရိယာကြောင့်၊ နဟောတိ-မဖြစ်၊

ဤဂါထာ၌ " တောင်ကြီးတို့သည် အာလမ္ဗနဝိဘာဝ၊ ညှို့ညှို့ မှိုင်းမှိုင်း အဆင်းအရောင်,ကုဋာဂါရနှင့်တူသော ပုံသဏ္ဌာန် အခြင်း အရာ,တောဆင်ကြီးတို့၏မြည်ဟီးသံတို့သည် ဥဒ္ဒီပနဝိဘာဝတို့တည်း၊ အရှင်မဟာကဿပထေရ်၏ တောမြိုင်ထည်း၌ မွေ့လျော်တော်မူခြင်း သည် ဓမ္မရတိဌာယီဘာဝတည်း၊ ရွှင်လန်းခြင်း စသော ဗျဘိစာရီ ဘာဝကိုကား တိုက်ရိုက် မပါသောကြောင့် မှန်းဆ၍ သိအပ်ကုန်၏၊ ထိုသို့မွေ့လျော်သည့်အတွက် ဧကဂ္ဂတာစိတ်ဖြင့် ဝိပဿနာအာရုံပြု၍ နေနိုင်ခြင်းသည် အနုဘာဝတည်း၊ ထိုဘာဝ , ဝိဘာဝ , အနုဘာဝ တို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် ဓမ္မသိင်္ဂါရရသ ဖြစ်၏။

အမှာ ။ ။ စံကျောင်း နိဿယ၌ " တောင်ကြီးတို့သည် ဥဒ္ဒီပန ဝိဘာဝ၊ သမထ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ၄၀ , ဝိပဿနာ၏ အာရုံဖြစ်သော လောကီခန္ဓာ ၅ ပါး , မဂ်ဖိုလ်၏ အာရုံ ဖြစ်သော နိဗ္ဗာန်တို့သည် အာလမ္ဗနဝိဘာဝ၊မွေ့လျော်ခြင်းသည် ဓမ္မရတိဋ္ဌာယီ ဘာဝ၊ ဤဓမ္မရတိကို သိကြောင်းဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းသော အရှင်မဟာကဿပထေရ်၏ ကာယပယောဂ, ဝစီပယောဂတို့သည် အနုဘာဝမည်၏''ဟု ကောက်ပြ၏၊ နှစ်သက်ရာယူကြပါလေ။

မှတ်ချက်။ ။ သမဋ္ဌာယီဘာဝ, သန္တရသကို သီးခြားမပြသော ကျမ်းများ၏ အလိုအားဖြင့်သာ ပြခဲ့သော ပုံစံကို ဓမ္မသိင်္ဂါရရသ၏ ပုံစံ ဟု ဆိုသင့်၏၊ သမဋ္ဌာယီဘာဝ , သန္တရသကို သီးခြားပြသော ဤ အလင်္ကာကျမ်း အလိုအားဖြင့်ကား ထို ပုံစံသည် သန္တရသ၏ ပုံစံသာ ဖြစ်သင့်၏၊ ယုဒ္ဓသိင်္ဂါရရသ ဟူသည်လည်း လာလတ့်သော ယုဒ္ဓဝီရပင်တည်း။

www.dhammaransi.com



**ဟာသဥ္စာယီဘာဝ, ဟဿရသ**

၃၅၈။ ဝိကာရာကတိအာဒီဟိ,အတ္တနောထ ပရဿဝါ၊
ဟာသော နိဒ္ဒါ သမာလဿ- မုစ္ဆာဒိဗျာဘိစာရိတိ၊
ပရိပေါသေ သိယာ ဟဿော,ဘိယျောတ္တိပ္ပဘုတိနံ သော။

၃၅၈။ ဝိကာရာကတိအာဒီဟိ - ပင်ကိုယ်သဘောမှ ထူးခြား သော အမူအရာ အစရှိသည်တို့ကြောင့်၊ အတ္တနောဝါ- မိမိ၏ငှင်း၊ အထ-ထိုမှတပါး၊ ပရဿဝါ-သူတပါး၏ငှင်း၊ ဟာသော-ရယ်ရွှင် ခြင်း ဟူသော ဟာသဥ္စာယီ ဘာဝသည်၊ နိဒ္ဒါသမာလဿမုစ္ဆာဒိ ဗျာဘိစာရိဘိ-ငိုက်မြည်းခြင်း,ပင်ပန်းခြင်း,ပျင်းရိသူ၏အဖြစ်,တွေဝေ ခြင်း အစရှိသော အနုဘာဝ , နိဒ္ဒါ အစရှိသော ဗျာဘိစာရီဘာဝ

× × × × × × ×

၃၅၈။ ဝိကာရာ ကတိအာဒီဟိ။ ။ ဝိကရိယတေ - ပင်ကိုယ် သဘောမှ ထူးခြားစွာ ပြုအပ်၏၊ ဣတိ ဝိကာရာ၊ အာကရိယတေ- ထင်ရှားစွာပြုအပ်၏၊ ဣတိ အာကတိ၊ဤအာကတိပုဒ်သည် အာကာရ ပုဒ်နှင့်အနက်တူ၏၊ဝိကာရာစ+သာ+အာကတိ စာတိ ဝိကာရာကတိ၊ ပင်ကိုယ်သဘောမှ ထူးခြားသော အပြုအမူ အခြင်းအရာတည်း၊ ထို "အခြင်းအရာ"ဟူသည် မတော်တဆ ရယ်စရာ ဖြစ်သွားသော အပြု အမူ အပြောအဆိုများ, သူတပါးရယ်ရအောင် တမင်လာ ပြုလုပ် ပြောဆို၍ ပြတတ်သော လူပျက် လူပြောင်များ၏ ဝတ်စားဆင်ပြင်ပုံ- ကပြပုံ ဟူသော ကိုယ်အမူအရာ, ပျက်လုံးထုတ်ပုံ သီချင်းဆိုပုံဟူသော နှုတ်အမူအရာများတည်း။

ဋီကာ ။ ။ ဒေသဝယောလိင်္ဂါဒိနံ ဝိပရိတေဟိ ကေသဗန္ဓဂတိ ဥ္စတိအာဒိကေဟိ-အရပ်ဒေသနှင့်ငှင်း,မိမိအရွယ်နှင့်ငှင်း,ပုံသဏ္ဍာန် စသည်တို့နှင့်ငှင်း ပြောင်းပြန် ဖြစ်ကုန်သော ဆံထုံးပုံ, သွားပုံ, ရပ်ပုံ အစရှိသည်လည်း ဖြစ်ကုန်သော။ [ အရပ်ဒေသ စသည်နှင့် မလိုက် အောင် ဆံပင်ထုံးခြင်း စသည်တို့ကြောင့် ရယ်စရာ ဖြစ်တတ်သည်- ဟူလို။]နစ္စဂီတအာဒိကေဟိစ-ရယ်စရာကောင်းအောင် ကပုံ,သီချင်း ဆိုပုံ အစရှိသည်လည်း ဖြစ်ကုန်သော၊ ဒုဝိဓေဟိ အာကတိသင်္ခါတေ ဟိ ဟေတူဟိ။

www.dhammaransi.com



တို့ဖြင့် ၊ပရိပေါသေ - တိုးပွားခြင်းသည်၊ ( သတိ - ဖြစ်လသော်၊) ဟသော-ဟာသရသသည်၊ သိယာ - ဖြစ်၏၊ သော-ထိုဟာသရသ သည်၊ ဘိယျော-များသောအားဖြင့်၊ဇုတ္တိပဘုတိနံ-မိန်းမအစရှိသူ တို့၏(သန္တာန်၌၊) ဟောတိ-ဖြစ်တတ်၏။

× × × × × × ×

အဋ္ဌနော၊ပေ၊ဟာသော။ ။မိမိဘာသာ ရယ်ဘွယ် အပြု အမူ များကို မတော်တဆပြုမိသောအခါ, သို့မဟုတ် သူတပါးအား လုပ်ပြ ဘို့ရန် လေ့ကျင့်နေသောအခါ မိမိတယောက်ထည်းလည်း ရယ်ရွှင်မှု ဖြစ်တတ်၏၊ သူတပါးအား ပြုလုပ်၍ ပြောဆို၍ ပြသော အခါ(မိမိက မရယ်မပြုံးဘဲ အတည်နေလျှင် ) သူတပါး၌ ရယ်ရွှင်မှု ဖြစ်တတ်၏၊ ထိုသို့ ရယ်စရာလုပ်ပြရင်း မိမိလည်း ရယ်, သူတပါးလည်း ရယ်သော အခါ ၂ ဦးလုံးမှာလည်း ရယ်ရွှင်မှု ဖြစ်တတ်၏၊ ထို ရယ်ရွှင်မှုသည် ဟာသဋ္ဌာယီဘာဝတည်း။

နိဒ္ဒါ၊ပေ၊ ဗျဘိစာရိဘိ ။ ။ ရယ်ရင်းပင် တချို့မှာ အိပ်ငိုက်မှု နိဒ္ဒါ ဖြစ်တတ်၏၊ တချို့ကား အရယ်အားကြီး၍ ပင်ပန်းမှု သမဖြစ် တတ်၏၊ တချို့မှာလည်း နောက်ထပ် မရယ်ရ၍ ပျင်းရိမှု အာလသျ ဖြစ်တတ်၏၊ တချို့ကား အရယ်လွန်၍ တက်သွားတတ်သဖြင့် မူးမေ့မှု မုစ္ဆာဖြစ်တတ်၏၊ အာဒိဖြင့် တချို့မှာ မျက်စိလှုပ်ရှားမှု အက္ခိဖန္ဒန ဖြစ်တတ်၏။[ဋီကာသစ်၌ ဤအားလုံးကို အနုဘာဝဟု ဆို၍,ထိုနိဒ္ဒါ စသည်ကိုပင် ဗျဘိစာရီဘာဝ ဟု လည်း ဆိုသည်။]

ဋီကာ ။ ။ နိဒ္ဒါသမ အာလသျ မုစ္ဆာ အက္ခိဖန္ဒနာဒီဟိ အနု ဘာဝေဟိ သုတသမ္ဗန္ဓေန (ကြားအပ်ပြီးသော နိဒ္ဒါ အစရှိသည်တို့နှင့် ဆက်သွယ်သဖြင့် )။ [ " သုတာနုမိတေသု သုတသမ္ဗန္ဓော ဗလဝါ= တိုက်ရိုက်ကြားသိအပ်ပြီးသော အရာ , မှန်းဆ၍ သိအပ်သော အရာ တို့တွင် တိုက်ရိုက်ကြားသိအပ်ပြီးသောအရာနှင့် စပ်သောအနက်သည် အားရှိ၏ " ဟူသော ပရိဘာသာနှင့်အညီ ဤနေရာဝယ် ကြားအပ် ပြီးသော နိဒ္ဒါစသည်တို့နှင့် စပ်သဖြင့် - ဟူလို။] တေဟေဝ နိဒ္ဒါသမ အာလသျ မုစ္ဆာသင်္ခါတ ဗျဘိစာရီဟိ ကရဏဘူတေဟိ။ ဤအဖွင့်ကို ထောက်၍ နိဒ္ဒါစသည်တို့ကို အနုဘာဝ - ဟုရင်း, ဗျဘိစာရီဘာဝဟု ရင်း ဋီကာယူသည်- ဟု ဆိုခဲ့သည်။ [နိဒ္ဒါသမာလသျမုစ္ဆာ + အာဒိ

www.dhammaransi.com



ယေသံ ( အနုဘာဝါနံ ) တိ နိဒ္ဒါသမာလသျမုစ္ဆာဒယော၊ ဤသို့ ဗဟုဗ္ဗီဟိ ပြုပြီးလျှင် "နိဒ္ဒါသမာလသျ မုစ္ဆာဒယော စ+ဗျဘိစာရိနော စာတိ နိဒ္ဒါသမာလသျ မုစ္ဆာဒိဗျဘိစာရိနော" - ဟု ဋီကာ၌ ဒွန် သမာသ်ပြုသည်။]

**ပရိပေါသော ဟာသော။** ။ဟာသသည် ဌာယီဘာဝဖြစ်ရုံ(ပြုံး ရယ်ရုံ ) မျှကို ပျိုကဗျာ ဖွဲ့ထားလျှင် နားထောင်ရသူတို့မှာ အရသာ မပေါ်၍ ရသအဖြစ်သို့ မရောက်သေး၊ ထိုပြခဲ့သော ဗျဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် သိုင်းသိုင်းဝိုင်းဝိုင်းဖွဲ့စီ၍ အနက်အဓိပ္ပါယ် တိုးပွားမှ သာ ဟာသရသအဖြစ်သို့ ရောက်လောက်အောင် အရသာရှိသည်- ဟူလို၊ ဤဟာသရသသည် များသောအားဖြင့် မိန်းမစသူတို့သန္တာန်၌ ဖြစ်တတ်၏၊ပဘုတိနံဖြင့် နီစပကတိက-ယုတ်နိမ့်သောသဘော ရှိသော အောက်တန်းစား လူများကို ယူပါ၊ ဘိယျောဟု ဆိုသောကြောင့် "အထက်တန်းကျသူတို့မှာလည်း အနည်းငယ် ဖြစ်တတ်သေး၏" ဟု သိနိုင်သည်၊ ထို့ကြောင့်လည်း တရံတခါ လူကြီးလူကောင်း ဆရာ တော်ကြီးစသော ပုဂ္ဂိုလ်များ၏ ရယ်ခြင်း ဟာသကိုလည်း တွေ့ကြ ရသည်။

**ဝိဘာဝ - အနုဘာဝများ ။** ။ ပင်ကိုယ်အနေမှ ထူးခြားသော အမူအရာ အပြောအဆို အသံများကို "ဝိဘာဝ" ဟု ပြခဲ့ပြီ၊ ရှေ့နောက် မညီအောင် ပြောဆိုပြုလုပ်ခြင်းများလည်း ရယ်ဘွယ် ကောင်းသော အကြောင်းဝိဘာဝပင်တည်း၊ အာလမ္ဗန- ဥဒ္ဒီပန ၂ မျိုးတွင်ကား ထို ပြခဲ့သော ဝိဘာဝတို့သည် ရယ်ခြင်းကို ထင်ရှားပြတတ်သော ဥဒ္ဒီပန ဝိဘာဝတို့တည်း၊ ထိုရယ်ဘွယ်အမူအရာရှိနေသော(လူပျက်စသော) ပုဂ္ဂိုလ်ကား အာလမ္ဗန ဝိဘာဝတည်း၊ နိဒ္ဒါစသည်ကို အနုဘာဝဟု ၎င်း ဗျဘိစာရီဘာဝဟု၎င်း ဋီကာအလို ယူရမည်၊ဒပ္ပဏ၌ကား-

"အနုဘာဝေါ'ကွိသင်္ကောစ-ဝဒနသ္မေရတာဒိကာ၊
နိဒ္ဒါ လသျာဝဟိတ္ထာဒီ-တြ သိယုံ ဗျဘိစာရိနော"။

ဟု အနုဘာဝနှင့် ဗျဘိစာရီဘာဝကို ခွဲခြား၍ ဆို၏။[အက္ခိသင်္ကောစ ဝဒနသ္မေရတာဒိကာ - မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း အစရှိသော ပယောဂသည်၊ အတြ-ဤဟာသရသ၌၊ အနုဘာဝေါ- တည်း၊ နိဒ္ဒါ

www.dhammaransi.com



လဇ္ဇာဝဟိတ္တာဒီ - နိဒ္ဒါ, အာလဿ, အဝဟိတ္ထ ( ဣန္ဒြေလုပ်ခြင်း ) အစရှိသည်တို့ကား၊ ဗျဘိစာရိနော- တို့တည်း။.... သတ္တိကဘာဝကို မပြကြသည်ကား ထမ္ဘစသည်တို့က ဤဟာသဌာယီဘာဝနှင့်မလျော် သောကြောင့် ဖြစ်ဟန်တူသည်။ ]

## ရှေ့နောက်မညီသော ဟဿ

ယော နာဂရာဇာ ပူဇေသိ,မဏိနာ ဝိဓုရံ ဓုရံ၊
ဟန္တုံ တံ ဣတ္ထိဝါကျေန , ဘတ္တိံ အကာသိ သော မယိ။

ယော နာဂရာဇာ-အကြင်နဂါးမင်းသည်၊ ဓုရံ-တိုင်းပြည်၏ အမတ်ချုပ်ကြီးဖြစ်သော၊ ဝိဓုရံ-ဝိဓုရသုခမိန်ကို၊ မဏိနာ - လည်ရွဲတန်ဆာဖြစ်သော ပဒမြားဖြင့်၊ ပူဇေသိ-ပူဇော်ခဲ့ဘူးပြီ၊သော-ထိုပူဇော်ခဲ့သော နဂါးမင်းသည်၊ ဣတ္ထိဝါကျေန- သူ့မိဖုရား၏ စကားကြောင့်၊ တံ-ထို ဝိဓုရသုခမိန်ကို၊ ဟန္တုံ - သတ်ခြင်းငှါ၊ မယိ - ငါပုဏ္ဏကဌ်၊ ဘတ္တိံ - ဆည်းကပ်ခြင်းကို၊ အကာသိ - ပြုပြန်ပြီ။ [ ဤဂါထာကား ဋီကာသစ်လာ ၁၄ လုံးဖွဲ့ ဝသန္တတိလကာ ဂါထာကို ပြင်ထားသော ဝတ္တ ဂါထာဖြစ်သည်။]

ဤဂါထာ၌ နဂါးမင်းသည် အာလမ္ဗနဝိဘာဝ,ဝိဓုရအမတ်ကြီးကို ရှေးအခါက လည်ရွဲတန်ဆာဖြင့် ပူဇော်ခဲ့၍ ယခုအခါ ထိုအမတ်ကြီး ကိုပင် မိန်းမ စကားကြောင့် သတ်ဘို့ရန် ပုဏ္ဏကကို ဆည်းကပ်ခြင်း ဟူသော ရှေ့နောက် မညီသော အမူအရာသည် ဥဒ္ဒီပနဝိဘာဝတည်း၊ ထိုသို့ ရှေ့နောက် မညီသောကြောင့် ပုဏ္ဏက၏ ပြုံးခြင်း ဟူသော ဟာသဌာယီဘာဝကို ဝါကျတခုလုံးဖြင့် မှန်းဆ၍သိအပ်၏၊ထိုဟာသ ဌာယီဘာဝဖြင့် ဆက်သွယ်၍ ပါလာသော နိဒ္ဒါစသော ဗျဘိစာရီ ဘာဝတို့ကိုလည်း မှန်းဆ၍ သိအပ်ကုန်၏၊ ထို အကြောင်းအရာကို ဖွဲ့စီသော ကဝိတို့၏ ဝစီပယောဂ ဂါထာဗန္ဓသည် အနုဘာဝတည်း၊ ထိုအဖွဲ့ကို နားထောင်ကြသူတို့၏ သာယာခြင်းသည် မုချ ဟဿရသ တည်း၊ ထိုရသကို အဖွဲ့၌တင်စား၍ အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် ဟဿရသပင်ဖြစ်၏၊ [ "ယော ဗန္ဓတ္ထာနုသာရိနံ ရသီယတီတိ ရသော" နှင့်အညီ ကောက်ပြခြင်းတည်း။ ]

www.dhammaransi.com



**ရယ်ဘွယ်အမူအရာဟဿ**

ကောနု ဝဋ္ဋိတဘဏ္ဍော၀, ပူရဟတ္ထော၀ ဗြာဟ္မဏော၊
ကဟံနု ဘိက္ခံ အစရိ, ကံ သဒ္ဓံ ဥပသင်္ကမိ။

**ကောနု**-အသူနည်း၊ ဝဋ္ဋိတဘဏ္ဍော၀ - ခူးအပ်ပြီးသော ထမင်းပွဲကို ရခဲ့သူလိုပါတကား၊ ပူရဟတ္ထော ဗြာဟ္မဏော၀-ဗြာဟ္မဏတို့ကို ထမင်းကျွေးရာဝယ် လက်ထည်း၌ အပြည့်ရလာသော ပုဏ္ဏားလိုပါတကား၊ **ကဟံ**-အဘယ်အရပ်၌၊ **ဘိက္ခံ** အစရိနု-ဆွမ်းခံ လှည့်လည်ခဲ့သနည်း၊ **ကံ** သဒ္ဓံ-အဘယ်သဒ္ဓါတရား ကောင်းသောအိမ်သို့၊ ဥပသင်္ကမိနု-ချဉ်းကပ်ခဲ့ပါသနည်း။ [တိကနိပါတ်- ကစ္ဆပဇာတ်။]

**ဂါထာ၏အဓိပ္ပါယ်ကား**—ဘုရားအလောင်းသည် ရသေ့ ရဟန်းပြုလုပ်၍ ဟိမဝန္တာ၌ ဥပေက္ခာပါရမီ ဖြည့်လျက်နေ၏၊ **ကျောင်း**သင်္ခမ်းအနီး၌နေသော မျောက်တကောင်သည် အလောင်းတော်ကို ပြောင်၍လှောင်၍ဆော့တတ်၏၊ တနေ့သ၌ကား ထိုမျော့သည် နေစာလှုံနေသော လိပ်၏ပါးစပ်၌ သူ၏အင်္ဂါဇာတ်ကိုသွင်း၍ဆော့၏၊ လိပ်ခဲတင်းလင်း ဖြစ်နေသဖြင့် သူ့အင်္ဂါဇာတ်ကို သူပြန်၍ မနှုတ်နိုင်၊ ထမင်းပွဲကို မ-၍ ယူလာသူကဲ့သို့ လက် ၂ ဘက်ဖြင့် လိပ်ကို မ-၍ အလောင်းတော်ထံသို့ သူ့အင်္ဂါဇာတ်ကို နှုတ်ပေးပါရန် တောင်းပန်သောအနေအားဖြင့် ရောက်လာသော မျောက်ကို ဘုရားအလောင်းက ပြက်ရယ်ပြုသောအားဖြင့် မေးသောဂါထာတည်း။

ဤဂါထာ၌ မျော့သည် **အာလမ္ဗနဝိဘာဝ**တည်း၊ **အင်္ဂါဇာတ်ကို**ခဲထားသောလိပ်ကြီးကို မ-ယူလာသော အမူအရာ (ဝိကာရ အာကတိ)သည် ဥဒ္ဒီပနဝိဘာဝတည်း၊ဘုရားလောင်း၏ ရယ်ခြင်းသည်ကား ဟာသဌာယီဘာဝတည်း၊ ဘုရားလောင်း၏ ရွှင်ခြင်းဟူသော ဟရိသ, နေ့ံထပ် မရယ်မိအောင် ဣန္ဒြေဆယ်ခြင်းဟူသော အဝဟိတ္ထတို့သည် ဗျဘိစာရီဘာဝတို့တည်း၊ဤဂါထာကိုရွတ်ဆို၍မေးမြန်းခြင်းဟူသော ဝါစသိက ဗျာပါရသည် အနုဘာဝတည်း၊ ဤဂါထာကို နားထောင်သောပုဂ္ဂိုလ်တို့၏ သန္တာန်၌ နှစ်သက်သဘောကျမှုသည် မုချ ဟဿရသဖြစ်၏၊ ထိုဂါထာ အဖွဲ့သည်လည်း **ဟဿ**ရသရှိသော ဂါထာ အဖွဲ့ဖြစ်ရလေသည်။

www.dhammaransi.com



ရယ်ရွှင်ခြင်း ၆ မျိုး

၃၅၉, ၀။ သိတမိဟ ဝိကာသိနယနံ,
ကိဥ္စာလက္ခိယဒိဇံ တု တံ ဟသိတံ၊
မဓုရဿရံ ဝိဟသိတံ,
အံသသိရောကမ္ပ·မုပဟသိတံ။
အပဟသိတံ သဇလက္ခိ,
ဝိက္ခိတ္တင်္ဂံ ဘဝတျတိဟသိတံ၊
ဒွေဒွေ ကထိတာ စေသံ,
ဇေဋ္ဌေ မဇ္ဈေ ဓမေ ကမသော။

၃၅၉, ၀။ ဣဟ - ဤဟာဿရသ၌၊ ဝိကာသိနယနံ - ပွင့်သော မျက်လုံးရှိသော ပြုံးရယ်ခြင်းသည်၊ ဝါ - မျက်စိပွင့်ရုံ ပြုံးရယ်ခြင်း သည်၊ သိတံ- သိတမည်၏၊ ယံ - အကြင် ပြုံးရယ်ခြင်းသည်၊ ကိဉ္စာ လက္ခိယဒိဇံ- ဇွယ်ယ်မှတ်သားအပ်သောသွားရှိသည်၊ ဝါ-ဇွယ်ယ် သွားဖျားပေါ်ရုံမျှသည်၊ဟောတိ-ဖြစ်၏၊ တံ-ထိုပြုံးရယ်ခြင်းသည်၊ ဟသိတံ-ဟသိတမည်၏၊ [ တု- အနက်မဲ့၊ ] မဓုရဿရံ - သာသာ ညှင်းညှင်း အသံရှိသော ပြုံးရယ်ခြင်းသည်၊ ဝိဟသိတံ - ဝိဟသိတ မည်၏၊ အံသသိရောကမ္ပံ - ပခုံး ဦးခေါင်းတို့၏ လှုပ်ခြင်းရှိသော

× × × × × + ×

ပွဲကရာ၌ ဟာဿရသ။ ။ပွဲကရာဝယ် လူပျက်များ၏ အမူအရာကို မြင်ရ၍၎င်း,ပျက်လုံးထုတ်သံကြားရ၍၎င်း ပွဲကြည့်သူများရယ်ကြရာ၌ ကား လူပျက်သည် အာလမ္ဗနဝိဘာဝ၊ လူပျက်၏အမူအရာ, ပျက်လုံး ထုတ်ပုံ စကားသံတို့သည် ဥဒ္ဒီပန ဝိဘာဝ၊ ပွဲကြည့်သူတို့၏ ရယ်ခြင်း သည် ဟာသဋ္ဌာယီဘာဝ၊ ထိုရယ်သည့်အခိုက်မှာပင် တချို့မိန်းမတို့၏ (အရယ်မလွန်အောင် ) ဣန္ဒြေဆယ်မှု အဝဟိတ္ထ, ပင်ပန်းလာမှု သမ စသည်တို့ကား ဗျဘိစာရီဘာဝတို့တည်း၊ ချွေးစို့လာခြင်း, မျက်ရည် ဝဲခြင်း၊(သေဒ အဿု)စသည်တို့သည် သတ္တိကဘာဝတို့တည်း၊ထိုနိဒ္ဒါ စသည်တို့သည်၎င်း၊ လက်ခုပ်လက်ဝါးတီးခြင်း , ဣန္ဒြေပျက်အောင် ပက်လက်လန်၍ လဲခြင်း စသည်သည်၎င်း, ချွေးယိုခြင်း စသည်တို့သည် ၎င်း, အနုဘာဝများဖြစ်ကြ၏၊ ထိုဘာဝ , ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဟာသဋ္ဌာယီဘာဝသည် ဟာဿရသဖြစ်၏။

www.dhammaransi.com



ပြုံးရယ်ခြင်းသည်၊ ဥပဟာသိတံ – ဥပဟာသိတမည်၏၊ သဇလက္ခိ –မျက်ရည်နှင့် တကွသော မျက်လုံးရှိသော ပြုံးရယ်ခြင်းသည်၊ ဝါ- မျက်ရည်ထွက်အောင် ပြုံးရယ်ခြင်းသည်၊ အပဟာသိတံ- အပဟာသိတမည်၏၊ ဝိက္ခိတ္တင်္ဂံ – အထူးထူး အပြားပြား ပစ်လွှင့်အပ်သော ကိုယ်အင်္ဂါရှိသော ပြုံးရယ်ခြင်းသည်၊ အတိဟာသိတံ-အတိဟာသိတမည်သည်၊ ဘဝတိ- ဖြစ်၏၊ စ- ဆက်ဦးအံ့၊ သေံ- ဤပြုံးရယ်ခြင်းတို့တွင်၊ ဒွေဒွေ- ၂ မျိုး ၂ မျိုးတို့ကို၊ ကမသော - အစဉ် အားဖြင့်၊ ဇေဋ္ဌေ–အမြတ်စားပုဂ္ဂိုလ်၌ရှင်း၊ မဇ္ဈေ–အလတ်စား ပုဂ္ဂိုလ်၌ရှင်း၊ အဓမေ-အညံ့စားပုဂ္ဂိုလ်၌ရှင်း၊ ကထိတာ- ဆိုအပ်ကုန်ပြီ။

× × × × × × ×

၃၅၉,၀။ ဤဂါထာတို့ကား ဟာသဠာယီဘာဝနှင့်စပ်၍ သိထိုက်သော ဟာသအပြားကို ပြသော ပထျာ အရိယာ ဂါထာတို့တည်း၊ ဝိကသနံ-ပွင့်လင်းခြင်း၊ ဝိကာသော-ခြင်း၊ ဝိကာသော ဧတေသံ အတ္ထီတိ ဝိကာသီနိ၊ဝိကာသီနိ+နယနာနိ ယဿာတိ ဝိကာသိနယနံ(သိတံ)၊ ကိဉ္စာလက္ခိယကို"ကိဉ္စိ+အာလက္ခိယ"ဟု ပုဒ်ဖြတ်၊ ဒိဇသဒ္ဒါ"သွား" ဟူသော အနက်ဟောတည်း၊ ကိဉ္စိ( ဤသကံ ) အာလက္ခိယာ ကိဉ္စာလက္ခိယာ၊ ကိဉ္စာလက္ခိယာ + ဒိဇာ ယဿာတိ ကိဉ္စာလက္ခိယဒိဇံ၊ မဓုရော+သရော ယဿာတိ မဓုရဿရံ၊ အံသသိရာနံ ကမ္ပော ယဿာတိ အံသသိရောကမ္ပံ၊ သဟ + ဇလေန ယာနိ ဝတ္တန္တီတိ သဇလာနိ၊ သဇလာနိ+ အက္ခီနိ ယဿာတိ သဇလက္ခိ။ ["သဇလက္ခိ"ဟု ဆိုသင့်သော်လည်း ဆန္ဒာနုရက္ခဏာ အကျိုးငှါ၊ နိဂ္ဂဟိတ် လာစေရသည်၊ ထို့ကြောင့်ပင် ဋီကာသစ်၌"အနုသွာရာဂမော"ဟု မိန့်သည်။]

ဝိက္ခိတ္တာနိ + အင်္ဂါနိ ယဿာတိ ဝိက္ခိတ္တင်္ဂံ = ကိုယ်ကို ပစ်လှဲ၍ မှောက်ထိုးမှောက်လန် ရယ်ခြင်း။ [ပထျာ အရိယာဂါထာ ဖြစ်သောကြောင့် ဒွေဒွေ နောက်၌ " ဟာသာ " ဟု မရှိသင့်, ဇေဋ္ဌေ မဇ္ဈေ နောက်၌ " ဇမ္မေ "ဟု ပါဌ်ပျက်လျက် ရှိတတ်သည်၊ " ဓမေ "ဟု ရှိမှ ဆန်းတည့်သည်၊ ဋီကာ၌လည်း မဇ္ဈေဓမေကို " မဇ္ဈေ+အဓမေ"ဟု ပုဒ်ဖြတ်၍ " အပဟာသိတ အတိဟာသိတဒွယံ အဓမေ ဝတ္တတေ " ဟု ရှိ၏၊ "ဓမေ"နောက်၌ " ပိစ " ပါဌ်လည်း မလို၊ ဤဂါထာနှင့်စပ်၍ မှတ်ဘွယ်ကို သဂြိုဟ်ဘာသာဋီကာ ဟာသိတုပ္ပါဒ်ခဏ်း၌ ပြထားပြီ။]

www.dhammaransi.com



**သောကဋ္ဌာယီဘာဝ, ကရုဏာရသ**

၃၆၁။ သောကရူပေါတု ကရုဏော, နိဋ္ဌပ္ပတ္တိဋ္ဌနာသတော၊
တဏ္ဍာနုဘာဝါ ရုဒိတ-ပဠယ ထမ္ဘကာဒယော၊
ဝိသာဒါလသျ မရဏ-စိန္တာဒီ ဗျဘိစာရိနော။

၃၆၁။ သောကရူပေါ-သောကသဘောရှိသော၊ဝါ-သောကဋ္ဌာယီဘာဝ ဖြစ်သော၊ ကရုဏော - ကရုဏာရှိသော ရသသည်၊ အနိဋ္ဌပ္ပတ္တိဋ္ဌနာသတော - အလိုမရှိအပ်သော အနိဋ္ဌာရုံသို့ရောက်ခြင်း, အလိုရှိအပ်သော ဣဋ္ဌာရုံ၏ ပျက်စီးခြင်းကြောင့်၊ (ဟောတိ-ဖြစ်၏၊) တဏ္ဍ- ထိုကရုဏာရသ၌၊ ရုဒိတ ပလယ ထမ္ဘကာဒယော- ငိုကြွေးခြင်း , ထွက်သက် ဝင်သက်မျှ ကြွင်းကျန်အောင် တွေဝေခြင်း , ကိုယ်စိတ် ၂ ပါးတို့၏ တောင့်တင်းခိုင်မာခြင်း အစရှိသည်တို့သည်၊ အနုဘာဝါ- အနုဘာဝတို့တည်း၊ ဝိသာဒါလသျ မရဏ စိန္တာဒီ- ပင်ပန်းခြင်း, ပျင်းရိသူ၏အဖြစ်, သေခြင်း , ထိုထို ဤဤ ကြံစည်ခြင်း အစရှိသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့တည်း။

× × × × × × ×

၃၆၁။ သောကရူပေါ ကရုဏော။ ။ အဘိဓမ္မာ၌လာသော ကရုဏာစစ်စစ်သည် ကုသိုလ်ကြိယာတရားဖြစ်၍ မျက်ရည်မကျစေနိုင်၊ ဤနေရာ၌မျက်ရည်ကျလောက်အောင်ဖြစ်သော ကရုဏာကား ကရုဏာအစစ်မှလွန်သွားသော "သောက" ဟု ခေါ်ရသော ဒေါမနဿတည်း၊ ထို့ကြောင့် "သောကရူပေါ-သောက သဘောရှိသော" ဟု ဆိုသည်။ [ " သောကဿ + ရူပံ သောကရူပံ၊ သောကရူပံ အဿ အတ္ထီတိ သောကရူပေါ " ဟုပြု၊ ရူပံဟု မထားဘဲ " ရူပေါ " ဟု ထားသော ကြောင့် ဗဟုဗ္ဗီဟိပြုရသည်။ ] ဤ သောကရူပဟူသည် သောကဋ္ဌာယီဘာဝပင်တည်း၊ ကရုဏာပုဒ်သည် ဣတ္ထိလိင်ဖြစ်သော်လည်း ရသော ကိုငဲ့၍ "ကရုဏော" ဟု ပုလ္လိင်ထား၏၊ ထို့ကြောင့် "ကရုဏာ+ယဿ အတ္ထီတိ ကရုဏော" ဟု ဝိဂ္ဂဟပြု။

နိဋ္ဌပ္ပတ္တိဋ္ဌနာသတော။ ။ [အနိဋ္ဌဟု ဆိုလိုလျက်(အ)ကို ချေထားသည်။] အနိဋ္ဌဿ-သားသမီးတို့နှင့် ကွဲရခြင်း, ပြည်နှင်ဒဏ်ခတ်၍ မိမိ နေရပ်ဒေသကို စွန့်ခွါရခြင်းစသော အလို မရှိအပ်သော မကောင်း ကျိုးသို့+ပတ္တိ-ရောက်ခြင်း, ရခြင်းတည်း၊ အနိဋ္ဌပ္ပတ္တိ-ခြင်း၊ ဣဋ္ဌဿ-

www.dhammaransi.com



သီလစသော ဥစ္စာစသော အလိုရှိအပ် နှစ်သက်အပ်သော ဝတ္ထု၏+နာသော-ပျက်စီးခြင်းတည်း၊ ဉာဋ္ဌနာသော-ခြင်း၊ဤပါဠိဖြင့် ကရုဏာရသ ဖြစ်ခြင်း၏ အကြောင်းဝိဘာဝကို ပြသည်။

မှန်၏— အထက်တန်းကျသော ဥတ္တမ ပုဂ္ဂိုလ်တို့မှာ သားသမီးစသော ချစ်သူတို့နှင့်ကွဲရခြင်း, သီလစသည်ပျက်ခြင်းကြောင့် သောကဖြစ်ရတတ်၏၊ [ ဤဥတ္တမပုဂ္ဂိုလ်တို့မှာ ကိုယ့်နေရာကို စွန့်ခွါရခြင်း, ဥစ္စာစသည် ပျက်စီးခြင်းများ မဖြစ်တတ်ချေ၊လုံးလုံးမဖြစ်နိုင် ဟုကား မဆိုလို၊ ရှင်ဘုရင်သော်မှ ထီးနန်းကို စွန့်ခွါရတတ်သေး၏။ ]သူတပါး လက်အောက်ခံ ဖြစ်သော နီစ ပုဂ္ဂိုလ်တို့မှာ သူတပါးက နှိပ်စက်၍ ကိုယ့်ဒေသကို စွန့်ခွါရခြင်း , ရှိသမျှ ဥစ္စာများ ပျက်စီး ဆုံးပါးခြင်းကြောင့် သောက ဖြစ်ရတတ်သည်။ [ တတ္ထ ဥတ္တမာနံ သောကော ပုတ္တဝိယောဂါဒိ အနိဋ္ဌပ္ပတ္တိတော ဓနာဒိဉာဋ္ဌနာသတောစ ဇာယတေ၊ နီစာနံ တု ဒေသနိဂ္ဂမနာဒိအနိဋ္ဌပ္ပတ္တိတော ဓနာဒိဉာဋ္ဌနာသတောစ။ ]

ဤပြခဲ့သော အကြောင်းတို့ကား ကိုယ်ရေးအတွက် သောက ဖြစ်ကြောင်း ဝိဘာဝတို့တည်း၊ " တရံတခါ၌မူ ကရုဏာရှင်ကြီးဖြစ်ကြသော အထက်တန်းပုဂ္ဂိုလ်တို့မှာ (ကိုယ်ရေးကိုယ်တာမဟုတ်ဘဲ) သူတပါး၏ စီးပွါးပျက်ခြြင်း စသော ဒုက္ခကို မြင်ရသဖြင့် ( စိတ်ကို ထိခိုက်လောက်အောင် ) သောက ဖြစ်တတ်သေး၏"ဟု ဋီကာဆို၏၊ ရတနကောသ၌လည်း—

"ဉာဋ္ဌနာသ·ဂ်နာသာယ, ဝဓဗန္ဓန တာဋ္ဌနာ၊
သာပိဏ္ဍော သော·ပတာပေဟိ, ဇာယတေ ကရုဏောရသော။"

ဟု သဘောတူပင် ဆိုသည်။ [ ဉာဋ္ဌနာသဂ်နာသာယ-ဉာဋ္ဌအကျိုး၏ ပျက်စီးခြင်း , ကိုယ်လက်အင်္ဂါ ပျက်စီးခြင်းကြောင့်၎င်း၊ ဝဓ ဗန္ဓန တာဋ္ဌနာ-အသတ်ခံရ,အချုပ်အနှောင်ခံရ,အနှိပ်စက်ခံရခြင်းကြောင့်၎င်း၊ သာပိဏ္ဍော-မိမိဆွေမျိုးထည်း၌၊ သ+ဥပတာပေဟိ - ပူပန်ဘွယ်နှင့် တကွဖြစ်သော အကြောင်းတို့ကြောင့်၎င်း၊ ကရုဏော-ကရုဏာရှိသော၊ ( ဝါ- သနားဘွယ်ကောင်းသော )၊ ရသော - ရသသည်၊ ဇာယတေ- ဖြစ်၏။]

www.dhammaransi.com



တတ္တာ ၊ ပေ ၊ ထမ္ဘကာဒယော ။ ။ သောကဖြစ်သော အခါ ငိုခြင်း ရုဒိတ , သညာကင်းခြင်း သတိလစ်ခြင်း ပလယ , ( သောက ဖြစ်လွန်း၍ ) တောင့်တင်းခြင်း ထမ္ဘတို့သည် ယခုအခါ၌ မျက်မြင် တွေ့ရသော အကျိုးအနုဘာဝတို့တည်း၊ ဒပ္ပဏ၌ကား—

"အနုဘာဝါ ဒေဝနိန္ဒာ, ဘူပါတ ကန္ဒိတာဒယော၊
ဝေဝဏ္ဏျုဿာသနိဿာသ-ထမ္ဘ ပလာပနာနိစ"

ဟု အနုဘာဝကို အကျယ်ပြ၏။ [ဒေဝနိန္ဒာ- "ရှေးကံမကောင်းလို့ ဒီလိုဒုက္ခတွေ့ရသပဲ" ဟု ရှေးကံကို ကဲ့ရဲ့ခြင်းသည်၎င်း၊ ဘူပါတကန္ဒိ တာဒယော-မြေ၌ လဲကျသွားခြင်း,ငိုကြွေးမြည်တမ်းခြင်းတို့သည်၎င်း၊ ဝေဝဏ္ဏျ-အဆင်းပျက်ခြင်း၊ ဥဿာသ- ပင့်သက်ရှူခြင်း(အထက်ပင့်၍ အသက်ရှူခြင်း)နိဿာသ- အသက်မရှူနိုင်ဖြစ်ခြင်း၊ ထမ္ဘပလာပနာ နိစ - ကိုယ်လက် တောင့်တင်းခြင်း , ကယောင်ကတန်း ပြောခြင်းတို့ သည်၎င်း၊ အနုဘာဝါ- တို့တည်း။ ] ဤကျမ်း၌ တိုက်ရိုက်မပါသော ဒေဝနိန္ဒာ စသည်တို့ကို ထမ္ဘကာဒယော၌ အာဒိဖြင့် ယူပါ။

ဝိသာဒါ ၊ ပေ ၊ ဗျဘိစာရိနော ။ ။ စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဖြစ်မှု, ချစ်ခင်သူတို့နှင့် ကွဲသဖြင့် ပျင်းရိမှု, သောကအားကြီး၍ သေမှု, တောင်တောင် ဤဤ ကြံစည်မှိုင်တွေမှု - စသည်တို့ကား သောကနှင့် ထွေးရောယှက်တင်ဆက်စပ်၍ဖြစ်တတ်သောဗျဘိစာရီဘာဝတို့တည်း၊ စိန္တာဒိ၌ အာဒိဖြင့် ဤ၌ တိုက်ရိုက်မပြဘဲ ဒပ္ပဏ၌လာသော နိဗ္ဗေဒ စသည်ကိုယူ။

နိဗ္ဗေဒ မောဟာပသ္မာရ-ဗျာဓိ ဂ္လါနိ သတိဿမာ၊
ဝိသာဒ ဇဠတုမ္မာဒ-စိန္တာဒိ ဗျဘိစာရိနော။

"ဆင်းရဲလေလေ - သံဝေရရ " ဟု ဆိုကြသည့်အတိုင်း သောက ဖြစ်သောအခါ လောကကြီး၌ ငြီးငွေ့မှု နိဗ္ဗေဒ, မိန်းမော တွေဝေမှု မောဟ, ရူးနှမ်းနှမ်းဖြစ်မှု အပသ္မာရ, ဖျားနာမှု ဗျာဓိ, ကိုယ်လက် မသယ်ချင်အောင် နွမ်းနယ်မှု ဂ္လါနိ , ကွဲသွားသူ ပျက်သွားသော ဥစ္စာတို့ကို အောင့်မေ့မှု သတိ , အားအင်ကုန်ခမ်း ပင်ပန်းမှု သမ, ဝိသာဒ, ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေမှု ဇဠတာ,သည်းခြေပျက်၍ ရူးမှု ဥမ္မာဒ, စိန္တာ- စသော ဗျဘိစာရီဘာဝများ ဖြစ်တတ်ကြသည်။

www.dhammaransi.com



**ကရုဏာရသ ပုံစံ**

**အလက်**ရိ ယော **ခမ္မေန**, အာသနံ ရာဇဝါရိတော၊
**ကိံ** ကရော ဝိဓုရော ယက္ခ-နီတော ဝါလံ ဝလမ္ဗိယ။

ယော-အကြင်ဝိဓုရသုခမိန်သည်၊ ရာဇဝါရိတော -မင်းအများတို့ ခြံရံအပ်သည်၊ (ဟုတ္တာ-ဖြစ်၍၊) **ခမ္မေန**-တရားဖြင့်၊ အာသနံ- တရား ဟောပလ္လင်ကို၊ **အလက်**ရိ-တန်ဆာဆင်ခဲ့ပြီ၊ ဝါလံ- မြင်း၏အမြီးကို၊ **အဝလမ္ဗိယ** - ဆွဲကိုင်စေ၍၊ ယက္ခနီတော -ပုဏ္ဏက နတ်ဘီလူးသည် ဆောင်ယူအပ်သော၊ ( သော )ဝိဓုရော- ထို ဝိဓုရသုခမိန်သည်၊ ကိံ ကရော-အဘယ်ကို ပြုနိုင်ရှာတော့မည်နည်း။ [ ဋီကာသစ်လာ ဝသန္တ တိလကဂါထာကို ပြင်ထားသော ဝတ္တဂါထာ ဖြစ်သည်။]

ဤဂါထာကား **ဝိဓုရ**သုခမိန်၏ နှလုံးသည်းပွတ်ကို အလိုရှိသော ပုဏ္ဏက နတ်ဘီလူးက သုခမိန်ကို မြင်းအမြီး ဆွဲစေ၍ ကောင်းကင် ခရီးဖြင့် ဆောင်ယူသွားရာဝယ် ရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သား လူအများတို့ ချုံးချုံးချ၍ ငိုကြွေးပုံကို ပြသောဂါထာဖြစ်သည်၊ "သုခ မိန်ကြီးသည် ရှေးကဆိုလျှင် တရာ့တပါး မင်းအများတို့ ခြံရံလျက် တရားပလ္လင်ထက်ဝယ် တင့်တယ်စွာ တရားဟောလျက် တရားပလ္လင် တန်ဆာဆင်မှုကို ပြုနိုင်၏၊ ယခုအခါ၌ကား တဥုးထည်း မြင်းမြီးကို ကိုင်၍ လိုက်ရသဖြင့် ဘာတခုမျှ မပြုနိုင်ရှာတော့ပါတကား" ဟူလို။

ဤဂါထာ၌ ဝိဓုရသုခမိန်သည် အာလမ္ဗန ဝိဘာဝ၊ ထိုသုခမိန်၏ မြင်းမြီးဆွဲ၍ ဆင်းရဲစွာ လိုက်ရသော သနားဘွယ်အမူအရာ စသည်တို့ သည် ဥဒ္ဒီပနဝိဘာဝ၊ ရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သားတို့ဝမ်းနည်း ပူဆွေးရခြင်းသည် သောကဌာယီဘာဝ၊ သောကလိုက်ဆူ၍ "အလက် ရိ ယော ခမ္မေန" စသည်ရွတ်ဆို ငိုကြွေးခြင်း ဝစီပယောဂသည် အနု ဘာဝ၊ ပင်ပန်းမှု, ကြံမှိုင်မှု, ငြီးငြူမှုစသော ဗျဘိစာရီဘာဝတို့ကိုင်း, ချွေး မျက်ရည် စဲခြင်းစသော သတ္တိကဘာဝတို့ကိုင်း မှန်းဆ၍ သိအပ် ကုန်၏၊ ဤဇာတ်ကို သင်ယူနားထောင်ကြသူတို့၏ သန္တာန်၌ သနား ခြင်းသည် မုချ ကရုဏာရသဖြစ်၏၊ ထိုကရုဏာရသကို ဂါထာအဖွဲ့၌ တင်စား၍ ထိုဂါထာအဖွဲ့သည်လည်း ကရုဏာရသရှိသော ဂါထာ အဖွဲ့ ဖြစ်သည်။

www.dhammaransi.com



တတော ဝေဿန္တရော ရာဇာ,ဒါနံ ဒတွာန ခတ္တိယော၊
ပဏ္ဏသာလံ ပဝိသိတွာ, ကလုနံ ပရိဒေဝယိ။
ခနံ ဗာဏံ ဂဟေတွာန, ခဂ္ဂံ ဗန္ဓိယ ဝါမတော၊
အာနေဿာမိ သကေပုတ္တေ, ပုတ္တာနံ ဟိ ဝဓော ဒုခေါ။

တတော-ထိုမှနောက်၌၊ ဝေဿန္တရော ရာဇာ - ဝေဿန္တရာမင်းသည်၊ ခတ္တိယေဒါနံ- သားတော် သမီးတော်ဟူသော ခတ္တိယအလှူကို၊ ဒတွာ-ပေးလှူပြီး၍၊ ပဏ္ဏသာလံ-သစ်ရွက်ကာလွှမ်း, ကျောင်းသင်္ခမ်းသို့၊ ပဝိသိတွာ - ဝင်တော်မူ၍၊ ကလုနံ- သနားစဘွယ်၊ ပရိဒေဝယိ- ငိုကြွေးတော်မူရှာလေပြီ။

ခနံ-လေးကိုင်း၊ ဗာဏံ-မြှားကိုင်း၊ ဂဟေတွာန-ယူပြီး၍၊ ဝါမတော- လက်ဝဲပခုံးထက်၌၊ ခဂ္ဂံ-သန်လျက်ကို၊ ဗန္ဓိယ-လွယ်၍၊ သကေပုတ္တေ-မိမိသားတော် သမီးတော်တို့ကို၊ အာနေဿာမိ - ပြန်၍ ဆောင်ယူအံ့၊ဟိ-ပြန်၍ဆောင်ယူရန် ကြံသင့်၏၊ပုတ္တာနံ-သားတော် သမီးတော်တို့ကို၊ ဝဓော-ညှဉ်းဆဲနှိပ်စက်ခြင်းသည်၊ ဒုခေါ-ဆင်းရဲလှ၏။

၌၌—ဇာလီသားတော်,ကဏှာဇိန်သမီးတော်တို့သည် အာလမ္ဗနဝိဘာဝ၊ ပုဏ္ဏားနှ၏ညှာတာမှုကင်းမဲ့စွာ ရိုက်နှက်ခေါ်ပုံ , သားတော်သမီးတော်တို့၏ ငိုကြွေးကြပုံ စသည်တို့ကား ဥဒ္ဒီပနဝိဘာဝ၊ ဝေဿန္တရာမင်း၏ ပူဆွေးဝမ်းနည်းမှုကား သောကဌာယီဘာဝ၊ ဝေဿန္တရာမင်း၏ ပူဆွေးငိုကြွေးရခြင်းကြောင့် ပင်ပန်းမှုသမ-စသော ဗျဘိစာရီဘာဝတို့ကိုကား ဆ၍ သိအပ်ကုန်၏၊ဝေဿန္တရာမင်း၏ ငိုကြွေးမြည်တမ်းခြင်း, လေး- မြှားကိုဆွဲ၍ သားတော်သမီးတော်တို့ကို ပြန်၍လုယူရန်ကြံစည်ခြင်းတို့ကား အနုဘာဝတည်း၊၌အကြောင်းအရာကို ဇာတ်ပွဲအဖြစ် က-ပြရာ၌ ပွဲကြည့်သူ,ဇာတ်တော်ကိုသင်ယူနားထောင်သူတို့၏ သန္တာန်၌ဖြစ်သော သနားလာခြင်းသည် မုချ ကရုဏာရသဖြစ်၏၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓသည်ရင်း , ဝေဿန္တရာမင်း၏ သောကဌာယီဘာဝ သည်ရင်း ဖလူပစာအားဖြင့် ကရုဏာရသ ဖြစ်ရသည်။ [ ၌သို့ သနားခြင်း၏ သာယာဘွယ် ရသဖြစ်ပုံကို (၃၅၅)ဂါထာ၌ ဖွင့်ပြခဲ့ပြီ။]

www.dhammaransi.com



**ကောဓဒေ့ာယီဘာဝ, ရုဒ္ဒရသ**

**၃၆၂။ ကောဓော မစ္ဆရိယာဒီဟိ, ပေါသော တာသမဒါဒိဘိ၊**
**နယနာရုဏတာဒီဟိ, ရုဒ္ဒေါနာမ ရသော ဘဝေ။**

၃၆၂။ မစ္ဆရိယာဒီဟိ - ဝန်တိုခြင်း အစရှိသော ဝိဘာဝတို့ကြောင့်၊ (ဥပ္ပဇ္ဇမာနော-ဖြစ်သော၊) ကောဓော- အမျက်ဒေါသ, ကောဓဒ္ဒေါယီ ဘာဝသည်၊ တာသ မဒါဒိဘိ - ခြိမ်းချောက်ခြင်း, မာန်ယစ်ခြင်း အစရှိသော ဗျာဘိစာရီဘာဝတို့ဖြင့်၎င်း၊ နယနာရုဏတာဒီဟိ-မျက်စိနီခြင်းအစရှိသောအနုဘာဝတို့ဖြင့်၎င်း၊ ပေါသေ-တိုးပွားခြင်းသည်၊(သတိ-ဖြစ်လသော်၊)ရုဒ္ဒေါနာမ-ရုဒ္ဒမည်သော၊ ဝါ- ကြမ်းကြုတ်ခြင်း သဘောရှိသော၊ ရသော-ရသသည်၊ ဘဝေ- ဖြစ်၏။

× × × × × × ×

၃၆၂။ ကောဓော မစ္ဆရိယာဒီဟိ။ ။ကောဓ၏ တရားကိုယ်မှာ ဒေါသတည်း၊ လူတယောက်အပေါ်၌ နဂိုရ်ကပင် သူ၏လာဘ်ပေါ မည်ကို ဝန်တိုမှု , ဂုဏ်ရှိမည်ကို ဝန်တိုမှုစသော မစ္ဆရိယဖြစ်နေလျှင် ထို မစ္ဆရိယကြောင့် ထိုသူ့အပေါ်၌ ရန်သူလို သဘောထားလျက် ကောဓ ( ဒေါသ ) ဖြစ်နေတတ်၏၊ မစ္ဆရိယာဒိ၌ အာဒိဖြင့် မိမိကို ပစ်ပယ်ထားခြင်း ( အဖက်မလုပ်ခြင်း ) ဟူသော အဝဇ္ဈာ , မိမိကို ပြောင်လှောင်ခြင်းဟူသော ဥပဟာသတို့ကို ဋီကာယူ၏၊ ထိုထို ကိစ္စ၌ မိမိကို အဖက် မလုပ်ဘဲ ဖယ်ထားခြင်း , မိမိကို ပြောင်လှောင်ခြင်း ကြောင့်လည်း ဒေါသဖြစ်တတ်သည်မှာ အထင်အရှားပင်တည်း။

ရတနကောသ။ ။"တတ္ထ သံဂါမဟေတုကံ-ထိုရုဒ္ဒသည် စစ်တိုက် ရခြင်း၏ အကြောင်းဖြစ်၍၊ ဥဂ္ဂကမ္မ,ဥပဃာတ, မုသာဝါဒါဒိ ဖရုသ ဝစနာဒီဟိ ဘဝတိ-ရန်သူ၏ ကြမ်းတန်းသောကိုယ်အမူအရာ, မိမိကို နှိပ်စက်ခြင်း, လိမ်လည်ညာဖြန်းခြင်းစသောစကား, ကြမ်းတန်းသော စကားစသည်တို့ကြောင့်ဖြစ်၏"ဟု ဥဂ္ဂကမ္မ စသည်ကို ဝိဘာဝအဖြစ် ဖြင့် ဆို၏၊ ဒပ္ပဏ၌လည်း "မုဋ္ဌိပ္ပဟာရပါတန- ရန်သူက လက်သီးဖြင့် ထိုး၍ လဲကျစေခြင်း , ဝိကတစ္ဆေဒါဝဒါရဏ - အရုပ် အဆင်း ပျက်အောင် ဖြတ်ခြင်း, ရိုက်ခွဲခြင်းကိုင်း, စစ်တိုက်ရာဝယ် သင်္ဂါမ သမ္ဘမာဒိ- စစ်မြေပြင်၌ မငြိမ်မသက် လှုပ်ရှားခြင်း, စစ်ချီတက်ခြင်း,

www.dhammaransi.com



စိတ်ဓာတ်တက်ကြွအောင် စစ်သီချင်းဆိုခြင်း , စစ်တိုက်ဘို့ရန် ကြွေးကျော်ခြင်း စသည်တို့ကိုလည်း ဝိဘာဝ''ဟု ဆို၏၊ အဆိုကွဲသော်လည်း ရတနကောသဆိုပုံနှင့် သဘောတူပင်တည်း။

တာသ မဒါဒီဟိ ။ ။ ဤစကားဖြင့် ဗျဘိစာရီဘာဝကို ပြ၏၊ သူ့တပါးက ခြိမ်းချောက်လျှင်ရင်း,မိမိဘာသာ မာန်ယစ်နေလျှင်ရင်း, သာ၍ စိတ်ဆိုးတတ်ရကား တာသစသည်သည် ကောဓ၏ အခြံအရံ ဗျဘိစာရီဘာဝတည်း၊ အာဒိဖြင့် ဥဂ္ဂတာ ( ကြမ်းတန်းသူ၏ အဖြစ်ဟူသော အမူအရာ) သမ္ဘမ ( မရပ်မတည် လှုပ်ရှားခြင်း ) စသည်ကို ဋီကာတို့ ယူကြ၏၊ ဒပ္ပဏ၌ကား —'' မောဟာမရိသအာဒီ- ဒေါသကြီးမား၍ အမှားအမှန်မသိအောင် တွေဝေခြင်း မောဟ, သည်းမခံနိုင်ခြင်း အမရိသ စသည်တို့ကို ဗျဘိစာရီဘာဝ''ဟု ဆိုလေသည်။

နယနာရုဏတာဒီဟိ။ ။နယနသ- မျက်လုံး၏+အရုဏတာ= အရုဏ်ရောင်ကဲ့သို့ နီသည်၏အဖြစ်(ဒေါသအားကြီးခြင်း၏ အထိမ်းအမှတ်ဖြစ်သော မျက်စိနီရဲခြင်း )၊ ဤစကားဖြင့် အနုဘာဝကို ပြ၏၊ အာဒိဖြင့် ဘူဘင်-မျက်မှောင်ကုတ်ခြင်း , ဩဋ္ဌပီဠန-နှုတ်ခမ်း ၂ ခုကို ကြပ်ကြပ်စေ့ထားသော အားဖြင့် နှိပ်စက်ခြင်း, သို့မဟုတ်- နှုတ်ခမ်းကို သွားဖြင့်ကိုက်၍ နှိပ်စက်ခြင်း, စသည်ကို ဋီကာတို့ယူကြ၏၊ ဒပ္ပဏ၌လည်း—

''ဘူဝိဘင်္ဂေါဋ္ဌနိဒံသ- ဗာဟုဖေါဋ္ဌန တဇ္ဇနာ၊
အတ္တာဝဒါန ကထန, မာယုဓုက္ခေပနာနိစ၊
ဥဂ္ဂတာဝေဂရောမဉ္စ, သေဒ ဝေပထဝေါ မဒေါ။''

ဟု အနုဘာဝတို့ကိုများစွာပြ၏။[ဘူဝိဘင်,ဩဋ္ဌနိဒံသ,ဗာဟုဖေါဋ္ဌန, တဇ္ဇနာ - မျက်မှောင်ကုတ်ခြင်း , နှုတ်ခမ်းကိုက်ခြင်း , လက်ခမောင်းခတ်ခြင်း, ခြိမ်းချောက်ခြင်းတို့သည်ရင်း၊ အတ္တာဝဒါန (အတ္တ+ အဝဒါန=ဩဒါန)ကထနံစ-မိမိက ဖြူစင်မြင့်မြတ်ကြောင်း (သူနှင့် ငါဟာ အဖက် မဟုတ်ကြောင်းကို ) ပြောဆိုခြင်းသည်ရင်း၊ အာယုဓ ဥက္ခေပနာနိ-ဒါးစသောလက်နက်ကို(မကြောက်ဘူးဟူသော အထိမ်းအမှတ်ဖြင့်) မြှောက်ခြင်း, ဝင့်ခြင်းတို့သည်ရင်း၊ ဥဂ္ဂတာ+အာဝေဂ,ရောမဉ္စ, သေဒ ဝေပထဝေါ-ကြမ်းတန်းသည်၏အဖြစ်, ပျာပျာသလဲဖြစ်ခြင်း,

www.dhammaransi.com



ကြက်သီးထခြင်း , ချွေးထွက်ခြင်း , ကိုယ်တုန်လှုပ်ခြင်း တို့သည်ဂုဏ်း၊ မဒေါစ-မာန်ယစ်ခြင်းသည်ဂုဏ်း၊အနုဘာဝ ါ-တို့တည်း။]

**မှတ်ချက်**။ ။ဥဂ္ဂတာကို ဋီကာတို့၌ ဗျဘိစာရီဘာဝတွင် သွင်း၍, ရတနကောသ၌ ဝိဘာဝတွင်သွင်း၏၊ မဒကိုလည်း ဗျဘိစာရီဘာဝ၌ စာကိုယ်မှာပင် သွင်းထား၏၊ ဤသို့လျှင် ကျမ်းဆရာတို့ ကိုယ်တိုင်ပင် ဝိဘာဝ ဗျဘိစာရီဘာဝ အနုဘာဝတို့ကို အမျိုးမျိုး ယူထားကြသော ကြောင့် ဝိဘာဝစသည် ကော်ပြရာဝယ် အကြောင်းအကျိုး စိစစ်ကာ ဖြစ်သင့်ရာကိုသာ ထည့်သွင်းကြပါလေ။

**ရုဒ္ဒရသ ပုံစံ**

ယက္ခေန နရဘက္ခေန,လဒ္ဓေါ ပုရာ·ဝလောကယ၊
ဝေရမ္ဗစုဏ္ဏိတော မစ္စော,လောကံ ပသော ကထံ ပုနော။

နရဘက္ခေန-လူသားစားသော၊ယက္ခေန-ငါပုဏ္ဏကဘီလူးသည်၊ လဒ္ဓေါ-အပိုင်ရအပ်ပြီ၊ ပုရံ-သင်၏ နေပြည်တော်ကို၊အဝလောကယ- ကြည့်လိုက်လေ့၊ ဝေရမ္ဗစုဏ္ဏိတော-ဝေရမ္ဗလေသည် မှုန့်မှုန့် ညက် ညက် ကြိတ်ချေအပ်သော၊ မစ္စော - လူသတ္တဝါသည်၊ လောကံ - ဤ လူ့ပြည်ကို၊ ပုနော - တဖန်၊ ကထံပသော - အဘယ်မှာ မြင်ရတော့ အံ့နည်း။ [ဋီကာလာ ဂါထာကို ပထျာဝတ္တပြင်ထားသည်။]

ဤဂါထာ၌ မဏ္ဍရိယစသော ဝိဘာဝ, ကောဓဒ္ဒါယီဘာဝတို့ကို ဝါကျတခုလုံး၏ အစွမ်းသတ္တိဖြင့် ပြ၏၊ ဝေရမ္ဗစုဏ္ဏိတော - စသော စကားဖြင့် ဝိဓုရအမတ်ကြီးကို ထိတ်လန့်အောင် ခြိမ်းခြောက်ခြင်း တာသ, မိမိ၏ မာန်ယစ်ခြင်း မဒ , ကြမ်းတန်းခြင်း ဥဂ္ဂတာ - စသော ဗျဘိစာရီဘာဝတို့ကို ပြ၏၊ ဤ ဝါကျတခုလုံးဖြင့် မျက်လုံးနီခြင်း - စသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏-ဟု ဋီကာ၌ ကော်ပြ သည်။ [ဤသို့ ဋီကာကော်ပြပုံကိုကြည့်၍ ဝိဘာဝစသည်ကို ထင်ရှားစွာ မပြအပ်သော ဂါထာ-စုဏ္ဏိယ- ပျိုကဗျာတို့၌ ဤနည်းကိုမှီး၍ ဝါကျ တခုလုံးဖြင့် ရထိုက်သော ဝိဘာဝစသည်တို့ကို ကောက်ပြကြပါလေ၊ ထို့ပြင်-တာသအရလည်း ကြောက်လန့်စေခြင်း ခြိမ်းခြောက်ခြင်းကို ယူမှ ပုဏ္ဏကသန္တာန်၌ဖြစ်သော ကောဓဒ္ဒါယီဘာဝ၏ ဗျဘိစာရဖြစ် နိုင်မည်။]

www.dhammaransi.com



န ဟိန္ဒနာ·ယံ သာခုဏ္ဍာ, လတိ ဗိဂ္ဂါယ ဆေဒနံ၊
သုနိသိတေန သတ္တေန, ဧဝံ ဒုဏ္ဍာသိတံ ဘဏံ။

ဧဝံ-ဤသို့ ကုသကို သနားချစ်ရမည်ဟူ၍၊ ဒုဏ္ဍာသိတံ- မကောင်းသောစကားကို၊ ဘဏံ(ဘဏန္တိ)-ပြောလာသော၊ အယံ သာခုဏ္ဍာ-ဤ ခုဏ္ဍာအကောင်မသည်၊ သုနိသိတေန သတ္တေန-ထက်စွာ သွေးအပ်သော ဒါးဖြင့်၊ ဗိဂ္ဂါယဆေဒနံ-လျှာဖြတ်ခြင်းကို၊ နဟိန္ဒနလတိ - မရလိုက်လေချင်းဟဲ့နော်။ [ သန်းရှာဟန်ဆောင်ရင်း ကုသမင်းကို ချစ်ဘို့ရန် အောင်သွယ်စကားပြောသော ခုဏ္ဍာကို ကပျာကယာထ၍ ရိုက်နှက်မည် - ဟု လိုက်သောအခါ ခုဏ္ဍာပြေး၍ တံခါးပိတ်ထားသဖြင့် မရိုက်လိုက်ရသောပဘာဝတီ၏ဒေါသထွက်ပုံပြသော ဂါထာတည်း။]

ဤဂါထာ၌ ခုဏ္ဍာသည် အာလမ္ဗနဝိဘာဝ၊ ခုဏ္ဍာ၏ အောင်သွယ်စကား, တံခါးပိတ်ထားသော အမူအရာများသည် ဒေါသကို ထကြွစေသော ဥဒ္ဒီပနဝိဘာဝတို့တည်း၊ ပဘာဝတီ၏ စိတ်ဆိုးခြင်းသည် ကောဓဋ္ဌာယီဘာဝတည်း၊ ရိုက်ရအောင် လိုက်သော လုလ္လဗျာပါရ, ခက်ထန်ကြမ်းကြုတ်သော အမူအရာတို့ကား ဥဿုက္က- ဥဂ္ဂတာ ဗျဘိစာရီဘာဝတို့တည်း၊ ဤဂါထာကို ရွတ်ဆိုသော ပဘာဝတီ၏ ဝစီပယောဂသည် အနုဘာဝတည်း၊ ထိုဝိဘာဝ ဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ကောဓဋ္ဌာယီဘာဝသည် ( ဤဂါထာကို ကြည့်ရှုသူတို့မှာ ကြမ်းတန်းပုံအရသာ ပေါ်လာသော ) ရုဒ္ဒရသတည်း။

သိရော တေ ဗဇ္ဈယိတ္ဝာန, ဟဒယံ ဆေတွာ သဗန္ဓနံ၊
ဗန္ဓုသကုနံ ယဇိဿာမိ, တယှံ မံသေန မြာဟ္မဏ။

ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားနှင့် မုဆိုးတွေ့ခက်းဝယ် "ဟဲ့ပုဏ္ဏား....နင့် ဦးခေါင်းကို ချည်နှောင်၍ နှလုံးသားကို အတွဲလိုက်ဖြုတ်ပြီးလျှင် ငှက်ကောင်ကလေးချည်၍ ယဇ်ပူဇော်သလို နင့်အသားဖြင့် ယဇ်ပူဇော်မည် " ဟု မုဆိုးက ကြိမ်းဝါးသော ဂါထာလည်း ဤ ရုဒ္ဒရသပါဝင်သော စကားပင်ဖြစ်သည်။

www.dhammaransi.com



**ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ**

၃၆၃။ ပတာပ ဝိက္ကမာဒီဟု-ဿာဟော ဝီရောတိ သညိတော၊
ရဏ ဒါန ဒယာယောဂါ, ဝီရော·ယံ တိဝိဓော ဘဝေ၊
တေဝ အနုဘာဝါ ဓိတိ-မတျာဒယော ဗျဘိစာရိနော။

၃၆၃။ ပတာပ ဝိက္ကမာဒီဟိ-ရန်သူတို့က ပူပန်စေခြင်း, မိမိတို့နယ်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ခြင်း အစရှိသော ဝိဘာဝတို့ကြောင့်၊ (ဥပ္ပဇ္ဇမာနော-ဖြစ်သော၊) ဥဿာဟော-အားထုတ်ခြင်း ဥဿာဟဋ္ဌာယီဘာဝကို၊ ဝီရောတိ - ဝီရရသဟူ၍၊ သညိတော-ပညာရှိတို့ သိမှတ်အပ်၏၊ အယံဝီရော - ဤဝီရရသသည်၊ ရဏဒါန ဒယာယောဂါ-စစ်တိုက်မှုနှင့် ယှဉ်ခြင်း , စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ယှဉ်ခြင်း, သနားစောင့်ရှောက်မှုနှင့် ယှဉ်ခြင်း အားဖြင့်၊ တိဝိဓော-၃ပါးအပြားရှိသည်၊ဘဝေ-ဖြစ်၏၊ တေဝ-ထိုစစ်တိုက်ခြင်း, ပေးကမ်းခြင်း, သနားစောင့်ရှောက်ခြင်း တို့သည်ပင်၊ အနုဘာဝါ-အနုဘာဝတို့တည်း၊ ဓိတိမတျာဒယော - တည်ကြည်ခြင်း, သိခြင်း အစရှိသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရိဘာဝတို့တည်း။

× × × × × × ×

၃၆၃။ ပတာပ ဝိက္ကမာဒီဟိ။ ။"ပဘာဝေါ ဒဏ္ဍဇော တေဇော, ပတာပေါ်ပိစ ကောသဇော" ဟူသော အဘိဓာန်(၃၅၁)နှင့်အညီ, ဥစ္စာအင်အား တန်ခိုး, ဒဏ်ထားခြင်းကြောင့်ဖြစ်သော တန်ခိုးသည် ပတာပမည်၏။ [ပတာပ - ရန်သူကို ပူပန်စေတတ်သော တန်ခိုး။] သူတပါး၏ နိုင်ငံနယ်ပယ်တွင်းသို့ ချဉ်းနင်းဝင်ရော်ကျူးကျော်ခြင်းသည် ဝိက္ကမမည်၏။ ["အညရာဇူနံ - အခြားမင်းတို့၏၊ ဒဏ္ဍဇတေဇသင်္ခါတ ပတာပေါ, တေသမေဝ- ထိုအခြားမင်းတို့၏ပင်၊ ပရမဏ္ဍလာဝက္ကမ (အဝက္ကမ-ဩက္ကမ)သင်္ခါတဝိက္ကမော- သူတပါး၏နိုင်ငံသို့ သက်ရော်ခြင်း ဝိက္ကမငှင်း, ဗလဘေဒေါ စ-အထူးထူးသော အင်အားငှင်း" ဟု ဋီကာဆို၏၊ **အာဒိ**ဖြင့် ဗလဘေဒကိုငှင်း,ဝိနယ-ရန်သူက မိမိကို ဆုမ္မခြင်းတို့ကိုငှင်း ယူ၊ ဝိဘာဝေါ တဿ ဝိနယ - ပတာပ ဗလဝိက္ကမာ။-ရတနကောသ။]

အချုပ်မှာ- "ပတာပ" ဟူသည် ဥစ္စာအင်အား-နှိပ်ကွပ်နိုင်သော ဒဏ်အားတို့တည်း၊ ယခုခေတ်၌ စစ်ရှုံးသောနိုင်ငံက စစ်လျော်ကြေး

www.dhammaransi.com



ပေးနေရခြင်းသည် ဒဏ္ဍဇတန်ခိုးဖြင့် အနိုမ်ခံနေရခြင်းတည်း၊ ရန်သူ၏ ထိုအစွမ်းကိုမြင်ရသော မိမိမှာ စေက်စက်နေ၍ မဖြစ်တော့ဘဲ လုလ္လ ဝီရိယ ဥဿာဟ ထုတ်ရတော့၏၊ ရန်သူက မိမိနယ်ကို ကျူးကျော် စော်ကားခြင်းကြောင့်လည်း ငုံ့၍ခံမနေနိုင်တော့ဘဲ စွမ်းအားရှိသမျှ ခုခံသော အားဖြင့် ဥဿာဟ ပြုရတော့သည်- ဟူလို၊ ဤ၌ ရန်သူမင်း စသော ပုဂ္ဂိုလ်သည် အာလမ္ဗနဝိဘာဝ , ထိုပုဂ္ဂိုလ်၏ ပတာပ ဝိက္ကမ စသော အစွမ်းသတ္တိသည် ဥဒ္ဒီပနဝိဘာဝတည်း။ [အောက်ဂါထာ၌ " ဝိဇေတဗ္ဗာဒယော - နိုင်လိုအပ်သော ရန်သူမင်း စသည်တို့ကို " ဟု၎င်း, ဝိဇေတဗ္ဗာဒိ စေဋ္ဌာဒီ- နိုင်လိုအပ်သော ရန်သူစသည်တို့၏ အမူ အရာ စသည်တို့သည်''ဟု၎င်း ပေး။]

အာလမ္ဗန ဝိဘာဝါတု, ဝိဇေတဗ္ဗာဒယော မတာ၊
ဝိဇေတဗ္ဗာဒိစေဋ္ဌာဒီ , တဿုဒ္ဒီပနရူပိနော။

ဥဿာဟော ဝီရော။ ။ဥဿာဟ-ဝီရ ၂မျိုးလုံးပင် တရားကိုယ် အားဖြင့် ဝီရိယချည်းတည်း၊ [ " ဥ- ဒုက္ခလာဘေ+ သဟနံ=ဥဿာ ဟော''နှင့်အညီ, ဒုက္ခကိုသည်းခံ၍ တက်တက်ကြွကြွကြိုးစားမှု ဝီရိယ ကို " ဥဿာဟ "ဟု ခေါ်၍, တွေ့ကြုံလာသော ဘေးဒုက္ခကြောင့် မကြောက်မရွံ့ ရဲဝံ့သောဝီရိယကို ဝီရဟုခေါ်သင့်၏၊ ဥဿာဟဋ္ဌာယီ ဘာဝသည် ပြအပ်လတ္တံ့သော ဗျဘိစာရီဘာဝ , အနုဘာဝ တို့ဖြင့် တိုးပွားလာသောအခါ ကဗျာဗန္ဓ ဖြစ်အောင် ဖွဲ့နွဲ့ စီကုံးထားသော အခါတို့၌ သာယာဘွယ် ဝီရအရသာ ပေါ်လာသည်-ဟူလို။

ရဏ၊ပေ၊တိဝိဓော။ ။စစ်တိုက်မှုနှင့် ယှဉ်သော(စစ်တိုက်ဘို့ရန် ရဲရင့်သော ) ဝီရိယသည် ရဏဝီရ၊ ပေးကမ်းလှူဒါန်းမှုနှင့် ယှဉ်သော (ပေးလှူဘို့ရန် ရဲရင့်သော ) ဝီရိယသည် ဒါနဝီရ၊ သနားကရုဏာနှင့် ယှဉ်သော ( သနားစရာ သတ္တဝါကို စောင့်ရှောက်ဘို့ရန် ရဲရင့်သော) ဝီရိယသည် ဒယာဝီရမည်၏။[''ဒယ-ရက္ခဏေ''ဟု ဓာတ်ကျမ်းရှိ၏။] ဤကျမ်း၌ ဝီရသုံးမျိုးသာပြသော်လည်း ဒပ္ပဏ၌ ဓမ္မဝီရထည့်၍ ၄ပါး ပြား၏-ဟု ဆိုသည်။

တေဝ အနုဘာဝါ။ ။ စစ်တိုက်ဘို့ရန် ရဲရင့်သောဝီရကြောင့် စစ်တိုက်ခြင်းအမူအရာ အကျိုးဖြစ်၏၊ ပေးလှူဘို့ရန် ရဲရင့်သော ဝီရ

www.dhammaransi.com



ကြောင့် ပေးလှူခြင်းအမူအရာအကျိုးဖြစ်၏၊ သနားစောင့်ရှောက်လိုခြင်း ညှာတာလိုခြင်း ကရုဏာကြောင့် စောင့်ရှောက်မှု ညှာတာမှု အကျိုး ဖြစ်၏၊ ထို့ကြောင့်"တေ၀-အနုဘာ၀ါ"ဟု ဆိုသည်၊ ဒပ္ပဏာ၌ကား- "သူတပါး၏ နှိပ်စက်စော်ကားခြင်းကို ခံရသဖြင့် မျက်ရည်ကျခြင်း , ပြန်၍လက်စား ချေရအောင် အဖေါ်ရှာခြင်းတို့ကို အနုဘာ၀ " ဟု ဆို၏၊ [သဟာယာန္ဝေသန-အဖေါ်ရှာခြင်း။]

အနုဘာ၀ါတု တတြ•ဿု-သဟာယာ•န္ဝေသနာဒယော။
သစ ဒါန ဓမ္မ ယုဒ္ဓ-ဒယာဟိ စတုဓာ ဘဝေ။

**မှတ်ချက်**။ ။ ယုဒ္ဓသည် ရဏာနှင့်တူ၏၊ ဓမ္မဝီရ ဟူသည် ဒါန ဒယာဝီရတို့မှ တပါးသော သီလစောင့်မှု၌ ရဲရင့်ခြင်း(သီလပါရမီ), ကာမဂုဏ်ကိုစွန့်ခွါ၍ တောထွက်မှု၌ ရဲရင့်ခြင်း နေက္ခမ္မပါရမီစသော တရားစုပင် ဖြစ်စရာရှိ၏။ [သစ- ထို ဝီရသည်လည်း-ဟုပေး။]

**ရဏာဝီရရသ ပုံစံ**

ဟတ္ထိခန္ဓ အာရုယှ, အာရောပေတွာ ပဘာ၀တိံ၊
သင်္ဂါမံ ဩတရိတွာန, သီဟနာဒံ နဒိ ကုသော။

ကုသော- ကုသမင်းသည်၊ ဟတ္ထိခန္ဓံ-ဆင့်ကျောက်ကုန်းသို့၊ အာရုယှ- တက်ပြီး၍၊ ပဘာ၀တိံ - ပဘာ၀တီကို၊ အာရောပေတွာ - တင်ပြီး၍၊ သင်္ဂါမံ- စစ်မြေပြင်သို့၊ ဩတရိတွာန-သက်ဝင်ပြီး၍၊ သီဟနာဒံ- မနွဲ့ မကြောက်, ခြင်္သေ့ဟောက်သို့, ရဲရဲတောက်အသံကို၊ နဒိ-ကြုံးဝါးပြီ။

ဤဂါထာ၌ ခုနစ်ပြည်ထောင်မင်းတို့သည် အာလမ္ဗန ဝိဘာ၀၊ ထိုမင်းတို့က ပဘာ၀တီ ခမည်းတော်၏ နိုင်ငံသို့ ကျူးကျော်ခြင်း , ပဘာ၀တီကို ပေးရမည် - ဟု တောင်းဆိုခြင်းတို့သည် ဥဒ္ဒီပနဝိဘာ၀၊ ဤဝိဘာ၀တို့ကို ဂါထာတခုလုံးဖြင့် မှန်းဆ၍သိအပ်ကုန်၏၊ " သင်္ဂါမံ ဩတရိတွာန " ပါဌ်ဖြင့် စစ်တိုက်ဘို့ရန် လုလ္လထုတ်ခြင်း ဟူသော ဥဿာဟဋ္ဌာယီဘာ၀ကိုပြ၏၊ "ဟတ္ထိခန္ဓ အာရုယှ, အာရောပေတွာ ပဘာ၀တိံ " ပါဌ်တို့ဖြင့် စိတ်ဓာတ် တည်ကြည်ခြင်း ဓိတိ, စစ်တိုက် မည် ဟု ဆုံးဖြတ်ခြင်း မတိ ဟူသော ဗျဘိစာရီဘာ၀ တို့ကို ပြ၏၊ "သီဟနာဒံ နဒိ " ပါဌ်ဖြင့် အနုဘာ၀ကိုပြ၏၊ ဤသို့လျှင် ဝိဘာ၀ အနုဘာ၀တို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟ ဋ္ဌာယီဘာ၀သည်

www.dhammaransi.com



ရဏာဝီရ ရသဖြစ်၏၊ တနည်း - ဤအဖွဲ့ဗန္ဓကို ကြည့်ရှုနားထောင်ရသူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော အရသာသည် မုချဝီရရသဖြစ်၏၊ ထိုရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓသည်ရင်း, ဖလူပစာရအားဖြင့် ဝီရရသဖြစ်၏။

အမှာ ။ ။ ရဏာဝီရ၌ သတ္တုရဏာဝီရ, ကိလေသရဏာဝီရ ဟု ဝီရရသ ၂ မျိုးခွဲကြ၏၊ ဤပြခဲ့သော ပုံစံသည် သတ္တုကို စစ်တိုက်ပုံပြသော သတ္တုရဏာဝီရ ပုံစံတည်း၊ ကိလေသာကို စစ်တိုက်ရာ၌ ရဲရင့်မှုလည်း ကိလေသရဏာဝီရ မည်၏- ဟု ဆိုကြသေး၏။

**ဒါနဝီရ ရသပုံစံ**

ကေ တေ ယာစမာနဿ, ဥဘယာနိ ဒဒါမ·ဟံ၊
သစက္ခုမာ တုဝံ ဂစ္ဆ, မဟာဇနဿ ပေက္ခတော။

အဟံ - ငါ သိဝိမင်းသည်၊ ကေ-တဖက်သော မျက်လုံးကို၊ ယာစမာနဿ-တောင်းသော၊ တေ- သင်ပုဏ္ဏားအား၊ ဥဘယာနိ- ၂ ဖက်သော မျက်လုံးတို့ကို၊ ဒဒါမိ - ပေးအံ့၊ မဟာဇနဿ - များစွာသော လူအပေါင်းသည်၊ ပေက္ခတော- ကြည့်နေစဉ်၊ သစက္ခုမာ- မျက်စိနှင့် ပြည့်စုံသည်၊ ဟုတွာ-၍၊ တုဝံ-သင်သည်၊ ဂစ္ဆ-သွားပါလော့။ [ သိဝိဇာတ်လာ ဂါထာများကို ချုံးထားသည်။ ]

ဤဂါထာ၌ မျက်စိကို အလှူခံလာသော ပုဏ္ဏားသည် အာလမ္ဗနဝိဘာဝ၊ ပုဏ္ဏား၏မျက်စိမမြင်ပုံ အခြင်းအရာသည် သိဝိမင်း၏ အလှန်ပေးကမ်း လှူဒါန်းလိုသော သဒ္ဓါတရားကို ထကြွစေနိုင်သော ကြောင့် ဥဒ္ဒီပနဝိဘာဝ၊ "ကေ တေ ယာစမာနဿ, ဥဘယာနိ ဒဒါမဟံ" ပါဌ်တို့ဖြင့် ဥဿာဟဌာယီဘာဝကိုရင်း, ခိုင်မြဲတည်ကြည်ခြင်း မိတိ, လှူမည်ဟု ဆုံးဖြတ်ခြင်း မတိဟူသော ဗျာဘိစာရီဘာဝတို့ကိုရင်း ပြ၏၊ ဤဂါထာကို နှုတ်ဖြင့်ရွတ်ဆိုခြင်းကား အနုဘာဝတည်း၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့်တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝသည် ဒါနဝီရရသဖြစ်၏၊ ဤဂါထာကို ကြည့်ရှု နားထောင်ရသူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော အရသာသည် မုချ ဝီရရသဖြစ်၏၊ ထို ရသကို အကြောင်းပြု၍ အဖွဲ့ဗန္ဓလည်း ဖလူပစာရအားဖြင့် ဝီရရသ ဖြစ်၏။

www.dhammaransi.com



**ဒယာဝီရရသ ပုံစံ**

ကုလာဝကာ သိမ္ဗလိမှိ, ဤသာ ဝဇ္ဇယ မာတလိ၊
စဇ္ဇပိ အသုရေ ပါဏံ, မာယုံ ဝိကုလာဝါ ဒိဇာ။

မာတလိ-မာတလိ၊ အသုရေ-အသုရာအပေါင်း၌၊ ပါဏံ-အသက်ကို၊စဇ္ဇပိ-စွန့်ရသော်လည်း၊သိမ္ဗလိမှိ-လက်ပန်တော၌၊ကုလာဝကာ-ဂဠုန်ငှက်သိုက် အပေါင်းမှ၊ ဤသာ ( ဤသာမှခေန )- ရထား၏လှည်းသန်ဦးဖြင့်၊ ဝဇ္ဇယ - မတိုက်မိအောင် ကွင်းရှောင် ပါလော၊ ဒိဇာ- ဂဠုန်ငှက်တို့သည်၊ ဝိကုလာဝါ-အသိုက် မရှိကုန်သည်၊ မာယုံ (မာ+အဟုံ)-မဖြစ်ပါစေကုန်လင့်။ [ကုလာဝကဇာတ်လာ ဥပဇာတိဂါထာကို ဝတ္တဂါထာ ပြင်ထားသည်။]

ဤဂါထာသည် သကြားနှင့်အသုရာတို့စစ်ဖြစ်ရာဝယ် သကြားရှုံး၍ဝေဇယန္တာရထားဖြင့်တာဝတိံသာသို့တက်ပြေးသောအခါ လက်ပန်တောသို့ ရောက်လျှင် ရထားဖြင့် အသိုက်ကို တိုက်မိ၍ ဂဠုန်ငှက်ကလေးတွေ ကြောံအားလန့်အားနှင့် အော်ရာကြသံကို သကြားမင်းကြားသဖြင့် အလွန်သနားသော ဒယာဖြစ်ပုံကိုပြသောဂါထာတည်း။

ဤဂါထာ၌ ဂဠုန်ငှက်ကလေးများသည် အာလမ္ဗန ဝိဘာဝ, ငှက်ကလေးများ၏ ကြောက်လန့်၍ အော်သံသည် ဥဒ္ဒီပနဝိဘာဝ၊ ထိုဝိဘာဝတို့ကို ဂါထာတခုလုံးဖြင့် မှန်းဆ၍သိအပ်ကုန်၏၊နောက်မှလိုက်လာသော အသုရာများမှီ၍ အသက်ကို စွန့်ရစေကာမူ ရထားလှည်းသန်ဦးဖြင့် မတိုက်ရအောင် ငှက်သိုက်မှရှောင်၍မောင်းပါ-ဟု သကြားမင်း၏ သနားခြင်းကြောင့် မာတလိကို ဗျာပါရကြီးစွာဖြင့် အမိန့်ပေးခြင်းသည် ဥဿာဟဌာယီဘာဝတည်း၊ စိတ်၏ မကြောံမရွံ့တည်ကြည်ခြင်း ဓိတိ, အသေခံ့ရန် ဆုံးဖြတ်ခြင်းမတိ-စသော ဗျဘိစာရီဘာဝကိုငှင်း , ဤဂါထာဖြင့် ပြောဆိုရာဝယ် သနားသံ ပါနေသော (ဖေါက်ပြန်သောအသံဟူသော) ဝိဿရတာ သတ္တိကဘာဝကိုငှင်း ဂါထာတခုလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ ငှက်ငယ်တို့ကို စောင့်ရှောက်ခြင်း ဒယာသည်ငှင်း,ဤဂါထာကို ပြောဆိုခြင်း ဝစီဗျာပါရသည်ငှင်း အနုဘာဝတို့တည်း၊ ထိုဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သနားခြင်း၌ ရဲရင့်ပုံသည် ဒယာဝီရရသဖြစ်၏။

www.dhammaransi.com



### ဓမ္မဝီရရသ ပုံစံ

ကိဉ္စိ မေ ပဟိတတ္တဿ, လောဟိတံ နုပသုဿယေ၊
လောဟိတေ သုဿမာနမှိ, ပိတ္တံ သေမှဉ္စ သုဿတိ၊
မံသေသု ခီယမာနေသု, ဘိယျော စိတ္တံ ပသီဒတိ။

ပဟိတတ္တဿ-နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိသော၊ မေ-ငါ၏၊ ကိဉ္စိ-တစုံတခုသော၊ လောဟိတံ-သွေးသည်၊ ဥပသုဿယေ-ခြောက်ရာ၏၊ [ န-အာဂုံ။] လောဟိတေ-သွေးသည်၊ သုဿမာနမှိ- ခြောက်လသော်၊ ပိတ္တံ-သည်းခြေသည်ငှင်း၊ သေမှဉ္စ-သလိပ်သည်ငှင်း၊သုဿတိ-ခြောက်၏၊ မံသေသု-အသားတို့သည်၊ ခီယမာနေသု-ကုန်ခန်း ကုန်လသော်၊ ဘိယျော-လွန်စွာ၊ စိတ္တံ-စိတ်သည်၊ ပသီဒတိ-ကြည်လင်၏။

ဤဂါထာ၌နိဗ္ဗာန်သည်ငှင်း,ကမ္မဋ္ဌာန်းအာရုံသည်ငှင်း,အာလမ္ဗနဝိဘာဝ၊ စိမ်းစိုသော တော တောင် ချောင်ကမ္ဘားယံ ကျောင်းသင်္ခမ်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ အားထုတ်ခြင်းသည် ဥဿာဟဌာယီဘာဝ၊ သွေးသားစသည်တို့ ခြောက်သွေ့ခြင်းသည် အနုဘာဝ၊ စိတ်ကြည်လင်ခြင်းသည် ဟရိသ ဗျဘိစာရီဘာဝ၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝသည် ဓမ္မဝီရရသဖြစ်၏။

### ဝီရ ၄ မျိုးလုံး ပုံစံ

အဇိတွာ သဏ္ဏာဝံ ဥဗ္ဗိံ, အယဇ္ဇ ဝိဝိဓေ မခေ၊
အဒတွာ စတ္ထ-မတ္ထိနော, ဘဝေယျံ ပတ္ထိဝေါ ကထံ။

သဏ္ဏာဝံ ( သ + အဏ္ဏဝံ )– သမုဒ္ဒရာနှင့် တကွဖြစ်သော၊ ဥဗ္ဗိံ– မြေကို၊ အဇိတွာ– မအောင်မြင်မူ၍၊ ဝိဝိဓေ – အထူးထူးအပြားပြား များကုန်သော၊ မခေ-ယဇ်ပူဇော်ခြင်းတို့ဖြင့်၊ ဝါ-တရားကျင့်ခြင်းတို့ဖြင့်၊ အယဇ္ဇ- မပူဇော်မူ၍၊ ဝါ–မကျင့်မူ၍၊ အတ္ထံ– စီးပွားကို၊ အတ္ထိနော – အလိုရှိသူအား၊ အဒတွာ– မပေးမူ၍၊ ပတ္ထိဝေါ–မင်းသည်၊ ကထံ ဘဝေယျံ–အဘယ်မှာဖြစ်ရာအံ့နည်း။

ဤဂါထာ၌“အဇိတွာ သဏ္ဏာဝံ ဥဗ္ဗိံ”ဖြင့် ယုဒ္ဓဝီရကိုပြ၏၊“အယဇ္ဇ ဝိဝိဓေ မခေ ”ဖြင့် ဓမ္မဝီရကို ပြ၏၊ “ အဒတွာ စတ္ထ မတ္ထိနော ”ဖြင့် သူတောင်းစားတို့ကို သနားလှန်းခြင်း ဒယာဝီရ, ပေးလှူခြင်း ဒါနဝီရတို့ကို ပြ၏၊ ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ကို ရှေးနည်းမှီး၍ကောက်ပါ။

www.dhammaransi.com



**ဘယဋ္ဌာယီဘာဝ, ဘယာနကရသ**

၃၆၄။ ဝိကာရိဿန သတ္တာဒိ-ဘယုက္ကံ့သော ဘယာနကော၊
သောဒါဒယော နုဘာဝေတ္တ, တာသာဒိ ဗျဘိစာရိနော။

၃၆၄။ ဝိကာရိဿနသတ္တာဒိ ဘယုက္ကံသော-ပင်ကိုယ်သဘော မှ ထူးခြားခြင်း ရှိသော အသံ , ထူးခြားခြင်း ရှိသော သတ္တ္ဝာ အစ ရှိသော ဝိဘာဝတို့ကြောင့် ဖြစ်သော ကြောက်ခြင်း၏ လွန်ကဲခြင်း သည်၊ ဘယာနကော-ဘယာနက ရသမည်၏၊ ဧတ္ထ- ဤဘယာနက ရသ၌၊ သောဒါဒယော-ချွေးအစရှိသည်တို့သည်၊ အနုဘာဝါ-အနု ဘာဝတို့တည်း၊ တာသာဒိ - ထိတ်လန့်ခြင်း အစရှိသည် တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရိဘာဝတို့တည်း။

× × × × × × ×

၃၆၄။ ဝိကာရိ၊ပေ၊ဘယုက္ကံသော ။ ။ ဝိကာရော ဧတေသံ အတ္ထီတိ ဝိကာရိနော၊ ဝိကာရိနော စ+တေ+သနသတ္တာ စာတိ ဝိကာ ရိဿနသတ္တာ၊[သက္ကတ၌“သွန”ဟု “အသံ” အနက်ဟော ပုဒ်ရှိ၏၊ ပါဠိ၌ ဝပျောက်၍ ဒွေဘော်ရေခံသည်။] အာဒိဖြင့် တိတ်ဆိတ်သော တောကြီးသို့ ရောက်ခြင်း, သတ်ပုတ် ချုပ်နှောင်သည်ကို မြင်ရခြင်း, မိန်းမတို့အတွက် မြေခွေးမြည်သံ, ခင်ပုတ်ငှက်သံ ကြားရခြင်းများကို ယူ၍, မြင့်မြတ်သောဥတ္တမပုဂ္ဂိုလ်တို့အတွက် အလေးဂရုပြုအပ်သော ဥပဇ္ဈာယ် ဆရာကြီးများကိုလည်း ဋီကာ၌ ဝိဘာဝအဖြစ်ဖြင့် ယူ၏။ [ဧတ္တိနိစပကတိကာနံ ဘယဟေတုဝိကာရိဿနသတ္တာဒိ၊ ဥတ္တမာနံ ဂုရုအာဒိ၊]ဝိကာရိဿနသတ္တာ+အာဒိ ယေသံ(သုညာရည ဒိနံ)တိ ဝိကာရိဿနသတ္တာဒယော။]

ဤပါဠ်ဖြင့် ဝိဘာဝကို ပြ၏၊ မိုးကြိုးသံ , ဘီလူးစသော သတ္တ္ဝာ, ဆိတ်ငြိမ်သော တောကြီးစသည်တို့သည် အာလမ္ဗနဝိဘာဝ၊ အသံ၏ ပြင်းထန်ပုံ ဆင့်ကာဆင့်ကာ ထစ်ချုန်းပုံသည်ငှင်း, ဘီလူး၏ မျက်လုံး ပြူးပြူး သွားဖြဲဖြဲစသော အမူအရာသည်ငှင်း ဥဒ္ဒီပန ဝိဘာဝ ဟု ခွဲပါ။ ဝိကာရိဿန သတ္တာဒိဟိ+ဇာတံ+ဘယံ ဝိကာရိ၊ပေ၊ဒိဘယံ။[ဇာတ အလယ်ပုဒ်ကြေ။] တဿ+ဥက္ကံသော ဝိကာရိ၊ပေ ဘယုက္ကံသော၊ ထို ဘယလည်း သာဘာဝိကဘယ, ကိတ္တိမဘယ ဟု ၂ မျိုးရှိ၏၊ ထိုတွင် ပင်ကိုယ်ကြောက်စရာကောင်းသော အကြောင်းတို့ကြောင့်ဖြစ်သော

www.dhammaransi.com



ကြောက်ခြင်းသည် သာဘာဝိကဘယမည်၏၊ တမင်ကြောက်အောင် ချောက်မှုကိုပြုခြင်းကြောင့်ဖြစ်သော ကြောက်ခြင်းသည် ကိတ္တိမဘယ မည်၏။

သေဒါဒယော နုဘာဝါ။ ။ကြောက်လျှင် ချွေးထွက်လာတတ်၏၊ အဆင်းပျက်ခြင်း ဝေဝဏ္ဏ,ကွဲအက်သော အသံဖြင့် ပြောဆိုခြင်း ဂဂ္ဂဒဿရဘာသဏလည်းဖြစ်တတ်၏၊ ကြောက်လျှင် ဘာမျှမလှုပ်ဘဲ ကုပ်၍ နေခြင်းဟူသော ပလယ, ကြက်သီးထခြင်း ရောမဉ္စ, ကိုယ် တုန်လှုပ်ခြင်း ကမ္ပ, ထို၍ အရပ်ကို(အားကိုးရာ ရှာသောအားဖြင့်) ကြည့်ခြင်း ဒိသိက္ခန (ဒိသာ + ဧက္ခန) တို့လည်း ဖြစ်တတ်၏၊ ထို အားလုံးကို သေဒါဒိ၌ အာဒိဖြင့်ယူပါ။

အနုဘာဝေါ·တြ ဝေဝဏ္ဏ - ဂဂ္ဂဒဿရဘာသဏံ၊
ပလယ သေဒ ရောမဉ္စ-ကမ္ပဒိသိက္ခနာဒယော။

တာသာဒိ ဗျဘိစာရိနော။ ။အာဒိဖြင့် ကြံစရာကောင်းသော အသံ - သတ္တာတို့ကိုရှင်း, ရှုံ့မှုန်းခြင်း ဇိဂုစ္ဆာ, ပျာပျာသလဲဖြစ်ခြင်း အာဝေဂ, တွေဝေခြင်း ဘာမျှမလုပ်တတ်ခြင်း သမ္မောဟ, [တာသ- ဟု ခေါ်သော သန္တာသကား မူရင်းပုဒ်တည်း။ ] တချို့မှာဖြစ်တတ် သော ကိုယ်လက်နွမ်းနယ်ခြင်း ဂ္လါနိ,စိတ်ဆင်းရဲခြင်းဒီနတာ,ယုံမှား ခြင်း သင်္ကာ, ရူးခြင်း အပသ္မာရ, စိတ်မတည်ခြင်း သမ္ဘန္တိ(သမ္ဘမ), သေ[ ]င်း မစ္စု, စသည်တို့ကိုယူ။

ဇိဂုစ္ဆာဝေဂ သမ္မောဟ, သန္တာသ ဂ္လါနိ ဒီနတာ၊
သင်္ကာ·ပသ္မာရ သမ္ဘန္တိ, မစ္စုဒိ ဗျဘိစာရိနော။

ဘယာနကရသ ပုံစံ

တဿ တံ နဒ တာ သုတွာ, သီဟဿေ·ဝိတရေ မိဂါ၊
ခတ္တိယာ ဝိပ္ပလာယိံသု, ကုသသဒ္ဒဘယန္နိတာ။

သီဟဿ-ခြင်္သေ့၏၊(သဒ္ဒံ-ဟောက်သံကို၊ သုတွာ-ကြားရ၍၊)ဣတရေ မိဂါ-အခြားသောသားကောင်တို့သည်၊(ပလာယန္တိ ဣဝ-ထွက်ပြေး ကြကုန်သကဲ့သို့၊ တထာ - ထို့အတူ၊ ) နဒတော- "ငါဟ ကုသတဲ့" ဟု ကြုံးဝါးသော၊ တဿ - ထို ကုသမင်း၏၊ တံ - ထို ကြုံးဝါးသံကို၊ သုတွာ- ကြားရ၍၊ ကုသသဒ္ဒ ဘယန္နိတာ - ကုသမင်း၏ အသံကြောင့်

www.dhammaransi.com



ကြောက်ခြင်းသည် နှိပ်စက်အပ်ကုန်သော၊ခတ္တိယာ-ခုနစ်ပြည်ထောင်မင်းတို့သည်၊ဝိပ္ပလာယိံသု-ပြေးကြကုန်ပြီ။[သတ္တတိနိပါတ်-ကုသဇာတ်။]

ဤပြယုဂ်၌-ကုသမင်းသည် အာလမ္ဗနဝိဘာဝ၊နား၏အနီး၌ ကပ်၍ ငေါက်လိုက် သကဲ့သို့ " ငါဟ ကုသတဲ့ " ဟူသော ကြုံးဝါးသံသည် ဥဒ္ဒီပနဝိဘာဝ၊ ခုနစ်ပြည်ထောင်မင်း တို့၏ ကြောက်လန့်ခြင်းသည် ဘယဋ္ဌာယီဘာဝ၊ဇောချွေးထွက်ခြင်း,ဆတ်ဆတ်တုန်ခြင်း,မျက်စိပြာခြင်း, တွေဝေခြင်းစသည်တို့သည် ဗျဘိစာရီဘာဝ၊ ထွက်ပြေးကြခြင်းသည် အနုဘာဝတည်း၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့်တိုးပွားစေအပ်သော ဘယဋ္ဌာယီဘာဝသည် ဘယာနက ရသဖြစ်၏။

သီဟောစ သီဟနာဒေန, ဒဒ္ဒရံ အဘိနာဒယိ၊
သုတွာ သီဟဿ နိဃောသံ, သိင်္ဂါလော ဒဒ္ဒရေ ဝသံ၊
ဘီတော သန္တာသမာပါဒိ, ဟဒယဉ္စဿ အဖလိ။

သီဟောစ-ခြင်္သေ့သည်လည်း၊ သီဟနာဒေန-ခြင်္သေ့တို့၏ ဟောက်သံဖြင့်၊ ဒဒ္ဒရံ-ငွေတောင်ကို၊ အဘိနာဒယိ-ပဲ့တင်ထပ်စေပြီ၊သီဟဿ-ခြင်္သေ့၏၊ နိဃောသံ-ဟောက်သံကို၊ သုတွာ-ကြားရ၍၊ ဒဒ္ဒရေ-ငွေတောင် (ဖလ်ဂူအတွင်း)၌၊ ဝသံ (ဝသန္တော) -နေသော၊ သိင်္ဂါလော-မြေခွေးသည်၊ ဘီတော- ကြောက်သည်၊ (ဟုတွာ-၍၊) သန္တာသံ-ထိတ်လန့်ခြင်းသို့၊ အာပါဒိ-ရောက်ပြီ၊ အဿ- ထိုမြေခွေး၏၊ ဟဒယဉ္စ-ရင်သည်လည်း၊ အဖလိ-ကွဲပြီ။

မြေခွေးသည် ခြင်္သေ့မရှိခိုက်၌ ခြင်္သေ့၏နှစ်မကိုလူပျိုစကားသွား၍ ပြော၏၊ ခြင်္သေ့မကလေးသည် ရှက်လှ၍ မောင်တော် ခြင်္သေ့အား တိုင်၏၊ခြင်္သေ့သည် ဒေါသထွက်၍ မြေခွေးပုန်းနေရာဖလ်ဂူကို အပြင်က နေ၍ ဟောက်လေသည်၊ ဤပြယုဂ်၌-ခြင်္သေ့သည် အာလမ္ဗနဝိဘာဝ၊ တောင်သံဟိန်းသွားအောင် ဟောက်လိုက်သော ခြင်္သေ့၏အသံသည် ဥဒ္ဒီပနဝိဘာဝ၊ မြေခွေး၏ ကြောက်ခြင်းသည် ဘယဋ္ဌာယီဘာဝ၊ ထိတ်လန့်ခြင်းတာသ , ပျာနေခြင်း အာဝေဂတို့သည် ဗျဘိစာရီဘာဝတို့တည်း၊ နှလုံးကွဲခြင်းသည် အနုဘာဝ၊ ဤ ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သောဘယဋ္ဌာယီဘာဝသည် ဘယာနကရသဖြစ်၏။

www.dhammaransi.com



ဇိဂုစ္ဆာဝှာယီဘာဝ , ဗိဘစ္ဆရသ

၃၆၅။ ဇိဂုစ္ဆာ ရုဓိရာဒီဟိ, ပူတျာဒီဟိ ဝိရာဂတော၊
ဗိဘစ္ဆော ခေါဘနုဗ္ဗေဂီ, ကမေန ကရုဏာယုတော၊
နာသာဝိကုနနာဒီဟိ,သင်္ကာဒီဟိဿ ပေါသနံ။

၃၆၅။ ရုဓိရာဒီဟိ - သွေးအစရှိသည့်တို့ကြောင့်၎င်း၊ ပူတျာဒီဟိ-အပုပ်နံ့ အစရှိသည့်တို့ကြောင့်၎င်း၊ ဝိရာဂတော - မတပ်မက်ခြင်းကြောင့်၎င်း၊ (ဥပ္ပဇ္ဇမာနာ-ဖြစ်သော၊)ဇိဂုစ္ဆာ-စက်ဆုပ် ရွံ့ရှာခြင်း ဇိဂုစ္ဆာဝှာယီဘာဝသည်၊ ကမေန - အစဉ်အားဖြင့်၊ ခေါဘနော-ချောက်ချားတတ်သည်လည်း ဖြစ်သော၊ ဥဗ္ဗေဂီ - ထိတ်လန့်ခြင်း

× × × × × + ×

၃၆၅။ ဇိဂုစ္ဆာ၊ပေ၊ဝိရာဂတော ॥ ॥ စက်ဆုပ်ခြင်း , ရွံ့ခြင်း, မုန်းခြင်းကို ဇိဂုစ္ဆာဟု ခေါ်၏၊ တရားကိုယ်မှာ ဒေါသ - ဒေါမနဿတည်း။ [ရုပ်နာမ်ဓမ္မအပေါ်၌ ဉာဏ်ပညာဖြင့် စက်ဆုပ်မှုလည်း ရှိပါသေး၏၊သို့သော် ထိုစက်ဆုပ်မှုကား ဗိဘစ္ဆရသပါရှိသော စက်ဆုပ်မှုမဟုတ်။]စက်ဆုပ်ခြင်း၏ အကြောင်း ဝိဘာဝကို ရုဓိရာဒိ,ပူတိအာဒိ, ဝိရာဂဟု ၃မျိုးပြသည်၊ ထိုတွင် ရုဓိရာဒိ၌ အန္တဂုဏ(အူသိမ်)စသည်ကို၎င်း, ပူတျာဒိ၌ အာဒိဖြင့် ကိမိ (ပိုးလောက် ) အစရှိသည်ကို၎င်း ဋီကာပြ၏၊ ဒပ္ပဏ၌ကား-ဤသို့ ၃ မျိုးမခွဲဘဲ "မကောင်းသောအနံ့ရှိသော အသား အသွေး အဆီတို့ကို အာလမ္ဗနဝိဘာဝ၊ ထိုအသားစသည်၌ ပိုးလောက်ကျခြင်း စသည်ကို ဥဒ္ဒီပနဝိဘာဝဟု ခွဲ၏။

ဒုဂ္ဂန္ဓ မံသ ရုဓိရ- မေဒါ အာလမ္ဗနံ မတံ၊
တတြေဝ ကိမိပါတာဒီ,ဥဒ္ဒီပန-မုဒါဟဋံ။

ဗိဘစ္ဆော၊ပေ၊ ကရုဏာယုတော။ ॥ခုတခေတ်သည် သဠုလန ( ပြင်းစွာ လှုပ်ရှားခြင်း ) အနက်ကိုဟော၏၊ ကိုယ်စိတ်တို့၏ မငြိမ်မသက် တုန်လှုပ်ချောက်ချားခြင်းကို "ခေါဘ" ဟု ခေါ်သည်၊ ခေါဘတီတိ ခေါဘနော၊ဥဗ္ဗေဂေါ(ပြင်စွာထိတ်လန့်ခြင်း)ယဿာတိ ဥဗ္ဗေဂီ၊ ကရုဏာသည် ( ဤနေရာ၌ ) သောက သဘောရှိ၏၊ ကရုဏာ-ယ+အာယုတော ကရုဏာယုတော၊ [ကရုဏာယုတော- သောကရူပေန သဟိတော စ၊— ( ဋီကာ )။ ] "ကမေန" ဟု ဆိုသောကြောင့် ရုဓိရ

www.dhammaransi.com



**ရှိသည်လည်းဖြစ်သော၊ ကရုဏာယုတော- ကရုဏာနှင့် ယှဉ်သည် လည်းဖြစ်သော၊ မိဘစ္ဆော - မိဘစ္ဆရသသည်၊ ဟောတိ - ဖြစ်၏၊ နာသာဝိကုနနာဒီဟိ- နှာခေါင်းရှုံ့ခြင်း အစရှိသော အနုဘာဝတို့ ဖြင့်၎င်း၊ သက်ာဒီဟိ - ယုံမှားခြင်း အစရှိသော ဗျဘိစာရီဘာဝတို့ ဖြင့်၎င်း၊ အဿ - ထို မိဘစ္ဆရသ၏၊ ပေါသနံ - တိုးပွားခြင်းသည်၊ ဟောတိ-ဖြစ်၏။**

× × × × × × ×

စသည်ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ခေါ**ဘ**နမိဘစ္ဆရသဖြစ်၏၊ပူတိ**စ**သည် ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ဥဗ္ဗေဂီ မိဘစ္ဆရသ ဖြစ်၏၊ ဝိရာဂကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ကရုဏာယုတ မိဘစ္ဆရသဖြစ်၏ဟု အစဉ်အတိုင်း တွဲစပ်ပါ။

**နာသာ ဝိကုနနာဒီဟိ**။ ။[နာသာယ-၏+ဝိကုနနံ-တွန့်ရှုံ့ခြင်း။] စက်ဆုပ်ဘွယ်ကို မြင်ရ, ကြားရ , မိမိက သူတပါးအား ပြောပြသော အခါ နှာခေါင်းရှုံ့တတ်ကြ၏၊ ထို နှာခေါင်းရှုံ့မှုသည် အကျိုး အနု ဘာဝတည်း၊ အာဒိဖြင့် စက်ဆုပ်ဘွယ်ကို မြင်ရသောအခါ မျက်စိကို ပိတ်ခြင်း မုခစ္ဆာဒန , ကြားရသောအခါ နားကိုပိတ်ခြင်း ကဏ္ဏပိဒ **ဟ**န, နံရသောအခါ နှာခေါင်းကိုပိတ်ခြင်း ဃာနပိဒဟနတို့ကို ယူသင့် ၏၊ ဒပ္ပဏာ၌ တံထွေး ထွေးခြင်းကိုလည်း ယူ၏၊ ရွံစရာတွေ့၍ ရွံသော တံထွေးထွေးမှု အနုဘာဝလည်းဖြစ်တတ်၏၊ ရတနကောသ၌ မျက်နှာ ကို နောက်၌ထားခြင်း**,** မျက်နှာလွှဲခြင်း(ပစ္ဆာနန), ခြေ လက်မောင်း တို့ကို မထင်ရှားအောင် နေ၍ဆုပ်ခြင်း အဗျတ္တ ပါဒဗာဟုတို့ကိုလည်း ယူသည်။

**သက်ာဒီဟိ**။ ။အနံ့တခုခုကို ရသောအခါ " ဘာအနံ့ပါလိမ့်" စသည်ဖြင့်(ယုံမှားသက်ာ)ဖြစ်တတ်၏၊ အာဒိဖြင့် ဒပ္ပဏာ၌လာသော မောဟ ( ဘာမှန်းမသိ၍ တွေဝေမှု ) , အပသ္မာရ ( ထိုအနံ့ စသည် ကြောင့်)ကယောင်ချောက်ချားနှင့်ရူးနှမ်းမှု, အာဝေဂ(ထိုအနံ့စသည်မှ ရှောင်တိမ်းရာဝယ် ပျာပျာသလဲဖြစ်မှု ) , ဗျာဓိမရဏ ( မကောင်းနံ့ စသည် **နံ၍** မကျန်းမာမှု , သေမှု ) တို့ကို ယူပါ။ [ မောဟာ•ပသ္မာရ အာဝေဂ, ဗျာချာဒီ ဗျဘိစာရိနော။]

www.dhammaransi.com



## ရူမိရကြောင့် ဇာတိရသာပုံစံ

ပါယံ ပါယံ တဝါရိနံ, သောဏိတံ ပါဏိသမ္ပုဋိုက်၊
ကောဏာပါ သဟ နစ္စန္တိ, ကဗန္ဓေ·ဟျန္တ ဘူသဏာ။

ကောဏာပါ-ရက္ခိုသ်တို့သည်၊ တဝါရိနံ ( တဝ+ အရိနံ)-အရှင့်ရန်သူတို့၏၊ သောဏိတံ- သွေးကို၊ ပါဏိသမ္ပုဋိုက်-လက်ခုပ်တို့ဖြင့်၊ ပါယံ ပါယံ - သောက်လျက် သောက်လျက်၊ ကဗန္ဓေဟိ - ဦးခေါင်းမရှိသော ကဗန္ဓိုပြိတ္တာတို့နှင့်၊ သဟ - အတူတကွ၊ ဝါ - တွဲ၍၊ အန္တဘူသဏာ - အူတည်းဟူသော တန်ဆာရှိကုန်သည်၊ ဝါ - အူတွေကို တန်ဆာဆင်ကုန်သည်၊(ဟုတ္ဘာ-၍၊)နစ္စန္တိ-ကကြကုန်၏။

ဤပြယုဂ်၌ သွေး-အူတို့သည် အာလမ္ဗဏဝိဘာဝ၊ လက်ခုပ်တို့ဖြင့် ယူ၍ ယူ၍ သောက်ခြင်း , ဦးခေါင်းမပါ ခန္ဓာကိုယ်ကြီးသာ ရှိသော ကဗန္ဓိုပြိတ္တာတို့နှင့် တွဲ၍ ကခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာ ဌာယီဘာဝ၊ နှာခေါင်းရှုံ့ခြင်းစသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သောဇိဂုစ္ဆာဌာယီဘာဝသည် စိတ်၏တုန်လှုပ်ချောက်ချားသော ဥဗ္ဗေဂိဓိဘစ္ဆရသဖြစ်၏။

## ပူတိကြောင့် ဇိဂုစ္ဆာပုံစံ

အသုစိ ပူတိလောမော·သိ, ဒုဂ္ဂန္ဓော ဝါယိ သူကရ၊
သစေ ယုဇ္ဈိတုကာမော·သိ, ဇယံ သမ္မ ဒဒါမိ တေ။

သူကရ-အိုဝက်၊ (တွံ-သင်သည်၊)အသုစိ-မစင်ကြယ်သည်၊ ပူတိလောမော-ပုပ်သောအမွေးရှိသည်၊ အသိ-ဖြစ်၏၊ ဒုဂ္ဂန္ဓော-မကောင်းသော အနံ့သည်၊ ဝါယိ- လှိုင်၏၊ သမ္မ - မိတ်ဆွေ၊ ယုဇ္ဈိတုကာမော-စစ်ထိုးလိုသည်၊ သစေ အသိ- အကယ်၍ ဖြစ်အံ့၊ ( ဧဝံသတိ - ဤသို့ဖြစ်လသော်၊)တေ-သင်အား၊ ဇယံ-အနိုင်ကို၊ ဒဒါမိ-ပေးပါ၏။[ဒုကနိပါတ် - သူကရဇာတ်။] ဝက်က ခြင်္သေ့ကို စစ်တိုက်မည်ဟု ရက်ချိန်းပေးပြီးလျှင် ရသေ့များစွန့်ထားသော မစင်ဗွက်ထည်း၌ တကိုယ်လုံးနှစ်၍ မစင်အနံ့ထုံပြီးမှ ချိန်းချက်ရာသို့သွားသောအခါ ခြင်္သေ့က မစင်နံ့ကိုဖင်း မစင်လူးသော ကိုယ်ကိုဖင်း စက်ဆုပ်၍ ဝက်အား အနိုင်ပေးသော ဂါထာတည်း။

www.dhammaransi.com



ဤပြယုဂ်၌ - မစင်လူးထားသော ဝက်သည် အာလမ္ဗန ဝိဘာဝ၊ ပုပ်ဟောင်သော အနံ့သည် ဥဒ္ဒီပနဝိဘာဝ၊ ခြင်္သေ့၏ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာ၁ဌာယီဘာဝ၊ သူနှင့် အဖက်မဟုတ် ဟု ထင်ခြင်း (ဂဗ္ဗ)သည် ဗျဘိစာရီဘာဝ၊ နှာခေါင်းရှုံ့ခြင်း,ဝက်အားအနိုင်ပေး ခြင်းသည် အနုဘာဝ၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွား စေအပ်သော ဇိဂုစ္ဆာ ဌာယီဘာဝသည် မစင်နံ့မှ ထိတ်လန့်ခြင်း သဘောရှိသော ဥဗ္ဗေဂိဗီဘစ္ဆရသ ဖြစ်၏။ [ မိမိ၏မယားကို နဂိုရ်ချစ် နေရာမှ အကြောင်းတစုံတရာကြောင့်မချစ်သောအခါ မုန်းခြင်းဝိရာဂ ကြောင့် ဇိဂုစ္ဆာ၁ဌာယီဘာဝ ဖြစ်ရ၍ ကရုဏာသဘော မကင်းသော (ကရုဏာယုတ) ဗီဘစ္ဆရသ ဖြစ်နိုင်ပုံကိုလည်း သိပါလေ။]

တတော မံ အာသိ သံဝေဂေါ, အဗ္ဘုတော လောမဟံသနော၊
ဓိရတ္ထု ရူပံ အသုစိ, ရမန္တေ ယတ္ထ ဗာလိယာ။

တတော-ထိုမှနောက်၌၊ ယတ္ထ-အကြင်ရုပ်၌၊ ဗာလိယာ-အမိုက်မ တို့သည်၊ ရမန္တေ-မွေ့လျော်ကြကုန်၏၊(တံ)ရူပံ-ထိုရုပ်သည်၊ အသုစိ- မစင်ကြယ်ပါတကား၊ ဓိရတ္ထု-ရွံဘွယ်အစစ် ဖြစ်ပါတကား၊ ( ဣတိ- ဤသို့၊)မံ-ငါ၏၊ အဗ္ဘုတော-မဖြစ်စဘူး ထူးဆန်းသော၊သံဝေဂေါ- ထိတ်လန့်ကြောင်း ဉာဏ်သည်၎င်း၊ လောမဟံသနော - ကြက်သီးထ ခြင်းသည်၎င်း၊ အာသိ-ဖြစ်ပြီ။

ဤဂါထာ၌"ရုပ်သည် အာလမ္ဗနဝိဘာဝ၊မစင်ကြယ်ခြင်းသည် ဥဒ္ဒီ ပနဝိဘာဝ၊ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာ၁ဌာယီဘာဝ၊ ငြီးငွေ့ခြင်း နိဗ္ဗေဒ, ထိတ်လန့်ခြင်း တာသစတို့သည် ဗျဘိစာရီဘာဝ၊ ကြက်သီး မွေးညှင်း ထခြင်းသည် အနုဘာဝ၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဇိဂုစ္ဆာ၁ဌာယီဘာဝသည် ဗီဘစ္ဆရသ ဖြစ်၏" ဟု ရှေးဆရာတို့ ကောက်ပြကြ၏၊ သို့သော် "ကမေန ကရုဏာယုတော" အရ ဝိရာဂကြောင့် ဇိဂုစ္ဆာဖြစ်ရာဝယ် ကရုဏာနှင့်ယှဉ်သော ဗီဘစ္ဆ ရသ ဖြစ်ရမည်-ဟု ဆိုခဲ့၏၊ ဤ၌ ကရုဏာယုတ မဖြစ်နိုင်၊ ဤသို့လျှင် တရားသံဝေဂနှင့် ယှဉ်ရာ၌ ကရုဏာယုတ ဗီဘစ္ဆရသ မရနိုင်သော ကြောင့် ဤပုံစံမျိုးကို စဉ်းစားသင့်သည်။

www.dhammaransi.com



### ဝိမ္ဟယဋ္ဌာယီဘာဝ, အဗ္ဘုတရသ

၃၆၆။ အတိလောကပဒတ္ထေဟိ,ဝိမှယော·ယံ ရသော·ဗ္ဘုတော၊
တဿာနုဘာဝါ သေဒဿု-သာဓုဝါဒါဒယော သိယုံ၊
တာသာဝေဂဓိတိပ္ပညာ, ဟောန္တေ·တ္ထ ဗျဘိစာရိနော။

၃၆၆။ အတိလောကပဒတ္ထေဟိ-လောကကိုလွန်သော ပုဒ်နက်တို့ကြောင့်၊(ဥပ္ပဇ္ဇမာနော-ဖြစ်သော၊)အယံဝိမှယော-ဤအံ့ဩခြင်းဟူသော ဝိမှယဋ္ဌာယီ ဘာဝသည်၊ အဗ္ဘုတော - အဗ္ဘုတ ဟု ဆိုအပ်သော၊ ရသော- ရသသည်၊ ဟောတိ - ဖြစ်၏၊ သေဒဿု သာဓုဝါဒါဒယော- ချွေးထွက်ခြင်း, မျက်ရည်ယိုခြင်း, သာဓုခေါ်ခြင်း အစရှိသည်တို့သည်၊ တဿ - ထို ဝိမှယဋ္ဌာယီဘာဝ၏၊ အနုဘာဝါ - အနုဘာဝ တို့သည်၊ သိယုံ- ဖြစ်ကုန်၏၊ ဧတ္ထ - ဤ ဝိမှယဋ္ဌာယီဘာဝ၌၊ တာသာဝေဂဓိတိပ္ပညာ - ထိတ်လန့်ခြင်း , ပျာပျာ သလဲ ဖြစ်ခြင်း, ငြိမ်သက် တည်ကြည်ခြင်း , သိခြင်းတို့သည်၊ ဗျဘိစာရိနော- ဗျဘိစာရီဘာဝတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

× × × × × × ×

၃၆၆။ **အတိလောကပဒတ္ထေဟိ**။ ။လောကံ-လောကကို၊ဝါ-လောက၌ဖြစ်ရိုးဖြစ်စဉ်ကို+အတိက္ကန္တာ-ကျော်လွန်ကုန်သည်တည်း၊ **အတိလောကာ**-ကုန်သည်၊ ပဒါနံ- ပုဒ်တို့၏+ အတ္ထာ- ဟောနက်တို့တည်း၊ ပဒတ္ထာ- တို့၊ " ပုဒ်တို့၏ ဟောနက် " ဟူသည် ဝိဓုရရောပုဒ်၏ ဟောနက်ဖြစ်သော ဝိဓုရသုခမိန် ဒြဗ်, ဒေဝဝိမာနံပုဒ်၏ ဟောနက် ဖြစ်သောနတ်ဗိမာန်ဒြဗ်,"သယမေဝ ဩနမိတာ"ပုဒ်တို့၏ဟောနက်ဖြစ်သော " သစ်ပင်တို့၏ အလိုလို ကိုင်းညွတ်လာခြင်း " စသော အကြောင်းအရာတို့တည်း၊ လောက၌ ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲကြသော ထို အထည်ဝတ္ထုဒြဗ် အကြောင်းအရာတို့ကို " အတိလောက ပဒတ္ထ''ဟု ဆိုသည်၊ ဤပါဌ်ဖြင့် ဝိဘာဝတို့ကိုပြ၏၊လွန်ကဲသောဝတ္ထုကို အာလမ္ဗနဝိဘာဝ, ထိုဝတ္ထု၏ မဟိမ- အလွန် ကြီးမားသည်၏ အဖြစ် (ကြီးကျယ်ခြင်း)စသောဂုဏ်ကို ဥဒ္ဒီပနဝိဘာဝ ဟု ခွဲပါ။

လောကဝတ္တိ အတိက္ကန္တံ, ဝတ္ထု အာလမ္ဗနံ မတံ၊
ဂုဏော အဿ မဟိမာဒိ, မတံ ဥဒ္ဒီပနံ ပုန။

www.dhammaransi.com



**ဝိမှယ-အဗ္ဘုတ**။ ။၂ ပုဒ်လုံးပင် အံ့ဩခြင်းအနက်ကိုဟော၏၊ ဝိပုဗ္ဗ မှိဓာတ်, အပစ္စည်းဖြင့် "ဝိမှယ" ပြီး၏၊ အတ်အဗျယရှေးရှိသော ဘာဓာတ်, ဒုတစ် (ဥတ) ပစ္စည်းဖြင့် သက္ကတ၌ "အဒ်ဘုတ" ပါဠိ၌ "အဗ္ဘုတ" ဟု ပြီး၏၊ တရားကိုယ်မှာ အံ့ဩသော အခြင်းအရာ အားဖြင့် ဖြစ်သော ပီတိသောမနဿ တည်း၊ ပြခဲ့သော ဝိဘာဝတို့ ကြောင့် ဖြစ်သော ဝိမှယ ဌာယီဘာဝသည် (ပြအပ်လတ့်သော) အနုဘာဝတို့ဖြင့် တိုးပွားလာသောအခါ အဗ္ဘုတရသဖြစ်၏။

**အနုဘာဝါ၊ပေ၊ဝါဒါဒယော**။ ။သာဓုဝါဒါဒယော၌ အာဒိ ဖြင့် ဒပ္ပဏ၌လာသော ထမ္ဘ, ရောမဉ္စ, ဂဂ္ဂဒဿရ, သမ္ဘမ, နေတ္တဝိကာသ (မျက်စိပွင့်ခြင်း, အံ့ဩဘွယ်ကို မျက်လုံးဖြဲ၍ ကြည့်ခြင်း) စသည်ကို ယူပါ။ [ထမ္ဘ - စသည် ထင်ရှားပြီ၊ ဂဂ္ဂဒဿရကို ဘယ ဌာယီဘာဝ အဓိပ္ပါယ်၌ ပြခဲ့ပြီ။]

ထမ္ဘော သေဒေါထ ရောမဉ္စ, ဂဂ္ဂဒဿရ သမ္ဘမာ၊
တထာ နေတ္တဝိကာသာဒိ, အနုဘာဝါ ပကိတ္တိတာ။

**တာသာ၊ပေ၊ဗျဘိစာရိနော**။ ။ထိတ်လန့်စရာ ကောင်းသော အံ့ဩဘွယ်ရာကို တွေ့ရသောအခါ လန့်ခြင်း တာသ, ပျာယီပျာယာ ဖြစ်ခြင်း အာဝေဂ, ဘုရားစသော ကြည်ညိုဘွယ်ကို တွေ့သောအခါ တည်ကြည်ခြင်း ဓိတိ, အသိဉာဏ်ဖြစ်ခြင်း ပညာ (မတိ) တို့ ဖြစ်တတ်ကြ၏၊ ထို့ပြင် - အံ့ဩဘွယ်ကို မြင်ရ၍ စဉ်းစားကြံတွေးခြင်း ဝိတက်, စိတ်မတည်ခြင်း လှုပ်ရှားခြင်း (သမ္ဘမ) ခေါ် သမ္ဘန္တိ, ရွှင်မြူးခြင်း ဟာသစသည်ကိုပင် ဗျဘိစာရီဘာဝ ဟု ဒပ္ပဏ၌ဆိုသေး၏။ [ဝိတက္ကာဝေဂသမ္ဘန္တိ- ဟာသာဒီ ဗျဘိစာရိနော။]

**အဗ္ဘုတရသပုံစံ**

ပုဏ္ဏကေန နင္ဂေနေဝ, အာဟတေ နေကဘီသနေ၊
နိစ္စလော•စလပါတောပိ, အဟော သော မိနိ ဒိဋ္ဌိယာ။

ပုဏ္ဏကေန - ပုဏ္ဏက နတ်ဘီလူးသည်၊ နင္ဂေနေဝ - ကချေသည် ဇာတ်သွားကဲ့သို့၊ အနေကဘီသနေ - တပါးမက များလှစွာသော ကြောက်မက်ဘွယ်ကို၊ အာဟတေ- ဆောင်ပြအပ်သော်၊ သော- ထို

www.dhammaransi.com



ဝိဓုရသုခမိန်သည်၊ နိစ္စလော-တုန်လှုပ်ခြင်းမရှိသည်၊(ဟုတွာ-ဖြစ်၍၊) အစလပါတော - ကာဠဂိရိတောင်ထိပ်မှ လျှောချအပ်သည်၊ ( သမာနော )ပိ-ဖြစ်ပါသော်လည်း၊ အဟော- အံ့ဩဘွယ် ကောင်းလောက်အောင်၊ ဒိဋ္ဌိယာ- မျက်စိတည်းဟူသော တာဝါးဖြင့်၊ မိနိ-တိုင်းတာလေပြီ။ [ ဋီကာလာ ၁၂ လုံးဖွဲ့ ဝံသဋ္ဌဂါထာကို ပထျာဝတ္တဂါထာ ပြင်ထားသည်။]

ဤဂါထာ၌လိုရင်း။ ။ကချေသည် ဇာတ်သွားသည် တခုပြီးတခု ကြည့်ရှုဘွယ် အစုစုကို ပြသကဲ့သို့ ပုဏ္ဏကသည်လည်း ဘီလူးယောင်, ခြင်္သေ့ယောင်, ဆင်ကြီးယောင်, မြွေကြီးယောင်စသည်ဖြင့် အမျိုးမျိုး ပုံဆောင်၍ စားမည့် ဝါးမည့် ထိုးမည့်ဟန်ပြ၍၊ ကြောက်၍ တုန်လှုပ်ခြင်း မရှိမှန်းသိသောအခါ ခြေ ၂ ချောင်းကိုကိုင်၍ ကာဠဂိရိတောင်ပေါ်မှ ၁၅ ယူဇနာတိုင်အောင် တကြိမ် , ယူဇနာ ၃၀ တိုင်အောင် တကြိမ်, ယူဇနာ ၆၀ တိုင်အောင် တကြိမ် , ဤသို့ ၃ ကြိမ် အောက်သို့ ချ၍၊ ထိုအခါ မကြောက်သည့်အပြင် "ယူဇနာမည်မျှရောက်ပြီ" ဟု မျက်စိတည်းဟူသော တာဝါးဖြင့်(မျက်မှန်းဖြင့်)တိုင်းတာ၍ သွားသည်ကား အလွန်ထူးခြားအံ့ဩဘွယ် ကောင်းပါပေသည်-ဟူလို။

ဤဂါထာ၌ အလွန်ကြောက်စရာကောင်းပါလျက် မကြောက်ရုံမျှမကဘဲ မျက်မှန်းဖြင့် တိုင်းတာ၍ သွားခြင်းသည် လောက သဘောထုံးစံကို လွန်နေသော အတိလောကပဒတ္ထတည်း၊ ဝိဓုရသုခမိန်သည် အာလမ္ဗနဝိဘာဝ၊ မကြောက်ခြင်း, မျက်မှန်းဖြင့် တိုင်းတာခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊ ထိုဝိဘာဝတို့ကို ဤဂါထာဖြင့် ပြ၍၊ ထိုဝိဘာဝတို့ ကြောင့်ဖြစ်သော အံ့ဩဘွယ်ဝိမှယဌာယီဘာဝကို တဂါထာလုံးဖြင့် မှန်းဆ၍သိအပ်၏၊ "အဟော" ဟူသောပါဌ်ဖြင့် သာဓုဝါဒ ဟူသော အနုဘာဝကိုပြ၍၊ ထို အံ့ဩဘွယ်ကို မြင်ရ၍ ထိတ်လန့်ခြင်း , ပျာပျာသလဲ ဖြစ်ခြင်း စသော ဗျဘိစာရီဘာဝကိုလည်း ဂါထာ တခုလုံးဖြင့် မှန်းဆ၍ သိအပ်၏၊ ထို ဝိဘာဝ စသည်တို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အဗ္ဘုတရသ ဖြစ်၏။ [ ဤဂါထာကို ကြားနာရသူတို့၌ အံ့ဩဘွယ်အရသာကိုခံစားရ၍ အဗ္ဘုတရသဖြစ်၏၊ ဂါထာလည်း အဗ္ဘုတရသပါရှိသော ဂါထာဖြစ်၏။]

www.dhammaransi.com



အဟော အစ္ဆရိယံ လောကေ, ဗုဒ္ဓါနံ ဂုဏမဟန္တတာ၊
ဒသသဟဿိလောကဓာတု, ဆပ္ပကာရံ ပကမ္ပိတ္ထ၊
ဩဘာသောစ မဟာ အာသိ, အစ္ဆေရံ လောမဟံသနံ။

လောကေ- လောကဥ၌၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဂုဏမဟန္တတာ-ဂုဏ်တော်တို့၏ကြီးကျယ်ကုန်သည်၏အဖြစ်သည်၊ အဟောအစ္ဆရိယံ-ဩော်.... အံ့ဩဘွယ် ကောင်းပါပေစွ၊ ဒသသဟဿိလောကဓာတု-တသောင်းသော လောကဓာတ်သည်၊ ဆပ္ပကာရံ - ၆ မျိုး အပြားအားဖြင့်၊ ပကမ္ပိတ္ထ - ပြင်းစွာတုန်လှုပ်ပြီ၊ မဟာ- ကြီးမားပြန့်ကျယ်သော၊ ဩဘာသောစ- အရောင်အလင်းသည်လည်း၊ အာသိ- ဖြစ်ပြီ၊ အစ္ဆေရံ-လက်ဖျောက်ခတ်တီး, အံ့ချီးထိုက်ပါပေစွ၊ လောမဟံသနံ-ကြက်သီးထဘွယ် ကောင်းပါပေစွ။........ [ ဗုဒ္ဓဝင်ပါဠိတော်လာ ဤဂါထာ၌ လောကဓာတ် တသောင်း၏ တုန်လှုပ်ခြင်း , ကြီးကျယ်စွာအရောင်အလင်းဖြစ်ခြင်းသည် အတိလောက ပဒတ္ထတည်း။]

ဤပြယုဂ်၌-ဘုရားရှင်၏ ဂုဏ်တော်တို့သည် အာလမ္ဗန ဝိဘာဝ၊ တသောင်းသော လောကဓာတ်၏ တုန်လှုပ်ခြင်း , ကျယ်ပြန့်ကြီးမားသော အရောင်အလင်း၏ ဖြစ်ခြင်းတို့သည် ဥဒ္ဒီပန ဝိဘာဝ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ အံ့ဩခြင်းသည် ဝိမှယဌာယီဘာဝ၊ ကြက်သီးထခြင်း ရောမဥ္စတို့သည် သတ္တိကဘာဝ၊လက်ဖျောက်တီးခြင်း,လက်ဖျားခါခြင်း,အစရှိသည်တို့သည် အနုဘာဝ၊ ထိုအနုဘာဝတို့ကို တဂါထာလုံးဖြင့် မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဝိမှယ ဌာယီဘာဝသည် အဗ္ဘုတရသ ဖြစ်၏။ [ဤဂါထာကို ဖတ်ရှုနားထောင်သူတို့၌ အံ့ဩဘွယ်အရသာခံစားရ၍ အဗ္ဘုတရသဖြစ်၏၊ ဂါထာလည်း အဗ္ဘုတရသဂါထာ ဖြစ်၏။]

အစ္ဆေရံ ဝတ လောကသ္မိံ, အဗ္ဘုတံ လောမဟံသနံ၊
ဝေဿန္တရဿ တေဇေန, သယမေဝေါနတာ ဒုမာ။

ဝေဿန္တရဿ - ဝေဿန္တရာမင်း၏၊ တေဇေန-တန်ခိုးကြောင့်၊ ဒုမာ - သစ်ပင်တို့သည်၊ သယမေဝ - အလိုလိုသာလျှင်၊ ဩနတာ-ညွတ်လာကြကုန်ပြီ၊ လောကသ္မိံ -လောကဥ၌၊အစ္ဆေရံဝတ-လက်ဖျောက်ခတ်တီး, အံ့ချီးထိုက်ပါပေစွ၊ အဗ္ဘုတံ-မဖြစ်စဘူး, ထူးဆန်းပါပေစွ၊

www.dhammaransi.com



လောမဟံသနံ-ကြက်သီးထဘွယ်ကောင်းပါပေစွ။[မဒ္ဒီမိဖုရား ရွတ်ဆိုအပ်သော ဂါထာတည်း။]

ဤဂါထာ၌(သစ်သီးများကိုဆွတ်ခူးလိုသော သားတော်သမီးတော်များအတွက်)သစ်ပင်တို့၏ အလိုလိုညွတ်လာခြင်းသည် အတိလောကပဒတ္ထတည်း၊ သစ်ပင်တို့သည် အာလမ္ဗနဝိဘာဝ၊ အလိုလိုညွတ်လာခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊ မဒ္ဒီမိဖုရား၏ အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ၊ ကြက်သီးထခြင်းသည် အနုဘာဝ၊ စိတ်ကြည်လင်ရွှင်လန်းခြင်းဟူသော ဗျဘိစာရီဘာဝတို့ကိုမှန်းဆ၍သိအပ်ကုန်၏၊ ဤသို့လျှင် ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အဗ္ဘုတရသဖြစ်၏။[ဤဂါထာကိုကြားနာရသူတို့၌ အံ့သြဘွယ်အရသာကို ခံစားရ၍ အဗ္ဘုတရသဖြစ်၏၊ ဂါထာလည်း အဗ္ဘုတရသပါရှိသော ဂါထာဖြစ်၏။]

အံသုကာနိ ပဗာလာနိ, ပုပ္ဖံ ဟာရာဒိဘူသဏံ၊
သာခါစ မန္ဒိရာ နေသံ, စိတ္တံ နန္ဒနသာခိနံ။

နေသံ နန္ဒနသာခိနံ- ထိုပဒေသာပင်တို့၏၊ ပဗာလာနိ - ပန်းငုံတို့သည်၊ အံသုကာနိ- အဝတ်ပုဆိုးတို့တည်း၊ ပုပ္ဖံ-အပွင့်သည်၊ ဟာရာဒိဘူသဏံ-ပုလဲသွယ် အစရှိသော တန်ဆာတည်း၊ သာခါစ- အခက်တို့သည်လည်း၊မန္ဒိရာ-အိမ်တို့တည်း၊စိတ္တံ-ဆန်းကြယ်ပါပေစွ။[ပဒေသာပင်ကို ဖွဲ့သော ဤဂါထာ၌ ပဒေသာပင်၏ အဝတ် တည်းဟူသော ပန်းငုံ, ပုလဲသွယ် စသော တန်ဆာ တည်းဟူသော ပန်းပွင့် , အိမ်တည်းဟူသော အခက်တို့ဖြင့် ဆန်းကြယ်စွာ သီးပွင့် ဝေဆာနေခြင်းသည် အတိလောက ပဒတ္ထတည်း။ ] ပဒေသာပင်သည် အာလမ္ဗနဝိဘာဝ၊ အဝတ်ဟူသောအငုံ,ပုလဲသွယ်စသောအပွင့်,အိမ်ဟူသော အခက်တို့သည် ဥဒ္ဒီပနဝိဘာဝ၊ လူအများတို့၏အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ၊ ဆန်းကြယ်လှ၍ စိတ်ကြည်လင် ရွှင်လန်းခြင်း ဟူသော ဗျဘိစာရီဘာဝ , မျက်လုံး၏ ပွင့်ခြင်း နေတ္တဝိကာသ ဟူသော အနုဘာဝတို့ကို မှန်းဆ၍ သိအပ်ကုန်၏၊ ဤ ဆိုအပ်ခဲ့ပြီးသော ဝိဘာဝစသည်တို့ဖြင့် တိုးပွားစေအပ်သော ဝိမှယဌာယီဘာဝသည် အဗ္ဘုတရသဖြစ်၏။

www.dhammaransi.com



**သမဋ္ဌာယီဘာဝ, သန္တရသ**

၃၆၇။ ဋ္ဌာယီဘာဝေါသမောမေတ္တာ-ဒယာမောဒါဒိသမ္ဘဝေါ၊
ဘာဝါဒိဟိ တဒုက္ကံသော, သန္တော သန္တနိသေဝိတော။

၃၆၇။ မေတ္တာဒယာ မောဒါဒိ သမ္ဘဝေါ- မေတ္တာ ကရုဏာ မုဒိတာအစရှိသောဝိဘာဝတို့ကြောင့် ကောင်းစွာဖြစ်ခြင်းသဘောသည်၊ သမော - ကိုယ်စိတ် ၂ ပါးတို့၏ ငြိမ်းခြေင်းဟူသော၊ ဋ္ဌာယီ ဘာဝေါ - ဋ္ဌာယီဘာဝ မည်၏၊ ဘာဝါဒိဟိ - ဘာဝ အစရှိသည်

× × × × × × ×

၃၆၇။ ဋ္ဌာယီဘာဝေါ တျာဒိ ။ ။ မေတ္တာ ကရုဏာ မုဒိတာ စသော ဝိဘာဝတို့ကြောင့် ဖြစ်သော သမဋ္ဌာယီဘာဝသည် ဆိုင်ရာ ဗျဘိစာရီဘာဝ အနုဘာဝတို့ဖြင့် တိုးပွားခြင်းရှိလသော်(တိုးပွားလာသောအခါ) သူတော်ကောင်းတို့ မှီဝဲအပ်သော သန္တရသဖြစ်၏။ [တဿ+ဥက္ကံသော ယဿာတိ တဒုက္ကံသော-ဟု ဋီကာဝိဂ္ဂဟပြု၏။]

မေတ္တာ၊ပေ၊သမ္ဘဝေါ။ ။မောဒါကို ဋီကာ၌ "ပီတိ" ဟု ဖွင့်သော်လည်း နိဿယတို့၌ မုဒိတာကို ယူကြ၏၊ မေတ္တာ ကရုဏာနှင့် တွဲ၍ပြသောကြောင့် မုဒိတာယူခြင်းက(သဟစရဏနည်း အရ)သာ၍ သင့်ဘွယ်ရှိ၏၊"မေတ္တာဒယာမောဒါဒိဟိ+သမ္ဘဝေါ(ဖြစ်ခြင်းသည်) ယဿာတိ မေတ္တာ၊ပေ၊သမ္ဘဝေါ"ဟု ဋီကာဝိဂ္ဂဟပြု၏၊ ဤပါဌ်ဖြင့် ဝိဘာဝကိုပြ၏၊ ဒပ္ပဏ၌ကား အာလမ္ဗန-ဥဒ္ဒီပနခွဲ၍ ဆို၏။—

အနိစ္စတာဒိနာ·သေသ-ဝတ္ထု နိဿာရတာ တု ဝါ၊
ပရမတ္ထ သရူပံဝါ, တဿာ·လမ္ဗန·မိဿတေ။
ပုညဿမ ဟရိက္ခေတ္တ-တိတ္ထ ရမ္မဝနာ ဒယော၊
မဟာပုရိသသင်္ဂါဒိ, တဿုဒ္ဒီပနရူပိနော။

အနိစ္စတာဒိနာ - အနိစ္စတာ အစရှိသော လက္ခဏာအားဖြင့်၊ အသေသဝတ္ထု နိဿာရတာဝါ-ကြွင်းမဲ့ဥဿုံ,အလုံးစုံသော ဝတ္ထု၏ အနှစ်သာရ မရှိသည်၏အဖြစ်ကိုငင်း၊ပရမတ္ထသရူပံ ဝါ-ရုပ်နာမ် ၂ရပ်, ပရမတ်သဘောကိုငင်း၊ တဿ-ထို သန္တရသ၏၊ အာလမ္ဗနံ- အာလမ္ဗနဝိဘာဝဟူ၍၊ ဣဿတေ - အလိုရှိအပ်၏၊ ပုညဿမ ဟရိက္ခေတ္တ တိတ္ထ ရမ္မဝနာဒယော-ကောင်းမှုပြုရာ သင်္ခမ်းကျောင်း , စိမ်းစိုသော လယ်ယာ , သာယာသောဆိပ်ကမ်း , မွေ့လျော်ဘွယ် တော အစရှိ

www.dhammaransi.com



တို့ဖြင့်၊ တဒုက္ကံသော - ထိုသမဌာယီဘာဝ၏ တိုးပွားခြင်းရှိသော ရသသည်၊ သန္တနိသေဝိတော - သူတော်ကောင်းတို့ မှီဝဲအပ်သော၊ သန္တော-သန္တရသ မည်၏။

× × × × × × +

သည်တို့သည်၎င်း၊ မဟာပုရိသ သင်္ဂဒိ-သူတော်ကောင်း ယောက်ျား မြတ်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းတို့သည်၎င်း၊ တဿ-ထိုသန္တရသ ၏၊ ဥဒ္ဒီပနရူပိနော-ဥဒ္ဒီပနဝိဘာဝသဘော ရှိကုန်၏။ [ဒပ္ပဏ။]

ဤဂါထာအလို သက်ရှိ သက်မဲ့ ဝတ္ထုအားလုံး၏ အနိစ္စတာ စသော လက္ခဏာအားဖြင့် အနှစ်သာရ မရှိခြင်းသည်၎င်း, ရုပ်နာမ် အားလုံးသည်၎င်း အာလမ္ဗန ဝိဘာဝတည်း၊ ဤစကားဖြင့် ဝိပဿ နာ၏ အာရုံများကိုသာ ယူထား၏၊ " မေတ္တာဒယာ မောဒါဒိ " ဟု ဆိုအပ်သော အလင်္ကာကျမ်းဆရာအလိုမှာ သမထကမ္မဋ္ဌာန်းအာရုံ, ထိုအာရုံကိုအာရုံပြုသောမေတ္တာစသည်ကိုလည်း အာလမ္ဗနဝိဘာဝ၌ သွင်းစေလိုသည်၊ ပုည-ကောင်းမှုပြုရာဖြစ်သော၊ ဝါ- စင်ကြယ်သော ကြည်နူးဘွယ်ကောင်းသော + အဿမ - ကျောင်းသင်္ခမ်း စသည်တို့ ကား သမကို တိုးပွားစေတတ်သော ဥဒ္ဒီပနဝိဘာဝတို့တည်း။

ဘာဝါဒိဟိ တဒုက္ကံသော။ ။ ဘာဝဟူသည် ဗျဘိစာရီဘာဝ, သတ္တိကဘာဝတို့တည်း၊ အာဒိဖြင့် အနုဘာဝကိုယူ၊ မည်သည့် ဗျဘိ စာရီဘာဝ- စသည်ဖြင့် နာမည်မပြသောကြောင့် သမဌာယီဘာဝနှင့် သင့်လျော်သောဘာဝ, အနုဘာဝများကို ယူရမည်၊ ဒပ္ပဏ၌ကား—

"ရောမဥ္စာဒီ အနုဘာဝါ,တထာဿု ဗျဘိစာရိနော၊
နိဗ္ဗေဒ ဟာသ သရဏ-မတိဘူတဒယာဒယော" ဟု

သရုပ်ထုတ်ပြ၏။ [ရောမဥ္စာဒီ- ကြက်သီးမွေးညှင်းထခြင်း အစရှိသည် တို့သည်၊ အနုဘာဝါ - အနုဘာဝတို့တည်း၊ တထာ - ထို့မှတပါး၊ အဿု-မျက်ရည်ထွက်ခြင်းသည်၎င်း၊ နိဗ္ဗေဒ, ဟာသ, သရဏ, မတိ, ဘူတဒယာဒယော-ငြီးငွေ့ခြင်း, ရယ်ရွှင်ခြင်း, အမှတ်ရခြင်း,သိခြင်း, သတ္တာတို့ကို သနားခြင်း အစရှိသည်တို့သည်၎င်း၊ဗျဘိစာရိနော-ဗျဘိ စာရီဘာဝတို့တည်း။] "သမာဟိတော ယထာဘူတံ ဇာနာတိ"အရ ယထာဘူတဉာဏ် စသည်ကိုလည်း အနုဘာဝ၌ သွင်းသင့်၏။

www.dhammaransi.com



ပဉ္စမပိုင်း နိဂုံး

ဣတိ သံဃရက္ခိတ မဟာသာမိ ဝိရစိတေ သုဗောဓာလင်္ကာရေ ရသာဝဗောဓော နာမ ပဉ္စမော ပရိစ္ဆေဒေါ။

သံဃရက္ခိတ မဟာသာမိ ဝိရစိတေ- သံဃရက္ခိတ မဟာသာမိ ထေရ်သည် စီရင်အပ်သော၊ သုဗောဓာလင်္ကာရေ - သုဗောဓာလင်္ကာရကျမ်း၌၊ ရသာဝဗောဓော နာမ-ရသတို့ကို သိရာသိကြောင်း၏ အဖြစ်ကြောင့် ရသာဝဗောဓ မည်သော၊ ပဉ္စမော-သော၊ ပရိစ္ဆေဒေါ-အပိုင်း အခန်းသည်၊ ဣတိ-ပြီးပြီ။

× × × × × × ×

သမော,သန္တော။ ။"သမု-ဥပသမေ(ငြိမ်းခြင်း)"ဟူသော ဓာတ်နောင် အပစ္စည်းသက်လျှင်"သမ"တပစ္စည်းသက်လျှင်"သန္တ" ဟု ဖြစ်၏၊ ဓာတ်ရင်းမှာ သဘောတူပင်တည်း၊ ပြအပ်ခဲ့သော "ရတိ-သိင်္ဂါရ"စသော ဌာယီဘာဝ-ရသတို့သည် ငြိမ်ငြိမ်သက်သက် မရှိကြ၊ ကာမစိတ်, ရယ်ရွှင်စိတ် စသည်ဖြင့် စိတ်လှုပ်ရှားမှု ရှိကြ၏၊ ဤသမ-သန္တတို့ကား "သန္တနိသေဝိတ - သူတော်ကောင်းတို့ မှီဝဲအပ်သော တရား"ဖြစ်သည်အားလျော်စွာ ငြိမ်သက်ခြင်းသဘော ရှိပေသည်၊ ထို့ကြောင့် ပရိကမ္မ - ဥပစာရ ဘာဝနာ အခိုက်အတန့်၌ သမာဓိ အားကောင်းလျှင်ငှင်း,စာပေကြည့်ရှု၍ သမာဓိရလျက် မြေလျှင်ငှင်း, သမဌာယီဘာဝ - သန္တရသ ဖြစ်နိုင်လောက်ပေပြီ၊ ဈာန်သမာပတ် ဝင်စားမှု,နိရောဓသမာပတ်ဝင်စားမှုကို ပြုနိုင်မှုကား အလွန်အရသာ ရှိသော သမဌာယီဘာဝ , သန္တရသ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် မဟာကုသိုလ် မဟာကြိယာ ရူပ အရူပ လောကုတ္တရာ စိတ်တို့၌ ရှိသောသမာဓိကိုငှင်း,နိရောဓသမာပတ်ဝင်စားခိုက်၌ စိတ်စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းကိုငှင်း သမ- သန္တတို့၏ တရားကိုယ်ဟု ယူသင့်၏။ [ရှေးနည်းသယ၌ ပဿဒ္ဓိစေတသိက်ကို တရားကိုယ်ကော်၏။]

ဒဿနာ သန္တဝေသာနံ, သန္တစိတ္တာန တာဒိနံ၊
သန္တကာရဏဓမ္မာနံ, သန္တောနာမ ရသော ဘဝေ။

သန္တဝေသာနံ - ငြိမ်သက်သော အသွင်အပြင် ရှိတော်မူကြကုန်သော၊ သန္တစိတ္တာနံ-ငြိမ်သက်တည်ကြည်သောစိတ် ရှိတော်မူကြကုန်

www.dhammaransi.com



သော၊ တာဒိနံ-လောကဓမ်တရား ရှစ်ပါးတို့ကြောင့် မတုန်လှုပ်ကုန်သော ဘုရား ရဟန္တာတို့ကို၊ ဒဿနာ-ဖူးမြင်ရခြင်းကြောင့်၎င်း၊သန္တကာရဏာ ဓမ္မာနံ - ငြိမ်သက်သော သမာဓိ၏ အကြောင်းဖြစ်သော တရား တို့ကို၊ ဒဿနာ - ကြည့်ရှုရခြင်းကြောင့်၎င်း၊ သန္တောနာမ ရသော-သန္တရသမည်သည်၊ ဘဝေ-ဖြစ်၏။ [ရတနကောသ။]

မှတ်ချက်။ ။ဤကျမ်းအဆိုကို ကြည့်လျှင် ဘုရား ရဟန္တာစသော သူတော်ကောင်းများကို " အာလမ္ဗနဝိဘာဝ "ဟု သိသာ၏၊ ဘုရား ရဟန္တာကို တိုက်ရိုက်ဖူးနေခိုက်မှာ(သတိပဋ္ဌာနမဟုတ်သောကြောင့်) ဗုဒ္ဓ-သံဃာနုဿတိ ကမ္မဋ္ဌာန်းမဟုတ်၊ ရိုးရိုး မဟာကုသိုလ်စိတ်သာ တည်း၊ ထို့ကြောင့် သဒ္ဓါပီတိတို့ အားရှိ၍ ငြိမ်သက်နေသော ရိုးရိုး သမာဓိလည်း သမဌာယီဘာဝဖြစ်၏-ဟု မှတ်ချက်တမျိုး ရသည်။

**သန္တရသ ပုံစံ**

ဧန္တေသု သီဟဟတ္ထီသု, ဝေဌယန္တေ နာဂေ နဂံ၊
ဝိဓုရော သန္တိပတ္တောဝ,ယန္တေ့ စာလေပိ နောစလိ။

သီဟဟတ္ထီသု - ခြင်္သေ့ ဆင်တို့သည်၊ ဧန္တေသု - အနီးသို့ လာကုန်သော်၎င်း၊ နာဂေ- မြွေ နဂါးသည်၊ ဝေဌယန္တေ - ကိုယ်ကို ရစ်ပတ်သော်၎င်း၊ ယန္တေ့-ပုဏ္ဏကနတ်ဘီလူးသည်၊နဂံ-ကာဠဂိရိတောင်ကို၊ စာလေပိ-လှုပ်စေသော်၎င်း၊ဝိဓုရော-ဝိဓုရသုခမိန်သည်၊ သန္တိပတ္တောဝ-နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စားသူကဲ့သို့၊နောစလိ-မလှုပ်မယှက်,ငြိမ်သက်၍နေတော်မူပြီ။[ဋီကာလာ ၁၄ လုံးဖွဲ့ ဝသန္တတိလကာဂါထာကို ဝတ္တဂါထာ ပြင်ထားသည်။]

ဤဂါထာ၌ - အနီးသို့ ချဉ်းကပ်လာသော ခြင်္သေ့, ဆင်, ရစ်ပတ်သော မြွေ နဂါး အစရှိသည်တို့သည် အာလမ္ဗနဝိဘာဝ၊ ထိုသတ္တဝါတို့ အပေါ်၌ ထားအပ်သော မေတ္တာ ကရုဏာ တရားတို့သည် ဥဒ္ဒီပနဝိဘာဝ၊ ထိုဝိဘာဝကြောင့်ဖြစ်သော တည်ကြည်ငြိမ်းခြေင်းသည် သမဌာယီဘာဝ၊ သေဘေးမှ လွတ်မြောက်ချမ်းသာရခြင်းစသော အနုဘာဝကိုကား မှန်းဆ၍ သိအပ်၏၊ ဤသို့ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဌာယီဘာဝသည် သန္တရသဖြစ်၏။

www.dhammaransi.com



**မှတ်ချက်။** ။ဤဂါထာသည် ဝီရရသခမိန်၏ ကမ္မဋ္ဌာန်းအာရုံဖြင့် သန္တဖြစ်ပုံကို ပြသောဂါထာမဟုတ်၊ ပင်ကိုယ်အားဖြင့် ရဲရင့်သော ဝီရိယအခြေခံ၍ တည်တန့်သော သမာဓိစိတ်ကြောင့် သန္တဖြစ်ပုံကို ပြသောဂါထာ ဖြစ်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းမဟုတ်ဘဲ စာပေကြည့်ရှုလျက် သန္တအရသာ ဖြစ်နေခြင်းကိုလည်း "သန္တရသ" ဟုပင် မှတ်ထိုက်သည်။

တတ္ထ ပဓာနံ ပဒဟိံ, နိသဇ္ဇဋ္ဌာနစင်္ကမေ၊
အဋ္ဌန္တရမှိ သတ္တာဟေ, အဘိညာဖလ ပါပုဏိံ။

တတ္ထ-ထို ဓမ္မိကတောင်, ရှုမြှောင်ခပင်း, တောအတွင်း၌၊ နိသဇ္ဇဋ္ဌာနစင်္ကမေ-နေထိုင် ရပ် သွား, ဣရိယာပုထ် ၃ ပါးတို့ဖြင့်၊ ပဓာနံ-ကမ္မဋ္ဌာန်းကို၊ ပဒဟိံ-အားထုတ်ခဲ့ပြီ၊ အဋ္ဌန္တရမှိသတ္တာဟေ-၇ ရက်အတွင်း၌၊ အဘိညာဗလံ-အဘိညာဉ်အစွမ်းသို့၊ပါပုဏိံ-ရောက်ခဲ့ပြီ။ [ဗုဒ္ဓဝင်ပါဠိတော်-သုမေဓကထာ။]

ဤပြယုဂ်၌ သုမေဓာရသေ့ နှလုံးသွင်းအပ်သော တစုံတခုသော ကမ္မဋ္ဌာန်းသည် အာလမ္ဗနဝိဘာဝ၊ တောသစ်ပင်ရင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ တည်ငြိမ်သော သမာဓိသည် သမဋ္ဌာယီဘာဝ၊ လျောင်းလဲမှု ဣရိယာပုထ်မပါဘဲ ထိုင် - ရပ် - သွား ၃ ပါးသော ဣရိယာပုထ်တို့ဖြင့်သာ အားထုတ်ခြင်းသည် ဥဿုက္က ဗျဘိစာရီဘာဝ၊ အဘိညာဉ်ရခြင်းသည် အနုဘာဝ၊ ဆိုအပ်ခဲ့ပြီးသော ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသဖြစ်၏။

ဥပ္ပဇ္ဇန္တေစ ဇာယန္တေ, ဗုဇ္ဈန္တေ ဓမ္မဒေသနေ၊
စတုရော နိမိတ္တေ နာဒသိံ,ဈာနရတိ သမပ္ပိတော။

ဥပ္ပဇ္ဇန္တေစ - ဘုရားအလောင်း ပဋိသန္ဓေ နေတော်မူသော်ငင်း၊ ဇာယန္တေ - ဘုရားအလောင်း ဖွားမြင်တော်မူသော်ငင်း၊ ဗုဇ္ဈန္တေ-သစ္စာ ၄ ပါးတရားကို သိတော်မူသော်ငင်း၊ ဓမ္မဒေသနေ-ဓမ္မစကြာတရားဟောတော်မူသော်ငင်း၊စတုရောနိမိတ္တေ-နိမိတ်ကြီး၄မျိုးတို့ကို၊ ဈာနရတိသမပ္ပိတော-ဈာန်ချမ်းသာ၌ မွေ့လျော်ခြင်းသည် သက်ရောက်အပ်သည်၊(ဟုတ္စာ-ဖြစ်၍၊) နာဒသိံ-မသိမမြင်လိုက်ရ။

www.dhammaransi.com



ဤဂါထာ၌- နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်း အာရုံသည် အာလမ္ဗနဝိဘာဝ၊ ဈာန်ဝင်စားဘို့ကောင်းသော ကျောင်းသခ်မ်း တောတောင် စသည်သည် ဥဒ္ဒီပနဝိဘာဝ၊ ဈာန်စိတ်၌ ယှဉ်လျက်ပါသော သမာဓိ (နိဿယသစ်အလို-ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ)သည် သမဋ္ဌာယီဘာဝ၊ ထိုနှင့် အတူတကွဖြစ်သော အောက်မေ့ အမှတ်ရခြင်း သတိ , တည်ကြည်ခြင်း မိတိ , ဆုံးဖြတ်ခြင်း မတိတို့သည် ဗျဘိစာရီဘာဝတို့တည်း၊ ဝမ်းမြောံ၍ ကြက်သီးမွေးညှင်းထခြင်းသည် သတ္တိကဘာဝ၊ ၄ ပါးသော နိမိတ်ကြီးတို့ကို မသိလိုက်ခြင်းသည် အနုဘာဝတည်း၊ ဤသို့ ဝိဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသဖြစ်၏။

ယတ္ထ ကာမသုခံ လောကေ , ယဥ္စ ဒိဗျံ မဟာသုခံ၊
တဏှက္ခယသုခဿေတေ,နာရဟန္တိ သောဠသိံ ကလံ။

လောကေ-လောက၌၊ ယဥ္စကာမသုခံ-အကြင်ကာမဂုဏ် ချမ်းသာသည်ငင်း၊ ဒိဗျံ-မြဟ္မာဘုံ၌ဖြစ်သော၊ ယဥ္စမဟာသုခံ-အကြင်ကြီးကျယ်သော ချမ်းသာသည်ငင်း၊ အတ္ထိ-ရှိ၏၊ ဧတေ- ထို ကာမချမ်းသာ, ရူပချမ်းသာ,အရူပချမ်းသာတို့သည်၊တဏှက္ခယသုခဿ- တဏှာကုန်ရာ, နိဗ္ဗာန်ချမ်းသာ၏၊ သောဠသိံ ကလံ-တဆဲ့ခြောက်စိတ် စိတ်၍ တစိတ်သောအဘို့ကိုမျှ၊ န အရဟန္တိ-မထိုက်ကုန်။

ဤဂါထာ၌-နိဗ္ဗာန်သည် အာလမ္ဗနဝိဘာဝ၊ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော လောကုတ္တရာစိတ်၌ရှိသော သမာဓိ ( နိဿယသစ်အလို- ကာယပဿဒ္ဓိ , စိတ္တပဿဒ္ဓိ ) သည် သမဋ္ဌာယီဘာဝ၊ ထိုနှင့်အတူတကွဖြစ်သော မိတိ, ဟရိသ , သတိစသော ဗျဘိစာရီဘာဝတို့ကိုငင်း , ကြက်သီးထခြင်း ဟူသော သတ္တိကဘာဝ , ယထာဘူတဉာဏ်စသော အနုဘာဝတို့ကိုငင်း မှန်းဆ၍ သိအပ်ကုန်၏၊ ဤသို့ ဝိဘာဝ, ဗျဘိစာရီဘာဝ , အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော သမဋ္ဌာယီဘာဝသည် သန္တရသဖြစ်၏။

ရသာဝဗောဓအဖွင့်
ပဥ္စမပိုင်း ပြီးပြီ။

www.dhammaransi.com



# ဘာသာဋီကာ နိဂုံး

**ကျမ်းပြီးချိန်**။ ။ ဤမျှသော အဖွင့်အစဉ်ဖြင့် လပေါင်း ၂၀ မျှ ပို့ချရင်း ရေးသားအပ်သော အလင်္ကာဘာသာဋီကာ ကျမ်းလည်း ၁၃၂၀ ခုကဆုန်လဆုတ် ၇ရက်နေ့တွင်ပြီးစီးပြန်ပေပြီ၊ ရှေးအခါက များစွာသော ကျမ်းပြုပုဂ္ဂိုလ်များသည် မိမိကျမ်းစာကို နိဂုံးအုပ်ရာ၌ "အနာယာသေန နိဋ္ဌာနံ=မပင်မပန်းပြီးဆုံးပေပြီ"ဟု နိဂုံးအုပ်ကြ၏၊ မိမိကား ကျမ်းတကျမ်း ပြီးစီးဘို့ရန် အလွန် ကြိုးစားရသောကြောင့် ထိုကဲ့သို့ နိဂုံးမအုပ်နိုင်ပါ။ ဤကျမ်းကို ပို့ချရင်းရေးသားတုန်းမှာပင် ကဝိဘာသာဋီကာ, ပါရာဇိကဏ်ဘာသာဋီကာ တို့ကိုလည်း ပို့ချရင်း ရေးသားလျက် ရှိသောကြောင့် ထို ၃ ဘာသာအတွက် နေ့စဉ် မှန်မှန် ပို့ချနိုင်အောင် ရေးသားရခြင်းမှာ မည်မျှတာဝန်ကြီးမည်ကို မှန်းဆနိုင်ပါလိမ့်မည်၊ ရေးသားတုန်း၌သာ ပင်ပန်းသည်မဟုတ်သေး၊ ပုံမရိုက်မီပြင်ဆင်ရသည်မှာလည်း ရေးသားရစဉ်ထက် မလျော့သောလုလ္လကြောင့် ပို၍ပင် ပင်ပန်းပါသည်၊ ဤမျှလောက် ကိုယ်ပန်းခံ၍ ကြိုးစားရသော်လည်း ပြီးစီးသွားသော အခါ လွန်စွာ နှစ်ထောင့် အားရ ရှိပါရကား "ပင်ပန်းရကျိုး နပ်ပေပြီ" ဟု မှတ်ယူကာ ပီတိသောမနဿ ဝေဝေဆာဆာဖြင့် နိဂုံးအုပ်နိုင်ပါသည်။

> သိဋ္ဌိတ္တ ဘော ဘာသာဋီကာ, ဒေသဘာသာယ သင်္ခတာ၊
> သုဗောဓအလင်္ကာရဿ, ဗျာချာ သုဗောဓဘူသနာ။

သုဗောဓအလင်္ကာရဿ - သုဗောဓာလင်္ကာရ , မည်နာမဖြင့်, ကာလခေတ်လွှမ်း,အလင်္ကာကျမ်း၏၊ ဗျာချာ-နိဿယည်းအဓိပ္ပါယ်, အသွယ်သွယ်ဖြင့် , အကျယ် ဖွင့်ကြောင်း , ခေတ်မှီ ကောင်းသော၊ သုဗောဓဘူသနာ - သိလွယ်မြင်လွယ် , ပို့ချလွယ်အောင် , ခြယ်လှယ် ကျစ်လစ် , တန်ဆာအသစ် ဖြစ်သော၊ ဒေသဘာသာယ - တိုင်းရင်း မြန်မာ့ အမိဘာသာဖြင့်၊ သင်္ခတာ-တသန့်တသန့်, အကန့်ကန့်လျက်, ခံ့ခံ့စီရရီ , တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ - ဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်၊ သိဋ္ဌိတ္တ ဘော- ထောင့်သုံးရာဖြစ်, နှစ်ဆယ်တစ်ဟု , ဆန်းသစ်ကြိုစ , ကဆုန်လ၌, မှန်းဆသလောက်, ပြီးမြောက်ပြန်ပြီတကား။

www.dhammaransi.com



**မိမိ၏အာသီသ**။ ။ ဤကျမ်းသည် ရတနာ့ဂုဏ်ရည် စသော ရှေးရှေး ကျမ်းများကို ထောက်၍ ၁၀ ကျမ်းမြောက် ဖြစ်၏၊ ဤသို့ ကျမ်းစာအရပ်ရပ်ကို အထပ်ထပ်ရေးသားခြင်း၏ ရည်ရွယ်ရင်းမှာ- ''ဤအလင်္ကာကျမ်းကို ကြည့်ရှုသူတို့ အလွယ်တကူ သိနိုင်ကြပါစေ, မိမိကို မှီခိုသူတို့လည်း ဤကျမ်းကို ကြည့်ရှုကာ လွယ်ကူစွာ ပို့ချနိုင်ကြပါစေ, မိမိမှာလည်း ပညာပါရမီ အဆီအနှစ် နိဗ္ဗာန်အထိ အမတေ ဖြစ်ပါစေ''ဟုပင် ဖြစ်ပါသည်၊ ထို့ကြောင့် ရှေးကျမ်းဆရာတို့သည် ''သာသနာကွယ်သည့်တိုင်အောင် (သို့မဟုတ်-ကမ္ဘာတည်သမျှ)မိမိကျမ်းစာ တည်ရစ်ပါစေ'' ဟု အာသီသ ပြုကြသော်လည်း မိမိကား ထိုသို့ မဟုတ်ပါ၊ **အလင်္ကာ**ကျမ်းနှင့် စပ်၍ ဤ **ဘာသာဋီကာ**ထက် သိလွယ်သောကျမ်းစာ ပေါ်လာသောအခါ ဤဘာသာဋီကာလည်း တိမ်ဖုံးသော လကဲ့သို့ ကွယ်ပရစ်ဘို့ရန် အမှန်ပင်ရည်စူးပါသည်။

ယဒိ အညာ ဥပ္ပဇ္ဇေထ, ဋီကာတောပိ သုခသမ္မတာ၊
တဿော·ကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။

ဋီကာတောပိ - အများမှီးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤဘာသာဋီကာထက်လည်း၊ သုခသမ္မတာ-ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဘွယ်တောင်း, အကောင်း ဟု သမုတ်အပ်သော၊ အညာ-ကျမ်းသုဗောဓ, လင်္ကာရ၏,ကျနကျစ်လစ်, ဋီကာသစ်တမျိုးသည်၊ ယဒိဥပ္ပဇ္ဇေထ-ပညာလိုလား,နောက်နောက်သားတို့,ကြိုးစားရစ်သော်, အကယ်၍ဖြစ်ပေါ်လာအံ့၊ တဿာ-ထိုထိုဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ- ထွန်းတောံတင့်ရေး, အခွင့်ပေးခြင်းငှါ၊ အယံ- လပေါင်းများမြောက် , လွန်အားဆောက်မှ , ထွန်းတောက်ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ- ရှိးရာမတွဲ, တိုးကာငဲ့၍, ကပ်ဖွဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

**ဂုရုပူဇာ**။ ။ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌ ဥပဇ္ဈာယဝတ် အာစရိယဝတ်နှင့် ပြည့်စုံတော် မူကြသော ဆရာသွားတိုင်းပင် မိမိ တပည့်များကို ချီးမြောက်တော်မူလေ့ ရှိကြပါပေ၏၊ **သို့သော်** အချီး မြောက်ခံရသော **တ**ပည့်တိုင်းကား ရည်ရွယ်သလောံ အထမြောံဘို့ ခဲယဉ်းလှ၏၊ များသောအားဖြင့် အထမမြောက်ကြချေ၊ **ထိုသို့** အထ

www.dhammaransi.com



မပြောက်သော တပည့်တို့သည်လည်း ဆရာသမား၏ဂုဏ်ကျေးဇူးကို သာမန်မျှသာ သတိရနိုင်ကြပေမည်၊ မိမိကိုကား ဆရာသွားများသည် (ရှေးဘာသာဋီကာများ၏ နိဂုံးတို့၌ ပြခဲ့သည့်အတိုင်း)ချီးမြှောက်တော်မူကြသလောက် မိမိမှာ အထမြောက်ပါပေသည်၊ထိုသို့ အထမြောက်သည်အားလျော်စွာ ဆရာတော်များ၏ စာချနေကျအဆက်အနွယ်ကိုငင်း, တိုက်တာကို သာသနာ့ကြက်သရေဆောင်ဖြစ်အောင် အုပ်ချုပ်တော်မူသည့် အဆက်အနွယ်ကိုငင်း,မပျက်မပြယ်အောင် ထိန်းသိမ်းကာ ကျမ်းစာကို ရေးသားသော အားဖြင့်လည်း တန်ဆာဆင်လျက်ရှိပါသည်၊ ထိုသို့ အာစရိယ အဆက်အနွယ်ကို တန်ဆာဆင်ရသော နေ့စဉ်စေတနာ ဓမ္မပူဇာဖြင့် ထိုဆရာတော်ဘုရားတို့အား လေးစားကော်ရော် ပူဇော်ပါသည်။

သမ္ဗုဇ္ဈာမိ ထေရာနံ, ယေသာဟံ သမ္ဗလင်္ကတော၊
ဂုရုဝံသာလင်္ကာရော၀ , သာသနဿာပိ လင်္ကရော။

ယေသံထေရာနံ-အထက်ဝေဟင်,နေအသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော်ဘုရားတို့သည်၊ သမ္ဗလင်္ကတော-ကောင်းစွာပြုပြင်, တန်ဆာဆင်အပ်သည်ဖြစ်၍၊ ဂုရုဝံသာလင်္ကာရော၀-ဆရာအပေါင်း, အနွယ်ကောင်း၏,မပြောင်းမပြယ်, တန်ဆာသဘွယ် ဖြစ်၍သာလျှင်၊ အဟံ-ငါသည်၊ သာသနဿာပိ-ဗုဒ္ဓမြတ်စွာ,သာသနာတော်မြတ်၏လည်း၊ အလင်္ကာရော-စာပေချမှု,ကျမ်းဂန်ပြု၍,ယခုအနေ, တန်ဆာဖြစ်ရပေ၏၊ တေသံထေရာနံ - ကျေးဇူးတော်ရင်, ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ဗုဇ္ဈာမိ - ကျမ်းစာ ရေးသား , ကောင်းမှုများဖြင့်,လေးစားကော်ရော်,ပူဇော်ပါ၏။

**ကြိုးစားမှု ။** ။ မိမိသည် ဤဘဝကို ပြန်၍ကြည့်လိုက်လျှင် မိဘဘိုးဘွားကောင်း , ဆရာသမားကောင်းများနှင့် အလွန် အကြောင်းညီညွတ်ခဲ့သည်ကို တွေ့ရ၏၊ ထိုသို့ အကြောင်း ညီညွတ်ခဲ့သည်အားလျော်စွာ မိဘတို့လက်အောက်၌ သားကောင်းတယောက် ဟု ဆိုရလောက်အောင် မိဘများ၏ အလိုကျ နေထိုင်ကြိုးစားကာ မိဘတို့၏တန်ဆာ ဖြစ်နိုင်ခဲ့ပါသည်၊ ဆရာသွားများ လက်အောက်၌ နေထိုင်ခဲ့စဉ်မှာလည်း တပည့်ကောင်း တယောက် ဖြစ်နိုင်လောက်အောင်

ဆရာသွားများ၏ ဩဝါဒကို ယုံကြည်နာခံ၍ စာပေကြိုးစားကာ ဆရာသွားများ၏ တန်ဆာ ဖြစ်စေခဲ့ပါသည်၊ တိုက်တာအုပ်ချုပ်၍ ဝိနည်းကသရာလုပ်သောအခါလည်း ဆရာကောင်း ဖြစ်လေသံအောင် တပည့်များကို စောင့်ရှောက်ကာ တပည့်တို့၏ အားကိုးရာ တန်ဆာ ဖြစ်စေပါသည်၊ ဒါယကာ ဒါယိကာမတို့၏ အကိုးကွယ်ကို ခံစဉ်မှာလည်း ဆရာသွားကောင်း ဖြစ်လေလောက်အောင် ဒါယကာ ဒါယိကာမများကို ဟောပြော ညွှန်ပြ ဆုံးမ စောင့်ရှောက်ကာ တန်ဆာသဘွယ် ဖြစ်စေပါသည်၊ ဤအားလုံးကား မိမိ၏အဇ္ဈာသမ္ဘာပဏိဓိ(ပယောဂသမ္ပတ္တိ)စက်ပင်ဖြစ်ပေကား ဤသမ္ပတ္တိစက်တန်ဆာသည် ဤရုပ် ဤနာမ် ဤခန္ဓာအစဉ်ကို အဆုံးသတ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းသည့်အထိ ဆင်ယဉ်သွားနိုင်ဖို့ရာ သန္နိဋ္ဌာန်စသား ဗိုလ်ငါးပါးဖြင့် ယောက်ျားကောင်းတို့ ပြုရမည့် ဉာဏ်ဝီရိယကို ဘာတိုင်းအထုံပါအောင် စုံလင်စွာကြိုးစားပေအံ့သတည်း။

စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလ ပရိဂ္ဂဟံ၊
ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။

စတုစက္ကံ - သမ္ပတ္တိစက်, ၄ ချက် စုပေါင်း, စက်ခေါင်း ၄ ဖြာ, တန်ဆာလည်းပါရှိထသော၊ ဗလပရိဂ္ဂဟံ- ရန်ပေါင်းခွင်းဖြို,ငါးဉုးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာနံ- အသွားလျင်လျင်, အများတင်လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန-မတိမ်းမစောင်း,လည်စေကြောင်းဖြင့်,ကောင်းစွာအစဉ်,မောင်းကာနှင်၍၊အမတံပါရံ-ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရာက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ- ကိလေသာဟူ, ရန်သူပစ်ဖေါက်, ဗုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှါ၊ ပုရိသကာရိယံ- ယောက်ျားမှန်က, ပြုရမည့်, ကမ္ဘာ့လက်ရိုး, လုလ္လချိုးကို၊ ကဿံ- ငါးဉုးဗိုလ်ချုပ်,အဖေါ်လုပ်၍, မဆုတ်ရစေ, ပြုလုပ်ပေအံ့သတည်း။

**အလင်္ကာဘာသာဋီကာ**

**ပြီးပြီ။**

www.dhammaransi.com